http://www.dhammadownload.com

ပဲခူးမြို့
သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်
ပထမကျော် ပါဠိပါရဂူ ဓမ္မာစရိယ ကထိက
အနေကဂန္ထကာရက

အရှင်ဓမ္မဿာမိဘိဝံသ

စီရင်တော်မူခဲ့သော

ပုံတော်စုံ

မဟာနဝတ္ထုတော်ကြီး



ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

အောက်ပါစာအုပ်များကို ဝယ်ယူရရှိနိုင်ပါပြီ

- ခေတ်မီ ပါဠိ မြန်မာ အဘိဓာန်
- ပုံတော်စုံ ဇိနတ္ထပကာသနီကျမ်း
- ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်
- ပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး (ပ-ဒု)
- ပုံတော်စုံ မင်္ဂလတ္ထဒီပနီ (ခေါ်) ဂုဏ်ဖြာမင်္ဂလာပေါင်းချုပ်
- ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု(ပ-ဒု-တ-စ-မ)
- ပုံတော်စုံ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်အနှစ်ချုပ်
- ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီး(အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ထေရီအပဒါန် ဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ (ပ-ဒု)
- ပုံတော်စုံ ပေတဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- စေတိယပကာသနီကျမ်း(စေတီတည်ထားပုံစနစ်)
- ဒီပနီပေါင်းချုပ် (သေက္ခတောင်ဆရာတော်)
- စွယ်စုံကျော်ထင်ကျမ်း (ကျီးသဲတော်လေးထပ် ဆရာတော်)
- မိလိန္ဒပဉ္ဇာဝတ္ထု (ဒါန်တိုင်ဆရာတော်)
- ပဏ္ဏာသဇာတဒေနိယကျမ်း (သေက္ခတောင်ဆရာတော်)
- အထွေထွေ ဗဟုသုတ မာတိကာကျမ်း
- လောကဓမ္မရေးရာ စကားပုံကျမ်း
- ခေတ်မီ ငါးရာငါးဆယ် နိပါတ်တော်စကားပြေ(ပ၊ ဒု၊ တ၊ စ၊ မ)
- သင်္ဂဇာစကားပုံပေါင်းချုပ်
- မြန်မာ့ရိုးရာဓလေ့နတ်သမိုင်း
- ပဌာန်းအဓိပ္ပာယ်ရှင်းလင်းချက်
- သိဒ္ဓိအောင် ဘုရားရှိခိုးအမျိုးမျိုး(စက္ကူအကြမ်း)
- သိဒ္ဓိအောင် လောကီသိပ္ပညွှန်ပေါင်းကျမ်း
- သိဒ္ဓိအောင် ဝတ်ရွတ်စဉ်

ခင်ချိုထွန်းစာပေ
၈၆၊၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်၊ ဖုန်း-၅၄၂၀၅၆

ဖြန့်ချိရေး- သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်
အမှတ် (၃၇)။ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊
ရန်ကုန်၊ ဖုန်း - ၃၈၃၅၁၁၊ လိုင်းခွဲ-၁၇၅

http://www.dhammadownload.com

သဒ္ဓါနံ ဓမ္မဒါနံ ဇိနာတိ။။

(ဒါနဟူသမျှ အဝဝတွင်-တရားအလှူ အောင်လံထူ၏။)

မွန်မြတ်လက်ဆောင်



သို့/

.....

.....

.....

ကျွန်ုပ်မှာကံ၊ ဗောဓိဉာဏ်၊
အမှန်ရကြောင်း ဖြစ်စေသော်။

လက်ဆောင်ရှင်

.....

.....

.....

.....

နေ့စွဲ

.....

http://www.dhammadownload.com

http://www.dhammadownload.com

အရှင်ဓမ္မသာမိဘိဝံသ

စီရင်တော်မူခဲ့သော

ရွှေ၊ ငွေ၊ စိန်၊ မြ၊ ပတ္တမြားဗိမာန်တို့၌
သုခမျိုးစုံ ခံစားနေရသူတို့ အကြောင်း ဖော်ပြထားသည့်

မိုးတော်ခို

ဗိမာန်ဝတ္ထုတော်ကြီး



ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ကတညျတ ကတဝေဒိ ဓဇ်ဇော

ဤစာအုပ်ဖြစ်မြောက်ရန်အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ဦးအောင်ညွန့် (ဝမ္မာစရိယ)၊ ဦးကျော်လင်း (ဝမ္မာစရိယ၊ ပါဠိပါရဂူ)၊ ဦးမျှားနီ တို့အားလည်းကောင်း၊ ပန်းချီဆရာ ဦးသန်းကြွယ်၊ ဦးရွှေစိုးဟန်တို့အားလည်းကောင်း၊ မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း ကိုဝင်းနိုင် A-7 အား လည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးသိန်းထွန်း
ခင်ချိုထွန်းစာပေ
အမှတ် (၈၆)၊ ၃၇–လမ်း၊
ရန်ကုန်မြို့။ ဖုန်း ၅၄၂၀၅၆

ဘာသာရေးစာပေ ဌင့်ပြုချက်အမှတ် ၃၂၀၅စ၃၁၀၀စ မျက်နှာဖုံးဌင့်ပြုချက်အမှတ် ၃၂၀၅၇၃၁၁၀စ	အကြိမ် – ပထမ အုပ်ရေ – ၁၀၀၀ တန်ဖိုး – ၁၅၀၀ ဒီဇင်ဘာလ – ၂၀၀စ
ဓလင် ဦးမျိုးညွန့်နှင့်အဖွဲ့.	စာအုပ်ချုပ် ဦးသိန်းထွန်း (စာအုပ်ချုပ်အဖွဲ့)
မျက်နှာဖုံးနှင့် အတွင်းပန်းချီ ဦးသန်းကြွယ်၊ ဦးရွှေစိုးဟန်	မျက်နှာဖုံးပုံနှိပ်သူ ဦးသိန်းထွန်း(၀၄၀၂၂)၊သိန်းထွန်းအော့ဖ်ဆက်၊ အမှတ် ၅၀/၅၂၊ဒဂုံသီရိလမ်း၊ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ဦးသိန်းထွန်း၊ သိန်းထွန်းအော့ဖ်ဆက်၊ အမှတ် ၅၀/၅၂၊ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။	ထုတ်ဝေသူ ဦးကျော်ဟင်း ယုံကြည်ချက်စာပေ အမှတ် ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ခင်ချိုထွန်းစာပေ အမှတ်၈၆၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၄၂၀၅၆	ဖြန့်ချိရေး – ကိုအောင်ဝင်း၊ မအေးမြင့် သန်းမြင့်မြင့် ပိဋကတ်စာအုပ်ဆိုင်၊ အမှတ်၃၇၊ ရွှေတိဂုံဘုရားတောင်ဘက်၊ ဈေးတော်ရုံ၊ ရန်ကုန်မြို့။ဖုန်း–၃၈၃၅၁၁၊ (လိုင်းခွဲ)၁၇၅

http://www.dhammadownload.com




အရှင်ဓမ္မသာမိဘိဝံသ၏ ပုံ

(ကူးယူပုံနှိပ်ခွင့်မပြု)

http://www.dhammadownload.com



http://www.dhammadownload.com



နိဒါန်း

ဤပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၌ ကောင်းမှုပြုခဲ့၍ ကောင်းကျိုး အမျိုးမျိုးခံစားရသူ အမျိုးသမီးများနှင့် အမျိုးသားများအကြောင်း ဖော်ပြထားသည်ကို တွေ့ရပေသည်။

ကောင်းမှုပြုခဲ့၍ဟူသော စကားအရ ကောင်းမှုဟူသည် အဘယ်နည်း၊ အဘယ်သို့ ပြုရမည်နည်း၊ ကောင်းမှုဟူ၍ရှိလျှင် ကောင်းမှု၏ ဆန့်ကျင်ဘက် မကောင်းမှုဟူ၍လည်း ရှိပေဦးမည်။ ထိုမကောင်းမှုဟူသည်ကော အဘယ်နည်း၊ အဘယ်သို့ ပြုလုပ်ကြသနည်း။ ထိုကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းကျိုးတို့သည် အဘယ်နည်း။

ပြည့်ပြည့်စုံစုံ အဖြေပေးပါလိမ့်မည်

ဤအချက်များသည် လူသားတို့နှင့် ဆက်စပ်တတ်သက်နေပေရာ မိမိတို့နှင့် ဆက်စပ်ပတ်သက်နေသော ဤအချက်များကို သိရှိနားလည်လိုသူ၊ လေ့လာလိုသူတို့ ရှိကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များအတွက် ဤပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၌ ပါရှိသောအကြောင်းအရာနှင့် ဝတ္ထုကြောင်းများက ပြည့်ပြည့်စုံစုံ အဖြေပေးပါလိမ့်မည်။

http://www.dhammadownload.com

ဝိမာန၏အဓိပ္ပာယ်

ဝိမာနဟူသော ဝေါဟာရသည် ပါဠိဝေါဟာရ၊ ပါဠိစကားဖြစ်သည်။ အကြမ်းဖျင်းအားဖြင့် ဗိမာန်ဟူ၍ မြန်မာလို ပြန်ဆိုခေါ်ဝေါ်ကြသည်။ ဗိမာန်ဟူသည် ထူးထူးခြားခြား ပြုလုပ်ထားသော၊ ထူးထူးခြားခြား ဖြစ်ပေါ်နေသော၊ အထူးသဖြင့် အမှတ်တရဖြစ်စေရန် ဆောက်လုပ်ဖန်တီး ပြုလုပ်စီရင်ထားသော အဆောက်အဦ စသည့် အရာဝတ္ထုများဖြစ်သည်။ ဥပမာအားဖြင့် နေဗိမာန်၊ လဗိမာန်၊ နတ်ဗိမာန် စသည့် ထူးခြားသော၊ အမှတ်တရဖြစ်စေသော အရာများ ကို ခေါ်ဆိုခြင်းဖြစ်သည်။

ပုံတော်စုံဝိမာနဝတ္ထုတော်ဟူသည်

ဝတ္ထုဟူသည်မှာ အကြောင်း၊ အကြောင်းအရာ စသည်တို့ကို ခေါ်ဆိုပေရာ ဝိမာနဝတ္ထုတော်ကြီး၏ အဓိပ္ပာယ်မှာ ရွှေဗိမာန်၊ ငွေဗိမာန်၊ ပတ္တမြားဗိမာန် စသော ကြီးကြီးမားမား ထူးထူးခြားခြား အမှတ်တရဖြစ်စေသည့် အဆောင်အယောင်တို့ဖြင့် ဗိမာန်များ၌ ခံစား စံစားနေရသူငှ့ အကြောင်းကို ဖော်ပြရေးသားပြုစုထားသော ကျမ်းစာဖြစ်သည်။ ဝတ္ထုကြောင်းပါ အဓိပ္ပာယ်များ ပေါ်ပေါ်လွင်လွင်ဖြင့် သိလွယ် မြင်လွယ် မှတ်မိလွယ်စေရန် အရောင်စုံပုံများလည်း ထည့်သွင်းထားပါသည်။ ဤသည်မှာ ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၏ အဓိပ္ပာယ်ဖြစ်သည်။

အပိုင်းကဏ္ဍကြီးများ

ဤပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၌ အပိုင်းကဏ္ဍကြီးဟု ခေါ်ဆိုနိုင်သော အပိုင်းကြီးနှစ်ပိုင်း ပါရှိသည်။ ပထမကဏ္ဍကြီးမှာ ဣတ္ထိဝိမာနခေါ်ကောင်းမှုအမျိုးမျိုး ပြုခဲ့ကြ၍ ကောင်းမှုအစုံ ခံစားနေရသော အမျိုးသမီးများ အပိုင်းကဏ္ဍဖြစ်သည်။ ထိုကဏ္ဍ၌ ကဏ္ဍငယ်ဖြစ်သော ဝဂ်ဟုခေါ်သည့် အပိုင်းလေး လေးပိုင်းပါရှိသည်။ ၎င်းတို့မှာ ပီဌဝဂ်၊ စိတ္တလတာဝဂ်၊ ပါရိစ္ဆတ္တကဝဂ်နှင့် မဉ္ဇိဋ္ဌကဝဂ်တို့ ဖြစ်သည်။

http://www.dhammadownload.com

ကဏ္ဍငယ်ဖြစ်သော ဝဂ်ဟုခေါ်သည့် အပိုင်းကလေးများတွင် ပီဠဝဂ်၌ ဝတ္ထု ၁၇ ပုဒ်၊ စိတ္တလတာဝဂ်၌ ဝတ္ထု ၁၀ ပုဒ်။ ပါရိစ္ဆတ္တကဝဂ်၌ ဝတ္ထု ၁၀ ပုဒ်နှင့် မဇ္ဈိဋ္ဌဝဂ်၌ ဝတ္ထု ၁၂ ပုဒ်တို့ ပါရှိသည်။ ဝတ္ထုအားလုံးမှာ ကောင်းမှုပြုခဲ့သဖြင့် ကောင်းကျိုးခံစားရသော အမျိုးသမီးများအကြောင်း ဖြစ်သည်။

ပုရိသဝိမာနဝတ္ထု

ထို့နောက် ပုရိသဝိမာနခေါ် အပိုင်းကဏ္ဍကြီး၌ အပိုင်းလေးပိုင်းတို့ဖြင့် ကောင်းမှုပြုခဲ့၍ ကောင်းကျိုးခံစားရသူ အမျိုးသားများအကြောင်း ဖော်ပြထားသည်။ ထိုအပိုင်းတွင်လည်း အပိုင်းကလေးဟုခေါ်သည့် ဝဂ်သုံးခု ပါရှိသည်။ ၎င်းတို့မှာ မဟာရထဝဂ်၌ ဝတ္ထုပုဒ်ရေ ၁၄ ပုဒ်၊ ပါယာသိဝဂ်၌ ဝတ္ထု ၁၀ ပုဒ်နှင့် သုနိက္ခိတ္တဝဂ်၌ ဝတ္ထုပုဒ်ရေ ၁၁ ပုဒ်တို့ ပါရှိသည်။

သူတို့အားလုံးမှာလည်း အတိတ်ဘဝက ကောင်းမှုတစ်မျိုးမျိုး ပြုလုပ်ခဲ့၍ လက်ရှိပစ္စုပ္ပန်ဘဝ နတ်သားအဖြစ်၌ ဘုံဗိမာန်အမျိုးမျိုးတွင် နတ်စည်းစိမ် ခံစားနေရသူတို့ ဖြစ်သည်။

အကောင်းနှင့်အဆိုး ခွဲခြားသိမည်

ထိုအကြောင်းများကို ဖော်ပြရေးလား ပြုစုထားသော ဤကျမ်းစာကို ဖတ်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ လောကဌ အကောင်းနှင့်အဆိုးတို့ ရှိကြသည်။ အကောင်းသည် ပြုလုပ်ရမည့် အလုပ်ဖြစ်သည်။ အကောင်းကို ပြုလုပ်ခြင်းဖြင့် ကောင်းသောရလဒ်များ ရရှိပေမည်။ အဆိုးသည် ရှောင်ကြဉ်ရမည့်အရာ ဖြစ်သည်။ လူသားတို့ကို အကျိုးပြုပေ။ အကောင်းနှင့် အဆိုးကို ခွဲခြားသိရှိတတ်ရန် အရေးကြီးသည်။ သို့မှသာ ပြုလုပ်သင့်သည်ကို ပြုလုပ်လျက် ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်နိုင်ပေမည်။ ဤကျမ်းစာကို ဖတ်လျှင် အကောင်းအဆိုး ခွဲခြားသိရှိလာပေလိမ့်မည်။

http://www.dhammadownload.com

ယဉ်ကျေးမှုတိုင်းက ဒါနကိုအားပေး

လူသားတို့ ယဉ်ကျေးစေရန် လမ်းညွှန်မှုပြုသော ဘာသာယဉ်ကျေးမှု အမျိုးမျိုးတို့ရှိသည်။ ထိုဘာသာယဉ်ကျေးမှုတို့အထဲတွင် မည်သည့်ဘာသာ ယဉ်ကျေးမှုကမှ ပေးကမ်းစွန့်ကြဲလှူဒါန်းသည့် ဒါနမှုကို တားမြစ်သည်ဟူ၍ မသိရှိ မလေ့လာမိဖူးပေ။ ဘာသာယဉ်ကျေးမှု အားလုံးသည် ပေးကမ်း စွန့်ကြဲ လှူဒါန်းမှုပြုသည့် ဒါနမှုကို အားပေးကြသည်သာ ဖြစ်ပေသည်။

ဒါနပြုရာ၌ သတိထားဖွယ်

ဝိမာနဝတ္ထုတော်ကြီး၌ ဖော်ပြထားသော ဝတ္ထုကြောင်း အများစုမှာ ဒါနအမျိုးမျိုး ပြုလုပ်ခဲ့၍ မတူသော ဗိမာန်အမျိုးမျိုး၌ ခံစား စံစားနေရသူများ ဖြစ်သည်။ သို့သော် ဒါနမှုပြုခြင်းသည် ကောင်းသောအလုပ်ဖြစ်၍ ကောင်းသည့်ရလဒ် ရှိမည်ဖြစ်သော်လည်း ဒါနမှုပြုရာ၌ သတိထားဖွယ်၊ အတုယူဖွယ် ဝတ္ထုကြောင်းများပါရှိသည်ကို သတိပြုသင့်ပေသည်။

စာမျက်နှာ ၄၂၉ ၌ပါရှိသော သေရီသကဝိမာနဝတ္ထုကို ကြည့်ပါ။ ထို ဝတ္ထု၌ အလှူရှင်သည် အလှူဒါနကို အကြီးအကျယ် အကုန်အကျခံကာ ပြုလုပ်သည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျ အလေးအနက်ထား၍ ပြုလုပ်ခြင်း မဟုတ်၊ ကိုယ်စားလှယ်ထားကာ တစ်ဆင့်ပြုလုပ်ခိုင်းသည်။ သူ၏ အလှူဒါနကို ကြီးကြပ်စီမံခန့်ခွဲရန် ဥတ္တရလုလင်ကို စေခိုင်းသည်။ အခိုင်းခံရသော ဥတ္တရလုလင်သည် ပြုလုပ်သော ကောင်းမှု၏အကျိုးကို ယုံကြည်သည့် အားလျော်စွာ အလေးအနက်ထားပြီး ပြုလုပ်စီမံခန့်ခွဲသည်။

အလေးထားမှုကွာခြား၍ အကျိုးပေးမတူ

ဒါနက ကောင်းကျိုးပေးသောအခါ ကောင်းကျိုးကိုတော့ ခံစားရပါ၏။ နှစ်ဦးစလုံး ကောင်းကျိုးလည်း ရကြပါ၏။ သို့ရာတွင် အလှူရှင်ထက် စီမံခန့်ခွဲကာ ကောင်းမှုပြုသူက သာ၍ကောင်းမွန်သော ပို၍အဆင့်မြင့်သော ကောင်းကျိုးကို ရရှိခံစားရပါသည်။ အဘယ်ကြောင့်နည်း၊ ဒါနမှုပြုရာ၌

http://www.dhammadownload.com

အလေးအနက်ထား ပြုလုပ်မှုနှင့် လေးနက်စွာ ယုံကြည်မှု ကွာခြားသောကြောင့် ဖြစ်သည်။

ဘာသာယဉ်ကျေးမှုဆိုင်ရာ ဆုံးမစကား

ကောင်းမှု မကောင်းမှုတို့သည် ပြုလုပ်သူတို့နောက်သို့ အရိပ်ပမာ အမြဲတမ်း လိုက်ပါနေသည်ဟု ဘာသာယဉ်ကျေးမှုဆိုင်ရာ အဆုံးအမစကား ရှိသည်။ ထိုစကားနှင့်အညီပင် ပုံတော်စုံဝိမာနဝတ္ထုတော်လာ ဝတ္ထုကြောင်း များ၌ တွေ့ရှိနိုင်ပေသည်။

ဤကျမ်းစာကို ဖတ်ရှုသူတို့အား တိုက်တွန်းလိုသော အချက်တစ်ချက် ရှိပါသည်။ ထိုအချက်မှာ ကျမ်းစာ၏ အရှေ့ပိုင်း၌ ဖော်ပြပါရှိသော မာတိကာ ကို ဦးစွာပထမ ဖတ်ရှုပါ။ ထို့နောက်မှ အတွင်း၌ပါရှိသော ဝတ္ထုကြောင်းကို ဖတ်ပါဟူ၍ ဖြစ်ပါသည်။

ဤသို့ တိုက်တွန်းရခြင်းမှာ မာတိကာ၌ ဝတ္ထုတစ်ခုစီ၏ ဆိုလိုရင်း အဓိပ္ပာယ်အချုပ်ကို ဖော်ပြပေးထားပါသည်။ ထိုပေးထားသော ဝတ္ထုကြောင်း ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ကြည့်ရှုကာ ဘယ်အကြောင်းအရာသည် ဦးစား ပေး ဖတ်သင့်သော အကြောင်းအရာ ဖြစ်သည်ဟု ခွဲခြားဖတ်ရှုနိုင်ရန် ဖြစ် ပါသည်။

ဦးအောင်ညွန့် (ဓမ္မာစရိယ)
ပြုပြင်တည်းဖြတ်သူ

http://www.dhammadownload.com

စီစဉ်သူအမှာ

"တရားစောင့်သောသူကို တရားကစောင့်၏။ တရားကို ချစ်သောသူသည် စည်းစိမ်ချမ်းသာဖြစ်ထွန်း၏။ တရားကို မုန်းသောသူသည် စည်းစိမ်ချမ်းသာပျက်စီး၏။ အကြင်သူသည် တရားကို သတ်၏။ ထိုသူကို သေကြေပျက်စီးသောတရားက သတ်၏။"

ဗုဒ္ဓ၏ ဓမ္မပဒ

နဟိဓမ္မော အဓမ္မော၊ ဥဘောသမဝိပါကိနော၊
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂတိ'။

ကောင်းမှု၊ မကောင်းမှုဟူသော တရားနှစ်ပါးတို့သည် အကျိုးပေးရာ၌ တူညီကြသည် မဟုတ်ကုန်၊ မကောင်းမှုသည် ငရဲသို့ ပို့ဆောင်တတ်သော်လည်း၊ ကောင်းမှုကား ကောင်းသူတို့လားရောက်ရာ သုဂတိသို့ ရောက်စေရန် ပို့ဆောင်တတ်ပေ၏။

http://www.dhammadownload.com

ကျမ်းဆရာ၏ ထေရပ္ပတ္တိအကျဉ်း

မဲ့ရွာမြို့၏ မြောက်ဘက် ၂၅ မိုင်ခန့် ကွာဝေးသောအရပ်၌ သက္ကရာဇ် ၉၉၉ ခုနှစ် (နောသုံး၊ ဝါးသုဉ်း၊ နောသုံး=၉၉၉။ ဝါးသုဉ်း=ဝါးတောကြီး ရှင်းလင်းခုတ်ထွင်ပြီးစီး) ကြီးမားလှစွာသော ဝါးတောကြီးကို ခုတ်ထွင်ရှင်းလင်းပြီးလျှင် စတင်ရွာတည်လာခဲ့သော "ဝါးတောမရွာ" ကြီး ရှိပေသည်။

ရွာ၏မြောက်ဘက်၌ ဘုရားသုံးဆူ၊ တိုက်ကျောင်းကြီး သုံးကျောင်း၊ သစ်သားကျောင်းကြီးများနှင့် ခမ်းနားကြီးကျယ်သော သိမ်ကုန်းကျောင်း၊ ရွာ၏အရှေ့ ဘက်၌ ကုန်းကျောင်းနှင့် ကျွန်းရင်းကျောင်း၊ ရွာ၏တောင်ဘက်၌ ဥက္ကံကျောင်း၊ ရွှေညောင်ပင်ကျောင်း၊ ရွာ၏အနောက်ဘက်၌ ဘုရားကြီးကျောင်းတို့ အသီးသီးရှိကြ၏။

ရွာ၏အနောက်တောင်ထောင့် (စနေထောင့်) ၃ ဖာလုံခန့်ဝေးသော အရပ်၌ တစ်နယ်လုံးကိုးကွယ်နေကြသော တန်ခိုးကြီး "ရွှေစည်းခုံ စေတီတော်မြတ်ကြီး" ရှိပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အစဉ်မပြတ် နေထိုင်လာခဲ့ကြသော ဝါးတောမရွာကြီး၏ အရှေ့ပိုင်း ရွှေပန်းထိမ်သည် (ဘုရားဒကာ) ဦးညွန့်–ဒေါ်ရွှေထယ်နှင့် သားသမီးများဖြစ်ကြသော ဦးပေါခင်၊ ဦးပေါတင်၊ ဒေါ်စောကြွယ်၊ ဒေါ်စောနွဲ့၊ ဦးပေါလှ၊ ဦးပေါသတို့ နေထိုင်ခဲ့ကြသည်။

ရွာလယ်ပိုင်း၌ သင်္ကန်းပရိက္ခရာ ကုန်သည်ကြီး ဘုရားဒကာ၊ ကျောင်းဒကာ (ဦးရွှေပိုင်–ဒေါ်မင်းအုံ) နှင့် သားသမီးများဖြစ်ကြသော ဒေါ်ဖွားမင်း၊ ဒေါ်ဖွားမယ်၊ ဦးလူဒင်–ဒေါ်စောရှိန်၊ ဒေါ်စောတင့်၊ ဦးလူသင်တို့ နေထိုင်ခဲ့ကြသည်။

http://www.dhammadownload.com

ဦးပေါတင်–ဒေါစောတင့်တို့မှ မောင်သောင်းအေး၊ မောင်သောင်းချယ်၊ မောင်သောင်းနွယ်၊ မောင်သောင်းစိန်၊ မောင်သောင်းကြည်၊ မမြကြည်၊ မမြနီ၊ မမြသင်းဟု သားသမီးရှစ်ယောက် ထွန်းကားရာ ဤကျမ်းစာရှင်မှာ ၁၂၉၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် ဖွားမြင်သော စတုတ္ထ မြောက် သားရတနာ ဖြစ်ပါသည်။

၁၃၁၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး ၁၃၁၃ ခုနှစ်၌ ပထမငယ်တန်း၊ ၁၃၁၄ ခုနှစ်၌ ပထမလတ်တန်း၊ ၁၃၁၆ ခုနှစ်၌ ပထမကြီးတန်း (ပါဠိဂုဏ်ထူး)၊ ၁၃၁၇ ခုနှစ်၌ စာချတန်း ကျမ်းရင်း နှစ်ကျမ်းနှင့် ဂုဏ်ထူးငါးကျမ်း၊ ၁၃၁၉ ခုနှစ်၌ သီလက္ခန်ကျမ်းရင်း တစ်ကျမ်းနှင့် အဂုံတွာရနိကာယ ပါရဂူဂုဏ်ထူးကျမ်းတို့ကို အောင်မြင်ခဲ့ပါသည်။

၁၃၁၉ ခုနှစ်၌ပင် ဘာသန္တရ ပုစ္ဆာပေါင်း ၁၀၀၀ ကို ဖြေဆိုရာ ပထမ ရသဖြင့် ပထမကျော်နှင့် ဝိသိဋ္ဌဓမ္မာစရိယ ရွှေတံဆိပ်ကို ရရှိခဲ့ပါသည်။

၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်နေ့၌ မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သာသနဝိသောဓနီသိမ်၌ ဆရာတော် အရှင်ပညာ ဇောတ (ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် ဆရာတော်) ကို ဥပဇ္ဈာယ်ပြု၍ ပစ္စယာ နုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ကျမ်းစာများ ရေးသားခြင်း

၁၃၁၄ ခုနှစ်၌ ကူညီရေး ရူပသိဒ္ဓိ၊
၁၃၁၅ ခုနှစ်၌ ကူညီရေး ဆန်းနိဿယ၊
၁၃၁၈ ခုနှစ်၌ ဆန္ဒောသန္ဓယဒီပဂဏ်၊
၁၃၂၀ ခုနှစ်၌ အလင်္ကာရသန္ဓယဒီပဂဏ်၊
၁၃၂၁ ခုနှစ်၌ စာစပ်နည်းပေါင်းချုပ်၊
၁၃၂၂ ခုနှစ်၌ ကူညီရေးပါတိမောက်၊
၁၃၂၄ ခုနှစ်၌ ကူညီရေးကခ်၊
၁၃၂၆ ခုနှစ်၌ ခေတ်မီပါဠိ–မြန်မာ အဘိဓာန်၊

http://www.dhammadownload.com

၁၃၂၈ ခုနှစ်၌ သဒ္ဒသန္နယဒီပဂဏ်၊
၁၃၃၃ ခုနှစ်၌ ၂၅ ခန်း ကမ္မဝါ၊
ပုံတော်စုံ ဝိပါက်တော် ၁၂ ပါး၊
၁၃၃၄ ခုနှစ်၌ ခေတ်မီသရုပ်ပြ အဘိဓမ္မာ၊
ဒက္ခိဏာသာခါ ဘုရားသမိုင်းတော်၊
အသခ်ံတနိဗ္ဗာန်၊
မဟာသတိပဋ္ဌာန် ဝတ္ထုတော်ကြီး၊
မဏ္ဍိုင် ရှင်ကျင့်ဝတ်နှင့် ဒုလ္လဘရဟန်းကျင့်ဝတ်။
၁၃၃၅ ခုနှစ်၌ အခန်း ၁၀၀ ကမ္မဝါ၊
ခေတ်မီ သဒ္ဒါကြီးနိဿယ၊
ခေတ်မီ ငါးရာငါးဆယ် နိပါတ်တော်စကားပြေ
ပ–ဒု–တ–စ–မ
ခေတ်မီ ဝံဍ ကိုးဝင်၊ (ထွက်တော့မည်)
ခေတ်မီ ဇာတဒဂ် ဝတ္ထုတော်ကြီး၊
ခေတ်မီ ရေစက်ချနည်းတစ်ထောင်၊
ခေတ်မီ သဒ္ဒါ၊
ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်
ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး (ပ–ဒု)၊
ပုံတော်စုံ ပေတဝတ္ထုတော်ကြီး
ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး
ကျမ်းစာအုပ်များ ရေးသားပြုစုခဲ့ပါသည်။

သာသနာဝင် ကျေးဇူးရှင်များ

ဤကျမ်းစာရှင်၏ အနန္တကျေးဇူးရှင် ဆရာတော်ဘုရားများမှာ –
မုံရွာခရိုင် အရာတော်မြို့နယ်၊ ဝါးတောမရွာ၊ သိမ်ကုန်းကျောင်း

http://www.dhammadownload.com

တတိယဆရာတော် အရှင်ကဝိန္ဒ၊ စတုတ္ထဆရာတော် အရှင်နာယက၊ စာချ အရှင်ဇနိတ၊ အရှင်သုဇာတ။

မန္တ လေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက် ဒသမမြောက် ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ သကျသီဟ ဓမ္မာစရိယ မြောင်းမြဆရာတော် အရှင်ဉာနာဘိဝံသ။

(ဤဆရာတော်မှာ မိမိ သာမဏေဘဝက အမြဲ ဥပဇ္ဈာယ်ဆရာတော် ဖြစ်ပါသည်။)

မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ် တိုက်အုပ် အရှင်ဉာနိက (ဓမ္မာစရိယ ဘာသန္တရဆေက၊ **B.A.**)၊ ကထိက အရှင်ကုမာရ (ဓမ္မာစရိယ၊ ဂန္ထ ကာရက)၊ ကထိက အရှင်ဣန္ဒဝံသ (ဓမ္မာစရိယ)၊ စာချ အရှင်အဂ္ဂဝံသ၊ အရှင်နာဂဝံသ၊ သခ်ၤာနည်းပြ အရှင်ပရမ။

ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်၊ ဘာသန္တရနည်းပြ အရှင် ကဝိဓဇ (ဓမ္မာစရိယ)။

အိန္ဒိယပြည် နာလန္ဒာတက္ကသိုလ် သက္ကတနှင့် အင်္ဂလိပ်စာနည်းပြ ဆရာတော် အရှင်ကေလာသ **(M.A)** ။

ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်၊ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိက၊ ဂန္ထ ကာရက၊ ဓမ္မာစရိယ)

[ဤဆရာတော်မှာ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါသည်။]

တိုက်ကြီးမြို့၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် အရှင်အဂ္ဂိန္ဒ (ဓမ္မာစရိယ) တို့ ဖြစ်ပါသည်။

အထက်ပါ အနန္တ ကျေးဇူးရှင် ဆရာတော်ဘုရားများ၏ အနန္တ ကျေးဇူး တော်များကို စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်း စသော ပရိယတ်၊ ပဋိပတ် အကျင့်မြတ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ခြင်းဖြင့် ကျေးဇူးဆပ်ရပါ တော့သည်။

http://www.dhammadownload.com

ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
နိဒါန်း	က

ဣတ္ထိဝိမာန

ကောင်းမှုပြုခဲ့၍ ကောင်းကျိုးခံစားရသူ အမျိုးသမီးများ

၁။ ပီဋဝဂ် (ဝတ္ထု ၁၇ ပုဒ်)

၁။ **ပဌမ ပီဋဝိမာနဝတ္ထု** = အင်းပျဉ်ထိုင်ခုံ လှူဒါန်းခဲ့မှုကြောင့် ရွှေပလ္လင်ပျံရရှိသူ နတ်သမီး။	၁
၂။ **ဒုတိယ ပီဋဝိမာနဝတ္ထု** = အင်းပျဉ်ထိုင်ခုံ လှူဒါန်းခဲ့မှုကြောင့် ကြောင်မျက်ရွဲ ရတနာပလ္လင်ဖြင့် လိုရာသွားနိုင်သူ။	၉
၃။ **တတိယ ပီဋဝိမာနဝတ္ထု** = ရဟန္တာအရှင်မြတ်အား အင်းပျဉ် လှူဒါန်းခဲ့မှုကြောင့် ရွှေဗိမာန်တွင် စံပျော်နေရသူ။	၁၀
၄။ **စတုတ္ထ ပီဋဝိမာနဝတ္ထု** = အင်းပျဉ်ငယ် လှူဒါန်းခဲ့မှုကြောင့် ရတနာပလ္လင်စီးကာ လိုရာသွားနိုင်သူ။	၁၂
၅။ **ကုဋ္ဌရဝိမာနဝတ္ထု** = ဈာန်ဝင်စားနေသူ အရှင်မြတ်တို့အား ပဒုမာကြာပန်း လှူဒါန်းခဲ့မှုကြောင့် ကြာပန်းအသွင် လှပသူ။	၁၃
၆။ **ပဌမ နာဝါဝိမာနဝတ္ထု** = ခရီးသွားရဟန်းတို့အား သောက်ရေ လှူဒါန်းခဲ့မှုကြောင့် ရေကန်နှင့် ပန်းအမျိုးမျိုးတို့ ဝန်းရံကာ စံမြန်းနေရသူ။	၂၂

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
၇။ **ဒုတိယ နာဝါဝိမာနဝတ္ထု** =	အဖျော်ယမကာ လျှုဒါန်းခဲ့၍ တာဝတိံသာနတ်ပြည်၌ ကောင်းကျိုးခံစားနေရသူ။	၂၇
၈။ **တတိယ နာဝါဝိမာနဝတ္ထု** =	မိမိအသက်ကိုမငဲ့ဘဲ ဘုရားရှင်နှင့် ရဟန်းတို့အား ရေလှူခဲ့သဖြင့် အသတ်ခံရသော်လည်း နတ်ပြည်၌ဖြစ်ရသူ။	၂၈
၉။ **ဒီပဝိမာနဝတ္ထု** =	ဆီမီးလှူဒါန်းခဲ့မှုကြောင့် သောက်ရှူးကြယ် ပမာ တောက်ပစွာ နတ်ပြည်၌ စံစားနေရသူ။	၃၅
၁၀။ **တိလဒကွိဏ္ဍဝိမာနဝတ္ထု** =	ဘုရားရှင်အား နှမ်းလက်တစ် ဆုပ်စာ လှူဒါန်းခဲ့မှုကြောင့် နတ်စည်းစိမ်စံစားနေရသူ။	၃၉
၁၁။ **ပဌမပတိမ္မတဝိမာနဝတ္ထု** =	ခင်ပွန်းအပေါ်၌ မယားဝတ္တရား ကျေပွန်ခဲ့မှုကြောင့် နတ်စည်းစိမ်ခံစားနေရသူ။	၄၁
၁၂။ **ဒုတိယ ပတိမ္မတာဝိမာနဝတ္ထု** =	မယားဝတ္တရားကျေပွန်ပြီး အလှူဒါနပြုခဲ့၍ နတ်ပြည်ရောက်ရသူ။	၄၅
၁၃။ **ပဌမ သုဏိသာ ဝိမာနဝတ္ထု** =	ယောကျ္ဖမအိမ်၌နေစဉ် ရဟန္တာ အရှင်မြတ်ကို ခဲဖွယ်လှူဒါန်းခဲ့၍ နတ်သမီးဖြစ်ရသူ။	၄၇
၁၄။ **ဒုတိယ သုဏိသာ ဝိမာနဝတ္ထု** =	ယောကျ္ဖမအိမ်၌နေစဉ် ရဟန္တာ အရှင်မြတ်အား မုယောမုန့် လှူဒါန်းခဲ့၍ နတ်သမီးဖြစ်သူ။	၄၉
၁၅။ **ဥတ္တရာ ဝိမာနဝတ္ထု** =	ငါးပါးသီလမြဲသောကြောင့် ဂုဏ်သတင်း တို့နှင့် ပြည့်စုံသော နတ်သမီးဖြစ်ရသူ။	၄၉
၁၆။ **သိရိမာ ဝိမာနဝတ္ထု** =	သစ္စာလေးပါးတရား ကြားနာရ၍ သောတာပန်ဖြစ်ပြီး နတ်ပြည်ရောက်ရသူ သိရိမာ။	၆၅
၁၇။ **ကေသကာရီ ဝိမာနဝတ္ထု** =	ရတနာသုံးပါး ယုံကြည်၍ သောတာပန်ဖြစ်ပြီး ဘဝကူးရသူနတ်သမီး။	၇၈

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂။ စိတ္တလတာဝဂ် (ဝတ္ထု ၁၀ ပုဒ်)	
၁။ **ဒါသိဝိမာနဝတ္ထု** = သီလစောင့်ထိန်းကာ တရားနာခဲ့၍ အရိယာအဖြစ်ဖြင့် ကွယ်လွန်ပြီး တာဝတိံသာနတ်ပြည် ရောက်ရသူ။	၈၄
၂။ **လခုမာဝိမာနဝတ္ထု** = ဆွမ်းကပ်ခြင်း၊ သီလစောင့်ခြင်းကြောင့် သကဒါဂါမ်ဖြစ်ပြီး ကွယ်လွန်သောအခါ တာဝတိံသာ၌ ဖြစ်ရသူ။	၉၀
၃။ **အာစာမဒါယိကာ ဝိမာနဝတ္ထု** = အရှင်မဟာကဿပအား ထမင်းချိုးကလေးမျှ လှူဒါန်းခဲ့၍ နိမ္မာနရတိနတ်ပြည်၌ စံစားရသူ။	၉၃
၄။ **စဏ္ဍာလီ ဝိမာနဝတ္ထု** = ဒွန်းစဏ္ဍားမကြီးဖြစ်စဉ် ဘုရားရှင်အား ရိုရိုးပူဇော်ခဲ့သောကြောင့် တာဝတိံသာရောက်ရသူ။	၉၉
၅။ **ဘဒ္ဒိတ္ထိဝိမာနဝတ္ထု** = ရဟန်းတော်နှင့် အဂ္ဂသာဝကကြီးတို့အား ဆွမ်းလှူဒါန်းခဲ့ခြင်းကြောင့် တာဝတိံသာရောက်ရသူ။	၁၀၅
၆။ **သောဏဒိန္နာဝိမာနဝတ္ထု** = ဖြစ်ပျက်ကမ္မဋ္ဌာန်း စီးဖြန်း၍ သောတာပန်ဖြစ်ပြီးနောက် တာဝတိံသာရောက်ရသူ။	၁၁၀
၇။ **ဥပေါသထာဝိမာနဝတ္ထု** = သဒ္ဓါ၊ သီလနှင့် ပြည့်စုံခဲ့ခြင်းကြောင့် တာဝတိံသာ၌ စံစားနေရသူနတ်သမီး။	၁၁၂
၈။ **နိဒ္ဒါဝိမာနဝတ္ထု** = သဒ္ဓါ၊ သီလနှင့် ပြည့်စုံခဲ့ခြင်းကြောင့် နတ်ပြည်တွင် နတ်သမီးဖြစ်ရသူ နိဒ္ဒါ။	၁၁၄
၉။ **သုနိဒ္ဒါ ဝိမာနဝတ္ထု** = နိဒ္ဒါဝိမာနဝတ္ထုနှင့် တူသည်။	၁၁၅
၁၀။ **ပဌမ ဘိက္ခာဒါယိကာမ ဝိမာနဝတ္ထု** = ဘုရားရှင်အား ဆွမ်းလှူဒါန်းခဲ့ခြင်းကြောင့် နတ်ပြည်၌ ထင်ရှားသည့် နတ်သမီးဖြစ်ရသူ။	၁၁၅

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၃။ ပါရိဈ္ဆတ္တကဝဂ် (ဝတ္ထု ၁၀ ပုဒ်)	
၁။ **ဥဒ္ဒာရ ဝိမာနဝတ္ထု** = အရှင်မဟာမောဂ္ဂလာန်အား မုန့်ကြော်ယှက် ပေးလှူခဲ့၍ နတ်သမီးဖြစ်ရသူ။	၁၁၇
၂။ **ဥဒ္ဓုဒါယိကာ ဝိမာနဝတ္ထု** = အရှင်မဟာမောဂ္ဂလာန်အား မယောကွမအတွက်ထားသော ကြံပိုင်းလှူဒါန်းခဲ့၍ နတ်သမီးဖြစ်လာရသူ။	၁၂၂
၃။ **ပလ္လင်္ကဝိမာနဝတ္ထု** = လင်ကို ရိုသေစွာပြုစုကာ သီလ စောင့်ခဲ့၍ မြပလွင်၌ တင့်တယ်စွာ စံနေရသူ။	၁၂၇
၄။ **လတာဝိမာနဝတ္ထု** = လင်ကိုရိုသေစွာပြုစုကာ သီလရှိသော ကြောင့် နတ်သမီးဖြစ်ရသူ လတာနတ်သမီး။	၁၃၃
၅။ **ဂုတ္တိလဝိမာနဝတ္ထု** = သုံးဆယ့်ဆိုးကျဉ်းသော နတ်သမီးတို့အား ပြခဲ့သောကောင်းမှု မေးမြန်းပြီး ပြန်လည်ဟောပြသူ ဂုတ္တိလ။	၁၄၀
၆။ **ဒဒ္ဒလ္လ ဝိမာနဝတ္ထု** = သံဃိကဒါန လှူဒါန်းခဲ့၍ နိမ္မာနရတိဘုံ၌ နတ်သမီးဖြစ်ရသူ သုဘဒ္ဒါ။	၁၅၂
၇။ **ပေသဝတီ ဝိမာနဝတ္ထု** = အရှင်သာရိပုတ္တရာ၏ ရုပ်ကလာပ်ကို ပန်းတိုဖြင့် ပူဇော်ခဲ့၍ နတ်သမီးဖြစ်ရသူ။	၁၈၅
၈။ **မလ္လိကာ ဝိမာနဝတ္ထု** = ပရိနိဗ္ဗာန်စံတော်မူသော ဘုရားရှင်အား မဟာလတာ အဝတ်တန်ဆာ လှူခဲ့ဖူးသူ နတ်သမီး။	၁၉၅
၉။ **ဝိသာလက္ခိ ဝိမာနဝတ္ထု** = စေတီတော်အား ပန်းလှူခဲ့ဖူး၍ တာဝတိံသာ၌ လှပသည့် မျက်လုံးရှင်ဖြစ်ရသူ။	၂၀၀
၁၀။ **ပါရိဈ္ဆတ္တကဝိမာနဝတ္ထု** = မြတ်စွာဘုရားအား သော်ကပန်း လှူခဲ့၍ တာဝတိံသာ၌ ပန်းကိုသိကုံးကာ ပျော်ရွှင်စွာ စံစားရသူ။	၂၀၅

http://www.dhammadownload.com

အကြောင်းအရာ **စာမျက်နှာ**

၄။ မဇ္ဈိမကဝဂ် (ဝတ္ထု ၁၂ ပုဒ်)

၁။ **မဇ္ဈိမကဝိမာနဝတ္ထု** = ဘုရားရှင်အား အင်ကြင်းပန်းလှူခဲ့၍ ဖန်ဗိမာန်၌ ချမ်းသာစွာ စံစားရသူ။ ၂၁၀

၂။ **ပဘဿရဝိမာနဝတ္ထု** = ဆွမ်းခံရဟန်းအား တင်လဲနှင့် ပန်းလှူဒါန်းခဲ့၍ တင့်တယ်စွာ စံစားနေရသူ။ ၂၁၄

၃။ **နာဂဝိမာနဝတ္ထု** = ဘုရားရှင်အား သင်္ကန်းလျာလှူခဲ့၍ ဆင်ပျံယာဉ်စီးကာ နတ်စည်းစိမ် စံစားနေရသူ။ ၂၁၈

၄။ **အလောမဝိမာနဝတ္ထု** = ဘုရားရှင်အား မုယောမုန့်ခြောက် လှူဒါန်းခဲ့၍ တာဝတိံသာဌ် ချမ်းသာစွာ စည်းစိမ်ခံစားနေရသူ။ ၂၂၂

၅။ **ကဠိကဒါယကာ ဝိမာနဝတ္ထု** = ဘုရားရှင်အား ပုန်းရည်လှူဒါန်းခဲ့၍ တာဝတိံသာဌ် ချမ်းသာစွာ စည်းစိမ်ခံစားနေရသူ။ ၂၂၄

၆။ **ဝိဟာရ ဝိမာနဝတ္ထု** = ကျောင်းအစ်မကြီး ဝိသာခါ၏ ကျောင်းအလှူပွဲကို သာဓုခေါ်ခဲ့သောကြောင့် နတ်စည်းစိမ်ခံစားရသူ။ ၂၂၈

၇။ **စတုရိတ္ထိ ဝိမာနဝတ္ထု** = ဆွမ်းခံရဟန်းအား ပန်းလှူခဲ့၍ တာဝတိံသာဌ် နတ်စည်းစိမ်ခံစားရသူ လေးယောက်။ ၂၃၇

၈။ **အမ္ဗဝိမာနဝတ္ထု** = သရက်ပင် အခြံအရံဖြင့် ကျောင်းလှူခဲ့၍ တာဝတိံသာဌ် နတ်စည်းစိမ်ခံစားရသူ။ ၂၄၂

၉။ **ပီတဝိမာနဝတ္ထု** = သပွတ်ခါးနွယ်ပန်းလေးပွင့် လှူရန်အသွားလမ်း၌သေဆုံးကာ နတ်ပြည်၌ဖြစ်ရသူ။ ၂၄၅

၁၀။ **ဥစ္ဆုဝိမာနဝတ္ထု** = အရှင်မောဂ္ဂလာန်အား ကြဲပိုင်း လှူခဲ့ဖူးသောကြောင့် နတ်ပြည်၌ တန်ခိုးကြီးနတ်သမီး ဖြစ်ရသူ။ ၂၅၁

၁၁။ **ဝန္ဒနဝိဟာရဝတ္ထု** = ရဟန်းတော်ကို ဖူးမြင်ရသောကြောင့် နှစ်သက်ဖွယ်အဆင်းဖြင့် နတ်သမီးဖြစ်ရသူ။ ၂၅၁

၁၂။ **ရဇ္ဇုမာလာဝိမာနဝတ္ထု** = အိမ်စေကိုနှိပ်စက်ခဲ့ဖူး၍ ဝတ်လည်ကာ ခံရစဉ် ဘုရားရှင်နှင့် တွေ့သဖြင့် သစ္စာတရား သိမြင်ပြီး နတ်ပြည်၌ဖြစ်သူ။ ၂၅၃

http://www.dhammadownload.com

အကြောင်းအရာ **စာမျက်နှာ**

ပုရိသဝိမာန

ကောင်းမှုပြုခဲ့၍ ကောင်းကျိုးခံစားရသူ အမျိုးသားများ

၅။ မဟာရထဝဂ် (ဝတ္ထု ၁၄ ပုဒ်)

၁။ **မဏ္ဍူကဒေဝပုတ္တ ဝိမာနဝတ္ထု** = ဖားငယ်ဘဝဖြင့် တရား နာယူခိုက် နွားကျောင်းသားလက်ချက်ဖြင့် အသက်ဆုံးပြီး နတ်ပြည်ရောက်သူ။ ၂၆၆

၂။ **ရေဝတီဝိမာနဝတ္ထု** = ဝန်တိုမှုမရှိဘဲ လှူဒါန်းခဲ့၍ နတ်ပြည် ရောက်ရသူနှင့် လင်နှင့် ရဟန်းတို့ကိုကျိန်ဆဲ၍ ငရဲခံရသူ။ ၂၆၉

၃။ **ဆတ္တမာဇာဝက ဝိမာနဝတ္ထု** = ရဟန်းများ ဆည်းကပ်ပြီး ကိုယ်ကျင့်တရားကောင်းခဲ့၍ သေဆုံးသော် နတ်သားဖြစ်ရသူ။ ၂၈၆

၄။ **ကဏ္ဍဋကရသဒါယက ဝိမာနဝတ္ထု** = ပုစွန်လုံးဟင်း လှူဒါန်း ခဲ့၍ ပုစွန်လုံးရုပ်ပါ ပြာသာဒ်၌ စံစားနေရသူ။ ၃၀၂

၅။ **ဒွါရပါလက ဝိမာနဝတ္ထု** = ရဟန်းတို့ ကိစ္စကြီးငယ်ဆောင်ရွက် ပေးပြီး တရားနာခဲ့၍ နတ်ပြည်၌ နတ်သားဖြစ်ရသူ။ ၃၀၆

၆။ **ပဌမ ကရဏီယဝိမာနဝတ္ထု** = ဒါနစသော ကောင်းမှုများပြုခဲ့၍ ကြောင်မျက်ရွဲတိုင်ရှိ ပြာသာဒ်၌ စံစားနေရသူ။ ၃၀၉

၇။ **ဒုတိယ ကရဏီယ ဝိမာနဝတ္ထု** = ရဟန်းတော်အား ဒါနပြုခဲ့၍ ကြောင်မျက်ရွဲတိုင်ရှိ ပြာသာဒ်ခုနစ်ရာ၌ စံနေရသူ။ ၃၁၀

၈။ **ပဌမ သူစိဝိမာနဝတ္ထု** = အပ်လှူဒါန်းခဲ့၍ ပတ္တမြားပြာသာဒ် တို့၌ နတ်စည်းစိမ် ခံစားနေရသူ။ ၃၁၂

၉။ **ဒုတိယ သူစိဝိမာနဝတ္ထု** = ရဟန္တာအရှင်မြတ်အား အပ်လှူဒါန်း ခဲ့သောကြောင့် ပတ္တမြားဗိမာန်၌ ချမ်းသာစွာစံမြန်းနေရသူ။ ၃၁၄

၁၀။ **ပဌမ နာဂဝိမာနဝတ္ထု** =စေတီတော်၌ ပန်းလှူဒါန်းခဲ့သောကြောင့် စီးတော်ဆင်ကြီးဖြင့် တင့်တယ်စွာ စံစားနေရသူ။ ၃၁၅

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၁၁။ **ဒုတိယ နာဂဝိမာနဝတ္ထု** = သရဏာဂုံနှင့် သီလစောင့်ထိန်းကာ ဆွမ်းစသည် လှူဒါန်းခဲ့သောကြောင့် တာဝတိံသာ၌ အပူဇော်ခံလျက် စံစားနေရသူ။	၁၁၉
၁၂။ **တတိယ နာဂဝိမာနဝတ္ထု** = ကြံရွက်၊ သက်ငယ်တို့ဖြင့် မိုးသော ကျောင်းလှူဒါန်းခဲ့၍ ဆင်ဖြူတော်စီးကာ နတ်စည်းစိမ်ခံစားနေရသူ။	၁၂၁
၁၃။ **ဖူဠရထ ဝိမာနဝတ္ထု** = သုဇာတမင်းသားဘဝ၌ တရားနာပြီး ဓာတ်တော်တို့ကို ပူဇော်ခဲ့၍ တာဝတိံသာ၌ နတ်စည်းစိမ်ခံစားရသူ။	၁၂၆
၁၄။ **မဟာရထဝိမာနဝတ္ထု** = ဆွမ်း၊ အဖျော်နှင့် သင်္ကန်းလှူဒါန်းခဲ့၍ သိကြားမင်းကဲ့သို့ ကြီးကျယ်စွာ နတ်စည်းစိမ်ခံစားနေရသူ။	၁၄၄
၆။ ပါယျာသိဝဂ် (ဝတ္ထု ၁၀ ပုဒ်)	
၁။ **ပဌမ အဂါရိယ ဝိမာနဝတ္ထု** = ရဟန်းတော်တို့အား ဆွမ်း၊ အဖျော်နှင့် သင်္ကန်းလှူဒါန်းခဲ့၍ တာဝတိံသာ၌ နတ်စည်းစိမ် ခံစားရသူ။	၁၅၉
၂။ **ဒုတိယ အဂါရိယ ဝိမာနဝတ္ထု** = ပဌမ အဂါရိယဝတ္ထုနှင့် တူသည်။	၁၆၁
၃။ **ဖလဒါယက ဝိမာနဝတ္ထု** = အရှင်မဟာမောဂ္ဂလာန်အား သရက်သီး လှူဒါန်းခဲ့၍ ပတ္တမြားစီခြယ်သော ဗိမာန်၌ စံစားနေရသူ။	၁၆၂
၄။ **ပဌမ ဥပဿယဒါယက ဝိမာနဝတ္ထု** = ရဟန်းတော်အား တည်းခိုရန်ကျောင်းနှင့် ဆွမ်း စသည် လှူဒါန်းခဲ့၍ နတ်စည်းစိမ် ခံစားရသူ။	၁၆၇
၅။ **ဒုတိယ ဥပဿယဒါယက ဝိမာနဝတ္ထု** = ရဟန်းတော်များအား တည်းခိုရန် ကျောင်း စသည် လှူဒါန်းခဲ့၍ နတ်စည်းစိမ် ခံစားရသူ။	၁၆၉

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၆။ **ဘိက္ခာဒါယက ဝိမာနဝတ္ထု** = ခရီးပန်းလာသူ ရဟန်းတော်အား တစ်ထပ်စာဆွမ်းကပ်ခဲ့၍ ပတ္တမြားပြာသာဒ်၌ ခံစားနေရသူ။	၃၇၀
၇။ **ယဝပါလက ဝိမာနဝတ္ထု** = ရဟန်းတော်အား မုယောမုန့် လှူဒါန်းခဲ့၍ ပတ္တမြားတိုင်ဗိမာန်၌ နတ်စည်းစိမ်ခံစားရသူ။	၃၇၂
၈။ **ပထမ ကုဏ္ဍလီ ဝိမာနဝတ္ထု** = အဂ္ဂသာဝကကြီးနှစ်ပါးနှင့် ရဟန်းတို့အား ဆွမ်းစသည် လှူဒါန်းခဲ့၍ နတ်စည်းစိမ် ခံစားရသူ။	၃၇၅
၉။ **ဒုတိယ ကုဏ္ဍလီ ဝိမာနဝတ္ထု** = ပထမကုဏ္ဍလီ ဝိမာနဝတ္ထုနှင့် တူသည်။	၃၇၇
၁၀။ **ဥတ္တရပါယာသီ ဝိမာနဝတ္ထု** = ရဟန်းတော်တို့အား ဆွမ်းစသည် လှူဒါန်းခဲ့၍ နတ်စည်းစိမ် ခံစားရသူ။	၃၇၇

၇။ သုနိက္ခိတ္တဝဂ် (ဝတ္ထု ၁၁ ပုဒ်)

၁။ **စိတ္တလတာဝိမာနဝတ္ထု** = မိခင်ဖခင်တို့အား လုပ်ကျွေးခဲ့ခြင်း၊ သီလရှိသူတို့အား မြတ်နိုးခဲ့ခြင်းကြောင့် နတ်စည်းစိမ်ခံစားရသူ။	၃၈၁
၂။ **နန္ဒနဝိမာနဝတ္ထု** = စိတ္တလတာ ဝိမာနဝတ္ထုနှင့် တူသည်။	၃၈၃
၃။ **မဏိထူဏ ဝိမာနဝတ္ထု** = တံတားဆောက်ခြင်း၊ အရံသစ်ပင် စိုက်ပျိုးခြင်း စသည်ကြောင့် ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ စံစားနေရသူ။	၃၈၃
၄။ **သုဝဏ္ဏဝိမာနဝတ္ထု** = ဘုရားရှင်အား ကိုယ်တိုင်ကျောင်းဆောက် လှူဒါန်းခဲ့၍ ဆန်းကြယ်သောဗိမာန်တွင် စံစားနေရသူ။	၃၈၅
၅။ **အမ္ဗဝိမာနဝတ္ထု** = အရှင်သာရိပုတ္တရာမထေရ်အား ချိုးရေ၊ သောက်ရေလှူဒါန်းခဲ့၍ ပတ္တမြားဗိမာန်၌ စံစားနေရသူ။	၃၈၉

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၆။ **ဂေါပါလ ဝိမာနဝတ္ထု** = နွားကျောင်းသားဘဝတွင် အရှင်မောဂ္ဂလာန်အား မုယောမုန့် လှူဒါန်းခဲ့ပြီး မြွေကိုက်ခံရ၍ စုတေကာ တာဝတိံသာ၌ နတ်စည်းစိမ် ခံစားနေရသူ။	၃၉၃
၇။ **ကဏ္ဍက ဝိမာနဝတ္ထု** = ဖွားဘက်တော် ကဏ္ဍကမြင်းဖြစ်စဉ်က သိဒ္ဓတ္ထမင်းသားကို အနော်မာသောင်အရောက် ပို့ဆောင်လျက် ခွဲခွာခဲ့ရ၍ ရင်ကွဲနာကျ ကွယ်လွန်ကာ နတ်သားဖြစ်နေရသူ။	၃၉၈
၈။ **အနေကဝဏ္ဏ ဝိမာနဝတ္ထု** = ခုနစ်နှစ်ပတ်လုံး ရဟန်းပြုခဲ့ပြီး စေတီတော်ကို ပူဇော်ကာ သူတစ်ပါးတို့ကိုလည်း ပူဇော်ရန် တိုက်တွန်းခဲ့၍ ဆန်းကြယ်သောဗိမာန်၌ စံစားနေရသူ။	၄၀၇
၉။ **မဋ္ဌကုဏ္ဍလီ ဝိမာနဝတ္ထု** = စည်းစိမ်ဥစ္စာ ကြွယ်ဝသော်လည်း ကံ,ကံ၏အကျိုးကို မယုံသဖြင့် လှူဒါန်းမှု မပြုသူ၏ သားဖြစ်သော်လည်း ရတနာသုံးပါးကို ယုံကြည်၍ ဘုရားရှင်ကို ကိုးကွယ်သောကြောင့် နတ်စည်းစိမ်ခံစားရသူ။	၄၁၂
၁၀။ **သေရီသက ဝိမာနဝတ္ထု** = အရှင်ကုမာရကဿပ ဟောပြောပြသ ဆုံးမ၍ နောင်ဘဝရှိ၏ဟူသော အယူမှန်ဖြင့် ငါးပါးသီလကို စောင့်ထိန်းခဲ့သော်လည်း ကုသိုလ်ပြုရာတွင် ရိုသေမှုမရှိ၍ အဖော်မဲ့စွာ စံစားနေရသူ။	၄၂၉
၁၁။ **သုနိက္ခိတ္တ ဝိမာနဝတ္ထု** = ကဿပဘုရားရှင်၏ စေတီတော်၌ လူအပေါင်းတို့ တင်လှူထားသောပန်းများ စနစ်တကျပြုပြင်၍ တင်လှူခဲ့သောကြောင့် ကြောင်မျက်ရွဲတိုင် ပြာသာဒ်တို့၌ စံစားနေရသူ။	၄၃၃

မာတိကာပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com



ပုံတော်စုံ

ဝိမာနဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဣတ္ထိဝိမာန

ကောင်းမှုပြုခဲ့၍ ကောင်းကျိုးခံစားရသူ
အမျိုးသမီးများအကြောင်း

၁။ ပဌမ ပီ[illegible]ဝတ္ထု

အင်းပျဉ်ထိုင်ခုံ လှူဒါန်းခဲ့မှုကြောင့် ရွှေဗိမာန်၌
နေရကာ ရွှေပလ္လင်ပျံရရှိသူ နတ်သမီး။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာကောသလမင်းကြီး၏ သားတော် ပသေနဒီကောသလမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား ခုနစ်ရက်ပတ်လုံး 'အသဒိသဒါန' အလှူတော်ပွဲကြီး ကျင်းပရာ ပသေနဒီကောသလမင်းကြီး နည်းတူ

http://www.dhammadownload.com

အနာထပိဏ် သူဌေးကြီးနှင့် ဝိသာခါ သူဌေးမကြီးတို့သည်လည်း အသဒိသဒါန=အများတို့၏ အလှူနှင့်မတူသော အလှူကြီးကို စီရင်၍ လှူဒါန်းပူဇော်ကြသည်။

အလှူဒါနဟူသည်

အခြားသူတို့ အလှူနှင့်မတူသည့် ကြီးကျယ်သော ထိုအလှူဒါနအကြောင်းသည် ဧမ္မူဒီပါမြို့ ရွာဒေသအနှံ့၌ ကျော်ကြား ထင်ရှားသွားလေသည်။ ထိုအခါ လူအပေါင်းတို့သည် "အို ... အဆွေတို့၊ အလှူဒါနမည်သည် ကြီးကျယ်များပြားစွာ လှူဒါန်းနိုင်မှသာ ကြီးကျယ်သော အကျိုးစီးပွားကို ဖြစ်စေနိုင်သလော၊ သို့မဟုတ် မိမိဥစ္စာပစ္စည်း အားလျော်စွာ နည်းများမဟူ တတ်နိုင်သလောက် လှူဒါန်းလျှင် အလှူဒါန၏ အကျိုးသည် ကြီးကျယ်သော အကျိုးစီးပွားကို မဖြစ်ပွားစေနိုင်ပါသလော" ဟု အချင်းချင်း ပြောဆိုကြသည်။

ထိုသို့ အချင်းချင်း ပြောဆိုကြသောစကားကို ရဟန်းတော်တို့ ကြားသိခဲ့ကြရ၍ ဘုရားရှင်အား တစ်ဖန် လျှောက်ထားကြကုန်သည်။

နည်းခြင်း များခြင်းသည် ပစ္စာနမဟုတ်

ဘုရားရှင်သည် "ချစ်သား ချစ်သမီးများတို့၊ အလှူဒါနဟူသည် များပြားကြီးမားစွာ လှူဒါန်းနိုင်မှသာ အကျိုးကြီးမားသည်မဟုတ်၊ ကြည်လင်သော စိတ်ဧစေတနာနှင့် ပြည့်စုံခြင်း၊ အလှူခံပုဂ္ဂိုလ်၏ သီလစင်ကြယ်ခြင်းတို့ဖြင့် ပြည့်စုံစွာ လှူဒါန်းသည်ရှိသော် ဆန်ကွဲတစ်ဆုပ်မျှကိုဖြစ်စေ၊ ပုဆိုးပိုင်းစကလေးမျှကိုဖြစ်စေ၊ မြက်သစ်ရွက်အခင်းမျှကိုဖြစ်စေ၊ ဆီးဖြူသျှိသျှား ဖန်ခါးသီးတစ်လုံးမျှကိုဖြစ်စေ ကြည်လင်ကောင်းမြတ်သော စိတ်ထားဖြင့် မြတ်သောအလှူခံပုဂ္ဂိုလ်အား လှူဒါန်းသော် ထိုအနည်းငယ်မျှသော အလှူဒါနသည်လည်း ကြီးကျယ်သော အကျိုးစီးပွားကို ဖြစ်စေနိုင်သည်သာတည်း" ဟု ဟောကြားတော်မူလေသည်။

စိတ်ကြည်လင်မှုရှိဖို့

ဘုရားရှင်က ထိုသို့ ဟောကြားတော်မူသည်ကို အကြောင်းပြုကာ သိကြားမင်းသည် ဤဂါထာကို ရွတ်ဆိုလေသည်။

နတ္ထိ စိတ္တ ပသန္နမ်ိ၊ အပ္ပိကာ နာမ ဒက္ခိဏာ၊
တထာဂတေ ဝါ သမ္မုဒ္ဓေ၊ အထ ဝါ တသ္သ သာဝကေ။

http://www.dhammadownload.com

သမ္မုဒ္ဓေ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော။ တထာဂတောဝါ၊ ဘုရားရှင်၌လည်းကောင်း။ အထ ဝါ၊ ထိုမှတစ်ပါး။ တဿ၊ ထိုဘုရားရှင်၏။ သာဝကော ဝါ၊ တပည့်သားကျော် ရဟန်းတော်၌လည်းကောင်း။ စိတ္တေ၊ စိတ်နှလုံးသည်။ ပသန္နမိ၊ ကြည်လင်စွာရှိလတ်သော်။ ဒက္ခိဏာ၊ မြတ်သော။ အပ္ပိကာနာမ၊ အကျိုးနည်းသော အလှူဒါနမည်သည်။ နတ္ထိ၊ မရှိနိုင်ချေ။

ဘုရားရှင် ဟောကြားတော်မူခဲ့၍ သိကြားမင်း ရွတ်ဆိုသော ဤဂါထာသည် လူအများတို့ကြားသော် ဧမ္မူဒိပ်တစ်ကျွန်းလုံး ပျံ့နှံ့သွားတော့သည်။

လှူဒါန်းကြခြင်း

ထို့ကြောင့် လူအပေါင်းတို့သည် ရဟန်းပုဏ္ဏား၊ အထီးကျန်သူ၊ စားသောက်ရာမဲ့သူ၊ ခရီးသွား၊ ဖုန်းတောင်းယာစကာ စသူတို့အား မိမိတို့ သဒ္ဓါအလျောက် နည်းများမဆို ပေးကမ်းလှူဒါန်းကြသည်။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

မိမိတို့အိမ်ရှေ့၌ သောက်ရေကို တည်ကြကုန်၏။ အိမ်တံခါးပေါက်ဝ၌ နေရာတို့ကို ခင်းထားကြကုန်၏။ ထိုအခါ ဆွမ်းခံကြွလာသော ရဟန်းတော်တစ်ပါးသည် ကြည်ညိုဖွယ်ရာ သွားခြင်း၊ ရပ်ခြင်း၊ ကြည့်ရှုခြင်း စသော ဣရိယာပုတ်နှင့် ပြည့်စုံစွာ ဆွမ်းခံ လှည့်လည်သွားလာသောအခါ အိမ်တစ်အိမ်သို့ ရောက်လေ၏။

သဒ္ဓါတရားနှင့်ပြည့်စုံသော ထိုအိမ်မှ အမျိုးသမီးတစ်ယောက်သည် ဆွမ်းခံကြွလာသော မထေရ်ကိုမြင်လျှင် များစွာကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ရွှင်လန်းဝမ်းမြောက်စွာဖြင့် အိမ်သို့ပင့်ဆောင်ပြီးလျှင် ရှိခိုးဦးချလျက် မိမိ၏ အင်းပျဉ်ထိုင်ခုံငယ်ကို ခင်း၍ ထိုအင်းပျဉ်အပေါ်၌ ရွှေသောအဆင်းရှိသော နူးညံ့ပြေပြစ်သည့် အဝတ်ကိုခင်းကာ ပေးလှူလေ၏။

ထိုမထေရ်သည် ထိုအင်းပျဉ်အခင်းပေါ်၌ ထိုင်နေတော်မူသော် "ငါသည် ကောင်းမြတ်လှစွာသော ဒါနမျိုးစေ့ကို စိုက်ပျိုးကြဲချရပေပြီ" ဟု ကြည်ညိုသော စိတ်ဖြစ်လျက် အိမ်တွင် ချက်နေကျဖြစ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးဆပ်ကပ်လျက် ယပ်ဖြင့်လည်း ခတ်၍လှူလေ၏။ ထိုမထေရ်သည် ဆွမ်းဘုဉ်း

http://www.dhammadownload.com

ပေးပြီးလတ်သော် လျှုဒါန်းခြင်း စသည်အတွက် တရားဟောကြားတော်မူပြီးလျှင် ကြွသွားတော်မူ၏။

ထိုအမျိုးသမီးသည် မိမိ၏ ဒါနကုသိုလ်နှင့် ဟောကြားတော်မူခဲ့သော တရားစကားကို ဆင်ခြင်စဉ်းစားသော် ပီတိဖြင့် လွှမ်းသော ကိုယ်ရှိလျက် ထိုအင်းပျဉ်ထိုင်ခုံငယ်ကိုလည်း ကျောင်းသို့ပေးပို့ လျှုဒါန်းသည်။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအင်းပျဉ်ထိုင်ခုံကို လျှုဒါန်းသော အမျိုးသမီးသည် နောင်အခါ တစ်ခုသော ရောဂါ ကပ်ရောက်သဖြင့် စုတေကာ တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာ ကျယ်ဝန်းသော ရွှေဗိမာန်ဝယ် နတ်သမီးတစ်ထောင် အခြံအရံဖြင့် နတ်သမီး ဖြစ်လေသည်။

အင်းပျဉ်ထိုင်ခုံ လျှုဒါန်းသောကုသိုလ်၏ အကျိုးကြောင့် နတ်သမီး၏ ဘုံဗိမာန်အတွင်းဝယ် တစ်ယူဇနာရှိသော ရွှေပလ္လင်ပေါက်၏။ ထိုရွှေပလ္လင်သည် စိတ်ကဲ့သို့ လျင်မြန်သောအဟုန်ရှိကာ ကောင်းကင်သို့ ပျံသွားနိုင်၏။ အထက်၌ ပြာသာဒ်သဏ္ဌာန်ရှိသောကြောင့် ထိုဗိမာန်ကို ပိဋ္ဌဝိမာန အင်းပျဉ်ဗိမာန်ဟု ခေါ်ဆိုသည်။

ရွှေသောအဆင်းရှိသော အဝတ်ကိုခင်း၍ လျှုဒါန်းသောကြောင့် အလျှူနှင့် ကူညီစွာ ရွှေဖြင့်ပြီးသော ပလ္လင်သည်ဖြစ်၏။ လျှုဒါန်းစဉ်က နှစ်သက်ခြင်း ပီတိအဟုန် အားကြီးသောကြောင့် ပျံသန်းသည့်အခါ ထိုအင်းပျဉ်သည် လျင်မြန်သော အဟုန်ရှိ၏။ အလျှူခံပုဂ္ဂိုလ်၏ စိတ်အလိုအတိုင်း လျှုဒါန်းခဲ့သောကြောင့် မိမိ၏ စိတ်အလိုကျ သွားလာပျံသန်းနိုင်၏။ ကြည်ညိုမှုသဒ္ဓါအား၏ များမြတ်ပြည့်ဝမှုကြောင့် အခါခပ်သိမ်း လွန်စွာတင့်တယ်လှပသော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည်။

နန္ဒဝန်ဥယျာဉ်သို့

တစ်နေ့တွင် မိမိတို့၏ ကောင်းကျိုးအားလျော်စွာ နတ်သဘင်၌ ပျော်ရွှင်မြူးထူးနေကြသော နတ်သမီးတို့သည် နတ်တို့၏ တန်ခိုးအာနုဘော်ဖြင့် ဥယျာဉ်ကစားရန် နန္ဒဝန်ဥယျာဉ်သို့ သွားကြကုန်၏။ ထိုနတ်သမီးသည်လည်း နတ်ဝတ်တန်ဆာများ ဝတ်ရုံဆင်မြန်းလျက် နတ်သမီး အခြွေအရံတစ်ထောင်တို့ဖြင့် ခြံရံကာ မိမိ၏ဘုံဗိမာန်မှ ထွက်ပြီးလျှင် ထိုအင်းပျဉ်ဗိမာန် ပလ္လင်ပျံကို တက်စီး

http://www.dhammadownload.com

လျက် နေရောင် လရောင်အဆင်းတို့ကဲ့သို့ ကျက်သရေအပေါင်း ထွန်းပြောင်တောက်ပစွာဖြင့် နန္ဒဝန်ဥယျာဉ်သို့ သွားလေ၏။

ထိုအခါ နတ်သမီး နတ်သားတို့အား တရားတော် ဟောမြွှေဖြစ်သည့်အတိုင်း အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွချီတော်မူ၏။ တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူသော် ထိုနတ်သမီး၏ မနီးမဝေး အရပ်၌ ကိုယ်တော်ကို ပြတော်မူလေ၏။ ထိုနတ်သမီးသည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို မြင်သော် ကြည်ညိုလေးစား မြတ်နိုးသောစိတ်ထား ဖြစ်ပွားလျက် အဆောတလျင် ပလ္လင်ပျံထက်မှ ဆင်းပြီးလျှင် မထေရ်မြတ်၏အနီးသို့ချဉ်းကပ်ကာ ရှိခိုးလျက် လက်အုပ်ချီကာ ရပ်တည်၍နေသည်။

ရှင်မဟာမောဂ္ဂလာန် မေးပြီ

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သမီးနှင့် အခြားသော သတ္တဝါတို့သည် ပြုခဲ့သော ကံအားလျော်စွာ နတ်ပြည်သို့ ရောက်လာကြရသည်ကို သိမြင်တော်မူနိုင်သော်လည်း နတ်တို့ဘုံဘဝသို့မရောက်မီ သူတို့ အဘယ်ဘဝမှ စုတေ၍ ဤနတ်ဘဝ၌ ဖြစ်ရသည်၊ အဘယ်ကုသိုလ်ကောင်းမှုကို ပြုခဲ့၍ ဤစည်းစိမ်ချမ်းသာကို ရရှိခဲ့သည်တို့ သိစေရန် "ပိဋ္ဌံ တေ သောဝဏ္ဏမယံ ဥဠာရံ" စသော ဂါထာတို့ဖြင့် နတ်သမီးကို မေးမြန်းတော်မူသည်။

၁။ ပိဋ္ဌံ တေ သောဝဏ္ဏမယံ ဥဠာရံ၊ မနောဇံ ဂန္ဓတိ ယေနကာမံ၊
အလင်္ကတေ မလျဓရေ သုဝတ္ထေ၊ ဩဘာသယိ ဝိဇ္ဇုရိဝန္တလိက္ခံ။

၁။ အလင်္ကတေ၊ ထူးပေ့ဆန်းပေ့၊ နတ်ဓလေ့နှင့်အညီ အမျိုးမျိုးသော နတ်ဝတ်တန်ဆာတို့ကို ဆင်မြန်ထားလျက် ရှိပေထသော။ မလျဓရေ၊ အနံ့မွှေးကြိုင်နတ်ပန်းခိုင်တို့ တမြိုင်မြိုင်ဝေ ပန်ဆင်၍ နေပေထသော။ သုဝတ္ထေ၊ နူးညံ့ချောညက်တလက်လက်နှင့် ရောင်ထွက်လှစွာ နတ်ဝတ်လွှာတို့ကို ကောင်းစွာဝတ်ဆင်ပြုပြင်လျက် ရှိပေထသော။ ဒေဝိ၊ အဆင်းနုနယ် ရှုဖွယ်မငြီး အို ... နတ်သမီး။ တေ၊ သင်နတ်သမီး၏ ပိဋ္ဌံ၊ လျှပ်ပန်းနွယ်သို့ ထူးဆန်းလှစွာ ယူဇနာကျယ် ရွှေပလ္လင် ရွှေအင်းပျဉ်ဗိမာန်သည်။ ဥဠာရံ၊ မွန်မြတ်လှသော။ သောဝဏ္ဏမယံ၊ သိဂီစစ်စစ် ရွှေသားနှစ်ဖြင့် ပြီးပေ၏။ မနောဇံ၊ စိတ်နှင့်အမျှ လျင်မြန်လှ၏။ ယေနကာမံ၊ မြန်းကြွလိုရာ အကြင် ရပ်ဒေသသို့။ ဂစ္ဆတိ၊ စိတ်ကြဲသလောက်၊ အမြန်

http://www.dhammadownload.com

ရောက်အောင် သွားရောက်နိုင်ပေ၏။ အဋ္ဌ ကူဋ်၊ ထက်အာကာမှ စက်တန့် ရောင်ကွန့် မိုးတိမ်ညွှန့်၌။ ဝိဇ္ဇုရိုဝ်၊ လျှပ်ပန်း လျှပ်နွယ်ကဲ့သို့။ ဩဘာသတိ၊ တင့်တယ် တောက်ပလှပေ၏။

၂။ ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ၊
ဥပ္ပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။

၂။ တေ၊ သင်နတ်သမီး၏။ တာဒိသော၊ ထိုကဲ့သို့ ဝင်းဝင်းတောက်သော။ ဝဏ္ဏော၊ အရောင်အဆင်းသည်။ ကေန၊ အဘယ်သို့ပြုဖူး အဘယ်ကောင်းမှုထူးကြောင့်။ ဣဇ္ဈတိ၊ လှလှပပ ပြည့်စုံရပါသနည်း။ ဣဓ၊ ဤတာဝတိံသာနတ်ပြည်၌။ ဣဇ္ဈတိ ဖြစ်လာရပေသနည်း။ တေ၊ သင်နတ်သမီး၏။ ယေကေစိ၊ အလုံးစုံကုန်သော။ ဘောဂါစ၊ စည်းစိမ်ဥစ္စာ အဖြာဖြာတို့သည်လည်း။ မနသော ပိယာ၊ စိတ်၌ နှစ်သက်ဖွယ်ရာတို့သည်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ရပါကုန်သနည်း။

၃။ ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဓေ၊
မနုဿဘူတာ ကိမကာသိ ပုညံ၊
ကေနာသိ ဧဝံ ဝလိဘာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာ သတိ။

၃။ မဟာနုဘာဓေ၊ ကြီးမားသော အာနုဘောင်ရှိပေသော။ ဒေဝိ၊ ရှုဖွယ်မငြီး နတ်သမီး။ တံ၊ အဲ့ဖွယ်မခန်း နတ်ပြည်နန်းမှာ ဤသို့စံမြန်းနေနိုင်ရပုံထိုအကြောင်းစုံကို။ ပုစ္ဆာမိ၊ ငါမေး၏။ မနုဿဘူတာ၊ လူ့ဘဝ၌ လူဖြစ်စဉ်က။ ကိံ ပုညံ၊ ဒါန သီလ စသည်ထိုထို အဘယ်ကောင်းမှုကုသိုလ်ကို။ အကာသိ၊ ဝမ်းမြောက်ကြည်သာ ပြုခဲ့ပါသနည်း။ ကေန၊ ဘယ်သို့ပြုဖူး၊ ကုသိုလ်ထူးကြောင့်။ တေ၊ သင်နတ်သမီး၏။ ဝဏ္ဏော၊ ဆင်းရောင်ဝါသည်။ ဧဝံ၊ ဤသို့။ ဧလိတာနုဘာဝေါ၊ အရောင်လျှံဝင်း ထွန်းလင်းတောက်ပစွာ။ အာသိ၊ ဖြစ်ရပေသနည်း။ သဗ္ဗဒိသာ၊ အရပ်ဆယ်မျက်နှာ၌။ ပဘာသသိ၊ ထွန်းလင်းပေသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ မေးမြန်းမိန့်ကြားတော်မူလေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်က နတ်သမီးအား လူ့ဘဝက ပြုခဲ့ဖူးပုံကောင်းမှုအစုံနှင့် ယခု တာဝတိံသာ၌ တင့်တယ်စွာ နေထိုင်စံမြန်းရပုံကိုမေးသော် နတ်သမီးက ဤသို့ ဖြေကြားလေ၏။

http://www.dhammadownload.com

၄။ သာ ဒေဝတာ အတ္တမနာ၊ မောဂ္ဂလနေန ပုစ္ဆိတာ၊
ပဠံ ပုဋ္ဌာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ။

၄။ မောဂ္ဂလနေန၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်သည်။ ပုစ္ဆိတာ၊ မေးမြန်းတော်မူသည်ရှိသော်။ အတ္တမနာ၊ နှစ်သက်ဝမ်းမြောက်စွာ။ သာ ဒေဝတာ၊ ထိုနတ်သမီးသည်။ ယဿ ကမ္မဿ၊ လူ့ဘဝက ပြုသမျှလုံးစုံအကြောင်းကုသိုလ်ကံအဟုန်၏။ ဣဒံ ဖလံ၊ ယခုခံစားနေရ ကျိုးဖလကို။ ပဠံပုဋ္ဌာ၊ မေးမြန်းအပ်သည်ကို။ ဝိယာကာသိ၊ မထေရ်ဆရာ မြင်သာအောင် ဤသို့ ဖြေကြားရှာလေ၏။

နတ်သမီး ဖြေကြားပုံ

၅။ အဟံ မနုဿေသု မနုဿဘူတာ၊ အဇ္ဈာဂတာနာ, သနကံ အဒါသိံ၊
အဘိဝါဒယိံ အဋ္ဌလိကံ အကာသိံ၊ ယထာနုဘာဝဋ္ဌ အဒါသိ ဒါနံ။

၅။ ဘန္တေ၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူတို့ဘဝ လူ့လောကဌ်။ မနုဿဘူတာ၊ လူဖြစ်စဉ်က။ အဇ္ဈာဂတာနံ-အဘိအာဂတာနံ၊ ဆွမ်းခံကြွလာကြသော ရဟန်းတော်တို့အား။ အသနကံ၊ အင်းပျဉ်ထိုင်ခုံငယ်ကို။ အဒါသိံ၊ မွန်မြတ်လှစွာ စိတ်စေတနာဖြင့် လှူဒါန်းဖူးပါ၏။ အဘိဝါဒယိံ၊ ရိုသေမြတ်နိုး ရှိခိုးခဲ့ဖူးပါ၏။ အဋ္ဌလိကံ၊ လက်အုပ်တင်ရှိ အဋ္ဌလိကို။ အကာသိံ၊ ပြုခဲ့ဖူးပါ၏။ ယထာနုဘာဝံ၊ တတ်အားသမျှသော။ ဒါနဋ္ဌ၊ သန့်ရှင်းစင်ဖြူ ဆွမ်းအလှူကိုလည်း။ အဒါသိ၊ မနောကြည်ဖြူပေးလှူခဲ့ဖူးပါ၏။

၆။ တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓ မိဇ္ဈတိ၊
ဥပပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။

၆။ တေန၊ ထိုသို့လှူခဲ့ဖူး ကုသိုလ်ထူးကြောင့်။ မေ၊ တပည့်တော်၏။ ဝဏ္ဏော၊ ဆင်းရောင်ဝါသည်။ တာဒိသော၊ ရောင်လျှံဝင်းဝါ ထွန်းတောက်ပစွာ။ ဣဓ ဇ္ဈတိ ဖြစ်ရ ပြည့်စုံရပါပေ၏ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ယေကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဘောဂါ စ၊ များပြားလှစွာ စည်းစိမ်ဥစ္စာတို့သည်

http://www.dhammadownload.com

လည်း။ မနသောပိယာ၊ စိတ်၏ နှစ်သက်ဖွယ်ရာတို့သည်။ ဥပဓိန္နဿ၊ ကြောင်း ကျိုးညီစွာ ဖြစ်ရပါပေကုန်၏။

၇။ အက္ခာမိ တေ ဘိက္ခု မဟာနုဘာဝ၊ မနုဿဘူတာ ယမကာသိ ပုညံ၊ တေနမှိ ဧဝံ ဧလိတာနုဘာဝါ၊ ဝဏ္ဏာ စ မေ သဗ္ဗဒိသာ ပဘာသတိတိ။

၇။ မဟာနုဘာဝ၊ ကြီးမားသော အာနုဘော်ရှိပေထသော၊ ဘိက္ခု၊ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် အရှင်မြတ်ဘုရား။ တေ၊ အရှင်ဘုရားအား။ အက္ခာမိ၊ ဖြစ်နေရပုံ အကြောင်းစုံကို သိသာထင်ရှားအောင် လျှောက်ထားပါဦးအံ့။ မနုဿဘူတာ၊ ဤပလ္လင်နန်းခံ့ မစံမြန်းရခင် လူဖြစ်စဉ်က။ ယံပုညံ၊ ထိုင်ခုံငယ်ကို ပေးလှူခဲ့ဖူး အကြောင်ကုသိုလ်ထူးကို။ အကာသိ၊ သဒ္ဓါဖွေးဖြူ အရေးယူကာ ပေးလှူခဲ့ဖူးပါ၏။ တေန၊ ထိုသို့ပြုဖူးသော ကုသိုလ်ထူးကြောင့်။ ဧဝံ၊ ဤသို့။ ဧလိတာနုဘာဝါ၊ အရောင်ဝင်း ထွန်းလင်းစွာ။ အမှိ၊ ဖြစ်ရပါ၏ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဝဏ္ဏာ၊ လှပဝင်းပြောင် အဆင်းရောင်သည်။ သဗ္ဗဒိသာ၊ ရပ်ဆယ်မျက်နှာတို့သို့။ ပဘာသတိ၊ ဝမ်းမြောက်ဖွယ်ရာ ထွန်းလင်းတောက်ပပါ၏ အရှင်ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ အရှင်မောဂ္ဂလာန်အား ပြန်လည် ကြားလျှောက်လေ၏။

ဤသို့ မိမိမေးသမျှကို ဖြေကြားသော ထိုနတ်သမီးအား အရှင်မဟာမောဂ္ဂလာန်သည် အကျယ်အားဖြင့် တရားတော်မြတ်ကို ဟောကြားတော်မူလေ၏။ ထိုသို့ မထေရ်က ဟောကြားသော ဒေသနာတော်သည် အခြေအရံနှင့်တကွသော နတ်သမီးအား အကျိုးထူးတရားများ ဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တရားတော် ဟောကြားခဲ့ပြီးနောက် တာဝတိံသာမှ လူ့ဘုံဌာနသို့ ပြန်ကြွခဲ့ပြီးလျှင် ထိုအဖြစ်ကို ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အား ဟောကြားတော်မူလေ၏။

ပဌမ ပီဌဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၂။ ဒုတိယ ပိဋ္ဌိမာနဝဂ္ဂေ

အင်းပျဉ်ထိုင်ခုံငယ်ကို ညှိသော အဝတ်ခင်းလျက် ကိုယ်တိုင် လာရောက် လှူဒါန်းခဲ့ခြင်းကြောင့် ကြောင်မျက်ရွဲရတနာပလ္လင် အင်းပျဉ်ဗိမာန်ပေါ်ကာ အလိုရှိရာသို့ လျင်စွာသွားလာနိုင်သော နတ်သမီး။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်တို့သည် သာဝတ္ထိပြည်တွင်းသို့ နံနက်ခင်း ဆွမ်းခံဝင်ကြသည် ရှိသော် သာဝတ္ထိပြည်သူ အမျိုးသမီးတစ်ဦးသည် မိမိ၏အိမ်သို့ ဆွမ်းခံကြွလာသော မထေရ်မြတ်တစ်ပါးအား ညှိသောအဆင်းရှိသော အဝတ်ကိုခင်းပြီးလျှင် အင်းပျဉ်ထိုင်ခုံငယ်ကို လှူဒါန်းလေ၏။

ထိုမထေရ်သည် အင်းပျဉ်အခင်း၌ နေထိုင်တော်မူနေသော် အမျိုးသမီးသည် အိမ်တွင်ချက်၍ထားသော ဆွမ်းဟောဇဉ် အာဟာရများဖြင့် မထေရ်အား ကျွေးမွေးဆက်ကပ်လေလျက် ယပ်လေခတ်ပေးလေ၏။

ထိုမထေရ်သည် ဆွမ်းဘုဉ်းပေးပြီးသော် ဒါနအစုစုအတွက် အနုမောဒနာပြုပြီးလျှင် ကြွသွားတော်မူလေ၏။ အမျိုးသမီးသည် ထိုအင်းပျဉ်ထိုင်ခုံငယ်ကို ကျောင်းသို့ပို့ကာ လှူဒါန်းသည်။

လက်ရှိဘဝ၌ ခံစားနေရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် စုတေသေလွန်သည့်အခါ ထိုကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ဘုံဗိမာန်ဝယ် နတ်သမီးတစ်ထောင် အခြံအရံဖြင့် နတ်သမီးဖြစ်လေ၏။ ထူးဆန်းလှ၍ လျင်သောအဟုန်ရှိသည့် ဥဒေါင်း၏ လည်ဆံမွေးအဆင်းမက လှပတင့်တယ်သည့် မြည်ဩအဆင်းနှင့်တူသော ကြောင်မျက်ရွဲရတနာဖြင့်ပြီးသော ဝေဠုရိယ မြပလွင် အင်းပျဉ်ဗိမာန်သည် ထို နတ်သမီးအတွက် ပေါက်ရောက်လာပြီးလျှင် ထိုဗိမာန်၏ အထက်၌ ပြာသာဒ်သဏ္ဌာန် ရှိလေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေး၍ နတ်သမီး ဖြေကြားခြင်း

တစ်နေ့တွင် ရှေ့ပဌမ ပိဋ္ဌဝိမာနဝတ္ထု၌ လာသည့်အတိုင်းပင် နတ်သဘင် ဥယျာဉ် ကစားအံ့သောငှာ နန္ဒဝန်ဥယျာဉ်သာသို့ အင်းပျဉ်ဗိမာန် ပလ္လင်ပျံကိုစီး လျက် နတ်သမီးအခြွေအရံများ ခြံရံကာ သွားလေ၏။

ထိုအခါ ပဌမ ပိဋ္ဌဝိမာနဝတ္ထုကဲ့သို့ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ် ကို မြင်၍ နတ်သမီးသည် အနီးသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးကာ ရပ်တည်နေသော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ရှေးနည်းအတူ "ပိဋ္ဌ တေ ဝေဠုရိယမယံ ဥဗ္ဘာရံ" အစရှိသော ဂါထာတို့ဖြင့် မေးမြန်းတော်မူ၍ နတ်သမီးကလည်း ရှေး နည်းအတူ ဖြေကြားလေ၏။

ဂါထာတို့ကို အနက်ပေးရာတွင် ပထမဂါထာ၌ပါရှိသော "ဝေဠုရိယမယံ" ကို ဥဒေါင်းလည်ဆံအဆင်းရှိ ကြောင်မျက်ရွဲဖြင့်ပြီးသောဟု အနက်ပေးပါ။ ကျန် အားလုံး ပဌမဝတ္ထုနှင့် တူသည်။

ဒုတိယ ပိဋ္ဌဝိမာနဝတ္ထု ပြီး၏။

၃။ တတိယ ပိဋ္ဌဝိမာနဝတ္ထု

ရဟန္တာအရှင်မြတ်တစ်ပါးအား ဝါဝင်းသော အဝတ်ကိုခင်းလျက် အင်းပျဉ်ကို လှူဒါန်းခဲ့သော ကောင်းမှုကြောင့် ရွှေပလ္လင် ရွှေ အင်းပျဉ်နှင့်တကွ ရွှေဗိမာန်တွင် စံပျော်နေသော နတ်သမီး။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ မထင်ရှား သော ရဟန္တာအရှင်မြတ်တစ်ပါးသည် ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းဘုဉ်း ပေးချိန် နီးကပ်သည်ရှိသော် တံခါးဖွင့်လျက်ထားသော အိမ်တစ်အိမ်သို့ ဆွမ်း အလို့ငှာ ချဉ်းကပ်၍ ရပ်လေ၏။ အိမ်ရှင်မိန်းမသည်ကား သဒ္ဓါတရားနှင့် ပြည့်စုံ၍ ရဟန္တာအရှင်မြတ် ရပ်တော်မူသည်ကို သိမြင်သောကြောင့် "အရှင်ဘုရား ကြွ တော်မူပါ၊ ဤနေရာ၌ ထိုင်တော်မူပြီးလျှင် ဆွမ်းဘုဉ်းပေးတော်မူပါဘုရား" ဟု လျှောက်ကြားလျက် မိမိ၏ အင်းပျဉ်ထိုင်ခုံထက်၌ ဝါရွှေသော အဆင်းရှိသော

http://www.dhammadownload.com

အဝတ်ကိုခင်းပေး၏။ "တပည့်တော်၏ ဤကောင်းမှုသည် နောင်အခါ ရွှေပလ္လင်ကို ရပါစေသား" ဟု ဆုတောင်းလေ၏။

ရဟန္တာအရှင်မြတ်သည် လှူဒါန်းသောနေရာ၌ ထိုင်တော်မူ၍ ဆွမ်ဘဉ်းပေးလျက် သပိတ်တော်ကို ဆေးကြောပြီးလျှင် နေရာမှထကာ ကြွသွားတော်မူ၏။ ထို့အခါ "အရှင်ဘုရား ... ဤနေရာ အင်းပျဉ်နှင့် အခင်းကို အရှင်ဘုရားတို့အား လှူဒါန်းပါ၏၊ တပည့်တော်အား သနားချီးမြှောက် စောင့်ရှောက်တော်မူသော အားဖြင့် သုံးဆောင်တော်မူပါ" ဟု လျှောက်ထားလေ၏။ ရဟန္တာမထေရ်မြတ်သည် ထိုမိန်းမ၏ ထိုင်ခုံနှင့် အင်းပျဉ်ကို အလှူခံတော်မူပြီးလျှင် သံဃာတော်အား လှူဒါန်းလေ၏။

လက်ရှိဘဝ၌ ခံစားနေရသော ကောင်းမှု၏အကျိုး

ထိုမိန်းမသည် စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ဘုံဗိမာန်ဝယ် နတ်သမီးတစ်ထောင် အခြံအရံဖြင့် နတ်သမီးဖြစ်လေ၏။ ထူးဆန်းလှစွာ တစ်ဆယ့်နှစ်ယူဇနာမျှရှိသော လျင်မြန်သော အဟုန်ရှိသော ရွှေအင်းပျဉ်ဗိမာန် ပလ္လင်ပျံလည်း ပေါက်ရောက်လေ၏။

ပဌမ ပိဋ္ဌိမာန နတ်သမီးနည်းတူ အရှင်မဟာမောဂ္ဂလာန်နှင့် တွေ့ဆုံသော် နတ်သမီးသည် အပ္ပဿ ကမ္မဿ ဖလံ မမေဒံ အစရှိသော ဂါထာတို့ဖြင့် ဖြေကြားလျှောက်ထား၏။

၁၅-၁၆-၁၇-၁၈ ဂါထာများသည် ရှေ့ဝတ္ထုဥပါသော ၁-၂-၃-၄ ဂါထာများနှင့် အနက်ပေးရာ၌ အလုံးစုံတူပြီ။

၁၉။ အပ္ပဿ ကမ္မဿ ဖလ မမေဒံ၊ ယေနမှိ ဧဝံ ဧလိတာနုဘာဝါ။
အဟံ မနုဿေသု မနုဿဘူတာ၊ ပုရိမာယ ဇာတိယာ မနုဿလောကေ။

၁၉။ ဘန္တေ၊ အရှင်မြတ်မောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ ကုသိုလ်အဝဝ ပြုခွင့်ခိုက်ကြို့ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ မနုဿလောကေ၊ ရာဇဂြိုဟ်၌။ ပုရိမာယဇာတိယာ၊ ဤနတ်ပြည်နန်း မစ်မြန်းရမီ ရှေးလူ့ဘဝဆီ၌။ ယေန၊ အကြောင် ထိုင်ခုံလှူဖူး ကုသိုလ်ထူးကြောင့်။ ဧဝံဧလိတာနုဘာဝါ၊ ဤသို့ ဝါဝါဝင်းဝင်း တောက်ပြောင်သော ကိုယ်ရောင်ကိုယ်ဝါရှိသည်။

http://www.dhammadownload.com

အမှိ၊ ဖြစ်ရပါပေ၏။ မမ၊ တပည့်တော်မ၏။ ဣဒံ ဖလံ၊ ဤသို့ပွားတိုး ဤအကျိုးသည်။ အပွဿ၊ အနည်းငယ်မျှသော။ ကမ္မဿ၊ ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးပါတည်း။

၂၀။ အဒ္ဓသံ ဝိရဇံ ဘိက္ခုံ၊ ဝိပ္ပသန္နမနာဝိလံ၊
တဿ အဒါသဟံ ပိဋ္ဌံ၊ ပသန္နာ သေဟိ ပါဏိဘိ။

၂၀။ ဝိရဇံ၊ ကိလေသာမြူ ကင်းစင်တော်မူသော။ ဝိပ္ပသန်နံ၊ အထူးသန့်စင်ကြည်လင်သော စိတ်အစဉ်ရှိတော်မူသော။ အနာဝိလံ၊ ကိလေသာမြူကင်းသဖြင့် နောက်ကျခြင်း မရှိ ပကတိကြည်လင်ခြင်း ရှိတော်မူသော။ ဘိက္ခုံ၊ ရဟန်းတော်ကို။ အဒ္ဒသံ၊ သဒ္ဓါမြူးရွင်စွာဖြင့် ဖူးမြင်ရပါပြီ။ တဿ၊ ထိုရဟန်းတော် အရှင်မြတ်အား။ အဟံ၊ တပည့်တော်သည်။ ပသန္နာ၊ ကြည်ညိုစိတ် ပေါ်သည်ဖြစ်၍။ သေဟိပါဏိဘိ၊ မိမိကိုယ်တိုင်၏ လက်တို့ဖြင့်။ ပိဋ္ဌံ၊ မကြီးမကျယ် ထိုင်ခုံငယ်ကို။ အဒါသိ'၊ ပေးလှူခဲ့ဖူးပါသည် အရှင်ဘုရား။

ဂါထာနံပါတ် ၂၁-၂၂ ဂါထာများနှင့် ကျန်စကားရပ်များ ရှေးနှင့်တူပြီ။

တတိယ ပိဋ္ဌဝိမာနဝတ္ထုပြီး၏။

၄။ စတုတ္ထ ပိဋ္ဌဝိမာနဝတ္ထု

ရဟန္တာအရှင်မြတ်အား ညီသောအဝတ်ခင်းလျက် ကိုယ်တိုင်ကိုယ်ကျအင်းပျဉ်ငယ် လှူဒါန်းခဲ့သည့် ကုသိုလ်ကံကြောင့် ကြောင်မျက်ရွဲရတနာဖြင့် ပြီးသော ပလ္လင်အင်းပျဉ်ဗိမာန်တို့ကို ရရှိ၍ လျင်မြန်စွာသွားလာနိုင်သော နတ်သမီး။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ရာဇဂြိုဟ်ပြည်တွင် ဆွမ်းခံကြွလာသော ရဟန္တာအရှင်မြတ်အား အင်းပျဉ်ငယ်ကို ညီသော အဝတ်ကိုခင်းလျက် သန့်ရှင်းကြည်လင်သော စေတနာဖြင့် အမျိုးသမီးက လှူဒါန်းခဲ့သည်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝတ္ထုတည်း။ ညီသော အဝတ်ကိုခင်းလျက် အင်းပျဉ်ကို လှူဒါန်းခဲ့ရခြင်းကြောင့် မြည်းအဆင်းရှိသော ကြောင်မျက်ရွဲရတနာဖြင့် ပြီးသော ပလ္လင်အင်းပျဉ်ဗိမာန် ပေါက်ရောက်ရရှိလေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က "ပိဋ္ဌ တော ဝေဠုရိယမယံ ဥဉ္ဇာရံ" အစရှိသော ဂါထာတို့ဖြင့် မေးမြန်းတော်မူ၍ နတ်သမီးသည် "အပ္ပဿ ကမ္မဿ ဖလံ မမေဒံ" စသောဂါထာတို့ဖြင့် ဖြေကြားလျှောက်ထားလေ၏။ ကျန်သော အဓိပ္ပာယ်များ တတိယ ပိဋ္ဌဝိမာနဝတ္ထုနှင့် အလုံးစုံတူပြီ။

အင်းပျဉ်လှူသော ဝတ္ထုတို့တွင် ပဌမ၊ ဒုတိယ နတ်သမီးနှစ်ဦးတို့သည် ရွှေးလူဖြစ်စဉ်အခါက အင်းပျဉ်ကို လှူဒါန်း၍ ဆွမ်းကိုလည်း ကပ်လှူသည်။ ယပ်လေကိုလည်း ခတ်ပေးသည်။ တတိယ၊ စတုတ္ထ နတ်သမီးနှစ်ဦးတို့သည်ကား အင်းပျဉ်ကိုသာ လှူဒါန်း၍ ဆွမ်းကိုလည်း မကပ်လှူ၊ ယပ်လေကိုလည်း မခတ်လှူပေ။ ဤသို့ ထူးခြားသည်။

စတုတ္ထပိဋ္ဌဝိမာနဝတ္ထု ပြီး၏။

၅။ ကုဋ္ဌရဝိမာနဝတ္ထု

ဈာန်ဝင်စားလျက်ရှိသော အရှင်မြတ်များအား အရွက်နှင့်တကွသော ပဒုမာကြာပန်း စသည်ကို လှူဒါန်းခဲ့ခြင်းကြောင့် ပဒုမာကြာအသွင် ကြန်အင်ပြည့်စုံ ကြာဝတ်မှုန် ပြွမ်းလျက်ရှိသော ရုပ်အဆင်းရှိသူ နတ်သမီး။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာပေးရာ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပရန် ကြွေးကြော်လေ၏။ ထိုအခါ မြို့တွင်း လမ်းအသွယ်သွယ်တို့၌ သဲဖြူခင်းကြပြီးလျှင် ပေါက်ပေါက်ပန်း ကြဲဖြန့်လျက် အိမ်တံခါးဝတိုင်း၌ ငှက်ပျောပင်ရှင်စိုက်ကာ ရေပြည့်အိုး တည်ထားခြင်းကိုလည်း ပြုကြကုန်၏။ မိမိတို့၌ရှိသည့် စည်းစိမ်အားလျော်စွာ အထူးထူး အပြားပြားသော တံခွန်အောင်လံတို့ကိုလည်း စိုက်ထောင်ကြကုန်၏။ မြို့သူမြို့သားတို့သည် ဒိမိ စည်းစိမ်ချမ်းသာအားလျော်စွာ တန်ဆာဆင်ယင် ပြင်ဆင်ကြပြီးလျှင် နက္ခတ်ပွဲသဘင် ဆင်ယင်ပျော်ပါး ကစားကြလေ၏။ ရာဇဂြိုဟ်တစ်မြို့လုံးသည် နတ်ပြည်တမျှ ပျော်မွေ့ဖွယ်ရာ ဖြစ်၍နေလေ၏။

http://www.dhammadownload.com

ဗိမ္မိသာရမင်းကြီး မြို့ကို လှည့်လည်

ထိုအခါ ဗိမ္မိသာရမင်းကြီးသည် ရှေးအခါက လှည့်လည်နေကျဖြစ်သော မြို့လှည့်လည်ခြင်းဖြင့်လည်းကောင်း၊ လူအများ၏စိတ်ကို စောင့်ရှောက်အံ့သောငှာလည်းကောင်း မိမိ၏ နန်းတော်မှ ထွက်တော်မူ၍ များစွာသော အခြံအရံဖြင့် ရာဇဂြိုဟ်မြို့တော်ကို လက်ယာရစ် လှည့်လည်တော်မူလေ၏။

အမျိုးသမီးတစ်ဦး မေးမြန်းပုံ

ထိုအခါ ရာဇဂြိုဟ်ပြည်သူ အမျိုးသမီးတစ်ဦးသည် ဗိမ္မိသာရမင်းကြီး၏ အာနုဘော်ကြီးမားပုံ အလုံးစုံကို မြင်ရ၍ အံ့ဩသောစိတ်ဖြစ်လျက် "ဤဗိမ္မိသာရမင်းကြီးသည် နတ်တို့၏ စည်းစိမ်ချမ်းသာနှင့်တူသော စည်းစိမ်ချမ်းသာကို အဘယ်သို့သော ကုသိုလ်ထူးကို ပြုခဲ့သောကြောင့် ရအပ်သနည်း" ဟု ပညာရှိတို့ကို မေးမြန်းလေ၏။

ပညာရှိတို့သည် ထိုအမျိုးသမီးအား "အို ... ချစ်နမ၊ ကောင်းမှုကုသိုလ်ကံမည်သည်ကား စိတ်၏အလိုအတိုင်း ပြီးစီးနိုင်သော စိန္တာမဏိ ပတ္တမြားရတနာနှင့်လည်းကောင်း၊ မိမိလိုရာ ဆွတ်ယူနိုင်သော ပဒေသာပင်ကြီးနှင့်လည်းကောင်း တူလှပေ၏။ အလျှူခံပုဂ္ဂိုလ်တည်းဟူသော ခေတ်၏ပြည့်စုံခြင်းနှင့် စိတ်စေတနာသဒ္ဓါတရား၏ ပြည့်စုံခြင်းရှိခဲ့သော် တောင့်တတိုင်းသောဆုများကို ရရှိနိုင်စေသည်။ ဤသာမက နေထိုင်ရာ ဗျာအခင်း၊ အင်းပျဉ်၊ ကုလားထိုင် စသည်ကို လှူဒါန်းပေးကမ်းခြင်းကြောင့် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်၏။ စားသောက်ဖွယ်ရာထမင်း အဖျော်ယမကာ စသည်ကို လှူဒါန်းပေးကမ်းခြင်းကြောင့် ခွန်အားဗလနှင့် ပြည့်စုံခြင်းအကျိုးကို ရရှိစေတတ်၏။ အဝတ်ပုဆိုး စသည်ကို လှူဒါန်းပေးကမ်းခြင်းကြောင့် လှပတင့်တယ်ခြင်းအကျိုးကို ရရှိစေတတ်၏။ လှေ၊ လှည်း စသော ယာဉ်အမျိုးမျိုးကို လှူဒါန်းပေးကမ်းခြင်းကြောင့် ခန္ဓာကိုယ်၏ ထူးကဲစွာချမ်းသာမှုအကျိုးကို ရရှိစေတတ်၏။ ဆီမီးဖယောင်းတိုင် စသော အရောင်အလင်းကို လှူဒါန်းပေးကမ်းခြင်းကြောင့် မျက်စိ၏ ကြည်လင်တောက်ပမှု အကျိုးကို ရရှိစေတတ်၏။ ဒနထိုင်စရာ ကျောင်းဇရပ် စသော အဆောက်အအုံကို လှူဒါန်းခြင်းကြောင့် ခပ်သိမ်းဥဿုံ အလုံးစုံရှိသော ပြည့်စုံခြင်းကို ရရှိစေတတ်၏" ဟူ၍ ဖြေကြားကြကုန်၏။

http://www.dhammadownload.com

ထိုအမျိုးသမီးသည် ပညာရှိတို့ ဖြေကြားသောစကားကို ကြားရ၍ "ဤလူပြည်မှ အဖြာဖြာသော စည်းစိမ်ချမ်းသာတို့ထက် နတ်ပြည်နတ်တို့၏ စည်းစိမ်ချမ်းသာတို့က ပိုမိုကောင်းမြတ်သည်" ဟု မှတ်ထင်အောက်မေ့၍ နတ်ပြည်၌ စိတ်ကိုညွှတ်ထားပြီးလျှင် ကုသိုလ်ကောင်းမှုပြုရန် အလွန် အာသာဆန္ဒ ပြင်းပြစွာ ဖြစ်လေ၏။ အမျိုးသမီး၏ အမိအဖတို့သည် အသစ်ဖြစ်သော အဝတ်အစုံ၊ အသစ်ဖြစ်သော အင်းပျဉ်ထိုင်ခုံတစ်ခု၊ ပဒုမ္မာကြာစည်းတစ်စည်း၊ ထောပတ်၊ ပျား၊ သကာ၊ ဆန်နှင့် နွားနို့တို့ကို သုံးဆောင်ရန် ပို့စေကုန်၏။

လှူရန်စီစဉ်ခြင်း

ထိုအမျိုးသမီးသည် ထိုအသုံးအဆောင် ပစ္စည်းအဝတ်တို့ကို မြင်ရလေလျှင် "ငါသည်လည်း အလှူဒါနကို ပြုလို၏၊ ထိုသို့ လှူဒါန်းလိုစိတ် ပြင်းပြနေသော ငါ့အား လှူဒါန်းဖွယ်ဝတ္ထု အစုစုကို ရပေပြီ" ဟု ဝမ်းမြောက်ဝမ်းသာဖြစ်လျက် နှောက်တစ်နေ့ ရောက်လတ်သော် အလှူကို ဤသို့စီရင်လေ၏။

"ရေအလျှင်းမပါ၊ ချိုမြိန်လှစွာသော မခုပါယာသဃနာနို့ဆွမ်းကို စီရင်၍ ထိုဃနာနို့ဆွမ်း၏ အခြံအရံအဖြစ် အခြားတစ်ပါးသော ခဲဖွယ်ဘောဇဉ် အာဟာရတို့ကိုလည်း စီမံသည်၊ အလှူမဏ္ဍပ်၌ နံ့သာအထပ်ထပ်တို့ဖြင့် ထုံမွှမ်းကာ ပွင့်သော ကြာရွက် ကြာဝတ်မှုန် ကြာဝတ်ဆန်တို့ဖြင့် တင့်တယ်သာယာ ပဒုမ္မာကြာတို့ဖြင့် နေရာခင်းစေ၏၊ သစ်လွင်ဖြူစင်လှစွာသော အဝတ်အထည် ခင်းပြီးလျှင် ထိုပန်းမွေ့ရာပါသော အင်းပျဉ်ခုတင်၏ အခြေလေးချောင်း အထက်၌ ပဒုမ္မာကြာပန်းလေးခိုင်တို့ကို ပန်းကုံးပြုကာ အထက်၌ဆွဲထားသည်။ ခုတင်၏အထက်၌ ဗိမာန်မျက်နှာကြက်ကြက်၍ မျက်နှာကြက်၌လည်း ပန်းကုံးပန်းဆိုင်တို့ကို ဆွဲလျက် ပတ်ဝန်းကျင် မြေအပြင်၌လည်း ဝတ်မှုန်နှင့်တကွသော ပဒုမ္မာကြာရွက်တို့ဖြင့် အပြည့်ခင်းပြီးလျှင်" မြတ်သော အလှူကို ခံတော်မူထိုက်သော ပုဂ္ဂိုလ်မြတ် ကြွလာတော်မူလတ်သော် ပူဇော်ပါအံ့ဟု ကြံ၍ ပန်းတို့ဖြင့်ပြည့်သော ပန်းခြင်းကိုလည်း အသင့်စီမံထားလေ၏။

အလှူခံမည့်ရဟန်း ရှာဖွေခြင်း

ဤသို့ အလှူဒါနပြုလုပ်ရန် ပစ္စည်းအစုစုတို့ကို ပြုလုပ်ပြီးလျှင် ဦးခေါင်းကို လျှော်ကာ စင်ကြယ်သန့်ရှင်းစွာသော အဝတ်တို့ကို ဝတ်ဆင်သည်။ ဇာက်ဝပခုံးထက်ဝယ် ပဝါတဘက်ကို တင်လျက် ရဟန်းတော်အရှင်မြတ်တို့ ဆွမ်းခံဝင်လာ

http://www.dhammadownload.com

တတ်သော အချိန်အခါကို သတ်မှတ်ထားကာ အိမ်မှာရှိသော ကျွန်မတစ်ယောက်ကို ခေါ်ပြီးလျှင် "ကျွန်မ သွားချေ၊ ငါတို့၏ အလှူကို ခံယူတော်မူထိုက်သော အလှူခံ ရဟန်းတော်မြတ်တစ်ပါးကို ရှာမှီးချေ" ဟု စေလွှတ်လိုက်၏။

အရှင်သာရိပုတ္တရာကို ပင့်ခြင်း

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ရာဇဂြိုဟ်ပြည် အိမ်ဝတိုင်းတွင် အသပြာငွေ ထောင်ထုပ်ကို ချ၍ထားဘိသကဲ့သို့ ရာဇဂြိုဟ်၌ ဆွမ်းခံဝင်တော်မူရန် လမ်းခရီးအကြားသို့ ကြွသွားတော်မူ၏။ ထိုအစေခံကျွန်မသည် မထေရ်မြတ်ကို မြင်လေလျှင် ရှိခိုးဦးတင်လျက် "အရှင်ဘုရား၊ အရှင်ဘုရားတို့၏ သပိတ်တော်ကို တပည့်တော်အား ပေးသနားတော်မူပါကုန်ဘုရား" ဟု လျှောက်ထားသည်။ တစ်ဖန် တစ်ယောက်သော ဥပါသိကာမအား သနားချီးမြှောက်အံ့သောငှာ ဤလမ်းမှ ကြွတော်မူပါကုန်ဘုရားဟု လျှောက်ကြားလေ၏။

အရှင်သာရိပုတ္တရာမထေရ်သည် အစေခံကျွန်မ၏လက်သို့ သပိတ်တော်ကို ပေးအပ်လိုက်ရာ ထိုအစေခံကျွန်မသည် အရှင်သာရိပုတ္တရာမထေရ်မြတ်ကို အိမ်သို့ ပင့်ဆောင်သွားလေ၏။ ထိုအခါ လှူလိုသူ အမျိုးသမီးသည် မဒထေရ်မြတ်အား ခရီးဦးကြိုဆို၍ နေရာကိုပြသကာ "အရှင်မြတ်ဘုရား ... ခင်းထားသော ဤနေရာ၌ သီတင်းသုံးနေတော်မူပါကုန်ဘုရား" ဟု လျှောက်ကြားလေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

မထေရ်မြတ်သည် အမျိုးသမီးပြသောနေရာ၌ သီတင်းသုံးနေတော်မူစဉ် ဝတ်မှုန်တို့နှင့်တကွ မွေးကြိုင်လှစွာသော ပဒုမ္မာကြာပန်းဝို့ဖြင့် အမျိုးသမီးသည် မထေရ်မြတ်ကို ပူဇော်သည်။ ပန်းမွှေ့ရာခုတင်၏ ထက်ဝန်းကျင်၌လည်း ကြဲဖြန့်ပြီးလျှင် တည်ခြင်းငါးဖြာနှင့်ညီစွာ ရှိခိုးဦးချ၍ ထောပတ်၊ ပျား၊ သကာတို့နှင့် ရောနှောသော ရေအလျှင်းမပါ ကြိုင်သင်းချိုမြိန်လှစွာသော မခုပါယာသ ဃနာနို့ဆွမ်းဖြင့် မထေရ်အား လှူဒါန်းလုပ်ကျွေး ဆက်ကပ်လေ၏။

ထိုအမျိုးသမီးသည် ဃနာနို့ဆွမ်း ဆက်ကပ်စဉ် "ဤကဲ့သို့ ပြုရသော ကောင်းမှု၏ အာနုဘော်ကြောင့် နတ်၌ဖြစ်သော ဆင်ပျံယာဉ် ပြာသာဒ် အထွတ်တပ်သည့် ပလ္လင်ရတနာဖြင့် တင့်တယ်စွာသော နတ်၏စည်းစိမ်ကို ခံစားရပါစေသား" ဟု ဆုမွန်ကောင်းတောင်းလေ၏။

http://www.dhammadownload.com

အဝတ်အခင်းနှင့် အင်းပျဉ်ကိုလည်း လှူဒါန်းခြင်း

တစ်ဖန် အရှင်သာရိပုတ္တရာမထေရ်မြတ် ဆွမ်းဘုဉ်းပေးပြီးလတ်သော် သပိတ်တော်ကို ဆေးကြော၍ ထောပတ်၊ ပျားသကာတို့ဖြင့် ပြည့်စေပြီး ပန်းမွှေ့ရာ ပလ္လင်၌ ခင်းတင်၍ထားသော အဝတ်ကို သပိတ်ခြေ ပြုလုပ်လျက် မထေရ်မြတ်၏ လက်တော်၌ ကပ်လှူသည်။ မထေရ်မြတ်သည် အနုမောဒနာတရား ဟောကြား၍ ကြွတော်မူလတ်သော် "ဤအင်းပျဉ်ပလ္လင်ကို ကျောင်းသို့ယူဆောင်၍ မထေရ်အား လှူဒါန်းဆက်ကပ်ကာ ပြန်လာခဲ့ကြ" ဟု မှာကြားလျက် မထေရ်နှင့်အတူ ကျောင်းသို့ ပို့လေသည်။ ထိုအမျိုးသားနှစ်ယောက်တို့သည်လည်း အမျိုးသမီး စေခိုင်းသည့်အတိုင်း ဆောင်ရွက်ပြီး ကျောင်းမှ ပြန်လာကြကုန်၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် နောင်အခါ စုတေ၍ တာဝတိံသာနတ်ပြည်တွင် အမြင့်ယူဇနာ တစ်ရာရှိသော ရွှေဗိမာန်၌ အခြံအရံ နတ်သမီးတစ်ထောင်ဖြင့် နတ်သမီးဖြစ်လေ၏။ ထိုနတ်သမီးသည် သူ့ဆုတောင်း၏အစွမ်းကြောင့် အမြင့် ငါးယူဇနာရှိ ပဒုမ္မာကြာပန်းတို့ဖြင့် တန်ဆာဆင်လျက် ပဒုမ္မာကြာပွင့်ချပ် ဝတ်မှုန်ကဲ့သို့ တင့်တယ်သော အဆင်းရှိကာ နူးညံ့သော အတွေ့ရှိသည့် အမျိုးစုံသော ရတနာရောင်တို့ဖြင့် တန်ဆာဆင်ခြင်းရှိသော ဆင်ယာဉ်အထူးသည် ဖြစ်ပေါ်လေ၏။ ထိုဆင်ပျံယာဉ်၏ အထက်၌ အထူးတင့်တယ်ခြင်းရှိသော တစ်ယူဇနာရှိသည့် ရွှေပွလွင် ပေါက်ရောက်လေ၏။

နန္ဒဝန်ဥယျာဉ်သို့သွားသော်

ထိုနတ်သမီးသည် နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို အမြဲစံစားကာ ကြိုကြားကြိုကြား ဆင်ပျံယာဉ်၏အထက်၌ ရတနာမျိုးစုံတို့ဖြင့် ဆန်းကြယ်သော ပလ္လင်ပေါ်၌ တက်စီးလျက် အခြားနတ်တို့နည်းတူ နတ်တို့၏ အာနုဘော်ဖြင့် နန္ဒဝန်ဥယျာဉ်သို့ သွားလေသည်။

http://www.dhammadownload.com

ဒေသစာရီကြွချီသည့် အရှင်မဟာမောဂ္ဂလာန်

ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည်လည်း ဒေသစာရီ ကြွချီတော်မူ၍ တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူသည်ရှိသော် ထိုနတ်သမီး၏ မနီးမဝေးဌာန မိမိကိုယ်ကို ပြလေ၏။

ထိုအခါ နတ်သမီးသည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဖူးမြင်ရ၍ ကြည်ညိုလေးစား မြတ်နိုးသောစိတ်ဖြစ်ပွားကာ အဆောတလျင် ဆင်ယျင်ဘဉ်ပလွှင် ထက်မှ သက်ဆင်းပြီးလျှင် မထေရ်မြတ်၏ထံပါးသို့ ချဉ်းကပ်၍ တည်ခြင်းငါးဖြာ နှင့်ညီစွာ ဦးချလျက် လက်အုပ်ချီကာ ရပ်တည်၍ နေလေသည်။

မထေရ်မြတ်သည် ထိုနတ်သမီးပြုခဲ့သော ကောင်းမှုကံကို နတ်နှင့်တကွသော လူအပေါင်းအား မျက်မှောက်ထင်ထင် သိမြင်ရန် ဟောကြားပြသလိုသည်ဖြစ်၍ ဤသို့ မေးမြန်းတော်မူလေသည်။

၃၁။ ကုဉ္ဇရော တေ ဝရာရောဟော၊ နာနာရတနကပ္ပနော၊
ရုစိရော ထာမဝါ ဇဝသမ္ပန္နော၊ အာကာသမ့ဂိ သမီဟတိ။

၃၂။ ပဒုမိ ပဒ္မပတ္တက္ခိ၊ ပဒ္မုပ္ပလဓုတိန္ဓရော၊
ပဒ္မစုဏ္ဏာဘိကိဏ္ဏင်္ဂေါ၊ သောဏ္ဏပေါက္ခရမာလဓာ။

၃၁-၃၂။ ပဒ္မပတ္တက္ခိ၊ ပဒုမ္မာကြာကဲ့သို့ မျက်နှာမျက်စိ မျက်လုံးရှိသော။ ပဒုမိ၊ ပွင့်ချပ်တစ်ရာ တင့်အပ်ဖြာသည့် ကြာပဒုံသို့သော ဆင်းအရွယ်နှင့် ရှုဖွယ်မငြီး အို ... နတ်သမီး။ တေ၊ သင်နတ်သမီး၏။ ကုဉ္ဇရော၊ ရတနာအစုံစုံတို့နှင့် ကောင်းစွာပြုပြင် ဆင်ယာဉ်နှင့်တူသော။ ဝရာရောဟော၊ ပြာသာဒ်ဆောင်တင် မြတ်သော စီးတော်ဆင်ပျံယာဉ်သည်။ နာနာရတနာကပ္ပနော၊ ရွှေငွေသန္ဓာ နီလာပုလဲ စသော ဆယ်ပါးသော ရတနာတို့ဖြင့် တန်ဆာအထပ်ထပ် ဆင်ယင်အပ်၏။ ရုစိရော၊ မြင်သူအားလုံး ရွှင်ပြုံးမပြေ နှစ်သက်အပ်ပေ၏။ ထာမဝါ၊ အင်အားကုံလုံပြည့်စုံပါ၏။ ဇဝသမ္ပန္နော၊ လျင်မြန်သော အဟုန်ဖြင့်လည်း ပြည့်စုံပါ၏၊ အာကာသမ့ဂိ၊ ကောင်းကင်ပြင်၌။ သမီဟတိ၊ တိမ်လွှာအထက်၌ မှန်စွာ သွားလာ၍နေ၏။ ပဒ္မုပ္ပလဓုတိန္ဓရော၊ ပဒုမာကြာပမာ ထွန်းပသောအရောင်ကိုလည်း ဆောင်၏။ ပဒ္မစုဏ္ဏာဘိကိဏ္ဏင်္ဂေါ၊ ကြာပဒုံပန်း ဝတ်မှုန်ဖျန်းလျက် အမွမ်းတင်သော ကိုယ်အင်္ဂါလည်ရှိ၏။ သောဏ္ဏ ပေါက္ခရမာလဓာ၊ ရွှေပန်းခိုင်ကို တဖြိုင်ဖြိုင်ဝေ ပန်ဆင်၍လည်း နေပေ၏။

http://www.dhammadownload.com

၃၃။ ပဒုမာနုသဋ္ဌံ မဂ္ဂံ၊ ပဒုမတ္တဝိဘူသိတံ၊
ဋ္ဌိတံ ဝဂ္ဂူ မနုဂ္ဃါတိ၊ မိတံ ဂစ္ဆတိ ဝါရဏော။

၃၃။ တေ၊ သင်နတ့်သမီး၏။ ဝါရဏော၊ နှစ်သက်ဖွယ်ရာ ရတနာဆင်ပျံ ယာဉ်သည်။ ပဒုမာနုသဋ္ဌံ၊ ကြာပဒုမာတို့ဖြင့် လှည့်လည်ဝန်းရံ အသင့်စံလျက်။ ပဒုမတ္တဝိဘူသိတံ၊ ရွှေကြာပွင့်ချပ်တို့ဖြင့် တန်ဆာဆင်လျက်။ ဋ္ဌိတံ၊ တည်ရှိပေသော။ မဂ္ဂံ၊ ကောင်းကင်စခန်း ခရီးလမ်းသို့။ ဝဂ္ဂူ၊ ငြိမ့်ညောင်းသာယာ ဖြည်းဖြည်းလာလျက်။ အနုဂ္ဃါတိ၊ မိမိကျောတွင် ပျော်ရွှင်ကစား နတ်မယ်များကို ချောက်ချားမှု မပြုလုပ်ဘဲ။ မိတံ၊ ငြိမ့်ငြိမ့်အေးအေး မနှေးမမြန်ပင်။ ဂစ္ဆတိ၊ ငြိမ်းအေးသာယာ သွားနေပါ၏။

၃၄။ တဿ ပဏ္ဍမမာနဿ၊ သောဏ္ဍကံသာ ရတိဿရာ၊
တေသံ သုယျတိ နိဂ္ဃောသော၊ တူရိယေ ပဋ္ဌဂိကေ ယထာ။

၃၄။ ပဏ္ဍမမာနဿ၊ ငြိမ့်ညောင်းသာယာ သွားနေပါသော။ တဿ၊ ထို ဆင်ပျံယာဉ်၏။ ရတိဿရာ၊ နှစ်သက်ရာမှန် သာယာသော အသံတို့သည်။ ဝါ၊ သာယာသော အသံရှိကုန်သော။ သောဏ္ဍကံသာ၊ ဝန်းကျင်ဘယ်ညာ ရပ်ဒိသာမှ ဖြာဖြာကျတွဲ မြပုလဲနှင့် မျက်ရွဲစိန်ကျောက် ထိန်တောက်မစဲ ရွှေဆည်းလည်းတို့ သည်။ ဟောန္တိ၊ တည်ရှိ၍နေကုန်၏။ တေသံ၊ ထိုရတနာဆည်းလည်းတို့၏။ နိဂ္ဃောသော၊ နတ်စည်နတ်စောင်းတို့ကဲ့သို့ ငြိမ်းညောင်းသာယာ ကျူးရင့်လာသော အသံကို။ ပဋ္ဌဂိကေ၊ အင်္ဂါငါးပါးရှိသော။ တူရိယေယထာ၊ တူရိယာသံကဲ့သို့။ သုယျတိ၊ ကြား၍နေရပါပေ၏။

၃၅။ တဿ နာဂဿ ဓနုမှိ၊ သုစိဝဏ္ဏာ အလင်္ကတာ၊
မဟန္တံ အဋ္ဌရာသဘံ၊ ဝဏ္ဏေန အတိရောစသိ။

၃၅။ တဿ နာဂဿ၊ ထိုဆင်ပျံယာဉ်၏။ ဓနုမှိ၊ ကျောက်ကုန်းပေါ်တင် ရွှေပလ္လင်၌။ သုစိဝဏ္ဏာ၊ စင်ကြယ်လှစွာ ရောင်ဝါစုံညီ နတ်ဝတ်ထည်အစုစုကို။ အလင်္ကတာ၊ ဆင်မြန်းထားလျက် ရှိပေသော။ တံ၊ ရွှဖွယ်မငြီး သင်နတ်သမီးသည်။ မဟန္တံ၊ များပြားစွာသော။ အဋ္ဌရာသဘံ၊ ရံရွေ့ခေါင်း နတ်ကညာအပေါင်းတို့ ထက်။ ဝါ၊ အပေါင်းတို့ကို။ အတိ၊ အရာရာမှာ မတုသာအောင် သာလွန်ပေ၍။ ဝဏ္ဏေန၊ အမြဲထူးခြား ဆင်းရောင်အားဖြင့်။ ရောစသိ၊ တောက်ပ၍နေပါပေ၏။

http://www.dhammadownload.com

၃၆။ ဒါနဿ တေ ဣဒံ ဖလံ၊ အထော သီလဿ ဝါ ပန၊
အထော အဇ္ဇလိကမ္မဿ၊ တံ မေ အက္ခာဟိ ပုစ္ဆိတာတိ။

၃၆။ ဒေဝတေ၊ ဘုန်းကံကြွယ်လှ အို ... သမီးလှ။ တေ၊ သင်နတ်သမီး၏။ ဣဒံ ဖလံ၊ ကောင်းစွာပွားတိုး ဤအကျိုးသည်။ ဒါနဿ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၏။ ဖလံ၊ အကျိုးပါလော။ အထော၊ ထိုသို့မဟုတ်ပါက။ သီလဿ ဝါ၊ ကိုယ်နှုတ်နှလုံး စောင့်သုံးညီမျှ အကျင့်သီလ၏လည်း။ ဖလံ၊ အကျိုးပါလော။ အထောပန၊ ယခုမေးသည်မှ တစ်ပါးလည်း။ အဇ္ဇလိကမ္မဿ၊ ရတနာသုံးပါး စိတ်ထားကြည်နူး ရှိုးတင်ချီ အဇ္ဇလိကမ္မ ကုသလ၏။ ဖလံ၊ အကျိုးပါလော။ တံ၊ ထိုအကြောင်းစုံကို။ မေ၊ ငါ့မထေရ်သည်။ ပုစ္ဆိတာ၊ မေးတော်မူ၏။ တွံ၊ သင်နတ်သမီးသည်။ အက္ခာဟိ၊ ဖြေကြားပါလော့။ ဣတိ၊ ဤသို့။ (အာဟ၊ မိန့်ကြားတော်မူလေ၏။)

ဤသို့ မထေရ်မြတ်က မေးတော်မူအပ်သည်ရှိသော် ထိုနတ်သမီးသည် အမေးပုစ္ဆာကို ဖြေဆိုလျှောက်ထားလေ၏။ ထိုအကြောင်းကို ပြတော်မူခြင်းငှာ သင်္ဂါယနာတင် ထေရ်အရှင်တို့သည်-

၃၇။ သာ ဒေဝတာ အတ္တမနာ၊ မောဂ္ဂလနေန ပုစ္ဆိတာ၊
ပဥ္ဍံ ပုဋ္ဌာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ။

ဤဂါထာအနက်သည် ပဌမ ပိဋ္ဌဝိမာနဝတ္ထု (၄) နံပါတ်ဂါထာနှင့် တူပြီ။

နတ်သမီး လျှောက်ထားဖြေကြားပုံ

၃၈။ ဒိသွာန ဂုဏသမ္ပန္နံ၊ စျာယိ စျာနရတံ သတံ၊
အဒါသိ ပုပ္ဖဘိကိဏ္ဏံ၊ အာသနံ ဒုဿသန္ထတံ။

၃၈။ ဘန္တေ၊ မဟာမောဂ္ဂလာန် အရှင်မြတ်ဘုရား။ အဟံ၊ ပလ္လင်ထက်ဝယ် နတ်သမီးခြံရံ စည်းစိမ်ခံ၍ ပျော်စံနေရ တပည့်တော်သည်။ ဂုဏသမ္ပန္နံ၊ သာဝက ပါရမီ ဂုဏ်ရည်တို့နှင့် ပြည့်စုံတော်မူပေထသော။ စျာယိံ၊ စျာန်ဝင်စားကာ နေလေ့ရှိတော်မူထသော။ စျာနရတံ၊ စျာန်ဝင်စားမှု၌ မွေ့လျော်တော်မူလေ့ရှိထသော။ သတံ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကို။ ဒိသွာန၊ မျက်ဝါးထင်ထင် ဖူးမြင်ရ၍။ ပုပ္ဖဘိကိဏ္ဏံ၊ အဖြာဖြာသောပန်းတို့ဖြင့် ပန်းမွေ့ရာ ကြဲဖြန့်လျက်။ ဒုဿသန္ထတံ၊

http://www.dhammadownload.com

စင်ကြယ်သန့်ရှင်း အဝတ်ခင်းထားအပ်သော။ အာသနံ၊ သီတင်းသုံးရန် ရည်သန်အစဉ်နေထိုင်ရာ အင်းပျဉ်ခုတင်ကို။ အဒါသိ၊ လှူဖူးခဲ့ပါသည်ဘုရား။

၃၉။ ဥပဓုံ ပဒ္ဓမာလာဟံ၊ အာသနဿ သမန္တတော၊
အဇ္ဈောကိရိဿံ ပတ္တေဟိ၊ ပသန္နာသေဟိ ပါဏိဘိ။

၃၉။ အဟံ၊ တပည့်တော်မသည်။ အာသနဿ၊ ထေရ်မဟာ၏ သီတင်းသုံးကာ နေထိုင်ရာ၏။ သမန္တတော၊ ထက်ဝန်းကျင် မြေပြင်သာဒ္ဓိ။ ဥပဓုံ၊ ထက်ဝက်မျှသော။ ပဒ္ဓမာလံ၊ ငုံညှာပဒုမ္မာ ကြာပန်းပွင့်ကို။ ပတ္တေဟိ၊ ပွင့်ချပ်တို့ဖြင့်။ ပသန္နာ၊ ကြည်ညိုသော စိတ်ရှိလျက်။ သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အဇ္ဈောကိရိဿံ၊ ကြဲဖြန့်လှူဒါန်းခဲ့ပါသည် အရှင်ဘုရား။

၄၀။ တဿ ကမ္မကုသလဿ၊ ဣဒံ မေ ဤဒိသံ ဖလံ၊
သဏ္ဌာရော ဂရုကာရော စ၊ ဒေဝါနံ အပစိတာ အဟံ။

၄၀။ ဘန္တေ၊ အရှင်ဘုရား မောဂ္ဂလ္လာန်။ မေ၊ တပည့်တော်၏။ တဿ ကမ္မကုသလဿ၊ ထိုပန်းမွှေ့ရာခုတင် ပြင်ဆင်လှူဖူး ကုသိုလ်ထူးကြောင့်။ ဣဒံ ဖလံ၊ ဤအကျိုးသည်။ ဤဒိသံ၊ အရှင်ဘုရား မျက်မြင်ဒိဋ္ဌ တွေ့မြင်နေရသည့် ဤသဘာဝအတိုင်းပါဘုရား။ အဟံ၊ တပည့်တော်မသည်။ ဒေဝါနံ၊ နတ်အပေါင်းတို့၏။ သဏ္ဌာရော စ၊ အရိုအသေပြုရာလည်း ဖြစ်ပါ၏။ ဂရုကာရော စ၊ လေးစားသမှု ပြုရာလည်းဖြစ်ပါ၏။ အပစိတာ စ၊ အမြတ်တနိုး ပူဇော်ရာလည်း ဖြစ်ပါ၏ဘုရား။

၄၁။ ယော စေ သမ္မာဝိမုတ္တာနံ၊ သန္တာနံ ဗြဟ္မစာရိနံ၊
ပသန္နော အာသနံ ဒဒ္ဒာ၊ ဧဝံ နန္ဒေ ယထာ အဟံ။

၄၁။ ယော၊ အကြင်သူသည်။ သမ္မာဝိမုတ္တာနံ၊ အဝိဇ္ဇာယုတ် ကုလေသာငုတ်မှ ကောင်းစွာလွတ်မြောက်တော် မူကြပေကုန်သော။ သန္တာနံ၊ သူတော်ကောင်း ဖြစ်ကြကုန်သော။ ဗြဟ္မစာရိနံ၊ မြတ်သောအကျင့် အဆင့်ဆင့်ကို ကျင့်ကြပေကုန်သော ရဟန္တာအရှင်မြတ်တို့အား။ ပသန္နော၊ ကြည်ညိုသော စိတ်ရှိလျက်။ ဝါ၊ က်,က်၏အကျိုးနှင့် ရတနာသုံးပါး၏ဂုဏ်အဖြာဖြာကို စိတ်မှာစွဲတည် ယုံကြည်လျက်။ အာသနံ၊ ထိုင်ခုံအင်းပျဉ် စသည့်နေထိုင်ရာကို။ ဧဝ ဒဒ္ဒာ၊ အကယ်

http://www.dhammadownload.com

၍များ လှူဒါန်းငြားအံ့။ ဧဝံ၊ ဤသို့အတူ လှူဒါန်းပူဇော်ခဲ့သည်ရှိသော်။ သောစ၊ ထိုသူသည်လည်း။ အဟံ ယထာ၊ တပည့်တော်မ နတ်သမီးကဲ့သို့။ နန္ဒေ၊ နှစ်သက်လှစွာ နေရရာ၏။

၄၂။ တသ္မာ ဟိ အတ္တကာမေန၊ မဟတ္တမဘိကင်္ခတာ၊
အာသနံ ဒါတဗ္ဗံ ဟောတိ၊ သရီရန္တိမဓာရိနံ။

၄၂။ တသ္မာ၊ ထိုကြောင့်။ အတ္တကာမေန၊ မိမိ၏ ချမ်းသာခြင်းကို အလိုရှိသောသူသည်။ မဟတ္တံ၊ ချမ်းသာပွားတိုး အကျိုးကြီးမား များမြတ်သည်ကို။ အဘိကင်္ခတာ၊ လိုလားတောင့်တသည်ရှိသော်။ သရီရန္တိမဓာရိနံ၊ နောက်ဆုံးဘဝကိုယ်ကာယကို ဆောင်ကြကုန်ငြား ရဟန္တာအရှင်မြတ်တို့အား။ အာသနံ၊ နေရာခုတင် အင်းပျဉ်းစသော နေထိုင်ရာကို။ ဒါတဗ္ဗံ၊ လှူဒါန်းထိုက်ပါပေသတည်း။

ကုဋ္ဌရဝိမာနဝတ္ထု ပြီး၏။

၆။ ပဌမ နာဝါဝိမာနဝတ္ထု

နွေခါကာလ၌ ခရီးသွားရဟန်းတော်များအား သောက်ရေ
လှူဒါန်းခဲ့သောကြောင့် ကြာဖြူပန်းနှင့် ရေကန်၊ ပန်းမန်
အမျိုးမျိုး ဝန်းရံကာ နိဖလဲရွေ့ မိုးသော လေယာဉ်နှင့်တကွ
ဗိမာန်နန်း၌ စံမြှန်းရသော နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် တစ်ကျိပ်ခြောက်ပါးသော ရဟန်းတော်တို့သည် ရွာငယ်တစ်ခု၌ ဝါကပ်ကြသည်။ ဝါကျွတ်လတ်သော် "ဘုရားရှင်ကို ဖူးမြော်ကြကာ တရားတော်ကိုလည်း နာကြကုန်အံ့" ဟု ကြံကြ၍ ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ နွေခါကာလ၌ ကြွကြလေ၏။ ထို ရဟန်းတော်တို့သည် ထိုခရီးသို့သွားရာတွင် နေပူနှိပ်စက်ရကား ပင်ပန်းနွမ်းလျရေတင်ကြသည်ဖြစ်၍ သောက်ရေကို မရနိုင်ကြသောကြောင့် တစ်ခုသောရွာ၏ အနီးအပါးသို့ ကြွသွားကြလေ၏။

http://www.dhammadownload.com

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုရွာ၌ အမျိုးသမီးတစ်ယောက်သည် ရေအိုးကိုယူ၍ သောက်ရေခပ်ရန် အလို့ငှာ ရေတွင်းသို့ သွားလေ၏။ ထိုအခါ ရဟန်းတော်တို့သည် ထိုအမျိုးသမီးကို တွေ့မြင်ရ၍ "ငါ့ရှင်တို့ ... ဤအမျိုးသမီးသည် ရေအိုးကို ယူဆောင်ကာ သွားနေ၏၊ ထိုအမျိုးသမီး သွားရာအရပ်သို့ လိုက်သည်ရှိသော် သောက်ရေ ရရှိနိုင်အံ့" ဟု ပြောဆိုကြသည်။ သောက်ရေသောက်လိုကြ၍ ထိုအမျိုးသမီးသွားရာသို့ လိုက်သွားကြသည်။ ရေတွင်းကို တွေ့မြင်ကြသော် ထိုအမျိုးသမီး၏ အနီး၌ ရပ်ကြကုန်၏။ အမျိုးသမီးသည်လည်း ရေတွင်းမှ ရေခပ်အပြီး ပြန်တော့မည် အပြုတွင် ရဟန်းတော်တို့ကို တွေ့မြင်လေ၏။ "ဤအရှင်မြတ်တို့သည် ရေကို အလိုရှိကြပုံရ၏" ဟု သိရကား၊ ကြည်ညိုသော စိတ်ထားဖြင့် သောက်ရေလှူရန် ပြင်ဆင်လေ၏။ ရဟန်းတော်တို့သည် သပိတ်အိတ်အတွင်းမှ ရေစစ်ကိုထုတ်၍ ရေကိုစစ်ပြီးလျှင် အားရအောင် သောက်ကြကာ လက်ခြေတို့ကို ဆေးကြော၍ ထိုအမျိုးသမီးအား ရေလှူရသော အကျိုးတရားကို ဟောကြား၍ ကြွသွားကြကုန်၏။

လက်ရှိဘဝ၌ ခံစားနေရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် ရေလှူဒါန်းခဲ့ရသော ကောင်းမှုကို မကြာမကြာ အောက်မေ့လျက် နောက်မကြာမီကာလ၌ ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ ထိုနတ်သမီး ပြုခဲ့ရသော ကောင်းမှု၏ အာနုဘော်ကြောင့် ပဒေသာပင်တို့ဖြင့် လှပတင့်တယ် ကြီးကျယ်စွာသော ဘုံဗိမာန် ဖြစ်လာလေ၏။ ထိုဗိမာန်ကို ခြံရံလျက် ငွေဖြင့်ဆင်ယင်ဘိသကဲ့သို့ ငွေသဲဖြူခင်းသော ကမ်းပါးရှိ ပတ္တမြားတုံးကြီးပမာ သန့်ရှင်းစင်ကြယ်စွာသော ရေအယဉ်ရှိသော မြစ်သည် တသွင်သွင် စီးဆင်းလျက်ရှိ၏။ ထိုမြစ်၏ ကမ်းပါးနှစ်ဖက်တို့၌လည်းကောင်း၊ ဥယျာဉ်ဗိမာန် တံခါးဝ၌လည်းကောင်း ငါးဖြာသော အဆင်းရှိသော ပဒုမာကြာအပေါင်းတို့ဖြင့် တန်ဆာဆင်လျက်ရှိသည့် ကြီးကျယ် ခမ်းနားလှစွာ မင်္ဂလာလေးထောင့် ရေကန်ကြီးသည် ရွှေဖြင့်ပြီးသော လှေနှင့်တကွ ဖြစ်ပေါ်လာ၏။ နတ်သမီးသည် ထိုစည်းစိမ်ချမ်းသာကို ခံစားပြီးလျှင် ရွှေလှေနှင့် မွေ့လျော်ပျော်ပါး ကစားမြူးထူးလျက်နေလေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေးမြန်းခြင်း

အခါတစ်ပါး အရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီကြွချီတော်မူလတ်သော် လှေယာဉ်စီးကာ မွေ့လျော်၍နေသော ထိုနတ်သမီးကို တွေ့မြင်၍ ထိုနတ်သမီး၏ ပြုခဲ့သော ကောင်းမှုကံကို ဤသို့ မေးမြန်းတော်မူလေ၏။

၄၃။ သုဝဏ္ဏစ္ဆဒနံ နာဝံ၊ နာရိံ အာရုယှ တိဋ္ဌသိ၊
ဩဂါဟသိ ပေါက္ခရဏိံ၊ ပဒုံ ဆိန္နသိ ပါဏိနာ။

၄၃။ နာရိံ၊ အဆင်းအရွယ် ရှုဖွယ်မငြီး နတ်သမီး။ တံ့၊ သင်နတ်သမီးသည်။ သုဝဏ္ဏစ္ဆဒနံ၊ နီသောရွှေတို့ဖြင့် မိုးအပ်သော။ နာဝံ၊ နတ်လှေယာဉ်ကို။ အာရုယှ၊ အေးအေးသာသာ တက်စီးကာ။ တိဋ္ဌသိ၊ ခြွေရံအပေါင်းနှင့် ကောင်းစွာမသွေရပ်တည်လျက်နေ၏။ ပေါက္ခရဏိံ၊ ရနံ့ကြိုင်ထုံ ကြာမျိုးစုံတို့ဖြင့် ရှုဖွယ်ရာမှန်နတ်ရေကန်သို့။ ဩဂါဟသိ၊ ပျော်ပျော်ပါးပါး ရေကစားဖို့ ဆင်းသက်လာ၏။ ပဒုံ၊ ဝေဖြာပွင့်လန်း ရွှေကြာပန်းကို။ ပါဏိနာ၊ သွယ်ပျောင်းချောညက် မိမိလက်ဖြင့်။ ဆိန္နသိ၊ လှမ်းကာဆွတ်ခြွေ ခူးလျက်နေ၏။

၄၄။ ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ၊
ဥပဓ္ဓိ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။

၄၄။ တေ၊ လှပယဉ်သွယ် သင်နတ်မိမယ်အား။ ကေန၊ ဘယ်ကောင်းမှုကံကြောင့်။ ဧတာဒိသာ၊ ထိုကဲ့သို့ လှပစွာသော။ ဝဏ္ဏော၊ အလင်းရောင် ရရှိပါသနည်း။ ကေန၊ ဘယ်ကောင်းမှုကံကြောင့်။ တေ၊ သင်နတ်သမီးအား။ ဣဓ၊ ဤနတ်ပြည်၌။ ဣဇ္ဈတိ၊ လားရောက်ကာ ဖြစ်ရပေသနည်း။ ယေကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ တေ၊ သင်နတ်သမီး၏။ ဘောဂါစ၊ စည်းစိမ်ဥစ္စာအဖြာဖြာတို့သည်လည်း။ မနသာပိယာ၊ စိတ်နှလုံး၏ နှစ်သက်ဖွယ်ရာသည်။ ဥပဓ္ဓိန္တိ၊ ဖြစ်ပေကုန်သနည်း။

၄၅-၄၆ ဂါထာတို့၏ အနက်သည် ၃-၄ နံပါတ်ပါ ဂါထာများနှင့်တူသည်။

၄၇။ အဟံ မနုဿေသု မနုဿဘူတာ၊
ပုရိမာယ ဇာတိယာ မနုဿလောကေ။
ဒီဃာန ဘိက္ခူ တသိတေ ကိလန္တေ၊
ဥဋ္ဌာယ ပါတုံ ဥဒကံ အဒါသိံ။

http://www.dhammadownload.com

၄၇။ ဘန္တေ၊ အရှင်ဘုရား မောဂ္ဂလာန်။ အဟံ၊ တပည့်တော် နတ်သမီး သည်။ မနုဿေသု၊ ကုသိုလ်အဝဝ ပြုရပေတုံ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ် စဉ်အခါက။ မနုဿလောကေ၊ လူတို့လောက ကောသလတိုင်း သာဝတ္ထိမည်သော မြို့ရွှေပြည်၌။ ပုရိမာယ ဇာတိယာ၊ ဤနတ်ပြည်နတ်နန်း မစံမြန်းမီ ရှေးလူ့ဘဝ ဆီ၌။ တသိတေ၊ နွေခါသယမ ပူလွန်းလှ၍ ရေဆာလောင်နေကြကုန်သော။ ကိလန္တေ၊ ပင်ပန်းနွမ်းနယ်ကြကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့ကို။ ဒိသွာ၊ တွေ့မြင်ရပေသောကြောင့်။ ဥဒကံ၊ အေးမြကြည်လင် သောက်ရေစင်ကို။ ပါတုံ၊ သောက်တော်မူကြပါစေခြင်းငှာ။ ဥဋ္ဌာယ လျင်မြန်တက်ကြွ ဝီရိယဖြင့်။ ဥဒကံ၊ သန့်ရှင်းကြည်လင် သောက်ရေစင်ကို။ အဒါသိ'၊ ရွှင်မြူးဝမ်းသာ လှူဒါန်းခဲ့ပါ သည်ဘုရား။

၄၈။ ယော ဧဝ ကိလန္တာန ပိပါသိတာနံ၊
ဥဋ္ဌာယ ပါတုံ ဥဒကံ အဒါတိ။
သီတောဒကာ တဿ ဘဝန္တိ နဒ္ဒော၊
ပဟူတမလ္လာ ဗဟုပဏ္ဍရိကာ။

၄၈။ ယော၊ နတ်ပြည်ဘုံနန်း စံမြန်းလိုသူ အကြင်လူသည်။ ပိပါသိတာနံ၊ နွေခါကာလ၌ ရေဆာမွတ်၍ နေကြကုန်သော။ ကိလန္တာနံ၊ ပင်ပန်းနွမ်းနယ်နေ ကြကုန်သော ရဟန်းတို့အား။ ဥဒကံ၊ သောက်ရေစင်ကို။ ပါတုံ၊ သောက်ပါစေ ခြင်း အကျိုးငှာ။ ဥဋ္ဌာယ၊ သွက်လက်ထက်ကြွ ဝီရိယဖြင့်။ ဒဒါတိ၊ အကယ်၍များ လှူဒါန်းငြားအံ့။ တဿ၊ ထိုရေပေးလှူသောသူအား။ သီတောဒကာ၊ အစဉ်အေး မြသော ရေရှိကုန်ထသော။ ပဟူတမလ္လာ၊ များပြားသော ပန်းအစုံရှိကုန်ထသော။ ဗဟုပုဏ္ဍရိကာ၊ များစွာသော ကြာပုဏ္ဍရိက်ပန်းရှိကုန်သော။ နဒ္ဒော၊ မြောင်အသွင် ကြည်လင်စိမ်းစိုသော ရေကန်တို့သည်။ ဝေ၊ စင်စစ်အားဖြင့်။ ဘဝန္တိ၊ ပြုခဲ့သော ကုသိုလ်အလျောက် ဖြစ်ပေါ်လာကြပါကုန်၏။

၄၉။ တံ အာပဂါ အနုပရိယန္တိ သမ္မဒါ၊
သီတောဒကာ ဝါလုကသန္ထတာ နဒီ။
အမ္ဗာ စ သာလာ တိလကာ စ ဇမ္ဗုယော၊
ဥဒ္ဒါလကာ ပါဋလိယော စ ဖုလ္လာ။

http://www.dhammadownload.com

၄၉။ အာပဂါ၊ တသွင်သွင် ရေစီးဆင်းလျက်နေကုန်သော။ သီတောဒကာ၊ အေးမြသော ရေရှိကုန်သော။ ဝါလုကသန္ထတာ၊ ပြိုးပြိုးပြက်ပြက် ပြောင်လက်သော သဲအခင်းရှိကုန်သော။ နဒီ၊ သန့်ရှင်းကြည်လင် မြစ်ရေယာဉ်တို့သည်လည်းကောင်း။ ဖုလ္လာ၊ ပင်လုံးပွင့်လျက်နေကုန်သေ။ အမ္ဘာ စ၊ သရက်ပင်တို့သည်လည်းကောင်း။ သာလာ စ၊ အပွင့်အသွေး နီစွေးတွေးရှိ အင်ကြင်းပင်တို့သည်လည်းကောင်း။ တိလကာ စ၊ ပြည့်စင်ပင်တို့သည်လည်းကောင်း။ ဓမ္မဃော စ၊ သပြေပင်တို့သည်လည်းကောင်း။ ဥဒ္ဒါလကာ စ၊ ငုရွေပင်တို့သည်လည်းကောင်း။ ပါဋလိယော စ၊ သခွတ်ပင်တို့သည်လည်းကောင်း။ တံ၊ ရေပေးလှူသော သူ၏ဗိမာန်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အနုပရိယန္တိ၊ အစဉ်တစိုက် ခြံရံဖြစ်ပေါ်၍ လာကြပါကုန်၏။

၅၀။ တံ ဘူမိဘာဂေဟိ ဥပေတရူပံ၊
ဝိမာနသေဋ္ဌံ ဘုသ သောဘမာနံ။
တသိဓ ကမ္မဿ အယံ ဝိပါကော၊
ဓတာဒိသံ ပုညကတာ လဘန္တိ။

၅၀။ ဣဓ၊ ဤတာဝတိံသာနတ်ပြည်၌။ ဘူမိဘာဂေဟိ၊ မြေမျက်နှာအပြင်တို့နှင့်။ ဥပေတရူပံ၊ ပေါ်ပေါက်တွေ့ကြုံ ပြည့်စုံခြင်းသဘောရှိသော။ ဘုသ ဘောဘမာနံ၊ အလွန်တင့်တယ်ခြင်းရှိသော။ တံ ဝိမာနသေဋ္ဌံ၊ ကောင်းမှုရှင်များစံစားရာမှန် ထိုမြတ်သောဗိမာန်ကို။ အဟံ၊ တပည့်တော်မသည်။ လဘာမိ၊ ရရှိခဲ့ပါ၏။ အယံ ဝိပါကော၊ ဤအကျိုးသည်။ တသ ကမ္မဿ၊ ရေပေးလှူရသော ကောင်းမှု၏။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ပုညကတာ၊ ရွှင်လန်းကြည်ဖြူ ကောင်းမှုပြုသူတို့သည်။ ဓတာဒိသံ၊ ဤပြဆိုခဲ့ပြီး နတ်စည်းစိမ်ကို။ လဘန္တိ၊ ရကြပါပေကုန်၏။

ကြွင်းသောနံပါတ် ၅၁-၅၂ ဂါထာများသည် ပဌမ ပီဋဝိမာနဝတ္ထုနံပါတ် ၇-၈ ပါ ဂါထာများနှင့် အနက်တူပြီ၊ အကြွင်း ပဌမ ပီဋဝိမာနဝတ္ထုဖြင့် ဆက်၍ ရှုပါလေ။

ပဌမ နာဝါဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ ဒုတိယ နာဝါဝိမာနဝတ္ထု

အဖျော်ယမကာ လှူဒါန်းခဲ့၍ တာဝတိံသာနတ်ပြည်၌ ကောင်းကျိုးခံစားနေရသူ နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် အာသဝေါကင်းပြီးသော ရဟန္တာအရှင်မြတ်တစ်ပါးသည် ဝါဆိုချိန် နီးကပ်လတ်သော် တစ်ခုသော ရွာငယ်၌ ဝါကပ်တော်မူလိုသည်ဖြစ်၍ သာဝတ္ထိပြည်မှ ထိုရွာငယ်သို့ ကြွလာတော်မူသည်။ ကြာရှည်စွာ သွားရသည်ဖြစ်၍ ရေဆာခြောက်ခြင်းဖြစ်သောကြောင့် တစ်ခုသော ရွာငယ်သို့ ရောက်လတ်သော် ရွာပြင်ဘက်၌ နားဖွယ်ရာနေရာ မတွေ့မမြင်ရ၍ ရွာတွင်းသို့ဝင်ပြီးလျှင် အိမ်တစ်အိမ်၏ အိမ်ရှေ့တံခါးဝ၌ပင် ရပ်တော်မူလေ၏။

အတိတ်ဘဝကပြုခဲ့သော ကောင်းမှု

ထိုအိမ်နေသူ အမျိုးသမီးသည် ရဟန္တာမထေရ်မြတ်ကို မြင်လေလျှင် ခရီးပန်း၍ ရေဆာမွတ်ကြောင်းကို သိရကား အိမ်အတွင်းသို့ပင့်၍ ခေတ္တနားနေစေ၏။ နားနေပြီး၍ ပင်ပန်းမှုပြေသည်ရှိသော် ချိုအေးမွေးကြိုင်လှစွာသော အဖျော်ယမကာကို ကပ်လှူလေ၏။ မထေရ်မြတ်သည် ထိုကပ်လှူသော အဖျော်ယမကာကို သုံးဆောင်ပြီးသော် အနုမောဒနာပြုကာ ကြွသွားလေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် နောက်သောအခါ ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ ဤနတ်သမီးလည်း ပထမ နာဝါဝိမာနဝတ္ထုလာ နတ်သမီးအတူ ကြာဖြူပန်းနှင့်တကွ အေးမြကြည်လင်သော ရေရှိသည့် မြစ်ချောင်း၊ ကန် ဝန်းရံလျက် ပန်းမန်အမျိုးမျိုးတို့ဖြင့် တင့်တယ်သောကန်လယ်ဝယ် နတ်သမီး အခြွေအရံတို့ဖြင့် ခြံရံလျက် ရွှေလှေယာဉ်ကိုစီးကာ စံစား၍နေရလေ၏။

ဂါထာများအနက်သည် ပဌမ နာဝါဝိမာနဝတ္ထုနှင့် တူသည်။

ဒုတိယ နာဝါဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၈။ တတိယ နာဝါဝိမာနဝတ္ထု

မိမိ၏အသက်ကို မငဲ့ကွက်ဘဲ ဘုရားရှင်နှင့် ရဟန်းတို့အား ရေလှူဒါန်းသဖြင့် အသတ်ခံရသော်လည်း နတ်ပြည်၌ ကြီးကျယ်သောအကျိုးကို စံစားရသော နတ်သမီး။

ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံကာ ကောသလတိုင်း၌ ဒေသစာရီလှည့်လည်ကြွသွားတော်မူသည်ရှိသော် ထူးကဲမည်သော ပုဏ္ဏားရွာ တစ်ရွာသို့ ရောက်တော်မူ၏။ ရွာသား ရွာလူကြီး ပုဏ္ဏားသူကြွယ်တို့သည် "ရဟန်းဂေါတမ ငါတို့၏ရွာသို့ ရောက်လာအံ့" ဟု ကြားသိကြကုန်၏။ ထိုရွာသား ပုဏ္ဏားသူကြွယ်တို့သည် ရတနာသုံးပါး၌ မကြည်ညိုး၊ မိစ္ဆာဒိဋ္ဌိ ဗြာဟ္မဏအယူ ရှိကြသူများ ဖြစ်ကြသည်။ "ရဟန်းဂေါတမသည် ဤရွာ၌ နှစ်ရက် သုံးရက်သာ အကယ်၍နေအံ့၊ ရွာနေသူအားလုံးတို့သည် သူ၏ တရားစကား၌ တည်နေသောကြောင့် ငါတို့၏ ဗြာဟ္မဏဝါဒသည် ဆောက်တည်ရာမရ ဖြစ်ရာ၏" ဟု ကြံကြလျက် မြတ်စွာဘုရားအား နေရာမရအောင် အားထုတ်ကြကုန်လျက် မြစ်ဆိပ်တို့ရှိ လှေတို့ကို ဖယ်ရှားဖျောက်ဖျက်ကြကုန်၏။ တံတားများကိုလည်း မသွားလာနိုင်အောင် ပိတ်ဆို့ဖျက်ဆီးကြကုန်၏။ ထို့အတူ ရေချမ်းစင် စသည်များကိုလည်း ဖျက်ဆီးထားကြကုန်၏။ ရွာသူရွာသားများ အသုံးပြုရန် ရေတွင်းတစ်တွင်းကိုသာ ချန်ထား၍ ကျန်ရေတွင်းများကို မြက်၊ ဖွဲ၊ အမှိုက် စသည်တို့ဖြင့် ပိတ်ဆို့ထားကြကုန်၏။

ကောင်းကင်ခရီးဖြင့် ကြွတော်မူခြင်း

ဘုရားရှင်သည် ထိုထူးကဲရွာသား ပုဏ္ဏားသူကြွယ်တို့၏ လုပ်ရပ်များကို သိတော်မူ၍ ထိုသူများအား အစဉ်သနား ချီးမြှောက်တော်မူလိုရကား ရဟန်းအပေါင်းနှင့်အတူ ကောင်းကင်ခရီးဖြင့် မြစ်ကိုကျော်ဖြတ်ခဲ့သည်။ ထူးကဲရွာအနီးသို့ရောက်သော် တစ်ခုသော သစ်ပင်ရင်း၌ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူလေ၏။

ဆွမ်းမလောင်းရန် တိုင်ပင်ထားကြပုံ

ထိုအခါ ရေခပ်သူ အမျိုးသမီးတို့သည် မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူရာ သစ်ပင်၏အနီးမှ ဖြတ်ကျော်သွားကြကုန်၏။ "ရဟန်းဂေါတမ ဤရွာသို့ အကယ်၍ ကြွလာအံ့၊ ရဟန်းဂေါတမအား ခရီးဦးကြိုဆိုမှု မပြုရ၊ ရဟန်း

http://www.dhammadownload.com

ဂေါတမ၏ တပည့်သာဝကများကိုလည်း ဆွမ်းမလောင်းလှူရ" ဟု ကတိကဝတ် ပြုကာ တိုင်ပင်ထားကြကုန်၏။

ကျွန်မတစ်ယောက်သည် ဘုရားရှင်အား ရေလှူရန် ကြံစည်ခြင်း

ပုဏ္ဏားတစ်ဦး၏ ကျွန်မတစ်ယောက်သည် အိုးဖြင့် ရေခပ်၍သွားသည်ရှိသော် ရဟန်းအပေါင်း ခြံရံလျက် နေဝေဟမ္မသော ဘုရားရှင်ကိုလည်းကောင်း ရဟန်း တော်တို့ကိုလည်းကောင်း တွေ့မြင်လေ၏။ ရေလှူဒါန်းလိုသောစိတ် ဖြစ်ရကား "ငါတို့၏ ရွာသားအများတို့သည် ရဟန်းဂေါတမအား ဘာတစ်ခုမျှ မပေးလှူရ ယုတ်စွအဆုံး ရိုသေမှုမျှကိုသော်မှ မပြုရဟု ကတိကဝတ် ပြုထားကြကုန်၏၊ ဤကဲ့သို့ ပြုထားကြသော်လည်း ငါသည် ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းအတူ မြတ်သော အလှူခံပုဂ္ဂိုလ်ကို ရရှိပါလျက် သောက်ရေတစ်ခွက်ကိုမျှ လှူဒါန်းမှုကို မပြုလုပ်မိငြားအံ့၊ ငါသည် ဆင်းရဲစွာ အသက်မွေးရသော သူ့ကျွန်အဖြစ်မှ အဘယ်မှာ ကျွတ်လွတ်ပါအံ့နည်း၊ ငါ၏ အရှင်သခင် ပုဏ္ဏားသူကြွယ်ကြီးနှင့်တကွ ရွာသားအများတို့သည် စင်စစ် ငါ့အား သတ်လိုမှုလည်း သတ်ဖြတ်ကြပါစေ၊ ဖမ်းဆီးချုပ်နှောင်လိုမှုလည်း ချုပ်နှောင်ကြပါစေ၊ ငါသည် ဤကဲ့သို့ ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေကောင်းဖြစ်သော အလှူခံပုဂ္ဂိုလ်မြတ်အား သောက်ရေအလှူကို လှူဒါန်းမည်သာ" ဟု ဆုံးဖြတ်ချက်ချကာ အခြားရေခပ်လာသူ အမျိုးသမီးတို့က တားမြစ်ကြသော်လည်း အသက်ကိုပင် မငဲ့ကွက်တော့ဘဲ ဦးခေါင်းပေါ်မှ ရေအိုးကိုချထားသည်။ ထို့နောက် ဘုရားရှင်အထံသို့ ချဉ်းကပ်ကာ ရှိခိုး၍ လှူဒါန်း၏။

ဘုရားရှင်သည် ထိုအမျိုးသမီး၏ ကြည်လင်သော စိတ်အစဉ်ကို သိမြင်တော်မူ၍ ထိုအမျိုးသမီးကို ချီးမြှောက်အံ့သောငှာ ရေကိုစစ်၍ လက်ခြေတို့ကို ဆေးကြောတော်မူပြီးလျှင် သောက်ရေကို သောက်သုံးတော်မူ၏။ အမျိုးသမီးသည် ရေအိုး၌ ရေကုန်ခန်းလျော့ပါးခြင်း မရှိသဖြင့် သဒ္ဓါပွားကာ ရဟန်းတော်တစ်ပါးအား လှူဒါန်းပြန်လေ၏။ ထို့အတူ တစ်ပါးပြီး ၇စ်ပါး ဆက်ကာဆက်ကာ ၇၊၀ လှူရာ ဘုရားရှင်နှင့်တကွ သံဃာအားလုံးကို လှူဒါန်းပြီးသော်လည်း ရေအိုး၌ ရေကား မကုန်ခန်းသေးပေ။ ထို့ကြောင့် အမျိုးသမီးသည် ထိုရေအိုးကိုရွက်ကာ သူ့အိမ်သို့ ပြန်သွားလေ၏။

F-7A

http://www.dhammadownload.com

အတိတ်ဘဝကပြုခဲ့သော ကောင်းမှု

ထိုအမျိုးသမီး၏ အိမ်ရှင်ပုဏ္ဏားကြီးသည် ဘုရားရှင်အား ရေလှူဒါန်းသည်ကို ကြားသိ၍ "ဤအမျိုးသမီးကား ကတိကဝတ်ကို ဖျက်ဆီး၏၊ ငါ့ကိုလည်း ကဲ့ရဲ့မှုကိုပြုပေ၏" ဟု ဒေါသအမျက် ချောင်းချောင်းထွက်ကာ အမျိုးသမီးကို ရိုက်နှက်ကန်ကျောက်လေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

အမျိုးသမီးသည် ပုဏ္ဏားကြီး ရိုက်နှက်ကန်ကျောက်သော ဒဏ်ရာကြောင့် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ ကြီးမားသော ဘုံဗိမာန်ဝယ် စံပယ်ရလေ၏။ ထိုဘုံဗိမာန်သည် ပဒေသာပင်တို့ဖြင့် ဝန်းရံနေပြီးလျှင် မြစ်ရေအယဉ်သည်လည်း တသွင်သွင်စီးလျက် ရှိလေ၏။

ဤသို့ ဝတ္ထုပါသိမှတ်စရာများသည် ပဌမ နာဝါဝိမာနဝတ္ထုနှင့် တူသည်။

အရှင်အာနန္ဒာကို ရေအရှာခိုင်းတော်မူခြင်း

ဘုရားရှင်သည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "အာနန္ဒာ၊ ရေတွင်းမှ ရေကို ဆောင်ယူချေ" ဟု စေခိုင်းတော်မူ၏။ အရှင်အာနန္ဒာသည် "အရှင်ဘုရား၊ ယခုအခါ၌ ရေတွင်းကို ထူဏာရွာသားတို့ ဖျက်ဆီးထားသောကြောင့် ရေကို ဆောင်ယူအံ့သောငှာ မတတ်နိုင်ပါ" ဟု လျှောက်ထားလေ၏။ ဘုရားရှင် သည် နှစ်ကြိမ် သုံးကြိမ်တိုင်အောင် စေခိုင်းတော်မူသဖြင့် အရှင်အာနန္ဒာသည် သုံးကြိမ်မြောက် စေခိုင်းတော်မူသောအခါတွင် သပိတ်ကို ယူဆောင်ကာ ရေတွင်း ရှိရာသို့ ရောက်သွားလေ၏။

ထူဏာတစ်ရွာလုံး ရေလွှမ်းခြင်း

အရှင်အာနန္ဒာမထေရ် ကြွသွားတော်မူသည်ရှိသော် ရေတွင်း၌ ရေသည် ပြည့်လျှံဆို့ဝိတ်၍ထားသော မြက်၊ အမှိုက် စသည်တို့လည်း ပြည့်လျှံလာသော ရေ၌ မျောပါသွားကြလေ၏။ ရေအယဉ်သည် အခြား ရေကန် ရေအိုင်တို့ကို ပြည့်လျှံကာ ရွာကိုပတ်ချာဝိုင်းပြီးလျှင် တစ်ရွာလုံး ရေလွှမ်း၍သွားလေ၏။

http://www.dhammadownload.com

ထူဏာရွာသား ပုဏ္ဏားတို့ အလှူကြီး ပေးလှူကြခြင်း

ဘုရားရှင်၏ တန်ခိုးတော်ကို မြင်ကြရသဖြင့် ပုဏ္ဏားတို့သည် အံ့သြကြကာ ဘုရားရှင်ထံသို့လာ၍ ကန်တော့တောင်းပန်ကြကုန်၏။ ဘုရားရှင်ကို ကန်တော့တောင်းပန်ရာ ခဏ၌ပင်လျှင် ရေအယဉ်သည် တန့်ရပ်ကွယ်ပျောက်လေ၏။ ထို ပုဏ္ဏားတို့သည် ဘုရားရှင်နှင့်တကွ သံဃာတော်များ သီတင်းသုံးနေထိုင်ရန် နေရာကို စိမ်ကြလျက် မနက်ဖြန်နံနက်အတွက် ဆွမ်းအလို့ငှာ ပင့်ဖိတ်ကြပြီးလျှင် ဒုတိယမြောက် နောက်တစ်နေ့၌ ကြီးစွာသောအလှူကို စီရင်ကြ၍ ဘုရားအမှူ ရှိသော ရဟန်းအပေါင်းအား မွန်မြတ်လှစွာသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်ကြသည်။ ထို့နောက် ထူဏာရွာသား ပုဏ္ဏားသူကြွယ်တို့သည် ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားရှင်ကို ဝန်းရံလျက် ထိုင်နေကြကုန်၏။

နတ်သမီး လာရောက်ရှိခိုးခြင်း

ထိုအခါ နတ်သမီးသည် သူ၏ စည်းစိမ်ချမ်းသာ ပြည့်စုံမှုကို ဆင်ခြင်သော် "သောက်ရေလှူဒါန်းခဲ့သော ကောင်းမှုပင်တည်း" ဟု သိရှိကာ ဝမ်းသာသောစိတ် ဖြစ်လျက် "ငါသည် ယခုပင်လျှင် ဘုရားရှင်ထံသို့သွားကာ ကန်တော့အံ့၊ အနည်းငယ်သော ကောင်းမှု၏ များပြားလှစွာသော အကျိုးအာနိသံသ ရရှိနိုင်ပုံကို လူ့လောကၥ ထင်ရှားစွာပြုအံ့" ဟု ကြံစည်လျက် လူအများတို့၏ မျက်မှောက်၌ ပင်လျှင် နတ်သမီးတစ်ထောင် ခြံရံလျက် ဥယျာဉ် စသော ဗိမာန်နှင့်တကွ ကြီးကျယ် ခမ်းနားလှစွာသော နတ်၏ တန်ခိုးအာနုဘော်ဖြင့် လာရောက်၍ ဗိမာန်မှ သက်ဆင်းပြီးလျှင် ဘုရားရှင်ထံသို့ ချဉ်းကပ်ကာ ရိုသေစွာ ရှိခိုးလက်အုပ်မြှောက် ချီလျက် တည်နေလေ၏။

မြတ်စွာဘုရား၏ အမေးကို နတ်သမီးဖြေကြားခြင်း

ထိုအခါ ဘုရားရှင်သည် နတ်သမီးပြုစုခဲ့သော ကောင်းမှု၏အကျိုးကို မျက်မှောက်အားဖြင့် ထင်ရှားပြသလိုရကား ဤဂါထာတို့ဖြင့် ထိုနတ်သမီးကို မေးမြန်းတော်မူလေ၏။

၆၃။ သုဝဏ္ဏစ္ဆဒနံ နာဝံ၊ နာရိ အာရုယှ တိဋ္ဌသိ၊
သြဂါဟသိ ပေါက္ခရဏိ၊ ပဒုံ ဆိန္နသိ ပါဏိနာ။

http://www.dhammadownload.com

ဤဂါထာ၏အနက်သည် ပဌမ နာဝါဝိမာနဝတ္ထု နံပါတ် ၄၃ ဂါထာ အနက်နှင့် တူသည်။

၆၄။ ကူဋာဂါရာ နိဝေသာ တေ၊ ဝိဘတ္တာ ဘာဂသော မိတာ၊
ဒဒ္ဒလ္လမာနာ အာဘန္တိ၊ သမန္တာ စတုရော ဒိသာ။

၆၄။ ဘာဂသော၊ လေးထောင့်ညီညာ စီကာသန့်သန့် အခန်းကန့်သောအားဖြင့်။ ဝိဘတ္တာ၊ ညီညာထပ်ထပ် စီမံအပ်ကုန်သော။ မိတာ၊ စနစ်တကျ နှိုင်း ယှဉ်တိုင်းတာအပ်ကုန်သော။ ကူဋာဂါရာ၊ ပန်းဆွဲပန်းတက် ပန်းအလင်္ကာနှင့် အခက်အချွန် အထွတ်မွန် တပ်အပ်ကုန်သော။ တေ၊ သင်နတ်သမီး၏။ နိဝေသာ၊ စံမြန်းစရာ အိမ်ဂေဟာတို့သည်။ သမန္တာ၊ ဝန်းကျင်ဖြာဖြာ ပတ်ပတ်ချာမှု။ စတု ရော ဒိသာ၊ လေးဘက်မျက်နှာ ရပ်ဒိသာတို့ကို။ ဒဒ္ဒလ္လမာနာ၊ အလွန်တောက်ပ သော အရောင်ရှိကုန်လျက်။ အာဘန္တိ၊ လွန်စွာပဝင်း ထွန်းလင်းတောက်ပကုန်၏။

ဂါထာနံပါတ် ၆၅ မှ ၇၃ အထိ ဂါထာတို့၏ အဓိပ္ပာယ်

၆၅။ သင်နတ်သမီးသည် အဘယ်ကောင်းမှုကံကြောင့် ဤသို့ ရောင်ဝါဝင်းပ အဆင်းလှရပါသနည်း၊ အဘယ်သို့ပြုသော ကောင်းမှုကံကြောင့် ဤတာဝတိံသာနတ်ပြည်၌ ကောင်းကျိုးချမ်းသာ ပြည့်စုံရပါသနည်း၊ အဘယ်သို့ပြုသော ကောင်းမှုကံကြောင့် စိတ်နလုံး၏ ရွှင်ပြုံးနှစ်သက်ဖွယ်ရာ စည်းစိမ်ချမ်းသာတို့ ကောင်းစွာဖြစ်ရပါသနည်း။

၆၆။ အာနန္ဒာဘော်ကြီး အို ... နတ်သမီး၊ နတ်ပြည်နတ်နန်းတွင် စံမြန်းရပုံအကြောင်းစုံကို ငါမေးမြန်းဦးအံ့၊ ရှေးလူဖြစ်ခဲ့စဉ်အခါက အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဖူးသောကြောင့် သင်နတ်သမီးသည် ဤသို့နှစ်သက်ဖွယ်ရာ အဆင်းတို့ဖြင့် ထွန်းလင်းတောက်ပနေရပါသနည်း၊ သင်၏ ကိုယ်ရောင်အဆင်းသည်လည်း ဝန်းကျင်ပတ်ချာ အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်းဟု ဘုရားရှင်သည် မေးမြန်းတော်မူလေ၏။

၆၇။ ထိုနတ်သမီးသည် ဘုရားရှင်ကိုယ်တော်တိုင်ပင် မေးမြန်းအပ်သည်ဖြစ်၍ ဝမ်းမြောက်စွာဖြင့် လက်ရှိခံစားရသော ကောင်းကျိုးချမ်းသာ အဖြာဖြာ၏ အကြောင်းကံကို မေးမြန်းတော်မူသည့်အတိုင်း ဤသို့ဖြေကြားလေ၏။

၆၈။ ရွှေဘုန်တော်သခင် အရှင်မြတ်ဘုရား၊ တပည့်တော်သည် လူဖြစ်ခဲ့

http://www.dhammadownload.com

စဉ်က အသင့်ကြွရောက်တော်မူလာကြကုန်သော ပင်ပန်းနွမ်းနယ်လှသဖြင့် ရေဆာနေသော ရဟန်းတော်တို့ကို တွေ့မြင်ရ၍ သောက်ရေကို ပေးလှူခဲ့ဖူးပါပြီ။

၆၉။ အကြင်သူသည် နွေခါကာလ ရေမွတ်သိပ်ကြကုန်သည်ဖြစ်၍ ပင်ပန်းနွမ်းနယ်နေသူတို့အား သောက်ရန်ရေကို လှူဒါန်းငြားအံ့၊ ထိုရေလှူခဲ့သူအား များစွာဖုံဖုံ စုံလင်သောပန်း၊ များစွာကုန်သော ကြာပုဏ္ဍရိက်၊ အေးမြကြည်လင်သော ရေစင်ရှိကုန်သော ရေကန်တို့ အမှန်ဖြစ်ပေါ်လာနိုင်ပါကုန်၏။

၇၀။ အမြဲစီးဆင်းသောရေ အေးမြကြည်လင်သော ရေအယဉ်ရှိကုန်၍ သဲဖြူအခင်းရှိကုန်သော မြစ်များ၊ ပင်လုံးကျွတ်မျှ ပွင့်ကြကုန်သော သရက်၊ အင်ကြင်း၊ ပြည့်စင်၊ သပြေ၊ ငှ၊ သခွတ်ပင်တို့သည် ထိုရေလှူဒါန်းထားခဲ့ဖူးသူ၏ ဗိမာန်ကို ဝန်းရံလျက် ဖြစ်ပေါ်လာကုန်၏။

၇၁။ ဤတာဝတိံသာနတ်ပြည်၌ ထိုသို့သော မြေမျက်နှာပြင်တို့ဖြင့် ညီညွတ် ပြည့်စုံခြင်းရှိသော၊ လွန်စွာတင့်တယ် ဆန်းကြယ်ကောင်းမြတ်သော ဗိမာန်ကို အကျွန်ုပ် ရရှိပါ၏၊ ဤအကျိုးကား ထိုသောက်ရ လှူဒါန်းရသော ကုသိုလ်၏ အကျိုးပါဘုရား၊ ကုသိုလ်ကောင်းမှု ပြုစုကြသူတို့သည် ဤသို့သော အကျိုးကိုခံစားရရှိနိုင်ကြသည်။

၇၂။ ညီညာသော ပုံစံရှိလျက် ပန်းတက်ပန်းခက် ပန်းလက်အချွန် ရတနာမွန်တပ်သည့် ပြာသာဒ်ဆောင်ပေါက်ကုန်သော တပည့်တော်၏ အိမ်တို့သည် ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာတို့ကို လွန်စွာ ထွန်းလင်းပါကုန်၏။

၇၃။ ထိုသို့ပြုဖူး ကုသိုလ်ထူးကြောင့် တပည့်တော်အား ဤသို့ အရောင်အဆင်း ဖြစ်ရပါ၏၊ ထိုကုသိုလ်ထူးကြောင့် ဤတာဝတိံသာ၌ ကောင်းမြတ်သော စည်းစိမ်ချမ်းသာ ပြည့်စုံရပါ၏၊ ထိုကုသိုလ်ထူးကြောင့် အကျွန်ုပ်၏ စည်းစိမ်ဥစ္စာတို့သည်လည်း သူခပ်သိမ်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စရာ ဖြစ်ရပါကုန်၏ဘုရား။

၇၄။ အက္ခာမိ တေ ဗုဒ္ဓ မဟာနုဘာဝ၊
မနုဿဘူတာ ယမကာသိ ပုညံ။
တေနမှိ ဧဝံ ဧလိတာနုဘာဝါ၊
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

http://www.dhammadownload.com

ဧတဿိ ကမ္မဿ ဖလံ မမေဒံ၊
အတ္ထာယ ဗုဒ္ဓေါ ဥဒကံ အပါယီ တိ။

၇၄။ မဟာနုဘာဝ၊ တန်ခိုးအရှိန် ကြီးမားသော အာနုဘော်ရှိပေထသော။ ဗုဒ္ဓ၊ ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားအား။ အက္ခာမိ၊ ချမ်းသာရပုံ အကြောင်းစဉ်ကို လျှောက်ထားပါဦးအံ့။ မနုဿဘူတာ၊ လူ့ဘဝမှာ လူဖြစ်စဉ်က။ ယံ ပုညံ၊ အကြင်ရေလှူဒါန်းခြင်း ကောင်းမှုကို။ အကာသိ၊ သဒ္ဓါဖွေးဖြူ အရေးယူကာ ပြုခဲ့ဖူးပါပြီ။ တေန၊ ထိုသို့ပြုဖူး ကုသိုလ်ထူးကြောင့်။ ဇဝံ၊ ဤသို့။ ဇလိ တာနုဘာဝါ၊ တောက်ပသော အာနုဘော်ရှိသည်။ အမှိ၊ စင်စစ်မသွေ ဖြစ်ရပါပေ၏ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဝဏ္ဏော စ၊ အဆင်းအရောင်သည်လည်း။ သဗ္ဗဒိသာ၊ လုံးစုံပတ်ချာ ရပ်ဆယ်မျက်နှာတို့သို့။ ပဘာသတိ၊ ထွန်းလင်းတောက်ပပါ၏ ဘုရား။ မမ၊ တပည့်တော်၏။ ဣဒံ ဖလံ၊ ဤသို့ပွားတိုး ဤအကျိုးသည်။ ဧတဿ ကမ္မဿ၊ ထိုရေလှူဒါန်းရသော ကုသိုလ်ကံတရား၏။ ဖလံ၊ မြင့်မြတ်ပွားတိုး ကောင်းကျိုးတရားပါဘုရား။ ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ မမ၊ တပည့်တော်၏။ အတ္ထာယ၊ ကောင်းကျိုးတရား တိုးပွားရန်အကျိုးငှာ။ ဥဒကံ၊ တပည့်တော် လှူဒါန်းဆက်သသောရေကို။ အပါယိ၊ မေတ္တာထားကာ သုံးဆောင်တော်မူခဲ့ဖူးပါပြီဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ ဖြေကြားလျှောက်ထားလေ၏။

ဤသို့ဖြေကြားသော နတ်သမီးအား ဘုရားရှင်သည် လွန်ကဲထူးခြား မြတ်တရားကို ဟောကြားပြီး သစ္စာလေးဖြာ မြိုက်ရာသာတို့ကို ပြသတော်မူလေ၏။ သစ္စာလေးပါး မြတ်တရားကို ဟောကြားပြသတော်မူပြီးသည်၏ အဆုံး၌ ထို နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုတရားဒေသနာတော်သည် ရောက်လာကြသော ပရိသတ်တို့အား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

တတိယ နာဝါဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၉။ ဒီပဝိမာနဝတ္ထု

ဆီမီးလှူဒါန်းသော ကုသိုလ်ကြောင့် သောက်ရှူးကြယ်ပမာ တောက်ပစွာဖြင့် နတ်ပြည်၌ စံစားရသော နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဥပုသ်နေ့အခါ များစွာကုန်သော ဥပါသကာတို့သည် ဥပုသ်စောင့်သုံးကြလျက် နံနက်အခါ တတ်အားသမျှ လှူဖွယ်ရာကို လှူဒါန်းကြပြီးလျှင် စောစော ထမင်းစားကြ၍ ဖြူစင်သောအဝတ်ကို ဝတ်လျက် ပန်းနံ့သာ စသည်ကို လက်ဆွဲကာ နေ့အခါ ကျောင်းတော်သို့ သွားကြသည်။ ထို့နောက် မိမိတို့ကြည်ညိုရာ ရဟန်းတော်တို့ကို ဆည်းကပ်ခစားကာ ညနေအခါ တရားနာကြကုန်၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ကျောင်း၌ပင် နေကြသောသူတို့ တရားဓမ္မ နာကြားကြစဉ်သာလျှင် နေဝင်သွားသဖြင့် မှောင်အတိကျ၍ သွားလေ၏။ ထိုသို့ မှောင်ကျနေသောအခါ တစ်ဦးသော သီတင်းသည် ဥပါသိကာမသည် "ယခုအခါ ဆီမီးထွန်းခြင်းငှာ သင့်၏" ဟု ကြံစည်၍ မိမိ၏အိမ်မှ မီးထွန်းစရာ ဆီကိုယူဆောင်စေလျက် ဆီမီးညှိထွန်းပြီးလျှင် တရားဟောပလွှင့်၏ ရှေ့၌ထားကာ တရားတော်ကို နာကြားနေလေ၏။ ထိုအမျိုးသမီးသည် မိမိလှူဒါန်းသော ထိုဆီမီးအလှူကို ကြည်ဖြူနှစ်သက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် တရားပြီးဆုံးသောအခါ၌ ရှိခိုးဝပ်ချကာ မိမိနေရာ အိမ်ဂေဟာသို့ ပြန်သွားလေ၏။

လက်ရှိဘဝ၌ စံစားရသော ကောင်းမှု၏အကျိုး

ထိုဆီမီးလှူသော အမျိုးသမီးသည် နောင်အခါ တစ်စုံတစ်ရာသော အနာရောဂါဖြင့် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ 'ခပ်သိမ်းသောအလိုကို ပေးစွမ်းနိုင်သော ကျောက်ရတနာဖြင့် ပြီးသော' ဗိမာန်ဝယ် နတ်သမီးဖြစ်ရလေ၏။

ထိုနတ်သမီး၏ ကိုယ်ရောင်သည်ကား ဆီမီးလှူဒါန်းခဲ့ရသော ကုသိုလ်ကြောင့် လွန်စွာ ထွန်းလင်းတောက်ပလျက် တစ်ပါးသော နတ်သမီးတို့၏အရောင်ကို လွှမ်းမိုးကာ အရပ်ဆယ်မျက်နှာ၌ တောက်ပစွာတည်၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်နှင့် တွေ့ဆုံခြင်း

တစ်နေ့သောအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် ထိုနတ်သမီးကို တွေ့မြင်ရ၍ ဤသို့ မေးမြန်းတော်မူ၏။

၇၅။ အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ၊
သြဘာသေန္တီ ဒိသာ သဗ္ဗာ၊ သြသဓီ ဝိယ တာရကာ။

၇၅။ ဒေဝတေ၊ နတ်သမီး။ ယာ တွံ၊ လှပယဉ်ယဉ် အကြင်သင်သည်။ အဘိက္ကန္တေန၊ လွန်ကဲသော။ ဝဏ္ဏေန၊ နှစ်သက်ဖွယ်ရာ ဆင်းရောင်ဝါဖြင့်။ ဒိသာ သဗ္ဗာ၊ လုံးစုံဆယ်ဖြာ ရပ်မျက်နှာတို့ကို။ သြဘာသေန္တီ၊ တောက်ပစေလျက်။ သြသဓီ ဝိယ တာရကာ၊ အရောင်မြူးသွယ် သောက်ရှူးကြွယ်ကဲ့သို့။ တိဋ္ဌသိ၊ ရောဝါလက်ဝေ တည်ရှိနေပေ၏။

၇၆။ ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ၊
ဥပပတ္တိ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ဝိယာ။

ဤဂါထာ၏အနက်သည် ပဌမ ပိဋ္ဌဝိမာနဝတ္ထုလာ နံပါတ် ၂ ဂါထာ၏ အနက်နှင့်တူသည်။

၇၇။ ကေန တွံ ဝိမလောဘာသာ၊ အတိရောစသိ ဒေဝတေ၊
ကေန တေ သဗ္ဗဂတ္တေဟိ၊ သဗ္ဗာ သြဘာသတေ ဒိသာ။

၇၇။ ဒေဝတေ၊ နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ ကေန၊ ဘယ်လို ပြုဖန် အဘယ်ကုသိုလ်ကံကြောင့်။ ဝိမလောဘာသာ၊ ကြည်လင်သော အရောင် ရှိသည်ဖြစ်လျက်။ အတိရောစသိ၊ အလွန်အကဲ တင့်တယ်ရပေသနည်း။ ကေန၊ ဘယ်လိုပြုဖန် အဘယ်ကုသိုလ်ကံကြောင့်။ တေ၊ သင်နတ်သမီး၏။ သဗ္ဗဂတ္တေဟိ၊ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့်။ သဗ္ဗာ ဒိသာ၊ လုံးစုံဆယ်ဖြာ ရပ်မျက်နှာတို့ကို။ သြဘာသတေ၊ ရောင်လင်းဝေဝေ တောက်ပပေသနည်း။

နံပါတ် ၇၈-၇၉ ဂါထာများ၏အနက်သည် ပဌမ ပိဋ္ဌဝိမာနဝတ္ထု ၃-၄ နံပါတ် ဂါထာများ၏ အနက်နှင့်တူသည်။

http://www.dhammadownload.com

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်က မေးသော် နတ်သမီးက ဤသို့ ဖြေကြားလေ၏။

၈၀။ အဟံ မနုဿေသု မနုဿဘူတာ၊
ပုရိမာယ ဇာတိယာ မနုဿလောကေ။
တမန္ဒကာရမှိ တိမိသိကာယံ၊
ပဒီပကာလမှိ အဒါသိ ဒီပံ။

၈၀။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ ကုသိုလ်ဓမ္မ ပြုရဖုံဖုံ လူတို့ဘုံ၌။ မနုဿဘူတာ၊ သာဝတ္ထိမည် မြို့ရွှေပြည်၌ လူဖြစ်စဉ်က။ ပုရိမာယ ဇာတိယာ၊ ဤနတ်ပြည်နတ်နန်း မစံမြန်းမီ ရှေးလူ့ဘဝဆီက။ တိမိသိကာယံ၊ အလွန်မိုက်မဲလှစွာသော။ တမန္ဒကာရမှိ၊ အမိုက်တိုက်ထဲ၌။ ပဒီပကာလမှိ၊ ဆီမီးထွန်းရန် အချိန်တန်သောအခါ၌။ ဒီပံ၊ ဆီမီးကို။ အဒါသိ၊ မိုက်မှောင်ကင်းကွာ ထိန်ထိန်သာအောင် လှူဒါန်းခဲ့ပါသည်ဘုရား။

၈၁။ ယော အန္ဓကာရမှိ တိမိသိကာယံ၊
ပဒီပကာလမှိ ဒဒါတိ ဒီပံ။
ဥပပန္နတိ ဇောတိရသံ ဝိမာနံ၊
ပဟူတမလျံ ဗဟုပုဏ္ဏရိကံ။

၈၁။ ယော၊ အကြင်သူသည်။ တိမိသိကာယံ၊ မိုက်မှောင်လှစွာသော။ အန္ဓကာရမှိ၊ မှောင်ကြီးမဲမဲ အမိုက်တိုက်ထဲ၌။ ပဒီပကာလမှိ၊ ဆီမီးထွန်းရန် အချိန်တန်သောအခါ၌။ ဒီပံ၊ ဆီမီးကို။ ဒဒါတိ၊ ထွန်းညှိလှူခဲ့ပါ၏။ သော၊ ထိုဆီမီးလှူဒါန်းသောသူသည်။ ပဟူတမလျံ၊ စုံလင်သော ပန်းရှိသော။ ဗဟုပုဏ္ဏရိကံ၊ များစွာသော ကြာပုဏ္ဏရိကပန်းရှိသော။ ဇောတိရသံ၊ အရောင်အရည်အားဖြင့် ဖိတ်ဖိတ်လက်သော။ ဝိမာနံ၊ ဇောတိရသ ဗိမာန်နန်းသို့။ ဥပပန္နတိ၊ ကုသိုလ်အလျောက် ကံကောင်းထောက်၍ ရောက်ကာမသွေ ပြည့်စုံရလေ၏။

နံပါတ် ၈၂ ဂါထာ၏အနက်သည် ပဌမ ပိဋ္ဌဝိမာနဝတ္ထုလာ ၆ နံပါတ် ဂါထာ၏အနက်နှင့် တူသည်။

၈၂။ တေနာဟံ ဝိမလောဘာသာ၊ အတိရောစာမိ ဒေဝတာ၊
တေန မေ သဒ္ဓဂတ္တေဟိ၊ သဒ္ဓာ ညြာဘာသတော ဒိသာ။

http://www.dhammadownload.com

၈၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ တေန၊ ဆီမီးလှူဖူး ထိုကုသိုလ်ထူးကြောင့်။ ဝိမလောဘာသာ၊ ကြည်လင်တောက်ပသော အရောင်ရှိရပါ၏။ အတိရောစာမိ၊ နတ်တာကတို့ထက် လွန်လွန်ကဲကဲ တင့်တယ်ရပါပေ၏ ဘုရား။ တေန၊ ဆီမီးလှူဒါန်း ထိုကုသိုလ်စွမ်းကြောင့်။ မေ၊ တပည့်တော်၏။ သဗ္ဗဂတ္တေဟိ၊ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့်။ သဗ္ဗာဒိသာ၊ လုံးစုံဆယ်ဖြာ ရပ်ဆယ်မျက်နှာသည်။ ဩဘာသတော၊ ရောင်လင်းဝေဝေ တောက်ပပါပေ၏ ဘုရား။ ဣတိ၊ ဤသို့။ ဒေဝတာ၊ နတ်သမီးသည်။ ဝိဿဇ္ဇေသိ၊ ဖြေကြား လျှောက်ထားလေ၏။

နံပါတ် ၈၄ ဂါထာအနက်သည် ပဌမ ဝိဒ္ဓဝိမာနဝတ္ထုလာ ၇ နံပါတ် ဂါထာအနက်နှင့် တူသည်။

သစ္စာတရား ဟောကြားခြင်း

နတ်သမီးသည် ဆီမီးလှူဒါန်းသော ကုသိုလ်ကံကြောင့် တာဝတိံသာ နတ်ပြည်၌ အောတိရဏနတ်သမီး ဖြစ်၍နေရကြောင်းကို ဖြေကြားလျှောက်ထားသည်ရှိသော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်သမီးလျှောက်ထားသောစကားကို အကြောင်းပြုလျက် ဒါနကထာ စသည်ဖြင့် နတ်သမီးအား ဟောကြားသည်။

တရားတော်၏ အကျိုး

မထေရ်မြတ်က ဟောကြားပြသပြီးသည်၏ အဆုံး၌ အခွေအရံနှင့်တကွသော ထိုအောတိရဏနတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဆီမီးအလှူ၏ အကျိုးတရားကို ဘုရားရှင် ဟောကြားတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် နတ်ပြည်မှ ပြန်ကြွတော်မူ၍ ထိုသို့ဖြစ်ပုံ အလုံးစုံကို ဘုရားရှင်အား လျှောက်ကြား၏။ ဘုရားရှင်သည် ရောက်လာသော ပရိသတ်အား ထိုဆီမီးလှူရခြင်း၏ အကျိုးကို အကျယ်အားဖြင့် ဟောကြားပြသတော်မူလေ၏။ ထိုဒေသနာသည် လူများအပေါင်းအား အကျိုးများလှလေ၏။ လူများအပေါင်းသည် ဆီမီးလှူဒါန်းပူဇော်မှု၌ အထူးသဖြင့် အလေးဂရုပြုကာ လှူဒါန်းကြလေ၏။

ဒီပဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၀။ တိလဒကွိဏဝိမာနဝတ္ထု

ဘုရားရှင်အား နှမ်းလက်တစ်ခုပ် လှူဒါန်းခဲ့သောကြောင့် နတ်၏ စည်းစိမ်ချမ်းသာကို စံစားရသော တိလဒေဝိနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်၌ တစ်ယောက်သော ကိုယ်ဝန်ဆောင်မိန်းမသည် နှမ်းဆီအလိုရှိသည်ဖြစ်၍ နှမ်းတို့ကို ရေဆေးပြီးလျှင် နေလှန်းနေလေ၏။

ဘုရားရှင် ကြွတော်မူလာခြင်း

ထိုမိန်းမသည် ထိုနေ့၌ပင်လျှင် သေရတော့မည်လည်း ဖြစ်သည်။ ငရဲ၌ဖြစ်စေတတ်သောကံသည် အခွင့်သာလျက် ရှိလေ၏။ ဘုရားရှင်သည် နံနက်မိုးသောက်သောအခါ မဟာကရုဏာတော် ကွန်ယက်ကို ဖြန့်ကြက်လျက် လောကကို ကြည့်ရှုတော်မူသည်။ ထိုသို့ကြည့်တော်မူသည်ရှိသော် ထိုမိန်းမကို မြင်တော်မူ၍ "ဤမိန်းမသည် ယနေ့ပင် ကွယ်လွန်ကာ ငရဲ၌ဖြစ်လတ္တံ့၊ အကယ်၍ ငါဘုရား ကြွသွားတော်မူ၍ နှမ်းဆွမ်းကို အလှူခံယူတော်မူအံ့၊ ထိုအမျိုးသမီးသည် နတ်ရွာသို့ ရောက်လတ္တံ့" ဟု အကြံတော် ဖြစ်တော်မူ၍ ဘုရားရှင်သည် ထို ခဏ၌ပင်လျှင် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ ထို့နောက် ရာဇဂြိုဟ်ပြည်တွင်း၌ ဆွမ်းခံကြွသွားတော်မူသည်ရှိသော် ထိုမိန်းမ၏ အိမ်တံခါးဝကို ရောက်တော်မူလေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုမိန်းမသည် ဘုရားရှင်ကို ဖူးမြင်ရ၍ ကြည်ညိုရွှင်လန်း နှစ်သက်ဝမ်းမြောက်တော်စိတ်ဖြစ်ကာ ဆောလျင်စွာ ထပြီးလျှင် လက်အုပ်ချီလျက် ဘုရားရှင်နှင့်လျော်သည့် လှူဖွယ်ဝတ္ထုကို ကြည့်ရှုသည်။ အခြားတစ်စုံတစ်ခုကို မမြင်ရကား လက်ခြေတို့ကို ဆေးကြောပြီးလျှင် နှမ်းတို့ကို စုပုံ၍ လက်နှစ်ဖက်ဖြင့် သိမ်းကျုံးယူငင်ကာ နှမ်းကို ဘုရားရှင်၏ သပိတ်၌ လောင်းပြီးလျှင် ဘုရားရှင်ကို ရှိခိုး၍ နေလေ၏။

ဘုရားရှင်သည် ထိုမိန်းမအား "သုခိနီ ဟောဟိ–ချမ်းသာသည် ဖြစ်စေလော့" ဟု မိန့်တော်မူ၍ ကြွတော်မူလေ၏။

http://www.dhammadownload.com

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှုအကျိုး

ထိုမိန်းမသည် ထိုညဉ့်လွန်မြောက် မိုးသောက်သောအခါပင်လျှင် စုတေကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်ဝယ် အိပ်သောယောကျ်ား နီးသောလားကဲ့သို့ နတ်သမီးဖြစ်ပေလေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်ခရီးသို့ ကြွချီတော်မူသည်ရှိသော် နတ်သမီးတစ်ထောင် ခြံရံလျက် ကြီးမားသော နတ်တို့၏ တန်ခိုးအာနုဘော်ဖြင့် တင့်တယ်စွာ နေလျက်ရှိသော ထိုနှက်သမီးကိုမြင်သော်ဤသို့ မေးမြန်းတော်မူလေ၏။

နံပါတ် ၈၅ ဂါထာ၏အနက်သည် ဒီပဝိမာနဝတ္ထုမှ ၇၅ နံပါတ် ဂါထာအနက်နှင့် တူသည်။ ၈၆-၈၇-၈၈ နံပါတ် ဂါထာများ၏ အနက်သည်လည်း ပဌမ ပီဌဝိမာန ဝတ္ထုလာ -၂-၃-၄ ဂါထာများ၏ အနက်နှင့်တူသည်။

နတ်သမီး ပြောကြားပုံ

၈၉။ အဟံ မနုဿေသု မနုဿဘူတာ၊
ပုရိမာယ ဇာတိယာ မနုဿလောကေ။

၉၀။ အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ ဝိပွသန္နမနာဝိလံ၊
အာသဇ္ဇ ဒါနံ အဒါသိံ၊ အကာမာ တိလဒက္ခိဏံ၊
ဒက္ခိဏေယျဿ ဗုဒ္ဓဿ၊ ပသန္နာ သေဟိ ပါဏိဘိ။

၈၉-၉၀။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ ကုသိုလ်အဝဝ ပြုရဖုံဖုံလူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ်ခဲ့စဉ်အခါက။ မနုဿလောကေ၊ လူ့လောက၌။ ဝိရဇံ၊ ကိလေသာမြူ ကင်းစင်တော်မူထသော။ ဝိပွသန္နံ၊ အမြဲဖြူစင် ကြည်လင်သောစိတ် ရှိတော်မူထသော။ အနာဝိလံ၊ ကိလေသာကင်းပျောက်၍ နောက်ကျူခြင်း ရှိတော်မမူထသော။ ဗုဒ္ဓံ၊ ဘုရားရှင်ကို။ အဒ္ဒသံ၊ ဖူးမြင်ရပါ၏၊ အရှင်ဘုရား။ ဒက္ခိဏေယျဿ၊ မြတ်သောအလှူကို ခံယူတော်မူထိုက်သော။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ပသန္နာ၊ အလွန်ကြည်ညိုလျက်။ သေဟိ ပါဏိဘိ၊ မိမိ၏လက်တို့ဖြင့်။ အကာမာ၊ ရွေးကလှူမည် ကြံစည်အထူး စိတ်ကူးမရှိဘဲ။ အာသဇ္ဇ၊ အကြောင်း

http://www.dhammadownload.com

လျော်စွာ ကပ်ရောက် ဖြစ်ပေါ်လာသော။ တိလဒကွီဏ်၊ နှမ်းအလှူဖြစ်သော။ ဒါန်၊ မပြောပဖွယ် အနည်းငယ်မျှ လှူဒါနကို။ အဒါသိ၊ ပေးလှူခဲ့ဖူးပါသည် ဘုရား။

နံပါတ် ၉၁-၉၂ ဂါထာများ၏အနက်သည် ပထမ ပိဋ္ဌဝိမာနဝတ္ထုလာ ၆-၇ ဂါထာများ၏ အနက်နှင့်တူသည်။ အကြွင်းစကားရပ်များသည်လည်း ရှေးဆို အပ်ခဲ့ပြီးသည်နှင့် တူသည်။

တိလဝိမာနဝတ္ထု ပြီး၏။

၁၁။ ပဌမ ပတိဗ္ဗတာဝိမာနဝတ္ထု

ခင်ပွန်း၏အပေါ်၌ မယားဝတ္တရား ကျေပွန်ခဲ့ခြင်း၊ ဒါန စသည်ကို ပြုခဲ့ခြင်းတို့ကြောင့် နတ်၏ စည်းစိမ်ကို စံစားရသော ပတိဗ္ဗတာဒေဝီ နတ်သမီး။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ခင်ပွန်းအပေါ်၌ မယားဝတ္တရားကျေပွန်စွာ ပြုကျင့်လေ့ရှိသော အမျိုးသမီးတစ်ယောက်သည် အမျက်ထွက်သော်လည်း ဘယ်အခါမျှ ခင်ပွန်း၏ ဆန့်ကျင်ဘက်ကို မပြု၊ ကြမ်းတမ်းသောစကားကိုလည်း မဆို၊ မှန်ကန်သောစကားကိုသာ ပြောဆိုလေ့ရှိသည်။ သဒ္ဓါတရားနှင့် ပြည့်စုံကာ ကြည်ညိုသောစိတ်ဖြင့် တတ်စွမ်းသမျှ အလှူဒါနကို ပြုလေ့ရှိ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် အနာရောဂါတစ်မျိုး၊ ကပ်ရောက်နှိပ်စက်၍ ကွယ်လွန်သည်ရှိသော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရလေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေးမြန်းခြင်း

အရှင်မဟာမောဂ္ဂလာန်သည်လည်း နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ကြီးကျယ်သော စည်းစိမ်ချမ်းသာကို စံစားလျက်ရှိသော ထိုနတ်သမီးကို တွေ့မြင်ရ၍ နတ်သမီး၏ အနီးသို့ ကြွတော်မူကာ ဤသို့ မေးတော်မူလေ၏။

၉၃။ ကောဋ္ဌာ မယူရာ ဒိဝိယာ စ ဟံသာ၊
ဝဂ္ဂုဿရာ ကောကိလာ သမ္မတန္တိ။
ပုပ္ဖါဘိကိဏ္ဏံ ရမ္မမိဒံ ဝိမာနံ၊
အနေကစိတ္တံ နရနာရိသေဝိတံ။

၉၃။ ဒိဝိယာ၊ နတ်၏ တန်ခိုးအာနုဘော်ကြောင့် ဖြစ်ကုန်သော။ ကောဋ္ဌာ စ၊ နတ်ကြိုးကြာတို့သည်လည်းကောင်း။ မယူရာ စ၊ နတ်ဥဒေါင်းတို့သည်လည်းကောင်း။ ဝဂ္ဂုဿရာ၊ ပင်ကိုသဘာဝ ချိုမြသော အသံရှိကုန်သော။ ကောကိလာ စ၊ နတ်ဥဩတို့သည်လည်းကောင်း။ သမ္မတန္တိ၊ သံချိုရင့်ကျူး ဗိမာန်ဦးဝယ် ကူသန်းထိုဤ လှည့်လည်ကျရောက်၍ နေကြပေကုန်၏။ ပုပ္ဖါဘိကိဏ္ဏံ၊ ပန်းမျိုးစုံ လွှမ်း ရောပြွန်းရာဖြစ်ထသော။ ရမ္မံ၊ ပျော်ဖွယ်ရာဖြစ်ထသော။ အနေကစိတ္တံ၊ ရေကန် စသည် လီလီသွယ်သွယ် ဆန်းကြယ်ထသော။ ဣဒံဝိမာနံ၊ နတ်သမီးတို့ ပျော်မှိုးစံရာ ဤဗိမာန်သာသည်။ နရနာရိသေဝိတံ၊ နတ်သား နတ်သမီး အသီးသီးတို့ ပျော်မှိုးရွှင်ပျ ဆည်းကပ်ကြရာလည်း ဖြစ်ပါပေ၏။


၉၄။ တတ္ထ'စ္ဆသိ ဒေဝိ မဟာနုဘာဝေ၊
ဣဒ္ဓီ ဝိကုဗ္ဗန္တီ အနေကရူပါ။
ဣမာ စ တေ အစ္ဆရာယော သမန္တတော၊
နစ္စန္တိ ဂါယန္တိ ပမောဒယန္တီ စ။

၉၄။ မဟာနုဘာဝေ၊ ကြီးကျယ်သော အာနုဘော်ရှိပေသော။ ဒေဝိ၊ ရှုဖွယ်မငြီး နတ်သမီး။ အနေကရူပါ၊ များလှစွာသော အဆင်းသဏ္ဌာန် ရုပ်ပုံဟန်ရှိကုန်သော။ ဣဒ္ဓိ၊ ကံကြောင့်ဖြစ်သော တန်ခိုးတို့ကို။ ဝိကုဗ္ဗန္တိ၊ ဆန်းကြယ်လှစွာ အမြန်ချက်ချင်း ပြုဖန်ဆင်းလျက်။ တတ္ထ၊ မွေ့လျော်ဖွယ်စုံ ထိုဘုံဗိမာန်၌။ အစ္ဆသိ၊ စည်းစိမ်အစားစား စံစား၍နေ၏။ ဣမာ စ အစ္ဆရာယော၊ ဤနတ်သမီး

http://www.dhammadownload.com

๑๒ - ๒๔๑๐ ภาพชาดกเรื่องมโหสถชาดก ตอนมโหสถบัณฑิตเป็นนายช่างใหญ่ ๑๒

http://www.dhammadownload.com



http://www.dhammadownload.com

ကညာတို့သည်။ တေ၊ သင်နတ်သမီး၏။ သမ္မန္ဓ တေ၊ အမြဲတစဉ် ထက်ဝန်းကျင်မှ ခစားကြလျက်။ နစ္စန္တိ စ၊ နည်းပေါင်းဖုံဖုံ ကကြိုးစုံတို့ဖြင့် ကလည်း ကခုန်ကြ၏။ ဂါယန္တိ စ၊ သီချင်းကဗျာ သာယာသံချို သီလည်း သီဆိုကြကုန်၏။ ပမောဒယန္တိ စ၊ မွေ့လျော်ကြည်နူး မြူးလည်း မြူးထူး၍ နေကြပါကုန်၏။

၉၅။ ဒေဝိဒ္ဓိပတ္တာသိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဧလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

၉၅။ မဟာနုဘာဝေ၊ ကြီးမားသော အာနုဘော်ရှိပေသော နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ ဒေဝိဒ္ဓိပတ္တာ၊ နတ်တို့၏ တန်ခိုးရှိန်နှင့် ပြည့်စုံခြင်းသို့ရောက်သည်။ အသိ၊ ဖြစ်၏။ တွံ၊ သင်နတ်သမီးသည်။ မနုဿဘူတာ၊ လူဖြစ်စဉ်က။ ကိံ ပုညံ၊ အဘယ်ကောင်းမှုကို။ အကာသိ၊ ပေးလှူသမှု ပြုခဲ့ဖူးပါသနည်း။ ကေန၊ အဘယ်ကုသိုလ်ထူးကြောင့်။ ဧဝံ၊ ဤသို့။ ဧလိတာနုဘာဝါ၊ ထိန်ထိန်ဝင်းဝင်း ထွန်းလင်းလှစွာ အရောင်အဝါရှိသည်။ အသိ၊ ဖြစ်ရပါသနည်း။ တေ၊ သင်နတ်သမီး၏။ ဝဏ္ဏော စ၊ ဆင်းရောင်ဝါသည်လည်း။ သဗ္ဗဒိသာ၊ လုံးစုံ ပတ်ချာ ရပ်မျက်နှာသို့။ ပဘာသတိ၊ ထွန်းလင်းနေပေသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဖြစ်ခဲ့ရပုံ အလုံးစုံကို မေးမြန်းတော်မူလေ၏။

နံပါတ် ၉၆ ဂါထာ၏အနက်သည် ရှေးပိုင်း၌ပါပြီး။

နတ်သမီး ဖြေကြားပုံ

၉၇။ အဟံ မနုဿေသု မနုဿဘူတာ၊
ပတိဗ္ဗတာ' နည်မနာ အဟောသိံ။
မာတာဝ ပုတ္တံ အနုရက္ခမာနာ၊
ကုဒ္ဒါဝိဟံ နပ္ပရုဒံ အဝေါစံ။

၉၇။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ်ခဲ့စဉ်က။ ပတိဗ္ဗတာ၊ မိမိလင်ကို ချစ်ခင်မြတ်နိုးလေ့ရှိသည်။ အနုညမနာ၊ မိမိလင်ယောကျ်ားမှတစ်ပါး အခြားယောကျ်ား၌

http://www.dhammadownload.com

ဖောက်ပြားလိုစိတ် မရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီ။ မာတာ၊ မွေးမိခင် ကျေးဇူးရှင်သည်။ ပုတ္တံ၊ တစ်ယောက်တည်းသော သားရတနာကို။ အနုရက္ခမာနာ ဣဝ၊ အစဉ် စောင့်ရှောက်ဘိသကဲ့သို့။ အနုရက္ခမာနာ၊ အစဉ်စောင့်ရှောက်လျက်။ ကုဒ္ဓါဝိ၊ အဟံ၊ တပည့်တော်မသည် မိမိယောကျ်ား စိတ်ဆိုးငြား၍ အမျက်ထွက် သော်လည်း။ ဖရုသံ၊ သူတော်စက်ဆုပ် ဆိုးယုတ်ကြမ်းတမ်းသော စကားကို။ နအဝေါစံ၊ ပြန်လှန်ကာ မပြောပြခဲ့ဖူးပါ ဘုရား။

၉၈။ သစ္စေ ဌိတာ မောသဝဇ္ဇံ ပဟာယ၊
ဒါနေ ရတာ သင်္ဂဟိတ္တဘာဝါ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တာ၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိ"။

၉၈။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ မောသဝဇ္ဇံ၊ မဟုတ်မမှန် ဖောက်ပြန်ရွတ်ယွင်း ပြောဆိုခြင်းကို။ ပဟာယ၊ အသက်ထက်ဆုံး ပယ်စွန့်ဘိ၍။ သစ္စေ၊ စကားမှန်၌။ ဌိတာ၊ တည်ခဲ့ပါ၏။ ဒါနေ၊ အလှူဒါန၌။ ရတာ၊ မွေ့လျော်နေခဲ့ပါ၏။ သင်္ဂဟိတတ္တဘာဝါ၊ သူတစ်ပါးတို့အား ချီးမြှောက်လေ့ရှိပါ၏။ ပသန္နစိတ္တာ၊ သဒ္ဓါယိုဖိတ် ကြည်ညိုသောစိတ်ရှိလျက်။ ဝိပုလံ၊ များပြားလှစွာသော။ အန္နဉ္စ၊ စားဖွယ်ထမင်းကိုလည်းကောင်း။ ပါနဉ္စ၊ သောက်ဖွယ်ရာ အဖျော်ယမကာကိုလည်းကောင်း။ သက္ကစ္စဒါနံ၊ ရိုသေစွာ လှူဒါန်းခြင်းကို။ အဒါသိ၊ လှူဒါန်းခဲ့ပါသည်ဘုရား။

နံပါတ် ၉၉–၁၀၀ ဂါထာများ၏ အနက်သည် ရှေးပိုင်း၌ပါပြီး။
အကြွင်းစကားရပ်များသည် ရှေးပိုင်းနှင့်တူသည်။

ပဌမ ပတိဗ္ဗတာဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၂။ ဒုတိယ ပတိဗ္ဗတာဝိဓာနဝတ္ထု

ခင်ပွန်းအပေါ်၌ မယားဝတ္တရား ကျေပွန်ခဲ့ခြင်း၊ အလှူဒါန ပြုခဲ့ခြင်းကြောင့် တာဝတိံသာနတ်ပြည်၌ နတ်၏စည်းစိမ်ချမ်းသာကို စံစားရသော နတ်သမီး။

ကောင်းမှုနှင့် ကောင်းမှု၏အကျိုး ခံစားရပုံ

ရတနာသုံးပါးကို ဆည်းကပ်လေ့ရှိသော သာဝတ္ထိပြည်သူ အမျိုးသမီးတစ်ယောက်သည် လင်ကို ချစ်မြတ်နိုးလေ့ရှိလျက် ငါးပါးသီလကို အထူးစင်ကြယ်စွာ ပြု၍ စောင့်ထိန်း၏။ မိမိ စည်းစိမ်အလျောက် အလှူဒါနကိုလည်း ပြုလေ့ရှိ၏။ ထိုအမျိုးသမီးသည် တစ်နေ့သော် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ကြီးကျယ်သော နတ်၏စည်းစိမ်ကို အစဉ်ခံစားလျက်ရှိသော ထိုနတ်သမီးကို တွေ့မြင်ရ၍ ထိုနတ်သမီးအား ဤသို့မေးမြန်းလေ၏။

၁၀၁။ **(မြန်မာပြန်)** အာနုဘော်ကြီးမားသော အို ... နတ်သမီး၊ သင်သည် ကြောင်မျက်ရွဲဖြင့် ပြီးသော တိုင်ရှိလျက် နှစ်သက်စဖွယ် အဆင်းရောင်ဝါရှိသော အမျိုးမျိုး အဖုံဖုံ ဆန်းကြယ်စုံလင်သည့် ဗိမာန်ထက်သို့တက်၍ ထိုဗိမာန်ထက်၌ များပြားထူးခြားသော တန်ခိုးအာနုဘော်တို့ကို ဖန်ဆင်းလျက်နေဘိ၏၊ နတ်သမီးတို့သည်လည်း သင်၏ထက်ဝန်းကျင်၌ ကခုန်သီဆိုကြပြီးလျှင် ဝမ်းမြောက်ရွှင်မျော်မွေ့လျော်ခြင်းကို ဖြစ်စေကြကုန်၏။

၁၀၂။ **(မြန်မာပြန်)** အာနုဘော်ကြီးသည် အို ... နတ်သမီး၊ သင်သည် နတ်တို့ရှိန်စော် တန်ခိုးအာနုဘော်နှင့် ပြည့်စုံလှ၏၊ သင်သည် ရှေးလူဖြစ်ခဲ့စဉ်အခါက အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဖူးပါသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် ဤသို့ထွန်းလင်းတောက်ပ အာနုဘာဝရှိကာ သင်၏ အဆင်းရောင်ဝါသည်လည်း အရပ်မျက်နှာ အဖြာဖြာတို့၌ လွန်စွာ ထွန်းလင်းတောက်ပခြင်း ဖြစ်သနည်း။

http://www.dhammadownload.com

၁၀၃။ ထိုနတ်သမီးသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က မေးမြန်း အပ်သည်ရှိသော် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

နတ်သမီး ဖြေကြားပုံ

၁၀၄။ အဟံ မနုဿေသု မနုဿဘူတာ၊
ဥပါသိကာ စက္ခုမတော အဟောသိံ။
ပါဏာတိပါတာ ဝိရတာ အဟောသိံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယိဿံ။

၁၀၄။ ဘန္တေ၊ မောဂ္ဂလာန်အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ ကုသိုလ်အဝဝ ပြုရဖို့ဖုံ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူ့ဘဝတွင် လူဖြစ်စဉ်က။ စက္ခုမတော၊ စက္ခုငါးပါးသခင် ဘုရားရှင်၏။ ဥပါသိကာ၊ ရတနာသုံးရပ်ကို မပြတ်ဆည်းကပ်တတ်သည့် ဥပါသိကာမသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါပြီ။ ပါဏာတိပါတာ၊ သူများအသက်ကို သတ်ဖြတ်ခြင်းမှ။ ဝိရတာ၊ ရှောင်ကြဉ်ခဲ့သည်။ အဟောသိံ၊ ဖြစ်ခဲ့ပါပြီ။ လောကေ၊ ဤလောက၌။ အဒိန္နံ၊ အရှင်မပေးသော သူ့ဥစ္စာကို။ ပရိဝဇ္ဇယိဿံ၊ ခိုးမှုမပြုဘဲ အစဉ်အမြဲပင် ရှောင်ကြဉ်ခဲ့ပါသည် ဘုရား။

၁၀၅။ အမဇ္ဈပါ နော စ မုသာ အဘာဏိံ၊
သကေန သာမိနာ အဟောသိံ တုဋ္ဌာ။
အန္နဋ္ဌ ပါနဋ္ဌ ပသန္နစိတ္တာ၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိံ။

၁၀၅။ အမဇ္ဈပါ၊ ငါးထွေသုရာ ငါးဖြာမေရယကို လုံးဝပယ်ရှား မသောက်စားခဲ့ပါ၊ မုသာ စ၊ မဟုတ်မမှန်သော စကားကိုလည်း။ နော အဘာဏိံ၊ မပြောကြားခဲ့ပါ။ သကေန၊ မိမိသာပိုင်သော။ သာမိနာ၊ လင်ယောကျ်ားဖြင့်။ တုဋ္ဌာ၊ ရောင့်ရဲတင်းတိမ်ခြင်းသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါသည်ဘုရား။ ပသန္နစိတ္တာ၊ သဒ္ဓါယိုဖိတ် ကြည်ညိုသောစိတ်ရှိလျက်။ အန္နဋ္ဌ၊ စားဖွယ်ထမင်းကိုလည်းကောင်း။ ပါနဋ္ဌ၊ သောက်ဖွယ်ရာ အဖျော်ယမကာကိုလည်းကောင်း။ ဝိပုလဋ္ဌ၊ ပြန့်ပြောထည်ဝါ များလှစွာသော အလှူကိုလည်းကောင်း။ သက္ကစ္စဒါနံ၊ ရိုသေစွာ လှူဒါန်းခြင်းကို။ အဒါသိံ၊ လှူဒါန်းခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

နံပါတ် ၁၀၆ ပါ ဂါထာ၏ အနက်သည် ရှေးပိုင်း၌ပါပြီ။

၁၀၇။ တန်ခိုးကြီးမားသည့် အရှင်ရဟန်း၊ အရှင်ဘုရားအာ ဘပည့်တော် ဆက်လက် ဖြေကြားပါ၏၊ တပည့်တော်သည် လူဖြစ်ခဲ့စဉ်အခါက သရဏဂုံ ယူခြင်း၊ သီလဆောက်တည်ခြင်း စသော ကောင်းမှုကို ပြုခဲ့ဖူးပါပြီ၊ ထိုကုသိုလ်ထူးကြောင့် ဤသို့ ထွန်းလင်းတောက်ပသော အာနုဘာဝရှိလျက် အဆင်းရောင်ဝါသည်လည်း အရပ်မျက်နှာအားလုံးဘို့၌ အလွန်ထွန်းလင်း တောက်ပပါ၏၊ ဘုရားဟု ဖြေကြားလျှောက်ထားလေ၏။

အကြင်းစကားရပ်များ ရှေးပိုင်း၌ပါသည်။

ဒုတိယ ပတိဗ္ဗတာဝိမာနဝတ္ထု ပြီး၏။

၁၃။ ပဌမ သုဏိသာဝိမာနဝတ္ထု

ယောကွမအိမ်၌နေစဉ် ရဟန္တာအရှင်မြတ်ကို ဖူးမြင်ရ၍ ခဲဖွယ်မုန့် လှူဒါန်းခဲ့ရသောကြောင့် နန္ဒဝန်ဥယျာဉ်၌ အဆင်းရောင်ဝါ တောက်ပစွာ နတ်သမီးဖြစ်ရသော သုဏိသာနတ်သမီး။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

သာဝတ္ထိပြည် ယောကွမအိမ်၌ နေရသော ချွေးမဖြစ်သူ အမျိုးသမီးတစ်ယောက်သည် အိမ်သို့ဆွမ်းခံကြွလာသော ရဟန္တာမထေရ်မြတ်တစ်ပါးကို ဖူးမြင်ရ၍ ကြည်လင်ရွှင်လန်း ပီတိသောမနဿ လွမ်းသောစိတ် ဖြစ်လတ်ရကား "ဤရဟန္တာအရှင်မြတ်သည် ငါ၏ မြတ်သောကောင်းမှု၏ တည်ရာအလို့ငှာ ကြွရောက်တော်မူလာ၏" ဟု နှလုံးပြုကာ မိမိအတွက်ရသော မုန့်အစုကို မထေရ်မြတ်အားလှူဒါန်းဆက်ကပ်လေ၏။ မထေရ်မြတ်သည် ထိုမုန့်ကို အလှူခံတော်မူ၍ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာစကားကို ပြောကြားကာ ကြွသွားတော်မူလေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် နောင်အခါ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။ ချွေးမအဖြစ်နှင့် သေလွန်၍ နတ်သမီးဖြစ်ရသောကြောင့် "သုဏိသာနတ်သမီး" ဟု နတ်တို့က ခေါ်ဝေါ်ကြကုန်၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်မထေရ် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် အထက်နတ်ပြည်သို့ ကြွရောက်တော်မူသောအခါ ထိုသုဏိသာနတ်သမီးကို တွေ့မြင်ရ၍ ဤသို့ မေးမြန်းတော်မူလေ၏။

နံပါတ် ၁၀၈-၁၀၉-၁၁၀-၁၁၁ ဂါထာများ၏အနက်သည် ဒီပဝိမာနဝတ္ထုလာ ၇၅-၇၆-၇၈-၇၉ နံပါတ် ဂါထာများ၏ အနက်နှင့်တူသည်။

နတ်သမီး ဖြေကြားပုံ

၁၁၂။ အဟံ မနုဿေသု မနုဿဘူတာ၊
သုဏိသာ အဟောသိံ သသုရဿ ဂေဟေ။

၁၁၂။ အဟံ၊ တပည့်တော် သုဏိသာနတ်သမီးသည်။ မနုဿေသု၊ လူ့ပြည်လောက လူ့ဌာနတို့၌။ မနုဿဘူတာ၊ လူဖြစ်ခဲ့စဉ်အခါက။ သသုရဿ၊ ယောကျ်မ၏။ ဂေဟေ၊ အိမ်ဂေဟာ၌။ သုဏိသာ၊ ချွေးမသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါသည်ဘုရား။

၁၁၃။ အဒ္ဒသံ ဝိရဇံ ဘိက္ခုံ၊ ဝိပ္ပသန္နမနာဝိလံ၊
တဿ အဒါသဟံ ပူဝံ၊ ပသန္နာ သေဟိ ပါဏိဘိ၊
ဘာဂမုဘာဂံ ဒတ္တာန၊ မောဒါမိ နန္ဒနေ ဝနေ။

၁၁၃။ တသ္မိံ ကာလေ၊ ထိုအခါ၌။ အဟံ၊ တပည့်တော်သည်။ ဝိရဇံ၊ နှစ်သက်မှုတဏှာ ကင်းကွာထသော။ ဝိပ္ပသန္နံ၊ အထူးကြည်လင်ထသော။ အနာဝိလံ၊ မနောက်ကျသော စိတ်ရှိထသော။ ဘိက္ခုံ၊ ရဟန်းတော်အရှင်မြတ်ကို။ အဒ္ဒသံ၊ ဖူးမြင်ရပါ၏ဘုရား။ အဟံ၊ တပည့်တော်သည်။ ပသန္နာ၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ တဿ၊ ထိုရဟန်းတော်အရှင်မြတ်အား။ ပူဝံ၊ မုန့်ခဲဖွယ်ကို။ အဒါသိံ၊ အရေးတယူ ပေးလှူခဲ့ပါသည်ဘုရား။ ဘာဂမုဘာဂံ၊ ကိုယ်စားရုန်အတွက် မုန့်ထက်ဝက်ကို။ ဒတ္တာန၊ ကောင်းစွာဖဲ့ယူ ပေးလှူခဲ့ပါသောကြောင့်။ နန္ဒနေ ဝနေ၊ နန္ဒဝန်ခေါ် ဥယျာဉ်တော်၌။ မောဒါမိ၊ ရွှင်လန်းပျော်စွာ မွေ့လျော်ရပါ၏ဘုရား။

http://www.dhammadownload.com

နံပါတ် ၁၁၄-၁၁၅ ဂါထာများ၏ အနက်သည် ပဌမ ပိဋ္ဌဝိမာနဝတ္ထု ၆-၇ နံပါတ် ဂါထာများ၏အနက်နှင့် တူပြီ။

ပထမ သုဏိသာဝိမာနဝတ္ထု ပြီး၏။

၁၄။ ဒုတိယ သုဏိသာဝိမာနဝတ္ထု

ယောကွမအိမ်၌နေစဉ် ရဟန္တာအရှင်မြတ်အား မုယောမုန့် စား စရာ လှူဒါန်း ခဲ့သောကြောင့် နန္ဒဝန်ဥယျာဉ်၌ စံစားနေရသော သုဏိသာနတ်သမီး။

ဤဒုတိယ သုဏိသာဝိမာနဝတ္ထုသည် ပထမ သုဏိသာဝိမာန ဝတ္ထုနှင့် မုယောမုန့် လှူဒါန်းသည့် ကုသိုလ်စွမ်းကြောင့် နတ်သမီးဖြစ်ရသည်သာ ထူး၏။ ထိုကြောင့် ဂါထာများတွင် နံပါတ် ၁၂၁ ဂါထာ ပဌမပါဒ "ကုမ္မာသပိဏ္ဍံ ဒတွာန" ဟူသော ပါဠိ၏အနက်ကို "ကုမ္မာသပိဏ္ဍံ၊ မိမိကိုယ်ပိုင်ဖြစ်သည့် မုယောမုန့်စိုင်ကို။ ဒတွာန၊ လှူဒါန်းရသောကြောင့်" ဟု အနက်ပေးလေ၊ အကြွင်း ပဌမ သုဏိသာဝိမာနဝတ္ထုနှင့် အလုံးစုံတူသည်။

ဒုတိယ သုဏိသာဝိမာနဝတ္ထု ပြီး၏။

၁၅။ ဥတ္တရာ ဝိမာနဝ တ္ထု

ငြူစူခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ ဝန်တိုခြင်း မရှိသည့်အပြင် ဥပုသ် သီတင်း စောင့်သုံးလျက် လင့်အလိုလိုက်ကာ ငါးပါးသီလ မြဲမြံခြင်းကြောင့် အခြံအရံ၊ ဂုဏ်သတင်း ကျော်စောခြင်းတို့နှင့် ပြည့်စုံသော ဥတ္တရာနတ်သမီး။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာပေးရာ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပုဏ္ဏမည်သော သူဆင်းရဲသည် ရာဇဂြိုဟ် သူဌေးကို မှီခိုကာ အသက်မွေးရရှာ၏။ မြို့သားတို့ နက္ခတ်သဘင် ပျော်ရွှင်စွာ

http://www.dhammadownload.com

နွဲ့နေကြသော်လည်း မောင်ပုဏ္ဏမှာ ဥတ္တရာမည်သော မယား၊ ဥတ္တရာဟုပင် အမည်ရှိသော သမီးတစ်ယောက်တို့ ရှိသည်။ တစ်နေ့သ၌ ရာဇဂြိုဟ်ပြည်သား တို့သည် "နက္ခတ်ပွဲသဘင်ကို ခုနစ်ရက်ပတ်လုံး မြူးထူးပျော်ပါး ကစားကြကုန်အံ့" ဟု ကြွေးကြော်ကြကုန်၏။ ထိုကြွေးကြော်သံကိုကြား၍ ရာဇဂြိုဟ်သူဌေးသည် နံနက်စောစော ရောက်လာသော မောင်ပုဏ္ဏကို "အမောင်ပုဏ္ဏ ... ငါတို့၏ ခြေရံ လူအပေါင်းသည် နက္ခတ်ပွဲသဘင်ကို ပျော်ရွှင်မြူးထူး လိုကြကုန်၏၊ သင်သည် နက္ခတ်ပွဲသဘင်ကိုပင် ကစားမည်လော၊ ထိုသို့မဟုတ် အခယူကာ အလုပ်ကိုသာ လုပ်မည်လော" ဟု မေးမြန်းလေ၏။ "အရှင်သူဌေးမင်း၊ နက္ခတ်ပွဲသဘင် ပျော်ရွှင်ကစားခြင်းမည်သည်ကား ဥစ္စာရှိသူတို့၏ကိစ္စသာ ဖြစ်သည်၊ အကျွန်ုပ် မှာမူကား ဥစ္စာရှားပါး၍ နက်ဖြန်စားဖို့ ယာဂုကျိုရန် ဆန်မျှလည်း မရှိသေးပါ၊ အကျွန်ုပ်အား နက္ခတ်သဘင် ပျော်ရွှင်ခြင်းဖြင့် အဘယ်အကျိုးရှိနိုင်ပါအံ့နည်း၊ အရှင်သူဌေးမင်းထံမှ နွားတို့ကို ရသည်ရှိသော် လယ်ထွန်သွားပါအံ့" ဟု ပြောကြားလေ၏။

ထိုအခါ သူဌေးက "မောင်ပုဏ္ဏ လယ်ထွန်သွားပြီ၊ နွားတို့ကို ယူလေလော့" ဟု ပြောဆိုလေလျှင် မောင်ပုဏ္ဏသည် သန်မာဝဖြိုးသော နွားတို့ကိုလည်းကောင်း၊ ခိုင်ခံ့ကောင်းမွန်သော ထွန်တုံးထွန်သွားကိုလည်းကောင်း ယူဆောင်၍ "ရှင်မ ... မြို့သူမြို့သားတို့သည် နက္ခတ်ပွဲသဘင် ဆင်ယင်ကစားနေကြကုန်၏၊ ငါသည်ကား ဆင်းရဲနွမ်းပါးလှ၍ အဖိုးအခယူကာ လယ်ထွန်သွားပါအံ့၊ ယနေ့ ငါ၏ အတွက် နှစ်ထပ်စာချက်၍ ထမင်းယူခဲ့ပါ" ဟု မယားအား မှာကြားပြောဆိုပြီး လယ်ထွန်ထွက်သွားလေ၏။

အရှင်သာရိပုတ္တရာ ကြွတော်မူလာခြင်း

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ကို ဝင်စား၍ နိရောဓသမာပတ်မှ ထကာ "ငါသည် ယနေ့ အဘယ်သူအား ချီးမြှောက်မှုကို ပြုအံ့သောဎာ သင့်လျော်ပါသနည်း" ဟု လောကကြီးကို ကြည့်ရှုလတ်သော် မထေရ်ဉာဏ်ကွန်ရက်အတွင်းသို့ ဝင်ရောက်လာသော သူဆင်းရဲ မောင်ပုဏ္ဏကို တွေ့မြင်ရလေ၏။ ထိုအခါ "ဤပုဏ္ဏသည်ကား သဒ္ဓါတရားရှိ၏ လော၊ ငါ့အား လှူဒါန်းမှု ချီးမြှောက်မှုကို ပြုခြင်းဎာ တတ်စွမ်းနိုင်၏လော" ဟု ကြည့်တော်မူ၍ ပုဏ္ဏ၏ သဒ္ဓါတရားရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ပူဇော်

http://www.dhammadownload.com

ချီးမြှောက်မှုကို ပြုခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကိုလည်းကောင်း၊ ပုဏ္ဏအနေဖြင့် ကြီးစွာသော စည်းစိမ်ချမ်းသာ ရရှိနိုင်ခြင်းကိုလည်းကောင်း သိတော်မူကာ ပုဏ္ဏ၏ လယ်ထွန်ရာအရပ်သို့ ကြွသွားတော်မူသည်။ လယ်ထွန်ရာသို့ရောက်သော် ရေတွင်းနှုတ်ခမ်း၌ တစ်ခုသောချဲ့ကို ကြည့်ရှုလျက် ရပ်တော်မူလေ၏။

ဒန်ပူနှင့် သောက်ရေလှူဒါန်းခြင်း

မောင်ပုဏ္ဏသည် မထေရ်မြတ်ကို မြင်လျှင်မြင်ချင်းပင် လယ်ထွန်ခြင်းကို ရပ်တန့်ထားကာ အရှင်သာရိပုတ္တရာမထေရ်ကို ရှိခိုးပြီးလျှင် "မထေရ်မြတ်သည် ဒန်ပူအလိုရှိသည်ဖြစ်အံ့" ဟု ကြံ၍ ဒန်ပူကို အပ်စပ်အောင်ပြုလျက် ကပ်လှူလေ၏။ ထိုအခါ မထေရ်မြတ်သည် ပုဏ္ဏအား သပိတ်ကိုလည်းကောင်း၊ ရေစစ်ကိုလည်းကောင်း ထုတ်၍ ပေးတော်မူလေ၏။ ပုဏ္ဏသည် "သောက်ရေ အလိုရှိသည် ဖြစ်လတ္တံ့" ဟု ထိုသပိတ်နှင့် ရေစစ်ကိုယူ၍ သောက်ရေကို စစ်ပြီးလျှင် ကပ်လှူလေ၏။

မယားကလည်း ဆွမ်းလှူ

မထေရ်မြတ်သည် "ဤပုဏ္ဏကား သူတစ်ပါးတို့ အိမ်နောက်ဖေးဦး နေရ၏၊ အကယ်၍ ငါသည် ပုဏ္ဏ၏ အိမ်တံခါးဝသို့ ကြွသွားအံ့၊ သူ့မယားသည် ငါ့ကို မြင်လိမ့်မည် မဟုတ်၊ ထမင်းပို့လာသည့် အချိန်တိုင်အောင် ဤနေရာ၌ပင်လျှင် ခဏမျှနေဦးအံ့" ဟု အကြံဖြစ်ကာ မထေရ်မြတ်သည် ထိုအရပ်၌ပင်လျှင် ခေတ္တနေတော်မူကာ ပုဏ္ဏ၏မယား ထမင်းပို့လာသောအဖြစ်၌ မြို့တွင်းသို့ ကြွတော်မူလေ၏။

ပုဏ္ဏ၏မယားသည် အရှင်သာရိပုတ္တရာမထေရ်မြတ်ကို မြင်လေလျှင် လှူဖွယ်ရာရှိသော် ဤအရှင်မြတ်ကို မတွေ့မြင်ရ၊ တွေ့မြင်ရပါသော် လှူဒါန်းဖွယ် ဝတ္ထုပစ္စည်းကမရှိ၊ ယနေ့မူ အရှင်မြတ်ကိုလည်း ဖူးမြင်နေရပြီ၊ လှူဖွယ်ပစ္စည်းသည်လည်း ငါ့မှာရှိနေပြီ" ဟု ကြံစည်ကာ ထမင်းတောင်းကိုချ၍ မထေရ်မြတ်ကို ရှိခိုးသည်။ ထို့နောက် လက်တစ်ဖက်ဖြင့် ထမင်းတောင်းကို ကိုင်လျက် လက်တစ်ဖက်ဖြင့် လောင်းလှူမိသည့်အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က "တန်လောက်ပြီ" ဟု လက်တော်ဖြင့် သပိတ်ကို ပိတ်တော်မူလေ၏။

http://www.dhammadownload.com

ထိုအခါ ပုဏ္ဏား၏မယားသည် "အရှင်မြတ်ဘုရား၊ တစ်ယောက်စာအဖို့သာ ရှိသော ထမင်းကို နှစ်ဖြာ 'နှစ်ယောက်စာ' ခွဲခြားငှာ မသင့်ပါ၊ အရှင်ဘုရားတို့၏ တပည့် ကျွန်ုပ်ဏ္ဍာကို ဤပစ္စုပ္ပန်လောကဖြင့် ချီးမြှောက်တော်မမူဘဲ တမလွန်လောကဖြင့် ချီးမြှောက်ခြင်းအမှုကို ပြုတော်မူပါဘုရား၊ အကြင်းအကျန်မထားတောင်းပါမှောက်၍သာ လောင်းလျှုလိုပါ၏ဘုရား" ဟု လျှောက်ထားပြီးလျှင် အလုံးစုံသော ထမင်းတို့ကို အရှင်သာရိပုတ္တရာ၏ သပိတ်တော်ထဲသို့ အကုန်ထည့်လောင်းပြီးလျှင် "အရှင်ဘုရားတို့ သိမြင်ရသော တရားတော်မြတ် နိဗ္ဗာနဓာတ်ကို သိမြင်နိုင်သည် ဖြစ်ရပါလို၏" ဟု ဆုတောင်းလေ၏။

ထိုအခါ မထေရ်မြတ်သည် ဤတောင်းသည့်ဆုအတိုင်း ပြည့်စုံစေ" ဟု ဆိုပြီး၍ ရပ်တော်မူလျက်ပင် အနုမောဒနာ တရားစကားကို ဟောကြားသည်။ ထို့နောက် ရေလွယ်ကူစွာ ရနိုင်ရာအရပ်၌ ထိုင်တော်မူကာ ဆွမ်းဘုဉ်းပေးတော်မူလေ၏။ ပုဏ္ဏား၏ မယားသည်လည်း အိမ်သို့ပြန်သွားကာ ဆန်တို့ကိုရှာ၍ ပုဏ္ဏာအတွက် ထမင်းပြန်ချက်ရလေ၏။

ပျော်နေသူ မောင်ပုဏ္ဏား

မောင်ပုဏ္ဏာသည်လည်း မျိုးကြီလောက်သော ယာ၏ ထက်ဝက်မျှကို ထွန်ပြီးလျှင် ထမင်းဆာလှသဖြင့် နွားတို့ကို ထွန်ထမ်းပိုးမှ ဖြုတ်လွှတ်လိုက်၍ တစ်ခုခုသာ သစ်ပင်ရိပ်သို့ဝင်ကာ ဇနီး၏လာလမ်းကို မျှော်မှန်းလျက် ထိုင်နေလေ၏။

စိတ်ထားတူသူ ဇနီးမောင်နှံ

ထမင်းကိုယူကာ မယားလာသည်ရှိသော် ပုဏ္ဏာကို မြင်လျှင် မြင်ချင်းပင် "ကိုပုဏ္ဏာသည် ထမင်းဆာလောင်လှ၍ ထမင်းပို့လာသော ငါ့ကို ကြည့်မျှော်ကာနေ၏၊ ထမင်းပို့ နောက်ကျလှ၏ဟု ငါ့ကို ကြိမ်းမောင်းငေါက်ငမ်းလျက် နှင်တံတပြာဖြင့် အကယ်၍ ရိုက်နှက်ငြားအံ့၊ ငါပြုသမျှ ကုသိုလ်အဝဝသည် အကျိုးမရှိရတ္ထက ဖြစ်ရာ၏၊ စောစောကပင်လျှင် တင်ကြို၍ ကုသိုလ်ပြုသည့် အကြောင်းကို သူ့အား ပြောကြားအံ့" ဟု ကြံပြီးလျှင် "ကိုပုဏ္ဏာရေ... ယနေ့တစ်ရက်အဖို့တော့ စိတ်ကို ကြည်လင်စွာနေပါ၊ ကျွန်မ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကို အကျိုးမဲ့အောင် မပြုလုပ်ပါနှင့်၊ ကျွန်မသည် နံနက်စောစောကပင်လျှင် ကိုပုဏ္ဏာအတွက် ထမင်းကို ယူဆောင်ကာ ထမင်းပို့ထွက်လာစဉ် လမ်းခရီး၌ ဓမ္မသေနာ

http://www.dhammadownload.com

ပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ဖူးမြင်ရပါသည်၊ ကိုပုဏ္ဏအတွက် ချက်၍လာသော ထမင်းကို ထိုအရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား အကုန်လှူဒါန်းပြီးလျှင် အိမ်သို့ပြန်၍ ချက်ပြီးမှ လာရသောကြောင့် နေမြင့်နေရသည်ကို ကိုပုဏ္ဏ ခွင့်လွှတ်ပါ" ဟု ပြောဆိုလေ၏။ မောင်ပုဏ္ဏသည် "ရှင်မ ... သင်သည် အဘယ်စကားကို ပြောကြားဘိသနည်း" ဟု မေးမြန်းလေလျှင် ထိုစကားကိုပင် တစ်ဖန်ထပ်၍ ပြောကြားသည်ကို ကြားရသောအခါ "ရှင်မ သင်သည် ကောင်းသောအမှုကို ပြုစွတကား၊ ငါ့အတွက်တာဖြစ်သော ထမင်းကို အရှင်သာရိပုတ္တရာ မထေရ်မြတ်အား လှူဒါန်းလိုက်ခြင်းသည် ကောင်းသောပြုခြင်း မည်စွတကား၊ ငါသည်လည်း ထိုအရှင်မြတ်ကိုပင် ယနေ့ နံနက်စောစောက ဒန်ပူနှင့် မျက်နှာသစ်ရေတို့ကို လှူဒါန်းလိုက်ရပါပြီ" ဟု ပြောဆိုလေ၏။ မောင်ပုဏ္ဏသည် မယားဖြစ်သူက တစ်ဖန် စားရန်ယူလာသော ထမင်းကို အကုန်လှူဒါန်းလိုက်ခြင်းကို ပြောသောအခါ လွန်စွာနှစ်သက်မှုဖြစ်ပြီးလျှင် ပို့လာသော ထမင်းကို စားသောက်လေ၏။ နေမြင့်မှ "အချိန်နောက်ကျမှ" ထမင်းကို ရရှိသောကြောင့် ပင်ပန်းနွမ်းနယ်သော ကိုယ်ရှိရကား မယား၏ ရင်ခွင်ပေါ်တွင် ဦးခေါင်းတင်ကာ ကိုပုဏ္ဏ အိပ်ပျော်ရှာလေ၏။

ကောင်းမှု၏အကျိုးကို ခံစားခြင်း

ထိုအခါ စောစောက မောင်ပုဏ္ဏ ထွန်ယက်ထားသောမြေသည် နီသောရွှေဖြစ်ကာ မဟာလှေကားပွင့်ပမာ ဖြစ်နေလေ၏။ မောင်ပုဏ္ဏ အိပ်ရာမှနိုးသော် မယားဖြစ်သူကို "ရှင်မ ... ငါလယ်ထွန်ထားသော မြေများသည် ရွှေများဖြစ်၍ နေသည်ဟု ထင်မိ၏၊ ငါသည် အလွန်နေမြင့်မှ ထမင်းစားရသောကြောင့် ငါ့မျက်စိများ လည်၍နေသလော" ဟု ပြောဆိုလေ၏။

"ကိုပုဏ္ဏ၊ ကျွန်မလည်း ကိုပုဏ္ဏ မြင်သည့်အတိုင်းပင် ထင်မြင်၍ နေပါ၏" ဟု ဆိုလေလျှင် မောင်ပုဏ္ဏသည် ထတဲ့၍ လယ်ထွန်ထားသော နေရာသို့သွားကာ တစ်ခုသော မြေစိုင်ခဲကို ကောက်ယူ၍ ထွန်တုံးဦး၌ ထုနှက်၍ ကြည့်သောအခါ ရွှေစစ်ဖြစ်နေကြောင်းကို သိရသောကြောင့် "ညော် ... အံ့ဖွယ်ရှိစွတကား၊ အရှင်သာရိပုတ္တရာမထေရ်မြတ်အား လှူဒါန်းရသော ဒါနကုသိုလ်သည်ကား ယနေ့ပင် အကျိုးအာနိသံသကို ထင်ရှားဒိဋ္ဌ ပြပေ၏တကား၊ ဤမျှ များပြားလှစွာသော ဥစ္စာများကို ဖုံးကာသိုဝှက် သိမ်းဆည်းလျက်ထားကာ သုံးဆောင်

http://www.dhammadownload.com

ခံစားခြင်းငှာ မတတ်နိုင်သည်သာတည်း" ဟု ကြံပြီးလျှင် မယားယူဆောင်၍လာသော ထမင်းတောင်းကို ရွှေအပြည့်ထည့်သည်။ ထို့နောက် ဗိမ္မိသာရမင်းကြီး၏ နန်းတော်သို့သွားကာ "အရှင်မင်းကြီး၊ ယနေ့၌ ကျွန်တော်မျိုး လယ်ထွန်ရာဌာန၌ အလုံးစုံသော မြေစိုင်ခဲဟူသမျှသည် ရွှေစုရွှေပုံ ဖြစ်နေပါ၏၊ ရွှေများကို ယူဆောင်ခြင်းငှာ သင့်လျော်ပါ၏" ဟု သံတော်ဦး တင်လေ၏။

"အသင်ကား အဘယ်သူနည်း" ဟု မင်းကြီးက မေးမြန်းရာ "အကျွန်ုပ်ကား ပုဏ္ဏအမည်ရှိသူ ဖြစ်ပါ၏ အရှင်မင်းကြီး" ဟု သံတော်ဦးတင်လေလျှင် "သင်ယနေ့ အဘယ်ကုသိုလ်ကောင်းမှုကို ပြုဘိသနည်း" ဟု မေးမြန်းပြန်ရာ "ကျွန်တော်မျိုးသည် အရှင်သာရိပုတ္တရာမထေရ်မြတ်အား နံနက်စောစောက ဒန်ပူ၊ မျက်နှာသစ်ရေတို့ကို ကပ်လှူခဲ့ပါ၏၊ ကျွန်တော်၏ မယားသည်လည်း ကျွန်တော်မျိုး စားရန်အတွက် ချက်ပြုတ်၍ ယူဆောင်လာသော ထမင်းကို ထို အရှင်သာရိပုတ္တရာအားပင် ကပ်လှူခဲ့ပါ၏ဘုရား" ဟို သံတော်ဦးတင်လေ၏။

ရွှေယူရန် လှည်းများစေလွှတ်ခြင်း

ဗိမ္မိသာရမင်းကြီးသည် "အို ... အချင်းတို့၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား လှူဒါန်းရသော အလှူဒါနကား ယနေ့ပင်လျှင် မျက်မြင်အကျိုးထူးကို ပြပေသတတ်" ဟု မိန့်တော်မူပြီးလျှင် "မောင်မင်းတို့၊ အဘယ်သို့ ပြုရမည်နည်း" ဟု မေးမြန်းကာ "များစွာသော လှည်းတို့ကို စေလွှတ်၍ ရွှေများကို သယ်ဆောင်ကြကုန်လော့" ဟု မိန့်တော်မူကာ လှည်းတို့ကို စေလွှတ်လိုက်လေ၏။

မင်းအတွက်ယူသော် ရွှေများ မြေကြီးပြန်ဖြစ်

မင်းချင်းယောကျ်ားတို့သည် "ဤရွှေများကား မင်းကြီး၏ ဥစ္စာတည်း" ဟု ဆိုကာ ယူကြသည်ရှိသော် ယူတိုင်းယူတိုင်းသော ရွှေဟူသမျှသည် မြေစိုင်ခဲချည်းသာ ပြန်၍ ဖြစ်နေလေ၏။ ထိုမင်းချင်းတို့သည် မင်းကြီးအား ပြန်ကြားသံတော်ဦးတင်သည်ရှိသော် "အချင်းတို့၊ သင်တို့ အဘယ်သို့ဆို၍ ယူသနည်း" ဟု မေးမြန်းလေလျှင် "အရှင်မင်းကြီး၏ ဥစ္စာတည်းဟုဆိုကာ ယူကြပါကုန်၏" ဟု သံတော်ဦးတင်လေလျှင် "ထိုသို့ဖြစ်မူကား အမောင်တို့ တစ်ဖန် ပြန်၍ သွားကြကုန်၊ "မောင်ပုဏ္ဏ၏ ဥစ္စာတည်းဟု" ဆိုကာ ယူလာခဲ့ကြကုန်လော့" ဟု မင်းကြီး စေခိုင်း၏။

http://www.dhammadownload.com

ပုဏ္ဏအတွက်ယူသော် မြေကြီးသည် ရွေ့ပြန်ဖြစ်

မင်းချင်းတို့သည် စေနိုင်းသည့်အတိုင်းယူကြရာ ယူတိုင်းယူတိုင်းသော ဥစ္စာသည် ရွှေချည်းသာ ဖြစ်၍နေလေ၏။ ထိုအလုံးစုံသော ရွှေများကို ဆောင်ယူကြပြီးလျှင် မင်းရင်ပြင်၌ စုပုံထားကြရာ ထိုရွှေပုံသည် အတောင်ရှစ်ဆယ် မြင့်လေ၏။

မောင်ပုဏ္ဏအား သူဌေးဆောင်းသည့် ထီးဖြူစီးမြှင့်

မင်းကြီးသည် မြို့သူမြို့သားတို့ကို စုဝေးစေ၍ "ဤမြို့၌ တစ်ဦးတစ်ယောက် သောသူအား ဤမျှအတိုင်းအရှည်ရှိသော ရွှေများရှိပါသလော" ဟု မေးမြန်းလေ၏။ "အရှင်မင်းကြီး မရှိပါ" ဟု သံတော်ဦးတင်ကြကုန်၏။ "ထိုမောင်ပုဏ္ဏအား အဘယ်အရာဝတ္ထုကို ပေးထိုက်ပါသနည်း" ဟု မေးမြန်းလေရာ "အရှင်မင်းကြီး၊ သူဌေးကြီးတို့ဆောင်းသောထီးကို ပေးထိုက်ပါကြောင်း" ထပ်လောင်း၍ သံတော်ဦးတင်ကြကုန်၏။ မင်းကြီးသည် မောင်ပုဏ္ဏအား "ဤမောင်ပုဏ္ဏ၏အမည်ကို ယနေ့မှစ၍ မဟာဓနသူဌေးဟူသော အမည်ဖြစ်စေလော့" ဟု ဘွဲ့ပေးပြီးလျှင် များပြားလှစွာသော စည်းစိမ်ဥစ္စာနှင့်တကွ သူဌေးကြီးတို့သာ ဆောင်းရသော ထီးဖြူ 'သေဋ္ဌိဆတ္တ' ကို ပေးလေ၏။

ထိုအခါ မင်းကြီးအား မဟာဓနသူဌေးဖြစ်သွားသူ ပုဏ္ဏက "အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် သူတစ်ပါးတို့၏ အိမ်၌သာ နေလာခဲ့ရပါ၏။ အကျွန်ုပ်တို့အား နေထိုင်စရာပေးပါကုန်လော့" ဟု လျှောက်ထားသံတော်ဦးတင်လေ၏။ "ထိုသို့ဖြစ်မူကား ကြည့်လော့၊ ဤနေရာသည် ချုံဖြစ်၍နေ၏၊ ထိုချုံကိုရှင်း၍ အိမ်ဆောက်လေလော့" ဟု ရှေးသူဌေးတစ်ဦး၏ အိမ်နေရာဌာနကို ပြောကြား၍ ပေးလေ၏။

ထိုသူဌေးဟောင်း၏ အိမ်နေရာ၌ နှစ်ရက် သုံးရက်အတွင်း၌ပင် အိမ်ကို ဆောက်စေ၍ အိမ်တက်မင်္ဂလာနှင့် ထီးဆောင်းမင်္ဂလာတို့ကို တစ်ပြိုင်နက်ပြုလျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်ပေါင်းအား အလှူဒါနကို ပြုလေ၏။

သားမိသားဖသုံးယောက် သောတာပန်ဖြစ်ကြ

ထိုအခါ ဘုရားရှင်သည် သူဆင်းရဲဟောင်း ဖြစ်ခဲ့ဖူးသည့် မဟာဓနပုဏ္ဏသူဌေးအား ပေးကမ်းလှူဒါန်းအပ်သော အလှူဒါနအားလျော်သော ဝမ်းမြောက်ဖွယ်ရာ ဒါနာနုမောဒနာတရာ ကို ဟောကြားသည်။ တရားတော်မြတ် ဟောကြား

http://www.dhammadownload.com

တော်မူအပ်ပြီးသည်၏ အဆုံး၌ ပုဏ္ဏသူဌေးနှင့် သူဌေးကတော်ကြီးရော၊ ထိုပုဏ္ဏသူဌေးသမီး ဥတ္တရာပါ ဤသုံးယောက် သောတာပန် တည်ကြလေကုန်၏။

မိစ္ဆာဒိဋ္ဌိတို့ထံ သမီးကိုမပေးနိုင်

နောက်မကြာမီ ရာဇဂြိုဟ်သူဌေးသည် ပုဏ္ဏသူဌေး၏သမီး ဥတ္တရာကို သူ၏သားအတွက် တောင်းရမ်းလေ၏။ ပုဏ္ဏသူဌေးက "အကျွန်ုပ် မပေးနိုင်ပါ" ဟု ဆိုလတ်သော် "ဤသို့ မပြောဆိုပါလင့်၊ ဤမျှလောက်သော ကာလပတ်လုံး ငါတို့ကို အမှီပြု၍ နေရသဖြင့်သာ သင်၏ စည်းစိမ်ချမ်းသာကို ရခဲ့ပါ၏၊ ထို့ကြောင့် သင်၏သမီးကို ငါ၏သားအတွက် ပေးပါလော့" ဟု တောင်းရမ်းပြောဆိုလေလျှင် ပုဏ္ဏသူဌေးက "သင်တို့ကား မိစ္ဆာဒိဋ္ဌိ 'မှားသောအယူကို ယူကြသူ' တို့ ဖြစ်သည်၊ အကျွန်ုပ်၏ သမီးသည်ကား ရတနာသုံးပါးတို့နှင့် ကင်း၍နေခြင်း မနေနိုင်ပါ၊ သို့အတွက် သင်၏သားဖို့ရာ ကျွန်ုပ်သမီး ဥတ္တရာကို လုံးဝမပေးနိုင်ပါ" ဟု ပြောဆိုလေ၏။

ထိုအခါ သူဌေးအစရှိသော အမျိုးကောင်းသားတို့က "အဆွေပုဏ္ဏ၊ သင်သည် ထိုရာဇဂြိုဟ်သူဌေးနှင့် မိတ်မပျက်ပါစေလင့်၊ ထိုရာဇဂြိုဟ်သူဌေး၏ သားအတွက် သမီးကိုပေးလိုက်ပါ" ဟု တောင်းပန်ကြကုန်၏။ ပုဏ္ဏသူဌေးသည် အမျိုးကောင်းသားတို့က တိုက်တွန်းသောကြောင့် ဝါဆိုလပြည့်နေ့၌ သမီးဥတ္တရာကို ရာဇဂြိုဟ်သူဌေး၏သားအား ပေးလိုက်လေ၏။

သမီး စိတ်ဆင်းရဲရ

ဥတ္တရာသည် ယောကျ်ား၏အိမ်သို့ လိုက်၍နေရသော ကာလမှစ၍ ရဟန်းယောကျ်ားကိုလည်းကောင်း၊ ရဟန်းမိန်းမကိုလည်းကောင်း၊ ဆည်းကပ်ကာ လျှဒါန်းပေးကမ်းခြင်းငှာလည်းကောင်း၊ တရားနာအံ့သောငှာလည်းကောင်း အခွင့်မရတော့ချေ။ နှစ်လခွဲလွန်သွားသော် မိမိ၏အနီး၌ရှိသော အခြွေအရံ အလုပ်အကျွေးတို့ကို "ယခု ဝါတွင်းအခါကာလ အဘယ်မျှလောက် ကြွင်းကျန်သေးသနည်း" ဟု မေးမြန်းလေ၏။ "အရှင်မ၊ ဆယ့်ငါးရက် ကြွင်းကျန်ပါသေး၏" ဟု ပြောကြားကြလေလျှင် ဥတ္တရာသည် မိဖတို့၏ထံသို့ စာဖြင့် မွေးသဖခင် ကျေးဇူးရှင်တို့၊ သမီးကို မိစ္ဆာဒိဋ္ဌိတို့ အိမ်အတွင်းသို့ အဘယ်ကြောင့် သွတ်သွင်း၍ ထားကြပါသနည်း၊ ကျေးဇူးရှင်တို့သည် သမီးကို သံပူတံဆိပ် ခတ်နှိပ်လျက် သူတစ်ပါး၏ ကျွန်အဖြစ်

http://www.dhammadownload.com

ကြေညာလိုက်ခြင်းက ဤအိမ်၌နေတာနှင့်စာလျှင် ကောင်းမြတ်ပါသေး၏၊ ဤသို့ မိစ္ဆာအယူရှိသူ၏အိမ်သို့ မပေးသင့်ပါ၊ ရောက်သောအခါကာလမှစ၍ ယနေ့တိုင် အောင် ရဟန်းသံဃာတော်ကို ဖူးမြင်ရခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့တွင် တစ်ခုသော ကုသိုလ်ကောင်းမှုကိုမျှ ပြုခွင့်မရပါ"။

ပြည့်တန်ဆာ ငှားထားခဲ့ဖို့ ဖခင်က ငွေပို့

ထိုသတင်းစကားကြောင့် ဥတ္တရာ၏ဖခင်သည် "ငါ၏သမီးသည် ဆင်းရဲစွ တကား" ဟု စိတ်မချမ်းသာဖြစ်လျက် "ချစ်သမီး၊ ဤရာဇဂြိုဟ်ပြည်၌ သိရိ မာမည်သော ပြည့်တန်ဆာမရှိ၏၊ ထိုသိရိမာသည် တစ်နေ့လျှင် တစ်ထောင် ယူ၏၊ ဤပို့လိုက်သော အသပြာ တစ်သောင်းငါးထောင်တို့ဖြင့် သိရိမာကို ငှား ရမ်း၍ သင်၏လင်ထံ အပ်နှင်းထားခဲ့ပြီး သမီးကိုယ်တိုင် အလိုရှိတိုင်း ကုသိုလ် ကောင်းမှုတို့ကို ပြုပါလော့" ဟု မှာကြား၍ အသပြာ တစ်သောင်းငါးထောင်တို့ ကိုပါ ပို့လိုက်လေ၏။

လင်ကလည်း သိရိမာကိုလက်ခံ

ဥတ္တရာသည်လည်း ဖခင် မှာကြားလိုက်သည့်အတိုင်း ပြုလုပ်စီမံစဉ် သူ၏ လင်သည် သိရိမာကို မြင်သည်ရှိသော် "ဤမိန်းမကို အဘယ့်ကြောင့် ခေါ်လာပါ သနည်း" ဟု မေးလေ၏။ ဥတ္တရာသည် "အရှင်သား၊ ဤမိန်းမကား ကျွန်မ၏ မိတ်ဆွေပါ၊ အရှင်သားအား လဝက်တိုင်တိုင် ခစားလုပ်ကျွေးစေရန် ရည်ရွယ်ကာ ခေါ်လာပါ၏၊ ကျွန်မသည် ဤတစ်ဆယ့်ငါးရက်တိုင်တိုင် လှူဒါန်းမှုကိုလည်း ပြုလိုပါ၏၊ တရားတော်ကိုလည်း နာကြားလိုပါ၏" ဟု ခွင့်ပန်စကား ပြောကြား လေ၏။ လင်ယောကျ်ားဖြစ်သူသည် ရုပ်အဆင်း လှပတင့်တယ်သော သိရိမာကို မြင်ရလျှင် ချစ်ခင်နှစ်သက်သော စိတ်ရှိ၍ "ကောင်းပေပြီ" ဟု ဝန်ခံလေ၏။

ဥတ္တရာသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို "ဤ တစ်ဆယ့်ငါးရက်အတွင်း၌ အခြားသောအရပ်သို့ ကြွတော်မမူဘဲ ဤအိမ်၌သာ ဆွမ်းခံတော်မူပါဘုရား" ဟု ပင့်ဖိတ်လျှောက်ထားသည်။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့တိုင်အောင် ဘုရားရှင်ကို ပြုစုလုပ်ကျွေးခွင့်နှင့် တရားတော် နာယူခွင့်ရပေပြီ" ဟု သူမသည် နှစ်သက်ဝမ်းမြောက်သောစိတ်ဖြစ်လျက် "ယာဂု ကို ဤသို့ ကျိုကြကုန်၊ ဆွမ်းကို ဤသို့ ချက်ကြကုန်၊ မုန့်ကို ဤသို့ ကြော်ကြ ကုန်" ဟု မီးဖိုချောင်၌ ကျွန်မများကို စီမံလျက်နေလေ၏။

http://www.dhammadownload.com

ဥတ္တရာကို ကြည့်လိုက်သော်

ဥတ္တရာ၏ ခင်ပွန်းယောကျ်ားသည် သီတင်းကျွတ်လဆန်း ၁၄ ရက် မဟာပဝါရဏာအဖိတ်နေ့၌ လေသာပြတင်း၌ရပ်ကာ "အမိုက်မ ဥတ္တရာသည် အဘယ်အမှုကို ပြုလုပ်လျက် လှည့်လည်သွားလာ၍ နေဘိသနည်း" ဟု ကြည့်ရှုသည်ရှိသော် ချွေးတစိုစို ပြာအလူးလူး မီးသွေးအလိမ်းလိမ်းဖြင့် အဖြာဖြာကိစ္စကို စီမံသွားလာ၍နေသော ဥတ္တရာကို မြင်ရလေလျှင် "အမိုက်မ ဥတ္တရာသည် ဤသို့သော အရပ်၌နှ၌ အလွန်ကောင်းမြတ်လှသော စည်းစိမ်ချမ်းသာကိုကား မခံစားဘဲ ဦးပြည်းခေါင်းတုံး ရဟန်းများကိုကား ပြုစုလုပ်ကျွေးအံ့" ဟု ကြံစည်ကာ ဝင်ထွက်သွားလာနေဘိ၏" ဟု ပြုံးရယ်လျက် ဖဲသွားလေ၏။

အင်္ဂါးမယားဘဝကို မေ့ထားကာ

သူဌေးသား ဖဲသွားသည်ရှိသော် ထိုသူဌေးသား၏ အနီး၌နေသော သိရိမာသည် "ဤသူဌေးသားသည် အဘယ်ကိုကြည့်၍ ပြုံးသနည်း" ဟု သိရန် သူဌေးသား ကြည့်သော ပြတင်းမှပင် ကြည့်ရှုသည်ရှိသော် ဥတ္တရာကို မြင်ရလေ၏။ "ဤဥတ္တရာကိုကြည့်ကာ ပြုံးရွှင်၏၊ ဧကန် ဤဥတ္တရာနှင့် ပေါင်းဖော်ခြင်းရှိ၏" ဟု ကြံစည်လေ၏။ သိရိမာသည် လဝက် တစ်ဆယ့်ငါးရက်မျှ ထိုအိမ်၌ အင်္ဂါးမယားအဖြစ် နေရသော်လည်း အင်္ဂါးမယားဘဝ သတိမရတော့။ "ငါကား အိမ်ရှင်မတည်း" ဟု မှတ်ထင်နေသည်။ ထို့ကြောင့် ဥတ္တရာအား ရန်ငြိုးထား၍ "ဥတ္တရာ မချမ်းမသာဖြစ်စေအံ့ဟု ပြာသာဒ်မှ ဆင်းသက်ကာ စားဖိုဆောင်သို့ ဝင်လျက် မုန့်ကြော်နေရာဌာန၌ ကျိုက်ကျိုက်ဆူသော ထောပတ်ပူကို ယောက်ချို့ဖြင့် ခပ်ယူပြီးလျှင် ဥတ္တရာ၏ထံသို့ သွားလေ၏။

မေတ္တာကြောင့် ထောပတ်ပူသည် ရေခဲဖြစ်

ဥတ္တရာသည် သူ့ဆီသို့လာနေသော သိရိမာကိုမြင်လျှင် "ငါ၏သူငယ်ချင်း သိရိမာသည် ငါ့အား ကျေးဇူးများလှ၏၊ စကြဝဠာသည်လည်း အလွန်ကျဉ်းသေ၏၊ ဖြတ်သွားပြည်သည်လည်း နီမ့်၍နေ၏၊ ငါ့သူငယ်ချင်း သိရိမာ၏ ဂုဏ်ကျေးဇူးသည်ကား အလွန်ကြီးမား များပြားဘိ၏၊ ငါသည် ဤသိရိမာကို အမှီပြုကာ လျှဒါန်းခွင့်နှင့် တရားနာခွင့်ကို ရပေ၏၊ အကယ်၍ ဤသိရိမာအပေါ် အမျက်ဒေါသ ထွက်ငြားအံ့၊ ဤထောပတ်သည် မပူမလောင် အေးမြစေသတည်း" ဟု

http://www.dhammadownload.com

မေတ္တာဓာတ်ဖြင့် ဖြန့်လျက်နေလေ၏၊ သိရိမာသည် ဥတ္တရာ၏ ဦးခေါင်းထက်၌ ကျိုက်ကျိုက်ဆူပူလှသော ထောပတ်ဖြင့် လောင်းလိုက်သော်လည်း ထောပတ်သည် အေးမြသော ရေခဲပမာ ဖြစ်သွားလေ၏။

နောက်တစ်ကြိမ် ထပ်လောင်းရန် ကြိုးစားသော်

ထောပတ်သည် အေးသွား၍ မပူခြင်းဖြစ်မည်ဟု စဉ်းစားကာ နောက်တစ်ကြိမ် ထောပတ်ပူဖြင့် ထပ်လောင်းရန် ယောက်ချိုဖြင့်ခပ်ကာ ထပ်၍ယူလာသည်ကို ဥတ္တရာ၏ ကျွန်မတို့ မြင်ကြ၍ "ဟယ် ... မိတ်ဆွေဖျက်မ၊ နင်သည် ငါတို့အရှင်မ ဦးခေါင်းပေါ်၌ ကျိုက်ကျိုက်ဆူပူသော ထောပတ်ကို သွန်းလောင်းထိုက်သလော" ဟု ကြိမ်းမောင်းချောက်လှန့်ကြကုန်လျက် ထိုမှ ဤမှ ထလာကြပြီးလျှင် လက်တို့ဖြင့်လည်းကောင်း၊ ခြေတို့ဖြင့်လည်းကောင်း ထောင်းထုရိုက်ကန်ကြကုန်၏။

ဥတ္တရာသည် "ငါ၏ချစ်ဆွေမကို မရိုက်မနှက်ကြပါကုန်လင့်" ဟု တားမြစ်သော်လည်း မရသဖြင့် သိရိမာအပေါ်၌ ရပ်လျက် ကျွန်မတို့ကို တားမြစ်သည်။ သိရိမာကိုလည်း "သင်သည် အဘယ့်ကြောင့် ဤသို့ ကြီးလေးသောအမှုကို ပြုလုပ်ကျူးလွန်ဘိသနည်း" ဟု ဆုံးမသြဝါဒပေးကာ ရေနွေးဖြင့် ရေချိုးစေသည်။ အကြိမ်တစ်ရာ ချက်ပြီးသောဆီဖြင့်လည်း လိမ်းပေးလေ၏။

သိရိမာက တောင်းပန်

ထိုအခါမှ သိရိမာသည် မိမိ၏ အငှားမယားအဖြစ်ကိုသိကာ "ငါသည် ကြီးလေးသောအပြစ်ကို ပြုလုပ်လွန်ကျူးမိချေ၏၊ လင်ယောကျ်ားဖြစ်သူ၏ ပြုးရယ်ခြင်းမျှကို အကြောင်းပြုကာ ဤဥတ္တရာ၏အပေါ်၌ ကျိုက်ကျိုက်ဆူသော ထောပတ်ပူကို သွန်းလောင်းမိသော ငါ့အား ဤဥတ္တရာသည် 'သိရိမာကို ဖမ်းကြကုန်လော့' ဟု မစေခိုင်းသည့်အပြင် ရိုက်နှက်ညှဉ်းဆဲ နှိပ်စက်ကြသောအခါ၌လည်း အားလုံးသော ကျွန်မတို့ကို တားမြစ်ကာဆီးလျက် ငါ့အား ယုယုယယ ပြုသင့်သမျှသော ကယ်မခြင်းကိုပင် ပြုရှာသေး၏၊ ငါသည် ဤဥတ္တရာကို တောင်းပန်မှု မပြုကြားအံ့၊ ငါ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏" ဟု ကြပြီးလျှင် ဥတ္တရာ၏ ခြေရင်း၌ ဝပ်စင်းလျက် "အရှင်မ၊ ကျွန်မ၏အပြစ်ကို သည်းခံပါလော့" ဟု ကန်တော့တောင်းပန်လေ၏။

http://www.dhammadownload.com

ဖခင်နှစ်မျိုး

ဥတ္တရာက "ငါသည် ဖခင်ရှိသော သမီးတည်း၊ ငါ၏ဖခင်ကို ကန်တော့သည်ရှိသော် ငါကျေနပ်ပါ၏" ဟု ဆိုလေ၏။ "အရှင်မ ရှိပါစေ၊ သင်၏အဖ ပုဏ္ဏသူဌေးကိုလည်း ကန်တော့ပါအံ့" ဟု ဆိုလေလျှင် "ငါ၏အဖ ပုဏ္ဏသူဌေးသည်ကား ဝဋ်ဆင်းရဲ၌ ဖြစ်စေတတ်သော ဖခင်တည်း၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ဖခင်ကို ကန်တော့မှသာလျှင် ငါကျေနပ်အံ့" ဟု ဆိုပြန်လျှင် "သင်၏ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ဖခင်ကား အဘယ်သူနည်း" ဟု သိရိမာက မေးသည်၊ ဥတ္တရာက ငါ၏ ဝဋ်သုံးပါးမှ လွတ်မြောက်စေတတ်သော ဖခင်ကား သစ္စာသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ပင်တည်း" ဟု ညွှန်ပြလေ၏။

ဘုရားရှင်ကို ကန်တော့ပါ

"သင်၏ဖခင် ဘုရားရှင်နှင့် ငါကား အကျွမ်းဝင်ခြင်းမရှိပါ၊ အဘယ်သို့ပြုလုပ်ရမည်နည်း" ဟု မေးမြန်းလေလျှင် "ဘုရားရှင်သည် မနက်ဖြန်နံနက် ရဟန်းသံဃာကို ခေါ်ဆောင်ကာ ဤနေရာသို့ ကြွလာတော်မူလိမ့်မည်၊ သင်သည် ရနိုင်သော ပူဇော်ဖွယ်ကို ယူဆောင်၍ ဤနေရာသို့ပင် လာလျက် ဘုရားရှင်ကို ကန်တော့ပါ" ဟု ဆိုလေ၏။

သိရိမာသည် "ကောင်းပါပြီ" ဟု ဆိုကာ သူ့အိမ်သို့သွား၍ အလုပ်အကျွေးမိန်းမများကို အထူးထူး အဖုံဖုံသော သောက်ဖွယ် ခဲဖွယ်စားဖွယ်အစုံတို့ကိုလည်းကောင်း၊ ဟင်းလျာတို့ကိုလည်းကောင်း စီမံစေပြီးလျှင် ထိုစီမံထားသော ပူဇော်ဖွယ်အစုံကို ယူဆောင်ကာ ဥတ္တရာ၏ အိမ်သို့လာသည်။ ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်း၏ သပိတ်၌ ထည့်လောင်းခြင်းငှာ မဝံ့သည်ဖြစ်၍ သိရိမာသည် ရပ်လျက်နေလေလျှင် လှူဒါန်းဖွယ်အဖုံဖုံကို ဥတ္တရာသည်ပင် ယူဆောင်ပြီးလျှင် လှူဒါန်းလေ၏။

သူ့အပြစ်ကို သိရိမာက ရှင်းလင်းလျှောက်ထား

ဘုရားရှင် ဆွမ်းဘဉ်းပေးပြီးသောအခါ သိရိမာသည် အခြွေအရံ မိန်းမငါးရာနှင့်အတူ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းလျက်နေလေ၏။ ဘုရားရှင်သည် "သင့်မှာ အဘယ်အပြစ်ရှိသနည်း" ဟု သိရိမာကို မေးတော်မူလေလျှင် "အရှင်

http://www.dhammadownload.com

ဘုရား၊ တပည့်တော်မသည် ယမန်နေ့က ဥတ္တရာကို ကျိုက်ကျိုက်ဆူသော ထောပတ်ပူဖြင့် လောင်းမိပါ၏၊ ထိုအခါ ဥတ္တရာသည် တပည့်တော်မကို ညှဉ်းပန်းနှိပ်စက်နေကြသော ကျွန်မတို့ကို ဖယ်ရှားတားဆီးလျက် တပည့်တော်မအတွက် ကျေးဇူးရှင်ပီသစွာ ချမ်းသာမှုရအောင် လုပ်ဆောင်ကယ်တင်ခဲ့ပါ၏၊ တပည့်တော်မသည် ဥတ္တရာ၏ ဂုဏ်ကျေးဇူးကို သိတတ်သဖြင့် ဥတ္တရာကို တောင်းပန်ကန်တော့ပါသည်။ ဥတ္တရာသည် 'ဘုရားရှင်အား တောင်းပန်ဝန်ချ ကန်တော့မှသာ ကျေနပ်နိုင်ပါအံ့' ဟု ဆိုပါ၏၊ ဘုရား" ဟု လျှောက်ထားလေသည်။

ဥတ္တရာက သူ့သဘောကိုလျှောက်ထား

ထိုအခါ ဘုရားရှင်က ဥတ္တရာကို "ချစ်သမီး ဥတ္တရာ၊ သိရိမာပြောသည့်အတိုင်း မှန်သလော" ဟု မေးမြန်းရာ "ပြောသည့်အတိုင်း မှန်ပါ၏၊ ဘုရား" ဟု ဥတ္တရာက လျှောက်ထားလေ၏။ "သိရိမာက ထောပတ်ပူဖြင့် လောင်းသောအခါ သင်၏စိတ်မှာ အဘယ်သို့ဖြစ်သနည်း" ဟု မေးတော်မူပြန်လေလျှင် "အရှင်ဘုရား၊ တပည့်တော်သည် စကြဝဠာသည်ကား ကျဉ်းမြောင်းသေး၏၊ ဗြဟ္မာ့ပြည်သည်လည်း အလွန်နိမ့်တုံသေး၏၊ ငါ၏ မိတ်သဟာ သိရိမာ၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပေ၏၊ အကျွန်ုပ်သည် ဤသိရိမာကို အမှီပြုကာ အလှူဒါနပြုခွင့်နှင့် တရားရှုနာကြားခွင့် ရခဲ့ပါ၏၊ အကယ်၍ အကျွန်ုပ်သည် သိရိမာ၏အပေါ်၌ အမျက်ဒေါသရှိခဲ့အံ့၊ ဤထောပတ်ပူသည် ငါ့ကို ပူလောင်စေသတည်း၊ အကယ်၍ အမျက်ဒေါသ မရှိခဲ့ငြားအံ့၊ ထောပတ်ပူသည် မပူမလောင် အေးမြစေသတည်းဟု ကြံကာ သိရိမာ၏အပေါ်၌ မေတ္တာဖြင့် ဖြန့်လွှမ်း၍ နေပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

အောင်စေတတ်သည့် လက်နက်များ

ဘုရားရှင်သည် "ချစ်သမီး ဥတ္တရာ၊ သာဓု သာဓု၊ ဤကဲ့သို့ အမျက်ဒေါသကို အောင်နိုင်ရာ၏၊ ဤအမျက်ဒေါသ ဖြစ်လာလျှင် မေတ္တာလက်နက်ဖြင့် အောင်နိုင်ရာ၏၊ ဆဲရေးသောသူကို ပြန်၍ မဆဲရေးသောအားဖြင့် အောင်နိုင်ရာ၏၊ ခြိမ်ခြောက်သောသူကို မခြိမ်းခြောက်ခြင်းဖြင့် အောင်နိုင်ရာ၏၊ ခက်ထန်ဝန်တိုနှမြောပိုသောသူကို အနှမြောမရှိ မိမိ၏ဥစ္စာကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏၊ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်း စကားဖျင်း ပြောသောသူကို မှန်ကန်သော

http://www.dhammadownload.com

စကား ပြောသောအားဖြင့် အောင်နိုင်ရာ၏" ဟု ဟောကြားပြသ ဆုံးမတော်မူလို သဖြင့် ဤသို့ မိန့်ကြားတော်မူလေ၏။

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

ကောဓံ၊ အမျက်ထွက်သောသူကို။ အက္ကောဓေန၊ အမျက်မထွက်သဖြင့်။ ဇိနေ၊ အနိုင်ယူကာ အောင်မြင်ရာ၏။ အသာဓုံ၊ မကောင်းသူကို။ သာဓုနာ၊ ကောင်းစွာပြုခြင်းဖြင့်။ ဇိနေ၊ အနိုင်ယူကာ အောင်မြင်ရာ၏။ ကဒရိယံ၊ လူစေးနဲကို။ ဒါနေန၊ နမြှောမှုကင်း ပေးကမ်းခြင်းဖြင့်။ ဇိနေ၊ အောင်မြင်ရာ၏။ အလိကဝါဒိနံ၊ မဟုတ်မမှန် ပြောကြားသူကို။ သစ္စေန၊ အမှန်စကား ပြောကြားခြင်းဖြင့်။ ဇိနေ၊ အောင်မြင်ရာ၏။

ဤသို့ ဟောတော်မူပြီးနောက် သစ္စာလေးပါး မြတ်တရားကို ဟောကြားပြသပြန်ရာ တရားကြားနာပြီးသည်၏ အဆုံး၌ သူဌေးသမီး ဥတ္တရာသည် သကဒါဂါမိဖိုလ်၌ တည်လေ၏၊ ဥတ္တရာ၏ခင်ပွန်း နန္ဒသည်လည်းကောင်း၊ ယောက္ခမဖြစ်သူ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည်လည်းကောင်း ဧကာတပတ္တိဖိုလ်ကို မျက်မှောက်ပြုကြကုန်၏။ သိရိမာနှင့်တကွ အခြေအရံ မိန်းမငါးရာတို့သည်လည်း သောတာပန် ဖြစ်ကြကုန်၏။ နောင်အခါ စုတေကွယ်လွန်သော် ဥတ္တရာသည် တာဝတိံသာနတ်ပြည်၌ ဥတ္တရာနတ်သမီး ဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းခြင်း

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီကြွချီတော်မူသည်ရှိသော် ဥတ္တရာနတ်သမီးကို တွေ့မြင်ရ၍ ဤသို့ မေးမြန်းတော်မူလေ၏။

နံပါတ် ၁၂၄-၅-၆-၇ ဂါထာများ၏အနက်သည် ဒီပဝိမာနဝတ္ထုပါ ၇၅-၆-၈-၇၉ ဂါထာများ၏ အနက်နှင့်တူသည်။

၁၂၈။ ကုဿာ စ မဏ္ဍေရမထော ပဠာသော၊
နာဟောသိ မယှံ ဃရမာဝသန္တိယာ။
အက္ကောဓနာ ဘတ္တုဝသာနုဝတ္တိနီ၊
ဥပါသထေ နိစ္စဟာမပွမတ္တာ။

http://www.dhammadownload.com

၁၂၈။ ဃရံ၊ အိမ်ဂေဟာဠ်။ အာဝသန္တီယာ၊ နေသော၊ မယုံ၊ ဥတ္တရာဟု သညာမှည့်ခေါ် တပည့်တော်အား။ ဣသာ စ၊ သူတစ်ပါး၊ တို့အား စိတ်ထား၊ မဖြူ ငြူစူခြင်း ဣသာသည်လည်းကောင်း၊ အထော၊ ထိုမှတစ်ပါး။ မစ္ဆေရ၊ စောင်း မြောင်းခြင်း မစ္ဆရိယသည်လည်းကောင်း။ ပဠာသော စ၊ ဖက်ပြိုင်ခြင်း ပဠာသသည် လည်းကောင်း။ နဟောသိ၊ မဖြစ်ဘူးခဲ့ပါဘုရား။ အက္ကောဓနော၊ စိတ်မဆိုးသည် ဖြစ်၍။ ဘတ္တုဝသာနုဝတ္တိနီ၊ လင်၏အကြိုက် အလိုလိုက်လျက်။ ဥပေါသထော၊ ဥပုသ်နေ့ဠ်။ နိစ္စံ၊ မလပ်မစဲ အမြဲသာလျှင်။ အပ္ပမတ္တာ၊ မမေ့ရာဘဲ။ ဥပေါသထံ၊ ညစ်ခကြားမတင် သူတော်စင်တို့ ပျော်ရွှင်ပွားတိုး ဥပုသ်မျိုးကို။ အဟံ၊ ဥတ္တရာ တွင်ခေါ် တပည့်တော်သည်။ ဥပဝသံသဳ၊ အသက်ထက်ဆုံး ကျင့်သုံးခဲ့ပါသည် ဘုရား။

၁၂၉။ စာတုဒ္ဒသိ̀ ပဉ္စဒသိ̀၊ ယာ စ ပက္ခသ အဋ္ဌမိ၊
ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဂတံ။

၁၂၉။ ပက္ခသ၊ လဆန်းလဆုတ် ပက္ခ၏။ စာတုဒ္ဒသိ̀၊ တစ်ဆယ့်လေးရက် မြောက်သော ဥပုသ်နေ့ဠ်လည်းကောင်း။ ပဉ္စဒသိ̀၊ တစ်ဆယ့်ငါးရက်မြောက်သော ဥပုသ်နေ့ဠ်လည်းကောင်း။ ယာ စ အဋ္ဌမိ၊ အကြင် ရှစ်ရက်မြောက်သော ဥပုသ် နေ့ဠ်လည်းကောင်း။ ပါဋိဟာရိယပက္ခဉ္စ၊ ဥပုသ်နေ့တို့၏ အဝင်ရက် အထွက်ရက် ဟူသော အကြိုနေ့ အပိုနေ့ဠ်လည်းကောင်း။ အဋ္ဌင်္ဂသုသမာဂတံ၊ အင်္ဂါရှစ်ဖြာ ပြည့်စုံစွာသော ဥပုသ်သီလနှင့် ကောင်းစွာကျန ပြည့်စုံခဲ့ပါ၏ဘုရား။

၁၃၀။ ဥပေါသထံ ဥပဝသိသံ၊ သဒါ သီလေသု သံဝုတာ၊
သညမာ သံဝိဘာဂါ စ၊ ဝိမာနံ အာဝသာမဟံ။

၁၃၀။ ဥပေါသထံ၊ ဥပုသ်သီလကို။ ဥပဝသိသံ၊ ကျင့်သုံးဆောက်တည်ခဲ့ ပါ၏။ သဒါ၊ အခါခပ်သိမ်း။ သီလေသု၊ ဥပုသ်သီလတို့ဠ်။ ဝါ၊ ဥပုသ်သီလတို့ ကို။ သံဝုတာ၊ မကျိုးပေါက်အောင် စောင့်ရှောက်ဆောက်တည်ခဲ့ပါ၏။ သညမာ၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို စောင့်သုံးသိမ်းသိမ်းခဲ့ပါ၏။ သံဝိဘာဂါ စ အမြဲတစေ ခွဲဝေပေးကမ်း လှူဒါန်းခဲ့ပါ၏။ တသ္မာ၊ ထိုသို့ပြုဖူး အထူးထူးသော ကုသိုလ်ကြောင့်။ အဟံ၊ ဥတ္တရာတွင်ခေါ် တပည့်တော်သည်။ ဝိမာနံ၊ လွန်စွာ ဆန်းကြယ် ဗိမာန်လယ်ဠ်။ အာဝသာမိ၊ နေထိုင်ရပါ၏ဘုရား။

http://www.dhammadownload.com

၁၃၁။ ပါဏာတိပါတာ ဝိရတာ၊ မုသာဝါဒါ စ သညတာ၊
ထေယျာ စ အတိစာရာ စ၊ မဇ္ဇပါနာ စ အာရကာ။

၁၃၁။ အဟံ၊ ဥတ္တရာတွင်ခေါ် တပည့်တော်သည်။ ပါဏာတိပါတာ၊ သူများ အသက် ထိုးခုတ်သတ်ဖြတ်ခြင်းမှ။ ဝိရတာ၊ အမြဲအစဉ် ရှောင်ကြဉ်ခဲ့ပါ၏။ မုသာဝါဒါ စ၊ မဟုတ်မမှန် လုပ်ကြံပြောကြားခြင်းမှလည်း။ သညတာ၊ စောင့်စည်းခဲ့ပါ၏။ ထေယျာ စ၊ ဥစ္စာအရှင် ခွင့်မပေးသော သူ့ဥစ္စာကို ခိုးဝှက်လုယူခြင်းမှလည်းကောင်း။ အတိစာရာ စ၊ ယောကျ်ားတစ်ပါးနှင့် သွားလာလွန်ကျူးး၍ ကျင့်ခြင်းမှလည်းကောင်း။ မဇ္ဇပါနာစ၊ သေအရက်ကို သောက်စားခြင်းမှလည်း အာရကာ၊ ဝေးစွာအစဉ် ရှောင်ကြဉ်ခဲ့ပါ၏ဘုရား။

၁၃၂။ ပဋ္ဌသိက္ခာပဒေ ရတာ၊ အရိယသစ္စာန ကောဝိဒါ၊
ဥပါသိကာ စက္ခုမတော၊ ဂေါတမဿ ယသဿိနော။

၁၃၂။ အဟံ၊ ဥတ္တရာတွင်ခေါ် တပည့်တော်သည်။ ပဋ္ဌသိက္ခာပဒေ၊ ငါးပါးသော သီလတော်မြတ်၌။ ရတာ၊ အစဉ်ပျော်မွေ့ စောင့်သုံးလေ့ ရှိခဲ့ပါ၏။ အရိယသစ္စာနကောဝိဒါ၊ အရိယသစ္စာ ဒေသနာ၌ လိမ္မာခဲ့ပါ၏။ စက္ခုမတော၊ စက္ခု ငါးဖုံနှင့် ပြည့်စုံတော်မူထသော။ ယသဿိနော၊ များသောအခြံအရံ အကျော်အစော ရှိတော်မူထသော။ ဂေါတမဿ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၏။ ဥပါသိကာ၊ အမြဲမပြတ် ဆည်းကပ်လေ့ရှိပါသော ဥပါသိကာမသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူးပါသည်ဘုရား။

၁၃၃။ သာဟံ သကေန သီလေန၊ ယသသာ စ ယသဿိနီ၊
အနုဘောမိ သကံ ပုညံ၊ သုခိတာ စမှိ'နာမယာ။

၁၃၃။ အဟံ၊ ဥတ္တရာတွင်ခေါ် တပည့်တော်သည်။ သကေန၊ မိမိကိုယ်ပိုင်ဖြစ်သော။ သီလေန စ၊ မြတ်သီလဖြင့်လည်းကောင်း။ ယသသာ စ၊ ခြွေရံသင်းပင်း ပေါများခြင်းဖြင့်လည်းကောင်း။ ယသဿိနီ၊ ကျော်စောခြင်း ရှိခဲ့ပါ၏။ သကံ၊ ကိုယ်တိုင်ပြုလုပ် ကိုယ်ပိုင်ဥစ္စာထုပ်ဖြစ်သော။ ပုညံ၊ ကောင်းမှုကုသိုလ်၏အကျိုးကို။ အနုဘောမိ၊ အစဉ်ခံစားရပါ၏။ အနာမယာ၊ ရောဂါအဝေ မရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ သုခိတာ၊ ချမ်းသာသုခ စုံပြည့်ဝသည်။ အမှိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏ဘုရား။

http://www.dhammadownload.com

နံပါတ် ၁၃၄–၁၃၅ ဂါထာများ၏ အနက်သည် ပဌမ ပိဋ္ဌဝိမာနဝတ္ထု ၆–၇ ဂါထာများ၏အနက်နှင့် တူသည်။

၁၃၆။ အရှင်ဘုရား. ဥတ္တရာမည်သော ဥပါသိကာမသည် ရှင်တော်မြတ်ဘုရား၏ ခြေတော်အစုံတို့ကို ဦးခိုက်လိုက်ပါ၏ဟု တပည့်တော်မ၏ စကားဖြင့် ပင် ရှင်တော်မြတ်ဘုရား၏ ခြေတော်အစုံတို့ကို ဦးခိုက်တော်မူပါလေလော့။ အရှင်ဘုရား ဘုရားရှင်သည် တပည့်တော်မကို သာမည်ဖိုလ်တစ်ခုဌ် တည်မည့်သူဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခြင်းသည် အံ့သြဖွယ်ရာ မဟုတ်သေးပါဟု လျှောက်ထားလေ၏။

ထိုဥတ္တရာကို ဘုရားရှင်သည် သကဒါဂါမိဖိုလ်ဌ် တည်မည့်သူဟု မိန့်ကြားတော်မူဖူးလေ၏။

ဤဥတ္တရာကို ခင်ပွန်းနန္ဒလုလင်က "မိခင်" ဟု ခေါ်သည်ကို အကြောင်းပြု၍ "နန္ဒမာတာ" ဟူ၍လည်း ခေါ်လေသည်။

ဥတ္တရာဝိမာနဝတ္ထု ပြီး၏။

၁၆။ သိရိမာ ဝိမာနဝတ္ထု

ဘုရားရှင် သစ္ဓာလေးပါးတရားကို ကြားနာရ၍ အရိယမဂ်သို့ ဆိုက်ရောက်ခဲ့သောကြောင့် သောတာပန်အဖြစ်ဖြင့် ကွယ်လွန်ပြီး လျှင် နိမ္မာနရတိ နတ်ပြည်သို့ စံဝင်ရသော သိရိမာနတ်သမီး။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥတ္တရာဝိမာနဝတ္ထု၌ ပြဆိုခဲ့ပြီးသော ပြည့်တန်ဆာမ သိရိမာသည် သောတာပတ္တိဖိုလ်ကို ရအပ်ပြီးသောကြောင့် ပြည့်တန်ဆာမအလုပ်ကို စွန့်လွှတ်ပြီး ဖြစ်ရကား ရဟန်းသံဃာတော်အပေါင်းနှင့် ကင်း၍နေနိုင်ခြင်း မရှိသောကြောင့် သံဃာတော်အပေါင်းအား အဌကဘတ် စာရေတံဆွမ်း ရှစ်ခုတို့ကို အမြဲတာဝန်ယူ၍ တည်ထားလေ၏။ ထိုသို့ တည်ထားသောနေ့မှစ၍ ရဟန်းတော် ရှစ်ပါးတို့သည် အမြဲအိမ်သို့ ကြွလာတော်မူကြကုန်၏။ သိရိမာသည် အခွေအရံတို့ကို ခေါ်၍ "ထောပတ်ကို ယူခဲ့ကြကုန်၊ နို့ကို ယူခဲ့ကြကုန်" ဟု ပြောကြားလျက်

http://www.dhammadownload.com

ထိုရဟန်းတော်တို့၏ သပိတ်၌ လှူဖွယ်တို့ကို ပြည့်အောင် လောင်းလှူလေ၏။ ရဟန်းတော်တစ်ပါး ရခဲ့သောဆွမ်းသည် သုံးလေးပါး ဘဉ်းပေးလောက်၏၊ နေ့တိုင်း နေ့တိုင်း ဆွမ်းကိုလောင်းလှူလေ၏။

တစ်နေ့သ၌ ရဟန်းတော်တစ်ပါးသည် သိရိမာ၏အိမ်၌ အဋ္ဌကဘတ် ရှစ်ပါးသော ရဟန်းတော်တို့အား လှူဒါန်းသောဆွမ်းကို ဘဉ်းပေးပြီးလျှင် သုံးယူဇနာထက်၌ရှိသော ကျောင်းတစ်ကျောင်းသို့ ကြွသွားတော်မူလေ၏။ ညအခါ မထေရ်ကြီးကို ဆည်းကပ်နေသော ထိုရဟန်းကို အခြားရဟန်းတို့က "ငါ့ရှင် အဘ၊ အရပ်မှ ဆွမ်းကိုခံယူ၍ ဤအရပ်သို့ လာခဲ့ပါသနည်း" ဟု မေးမြန်းကြကုန်၏။ "ငါသည် သိရိမာ၏ အဋ္ဌကဘတ်ဆွမ်းကို ဘဉ်းပေးသုံးဆောင်ခဲ့ပါ၏" ဟု ဆိုဖြေသော် ငါ့ရှင် သိရိမာသည် ထိုဆွမ်းကို မြတ်နိုးနှစ်သက်ဖွယ်ရာပြုကာ လှူဒါန်းပါ၏လော" ဟု မေးမြန်းကြပြန်၏။

ထိုအခါ ရဟန်းက သိရိမာသည် အလွန်မွန်မြတ်စွာ ပြုလုပ်ဖိုမံလျက် မြတ်နိုးစွာ လှူဒါန်း၏၊ ရဟန်းတစ်ပါးရသောဆွမ်းသည် သုံးလေးပါး ဘဉ်းပေးလောက်၏၊ ထူးခြားသည်မှာ သိရိမာ လှူဒါန်းသောဆွမ်းထက် သိရိမာ၏ ရုပ်ရည်အဆင်းကို ကြည့်ရှုရခြင်းက သာလွန်၍ ကောင်းမွန်လှပါပေ၏၊ သိရိမာသည်ကား လွန်စွာလှပပါပေ၏" စသည်ဖြင့် သိရိမာ၏ ရုပ်ရည်အဆင်း လှပဝါဝင်းသောဂုဏ်ကို ချီးမွမ်းပြောဆိုလေ၏။

ကြားရရုံဖြင့် သိရိမာကို စွဲလမ်းသူ

ထိုအခါ ရဟန်းတစ်ပါးသည် သိရိမာ၏ ရုပ်ရည်အဆင်း တင့်တယ်လှပခြင်း ဂုဏ်သတင်းကို ကြားရ၍ တစ်ကြိမ်တစ်ခါမျှ မမြင်ရဖူးသေးသော်လည်း သတင်းစကား ကြားရရုံမျှဖြင့်ပင် ချစ်ခင်စွဲလမ်းနေသည်။ "ငါသွား၍ သိရိမာကို ကြည့်သင့်၏" ဟုလည်း ကြံနေသည်။ မိမိ၏ ထေရ်စဉ်ဝါစဉ်ကိုလည်း ပြောပြသည်။ ထိုရဟန်းအား ထေရ်စဉ်ဝါစဉ်ကို စုံစမ်းသောအခါ "ငါ့ရှင် မနက်ဖြန် သိရိမာ၏အိမ်၌ သင်သည် ထေရ်စဉ်ဝါစဉ်အရ သံဃထေရ်ဖြစ်၍ လိုက်ရကာ အဋ္ဌကဘတ်ကို ရလတ္တံ့" ဟူသောစကားကို ကြားရလျှင် ကြားရချင်းပင် သပိတ်သင်္ကန်းကိုယူ၍ လာခဲ့သည်။ ထိုရဟန်းသည် သံဃထေရ်ဖြစ်၍ သိရိမာ၏အိမ်၌ အဋ္ဌကဘတ် ခံယူခွင့်ကိုရလေ၏။

http://www.dhammadownload.com

သိရိမာ မကျန်းမမာဖြစ်

ယမန်နေ့က အဋ္ဌကဘတ်ကို ခံယူဘုဉ်းပေးသောရဟန်း ကြွသွားသော အချိန်၌ပင်လျှင် သိရိမာ၏ ကိုယ်ခန္ဓာ၌ မကျန်းမမာ အနာရောဂါ ကပ်ရောက်နိုပ်စက်ခြင်းကြောင့် ဆင်မြန်း၍ထားသော အဝတ်တန်ဆာတို့ကို ချွတ်ပြီးလျှင် အိပ်လျက်နေလေ၏။

ထိုအခါ သိရိမာ၏ ကျွန်မတို့သည် အဋ္ဌကဘတ်ကို အလှူခံရန် ကြွရောက်လာကြသော ရဟန်းတော်တို့ကို မြင်လျှင် သိရိမာအား ပြောကြားကြကုန်၏။ သိရိမာသည် ကိုယ်တိုင်သွား၍ မိမိလက်ဖြင့် သပိတ်တို့ကို မယူနိုင်။ ထိုင်နေစေခြင်းငှာလည်း မစွမ်းနိုင်ရကား ကျွန်မတို့ကိုခေါ်၍ "အမိ အစ်မတို့၊ ရဟန်းတော်များလက်မှ သပိတ်တို့ကို ယူငင်၍ အရှင်မြတ်တို့ကို နေရာပေးပြီးလျှင် ယာဂုကို ဦးစွာကပ်လှူပါ။ ပြီးမှ မုန့်ခဲဖွယ်တို့ကို ကပ်လှူပါ၊ ဆွမ်းဘုဉ်းပေးချိန် ရောက်သောအခါ သပိတ်တို့ကို ပြည့်အောင် လောင်းလှူကြပါ" ဟု စေခိုင်းလေ၏။

အခြွေအရံတို့သည် "ကောင်းပါပြီ" ဟု တာဝန်ယူကြပြီးကာ သိရိမာ စေခိုင်းသည့်အတိုင်း ဆက်ကပ်လှူဒါန်း လောင်းလှူကြသည်။ ထို့နောက် သိရိမာအား ဆွမ်းလောင်းပြီးစီးကြောင်း ပြောကြားကြ၏။ သိရိမာသည် မိမိဘာသာ မထနိုင်၍ "ငါ့ကို ပွေ့ချီယူဆောင်ကြပါ၊ ငါသည် အရှင်မြတ်တို့ကို ရှိခိုးဦးအံ့" ဟု ပြောဆိုသည်။ ကျွန်မတို့သည် ပွေ့ချီလျက် ရဟန်းတော်တို့အနီးသို့ ယူဆောင်ကြသည်ရှိသော် တုန်တုန်ခိုက်ခိုက် ဖြစ်နေသော ကိုယ်ဖြင့် ရဟန်းတော်တို့ကို ရှိခိုးလေ၏။

သိရိမာကို စွဲမက်ကာ ဆွမ်းမစားနိုင်သောရဟန်း

သိရိမာ၌ စွဲလမ်း၍နေသော ရဟန်းသည် သိရိမာကို ကြည့်ရှုကာ "ဤသိရိမာကား မကျန်းမမာ အနာရောဂါ ဖိစီး၍နေသောအခါ၌ပင် သူ၏ ရုပ်အဆင်းသည် ဤမျှလောက် ချောမောလှပသေး၏။ ရောဂါကင်းကွာ ကျန်းမာဝဖြိုး၍ ဝတ်စားတန်ဆာ အဖြာဖြာတို့ကို ဝတ်ဆင်နေပါမူကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း" ဟု ကြံအောက်မေ့လျက် ဘဝများစွာက စွဲကပ်နေသော တပ်စွန်းမှုကိလေသာတရားသည် လွန်စွာ လှုပ်ရှားထကြွလာ၍လာရကား အသိတရားလက်လွတ်ပြီး ဆွမ်းစားခြင်းငှာ မတတ်နိုင်ရှာတော့ဘဲ သပိတ်ကိုယူငင်လျက် ကျောင်း

http://www.dhammadownload.com

သို့ ပြန်ကြွပြီးကာ သပိတ်ကိုပိတ်ဖုံး၍ သင့်လျော်ရာဌာနထားပြီးလျှင် သင်္ကန်းစွန်းကို ဖြန့်ခင်းလျက် အိပ်လေတော့၏။

သိရိမာ ကွယ်လွန်

မိတ်ဆွေရဟန်းတစ်ပါးက ဖျောင်းဖျသော်လည်း ဆွမ်းမစားနိုင်ရကား ထိုရဟန်းသည် ဆွမ်းအစာ ပြတ်လေတော့၏။ သိရိမာသည်လည်း ထိုနေ့ ညနေချမ်းအခါ၌ပင် ကွယ်လွန်ရှာလေ၏။

အလောင်းကို မသင်္ကြိုဟ်ပါနဲ့

ဗိမ္မိသာရမင်းကြီးသည် ဘုရားရှင်၏အထံသို့ သွားကာ "အရှင်မြတ်ဘုရား၊ ဇီဝကာ၏ နှမငယ် သိရိမာသည် ယနေ့ညနေကပင် သေလွန်ပါပြီဘုရား" ဟု လျှောက်ကြားလေ၏။

ဘုရားရှင်သည် ထိုသတင်းစကားကို ကြားတော်မူသောအခါ ဗိမ္မိသာရမင်းကြီး၏ထံသို့ "မင်းမြတ် သိရိမာ၏အလောင်းကို သင်္ကြိုဟ်ခြင်းမပြုဘဲ သန့်ရှင်းလျှောင်းစေလျက် ကျီး၊ ခွေး စသည်တို့ မစားသောက်နိုင်ရန် ကာရံစောင့်ရှောက်၍ ထားပါ" ဟု မှာကြားတော်မူလိုက်သည်။

ပုပ်ပွသောအလောင်းမှ ပိုးလောက်တို့ ထွက်လာကြ

ဗိမ္မိသာရမင်းကြီးသည် ဘုရားရှင် မိန့်မှာတော်မူလိုက်သည့်အတိုင်း ပြုလုပ်ကာ ကာင်းစွာ ကာရံ၍ ထားလေ၏။ သုံးရက်လွန်မြောက်၍ လေးရက်တိုင်ရောက်သောနေ့၌ သိရိမာ၏ ကိုယ်ကောင်သည် ဖူးဖူးရောင်ထကာ ပုပ်ပွလာပြီးလျှင် ဒွါရကိုးပေါက်တို့မှ ပိုးလောက်တို့သည် အထွေးအထွေး တဖွားဖွား တရွရွ ထွက်ကြလာကြသည်။

အလောင်းလာမကြည့်သူ ဒဏ်တပ်မည်

ဗိမ္မိသာရမင်းကြီးသည် "အိမ်စောင့်ရန် ကလေးသူငယ်တို့ကိုထား၍ အားလုံးသော မြို့သူမြို့သားတို့ သိရိမာကို ကြည့်ရှုရန် ထွက်ကြရမည်၊ ထွက်မကြည့်သူ ရှစ်အသပြာသော ငွေဒဏ်ထားလိမ့်မည်" ဟု တစ်မြို့လုံး စည်လည်စေ၏။

http://www.dhammadownload.com

ရဟန်းတို့ သိရိမာကို သွားကြည့်ကြ

ဘုရားရှင်၏ အထံတော်သို့ "ဘုရားရှင်အမှူးရှိသော သံဃာတော်အပေါင်း သည်လည်း သိရိမာကို ရှုကြည့်ရန် ကြွလာတော်မူပါဘုရား" ဟု လျှောက်ထား စေ၏။ ဘုရားရှင်သည် ရဟန်းတော်တို့အား "သိရိမာကို ကြည့်ရှုအံ့သောငှာ သွားကြကုန်အံ့" ဟု ပြောကြားစေ၏။

စွဲလမ်းသူရဟန်း၏ သပိတ်မှဆွမ်းများ ပုပ်သိုးကုန်

သိရိမာကို စွဲလမ်းလျက်ရှိသော ရဟန်းငယ်သည်လည်း သိရိမာကို မြင်ရ သည့်နေ့မှစ၍ လေးရက်တိုင်တိုင် တစ်ဦးတစ်ယောက်သောသူ၏ စကားကိုမျှ မနာယူနိုင်ဘဲ အစာမစား လဲလျောင်း၍နေရကား သပိတ်၌ ဆွမ်းလည်း ပုပ်သိုး လျက် သပိတ်ပါ မှိုတက်ညစ်ပတ်၍နေတော့၏။

သပိတ်ကိုဆေးကာ သိရိမာကို ကြည့်ရန်သွား

မိတ်ဆွေရဟန်းတစ်ပါးသည် ထိုရဟန်းသို့ ချဉ်းကပ်၍ "ငါ့ရှင်၊ ဘုရားရှင် သည် သိရိမာကို ကြည့်ရှုအံ့သောငှာ ကြွသွားတော်မူ၏" ဟု ပြောဆိုလေရာ လေးရက်တိုင်တိုင် အစာမစားနိုင် ယိုင်လဲမတတ် ငတ်မွတ်ဆာလောင်သောကိုယ် ရှိသော်လည်း "သိရိမာ" ဟု ပြောဆိုသောစကားကို ကြားလိုက်လျှင်ပင် အဆော တလျင် ထကာ "ဘုရားရှင်သည် သိရိမာကို ကြည့်ရှုရန် ကြွတော်မူ မည်လော၊ ငါ့ရှင် သင်လည်း သွားဦးမည်လော" ဟု မေးမြန်းရာ "အိမ်း ... ငါလည်းသွားအံ့" ဟု ပြောဆိုလျက် ဆွမ်းသိုးတို့ကိုသွန်၍ သပိတ်ကို ဆေးကြောကာ အိတ်၌ထည့် ပြီးလျှင် ရဟန်းသံဃာများနှင့်တကွ လိုက်၍သွားလေ၏။

လူရှင်ရဟန်း ပရိသတ်အစုံအညီ

ဘုရားရှင်သည် ရဟန်းသံဃာအပေါင်း ရံခြံလျက် တစ်ဖက်သောနေရာ၌ ရပ်တည်တော်မူလေ၏။ ရဟန်းမိန်းမ အပေါင်းသည်လည်းကောင်း၊ မင်းပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာမပရိသတ်တို့သည်လည်းကောင်း အသီးအသီး တစ်ဖက်တစ်ဖက်စီသော နေရာ၌ နေရာယူကာ ရပ်တည်ကြကုန်၏။

ဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီးကို "ဒါယကာမင်းမြတ်၊ ဤသေသူမိန်းမ ကား အဘယ်သူနည်း" ဟု မေးမြန်းတော်မူလေလျှင် "ဘုန်းတော်ကြီးမြတ်တော်

http://www.dhammadownload.com

မူသော အရှင်မြတ်ဘုရား၊ ဤမိန်းမကား ဇီဝက၏ နှမငယ် သိရိမာအမည်ရှိသူပါ ဘုရား" ဟု လျှောက်ထားရာ "ဩော် ... သိရိမာဆိုသည်ကား ဤမိန်းမလော" ဟု မေးတော်မူပြန်ရာ "ဟုတ်မှန်လှပါ၏ အရှင်ဘုရား" ဟု လျှောက်ကြားလေ၏။

"ထိုသို့ဖြစ်မူကား အသပြာတစ်ထောင်ပေး၍ သိရိမာကို ယူကြကုန်လော့ ဟု မြို့စည်လည်စေလော့" ဟု ဘုရားရှင် မိန့်တော်မူသည့်အတိုင်း မင်းကြီးသည် စည်လည်စေရာ တစ်ယောက်သောသူမျှလည်း "ငါယူမည်" ဟူ၍လည်းကောင်း၊ "ငါတို့သာ ရထိုက်သည်" ဟူ၍လည်းကောင်း လိုချင်နှစ်သက်စွာ ပြောဆိုမည့်သူ ပင် မရှိပေ။

အလကားပေးသော်လည်း သိရိမာကို လိုချင်သူမရှိ

မင်းကြီးသည် "မည်သူမျှ မယူကြပါကုန်ဘုရား" ဟု ဘုရားရှင်အား လျှောက်ကြားလေ၏။ "မင်းမြတ်၊ ထိုသို့ဖြစ်မူကား အဖိုးလျှော့ချလော့" ဟု မိန့် ကြားတော်မူ၍ မင်းကြီးသည် "အသပြာငါးရာပေး၍ သိရိမာကို မယူကြကုန်လော့" ဟု စည်လည်စေပြန်ရာ တစ်ဦးတစ်ယောက်မျှ ယူမည့်သူကို မတွေ့မြင်ရ၍ တစ်ဖန် ထပ်၍ "နှစ်ရာငါးဆယ်၊ နှစ်ရာ၊ တစ်ရာ၊ ငါးဆယ်၊ နှစ်ဆယ့်ငါးကျပ်၊ နှစ်ဆယ်ကျပ်၊ တစ်ဆယ်ကျပ်၊ ငါးကျပ်၊ တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ တစ်ပဲ၊ တစ်ရွေးမှ တစ်ပြားတိုင်အောင် အဆင့်ဆင့် အဖိုးနှုန်းလျှော့၍ပေးကာ သိရိမာကို ယူကြကုန်လော့" ဟု စည်လည်စေပြန်၏။

သို့သော် တစ်ဦးတစ်ယောက်မျှလည်း "ငါယူမည်" ဟူ၍လည်းကောင်း၊ "ငါတို့သာ ရထိုက်သည်" ဟူ၍လည်းကောင်း လိုချင်နှစ်သက်စွာ ပြောဆိုမည့် သူပင် မရှိပေ။

ဖြစ်ချည်ပျက်ချည် အမြဲမတည်သောခန္ဓာကိုယ်

ထိုအခါ ဘုရားရှင်သည် "ငါ၏ချစ်သား ချစ်သမီးများတို့၊ ကြည့်ကြကုန် လော့၊ ဤသိရိမာကား လူအများ၏ ချစ်ခင်စုံမက် နှစ်သက်မှုကိုခံရသော မာတု ဂါမတည်း၊ ဤမြို့၌ ရှေးအသက်ရှင်စဉ်အခါက တစ်နေ့လျှင် အသပြာတစ်ထောင် ပေးမှသာ ရနိုင်သည်၊ ယခုမူ အလကားပင် ပေးငြားသော်လည်း ယူမည့်သူ မရှိ တော့ချေ၊ စွဲလမ်းနှစ်သက်စရာ အဝတ်တန်ဆာ ပန်းနံ့သာ စသည့် အဆင်တန် ဆာတို့ဖြင့် ဆန်းကြယ်စွာ ပြုပြင်ဝတ်ဆင်၍ ထားအပ်သော ဤရုပ်နာမ်နှစ်ဝ

http://www.dhammadownload.com

သဘာဝကား ကုန်ခန်းပျက်စီး အချည်းနှီးအဖြစ်သို့ ရောက်ရချေပြီ၊ ကိုးပေါက် ဒွါရတို့၏ အစွမ်းကြောင့် အနာရောဂါတို့၏ ပေါင်းစုရာဖြစ်၍ ဖြစ်၏၊ အရိုးပေါင်း သုံးရာတို့ဖြင့် ဖွဲ့ဆက်စိုက်ထူလျက် ထိသောအခါ အမြဲကျင်နာခံခက်သောသဘော ရှိ၏၊ လူအပေါင်းတို့ နှစ်ဖက်လှသည့် ဤခန္ဓာအတွင်ဘောကြီးသည် ဖြစ်ချည် ပျက်ချည် အမြဲမတည်ချေတကား" ဟု ဟောကြားလိုသဖြင့် ဤဂါထာကို မိန့်ကြားတော်မူလေ၏။

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ၊
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

စိတ္တကတံ၊ နုံသာပန်းစုံ ဖုံဖုံဆန်းကြယ် ပြုပြင်ခြယ်လှယ်အပ်ထသော။ ဗိမ္ဗံ၊ မင်းသမီး မင်းသားရုပ်နှင့် တူထသော။ သမုဿိတံ၊ အရိုးချင်းရောယှက် အကြောဆက်၍ တွဲယှက်အသား အရေပါးကို ဖွဲ့ထားစပ်ဟပ် စိုက်ထောင်အပ်ထသော။ အာတုရံ၊ လွန်စွာ နာကျင်ခြင်းသဘော ရှိထသော။ ဗဟုသင်္ကပ္ပံ၊ ဆင်ခြင်ကင်းကွာ လူများစွာတို့ ကြံစည်ရာဖြစ်ထသော။ အရုကာယံ၊ အိုင်းအမာ အနာဝသဖွယ်ဖြစ်သော ခန္ဓာကိုယ်ကို။ ပဿ၊ ကြည့်ရှုစမ်းပါလော့။ ယဿ၊ တပ်မက်ဖွယ်ကင်းပ အကြင်ကိုယ်ကာယ၏။ ဓုဝံ ဌိတိ၊ အမြဲတည်ခြင်း သဘောသည်။ နတ္ထိ၊ မြက်ဖျားကနှင်း နေရောင်ခွင်းသို့ ပျောက်ကင်းပုံနေ မရှိတော့ချေသည်သာ တည်း။

ဒေဿနာတော်၏ အကျိုး

ဒေဿနာတော်၏အဆုံး၌ သိရိမာကို စွဲလမ်းလျက်ရှိသော ရဟန်းသည် ဝိပဿနာကို ပွားများရာ အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်လေ၏။ ရှစ်သောင်း လေးထောင်သော လူတို့သည်လည်း တရားကို သိမြင်ကြလေကုန်၏။

သိရိမာနတ်သမီး အဖူးမြော်လာခြင်း

သိရိမာသည် နတ်သမီးဘဝ ရောက်သွားသော မိမိ၏ စည်းစိမ်ချမ်းသာ အဖြာဖြာနှင့် ပြည့်စုံခြင်းကို ကြည့်ရှုပြီးလျှင် မိမိဖြစ်ခဲ့ရသော ရှေးဘဝကို ဆင်ခြင် ကြည့်ရှုလတ်သော် မိမိ၏ ခန္ဓာကိုယ်ဟောင်း အလောင်းကောင်၏အနီး၌ ရဟန်း အပေါင်း ခြံရံလျက် ရပ်တည်တော်မူနေသော ဘုရားရှင်ကိုလည်းကောင်း၊ စည်း

http://www.dhammadownload.com

ဝေးနေသော လူအပေါင်းကိုလည်းကောင်း မြင်၍ နတ်သမီးကညာ ငါးရာတို့ ခြံရံလျက် ငါးရာသော နတ်ရထားတို့ဖြင့် လူအများ ထင်ရှားစွာ မြင်ရသောကိုယ် ဖြင့် လာပြီးလျှင် နတ်ရထားမှ သက်ဆင်း၍ နတ်ကညာ အခြံအရံ တစ်သင်းတို့ နှင့်တကွ ဘုရားရှင်ကို ရှိခိုးလျက် လက်အုပ်တင်ချီကာ ရပ်တည်၍နေလေ၏။

ထိုအခါ ကဗျာလင်္ကာ ဖွဲ့သီရာ၌ လျင်မြန်လှသော ပဋိဘာန်ဉာဏ်ရှိသူ အရှင်ဝင်္ဂီသမထေရ်သည် ဘုရားရှင်၏ အနီး၌ရှိ၍ ဘုရားရှင်ကို "ဘုန်းတော်ကြီး လှသော အရှင်ဘုရား၊ တပည့်တော် ဝင်္ဂီသအား အမေးပုစ္ဆာပြဿနာကို မေးမြန်း ခြင်းငှာ စိတ်၌ထင်လာပါ၏ဘုရား" ဟု လျှောက်ထားသောအခါ "ချစ်သား ဝင်္ဂီသ၊ ထင်လာသော အမေးပုစ္ဆာကို မေးမြန်းပါလော့" ဟု ဘုရားရှင်က မိန့် ကြားတော်မူလေ၏။ အရှင်ဝင်္ဂီသမထေရ်သည် ထိုသိရိမာ နတ်သမီးကို –

အရှင်ဝင်္ဂီသကမေး

၁၃၇။ ယုတ္တာ စ တေ ပရမအလင်္ကာတာ ဟယာ၊
အဓေမုခါ ဃသိဂမာ ဗလီ စဝါ။
အဘိနိမ္မိတာ ပဋ္ဌရထာသတာ စ တေ၊
အန္ဓေန္တီ တံ သာရထိစောဒိတာ ဟယာ။

ဂါထာမြန်မာပြန် – ကောင်းမြတ်သော အဆင်တန်ဆာတို့ဖြင့် တန်ဆာ ဆင်ကုန်လျက် နတ်ပြည်မှသက်ဆင်းသည့် အစွမ်းဖြင့် အောက်သို့ရှေးရှု မျက်နှာ မူကုန်သော ကောင်းကင်အပြင်တွင် သွားနိုင်စွမ်းသော ခွန်အားဗလရှိကာ အဟုန် နှင့်လည်း ပြည့်စုံသော အာဇာနည်မြင်းတို့ကို သင်၏ရထား၌ ကအပ်ကုန်ပြီ၊ ရထားထိန်း မောင်းနှင်သည့်ပမာကဲ့သို့သော မြင်းရှိကုန်သော သင်ဖန်ဆင်းအပ်သည့် ရထားငါးရာတို့သည် သင်နတ်သမီးသို့ အစဉ်အစိုက် လိုက်ပါကြကုန်၏။

၁၃၈။ သာ တိဋ္ဌသိ ရထဝရေ အလင်္ကတာ၊
သြဘာသယံ ဇလမိဝ ဇောတိ ပါဝကော။
ပုစ္ဆာမိ တံ ဝရတနု အနောမဒဿနေ၊
ကသ္မာ နု ကာယာ အနဓိဝရံ ဥပါဂါမိ။

ဂါထာမြန်မာပြန် – တန်ဆာဆင်အပ်သော ကိုယ်ရှိသော သင်နတ်သမီးသည် ထွန်းလင်းဝင်းပြောင်သော ဆီမီးရောင်ကဲ့သို့ တပြောင်ပြောင် တောက်ပလျက်

http://www.dhammadownload.com

๑๑๖ - ๑๑๗ ๑๑๘ ๑๑๙ ๑๒๐ ๑๒๑ ๑๒๒ ๑๒๓ ๑๒๔ ๑๒๕ ๑๒๖ ๑๒๗ ๑๒๘ ๑๒๙ ๑๓๐ ๑๓๑ ๑๓๒ ๑๓๓ ๑๓๔ ๑๓๕ ๑๓๖ ๑๓๗ ๑๓๘ ๑๓๙ ๑๔๐ ๑๔๑ ๑๔๒ ๑๔๓ ๑๔๔ ๑๔๕ ๑๔๖ ๑๔๗ ๑๔๘ ๑๔๙ ๑๕๐ ๑๕๑ ๑๕๒ ๑๕๓ ๑๕๔ ๑๕๕ ๑๕๖ ๑๕๗ ๑๕๘ ๑๕๙ ๑๖๐ ๑๖๑ ๑๖๒ ๑๖๓ ๑๖๔ ๑๖๕ ๑๖๖ ๑๖๗ ๑๖๘ ๑๖๙ ๑๗๐ ๑๗๑ ๑๗๒ ๑๗๓ ๑๗๔ ๑๗๕ ๑๗๖ ๑๗๗ ๑๗๘ ๑๗๙ ๑๘๐ ๑๘๑ ๑๘๒ ๑๘๓ ๑๘๔ ๑๘๕ ๑๘๖ ๑๘๗ ๑๘๘ ๑๘๙ ๑๙๐ ๑๙๑ ๑๙๒ ๑๙๓ ๑๙๔ ๑๙๕ ๑๙๖ ๑๙๗ ๑๙๘ ๑๙๙ ๒๐๐ ๒๐๑ ๒๐๒ ๒๐๓ ๒๐๔ ๒๐๕ ๒๐๖ ๒๐๗ ๒๐๘ ๒๐๙ ๒๑๐ ๒๑๑ ๒๑๒ ๒๑๓ ๒๑๔ ๒๑๕ ๒๑๖ ๒๑๗ ๒๑๘ ๒๑๙ ๒๒๐ ๒๒๑ ๒๒๒ ๒๒๓ ๒๒๔ ๒๒๕ ๒๒๖ ๒๒๗ ๒๒๘ ๒๒๙ ๒๓๐ ๒๓๑ ๒๓๒ ๒๓๓ ๒๓๔ ๒๓๕ ๒๓๖ ๒๓๗ ๒๓๘ ๒๓๙ ๒๔๐ ๒๔๑ ๒๔๒ ๒๔๓ ๒๔๔ ๒๔๕ ๒๔๖ ๒๔๗ ๒๔๘ ๒๔๙ ๒๕๐ ๒๕๑ ๒๕๒ ๒๕๓ ๒๕๔ ๒๕๕ ๒๕๖ ๒๕๗ ๒๕๘ ๒๕๙ ๒๖๐ ๒๖๑ ๒๖๒ ๒๖๓ ๒๖๔ ๒๖๕ ๒๖๖ ๒๖๗ ๒๖๘ ๒๖๙ ๒๗๐ ๒๗๑ ๒๗๒ ๒๗๓ ๒๗๔ ๒๗๕ ๒๗๖ ๒๗๗ ๒๗๘ ๒๗๙ ๒๘๐ ๒๘๑ ๒๘๒ ๒๘๓ ๒๘๔ ๒๘๕ ๒๘๖ ๒๘๗ ๒๘๘ ๒๘๙ ๒๙๐ ๒๙๑ ๒๙๒ ๒๙๓ ๒๙๔ ๒๙๕ ๒๙๖ ๒๙๗ ๒๙๘ ๒๙๙ ๓๐๐ ๓๐๑ ๓๐๒ ๓๐๓ ๓๐๔ ๓๐๕ ๓๐๖ ๓๐๗ ๓๐๘ ๓๐๙ ๓๑๐ ๓๑๑ ๓๑๒ ๓๑๓ ๓๑๔ ๓๑๕ ๓๑๖ ๓๑๗ ๓๑๘ ๓๑๙ ๓๒๐ ๓๒๑ ๓๒๒ ๓๒๓ ๓๒๔ ๓๒๕ ๓๒๖ ๓๒๗ ๓๒๘ ๓๒๙ ๓๓๐ ๓๓๑ ๓๓๒ ๓๓๓ ๓๓๔ ๓๓๕ ๓๓๖ ๓๓๗ ๓๓๘ ๓๓๙ ๓๔๐ ๓๔๑ ๓๔๒ ๓๔๓ ๓๔๔ ๓๔๕ ๓๔๖ ๓๔๗ ๓๔๘ ๓๔๙ ๓๕๐ ๓๕๑ ๓๕๒ ๓๕๓ ๓๕๔ ๓๕๕ ๓๕๖ ๓๕๗ ๓๕๘ ๓๕๙ ๓๖๐ ๓๖๑ ๓๖๒ ๓๖๓ ๓๖๔ ๓๖๕ ๓๖๖ ๓๖๗ ๓๖๘ ๓๖๙ ๓๗๐ ๓๗๑ ๓๗๒ ๓๗๓ ๓๗๔ ๓๗๕ ๓๗๖ ๓๗๗ ๓๗๘ ๓๗๙ ๓๘๐ ๓๘๑ ๓๘๒ ๓๘๓ ๓๘๔ ๓๘๕ ๓๘๖ ๓๘๗ ๓๘๘ ๓๘๙ ๓๙๐ ๓๙๑ ๓๙๒ ๓๙๓ ๓๙๔ ๓๙๕ ๓๙๖ ๓๙๗ ๓๙๘ ๓๙๙ ๔๐๐ ๔๐๑ ๔๐๒ ๔๐๓ ๔๐๔ ๔๐๕ ๔๐๖ ๔๐๗ ๔๐๘ ๔๐๙ ๔๑๐ ๔๑๑ ๔๑๒ ๔๑๓ ๔๑๔ ๔๑๕ ๔๑๖ ๔๑๗ ๔๑๘ ๔๑๙ ๔๒๐ ๔๒๑ ๔๒๒ ๔๒๓ ๔๒๔ ๔๒๕ ๔๒๖ ๔๒๗ ๔๒๘ ๔๒๙ ๔๓๐ ๔๓๑ ๔๓๒ ๔๓๓ ๔๓๔ ๔๓๕ ๔๓๖ ๔๓๗ ๔๓๘ ๔๓๙ ๔๔๐ ๔๔๑ ๔๔๒ ๔๔๓ ๔๔๔ ๔๔๕ ๔๔๖ ๔๔๗ ๔๔๘ ๔๔๙ ๔๕๐ ๔๕๑ ๔๕๒ ๔๕๓ ๔๕๔ ๔๕๕ ๔๕๖ ๔๕๗ ๔๕๘ ๔๕๙ ๔๖๐ ๔๖๑ ๔๖๒ ๔๖๓ ๔๖๔ ๔๖๕ ๔๖๖ ๔๖๗ ๔๖๘ ๔๖๙ ๔๗๐ ๔๗๑ ๔๗๒ ๔๗๓ ๔๗๔ ๔๗๕ ๔๗๖ ๔๗๗ ๔๗๘ ๔๗๙ ๔๘๐ ๔๘๑ ๔๘๒ ๔๘๓ ๔๘๔ ๔๘๕ ๔๘๖ ๔๘๗ ๔๘๘ ๔๘๙ ๔๙๐ ๔๙๑ ๔๙๒ ๔๙๓ ๔๙๔ ๔๙๕ ๔๙๖ ๔๙๗ ๔๙๘ ๔๙๙ ๕๐๐ ๕๐๑ ๕๐๒ ๕๐๓ ๕๐๔ ๕๐๕ ๕๐๖ ๕๐๗ ๕๐๘ ๕๐๙ ๕๑๐ ๕๑๑ ๕๑๒ ๕๑๓ ๕๑๔ ๕๑๕ ๕๑๖ ๕๑๗ ๕๑๘ ๕๑๙ ๕๒๐ ๕๒๑ ๕๒๒ ๕๒๓ ๕๒๔ ๕๒๕ ๕๒๖ ๕๒๗ ๕๒๘ ๕๒๙ ๕๓๐ ๕๓๑ ๕๓๒ ๕๓๓ ๕๓๔ ๕๓๕ ๕๓๖ ๕๓๗ ๕๓๘ ๕๓๙ ๕๔๐ ๕๔๑ ๕๔๒ ๕๔๓ ๕๔๔ ๕๔๕ ๕๔๖ ๕๔๗ ๕๔๘ ๕๔๙ ๕๕๐ ๕๕๑ ๕๕๒ ๕๕๓ ๕๕๔ ๕๕๕ ๕๕๖ ๕๕๗ ๕๕๘ ๕๕๙ ๕๖๐ ๕๖๑ ๕๖๒ ๕๖๓ ๕๖๔ ๕๖๕ ๕๖๖ ๕๖๗ ๕๖๘ ๕๖๙ ๕๗๐ ๕๗๑ ๕๗๒ ๕๗๓ ๕๗๔ ๕๗๕ ๕๗๖ ๕๗๗ ๕๗๘ ๕๗๙ ๕๘๐ ๕๘๑ ๕๘๒ ๕๘๓ ๕๘๔ ๕๘๕ ๕๘๖ ๕๘๗ ๕๘๘ ๕๘๙ ๕๙๐ ๕๙๑ ๕๙๒ ๕๙๓ ๕๙๔ ๕๙๕ ๕๙๖ ๕๙๗ ๕๙๘ ๕๙๙ ๖๐๐ ๖๐๑ ๖๐๒ ๖๐๓ ๖๐๔ ๖๐๕ ๖๐๖ ๖๐๗ ๖๐๘ ๖๐๙ ๖๑๐ ๖๑๑ ๖๑๒ ๖๑๓ ๖๑๔ ๖๑๕ ๖๑๖ ๖๑๗ ๖๑๘ ๖๑๙ ๖๒๐ ๖๒๑ ๖๒๒ ๖๒๓ ๖๒๔ ๖๒๕ ๖๒๖ ๖๒๗ ๖๒๘ ๖๒๙ ๖๓๐ ๖๓๑ ๖๓๒ ๖๓๓ ๖๓๔ ๖๓๕ ๖๓๖ ๖๓๗ ๖๓๘ ๖๓๙ ๖๔๐ ๖๔๑ ๖๔๒ ๖๔๓ ๖๔๔ ๖๔๕ ๖๔๖ ๖๔๗ ๖๔๘ ๖๔๙ ๖๕๐ ๖๕๑ ๖๕๒ ๖๕๓ ๖๕๔ ๖๕๕ ๖๕๖ ๖๕๗ ๖๕๘ ๖๕๙ ๖๖๐ ๖๖๑ ๖๖๒ ๖๖๓ ๖๖๔ ๖๖๕ ๖๖๖ ๖๖๗ ๖๖๘ ๖๖๙ ๖๗๐ ๖๗๑ ๖๗๒ ๖๗๓ ๖๗๔ ๖๗๕ ๖๗๖ ๖๗๗ ๖๗๘ ๖๗๙ ๖๘๐ ๖๘๑ ๖๘๒ ๖๘๓ ๖๘๔ ๖๘๕ ๖๘๖ ๖๘๗ ๖๘๘ ๖๘๙ ๖๙๐ ๖๙๑ ๖๙๒ ๖๙๓ ๖๙๔ ๖๙๕ ๖๙๖ ๖๙๗ ๖๙๘ ๖๙๙ ๗๐๐ ๗๐๑ ๗๐๒ ๗๐๓ ๗๐๔ ๗๐๕ ๗๐๖ ๗๐๗ ๗๐๘ ๗๐๙ ๗๑๐ ๗๑๑ ๗๑๒ ๗๑๓ ๗๑๔ ๗๑๕ ๗๑๖ ๗๑๗ ๗๑๘ ๗๑๙ ๗๒๐ ๗๒๑ ๗๒๒ ๗๒๓ ๗๒๔ ๗๒๕ ๗๒๖ ๗๒๗ ๗๒๘ ๗๒๙ ๗๓๐ ๗๓๑ ๗๓๒ ๗๓๓ ๗๓๔ ๗๓๕ ๗๓๖ ๗๓๗ ๗๓๘ ๗๓๙ ๗๔๐ ๗๔๑ ๗๔๒ ๗๔๓ ๗๔๔ ๗๔๕ ๗๔๖ ๗๔๗ ๗๔๘ ๗๔๙ ๗๕๐ ๗๕๑ ๗๕๒ ๗๕๓ ๗๕๔ ๗๕๕ ๗๕๖ ๗๕๗ ๗๕๘ ๗๕๙ ๗๖๐ ๗๖๑ ๗๖๒ ๗๖๓ ๗๖๔ ๗๖๕ ๗๖๖ ๗๖๗ ๗๖๘ ๗๖๙ ๗๗๐ ๗๗๑ ๗๗๒ ๗๗๓ ๗๗๔ ๗๗๕ ๗๗๖ ๗๗๗ ๗๗๘ ๗๗๙ ๗๘๐ ๗๘๑ ๗๘๒ ๗๘๓ ๗๘๔ ๗๘๕ ๗๘๖ ๗๘๗ ๗๘๘ ๗๘๙ ๗๙๐ ๗๙๑ ๗๙๒ ๗๙๓ ๗๙๔ ๗๙๕ ๗๙๖ ๗๙๗ ๗๙๘ ๗๙๙ ๘๐๐ ๘๐๑ ๘๐๒ ๘๐๓ ๘๐๔ ๘๐๕ ๘๐๖ ๘๐๗ ๘๐๘ ๘๐๙ ๘๑๐ ๘๑๑ ๘๑๒ ๘๑๓ ๘๑๔ ๘๑๕ ๘๑๖ ๘๑๗ ๘๑๘ ๘๑๙ ๘๒๐ ๘๒๑ ๘๒๒ ๘๒๓ ๘๒๔ ๘๒๕ ๘๒๖ ๘๒๗ ๘๒๘ ๘๒๙ ๘๓๐ ๘๓๑ ๘๓๒ ๘๓๓ ๘๓๔ ๘๓๕ ๘๓๖ ๘๓๗ ๘๓๘ ๘๓๙ ๘๔๐ ๘๔๑ ๘๔๒ ๘๔๓ ๘๔๔ ๘๔๕ ๘๔๖ ๘๔๗ ๘๔๘ ๘๔๙ ๘๕๐ ๘๕๑ ๘๕๒ ๘๕๓ ๘๕๔ ๘๕๕ ๘๕๖ ๘๕๗ ๘๕๘ ๘๕๙ ๘๖๐ ๘๖๑ ๘๖๒ ๘๖๓ ๘๖๔ ๘๖๕ ๘๖๖ ๘๖๗ ๘๖๘ ๘๖๙ ๘๗๐ ๘๗๑ ๘๗๒ ๘๗๓ ๘๗๔ ๘๗๕ ๘๗๖ ๘๗๗ ๘๗๘ ๘๗๙ ๘๘๐ ๘๘๑ ๘๘๒ ๘๘๓ ๘๘๔ ๘๘๕ ๘๘๖ ๘๘๗ ๘๘๘ ๘๘๙ ๘๙๐ ๘๙๑ ๘๙๒ ๘๙๓ ๘๙๔ ๘๙๕ ๘๙๖ ๘๙๗ ๘๙๘ ๘๙๙ ๙๐๐ ๙๐๑ ๙๐๒ ๙๐๓ ๙๐๔ ๙๐๕ ๙๐๖ ๙๐๗ ๙๐๘ ๙๐๙ ๙๑๐ ๙๑๑ ๙๑๒ ๙๑๓ ๙๑๔ ๙๑๕ ๙๑๖ ๙๑๗ ๙๑๘ ๙๑๙ ๙๒๐ ๙๒๑ ๙๒๒ ๙๒๓ ๙๒๔ ๙๒๕ ๙๒๖ ๙๒๗ ๙๒๘ ๙๒๙ ๙๓๐ ๙๓๑ ๙๓๒ ๙๓๓ ๙๓๔ ๙๓๕ ๙๓๖ ๙๓๗ ๙๓๘ ๙๓๙ ๙๔๐ ๙๔๑ ๙๔๒ ๙๔๓ ๙๔๔ ๙๔๕ ๙๔๖ ๙๔๗ ๙๔๘ ๙๔๙ ๙๕๐ ๙๕๑ ๙๕๒ ๙๕๓ ๙๕๔ ๙๕๕ ๙๕๖ ๙๕๗ ๙๕๘ ๙๕๙ ๙๖๐ ๙๖๑ ๙๖๒ ๙๖๓ ๙๖๔ ๙๖๕ ๙๖๖ ๙๖๗ ๙๖๘ ๙๖๙ ๙๗๐ ๙๗๑ ๙๗๒ ๙๗๓ ๙๗๔ ๙๗๕ ๙๗๖ ๙๗๗ ๙๗๘ ๙๗๙ ๙๘๐ ๙๘๑ ๙๘๒ ๙๘๓ ๙๘๔ ๙๘๕ ๙๘๖ ๙๘๗ ๙๘๘ ๙๘๙ ๙๙๐ ๙๙๑ ๙๙๒ ๙๙๓ ๙๙๔ ๙๙๕ ๙๙๖ ๙๙๗ ๙๙๘ ๙๙๙ ๑๐๐๐

http://www.dhammadownload.com

http://www.dhammadownload.com

ကောင်းမြတ်လှသော ရထားထက်၌ တည်နေဘိ၏၊ မြတ်သော ရုပ်ရည်အဆင်းကို ဆောင်လျက် ရှုချင်ဖွယ်ရှိသော အို ... နတ်သမီး၊ သင့်ကို ငါမေးမြန်း၏၊ သင်သည် အဘယ်မည်သော နတ်ပြည်မှ ဘုရားရှင်အထံသို့ ဆည်းကပ်လာပါသနည်း။

နတ်သမီးက ဖြေကြားပုံ

ဤသို့ အရှင်ဝဠီသမထေရ် မေးမြန်းသည်ရှိသော် သိရိမာနတ်သမီးသည် မိမိ၏ဖြစ်ရာ နိမ္မာနရတိနတ်ပြည်မှ လာကြောင်းကို –

၁၃၉။ ကာမဂ္ဂပတ္ထာနံ ယမာဟုနုတ္တရံ၊
နိမ္မာယ နိမ္မာယ ရမန္တိ ဒေဝတာ။
တသ္မာ ကာယာ အစ္ဆရာ ကာမဝဏ္ဏိနီ၊
ဣဓာဂတာ အနုမိဝရံ နမဿိတုံ။

ဂါထာမြန်မာပြန် – အရှင်မြတ်ဘုရား၊ ကာမဂုဏ်ချမ်းသာ အသုံးအဆောင် အဖြာဖြာတို့ဖြင့် ကောင်းမြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော နတ်အပေါင်းတို့၏ အကြင်နတ်ပြည်ကို မြတ်၏ဟု ဆိုကြပါကုန်၏၊ ထိုနတ်ပြည်၌ နတ်တို့သည် မိမိအလိုရှိရာကို ဖန်ဆင်းကာ ဖန်ဆင်းကာ မွေ့လျော်ကြပါကုန်၏၊ မိမိ လိုရာ အဆင်းကို ဆောင်နိုင်သော တပည့်တော် သိရိမာနတ်သမီးသည် ထိုနိမ္မာနရတိ နတ်ပြည်မှ ဘုရားရှင်ကို ရှိခိုးပူဇော် ဖူးမြော်အံ့သောငှာ ရောက်လာပါ၏ ဘုရား။

သိရိမာနတ်သမီးက သူ နိမ္မာနရတိ နတ်ပြည်၌ဖြစ်ကြောင်း လျှောက်ထားပြီးသော် အရှင်ဝဠီသမထေရ်သည် သိရိမာနတ်သမီး ရှေးဘဝကပြုခဲ့သော ကောင်းမှုကံကိုလည်းကောင်း၊ ရအပ်သော အကျိုးကိုလည်းကောင်း ဤသို့ မေးမြန်းတော်မူလေ၏။

၁၄၀။ ကိံ တွံ ပုရေ သုစရိတမာစရိ၊
ကေန ' ဋ္ဌသိ တွံ အမိတယသာ သုခေဓိတာ။
ဣဒ္ဓီ စ တေ အနုဓိဝရာ ဝိဟင်္ဂမာ၊
ဝဏ္ဏော စ တေ ဒသဒိသာ ဝိရောစတိ။

ဂါထာမြန်မာပြန် – နတ်သမီး၊ သင်သည် ရှေးလူဖြစ်စဉ်အခါ လူ့ဘဝက အဘယ်ကောင်းမှုကို အားထုတ်ဆည်းပူးခဲ့ဖူးသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့်

http://www.dhammadownload.com

မရေမတွက်သာ များလှစွာသော အခြံအရံရှိသည်ဖြစ်ကာ ချမ်းသာစွာဖြင့် ကြီးပွားလျက် ဤနတ်ပြည်၌ နေထိုင်ရသနည်း၊ သင့်ထက် လွန်ကဲသူမရှိ၊ ကောင်းကင်၌ သွားစွမ်းနိုင်သည့် တန်ခိုးအာနုဘော် ရှိဘိသနည်း၊ သင်၏ အဆင်းအရောင်သည်လည်း အရပ်ဆယ်မျက်နှာတို့၌ ထွန်းလင်းတောက်ပဘိသနည်း။

၁၄၁။ ဒေဝေဟိ တွံ ပရိဝုတာ သက္ကတာ စသိ၊
ကုတော စုတာ သုဂတိဂတာသိ ဒေဝတေ။
ကဿ ဝါ တွံ ဝစနကရာနုသာသနိ၊
အာစိက္ခ မေ တွံ ယဒိ ဗုဒ္ဓသာဝိကာ။

ဂါထာမြန်မာပြန် – နတ်သမီး၊ သင်သည်ကား နတ်အများတို့ ခြံရုံအပ်သူ အရိုအသေပြုခံရသူ ဖြစ်ခဲ့၏၊ သင်သည် အဘယ်ဘဝမှ စုတေခဲ့၍ ကောင်းသောလားရောက်ရာ နိမ္မာနရတီနတ်ပြည်သို့ ရောက်လာရပါသနည်း၊ သင်သည် ဘုရားရှင်၏ တပည့် ဥပါသိကာမ အကယ်၍ ဖြစ်ခဲ့ပါမူကား ငါ့အား ဖြေကြားလျှောက်ထားပါလော့။

ဤသို့ အရှင်ဝံဂီသမထေရ်မြတ် မေးမြန်းအပ်သော် သိရိမာနတ်သမီးက ဤသို့ ပြန်လည်ဖြေကြားလေ၏။

၁၄၂။ နဂန္ဓရေ နဂရဝရေ သုမာပိတေ၊
ပရိစာရိကာ ရာဇဝရဿ သိရိမတော။
နစ္စေ ဂီတေ ပရမာသုသိက္ခိတာ အဟုံ၊
သိရိမာတိ မံ ရာဇဂဟေ အဓေဒိသု။

၁၄၂။ နဂန္ဓရေ၊ တောင်ငါးလုံးတို့၏ အလယ်၌။ သုမာပိတေ၊ ကောင်းစွာဖန်ဆင်းတည်ထောင်အပ်သော။ နဂရဝရေ၊ ရာဇဂြိုဟ်ဟု ခေါ်ဆိုသတ်မှတ် မြို့တော်မြတ်၌။ သိရိမတော၊ စည်းစိမ်အာဏာနှင့် နှစ်ဖြာသော ဘုန်းကျက်သရေရှိတော်မူသော။ ရာဇဝရဿ၊ ဗိမ္ဗိသာရမင်းမြတ်၏။ ပရိစာရိကာ၊ ဆို–က–အတီး သီး၊သီးပါဝင် သဘင်ဆိုင်ရာ နီးကပ်စွာ လုပ်ကျွေးခဲ့ဖူးပါသည်ဘုရား။ နစ္စေ၊ ကမုန်ခြင်းတို့ကိုလည်းကောင်း။ ဂီတေ၊ သီချင်းဆိုခြင်းတို့ကိုလည်းကောင်း။ ပရမသုသိက္ခိတာ၊ ကျွမ်းကျင်လိမ္မာ အလွန်ကောင်းမွန်စွာ သင်ယူခဲ့သည်။ အဟုံ၊ ထူးကဲလှစွာ ဖြစ်ခဲ့ဖူးပါသည်ဘုရား။ ရာဇဂဟေ၊ ရာဇဂြိုဟ်ခေါ် နေပြည်တော်၌။

http://www.dhammadownload.com

မံ၊ တပည့်တော်ကို။ သိရိမာတိ၊ ရုပ်ရည်အဆင်း လွန်မင်းကဲသာ ကျက်သရေ မင်္ဂလာရှိသောကြောင့် 'သိရိမာ' ဟူ၍။ အဝေဒိသု၊ လူအများတို့ ထင်ရှားစွာ သိကြပါကုန်၏ဘုရား။

၁၄၃။ ဗုဒ္ဓေါ စ မေ ဂုသိနိသဘော ဝိနာယကော၊
အဒေသယိ သမုဒယဒုက္ခနိစ္ဆတံ။
အသခ်ံတံ ဒက္ခနိရောဓသဿတံ၊
မဂ္ဂဋ္ဌိမံ အကုဋိလမဇ္ဇသံ သိဝံ။

၁၄၃။ ဂုသိနိသဘော၊ ရဟန်းမြတ် ရဟန်းထူး အမြတ်မှူးဖြစ်တော်မူထသော။ ဝိနာယကော၊ လူနတ်ဗြဟ္မာ သတ္တဝါများကို ကောင်းစွာဆုံးမတော်မူလေ့ရှိပေထသော။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ မေ၊ သိရိမာခေါ် တပည့်တော်အား။ သမုဒယဒုက္ခနိစ္ဆတံ၊ သမုဒယ ဒုက္ခ နှစ်ဝသော သစ္စာတို့၏ မမြဲမတည် ပျက်စီးလွယ်သော သဘောရှိသည်၏ အဖြစ်ကိုလည်းကောင်း။ အသခ်ံတံ၊ ကံ, စိတ်, ဥ, ဟာ လေးဖြာကြောင်းအင် ပြုပြင်မရှိ ပကတိသဘောဖြစ်သော။ သဿတံ၊ မဖောက်မလွဲ အမြဲတည်တံ့ခြင်း သဘောရှိသော။ ဒုက္ခနိရောဓံ၊ ဆင်းရဲဒုက္ခ ဟူသမျှ၏ မုချပျောက်ရာ လွန်စွာအေးမြ နိရောဓသစ္စာကိုလည်းကောင်း။ အကုဋိလံ၊ ကွေ့ကောက်ခြင်း မရှိထသော။ အဇ္ဇသံ၊ လမ်းမှန်စင်စစ် ဧကန်ဖြစ်သော။ သိဝံ၊ ကာမတရား ဖယ်ရှားခုတ်သတ် အပူဓာတ်သိမ်း အေးငြိမ်းစွာထသော။ ဣမဇ္ဈ မဂ္ဂံ၊ နိဗ္ဗာန်ဝင်ကြောင်း လမ်းကောင်းဧကန် မှန်စွာသော မဂ္ဂသစ္စာကိုလည်းကောင်း။ အဒေသယိ၊ ဟောပြတော်မူလေသတည်း။

၁၄၄။ သုတွာနဟံ အမတပဒံ အသခ်ံတံ၊
တထာဂတဿ' နဓိဝရဿ သာသနံ။
သီလေသုဟံ ပရမသုသံဝုတာ အဟုံ၊
ဧမ္မေ ဠီတာ နရဝရဗုဒ္ဓအေသိတော။

၁၄၄။ အဟံ၊ သိရိမာဟု သညာမှည့်ခေါ် တပည့်တော်သည်။ အနဓိဝရဿ၊ လူနတ်တမွတ် အထွတ်အမြတ်ဆုံး ဖြစ်တော်မူသော။ တထာဂတဿ၊ ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏။ သာသနံ၊ ဟောကြားညွှန်ပြ အဆုံးအမဖြစ်တော်မူသော။ အသခ်ံတံ၊ ကံ, စိတ်, ဥ, ဟာ လေးဖြာ

http://www.dhammadownload.com

ကြောင်းအင် မပြုပြင်ရသည်ဖြစ်၍။ အမတံ၊ တစ်ဖန်ဆက်လက် သေကြေပျက်စီးခြင်း မရှိသော။ ပဒံ၊ အေးငြိမ်းရာမှန် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ သုတ္တာန၊ ကြားနာရ၍။ အဟံ၊ တပည့်တော်သည်။ သီလေသု၊ အကျင့်သီလတို့၌။ ပရမသုသံဝုတာ၊ အလွန်မြဲခိုင်စွာ စောင့်စည်းခဲ့သည်။ အဟံ၊ ဖြစ်ခဲ့ဖူးပါပြီဘုရား။ နရဝရဗုဒ္ဓဒေသိတေ၊ ဘုရားမြတ်သည် ဟောကြားတော်မူအပ်သော။ ဓမ္မေ၊ နေ့ည မယုတ် အားထုတ်ကျင့်ပွား မြတ်တရား၌။ ဌိတာ၊ စိတ်၌စွဲမှီ အမြဲတည်သည်။ အဟံ၊ ဖြစ်ခဲ့ဖူးပါပြီဘုရား။

၁၄၅။ ဥတ္တာနဟံ ဝိရဇပဒံ အသင်္ခတံ၊
တထာဂတေန' နဗိဝရေန ဒေသိတံ။
တတ္ထေဝဟံ သမထသမာဓိမာဖုသိံ၊
သာယေဝ မေ ပရမနိယာမတာ အဟု။

ဂါထာမြန်မာပြန် – လူနတ်တို့၏ တမွတ် အထွတ်အမြတ်ဆုံးဖြစ်လျက် ရေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် ဟောကြားတော်မူအပ်သည့် ကိလေသာမြူကင်းစင်လျက် မပြုပြင်အပ် မြတ်သောနိဗ္ဗာန်သို့ရောက်ကြောင်း တရားကောင်းကို တပည့်တော် သိမြင်ရ၍ ထိုဇာန်၌ပင်လျှင် ဆန့်ကျင်ဖက် တရားတို့ကို ငြိမ်းအေးစေတတ်သော လောကုတ္တရာသမာဓိသို့ ရောက်ခဲ့ပါ၏၊ တပည့်တော်မအား ထိုလောကုတ္တရာသမာဓိကို ရခြင်းသည်ပင်လျှင် မြတ်သည်မြဲသည်၏အတွက် အရိယာမဂ်တရား ဆက်လက် ဖြစ်ပွားခဲ့ပါ၏ဘုရား။

၁၄၆။ လဒ္ဓါနံဟံ အမတဝရံ ဝိသေသနံ၊
ဧကံသိကာ အဘိသမယေ ဝိသေသိယ။
အသံသယာ ဗဟုဇနပူဇိတာ အဟံ၊
ဓိဋ္ဌာရတိ' ပစ္စနုဘောမ' နပ္ပကံ။

ဂါထာမြန်မာပြန် – တပည့်တော်မသည် ပုထုဇဉ်တို့ထက် ထူးမြတ်အောင် ကြုံတွေ့ခဲ့ရသော အမြိုက်နိဗ္ဗာန်ကို ရခဲ့ပြီး၍ ထိုးထွင်းသိမြင်အပ်သော မဂ်ဉာဏ်အစဉ်၌ အထူးသို့ရောက်ကာ မှန်ကန်စွာယူခြင်း ရှိခဲ့ပါ၏၊ ရှစ်ပါး တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းမှ ကင်းလွတ်ကာ သံသယလည်း ရှင်းခဲ့ပါ၏၊ တပည့်တော်

http://www.dhammadownload.com

သည် လူအများ၏ အပူဇော်ကို ခံယူကာ များပြားလှစွာသော မြူးထူးမွေ့လျော်ခြင်းကို ခံစားရပါ၏ဘုရား။

၁၄၇။ ဇဝံ အဟံ အမတဒသ'မ္ဒိ ဒေဝတာ၊
တထာဂဿ' နဓိဝရဿ သာဝိကာ။
ဓမ္မဒ္ဒသာ ပဌမဖလေ ပတိဋ္ဌိတာ၊
သောတာပန္နာ နဒ္ဓ ပန မတ္တိ ဒုဂ္ဂတိ။

ဂါထာမြန်မာပြန် – တပည့်တော်သည် ဤဆိုခဲ့ပြီးသောနည်းဖြင့် အမြိုက်နိဗ္ဗာန်တရားကို သိမြင်ခဲ့ရသူ နတ်သမီးဖြစ်ပါ၏၊ နတ်လူအပေါင်းတို့ထက် ဆတက်ကဲသာ ရှေးဘုရားကိုပမာ လာခြင်းကောင်းတော်မူသော ဘုရားရှင်၏ တပည့်မ ဖြစ်ခဲ့ပါ၏၊ သစ္စာလေးပါး မြတ်တရားကို သိမြင်ကာ သောတာပတ္တိဖိုလ်၌ တည်လျက် သောတာပန်ပုဂ္ဂိုလ် ဖြစ်သည့်အတွက် မကောင်းသော လားရောက်ရာဂတိ မရှိတော့ပါ။

၁၄၈။ သာ ဝန္ဒိတုံ အနဓိဂရံ ဥပါဂမိ'၊
ပါသာဒိကေ ကုသလရတေ စ ဘိက္ခဝေါ။
နမဿိတုံ သမဏသမာဂမံ သိဝံ၊
သဂါရဝါ သိရိမတော ဓမ္မရာဇိနော။

ဂါထာမြန်မာပြန် – တပည့်တော်သည် ဘုရားရှင်ကို ဦးတင်ရှိခိုးအံ့သောငှာလည်းကောင်း ကြွလာညီဖွယ်ရာအတိ အပြစ်မရှိရာ နိဗ္ဗာန်တရား၌ မွေ့လျော်ကြကုန်သော ရဟန်းတော်တို့ကို ဦးတင်ရှိခိုးအံ့သောငှာလည်းကောင်း ဘေးရန်မရှိမူ၍ မကောင်းမှုကို ငြိမ်းစေပြီးသော ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်သားတို့၏ အစည်းအဝေးကြီးသို့ ဆည်းကပ်ခဲ့ပြီးလျှင် ဘုန်းကျက်သရေသခင် တရားတော်တို့၏ အရှင်မင်းဖြစ်တော်မူသော မြတ်ဘုရားကို စိတ်ထားသေကွေ ရိုသေစွာ ရှိခိုး၍နေပါ၏။

၁၄၉။ ဒိသွာ မုနိ' မုဒိတမန'မ္ဒိ ဝိဇိတာ၊
တထာဂတံ နရဝရဒမ္မသာရထိ'။
တဏ္ဍိဒံ ကုသလရတံ ဝိနာယကံ၊
ဝန္ဒာမဟံ ပရမဟိတာနုကမ္ပကံ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – တပည့်တော်သည် ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူ၍ ဆုံးမထိုက်သူ များဗိုလ်လူတို့ကို ဆုံးမတော်မူတတ်သည့် ယောကျ်ားမြတ်ဖြစ်ကာ ပယ်ဖြတ်အပ်ပြီးသော တဏှာရှိတော်မူလျက် အပြစ်မရှိသော နိဗ္ဗာန်တရား၌ မွေ့လျော်တတ်ငြား နတ်လူအများတို့၏ ရှေ့သွားဦးဆောင် ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရကာ ဝမ်းမြောက်လှစွာသော စိတ်ရှိလျက် နှစ်သက်မြတ်နိုးခဲ့ရပါ၏၊ တပည့်တော်မသည် မြတ်သော အစီးအပွားဖြင့် သတ္တဝါအများကို သနားစောင့်ရှောက်တော်မူသော ရှင်တော်မြတ်ဘုရားကို ရှိခိုးဦးတင်ပါ၏၊ ဘုရား" ဟု လျှောက်ထားလေ၏။

ဤသို့လျှင် သိရိမာနတ်သမီးသည် မိမိ၏ဖြစ်ခဲ့ရပုံကို လျှောက်ထားလျက် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာအပေါင်းကို ရိုသေစွာ ရှိခိုးပြီးလျှင် လက်ယာရစ် လှည့်လည်၍ နတ်ပြည်သို့ ပြန်သွားလေ၏။

ဘုရားရှင်သည် သိရိမာအကြောင်း ဒေသနာတရားကို ဟောကြားတော်မူလေ၏၊ ဒေသနာတော်၏ အဆုံး၌ သိရိမာကို စွဲလမ်းကာ ပျင်းရိငြီးငွေ့နေသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏ ထိုတရားဒေသနာတော်သည် ရောက်လာသော ပရိသတ်အား အကျိုးများသည် ဖြစ်လေ၏။

သိရိမာဝိမာနဝတ္ထု ပြီး၏။

၁၇။ ကေသကာရီ ဝိမာနဝတ္ထု

လူ့ဘဝက ရတနာသုံးပါးကို ယုံကြည်ပြီး သီလ၌တည်ကာ သောတာပန်ဖြစ်၍ ဘဝကူးသောအခါတွင် ရွှေသစ်ပင်တို့ဖြင့် ဝိုင်းရံသော ဝိမာန်ကြီးဝယ် ဖြစ်ရသည့် ကေသကာရီနတ်သမီး။

ဘုရားရှင်သည် ဗာရာဏသီပြည် ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ ကျရောက်ရာ၊ သားသမင်တို့ကို ဘေးမဲ့ဗေးရာ မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ်အခါ များစွာသော ရဟန်းတို့သည် နံနက်ချိန်ခါ၌ သပိတ်သင်္ကန်းကို ယူဆောင်ကာ ဗာရာဏသီပြည်အတွင်းသို့ ဆွမ်းခံဝင်ကြကုန်၏။

ထိုရဟန်းတို့သည် ပုဏ္ဏားတစ်ဦး၏ အိမ်တံခါးအနီးမှ သွားကြသော် ပုဏ္ဏား

http://www.dhammadownload.com

အိမ်ရှိ ကေသကာရီမည်သော ပုဏ္ဏား၏သမီးသည် အိမ်တံခါးဝအနီး၌ မိခင်၏ ဦးခေါင်းမှာ သန်းရာလျက်နေစဉ် ရဟန်းတော်တို့ ကြွလာသည်ကိုမြင်၍ မိခင် အား ဤသို့မေးလေ၏။ "မိခင်၊ ဤရဟန်းတော် ခရင်မြတ်တို့သည် ပဝေဒ အရွယ် ငယ်စဉ်ကာလဖြစ်၍ အဆင်းရှုပ လှပသဖွာ ကြပါ၏၊ နူးညံ့သိမ်မွေ့မှု လည်း ရှိကြပါပေ၏၊ တစ်စုံတစ်ရာသော ပျက်စီးဆုံးရှုံးမှု၏ အနှိပ်စက်ကိုလည်း မခံရဖူးဘူးဟု ထင်ပါ၏၊ သို့ပါလျက် အဘယ်အတွက်ကြောင့် ဤရဟန်းတော် တို့သည် ပထမအရွယ်၌ ရဟန်းပြုကြပါသနည်း"။

ထိုအခါ ဘုရားရှင်၏ အဆုံးအမ၌ တည်ပြီးသော အရိယာ ဥပါသကာ တစ်ဦးသည် ထိုအိမ်တံခါးအနီး လမ်းပေါ်၌သွားစဉ် ထိုသားအမိတို့ ပြောဆိုကြ သော စကားကိုကြား၍ သားအမိနှစ်ယောက်တို့၏ အနီးသို့ ချဉ်းကပ်လေ၏။ ထိုအခါ ဥပါသကာကို ပုဏ္ဏေးမကြီးက ဤသို့မေးလေ၏။ "ဥပါသကာ ဒါယ ကာကြီး၊ ယခုအခါ အမျိုးကောင်းသား များစွာတို့သည် စည်းစိမ်ဥစ္စာနှင့် ဆွေမျိုး ဉာတကာတို့ကို ပယ်စွန့်ကြကာ သတျန္တယ်ဝင် ဘုရားရှင်၏အထံ၌ ရဟန်းပြု ကြကုန်၏၊ ထိုသူတို့သည် အဘယ်အကျိုးထူးကို သိမြင်၍ ရဟန်းပြုကြပါကုန် သနည်း"။

ထိုအခါ ဥပါသကာကြီးက ဤသို့ ဖြေကြားလေ၏။ "ကာမဂုဏ်တို့၌ အပြစ်ကိုသိမြင်၍၊ ကာမဂုဏ်တို့မှ ထွက်မြောက်ရာ၌ အကျိုးအာနိသံသကိုမြင်၍ ရဟန်းပြုကုန်၏" ဟု ပြောဆိုဖြေကြားကာ မိမိဉာဏ်ပညာအားလျော်စွာ ထိုအနက် အဓိပ္ပာယ်ကို အကျယ်ချဲ့ထွင်၍ ဟောကြားသည်။ ထို့နောက် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း ဟောကြားလျက် ငါးပါးသီလတော်မြတ်တို့၏ ဤဘဝအကျိုး တမလွန်လောကဌ ရရှိနိုင်သော အကျိုးတို့ကိုလည်း ဟောကြားပြသလေ၏။

ပုဏ္ဏား၏သမီး ကေသကာရီသည် "အကျွန်ုပ်တို့ အမျိုးသမီးများလည်း သရဏဂုံသီလတို့ကို ကျင့်ကြံဆောက်တည်သည်ရှိသော် ဥပါသကာ ဟောပြောပြသ သော အကျိုးထူးတရားများ ရစွမ်းနိုင်ပါသလော" ဟု မေးမြန်းပြန်လေ၏။

ဥပါသကာကြီးသည် "ချစ်သမီး၊ ဘုရားရှင် ဟောကြားပြသ ဆုံ မအပ်ကုန် သော တရားတို့ကား အလုံးစုံသော သူအများနှင့် ဆက်ဆံကုန်၏၊ ဘုရားရှင်၏ တရားတော်များကို ကျင့်ကြံပါက အဘယ့်မှာမရနိုင်ဘဲ ရှိအံ့နည်း" ဟု ပြောကြား ကာ ကေသကာရီအား သရဏဂုံတို့ကိုလည်းကောင်း၊ သီလတို့ကိုလည်းကောင်း ပေးလေ၏။

http://www.dhammadownload.com

ကေသကာရီသည် သရဏဂုံကိုယူကာ သီလတို့ကို ဆောက်တည်ပြီးသော အခါ "ဤသရဏဂုံသီလတို့ထက် ပိုလွန်၍ အခြား ကျင့်ကြံအားထုတ်ရသော တရားများ ရှိပါသေးသလော" ဟု တစ်ဖန် ထပ်၍မေးမြန်းလေ၏။

ထိုအခါ ဥပါသကာကြီးသည် ကေသကာရီ၏ တရားဌ မွေ့လျော်ပုံ သိကြားလိုပုံကို အာရုံဌမှတ်သားလျက် "ဤကေသကာရီသည်ကား ရှေးရှေးဘဝ တို့က ဆည်းပူးခဲ့ရသော ပါရမီအကြောင်း ဥပနိဿယကောင်းနှင့် ပြည့်ဝသောသူ ဖြစ်ပေ၏" ဟု သိ၍ ခန္ဓာကိုယ်ကြီး၏ သဘောသဘာဝတ္ထာကို ထင်ရှားစွာ ပြော ပြပြီးလျှင် ဆုံပင်မွေးညင်း စသည့် သုံးဆယ့်နှစ်ပါးသော ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို လည်းကောင်း၊ မိမိခန္ဓာကိုယ်အစဉ်၌ တပ်စွန်းနှစ်သက်သော ရာဂကို ပယ်ဖြတ် ခြင်းကိုလည်းကောင်း၊ ထိုမှ တစ်ဆင့်တက်၍ ရုပ်နာမ်နှစ်ဝ သဘာဝတရားတို့၏ အမြဲမရှိသည်၏အဖြစ် စသည်ကိုလည်းကောင်း ဟောပြောပြသ၍ ပြန်သွားလေ၏။

ကေသကာရီသည် ဥပါသကာကြီး ဟောကြားညွှန်ပြသွားသော နည်းများကို အာရုံပြုကာ စိတ်ကို တည်ကြည်စေပြီးလျှင် ဝိပဿနာတရား ပွားများအားထုတ်ရာ ရှေးအခါကာလက ဆည်းပူးခဲ့ရသော ပါရမီအကြောင်း ဥပနိဿယကောင်းနှင့် ပြည့်စုံရကား မကြာမြင့်မီပင်လျှင် သောတာပတ္တိဖိုလ်ဌ သက်ဝင်ကား သောတာ ပန် တည်လေ၏။

လက်ရှိဘဝ၌ ခံစားနေရသော ကောင်းမှု၏အကျိုး

ထိုကေသကာရီသည် သောတာပန်ဖြစ်သည်မှနောက် အခါတစ်ပါးဌ စုတေ ကွယ်လွန်သွားရာ တာဝတိံသာနတ်ပြည်ဌ သိကြားမင်း၏ အလုပ်အကျွေးသဖွယ် မိဖုရားငယ် ဖြစ်လေ၏။ ကေသကာရီ နတ်သမီးအား အခြေအရံနတ်သမီး တစ်သိန်းရှိ၏။

သိကြားမင်းမေး

ထိုအခါ ကေသကာရီနတ်သမီးကို သိကြားမင်းက ဤသို့ မေးမြန်းလေ၏။

၁၅၀။ ဣဒံ ဝိမာနံ ရူစိရံ ပဘာသရံ၊
ဝေဠုရိယထမ္ဘံ သတတံ သုနိမ္မိတံ။
သုဝဏ္ဏရတ္တေဟိ သမန္တမောတ္ထတံ၊
ဌာနံ မမံ ကမ္မဝိပါကသမ္ဘဝံ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် - နှစ်သက်ဖွယ်ရာ ပြိုးပြက်စွာသော အရောင်အဆင်းပြောင်လင်းလျက် ကြောင်မျက်ရွဲဖြင့်ပြီးသော တိုင်လည်းရှိသော အလွန်ပြန့်ကျယ်ခန့်ထည်သပ်ယပ် ကောင်းစွာ ဖန်ဆင်းအပ်သော ရွှေသစ်ပင်တို့ဖြင့် ဝန်းကျင်ပတ်ချာမှ ဖုံးလွှမ်းအပ်သည့် ကောင်းမှုကံ၏ အကျိုးအာနိသံသနှင့်တကွ ဖြစ်ရသော ဤဗိမာန်ကား ငါ၏နေထိုင်ရာ ဗိမာန်ပါတည်း။

၁၅၁။ တတြူပပန္နာ ပုရိမစ္ဆရာ ဣမာ၊
သတံ သဟဿာနိ သကေန ကမ္မုနာ။
တုဝံသိ အစ္ဆုပဂတာ ယသဿိနီ၊
သြဘာသယံ တိဋ္ဌသိ ပုဗ္ဗဒေဝတာ။

ဂါထာမြန်မာပြန် - ထိုငါ၏ ဗိမာန်၌ဖြစ်ကာ ရောက်၍နေကြကုန်သော ဤနတ်သမီးဟောင်းတို့သည် တစ်သိန်းမျှ ရှိကုန်၏၊ မိမိပြုခဲ့သော ကံစွမ်းကြောင့် ယခုအခါ ဤဗိမာန်သို့ ရောက်၍လာသော သင်နတ်သမီးသည် အခြံအရံနှင့် ပြည့်စုံသူ ဖြစ်၏၊ မိမိ ဆည်းပူးအားထုတ် ပြုလုပ်ခဲ့သော ကံ၏အာနုဘော်ကြောင့် ပင်လျှင် ရှေးနတ်သမီးအပေါင်းတို့ထက် ဆတက်ကဲသာ ထွန်းလင်းတောက်ပစွာ တည်နေရ၏။

၁၅၂။ သသီ အဓိဂ္ဂယှ ယထာ ဝိရောစတိ၊
နက္ခတ္တရာဇာရိဝ တာရကဂဏာ။
တထေဝ တွံ အစ္ဆရာသင်္ဃံ ဣမံ၊
ဒဒ္ဒလ္လမာနာ ယသသာ ဝိရောစသိ။

ဂါထာမြန်မာပြန် - ယုန်ရေးတံဆိပ် ခတ်နှိပ်လျက်ရှိသော နက္ခတ်တာရာကြယ်တကာတို့၏ သေဋ္ဌနင်းဖြစ်သော လမင်းသည် ကြယ်တာရာအပေါင်းကို လွှမ်းမိုးတင့်တယ်ဘိသကဲ့သို့ သင်သည် ဤနတ်သမီးအပေါင်းကို လွှမ်းမိုး၍ အခြံအရံဖြင့် လွန်စွာထွန်းလင်းတောက်ပကာ တင့်တယ်လှပါ၏။

၁၅၃။ ကုတော နု အာဂမ္မ အနောမဒဿနေ၊
ဥပပန္နာ တွံ ဘဝနံ မမံ ဣဒံ။
ဗြဟ္မံဝ ဒေဝါ တိဒသာ သဟိန္ဒကာ၊
သဗ္ဗေ နု တယွါမသေ ဒဿနေန တံ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – ခပ်သိမ်းဥဿုံ အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ရှုချင်စဖွယ် တင့်တယ်ခြင်းရှိသော အို ... နတ်သမီး၊ သင်နတ်သမီးသည် အဘယ်ဘဝမှ လာခဲ့၍ ငါ၏ ဘုံဗိမာန်သို့ ရောက်လာဘိသနည်း၊ သိကြားမင်းနှင့်တကွ တာဝတိံသာ နတ်တို့သည် ဖြဟ္မာမင်းကြီးကို ကြည့်ရှုရသဖြင့် မရောင့်ရဲ မတင်းတိမ်နိုင်ကြသည့်ပမာ အလုံးစုံသောငါတို့သည် သင်နတ်သမီးကို ကြည့်ရှုရခြင်းဖြင့် အခြင်းခပ်သိမ်း မတင်းတိမ် မရောင့်ရဲနိုင်ကြပါဟု သိကြားမင်းသည် မေးမြန်းလေ၏။

နတ်သမီး၏အဖြေ

၁၅၄။ ယမေတံ သက္က အနုပုစ္ဆသေ မမံ၊
ကုတော စုတာ တွံ ဣဓ အာဂတာတိ။
ဗာရာဏသိ နာမ ပုရတ္ထိ ကာသိနံ၊
တတ္ထ အဟောသိံ ပုရေ ကေသကာရိကာ။

ဂါထာမြန်မာပြန် – အရှင်သိကြားမင်း၊ အရှင်သိကြားမင်းသည် အကျွန်ုပ်အား "အဘယ်အရပ်မှ စုတေ၍ ဤငါ၏ဗိမာန်သို့ သင်လာရောက်သနည်း" ဟု ပုစ္ဆာကို မေးမြန်းဘိ၏၊ အရှင်သိကြားမင်း၊ အကျွန်ုပ်ကား ကာသိတိုင်းခေါ် ဗာရာဏသီမည်သော မြို့တော်၌ ရှေးဘဝက ကေသကာရီမည်သော အမျိုးသမီး ဖြစ်ခဲ့ဖူးပါ၏။

၁၅၅။ ဗုဒ္ဓေ စ ဓမ္မေ စ ပသန္နမာနသာ၊
သံဃေ စ ဧကန္တဂတာ အသံသယာ။
အဓဿာသိကွာဟဒါ အာဂတပ္ပလာ၊
သမ္မောဒိဓမ္မေ နိယတာ အနာမယာ။

၁၅၅။ သက္က၊ အရှင်သိကြားမင်း။ အဟံ၊ ကေသကာရီ နာမည်သမုတ် အကျွန်ုပ်သည်။ တဒါ၊ ကာသိတိုင်းခေါ် ဗာရာဏသီမြို့တော်တွင် ရှေးလူဖြစ်စဉ် အခါက။ ဗုဒ္ဓေ စ၊ သစ္စာသိမြင် ဘုရားရှင်၌လည်းကောင်း။ ဓမ္မေ စ၊ ရှင်တော်ဘုရား ဟောကြားမြွက်ဖော် တရားတော်၌လည်းကောင်း။ သံဃေ စ၊ မြတ်ဘုရား၏ ချစ်သားကျောက်မော် ရဟန်းတော်တို့၌လည်းကောင်း။ ပသန္နမာနသာ၊ ကြည်ညိုသော စိတ်ထားရှိခဲ့ပါ၏၊ ဧကန္တဂတာ၊ အမှန်ဟု ယူဆချထားအပ်သော တစ်ခု

http://www.dhammadownload.com

တည်းသော အဖို့ရှိခဲ့ပါ၏၊ အသံသယာ၊ ယုံမှားသံသယ လုံးဝမရှိခဲ့ပါ၊ အခက္ခာသိက္ခာပဒါ၊ စောင့်စည်းအပ်သည့် သိက္ခာပုဒ်များ အကျင့်တရားတို့ကိုလည်း ကျိုးပေါက်ပျက်ပြားခြင်း မရှိခဲ့ပါ။ အာဂတပွဿာ၊ အရိယာပုဂ္ဂိုလ် ခေါ်ဆိုပညတ်သောတာပတ္တိဖိုလ်မြတ်သို့လည်း ရောက်ခဲ့ပါ၏။ သမ္မောဓိဓမ္မေ၊ သစ္စာလေးရပ်တရားမြတ်ကို ပိုင်းခြားသိတတ် မဂ်ဉာဏ်မြတ်၌။ အနာမယာ၊ ဘယာလွတ်ရှင်း အနှောင့်အယှက်ကင်းလျက်။ နိယတာ၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြံတည်တံ့ ခိုင်ခံ့သောသဘော ရှိခဲ့ပါ၏။

တစ်ဖန် သိကြားမင်းသည် ကေသကာရီနတ်သမီး၏ ကောင်းမှုကုသိုလ်၏ ပြည့်စုံခြင်း၊ နတ်၌ဖြစ်သော ပြည့်စုံခြင်းတို့ကိုလည်း ဤသို့ ချီးမွမ်းထောမနာပြုလေ၏။

၁၅၆။ တန္နျာဘိနန္ဒာမသေ သဂ္ဂဂတာ တေ၊
ဓမ္မေန စ တံ့ ယသသာ ဝိရောစသိ။
ဗုဒ္ဓေ စ ဓမ္မေ စ ပသန္နမာနသေ၊
သံဃေ စ ကေန္ဒဂတေ အသံသယေ။
အခက္ခာသိက္ခာပဒေ အာဂတပွဒေ၊
အမ္မောဓိဓမ္မေ နိယတေ အနာမယေ။

ဂါထာမြန်မာပြန် – "ဘုရား တရား သံဃာ သုံးဖြာသော ရတနာ၌ ကြည်ညိုစိတ် ရှိခဲ့သည့်အပြင် အမှန်ဟု ယူဆခြင်းရှိကာ ယုံမှားသံသယ မရှိခဲ့ပါ၊ သိက္ခာပုဒ် တို့ကိုလည်း မကျိုးမပေါက်စေခဲ့ပါ၊ သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့ပါ၏၊ သစ္စာတရားတို့ကို ပိုင်းခြားသိမြင်တတ်သော မဂ်ဉာဏ်အစဉ်၌ အနှောင့်အယှက်ကင်းစွာ မြဲမြံသောသဘော ရှိပါ၏" ဟု ပြောဆိုသော နတ်သမီး၊ သင်နတ်သမီး၏ ကောင်းမှု၏ ပြည့်စုံခြင်း နတ်စည်းစိမ်၏ ပြည့်စုံခြင်းနှစ်ပါးကို ငါတို့လွန်စွာ နှစ်သက်ဝမ်းမြောက်လျက် ရှိပါကုန်၏၊ သင်၏ လာခြင်းကား ကောင်းသော လာခြင်းတည်း၊ သင်သည် တရားဖြင့်လည်းကောင်း၊ အခြံအရံဖြင့်လည်းကောင်း အလျှံစမ္မယ် တင့်တယ်လှပါပေ၏ဟု ပြောကြားလေ၏။

ထိုကေသကာရီနတ်သမီး၏ ဖြစ်ပုံအကြောင်းစုံကို သိကြားမင်းသည် အရှင်မဟာမောဂ္ဂလာန်မထေရ်အား လျှောက်ထားလေ၏၊ အရှင်မဟာမောဂ္ဂလာန်သည် ဘုရားရှင်အား လျှောက်ကြား၏၊ ဘုရားရှင်သည် ထိုအကြောင်းများကို ရောက်

http://www.dhammadownload.com

လာသော ပရိသတ်အား ဟောကြားလေ၏၊ ထိုတရားဒေသနာသည် နတ်နှင့်တကွသော လူအပေါင်းအား အကျိုးစီးပွား များပြားလေ၏။

ကေသကာရီဝိမာနဝတ္ထု ပြီး၏။

၂။ စိတ္တလတာဝဂ်

၁။ ဒါသိဝိမာနဝတ္ထု

သီလစောင့်ထိန်းကာ တရားနာ၍ အရိယာအဖြစ်ဖြင့် ကွယ်လွန်ပြီး တာဝတိံသာနတ်ပြည် စိတ္တလတာဥယျာဉ်၌ ဝမ်းမြောက်ဂျော်ရွှင်စွာ နေရသော နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သိတင်းသုံးတော်မူစဉ် ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဒါယကာတစ်ယောက်သည် များစွာသော ယောက်ျားသီတင်းသည်တို့နှင့်အတူ ညနေချမ်းအခါ ကျောင်းတော်သို့ လာ၍ တရားတော်ကို နာကြားကြသည်။ ပရိသတ်များ ပြန်သွားကြသော် ဘုရားရှင်အနီးသို့ ချဉ်းကပ်၍ "အရှင်မြတ်ဘုရား၊ တပည့်တော်သည် ဤနေ့မှစ၍ သံဃာတော်အား လေးပါးကုန်သော နိစ္စဘတ် 'အမြဲဆွမ်းဝတ်' တို့ကို ပြုစုလှူဒါန်းလိုပါ၏ဘုရား" ဟု လျှောက်ကြားလေ၏။ ထိုအခါ ဘုရားရှင်သည် ထိုသီတင်းသည်အား နိစ္စဘတ်ဆွမ်း လှူဒါန်းခြင်း စပ်ဆိုင်သော တရားစကားကို ဟောကြား၍ ပြန်လွှတ်လိုက်လေ၏။

ထိုသီတင်းသည် ဘုရားရှင်အား ရှိခိုး၍ ပြန်လာခဲ့ပြီးလျှင် ဆွမ်းညှန်းရဟန်း၏အထံသို့ သွားကာ "အရှင်ဘုရား၊ တပည့်တော်သည် သံဃာတော်အား နိစ္စဘတ်တို့ကို လှူဒါန်းတည်ထားအပ်ပါကုန်၏၊ မနက်ဖြန်ခါမှစ၍ တပည့်တော်၏အိမ်သို့ လေးပါးသော ရဟန်းတို့ကို စေလွှတ်တော်မူပါဘုရား" ဟု လျှောက်ထားသည်။ ထို့နောက် အိမ်သို့ပြန်ခဲ့၍ ကျွန်မအား ထိုအကြောင်းကို ပြောကြားလျက် "ကျွန်မ၊ ငါသည် ထိုလေးပါးသော ရဟန်းတို့ကို နိစ္စဘတ်ဆွမ်းလှူဒါန်းရာ၌ သင် နေ့စဉ် မမေ့မလျော့ ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ကို စီရင်ပါ" ဟု ပြောကြားလေ၏။ ကျွန်မသည် "ကောင်းပါပြီ" ဟု ဝန်ခံလေ၏။

http://www.dhammadownload.com

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ကျွန်မသည် ပင်ကိုသဘောအားဖြင့်ပင် သဒ္ဓါတရားနှင့် ပြည့်စုံလျက် ကောင်းမှုကုသိုလ်ကို ပြုလိုသည့်အပြင် အကျင့်သီလနှင့် ပြည့်စုံလှသော ကျွန်မ ဖြစ်ရကား နေ့စဉ်နေ့စဉ် စောစောထ၍ မွန်မြတ်သော ဆွမ်း၊ ဆွမ်းဟင်းနှင့် အဖျော်တို့ကို စီစဉ်ပြင်ဆင်သည်။ ရဟန်းတို့ နေထိုင်ရန် နေရာကိုလည်း တံမြက်လှည်းကာ သန့်ရှင်းစွာ နေရာခင်းကျင်းသည်။ ရဟန်းတော်တို့ ကြွတော်မူလာသော် ခင်းကျင်းထားသော နေရာ၌ သီတင်းသုံး ထိုင်နေစေပြီးလျှင် ရှိခိုးဦးချ၍ နံ့သာပန်း အခိုးအထုံတို့ဖြင့် ပူဇော်လျက် ရှိသေစွာ ဆွမ်းလုပ်ကျွေးလေ၏။

ရဟန်းများက တရားပြကြခြင်း

တစ်နေ့တွင် ကျွန်မသည် ရဟန်းတော်တို့ကို ချဉ်းကပ်လျက် ရှိခိုးကာ ဤသို့ မေးမြန်းလျှောက်ထားလေ၏။ "အရှင်မြတ်တို့ဘုရား၊ ဤပဋိသန္ဓေ တည်နေရခြင်း စသော ဆင်းရဲဒုက္ခမှ ကင်းလွတ်ရန် အဘယ်သို့ ပြုလုပ်ရပါမည်နည်း" ဟု လျှောက်ထားသည်။ ရဟန်းတော်တို့သည် သရဏဂုံနှင့်တကွ ငါးပါးသော သီလတော်တို့ကို ပေးကြ၍ ခန္ဓာကိုယ်ကြီး၏ မမြဲသောသဘာဝကို ဟောကြားပြသကြသည်။ ခန္ဓာကိုယ်၌ စက်ဆုပ်ဖွယ်ရာ နှလုံးသွင်းမှုကို ပြုစေလျက် ရဟန်းတော်တို့က အနိစ္စသဘောနှင့် စပ်ယှဉ်သော တရားစကားကို ဟောကြားကြကုန်၏။

သောတာပန်ဖြစ်

ကျွန်မသည် တစ်ဆယ့်ခြောက်နှစ်ပတ်လုံး သီလကို စောင့်ထိန်းသည်။ အားလပ်ချိန်ရသောအခါများ၌ တရားနာခြင်း၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း စသော တရားများကို နှလုံးသွင်း ဆင်ခြင်လျက်ရှိစဉ် ပါရမီဉာဏ်ရင့်သန်သည်၏အဖြစ်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုသောတာပန် တည်ပြီးသော ကျွန်မသည် နောင်အခါ ကွယ်လွန်၍ တာဝတိံသာ၌ သိကြားမင်း၏ အလုပ်အကျွေး မိဖုရားငယ်နတ်သမီး ဖြစ်လေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေးမြန်းခြင်း

ထိုနတ်သမီးသည် ခြောက်သောင်းသော တူရိယာတို့ဖြင့် ဖြေဖျော်ကြသော နတ်သမီးတစ်ထောင် အခြံအရံဖြင့် နေရသည်။ ဆန်းကြယ်လှစွာသော စိတ္တလတာဥယျာဉ်တော်၌ လှည့်လည်သွားလာနေစဉ် ဒေသစာရီ ကြွချီတော်မူလာသော အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့် တွေ့ကြုံ၍ အရှင်မဟာမောဂ္ဂလာန်က ဤသို့ မေးမြန်းလေ၏။

၁၅၇။ အဝိ သဏ္ဌာဝ ဒေဝိန္ဒော၊ ရမ္မေ စိတ္တလတာဝနေ၊
သမန္တာ အနုပရိယာသိ၊ နာရိဂဏပုရက္ခတာ၊
ဩဘာသေန္တီ ဒိသာ သဗ္ဗာ၊ ဩသဓီ ဝိယ တာရကာ။

၁၅၈။ ကေန တေ'တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ၊
ဥပဓီနံ စ တေ ဘောဂေါ၊ ယေ ကေစိ မနသော ဝိယာ။

၁၅၉။ ပုစ္ဆာမိ တံ ဒေဝ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဗလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဟူသော သုံးဂါထာတို့ဖြင့် မေးမြန်းတော်မူလေ၏။

ဂါထာမြန်မာပြန် – အို ... နတ်သမီး၊ သင်သည် သိကြားမင်းကဲ့သို့ နတ်သမီးအပေါင်း ခြံရံလျက် နတ်သမီးတို့၏ ကောင်းမှုကြောင့်ဖြစ်သော ဆန်းကြယ်လှစွာသစ်ပွင့် သစ်သီး အဖြာဖြာတို့နှင့် စပ်ယှဉ်ကာ ဆန်းကြယ်စွာသော စိတ္တလတာအမည်သာသော နတ်ဥယျာဉ်အတွင်းဝယ် သောက်ရှူးကြယ်ကဲ့သို့ အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းတောက်ပစေလျက် လှည့်လည်သွားလာဘိ၏။

နံပါတ် ၁၅၈–၁၅၉ ဂါထာများသည် ပဌမ ပိဋ္ဌဝိမာနဝတ္ထုလာ ၉–၁၀ ဂါထာများနှင့် တူပြီ။ ၁၆၀ ဂါထာလည်း ၎င်းဝတ္ထုလာ ၄ နံပါတ် ဂါထာနှင့် တူသည်။

http://www.dhammadownload.com

နတ်သမီး ဖြေကြားခြင်း

၁၆၁။ အဟံ မနုဿေသု မနုဿဘူတာ၊
ဒါသီ အဟောသိံ ပရမေဿိယာ ကုလေ။

ဂါထာမြန်မာပြန် – တပည့်တော်သည် လူ့ဘဝဝယ် လူဖြစ်ခဲ့စဉ်အခါက သူတစ်ပါးတို့အိမ်၌ မှီခိုနေထိုင်ရသော အစေခံကျွန်မ ဖြစ်ခဲ့ပါ၏။

၁၆၂။ ဥပါသိကာ စက္ခုမတော၊ ဂေါတမဿ ယသဿိနော၊
တဿာ မေ နိက္ခမော အာသိ၊ သာသနေ တဿ တာဒိနော။

ဂါထာမြန်မာပြန် – တပည့်တော်သည် စက္ခုငါးပါးသခင် အခြံအရံ အကျော်စောရှင် ဖြစ်တော်မူသော ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၏ တပည့် ဥပါသိကာမ ဖြစ်ခဲ့ပါ၏၊ တာဒိလက္ခဏာနှင့် ပြည့်စုံတော်မူပေသော ရှင်တော်မြတ်ဘုရား၏ သာသနာတော်၌ တပည့်တော်အား ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးထွက်မြောက်ကြောင်း ကမ္မဋ္ဌာန်းတရားကောင်းကို အားထုတ်လုံ့လပြုခြင်း ရှိခဲ့ပါ၏။

၁၆၃။ ကာမံ ဘိဇ္ဇတုယံကာယော၊ နေဝ အတ္ထော်တ္ထ သဏ္ဌာနံ၊
သိက္ခာပဒါနံ ပဠုနံ၊ မဂ္ဂေါ သောဝတ္ထိကော သိဝေါ။

၁၆၄။ အကဏကော အဂဟဏော၊ ဥဇု သဗ္ဗီ ပဝေဒိတော၊
နိက္ခမဿ ဖလံ ပဿ၊ ယထိဒံ ပါပုဏိတ္ထိကာ။

ဂါထာမြန်မာပြန် – ဤခန္ဓာကိုယ်ကြီးသည် ပျက်စီးလိုမူလည်း ပျက်စီးပါစေ၊ ကမ္မဋ္ဌာန်းအလုပ် စီးဖြန်းအားထုတ်ရာ၌ကား လျော့ပါးမှုမရှိပါ။ သိက္ခာပုဒ်ငါးပါးတို့ ပြည့်စုံကြောင်းဖြစ်သော ချမ်းသာစေတတ်သော ငြိမ်းချမ်းသော ရာဂ စသော ဆူးငြောင့်မရှိသော ကိလေသာ မိစ္ဆာအယူ ချုံလည်းမရှိ ဖြောင့်မတ်သော သဘော ရှိသည့် ဘုရားအစရှိသော သူမြတ်တို့ ဟောကြားပြသအပ်သော အရိယာမဂ်သည် ရှိပါ၏၊ မိန်းမသားပင် ဖြစ်ပါလျက် ဤအရိယာမဂ်သို့ ရောက်ခဲ့ပါပြီ၊ တပည့်တော် အားထုတ်ခဲ့သော လုံ့လ၏ အကျိုးအာနိသံသကို ရှုတော်မူပါလော့။

၁၆၅။ အာမန္တ နိကာ ရညော်ဓိ၊ သက္ကသ ဝသဝတ္တိနော၊
သဋ္ဌိ တူရိယသဟဿာနိ၊ ပလိဗောဓံ ကရောန္တိ မေ။

http://www.dhammadownload.com

၁၆၆။ အာလမ္ဗော ဂဂ္ဂရော ဘီမော၊ သာခုဝါဒီ စ သဲ့သယော၊
ပေါက္ခရော စ သုဖဿော စ၊ ဝိဏာမောက္ခာ စ နာရိယော။

၁၆၇။ နန္ဒာ စေဝ သုနန္ဒာ စ၊ သောဏဒိန္နာ သုစိမ္ပိတာ၊
အလမ္ဗုသာ မိဿကေသီ စ၊ ပုဏ္ဏရိကာတိဒါရုဏီ။

၁၆၈။ ဧဏီဖဿာ သုဖဿာ စ၊ သုဘဒ္ဒါ မုဒုဝါဒိနီ၊
ဧတာ စညာ စ သေယျာသေ၊ အစ္ဆရာနံ ပဓောဓိကာ။

ဂါထာမြန်မာပြန် – တပည့်တော်သည် မိမိအလိုသို့ လိုက်စေတတ်သော သိကြားမင်း၏ အတိုင်ပင်ခံ နတ်သမီးဖြစ်ခဲ့ပါ၏၊ အာလမ္ဗတူရိယာ၊ ဂဂ္ဂရတူရိယာ၊ ဘိမတူရိယာ၊ သာခုဝါဒီတူရိယာ၊ သဲ့သယတူရိယာ၊ ပေါက္ခရတူရိယာ၊ သုဖဿတူရိယာ စသော ခြောက်သောင်းကုန်သော တူရိယာတို့သည် တပည့်တော်၏ နှစ်သိမ့်ဝမ်းမြောက်မှုကို နိုးကြားစေပါကုန်၏၊ ဝိဏာမောက္ခနတ်သမီး၊ နန္ဒာနတ်သမီး၊ သုနန္ဒာနတ်သမီး၊ သောဏဒိန္နာနတ်သမီး၊ သုစိမ္ပိတာနတ်သမီး၊ အလမ္ဗုသာနတ်သမီး၊ မိဿကေသီနတ်သမီး၊ ပုဏ္ဏရိကာနတ်သမီး၊ အတိဒါရုဏီနတ်သမီး၊ ဧဏီဖဿာနတ်သမီး၊ သုဖဿာနတ်သမီး၊ သုဘဒ္ဒါနတ်သမီး၊ မုဒုဝါဒိနီနတ်သမီး၊ ဤဆိုခဲ့ပြီးသော နတ်သမီးတို့နှင့်အတူ နှစ်သက်ရွှင်ပျ ပျော်ရွှင်မှုကို ပြုတတ်ကုန်သော နတ်သမီးအများတွင် အထူးသဖြင့် ကောင်းမြတ် ချီးမွမ်းအပ်ကုန်သော အခြားနတ်သမီးတို့သည် တပည့်တော်၏အထံသို့ လာကြကာ နှစ်သက်ဝမ်းမြောက်ဖွယ် အသွယ်သွယ်တို့ကို ပြောကြားကြပါကုန်၏။

၁၆၉။ တာ မံ ကာလေနုပါဂန္ဆာ၊ အဘိဘာသန္တီ ဒေဝတာ၊
ဟန္ဒ နစ္စာမ ဂါယာမ၊ ဟန္ဒ တံ ရမယာမသေ။

ဂါထာမြန်မာပြန် – ထိုနတ်သမီးအပေါင်းတို့သည် သင့်လျော်ရာအခါ တပည့်တော်ထံသို့ ချဉ်းကပ်လာကြကာ ယခုအခါ အကျွန်ုပ်တို့သည် ကခုန်ကြပါကုန်အံ့၊ သီချင်းဂီတ သီဆိုကြပါကုန်အံ့၊ သင့်ကို မွေ့လျော်စေကြပါကုန်အံ့ဟု ပြောကြပါကုန်၏။

၁၇၀။ နယိဒံ အကတပုညာနံ၊ ကတပုညာနမေဝိဒံ၊
အသောကံ နန္ဒနံ ရမ္မံ၊ တိဒသာနံ မဟာဝနံ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – စိုးရိမ်ခြင်းမရှိ နှစ်သက်မှုကို ဖြစ်စေလျက် နှလုံးမွေ့လျော်ပျော်ဖွယ်ရာဖြစ်သည့် တာဝတိံသာ နတ်များစွာတို့၏ ကြီးမြတ်သော ဥယျာဉ် ဖြစ်သော ဤအရပ်ဒေသသည် ကုသိုလ်ကောင်းမှု မပြုခဲ့ဖူးသော သူတို့အတွက် မဟုတ်ပါ၊ ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးသော သူတို့အတွက်သာ ဖြစ်ပါ၏။

၁၇၁။ သုခံ အကတပုညာနံ၊ ဣဓ နတ္ထိ ပရတ္ထ စ၊
သုခဉ္စ ကတပုညာနံ၊ ဣဓ စေဝ ပရတ္ထ စ။

၁၇၁။ အကတပုညာနံ၊ ကုသိုလ်ကောင်းမှုကို မပြုလုပ်သောသူတို့အား။ ဣဓ စ၊ ဤဘဝ၌လည်းကောင်း၊ ပရတ္ထ စ၊ တမလွန်ဘဝ နောင်ကာလ၌လည်းကောင်း။ သုခံ၊ချမ်းသာသုခ အဝဝသည်။ နတ္ထိ၊ ဧကန်တိတိ မရှိနိုင်သည်သာတည်း။ ကတပုညာနံ စ၀၊ ကုသိုလ်အစုကို ပြုလုပ်လေ့ရှိသော သူတို့အားသာလျှင်။ ဣဓ စ၊ ဤဘဝ၌လည်းကောင်း။ ပရတ္ထ စ၊ တမလွန်ကာလ နောက်ဘဝ၌လည်းကောင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဟူသမျှသည်။ အတ္ထိ၊ ဧကန်တိတိ ရှိနိုင်သည်သာတည်း။

၁၇၂။ တေသံ သဟဗျကာမာနံ၊ ကတ္တာဗ္ဗံ ကုသလံ ဗဟုံ၊
ကတပုညာ ဟိ မောဒန္တိ၊ သဂ္ဂေ ဘောဂသမင်္ဂိနော။

၁၇၂။ တေသံ၊ တာဝတိံသာ ထိုနတ်များစွာတို့၏။ သဟဗျကာမာနံ၊ အတူတကွ ပေါင်းသင်းဆက်ဆံ နေထိုင်လိုကြကုန်သောသူတို့သည်။ ကုသလံ၊ မြတ်ကောင်းမှုကို။ ဗဟုံ၊ အကြိမ်အခါ များပြားစွာ။ ကတ္တာဗ္ဗံ၊ ပြုသင့်လှပေ၏။ ဟိ သစ္စံ၊ စင်စစ်မသွေ မှန်လှပေ၏။ ကတပုညာ၊ ဒါန သီလ စသည် ပြုပြီးကြကုန်သော ကောင်းမှုရှင်တို့သည်။ သဂ္ဂေ၊ နတ်ပြည်၌။ ဘောဂသမင်္ဂိနော၊ မြားမြောင်လှစွာ နတ်တို့၏ စည်းစိမ်အဖြာဖြာနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ မောဒန္တိ၊ ဝမ်းမြောက်စံပျော် မွေ့လျော်ရကုန်၏။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို နတ်သမီးသည် မိမိ ပြုလုပ်အား ထုတ်ခဲ့သော ကုသိုလ်အစု ကောင်းမှုတို့ကို ထင်ရှားစွာ လျှောက်ထားပြီးသည်ရှိသော် နောက်ပါ အခြံအရံနှင့်တကွသော ထိုဒါသီနတ်သမီးအား တရားဓမ္မ ဟောပြော ပြသ၍ နတ်ပြည်လောကမှ ပြန်ကြွခဲ့ပြီးလျှင် ဘုရားရှင်အား ထိုအကြောင်းအရာများကို ပြန်ကြားလျှောက်ထားလေ၏။

http://www.dhammadownload.com

ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အား တရားဟော ကြားတော်မူ၏။ ဟောကြားတော်မူအပ်သော တရားဒေသနာတော်သည် နတ်နှင့် တကွသော လူပေါင်းအား အကျိုးစီးပွား များပြားလှလေ၏။

ဒါသိဝိမာနဝတ္ထု ပြီး၏။

၂။ လခုမာဝိမာနဝတ္ထု

ရဟန်းတော်တို့အား ဆွမ်းစသည် ဆက်ကပ်ခဲ့ခြင်း၊ ဥပုသ်သီတင်း စောင့်သုံးခဲ့ခြင်းတို့ကြောင့် သကဒါဂါမ်ဖြစ်ကာ ကွန်လွန်သော် တာဝတိံသာဝယ် ရောင်ဝါအဆင်း ထွန်းလင်းသော ရုပ်အသွင်နှင့် ပြည့်စုံသော နတ်သမီး။

ဘုရားရှင်သည် ဗာရာဏသီပြည်၌ သီတင်းသုံးနေတော်မူစဉ်အခါ ကေဝဋ္ဋ ဒွါရ အမည်ရသော ဗာရာဏသီမြို့တံခါးတစ်ခု ရှိ၏။ ထိုကေဝဋ္ဋဒွါရ မြို့တံခါး၏ အနီး၌ တည်ရှိသော ရွာကိုလည်း "ကေဝဋ္ဋဒွါရရွာ" ဟူ၍ လူအများ၏ နှုတ်ဖျား တွင် ထင်ရှားလေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုကေဝဋ္ဋဒွါရရွာ၌ သဒ္ဓါ၊ အသိပညာတို့နှင့် ပြည့်စုံသော လခုမာမည်သော အမျိုးသမီးတစ်ယောက် ရှိ၏။ ထိုအမျိုးသမီးသည် မိမိနေထိုင်ရာ မြို့တံခါးအနီး ဖြင့် ဝင်ထွက်သွားလာတော်မူကြကုန်သော ရဟန်းတော်တို့ကို ရှိခိုးဦးချ၍ အိမ်သို့ ပင့်ဆောင်သည်။ တစ်ဖွန်းမျှသောဆွမ်းကို လောင်းလှူရာမှ သဒ္ဓါတရား တိုးပွား လာပြန်သဖြင့် ရဟန်းတော်များ နေထိုင်စရာ ဇရုပ်တစ်ခု ပြုလုပ်ကာ ထိုဇရုပ်၌ ဝင်ရောက်ကြကုန်သော ရဟန်းတော်တို့အတွက် သောက်ရေ၊ သုံးရေ တည်ထား၏။ မိမိအိမ်တွင် ချက်ပြုတ်သော် ဆွမ်းမုယော မုန့်ဟင်းရွက် ဟင်းလျာ စသည်ကို လောင်းလှူ၏။

http://www.dhammadownload.com

သောတာပတ္တိဖိုလ်၌ တည်ခြင်း

ထိုအမျိုးသမီးသည် ရဟန်းတော်တို့ထံမှ တရားတော်ကို နာကြား၍ သရဏဂုံတို့၌ တည်လျက် ငါးပါးသီလတို့ကိုလည်း ကျင့်သုံးဆောက်တည်သည်။ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရှုပွားနည်းကိုလည်း သင်ယူပြီးလျှင် ရုပ်နာမ်ဓမ္မ သခ်ါရတရားတို့၏ ဖြစ်ပျက်အစုကို ဝိပဿနာရှုပွား၍ အားထုတ်သည်ရှိသော် ရှေးရှေးဘဝတို့က အားထုတ်ခဲ့ဖူးသည့် အားကြီးသောပါရမီ အကြောင်းတရားနှင့် ပြည့်စုံရကား မကြာမြင့်မီပင်လျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုလခုမာသည် နောင်အခါ ကွယ်လွန်ကာ တာဝတိံသာဘုံ၌ ကြီးကျယ်လှစွာသော ဗိမာန်ဝယ် နတ်သမီးဖြစ်လေ၏။ ထိုနတ်သမီး၌ နတ်သမီးတစ်ထောင် အခြံအရံရှိ၏။ ထိုဗိမာန်၌ နတ်၏စည်းစိမ်ကို အစဉ်စံစားကာ ဝမ်းမြောက်ဝမ်းသာမွေ့လျော်စွာ လှည့်လည်ကျက်စား ပျော်ပါးလျက်နေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းခြင်း

အခါတစ်ပါး အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွတော်မူသည်ရှိသော် ထိုနတ်သမီးကို တွေ့မြင်၍ ဤသို့ မေးမြန်းတော်မူ၏။

နံပါတ် ၁၇၃ ဂါထာသည် ပိဋ္ဌဝဂ်၊ ဒီပဝိမာနဝတ္ထု ၇၅ ဂါထာနှင့် တူပြီ။ ၁၇၄-၅-၆ ဂါထာများလည်း ပိဋ္ဌဝဂ်၊ ပထမ ပိဋ္ဌဝိမာနဝတ္ထု နံပါတ် ၂-၃-၄ ဂါထာများနှင့် တူသည်။

၁၇၇။ ကေဝဋ္ဋဂါရာ နိက္ခမ္မ၊ အဟု မယုံ နိဝေသနံ၊
တတ္ထ သဋ္ဌရမာနာနံ၊ သာဝကာနံ မဟေသိနံ။

၁၇၈။ ဩဓိနံ ကုမ္ဘာသံ ဥာကံ၊ လောဏသောဝီရကဉ္စဟံ၊
အဒါသိံ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

http://www.dhammadownload.com

နတ်သမီး၏အဖြေ

၁၇၇-၈။ မယုံ၊ တပည့်တော်၏။ နိဝေသနံ၊ အမြဲနေရာ အိမ်ဂေဟာသည်။ ကေဝဋ္ဋဒွါရာ၊ ဗာရာဏသီမြို့တွင် တစ်ခုအပါအဝင်ဖြစ်သော ကေဝဋ္ဋမည်သော တံခါးဝမှ။ နိက္ခမ္မ၊ ထွက်ခါအစ တံခါးဝအနီးအရပ်၌။ အဟု၊ ဖြစ်ပါ၏။ တတ္ထ၊ ထိုကေဝဋ္ဋ တံခါးဝ၌။ သဠရမာနာနံ၊ သွားလာတော်မူကြကုန်သော။ မဟေသိနံ၊ သီလကွန္ဓ စသည့် ကျေးဇူးဂုဏ်အထူးကို ရှာဖွေလေ့ရှိကြပါကုန်သော။ သာဝကာနံ၊ မြတ်ဘုရား၏ ချစ်သား ရဟန်းတော်တို့အား။ သြဒနိ၊ ဘောဇဉ်ဆွမ်းကိုလည်း ကောင်း။ ကုမ္မာသံ၊ မုယောမုန့်ကိုလည်းကောင်း။ ဥာဂံ၊ ဟင်းနုန့ယ်ဆူးပေါက် စသည့် ဟင်းရွက်ဟင်းကိုလည်းကောင်း။ အဒါသိ၊ ပေးလှူဖူးခဲ့ပါပြီ။ အဟံ၊ တပည့်တော်သည်။ ဝိပွသန္နေန စေတသာ၊ ကောင်းမြတ်ကြည်လင်သော စိတ် အစဉ်ဖြင့်။ လောဏသောဝီရကဋ္ဌ၊ ဆန်ဆေးရည် စသည့် အဆောက်အအုံ အဖုံဖုံ တို့ဖြင့် အလုံးစုံ စီမံ အပ်သော ဆန်ပုန်းရည်၊ ပဲပုန်းရည် စသည်ကိုလည်း။ ဥဇု ဘူတေသု၊ ဖြောင့်မတ်ခြင်းသို့ ရောက်တော်မူငြား ရဟန်းတော် အရှင်မြတ်များ အား။ အဒါသိ၊ ပေးလှူခဲ့ဖူးပါပြီဘုရား။

နံပါတ် ၁၇၉ မှ ၁၈၃ အထိ ဂါထာများသည် ပိဋ္ဌဝဂ်၊ ဥတ္တရာဝိမာနဝတ္ထု ပါ ၁၂၉ မှ ၁၃၄ အထိ ဂါထာများနှင့် တူသည်။

ယခု တပည့်တော်မသည် မိမိပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးကို ခံစားကာ များစွာသော နတ်အပေါင်း ခြံရံလျက် နှစ်သက်ဝမ်းမြောက်စွာ ချမ်း ချမ်းသာသာ နေထိုင်လျက်ရှိပါ၏ဘုရား။

လခုမာနတ်သမီးနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်တို့ မေးမြန်းဖြေကြား ကြပြီးသည်၏ အဆုံး၌ မထေရ်မြတ်၏ ဆက်လက်ဟောကြားအပ်သော တရား တော်ကြောင့် လခုမာနတ်သမီးသည် သကဒါဂါမိဖိုလ်၌ တည်လေ၏။

ကျန်သော အကြောင်းအရာများ ဥတ္တရာဝတ္ထုနှင့် တူသည်။

လခုမာဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ အာစာမဒါယိကာဝိမာနဝတ္ထု

အရှင်မဟာကဿပအား ထမင်းချိုးမှုကို လှူဒါန်းဖူးခဲ့သဖြင့် ကွယ်လွန်သောအခါ နိမ္မာနရတီနတ်ပြည်ဝယ် စံပယ်စွာနေရသော နတ်သမီး။

ဘုရားရှင်သည် ရဟန်းတို့အား အစာပေးရာ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်ပြည် အိမ်တစ်အိမ်၌ အဟိဝါတရောဂါ (မြွေဆိပ်နှင့် တူသောရောဂါ) ကျရောက်၍ ထိုအိမ်၌နေသူ လူအများတို့ သေကြေပျက်စီးကြကာ အမျိုးသမီးတစ်ယောက်သာ ကျန်တော့၏။

ထိုအမျိုးသမီးသည်လည်း သေဘေးမှ ကြောက်လန့်ရကား အိမ်နှင့်တကွ အိမ်ရှိပစ္စည်းဥစ္စာတို့ကို စွန့်ပစ်ခဲ့ပြီးလျှင် အိမ်နောက်ဖေးပေါက်မှ ထွက်ပြေးခဲ့ကာ ခိုကိုးရာမဲ့ ခြေဦးတည့်ရာပြေးလျက် သူတစ်ပါး၏ အိမ်နောက်ဖး၌ နေထိုင်၏။ ထိုအိမ်၏ အိမ်ရှင်များသည် သနားကြင်နာရကား ယာဂုထမင်းကျန် ထမင်းချိုးစသည်တို့ကို ထိုအမျိုးသမီးအား ပေးကမ်းကြကုန်၏။ ထိုအမျိုးသမီးသည် ထိုသူတို့ ပေးကမ်းကြသော ထမင်းကျန် ဟင်းကျန် ထမင်းချိုး စသည်ကို စားသောက်ကာ အသက်မွေးမြူလျက် နေလေ၏။

အရှင်မဟာကဿပ ကြွတော်မူလာခြင်း

အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် နိရောဓသမာပတ်မှ ထတော်မူသော် "ငါသည် ယနေ့ အာဟာရအလို့ငှာ ဆွမ်းခံယူခြင်းဖြင့် အဘယ်သူကို ချီးမြှောက်ရပါအံ့နည်း၊ အဘယ်သူအား အပါယ်စသည့် ဒုဂ္ဂတိဘေး ဆင်းရဲဒုက္ခဘေးတို့မှ ကင်းဝေးလွတ်မြောက်စေအံ့နည်း" ဟု ကြည့်ရှုဆင်ခြင်တော်မူလတ်သော် သေခါနီးဖြစ်နေသော ထိုအမျိုးသမီးကိုလည်းကောင်း၊ ထိုအမျိုးသမီး၏ စုတေပြီးနောက် ငရဲဘုံသို့ရောက်လတ္တံ့သော ကံသည် အခွင့်သာလျက် ရှိနေသော်ကိုလည်းကောင်း မြင်တော်မူသည်။ ထို့ကြောင့် "ငါသွားရောက်သည်ရှိသော် ဤအမျိုးသမီးသည် မိမိအတွက် ရလျက်ရှိသော ထမင်းချိုးကို လောင်းလှူလတ္တံ့၊ ထိုကုသိုလ်ကြောင့်ပင်လျှင် နိမ္မာနရတီနတ်ပြည်တွင် ဖြစ်ရလတ္တံ့၊ ဤသို့ဖြစ်လတ်သော် ငရဲဘုံ၌ဖြစ်ခြင်းမှ လွတ်မြောက်ရလတ္တံ့၊ ငါသည် ယခုပင် ကြွသွား၍ ထို

http://www.dhammadownload.com

အမျိုးသမီးအား နတ်ပြည် စည်းစိမ်ချမ်းသာကို ဖြစ်စေအံ့" ဟု ကြံကာ နံနက်အခါ ထိုသူဆင်းရဲအမျိုးသမီး၏ နေအိမ်သို့ ကြွသွားတော်မူလေ၏။

ထိုအခါ နတ်တို့သေဋ္ဌနင်း သိကြားမင်းသည် မထင်ရှားသော အသွင်ဖြင့် ဖန်ဆင်းလျက် များစွာအရသာရှိသော များပြားလှစွာသော ဟင်းလျာနတ်ဩဇာတို့ကို ယူဆောင်၍ ကပ်လှူလာ၏။

မထေရ်မြတ်သည် မထင်ရှားသော အသွင်ဖြင့်လာသော သိကြားမင်းကို သိကြားမင်းမှန်း သိလတ်၍ "ကောသိယနွယ်ဖွားဖြစ်သည့် အသင်သိကြားမင်း၊ သင်သည် ပြုအပ်ပြီးသော ကောင်းမှုရှိသူ ဖြစ်ပါလျက် အဘယ်ကြောင့် ဤသို့ ပြုလုပ်ဘိသနည်း၊ ဆင်းရဲသူ အထီးကျန်သူတို့၏ စည်းစိမ်ချမ်းသာကို မလုယက်ပါလင့်" ဟု ပယ်မြစ်တော်မူပြီးလျှင် ထိုအမျိုးသမီး၏ ရှေ့၌ ရပ်တော်မူလေ၏။

လှူလိုသော်လည်း

ထိုအမျိုးသမီးသည် အရှင်မဟာကဿပ မထေရ်မြတ်ကိုမြင်လျှင် "ဤမထေရ်မြတ်သည်ကား ကြီးမားသော ဘုန်းကံအာနုဘော်ရှိ၏၊ ဘုန်းကံကြီးမားလာဘ်ပေါများသော ဤအရှင်မြတ်အား လှူသင့်လှူထိုက်သည့် ခဲဖွယ်ဘောဇဉ် များလည်း ငါ့မှာမရှိ၊ ဤညစ်ပတ်သည့် ထမင်းခွက်၌ရှိသော မြက်မှိုက် မြူမှုန်တို့ဖြင့် ရောပြွန်းကာ ဆားလည်းမပါ၊ အလွန် အရသာကင်းမဲ့သည့် ထမင်းချိုးနှင့် ပုန်းရည်ဟင်းမျှကို ထေရ်အရှင်မြတ်အား လောင်းလှူဆက်ကပ်ခြင်းငှာ မသင့်တော်" ဟု ကြံစည်ပြီးလျှင် "ကန်တော့ဆွမ်းပါဘုရား" ဟု လျှောက်ထားလေ၏။ မထေရ်မြတ်သည် ခြေဖဝါးတစ်လှမ်း တစ်လှမ်းမျှ လှမ်း၍ ရပ်မြဲတိုင်းသာ ရပ်တော်မူပြန်၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

အိမ်၌ရှိသော လူတို့သည် ဆွမ်းကိုလောင်းလှူကြရာ မထေရ်မြင်သည် မခံယူပေ။ ထိုသူဆင်းရဲမသည် "ဩော်... ဤအရှင်မြတ်ကား ငါ့အားသာလျှင် ချီးမြှောက်တော်မူလိုလှ၍ ဤအရပ်သို့ ကြွလာတော်မူစွတကား၊ ငါ၏ဥစ္စာကိုမှ အလှူခံတော်မူလိုစွတကား" ဟု သိ၍ မိမိမှာရှိသည့် ထိုထမင်းချိုးကိုပင် အရှင်မြတ်၏ သပိတ်တော်၌ လောင်းထည့်၍ လှူဒါန်းလေ၏။

http://www.dhammadownload.com

ရှေ့သုံးဘဝက အမိတော်ခဲ့ဖူးသူ

မထေရ်မြတ်သည် ထိုသူဆင်းရဲမ သဒ္ဓါကြည်ညိုပိုမိုတိုးတက်စေရန် ရည်သန်လျက် ဘုဉ်းပေးသုံးဆောင်အံ့သော အမူအရာကို ပြတော်မူလေလျှင် လူတို့သည် နေရာကိုခင်း၍ ပေးကြကုန်၏၊ မထေရ်မြတ်သည် ထိုနေရာ၌ပင် ထိုင်တော်မူ၍ ထိုထမင်းချိုးကို မြတ်နိုးစွာ ဘုဉ်းပေးတော်မူသည်။

ထို့နောက် သော်တော်ရေကို သောက်တော်မူကာ ဆွမ်းအနုမောဒနာ ပြုတော်မူသည်။ ထိုသူဆင်းရဲမကိုလည်း "သင်သည် ဤဘဝမရောက်မီ သုံးဘဝ မြောက်၌ ငါ၏အမိ တော်စပ်ခဲ့ဖူး၏" ဟု မိန့်တော်မူ၍ ကြွသွားတော်မူလေ၏။

ထိုသူဆင်းရဲမသည် မထေရ်မြတ် နောက်ဆုံး မိန့်ကြားတော်မူခဲ့သော စကားကြောင့် "ဤမထေရ်မြတ်ကြီးသည် လွန်ခဲ့သော တတိယဘဝ၌ ငါ၏သားပါတကား" ဟု အသိဝင်ကာ အလွန် ကြည်ညိုခြင်းကိုဖြစ်စေ၍ ထိုညဉ့်ဦးယံ၌ပင် ကွယ်လွန်သော် နိမ္မာနရတီနတ်ပြည်၌ ဖြစ်လေ၏။

သိကြားမင်း မေးလျှောက်ခြင်း

ထိုအခါ သိကြားမင်းသည် ထိုသူဆင်းရဲမ ကွယ်လွန်သောအဖြစ်ကို သိ၍ "အဘယ်ဘုံ၌ ဖြစ်လေသနည်း" ဟု စူးစမ်းဆင်ခြင်လတ်သော် တာဝတိံသာနတ်ပြည်တို့၌ မမြင်၍ ညဉ့်သန်းခေါင်ယံအခါ အရှင်မဟာကဿပအထံသို့ လာရောက်ကာ သူဆင်းရဲမ၏ ဖြစ်ရာဌာန ဘုံဘဝကို ဤသို့ မေးလျှောက်လေ၏။

၁၈၅။ ပိဏ္ဍာယ တေ စရန္တသ၊ တုဏ္ဍိဘူတသ တိဋ္ဌတော။
ဒလိဒ္ဒါ ကပဏာ နာရီ၊ ပရဂါရံ အပသိတာ။

၁၈၆။ ယာ တေ အဒါသိ အာစာမံ၊ ပသန္နာ သေဟိ ပါဏိဘိ၊
သာ ဟိတ္ဝာ မာနုသံ ဒေဟံ၊ ကံ နု သာ ဒီသတံ ဂတာ။

၁၈၅–၆။ ဘန္တေ၊ အရှင်မဟာမဿပ။ ဒလိဒ္ဒါ၊ အလွန်မွဲတေ ဆင်းရဲလှပေသော။ ကပဏာ၊ အထီးကျန်ကာ တစ်ယောက်တည်းမျှသာ ဖြစ်နေသော။ ပရဂါရံ၊ သူတစ်ပါးတို့အိမ်၏ နောက်ပိုင်းအဖိမိုးကို။ အပသိတာ၊ အမှီပြုကာ နေရရှာသော။ ယာ နရီ၊ အကြင် သူဆင်းရဲမကလေးသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ္မှ၊ အိမ်စဉ် လှည့်လည်တော်မူသော။ တိဋ္ဌတော၊ ရပ်တည်တော်မူ

http://www.dhammadownload.com

ပေသော။ တေ၊ အရှင်ဘုရားအား။ ပသန္နာ၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အာစာမံ၊ ထမင်းချိုးကို။ အဒါသိ၊ လောင်းလှူရာ၏။ သာ နာရီ၊ ထိုသူဆင်းရဲမကလေးသည်။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ခန္ဓာကို။ ဟိတွာ၊ စွန့်ပယ်၍။ ကံ ဒိသတံ၊ ဘယ်ဘုံဘယ်ဇာတ် ဘယ်အရပ်သို့။ ဂတာနု၊ ကံအားလျော်စွာ လားရောက်ရပါသနည်းဘုရား။

ထိုအခါ မေးလျှောက်လာသော သိကြားမင်းအား အရှင်မဟာကဿပ မထေရ်မြတ်သည် ဤသို့ ဖြေကြားတော်မူသည်။

၁၈၇။ ဝိဇ္ဇာယ မေ စရန္တသ၊ တုဏ္ဍိဘူတသ တိဋ္ဌတော၊
ဒလိဒ္ဒါ ကပဏာ နာရီ၊ ပရာဂါရံ အပသိတာ။

၁၈၈။ ယာ မေ အဒါသိ အာစာမံ၊ ပသန္နာ သေဟိ ပါဏိဘိ၊
သာ ဟိတွာ မာနုသံ ဒေဟံ၊ ဝိပွမုတ္တာ ဣတော စုတာ။

၁၈၉။ နိမ္မာနရတိနော နာမ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ၊
တတ္ထ သာ သုခိတာ နာရီ၊ မောဒတာစာမဒါယိကာ။

၁၈၇-၈။ သက္က၊ ရှင်သိကြားမင်း။ ဒလိဒ္ဒါ၊ ဆင်းရဲလှပေသော။ ကပဏာ၊ မိဖျက်ပြုန်း ဆွေမျိုးဆုံးနှင့် ယူကျုံးမရ ဖြစ်ခဲ့ရသည့် ဘဝညှိုးစွာ တစ်ယောက်တည်းမျှသာ ကျန်သော။ ပရာဂါရံ၊ သူတစ်ပါးတို့အိမ်၏ နောက်အဖိမိုးကို။ အပသိတာ၊ အမှီပြုကာ နေရရှာသော။ ယာ နာရီ၊ အကြင် သူဆင်းရဲမကလေးသည်။ ဝိဇ္ဇာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ အိမ်စဉ်လှည့်လည်သော။ မေ၊ အရှင်မဟာကဿပ နာမတွင်မည် ငါမထေရ်၏။ တုဏ္ဍိဘူတသ၊ ဆိတ်ဆိတ်နေလျက်။ တိဋ္ဌတော၊ ရပ်တည်နေစဉ်။ ပသန္နာ၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အာစာမံ၊ ထမင်းချိုးကို။ မေ၊ အရှင်မဟာကဿပ နာမတွင်မည် ငါမထေရ်အား။ အဒါသိ၊ မိမိအတွက် မစားရက်ဘဲ လောင်းလှူရာ၏။ သာ နာရီ၊ ထိုသူဆင်းရဲမကလေးသည်။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ခန္ဓာကို။ ဟိတွာ၊ စွန့်ပယ်၍။ ဣတော၊ သူဆင်းရဲမလေးအဖြစ်မှ။ ဝိပွမုတ္တာ၊ ရှင်းရှင်းကျွတ်ကျွတ် ကင်းလွတ်လျက်။ စုတာ၊ စုတေမနေ ကွယ်လွန်ရှာလေ၏။

၁၈၉။ နိမ္မာနရတိနော နာမ၊ နိမ္မာနရတိ အမည်ရှိကုန်သော။ မဟိဒ္ဓိကာ၊ ကြီးမားသော တန်ခိုးရှိကုန်သော။ ဒေဝါ၊ နတ်ဒေဝါတို့သည်။ သန္တိ၊ ရှိကြလေ

http://www.dhammadownload.com

ကုန်၏။ တတ္ထ၊ ထိုနိမ္မာနရတီ အမည်ရှိသော နတ်ပြည်၌။ သာ နာရီ၊ ထို သူဆင်းရဲမကလေးသည်။ သုခိတာ၊ အလွန်ချမ်းသာစွာ။ မောဒတာ၊ ဝမ်းမြောက် ရွှင်ပျော် မွေ့လျော်သည်ဖြစ်၍။ အာစာမဒါယိကာ၊ အာစာမဒါယိကာ အမည်သာ သည့် နတ်သမီးသည်။ အဟောသိ၊ ဖြစ်လေပြီ။

ဤသို့ အရှင်မဟာကဿပမထေရ်မြတ် မိန့်တော်မူသောကြောင့် သိကြား မင်းသည် ထိုသူဆင်းရဲမ အလှူဒါန၏ အကျိုးတရား ကြီးမားလှသည်၏အဖြစ်ကို ဤသို့ ချီးမွမ်းအံ့သြလေ၏။

၁၉၀။ အဟော ဒါနံ ဝရာကိယာ၊ ကဿပေ သုပ္ပတိဋ္ဌိတံ၊
ပရာဘတေန ဒါနေန၊ ဣဒ္ဓိတ္ထ ဝတ ဒက္ခိဏာ။

၁၉၀။ ကဿပေ၊ မဟာကဿပ နာမထင်ရှား အရှင်မြတ်ဘုရား၌။ ဝရာ ကိယာ၊ တစ်ယောက်ထီးနေရ သူဆင်းရဲမလေး၏။ သုပ္ပတိဋ္ဌိတံ၊ ကောင်းစွာ တည်ထားအပ်သော။ ဒါနံ၊ ထမင်းချိုးအလှူသည်။ အဟော၊ ဩော်... လက်ဖျစ် တီး၍ အံ့ချီးဖွယ်ကောင်းပေစွတကား။ ပရာဘတေန၊ သူတစ်ပါးတို့အိမ်မှ ဆောင် ယူခဲ့ရသော။ ဒါနေန၊ ထမင်းချိုးမျှ လှူဒါန်းရသဖြင့်။ ဒက္ခိဏာ၊ မြင့်မြတ်စွာ ပေးလှူအပ်သော အလှူသည်။ ဣဒ္ဓိတ္ထဝတ၊ ချမ်းသာဖွံ့ဖြိုး စွမ်းကုန်တိုး၍ အကျိုး ကြီးကာ ပြည့်စုံပေစွပါပေတကား။

၁၉၁။ ယာ မဟေသိတ္တံ ကာရေယျ၊ စက္ခုဝတ္ထိဿ ရာဖိနော။
နာရီ သဗ္ဗင်္ကလျာဏီ၊ ဘတ္တာ့ စာနောမဒဿိကာ။
တေဿာစာမဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိ။

၁၉၁။ သဗ္ဗင်္ကလျာဏီ၊ အလုံးစုံသော ကိုယ်အင်္ဂါဖြင့် တင့်တယ်ကောင်း မြတ်ခြင်း ရှိသော။ ဘတ္တာ့၊ သင်ယောကျ်ား၏။ အနောမဒဿိကာ၊ ထူးချွန်လှပ ရှုမဝဖွယ် လွန်တင့်တယ်သော။ ယာ နာရီ၊ ကောင်းခြင်းငါးသွယ် ပြည့်စုံကြွယ်၍ တင့်တယ်ခိုင်ဖြိုး အကြင်အမျိုးသမီးသည်။ စက္ခုဝတ္ထိဿရာဖိနော၊ လေးကျွန်း သောင်္ဘနင်း စကြာမင်း၏။ မဟေသိတ္တံ၊ အဂ္ဂမဟေသီ ဒေဝီထွတ်ဖျား မိဖုရားအဖြစ် ကို။ ကာရေယျ၊ တင်ထားသမှု ပြုပေငြားအံ့။ တေဿာ၊ ထိုသူဆင်းရဲမလေး၏။ အာစာမဒါနဿ၊ ထိုထမင်းချိုးအလှူ၏။ ဖလံ၊ ကောင်းစွာပွားတိုး ချမ်းသာကျိုး

http://www.dhammadownload.com

ကို။ သောဠသိ ကလံ၊ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်သော အဖို့ကိုမျှ။ နာဂ္ဃတိ၊ တန်ဖိုးမရှိနိုင်ပေ။

၁၉၂။ သတံ နိက္ခာ သတံ အဿာ၊ သတံ အဿတရီရထာ၊
သတံ ကညာသဟဿာနိ၊ အာမုတ္တမဏိကုဏ္ဍလာ။
ဧတဿာစာမဒါနဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။

၁၉၂။ သတံ နိက္ခာသဟဿာနိ၊ ရွှေစင်နိက္ခ တစ်သိန်းတို့သည်လည်းကောင်း။ သတံ အဿသဟဿာနိ၊ မြင်းတစ်သိန်းတို့သည်လည်းကောင်း။ သတံ အဿတရီရထာ သဟဿာနိ၊ အဿတိရ်မြင်းကသော ရထားတစ်သိန်းတို့သည်လည်းကောင်း။ အာမုတ္တမဏိကုဏ္ဍလာ၊ ပတ္တမြားနားတောင်း ဝတ်ဆင်ကြကုန်သော။ သတံ ကညာ သဟဿာနိ၊ အမျိုးသမီးကညာ တစ်သိန်းတို့သည်လည်းကောင်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣမံ သဗ္ဗမ္ပိ၊ ဤအလုံးစုံတို့သည်လည်း။ ဧတဿာ၊ ထို သူဆင်းရဲမလေး၏။ အာစာမဒါနဿ၊ ထမင်းချိုးအလှူ၏။ ဖလံ၊ ကောင်းစွာပွားတိုး ချမ်းသာကျိုးကို။ သောဠသိံ ကလံ၊ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်သောအဖို့ကိုမျှ။ နာဂ္ဃန္တိ၊ တန်ဖိုးမရှိကြကုန်။

၁၉၄။ စတုန္နမပိ ဒီပါနံ၊ ဣဿရံ ယောဓ ကာရယေ၊
ဧတဿာစာမဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

၁၉၄။ ဣဿရံ၊ ဤကမ္ဘာလောကကြီး အတွင်း၌။ ယောဓ၊ အကြင်ယောကျ်ားသည်ကား။ စတုန္နံ၊ အရှေ့အနောက် တောင်မြောက်အားဖြင့် လေးပါးကုန်သော။ ဒီပါနံ၊ ကျွန်းတို့ကို။ အပိ၊ စင်စစ်။ ဣဿရံ၊ အစိုးရသည့် စကြာမင်းကြီးအဖြစ်ကို။ ကာရယေ၊ ပြုလုပ်ရပေ၏။ အယံ၊ ဤလေးကျွန်းပိုင်နင်း စကြာမင်းကြီးအဖြစ်သည်။ ဧတဿာ၊ ထိုသူဆင်းရဲမလေး၏။ အာစာမဒါနဿ၊ ထမင်းချိုးအလှူ၏။ ဖလံ၊ ကောင်းစွာပွားတိုး ချမ်းသာကျိုးကို။ သောဠသိံ ကလံ၊ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်သောအဖို့ကိုမျှ။ နာဂ္ဃတိ၊ တန်ဖိုးမရှိနိုင်ပေ။

အရှင်မဟာကဿပမထေရ်မြတ်သည် အလုံးစုံသော သိကြားမင်း ပြောဆို မေးမြန်းသောစကား၊ မိမိပြောဆို ဖြေကြားသော စကားများကို ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အား အကျယ်အားဖြင့် တရားဓမ္မဟောကြား ပြသတော်မူလေ၏။ ထိုသို့

http://www.dhammadownload.com

ဟောကြားတော်မူအပ်သော ဒေသနာတော်သည်ကား လူအများအား အကျိုးစီးပွား များသည်ဖြစ်လေ၏။

အာစာမဒါယိကာဝိမာနဝတ္ထု ပြီး၏။

၄။ စဏ္ဍာလီဝိမာနဝတ္ထု

ဒွန်းစဏ္ဍားမကြီးဖြစ်စဉ် ဘုရားရှင်၏ ခြေတော်အစုံကို ဦးတိုက် ရိုခိုးခဲ့ခြင်းကြောင့် တာဝတိံသာနတ်ပြည်ရှိ ဗိမာန်၌ စံစားနေရသော စဏ္ဍာလီနတ်သမီး။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ်အခါ နံနက် မိုးသောက်ထကာလ ဗုဒ္ဓဘုရားရှင်တို့၏ အလေ့အလာ ဓမ္မတာဖြစ်တော်မူသော မဟာကရုဏာသမာပတ် ဝင်စားတော်မူပြီး၍ သမာပတ်မှ ထတော်မူပြီးကာ သတ္တလောကကြီးကို ကြည့်ရှုဆင်ခြင်တော်မူသော် ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် သူတောင်းစားတို့ နေထိုင်ကြရာ အရပ်၌နေသော သက်တမ်းကုန်ကာ စုတိခါနီး ဖြစ်နေသော ဒွန်းစဏ္ဍားမကြီးတစ်ဦးကို မြင်တော်မူသည့်အပြင် ထိုဒွန်းစဏ္ဍားမ ကြီး၏ ငရဲ၌ဖြစ်ရလတ္တံ့သော အကြောင်းကဲ့ ထွက်ပေါ်လာသည်ကိုလည်း ဉာဏ် အား ထင်မြင်လေ၏။

ဘုရားရှင်ကြွလာ

ဘုရားရှင်သည် ထိုဒွန်းစဏ္ဍားမကြီးအား နတ်ပြည်၌ ဖြစ်စေတတ်သော ကုသိုလ်ကံကိုဖြစ်စေလျက် ထိုကုသိုလ်ကံဖြင့် ငရဲ၌ ဖြစ်လတ္တံ့သောကံကို တားမြစ် ကာ "အထက်နတ်ပြည်၌ ဖြစ်စေအံ့" ဟု ကြံတော်မူပြီး၍ များစွာသော ရဟန်း အပေါင်းနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းအလို့ငှာ ကြွတော်မူလေ၏။

ထိုအခါ ထိုဒွန်းစဏ္ဍားမကြီးသည် တောင်ဝှေးကိုထောက်လျက် မြို့ပြင်သို့ ထွက်လာသော်ဘဲ ဘုရားရှင် ကြွလာသည်ကိုမြင်၍ ဘုရားရှင်သို့ မျက်နှာပြုကာ ရပ်နေရာ၏။ ဘုရားရှင်သည်လည်း ထိုဒွန်းစဏ္ဍားမကြီး၏ သွားရာလမ်းခရီးကို တားဆီးပိတ်ပင်သကဲ့သို့ ရှေ့မှရပ်တည်နေလေ၏။

http://www.dhammadownload.com

ထိုအခါ ရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဘုရားရှင်၏ စိတ်အကြံတော်ကို သိတော်မူလျက် ထိုဒွန်းစဏ္ဍားမကြီး၏ အသက်တမ်း ကုန်ခန်းခြင်းကိုလည်း မြင်တော်မူရကား ဘုရားရှင်အား ရှိခိုးဦးချခြင်းငှာ ထိုဒွန်းစဏ္ဍားမကြီးကို ဤသို့ တိုက်တွန်းလေ၏။

၁၉၅။ စဏ္ဍာလိ ဝန္ဒ ပါဒါနိ၊ ဂေါတမဿ ယသဿိနော၊
တမေဝ အနုကမ္မာယ၊ အဋ္ဌာသိ ဣသိသတ္တမော။

၁၉၆။ အဘိပ္ပသာဒေဟိ မနံ၊ အရဟန္တမ္ဟိ တာဒိနိ၊
ခိပ္ပံ ပဉ္စလိကာ ဝန္ဒ၊ ပရိတ္တံ် တဝ ဖီဝိတံ။

၁၉၅။ စဏ္ဍာလိ၊ ဇရာဖိစီး စဏ္ဍာလီဒါယိကာမကြီး။ ယသဿိနော၊ ခြွေရံပရိသတ် ပြည့်စုံတော်မူသော။ ဂေါတမဿ၊ ဂေါတမနွယ်ဖွား မြတ်ဘုရား၏။ ပါဒါနိ၊ ခြေတော်အစုံ ကြွာပဒုံတို့ကို။ ဝန္ဒ၊ ရှိခိုးပါလော့။ သတ္တမော၊ ဝိပဿီအစ ရေတွက်ရသော် သတ္တမမြောက် ပွင့်ထွန်းတော်မူလာသော။ ဣသိ၊ ဂေါတမဟု နာမထင်ရှား မြတ်စွာဘုရားသည်။ တမေဝ၊ စဏ္ဍာလီမည်သော သင်ဒါယိကာမကြီးကိုသာလျှင်။ အနုကမ္မာယ၊ အစဉ်သနားတော်မူသဖြင့်။ အဋ္ဌာသိ၊ မကြွမသွားမားမားမတ်မတ် ရှေ့မှ တန့်ရပ်နေတော်မူ၏။

၁၉၆။ စဏ္ဍာလိ၊ ဇရာဖိစီး စဏ္ဍာလီမည်သော ဒါယိကာမကြီး။ အရဟန္တမ္ဟိ၊ လူသုံးဦးတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ တာဒိနိ၊ လာဘာလာဘ စသည်တန်တန် လောကဓံကြောင့် ဖောက်ပြန်ကင်းသုံ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၌။ မနံ၊ စိတ်အစဉ်ကို။ အဘိပ္ပသာဒေဟိ၊ ကြည်ညိုလိုက်ပါလော့။ ခိပ္ပံ၊ ဆောလျင်စွာ။ ပဉ္စလိကာ၊ ဆယ်ချောင်းအပ္ဆလီ လက်အုပ်ချီလျက်။ ဝန္ဒ၊ ရှိခိုးလိုက်ပါလော့။ တဝ၊ သင်ဒါယိကာမကြီး၏။ ဖီဝိတံ၊ ရုပ်နာမ်ရောယှက် ဖီဝိန့်အသက်သည်။ ပရိတ္တံ၊ အနည်းငယ်မျှသာ ကျန်တော့ပြီ။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုစဏ္ဍာလီ ဒါယိကာမကြီးအား လည်း သေဆုံးခါနီးသော အသက်ရှိသည်အဖြစ်ကို ထင်စွာပြလျက် ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေပြီးလျှင် ဘုရားရှင်အား ရှိခိုးစေရန် တိုက်တွန်းလေ၏။

http://www.dhammadownload.com

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

စဏ္ဍာလိဒါယိကာမကြီးသည်လည်း အရှင်မဟာမောဂ္ဂလာန်၏ စကားကို ကြားရလျှင် သံဝေဂစိတ်ဖြစ်ကာ မြတ်စွာဘုရား၌ ကြည်ညိုသော စိတ်ဖြစ်ပြီးလျှင် လက်အုပ်ချီ၍ပြီး ရပ်၍ ရှိခိုးကာ နေလေ၏။

ဘုရားရှင်သည် "ဤစဏ္ဍာလီအား ဤမျှလောက်သော ကုသိုလ်ကို ပြုရသဖြင့် နတ်ပြည်၌ဖြစ်ခြင်းငှာ သင့်လျော်လောက်ပြီ" ဟု နှလုံးပြုတော်မူ၍ ရဟန်းအပေါင်းနှင့်တကွ ရာဇဂြိုဟ်မြို့အတွင်းသို့ ကြွဝင်တော်မူလေ၏။

ဘုရားရှင် ကြွသွားတော်မူသောအခါ ထိုစဏ္ဍာလီ သူတောင်းစားမကြီးကို သားမွေးစ နွားမတစ်ကောင်သည် လန့်ကြောက်ကာ ပြေးလာပြီးလျှင် ဝှေ့လေရာ ထိုနွားဝှေ့သော ဒဏ်ရာဖြင့်ပင် စဏ္ဍာလီသည် ကွယ်လွန်ရှာလေတော့၏။

ထိုအကြောင်းကို ပြခြင်းငှာ သင်္ဂါယနာတင်ထေရ်အရှင်တို့သည် ဤသို့ မိန့်တော်မူကြလေ၏။

၁၉၇။ စောဒိတာ ဘာဝိတတ္တေန၊ သရီရန္တိမဓာရိနာ။
စဏ္ဍာလီ ဝန္ဒိ ပါဒါနိ၊ ဂေါတမဿ ယသဿိနော။

၁၉၈။ တမေနံ အဝဓိ ဂါဝီ၊ စဏ္ဍာလိ ပဇ္ဇလိ ဌိတံ။
နမဿမာနံ သမ္မုဇ္ဇံ၊ အန္ဓကာရေ ပဘင်္ကရံ။

၁၉၇။ ဘာဝိတတ္တေန၊ ဘာဝနာတရား ပွားများပြီးသော စိတ်ရှိတော်မူသော။ သရီရန္တိမဓာရိနာ၊ ကိုယ်ကာယကို ဘဝအနေ နောက်ဆုံးဆောင်ပေသော။ စောဒိတာ၊ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တိုက်တွန်းတော်မူသည်ဖြစ်၍။ စဏ္ဍာလိ၊ ဧရာဖိစီး စဏ္ဍာလီ အမယ်ကြီးသည်။ ယသဿိနော၊ ခြွေရုံပရိသတ်များမြတ်လောက်လုံ ပြည့်စုံတော်မူသော။ ဂေါတမဿ၊ ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒိ၊ လက်စုံမိုးကာ ရှိခိုးရာ၏လေ၏။

၁၉၈။ အန္ဓကာရေ၊ ကိလေသာအမိုက်မှောင်အတွင်း၌။ ပဘင်္ကရံ၊ ပညာအရောင်အလင်းကို ပြုတော်မူတတ်သော။ သမ္မုဇ္ဇံ၊ ဘုရားမြတ်ကို။ နမဿမာနံ၊ ရှိခိုးလျက်နေသော။ ပဇ္ဇလိ၊ လက်အုပ်ချီလျက်။ ဌိတံ၊ ကောင်းစွာမသွေ တည်ရှိနေသော။ တမေနံ စဏ္ဍာလိ၊ စဏ္ဍာလီအမည်ရှိ ထိုအမယ်ကြီးကို။ ဂါဝီ၊ နွားမကြီးသည်။ အဝဓိ၊ ဝှေ့သတ်လေ၏။

http://www.dhammadownload.com

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုစဏ္ဍာလီ သူတောင်းစားမကြီးသည် ထိုလူ့ဘဝမှ စုတေ၍ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။ ထိုစဏ္ဍာလီနတ်သမီးအား အခြွေအရံနတ်သမီးတစ်သိန်းရှိ၏။ စဏ္ဍာလီနတ်သမီးသည် ထိုနေ့၌ပင်လျှင် ဘုံဗိမာန်နှင့်တကွ လူ့ပြည်လောကသို့ လာ၍ အရှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်လျက် ဤသို့လျှောက်ထားလေ၏။

၁၉၉။ ခီဏာသဝံ ဝိဂတရဇံ အနေဖံ၊
ဧကံ အရညမ္ဟိ ရဟော နိသိန္နံ။
ဒေဝိဒ္ဓိပတ္တာ ဥပသင်္ကမိတ္တာ၊
ဝန္ဒာမိ တံ ဝီရ မဟာနုဘာဝံ။

၁၉၉။ ခီဏာသဝံ၊ အာသဝလေးအင် ကုန်စင်တော်မူပြီးသော။ ဝိဂတရဇံ၊ ကိလေသာမြူ ကင်းစင်တော်မူပြီးသော။ အနေဖံ၊ တဏှာကင်းတော်မူပြီးသော။ အရညမ္ဟိ၊ တောအုပ်ကြီး၌။ ဧကံ၊ တစ်ပါးတည်းသာလျှင်။ ရဟော နိသိန္နံ၊ တိတ်ဆိတ်စွာနေတော်မူထသော။ တံ၊ ထိုလူ့ရပ်နတ်ထံ နာမံထင်ရှား အရှင်မဟာမောဂ္ဂလာန်ထံပါးသို့။ ဥပသင်္ကမိတ္တာ၊ ချဉ်းကပ်၍။ ဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော အရှင်ဘုရား။ မဟာနုဘာဝံ၊ ကြီးမားသော တန်ခိုးအာနုဘော် ရှိတော်မူထအရှင်ဘုရားကို။ ဒေဝိဒ္ဓိပတ္တာ၊ နတ်တို့၏ တန်ခိုးဣဒ္ဓိပတ်သို့ ရောက်ရသော တပည့်တော် စဏ္ဍာလီ သည်။ ဝန္ဒာမိ၊ လက်စုံမိုးကာ ရှိခိုးပါ၏ဘုရား။

ထိုသို့ နတ်သမီး လျှောက်ထားသောအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သမီးကို ဤသို့ မေးမြန်းလေ၏။

၂၀၀။ သုဝဏ္ဏဝဏ္ဏာ ဧလိတာ မဟာယသာ၊
ဝိမာနမောရုယှ အနေကစိတ္တာ။
ပရိဝါရိတာ အစ္ဆရာသင်္ဃေန၊
ကာ တွံ သုဘေ ဒေဝတေ ဝန္ဒသေ မမံ။

၂၀၀။ သုဘေ၊ ရုပ်ရည်အဆင်း တင့်တယ်ခြင်းရှိပေသော။ ဒေဝတေ၊ အို ... နတ်သမီး။ သုဝဏ္ဏဝဏ္ဏာ၊ ရွှေရောင်အဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိသော။ ဧလိတာ၊ တစ်ခဲနက် တောက်ပသော အရောင်ရှိထသော။ မဟာယသာ၊ များစွာ

http://www.dhammadownload.com

သော နတ်သမီးအပေါင်း အခြံအရံရှိထသော။ အနေကစိတ္တာ၊ ဆန်းကြယ်သော အဝတ်တန်ဆာကို ဝတ်ဆင်ထသော။ အစ္ဆရာသင်္ဃာန၊ နတ်သမီးအပေါင်းဖြင့်။ ပရိဝါရိတာ၊ ခြံရံလျက်။ ဝိမာနမောရုယှ၊ ဗိမာန်ထက်မှ ဆင်းသက်၍။ မမံ၊ ငါ့ကို။ ဝန္ဒသေ၊ လက်စုံမိုးကာ ရှိခိုးလာသော။ တွံ၊ သင်ကား။ ကာ၊ အဘယ်သူ ပါနည်း။

ဤသို့ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ် မေးမြန်း အပ်သည်ရှိသော် စဏ္ဍာလီ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ကြားလေ၏။

၂၀၁။ အဟံ ဘဒ္ဒန္တေ စဏ္ဍာလီ၊ တယာ ဝိရေန ပေသိတာ၊
ဝန္ဒိ အရဟတော ပါဒေ၊ ဂေါတမဿ ယသဿိနော။

၂၀၁။ ဘဒ္ဒန္တေ၊ အရှင်ဘုရားမောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်ကား။ စဏ္ဍာလီ၊ လူ့ဘဝတွင် လူဖြစ်စဉ်က စဏ္ဍာလီအမည်ရှိ ဒါယိကာမကြီးပါဘုရား။ ဝိရေန၊ လုံ့လရှိတော်မူသော။ တယာ၊ အရှင်မြတ်သည်။ ပေသိတာ၊ သုံးလူ့သဓင် ဘုရားရှင်ကို လက်စုံမိုး၍ ရှိခိုးဖို့ရန် မိန့်ကားပြည့်ရန်း တိုက်တွန်းနှိုးဆော်အပ်သည် ဖြစ်၍။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ ယသဿိနော၊ ခြံရံ ပရိသတ် များမြတ်လောက်လုံ ပြည့်စုံတော်မူသော။ ဂေါတမဿ၊ ဂေါတမနွယ် ဖွား မြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒိ၊ ရှိခိုးခဲ့ပါ သည်ဘုရား။

၂၀၂။ သာဟံ ဝန္ဒိတွာ ပါဒါနိ၊ စုတာ စဏ္ဍာလယောနိယာ၊
ဝိမာနံ သမ္မသော ဘဒ္ဒံ၊ ဥပပန္နမှိ နန္ဒနေ။

၂၀၂။ သာဟံ၊ သူတောင်းစားဖြစ်ခဲ့ရဖူးသော တပည့်တော်သည်။ ပါဒါနိ၊ မြတ်ဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒိတွာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။ စဏ္ဍာလယောနိယာ၊ ဒွန်းစဏ္ဍားအမျိုးဇာတ်မှ။ စုတာ၊ နွားမလှေ့၍ မူးမေ့တွေဝေ အသက်သေခဲ့သည်ရှိသော်။ နန္ဒနေ၊ တာဝတိံသာရှိ နန္ဒဝန်ခေါ် ဥယျာဉ်တော်၌။ သမ္မသော၊ အလုံးစုံသော အခြင်းအရာအားဖြင့်။ ဘဒ္ဒံ၊ ကောင်းမွန်လှသော။ ဝိမာနံ၊ ရွှေဗိမာန်သို့။ ဥပပန္နာ၊ ကပ်ရောက်လာခြင်းသည်။ အမှိ၊ ဖြစ်ရပေ၏ ဘုရား။

http://www.dhammadownload.com

၂၀၃။ အစ္ဆရာနံ သတသဟဿံ၊ ပုရက္ခတွာန တိဋ္ဌတိ၊
တာသာဟံ ပဝရာ သေဋ္ဌာ၊ ဝဏ္ဏေန ယသသာယုနာ။

၂၀၃။ အစ္ဆရာနံ သတသဟဿံ၊ နတ်သမီးတစ်သိန်းသည်။ မံ၊ တပည့်တော်ကို။ ပုရက္ခတွာန၊ ခြံရံ၍။ တိဋ္ဌတိ၊ တည်နေပါ၏။ အဟံ၊ တပည့်တော်သည်။ တာသံ၊ ခြံရံနေကြသည့် တစ်သိန်းမျှသော ထိုနတ်သမီးတို့ထက်။ ဝဏ္ဏေန၊ အဆင်းအရောင်အားဖြင့်လည်းကောင်း။ ယသသာ၊ အခြံအရံ အကျော်အစောအားဖြင့်လည်းကောင်း။ အာယုနာ၊ အသက်အရွယ်အားဖြင့်လည်းကောင်း။ ပဝရာ၊ လွန်မြတ်ပါ၏။ သေဋ္ဌာ၊ ချီးမွမ်းအပ်ပါ၏။

၂၀၄။ ပဟူတကတကလျာဏာ၊ သမ္မဇာနာ ပဋိဿတာ၊
မုနိ ကာရုဏိကံ လောကေ၊ တံ ဘန္တေ ဝန္ဒိတုမာဂတာ။

၂၀၄။ ဘန္တေ၊ အရှင်မောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပဟူတကတကလျာဏာ၊ ကုသိုလ်ကောင်းမှုကို များစွာပြုအပ်ပြီးသူ ဖြစ်ပါ၏။ သမ္မဇာနာ၊ ပညာအဆင်အခြင်နှင့်လည်း စုံလင်ပြည့်ဝပါ၏။ ပဋိဿတာ၊ သတိနှင့်လည်း ပြည့်စုံပါ၏။ လောကေ၊ လောကဋ္ဌ။ ကာရုဏိကံ၊ မဟာကရုဏာတော်သခင် ဖြစ်တော်မူသော။ တံ မုနိ၊ ထိုရှင်တော်မြတ်ဘုရားကို။ ဝန္ဒိတုံ၊ ရှိခိုးအံ့သောငှာ။ အာဂတာ၊ လာရောက်ခဲ့ပါ၏၊ ဘုရား။

စဏ္ဍာလီနတ်သမီးသည် အရှင်မဟာမောဂ္ဂလာန်အား အလုံးစုံ လျှောက်ထားပြီးလျှင် ဘုရားရှင်၏ ခြေတော်အစုံတို့ကို ရှိခိုး၍ ထိုနေရာ၌ပင်လျှင် ကွယ်ပျောက်လေ၏။ ထိုအကြောင်းကို ထုတ်ဖော်ပြတော်မူလိုသော သင်္ဂါယနာတင် ထေရ်အရှင်တို့သည် ဤသို့ ဂါထာကို ထားတော်မူခဲ့ကြကုန်၏။

၂၀၅။ ဣဒံ ဝတ္ဝာန စဏ္ဍာလီ၊ ကတညူ ကတဝေဒိနီ၊
ဝန္ဒိတွာ အရဟတော ပါဒေ၊ တတ္ထေဝန္တရဓာယတိ။

၂၀၅။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော စကားရပ်ကို။ ဝတ္ဝာန၊ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လျှောက်ထားပြီး၍။ ကတညူ၊ သူတစ်ပါးကျေးဇူးကို အထူးသိတတ်သော။ ကတဝေဒိနီ၊ သူပြုဖူးသောကျေးဇူးကို ထင်စွာပြုလေ့ရှိသော။ စဏ္ဍာလီ၊ စဏ္ဍာလီနတ်သမီးသည်။ အရဟတော၊ ရှင်တော်မြတ်ဘုရား၏။ ပါဒေ၊

http://www.dhammadownload.com

ခြေတော်တို့ကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ အန္တရဓာယတိ၊ ကွယ်ပျောက်လေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဤစဏ္ဍာလိနတ်သမီး၏ ဖြစ်ပုံအကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုဖြစ်ပုံအကြောင်းစုံကို ရောက်လာသော ပရိသတ်အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူလေ၏။ ထိုတရားဒေသနာကား လူအပေါင်းအား အကျိုးစီးပွား များပြားသည်သာတည်း။

စဏ္ဍာလိဝိမာနဝတ္ထု ပြီး၏။

၅။ ဘဒ္ဒိတ္ထိဝိမာနဝတ္ထု

ရဟန်းတော်မြတ်တို့အား ဆွမ်းစသည် လှူဒါန်းပူဇော်ခြင်း၊ အဂ္ဂသာဝက အရှင်မြတ်တို့အား ပြုစုလုပ်ကျွေးခဲ့ခြင်းတို့ကြောင့် တာဝတိံသာနတ်ပြည်ဝယ် တင့်တယ်စွာ လှည့်လည်နေထိုင်ရသော ဘဒ္ဒိတ္ထိနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကိမိလမြို့၌ ရောဟကအမည်ရှိသော သူကြွယ်သားတစ်ယောက်ရှိ၏။ ရောဟကသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ရတနာသုံးပါးကို ကြည်ညိုး၏။ အကျင့်သီလ အာစာရနှင့်လည်း ပြည့်ဝသူဖြစ်၏။

ကိမိလမြို့၌ပင်လျှင် ရောဟကသတို့သားနှင့် တူမျှသော စည်းစိမ်ဥစ္စာရှိသော အိမ်၌ သူငယ်မတစ်ယောက် ရှိလေ၏။ ထိုသူငယ်မသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ရတနာသုံးပါးကို ကြည်ညိုသည်။ ပင်ကိုကပင် စိတ်သဘောကောင်းလှ၍ အမည်အားဖြင့် ဘဒ္ဒါဟု ခေါ်ဆိုကြ၏။

ရောဟက၏ မိဘတို့သည် ထိုဘဒ္ဒါမည်သော သတို့သမီးကို တောင်းရမ်းပြောဆိုပြီးသောအခါ အိမ်ဧဟာသို့ ခေါ်ဆောင်ကာ ထိမ်းမြားလက်ထပ်မှုကို ပြုကြကုန်၏။ ဧနီးမောင်နှံစုံတို့သည် သင့်တင့်ညီညွတ်ကြလျက် ချမ်းသာစွာ နေထိုင်ကြကုန်၏။ သတို့သမီးသည် မိမိ၏ အကျင့်သီလ အာစာရ ပြည့်ဝစုံလင်

http://www.dhammadownload.com

သောကြောင့် ထိုကိမိလမြို့၌ မိန်းမကောင်းတစ်ယောက် (ဘဒ္ဒိတ္ထိ) ဟု လူသိများလေ၏။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အဂ္ဂသာဝကကြီး နှစ်ပါးတို့သည် ငါးရာ ငါးရာကုန်သော ရဟန်းတို့ ခြံရံကြလျက် ဇနပုဒ်သို့ ဒေသစာရီ ကြွချီတော်မူကြကုန်ရှိသော် ကိမိလမြို့သို့ ရောက်တော်မူကြလေကုန်၏။ ရောဟက သည်လည်း ထိုအဂ္ဂသာဝက အရှင်မြတ်နှစ်ပါးတို့ ကိမိလမြို့သို့ ရောက်တော်မူလာသည်ကို သိရ၍ မထေရ်မြတ်တို့အား ပင့်ဖိတ်ကာ ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းသည်။ ထိုမထေရ်မြတ်တို့ ဟောကြားတော်မူအပ်သော တရားတော်ကိုလည်း သားမယားနှင့်တကွ နာကြားသည်။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ရောဟက၏ မယားဖြစ်သူ ဘဒ္ဒါသည်ကား လဆန်းလဆုတ် ရှစ်ရက်၊ လပြည့်လကွယ် အကြိုအပို့နေ့တို့၌ ရှစ်ပါးသီလကို စောင့်သုံး၏။ အထူးသဖြင့် အကျင့်သီလ ပြည့်ဝကောင်းမွန်သူဖြစ်သည်။ သို့အတွက် နတ်တို့က စောင့်ရှောက်ကြကုန်၏။ နတ်တို့၏ စောင့်ရှောက်မှုကြောင့်ပင်လျှင် အလွန် ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်လေ၏။

ဘဒ္ဒိတ္ထိဟု ကျော်ကြားသော ထိုမိန်းမသည် ကိမိလမြို့၌နေသည်။ သူ့ယောကျ်ားသည် ရောင်းဝယ်ကုန်သွယ်မှုကိစ္စဖြင့် တက္ကသိုလ်ပြည်၌ နေသည်။ တစ်နေ့ နက္ခတ်ပွဲ၌ ခင်မင်သူတို့၏ တိုက်တွန်းမှုကြောင့် ဘဒ္ဒိတ္ထိ၏ ခင်ပွန်းသည် နက္ခတ်ပွဲ ကစားလိုစိတ်ဖြစ်ပေါ်နေသည်ကို နတ်တို့ကသိ၍ အိမ်စောင့်နတ်သည် နတ်တို့၏ တန်ခိုးဖြင့် ထိုမိန်းမကို ခင်ပွန်းရှိရာ တက္ကသိုလ်ပြည်သို့ ဆောင်ယူပို့လာ၏။ မိမိ၏ ခင်ပွန်းသည်ယောကျ်ားနှင့် အတူတကွ နေထိုင်ပေါင်းသင်းဆက်ဆံခြင်း ပြုမိခြင်းကြောင့် သန္ဓေရလေသည်။ ထိုအခါ နတ်သည် ကိမိလမြို့သို့ ထိုအမျိုးသမီးကို တစ်ဖန်ပြန်၍ ပို့လိုက်၏။ ကိုယ်ဝန်ရင့်မာလတ်သော် ထိုအကြောင်းများကို မသိကြသော ယောကျ်မ စသည်တို့က "မိမိလင်ယောကျ်ား မရှိခိုက် ယောကျ်ားတစ်ပါးနှင့် ဖောက်ပြားသောမိန်းမ" ဟူ၍ ယုံမှားသံသယ ဖြစ်ကြကုန်၏။

ထိုအခါ အိမ်စောင့်နတ်သည် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် ဂဂ်ါမြစ်ရေအဟုန်ကို ကိမိလမြို့အလုံး လွှမ်းမိုးစေသကဲ့သို့ တက်လာစေသည်။ ထိုအခါ သစ္စာဆိုလေရာ တက်လာသော လှိုင်းတံပိုးဒဏ်နှင့် အထင်လွဲခံရမှုတို့ ပပျောက်

http://www.dhammadownload.com

သွားသည်။ နတ်တို့ပို့ဆောင်၍ လင်နှင့် တရားဝင်ရသော ကိုယ်ဝန်အဖြစ် သက်သေပြရန် လင်ကပေးထားသော လက်စွပ်ကိုလည်း ပြလိုက်သည်။ ထိုအခါ သံသယများ ပြေပျောက်ကာ ချီးမွမ်းခြင်းခံရသည်။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီး ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။ ထိုအခါ ဘုရားရှင်သည် သာဝတ္ထိပြည်မှ တာဝတိံသာနတ်နန်းသို့ ကြွလှမ်းတော်မူကာ ပင်လယ်ကသစ်ပင်ရင်းဝယ် ခင်းထားအပ်သော ပဏ္ဏာကမွှေလာ မြကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူသည်။ တာဝတိံသာနတ်ပရိသတ်သည် ဘုရားရှင်အထံသို့ ချဉ်းကပ်လာရောက်ကြကာ ရှိခိုးဝတ်ပြုကြပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ နေထိုင်ကြသည်။

ဘဒ္ဒိတ္ထိနတ်သမီးသည်လည်း ဘုရားရှင်အထံသို့ လာရောက်ကာ ရှိခိုးဝတ်ပြုပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာအရပ်၌ နေလေ၏။ ဘုရားရှင်သည် တစ်သောင်းသော လောကဓာတ်တို့မှ စုဝေးလာရောက်ကြသော နတ်ပြဟ္မာအပေါင်း၏ အလယ်၌ ထိုဘဒ္ဒိတ္ထိနတ်သမီး၏ ရှေးကပြုအပ်ခဲ့ဖူးသော ကောင်းမှုကုသိုလ်ကို ဤသို့ မေးမြန်းတော်မူသည်။

၂၀၆။ နီလာ ပီတာ စ ကာဠာ စ၊ မဉ္ဇိဋ္ဌာ အထ လောဟိတာ၊
ဥစ္စာဝစာနံ ဝဏ္ဏာနံ၊ ကိဉ္စကမ္မပရိဝါရိတာ။

၂၀၇။ မန္ဒာရဝါနံ ပုပ္ဖါနံ၊ မာလံ ဓာရေသိ မုဒ္ဓနိ၊
နယိမေ အညေသု ကာယေသု၊ ရက္ခာ သန္တိ သုမေဓသေ။

ဂါထာမြန်မာပြန် – ကောင်းမြတ်သော ပညာရှိသော အို ... နတ်သမီး၊ ညိုသောအဆင်း၊ ရွှေသောအဆင်း၊ မည်းနက်သောအဆင်း၊ မောင်းသောအဆင်း၊ နီမြန်းသော အဆင်းတို့သည်လည်းကောင်း၊ ထိုမှတစ်ပါး ဖြူဖွေးသောအဆင်း စသည်တို့သည်လည်းကောင်း၊ ဤသို့ အဆင်းအမျိုးမျိုး ရှိကုန်သော ဝတ်ဆံဝတ်မှုန်အလုံးစုံတို့ဖြင့် ခြံရံအပ်ကုန်လျက် မန္ဒာရဝ အမည်ရသော နတ်ပန်းတို့ဖြင့် သီကုံးအပ်သော ပန်းကုံးကို သင်၏ဦးထိပ်၌ ပန်ဆင်ဘိ၏။ ဤသို့သော အဆင်းသဏ္ဌာန်ရှိသော သစ်ပင်တို့သည် အခြားသော နတ်ပြည်တို့၌ မရှိကုန်။

http://www.dhammadownload.com

၂၀၈။ ကေန ကာယ ဥပပန္နာ၊ တာဝတိံသ ယသဿိနီ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

ဂါထာမြန်မာပြန် – ကြီးမားသော အခြံအရံရှိသည့် အို ... နတ်သမီး၊ သင်သည် အဘယ်ကုသိုလ်ထူးကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရပါသနည်း။ ဤအကျိုးစုကား ဘယ်သို့ပြုဖူး ကုသိုလ်ထူး၏ အကျိုးဖြစ်သည်ကို သင်သည် ဖြေကြားပါလော့ဟု ဘုရားရှင်သည် မေးမြန်းတော်မူလေ၏။

နတ်သမီး၏ အဖြေ

၂၀၉။ ဘန္တိတ္ထိကာတိ မံ အည်သု၊ ကိမိလာယံ ဥပါသိကာ၊
သဒ္ဓါ သီလေန သမ္ပန္နာ၊ သံဝိဘာဂရတာ သဒါ။

၂၁၀။ အစ္ဆာဒနဉ္စ ဘတ္တဉ္စ၊ သေနာသနံ ပဒီပိယံ၊
အဒါသိ ဥစုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

၂၀၉။ ဘန္တေ၊ ရှင်တော်မြတ်ဘုရား။ မံ၊ တပည့်တော်ကို။ ဘန္တိတ္ထိကာတိ၊ အကျင့်သိက္ခာ ပြည့်စုံစွာဖြင့် လိမ္မာသိတတ် ကောင်းမြတ်သော မိန်းမဟူ၍လည်း ကောင်း။ ဥပါသိကာတိ၊ ရတနာသုံးရပ် ထွတ်အမြတ်ကို ဆည်းကပ်တတ်စွာ ဥပါသိကာဒါယိကာမ ဟူ၍လည်းကောင်း။ ကိမိလာယံ၊ ကိမိလ ရွှေမြို့တော်၌။ အည်သု ဇာနိ'သု၊ လူသူအများတို့က သိကြလေကုန်၏။ သဒ္ဓါသီလေန၊ သဒ္ဓါသီလနှင့်။ သမ္ပန္နာ၊ ပြည့်စုံပါသည်ဘုရား။ သဒါ၊ အခါခပ်သိမ်း။ သံဝိဘာဂရတာ၊ အမြဲတစေ ခွဲဝေခြင်း၌ ပျော်ပိုက်မွေ့လျော်ပါသည်ဘုရား။

၂၁၀။ အစ္ဆာဒနဉ္စ၊ ဝတ်သက်နှံးကိုလည်းကောင်း။ ဘတ္တဉ္စ၊ ဆွမ်းဘောဇဉ်ကိုလည်းကောင်း။ သေနာသနဉ္စ၊ အိပ်ရာညောင်စောင်း ခုတင်ကျောင်းကိုလည်းကောင်း။ ပဒီပိယဉ္စ၊ ဆီမီးကိုလည်းကောင်း။ ဥစုဘူတေသု၊ ဖြောင့်မတ်စွာ ကျင့်ကြံတတ်ကုန်သော ရဟန်းတော် အရှင်မြတ်တို့၌။ ဝိပ္ပသန္နေန၊ ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ အဒါသိံ၊ ပေးလှူခဲ့ပါသည်ဘုရား။

နံပါတ် ၂၁၁–၂၁၂–၂၁၃ ဂါထာများသည် ပိဋကဝိ၊ ဥတ္တရာဝိမာနဝတ္ထုပါဠိ ၁၂၉–၁၃၀–၁၃၁ ဂါထာများနှင့်တူသည်။

၂၁၄။ ပဋိသိက္ခာပဒေ ရတာ၊ အရိယသစ္စာန ကောဝိဒါ၊
ဥပါသိကာ စက္ခုမတော၊ အပုမာဒဝိဟာရိနီ။

http://www.dhammadownload.com

ကတာဝါသာ ကတကုသလာ တတော စုတာ၊
သယံပဘာ အနုဝိစရာမိ နန္ဒနံ။

၂၁၄။ အဟံ၊ တပည့်တော်သည်။ ပဋ္ဌသိက္ခာပဒေ၊ ငါးရပ်သော သိက္ခာပုဒ်၌။ ရတာ၊ မွေ့လျော်ခဲ့ပါ၏ဘုရား။ အဂိယသစ္စာနံ၊ အရိယာအရှင်မြတ်တို့ သိမြင်အပ်သော လေးပါးသော သစ္စာတရားတို့၌။ ကောဝိဒါ၊ သိမြင်လိမ္မာခဲ့ပါ၏ဘုရား။ စက္ခုမတော၊ ရှင်တော်မြတ်ဘုရား၏။ ဥပါသိကာ၊ ရတနာသုံးရပ်၌ ဆည်းကပ်လေ့ရှိသူ ဥပါသိကာမ ဖြစ်ခဲ့ပါ၏ဘုရား။ အပွမာဒဝိဟာရိနီ၊ ကုသိုလ်အရေး အစဉ်တွေးကာ မမေ့မလျော့ နေခဲ့ပါ၏ဘုရား။ ကတာဝါသာ၊ ပြုအပ်ပြီးသည့် ချမ်းသာစီးပွား၏တည်ရာ စရိုက်ဝါသနာရှိသည်။ ကတကုသလာ၊ ပြုစုခဲ့ပြီးသော ကုသိုလ်တရားရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ တတော၊ လူ့ဘုံဌာန ထိုဘဝမှ။ စုတာ၊ စုတေမနေ ကွယ်လွန်ခဲ့ရ၍။ သယံပဘာ၊ မိမိ၏ ကိုယ်ရောင်ဖြင့် ထွန်းပြောင်တောက်ပလျက်။ နန္ဒနံ၊ နန္ဒဝန်ဥယျာဉ်တော်ရှိရာ နတ်ပြည်၌။ အနုဝိစရာမိ၊ အစဉ်လှည့်ကာ နေထိုင်ရပါ၏ဘုရား။

၂၁၅။ ဘိက္ခူ စာဟံ ပရမဟိတာနုကမ္မကော၊
အဘေဇယိ် တပဿိယုဂံ မဟာမုနိ်။
ကတာဝါသာ ကတကုသလာ တတော စုတာ၊
သယံပဘာ အနုဝိစရာမိ နန္ဒနံ။

၂၁၅။ ပရမဟိတာနုကမ္မကော၊ မြတ်သော အစီးအပွားတို့ဖြင့် သနားစောင့်ရှောက်တော်မူတတ်ကုန်သော။ ဘိက္ခူ စ၊ ရဟန်းတော်တို့ကိုလည်းကောင်း။ တပဿိယုဂံ၊ အဂ္ဂသာဝကအစုံ ဖြစ်တော်မူသော။ မဟာမုနိ်၊ ရဟန်းမြတ်ကိုလည်းကောင်း။ အဟံ၊ တပည့်တော်သည်။ အဘေဇယိ်၊ ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြုစုခဲ့ဖူးပါ၏ဘုရား။

နောက် နှစ်ပါဒ၏အနက်သည် ရှေး ၂၁၄ ဂါထာနှင့်တူသည်။

၂၁၆။ အဋ္ဌင်္ဂိကံ အပရိမိတံ သုခါဝဟံ၊
ဥပေါသထံ သတတမုပါဝသိ် အဟံ။
ကတာဝါသာ ကတကုသလာ တတော စုတာ၊
သယံပဘာ အနုဝိစရာမိ နန္ဒနံ။

http://www.dhammadownload.com

၂၁၆။ အဟံ၊ တပည့်တော်သည်။ အပရိမိတံ၊ ရေတွက်ပိုင်းခြားခြင်းငှာ မတတ်နိုင်ပါသော။ သုခါဝဟံ၊ ချမ်းသာသုခ အဝဝကို ဆောင်စွမ်းနိုင်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ဖြာနှင့် စုံပြည့်ပါသော။ ဥပေါသထံ၊ ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကို။ သတတံ၊ အမြဲမပြတ်သာလျှင်။ ဥပါဝသိ၊ စောင့်သုံးခဲ့ပါ၏ဘုရား။

နောက် နှစ်ပါဒ၏အနက်လည်း ရှေး ၂၁၄ ဂါထာနှင့်တူပြီ။

ထိုအခါ ဘုရားရှင်သည် မယ်တော်မိနတ်သား အမှူးရှိကုန်သော နတ်ပြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာကို ဟောကြားတော်မူပြီး၍ လူ့ပြည်သို့ ပြန်ကြွတော်မူလာပြီးလျှင် ဘဒ္ဒိတ္ထိ ဝိမာနဝတ္ထု ဒေသနာတော်ကို ရဟန်းတော်တို့အား ဟောကြားတော်မူလေ၏။ ထိုဒေသနာတော်သည် ရောက်လာသော ပရိသတ်အား အကျိုးစီးပွား များပြားလှလေ၏။

ဘဒ္ဒိတ္ထိဝိမာနဝတ္ထု ပြီး၏။

၆။ သောဏဒိန္နာဝိမာနဝတ္ထု

ဖြစ်ပျက်ကမ္မဋ္ဌာန်း စီးဖြန်း၍ သောတာပန်ဖြစ်ပြီးနောက် ဝဘဝတိ သာဝယ် အဆင်းရောင်ဝါ တင့်တယ်ပြည့်စုံစွာ စံနေရသော သောဏ ဒိန္နာနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နာဠန္ဒမြို့၌ သောဏဒိန္နာအမည်ရှိ ဥပါသိကာမတစ်ယောက် ရှိ၏။ ထို သောဏဒိန္နာကား ယုံကြည်ခြင်းသဒ္ဓါတရားနှင့် ပြည့်စုံ၏။ ရတနာသုံးပါးကို ကြည်ညိုမြတ်နိုး၏။ ရဟန်းတော် အရှင်မြတ်တို့အား ပစ္စည်းလေးပါးတို့ဖြင့် တောက်ပံ့လှူဒါန်း၏။ အလွန်စင်ကြယ်သော နိစ္စသီလရှိ၏။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံစွာ ဥပုသ်သီလကိုလည်း စောင့်သုံးလေ့ရှိ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုဥပါသိကာမသည် သင့်လျော်လျောက်ပတ်သော တရားနာခြင်းကိုရ၍ မိမိ ရှေးရှေးသောဘဝတို့က ဆည်းပူးဖြည့်ကျင့်ခဲ့သော ပါရမီအကြောင်း မှိရာကောင်းနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် သစ္စာလေးချက် ဖြစ်ပျက်ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသည်ရှိသော် သောတာပန်ဖြစ်လေ၏။

http://www.dhammadownload.com

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

သောတာပန်ဖြစ်ပြီးသောအခါ သောဏဒိန္နာသည် တစ်စုံတစ်ခုသော ရောဂါကြောင့် ကွယ်လွန်သည်ရှိသော တာဝတိံသာနတ်တို့နေရာ၌ နတ်သမီးဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

ထိုသောဏဒိန္နာ နတ်သမီးကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဤသို့ မေးမြန်းတော်မူ၏။

နံပါတ် ၂၁၇-၈-၉ သုံးဂါထာတို့သည် ပိဋ္ဌဝဂ် ဒီပဝိမာနဝတ္ထုပါ ၇၅-၇၆-၇၈ ဂါထာတို့နှင့်တူသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးတော်မူအပ်သော အကြောင်းအရာ သောဏဒိန္နာ နတ်သမီးက ဤသို့ ဖြေကြားလေ၏။

၂၂၀။ သာ ဒေဝတာ အတ္တမနာ၊ မောဂ္ဂလ္လာနေန ပုစ္ဆိတာ၊
ပဉ္ဍံ ပုဋ္ဌာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ။

၂၂၁။ သောဏဒိန္နာတိ မံ အညံသု၊ နာဋ္ဌန္နာယံ ဥပါသိကာ၊
သဒ္ဓါသီလေန သမ္ပန္နာ၊ သံဝိဘာဂရတာ သဒါ။

နံပါတ် ၂၂၂-၃-၄-၅ ဂါထာများသည် ဘဒ္ဒိတ္ထိဝိမာနဝတ္ထုလာ ၂၁၀-၁-၂-၃ ဂါထာများနှင့် တူသည်။

၂၂၆။ ပဋ္ဌသိက္ခာပဒေ ရတာ၊ အရိယသစ္စာန ကောဝိဒါ၊
ဥပါသိကာ စက္ခုမတော၊ ဂေါတမဿ ယသဿိနော။

နံပါတ် ၂၂၀ ဂါထာသည် ပဌမ ပိဋ္ဌဝိမာနဝတ္ထုပါ ၄ နံပါတ်ဂါထာနှင့် တူပြီး ကျန်ဂါထာများ အနက်ပေးရန် မခက်ပြီ။

သောဏဒိန္နာဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ ဥပေါသထာဝိမာနဝတ္ထု

**သဒ္ဓါ၊ သီလနှင့် ပြည့်စုံကာ အရိယသစ္စာ၌ လိမ္မာခဲ့ခြင်းတို့ကြောင့်
နန္ဒဝန်ဥယျာဉ်သာ၌ စံနေရသော ဥပေါသထာနတ်သမီး။**

ဤဝတ္ထုကြောင်း၌ ဥပေါသထာမည်သော ဥပါသိကာမကား သာကေတ မြို့သူဖြစ်၏။ ဤမျှသာ ထူးပြီး အကြွင်းစကားများ ရှေးသောဏဒိန္နာဝိမာနဝတ္ထု နှင့် တူသည်။

နံပါတ် ၂၂၉ မှ ၁၃၉ ဂါထာများ၏ အနက်တို့ ရှေးပိုင်း၌ပါပြီ။

မိမိပြုခဲ့သော ကုသိုလ်စုနှင့် ကုသိုလ်၏အကျိုး အာနိသံသကို ပြဆိုပြီး၍ တစ်ဖန် မိမိ၏ တစ်ခုသောအပြစ်ကို ပြလိုသဖြင့် ဤသို့ လျှောက်ထားလေ၏။

**၂၄၁။ အဘိက္ကဏံ နန္ဒနံ သုတ္တာ၊ ဆန္နော မေ ဥဒပဇ္ဇထ။
တတ္ထ စိတ္တံ ပဏိဓာယ၊ ဥပပန္နာမှိ နန္ဒနံ။**

**၂၄၂။ နာကာသိ သတ္တု ဝစနံ၊ ဗုဒ္ဓသာဒိစ္စဗန္ဓုနော။
ဟိနေ စိတ္တံ ပဏိဓာယ၊ သာမှိ ပစ္ဆာနုတာပိနီ။**

၂၄၁။ ဘန္တေ၊ အရှင်မောဂ္ဂလာန်ဘုရား။ နန္ဒနံ၊ နန္ဒဝန်ခေါ် ဥယျာဉ်တော်၏ မွေ့လျော်ဖွယ်အကြောင်း သတင်းကောင်းကို။ အဘိက္ကဏ်၊ အမြဲမပြတ်။ သုတ္တာ၊ နာကြားခဲ့ရပါသောကြောင့်။ မေ၊ တပည့်တော်၏။ ဆန္နော၊ နန္ဒဝန်ဥယျာဉ်၌ ပျော်ရွှင်လိုလှ စိတ်ဆန္ဒသည်။ ဥဒပဇ္ဇထ၊ အစဉ်မကွာ ဖြစ်ပေါ်၍ နေခဲ့ပါသည် ဘုရား။ တတ္ထ၊ နန္ဒဝန်မည်တွင် ထိုနတ်ဥယျာဉ်၌။ စိတ္တံ၊ ရောက်လိုသော စိတ် အာသာသည်။ ပါဏိဓာယ၊ တောင့်တ၍နေသောကြောင့်။ နန္ဒနံ၊ နန္ဒဝန်ဥယျာဉ် သာသို့။ ဥပပန္နာ၊ စိတ်တောင့်တတိုင်း မဆိုင်းမကြာ ရောက်၍လာသည်။ အမှိ၊ ဖြစ်လာရပါသည်ဘုရား။

၂၄၂။ ဗုဒ္ဓဿ၊ သစ္စာလေးပါး ပိုင်းခြားကုန်စင် သိမြင်တော်မူပြီးသော။ အာဒိစ္စဗန္ဓုနော၊ နေမင်း၏အဆွေ ဖြစ်တော်မူပေသော။ သတ္တု၊ လူသုံးဦးတို့၏ ဆရာ စောသတ္ထာ၏။ ဝစနံ၊ ဟောဖော်ညွှန်ပြ ဆုံးမသောစကားတော်ကို။ နကာသိ၊ လိုက်နာသမှု မပြုလုပ်ခဲ့မိပါဘုရား။ ဟီနေ၊ ယုတ်ညံ့ပါလှ နတ်သမီးဘဝ၌။ စိတ္တံ၊ စိတ်အမိုက်သည်။ ပဏိဓာယ၊ တောင့်တ၍နေသောကြောင့်။ သာ၊ ထို

http://www.dhammadownload.com

တပည့်တော်သည်။ ပစ္စာနုတာပိနီ၊ ယခုအခါ လွန်စွာကြောင့်ကြ နောင်တတစ်ဖန် ပူပန်ရသည်။ အမှီ၊ ဖြစ်ရပါပြီဘုရား။

ထိုသို့ ဥပေါသထာနတ်သမီးသည် ဘဝကို အလွန်တပ်မက်ခြင်းဟူသော အကြောင်းကြောင့်ဖြစ်ရသော နှလုံးမသာယာခြင်းအကြောင်းကို လျှောက်ထားအပ်သည်ရှိသော် မထေရ်မြတ်သည် နောင်အခါ လူ၏အဖြစ်၌တည်လျက် ဝဋ်ဒုက္ခ၏ လွတ်မြောက်ရာကို ပြုလုပ်အားထုတ်ခြင်းငှာ လွန်စွာ လွယ်ကူလှသည်၏ အဖြစ်ကိုလည်းကောင်း၊ ကိလေသာကုန်ခန်းသော ရဟန်းအဖြစ်မည်သည် အခါခပ်သိမ်း အကျိုးအာနိသံသ ကြီးမားလှသည်၏ အဖြစ်ကိုလည်းကောင်း ပြောကြား၍ နှစ်သိမ့်စေခြင်းငှာ ဤသို့ မိန့်တော်မူလေ၏။

၂၄၃။ ကိဝ စိရံ ဝိမာနမှိ၊ ဣဓ ဝစ္ဆသုပေါသထေ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ယဒိ ဇာနာသိ အာယုနော။

၂၄၃။ ဥပေါသထေ၊ ဥပုသ်သီတင်း စောင့်သုံးခြင်းကြောင့် ဥပေါသထာ အမည်သာသော။ ဒေဝတေ၊ နတ်မိမယ်။ ဣဓ ဝိမာနမှိ၊ ဤရွှေဗိမာန်၌။ ဝစ္ဆသ၊ နှစ်အပိုင်းအခြားအားဖြင့်။ ကိဝ စိရံ၊ မည်မျှကြာဦးမည်နည်း။ အာယုနော၊ သင့်အသက်ကို။ ယဒိ ဇာနာသိ၊ အကယ်၍ သိခဲ့ငြားအံ့။ ပုစ္ဆိတာ၊ ငါမေးမြန်းအပ်သော သင်သည်။ အာစိက္ခ၊ ဖြေကြားပါလော့။

ဤသို့ မထေရ်မြတ် မေးမြန်းအပ်သည်ရှိသော် ဥပေါသထာနတ်သမီးသည် နတ်ပြည်၌နေရမည့် နှစ်အပိုင်းအခြားကို ပြန်ကြားလျှောက်ထားလိုရကား ဤသို့ လျှောက်ထားလေ၏။

၂၄၄။ သဋ္ဌိ ဝဿသဟဿာနိ၊ တိဿော စ ဝဿကောဋိယော၊
ဣဓ ဌတွာ မဟာမုနိ၊ ဣတော စုတာ ဂမိဿာမိ။
မနုဿာနံ သဟဗ္ယတံ။

၂၄၄။ မဟာမုနိ၊ အရှင်ဘုရား မောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်။ သဋ္ဌိ ဝဿသဟဿာနိ၊ အနှစ်ခြောက်သောင်းတို့ပတ်လုံးလည်းကောင်း။ တိဿော စ ဝဿကောဋိယော၊ အနှစ်သုံးကုဋေတို့ပတ်လုံးလည်းကောင်း။ ဣဓ၊ ဤနတ်ပြည်၌။ ဌတွာ၊ တည်ရှိနေ၍။ ဣတော၊ ဤတာဝတိံသာနတ်ပြည်မှ။ စုတာ၊ ကံတရား အလျောက် ချုပ်ပျောက်စုတေ ကွယ်လွန်လေသည်ရှိသော်။ မနုဿာနံ၊ လူတို့၏။

http://www.dhammadownload.com

သဟဗျတံ၊ လူတို့ဌာန လူ့ဘဝသို့။ ဂမိဿာမိ၊ မဆိုင်းမှန်စွာ သွားရောက်ရပါ တော့အံ့ဘုရား။

နတ်သမီးက ထိုသို့လျှောက်ထားသော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် က ဤသို့ တိုက်တွန်းတော်မူပြန်လေ၏။

၂၄၅။ မာ တွံ ဥပေါသထေ ဘာယီ၊ သမ္မုဒ္ဒေနာသိ ဗျာကတာ၊
သောတာပန္နာ ဝိသေသယီ၊ ပဟီနာ တာဝ ဒုဂ္ဂတိ။

၂၄၅။ ဥပေါသထေ၊ ဥပေါသထာအမည်ရှိသော နတ်သမီး။ တွံ၊ သင်နတ်သမီး သည်။ မာ ဘာယီ၊ မကြောက်ရွံ့ပါလင့်။ ဝိသေသယီ၊ အထူးအားဖြင့်။ သောတာ ပန္နာ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပယ်ကွာသူမှန်သည်။ ဗျာကာသိ၊ ဟောကြားတော်မူ၏။ တဝ၊ သင်နတ်သမီးအား။ ဒုဂ္ဂတိ၊ အပါယ်ရွာဟူသော ဒုဂ္ဂတိဘဝ်ကို။ ပဟီနာ၊ စွန့်ပယ်ပြီး ဖြစ်ပေ၏။ တသ္မာ၊ ထိုသို့ အပါယ်လေးခွင်ကို ပယ်ကြဉ်ပြီး ဖြစ် လေသောကြောင့်။ မာဘာယီ၊ မကြောက်ရွံ့ပါလင့်။

ကျန်သော အဓိပ္ပာယ်များတူသည်။

ဥပေါသထာဝိမာနဝတ္ထု ပြီး၏။

၈။ နိဒ္ဒါဝိမာနဝတ္ထု

သဒ္ဓါ၊ သီလနှင့် ပြည့်စုံကာ အရိယသစ္စာဥ် လိမ္မာခဲ့ခြင်းကြောင့်
နတ်ပြည်တွင် နတ်သမီးဖြစ်ရသော နိဒ္ဒါနတ်သမီး။

ရာဇဂြိုဟ်ပြည်၌ နိဒ္ဒါမည်သော အမျိုးသမီးတစ်ဦးရှိ၏။ ထိုအမျိုးသမီးသည် ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၏။ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ ကြည်လင် သော သဒ္ဓါတရားဖြင့် အခါမပြတ် ရတနာသုံးရပ်တို့၌ ဆည်းကပ်လှူဒါန်းလေ့ ရှိ၏။ လဆန်းလဆုတ် ဥပုသ်နေ့တို့၌ အပို့အကြိုနှင့်တကွ မပျက်ကွက်ရအောင် ဥပုသ်သီတင်း စောင့်သုံးခြင်းအလေ့ရှိ၏။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ခဲ့၍ သောတာပန်အဖြစ်သို့ ရောက်ပြီးလျှင် ရောဂါဖြင့် ကွယ်လွန်သော် တာဝတိံသာ နတ်ပြည်တွင် နိဒ္ဒါမည်သော နတ်သမီးဖြစ်လေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ခရီးရောသစာရီ ကြွချီတော်မူရာ ထိုနတ်သမီးကို တွေ့မြင်ရ၍ အကျိုးအကြောင်း မေးမြန်းသဖြင့် နတ်သမီးကလည်း ဖြေကြားလျှောက်ထားလေ၏။

ဤဝတ္ထုပါ ဂါထာများသည် စိတ္တလတာဝဂ်၊ ခြောက်ခုမြောက် သောဏ သုနိဒ္ဒါဝိမာနဝတ္ထုလာ ဂါထာများနှင့်တူသည်။

သုနိဒ္ဒါဝိမာနဝတ္ထု ပြီး၏။

၉။ သုနိဒ္ဒါဝိမာနဝတ္ထု

သုနိဒ္ဒါဝိမာနဝတ္ထုသည် နိဒ္ဒါဝိမာနဝတ္ထုနှင့် အတိတ်ပစ္စုပ္ပန် အကြောင်းအရာ အားလုံး တူသည်။

၁၀။ ပဌမ ဘိက္ခာဒါယိကာဝိမာနဝတ္ထု

လူဖြစ်စဉ်အခါက ဘုရားရှင်အား ဆွမ်းလှူဒါန်းခဲ့ရသောကြောင့် နတ်ပြည်၌ သောက်ရှူးကြိယ်အသွင် အလွန်ထင်ရှားသည့် နတ်သမီး ဖြစ်ရသော ဘိက္ခာဒါယိကာ နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မြောက်မဓုရပြည်၌ မိန်းမတစ်ယောက်သည် ကုန်ဆုံးပြီးသော သက်တမ်းရှိလျက် အပါယ်၌ဖြစ်မည့် အကြောင်းကံရှိနေသည်။ ဘုရားရှင်သည် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှုတော်မူရာ အပါယ်သို့ လာရောက်လတ္တံ့သော ထိုမိန်းမကို မြင်တော်မူလေသည်။ ထိုမိန်းမကို အပါယ်မှ လွတ်မြောက်၍ သုဂတိဘဝသို့ ရောက်စေလိုသော စိတ်ဆန္ဒတော်ဖြင့် မဓုရပြည်သို့ ကြွသွားတော်မူလေ၏။

ဆွမ်းကပ်လှူရန် လျှောက်ထားခြင်း

ထိုမိန်းမသည် ရေချိုးဆိပ်၌ ရေချိုးပြီးကာ အိမ်သို့ ပြန်လာသည်ရှိသော် လမ်းခရီးအကြား၌ ဘုရားရှင်ကို ဖူးမြင်ရလေ၏။ သို့ဖြင့် ဘုရားရှင်အား "အရှင်

http://www.dhammadownload.com

မြတ်ဘုရား၊ ဆွမ်းရပါပြီလားဘုရား" ဟု လျှောက်ထားလေရာ ဘုရားရှင်သည် "ရပါလိမ့်မည်" ဟု မိန့်တော်မူသည်။ ဆွမ်းမရရှိသေးသော အဖြစ်ကိုသိရ၍ "အရှင်ဘုရား၊ တပည့်တော် ဆွမ်းလှူဒါန်းဆက်ကပ်ပါအုံ၊ တပည့်တော် လှူဒါန်းသည့်ဆွမ်းကို အလှူခံတော်မူပါကုန်ဘုရား" ဟု လျှောက်ထားလေသည်။ ဘုရားရှင် လက်ခံကြောင်း သိလေလျှင် အိမ်သို့သွားနှင့်ကာ ဘုရားရှင် ကြွဝင်တော်မူလာမည်ကို စောင့်နေလေ၏။ ဘုရားရှင်သည် ထိုမိန်းမ၏အိမ်သို့ ကြွရောက်ကာ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုမိန်းမသည် ဘုရားရှင်အား ဆွမ်းဟောဇဉ်တို့ဖြင့် လုပ်ကျွေးဆက်ကပ်လေ၏။ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားရှင်သည် ထိုမိန်းမအား ဆွမ်းအနုမောဒနာတရားကို ဟောကြားကာ ကြွတော်မူလေ၏။ ထိုမိန်းမသည် အနုမောဒနာတရား နာကြားပြီး ဘုရားရှင်အား မျက်စိတစ်ဆုံး ကြည့်ရှုဖူးမြော်ကာ လက်အုပ်ချီမိုး ရှိခိုးရပ်တည်နေလေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

နောက် နှစ်ရက် သုံးရက်ကြာသော် ထိုမိန်းမ ကွယ်လွန်ကာ ဗာဝတိံသာနတ်ပြည်၌ ဘိက္ခာဒါယိကာမည်သော နတ်သမီးဖြစ်လေ၏။ ထိုနတ်သမီးအား နတ်သမီးတစ်ထောင် အခြံအရံရှိ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီကြွချီတော်မူရာ ထိုနတ်သမီးကို တွေ့မြင်ရ၍ ဤသို့ မေးမြန်းတော်မူလေ၏။

နံပါတ် ၂၇၁-၂၇၂-၂၇၃ ဂါထာများသည် နံပါတ် ၇၅-၇၆-၇၉-၈၀ ဂါထာများနှင့်လည်းကောင်း၊ ၂၇၅-၂၇၆ ဂါထာများလည်း ၂၀-၂၁ ဂါထာများနှင့်လည်းကောင်း တူသည်။

ပဌမ ဘိက္ခာဒါယိကာဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၁။ ဒုတိယ ဘိက္ခာဒါယိကာဝိမာနဝတ္ထု

ရဟန္တာအရှင်မြတ်တစ်ပါးအား ဆွမ်းလှူခဲ့ရသော ကုသိုလ်ကြောင့် နတ်သမီးဖြစ်ရသော ဒုတိယ ဘိက္ခာဒါယိကာနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မြောက်မဓုရပြည်တွင် ရတနာသုံးပါးတို့၌ သက်ဝင်ကြည်ညိုသည့် အမျိုးအမည်အားဖြင့် မထင်ရှားသည့် အမျိုးသမီးတစ်ယောက် ရှိလေသည်။ ထိုအမျိုးသမီးသည် ဆွမ်းခံကြွလာသော ရဟန္တာထေရ်အရှင်မြတ်တစ်ပါးကို မိမိအိမ်သို့ ပင့်ဆောင်ပြီးလျှင် ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးဆက်ကပ် လှူဒါန်းလေ၏။

ထိုမိန်းမသည် နောင်အခါတစ်ပါး၌ ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ ဘိက္ခာဒါယိကာဟူသော အမည်ဖြင့် ထင်ရှားသော နတ်သမီးဖြစ်လေသည်။

ကျန်သော အဓိပ္ပာယ်များ ပဌမ ဘိက္ခာဒါယိကာဝိမာနဝတ္ထုနှင့် တူသည်။

"သဒ္ဒသဲ ဝိရဖံ ဗုဒ္ဓံ" ဂါထာဝယ် "ဗုဒ္ဓံ" ဟူသော ပုဒ်၏နေရာ၌ "ဘိက္ခုံ" ဟု ပြင်၍ အနက်ပေးရသည်သာ ထူးသည်။

ဒုတိယ ဘိက္ခာဒါယိကာဝိမာနဝတ္ထု ပြီး၏။

၃။ ပါရိစ္ဆတ္တကဝဂ်

၁။ ဥဇ္ဇာရဝိမာနဝတ္ထု

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား မုန့်ကြော်ကို ပေးလှူဖူးသော ကုသိုလ်ကံကြောင့် နတ်သမီးဖြစ်ရသော ဥဇ္ဇာရနတ်သမီး။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂျဋ်နက်တို့အား အစာပေးရာ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည် အရှင်မဟာမောဂ္ဂလာန်၏ အလုပ်အကျွေးဖြစ်သော အမျိုးအိမ်ဝယ် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ နှစ်သက်မွေ့လျော်သူ အမျိုးသမီးတစ်ဦးရှိသည်။ ထိုသူငယ်မသည် ထိုအိမ်၌ နံနက်ထမင်းမစားမီ မိမိအတွက်ရသော ခဲဖွယ်ဘောဇဉ်မှ ထက်ဝက်ကို လှူဒါန်းပေးကမ်းပြီး ကျန်တစ်ဝက်ကို သူ စားသောက်သုံးဆောင်၏။ မလှူဒါန်း မပေးကမ်းဘဲကား

http://www.dhammadownload.com

ဘယ်အခါမျှ စားသောက်လေ့မရှိ။ မြတ်သော အလှူခံပုဂ္ဂိုလ်တို့ကို မတွေ့မြင်ရလျှင် ချန်ထားကာ တွေ့မြင်သောအခါမှ လှူဒါန်းလေ၏။ တောင်းစားသော သူတို့အား လည်း ပေးကမ်းလှူဒါန်းသည်။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုသူငယ်မ၏ မိခင်သည် "ငါ၏သမီးကား စွန့်ကြဲပေးကမ်း လှူဒါန်း ခြင်း၌ နှစ်သက်မွေ့လျော်၏" ဟု နှစ်သက်ဝမ်းမြောက်ကာ ထိုသူငယ်မအဖို့ ဝေစုကို နှစ်ဆမျှပေးသည်။ သူငယ်မသည် တစ်ဖို့ကို ခွဲခြမ်းလှူဒါန်းသည်ရှိသော် ထပ်မံ၍ မိဘများက ပေးကမ်းကြပြန်၏။ သူငယ်မသည် ထိုပေးကမ်းပြန်သော ဝေစုမှလည်း ထပ်မံလှူဒါန်းပြန်သည်။

အရွယ်ရောက်လာသော ထိုသူငယ်မကို မိဘတို့သည် ရာဇဂြိုဟ်ပြည်၌ပင် လျှင် တစ်ဦးသော သတို့သားနှင့် ပေးစားကြကုန်၏။ ထိုသတို့သား၏ အမျိုးသည် ကား အယူလွဲမှားသည့် မိစ္ဆာဒိဋ္ဌိမျိုးဖြစ်၏။ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းမရှိ၊ ရတနာသုံးပါး၌လည်း ကြည်ညိုလေးစားခြင်းမရှိ။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်သို့ ကြွ ရောက်တော်မူလာရာ ထိုသူငယ်မ ယောကျွမ အိမ်တံခါး၀၌ ရပ်တော်မူလေ၏။ သူငယ်မသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို မြင်၍ ကြည်လင်ဝမ်းမြောက် သောစိတ် ဖြစ်ကာ "အိမ်သို့ ဝင်ရောက်တော်မူပါကုန်ဘုရား" ဟု လျှောက်ထား ပင့်ဖိတ်သည်။ နောက်မှ ယောကျွမအား အသိပေးမည်ဟု ကြံကာ ယောကျွမ အတွက်ထားသော မုန့်ကို မထေရ်မြတ်အား လှူဒါန်းလိုက်လေ၏။ မထေရ်မြတ် သည် အနုမောဒနာတရား ဟောကြားကာ ဖဲခွာကြွသွားတော်မူလေ၏။

ယောကျွမ၏ ရိုက်နှက်မှုကြောင့် အသက်ဆုံးရှုံးရခြင်း

ယောကျွမပြန်လာသောအခါ "အရှင့်အတွက် ချန်ထားသောမုန့်ကို အကျွန်ုပ် သည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လှူဒါန်းလိုက်ပါပြီ" ဟု ယောကျွမ ကြီးအား ပြောကြားလေ၏။ ယောကျွမကြီးသည် ချွေးမဖြစ်သူ ပြောဆိုသောစကား ကို ကြားလေလျှင် "သင် အဘယ့်ကြောင့် ဤကဲ့သို့ စော်ကားခြင်းအမှုကို ပြုဘိ သနည်း၊ ဤသူငယ်မသည် ငါ့အတွက် ဖြစ်သောမုန့်ကို ငါ့အား မပန်ကြားဘဲ ရဟန်းအား ပေးလှူသည်" ဟု အမျက်ဒေါသ ချောင်းချောင်းထလျက် လျှာ

http://www.dhammadownload.com

မလျော်၊ သင့် မသင့် မနှိုင်းချင့် မကြဲစည်နိုင်တော့ဘဲ ရှေ့၌ရှိသော ကျည်ပွေ့ဖြတ်ပိုင်းကို ဆွဲကိုင်လျက် ပခုံးစွန်း၌ ရိုက်လေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုသူငယ်မသည် ထိုယောကျ်မရိုက်သော ဒဏ်ရာဖြင့်ပင် နှစ်ရက် သုံးရက် ကြာသော် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

ထိုသူငယ်မအား အခြားသော ကောင်းမှုအစု သုစရိုက်တရားစု ဆည်းပူးအားထုတ်ပြီး ရှိခြားသော်လည်း အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လှူဒါန်းခဲ့သော ကုသိုလ်ကံသည်သာလျှင် ပိုမိုထင်ရှားလေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ကြွရောက်တော်မူရာ နတ်သမီးကိုတွေ့၍ ဤသို့ မေးမြန်းတော်မူ၏။

၂၈၆။ ဥဋ္ဌာရော တေ ယသော ဝဏ္ဏော၊ သမ္မာ ဩဘာသတေ၊ ဒိသာ။
နာရိယော နစ္စန္တီ ဂါယန္တီ၊ ဒေဝပုတ္တာ အလင်္ကတာ။

ဂါထာမြန်မာပြန် – အို ... နတ်သမီး၊ သင်နတ်သမီး၏ အခြံအရံသည် များပြားလှစွာ၏။ အရောင်အဆင်းလည်း ကောင်းမြတ်လှပါ၏။ အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပ၏။ တန်ဆာဆင်ယင်အပ်သော နတ်သမီး၊ နတ်သားတို့သည် ကခုန်သီဆိုကြကုန်၏။

၂၈၇။ မောဒေန္တီ ပရိဝါရေန္တီ၊ တဝ ပူဇာယ ဒေဝတေ၊
သောဝဏ္ဏာနီ ဝိမာနာနိ၊ တဝိမာနိ သုဒဿနေ။

ဂါထာမြန်မာပြန် – သင့်ကို ပူဇော်ခြင်းဖြင့် ဝမ်းမြောက်ကြကုန်၏။ သင့်ကို ပူဇော်ရန် ခြံရံကြကုန်၏။ သင်၏ ဤဗိမာန်တို့သည် ရွှေအတိဖြစ်ကုန်၏။

၂၈၈။ တုဝံသိ ဣဿရာ တေသံ၊ သမ္ဘကာမသမိဒ္ဓိနံ၊
အဘိဇာတာ မဟန္တာသိ၊ ဒေဝကာယေ ပမောဒသိ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – အလိုရှိအပ်သည့် ဝတ္ထုခပ်သိမ်းတို့နှင့် ပြည့်စုံသော သင်သည် ထိုနတ်သမီး နတ်သားတို့ကို အစိုးရသူဖြစ်၏။ ကောင်းမြတ်သော နတ်ပြည်၌ ဖြစ်လာ၍ ကြီးမားလှသော တန်ခိုးအာနုဘော်ရှိသူလည်း ဖြစ်ပေ၏။ နတ်ပြည်ဝယ် မွန်မြတ်သော ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ရသူလည်း ဖြစ်ပေ၏။ အို ... နတ်သမီး၊ ဤဆိုအပ်ခဲ့ပြီးသော ကောင်းကျိုးတရားသည် ဘယ်သို့ပြုဖန် ကုသိုလ်ကံ၏ အကျိုးတရားပါနည်း၊ သင့်ကို ငါမေးမြန်း၏။ ငါ၏ အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုပါလော့။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူအပ်သည် ရှိသော် ဥဒ္ဓာရနတ်သမီးသည် ဤသို့ ဖြေကြား လျှောက်ထားလေ၏။

၂၈၉။ အဟံ မနုဿေသု မနုဿဘူတာ၊
ပုရိမာယ ဇာတိယာ မနုဿလောကေ။
ဒုဿီလကုလေ သုဏိသာ အဟောသိံ၊
အဿဒ္ဓေသု ကဒရိယေသု အဟံ။

၂၈၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ဘုရား။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဿဘူတာ လူဖြစ်ခဲ့သော။ အဟံ၊ တပည့်တော်သည်။ မနုဿလောကေ၊ လူတို့လောက ရာဇဂြိုဟ်မြို့တော်၌။ ပုရိမာယ ဇာတိယာ၊ ရှေးလူ့ဘဝဆီက။ ဒုဿီလကုလေ၊ ဒုဿီလအမျိုးအိမ်၌။ အဿဒ္ဓေသု၊ ရတနာသုံးတန် ကံ–ကံ၏ အကျိုးကို ယုံကြည်ခြင်း မရှိပါကုန်သော။ ကဒရိယေသု၊ မပေးကမ်းလို ဝန်တိုသော ယောကျ်ားမ စသူတို့တွင်။ သုဏိသာ၊ ခွေးမသယ်သည်။ အဟောသိံ၊ ဖြစ်ခဲ့ရပါ၏ ဘုရား။

၂၉၀။ သဒ္ဓါ သီလေန သမ္ပန္နာ၊ သံဝိဘာဂရတာ သဒါ၊
ပဏ္ဍာယ စရမာနသာ၊ အပ္ပဝံ တော အဒါသဟံ။

၂၉၀။ အဟံ၊ တပည့်တော်သည်။ သဒ္ဓါသီလေန၊ ရတနာသုံးတန် ကံ–ကံ၏အကျိုး မြတ်နိုးယုံကြည်ခြင်း သီလနှင့်။ သမ္ပန္နာ၊ ပြည့်စုံခဲ့ပါ၏။ သဒါ၊ အခါခပ်သိမ်း။ သံဝိဘာဂရတာ၊ ခွဲဝေလှူဒါန်း ဇပေးကမ်းခြင်း၌ ပျော်ပိုက်မွေ့လျော်ခဲ့ပါ၏ ဘုရား။ ပဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရမာနသာ၊ လှည့်လည်တော်မူလာ

http://www.dhammadownload.com

သော။ တေ၊ မောဂ္ဂလာန်ဟု နာမံထင်ရှား အရှင်မြတ်ဘုရားအား။ အပူဝံ၊ မုနိ့ကို။ အဒါသိ၊ ပေးလှူခဲ့ဖူးပါသည်ဘုရား။

၂၉၁။ တဒါဟံ သဿုယာ'စိက္ခိ၊ 'သမဏော အာဂတော ဣဓ၊
တဿ အဒါသဟံ ပူဝံ၊ ပသန္နာ သေဟိ ပါဏိဘိ'။

၂၉၁။ တဒါ၊ မုနိ့ကိုလှူခဲ့ရာ ထိုအခါ၌။ အဟံ၊ တပည့်တော်မသည်။ သဿုယာ၊ ယောကွမ အမယ်ကြီးအား။ အာစိက္ခိ၊ မုနိ့လှူရပုံ အကြောင်းစုံကို ပြောပြပါသည်ဘုရား။ ကိ၊ ဘယ်သို့ပြောပြသနည်းဟူမူ။ ဣဓ၊ ကျွန်မတို့နေရာ ဤအိမ်ဂေဟာသို့။ သမဏော၊ မြတ်ရဟန်းသည်။ အာဂတော၊ ဆွမ်းအလို့ငှာ ကြွ၍လာပါ၏။ တဿ၊ ထိုရဟန်းတော် အရှင်မြတ်အား။ ပသန္နာ၊ ကြည်လင်သော စိတ်ဓာတ်ဖြင့်။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ပူဝံ၊ မုနိ့ကို။ အဟံ၊ ကျွန်တော်သည်။ အဒါသိ၊ ပေးလှူလိုက်မိပါ၏။ ဣတိ၊ ဤသို့။ အာစိက္ခိ၊ ပြောပြပါ၏ဘုရား။

၂၉၂။ ဣတိဿာ သဿု ပရိဘာသိ၊ အဝိနီတာသိ တွံ ဝဓု၊
နာ မံ သမ္မုဇ္ဇိတုံ ဣစ္ဆိ၊ 'သမဏဿ ဒဒါမဟံ'။

၂၉၂။ ဣတိ၊ ဤသို့ စကားပြောကြားသည်ရှိသော်။ သဿု၊ ယောကွမကြီးသည်။ တွံ၊ သင်သည်။ အဝိနီတာ၊ ဆုံးမကင်းဝေး မယဉ်ကျေးသေးသော။ ဝဓု၊ ချွေးမသည်။ အသိ၊ ဖြစ်ပေ၏။ သယံ၊ မိမိကိုယ်တိုင်။ အဟံ၊ အကျွန်ုပ်သည်။ ဒဒါမိ၊ ပေးလှူလိုပါ၏။ ဣတိ၊ ဤသို့။ မံ၊ မိခင်ဌာန ငါသို့သောသူကို။ သမ္မုဇ္ဇိတုံ၊ ပန်ကြားဖို့ရာ။ နာ ဣစ္ဆိ၊ အလိုမရှိပေ။ ဣတိ၊ ဤသို့။ ပရိဘာသိ၊ ရေရွတ်ကြိမ်းမောင်းပါ၏ဘုရား။

၂၉၃။ တတော မေ သဿု ကုပိတာ၊ ပဟာသိ မုသလေန မံ၊
ကူဋဂံဋ္ဌိ အဝဓိ မံ၊ နာသက္ခိ ဇီဝိတုံ စိရံ။

၂၉၃။ တတော၊ ထိုသို့ ကြိမ်းမောင်းပြီးမှ။ မေ၊ တပည့်တော်အား။ သဿု၊ ယောကွမ အမယ်ကြီးသည်။ ကုပိတာ၊ ဒေါသအမျက် ပြင်းစွာထွက်သည်ဖြစ်၍။ မုသလေန၊ တုတ်ကျည်မွှေ့ဖြင့်။ မံ၊ တပည့်တော်ကို။ ပဟာသိ၊ ရိုက်နှက်ပါသည်ဘုရား။ မံ၊ တပည့်တော်ကို။ ကူဋဂံဋ္ဌ၊ ပခုံးစွန်းကို။ အဝဓိ၊ ရိုက်နှက်ညှဉ်းဆဲလေ

http://www.dhammadownload.com

၏။ စိရံ၊ ကြာမြင့်စွာ။ ဖီဝိတုံ၊ အသက်ရှင်ခြင်းငှာ။ နာသက္ခိ၊ တတ်နိုင်ခြင်း မရှိတော့ပါဘုရား။

၂၉၄။ သာ အဟံ ကာယဿ ဘေဒါ၊ ဝိပ္ပမုတ္တာ တတော စုတာ။
ဒေဝါနံ တာဝတိံသာနံ၊ ဥပပန္နာ သဟဗျတံ။

၂၉၄။ သာ အဟံ၊ ထိုတပည့်တော်သည်။ ကာယဿ၊ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ဆက်၍မတည် ပျက်စီးသေလွန်ခဲ့ရပါပြီ။ တတော၊ ထိုသို့ ရိုက်နှက်သည့် ဒဏ်ချက်အတွက် ဖီဝိန်ပျက်လေသောကြောင့်။ ဝိပ္ပမုတ္တာ၊ ဆင်းရဲဒုက္ခမှ ကင်းလွတ်လျက်။ စုတာ၊ အသက်သေသည်ရှိသော်။ တာဝတိံသာနံ ဒေဝါနံ၊ တာဝတိံသာ နတ်များစွာတို့၏။ သဟဗျတံ၊ အတူပေါင်းဖော်ရာ ဌာနသို့။ ဥပပန္နာ၊ ရောက်လာရပေသည်။ အမှိ၊ ဖြစ်ပါသည်ဘုရား။

နံပါတ် ၂၉ ဂါထာသည် ပီဋကတ်၊ ပထမ ပီဋကဝိမာနဝတ္ထုပါ ၆-၇ ဂါထာများနှင့် တူပြီ၊ အကြွင်းစကားရပ်များ ရှေးနှင့်တူပြီ။

ဥဇ္ဇာရဝိမာနဝတ္ထု ပြီး၏။

၂။ ဥဿဒါယိကာဝိမာနဝတ္ထု

အရှင်မဟာမောဂ္ဂလာန်မထေရ်အား ယောက္ခမအဖို့ထားသော ကြံပိုင်း လှူဒါန်းခဲ့ဖူးသောကြောင့် နတ်သမီးဖြစ်ရသူ။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဥဇ္ဇာရနတ်သမီးဝတ္ထု၌ ဖော်ပြသည့်အတိုင်း အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်၏ အလုပ်အကျွေးဖြစ်သည့် အမျိုးအိမ်ဝယ် သူငယ်မတစ်ဦးသည် လှူဒါန်းပေးကမ်းလိုသောစိတ် သဘောရှိသူဖြစ်ကာ အချိန်အရွယ် ရောက်သောအခါ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်သည့် တစ်ဦးသော အမျိုးအိမ်၌ သတို့သားအား ပေးစားလက်ထပ်ကြကုန်၍ ယောက္ခမအိမ်သို့ လိုက်၍နေရ၏။

http://www.dhammadownload.com

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဆွမ်းခံလှည့်လည်တော်မူလာ၍ ထိုသူငယ်မနေထိုင်ရာ ယောကျွမ၏ အိမ်တံခါးဝ၌ ရပ်တော်မူလေလျှင် သူငယ်မသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကိုမြင်၍ အိမ်သို့ပင့်ဖိတ်လျက် ရိုသေစွာ ဦးချပြီးလျှင် ယောကျွမအတွက်ထားသော ကြံကို ယူငင်၍ လှူဒါန်းလိုက်လေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ရှေးဝတ္ထုဖြစ် ဖော်ပြခဲ့ပြီးသည့်အတိုင်းပင် မိစ္ဆာဒိဋ္ဌိဖြစ်သူ ယောကျွမကြီးသည် "ငါ့အတွက်ထားသော ကြံကို ငါ့အား မပန်ကြားဘဲ ပေးလှူဘိ၏" ဟု အမျက်ဒေါသ ချောင်းချောင်းထလျက် ရှေ့၌တည်ရှိသည့် ထိုင်ခုံငယ်ဖြင့် ရိုက်နှက်လေလျှင် ထိုခဏ၌ပင် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

သေဆုံး၍ နတ်သမီးဖြစ်သော ထိုနေ့ည၌ပင်လျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား ခစားဆည်းကပ်ခြင်းငှာ ရောက်လာ၍ ဂိဇ္ဈကူဋ်တောင် တစ်ခုလုံးကို နေရောင် လရောင်တို့ပမာ လွန်စွာ ထွန်းလင်းတောက်ပစေကာ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးလျက် လက်အုပ်ချီမိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်တည်၍နေလေလျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သမီးကို ဤသို့ မေးမြန်းတော်မူလေ၏။

၂၉၆။ ဩဘာသယိတ္တာ ပထဝိ သဒေဝကံ၊
အတိရောစသိ စန္ဒိမသူရိယာ ဝိယာ။
သိရိယာ စ ဝဏ္ဏေန ယသေန တေဇသော၊
ဗြဟ္မာဝ ဒေဝေ တိဒသေ သဟိန္ဒကေ။

ဂါထာမြန်မာပြန် – ဤလောက၌ လနေတို့သည် ကောင်းကင်နှင့်တကွ မြေအပြင်ဟူသမျှကို ထွန်းပစေလျက် အတိုင်းထက်အလွန် ထွန်းလင်းတင့်တယ်ကြကုန်သကဲ့သို့ သင်နတ်သမီးသည်လည်း လွန်စွာတင့်တယ်လှပါ၏။ ဗြဟ္မာမင်းကြီးသည် တာဝတိံသာနတ်ပြည်၌ နေကုန်သော သိကြားမင်းနှင့်တကွသော နတ်တို့ထက် သာလွန်၍ တင့်တယ်သကဲ့သို့ သင်နတ်သမီးသည် အသရေဖြင့်လည်းကောင်း၊ အရောင်အဆင်းဖြင့်လည်းကောင်း၊ အခြံအရံများခြင်းဖြင့်လည်းကောင်း၊ တန်ခိုးအာနုဘော်ဖြင့်လည်းကောင်း အခြားသူတို့ထက် သာလွန်၍ တင့်တယ်ပါ၏။

http://www.dhammadownload.com

၂၉၇။ ပုဏ္ဏာမိ တံ ဥပ္ပလမာလဓာရိနိ၊
အာဝေဠိနိ ကဉ္စနသန္နိဘတ္တစေ။
အလင်္ကတော ဥတ္တမဝတ္ထဓာရိနိ၊
ကာ တွံ သုဘော ဒေဝတေ ဝန္ဒသေ မမံ။

ဂါထာမြန်မာပြန် – ကြာပန်းတို့ကို ပန်ဆင်ကာ ရတနာဖြင့်ပြီးသော ဦးစိုက်ပန်းလည်း ရှိသည့်အပြင် ရွှေစင်ရောင်ပမာ လွန်စွာပြောင်ဝင်း ထွန်းလင်းသည့် ကိုယ်ရေအဆင်းလည်းရှိလျက် နှစ်သက်ဖွယ်ရာ အဆင်တန်ဆာတို့ဖြင့် ဆင်မြန်းအပ်သော ကိုယ်ရှိသော မွန်မြတ်သော အဝတ်အရုံတို့ကိုလည်း ဝတ်ရုံ၍ တင့်တယ်လှသည့် အို ... နတ်သမီး၊ သင့်ကို ငါမေးမြန်း၏၊ သင်ကား အဘယ်သူပါနည်း။

၂၉၈။ ကိ ံ တွံ ပုရေ ကမ္မမကာသိ အတ္တနာ၊
မနုဿဘူတာ ပုရိမာယ ဇာတိယာ။
ဒါနံ သုစိဏ္ဏံ အထ သီလသံယမံ၊
ကေနူပပန္နာ သုဂတိ ံ ယသဿိနိ။
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

ဂါထာမြန်မာပြန် – အို ... နတ်သမီး၊ သင်သည် ရှေးဘဝက အဘယ်အမှုကို ကိုယ်တိုင်ပြုခဲ့ပါသနည်း။ သင်သည် ရှေးဘဝတွင် လူဖြစ်ခဲ့စဉ်က အလှူပေးမှု ကုသိုလ်စုကိုမူလည်း လေ့ကျက်ခဲ့သလော၊ သို့မဟုတ် သီလစောင့်စည်းမှု ကုသိုလ်စုကိုမူလည်း ပြုခဲ့ဖူးသလော၊ ဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် သင်နတ်သမီးသည် သုဂတိဘုံ၌ ပဋိသန္ဓေအားဖြင့်ဖြစ်ကာ များစွာသော အခြံအရံရှိသနည်း။ ဤအကျိုးသည်ကား ဘယ်ကောင်းမှုကံ၏ အကျိုးပါနည်း။ မေးမြန်းသောငါ့အား ဖြေကြားပါလော့။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းအပ်သည်ရှိသော် နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၂၉၉။ ကဿဒါနိ ဘဒ္ဒေ ကမ္မမေဝ ဂါမံ၊
ဝိဏ္ဏာယ အမှာက ဃရံ ဥပါဂမိ။
တတော တေ ဥစ္ဈသ အဒါသိ ဧကိကံ၊
ပသန္နစိတ္တာ အတုလာယ ပီတိယာ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – အရှင်မြတ်ဘုရား၊ ဤရာဇဂြိုဟ်၌ ဆွမ်းခံကြွတော်မူစဉ် တပည့်တော်တို့၏အိမ်သို့ အရှင်ဘုရားသည် ကြွရောက်ခဲ့ပါ၏။ ထိုသို့ ကြွရောက်ခြင်းကြောင့် တပည့်တော်သည် နှိုင်းဖွယ်ရာကင်းသော သန့်ရှင်းကြည်လင်သော စိတ်ဖြင့် ကြဲပိုင်းကို အရှင်ဘုရားအား ပေးလှူခဲ့ပါ၏။

၃၀၀။ သဿု စ ပစ္ဆာ အနုသုဋ္ဌတော မမံ၊
ကဟံ နု ဥစ္ဆု ဝဓုကော အဝကိရိ။
နှ ဆဋ္ဌိတံ နော ပန ခါဒိတံ မယာ၊
သန္တဿ ဘိက္ခုဿ သယံ အဒါသဟံ။

ဂါထာမြန်မာပြန် – နောင်သောအခါကာလ ယောကျွမမိန်းမသည် "ချွေးမငယ်၊ ငါ့အဝတ်ချုန်၍ထားသော ကြဲကို အဘယ်အရပ်၌ စွန့်လွှတ်ပစ်လိုက်သနည်း" ဟု တပည့်တော်ကို မေးပါ၏။ ထိုသို့မေးသော် တပည့်တော်က "မိခင်အလား လေးစားထိုက်လှသည့် အရှင်မ၊ ထိုကြဲပိုင်းကို အကျွန်ုပ်သည် စွန့်လည်း မစွန့်ပစ်၊ စားလည်း မစားပါ၊ ကိုလေသာ ငြိမ်းပြီးသော ရဟန်းတော်အရှင်မြတ်အား အကျွန်ုပ်ကိုယ်တိုင် လှူဒါန်းလိုက်ပါ၏" ဟု ပြောကြားပါ၏။

၃၀၁။ တုယှံ နိဒံ ဣဿရိယံ အထော မမ၊
ဣတိဿာ သဿု ပရိဘာသတော မမံ။
ဝိဠဂဟေတွာ ပဟာရံ အဒါသိမေ၊
တတော စုတာ ကာလကတာမှိ ဒေဝတာ။

ဂါထာမြန်မာပြန် – ထိုသို့ ပြောကြားသောအခါ ယောကျွမမိန်းမသည် "ဟယ် ချွေးမမိုက်၊ ဤအိမ်ကို အစိုးရသူကား သင်လား၊ သို့တည်းမဟုတ် ငါလား" ဟု ဆိုမြည်ကြိမ်းမောင်း ဒေါသချောင်းချောင်းထလျက် ထိုင်ခုံဖြင့် တပည့်တော်မအား ရိုက်နှက်ပါ၏။ တပည့်တော်မသည် ထိုယောကျွမ ရိုက်နှက်သော ဒဏ်ချက်ကြောင့် ထိုလူ့ဘဝမှ ကွယ်လွန်သည်ရှိသော် တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ်ပါ၏ဘုရား။

၃၀၂။ တဒေဝ ကမ္မံ ကုသလံ ကတံ မယာ၊
သုခဉ္စ ကမ္မံ အနုဘောမိ အတ္တနာ။
ဒေဝေဟိ သဒ္ဓိ ပရိစာရယာမဟံ၊
မောဒါမဟံ ကာမဂုဏေဟိ ပဉ္စဟိ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – တပည့်တော်သည် ထိုကြွေပိုင်းကို လှူဒါန်းသော ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ပါ၏။ ကုသိုလ်ကံ၏ အကျိုးအာနိသံသကိုလည်း မိမိကိုယ်တိုင် သုံးဆောင်ခံစားရပါ၏။ တပည့်တော်သည် အပေါင်းအဖော်ဖြစ်သော နတ်တို့နှင့် အတူတကွ မွေ့လျော်စံပယ်ရပါ၏။ တပည့်တော်သည် ငါးဖြာအာရုံ ကာမဂုဏ်တို့နှင့် ပြည့်စုံစံမျော် မွေ့လျော်ရပါ၏ဘုရား။

၃၀၃။ တဒေဝ ကမ္မံ ကုသလံ ကတံ မယာ၊
သုခဥ္စ ကမ္မံ အနုဘောမိ အတ္တနာ။
ဒေဝိန္ဒဂုတ္တာ တိဒသေဟိ ရက္ခိတာ၊
သမပ္ပိတာ ကာမဂုဏေဟိ ပဉ္စဟိ။

ဂါထာမြန်မာပြန် – တပည့်တော်သည် ထိုကြွေပိုင်းလှူသော ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ပါ၏။ ကုသိုလ်ကံ၏ အကျိုးအာနိသံသကိုလည်း မိမိကိုယ်တိုင် သုံးဆောင် ခံစားရပါ၏။ တပည့်တော်သည် တာဝတိံသာ နတ်တို့စောင့်ရှောက်အပ်သည်ဖြစ် ၍ သိကြားမင်းပမာ လုံခြုံလှပါ၏။ ငါးဖြာအာရုံ ကာမဂုဏ်တို့နှင့်လည်း ပြည့်စုံပါ၏။

၃၀၄။ ဧတာဒိသံ ပုညဖလံ အနပ္ပကံ၊
မဟာဝိပါကာ မမ ဥဇ္ဇုဒကွိဏာ။
ဒေဝေဟိ သဒ္ဓိံ ပရိစာရယာမဟံ၊
မောဒါမဟံ ကာမဂုဏေဟိ ပဉ္စဟိ။

ဂါထာမြန်မာပြန် – ဤသို့သော ကောင်းမှု၏အကျိုးသည်ကား များပြားလှပါ၏။ တပည့်တော်၏ ကြွေပိုင်းအလှူဒါနသည် များမြတ်လှစွာသော အကျိုးရှိပါ၏။ တပည့်တော်သည် အပေါင်းအဖော်တို့နှင့် အတူတကွ မွေ့လျော်စံမျော်ရပါ၏ဘုရား။

၃၀၅။ ဧတာဒိသံ ပုညဖလံ အနပ္ပကံ၊
မဟာဇုတိကာ မမ ဥဇ္ဇုဒကွိဏာ။
ဒေဝိန္ဒဂုတ္တာ တိဒသေဟိ ရက္ခိတာ၊
သဟဿနေတ္တောရိဝ နန္ဒနေ ဝနေ။

http://www.dhammadownload.com

၃၀၅။ မမ၊ တပည့်တော်၏။ ဥစ္ဆုဒကွဲ့ကာ၊ ကြဲပိုင်းအလှူသည်။ မဟာဓုတိကာ၊ ကြီးမားသော အာနုဘော်ရှိပါ၏။ ထိဒသေဟိ၊ တာ၀တိံသာ နတ်များစွာတို့သည်။ ရက္ခိတာ၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ ဒေ၀ိန္ဒဂုတ္တာ၊ လုံခြုံလှပါ၏။ သဟဿနေတ္တာ၊ မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်းသည်။ နန္ဒနေ၀နေ၊ နန္ဒ၀န်ခေါ် ဥယျာဉ်ကော်၌။ နန္ဒတိ ကျ၀၊ မွေ့လျော်ရကဲ့သို့။ အဟံ၊ တပည့်တော်သည်။ နန္ဒာမိ၊ မွေ့လျော်ရပါ၏ဘုရား။

၃၀၆။ တုဝံစ ဘန္တေ အနုကမ္မကံ ဝီဒုံ၊
ဥပေစ္စ ဝန္ဒိ ကုသလဉ္စ ပုစ္ဆိသံ။
တတော တေ ဥစ္ဆုသ အဒါသိ ခဏ္ဍိကံ၊
ပသန္နစိတ္တာ အတုလာယ ဝိတိယာ။

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ တပည့်တော်သည် သနားစောင့်ရှောက်ချီးမြှောက်ခြင်းနှင့် ယှဉ်သည့် ပညာသခင် အရှင်ဘုရားကိုလည်း ဆည်းကပ်ရိုကျိုးရှိခိုးခဲ့သည့်အပြင် အရှင်ဘုရား၏ အနာရောဂါကင်းရှင်း ချမ်းသာခြင်းကိုလည်း မေးမြန်းခဲ့ပါ၏။ ထိုမှတစ်ပါး ကြည်ညိုသော စိတ်ထားရှိသည်ဖြစ်၍ အတိုင်းအရှည် မထား များပြားလှစွာသော ကြည်ညိုနှစ်သက်ခြင်းဖြင့် အရှင်ဘုရားအား ကြဲပိုင်းကို လှူဒါန်းခဲ့ဖူးပါ၏ဘုရားဟု လျှောက်ထားလေ၏။

ကျန်သောအကြောင်းအရာများ ရှေ့ဖော်ပြပြီးတို့နှင့် တူသည်။

ဥစ္ဆုဒါယိကာဝိမာန၀တ္ထု ပြီး၏။

၃။ ပလ္လင်္ကဝိမာန၀တ္ထု

လင်ကို ရိုသေစွာပြုစု၍ ဥပုသ်သီတင်း စောင့်သုံးခြင်းတို့ကြောင့် မြပလ္လင်၀ယ် တင့်တယ်စွာစံရကာ လိုရာဖန်ဆင်းနိုင်သော ပလ္လင်္ကဝိမာနနတ်သမီး။

ဘုရားရှင်သည် သာ၀တ္ထိပြည် ဇေတ၀န်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာ၀တ္ထိပြည်သား ဥပါသကာတစ်ဦး၏ သမီးတစ်ယောက်ကို ထိုသာ၀တ္ထိ

http://www.dhammadownload.com

ပြည်၌ပင်လျှင် အမျိုးအနွယ် အရပ်ဒေသ စသည်ဖြင့် တူသောအမျိုးသားတစ်ယောက်နှင့် ပေးစားလက်ထပ်လိုက်လေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုအမျိုးသမီးသည် အမျက်ထွက်ခြင်း စိတ်ဆိုးခြင်းမရှိ၊ အကျင့်သီလနှင့် ပြည့်စုံ၏။ မိမိ၏ လင်ယောကျ်ားကို နတ်ကဲ့သို့ ပြုစုလုပ်ကျွေး၏။ သီလရှိသူ ဖြစ်၏။

ယခုလက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် နောက်အခါ ရောဂါတစ်မျိုး ခံစားရသဖြင့် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူ၍ ထိုနတ်သမီးကို တွေ့မြင်လေလျှင် ဤသို့ မေးမြန်းလေ၏။

၃၀၇။ ပလ္လင်္ကသေဋ္ဌေ မဏိသောဏ္ဍာဓိဇွေ၊
ပုပ္ဖါဘိကိဏ္ဏေ သယနေ ဥဠာရေ။
တတ္ထဋ္ဌာသိ ဒေဝိ မဟာနုဘာဝေ၊
ဥစ္စာဝစာ ကဉ္ဇိ ဝိကုဗ္ဗမာနာ။

ဂါထာမြန်မာပြန် – အာနုဘော်ကြီးမားသည့် အို ... နတ်သမီး၊ ကျောက်မျက်ရတနာ ရွှေစင်အဖြာဖြာတို့ဖြင့် ဆန်းကြယ်လျက် ပန်းခက်ပန်းလက်တို့ဖြင့် ပြွန်းသည့် ပြန့်ပြောကြီးကျယ် ခန့်ထည်မြင့်မြတ်သော ထိုပလ္လင်မြတ်၌ တင့်တယ်လျောက်ပတ်သော တန်ခိုးအမျိုးမျိုးကို စိတ်အလိုရှိတိုင်း ဖန်ဆင်းလျက်နေဘိ၏။

၃၀၈။ ကုမာ စ တေ အစ္ဆရာယော သမန္တတော၊
နစ္စန္တိ ဂါယန္တိ ပမောဒယန္တိ။
ဒေဝိဒ္ဓိပတ္တာသိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။

http://www.dhammadownload.com

ကေနာသိ စဝံ ဧလိတာနုဘာဝါ၊
ဝဏ္ဏာ စ တေ သမ္ဘဒိသာ ပဘာသတိ။

ဂါထာမြန်မာပြန် – ဤနတ်သမီးတို့သည်လည်း သင်၏ထက်ဝန်းကျင်မှ ကကြ ခုန်ကြ သီဆိုကြကာ အလွန် ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။ အာနန္ဒာ ကြီးမားသည့် အို ... နတ်သမီး၊ သင်သည် နတ်တို့၏ တန်ခိုးနှင့် ပြည့်စုံ၏။ ရှေး လူ့ဘ၀တွင် လူဖြစ်ခဲ့စဉ်က အဘယ်သို့သော ကုသိုလ်ထူးကို ပြုခဲ့ဖူးပါသနည်း။ အဘယ်ကုသိုလ်ထူးကြောင့် သင်သည် ဤသို့ ထွန်းလင်းတောက်ပသည့် တန်ခိုး အာနုဘော ရှိပါသနည်း။ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အဆင်းရောင်၀ါသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပ၍ နေပါသနည်းဟု မေးမြန်းတော်မူလေ၏။

နတ်သမီးသည် ထိုအရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား ဤသို့ ဖြေကြား လျှောက်ထားလေ၏။

၃၀၉။ အဟံ မနုဿေသု မနုဿဘူဟာ၊
အမေ ကုလေ သုဏိသာ အဟောသိံ။
အဏ္ဍောဓနာ ဘတ္တုဝသာနုဝတ္တိနီ၊
ဥပေါသထေ အပ္ပမတ္တာ အဟောသိံ။

၃၀၉။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ်စဉ်က။ အမေ၊ ချမ်းသာကြွယ်ဝ ပေါများလှစွာသော။ ကုလေ၊ သူဌေးမျိုး၌။ သုဏိသာ၊ ချွေးမသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ အဏ္ဍောဓနာ၊ စိတ်ဆိုးဖွယ်ရာ တွေ့ကြုံပါလည်း စိတ်မဆိုးခဲ့ပါဘုရား။ ဘတ္တုဝသာနုဝတ္တိနီ၊ လင့်အလိုလိုက်ကာ ပြုကျင့်နေထိုင်ခဲ့ပါ၏ဘုရား။ ဥပေါသထေ၊ ဥပုသ်သီတင်း စောင့်သုံးခြင်း၌။ အပ္ပမတ္တာ၊ မေ့လျော့ခြင်းမရှိသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါ၏ဘုရား။

၃၁၀။ မနုဿဘူတာ ဒဟရာ အပါဝိကာ၊
ပသန္နစိတ္တာ ပတိမာဘိရာဓယိံ။
ဒိဝါ စ ရတ္တော စ မနာပစာရိနီ၊
အဟံ ပုရေ သီလဝတီ အဟောသိံ။

http://www.dhammadownload.com

၃၁၀။ အဟံ၊ တပည့်တော်သည်။ မနုဿဘူတာ၊ လူတို့ပြည်တွင် လူဖြစ်ခဲ့စဉ်က။ ဒဟရာ ဒဟရာပိ၊ အသက်အရွယ် နုနယ်ငယ်ရွယ်သူပင် ဖြစ်ငြားပါသော်လည်း။ အပါပိကာ၊ ယုတ်မာစိတ်ထား လော်လီဖောက်ပြားခြင်း၊ မရှိခဲ့ပါ။ ပသန္နစိတ္တာ၊ လင်သားအပေါ် လော်လည်ကင်းပြတ် ကြည်လင်သော စိတ်ဓာတ် ရှိလျက်။ ပတိ်၊ မိမိလင်ယောကျ်ားကို။ အဘိရာဓယိ၊ အလွန်ပင် နှစ်သိမ့်စေခဲ့ပါ၏။ ဒိဝါ စ၊ နေ့အခါ၌လည်းကောင်း။ ရတ္တော စ၊ ညဉ့်အခါ၌လည်းကောင်း။ မနာပစာရိနီ၊ လင့်အကြိုက်လိုက်ကာ နေထိုင်ခဲ့ပါ၏ဘုရား။ အဟံ၊ တပည့်တော်သည်။ သီလဝတီ၊ ကိုယ်ကျင့်သီလနှင့် ပြည့်ဝခဲ့သူသည်။ အဟောသိ၊ ဖြစ်ခဲ့ပါ၏ဘုရား။

၃၁၁။ ပါဏာတိပါတာ ဝိရတာ အစောရိကာ၊
သံသုဒ္ဓကာယာ သုစိဗြဟ္မစာရိနီ။
အမဇ္ဇပါ နော စ မုသာ အဘာဏိ်၊
သိက္ခာပဒေသု ပရိပူရကာရိနီ။

၃၁၁။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ပုတ်ခြင်းမှ။ ဝိရတာ၊ ရှောင်ကြဉ်ခဲ့ပါ၏။ အစောရိကာ၊ သူများဥစ္စာ လိမ်ညာခိုးဝှက်ခြင်းမှလည်း ရှောင်ကြဉ်ခဲ့ပါ၏။ သံသုဒ္ဓကာယာ၊ စင်ကြယ်သော ကိုယ်အမှုလည်း ရှိပါ၏။ သုစိ၊ စင်ကြယ်သော။ ဗြဟ္မစာရိနီ၊ မြတ်သောအကျင့် ရှိပါ၏။ အမဇ္ဇပါ၊ သေရည်သေရက် စသည်ကို သောက်စားမူးယစ်ခြင်းမှလည်း ရှောင်ကြဉ်ပါ၏။ မုသာ၊ လိမ်လည်လိုငြား မုသားစကား ပြောဆိုမှုကို။ နော စ အဘာဏိ်၊ မပြောဆိုခဲ့ပါဘုရား။ သိက္ခာပဒေသု၊ ငါးဖြာဓမ္မ ကိုယ်ကျင့်သီလတို့၌။ ပရိပူရကာရိနီ၊ အသက်ပမာ ဖြည့်ကျင့်ကာ စောင့်စည်းလေ့ရှိခဲ့ပါ၏ဘုရား။

၃၁၂။ စာတုဒ္ဒသိ် ပဉ္စဒသိ်၊ ယာ စ ပက္ခဿ အဋ္ဌမိ၊
ပါဋိဟာရိယပက္ခဉ္စ၊ ပသန္နမာနသာ အဟံ။

၃၁၃။ အဋ္ဌင်္ဂုပေတံ အနဓမ္မစာရိနိ်၊
ဥပေါသထံ ဝိတိမနာ ဥပါဝသိ်။
ဣမဉ္စ အရိယံ အဋ္ဌင်္ဂဝရေဟုပေတံ၊
သမာဒိယိတ္ဝာ ကုသလံ သုခုဒ္ဒြယံ။

http://www.dhammadownload.com

ပတိမှိ ကလျာဏိ ဝသာန၀တ္တိနီ၊
အဟောသိ ပုဗ္ဗေ သုဂတဿ သာဝိကာ။

၃၁၂-၃။ အဟံ၊ ပလ္လင်္ကဝိမာနမည်ခေါ် တပည့်တော် နတ်သမီးသည်။ ပုဗ္ဗေ၊ ရှေးဘ၀တွင် လူဖြစ်စဉ်က။ ပဿန္နမာနသာ၊ ဝမ်းမြောက်ကြည်လင် စိတ်အစဉ် ရှိသည်ဖြစ်၍။ ပက္ခဿ၊ လဆန်းလဆုတ် ပက္ခ၏။ စာတုဒ္ဒသိံ၊ တစ်ဆယ့်လေးရက်မြောက်သော နေ့၌လည်းကောင်း။ ပဉ္စဒသိံ၊ တစ်ဆယ့်ငါးရက်မြောက်သော နေ့၌လည်းကောင်း။ ယာ စ အဋ္ဌမီ၊ အကြင်ရှစ်ရက်မြောက် ဥပုသ်နေ့ကာလ၌လည်းကောင်း။ ပါဋိဟာရိယပက္ခဉ္စ၊ ဥပုသ်နေ့တို့၏ အ၀င်ရက် အထွက်ရက်ဟူသော အကြိုနေ့ အပိုနေ့တို့၌လည်းကောင်း။ အနုဓမ္မစာရိနီ၊ တရားဓမ္မအားလျော်စွာ ကျင့်ပွားအားထုတ်လေ့ ရှိသည်ဖြစ်၍။ ပီတိမနာ၊ ဝမ်းမြောက်သော စိတ်ထားရှိလျက်။ အဋ္ဌုံပေတံ၊ အင်္ဂါရှစ်ဖြာနှင့် ပြည့်စုံသော။ ဥပေါသထံ၊ ဥပုသ်သီတင်း စောင့်သုံးခြင်းကို။ ဥပါ၀သိံ၊ စောင့်သုံးနေထိုင်ခဲ့ပါ၏။ ကုသလံ၊ အပြစ်မရှိ ကောင်းကျိုးပေးခြင်း လက္ခဏာရှိသော။ သုခုဒြယံ၊ ကောင်းကျိုးချမ်းသာကို ပွားတိုးစေတတ်သော။ အရိယံ၊ မြင့်မြတ်ဖြူစင်သော။ ဣမံ အဋ္ဌင်္ဂဥပေါသတဉ္စ၊ အင်္ဂါရှစ်ဖြာနှင့် ပြည့်စုံသော ဤဥပုသ်သီလကိုလည်း။ သမာဒိယိတ္ထာ၊ စောင့်ရှောက်ဆောက်တည်ခဲ့ပြီး၍။ ပတိမှိ၊ မိမိလင်ယောကျ်ားအပေါ်၌။ ကလျာဏိ၊ နှစ်သက်ကဲလွန် ကောင်းမွန်သော စိတ်ထားရှိလျက်။ ဝသာန၀တ္တိနီ၊ လင်၏အလိုလိုက်ကာ ပြုကျင့်လေ့ ရှိပါ၏။ သုဂတဿ၊ ဘုရားရှင်၏။ သာဝိကာ၊ တပည့်သာဝိကာမသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါ၏ဘုရား။

၃၁၄။ ဇောဒိသံ ကုသလံ ဇိဝလောကေ၊
ကမ္မံ ကရိတ္ထာန ဝိသေသဘာဂိနီ။
ကာယဿ ဘေဒါ အဘိသမ္ဘရာယံ၊
ဒေ၀ိဒ္ဓိပတ္တာ သုဂတိမှိ အာဂတာ။

၃၁၄။ ဇိဝိလောကေ၊ သက်ရှိလောက လူ့ဘ၀၌။ ဇောဒိသံ၊ ဤသို့ပြုကျင့်ခြင်း သဘောရှိသော။ ကုသလံ ကမ္မံ၊ ကောင်းကျိုးကိုသာ ပေးခြင်းလက္ခဏာရှိသော ကောင်းမှုကံကို။ ကတ္ထာန၊ ပြုလုပ်အားထုတ်ခဲ့ခြင်းကြောင့်။ ဝိသေသဘာဂိနီ၊ ထူးကဲလှစွာ နတ်ချမ်းသာကို ရရှိခံစားရခြင်းအဖို့ ရှိခဲ့ပါ၏ဘုရား။ ကာယဿ၊

http://www.dhammadownload.com

ဤကိုယ်ခန္ဓာကြီး၏။ ဘေဒါ၊ ပျက်စီးရာအခါမှ။ အဘိသမ္မရာယံ၊ တမလွန်လောက နောက်ဘဝ၌။ ဒေဝိဠိပတ္တာ၊ နတ်တို့၏တန်ခိုးနှင့် ပြည်စုံခြင်းသို့ ရောက်သည်။ ဟုတ္တာ၊ ဖြစ်၍။ သုဂတိမှိ၊ ကောင်းသော လားရာဂတိသို့။ အာဂတာ၊ လားရောက်ခဲ့ရပါ၏၊ ဘုရား။

၃၁၅။ ဝိမာနပါသာဒဝရေ မနောရမေ၊
ပရိဝါရိတာ အစ္ဆရာသင်္ဃောနေ။
သယံ ပဘာ ဒေဝဂဏာ ရမေန္တိ မံ၊
ဒီဃာယုကံ ဒေဝိမာနမာဂတံ။

၃၁၅။ မနောရမေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော။ ဝိမာနပါသာဒဝရေ၊ တင့်တယ်ကောင်းမြတ် ဗိမာန်ပြာသာဒ်ပေါ်၌။ အဟံ၊ တပည့်တော်ကို။ အစ္ဆရာသင်္ဃောနေ၊ များစွာသောင်းသောင်း နတ်သမီးအပေါင်းသည်။ ပရိဝါရိတာ၊ ခြံရံအပ်ပါ၏၊ ဘုရား။ ဒေဝိမာနံ၊ နတ်တို့ပျော်ရာ ဗိမာန်သာသို့။ အာဂတံ၊ ရှေးကံအလျောက် ရောက်၍လာသော။ ဒီဃာယုကံ၊ ရှည်သောအသက်ရှိသော။ မံ၊ တပည့်တော်ကို။ သယံ ပဘာ၊ မိမိတို့ ကိုယ်အရောင်ဖြင့် ထွန်းပြောင်ပဝင်းကြကုန်သော။ ဒေဝဂဏာ၊ နတ်အပေါင်းတို့သည်။ ရမေန္တိ၊ နှစ်ခြိုက်စံပျော် မွေ့လျော်စေကြပါကုန်၏၊ ဘုရား။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည်လည်း ထိုပလ္လင်္ကဝိမာနနတ်သမီးအား တရားဟောကြားပြီးလျှင် လူ့ပြည်သို့ ပြန်ကြွရောက်သောအခါ မြတ်စွာဘုရားအား ထိုအကြောင်းအရာများကို လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ရောက်လာသော ပရိသတ်တို့အား ဒေသနာတရား ဟောကြားတော်မူလေ၏။ ထိုဒေသနာသည် လူအများအား အကျိုးများပြားလေ၏။

ပလ္လင်္ကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ လတာဝိမာနဝတ္ထု

လင်ကို ရိုသေစွာ လုပ်ကျွေးပြီး သီလရှိသောကြောင့် ဝေဿဝဏ်နတ်မင်းကြီး၏ အကျော်အစောဆုံးသမီးဖြစ်သော လတာနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား အမျိုးအမည်အားဖြင့် မထင်ရှားသော သူ၌ သမီးတစ်ဦးရှိသည်။ သူသည် ရတနာသုံးပါးတို့ကို မှီဝဲဆည်းကပ်သည်။ အမည်အားဖြင့် လတာဟုခေါ်သည်။

ထိုလတာမည်သော သတို့သမီးသည်-ပညာရှိ၏။ အိမ်တွင်းမှုကိစ္စ အဝဝ၌ ကောင်းစွာတတ်သိ လိမ္မာ၏။ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို စီရင်ခြယ်လှယ်နိုင်သည်။ အရွယ်သို့ ရောက်သောအခါ လင်ယောကျ်ား၏အိမ်သို့ လိုက်နေရ၏။ လင်ယောကျ်ားနှင့် ယောကျ်မတို့က မြတ်နိုးတန်ဖိုးထားကြသည်။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် နောင်အခါ ရောဂါဖြင့် ကွယ်လွန်ကာ စတုမဟာရာဇ်နတ်ပြည်၌ လတာဟူသော အမည်ဖြင့်ပင်. ဝေဿဝဏ်နတ်မင်းကြီး၏ သမီးဖြစ်လေ၏။

ထိုနတ်သမီးအား အခြားသော သဇ္ဇာ၊ ပဝရာ၊ အစ္စိမတီ၊ သုတာဟူသော ညီအစ်မတို့ ရှိကုန်၏။ ထိုနတ်သမီး ငါးဖော်တို့ကို သိကြားမင်းသည် ကချေသည်နတ်သမီးအဖြစ်ဖြင့် အလုပ်အကျွေး ရာထူး၌ ထားလေ၏။ သိကြားမင်းသည် နတ်သမီးငါးဖော်တို့တွင် လတာနတ်သမီးကို ကခြင်း၊ သီဆိုခြင်း စသည်တို့၌ လိမ္မာသည်၏အဖြစ်ကြောင့် ဝိမိုနစ်သက် လိုလား၏။

ထိုနတ်သမီး ငါးဖော်တို့သည် သူတို့၏ ကျွမ်းကျင်လိမ္မာမှုကို အကြောင်းပြု၍ ငြင်းခုံမှု ဖြစ်ကြသည်။ ညီအစ်မငါးယောက်လုံး ဖခင် ဝေဿဝဏ်နတ်မင်းကြီးထံသို့ သွားကြကုန်၍ "ဖခမည်းတော်ဘုရား၊ သမီးငါးယောက်တို့တွင် အဘယ်သူသည် ကခြင်း စသည်တို့၌ အကျွမ်းကျင်ဆုံး ဖြစ်ပါသနည်း" ဟု မေးမြန်းကြကုန်၏။

ထိုအခါ ဖခင်နတ်မင်းကြီးက ဤသို့ ပြောဆိုလေ၏။ "ချစ်သမီးတို့၊ သင်တို့သည် အနောတတ်ရေအိုင်ကြီး၏ ကမ်းပေါ်၌ ကျင်းပသော နတ်သဘင်အစည်း

http://www.dhammadownload.com

အဝေးသို့ သွားကြပြီးလျှင် သီဆိုခြင်းကို ပြုကြကုန်လော့ ပြောကြားလေ၏။ ညီအစ်မ ငါးဖော်တို့သည် ဖခင်ကြီး ပြောဆိုသည့်အတိုင်း လိုက်နာပြုလုပ်ကြကုန်၏။

ထိုနတ်သဘင် အစည်းအဝေးကြီး၌ လဘာနတ်သမီးသည် ပထမဦးစွာ ကခုန်သီဆိုမှုကို ပြုသည်။ နတ်သားတို့သည် ပျော်ရွှင်ခြင်း ရှိကြကုန်သည်ဖြစ်၍ ကျယ်လောင်စွာ ကြွေးကြော်ကာ သြဘာပေးကြပြီးလျှင် ခေါင်းပေါင်း အဝတ်ပုဆိုး စသည်တို့ကို ကြဲမြှောက်လျက် သြဘာပေးကြကုန်၏။

လတာနတ်သမီးမှ တစ်ပါးသော သဇ္ဈာ၊ ပဝရာ၊ အစ္စိမတီ၊ သုတာ ဟူကုန်သော လေးယောက်သော နတ်သမီးတို့ ကခုန်သီဆိုကြသော် အေးမြသော ဆောင်းကာလ၌ ဥသြဌက်တို့ကဲ့သို့ တိတ်ဆိတ်စွာ ထိုင်နေကြကုန်၏။ ဤသို့လျှင် နတ်သဘင် အစည်းအဝေးကြီး၌ လတာနတ်သမီး သီဆိုကခုန်သောအခါ၌ ထူးခြားထင်ရှားခြင်း ဖြစ်သည်။

ထိုအခါ သုတာနတ်သမီးသည် "ငါတို့အစ်မဖြစ်သူ ဤလတာနတ်သမီးသည် အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုခဲ့၍ ငါတို့ထက် အဆင်းအားဖြင့်လည်းကောင်း၊ အခြံအရံ အကျော်အစောအားဖြင့်လည်းကောင်း သာလွန်နေဘိသနည်း။ ငါသည် လတာနတ်သမီးပြုခဲ့သော ကောင်းမှုကုသိုလ်ကို မေးမြန်းရမှုကောင်းလေစွ" ဟု အကြံဖြစ်လေ၏။ သို့ဖြင့် သုတာနတ်သမီးသည် လတာနတ်သမီးကို မေးမြန်းလေ၏။ လတာနတ်သမီးသည် ညီမဖြစ်သူ သုတာနတ်သမီးအား သူပြုခဲ့သော အကြောင်းကံများကို ဖြေဆိုရှင်းပြလေ၏။

ဝေဿဝဏ် နတ်မင်းကြီးသည် ထိုအကြောင်းခြင်းရာကို နတ်ပြည်သို့ ကြွရောက်တော်မူလာသော အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လျှောက်ထားလေ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုအကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြားလေ၏။

၃၁၆။ လတာ စ သဇ္ဈာ ပဝရာ စ အေဝတာ၊
အစ္စိမတီ ရာဇဝရဿ သိရီမတော။
သုတာ စ ရညော ဝေဿဝဏဿ ဓီတာ၊
ရာဇိမတီ ဓမ္မဂုဏေဟိ သောဘထ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – ပညာရှိသော လတာနတ်သမီးသည်လည်းကောင်း၊ သဇ္ဇာနတ်သမီးသည်လည်းကောင်း၊ ပဝရာနတ်သမီးသည်လည်းကောင်း၊ အစ္စိမတီနတ်သမီးသည်လည်းကောင်း၊ သုတာနတ်သမီးသည်လည်းကောင်း ဝေဿဝဏ်နတ်မင်းကြီး၏ သမီးတော်များ ဖြစ်ကြပါကုန်၏။

၃၁၇။ ပဇ္ဇေတ္ထ နာရိယော အာဂမံသု နာယိတုံ၊
သိဒ္ဓောဒကံ ဥပ္ပလိနိံ သိဝံ နဒိံ။
တာ တတ္ထ နာယိတ္ထာ ရမေတ္ထာ ဒေဝတာ၊
နိစ္စိတ္ထာ ဂါယိတ္ထာ သုတာ လတံ ဗြဝိ။

ဂါထာမြန်မာပြန် – ဤဟိမဝန္တာတောဝယ် အေးမြသောရေနှင့် ကြာတော ရှိလျက် ဘေးရန်ကင်းကွာသော အနောတတ္တအိုင်မှ စီးဆင်းလာသော မြစ်သို့ နတ်သမီးငါးယောက်တို့သည် ရေချိုးရန် လာရောက်ကြပါကုန်၏။ ထိုနတ်သမီးတို့သည် ထိုမြစ်၌ ရေချိုးကြကုန်ပြီးလျှင် မွေ့လျော်ပျော်ပါးကြကာ ကကြသီချင်းဆိုပြီးကြသော် သုတာနတ်သမီးသည် လတာနတ်သမီးကို ဤသို့ မေးမြန်းလေ၏။

၃၁၈။ ပုစ္ဆာမိ တံ ဥပ္ပလမာလဓာရိနိ၊
အာဝေဠိနိ ကဉ္စနသန္နိဘရတ္တဓေ။
တိမိရတမ္ဘက္ခိ နဘော သောဘနေ၊
ဒီဃာယုကီ ကေန ကတော ယသော တဝ။

၃၁၈။ ဥပ္ပလမာလဓာရိနိ၊ ကြာညိုပန်းတို့ကို ပန်ဆင်လျက်ရှိသော။ အာဝေဠိ၊ နားဝယ်ဆင်မြန်း ဦးစောက်ပန်း (နားသွယ်ပန်း) ပန်ဆင်လျက်ရှိသော။ ကဉ္စနသန္နိဘတ္တဓေ၊ ရွှေစင်ရောင် အဆင်းကဲ့သို့ ပြောင်ဝင်းသော ကိုယ်ရေအဆင်းလည်းရှိသော။ တိမိရတမ္ဘက္ခိ၊ နီမြန်းသော ကြာဝတ်မှုန်အရေးကဲ့သို့ နီနီတွေးတွေးမျက်ရေးတို့နှင့် ပြည့်စုံသည့် မျက်စိလည်းရှိသော။ နဘော သောဘနေ၊ ကောင်းကင်ပြင်ပမာ လွန်စွာပဝင်း တင့်တယ်ခြင်းလည်းရှိသော။ ဒီဃာယုကီ၊ ရှည်သောအသက်ရှိသော။ တံ၊ သင်အစ်မကြီးကို။ ပုစ္ဆာမိ၊ မေးမြန်းပါ၏။ ကေန၊ ဘယ်သို့ပြုဖန် ဘယ်ကောင်းမှုကံသည်။ တဝ၊ သင်လတာနတ်သမီးအား။ ယသော၊ ကျေးဇူးသတင်းကျော်စောခြင်းနှင့် ခြွေရံသင်းပင်း ပေါများခြင်းကို။ ကတော၊ ပြုအပ်ပါသနည်း။

http://www.dhammadownload.com

၃၁၉။ ကေနာသိ ဘဒ္ဒေ ပတိနော ဝိယတရာ၊
ဝိသိဋ္ဌကလျာဏိတရ'ဿု ရူပတော။
ပဒက္ခိဏာ နစ္စနဂီတဝါဒိတေ၊
အာဓိက္ခ နော တွံ နရနာရိပုဇ္ဇိတာ။

၃၁၉။ ဘဒ္ဒေ၊ စိတ်စေတနာ ကောင်းမြတ်လှသည့် အစ်မကြီး လတာ။ ကေန၊ အဘယ်သို့ပြုဖူး ဘယ်ကုသိုလ်ထူးကြောင့်။ တွံ၊ သင်အစ်မကြီးသည်။ ပတိနော၊ လင်ယောကျ်ား၏။ ဝိယတရာ၊ သူတစ်ပါးတို့ထက် မြတ်နိုးမှုခံရသည်။ အသိ၊ ဖြစ်ပါသနည်း။ ရူပတော၊ ရုပ်ရေအဆင်းအားဖြင့်။ ဝိသိဋ္ဌကလျာဏိတရာ၊ အလွန်အကြူး ကောင်းမြတ်လှပခြင်းရှိသူ ဖြစ်ပါသနည်း။ (အသု–ကား နိပါတ်)။ နစ္စနဂီတဝါဒိတေ၊ ကခုန်သီဆိုတီးမှုတ်ခြင်း၌။ ပဒက္ခိဏာ၊ ထူးကဲစွာ ကျွမ်းကျင်လိမ္မာသူ ဖြစ်ပါသနည်း။ နရနာရိပုဇ္ဇိတာ၊ နတ်သမီး နတ်သားတို့သည် များစွာမေးမြန်းခြင်း ခံယူရသော။ တွံ၊ သင်အစ်မတော်သည်။ နော၊ အကျွန်ုပ်တို့အား။ အာဓိက္ခ၊ ဖြေကြားပြောဆိုပါလော့။ ဣတိ၊ ဤသို့။ သုတာ၊ သုတာမည်ရှိ ညီမငယ် နတ်မိမယ်သည်။ ပုဇ္ဇိ၊ သိလိုရေးကြောင့် မေးမြန်းလေသတည်း။

၃၂၀။ အဟံ မနုဿေသု မနုဿဘူတာ၊
ဥဠာရဘောဂေ ကုလေ သုဏိသာ အဟောသိံ။
အက္ခောဓနာ ဘတ္တုဝသာနုဝတ္တိနီ၊
ဥပေါသထေ အပ္ပမတ္တာ အဟောသိံ။

၃၂၀။ အဟံ၊ ငါသည်။ မနုဿေသု၊ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ်ခဲ့စဉ်က။ ဥဠာရဘောဂေ၊ များစွာပြည့်စုံသည့် စည်းစိမ်ဂုဏ်ရှိသော။ ကုလေ၊ အမျိုး၌။ သုဏိသာ၊ မိဘနှစ်ပါး ထိမ်းမြားပေး၍ ချွေးမဖြစ်သူသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါပြီ။ အဟံ၊ ငါသည်။ အက္ခောဓနာ၊ စိတ်မဆိုးခဲ့ပါ။ ဘတ္တုဝသာနုဝတ္တိနီ၊ လင့်အလိုလိုက်ကာ ပြုကျင့်နေထိုင်ခဲ့ပါ၏။ ဥပေါသထေ၊ ဥပုသ်သီတင်း စောင့်သုံးခြင်း၌။ အပ္ပမတ္တာ၊ မေ့လျော့ခြင်းမရှိသည်။ အဟောသိံ၊ စစ်စစ်မှန်စွာ ဖြစ်ခဲ့ပါ၏။

၃၂၁။ မနုဿဘူတာ ဒဟရာ အပါဝိကာ၊
ပသန္နစိတ္တာ ပတိမာဘိရာဓယိံ။

http://www.dhammadownload.com

သဒေဝရံ သဿသုရံ သဒါသကံ၊
အဘိရာဓယိ တမှိ ကတော ယသော မမ။

၃၂၁။ သုတေ၊ သုတာမည်ရ ချစ်ညီမ။ အဟံ၊ အစ်မတော်ဖြစ်သော ငါသည်။ မနုဿဘူတာ၊ လူဖြစ်ခဲ့စဉ်က။ ဒဟရာ၊ နုနယ်ငယ်ရွယ်သူပင် ဖြစ်ပါသော်လည်း။ အပါဝိကာ၊ မကောင်းမှုကို ပြုလေ့မရှိခဲ့ပါ။ ပသန္နစိတ္တာ၊ ကြည်လင်စွာသော စိတ်အစဉ်ရှိသည်ဖြစ်၍။ သဒေဝရံ၊ ချစ်လင့်အစ်ကို ခဲအိုတစ်ရပ် ညီဖြစ်သူ မတ်နှင့်တကွသော။ သဿသုရံ၊ လင်၏မိဘ ယောကျ္ခမမိန်းမသူ, ယောကျ္ခမယောကျ်ားသူနှင့်တကွဖြစ်သော။ သဒါသကံ၊ အိမ်စေခေါ်ငြား ကျွန်ယောကျ်ား, ကျွန်မိန်းမတို့နှင့် တကွသော။ ပတိံ၊ လင်ယောကျ်ားကို။ အဘိရာဓယိံ၊ နှစ်သက်စေခဲ့ပါ၏။ မမ၊ လတာမည်ခေါ် အစ်မတော်ဖြစ်သော ငါ၏။ ယသော၊ ကျေးဇူးသတင်း ကျော်စောခြင်းနှင့် ခြွေရံသင်းပင်း ပေါများပြည့်စုံခြင်း၏အကြောင်းကောင်းမှုကံကို။ ကတော၊ ဆည်းပူးပြုလုပ် အားထုတ်ခဲ့ပါ၏။

၃၂၂။ သာဟံ တေန ကုသလေန ကမ္မုနာ၊
စတုဒ္ဒီ ဌာနေဟိ ဝိသေသမဇ္ဈဂါ။
အာယုဉ္စ ဝဏ္ဏဉ္စ သုခံ ဗလဉ္စ၊
ဓိဉ္စာရတိံ ပစ္စနုဘောမနပ္ပကံ။

၃၂၂။ သာဟံ–သာ အဟံ၊ ထို ငါသည်။ ကုသလေန၊ ကောင်းကျိုးကို ပေးခြင်း လက္ခဏာရှိသော။ တေန ကမ္မုနာ၊ လူ့ဘဝက ပြုခဲ့ရသည့် ထိုကောင်းမှုကြောင့်။ စတုဒ္ဒီဌာနေဟိ၊ လေးပါးသော အကြောင်းတရားတို့ဖြင့်။ ဝိသေသံ၊ အခြားသော နတ်သမီးတို့ထက် ဆတက်ကဲသာ ထူးခြားလှစွာသော။ အာယုဉ္စ၊ အသက်ရှည်ခြင်းကိုလည်းကောင်း။ ဝဏ္ဏဉ္စ၊ ရုပ်ရည်လှပခြင်းကိုလည်းကောင်း။ သုခဉ္စ၊ ချမ်းသာသုခ ကြီးမားရခြင်းကိုလည်းကောင်း။ ဗလဉ္စ၊ ခွန်အားဗလ ကြီးမားရခြင်းကိုလည်းကောင်း။ အဇ္ဈဂါ၊ ရရှိပါ၏။ အနုပ္ပကံ၊ အလွန်များပြားခြင်း ရှိသော။ ဓိဉ္စာရတိံ၊ ပျော်မြူးမွေ့လျော်ခြင်းကိုလည်း။ ပစ္စနုဘောမိ၊ ခံစားရပါ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဖြေကြားပြောပြလေ၏။

၃၂၃။ သုတံ နု ဘာသတိ ယံ အယံ လတာ၊
ယံ နော အပုစ္ဆိမှ အကိတ္တယိ နော။

http://www.dhammadownload.com

ပတိနော ကိရမှာက် ဝိသိဋ္ဌ နာရိနံ၊
ဂတိ စ တာသံ ပဝါရှ စ ဒေဝတာ။

၃၂၃။ ဘဂိနိယော၊ ညီမတို့။ နော၊ ငါတို့၏။ အယံလတာ၊ ဤအစ်မကြီး လတာသည်။ ယံ ဝစနံ၊ သူကျင့်ကြံခဲ့ပုံ အစုံပြောကြား အကြင်စကားကို။ ဘာသတိ၊ ပြောကြားပါ၏။ တံ၊ အစ်မကြီးလတာ၏ ထိုစကားကို။ သုတံ နု၊ ကြား နာအပ်သည် မဟုတ်ပါလော။ နော၊ အကျွန်ုပ်တို့သည်။ ဝါ၊ အကျွန်ုပ်တို့၏။ ယံ၊ အကြင် ယုံမှားသံသယ ဖြစ်၍နေခြင်းကို။ အပုစ္ဆိမှ၊ မေးမြန်းကြကုန်၏။ တံ၊ ထို စကားကို။ နော၊ အကျွန်ုပ်တို့အား။ အက်ိတ္တယီ၊ ဖြေကြားပါ၏။ ပတိနော– ပတိနောနာမ၊ အိမ်ရှင်ဖြစ်ငြား လင်ယောကျ်ားတို့မည်သည်။ နာရိနံ၊ အိမ်သူသက် ထား မိန်းမများဖြစ်ကြကုန်သော။ အမှာက်၊ အကျွန်ုပ်တို့၏။ ဝိသိဋ္ဌာကိရ၊ ထူးကဲစွာ ကျေးဇူးပြုသူတို့ ဖြစ်ပါပေကုန်၏။ တာသံ၊ ထိုအကျွန်ုပ်တို့လို မာတု ဂါမမျိုးတို့၏။ ပဝရာ၊ လွန်မြတ်လှပေသော။ ဒေဝတာ စ၊ မပြတ်ဆည်းကပ် ရသည့် နတ်လည်း ဖြစ်ကြပါကုန်၏။

၃၂၄။ ပတိသု ဓမ္မံ ပစရာမ သဗ္ဗာ၊
ပတိဗ္ဗတာ ယတ္ထ ဘဝန္တိ ကုတ္ထိယော။
ပတိသု ဓမ္မံ ပစရိတ္ထ သဗ္ဗာ၊
လဒ္ဓာမသေ ဘာသတိ ယံ အယံ လတာ။

၃၂၄။ ယတ္ထ၊ အကြင်လင်ယောကျ်ား ဟူသမျှတို့၌။ စရိတဗ္ဗဓမ္မံ၊ ပြုကျင့် အပ် ပြုကျင့်ထိုက်သော ကျင့်ဝတ်တရားကို။ စရိယမာနေ၊ လိုက်နာကျင့်ကြံသည် ရှိသော်။ ကုတ္ထိယော၊ မိန်းမတို့သည်။ ပတိဗ္ဗတာ၊ လင့်ဝတ်ကျေပွန်သူတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗာ၊ ခပ်သိမ်းဥသုံ အလုံးစုံကုန်သော။ မယံ၊ အိမ်ရှင်မ ဖြစ်ကြသည့် ငါတို့သည်။ ပတိသု၊ မိမိ၏ လင်ယောကျ်ားတို့၌။ ဓမ္မံ၊ ရှေးဦးစွာ ထခြင်း စသည့် မယားတို့ကျင့်အပ်သော ကျင့်ဝတ်တရားကို။ ပစရာမ၊ ကျင့်ကြံ ကြပါကုန်စို့။ သဗ္ဗာ၊ အလုံးစုံကုန်သော ငါတို့သည်။ ပတိသု၊ မိမိ၏ လင်ယောကျ်ား တို့၌။ ဓမ္မံ၊ မိန်းမတို့ကျင့်အပ်သော ကျင့်ဝတ်တရားကို။ ပစရိတ္ထ၊ ကောင်းစွာလှလှ ကျင့်ကြံကြကုန်သည်ရှိသော်။ အယံ လတာ၊ လတာမည်ရ ဤအစ်မတော်ကြီး ဖြစ်သည့် နတ်သမီးသည်။ ယံ သမ္ဗတ္တိ၊ အကြင် သက်ရှည်ဆင်းလှ ခွန်အားဗလ ကြီးခြင်း စသော စည်းစိမ်ချမ်းသာ အဖြာဖြာကို။ ဘာသတိ၊ လိုက်နာကြရန်

http://www.dhammadownload.com

ရည်သန်ပြောကြားပေ၏။ တံ သမ္မတ္တိ၊ ထိုပြောကြားအပ်သည့် စည်းစိမ်ချမ်းသာအဖြာဖြာကို။ လဘာမသေ၊ ရနိုင်ကြပါကုန်၏။

၃၂၅။ သီဟော ယထာ ပဗ္ဗတသာနုဂေါစရော၊
မဟိန္ဒရံ ပဗ္ဗတမာဝသိတ္တာ။
ပဿဟ္ယ ဟန္ဒာ ဣတရေ စတုပ္ပဒေ၊
ခုဒ္ဒေ မိဂေ ခါဒတိ မံသဘောဇနော။

၃၂၆။ တထေဝ သဒ္ဓါ ဣဓ အရိယသာဝိကာ၊
ဘတ္တာရံ နိဿာယ ပတိံ အနုဗ္ဗတာ။
ကောဓံ ဝဓိတ္တာ အဘိဘုယျ မစ္ဆရံ၊
သဂ္ဂမ္ပိ သာ မောဒတိ ဓမ္မစာရိနီ။

၃၂၅–၆။ ပဗ္ဗတသာနုဂေါစရော၊ တောတောင်တစ်ခွင်တို့၌ ကျက်စားလေ့ရှိသော။ သီဟော၊ သားသေဋ္ဌနင်း ခြင်္သေ့မင်းသည်။ မဟိန္ဒရံ၊ မြေကြီးဖြင့် ဆောင်နေသော။ ပဗ္ဗတံ၊ ကျောက်တောင်ကို။ အာဝသိတ္တာ၊ အမှီပြုနေ၍။ ဣတရေ၊ တစ်ပါးကုန်သော။ စတုပ္ပဒေ၊ အခြေလေးချောင်း ရှိကုန်သော။ ခုဒ္ဒေ၊ မိမိ၏အောက်ဗလငယ်ကြကုန်သော။ မိဂေ၊ သားသမင်တို့ကို။ မံသဘောဇနော၊ ကိုယ်ကောင်အသား ကိုက်ကာဝါးလျက်။ ခါဒတိ ယထာ၊ မျိုကာစားသကဲ့သို့။ တထေဝ၊ အလားတူပင်လျှင်။ ဣဓ၊ ဤသာသနာတော်၌။ သဒ္ဓါ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော။ အရိယသာဝိကာ၊ အရိယာတပည်ဖြစ်သော မိန်းမပြတ်သည်။ ဘတ္တာရံ၊ မိမိ၏ လင်ယောကျ်ားကို။ နိဿာယ၊ တည်ရာတစ်ခု အမှီပြု၍။ ပတိံ၊ လင်ယောကျ်ားကို။ အနုဗ္ဗတာ၊ အလိုလိုက်ကာ ပြုကျင့်လျက်။ ကောဓံ၊ စိတ်ဆိုးခြင်းကို။ ဝဓိတ္တာ၊ ပယ်ဖြတ်၍။ မစ္ဆရံ၊ ဝန်တိုခြင်းကို။ အဘိဘုယျ၊ လွှမ်းမိုးဖယ်ရှား၍။ ဓမ္မစာရိနီ၊ ကျင့်ဝတ်နှင့်အညီ ကျင့်သုံးလေ့ရှိသော။ သာ၊ အကျင့်ပြည့်ဝ ထိုမိန်းမသည်။ သဂ္ဂမ္ပိ၊ ထက်နတ်ပြည်၌။ မောဒတိ၊ ရွှင်လန်းပျော်မွေ့ လေ့ရှိသတည်း။

ကျန်သော အချက်အလက်များ ဖော်ပြပြီး အကြောင်းအရာတို့နှင့် တူပြီ။

လ. တာ ဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၅။ ဂုတ္တိလဝိမာနဝတ္ထု

ဂုတ္တိလစောင်းဆရာကြီး ဖြစ်ခဲ့စဉ်က သုံးဆယ့်ခြောက်ဦးသော နတ်သမီးတို့အား ရှေးဘဝကပြုခဲ့ဖူးသော ကောင်းမှုအထူးကို မေးမြန်းခဲ့ဖူး၍ ဖြေကြားခဲ့ဖူးပုံကို ပြန်လည်၍ ဟောပြတော်မူသော အလောင်းတော် ဂုတ္တိလအကြောင်း။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်ဌာနသို့ ခရီးဒေသစာရီကြွချီတော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူသည်။ ထိုတာဝတိံသာနတ်ပြည်၌ အစဉ်အတိုင်း တည်နေကုန်သော သုံးဆယ့်ခြောက်ခုသော နတ်ဘုံဗိမာန်တို့၌ သုံးဆယ့်ခြောက်ယောက်သော နတ်သမီးတို့သည် အသီးအသီး နတ်သမီးတစ်ထောင်စီ ခြံရံလျက် ကြီးစွာသော နတ်၏စည်းစိမ်ချမ်းသာကို သုံးဆောင် ခံစားကာ နေထိုင်ကြသည်ကို တွေ့မြင်တော်မူသည်။ ထိုသုံးကျိပ်ခြောက်ယောက်သော နတ်သမီးတို့ ပြုအပ်ခဲ့သောကောင်းမှုကံကို ဤသို့ အစဉ်အတိုင်း မေးမြန်းတော်မူလေ၏။ ထိုသုံးကျိပ်ခြောက်ယောက်သော နတ်သမီးတို့သည်လည်း မထေရ်မြတ်၏အမေးကို ဤသို့ ဖြေကြားလျှောက်ထားကြကုန်၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွရောက်ကာ ဘုရားရှင်အား နတ်သမီးများ လျှောက်ကြားလိုက်သော အကြောင်းအရာများကို ပြန်လည် လျှောက်ထားလေ၏။

ဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် လျှောက်ထားသော စကားကို ကြားလေလျှင် "ချစ်သား မောဂ္ဂလာန်၊ ထိုနတ်သမီး သုံးကျိပ်ခြောက်ယောက်တို့သည် သင် မေးမြန်းသောအခါ၌သာလျှင် ဤကဲ့သို့ ဖြေကြားဖူးကြသည်မဟုတ်သေး၊ ရှေး၌ ငါဘုရားကိုယ်တော်တိုင် မေးမြန်းသောအခါကလည်း သင့်အား ဖြေကြားလျှောက်ထားသည့် အတိုင်းပင်လျှင် ဖြေကြားလျှောက်ထားကြဖူးသည်" ဟု မိန့်ကြားတော်မူသည်။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ဘဝ ဂုတ္တိလစောင်းဆရာအဖြစ်ကို ပြန်လည် ဟောကြားတော်မူလေ၏။

http://www.dhammadownload.com

မျက်မမြင်မိဘကို လုပ်ကျွေးနေသူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဇြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် စောင်းသမားမျိုး၌ဖြစ်၍ စောင်းတီးခြင်း အတတ် ပညာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သည်၏အဖြစ်ကြောင့် တိမ္မရုနတ်မင်း၊ နာရဒရသေ့တို့ကဲ့သို့ အနယ်နယ် အရပ်ရပ်တို့၌ ပျံ့နှံ့ကျော်ကြား ထင်ရှားသော ဂုတ္တိလမည်သော စောင်းဆရာ ဖြစ်ခဲ့လေ၏။ သူသည် မျက်မမြင် မိဘအိုတို့ကို ပြုစုလုပ်ကျွေးနေ၏။

မုသိလ၏ ရုပ်လက္ခဏာကို ကြည့်သော်

ဂုတ္တိလစောင်းဆရာ၏ စောင်းအတတ်၌ တစ်ဖက်ကမ်းခတ် တတ်မြောက် သောအဖြစ်ကို ကြားသိရ၍ ဥဇ္ဇေနီပြည်သား မုသိလမည်သော စောင်းသမားသည် ဂုတ္တိလစောင်းဆရာအထံသို့ လာခဲ့သည်။ ဆရာက "သင် အဘယ်အကြောင်း ကြောင့် လာသနည်း" ဟု မေးမြန်းလတ်သော် "ဆရာ့ထံ၌ စောင်းပညာကို သင်ကြားလိုရ၍ လာခဲ့ပါသည်" ဟု ပြောကြားလေ၏။

ဂုတ္တိလစောင်းဆရာသည် လက္ခဏာပညာ၌ ကျွမ်းကျင်သောကြောင့် မုသိလ ကို ကြည့်ကာ "ဤသူသည်ကား ရုပ်လက္ခဏာပညာအရ ကြည့်သော် စိတ်ထား မတည်ကြည်သူဖြစ်သည်၊ ရန့်ရင်းကြမ်းတမ်းပြီး ကျေးဇူးကန်းသူလည်း ဖြစ်လတ္တံ့၊ မချီးမြှောက်ထိုက်" ဟု ကြံ၍ အတတ်ပညာသင်ကြားဖို့ ခွင့်မပြုချေ။

ဆရာက သင်ကြားခွင့်မပြု၍

မုသိလသည် ဘုရားလောင်း စောင်းဆရာ၏ မိဘနှစ်ပါးတို့ကို လုပ်ကျွေး ခစားပြီးလျှင် "အကျွန်ုပ်အား စောင်းအတတ်ကို သင်ကြားပေးရန် ပြောကြားပေး ကြပါ" ဟု စောင်းဆရာ၏ မိဘတို့ကို တောင်းပန်လေ၏။

စောင်းဆရာသည် မိဘနှစ်ပါးတို့က အဖန်ဖန် အထပ်ထပ် တိုက်တွန်းအ ရကား မိဘတို့၏စကားကို ပယ်ရှားဖို့မတတ်သာသောကြောင့် မုသိလအား စောင်း အတတ်ပညာကို သင်ကြား၍ပေးလေ၏။

http://www.dhammadownload.com

ဆရာစားမချန်ဘဲသင်ပေး

သင်ကြား၍ပေးရာ၌ ဘုရားလောင်းတို့သည် သတ္တဝါအများ၏ ချမ်းသာကြီးပွားခြင်းကို များစွာအလိုရှိခြင်း ဝန်တိုမှု မစွေရတရား ခေါင်းပါးလျက် သတ္တဝါအများအား သနားခြင်းကြောင့် ဆရာစားချန်မထားဘဲ မိမိတတ်သိသော ပညာကို သင်ကြားပေးလေ၏။

ဆရာထက် ကျော်ကြားမည်ဟုထင်သူ

မုသိလသည်လည်း အခြေခံပညာ ရှိသောကြောင့်လည်းကောင်း၊ ရွေးချယ်စောင်းအတတ်ပညာကို လေ့လာလိုက်စားဖူးသောကြောင့်လည်းကောင်း၊ မျှင်းမရိလုံလဝီရိယရှိသောကြောင့်လည်းကောင်း မကြာမီပင် ပညာဆင်ကြား ပြီးဆုံးလေ၏။ ထိုအခါ "ဤဗာရာဏသီပြည်သည်ကား ဖမူဒိပ်၌ ကျော်ကြားသော မြို့တည်း၊ ငါသည် ဤဗာရာဏသီမြို့၌ မင်းနှင့်တကွသော ပရိသတ်အား စောင်းအတတ်ပညာကို ပြသရမူကား ကောင်းလေစွ၊ ငါ၏ဆရာ ဂုတ္တိလသည် အိုမင်းပြီ၊ ငါ့ပညာကို ပြရလျှင် ဆရာဂုတ္တိလထက်ပင် ငါ ကျော်စောထင်ရှားသည် ဖြစ်လတ္တံ့" ဟု အကြံဖြစ်ပြီးလျှင် မုသိလသည် ဆရာအား ဤသို့လျှောက်ကြားလေ၏။ "ဆရာ အကျွန်ုပ်သည် မင်း၏ရှေ့တော်၌ စောင်းအတတ်ကို ပြလိုပါ၏၊ အကျွန်ုပ်အား မင်းကို ပြသပေးပါကုန်" အလောင်းတော် ဂုတ္တိလသည် "ဤမုသိလကား ငါ၏အထံ၌ စောင်းအတတ်ပညာ သင်ကြားသူဖြစ်၍ ထောက်တည်ရာ အားကိုးရာ ရပါစေတော့" ဟု ငဲ့ညှာသနားခြင်းဖြစ်ရကား မုသိလကို ဘုရင်မင်းမြတ်၏အထံသို့ ခေါ်ဆောင်၍ "အရှင်မင်းမြတ်၊ ဤတပည့်သည် အကျွန်ုပ်၏ တပည့်ရင်း ဖြစ်ပါသည်၊ သူ၏ပညာကို ကြည့်ရှုတော်မူကြပါကုန်" ဟု သံတော်ဦးတင်လေ၏။

ဆရာနှင့် တန်းတူရလိုသူ

မင်းကြီးသည် "ကောင်းပြီ" ဟု ဝန်ခံပြီးလျှင် မုသိလ၏ စောင်းတီးသံကြားရလျှင် အလွန်ပင် သဘောကျသဖြင့် မုသိကလို "ငါ၏ အထံ၌သာလျှင် ခစားလျက်နေလော့၊ ဆရာအားပေးသော လခရိက္ခာအဖို့မှ ထက်ဝက်သော လခရိက္ခာကို သင့်အားပေးအံ့" ဟု မင်းကြီး ပြောဆိုလေ၏။ မိသိလသည် "အကျွန်ုပ်လည်း ဆရာအောက် အတတ်ပညာ မယုတ်လျော့ပါ၊ ဆရာနှင့် အတူအညီ တတ်

http://www.dhammadownload.com

သောကြောင့် လစာရိက္ခာကိုလည်း ဆရာနှင့် အညီအမျှသာလျှင် ပေးပါ" ဟု ပြောဆိုလေ၏။

မင်းကြီးသည် "သင် ဤသို့မပြောဆိုလင့်၊ ဆရာမည်သည်ကား ကြီးမား သော ဂုဏ်ထူးဝိသေသရှိ၏၊ ထို့ကြောင့် သင့်အား ထက်ဝက်သော လစာရိက္ခာ ကိုသာ ပေးအံ့" ဟု မိန့်တော်မူသည်။ မုသိလသည် "အကျွန်ုပ်၏ စောင်းအတတ် ကိုလည်းကောင်း၊ ဆရာ၏ စောင်းအတတ်ကိုလည်းကောင်း ကြည့်ရှုကြပါကုန် လော့" ဟု မင်းကြီးအား သဲ့တော်ဦးတင်၍ မင်း၏နန်းတော်မှ ထွက်လာခဲ့ပြီး လျှင် "အို ... လူများအပေါင်းတို့၊ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ မင်း၏ နန်းရင်ပြင်၌ အကျွန်ုပ်နှင့် ဆရာဂုတ္တိလတို့ စောင်းအတတ်ပညာ ပြိုင်ကြပါမည်၊ ထိုပြိုင်ပွဲ ကြည့်ရှုလိုကြသူတို့သည် မင်းရင်ပြင်သို့ လာရောက်ကြပါကုန်" ဟု လှည့်လည် ကြွေးကြော်လေ၏။

ဆရာကို အနိုင်တူသူ

အလောင်းတော် ဂုတ္တိလသည် ထိုကြွေးကြော်သောအသံကို ကြား၍ "မုသိလသည်ကား ပျိုရွယ်နုနယ်လျက် အားခွန်ဗလ ပြည့်ဝ၏၊ ငါသည်ကား အရွယ်ကြီးမား ခွန်အားနည်းပါးနေပြီ၊ ပြိုင်ရာ၌ အကယ်၍ ငါရှုံးငြားအံ့၊ သေရ သည်ကပင် ကောင်းမြတ်လှပေ၏၊ ထို့ကြောင့် တောသို့သွားကာ ကြိုးဆွဲချ သေ တော့အံ့" ဟု ကြံလျက် တောသို့ထွက်သွားလေ၏။ သေရမည် ကြောက်သော ကြောင့် တစ်ဖန် အိမ်သို့ပြန်လာ၏။ ဤကဲ့သို့ အလောင်းတော်ဂုတ္တိလ သွားလိုက် ပြန်လိုက် လုပ်သဖြင့် သူသွားလာသည့် အရပ်၌ရှိသော မြက်ပင်တို့သည် ကြေမွ ပျက်စီးကာ ခရီးလမ်းပမာ ဖြစ်၍နေလေ၏။

သိကြားမင်းဆင်း၍ ကူညီခြင်း

ထိုအခါ သိကြားမင်းသည် ဘုရားလောင်းဂုတ္တိလ၌ ချဉ်းကပ်လျက် သိကြား မင်းအသွင် ဖန်ဆင်းပြီး ကောင်းကင်၌နေကာ "ဆရာ၊ ဘာအကူအညီ ပေးရ မည်နည်း" ဟု မေးမြန်းလေရာ အလောင်းတော် ဂုတ္တိလ ဤသို့ ရှင်းပြလေ၏။

၃၂၇။ သတ္တတန္တိ သုမဓုရံ၊ ရာမဏေယျံ အဝါစယိ၊
သော မံ ရဂိမှိ အဒ္ဒေတိ၊ သရဏံ မေ ဟောဟိ ကောသိယ။

http://www.dhammadownload.com

၃၂၇။ ကောသိယ၊ ကောသိယနွယ်ဖွား အရှင်သိကြားမင်း။ သတ္တတန္တိ၊ ညှို့ခုနစ်ချောင်းရှိသော။ သုမဓုရံ၊ သာယာနာပျော်ဖွယ်ရာ ချိုသာသော အသံရှိသော။ ရာမဏေယျံ၊ စိတ်နှလုံးကို အလွန်ရွှင်ပြုံး မွေ့လျော်ဖွယ်ရှိသော။ ဝိဏံ၊ စောင်းအတတ်ကို။ အဟံ၊ အကျွန်ုပ် ဂုတ္တိလသည်။ မုသိလဿ၊ မုသိလအား။ အဝါစယိ၊ သင်ကြား၍ ပေးခဲ့ပါ၏။ သော၊ ထိုမုသိလမည်သော တပည့်သည်။ မံ၊ သူ့ဆရာဖြစ်သူ အကျွန်ုပ်ကို။ ရဂ်မှိ၊ ပွဲသဘင်အလယ်၌။ အဝေတိ၊ ပညာပြိုင်ရန် ခေါ်ဝေါ်ပါ၏။ ကောသိယ၊ ကောသိယနွယ်ဖွား အိုသိကြား။ တွံ၊ သင် သိကြားမင်းသည်။ မေ၊ အကျွန်ုပ်၏။ သရဏံ၊ အားကိုးပြုရာသည်။ ဟောဟိ၊ ဖြစ်ပါလော့။

ဆရာဂုတ္တိလစကားကို ကြားလျှင် သိကြားမင်းသည် ဤသို့ပြောဆိုလေ၏။

၃၂၈။ အဟံ တေ သရဏံ ဟောမိ၊ အဟမာစရိယပူဇကော၊
နံ တံ ဇယိဿတိ သိဿော၊ သိဿမာစရိယ ဇေဿသိ။

၃၂၈။ အာစရိယ၊ အို ... ဆရာဂုတ္တိလ။ အဟံ၊ အကျွန်ုပ် သိကြားမင်းသည်။ တဝ၊ သင်ဆရာဂုတ္တိလ၏။ သရဏံ၊ မှီခိုအားထားရာသည်။ ဟောမိ၊ ဖြစ်ပါအံ့။ အဟံ၊ အကျွန်ုပ်သည်။ အာစရိယပူဇကော၊ ဆရာတို့အား ပူဇော်တတ်ပါ၏။ သိဿော၊ ကျေးဇူးမဲ့ကာ ဆရာကိုပြိုင် အနိုင်ယူလိုသော တပည့် မုသိလသည်။ တံ၊ ဆရာဖြစ်သူ သင့်ကို။ နံ ဇယိဿတိ၊ မအောင်ပါလတ္တံ့။ အာစရိယ၊ ဆရာ။ တွံ၊ သင် ဆရာဂုတ္တိလသည်သာလျှင်။ သိဿံ၊ တပည့်ယုတ် မုသိလကို။ ဇေဿတိ၊ အောင်မြင်ပါလတ္တံ့။

"ဆရာဂုတ္တိလ၊ အကျွန်ုပ်ကဲ့သို့သော တပည့်ကောင်းတစ်ယောက် နောက်ကတည်ရှိနေပါလျက် အဘယ်မှာ ဆရာရှုံးပါအံ့နည်း၊ မုသိလကဲ့သို့သော ကျေးဇူးကန်းလှသည့် တပည့်ယုတ်ကို သင်ကသာလျှင် အောင်နိုင်ပါလတ္တံ့၊ မုသိလသည် ဆုံးရှုံးပျက်ပြုန်းခြင်းသို့သာ ရောက်ရပါအံ့" ဟု သိကြားမင်းသည် ပြောကြားလျက် "အကျွန်ုပ် သိကြားမင်းသည် ခုနစ်ရက်မြောက်သောနေ့၌ ဆွေးနွေးတိုင်ပင် ယှဉ်ပြိုင်ရာ မဏ္ဍပ်သို့လာခဲ့ပါအံ့၊ ဆရာသည် ကြောက်ရွံ့ခြင်း ကင်းစင်လျက် ရဲတင်းစွာ စောင်းကိုတီးပါ" ဟု ပြောဆိုနှစ်သိမ့်စေပြီးကာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။

http://www.dhammadownload.com

စောင်းပညာ ပြိုင်ကြပြီ

ခုနစ်ရက်မြောက်သောနေ့၌ကား မင်းကြီးသည် ညီလာခံရာ ပွဲသဘင်၌ အမတ်၊ ပုဏ္ဏား၊ သူကြွယ် စသော အခြံအရံနှင့်အတူ ထိုင်နေတော်မူလေ၏။ ဆရာဂုတ္တိလသည်လည်းကောင်း၊ တပည့်မုသိလသည်လည်းကောင်း စောင်းပညာ ပြသအံ့ရန် ပြင်ဆင်ထားသော နေရာသို့ လာကြသည်။ ထို့နောက် နေရာယူကာ ပညာပြိုင်ကြလေသည်။

သိကြားမင်းသည် ကောင်းကင်၌လာ၍ ရပ်တည်နေ၏။ သိကြားမင်းကို ဘုရားလောင်း ဂုတ္တိလသာလျှင် မြင်၏။

သိကြားမင်းသည် ဆရာဂုတ္တိလကို "စောင်းကြိုးတစ်ချောင်းကို ဖြတ်လော့" ဟု ဆိုလေ၏။ ဆရာဂုတ္တိလသည် သိကြားမင်း ဆိုသည့်အတိုင်း စောင်းကြိုး တစ်ချောင်းကို ဖြတ်၍တီးသော်လည်း စောင်းသံကား ပင်ကိုအတိုင်းသာလျှင် မြည်နေလေ၏။ ထို့အတူ "ဒုတိယ စောင်းကြိုးကိုလည်း ဖြတ်လော့" ဟု သိကြားမင်းကဆို၍ ဒုတိယစောင်းကြိုးကို ဖြတ်၍တီး၏။ ပကတိအသံအတိုင်းပင် "တိတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ စောင်းကြိုးတို့ကို ဖြတ်လော့" ဟု သိကြားမင်း ဆိုပြန်၍ စောင်းကြိုးခုနစ်ချောင်းလုံးတို့ကို ဖြတ်၍တီးသော်လည်း စောင်းသံသည် ပင်ကိုအတိုင်းမြည်ကာ ဗာရာဏသီပြည်အလုံးကို ဖုံးလွှမ်း၍ သွားတော့သည်။

ထိုအခြေအနေကို မြင်ရသော မုသိလသည် ရှုံးပြီဟု အတွေးဝင်ကာ လည်ကုပ်ငိုက်ဆိုက် ကျိုးကျလေတော့၏။ ကြည့်ရှုနားထောင်ကြသူတို့သည် လွန်စွာ ရွှင်လန်းဝမ်းသာကြ၍ ဂုတ္တိလစောင်းဆရာအား ကောင်းချီးသြဘာ ထောမနာပြုကြကုန်၏။ မင်းကြီးသည် ဆရာ၏ ဂုဏ်ကျေးဇူးကိုမသိဘဲ ယှဉ်ပြိုင်ခြင်းကြောင့် မုသိလကို ပြိုင်ပွဲမှ နှင်ထုတ်ပစ်စေ၏။ လူအများသည် မုသိလကို ခဲ တုတ် စသည်တို့ဖြင့် ပစ်ခတ်ရိုက်နှက်ကြ၍ ထိုနေရာဌာနဲ၌ပင် မုသိလ သေဆုံးသွားတော့၏။

နတ်သမီးတို့လည်း နားထောင်လို

သိကြားမင်းသည် အလောင်းတော် ဆရာဂုတ္တိလအား ဝမ်းမြောက်ဖွယ် စကားကို ပြောကြားပြီး နတ်ပြည်သို့ ပြန်သွားလေတော့၏။ နတ်ပြည်သို့ ပြန်ရောက်လာသော သိကြားမင်းကို နတ်သမီးတို့က မေးမြန်းကြသဖြင့် ဂုတ္တိလဆရာ၏ စောင်းအတတ်ပညာ ကြည့်ရှုခဲ့ရပုံအကြောင်း သိကြားမင်းက ရှင်းပြသည်။

http://www.dhammadownload.com

ထိုအခါ နတ်သမီးတို့က အကျွန်ုပ်တို့လည်း ဆရာဂုတ္တိလကို ကြည့်ရှုလိုကြပါကုန်၏၊ အကျွန်ုပ်တို့ ဆရာဂုတ္တိလကို ဤတာဝတိံသာနတ်တို့ နေရာသို့ ခေါ်ဆောင်ပေးပါကုန်" ဟု တောင်းပန်ကြကုန်၏။

နတ်ရထားဖြင့် အခေါ်လွှတ်ပြီ

သိကြားမင်းသည် နတ်သမီးများ တောင်းပန်သောကြောင့် မာတလိနတ်သားကို "အမောင် မာတလိနတ်သား၊ သွားချေ၊ အလောင်းတော်ဂုတ္တိလဆရာကို နတ်သမီးများက ကြည့်ရှုလိုကြကြောင်း ပြောကြား၍ ဝေဖယန္တရထားဖြင့် ခေါ်ဆောင်ခဲ့ပါ" ဟု ပြောကြားကာ ဂုတ္တိလဆရာကို အခေါ်လွှတ်လိုက်လေ၏။

အဖိုးအခရမှု စောင်းတီးပြမည်

သိကြားမင်းသည် အလောင်းတော် ဂုတ္တိလဆရာနှင့် ဝမ်းသာဖွယ်စကား ပြောကြားပြီး "ဆရာဂုတ္တိလ၊ စောင်းတီးပါဦး၊ ဆရာ၏စောင်းသံကို နတ်သမီးတို့ နားထောင်လိုကြပါကုန်၏" ဟု ပြောကြားလေ၏။ ထိုအခါ ဆရာဂုတ္တိလသည် "အရှင်သိကြားမင်း၊ စောင်းသမားတို့မည်သည် စောင်းအတတ်ပညာကို မှီ၍သာ အသက်မွေးကြရပါကုန်၏၊ အဖိုးအခမရဘဲ စောင်းအတတ်ပညာကို မပြသနိုင်ပါ" ဟု ပြောကြားသည်။ သိကြားမင်းသည် "ထိုသို့ဖြစ်က အဘယ်သို့သော အဖိုးအခကို ရလိုပါသနည်း" ဟု မေးရာ "အကျွန်ုပ်သည် အခြားတစ်ပါးသော အဖိုးအခကို အလိုမရှိပါ၊ ဤနတ်သမီးတို့သည် မိမိ မိမိတို့ ရှေးဘဝကပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုတို့ကို ပြောကြားခြင်းဟူသော အဖိုးအခကိုသာလျှင် ရလိုပါ၏" ဟု ဆရာဂုတ္တိလ ဆိုသည်ရှိသော် ထိုနတ်သမီးတို့သည် ပြောကြားရန် သဘောတူကြလေ၏။

အလောင်းတော် ဂုတ္တိလသည် နတ်သမီးတို့ ရရှိခံစားအပ်သော စည်းစိမ်ချမ်းသာကို ပြောကြားကြသဖြင့် နတ်သမီးများ၏ ရှေးဘဝက ပြုခဲ့ဖူးသော အကျင့်တရားများကို အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူသည့်နည်းတူ ဤသို့မေးမြန်းလေ၏။

နတ်သမီးတို့သည်လည်း အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား ဖြေကြားလျှောက်ထားသည့် အတိုင်းပင်လျှင် ဖြေကြားကြသည်။

ထိုနတ်သမီး အလောင်းအလျာဖြစ်သော မိန်းမတို့သည် ကဿပဘုရားရှင်၏ လက်ထက်တော်အခါက လူ့အဖြစ်ဖြင့် ထိုထိုကောင်းမှုကို ပြုကြဖူးကုန်၏။

http://www.dhammadownload.com

ထိုသုံးကျိပ်ခြောက်ယောက်သော နတ်သမီးတို့တွင် -

၁။ တစ်ဦးသော အမျိုးသမီးသည် ကဿပဘုရားရှင်၏ တပည့်ရဟန်းတော်တစ်ပါးကို အလွန်ကောင်းမြတ်သော အဝတ်ကို ရွေးချယ်၍ ပေးလှူခဲ့ဖူး၏။

၂။ တစ်ဦးသော အမျိုးသမီးသည် အလွန်ကောင်းမွန်သော မြတ်လေးပန်းကို ပေးလှူခဲ့ဖူး၏။

၃။ တစ်ဦးသော အမျိုးသမီးသည် စန္ဒကူးနံ့သာကို ပေးလှူခဲ့ဖူး၏။

၄။ တစ်ဦးသော အမျိုးသမီးသည် အလွန်ကောင်းမွန် ချိုမြိန်သော သစ်သီးတို့ကို ပေးလှူခဲ့ဖူး၏။

၅။ တစ်ဦးသော အမျိုးသမီးသည် ကြွေရည်အရသာကို ပေးလှူခဲ့ဖူး၏။

၆။ တစ်ဦးသော အမျိုးသမီးသည် ကဿပဘုရားရှင်၏ ပုထိုးစေတီတော်၌ လက်ငါးချောင်းဖြင့် နံ့သာကို လိမ်းကျံ၍ ပေးလှူခဲ့ဖူး၏။

၇။ တစ်ဦးသော အမျိုးသမီးသည် အင်္ဂါရုစ်ဖြာနှင့် ပြည့်စုံစွာသော ဥပုသ်သီလကို စောင့်သုံးခဲ့ဖူး၏။

၈။ တစ်ဦးသော အမျိုးသမီးသည် ဆွမ်းစားချိန်ဝယ် ဆွမ်းဘဉ်းပေးဖို့ ကြွရောက်တော်မူလာသည့် လေ၌ ဆွမ်းဘဉ်းပေးတော်မူသော ရဟန်းတော်တစ်ပါးအား သောက်တော်ရေ သုံးဆောင်တော်ရေကို ပေးလှူခဲ့ဖူး၏။

၉။ တစ်ဦးသော အမျိုးသမီးသည် အမျက်ဒေါသ ချောင်းချောင်းထလျက်ရှိသော ယောကျ်မယောကျ်ားသူ ယောကျ်မမိန်းမသူတို့အား အမျက်ဒေါသကင်းရှင်းငြိမ်းခြင်းမရှိဘဲ ပြုစုလုပ်ကျွေးခဲ့ဖူး၏။

၁၀။ တစ်ဦးသော အမျိုးသမီးသည် သူတစ်ပါးတို့၏ အမှုကြီးငယ်ကို လုပ်ဆောင်ရာ၌ ပျင်းရိခြင်းကင်းစွာ ပြုလုပ်ခဲ့ဖူး၏။

၁၁။ တစ်ဦးသော အမျိုးသမီးသည် ဆွမ်းခံကြွရောက်တော်မူလာသော ရဟန်းတော်တစ်ပါးအား နို့ရည်နှင့် ရောပြွမ်းသောဆွမ်းကို ပေးလှူခဲ့ဖူး၏။

၁၂။ တစ်ဦးသော အမျိုးသမီးသည် သကာတင်လဲကို ပေးလှူခဲ့ဖူး၏။

၁၃။ တစ်ဦးသော အမျိုးသမီးသည် ဆွမ်းခံကြွရောက်တော်မူလာသော ရဟန်းတော်အား ကြံပိုင်းဖြတ်ကို ပေးလှူခဲ့ဖူး၏။

၁၄။ တစ်ဦးသော အမျိုးသမီးသည် တည်သီးကို ပေးလှူခဲ့ဖူး၏။

၁၅။ တစ်ဦးသော အမျိုးသမီးသည် သခွားငဆစ်သီးကို ပေးလှူခဲ့ဖူး၏။

http://www.dhammadownload.com

၁၆။ တစ်ဦးသော အမျိုးသမီးသည် သန္ဓားငကြောင်သီးကို ပေးလှူခဲ့ဖူး၏။
၁၇။ တစ်ဦးသော အမျိုးသမီးသည် ကြွိမ်သီးကို ပေးလှူခဲ့ဖူး၏။
၁၈။ တစ်ဦးသော အမျိုးသမီးသည် ဖက်သက်တရော်သီးကို ပေးလှူခဲ့ဖူး၏။
၁၉။ တစ်ဦးသော အမျိုးသမီးသည် မီးအိုးကင်းကို လှူခဲ့ဖူး၏။
၂၀။ တစ်ဦးသော အမျိုးသမီးသည် ဟင်းရွက်တစ်ဆုပ်မျှကို ပေးလှူခဲ့ဖူး၏။
၂၁။ တစ်ဦးသော အမျိုးသမီးသည် လက်တစ်ဆုပ်မျှသော ပန်းထုပ်ကို ပေးလှူခဲ့ဖူး၏။
၂၂။ တစ်ဦးသော အမျိုးသမီးသည် သစ်မြစ်စည်တစ်စည်းကို ပေးလှူခဲ့ဖူး၏။
၂၃။ တစ်ဦးသော အမျိုးသမီးသည် တမာရွက်တစ်ဆုပ်ကို ပေးလှူခဲ့ဖူး၏။
၂၄။ တစ်ဦးသော အမျိုးသမီးသည် ပအုန်းရည်ကို ပေးလှူခဲ့ဖူး၏။
၂၅။ တစ်ဦးသော အမျိုးသမီးသည် နှမ်းဆီထွေးကို ပေးလှူခဲ့ဖူး၏။
၂၆။ တစ်ဦးသော အမျိုးသမီးသည် ခါးပန်းကြိုးကို ပေးလှူခဲ့ဖူး၏။
၂၇။ တစ်ဦးသော အမျိုးသမီးသည် ပခုံးဖွဲ့ကို ပေးလှူခဲ့ဖူး၏။
၂၈။ တစ်ဦးသော အမျိုးသမီးသည် အာယောဂပဋ္ဋကို ပေးလှူခဲ့ဖူး၏။
၂၉။ တစ်ဦးသော အမျိုးသမီးသည် လေးထောင့်ယပ်ကို ပေးလှူခဲ့ဖူး၏။
၃၀။ တစ်ဦးသော အမျိုးသမီးသည် ထန်းရွက်ယပ်ကို ပေးလှူခဲ့ဖူး၏။
၃၁။ တစ်ဦးသော အမျိုးသမီးသည် ခြင်နှင်ယပ်ကို ပေးလှူခဲ့ဖူး၏။
၃၂။ တစ်ဦးသော အမျိုးသမီးသည် ထီးကို ပေးလှူခဲ့ဖူး၏။
၃၃။ တစ်ဦးသော အမျိုးသမီးသည် ဖိနပ်ကို ပေးလှူခဲ့ဖူး၏။
၃၄။ တစ်ဦးသော အမျိုးသမီးသည် မုန့်ကို ပေးလှူခဲ့ဖူး၏။
၃၅။ တစ်ဦးသော အမျိုးသမီးသည် ကတွတ်မုန့်ကို ပေးလှူခဲ့ဖူး၏။
၃၆။ တစ်ဦးသော အမျိုးသမီးတို့သည် သကာခဲကို ပေးလှူခဲ့ဖူး၏။

ထိုသုံးကျိပ်ခြောက်ယောက်သော အမျိုးသမီးတို့သည် ကဿပဘုရားရှင်၏ သာသနာတော်၌ ဖော်ပြခဲ့ပြီးသော ကောင်းမှုတို့ကို ပြုလုပ်ခဲ့ကြ၏။ ယခုအခါ တာဝတိံသာနတ်ပြည်ဝယ် အသီးသီး နတ်သမီးတစ်ထောင် တစ်ထောင်စီ ခြံရံကြကုန်လျက် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးများ ဖြစ်လျက်နေကြ၏။ စောင်းဆရာဂုတ္တိလ၏ အမေးကိုလည်း ဤသို့ ဖြေဆိုကြဖူးကုန်ပြီ။

http://www.dhammadownload.com

၁။ ဝတ္ထုတ္တမဒါယိကာဝိမာနဝတ္ထု

၃၂၉။ အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ၊
သြဘာသေန္တီ ဒိသာ သဗ္ဗာ၊ သြသမီ ဝိယ တာရကာ။

ဂါထာမြန်မာပြန် – နတ်သမီး၊ သင်နတ်သမီးသည် နူးညံ့ချောညက် နှစ်သက်ဖွယ်ရာ ဆင်းရောင်ဝါဖြင့် အရပ်ဆယ်မျက်နှာတို့ကို သောက်ရှူးကြယ်ပမာ တောက်ပကာ တည်နေဘိ၏။

၃၃၀။ ကေန တေ'တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ၊
ဥပပန္နန္တီ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ဝိယာ။

ဂါထာမြန်မာပြန် – သင့်အား အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် ဤသို့ ထွန်းလင်းတောက်ပသော အရောင်အဆင်း ဖြစ်ရပါသနည်း၊ အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် ဤတာဝတိံသာ နတ်တို့နေရာ၌ ကောင်းကျိုးချမ်းသာ ပြည့်စုံရပါသနည်း၊ အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် စိတ်၏နှစ်သက်ဖွယ်ရာ စည်းစိမ်ချမ်းသာ အဖြာဖြာတို့ ဖြစ်ပေါ်၍ လာရပါသနည်း။

၃၃၁။ ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဗလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဂါထာမြန်မာပြန် – ကြီးမားသော အာနုဘော်ရှိသော နတ်သမီး၊ သင်နတ်သမီးကို ငါမေးမြန်းပါ၏၊ လူ့ဘုံ၌နေ လူဖြစ်ခဲ့စဉ်အခါက အဘယ်ကောင်းမှုကို ပြုခဲ့ဖူးပါသနည်း၊ အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် သင်နတ်သမီး၏ နှစ်သက်ဖွယ်ရာ အဆင်းရောင်ဝါသည် ဤသို့ ရောင်လျှံဝင်းဝင်း ထွန်းလင်းတောက်ပစွာ ဖြစ်ရပါသနည်း၊ အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် အရပ်ဆယ်မျက်နှာတို့၌ အရောင်ဝင်းဖြာ ထွန်းလင်းစွာ တောက်ပပါသနည်း။

၃၃၂။ သာ ဒေဝတာ အတ္တမနာ၊ မောဂ္ဂလ္လာနေန ပုစ္ဆိတာ၊
ပဉ္ဍံ ပုဋ္ဌာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – ထိုနတ်သမီးသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က မေးမြန်းတော်မူအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤမျက်မှောက်ထင်ထင်ဖြစ်သော အကျိုးဏ်၏ အကြောင်းကံ ပြဿနာကို မေးမြန်းတော်မူအပ်သည့် အားလျော်စွာ ဖြေကြားလျှောက်ထားလေ၏။

၃၃၃။ ဝတ္ထုတ္တမဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရီသု၊
ဧဝံ ဝိယရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

၃၃၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ နရေသု စ၊ ယောကျ်ားတို့တွင်လည်းကောင်း။ နာရီသု စ၊ မိန်းမတို့တွင်လည်းကောင်း။ ဝတ္ထုတ္တမ ဒါယိကာ၊ အဝတ်တန်ဆာကို ပေးကမ်းလှူဒါန်းတတ်သော။ နာရီ၊ မိန်းမသည်။ ပဝရာ၊ ထူးချွန်လျောက်ပတ် အလွန်ကောင်းမြတ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဧဝံ၊ အလားတူပင်လျှင်။ ဝိယရူပဒါယိကာ၊ မြတ်နိုးဖွယ် ပစ္စည်းဝတ္ထုမျိုးကို ပေးကမ်းလှူဒါန်းတတ်သော။ သာနာရီ၊ ထိုမိန်းမမျိုးသည်။ ဌာနံ၊ နတ်တို့နေရာအရပ်သို့။ ဥပေစ္စ၊ အမြန်ကပ်ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ မနာပံ၊ နှစ်သက်ဖွယ် ဝတ္ထုမျိုးကို။ လဘတေ၊ ရနိုင်လေတော့၏။

၃၃၄။ တဿာ မေ ပဿ ဝိမာနံ၊ အစ္ဆရာ ကာမဝဏ္ဏိနီဟမသ္မိ၊
အစ္ဆရာသဟဿဿာဟံ၊ ပဝရာ ပဿ ပုညာနံ ဝိပါကံ။

၃၃၄။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ တဿာ မေ၊ ထိုတပည့်တော်မ၏။ ဝိမာနံ၊ ကောင်းမြတ်တင့်လျှဲ ဘုံဗိမာန်ကို။ ပဿ၊ ကြည့်ရှုတော်မူပါဘုရား။ အဟံ၊ တပည့်တော့်မသည်။ ကာမဝဏ္ဏိနီ၊ အလိုရှိရာအဆင်းကို ခဏချင်းဖန်ဆင်းနိုင်သော။ အစ္ဆရာ၊ နတ်သမီးသည်။ အသ္မိ၊ ဖြစ်ရပါ၏။ အဟံ၊ တပည့်တော်သည်။ အစ္ဆရာသဟဿဿ၊ အခြံအရံ နတ်သမီးတစ်ထောင်ထက်။ ပဝရာ၊ မြင့်မြတ်သော နတ်သမီးဖြစ်ပါ၏။ မေ၊ တပည့်တော်၏။ ပုညာနံ၊ မြတ်ကောင်းမှုတို့၏။ ဝိပါကံ၊ ကျိုးဝိပါက်ကို၊ ပဿ၊ ကြည့်ရှုတော်မူပါဘုရား။

၃၃၅။ တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓ မိဇ္ဈတိ၊
ဥပဓ္ဓိဆ္ဆိ စ မေ ဘောဂါ၊ ယေ ကေစိ မနသော ဝိယာ။

ဂါထာမြန်မာပြန် – ထိုသို့ပြုဖူး ကုသိုလ်ထူးကြောင့် တပည့်တော်မအား ဤကဲ့သို့ ထွန်းပတောက်လင်း အရောင်အဆင်း ဖြစ်ရပါ၏။ ထိုကုသိုလ်ထူးကြောင့်

http://www.dhammadownload.com

သိကြားမင်းစံရာ တာဝတိံသာဌ်ဖြစ်ရကာ ချမ်းသာသုခနှင့် ပြည့်စုံရပါ၏။ တပည့်တော်မ၏ စည်းစိမ်ဥစ္စာတို့သည်လည်း ခပ်သိမ်းသောသူတို့၏ စိတ်နလုံးတို့ကို ရွှင်ပြုံးနှစ်သက်စရာ ဖြစ်ရပါ၏။

၃၃၆။ အက္ခာမိ တေ ဘိက္ခု မဟာနုဘာဝ၊
မနုဿဘူတာ ယမကာသိ ပုညံ။
ကေနမှိ ဧဝံ ဓလိတာနုဘာဝါ၊
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

ဂါထာမြန်မာပြန် – အရှင်ဘုရားအား လျှောက်တားပါဦးအံ့၊ ရှေးလူဖြစ်ခဲ့စဉ် အခါက တပည့်တော်သည် ရဟန်းတော်တစ်ပါးအား အလွန်ကောင်းမြတ်သော အဝတ်ပုဆိုးကို ရွေးချယ်၍ ပေးလှူခဲ့ဖူးပါ၏၊ ထိုသို့ပြုစု မြတ်ကောင်းမှုကြောင့် ဤသို့ ထွန်းလင်းတောက်ပ အာနုဘာဝရှိပါ၏၊ တပည့်တော်၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာ အားလုံးတို့၌ ထွန်းလင်းတောက်ပပါ၏၊ ဘုရားဟု ဝတ္ထုတ္တမဒါယိကာ နတ်သမီးသည် လျှောက်ထားလေ၏။

၂။ ပုပ္ပွါတ္တမဒါယိကာဝိမာနဝတ္ထု

ထို့နောက် ပုပ္ပွါတ္တမဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလေ၏။

၃၄၁။ ပုပ္ပွါတ္တမဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရိသု၊
ဧဝံ ဝိယရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

၃၄၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ နရေသု စ၊ ယောကျ်ားတို့တွင်လည်းကောင်း။ နာရီသု စ၊ မိန်းမတို့တွင်လည်းကောင်း။ ပုပ္ပွါတ္တမဒါယိကာ၊ ပန်းကို ပေးကမ်းလှူဒါန်းတတ်သော။ နာရီ၊ မိန်းမသည်။ ပဝရာ၊ အလွန်ကောင်းမြတ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဧဝံ၊ အလားတူပင်လျှင်။ ဝိယရူပဒါယိကာ၊ နှစ်သက်ဖွယ်အသွင်ရှိသည့် ပစ္စည်းဝတ္ထုမျိုးကို ပေးကမ်းလှူဒါန်းတတ်သော။ သာ နာရီ၊ ထိုမိန်းမမျိုးသည်။ ဌာနံ၊ တင့်တယ်လျောက်ပတ် နတ်တို့နေရာအရပ်သို့။ ဥပေစ္စ၊ အမြန်ကပ်ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ မနာပံ၊ ကောင်းမြတ်သော နှစ်သက်ဖွယ်ဝတ္ထုမျိုးကို။ လဘတေ၊ မုချပိုင်ပိုင် ရနိုင်လေတော့၏။

http://www.dhammadownload.com

ဤပုပ္ဖါတ္တမဒါယိကာနတ်သမီးကား ရှေးလူဖြစ်စဉ်က အလွန်ကောင်းမွန်လှစွာသော ပန်းမန်ကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့် ရွှေဗိမာန်၌ စံပျော်ကာ နတ်သမီးဖြစ်ရသူ ဖြစ်သည်။

၃။ ဂန္ဓုတ္တမဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဂန္ဓုတ္တမဒါယိကာနတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၃၄၉။ ဂန္ဓုတ္တမဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရီသု၊
ဇဝံ ဝိယရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

၃၄၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ နရေသုစ၊ ယောကျ်ားတို့တွင်လည်းကောင်း။ နာရီသုစ၊ နုနယ်လှပါသော မိန်းမတို့တွင်လည်းကောင်း။ ဂန္ဓုတ္တမဒါယိကာ၊ ကောင်းမြတ်လှစွာသော နံ့သာကို ပေးလှူတတ်သော။ နာရီ၊ မိန်းမသည်။ ပဝရာ၊ အလွန်ကောင်မြတ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဇဝံ၊ အလားတူ ပင်လျှင်။ ဝိယရူပဒါယိကာ၊ နှစ်သက်ဖွယ်သော ပစ္စည်းဝတ္ထုမျိုးကို ပေးကမ်းလှူဒါန်းတတ်သော။ သာ နာရီ၊ ထိုမိန်းမမျိုးသည်။ ဌာနံ၊ နတ်တို့နေရာ အရပ်သို့။ ဥပေစ္စ၊ အမြန်ကပ်ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ မနာပံ၊ ကောင်းမြတ်သော နှစ်သက်ဖွယ်ဝတ္ထုမျိုးကို။ လဘတေ၊ ရနိုင်လေတော့၏။

ဤဂန္ဓုတ္တမဒါယိကာ နတ်သမီးကား ရှေးလူဖြစ်စဉ်က အလွန်ကောင်းမွန်သော နံ့သာအမွှေးအထုံကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့် ရွှေဗိမာန်၌ စံပျော်ကာ နတ်သမီးဖြစ်ရသူ ဖြစ်သည်။

၄။ ဖလုတ္တမဒါယိကာဝိမနာဝတ္ထု

ထို့နောက် ဖလုတ္တမဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၃၅၇။ ဖုလုတ္တမဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရီသု၊
ဇဝံ ဝိယရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

http://www.dhammadownload.com

၃၅၇။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ နရေသု စ၊ ယောကျ်ားတို့တွင်လည်းကောင်း။ နာရီသု စ၊ မိန်းမတို့တွင်လည်းကောင်း။ ဖလုတ္တမဒါယိကာ၊ ချို့မြိန်ကောင်းမြတ်သော သစ်သီးတို့ကို ပေးကမ်းလှူဒါန်းတတ်သော။ နာရီ၊ မိန်းမသည်။ ပဝရာ၊ အလွန်ကောင်းမြတ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဧဝံ၊ အလားတူပင်လျှင်။ ပိယရူပဒါယိကာ၊ နှစ်သက်ဖွယ်သော အသွင်ရှိသည့် ပစ္စည်းဝတ္ထုမျိုးကို ပေးကမ်းလှူဒါန်းတတ်သော။ သာ နာရီ၊ ထိုမိန်းမမျိုးသည်။ ဌာနံ၊ နတ်တို့နေရာ အရပ်သို့။ ဥပေစ္စ၊ အမြန်ကပ်ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ မနာပံ၊ နှစ်သက်ဖွယ် ဝတ္ထုမျိုးကို။ လဘတေ၊ ရနိုင်လေတော့၏။

ဤဖုလုတ္တမဒါယိကာ နတ်သမီးကား ရှေးလူဖြစ်စဉ်က အလွန်ကောင်းမွန်ချို့မြိန်သော သစ်သီးတို့ကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့် ရွှေဗိမာန်၌စံပျော်ကာ နတ်သမီးဖြစ်ရသူတည်း။

၅။ ရသုတ္တမဒါယိကာဝိမာနဝတ္ထု

ထို့နောက် ရသုတ္တမဒါယိကာနတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၃၅၅။ ရသုတ္တမဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရီသု၊
ဧဝံ ပိယရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

၃၅၅။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ နရေသဃ စ၊ ယောကျ်ားတို့တွင်လည်းကောင်း။ နာရီသု စ၊ မိန်းမတို့တွင်လည်းကောင်း။ ရသုတ္တမဒါယိကာ၊ ကြဲရည်အရသာကို ပေးကမ်းလှူဒါန်းတတ်သော။ နရီ၊ မိန်းမသည်။ ပဝရာ၊ အလွန်ကောင်းမြတ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဧဝံ၊ ဤအလားတူပင်လျှင်။ ပိယရူပဒါယိကာ၊ နှစ်သက်ဖွယ်အသွင်ရှိသည့် ပစ္စည်းဝတ္ထုမျိုးကို ပေးကမ်းလှူဒါန်းတတ်သော။ သာ နာရီ၊ ထိုမိန်းမမျိုးသည်။ ဌာနံ၊ နတ်တို့နေရာအရပ်သို့။ ဥပေစ္စ၊ အမြန်ကပ်ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ မနာပံ၊ ကောင်းမြတ်သော နှစ်သက်ဖွယ် ဝတ္ထုမျိုးကို။ လဘတေ၊ ရနိုင်လေတော့၏။

ဤရသုတ္တမဒါယိကာ နတ်သမီးသည်ကား ရှေးလူဖြစ်စဉ်က ချို့မြိန်လျောက်ပတ် အလွန်ကောင်းမြတ်သော ကြဲရည်အရသာကို လှူဒါန်းခဲ့သောကြောင့် တာ

http://www.dhammadownload.com

ဝတိ်သာနံတ်ပြည်ဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့် ရွှေဗိမာန်၌ စံပျော်ကာ နတ်သမီး ဖြစ်ရသူဖြစ်သည်။

၆။ ဂန္ဓပဥ္စင်္ဂုလိကဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဂန္ဓပဥ္စင်္ဂုလိကဒါယိကာနတ်သမီးသည် ဤသို့ ဖြေကြား လျှောက်ထားလေ၏။

၃၇၃။ ဂန္ဓပဥ္စင်္ဂုလိကံ အဟမဒါသိံ၊ ကဿပဿ ဘဂဝတော ထူပမှိ၊
ဇဝံ ဝိယရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

၃၇၃။ အဟံ၊ တပည့်တော်မသည်။ ကဿပဿ ဘဂဝတော၊ ကဿပ မြတ်ဘုရား၏။ ကာလေ၊ သာသနာတော်တွင်း အခါကာလက။ ထူပမှိ၊ ပုထိုး စေတီတော်၌။ ဂန္ဓပဥ္စင်္ဂုလိကံ၊ နံ့သာလက်ငါးချောင်းရာကို။ အဒါသိံ၊ ပေးလှူခဲ့ဖူးပါပြီ။ ဇဝံ၊ ဤနည်းမခြား အလားတူပင်လျှင်။ ဝိယရူပဒါယိကာ၊ မြတ်နိုး ချစ်ခင် နှစ်သက်ဖွယ် အသွင်ရှိသည့် ပစ္စည်းဝတ္ထုမျိုးကို ပေးကမ်းလှူဒါန်းတတ် သော။ သာ နာရီ၊ သဒ္ဒါပွားတိုး ထိုမိန်းမမျိုးသည်။ ဌာနံ၊ တင့်တယ်လျောက်ပတ် နတ်တို့နေရာအရပ်သို့။ ဥပေစ္စ၊ မှန်စွာမဖောက် အမြဲနက်ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ ဖြစ်သော။ မနာပံ၊ ဆင့်ဆင့်ပွားတိုး ကောင်းမြတ်သော နှစ်သက်ဖွယ် ဝတ္ထုမျိုးကို။ လဘတေ၊ မုချပိုင်ပိုင် ရနိုင်လေတော့သည်။

အကြွင်း ဂါထာများ ရှေးနှင့်တူသည်။

ဤဂန္ဓပဥ္စင်္ဂုလိကဒါယိကာ နတ်သမီးသည်ကား ရှေးလူဖြစ်စဉ် ကဿပ ဘုရားရှင်၏ လက်ထက်တော်အခါက စေတီပုထိုးတော်၌ နှစ်သက်ဖွယ်ရာ ရနံ့ ဖြာသော နံ့သာလက်ငါးချောင်းရာကို လှူဒါန်းခဲ့သောကြောင့် ယခုအခါ နတ်တို့စံရာ တာဝတိ်သာဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့် ရွှေဗိမာန်၌ စံပျော်ကာ နတ်သမီးဖြစ်ရသူ ဖြစ်သည်။

http://www.dhammadownload.com

၇။ ကေုပေါသထဝိမာနဝတ္ထု

ထို့နောက် ကေုပေါသထ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၃၈၁။ ဘိက္ခူ စ အဟံ ဘိက္ခုနိယော စ၊ အဒ္ဒသာသိ' ပန္ထပဋိပန္နေ၊
တေသာဟံ ဓမ္မံ သုတ္ဝာန၊ ကေုပေါသထံ ဥပဝသိဿံ။

၃၈၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ပန္ထပဋိပန္နေ၊ ရှည်လျားခက်ခဲသော ခရီးကို ကြွသွားတော်မူကြကုန်သော။ ဘိက္ခူ စ၊ ရဟန်းတော်တို့ကိုလည်းကောင်း။ ဘိက္ခုနိယော စ၊ ရဟန်းမိန်းမတို့ကိုလည်းကောင်း။ အဒ္ဒသာသိ'၊ ဖူးမြင်ခဲ့ပါ၏။ အဟံ၊ ဘုရားတပည့်တော်သည်။ တေသံ၊ ထိုရဟန်းတော် ရှင်မြတ်တို့၏။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ သုတ္ဝာန၊ ကြားနာရပါ၍။ ကေုပေါသထံ၊ တစ်နေ့တာမျှ ဥပုသ်စောင့်သုံးခြင်းကို။ ဥပဝသိဿံ၊ ဆောက်တည်ခဲ့ပါ၏ဘုရား။

ဤကေုပေါသထနတ်သမီးသည်ကား ရှေးလူဖြစ်စဉ်အခါက ရှည်လျားခက်ခဲသော ခရီးကို ကြွသွားတော်မူကြကုန်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့၏ တရားတော်ကို ကြားနာရ၍ တစ်နေ့တာမျှ ဥပုသ်သီလ စောင့်သုံးခဲ့ရသဖြင့် တာဝတိံသာဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့် ရွှေဗိမာန်၌ စံပျော်ကာ နတ်သမီးဖြစ်ရသူ ဖြစ်သည်။

၈။ ဥဒကဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဥဒကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၃၈၉။ ဥဒကေ ဌိတာ ဥဒကမဒါသိ'၊ ဘိက္ခုနော စိတ္တေန ဝိပွသန္နေန၊
ဧဝံ ဝိယ ရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

၃၈၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ ဥဒကေ၊ အေးမြကြည်လင်သော ရေဆိပ်အရပ်၌။ ဌိတာ၊ တည်ရှိ၍နေပါသော။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝိပွသန္နေန၊ လွန်စွာကြည်လင်သော။ စိတ္တေန၊ စိတ်ကောင်းစိတ်မြတ်ဖြင့်။ ဘိက္ခု

http://www.dhammadownload.com

နော၊ ရဟန်းတော်အရှင်မြတ်အား။ ဥဒက်၊ သောက်တော်ရေနှင့် သုံးဆောင်တော်ရေကို။ အဒါသိ၊ လှူဒါန်းခဲ့ပါ၏ဘုရား။ ဧဝံ၊ အလားတူပင်လျှင်။ ပိယရူပဒါယိကာ၊ နှစ်သက်ဖွယ်အသွင်ရှိသည့် ပစ္စည်းဝတ္ထုမျိုးကို ပေးကမ်းလှူဒါန်းတတ်သော။ သာ နာရီ၊ ထိုမိန်းမမျိုးသည်။ ဌာနံ၊ တင့်တယ်လျောက်ပတ် နတ်တို့နေရာအရပ်သို့။ ဥပေစ္စ၊ အမြန်ကပ်ရောက်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ မနာပံ၊ နှစ်သက်ဖွယ် ဝတ္ထုမျိုးကို။ လဘတေ၊ ရနိုင်လေတော့၏။

ဤဥဒကဒါယိကာနတ်သမီးကား ရှေးလူဖြစ်စဉ် ကဿပဘုရားရှင်၏ လက်ထက်တော်အခါ၌ ရဟန်းတို့အား သောက်တော်ရေ သုံးဆောင်တော်ရေတို့ကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့် ရွှေဗိမာန်၌ စံမျော်ကာ နတ်သမီးဖြစ်ရသူ ဖြစ်သည်။

၉။ ဥပဋ္ဌာနဝိမာနဝတ္ထု

ထို့နောက် ဥပဋ္ဌာနဝိမာန နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၃၉၇။ သဿုဋ္ဌာဟံ သသုရဋ္ဌ၊ စဏ္ဍိကေ ကောဓနေ စ ဖရုသေ စ၊
အနုသူယိကာ ဥပဋ္ဌာသိံ၊ အပွမတ္တာ သကေန သီလေန။

၃၉၇။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ စဏ္ဍိကေ၊ ကြမ်းတမ်းကြပါကုန်သော။ ကောဓနေ၊ ဒေါသထွက်လေ့လည်း ရှိကြပါကုန်သော။ ဖရုသေ၊ ရုန့်ရင်းသောစကားလည်း ရှိကြပါကုန်သော။ သသုဋ္ဌ၊ ယောကျွမမိန်းမသူကိုလည်းကောင်း။ သသုရဋ္ဌ၊ ယောကျွမယောကျ်ားသူကိုလည်းကောင်း။ အနုသူယိကာ၊ ငြူစူကင်းရှင်း စိတ်ကောင်းသွင်းလျက်။ ဥပဋ္ဌာသိံ၊ မိဖနှင့်မခြား လေးစားစွာ ဆည်းကပ်လုပ်ကျွေးခဲ့ပါ၏။ သကေန သီလေန၊ မိမိ အကျင့်သီလဖြင့်။ အပွမတ္တာ၊ မေ့လျော့ကင်းဘိ သတိရှိသည်။ ဟောမိ၊ ဖြစ်ခဲ့ပါ၏ဘုရား။

ဤဥပဋ္ဌာန နတ်သမီးသည်ကား ရှေးလူဖြစ်စဉ်က စိတ်ထားဆိုးသွမ်းကြမ်းတမ်းလှစွာသော ယောကျွမတို့အား ငြူစူခြင်းကင်းစွာ ပြုစုလုပ်ကျွေးခဲ့ဖူး၏။ ထို့ကြောင့် တာဝတိံသာဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့်တကွ ရွှေဗိမာန်၌ နတ်သမီးဖြစ်ရကာ နတ်၏ချမ်းသာကို စံစားကာနေရသူ ဖြစ်သည်။

http://www.dhammadownload.com

၁၀။ အပရကမ္မကာရိနီဝိမာနဝတ္ထု

ထို့နောက် အပရကမ္မကာရိနီဝိမာန နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၀၅။ ပရကမ္မကရီ အာသိ၊ အတ္ထေနာတန္ဒိတာ ဒါသိ၊
အက္ကောဓနာ နတိမာနိနီ၊ သံဝိဘာဂိနီ သကသ ဘာဂသ။

၄၀၅။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ အတ္ထေန၊ အမှုကိစ္စ အဝဝဋ္ဌ။ အတန္ဒိတာ၊ ပျင်းရိခြင်းမရှိသော။ ပရကမ္မကရီ၊ သူတစ်ပါးတို့၏ ဝေယျာဝစ္စကို အားထုတ်ဆောင်ရွက်ရသော။ ဒါသိ၊ ကျွန်မသည်။ အာသိ၊ ဖြစ်ခဲ့ပါ၏။ အဟံ၊ တပည့်တော်သည်။ အက္ကောဓနာ၊ ဒေါသအမျက်မထွက်ဝံ့ခဲ့ပါ။ အနတိမာနိနီ၊ အလွန်ထောင်လွှားသည့် မာန်မာနတရားလည်း မရှိခဲ့ပါ။ သကသ ဘာဂသ၊ ကိုယ့်အတွက်ကောင်းမှု၏ အဖို့ဘာဂကို။ သံဝိဘာဂိနီ၊ ပိုင်းခြားခွဲဝေ ပေးကမ်းတတ်သော အလေ့ရှိခဲ့ပါ၏။

ဤအပရကမ္မကာရိနီ နတ်သမီးသည်ကား ရှေးလူဖြစ်စဉ်က သူတစ်ပါးတို့ အမှုကြိုးငယ်ကို ပြုလုပ်ကူညီခဲ့ဖူးခြင်း၊ ဒေါသမာန်မာနမရှိခြင်း၊ ပြုပြုသမျှ ကုသိုလ်ကို အမျှအတန်း ပေးကမ်းခဲ့ဖူးခြင်းတို့ကြောင့် ယခုအခါ နတ်သမီးဖြစ်ကာ တာဝတိံသာဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့်တကွ ရွှေဗိမာန်၌ စံစားကာနေရသူ ဖြစ်သည်။

၁၁။ ခီရောဒနဒါယိကာဝိမာနဝတ္ထု

ထို့နောက် ခရီရောဒနဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၁၃။ ခီရောဒနံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
စဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပန္နာ မောဒါမိ။

၄၁၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည် ကြွရောက်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ခီရောဒနံ၊ နွားနို့ဆွမ်းကို။ အဒါသိံ၊ ပေးလှူ

http://www.dhammadownload.com

ခဲ့ပါ၏။ ဇဝံ၊ ဤသို့။ ကမ္မံ၊ နို့ဆွမ်းလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပန္နာ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

ဤခီရောဒနဒါယိကာ နတ်သမီးသည်ကား ရှေးလူဖြစ်စဉ် ကဿပဘုရားရှင်၏ လက်ထက်တော်အခါက ဆွမ်းခံကြွရောက်တော်မူလာသော ရဟန်းတော်အား နွားနို့ဆွမ်း လှူဒါန်းခဲ့ဖူးသောကြောင့် ယခုအခါ နတ်သမီးဖြစ်ကာ တာဝတိံသာဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့်တကွ ရွှေဗိမာန်၌ စံစားကာနေရသူ ဖြစ်သည်။

၁၂။ ဖာဏိတဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဖာဏိတဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၂၁။ ဖာဏိတံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဇ္ဇာယ စရန္တသ၊
ဇဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပန္နာ မောဒါမိ။

၄၂၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဇ္ဇာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည် ကြွရောက်လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဖာဏိတံ၊ တင်လဲအရသာကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဇဝံ၊ ဤသို့။ ကမ္မံ၊ တင်လဲလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပန္နာ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

ဤဖာဏိတဒါယိကာ နတ်သမီးကား ရှေးလူဖြစ်စဉ် ကဿပဘုရားရှင်၏ လက်ထပ်တော်အခါက ဆွမ်းခံကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား တင်လဲအရသာကို ပေးလှူခဲ့ဖူးသောကြောင့် ယခုအခါ နတ်သမီးဖြစ်ကာ တာဝတိံသာဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့်တကွ ရွှေဗိမာန်၌ စံစားကာ နေရသူ ဖြစ်သည်။

http://www.dhammadownload.com

၁၃။ ဥစ္ဆဒက္ခိကဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဥစ္ဆဒက္ခိကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ကြားလေ၏။

၄၂၉။ ဥစ္ဆဒက္ခိကံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဓဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၂၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော်အရှင်မြတ်အား။ ဥစ္ဆဒက္ခိကံ၊ ကြံပိုင်းကြဲဖြတ်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဓဝံ၊ ဤသို့။ ကမ္မံ၊ ကြံပိုင်းကြဲဖြတ်လှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၁၄။ တိမ္ဗရုသကဒါယိကာဝိမာနဝတ္ထု

ထို့နောက် တိမ္ဗရုသကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၃၇။ တိမ္ဗရုသကံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဓဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၃၇။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ အားအင်ပြည့်စုမ်း ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော်အရှင်မြတ်အား။ တိမ္ဗရုသကံ၊ အလွန်ကောင်းမွန်သော တည်သီးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဓဝံ၊ ဤသို့။ ကမ္မံ၊ တည်သီးလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၁၅။ ကက္ကာရိကဒါယိကာ ဝိမာနဝတ္ထု

ထို့နောက် ကက္ကာရိကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၄၅။ ကက္ကာရိကံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၄၅။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ကက္ကာရိကံ၊ သခွားငဆစ်သီးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ သခွားငဆစ်သီးလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၁၆။ ဇဋ္ဌာလုကဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဇဋ္ဌာလုကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၅၃။ ဇဋ္ဌာလုကံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၅၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဇဋ္ဌာလုကံ၊ သခွားငကြောင်သီးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ သခွားငကြောင်သီးလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၁၇။ ဝလ္လိဖလဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဝလ္လိဖလဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၆၁။ ဝလ္လိဖလံ အဟာမဒါသိ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၆၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဝလ္လိဖလံ၊ ဖရုံသီးကို။ ဝါ၊ ကြိမ်သီးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ဖရုံသီး။ ဝါ၊ ကြိမ်သီးလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၁၈။ ဖာရုသကဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဖာရုသကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၆၉။ ဖာရုသကံ အဟာမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၆၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဖရုသကံ၊ ဖက်သက်တရော်သီးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ဖက်သက်တရော်သီးလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၁၉။ ဟတ္ထပ္ပတာပကဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဟတ္ထပ္ပတာပကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၇၇။ ဟတ္ထပ္ပတာပကံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဇ္ဇာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၇၇။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဇ္ဇာယ၊ ဆွမ်းအလို့ငှာ။ စရန္တံ သံ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဟတ္ထပ္ပတာပကံ၊ မီးအိုးကင်းကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ မီးအိုးကင်းလှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသော ကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၂၀။ သာကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု

ထို့နောက် သာကမုဋ္ဌိဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၈၅။ သာကမုဋ္ဌိံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဇ္ဇာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၈၅။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဇ္ဇာယ၊ ဆွမ်းအလို့ငှာ။ စရန္တံ သံ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ သာကမုဋ္ဌိံ၊ လက်တစ်ဆုပ်စာမျှသော ဟင်းရွက်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ လက်တစ်ဆုပ်စာမျှသော ဟင်းရွက်လှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၂၁။ ပုပ္ပကမုဋ္ဌဒါယိကာဝိမာနဝတ္ထု

ထို့နောက် ပုပ္ပကမုဋ္ဌဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၄၉၃။ ပုပ္ပကမုဋ္ဌိ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၉၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ပုပ္ပကမုဋ္ဌိံ၊ လက်တစ်ဆုပ်စာမျှသောပန်းကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ လက်တစ်ဆုပ်စာမျှ ပန်းမန်လှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၂၂။ မူလကဒါယိကာဝိမာနဝတ္ထု

ထို့နောက် မူလကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၀၁။ မူလကံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၀၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ မူလကံ၊ ခဲဖွယ်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ခဲဖွယ်လှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၂၃။ နိမ္မမုဒ္ဓိဒါယိကာဝိမာနဝတ္ထု

ထို့နောက် နိမ္မမုဒ္ဓိဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၀၉။ နိမ္မမုဒ္ဓိ အဟမဒါသိံ၊ ဘိက္ခုနော ဝိဿာယ စရန္တိယာ၊
ဧဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၀၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဿာယ၊ ဆွမ်းအလို့ငှာ။ စရန္တိယာ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ နိမ္မမုဒ္ဓိ၊ လက်တစ်ဆုပ်စာမျှသော တမာရွက်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ လက်တစ်ဆုပ်စာမျှသော တမာရွက်လှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၂၄။ အမ္မကဋ္ဌိကဒါယိကာဝိမာနဝတ္ထု

ထို့နောက် အမ္မကဋ္ဌိကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၁၇။ အမ္မကဋ္ဌိကံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဿာယ စရန္တိယာ၊
ဧဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၁၇။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဿာယ၊ ဆွမ်းအလို့ငှာ။ စရန္တိယာ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ အမ္မကဋ္ဌိကံ၊ ပုန်းရည်ချဉ်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ပုန်းရည်ချဉ်လှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၂၅။ ဒေါဏိနိမုဒ္ဒနိဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဒေါဏိနိမုဒ္ဒနိဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၂၅။ ဒေါဏိနိမုဒ္ဒနိံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၄၄၅။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဒေါဏိနိမုဒ္ဒနိံ၊ နှမ်းမုန့်ညက်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ နှမ်းမုန့်ညက်လှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၂၆။ ကာယဗန္ဓနဒါယိကာဝိမာနဝတ္ထု

ထို့နောက် ကာယဗန္ဓနဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၃၃။ ကာယဗန္ဓနံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၃၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ကာယဗန္ဓနံ၊ ခါးပန်းကြိုးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ခါးပန်းကြိုးလှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၂၇။ အံ့သဗ္ဗကဒါယိကာဝိမာနဝတ္ထု

ထို့နောက် အံ့သဗ္ဗကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၄၁။ အံ့သဗ္ဗက် အဟမဒါသိ်၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တေ ဿ၊
ဧဝံ ကရိတွာ ကမ်္မံ၊ သုဂတိ ဥပပဇ္ဇ မောဒါမိ။

၅၄၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တေ ဿ၊ လှည့်လည်၍လာသော်။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ အံ့သဗ္ဗက်၊ ပခုံးဖွဲ့ကို။ အဒါသိ်၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ်္မံ၊ ပခုံးဖွဲ့လှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၂၈။ အာယောဂပဋ္ဋဒါယိကာဝိမာနဝတ္ထု

ထို့နောက် အာယောဂပဋ္ဋဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၄၉။ အာယောဂပဋ္ဋံ အဟမဒါသိ်၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တေ ဿ၊
ဧဝံ ကရိတွာ ကမ်္မံ၊ သုဂတိ ဥပပဇ္ဇ မောဒါမိ။

၅၄၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တေ ဿ၊ လှည့်လည်၍လာသော်။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ အာယောဂပဋ္ဋံ၊ အာယောဂပဋ္ဋိကို။ အဒါသိ်၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ်္မံ၊ အာယောဂပဋ္ဋိလှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၂၉။ ဝိရူပနဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဝိရူပနဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၅၇။ ဝိရူပနံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဿာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိ ဥပပဇ္ဇ ဖောဒါမိ။

၅၄၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဿာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဝိရူပနံ၊ ရဟန်းတော်တို့ သင့်လျော်လျောက်ပတ် လေးထောင့်ယပ်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ရဟန်းတော်တို့ သင့်လျော်လျောက်ပတ် လေးထောင့်ယပ်လှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ ဖောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၃၀။ တာလဝဏ္ဏဒါယိကာဝိမာနဝတ္ထု

ထို့နောက် တာလဝဏ္ဏဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၆၅။ တာလဝဏ္ဏံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဿာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိ ဥပပဇ္ဇ ဖောဒါမိ။

၅၆၅။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဿာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ တာလဝဏ်၊ ထန်းရွက်ယပ်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ထန်းရွက်ယပ်လှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိ၊ သုဂတိဘဝသို့၊ ဥပပဇ္ဇ၊ ကပ်ရောက်၍။ ဖောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၃၁။ မောရဟတ္ထဒါယိကာဝိမာနဝတ္ထု

ထို့နောက် မောရဟတ္ထဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၇၃။ မောရဟတ္ထံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၇၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ မောရဟတ္ထံ၊ ဥဒေါင်းတောင်တို့ဖြင့် ပြုလုပ်အပ်သော ခြင်နှင်ယပ်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ဥဒေါင်းတောင်တို့ဖြင့် ပြုလုပ်အပ်သော ခြင်နှင်ယပ်လှုမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၃၂။ ဆတ္တဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဆတ္တဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၈၁။ ဆတ္တံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၈၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဆတ္တံ၊ နေပူမိုးရွာ လိုရာကာဆီး ဆောင်းရန်ထီးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ နေပူမိုးရွာ လိုရာကာဆီး ဆောင်းရန်ထီးလှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၃၃။ ဥပါဟနဒါယိကာဝိမာနဝတ္ထု

ထို့နောက် ဥပါဟနဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၈၉။ ဥပါဟနံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဇဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၄၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ဥပါဟနံ၊ ဖိနပ်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဇဝံ၊ ဤသို့။ ကမ္မံ၊ ဖိနပ်လှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော်မွေ့လျော်စွာ နေရပါ၏။

၃၄။ ပူဝါဒါယိကာဝိမာနဝတ္ထု

ထို့နောက် ပူဝဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၅၉၇။ ပူဝံ အဟမဒါသိံ၊ ဘိက္ခုနော ပိဏ္ဍာယ စရန္တသ၊
ဇဝံ ကရိတွာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၅၄၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ ပူဝံ၊ ခွန်အားဗလ ပြည့်ဝစေတတ် အလွန်နှစ်သက်အပ်သည့် မုန့်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဇဝံ၊ ဤသို့။ ကမ္မံ၊ ခွန်အားဗလ ပြည့်ဝစေတတ် အလွန်နှစ်သက်အပ်သည့် မုန့်လှူမှု မြတ်ကောင်းမှုကို။ ကရိတွာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော်မွေ့လျော်စွာ နေရပါ၏။

http://www.dhammadownload.com

၃၅။ မောဒကဒါယိကာဝိမာနဝတ္ထု

ထို့နောက် မောဒကဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၆၀၅။ မောဒကံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဇ္ဇာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၆၀၅။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဇ္ဇာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ မောဒကံ၊ ကတ္တပ်ဟုခေါ် ဗယာကြော်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ ကတ္တပ်ဟုခေါ် ဗယာကြော်လှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

၃၆။ သက္ခလိကာဒါယိကာဝိမာနဝတ္ထု

ထို့နောက် သက္ခလိကာဒါယိကာ နတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၆၁၃။ သက္ခလိကံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဇ္ဇာယ စရန္တသ၊
ဧဝံ ကရိတ္ဝာ ကမ္မံ၊ သုဂတိံ ဥပပဇ္ဇ မောဒါမိ။

၆၁၃။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝိဇ္ဇာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍လာသော။ ဘိက္ခုနော၊ ရဟန်းတော် အရှင်မြတ်အား။ သက္ခလိကံ၊ အားအင်ဗလ ပြည့်ဝလွန်ကဲ သကာခဲကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဧဝံ၊ ဤသို့။ ကမ္မံ၊ သကာခဲလှူမှု မြတ်ကောင်းမှုကို။ ကရိတ္ဝာ၊ ပြုခဲ့ပါသောကြောင့်။ သုဂတိံ၊ သုဂတိဘဝသို့။ ဥပပဇ္ဇ၊ ကပ်ရောက်၍။ မောဒါမိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာ နေရပါ၏။

အလောင်းတော် ဂုတ္တိလကို ထိုသုံးကျိပ်ခြောက်ယောက်သော နတ်သမီးတို့သည် မိမိတို့ပြုလုပ်ခဲ့သော ကောင်းမှုကံအကြောင်းကို ဖြေကြားလျှောက်ထားကြသည်။ ထိုနတ်သမီးတို့ သံသရာဝဋ်မှ ကျွတ်လွတ်ရာ နိဗ္ဗာန်ကို လွန်စွာ လိုလား

http://www.dhammadownload.com

အပ်သည်၏ အဖြစ်ကို သိစေလိုရကား အောက်ပါဂါထာတို့ကို မြွက်ဆိုကျူးရင့်လေ၏။

၆၁၇။ သွာဂတံ ဝတ မေ အဇ္ဇ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
ယံ အဒ္ဒသာမိ ဒေဝတာယော၊ အစ္ဆရာ ကာမဝဏ္ဏိနိယော။

၆၁၇။ ယံ ယေန ကာရဏေန၊ အကြောင် အကြောင်းကြောင့်။ ကာမဝဏ္ဏိနိယော၊ အလိုရှိအပ်သော အဆင်းကို ဖန်ဆင်းနိုင်ကြကုန်သော။ အစ္ဆရာ၊ ပွတ်သစ်သော ခရုသင်းအတူ ဖြူစင်တင့်တယ်ကြကုန်သော။ ဒေဝတာယော၊ နတ်သမီးတို့ကို။ အဟံ၊ ငါသည်။ အဒ္ဒသာမိ၊ မြင်ရပေ၏။ တေန ကာရဏေန၊ ထိုသို့ မြင်ရသောကြောင့်။ မေ၊ ငါ၏။ ဣဓ၊ ဤနတ်တို့စံရာ တာဝတိံသာနတ်ပြည်သို့။ အာဂတံ၊ လာရောက်ခြင်းသည်ကား။ သွာဂတံ ဝတ၊ ကောင်းသောလာရောက်ခြင်း ဖြစ်ပေစွတကား။ အဇ္ဇ၊ ယနေ့။ သုပ္ပဘာတံ ဝတ၊ ကောင်းမြတ်သော မိုးသောက်ခြင်း ဖြစ်ပေစွတကား။ သုဟုဋ္ဌိတံ ဝတ၊ ကောင်းသောအိပ်ရာမှထခြင်း ဖြစ်ပေစွတကား။

၆၁၈။ ဣမာသာဟံ ဓမ္မံ သုတ္ဝာ၊ ကာဟာမိ ကုသလံ ဗဟုံ၊
ဒါနေန သမစရိယာယ၊ သညမေန ဒမေန စ၊
သွာဟံ တတ္ထ ဂမိဿာမိ၊ ယတ္ထ ဂန္ဒွာ န သောစရေ။

၆၁၈။ အဟံ၊ ဂုတ္တိလဟု နာမသာမုတ် အကျွန်ုပ်သည်။ ဣမာသံ၊ ဤနတ်သမီးတို့၏။ ဓမ္မံ၊ ချမ်းသာတိုးကြောင်း ကုသိုလ်တရားကောင်းကို။ သုတ္ဝာ၊ ကြား နာရပါ၍။ ဒါနေန၊ ကျွေးမွေးပေးကမ်း လှူဒါန်းခြင်းဖြင့်လည်းကောင်း။ သမစရိယာယ၊ ကောင်းမြတ်သော ကိုယ်ကျင့်တရားကို ကျင့်ကြံပွားများခြင်းဖြင့်လည်းကောင်း။ သညမေန၊ အကျင့်သီလ စောင့်စည်းရခြင်းဖြင့်လည်းကောင်း။ ဒမေန၊ ဣန္ဒြေအဝဝကို ဆုံးမခြင်းဖြင့်လည်းကောင်း။ ဗဟုံ၊ အကြိမ်အခါ များပြားစွာ။ ကုသလံ၊ ကုသိုလ်မျိုးကို။ ကာဟာမိ၊ ပြုပါပေတော့အံ့။ အဟံ၊ အကျွန်ုပ်သည်။ ယတ္ထ၊ အကြင် အမြိုက်နိဗ္ဗာန်သို့။ ဂန္ဒွာ၊ ရောက်သည်ရှိသော်။ န သောစရေ၊ စိုးရိမ်ကြောင့်ကြ သောက မရှိရကုန်။ သော အဟံ၊ ဂုတ္တိလဟု နာမသာမုတ် ထို အကျွန်ုပ်သည်။ တတ္ထေဝ၊ နိဗ္ဗာန်အရပ်သို့သာလျှင်။ ဂမိဿာမိ၊ မုချမသွေ သွားပေတော့အံ့။ ဣတိ၊ ဤသို့။ အာစရိယော၊ ဂုတ္တိလမည် စောင်းဆရာသည်။ အာဟ၊ ပြောပြလေတော့၏။

http://www.dhammadownload.com

ထိုနတ်သမီး၏ အလောင်းအလျာများ ဖြစ်ကြသော အမျိုးသမီးတို့သည်ကား ကဿပဘုရားရှင်၏ လက်ထက်တော်အခါက ကောင်းမှုကုသိုလ်တရားတို့ကို ပြုလုပ်အားထုတ် ကျင့်ကြံခဲ့ကြသည်။ ထိုစေတနာ၏ အစွမ်းအားဖြင့် နတ်ပြည်၌ သာလျှင် ကျင်လည်ကြရကုန်သည်။ ငါတို့၏ ဂေါတမဘုရားရှင်၏ လက်ထက်တော်အခါ၌လည်း တာဝတိံသာနတ်ပြည်၌သာလျှင် ဖြစ်ကြကုန်ပြီးလျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က မေးမြန်းတော်မူအပ်သည်ဖြစ်၍ ကံတူအကျိုးပေး ဖြစ်ကြသောကြောင့် အလောင်းတော် ဂုတ္တိလဆရာ မေးမြန်းသောအခါကဲ့သို့ပင် ဖြေဆိုကြကုန်သည်။

ဂုတ္တိလဝိမာနဝတ္ထု ပြီး၏။

၆။ ဒဒ္ဒလ္လဝိမာနဝတ္ထု

သံယိကဒါန လျှုဒါန်းခဲ့သော ကုသိုလ်ကြောင့် ရောင်ဝါကြီးကျယ်ပွားဖြင့် နိမ္မာနရတီဘုံ၌ နတ်သမီးဖြစ်ရသော သုဘဒ္ဒါနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နာလကမည်သော ရွာငယ်၌ အရှင်ရေဝတ၏ ဥပါသကာသူကြွယ်၌ ဘဒ္ဒါမည်သော သမီးတစ်ယောက်၊ သုဘဒ္ဒါမည်သော သမီးတစ်ယောက်ဟူ၍ သမီးနှစ်ယောက် ရှိကုန်၏။

ထိုညီအစ်မနှစ်ယောက်တို့တွင် ဘဒ္ဒါသည် လင်ယောကျ်ား၏အိမ်သို့ လိုက်၍နေ၏။ သူသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ရတနာသုံးပါး၌ ကြည်ညိုသည်။ အသိပညာနှင့် ပြည့်စုံ၏။ မြို့လည်း မြို့၏။ ထိုဘဒ္ဒါသည် တစ်နေ့သ၌ မိမိ၏ လင်ယောကျ်ားကို ဤသို့ ပြောကြားလေ၏။ "သုဘဒ္ဒါမည်သော အကျွန်ုပ်၏ ညီမ ရှိပါ၏၊ ထိုသုဘဒ္ဒါကို ခေါ်ဆောင်ကာ အကျွန်ုပ်နှင့်အတူ မယားကြီး မယားငယ် ပြုလုပ်၍ နေထိုင်ပါလော့၊ အကယ်၍ ထိုညီမ သုဘဒ္ဒါ၌ သားရတနာ ရခဲ့ပါအုံ၊ ထိုသုဘဒ္ဒါ၏သားသည် အကျွန်ုပ်၏သားလည်း ဖြစ်ပါတော့၏၊ ဤသို့ဖြင့် အမျိုးအနွယ် အဆက်သည်လည်း မပျက်စီးနိုင်ပါ" ဟု ပြောကြားရာ လင်ယောကျ်ားသည် "ကောင်းပြီ" ဟု ဝန်ခံ၍ ဘဒ္ဒါ ပြောဆိုသည့်အတိုင်း ညီမ သုဘဒ္ဒါကိုလည်း

http://www.dhammadownload.com

အိမ်သို့ခေါ်ဆောင်၍ ညီအစ်မ နှစ်ယောက်လုံးကိုပင် မယားကြီး မယားငယ်အဖြစ် ပေါင်းသင်းနေလေ၏။

အစ်မ၏ အဆုံးအမ

ထိုအခါ အစ်မ ဘဒ္ဒါသည် ညီမ သုဘဒ္ဒါအား ဤသို့ဆုံးမ၏။ "ညီမ သုဘဒ္ဒါ၊ ပေးကမ်းလှူဒါန်းခြင်း၌ ပျော်မွေ့လျက် မြင့်မြတ်သော အကျင့်တရား ဘက်၌လည်း မမေ့မလျော့ပါလင့်၊ ဤသို့ လှူဒါန်းပေးကမ်းခြင်း၌ မွေ့လျော်ကာ မွန်မြတ်လှစွာသော အကျင့်တရား၌ မမေ့မလျော့ပါက သင့်အား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားသည် မိမိလက်ဝယ်ရရှိပြီး ဖြစ်တော့သည်သာ တည်း" ဟု ဆုံးမသြဝါဒ ပေးလေ၏။ ညီမ သုဘဒ္ဒါသည် အစ်မတော် ဘဒ္ဒါ၏ ဆုံးမသြဝါဒ၌ တည်လျက် လိုက်နာကျင့်ကြံကာနေစဉ် တစ်နေ့သ၌ အရှင်ရေဝတ ထေရ်နှင့်တကွ သံဃာရှစ်ပါးကို ပင့်ဖိတ်လေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

အရှင်ရေဝတသည် သုဘဒ္ဒါ၏ ကုသိုလ်အကျိုး ပွားတိုးစေရန် ခုနစ်ပါးသော ရဟန်းတော်တို့ကို ခေါ်ဆောင်တော်မူကာ သုဘဒ္ဒါ၏အိမ်သို့ ကြွသွားတော်မူလေ၏။ သုဘဒ္ဒါသည် ကြည်လင်ရွှင်လန်း ဝမ်းမြောက်သောစိတ်ရှိကာ အရှင်ရေဝတ ထေရ်ကိုလည်းကောင်း၊ ထိုခုနစ်ပါးသော ရဟန်းတော်တို့ကိုလည်းကောင်း မွန်မြတ် လှသော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် မိမိကိုယ်တိုင် ဆက်ကပ် လှူဒါန်းသည်။ အရှင်ရေဝတထေရ်သည် ဆွမ်းအနုမောဒနာတရား ဟောကြား ပြီးလျှင် ကြွသွားတော်မူလေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

သုဘဒ္ဒါ ကွယ်လွန်သော် နိမ္မာနရတိ နတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

အစ်မဖြစ်သူ ဘဒ္ဒါသည်ကား သံယိကဒါနကို မပြုလုပ်ခဲ့ရာဘဲ ပုဂ္ဂလိက ဒါနတို့ကိုသာ ပြုလုပ်လှူဒါန်းခဲ့၍ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အခြေအရံ အလုပ်အကျွေးနတ်သမီးသာ ဖြစ်ရရှာလေ၏။

ထိုအခါ သုဘဒ္ဒါသည် မိမိ၏ စည်းစိမ်ချမ်းသာကို ကြည့်ကာ "ငါသည် အဘယ်သို့ပြုခဲ့သော ကုသိုလ်ကောင်းမှုထူးကြောင့် ဤနိမ္မာနရတိနတ်ပြည်၌ နတ်

http://www.dhammadownload.com

သမီး ဖြစ်ရသနည်း" ဟု ဆင်ခြင်လတ်သော် "အစ်မတော်ဖြစ်သူ ဘဒ္ဒါ၏ အဆုံးအမ ဩဝါဒ၌တည်၍ သံယာအား သံယိကဒါန လှူဒါန်းခဲ့ရသောကြောင့် ဤစည်းစိမ်ချမ်းသာနှင့် ပြည့်စုံစွာ နိမ္မာနရတီနတ်ပြည်၌ ရောက်လာရပေ၏၊ အစ်မတော် ဘဒ္ဒါသည်ကား အဘယ်ဘုံဌာန၌ ဖြစ်ရှာပါလိမ့်မည်နည်း" ဟု ရွှဆင်ခြင်လတ်သော် သိကြားမင်း၏ အခြွေအရံ အလုပ်အကျွေးအဖြစ်ဖြင့် နတ်သမီးဖြစ်၍ နေသော အစ်မတော်ဘဒ္ဒါကို တွေ့မြင်လေ၏။ သို့ဖြင့် ဘဒ္ဒါနတ်သမီး၏နေရာ ဘုံဗိမာန်သို့ သွားရောက်ခဲ့သည်။

သုဘဒ္ဒါနတ်သမီးကို အစ်မတော် ဘဒ္ဒါနတ်သမီးသည် ဤသို့ မေးမြန်းလေ၏။

၆၁၉။ ဒဒ္ဒလ္လမာနာ ဝဏ္ဏေန၊ ယသသာ စ ယသဿိနီ၊
သဗ္ဗေ ဒေဝေ တာဝတိံသေ၊ ဝဏ္ဏေန အတိရောစသိ။

၆၂၀။ ဒဿနံ နာဘိဇာနာမိ၊ ဣဒံ ပဌမဒဿနံ၊
ကသ္မာ ကာယာ နု အာဂမ္မ၊ နာမေန ဘာသသေ မမံ။

၆၁၉။ ယသဿိနီ၊ အခြံအရံ များပြားလှသည့် နတ်သမီး။ တွံ၊ သင်သည်။ ဝဏ္ဏေန စ၊ အဆင်းရောင်ဝါအားဖြင့် လည်းကောင်း။ ယသသာ စ၊ အခြံအရံအားဖြင့် လည်းကောင်း။ ဒဒ္ဒလ္လမာနာ၊ အလွန်ပင် ထွန်းတောက်ပလျက်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တာဝတိံသေ ဒေဝေ၊ တာဝတိံသာ နတ်အများတို့ကို။ ဝဏ္ဏေန၊ အရောင်အဆင်းအားဖြင့်။ အတိရောစသိ၊ သာလွန်ကဲသာ တင့်တယ်လှပါ၏။

၆၂၀။ အဟံ၊ အကျွန်ုပ်သည်။ တံ၊ သင့်ကို။ ဒဿနံ၊ ရှေးကမြင်ဖူးသည်ကို။ နာဘိဇာနာမိ၊ မသိရပါ။ ဣဒံ၊ ဤတွေ့မြင်ရမှုသည်။ ပဌမဒဿနံ၊ ပထမဆုံး တွေ့ရခြင်းပါတည်း။ ကသ္မာ ကာယာ၊ အဘယ်မည်သော နတ်ပြည်သာမှ။ အာဂမ္မ၊ လာရောက်၍။ မမံ၊ အကျွန်ုပ်ကို။ နာမေန၊ လူ့ဘဝက ခေါ်ခဲ့ကြသည့် 'ဘဒ္ဒါ' ဟူသော အမည်အားဖြင့်။ ဘာသသေနု၊ ခေါ်ဝင်ပါဘိသနည်း။

သုဘဒ္ဒါနတ်သမီးသည်လည်း ဘဒ္ဒါနတ်သမီး၏ အမေးကို ဤသို့ ဖြေကြားလေ၏။

http://www.dhammadownload.com

၆၂၁။ အဟံ ဘဒ္ဒေ သုဘဒ္ဒါသိံ၊ ပုတ္တေ မာနုသကေ ဘဝေ၊
သဟ ဘရိယာ စ တေ အာသိံ၊ ဘဂိနီ စ ကနိဋ္ဌိကာ။

၆၂၂။ သာ အဟံ ကာယဿ ဘေဒါ၊ ဝိပ္ပမုတ္တာ တတော စုတာ၊
နိမ္မာနရတီနံ ဒေဝါနံ၊ ဥပပန္နာ သဟဗျတံ။

၆၂၁။ ဘဒ္ဒေ၊ အစ်မတော် ဘဒ္ဒါ။ အဟံ၊ အကျွန်ုပ်သည်။ ပုတ္တေ၊ ဤဘဝ မရောက်မီ ရှေးယခင်ဘဝဆီ၌။ မာနုသကေ ဘဝေ၊ လူဖြစ်စဉ်ကာ လူ့ဘဝက။ သုဘဒ္ဒါ၊ သုဘဒ္ဒါဟူသော အမည်နာမသည်။ အသိံ၊ ဖြစ်ခဲ့ပါ၏။ တေ တယာ၊ သင်အစ်မတော် ဘဒ္ဒါနှင့်။ သဟဘရိယာ စ၊ မယားကြီး မယားငယ်ဘဝဖြင့် လင်တစ်ယောက်တည်းကို အတူတကွ ပေါင်းသင်းခဲ့ရသည့် လင်တူမယားသည်လည်း။ အာသိံ၊ ဖြစ်ခဲ့ပါ၏။ တေ၊ သင် အစ်မတော်၏။ ဘဂိနီ စ ကနိဋ္ဌိကာ၊ ညီမငယ်သည်လည်း။ အာသိံ၊ ဖြစ်ခဲ့ပါ၏။

၆၂၂။ သာ အဟံ၊ ထိုအကျွန်ုပ် သုဘဒ္ဒါသည်။ ကာယဿ၊ လူ့ဘဝ လူ့ကိုယ်ခန္ဓာ၏။ ဘေဒါ ဘောဒါယ၊ သေကြေပျက်စီးခြင်းကြောင့်။ တတော၊ ထို လူတို့ဌာန ဘုံဘဝမှ။ ဝိပ္ပမုတ္တာ၊ ကင်းလွတ်၍။ စုတာ၊ ကွယ်လွန်ခဲ့သည်ရှိသော်။ နိမ္မာနရတီနံ၊ နိမ္မာနရတီဘုံသား ဖြစ်ကြကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ သဟ ဗျတံ၊ နှစ်သက်ရွှင်ပျော် အပေါင်းအဖော်အဖြစ်သို့။ ဥပပန္နာ၊ ကပ်ရောက်ကာ ဖြစ်ရပါ၏။

တစ်ဖန် အစ်မတော် ဘဒ္ဒါနတ်သမီးက ဤသို့ မေးမြန်းလေ၏။

၆၂၃။ ပဟူတကတကလျာဏာ၊ ကေ ဒေဝေ ယန္တီ ပါဏိနော၊
ယေသံ တွံ ကိတ္တယိဿသိ၊ သုဘဒ္ဒေ ဇာတိမတ္တနော။

၆၂၄။ အထ တွံ ကေန ဝဏ္ဏေန၊ ကေန ဝါ အနုဘာတိတာ၊
ကိဒိသနေ ဝ ဒါနေန၊ သုဗ္ဗတေန ယသဿိနီ။

၆၂၅။ ယသံ ဇောဒိသံ ပတ္တာ၊ ဝိသေသံ ဝပုလမဇ္ဈဂါ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

၆၂၃။ သုဘဒ္ဒေ၊ ညီမ သုဘဒ္ဒါ။ တွံ၊ သင်သည်။ အတ္တနော၊ မိမိ၏။ ဇာတိံ၊ ဖြစ်ရာဌာန ဘုံဘဝကို။ ယေသံ၊ အကြင် နိမ္မာနရတီနတ်တို့၏။ အန္တရေ၊

http://www.dhammadownload.com

အတွင်း၌။ ကိတ္တယိသသိ၊ ဖြစ်နေရပုံ အလုံးစုံကို အကုန်ပြောကြားဘိ၏။ တေ ဒေဝေ၊ ထိုနိမ္မာနရတီ နတ်ဘုံတို့သို့။ ပဟူတကတကလျာဏာ၊ များပြားလှစွာ ကုသိုလ်အဖြာဖြာကို ပြုကြကုန်သော။ ပါဏိနော၊ သူသူငါငါ သတ္တဝါမှန်သမျှ တို့သည်။ ယန္တိ၊ လားရောက်နိုင်ကြကုန်သည် မဟုတ်ပါလော။

၆၂၄။ အထ၊ ထိုသို့ကုသိုလ်များစွာ ပြုလုပ်ပါမှ လားရောက်ရသည့် ဘုံဌာန ဖြစ်ပါလျက်။ တွံ၊ သင်ညီမတော်သည်။ ကေန ဝဏ္ဏေန၊ အဘယ်သို့ပြုထား အဘယ်အကြောင်းတရားကြောင့်။ ကေန ဝါ၊ မည်သူမည်ဝါ အဘယ်သူကမူလည်း။ အနုသာသိတာ၊ ဆုံးမပဲ့ပြင် သွန်သင်သည်ဖြစ်၍။ ကိဒိသေနေဝ၊ အဘယ်သို့သဘော ရှိသည်သာလျှင်ဖြစ်သော။ ဒါနေန ဝါ၊ လှူဒါန်းခြင်းဖြင့်လည်းကောင်း။ ကိဒိသေ နေဝ၊ အဘယ်သို့သဘောရှိသည်သာလျှင် ဖြစ်သော။ သုဗ္ဘတေန ဝါ၊ သီလသီတင်း ကို စောင့်သုံးခြင်းဖြင့်လည်းကောင်း။ ယသသိနီ၊ အခြံအရံ အကျော်အစော ရှိရပါသနည်း။

၆၂၅။ ဒေဝတေ၊ ညီမ သုဘဒ္ဒါနတ်သမီး။ ဧတာဒိသံ၊ မျက်မှောက်ထင်ထင် ဤသို့ တွေ့မြင်အပ်သော သဘောရှိသော။ ယသံ၊ အခြံအရံ အကျော်အစောသို့။ ပတ္တာ၊ ရောက်လျက်။ ဒိပုလံ၊ ကြီးကျယ်ပြန့်ပြော များမြတ်သော သဘောရှိသော။ ဝိသေသံ၊ အကျိုးထူးကို။ အဇ္ဈဂါ၊ ရ၍နေဘိသနည်း။ ဣဒံ ဖလံ၊ ဤအကျိုးတရား သည်။ ကိဿ ကမ္မဿ၊ အဘယ်ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးများပါသနည်း။ မယာ၊ ငါသည်။ ပုစ္ဆိတာ၊ သိလိုရေးကြောင့် မေးမြန်းအပ်သည်ကို။ အာစိက္ခ၊ ဝမ်းမြောက်ကြည်သာ ဖြေဆိုပါလော့။

တစ်ဖန် သုဘဒ္ဒါနတ်သမီးသည် ဤသို့ ဖြေကြားလေ၏။

၆၂၆။ အဒ္ဓေဝ ပိဏ္ဍပါတာနိ၊ ယံ ဒါနံ အဒဒံ ပုရေ၊
ဒက္ခိဏေယျာဿ သံယဿ၊ ပသန္နာ သေဟိ ပါဏိဘိ။

၆၂၇-၈ ဂါထာတို့သည် ပိဋ္ဌဝဂ်၊ ပဌမ ပိဋ္ဌဝိမာနဝတ္ထုလာ ၆-၇ ဂါထာ များနှင့် တူသည်။

၆၂၆။ ဘဒ္ဒေ၊ ဘဒ္ဒါအမှည်ရ အိုအစ်မ။ အဟံ၊ အကျွန်ုပ် သုဘဒ္ဒါသည်။ ပုရေ၊ ရှေးဘဝတွင် လူဖြစ်ခဲ့စဉ်အခါက။ ဒက္ခိဏေယျာဿ၊ မြတ်သောအလှူ ခံယူ ထိုက်သော။ သံယဿ၊ သံဃာတော်အရှင်မြတ်အား။ ပသန္နာ၊ ကြည်ညိုသော စိတ်ထားရှိသည်ဖြစ်၍။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အဒ္ဓေဝ ပိဏ္ဍပါတာနိ၊

http://www.dhammadownload.com

ရုစ်ပါးစာသော ဆွမ်းတို့ကို။ ယံ ဒါနံ၊ သဒ္ဓါရွှင်လန်း အကြင်လှူဒါန်းခြင်းကို။ အဒဒံ၊ ကျွေးမွေးပေးကမ်း လှူဒါန်းခဲ့ဖူးပါ၏။

၆၂၇–၈ ဂါထာတို့၏ အနက်များသည် ပိဋ္ဌဝဂ်၊ ပထမ ပိဋ္ဌဝဂ်ဝိမာနဝတ္ထုလာ ၆–၇ ဂါထာ၏အနက်များနှင့် တူသည်။

ဤသို့ ညီမ သုဘဒ္ဒါနတ်သမီးသည် ပြောဆိုလတ်သော် တစ်ဖန် အစ်မတော် ဘဒ္ဒါနတ်သမီးက ဤသို့ မေးမြန်းပြန်လေ၏။

၆၂၉။ အဟံ တယာ ဗဟုတရေ ဘိက္ခူ၊ သညတေ ဗြဟ္မစာရယော၊
တပ္ပေသိ အန္နပါနေန၊ ပသန္နာ သေဟိ ပါဏိဘိ။

၆၃၀။ တယာ ဗဟုတရံ ဒတ္တွာ၊ ဟိနကာယူပဂါ အဟံ၊
ကထံ တွံ အပ္ပတရံ ဒတ္တွာ၊ ဝိသေသံ ဝိပုလမဇ္ဈဂါ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

၆၂၉။ သုဘဒ္ဒေ၊ အမည်သညာ သုဘဒ္ဒါခေါ် ညီမတော်။ အဟံ၊ ဘဒ္ဒါမည်ခေါ် ငါအစ်မတော်သည်။ ပုရေ၊ ရှေးဘဝတွင် လူဖြစ်စဉ်အခါက။ သုညတေ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးတော်မူကြကုန်သော။ ဗြဟ္မစာရယော၊ မြင့်မြတ်သော မဂ်တရားကို ပွားများကျင့်ကြံတော်မူကြကုန်သော။ ဗဟုတရေ၊ အရေအတွက် သချိ်္ဘာအားဖြင့် များစွာကုန်သော။ ဘိက္ခူ၊ မြင့်မြတ်ကျော်မော် ရဟန်းတော်တို့ကို။ တယာ၊ သင်ညီမ သုဘဒ္ဒါထက်။ ပသန္နာ၊ ရိုလေလေးစား ကြည်ညိုသော စိတ်ထားရှိသည်ဖြစ်၍။ သေဟိပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အန္နပါနေန၊ စားသောက်ဖွယ်ရာ ဆွမ်းအဖျော်ယမကာဖြင့်။ တပ္ပေသိံ၊ နှစ်သက်ရောင့်ရဲစေခဲ့ဖူးပါ၏။

၆၃၀။ အဟံ၊ ငါအစ်မတော်သည်။ တယာ၊ သင်ညီမ သုဘဒ္ဒါထက်။ ဗဟုတရံ၊ အရေအတွက်အားဖြင့် များပြားစွာ။ ဒတ္တွာ၊ ကျွေးမွေးပေးကမ်း လှူဒါန်းခဲ့ပါလျက်။ ဟိနကာယံ၊ သင့်အောက် ယုတ်နိမ့်စွာသော တာဝတိံသာနတ်ဘုံသို့။ ဥပဂါ၊ လားရောက်ရပါ၏။ တွံ၊ သင်သည်။ အပ္ပတရံ၊ အနည်းငယ်မျှသာလျှင်။ ဒတ္တွာ၊ ကျွေးမွေးပေးကမ်း လှူဒါန်းခဲ့ပါလျက်။ ကထံ၊ အဘယ်အကြောင်းကြောင့်။ ဝိပုလံ၊ ပြန့်ပြောများမြတ်လှစွာသော။ ဝိသေသံ၊ အကျိုးထူးကို။ အဇ္ဈဂါ၊ ကောင်းစွာရ၍ နေဘိသနည်း။ ဒေဝတေ၊ ညီမ သုဘဒ္ဒါနတ်သမီး။ ပုစ္ဆဒံဖလံ၊ ဤအကျိုးတရားသည်။ ကိဿ ကမ္မဿ၊ အဘယ်ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးတရား

http://www.dhammadownload.com

ပါနည်း။ ပုစ္ဆိတာ၊ သိလိုရေးဇောကြောင့် ငါမေးမြန်းအပ်သည်ကို။ အာစိက္ခ၊ ဝမ်းမြောက်ကြည်သာ ပြောဆိုပါဦးလော့။

ထို့နောက် တစ်ဖန် သုဘဒ္ဒါနတ်သမီးသည် –

၆၃၁။ မနောဘာဝနိယော ဘိက္ခု၊ သန္ဓိဋ္ဌော မေ ပုရေ အဟု၊
တာဟံ ဘတ္တေန နိမန္တေသိ၊ ရေဝတံ အတ္တာနဋ္ဌမံ။

၆၃၂။ သော မေ အတ္ထပုရေက္ခာရော၊ အနုကမ္မာယ ရေဝတော၊
သံယေ ဒေဟိတိ မံ ဓေါစ၊ တဿာဟံ ဝစနံ ကရိံ၊

၆၃၃။ သာ ဒက္ခိဏာ သံယဂတာ၊ အပွမေယျေ ပတိဋ္ဌိတာ၊
ပုဂ္ဂလေသု တယာ ဒိန္နံ၊ နံ တံ တဝ မဟပ္ဖလံ။

ဟူ၍ မိမိပြုလုပ်ခဲ့သော ကောင်းမှုကံကို ပြောကြားလေ၏။

၆၃၁။ ဘဒ္ဒေ၊ ဘဒ္ဒါမည်ခေါ် အစ်မတော်။ ပုရေ၊ ရှေးဘဝတွင် လူဖြစ်စဉ် အခါက။ မနောဘာဝနီယော၊ နှလုံးကြည်လင် စိတ်အစဉ်ကို ပွားစေတတ်သော။ ဝါ၊ မြင့်မြတ်ပွားတိုး တန်ခိုးဂုဏ်ရှင်ဖြစ်၍ ချီးမွမ်းအပ်သော။ ဘိက္ခု၊ ရေဝတဟု နာမထင်ပေါ် ရဟန်းတော်သည်။ မေ မယာ၊ သုဘဒ္ဒါဟု သညာသမုတ် အကျွန်ုပ်သည်။ သန္ဓိဋ္ဌော၊ အမြဲမကွာ အိမ်သို့လာ၍ မကြာခဏ ဖူးမြော်ရသည့် ရဟန်းတော်သည်။ အဟု၊ စင်စစ်မှန်စွာ ဖြစ်ပါ၏။ အတ္တာနဋ္ဌမံ၊ မိမိလျှင်ထောက် ရှစ်ပါးမြောက် ဖြစ်တော်မူသော။ တံ ရေဝတံ၊ ထိုရေဝတခေါ် ရဟန်းတော်အရှင်မြတ်ကို။ အဟံ၊ သုဘဒ္ဒါဟု သညာသမုတ် အကျွန်ုပ်သည်။ ဘတ္တေန၊ အားအင်ဖြည့်စွမ်း စားဖွယ်ဆွမ်းဖြင့်။ နိမန္တေသိ၊ စေတနာရင့် သဒ္ဓါမြင့်ကာ ပင့်ဖိတ်ခဲ့ပါ၏။

၆၃၂။ မေ၊ အကျွန်ုပ်၏။ အတ္ထပုရေက္ခာရော၊ အကျိုးစီးပွားကို ရှေးရှု လိုလားတော်မူသော။ သော ရေဝတော၊ ရေဝတမည်ခေါ် ထိုရဟန်းတော် အရှင်မြတ်သည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္မာယ၊ သနားစောင့်ရှောက် ချီးမြှောက်တော်မူသဖြင့်။ သံယေ၊ သီလသမာ ပညာကျော်မော် သံဃာတော်အား။ ဒေဟိ၊ ကျေးမွေးပေးကမ်း လှူဒါန်းပါလော့။ ဣတိ၊ ဤသို့မြွက်ကြား မိန့်စကားကို။ အဝေါစ၊ ကရဏာတရား မေတ္တာပွားကာ မိန့်ကြားတော်မူပါ၏။ အဟံ၊ အကျွန်ုပ်သည်။ တဿ၊ ရေဝတမည်ခေါ် ထိုရဟန်းတော်၏။ ဝစနံ၊ မေတ္တာရှေ့ထား တိုက်တွန်းချီးမြှောက်သော စကားကို။ ကရိံ၊ ပြုလုပ်ပြီးကာ လိုက်နာခဲ့ပါ၏။

http://www.dhammadownload.com

၆၃၃။ သံဃဂတာ၊ သံဃာတော်အား ရည်မှန်းထားသည့်အလျောက် ရောက်ရှိသော။ သာ ဒက္ခိဏာ၊ ကျိုးပေးဖွဲ့ထွာ မြင့်မားစွာလှ ထိုသံဃိကဒါနအလှူသည်။ အပွမေယျေ၊ မနှိုင်းယှဉ်ဖွယ် ကြီးကျယ်များပြားသော အကျိုးတရားခံ၌။ ပတိဋ္ဌိတာ၊ တည်ပါ၏။ တယာ၊ ဘဒ္ဒါမည်ခေါ် သင်အစ်မတော်သည်ကား။ ပုဂ္ဂလေသု၊ ထိုထိုဣဏ္ဍာ အလိလီသော ပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ သဒ္ဓါဖွေးဖြူ အရေးယူကာ ပေးလှူခဲ့ပေ၏။ တဝ၊ ဘဒ္ဒါမည်ခေါ် သင်အစ်မတော်၏။ တံ၊ ထိုပုဂ္ဂလိက အလှူဒါနသည်။ နု မဟပ္ဖလံ၊ အကျွန်ုပ် လှူဒါန်းခဲ့ရသည့် သံဃိကဒါနလောက် အကျိုးတရား မကြီးမားသည်သာတည်း။

ဤသို့ ညီမ သုဘဒ္ဒါက ပြောဆိုသော် ဘဒ္ဒါနတ်သမီးသည် ညီမ ပြောကြားသည့်အတိုင်း သံဃိကဒါနကို ပြုလုပ်အားထုတ်လိုသောကြောင့် ဤသို့ ပြောကြားလေ၏။

၆၃၄။ ဣဒါနေဝါဟံ ဘာနာမိ၊ သံဃေ ဒိန္နံ မဟပ္ဖလံ၊
သာဟံ ဂန္ဆာ မနုဿတ္တံ၊ ဝဒညူ ဝိတမစ္ဆရာ၊
သံဃေ ဒါနာနိ ဒဿာမိ၊ အပွမတ္တာ ပုနပ္ပုနံ။

၆၃၄။ သံဃေ၊ ရဟန်းတော်အား။ ဒိန္နေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်းသည်။ မဟပ္ဖလံ၊ အကျိုးစီးပွား များပြားကြီးမြတ်လှပေ၏။ ဣတိ၊ ဤသို့။ ဣဒါနေဝ၊ ညီမ ပြောပြသည့် ယခုအခါမှသာလျှင်။ အဟံ၊ ဘဒ္ဒါမည်ခေါ် ငါအစ်မတော်သည်။ ဘာနာမိ၊ သိမြင်ရပါ၏။ သာအဟံ၊ ဘဒ္ဒါမည်ခေါ် ထိုအစ်မတော် ငါသည်။ မနုဿတ္တံ၊ လူ့အဖြစ်သို့။ ဂန္ဆာ၊ သွားရောက်၍။ ဝဒညူ၊ အလှူခံပုဂ္ဂိုလ်တို့၏ ထိုထိုအခြင်းအရာ အဖြာဖြာကို ထင်စွာသိအောင်ပြု၍။ ဝိတမစ္ဆရာ၊ နှမြောကင်းရှင်း ဝန်တိုခြင်းမရှိဘဲ။ အပွမတ္တာ၊ မေ့လျော့ခြင်းမရှိဘဲ။ သံဃေ၊ သံဃာအား။ ဒါနာနိ၊ လှူဖွယ်ဝတ္ထု ဒါနစုတို့ကို။ ပုနပ္ပုနံ၊ အခါခါ အထပ်ထပ်။ ဒဿာမိ၊ ပေးလှူပါတော့အံ့သတည်း။

သုဘဒ္ဒါနည်သမီးသည်ကား မိမိ၏နေရာ နိမ္မာနရတီ နတ်ဘုံသို့သာလျှင် ပြန်သွားလေ၏။ ထိုအခါ နတ်တို့ကိုအစိုးရသော သိကြားမင်းသည် အလုံးစုံသော တာဝတိံသာနတ်တို့ကို မိမိ၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် လွှမ်းမိုးတင့်တယ်လျက် တည်နေသော သုဘဒ္ဒါနတ်သမီးကို တွေ့မြင်၍ ထိုညီအစ်မ နှစ်ယောက်တို့၏

http://www.dhammadownload.com

စကားပြောသံကိုလည်း ကြားရသဖြင့် ထိုခဏာဌ်ပင်လျှင် သုဘဒ္ဒါနတ်သမီးသည် ကွယ်ပျောက်သွားရကား ထိုသုဘဒ္ဒါနတ်မီးကို ဤသို့ မေးမြန်းလေ၏။

၆၃၅။ ကာ ဧသာ ဒေဝတာ ဘဒ္ဒေ၊ တယာ မန္တယတော သဟာ၊
သမ္မေ ဒေဝေ တာတိ သေ၊ ဝဏ္ဏေန အတိရောစတိ။

၆၃၅။ ဘဒ္ဒေ၊ ဘဒ္ဒါနတ်သမီး။ ယာ ဝေဒတာ၊ အကြင်နတ်သမီးသည်။ တယာ၊ သင် ဘဒ္ဒါနှင့်။ သဟ၊ အတူတကွ။ မန္တယတော၊ တိုင်ပင်ပြောကြား၍ နေ၏။ သမ္မေ၊ အလုံးစုံကုန်သော။ တာဝတိံသေဒေဝေ၊ တာဝတိံသာ နတ်အများတို့ထက်။ ဝဏ္ဏေန၊ အရောင်အဆင်းဖြင့်။ အတိရောစတိ၊ လွန်စွာကဲသာ တင့်တယ်လှပါ၏။ ဧသာ ဒေဝတာ၊ ထိုနတ်သမီးကား။ ကာ၊ အဘယ်မည်သော နတ်သမီးပါနည်း။ ဣတိ၊ ဤသို့။ ဘဒ္ဒံ၊ ဘဒ္ဒါနတ်သမီးကို။ ပုစ္ဆိ၊ မေးမြန်းလေ၏။

ဘဒ္ဒါနတ်သမီးသည်လည်း သိကြားမင်း၏ အမေးကို ဤသို့ ဖြေကြားပြောဆိုလေ၏။

၆၃၆။ မနုဿဘူတာ ဒေဝိန္ဒ၊ ပုမ္မေ မာနုသကော ဘဝေ၊
သဟဘရိယာ စ မေ အာသိ၊ ဘဂိနီ စ ကနိဋ္ဌိကာ၊
သံယေ ဒါနာနိ ဒတ္တာန၊ ကတပုညာ ဝိရောစတိ။

၆၃၆။ ဒေဝိန္ဒ၊ နတ်တို့သခင် အရှင်သိကြားမင်း။ သာ ဒေဝတာ၊ တာဝတိံသာ နတ်များစွာထက် ကဲသာထွန်းလင်း ရောင်အဆင်းဖြင့် ပဝင်းတင့်တယ်သော် ထိုနတ်သမီးသည်။ ပုမ္မေ မာနုသကေ ဘဝေ၊ လူတို့ပြည်တွင် လူဖြစ်ခဲ့စဉ် ရှေးဘဝက။ မနုဿဘူတာ၊ လူ့ဘဝတွင် လူဖြစ်ခဲ့စဉ်က။ မေ မယာ၊ အကျွန်ုပ် ဘဒ္ဒါနှင့်။ သဟဘရိယာ စ၊ မယားကြီး မယားငယ်ဘဝဖြင့် လင်တစ်ယောက်တည်းကို အတူတကွ ပေါင်းသင်းခဲ့ရသည့် လင်တူမယားသည်လည်း။ အာသိ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ပါ၏။ မေ၊ အကျွန်ုပ်၏။ ဘဂိနီ စ ကနိဋ္ဌိကာ၊ ညီမငယ်သည်လည်း။ အာသိ၊ ဖြစ်ခဲ့ပါ၏။ သံယေ၊ မြင့်မြတ်ကျော်မော် သံဃာတော်အား။ ဒါနာနိ၊ အလှူဒါနတို့ကို။ ဒတ္တာန၊ ပေးလှူခဲ့ခြင်းကြောင့်။ ကတပုညာ၊ ပြုလုပ်အပ်ပြီးသော ကောင်းမှုရှိသည်ဖြစ်၍။ ဝိရောစတိ၊ အကျွန်ုပ်တို့ထက် ဆတက်ကဲသာ ထွန်းလင်းတောက်ပပါ၏။ ဣတိ၊ ဤသို့။ ကထေသိ၊ ဖြေကြားလေ၏။

ထိုအခါ သိကြားမင်းသည် ထိုဘဒ္ဒါနတ်သမီးကို သံဃာအား ရည်မှန်း၍

http://www.dhammadownload.com

လှူဒါန်းရသော အလှူမြတ်၏ အကျိုးတရား ကြီးမားသည်၏အဖြစ်ကို ပြသလျက် ဆက်လက်၍ ဤသို့ တရားဟောလေ၏။

၆၃၇။ ဓမ္မေန ပုဗ္ဗေ ဘဂိနီ၊ တယာ ဘဒ္ဒေ ဝိရောစတိ၊
ယံ သဲဃမို့ အပွမေယျေ၊ ပတိဋ္ဌာပေသိ ဒက္ခိဏံ။

၆၃၇။ ဘဒ္ဒါ၊ ဘဒ္ဒါမည်ဟီး အို ... နတ်သမီး။ ပုဗ္ဗေ၊ ရှေးဘဝတွင် လူဖြစ်စဉ်က။ တေ၊ သင်၏။ ဘဂိနီ၊ သုဘဒ္ဒါခေါ် ညီမတော်သည်။ အပွမေယျေ၊ မနှိုင်းယှဉ်အပ်သော ဂုဏ်ရှိတော်မူသော။ သဲဃမို့၊ မြင့်မြတ်ကျော်မော် ရဟန်းသံဃာတော်၌။ ယံ ဒက္ခိဏံ၊ အကြင်မွန်မြတ်သော အလှူကို။ ပတိဋ္ဌာပေသိ၊ တည်ထားလှူဒါန်းခဲ့ပေ၏။ ဓမ္မေန၊ ကောင်းမြတ်သော အကြောင်းတရားကြောင့်။ တယာ၊ သင်ဘဒ္ဒါထက်။ ဝိရောစတိ၊ အဆင်းရောင်ဝါ လွန်စွာတင့်တယ်ဘိ၏။

၆၃၈။ ပုဗ္ဗဏှော ဟိ မယာ ဗုဒ္ဓေါ၊ ဂိဇ္ဈကူဋမှိ ပဗ္ဗတေ၊
ဝိပါကံ သံဝိဘာဂဿ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

၆၃၈။ ဟိ သစ္စံ၊ ယခု ငါပြောဆိုသော စကားသည် မှန်၏။ ယတ္ထ၊ အကြင် အလှူခံပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးလှူထိုထို မြတ်ကုသိုလ်သည်။ မဟပ္ဖလံ၊ အကျိုးကြီး၏။ တတ္ထ၊ ထိုအလှူခံပုဂ္ဂိုလ်အား။ သံဝိဘာဂဿ၊ ဝေဖန်ခွဲခြမ်း လှူဒါန်းခြင်း၏။ ဝိပါကံ၊ ကောင်းမြတ်သော အကျိုးကို။ ဂိဇ္ဈကူဋမှိ၊ လင်းတန္တသီးနှင့် တူသော အထွတ်ရှိသော။ ပဗ္ဗတေ၊ တောင်၌။ ဝိဟရန္တော၊ သီတင်းသုံးနေတော်မူသော။ ဗုဒ္ဓေါ၊ သစ္စာသိမြင် ဘုရားရှင်ကို။ မယာ၊ ငါသည်။ ပုဗ္ဗဏှော၊ သိလို ရေးကြောင့် မေးလျှောက်ခဲ့ဖူး၏။

၆၃၉။ ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ၊
ကရောတံ သြပဓိကံ ပုညံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

၆၃၉။ ယဇမာနာနံ၊ ပေးကမ်းလှူဒါန်းကြကုန်သော။ မနုဿာနံ၊ လူတို့၏ လည်းကောင်း။ ပုညပေက္ခာနံ၊ ကုသိုလ်ကောင်းမှု အစုစုကို ရှုငဲ့လိုလားကြကုန်သည်ဖြစ်၍။ သြပဓိကံ၊ ခန္ဓာအတွင်ဘောကို ဖြစ်စေတတ်သည့် ပဋိသန္ဓေကျိုးပဝတ္တိကျိုးကို ပေးတတ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ကရောတံ ကရောန္တာနံ၊ ဆည်းပူးပြုလုပ် အားထုတ်ကြကုန်သော။ ပါဏိနံ၊ သတ္တဝါတို့၏လည်းကောင်း။

http://www.dhammadownload.com

ယတ္ထ၊ အကြင် အလှူခံပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးကမ်းလှူဒါန်းခြင်းသည်။ မဟပ္ဖလံ၊ ကြီးမားသော အကျိုးရှိပါသနည်း။

၆၄၀။ တံ မေ ဗုဒ္ဓေါ ဝိယာကာသိ၊ ဇာနံ ကမ္မဖလံ သကံ၊
ဝိပါကံ သံဝိဘာဂသ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

၆၄၀။ ယတ္ထ၊ အကြင် အလှူခံပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးကမ်းလှူဒါန်းအပ်သော ကုသိုလ်သည်။ မဟပ္ဖလံ၊ အကျိုးစီးပွား ကြီးမားများမြတ်၏။ တတ္ထ၊ ထိုအလှူခံပုဂ္ဂိုလ်မျိုးအား။ သံဝိဘာဂသ၊ ဝေဖန်ခွဲခြမ်း လှူဒါန်းခြင်း၏။ ဝိပါကံ၊ ကောင်းမြတ်သော အကျိုးကိုလည်းကောင်း။ သတ္တာနံ၊ သတ္တဝါမှန်သမျှတို့၏။ သကံ၊ ကိုယ်ပိုင်ဥစ္စာမှန်သော။ ကမ္မဖလံ၊ ကံ–ကံ၏အကျိုးတရား နှစ်ပါးကို။ ဇာနံ၊ သိမြင်တော်မူတတ်သော။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ မေ၊ ငါသိကြားမင်း၏။ တံ၊ ထိုအမေးပုစ္ဆာ ပြဿနာကို။ ဝိယာကာသိ၊ ခွဲခြမ်းစိတ်ဖြာ ဝေဖန်၍ ဖြေကြားတော်မူ၏။

၆၄၁။ စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေ ဋ္ဌိတာ၊
ဧသ သံဃော ဥဇုဘူတော၊ ပညာသီလသမာဟိတော။

၆၄၁။ ပဋိပန္နာ၊ ကျင့်ကြံတော်မူဆဲ ဖြစ်ကြကုန်သော။ စတ္တာရော စ၊ လေးယောက်ကုန်သော မဂ္ဂင်္ဂါန်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဖလေ၊ ဖိုလ်တရား၌။ ဋ္ဌိတာ၊ တည်ကြကုန်သော။ စတ္တာရော စ၊ လေးယောက်ကုန်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဧသ ဧသော သံဃော၊ လေးပါးအစုံ ရှစ်ပါးကုန်သော ဤသံဃာတော်မြတ် အပေါင်းသည်။ ဥဇုဘူတော၊ ကိုယ်နှုတ်နှလုံး စောင့်သုံးဖြောင့်မတ်ခြင်းသို့ ရောက်တော်မူ၏။ ပညာသီလသမာဟိတော၊ လောကုတ္တရာပညာ လောကုတ္တရာသီလနှင့် စုံလင်ပြည့်ဝ တည်ကြည်လှပေ၏။

၆၄၂။ ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရောတံ သြပဓိကံ ပုညံ၊ သံဃေ ဒိန္နံ မဟပ္ဖလံ။

၆၄၂။ ယဇမာနာနံ၊ ပေးကမ်းလှူဒါန်း ပူဇော်ကြကုန်သော။ မနုဿာနံ၊ လူတို့၏လည်းကောင်း။ ပုညပေက္ခာနံ၊ ကုသိုလ်ကောင်းမှု အစုစုကို ရှုငဲ့လိုလားကြကုန်သည်ဖြစ်၍။ သြပဓိကံ၊ ခန္ဓာအတွင်ဘောကို ဖြစ်စေသည့် ပဋိသန္ဓေအကျိုး

http://www.dhammadownload.com

ပဝတ္တိကျိုးကို ပေးတတ်သော။ ပုည၊ ကုသိုလ်ကောင်းမှုကို။ ကရောတံ ကရောန္တာနံ၊ ဆည်းပူးပြုလုပ် အားထုတ်ကြကုန်သော။ ပါဏိနံ၊ သတ္တဝါတို့၏ လည်းကောင်း။ သံယေ၊ သံယာတော်အပေါင်းအား။ ဒါနံ၊ ပေးကမ်းလှူဒါန်းအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမား များပြတ်လှပေ၏။

၆၄၃။ သော ဟိ သံယော ဝိပုလော မဟဂ္ဂတော၊
သေ'ပ္ပမေယျော ဥဒဓီဝ သာဂရော။
သတေ ဟိ သေဋ္ဌာ နရဝီရသာဝကာ၊
ပတာပံရာ ဓမ္မမုဒီရယန္တိ။

၆၄၃။ သော သံယော၊ ထိုသံယာတော်သည်သာလျှင်။ ဝိပုလော၊ အကျိုးတရား ကြီးမားပြန့်ပြောလှ၏။ မဟဂ္ဂတော၊ သီလ စသော ဂုဏ်သကတ်တို့ဖြင့် မြင့်မြတ်သည်၏အဖြစ်သို့ ရောက်၏။ ဥဒဓိ၊ ရေကိုဆောင်တတ်၍ ဥဒဓိဟု ဆိုအပ်သော။ သာဂရော၊ ပင်လယ်သမုဒ္ဒရာကြီးသည်။ အပ္ပမေယျော ကျဉ်၊ မည်မျှများပြားသည်ဟု မရေတွက်နိုင်သကဲ့သို့။ ဧဝံ၊ ထို့အတူသာလျှင်။ သေ သော သံယော၊ ထိုသံယာတော်သည်။ အပ္ပမေယျော၊ သီလသမာ ပညာသုံးပါး ဂုဏ်ပေါင်းအားဖြင့် မရေတွက်နိုင်။ နရဝီရသာဝကာ၊ ဘုရားရှင်၏ တပည့်ကျော်မော်သာဝကတော် ဖြစ်ကြကုန်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဥဒီရယန္တိ ဥဒ္ဒိသန္တိ၊ ညွှန်ပြတတ်ကုန်သော။ ပဘင်္ကရာ၊ ပညာအလင်းကို ပြုတတ်ကုန်သော။ သေဟိ သေ ဧဝ၊ ထိုသံယာတော်တို့သည်သာလျှင်။ သေဋ္ဌာ၊ သီလ စသော ဂုဏ်သကတ်တို့ကြောင့် မြင့်မြတ်လှပါကုန်၏။

၆၄၄။ တေသံ သုဒိန္နံ သုဟုတံ သုယိဋ္ဌံ၊
ယေ သံယမုဒ္ဒိဿ ဒဒန္တိ ဒါနံ။
သာ ဒက္ခိဏာ သံယဂတာ ပတိဋ္ဌိတာ၊
မဟပ္ဖလာ လောကဝိဒူန ဝဏ္ဏိတာ။

၆၄၄။ ယေ၊ အကြင်သူတို့သည်။ သံယံ၊ သံယာတော်ကို။ ဥဒ္ဒိဿ၊ ရည်ညွှန်းမှန်းဆ၍။ ဒါနံ၊ အလှူဒါန မြတ်ပုညကို။ ဒဒန္တိ၊ ပေးလှူကြကုန်၏။ တေသံ၊ ထိုသံယာကို ရည်မှန်း၍ လှူဒါန်းကြကုန်သောသူတို့၏။ ဒါနံ၊ ပေးလှူခြင်းသည်။ သုဒိန္နံ၊ ကောင်းစွာ ပေးကမ်းလှူဒါန်းအပ်သည်လည်း မည်၏။ သုဟုတံ၊ အဝေးမှ

http://www.dhammadownload.com

ဆောင်ယူ၍ ပေးလှူအပ်သည်ကို ခံယူထိုက်ခြင်း ဧည့်သည်တို့အား ရည်မှန်းထား သည်ကို ခံယူထိုက်ခြင်းဖြစ်၍ ထူးမြတ်သော ပူဇော်အပ်သည်လည်း မည်၏။ သုယိဋ္ဌ၊ ကြီးစွာသော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သည်လည်းမည်၏။ သံဃဂတာ၊ သံဃာ၏ထံမှောက်သို့ ရောက်သော။ ပတိဋ္ဌိတာ၊ သံဃာ၌တည်သော။ သာ ဒက္ခိဏာ၊ ထိုမြတ်သောအလှူကို။ မဟပ္ဖလာ၊ များမြတ်သော အကျိုးရှိ၏ဟူ၍။ လောကဝိဒူနံ၊ လောကသုံးပါးကို ပိုင်းခြားသိမြင် ဘုရားရှင်တို့သည်။ ဝဏ္ဏိတာ၊ ချီးမွမ်းတော်မူအပ်လေကုန်သတည်း။

၆၄၅။ စတာဒိသံ ယညမနုဿရန္ဓာ၊ ယေ ဒေဝစာတာ ဝိစရန္တိ လောကေ၊ ဝိနေယျ မစ္ဆေရမလံ သမူလံ၊ အနိန္ဒိတာ သဂ္ဂမုပေန္တိ ဌာနံ။

၆၄၅။ လောကေ၊ ကာမ ရူပ အရူပဟူသော သုံးလောကဌ်။ ယေ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ဝေဒစာတာ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်လျက်။ စတာဒိသံ၊ ဤသို့ သံဃာကို ရည်မှန်းလျက် လှူဒါန်းအပ်သော သဘော ရှိသော။ ယညံ၊ မြတ်ကောင်းမှုကို။ အနုဿရန္ဓာ၊ အဖန်တလဲလဲ အောက်မေ့ကြကုန်သည်ဖြစ်၍။ ဝိစရန္တိ၊ လှည့်လည်သွားလာလျက် နေကြကုန်၏။ တေ၊ ထိုသူတော်စင်တို့သည်။ သမူလံ၊ အရင်းမူလနှင့်တကွသော။ မစ္ဆေရမလံ၊ နှမြောဝန်တိုမှုတည်းဟူသော အညစ်အကြေးကို။ ဝိနေယျ၊ ပယ်ဖျောက်ကုန်လျက်။ အနိန္ဒိတာ၊ ရှေ့နောက်သိမြင် ပညာရှင်တို့ အကဲ့ရဲ့မခံရကုန်ဘဲ။ သဂ္ဂံ ဌာနံ၊ သူမြတ်အများတို့ ပျော်ပါးရာမှန် နတ်ပြည်ဟူသော ဘုံရပ်ဌာန်သို့။ ဥပေန္တိ၊ ကပ်ရောက်ကြရကုန်သတည်း။

ဤဖြစ်ပျက်ပုံ အကြောင်းစုံကို အရှင်သိကြားမင်းသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လျှောက်ကြား၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည်လည်း တစ်ဖန် ဘုရားရှင်အား လျှောက်ကြားပြန်၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အား ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ထိုဒေသနာတော်သည် ရောက်လာသော ပရိသတ်အား အကျိုးတရား များပြားသည် ဖြစ်လေ၏။

ဒဒ္ဒလ္လဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ ပေသဝတီဝိမာနဝတ္ထု

အရှင်သာရိပုတ္တရာ၏ ရုပ်ကလာပ်တော်အား ပန်းတို့ဖြင့် ပူဇော်ခဲ့ခြင်းကြောင့် ပန်းသစ်ပင် အစုံအလင်တို့ဖြင့် ဝန်းရံသော ဗိမာန်၌ ချမ်းသာစွာ စံစားရသော ပေသဝတီနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ သီတင်းသုံးတော်မူစဉ် မဂဓတိုင်း နာလကမည်သောရွာ၌ တစ်ဦးသော သူကြွယ်မျိုးဝယ် ပေသဝတီမည်သော ချွေးမတစ်ယောက်သည် ရှိ၏။

ပေသဝတီသည် ကဿပဘုရားရှင်၏ လက်ထက်တော်အခါ၌ ကဿပဘုရားရှင်၏ ဓာတ်တော် မွေတော်တို့ကို ဌာပနာရန် တစ်ယူဇနာရှိသော ရွှေစေတီကြီး တည်ထားပြုလုပ်သောအခါတွင် ပါဝင်ခဲ့သော အမျိုးသမီးဖြစ်သည်။ မိခင်နှင့်အတူ စေတီတော်ကြီး တည်ထားပြုလုပ်ရာ ဌာနသို့ သွားရောက်၍ "မိခင်၊ ဤသူတို့သည် ဘာကိုပြုလုပ်ကြပါကုန်သနည်း" ဟု မိခင်ကို မေးမြန်းလေ၏။ မိခင်သည် "ချစ်သမီး၊ ဤသူတို့သည် စေတီတော် ပြုလုပ်ခြင်းငှာ ရွှေအုတ်များ ပြုလုပ်ကြကုန်၏" ဟု ပြောဆို၏။ ထိုစကားကိုကြားသော် သူငယ်မသည် ပါရမီကြီးမားသူ ကြည်ညိုသော စိတ်ထားရှိသည်ဖြစ်၍ "မိခင်၊ အကျွန်ုပ်၏လည်၌ ဝတ်ဆင်လျက်ရှိသည့် ရွှေဖြင့် ပြုလုပ်ထားသော ဤလည်ဆွဲတန်ဆာကလေး ရှိပါ၏၊ ဤလည်ဆွဲတန်ဆာကလေးကို စေတီတော် ပြုလုပ်ပြီးစီးရန် အကျွန်ုပ် လှူဒါန်းလိုပါ၏" ဟု ပန်ကြားပြောဆိုလေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

မိခင်ကလည်း "ချစ်သမီး ကောင်းပြီ၊ လှူဒါန်းလော့" ဟု ပြောဆိုခွင့်ပြုလေလျှင် ထိုလည်ဆွဲတန်ဆာကို လည်ပင်းမှဖြုတ်၍ "ဤသူငယ်မသည် ဤလည်ဆွဲတန်ဆာကို စွန့်လွှတ်လှူဒါန်းအပ်ပါ၏၊ ဤလည်ဆွဲတန်ဆာကလေးကို လည်း ထည့်၍ ရွှေအုတ်ပြုလုပ်ပါလော့" ဟု ပြောဆိုကာ ရွှေပန်းတိမ်သည် ဆရာ၏လက်၌ အပ်၍ လှူဒါန်းလိုက်လေ၏။ ရွှေပန်းတိမ်သည် ဆရာသည်လည်း ထိုသူငယ်မ ပြောကြားသည့်အတိုင်း ရောရော၍ ရွှေအုတ်ပြုလုပ်လိုက်လေ၏။

http://www.dhammadownload.com

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုသူငယ်မသည် နောင်အခါ ကွယ်လွန်သော် ရွှေလည်ဆွဲတန်ဆာကလေး လှူဒါန်းခဲ့ရသော ကောင်းမှုကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်၍ ကောင်းမြတ်သော သုဂတိဘုံဘဝ၌သာလျှင် အဖန်ဖန် ကျင်လည်ခဲ့ရ၏။ ဂေါတမမြတ်ဘုရား ထင်ရှားပွင့်တော်မူသောအခါ မဂဓတိုင်း နာလကရွာ၌ လူဖြစ်လာ၍ အစဉ်သဖြင့် တစ်ဆယ့်နှစ်နှစ်အရွယ်သို့ ရောက်လေ၏။

တစ်နေ့သ၌ မိခင်က ဆီဝယ်ရန် စေလွှတ်၍ ဆီဖိုးကိုယူပြီး ထိုသူငယ်မလေး ဈေးသို့သွားလေ၏။ ဈေး၌ သူကြွယ်သားတစ်ယောက်သည် မိမိဖခင် စုဆောင်းသိမ်းဆည်းထားသော ငွေ ရွှေ ပုလဲ ပတ္တမြားရတနာတို့ကို ယူဆောင်လာခဲ့သည်။ ဆိုင်ရှင်သူကြွယ်၏ အကုသိုလ်ကံကြောင့် သူယူလာသော ရတနာတို့ အိုးခြမ်းကွဲ ကျောက်ခဲ ကျောက်စရစ်အသွင် ဖြစ်ကုန်ကြသည်။ ထို့ကြောင့် "ငွေ ရွှေ စသော ရတနာတို့ကို ခံယူသုံးဆောင်ထိုက်သူတို့ ရှိခဲ့လျှင် ထိုသူတို့၏ အစွမ်းအားဖြင့် အိုးခြမ်းကွဲ ကျောက်ခဲ ကျောက်စရစ်တို့သည် တစ်ဖန် ငွေ ရွှေ ရတနာ စသည်တို့ ပြန်ဖြစ်လတ္တံ့" ဟု ကြံ၍ ထိုရတနာများမှ တချို့တစ်ဝက်ကိုယူ၍ စုပုံထားလေ၏။

ဈေးဝယ်လာသည့် သူငယ်မသည် ဆိုင်ရှင်သူကြွယ်ကို တွေ့မြင်၍ "ငွေ ရွှေ ပုလဲ ပတ္တမြား ရတနာများကို အဘယ့်ကြောင့် ဤကဲ့သို့ ပေါ့ပေါ့ဆဆ ထားရသနည်း၊ ကောင်းစွာ သိမ်းသိမ်းဆည်း၍ ထားသင့်သည် မဟုတ်ပါလော" ဟု ပြောဆိုလေ၏။

ဘုန်းရှင် ကံရှင် သူငယ်မ

ဆိုင်ရှင်သူကြွယ်သည် သူငယ်မ ပြောဆိုသောစကားကို ကြား၍ "ဤသူငယ်မသည်ကား ဘုန်းကံကြီးမား၏၊ သူ၏ ဘုန်းကံအစွမ်းအားဖြင့် အိုးခြမ်းကွဲ ကျောက်ခဲ ကျောက်စရာဖြစ်နေသော ငွေ ရွှေ ပုလဲ ပတ္တမြားရတနာများ တစ်ဖန် ပြန်၍ ရတနာများဖြစ်ကာ ငါတို့နှင့် မကွေမကွာ ငါတို့ဥစ္စာအဖြစ်သို့ ပြန်၍ရောက်ရအံ့၊ ထိုသူငယ်မကို စောင့်ရှောက်ထောက်ပံ့ထားမည်" ဟု ကြံပြီးလျှင် သူငယ်မ၏ မိခင်ထံသို့သွား၍ "သူငယ်မကို အကျွန်ုပ်တို့၏ သားနှင့် လက်ဆက်ရန် ပေးပါ" ဟု တောင်းသည်။ များစွာသော ပစ္စည်းဥစ္စာကို ပေးကမ်းလျက် လက်ထပ်ထိမ်းမြားကာ အိမ်သို့ ခေါ်ဆောင်၍ထားလေ၏။

http://www.dhammadownload.com

ဘုန်းကံရှိသူထံ ရတနာပစ္စည်းများ အပ်နှံပြီ

များမကြာမီ သူငယ်မ၏ ကိုယ်ကျင့်သီလကို သိရလေလျှင် ဥစ္စာထားရာ ဘဏ္ဍာတိုက်ခန်းကို ဖွင့်၍ "ဤတိုက်ခန်းအတွင်း၌ အဘယ်အရာကို မြင်သနည်း" ဟု မေးမြန်းသည်။ သူငယ်မက "ငွေ ရွှေ ပုလဲ ပတ္တမြားပုံကြီးကို မြင်ပါ၏" ဟု ပြောသည်။ သူကြွယ်သည် "ချစ်သမီး၊ ဤပစ္စည်းဥစ္စာ ရတနာတို့သည် ငါတို့၏ အကုသိုလ်ကံကြောင့် ကွယ်ပျောက်ကာ ကျောက်စရစ် စသည်တို့သာ ဖြစ်၍ နေကုန်၏၊ ချစ်သမီး၏ ဘုန်းကံအထူးကြောင့် တစ်ဖန် ထူးခြားစွာ ရတနာများ ဖြစ်၍လာရ၏၊ ထိုကြောင့် ယခုအချိန်မှစ၍ ဤအိမ်၌ ရှိရှိသမျှ ပစ္စည်းဥစ္စာ အဖြာဖြာကို သင်ချစ်သမီးသည်သာ စီမံပါ၊ သင်ချစ်သမီးက ပေးသမျှကိုသာ ငါတို့ စားသောက်သုံးဆောင်မှုကို ပြုပါတော့မည်" ဟု ပြောဆိုကြကုန်၏။

မယ်တော်ကို ကျေးဇူးဆပ်ခြင်း

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် မိမိ၏ "အသက်ကို ပြုပြင်တတ်သော အင်အား (အာယုသင်္ခါရ)" ကို ရှုဆင်ခြင်လတ်သော် အာယုသင်္ခါရတို့၏ ကုန်ခန်းခြင်းရှိသည်၏ အဖြစ်ကို သိမြင်တော်မူ၍ "ငါ၏ မယ်တော်ဖြစ်ပေသော ရူပသာရီပုဏ္ဏားမ၏ "မွေးကျေးဇူး" ကို ပေးဆပ်ပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံတော့အံ့" ဟု ကြံစည်တော်မူလျက် ဘုရားရှင်ကို ချဉ်းကပ်ခစား အပါးသို့ဝင်၍ ပရိနိဗ္ဗာန် ဝင်စံခြင်းအမှုကို ခွင့်ပြုစေပြီးလျှင် ဘုရားရှင်၏ အမိန့်အာဏာတော်ဖြင့် ကြီးစွာသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ များလှစွာသော ချီးကျူးခြင်းကြီးတို့ဖြင့် ဘုရားရှင်က ချီးကျူးကာ ဘုရားရှင် မြင်လောက်ရာကို လွန်မြောက်သည်တိုင် အောင် ရှေးရှုတူရှု မျက်နှာမူလျက်သာ ဖဲခွာတော်မူလျက် တစ်ဖန် ရှိခိုးပြီးလျှင် ရဟန်းသံဃာအပေါင်း ခြံရံလျက် ကျောင်းတော်မှ ထွက်တော်မူသည်။ ထို့နောက် ရဟန်းသံဃာအပေါင်းအား သြဝါဒပေးတော်မူပြီးလျှင် အရှင်အာနန္ဒာကို နှစ်သိမ့်စေ၍ ထွက်ခွာကြွသွားတော်မူသည်။ နာလကရွာသို့ရောက်၍ မယ်တော် ရူပသာရီပုဏ္ဏားမကြီးကို သောတာပတ္တိဖိုလ်၌ တည်စေကာ နံနက်မိုးသောက်ထအခါ ဖွားတော်မူရာ တိုက်ခန်း၌သာလျှင် ပရိနိဗ္ဗာန် စံဝင်တော်မူလေ၏။

ပရိနိဗ္ဗာန် ဝင်စံတော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အလောင်းတော်ကို လူ နတ် ဗြဟ္မာတို့သည် အကျော် စန္ဒကူးနံ့သာ စသည်တို့ဖြင့် သင်္ကြိုဟ်ရန် အတောင်တစ်ရာ မြင့်လှစွာသော ထင်းပုံကြီးကို ပြုကြကုန်၏။

http://www.dhammadownload.com

ပေသဝတီသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ် ပရိနိဗ္ဗာန် ဝင်စံကြောင်းကို ကြားသိ၍ "သွား၍ပူဇော်အံ့" ဟု ရွှေပန်းခိုင် နံ့သာအမျိုးမျိုးတို့ ထည့်ထားသော ပန်းကလာပ်ကို ယူစေရန် ပြင်ဆင်သည်။ ယောကျ္ဍမကြီးကို သွားခွင့်ပြုရန် ပန်ကြားရာ ယောကျ္ဍမကြီးက "ချစ်သမီး၊ အရှင်သာရိပုတ္တရာ၏ အလောင်းတော်ပူဇော်ပွဲ၌ ပရိသတ်များ အလွန်စည်ကားပေါများသည်၊ ထို့ကြောင့် ပန်းနံ့သာတို့ကို ပို့လျှစေကာ အိမ်၌သာနေပါ" ဟု ပြောဆိုတောင်းပန်ကြ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ယောကျ္ဍမကြီးက တောင်းပန်ပြောဆိုပါသော်လည်း ကြည်ညိုခြင်း သဒ္ဓါတရား အလွန်ဖြစ်ပွားနေရကား အလောင်းတော်ကို ပူဇော်သင်္ဂြိဟ်ပွဲ၌ အကျွန်ုပ်၏အသက် သေလိုကလည်း သေပါစေ၊ သွားပြီး ပူဇော်သက္ကာရကိုမူ ပြုမည်" ဟု ဆုံးဖြတ်လျက် နောက်ပါ အခြံအရံတို့နှင့်တကွ အလောင်းတော်ပူဇော်ပွဲကို သွားလျက် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လေ၏။

လူအုပ်နှင်းမိ၍ ပေသဝတီ ကွယ်လွန်ပြီ

အရှင်သာရိပုတ္တရာ၏ အလောင်းတော်ကို ပူဇော်ရန်လာသူ မင်းချင်းယောကျ်ားတို့ ဆင်သည် အမုန်ယစ်ကာ လွတ်လာပြီးလျှင် လူပရိသတ် ထူထပ်သောနေရာသို့ ရောက်လာသည်။ ကြောက်ရွံ့ကြသောကြောင့် အခြားသူတို့ ပြေးလွှားကြကုန်၏။ လူအများ တိုးဝှေ့သဖြင့် ပေသဝတီသည် လဲကျကာ လူအုပ်နှင်းမိ၍ ကွယ်လွန်ရှာသည်။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ပေသဝတီသည် မထေရ်မြတ်၏ အလောင်းတော်ကို ပူဇော်ရင်း ကွယ်လွန်ခဲ့သောကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်ထောင် အခြံအရံရှိသော နတ်သမီးဖြစ်လေ၏။

ထိုနတ်သမီးက "ငါသည် အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုခဲ့သောကြောင့် ဤနတ်ချမ်းသာကို ရရှိခံစားရပါသနည်း" ဟု အကြောင်းကို စူးစမ်းဆင်ခြင်လတ်သော် မထေရ်မြတ်ကို ရည်မှန်၍ ပြုလုပ်အပ်သော ပူဇော်သက္ကာရကောင်းမှုအဝဝကို မြင်တွေ့ရသည်။ ထို့ကြောင့် ရတနာသုံးပါး၌ အတိုင်းထက်

http://www.dhammadownload.com

အလွန် မွန်မြတ်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားရှင်ကို ရှိခိုးကန်တော့ရန် နတ်သမီးတစ်ထောင် ခြံရံလျက် နတ်တို့၏တန်ခိုးဖြင့် လရောင် နေရောင်တို့ကဲ့သို့ အရပ်ဆယ်မျက်နှာလုံးသို့ ထွန်းလင်းတောက်ပစေပြီးလျှင် မိမိဗိမာန်နှင့်တကွ လာ၍ ဘုရားရှင်ကို လက်အုပ်မြှောက်ချီ ရပ်တည်၍နေလေ၏။

အရှင်ဝဏ္ဏီသမထေရ် မေးမြန်းတော်မူခြင်း

ကဗျာဗန္ဓ ဖွဲ့စပ်ခြင်းအရာ၌ စတဒဂ်ရတော်မူသော အရှင်ဝဏ္ဏီသမထေရ်သည် ဘုရားရှင်၏ အနီးအပါး၌နေလျက် ဘုန်းတော်ကြီးမြတ်တော်မူလှသော အရှင်ဘုရား၊ ဤနတ်သမီး ပြုအပ်ခဲ့သော ကောင်းမှုကုသိုလ်ကို မေးမြန်းခွင့်ပြုပါဟု ဘုရားရှင်ကို လျှောက်ထားလေ၏၊ ဘုရားရှင်က "ချစ်သား ဝဏ္ဏီသ၊ မေးမြန်းလော့" ဟု မိန့်တော်မူလေလျှင် အရှင်ဝဏ္ဏီသမထေရ်သည် ထိုနတ်သမီး ပြုအပ်ခဲ့သော ကောင်းမှုကုသိုလ်ကို မေးမြန်းလို၍ ရွေးဉီးစွာ ပေသဝတီနတ်သမီး၏ ဗိမာန်ကို ဤသို့ ချီးမွမ်းလေ၏။

ဖဂ္ဂဖ။ ဖလိကရဇတဟောမဇာလဆန္နံ၊
ဝိဝိဓစိတြ္တတလမဒ္ဒသံ သုရမ္မံ။
ဗျမ့် သုနိမ္မိတံ တောရဏ္ဏပပန္နံ၊
ရုစကုပ္ပကိဏ္ဏမိဒံ သုဘံ ဝိမာနံ။

ဖဂ္ဂဖ။ ဖလိကရဇတဟောမဇာလဆန္နံ၊ ဖန်ကျောက်တို့ဖြင့် ပြီးသောနံရံ ရွှေငွေကွန်ရက်တို့ဖြင့် ဖြန့်ကြက်ဖုံးလွှမ်းလျက် ထားအပ်သော။ ဝိဝိဓစိတြ္တတလံ၊ အထူးထူး အဖုံဖုံသော အရောင်အဆင်းရှိသည်ဖြစ်၍ ထွေထွေရာရာ ဆန်းကြယ်စွာသော နေရာအပြင်ရှိသော။ သုရမ္မံ၊ အလွန်တရာ မွေ့လျော်ဖွယ်ရာကောင်းသော။ သုနိမ္မိတံ၊ ရွေးကပြုလုပ်အပ်သည့် ကုသိုလ်ကံသည် စီမံဖန်ဆင်းအပ်သော။ တောရဏ္ဏပပန္နံ၊ ခြူးပန်းခြူးနွယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်စွာ ရုတနာခုနစ်ပါးတို့ဖြင့်ပြီးသော တံခါးမုခ်တိုင်နှင့် ပြည့်စုံသော။ ရုစကုပကိဏ္ဏံ၊ ငွေရောင်အဆင်း ဖြူဝင်းလှပသော သဲတို့ဖြင့် ဖြန့်ကြဲရောပြွမ်းနေသော။ သုဘံ၊ ကောင်းမြတ်တန်တယ် ရှုချင်ဖွယ်ရှိသော။ ဗျမ့်၊ ကြီးကျယ်လှသော။ ဣဒံ ဝိမာနံ၊ ဤဗိမာန်သာကို။ အဟံ၊ ငါသည်။ အဒ္ဒသံ၊ တွေ့မြင်ရပေ၏။

http://www.dhammadownload.com

၆၄၇။ ဘာတိ စ ဒဿ ဒိဿာ နဘေဝ သုရိယော၊
သရဒေ တမောနုဒေါ သဟဿရံသိ။
တထာ တပတိ မိဒံ တဝ ဝိမာနံ၊
ဇလမိဝ ဓူမသိခေါ နိသေ နဘဂ္ဂေ။

၆၄၇။ နဘော၊ အဇ္ဇောပြင် မိုးကောင်းကင်၌။ သရဒေ၊ မိုးလအဆုံး တန်ဆောင်မုန်းလ အခါသမယ၌။ တမောနုဒေါ၊ အမိုက်မှောင်မှုန်သမျှကို တွန်းလှန်ပယ်ဖျောက်တတ်သော။ သဟဿရံသိ၊ အထောင်မကသော ရောင်ခြည်ကိုဆောင်သော။ သူရိယော၊ ရှင်နေမင်းသည်။ ဒဿဒိဿာ၊ အရပ်ဆယ်မျက်နှာတို့၌။ ဘာတိ ဣဝ စ၊ ထွန်းလင်းတောက်ပသကဲ့သို့လည်းကောင်း။ နိသေ၊ ညဉ့်အခါ၌။ နဘဂ္ဂေ၊ အဇ္ဇောဝေဟင် မိုးကောင်းကင်ထက်၌။ ဇလံ၊ တောက်ပစွာသော။ ဓူမသိခေါ ဣဝ စ၊ မီးတောက် မီးလျှံကဲ့သို့လည်းကောင်း။ တထာ၊ ထိုနည်းအတူသာလျှင်။ တဝ၊ သင်နတ်သမီး၏။ ဣဒံ ဝိမာနံ၊ ဤဗိမာန်သည်။ တပတိ၊ တောက်ပပေ၏။

၆၄၈။ မုသတိဝ နယနံ သတေရတာဝ၊
အာကာသေ ဌပိတမိဒံ မနုညံ။
ဝိဇာမုရဇသမ္ဘတာဠုဃုဋ္ဌံ၊
ဣဒံ ဣန္ဒုပုရံ ယထာ တဓေဒံ။

၆၄၈။ သတေရတာဝ၊ လျှပ်စစ်လျှပ်ပန်းနွယ်ကဲ့သို့လည်းကောင်း။ နယနံ၊ ကြည့်ရှုသူတို့၏ မျက်လုံးကို။ မုသတိဝ၊ ကျိန်းစပ်စေကာ မိုက်ခနဲ ဖြစ်ပေါ်လာစေသကဲ့သို့လည်းကောင်း။ အာကာသေ၊ ကောင်းကင်ပြင်၌။ ဌပိတံ၊ တည်ထားအပ်သော။ ဣဒံ ဝိမာနံ၊ သင်နေထိုင်ရာ ဤဗိမာန်သာသည်။ မနုညံ၊ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေဘိ၏။ ဝိဇာမုရဇသမ္ဘတာဠုဃုဋ္ဌံ၊ စည် စောင်း ကြေးနင်း ခွက်ခွင်း လက်ခုပ်သံတို့ဖြင့် ဆူညံ၍နေသော။ တဝ၊ သင်နတ်သမီး၏။ ဣဒံ ဝိမာနံ၊ ဤဗိမာန်ကြီးသည်။ ဣန္ဒုပုရံ ယထာ၊ သိကြားမင်းစံရာ မဟာသုဒဿနမြို့တော်ပမာကဲ့သို့။ ဣဒံ၊ နတ်သမီး နတ်သား စည်းစိမ်ချမ်းသာ အများနှင့် ပြည့်စုံပေ၏။

၆၄၉။ ပဒုမကုမုဒုပ္ပလကုဝလယံ၊
ယောဓိကဗန္ဓုက'နောဇကော စ သန္တိ။

http://www.dhammadownload.com

သာလကုသုမိတပုပ္ဖိတာ အသောကာ၊
ဝိဝိဓဒုမဂ္ဂသုဂန္ဓသေဝိတမိဒံ။

၆၄၉။ ဣဒံ ဝိမာနံ၊ သင်နေထိုင်ရာ ဤဗိမာန်သာကြီးသည်။ ပဒုမကုမုဒုပ္ပလကုဝလယံ၊ ပဒုမာကြာ ကုမုဒြာ ကြာဖြူ ကြာနီ ကြာညိဟူသော ထိုထိုသော ကြာမျိုးစုံသည်လည်းကောင်း။ ယောဓိကဗန္ဓုက'နောဇကာ၊ ဇွန်ပန်း ခေါင်ရန်းပန်း လိပ်ဆူးရွေပန်းတို့သည်လည်းကောင်း။ သာလကုသုမိတပုပ္ဖိတာ၊ ပင်လုံးကျွတ်မျှ ပွင့်ကုန်ကြသော အင်ကြင်းပင်တို့သည်လည်းကောင်း။ အသောကာ၊ သော်ကပင်တို့သည်လည်းကောင်း။ သန္တိ၊ ထင်ရှားရှိပါကုန်၏။ ဝိဝိဓဒုမဂ္ဂသုဂန္ဓသေဝိတံ၊ အထူးထူး အဖုံဖုံ စုံလင်ကောင်းမြတ် နှစ်သက်ဖွယ်သော သစ်ပင်တို့၏ မွှေးကြိုင်လှစွာ ပန်းနံ့သာ အဖြာဖြာတို့ဖြင့် သင်းထုံကြိုင်လှိုင်ပေ၏။

၆၅၀။ သဠလလဗုဇဘုဇကသံယုတ္တာ၊
ကုသကသုဖုလ္လိတလတာဝလမ္ဗိနီဟိ။
မဏိဇာလသဒိသာ ယသသိနီ၊
ရမ္မာ ပေါက္ခရဏီ ဥပဋ္ဌိတာ တေ။

၆၅၀။ ယသသိနီ၊ အို ... နတ်သမီး။ တေ၊ သင်နတ်သမီး၏။ ဥပဋ္ဌိတာ၊ ဗိမာန်၏အနီး၌ တည်ရှိသော။ ရမ္မာ၊ နှလုံးမွေ့လျော်ဖွယ်ရာ ကောင်းလှသော။ ပေါက္ခရဏီ၊ တင့်တယ်လှစွာ ရေကန်သာသည်။ သဠလလဗုဇဘုဇကသံယုတ္တာ၊ ထင်းရူးပင် တောင်ပိန္နဲပင် အလွန်လျင် မွှေးကြိုင်သည့် ဘုဇကပင်တို့နှင့်လည်းယှဉ်၏။ ကုသကသုဖုလ္လိတလတာဝလမ္ဗိနီဟိ၊ ထန်းအုန်းပင် စသော မြက်မျိုး, ကောင်းစွာပွင့်ဆဲ တွဲရရွဲကျသော နွယ်မျိုးတို့နှင့်လည်း ယှဉ်၏။ မဏိဇာလ သဒိသာ၊ မြကွန်ရက်ပမာ အေးမြကြည်လင်လှစွာသော ရေလည်းရှိပေ၏။

၆၅၁။ ဥဒကရုဟာ စ ယေ'တ္ထ ပုပ္ဖဇာတာ၊
ထလဇာ ယေ စ သန္တိ ရုက္ခဇာတာ။
မာနုသကာ'မာနုသကာ စ ဒိဗ္ဗာ၊
သဗ္ဗေ တုယ္ဟံ နိဝေသနမိဒံ ဇာတာ။

၆၅၁။ ဥဒကရုဟာ၊ ရေ၌ ပေါက်ပွားရေ၌ ကြီးမားကြကုန်သော။ ပုပ္ဖဇာတာ၊ အပွင့်မျိုး ဖြစ်ကြကုန်သော။ ပဒုမာကြာ စစွာဖုံဖုံ အကြင် ရေပန်းပင်၌

http://www.dhammadownload.com

တို့သည်လည်းကောင်း။ ထလဏာ၊ ကြည်းကုန်းထက်၌ ပေါက်ပွားကြကုန်သော။ ရက္ခဏာတာ၊ သီးပွင့်ဖုံဖုံ အပင်မျိုး ဖြစ်ကြကုန်သော။ ယေစ၊ အကြင် သစ်ပင်တို့သည်လည်းကောင်း။ မာနုဿကာ စ၊ လူ့ဘုံဌာန၌ ရှိကြသည်လည်း ဖြစ်ကုန်သော။ အမာနုဿကာ စ၊ လူ့ဘုံဌာန၌ မရှိကြသည်လည်း ဖြစ်ကုန်သော။ ယေစ၊ အကြင် သစ်ပင်တို့သည်လည်းကောင်း။ ဒိဗ္ဗာ၊ နတ်ပြည်၌ ဖြစ်ကြကုန်သော။ ယေ စ၊ အကြင် သစ်ပင်တို့သည်လည်းကောင်း။ အတ္ထိ သန္တိ၊ ထင်ရှားရှိကြကုန်၏။ သဗ္ဗေ၊ ဆိုခဲ့ပြီးတဲ့ အလုံးစုံကုန်သော။ တေ၊ ထိုသစ်ပင်မှန်သမျှတို့သည်။ တုယ္ဟံ၊ သင်နတ်သမီး၏။ နိဝေသနမ္ပိ၊ နတ်တို့နေရာ ဘုံခန်းဝါ၏အနီး၌။ ဇာတာ၊ ပေါက်ရောက်ကြပေကုန်၏။

၆၅၂။ ကိဿ သံယမဒမဿယံ ဝိပါကော၊
ကေနာသိ ကမ္မဖလေနိဒ္ဓူပပန္နာ။
ယထာ စ တေ အဓိကတမိဒံ ဝိမာနံ၊
တဒနုပဒံ အဝစာသိဒ္ဓာရုပမေ့။

၆၅၂။ အဒ္ဓာရုပမေ့၊ ကော့သောမျက်တောင်ရှိသော အို ... နတ်သမီး။ အယံ ဝိပါကော၊ ဤကြီးမားလှသော အကျိုးတရားသည်။ ကိဿ သံယမဒမဿ၊ အဘယ်သို့သော စောင့်သုံးခြင်း၊ အဘယ်သို့သော ဣန္ဒြေကို ဆုံးမခြင်း၏။ ဝိပါကော၊ အကျိုးထူးတရားပါနည်း။ ကေန ကမ္မဖလေန၊ အဘယ်သို့ ပြုလုပ်အပ်သောကံ၏ အစွမ်းအားဖြင့်။ တွံ၊ သင်နတ်သမီးသည်။ ဣဒံ၊ ဤဗိမာန်၌။ ဥပပန္နာ၊ ကပ်ရောက်ကာ ဖြစ်လာရသည်။ အသိ၊ ဖြစ်ပါသနည်း။ ယထာ ယေန ကမ္မေန၊ အကြင် ကောင်းမှုကံကြောင့်။ တေ တယာ၊ သင်သည်။ ဣဒံ ဝိမာနံ၊ ဤဗိမာန်ကို။ အဓိဂတံ၊ ကောင်းစွာမသွေ ရအပ်ပေ၏။ တဒနုပဒံ၊ ငါမေးမြန်းအပ်သည် အားလျော်စွာ ပြုလုပ်ခဲ့သော ထိုကောင်းမှုကံ အဖြာဖြာကို။ အာဝစာသိ၊ ဖြေကြားပါလော့။ ဣတိ၊ ဤသို့။ အာယသ္မာဝံဂီသော၊ အရှင်ဝံဂီသသည်။ ပုစ္ဆိ၊ မေးမြန်းလေ၏။

ထိုသို့ အရှင်ဝံဂီသမထေရ် မေးမြန်းတော်မူသောအခါ ပေသဝတီနတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၆၅၃။ ယထာ စ မေ အဓိဂတမိဒံ ဝိမာနံ၊
ကောဋ္ဌမယူရစကောရသံယစရိတံ။

http://www.dhammadownload.com

ဒိဗ္ဗပိလဝဟံသရာဇစိတ္တော်၊
ဒိဇကာရဏ္ဍဝကောကိလာဘိနဒိတံ။

၆၅၃။ ဘန္တေ၊ အရှင်ဝဠီသဘုရား။ ယထာ ယေန ကမ္မေန စ၊ အကြင် ကောင်းမှုကံကြောင့်လည်း။ ကောဌ္ဌမယူရစကောရဝသဒိသစရိတံ၊ ကြိုးကြာ ဥဒေါင်း ဇင်ယော်ငှက် အပေါင်းတို့၏ ငြိမ့်ညောင်းသာယာ သွားလာကျက်စားရာဖြစ်သော။ ဒိဗ္ဗပိလဝဟံသရာဇစိတ္တော်၊ ရေပေါ်၌ သွားလာသည့် ရေပေါ်ငှက် ဟသံငှက်မင်းတို့ သည် ထိုထိုအရပ်၌နှစ်၌ အမြဲမကွာ လှည့်လည်ကျက်စားရာဖြစ်သော။ ဒိဇကာရဏ္ဍဝကောကိလာဘိနဒိတံ၊ ကာရဏ္ဍဝ အမည်ရသော စစ္စလီငှက် ဥဩငှက်တို့၏ နာပျော်သာယာစွာ မြည်တွန်ရာဖြစ်သော။ ဣဒံ ဝိမာနံ၊ ဤဗိမာန်ကြီးကို။ မေ မယာ၊ ပေသဝတီမည်ခေါ် တပည့်တော်သည်။ အဓိဂတံ၊ ကောင်းမြတ်လှစွာ ရအပ်ပါ၏ အရှင်ဘုရား။

၆၅၄။ နာနာသန္တာနကပုပ္ဖရုက္ခဝိဝိဓာ၊
ပါဠလိဓမ္မုအသောကရုက္ခဝန္တံ။
ယထာ စ မေ အဓိဂတမိဒံ ဝိမာနံ၊
တံ တော ပဝေဒယာမိ သုဏောဟိ ဘန္တေ။

၆၅၄။ ယထာ ယေန ကမ္မေန စ၊ အကြင် ကောင်းမှုကံကြောင့်လည်း။ နာနာသန္တာနကပုပ္ဖရုက္ခဝိဝိဓာ၊ အထူးထူး အဖုံဖုံ နှစ်သက်ဖွယ်ရာစုံသည့် အကိုင်း အခက်တို့ဖြင့် ဖွဲ့ယှက်ဆန်းကြယ် တင့်တယ်သာယာလှသော။ ပါဠလိဓမ္မုအသောက ရုက္ခဝန္တံ၊ သစ္စတ်ပင် သပြေပင် သော်ကပင်တို့ ဝန်းရံပတ်လည် တည်လျက်ရှိသော။ ဣဒံ ဝိမာနံ၊ ဤဗိမာန်ကြီးကို။ မေ မယာ၊ တပည့်တော် ပေသဝတီသည်။ အဓိဂတံ၊ ရအပ်ပါ၏ဘုရား။ ဘန္တေ၊ အရှင်ဝဠီသဘုရား။ တံ၊ ထိုဘုံဗိမာန်ကြီးကို ရဲခြင်း၏အကြောင်း ကုသိုလ်ကောင်းမှုကို။ တော၊ အရှင်ဘုရားအား။ ပဝေဒယာမိ၊ လျှောက်ကြားပါအံ့။ တံ့၊ အရှင်ဘုရားသည်။ သုဏောဟိ၊ နာကြားတော်မူပါ အရှင်ဘုရား။

၆၅၅။ မဂဓဝရပုရတ္ထိမေန၊
နာဠကဂါမော နာမ အတ္ထိ ဘန္တေ။

http://www.dhammadownload.com

တတ္ထ အဟောသိ ပုရေ သုဏိသာ၊
ပေသဝတီတိ တတ္ထ ဇာနိံသု မံ။

၆၅၅။ ဘန္တေ၊ အရှင်ဝဠီသဘုရား။ မဂဓဝရပုရတ္ထိမေန၊ မဂဓတိုင်းမြတ်၏ အရှေ့မျက်နှာအရပ်၌။ နာဠကဂါမော နာမ၊ နာဠကမည်သော ရွာသည်။ အတ္ထိ၊ ရှိပါ၏။ တတ္ထ၊ ထိုနာဠကမည်ရွာ၌။ ပုရေ၊ ရှေးဘဝတွင် လူဖြစ်စဉ်အခါက။ သုဏိသာ၊ သူကြွယ်တစ်ဦး၏ ချွေးမသည်။ အဟောသိ၊ ဖြစ်ပါခဲ့၏။ တတ္ထ၊ ထို နာဠကရွာ၌။ မံ၊ တပည့်တော်ကို။ ပေသဝတီတိ၊ ပေသဝတီဟူ၍။ ဇာနိံသု၊ သိရှိကြပါကုန်၏ အရှင်ဘုရား။

၆၅၆။ သာဟမပစိတတ္ထဓမ္မကုသလံ၊
ဒေဝမနုဿပူဇိတံ မဟန္တံ။
ဥပတိဿံ နိဗ္ဗုတမပ္ပမေယျံ၊
မုဒိတမနာ ကုသုမေဟိ အစ္ဆကိရိံ။

၆၅၆။ ဘန္တေ၊ အရှင်မြတ်ဘုရား။ သာ အဟံ၊ ပေသဝတီခေါ် ထိုတပည့်တော်သည်။ အပစိတတ္ထဓမ္မကုသလံ၊ ဆည်းပူးရရှိတော်မူသည့် နိဗ္ဗာန်တရား၊ ထိုမှတစ်ပါးသော အကျိုးအကြောင်းတရားတို့၌ လိမ္မာမြင်သိတော်မူသော။ ဒေဝမနုဿပူဇိတံ၊ ဗြဟ္မာ နတ် လူ ခပ်သိမ်းသူတို့ ပူဇော်အပ်သော။ မဟန္တံ၊ ကြီးမားသော ဂုဏ်ကျေးဇူးရှိတော်မူသော။ အပ္ပမေယျံ၊ မနှိုင်းယှဉ်အပ်သော ဂုဏ်ရှိတော်မူသော။ နိဗ္ဗုတံ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူသော။ ဥပတိဿံ၊ ငယ်မည်အားဖြင့် ဥပတိဿခေါ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ အလောင်းတော်ကို။ မုဒိတမနာ၊ ဝမ်းမြောက်ကြည်ညိုစွာသော စိတ်ရှိသည်ဖြစ်၍။ ကုသုမေဟိ၊ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသောပန်း ပကတိသောပန်း အမျိုးမျိုးတို့ဖြင့်။ အစ္ဆကိရိံ၊ ကြဲဖြန့်ပူဇော်ခဲ့ပါ၏ အရှင်ဘုရား။

၆၅၇။ ပရမဂတီဂတဿ ပူဇယိတ္ထာ၊
အန္တိမဒေဟရံ ဣဿိ ဥဠာရံ။
ပဟာယ မာနုသကံ သမုဿယံ၊
တိဒသဂတာ ဣမ မာဝသာမိ ဌာနံ။

http://www.dhammadownload.com

၆၅၇။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ပရမဂတိဂတံ၊ အလွန်မြင့်မြတ်သော အနုပါဒိသေသ နိဗ္ဗာန်သို့ ကြွသွားတော်မူသော။ အန္တိမဒေဟဓရံ၊ အဆုံးစွန်သော အတ္တဘောကို ဆောင်တော်မူသော။ ဥဠာရံ၊ ပြန့်ပြောသော ကျေးဇူးဂုဏ်ရှိတော်မူသော။ ဣသိံ၊ ဣသိနွယ်ဝင် အရှင်သာရိပုတ္တရာ၏ အလောင်းတော်ကို။ ပူဇယိတ္ထာ၊ နောက်ဆုံးပူဇော်ခြင်းကြောင့်။ အဟံ၊ တပည့်တော်သည်။ မာနုသကံ၊ လူဥဖြစ်သော။ သမုဿယံ၊ ခန္ဓာကိုယ်ကို။ ပဟာယ၊ ပယ်စွန့်ခဲ့၍။ တိဒသဂတော၊ တာဝတိံသာ နတ်ပြည်သို့ရောက်၍။ ဣဓ၊ ဤတာဝတိံသာနတ်ပြည်၌။ ဌာနံ ဣမံ ဝိမာနံ၊ ဤဗိမာန်နန်းကို။ အာဝသာမိ၊ အုပ်စိုးနေရပါ၏ အရှင်ဘုရား။

ဤသို့ အရှင်ဝဂီသမထေရ် ပြောကြားအပ်သော စကားအစဉ်ကို ဘုရားရှင်သည် အကျယ်အားဖြင့် ချဲ့ထွင်တော်မူကာ ရောက်လာသော ပရိသတ်အား ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူလေ၏။ ထိုဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်သည် များစွာသော လူအပေါင်းအား အကျိုးတရား များပြားသည် ဖြစ်လေ၏။

ပေသဝတိဝိမာနဝတ္ထု ပြီး၏။

၈။ မလ္လိကာဝိမာနဝတ္ထု

ပရိနိဗ္ဗာန် စံတော်မူသော ဘုရားရှင်အား ရွှေ ငွေ ပတ္တမြား မုလဲ တို့ဖြင့် စီခြယ်အပ်သော မဟာလတာအဝတ်တန်ဆာကြီးဖြင့် ပူဇော်ခဲ့သောကြောင့် ရတနာအမျိုးမျိုး ဝတ်ဆင်ကာ တူရိယာအသံထွက်သော ပန်းကုံးတို့ဖြင့် ရှုမဆုံးအောင် ခံစားနေရသော မလ္လိကာနတ်သမီး။

သဗ္ဗညုဘုရားရှင်သည် ဘုရားဖြစ်တော်မူလျှင် ပထမဦးဆုံး ဓမ္မစကြာတရား ဒေသနာတော်ကို ဟောကြားတော်မူသည်။ ပရိနိဗ္ဗာန်စံခါနီးတွင်မူ သုဘဒ္ဒပရိဗိုဇ်အား တရားဟောကြား ချေချွတ်တော်မူခြင်း စသော ဗုဒ္ဓကိစ္စအဝဝကို ပြုတော်မူသည်။ နောက်ဆုံး ကုသိနာရုံပြည်အကွေ့ (တောင်တံခါး) မလ္လာမင်းတို့၏ အင်ကြင်းတောဝယ် အင်ကြင်းပင်ပျိုတို့၏ အကြား ခင်းထားအပ်သော ညောင်

http://www.dhammadownload.com

စောင်းတော်၌ မြောက်အရပ်သို့ ဦးခေါင်းတော်ပြုကာ လျောင်းစက်တော်မူလျက် ကဆုန်လပြည့်နေ့နံနက် မိုးသောက်ထအခါ၌ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုဘုရားရှင်၏ သရီရဓာတ်တော်ဖြစ်သော ရုပ်ကလာပ်အလောင်းတော်ကို နတ်လူအဖေါင်းတို့ ပူဇော်ပွဲ ပြုလုပ်ကြသောအခါ ကုသိနာရံပြည်၌နေသော ဗန္ဓုလမည်သော မလ္လမင်း၏ မိဖုရား၊ မလ္လမင်း၏သမီး ရတနာသုံးပါး၌ သက်ဝင်ယုံကြည်သော မလ္လိကာဥပါသိကာမသည် မိမိဝတ်ရုံရသော မဟာလတာတန်ဆာကို နံ့သာရေဖြင့် ဆေးကြောဖွပ်လျှော်၍ ဘွဲ့ဖြူပုဆိုး 'ခေါင်းခုအဝတ်' ဖြင့် ပွတ်တိုက်ပြီးလျှင် စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်သည်။ ထို့နောက် အခြားများစွာသော နံ့သာပန်း စသည်ကို ယူဆောင်ကာ ဘုရားရှင်၏ သရီရဓာတ် အလောင်းတော်မြတ်ကို လှူဒါန်းပူဇော်လေ၏။

[ဤဝတ္ထုကြောင်းအကျယ်ကို လေ့လာသိရှိလိုပါက ဓမ္မပဒအဋ္ဌကထာ၌ ကြည့်ရှုတော်မူကြပါ။]

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

မလ္လိကာမိဖုရားသည် နောင်အခါ ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ မလ္လိကာနတ်သမီး ဖြစ်လေ၏။ ရတနာအသွယ်သွယ်တို့ဖြင့် စီခြယ်အပ်သော မဟာလတာတန်ဆာကို လှူဒါန်းပူဇော်ခဲ့သောကြောင့် ထိုမလ္လိကာနတ်သမီးသည် အခြားတစ်ပါးသော နတ်သမီးတို့ထက် ထူးခြားမွန်မြတ်လှစွာသော နတ်၏ချမ်းသာကို ရရှိစံစားရလေ၏။

မလ္လိကာနတ်သမီး၏ အဝတ်တန်ဆာနှင့် ဘုံဗိမာန်သည် သိင်္ဂီရွှေတို့ပမာ လွန်စွာထွန်းလင်း တောက်ပလျက် ဆေးဒန်းရွှေဝါတို့ သွန်းလောင်းအပ်သကဲ့သို့ ပြိုးပြိုးပြက်ပြက် ဖိတ်ဖိတ်လက်ကာ ဖြာထွက်၍နေကုန်၏။

အရှင်နာရဒမထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူလေလျှင် မလ္လိကာနတ်သမီးကို တွေ့မြင်တော်မူ၍ ဘုံဗိမာန်အနီးသို့ ကြွရောက် ချဉ်းကပ်တော်မူလေ၏။ ထိုမလ္လိကာနတ်သမီးသည် အရှင်နာရဒမထေရ်မြတ်ကို မြင်လေလျှင် ဘုံဗိမာန်မှ သက်ဆင်း၍ ရှိခိုးပြီးလျှင် လက်အုပ်ချီကာ ရပ်တည်လျက်

http://www.dhammadownload.com

နေလေ၏။ ထိုအခါ အရှင်နာရဒမထေရ်သည် မလ္လိကာနတ်သမီးကို ဤသို့ မေးမြန်းတော်မူလေ၏။

၆၅၈။ ပိတဝတ္ထေ ပိတဓေ၊ ပိတာလင်္ကာရဘူသိတေ၊
ပိတဉ္စ ရာဟိ ဝဂ္ဂူဟိ၊ အပိဋ္ဌန္နာဝ သောဘသိ။

၆၅၈။ ပိတဝတ္ထေ၊ ရွှေဝါရောင်အဆင်းရှိသော အဝတ်ကို ဝတ်ဆင်လျက် ရှိသော။ ပိတဓေ၊ ဗိမာန်တံခါး ရထားတို့၌ စိုက်ထားအပ်သော ရွှေဖြင့်ပြီးသည့် ကြိုးကျယ်ပြန့်ပြောလှစွာ ရွှေဝါရောင်အလံ ရှိသော။ ပိတာလင်္ကာရဘူသိတေ၊ ရွှေဝါရောင် အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်မြန်းလျက်နေသော။ ဒေဝတေ၊ အို ... နတ်သမီး။ တွဲ၊ သင်နတ်သမီးသည်။ ဝဂ္ဂူဟိ၊ နူးညံ့ကျစ်လျစ် ပြေပြစ်ချောမွေ့ကုန်သော။ ပိတဉ္စ ရာဟိ၊ ရွှေဝါရောင်အပေါ်ခြုံ ကိုယ်ဝတ်တို့ဖြင့်။ အပိဋ္ဌန္နာဝ၊ တန်ဆာမဆင်ပြင် ပင်ကိုအဆင်းကိုယ်ဝါဖြင့်ပင်လျှင်။ သောဘသိ၊ တင့်တယ်လှပါဘိ၏။

၆၅၉။ ကာ ကမ္မုကာယူရဓရေ၊ ကဉ္စနာဝေဠဘူသိတေ၊
ဟေမဇာလကသဉ္ဆန္နေ၊ နာနာရတနမာလိနီ။

၆၅၉။ ကမ္မုကာယူရဓရေ၊ ရွှေလက်ကောက် လက်ကြပ်တန်ဆာကို ဝတ်ဆင်သော။ ကဉ္စနာဝေဠဘူသိတေ၊ ရွှေဖြင့်ပြီးသော ရွှေနားပန်းကို ပန်ဆင်သော။ ဟေမဇာလကသဉ္ဆန္နေ၊ ရတနာချည်တို့ဖြင့် ချုပ်လုပ်သည် ရွှေဇာပြောက်ပဝါဖြင့် ဖုံးလွှမ်းခြုံရုံသော ကိုယ်ရှိသော။ နာနာရတနမာလိနီ၊ အထူးထူး အဖြာဖြာသော ရတနာပန်းကုံးတို့ကို ပန်ဆင်ထသော။ ဒေဝတေ၊ နတ်သမီး။ တွဲ၊ သင်နတ်သမီးသည်။ ကာ၊ ဘယ်ဘုံဌာနီ ဘယ်ပြည်ကလာ အဘယ်မည်သော နတ်သမီးပါနည်း။

၆၆၀။ သောဝဏ္ဏမယာ လောဟိတင်္ကမယာ စ၊
မုတ္တာမယာ ဝေဠုရိယမယာ စ။
မသာရဂလ္လာ သဟလောဟိတင်္ဂါ၊
ပါရေဝတကွိဟိ မဏိဟိ စိတ္တာတာ။

၆၆၀။ ဒေဝတေ၊ နတ်သမီး။ တေ၊ သင်နတ်သမီး၏။ ကေသဟတ္ထေ၊ ဦးစွန်းတွင်ခေါ် ဆံပင်ပေါ်၌။ ဘူသိတံ၊ ပန်ဆင်အပ်သော။ ရတနမာလာဒါမံ၊

http://www.dhammadownload.com

ရတနာပန်းကုံးသည်။ သောဝဏ္ဏမယာ၊ သိဂီနိုက်ရွှေဖြင့် ပြီး၏။ လောဟိတင်္ကမယာ စ၊ ပတ္တမြားနီလာဖြင့်လည်း ပြီး၏။ မုတ္တမယာ စ၊ ပုလဲဖြင့်လည်း ပြီး၏။ ဝေဠုရိယမယာ စ၊ ကြောင်မျက်ရွဲဖြင့်လည်း ပြီး၏။ မသာရဂလ္လာ သဟလောဟိတင်္ဂါ၊ ပတ္တမြားနီနှင့်တကွ ပတ္တမြားမြောက်ဖြင့်လည်း ပြီး၏။ ပါရေဝတက္ခီဟိ၊ ခိုမျက်လုံး အဆင်းရှိကုန်သော။ မဏီဟိ၊ ပတ္တမြားကျောက်မျိုးတို့ဖြင့်။ စိတ္တာ၊ ဆန်းကြယ်စွာ ပြုပြင်စီစဉ်ထားအပ်သည့် ပန်းကုံးလည်း ဖြစ်ပါ၏။

၆၆၁။ ကောစိ ကောစိ ဇတ္ထေ မယူရသုဿရော၊
ဟံသဿ ရညော ကရဝီကသုဿရော။
တေသံ သရော သုယျတိ ဝဂ္ဂုရူပေါ၊
ပဋ္ဌိကံ တူရိယမိဝပွဝါဒိတံ။

၆၆၁။ ဇတ္ထေ၊ ဤပန်းကုံးတို့တွင်။ ကောစိ ကောစိ။ အချို့ အချို့သော ပန်းကုံးသည်။ မယူရသုဿရော၊ ဥဒေါင်းသံပမာ လွန်စွာကောင်းမွန်သော အသံရှိ၏။ ဟံသဿ ရညော၊ ဟသ်မင်း၏အသံပမာ သာယာသော အသံလည်းရှိ၏။ ကရဝီကသုဿရော၊ ကရဝိက်ငှက်သံပမာ တူစွာသော အသံလည်းရှိ၏။ ပဋ္ဌိကံ ပဋ္ဌိကေ၊ အင်္ဂါငါးပါးရှိသော။ တူရိယံ တူရိယေ၊ တူရိယာ၌။ အပွဝါဒိတံ ကျူဝ၊ ညင်းညင်းသာသာ ကောင်းမွန်စွာ တီးမှုတ်သော အသံကဲ့သို့။ တေသံ၊ ထိုပန်းကုံးတို့၏။ ဝဂ္ဂုရူပေါ၊ သာယာနာပျော်ဖွယ်ရာ ကောင်းမွန်စွာသော။ သရော၊ အသံကို။ သုယျတိ၊ ကြားရပေ၏။

၆၆၂။ ရထော စ တေ သုဘော ဝဂ္ဂု၊ နာနာရတနစိတ္တိတော၊
နာနာဝဏ္ဏာဟိ စာတူဟိ၊ သုဝိဘတ္တောဝ သောဘတိ။

၆၆၂။ တေ၊ သင်နတ်သမီး၏။ ရထောစ၊ ရထားသည်လည်း။ သုဘော၊ ရှုချင်စဖွယ် တင့်တယ်လှပ၏။ ဝဂ္ဂု၊ လိုချင်နှစ်သက်ဖွယ်ရှိ၏။ နာနာရတနစိတ္တိတော၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ ပြုထားအပ်၏။ နာနာဝဏ္ဏာဟိ၊ အမျိုးမျိုးသော အဆင်းသဏ္ဌာန်ရှိကုန်သော။ စာတူဟိ၊ လှည်းဘီး လှည်းသန်အစရှိသော အစိတ်အပိုင်းတို့ဖြင့်။ သုဝိဘတ္တောဝ၊ ကောင်းစွာဝေဖန် တည်ဖန်အပ်သည် ဖြစ်၍သာလျှင်။ သောဘတိ၊ လွန်စွာတင့်တယ်လှပပါ၏။

http://www.dhammadownload.com

၆၆၃။ တသ္မိ ရထေ ကဉ္စနဗိမ္ဗဝဏ္ဏေ၊
ယာ တံ ဌိတာ ဘာသိ'မံ ပဒေသံ။
ဒေဝတေ ပုစ္ဆိတာစိက္ခ၊
ကိဿ ကမ္မဿိဒံ ဖလံ။

၆၆၃။ ဒေဝတေ၊ အို ... နတ်သမီး။ ကဉ္စနဗိမ္ဗဝဏ္ဏေ၊ ရွေစင်နှင့်တူသော အဆင်းရှိသော။ တသ္မိ ရထေ၊ ထိုရထား၌။ ဌိတာ၊ တည်နေပါသော။ ယာ တံ၊ အကြင် သင်နတ်သမီးသည်။ ဣမံ ပဒေသံ၊ ဤမြေအရပ်ကို။ ဘာသတိ၊ ရှုချင်ဖွယ်ရာ ဖြာဖြာကျက်သရေ တင့်တယ်စေပါ၏။ ဣဒံ ဖလံ၊ ဤအကျိုးတရား သည်။ ကိဿ ကမ္မဿ၊ အဘယ်ကောင်းမှုကံ၏။ ဖလံ၊ အကျိုးတရားပါနည်း။ ပုစ္ဆိတာ၊ သိလိုရေးကြောင့် မေးမြန်းအပ်သည်ကို။ အာစိက္ခ၊ ဖြေဆိုပါလော့။

ဤသို့ အရှင်နာရဒမထေရ်မြတ်က မေးမြန်းတော်မူအပ်သည်ရှိသော် မလ္လိ ကာနတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၆၆၄။ သောဝဏ္ဏဇာလံ မဏိသောဏ္ဏစိတ္တိတံ၊
မုတ္တာစိတံ ဟေမဇာလေန ဆန္နံ။
ပရိနိဗ္ဗုတေ ဂေါတမေ အပူမယ္ယေ၊
ပသန္နစိတ္တာ အဟမာဘိရောပယိ'ံ။

၆၆၄။ အပူမယ္ယေ၊ နှိုင်းယှဉ်၍ မကုန်နိုင်သော ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူထသော။ ပရိနိဗ္ဗုတေ၊ အနုပါဒိသေသနိဗ္ဗာန် ဝင်စံတော်မူပြီးသော။ ဂေါတမေ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၌။ ပသန္နစိတ္တာ၊ ကြည်ညိုသော စိတ်ထား ရှိသည်ဖြစ်၍။ မဏိသောဏ္ဏစိတ္တိတံ၊ ပတ္တမြားရွေစင်တို့ဖြင့် အလွန်ပင် ဆန်းကြယ်လှသော။ မုတ္တာစိတံ၊ ပတ္တမြားရွေစင်တို့၏ အကြားအကြား၌ ဆန်း ပြားသော ပုလဲကုံးတို့ဖြင့် ရှုမဆုံးအောင် စီခြယ်ထားသော။ ဟေမဇာလေန၊ ရွှေ ကွန်ရက် ရွှေဇာချည်ဖြင့်။ ဆန္နံ၊ ကောင်းစွာပြင်ဆင် ဖုံးလွှမ်းတင်အပ်သော။ သောဝဏ္ဏဇာလံ၊ ကိုယ်၏ပမာဏ နှိုင်းဆပြုပြင် ရွှေစင်ဖြင့်ပြီးသော သောဝဏ္ဏ ဇာလ ခေါ်ကြသူငါ မဟာလတာတန်ဆာကို။ အဟံ၊ မလ္လိကာမည်ခေါ် တပည့် တော်သည်။ အဘိရောပယိ'ံ၊ စေတနာစွမ်း သဒ္ဓါလျှမ်းကာ တင်လွှမ်းပူဇော်ခဲ့ ပါ၏ဘုရား။


http://www.dhammadownload.com

၆၆၅။ တာဟံ ကမ္ဗံ ကရိတ္ဝာန၊ ကုသလံ ဗုဒ္ဓဝဏ္ဏိတံ။
အပေတ္ဝသောကာ သုခိတာ၊ သမ္မမောဒါမ'နာမယာ။

၆၆၅။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဗုဒ္ဓဝဏ္ဏိတံ၊ ဘုရားရှင်တို့သည် ချီးမွမ်းတော်မူအပ်သော။ တံကုသလံ ကမ္မံ၊ မဟာလတာ တန်ဆာလှူဒါန်း ထိုကုသိုလ်ကံစွမ်းကို။ ကရိတ္ဝာန၊ ပြုလုပ်ခဲ့ရသောကြောင့်။ အပေတဝသောကာ၊ စိုးရိမ်ခပင်း လွတ်ကာကင်းလျက်။ အနာမယာ၊ ရောဂါခပင်း လွန်ကင်းရှင်းလျက်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိလျက်။ သမ္မမောဒါမိ၊ မွေ့လျော်ရပါ၏ဘုရား။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဖြေကြားလျှောက်ထားလေ၏။

အရှင်နာရဒမထေရ်သည် မလ္လိကာနတ်သမီး လျှောက်ကြားသော စကားကို လျှောက်ကြားသည့်အတိုင်းပင် မှတ်သားတော်မူခဲ့၍ သင်္ဂါယနာတင်သောအခါ အရှင်မဟာကဿပ အစရှိသည်တို့အား လျှောက်ကြားလေ၏။ သင်္ဂါယနာတင်ထေရ်အရှင်မြတ်တို့သည်လည်း ထိုအရှင်နာရဒမထေရ်မြတ် လျှောက်ကြားသည့်အတိုင်းပင်လျှင် သင်္ဂါယနာ တင်ထားတော်မူအပ်ကုန်၏။

မလ္လိကာဝိမာနဝတ္ထု ပြီး၏။



၉။ ဝိသာလက္ခိဝိမာနဝတ္ထု

စေတီတော်အား ပန်းဆက်ကပ် လှူဒါန်းခဲ့ဖူးသောကြောင့် တာဝတိံသာ နတ်ပြည်ဝယ် ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံကာ လှပသည့် မျက်လုံးရှင် သုနန္ဒာနတ်သမီး။

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူလတ်သော် ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို ရှစ်ပြည်ထောင်သောမင်းတို့ ခွဲဝေ၍ ယူကြသည်။ အဇာတသတ်မင်းသည် မိမိရသော ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို ယူဆောင်၍ ရာဇဂြိုဟ်ပြည်၌ စေတီတော် တည်ထားကိုးကွယ်သည်။

http://www.dhammadownload.com

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ရာဇဂြိုဟ်ပြည်သူ ပန်းသည်၏သမီး သုနန္ဒာအမည်ရှိ အမျိုးသမီးတစ်ဦးသည် ဘုရားရှင်၏ တပည့်တစ်ဦးဖြစ်သည်။ သောတာပန်တည်ပြီးသူလည်း ဖြစ်သည်။ ဖခင်အိမ်မှပို့သော ပန်းနဲ့သာတို့ကို နေ့တိုင်း စေတီတော်သို့ လှူဒါန်းပူဇော်စေ၏။ ဥပုသ်နေ့တို့၌ကား မိမိကိုယ်တိုင် သွားရောက်၍ ပူဇော်လေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

အမျိုးသမီး သုနန္ဒာသည် ရောဂါဖြင့် ကွယ်လွန်သော် တာဝတိံသာ၌ သိကြားမင်း၏ အခြွေအရံ အလုပ်အကျွေး နတ်သမီးဖြစ်လေ၏။

တစ်နေ့သ၌ သုနန္ဒာနတ်သမီးသည် သိကြားမင်းနှင့် အတူတကွ စိတ္တလတာဥယျာဉ်သို့ ဝင်ရောက်လေ၏။ ထိုစိတ္တလတာဥယျာဉ်၌ အခြားသောနတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါတို့သည် ပန်းနွယ်ပန်းရုံ စသည်တို့၏ အရောင်တို့ကြောင့် ပင်ကိုအရောင်အဆင်းအတိုင်း မတည်နိုင်ဘဲ ပြောင်းလဲလာကြရ၏။ သုနန္ဒာနတ်သမီး၏ ကိုယ်ရောင်ကိုယ်ဝါကား ထိုပန်း စသည်တို့၏ အရောင်အဝါတို့ကြောင့် ပြောင်းလဲခြင်းမရှိဘဲ ပကတိ အရောင်အဝါအတိုင်းသာလျှင် တည်ရှိလေ၏။

ထိုအခါ သိကြားမင်းသည် တစ်ပါးသော နတ်သမီးတို့၏ ကိုယ်ရောင်ကိုယ်ဝါကဲ့သို့ ပြောင်းလဲခြင်းမရှိဘဲ မိမိ ပကတိ ကိုယ်ရောင်ကိုယ်ဝါအတိုင်း တည်ရှိ၍နေသော ထိုသုနန္ဒာနတ်သမီးကို မြင်ရ၍ ထိုနတ်သမီး ရှေးဘဝကပြုခဲ့သော ကောင်းမှုကုသိုလ်ကံကို သိလိုသည်ဖြစ်၍ ဤသို့ မေးမြန်းလေ၏။

ဖဖဖ။ ကာ နာမ တွံ ဝိသာလက္ခိ၊ ရမ္မေ စိတ္တလတာဝနေ၊
သမန္တာ အနုပရိယာသိ၊ နာရိဂဏာပုရက္ခတာ။

ဖဖဖ။ ဝိသာလက္ခိ၊ ပြန့်ကျယ်သော မျက်လုံးရှိသော အို ... နတ်သမီး။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော။ စိတ္တလတာဝနေ၊ စိတ္တလတာမည်သော ဥယျာဉ်၌။ သမန္တာ၊ ဝန်းကျင်ရပ်မျက်နှာမှ။ နာရိဂဏာပုရက္ခတာ၊ နတ်သမီးအပေါင်း ခြံရံလျက်။ အနုပရိယာသိ၊ သွားလာ၍နေဘိ၏။ တွံ၊ သင်နတ်သမီးသည်ကား။ ကာနာမ၊ အဘယ်အမည်ရှိသည့် နတ်သမီးပေနည်း။

http://www.dhammadownload.com

၆၆၇။ ယဒါ ဒေဝါ တာဝတိံသာ၊ ပဝိသန္တိ ဣမံ ဝနံ၊
သယောဂ္ဂါ သရထာ သဗ္ဗေ၊ စိတြာ ဟောန္တိ ဣဓာဂတာ။

၆၆၇။ ယဒါ၊ အကြင်အခါ၌။ ဒေဝါ တာဝတိံသာ၊ တာဝတိံသာနတ်များစွာတို့သည်။ ဣမံ ဝနံ၊ ဤစိတ္တလတာမည်သော ဥယျာဉ်သို့။ ပဝိသန္တိ၊ ဝင်ရောက်လာကြကုန်၏။ တဒါ၊ ဝင်လာသောအခါ၌။ သယောဂ္ဂါ၊ ဆင်ယာဉ် မြင်းယာဉ်တို့နှင့် တကွကုန်သော။ သရထာ၊ ယာဉ်ရထားတို့နှင့် တကွကုန်သော။ ဣဓဂတာ–ဣဓ အာဂတာ၊ ဤဥယျာဉ်သို့ လာရောက်ခြင်းဟူသော အကြောင်းကြောင့်။ သဗ္ဗေ၊ အလုံးစုံသော နတ်အများတို့သည်။ စိတြာ၊ ပကတိအရောင်မှ ပြောင်းလဲကာ ဆန်းကြယ်စွာသော ကိုယ်ရောင်ကိုယ်ဝါ ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြပါကုန်၏။

၆၆၈။ တုယှဉ္စ ဣဓ ပတ္တာယ၊ ဥယျာနေ ဝိစရန္တိယာ၊
ကာယေ နု ဒိဿတိ စိတ္တံ၊ ကေန ဂ္ဂုပံ တဓေ'ဒိသံ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

၆၆၈။ အထ၊ ထိုသို့ အခြားနတ်သမီးများ ပင်ကိုရောင် ပျောက်ကွယ်ကာ ဆန်းကြယ်သော အရောင်အဝါ ရှိကြပါသော်လည်း။ ဣဓ၊ ဤအရပ်သို့။ ပတ္တာ၊ ရောက်လာ၍။ ဥယျာနေ၊ စိတ္တလတာဥယျာဉ်၌။ ဝိစရန္တိယာ၊ လှည့်လည်လျက် ရှိသော။ တုယှံ၊ သင်နတ်သမီး၏။ ကာယေ စ၊ ကိုယ်ကာယဌာန်မူကား။ စိတ္တံ၊ ပင်ကိုရောင်မှ ပြောင်းလဲကာ ဆန်းကြယ်သော ရောင်းဝါသည်။ နု ဒိဿတိ၊ မထင်မြင်ခဲ့ပါ။ ဒေဝတေ၊ အို ... နတ်သမီး။ ကေန၊ အဘယ်မည်သော ကုသိုလ်ကံကြောင့်။ တဝ၊ သင်နတ်သမီး၏။ ဂ္ဂုပံ၊ ရုပ်အဆင်းသည်။ ဣဒိသံ၊ ဤကဲ့သို့ ပကတိရောင်ဝါအတိုင်း တည်နေပါသနည်း။ ဒေဝတေ၊ အို ... နတ်သမီး။ ဣဒံ ဖလံ၊ ဤအကျိုးသည်။ ကိဿ ကမ္မဿ၊ အဘယ်ကောင်းမှုကံ၏။ ဖလံ၊ အကျိုးပါနည်း။ ပုစ္ဆိတာ၊ သိလိုရေးကြောင့် ငါမေးမြန်းအပ်သည်ကို။ အာစိက္ခ၊ ဖြေကြားပါလော့။

ဤသို့ သိကြားမင်းသည် မေးမြန်းအပ်သည်ရှိသော် ထိုသုနန္ဒာနတ်သမီးသည် ဤသို့ ဖြေကြားလေ၏။

http://www.dhammadownload.com

၆၆၉။ ယေန ကမ္မေန ဒေဝိန္ဒ၊ ရူပံ မယှံ ဂတိ စ မေ၊
ဣဒ္ဓိ စ အာနုဘာဝေါ စ၊ တံ သုဏောဟိ ပုရိန္ဒဒ။

၆၆၉။ ပုရိန္ဒဒ၊ ပုရိန္ဒဒ အမည်ရသော။ ဒေဝိန္ဒ၊ အရှင်သိကြားမင်း။ ယေန ကမ္မေန၊ အကြောင် ကောင်းမှုကံကြောင့်။ မယှံ၊ အကျွန်ုပ်၏။ ရူပဉ္စ၊ ကိုယ်ရောင် အဆင်းသည်လည်းကောင်း။ ဂတိ စ၊ လားရောက်ရာ ဂတိသည်လည်းကောင်း။ မေ၊ အကျွန်ုပ်၏။ ဣဒ္ဓိ စ၊ တန်ခိုးဣဒ္ဓိသည်လည်းကောင်း။ အာနုဘာဝေါ စ၊ အာနုဘော်သည်လည်းကောင်း။ ဤဒိသော၊ ဤသို့ သဘောရှိပါ၏။ တံ၊ ထို ကောင်းမှုကံကို။ သုဏောဟိ၊ ကြားနာတော်မူပါလော့။

၆၇၀။ အဟံ ရာဇဂဟေ ရမ္မေ၊ သုနန္ဒာ နာမုပါသိကာ၊
သဒ္ဓါသီလေန သမ္ပန္နာ၊ သံဝိဘာဂရတာ သဒါ။

၆၇၀။ အဟံ၊ တပည့်တော်သည်။ ရမ္မေ၊ ပျော်ဖွယ်ရာဌာနဖြစ်သော။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သုနန္ဒာနာမ၊ သုနန္ဒာဟု အမည်ရှိသော။ ဥပါသိကာ၊ ဥပါသိကာမသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါ၏။ သဒ္ဓါသီလေန၊ သဒ္ဓါ, သီလနှင့်။ သမ္ပန္နာ၊ ပြည့်စုံခဲ့ပါ၏။ သဒါ၊ အခါခပ်သိမ်း။ သံဝိဘာဂရတာ၊ ခွဲဝေပေးကမ်း လှူဒါန်းခြင်း၌ မွေ့လျော်ခဲ့ပါ၏။

အမှတ် ၆၇၁ ဂါထာသည် စိတ္တလတာဝဂ်၊ ဘဒ္ဒိတ္ထိဝိမာနဝတ္ထုလာ ၂၁၀ ဂါထာနှင့်၊ ၆၇၂-၆၇၃-၆၇၄-၆၇၅ ဂါထာတို့သည် ပီဋဝဂ် ဥတ္တရာဝိမာနဝတ္ထုလာ ၁၂၉-၁၃၀-၁၃၁-၁၃၂ ဂါထာတို့နှင့် တူသည်။

၆၇၆။ တဿာ မေ ဥတိကုလာ ဒါသီ၊ သဒါ မာလာဘိဟာရတိ၊
တာဟံ ဘဂဝတော ထူပေ၊ သမ္ဗမေဝါဘိရောပယိံ။

၆၇၆။ တဿာ မေ၊ ထိုတပည့်တော်၏။ အတ္ထာယ၊ အကျိုးငှာ။ ဥတိကုလာ၊ ဆွေမျိုးမိဖအိမ်မှ။ ဒါသီ၊ ကျွန်မသည်။ သဒါ၊ အခါခပ်သိမ်း။ မာလံ၊ ပန်းကို။ အဘိဟာရတိ၊ ရွေးရှုပို့ဆောင်ပါ၏။ အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ ရွှေဘန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ထူပေ၊ သရီရဓာတ် ကိန်း ဝပ်စံပျော်ရာ စေတီတော်၌။ တံ၊ ထိုပန်းကိုလည်းကောင်း။ အညဉ္စ၊ အခြားသော နံ့သာ စသည်ကိုလည်းကောင်း။ သမ္ဗမေဝ၊ အကုန်လုံးပင်လျှင်။ အဘိရောပယိံ၊ တင်လှူပူဇော်ခဲ့ပါ၏။

http://www.dhammadownload.com

၆၇၇။ ဥပေါသထေ စဟံ ဂန္တွာ၊ မာလာဂန္ဓဝိလေပနံ၊
ထူပသ္မိံ အဘိရောပေသိံ၊ ပသန္နော သေဟိ ပါဏိဘိ။

၆၇၇။ စ၊ အခြားအကြောင်းကိုလည်း ပြဆိုပါဦးအုံ။ ဥပေါသထေ စ၊ ဥပုသ်နေ့၌ကား။ အဟံ၊ တပည့်တော်သည်။ ထူပဌာနံ၊ စေတီတော်ရှိရာ ဌာနသို့။ ဂန္တွာ၊ သွားရောက်၍။ ပသန္နော၊ ကြည်လင်သော စိတ်ထားရှိသည်ဖြစ်၍။ မာလာဂန္ဓဝိလေပနံ၊ ပန်း နံ့သာ နံ့သာပျောင်းကို။ ထူပသ္မိံ၊ စေတီတော်၌။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အဘိရောပေသိံ၊ တင်လျှူပူဇော်ခဲ့ပါ၏။

၆၇၈။ တေန ကမ္မေန ဒေဝိန္ဒ၊ ရူပံ မယှံ ဂတိ စ မေ၊
ဣဒ္ဓိ စ အာနုဘာဝေါ စ၊ ယံ မာလံ အဘိရောပယိံ။

၆၇၈။ ဒေဝိန္ဒ၊ အရှင်သိကြားမင်း။ ယံ မာလံ၊ အကြင်ပန်းကို။ ထူပသ္မိံ၊ သရီရဓာတ် ကိန်းဝပ်စံပျော်ရာ စေတီတော်၌။ အဘိရောပယိံ၊ တင်လျှူပူဇော်ခဲ့ပါ၏။ တေန ကမ္မေန၊ ထိုသို့လျှူဒါန်း ကောင်းမှုစွမ်းကြောင့်။ မယှံ၊ သုနန္ဒာမည်ခေါ် တပည့်တော်၏။ ရူပဉ္စ၊ ကိုယ်ရေအဆင်းသည်လည်းကောင်း။ ဂတိ စ၊ လားရောက်ရာ ဂတိသည်လည်းကောင်း။ မေ၊ သုနန္ဒာမည်ခေါ် တပည့်တော်၏။ ဣဒ္ဓိ စ၊ နတ်တို့၏ တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံခြင်းသည်လည်းကောင်း။ အာနုဘာဝေါ စ၊ အာနုဘော်သည်လည်းကောင်း။ ဤဒိသော၊ ဤသို့ မျက်မြင်ဒိဋ္ဌ တွေ့မြင်ရသည့် သဘောရှိ၍ နေပါ၏။

၆၇၉။ ယဋ္ဌ သီလဝတီ အာသိံ၊ နံ တံ တာဝ ဝိပစ္စတိ၊
အာသာ စ ပန မေ ဒေဝိန္ဒ၊ သကဒါဂါမိနီ သိယံ။

၆၇၉။ ဒေဝိန္ဒ၊ အရှင်သိကြားမင်း။ ယံ သီလဝတီ၊ အကြင် ကိုယ်ကျင့်သီလနှင့် ပြည့်ဝသူသည်။ အာသိံ၊ ဖြစ်ခဲ့ပါ၏။ တံ သီလရက္ခဏံ၊ စောင့်ထိန်းအပ်သော ထိုကိုယ်ကျင့်သီလသည်။ နံ တာဝ ဝိပစ္စတိ၊ အခွင့်မရ အကျိုးပေးချိန်မကျသေးပါ။ ပန၊ စစ်စစ်သော်ကား။ မေ မယာ၊ တပည့်တော်သည်။ သကဒါဂါမိ၊ သကဒါဂါမ်မိန်းမသည်။ သိယံ ဘဝေယျ၊ ဖြစ်ရပါမူကား။ အဟော၊ ဩော် ကောင်းလေစွ။ ဣတိ၊ ဤသို့။ အာသာ စ၊ တောင့်တလျက်သာ နေပါတော့၏။ ဣတိ၊ ဤသို့ ပြောကြားလေ၏။

http://www.dhammadownload.com

ထိုအခါ သိကြားမင်းသည် သုနန္ဒာဖြေကြားသော စကားတို့ကို မှတ်သား၍ အရှင်ဝဏ္ဏီသထေရ်အား လျှောက်ကြား၏။ အရှင်ဝဏ္ဏီသထေရ်သည် အရှင်မဟာကဿပ စသော သင်္ဃာယနာတင် အရှင်မြတ်တို့အား ထပ်ဆင့် လျှောက်ကြားလေ၏။ အရှင်မဟာကဿပ စသော သင်္ဃာယနာတင် အရှင်မြတ်တို့သည် ဝိသာလကို့ဝိမာနဟူသော အမည်ဖြင့် အရှင်ဝဏ္ဏီသထေရ် လျှောက်ကြားသည့်အတိုင်းပင် သင်္ဃာယနာ တင်ထားကြကုန်၏။

ဝိသာလကို့ဝိမာနဝတ္ထု ပြီး၏။

၁၀။ ပါရိစ္ဆတ္တကဝိမာနဝတ္ထု

မြတ်စွာဘုရားအား သော်ကပန်းကုံး လှူဒါန်းခဲ့သောကြောင့် ပင်လယ်ကသစ်ပင်၌ ပန်းကိုသီကုံးကာ သာယာသောသီချင်းကို သီဆိုလျက် ပျော်ရွှင်ကစုန်နေရသော နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား ဥပါသကာတစ်ဦးသည် ဘုရားရှင်၏အထံတော်သို့ ချဉ်းကပ်လျက် မနက်ဖြန်နံနက်၌ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်ကာ မိမိ၏ အိမ်တံခါးပေါက်၌ ကြီးစွာသောမဏ္ဍပ်ကို ဆောက်လုပ်သည်။ တင်းတိမ်ကန့်လန့်ကာကို ကာရံလျက် အထက်၌ ဗိတာန်မျက်နှာကြက်ကို ဖွဲ့ကြက်သည်။ တံခွန် ကုက္ကား မုလေးပွား စသည့် တံခွန်အမျိုးမျိုးတို့ကိုလည်း စိုက်ထူစေသည်။ အထူးထူး အပြားပြား ဆန်းပြားလှစွာသော အရောင်အသွေးရှိကုန်သော အဝတ်အထည်တို့ကိုလည်းကောင်း၊ နံ့သာဆိုင်း ပန်းဆိုင်းတို့ကိုလည်းကောင်း ထက်ဝန်းကျင်၌ ဆင်ထားသည်။ ပြေပြစ်စွာ ပြုပြင်ထားသောမြေ၌ ခုတင်ညောင်စောင်း ကမ္ဗလာကော်ဇော စသော နေရာအခင်းအနှီးတို့ကိုလည်း ခင်းထားစေသည်။

နံနက်အခါရောက်သော် ဆွမ်းဘောဇဉ် ပြင်ဆင်ပြီးကြောင်းကို ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် နတ်တို့နေရာ ဗိမာန်နန်းသဖွယ် ခမ်းနားတင့်တယ်စွာ မွမ်းမံဆင်မြန်းထားသော မဏ္ဍပ်အတွင်းသို့ ကြွတော်မူကာ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူလေ၏။

http://www.dhammadownload.com

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုအခါ ထင်းခွေသူမတစ်ယောက်သည် ကဿပဘုရားရှင်၏ လက်ထက်တော်အခါက သူကန်းတို့နေဖူးသောကြောင့် အန္နဝနအမည်ရှိသောတောခွဲ့ထင်းခွေသွားရာ အဆင်သင့်တွေ့ရကာ အဆင်းအနံ့နှင့် ပြည့်စုံပြီး ပင်လုံးကျွတ်မျှ ပွင့်၍နေသော သော်ကပန်းခက် ပန်းခိုင်တို့ကို ချိုးယူဆွတ်ခူး၍ လာခဲ့သည်။ ထိုမဏ္ဍပ်အတွင်းဝယ် တင့်တယ်စွာ သီတင်းသုံးနေတော်မူသော ဘုရားရှင်ကို ဖူးမြင်ရလေလျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားရှင် သီတင်းသုံးနေထိုင်တော်မူရာနေရာ၏ ထက်ဝန်းကျင်ပတ်လည်၌ ပါလာသော သော်ကပန်းတို့ဖြင့် ပန်းမွှေ့ရာခင်းပြီး ဘုရားရှင်အား ပူဇော်လေ၏။

လက်ရှိဘဝ၌ စံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီး ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ်လေ၏။ နတ်သမီးတစ်ထောင် အခြံအရံရှိ၏။ ထိုနတ်သမီးသည် များသောအားဖြင့် နတ်တို့ပျော်ရာ နန္ဒဝန်ဥယျာဉ်၌ ကခုန်သီဆိုကာ ပါရိစ္ဆတ္တကမည်သော ရောင်ဝါနီမြန်း ပင်လယ်ကသစ်ပန်းကို သီကုံးလျက် နှစ်သက်ဝမ်းသာ မြူးထူးပျော်ပါးကစားကာ စံစား၍ နေရလေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီကြွချီတော်မူလတ်သော် တာဝတိံသာနတ်တို့နေရာသို့ ရောက်၍ ထိုပါရိစ္ဆတ္တကနတ်သမီးကို တွေ့မြင်တော်မူသဖြင့် ထိုနတ်သမီးပြုခဲ့သော ကောင်းမှုကံကို ဤသို့မေးမြန်းတော်မူလေ၏။

၆၈၀။ ပါရိစ္ဆတ္တကေ ကောဝိဠာရေ၊ ရမဏီယေ မနောရမေ၊
ဒိဗ္ဗမာလံ ဂန္ဓမာနာ၊ ဂါယန္တီ သမ္မမောဒသိ။

၆၈၀။ ဒေဝတေ၊ အိုနတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ ရမဏီယေ၊ မွေ့လျော်ဖွယ်ရှိသော။ မနောရမေ၊ စိတ်နှလုံးကို ရွှင်ပြုံးမွေ့လျော်စေတတ်သော။ ပါရိစ္ဆတ္တကေ၊ ပါရိစ္ဆတ္တကမည်သော။ ကောဝိဠာရေ၊ ပင်လယ်ကသစ်ပင်၌။ ဒိဗ္ဗ

http://www.dhammadownload.com

မာလံ၊ နတ်ပန်းကို။ ဂန္ဓမာနာ၊ သီကုံး၍။ ဂါယန္တိ၊ သီချင်းသီဆိုလျက်။ သမ္မမောဒသိ၊ မြူးထူးစံပျော်ကာ နေဘိ၏။

၆၈၁။ တဿာ တေ နစ္စမာနာယ၊ အင်္ဂမင်္ဂေဟိ သဗ္ဗသော၊
ဒိဗ္ဗာ သဒ္ဒါ နိစ္ဆရန္တိ၊ သဝနီယာ မနောရမာ။

၆၈၁။ တေ တယာ၊ သင်နတ်သမီးသည်။ နစ္စမာနာယ၊ ကခုန်နေသည့် အခါ၌။ တဿာ၊ ထိုသင်နတ်သမီး၏။ အင်္ဂမင်္ဂေဟိ၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့မှ။ သဗ္ဗသော၊ အခါခပ်သိမ်း။ သဝနီယာ၊ သာယာနာပျော်ဖွယ် ရှိကုန်သော။ မနောရမာ၊ စိတ်နှလုံး ရွှင်ပြုံးမွေ့လျော်ခြင်းကို ဖြစ်စေတတ်သော။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော။ သဒ္ဒါ၊ အသံမှန်သမျှတို့သည်။ နိစ္ဆရန္တိ၊ ထွက်ပေါ်ကျူးရင့်၍ လာကြကုန်၏။

၆၈၂။ တဿာ တေ နစ္စမာနာယ၊ အင်္ဂမေင်္ဂေဟိ သဗ္ဗသော၊
ဒိဗ္ဗာ ဂန္ဓာ ပဝါယန္တိ၊ သုစိဂန္ဓာ မနောရမာ။

၆၈၂။ တေ တယာ၊ သင်နတ်သမီးသည်။ နစ္စမာနာယ၊ ကခုန်နေသည့်အခါ၌။ တဿာ၊ ထို သင်နတ်သမီး၏။ အင်္ဂမေင်္ဂေဟိ၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့မှ။ သဗ္ဗသော၊ အခါခပ်သိမ်း။ သုစိဂန္ဓာ၊ စင်ကြယ်ကောင်းမွန်သော ရနံ့ရှိကုန်သော။ မနောရမာ၊ စိတ်နှလုံး ရွှင်ပြုံးမွေ့လျော်ခြင်းကို ဖြစ်စေတတ်သော။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော။ ဂန္ဓာ၊ အနံ့ရသာစုံတို့သည်။ ပဝါယန္တိ၊ ရနံ့ကြိုင်ကြိုင်ပျံ့လှိုင်ကုန်၏။

၆၈၃။ ဝိဝတ္တမာနာ ကာယေန၊ ယာ ဧဏီသု ပိဉ္ဇန္ဓနာ၊
တေသ သုယျတိ နိဂ္ဃောသော၊ တူရိယေ ပဉ္စင်္ဂိကေ ယထာ။

၆၈၃။ ဒေဝတေ၊ အို ... နတ်သမီး။ ကာယေန၊ ကိုယ်ကို။ ဝိဝဋ္ဋမာနာ–ဝိဝတ္တမာနေန၊ ဘယ်ညာလှည့်လည် ကခုန်လိုက်သည်ရှိသော်။ တဝ၊ သင်နတ်သမီး၏။ ဧဏီသု၊ ဆံထုံးတို့၌။ ယာ ပိဉ္ဇန္ဓနာ ယာနိ ပိဉ္ဇန္ဓနာနိ၊ အကြင် အဆင်တန်ဆာတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုအဆင်တန်ဆာတို့၏။ နိဂ္ဃောသော၊ အသံကို။ ပဉ္စင်္ဂိကေ၊ အင်္ဂါငါးဖြာနှင့် ပြည့်စုံစွာသော။ တူရိယေ ယထာ၊ တူရိယာ၏ အသံကဲ့သို့။ သုယျတိ၊ နှစ်သက်ဖွယ်ရာ ကြားရပေ၏။

http://www.dhammadownload.com

၆၈၄။ ဝဠုံသကာ ဝါတဓုတာ၊ ဝါတေန သမ္မကမ္ပိတာ၊
တေသံ သုယျတိ နိဂ္ဃောသော၊ တူရိယေ ပဉ္စင်္ဂိကေ ယထာ။

၆၈၄။ တေ၊ သင်နတ်သမီး၏။ ဝဠုံသကာ၊ ဦးခေါင်းဆင်မြန်း ဦးဆောက်ပန်းတို့သည်။ ဝါတဓုတာ၊ လေပြေလေညင်း တိုက်ခတ်သွင်းသဖြင့်။ ဝါတေန၊ လေတိုက်ခတ်သောကြောင့်။ သမ္မကမ္ပိတာ၊ ထက်ဝန်းကျင်မှ လူပ်ရှားရှာကြကုန်၏။ တေသံ၊ ထိုဦးခေါင်းဆင်မြန်း ဦးဆောက်ပန်းတို့၏။ နိဂ္ဃောသော၊ အသံကို။ ပဉ္စင်္ဂိကေ၊ အင်္ဂါငါးဖြာနှင့် ပြည့်စုံစွာသော။ တူရိယေယထာ၊ တူရိယာ၏ အသံကဲ့သို့။ သုယျတိ၊ ကြားရပေ၏။

၆၈၅။ ယာဝိ တေ သီရသ္မိံ မာလာ၊ သုစိဂန္ဓာ မနောရမာ၊
ဝါတိ ဂန္ဓော ဒိသာ သဗ္ဗာ၊ ရုက္ခော မဉ္ဇူသကော ယထာ။

၆၈၅။ တေ၊ သင်နတ်သမီး၏။ သီရသ္မိံ၊ ဦးခေါင်းထက်၌။ သုစိဂန္ဓာ၊ ကောင်းမွန်သော ရနံ့ရှိသော။ မနောရမာ၊ စိတ်နှလုံး ရွှင်ပြုံးမွေ့လျော်ခြင်းကို ဖြစ်စေတတ်သော။ ယာ မာလာ၊ ဆင်မြန်းပန်ဆင် အကြင် ပန်းကုံးပန်းခိုင်သည်။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုပန်းကုံးပန်းခိုင် အားလုံးတို့၏။ ဂန္ဓော၊ မွှေးကြိုင်သော ရနံ့သည်။ ရုက္ခော မဉ္ဇူသကော ယထာ၊ မဉ္ဇူသက နတ်ပန်းပင်ကြီးကဲ့သို့။ သဗ္ဗာ ဒိသာ၊ အရပ်မျက်နှာ အားလုံးတို့သို့။ ဝါတိ၊ ရနံ့သင်းကြိုင် ပျံ့လှိုင်လှပေ၏။

၆၈၆။ ဃာယသေ တံ သုစိဂန္ဓံ၊ ရူပံ ပဿသိ အမာနုသံ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

၆၈၆။ ဒေဝတေ၊ နတ်သမီး။ တံ၊ သင်နတ်သမီးသည်။ တံ သုစိဂန္ဓံ၊ ထိုကောင်းမြတ်သော ပန်းရနံ့ကိုသာလျှင်။ ဃာယသေ၊ နမ်းရှူနေရပါ၏။ အမာနုသံ၊ လူထက်ကဲသာ အထက်နတ်ရွာ၌ဖြစ်သော။ ရူပံ၊ ဆင်းရောင်ဝါကို။ ပဿသိ၊ တွေ့မြင်နေရပါ၏။ ကဒ် ဖလံ၊ ဤအကျိုးသည်။ ကိဿ ကမ္မဿ၊ ဘယ်ကောင်းမှုကံ၏။ ဖလံ၊ အကျိုးပါနည်း။ ပုစ္ဆိတာ၊ ငါမေးမြန်းအပ်သည်ကို။ အာစိက္ခ၊ ဖြေကြားပါလော့။

ထိုသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူသောအခါ မြူးထူးပျော်ရွှင်ကာ ကခုန်သီဆိုလျက်ရှိသော ပါရိစ္ဆတ္တကနတ်သမီးက ဤသို့ ဖြေကြားလေ၏။

http://www.dhammadownload.com

၆၈၇။ ပဘာသရံ အစ္ဆိမန္တံ၊ ဝဏ္ဏဂန္ဓေန သံယုတံ၊
အသောကပုပ္ဖမာလဟံ၊ ဗုဒ္ဓဿ ဥပနာမယိ'။

၆၈၈။ တာဟံ ကမ္မံ ကရိတွာန၊ ကုသလံ ဗုဒ္ဓဝဏ္ဏိတံ၊
အပေတသောကာ သုခိတာ၊ သမ္မမောဒါမ'နာမယာ။

၆၈၇။ ဘန္တေ၊ အရှင်မောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပဘာသရံ၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော။ အစ္ဆိမန္တံ၊ ဝင်းဝင်းလက်လက် နှစ်သက်စဖွယ် တင့်တယ်သော အရောင်အဆင်းရှိသော။ ဝဏ္ဏဂန္ဓေန၊ အဆင်းအနံ့နှင့်။ သံယုတံ၊ စပ်ယှဉ်၍နေသော။ အသောကပုပ္ဖမာလံ၊ သော်ကပန်းကုံးကို။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ဥပနာမယိ'၊ ဆက်ကပ်လှူဒါန်းခဲ့ဖူးပါ၏ ဘုရား။

၆၈၈။ အဟံ၊ တပည့်တော်သည်။ ဗုဒ္ဓဝဏ္ဏိတံ၊ ဘုရားရှင်တို့သည် မိန့်မြွက်ထုတ်ဖော် ချီးမွမ်းတော်မူအပ်သော။ တံ ကုသလံ ကမ္မံ၊ ပန်းကုံးလှူဒါန်းခဲ့သည့် ထိုကုသိုလ်ကံကို။ ကရိတွာန၊ ပြုလုပ်ခဲ့ရသောကြောင့်။ အပေတသောကာ၊ စိုးရိမ်ခြင်းကင်းလျက်။ အနာမယာ၊ ရောဂါကင်းလျက်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိလျက်။ အမ္မမောဒါမိ၊ မွေ့လျော်ရပါ၏ ဘုရား။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဖြေကြားလျှောက်ထားလေ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်သမီးက သူ လှူဒါန်းခဲ့သော ကောင်းမှုကံကို ဖြေကြားအပ်သည်ရှိသော အခြံအရံနှင့်တကွသော ပါရိဆ္ဆတ္တက နတ်သမီးအား တရားဟောကြားတော်မူပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည် ကြွရောက်တော်မူလာခဲ့သည်။ ထို့နောက် ထိုဖြစ်ပျက်ပုံအကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းစုံကို ရောက်လာသော ပရိသတ်အား ဟောကြားတော်မူလေ၏။ ထိုဟောကြားတော်မူအပ်သော ဒေသနာတော်သည် နတ်နှင့်တကွသော လူအပေါင်းအား အကျိုးစီးပွား များပြားလေ၏။

ပါရိဆ္ဆတ္တကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ မဋ္ဌိဋ္ဌကဝဂ်

၁။ မဋ္ဌိဋ္ဌကဝိမာနဝတ္ထု

ဘုရားရှင်ကို အင်ကြင်းပန်းတို့ဖြင့် ပူဇော်ခဲ့ဖူးသောကြောင့် တာဝတိံသာ နတ်ပြည်ရှိ တင့်တယ်နိမြန်း ဖန်ဝိမာန်နန်း၌ အင်ကြင်းပန်း ရနံ့တို့ဖြင့် ချမ်းသာစွာ စံစားနေရသော မဋ္ဌိဋ္ဌကနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒါယကာတစ်ဦးသည် ဘုရားရှင်ကို ပင့်ဖိတ်၍ အလွန်ဆန်းပြားကြီးကျယ်သော မဏ္ဍပ်ကို ဆောက်လုပ်စီမံပြီးလျှင် ထိုမဏ္ဍပ်အတွင်း၌ သီတင်းသုံးနေထိုင်တော်မူသော ဘုရားရှင်ကို ပူဇော်ကာ ကြီးစွာသော အလှူကြီးကို ပေးလှူလေ၏။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

ထိုအခါ အိမ်တစ်အိမ်မှ ကျွန်မတစ်ဦးသည် ရှေးအခါက သူကန်းတို့နေဖူးသောကြောင့် အန္ဓဝန အမည်ရသော သူကန်းတော်၌ ပွင့်နေသည့် အင်ကြင်းပင်ကြီးကို တွေ့မြင်ရ၍ ထိုအပင်မှ ပန်းတို့ကို ခူးယူပြီးလျှင် လျော်မျှင်တို့ဖြင့် သီကုံး၍ ဦးဆောက်ပန်းတို့ကို ပြလုပ်သည်။ နောက်ထပ် များစွာကြွေကျသော ပန်းပွင့်တို့နှင့် ပန်းညွှန့်တို့ကို ယူ၍ မြို့တွင်းသို့ ဝင်လာခဲ့သည်။ ဥပါသကာ၏ အိမ်ဦးမဏ္ဍပ်အတွင်းဝယ် ရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက် ထိုင်နေတော်မူသော ဘုရားရှင်ကို ဖူးမြင်ရလေလျှင် ထိုပန်းတို့ဖြင့် လှူဒါန်းပူဇော်ကာ ဦးဆောက်ပန်းတို့ကိုလည်း ဘုရားရှင် ထိုင်တော်မူရာနေရာ၏ ထက်ဝန်းကျင်၌ ချထားပူဇော်ကာ ပြန်လာခဲ့၏။

လက်ရှိဘဝ၌ စံစားရသော ကောင်းမှု၏အကျိုး

ထိုကျွန်မည် နောက်အခါ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ မဋ္ဌိဋ္ဌကနတ်သမီး ဖြစ်လေ၏။ ထိုနတ်သမီး၏ စံမြန်းရာ ဗိမာန်သည်ကား နီမြန်းသော ဖလ်ဖြင့် ပြီး၏။ ထိုဖလ်ဗိမာန်ကြီး၏ ရှေ့မျက်နှာ၌ ရွှေအဆင်းရှိသော သဲတို့ရှိသည့် အင်ကြင်းတောသည် ဖြစ်ပေါ်၍လာ၏။ ထိုနတ်သမီးသည် ဘုံဗိမာန်ကြီးအတွင်းမှ ထွက်၍ အင်ကြင်းတောသို့ ဝင်သောအခါ အင်ကြင်းကိုင်း အင်ကြင်းခက်တို့သည် ညွတ်လာလျက် နတ်သမီး၏အထက်၌ ပြန့်ကြဲနေကုန်၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်၌ ဒေသစာရီ ကြွတော်မူစဉ် ထိုနတ်သမီးကို တွေ့မြင်တော်မူသောကြောင့် ထိုနတ်သမီးပြုခဲ့သော ကောင်းမှုကုသိုလ်ကို ဤသို့ မေးမြန်းတော်မူလေ၏။

၆၈၉။ မဋ္ဌိဋ္ဌကေ ဝိမာနသ္မိံ၊ သောဏ္ဏဝါလုကသန္ဆတေ၊
ပဋိကေန တူရိယေန၊ ရမသိ သုပ္ပဝါဒိတေ။

၆၈၉။ ဒေဝတေ၊ အို ... နတ်သမီး။ တံ၊ သင်နတ်သမီးသည်။ သောဏ္ဏဝါလုကသန္ဆတေ၊ ရွှေသဲတို့ဖြင့် ခင်းထားအပ်သော။ မဋ္ဌိဋ္ဌကေ၊ နီမောင်းသော အရောင်အဆင်းရှိသော။ ဝိမာနသ္မိံ၊ ဖန်ဗိမာန်ကြီး၌။ သုပ္ပဝါဒိတေ သုပ္ပဝါဒိတေန၊ ကောင်းစွာ တီးမှုတ်အပ်သော။ ပဋိကေန၊ အင်္ဂါငါးဖြာနှင့် ပြည့်စုံစွာသော။ တူရိယေန၊ တူရိယာဖြင့်။ ရမသိ၊ မွေ့လျော်၍နေဘိ၏။

၆၉၀။ တမ္ပာ ဝိမာနာ ဩရုယ္ဟ၊ နိမ္မိတာ ရတနာမယာ၊
ဩဂါဟသိ သာလဝနံ၊ ပုပ္ဖိတံ သဗ္ဗကာလိကံ။

၆၉၀။ တဝ၊ သင်နတ်သမီး၏။ နိမ္မိတာ၊ စီမံဖန်ဆင်းထားအပ်သော။ ရတနာမယာ၊ ရတနာတို့ဖြင့်ပြီးသော။ တမ္ပာ ဝိမာနာ၊ ထိုဗိမာန်နန်းမှ။ ဩရုယ္ဟ၊ ဆင်းသက်ဆင်းလာ၍။ သဗ္ဗကာလိကံ၊ အလုံးစုံသော ကာလပတ်လုံး။ ပုပ္ဖိတံ၊ အချိန်အခါမလင့် အမြဲပွင့်လျက်ရှိသော။ သာလဝနံ၊ အင်ကြင်းတောသို့။ ဩဂါဟသိ၊ နှစ်ခြိုက်ပြုံးရွှင် သက်ဝင်ဘိ၏။

၆၉၁။ ယဿ ယဿေဝ သာလဿ၊ မူလေ တိဋ္ဌသိ ဒေဝတေ၊
သော သော မုဉ္ဇတိ ပုပ္ဖာနိ၊ ဩနမိတ္ဝာ ဒုမုတ္တမော။

၆၉၁။ ဒေဝတေ၊ အို ... နတ်သမီး။ တံ၊ သင်နတ်သမီးသည်။ ယဿ ယဿေဝ သာလဿ၊ အကြင်အကြင် အင်ကြင်းပင်၏သာလျှင်။ မူလေ၊ အရင်း၌။ တိဋ္ဌသိ၊ ရပ်တည်၍နေ၏။ သော သော ဒုမုတ္တမော၊ ထိုထိုအင်ကြင်းပင်သည်။ ဩနမိတ္ဝာ၊ အကိုင်းအခက်တို့ကို ညွတ်လျက်။ ပုပ္ဖာနိ၊ ရှုချင်စဖွယ် ပန်းပွင့်တို့ကို။ မုဉ္ဇတိ၊ ကြဲဖြန့်၍ ခြွေချ၏။

http://www.dhammadownload.com

၆၉၂။ ဝါတေရိတံ သာလဝနံ၊ အာခုတံ ဒီဇသေဝိတံ၊
ဝါတိ ဂန္ဓော ဒိသာ သဗ္ဗာ၊ ရက္ခော မဉ္ဇူသကော ယထာ။

၆၉၂။ တဝ၊ သင်နတ်သမီး၏။ သာလဝနံ၊ အင်ကြင်းတောသည်။ ဝါတေရိတံ၊ လေတိုက်ခတ်ခြင်းကြောင့် ထက်ဝန်းကျင် လှုပ်ရှား၏။ အာခုတံ၊ ဖြည်းညင်းစွာသောလေသည် တိုက်ခတ်လာ၏။ ဒိဇသေဝိတံ၊ ဥဩ ဥဒေါင်း စသည့် ငှက်အပေါင်းတို့ ပျော်အောင်းမှီခိုရာဖြစ်၏။ တဿ သာလဝနဿ၊ ထိုအင်ကြင်းတောကြီး၏။ ဂန္ဓော၊ ပန်းရနံ့သည်။ ရက္ခော မဉ္ဇူသကော ယထာ၊ မဉ္ဇူသက နတ်ပန်းပင်ကြီးကဲ့သို့။ သဗ္ဗာဒိသာ၊ အရပ်မျက်နှာ အားလုံးတို့သို့။ ဝါတိ၊ ကြူကြူသင်းကြိုင် ပျံ့လွှင်၍နေတော့၏။

၆၉၃။ ယာယသေ တံ သုစိဂန္ဓံ၊ ရူပံ ပဿသိ အမာနုသံ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

၆၉၃။ ဒေဝတေ၊ နတ်သမီး။ တံ၊ သင်နတ်သမီးသည်။ တံ သုစိဂန္ဓံ၊ ထိုကောင်းမြတ်သော ရနံ့ကိုသာလျှင်။ ယာယသေ၊ နမ်းရှူ၍နေရ၏။ အမာနုသံ၊ နတ်၌ဖြစ်သော။ ရူပံ၊ ဆင်းရောင်ဝါကို။ ပဿသိ၊ အမြဲအစဉ် တွေ့မြင်နေရ၏။ ဣဒံဖလံ၊ ဤအကျိုးသည်။ ကိဿ ကမ္မဿ၊ ဘယ်ကောင်းမှုကုသိုလ်ကံ၏။ ဖလံ၊ အကျိုးပါနည်း။ ပုစ္ဆိတာ၊ ငါမေးမြန်းအပ်သည်ကို။ အာစိက္ခ၊ ဖြေဆိုပါလော့။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းတော်မူလေ၏။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူလတ်သော် ထိုမဋ္ဌိဋ္ဌကနတ်သမီးက ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၆၉၄။ အဟံ မနုဿေသု မနုဿဘူတာ၊ ဒါသီ အယိရကုလေ အဟုံ၊
ဗုဒ္ဓံ နိသိန်ဒံ ဒိသွာန၊ သာလပုပ္ဖေဟိ ဩကိရိံ။

၆၉၄။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူ့ပြည်ရွာတို့၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ အယိရကုလေ၊ အရှင်သခင်ဖြစ်သူ သူဌေးအိမ်၌။ ဒါသီ၊ ခိုင်းစေသမျှ ပြုလုပ်ရသည့် ကျွန်မသည်။ အဟုံ၊ ဖြစ်ခဲ့ဖူးပါ၏။ နိသိန်ဒံ၊ တစ်ခုသော မဏ္ဍပ်အတွင်းဝယ် သီတင်းသုံး ထိုင်နေတော်မူသော။ ဗုဒ္ဓံ၊ သစ္စာသိမြင် ဘုရားရှင်ကို။ ဒိသွာန၊ ကြည်နူးဝမ်းသာ

http://www.dhammadownload.com

ဖူးမြင်ရပါ၍။ သာလပုပွေဟိ၊ အင်ကြင်းပန်းပွင့်တို့ဖြင့်။ သြကိရိ၊ ကြဖြန့်ပူဇော်ခဲ့ပါ၏ဘုရား။

၆၉၅။ ဝဠဉ်သကဋ္ဌ သုကတံ၊ သာလပုပ္ဖမယံ အဟံ၊
ဗုဒ္ဓဿ ဥပနာမေသိံ၊ ပဿန္နော သေဟိ ပါဏိဘိ။

၆၉၅။ အဟံ၊ တပည့်တော် နတ်သမီးသည်။ သာလပုပ္ဖမယံ၊ အင်ကြင်းပန်းတို့ဖြင့်ပြီးသော။ သုကတံ၊ ကောင်းစွာပြုပြင် လျှော်မျှင်ဖြင့် သီကုံးထားအပ်သော။ ဝဠဉ်သကဋ္ဌ၊ ဦးဆောက်ပန်းကိုလည်း။ ဗုဒ္ဓဿ၊ သစ္စာသိမြင် ဘုရားရှင်အား။ ပဿန္နော၊ ကြည်လင်သော စိတ်ထားရှိသည်ဖြစ်၍။ သေဟိ ပါဏိဘိ၊ မိမိ၏လက်တို့ဖြင့်။ ဥပနာမေသိံ၊ ဆက်ကပ်ပူဇော်ခဲ့ပါ၏ဘုရား။

၆၉၆။ တာဟံ ကမ္ဗံ ကရိတွာန၊ ကုသလံ ဗုဒ္ဓဝဏ္ဏိတံ၊
အပေတသောကာ သုခိတာ၊ သမ္ဗမောဒါမ'နာမယော။

၆၉၆။ အဟံ၊ တပည့်တော်သည်။ ဗုဒ္ဓဝဏ္ဏိတံ၊ ဘုရားရှင်တို့သည် မိန့်မြွက်ထုတ်ဖော် ချီးမွမ်းတော်မူအပ်သော။ တံ ကုသလံ ကမ္မံ၊ အင်ကြင်းပန်း လှူဒါန်းထိုကုသိုလ်ကံစွမ်းကို။ ကရိတွာန၊ ပြုလုပ်ခဲ့ရသောကြောင့်။ အပေတသောကာ၊ စိုးရိမ်ခြင်း ကင်းစင်ပလျက်။ အနာမယာ၊ ရောဂါကင်းရှင်းလျက်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိလျက်။ သမ္ဗမောဒါမိ၊ မွေ့လျော်ရပါ၏ဘုရား။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဖြေကြားလျှောက်ထားလေ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ပရိသတ်နှင့်တကွ ထိုမဇ္ဈိမကနတ်သမီးအား တရားကိုဟောကြား၍ လူ့ပြည်သို့ ပြန်ကြွလာပြီး မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အပေါင်းအား ဟောကြားတော်မူလေ၏။ ထိုတရားဒေသနာတော်သည် နတ်နှင့်တကွသော လူအပေါင်းအား အကျိုးစီးပွားများပြားလေ၏။

မဇ္ဈိမကဝိဓာနဝဏ္ဏ ပြီး၏။

http://www.dhammadownload.com

၂။ ပဘာဿရဝိမာနဝတ္ထု

ရွေးလူဖြစ်စဉ်က ဆွမ်းခံရဟန်းအား တင်လဲနှင့်ပန်း လှူဒါန်းခဲ့ပူး သောကြောင့် သီကြားမင်းပမာ တင့်တယ်စွာ အရောင်ထွက်၍ နှစ်သက်ဖွယ် အကျိုးများကို ခံစားရသော နတ်သမီး။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာ တစ်ယောက်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အလွန်ကြည်ညိုု၏။ ထိုဥပါသကာ၏ သမီးတစ်ယောက်သည်လည်း ရတနာသုံးပါး၌ ကြည်ညိုပြီး အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကိုလည်း အလေးအမြတ်ထားသည်။

အတိတ်ဘဝက ပြုခဲ့သောကောင်းမှု

တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံလှည့်လည်တော်မူရာ ထိုဥပါသကာ၏အိမ်သို့ ရောက်လေ၏။ ဥပါသကာ၏ သမီးသည် မထေရ်မြတ် ဆွမ်းခံကြွရောက်တော်မူလာသည်ကို မြင်လေလျှင် ကြည်လင်ဝမ်းမြောက်သော စိတ်ဖြစ်ကာ နေရာကိုခင်း၍ မထေရ်မြတ်အား မွေးကြိုင်လှစွာသော မြတ်လေးပန်းဖြင့် ပူဇော်သည်။ တင်လဲကိုလည်း မထေရ်မြတ်၏ သပိတ်ထဲသို့ လောင်းလှူ၏။

မထေရ်မြတ်သည် အနုမောဒနာတရား ဟောကြားလိုသည်ဖြစ်၍ ပြန်ကြွတော်မမူသေးဘဲ ထိုင်နေတော်မူလေ၏။ သတို့သမီးသည် အိမ်၌ ပြုဖွယ်ကိစ္စများပြီးလှ၍ အားလပ်ခွင့်မရသောကြောင့် အနုမောဒနာတရား နာကြားခြင်းငှာ မတတ်သာရကား "အရှင်မြတ်ဘုရား၊ တပည့်တော်သည် အိမ်မှုကိစ္စ များပြားလှ၍ ယခု တရားမနာကြားနိုင်သေးပါ၊ နောက်တစ်ရက်မှ တရားတော်ကို နာကြားပါအုံဘုရား" ဟု လျှောက်ထားလေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုနေ့၌ မထေရ်မြတ် ကြွတော်မူပြီး မကြာမီ သတို့သမီး ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သမီးအား ဤသို့ မေးမြန်းတော်မူလေ၏။

၆၉၇။ ပဘာဿရဝရဝဏ္ဏာနိဘော၊ သုရတ္တဝတ္ထဝသနေ၊
မဟိဒ္ဓိကေ စန္ဒနရုစိရဂတ္တေ၊
ကာ တွံ သုဘေ ဒေဝတေ ဝန္ဒသေ မမံ။

၆၉၇။ ပဘာဿရဝရဝဏ္ဏာနိဘော၊ ပြိုးပြိုးပြက်ပြက် အရောင်ဖြင့် မွန်မြတ်သော အဆင်းအရောင်ရှိသော။ သုရတ္တဝတ္ထဝသနေ၊ နှစ်သက်ဖွယ်ရာ ကောင်းစွာနိမြန်းသော အဝတ်ထဘီကို ဝတ်ဆင်သော။ စန္ဒနရုစိရဂတ္တေ၊ စန္ဒကူးနံ့သာတို့ဖြင့် လိမ်းကျံ၍ထားသကဲ့သို့ နှစ်သက်ဖွယ်ရာ နူးညံ့စွာသော ကိုယ်ရှိသော။ သုဘေ၊ လှပတင့်တယ်သော။ မဟိဒ္ဓိကေ၊ တန်ခိုးအာနုဘော်ကြီးသော။ ဒေဝတေ၊ အို ... နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ မမံ၊ ငါ့ကို။ ဝန္ဒသေ၊ ရိုသေလေးမြတ်စွာ ရှိခိုးလာ၏။ တွံ၊ သင်နတ်သမီးသည်ကား။ ကာ၊ မည်သူမည်ဝါပါနည်း။

၆၉၈။ ပလ္လင်္ကော စ တေ မဟာရွေ၊ နာနာရတနစိတ္တိတော ရုစိရော၊
ယတ္ထ တွံ နိသိန္နာ ဝိရောစသိ၊ ဒေဝရာဇာရိဝ နန္ဒနေ ဝနေ။

၆၉၈။ တေ၊ သင်နတ်သမီး၏။ ပလ္လင်္ကော စ၊ ထိုင်နေရာပလ္လင်သည်လည်း။ မဟာရွေ၊ အဖိုးများစွာ ထိုက်တန်ပါ၏။ နာနာရတနစိတ္တိတော၊ အထူးထူးသော ရတနာတို့ဖြင့်လည်း ဆန်းကြယ်ပါ၏။ ရုစိရော၊ နှစ်သက်ဖွယ်ရာလည်း ရှိပါ၏။ ယတ္ထ၊ ယင်းပလ္လင်ပေါ်၌။ နိသိန္နာ၊ ထိုင်လျက်နေသော။ တွံ၊ သင်နတ်သမီးသည်။ နန္ဒနေ ဝနေ၊ နန္ဒဝန်ခေါ် ဥယျာဉ်တော်၌။ ဒေဝရာဇာရိဝ၊ အရှင်သိကြားမင်းကဲ့သို့။ ဝိရောစသိ၊ တင့်တယ်လှပါ၏။

၆၉၉။ ကိံ တွံ ပုရေ သုစရိတမာစရီ ဘဒ္ဒေ၊ ကိဿ ကမ္မဿ ဝိပါကံ၊
အနုဘောသိ ဒေဝလောကသ္မိံ၊ ဒေဝတေ ပုစ္ဆိတာစိက္ခ။
ကိဿ ကမ္မဿိဒံ ဖလံ။

၆၉၉။ ဘဒ္ဒေ၊ နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ ပုရေ၊ ရှေးဘဝ၌ လူဖြစ်ခိုက်တွင်။ ကိံ သုစရိတံ၊ အဘယ်သုစရိုက်တရားကို ကျင့်ပွားခဲ့ပါသနည်း။

http://www.dhammadownload.com

ဒေဝတေ၊ နတ်သမီး။ တွဲ၊ သင်သည်။ ကိသ ကမ္မသ၊ အဘယ်ကောင်းမှုကံ၏။ ဝိပါက်၊ အကျိုးထူးကို။ ဒေဝလောကသို့၊ နတ်တို့လောကဌ်။ အနုဘောတိ၊ စံစား ရပါသနည်း။ ဒေဝတေ၊ နတ်သမီး။ ဣဒံ ဖလံ၊ ဤအကျိုးတရားသည်။ ကိသ ကမ္မသ၊ အဘယ်ကောင်းမှုကံ၏။ ဖလံ၊ အကျိုးတရားပါနည်း။ ပုစ္ဆိတာ၊ သိလို ရေးကြောင့် ငါမေးမြန်းအပ်သည်ကို။ အာစိက္ခ၊ ဖြေဆိုပါလော့။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူအပ်သည်ရှိသော် ပဘဿရနတ်သမီးသည် ဤသို့ ဖြေကြားလေ၏။

၇၀၀။ ပိဏ္ဍာယ တေ စရန္တဿ၊ မာလံ ဖာဏိတ္ထု အဒဒံ ဘန္တေ၊
တဿ ကမ္မဿိဒံ ဝိပါကံ၊ အနုဘောမိ ဒေဝလောကသ္မိံ။

၇၀၀။ ဘန္တေ၊ မောဂ္ဂလာန်အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တဿ၊ လှည့်လည်ကြွရောက်တော်မူလာသော။ တေ၊ အရှင်ဘုရားအား။ မာလဉ္စ၊ မြတ်လေးပန်းကိုလည်းကောင်း။ ဖာဏိတဉ္စ၊ ထန်းလျက် ကြဲသကာကိုလည်းကောင်း။ အဒဒံ၊ ပေးလှူခဲ့ဖူးပါသည်ဘုရား။ တဿ ကမ္မဿ၊ ထိုကုသိုလ်ကံ၏။ ဣဒံ ဝိပါကံ၊ ဤအကျိုးကို။ ဒေဝလောကသ္မိံ၊ နတ်ပြည်၌။ အနုဘောမိ၊ ခံစားရပါ၏ဘုရား။

၇၀၁။ ဟောတိ စ မေ အနုတာပေါ၊ အပရဏ္ဍံ ဒုက္ခိတဉ္စ မေ ဘန္တေ၊
သာဟံ ဓမ္မံ နာဿောသိံ၊ သုဒေသိတံ ဓမ္မရာဇေန။

၇၀၁။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ မေ၊ တပည့်တော်သည်။ အနုတာပေါ စ၊ စိတ်နှလုံး ပူပန်မှုသည်လည်း။ ဟောတိ၊ ဖြစ်နေပါ၏ဘုရား။ မေ၊ တပည့်တော်၏။ အပရဏ္ဍံ အပရဏ္ဍေန၊ ချွတ်ယွင်းခဲ့ငြား အမှားမှားကို လျှောက်ထားခဲ့မိ၍။ ဒုက္ခိတဉ္စ၊ ဆင်းရဲရခြင်းသည်လည်း။ ဟောတိ၊ ဖြစ်ရပါ၏။ သာဟံ–သာ အဟံ၊ ပဘဿရခေါ် ထိုတပည့်သည်။ ဓမ္မရာဇေန၊ တရားမင်း ဖြစ်တော်မူသည့် ဘဉ္ဇရာရှင်သည်။ သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော်မူ အပ်သော။ ဓမ္မံ၊ တရားတော်ကို။ နာဿောသိံ၊ အိမ်မှကိစ္စ များပြားနေ၍ မနာခဲ့ ရပါဘုရား။

http://www.dhammadownload.com

၇၀၂။ တံ တံ ဝဒါမိ ဘဒ္ဒန္တေ၊ ယဿ မေ အနုကမ္ပိယော ကောစိ၊
ဓမ္မေသု တံ သမာဒပေထ၊ သုဒေသိတံ ဓမ္မရာဇေန။

၇၀၂။ ဘန္တေ၊ အရှင်ကောင်း အရှင်မြတ်ဘုရား။ တံ တသ္မာ၊ ထိုသို့ ကြုံခဲ့ရသော အကြောင်းကြောင့်။ တံ တုယ္ဟံ၊ အရှင်ဘုရားအား။ အဟံ၊ တပည့်တော်သည်။ ဝဒါမိ၊ တောင်းပန်လျှောက်ကြားပါ၏။ ယော၊ အကြင် အရှင်ဘုရားသည်။ မေ၊ တပည့်တော်အား။ အနုကမ္ပိယော၊ သနားစောင့်ရှောက် ချီးမြှောက်တော်မူအပ်သည်။ အသ၊ ဖြစ်ပါ၏။ ကောစိ၊ အရှင်ဘုရားကဲ့သို့ အခြားတစ်ပါးသော ပုဂ္ဂိုလ်သည်။ တံ၊ ထိုတပည့်တော်ကဲ့သို့သော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို။ ဓမ္မေသု၊ မြတ်တရားတို့၌။ သမာဒပေထ၊ ဟောကြားဆုံးမကာ ဆောက်တည်ပါစေဘုရား။ ဓမ္မရာဇေန၊ တရားမင်းထွတ်ဖျား ရှင်တော်မြတ်ဘုရားသည်။ သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော်မူအပ်သော တရားတော်ကို။ သမာဒပေထ၊ ဟောကြားဆုံးမကာ တည်စေတော်မူပါဘုရား။

၇၀၃။ ယေသံ အတ္ထိ သဒ္ဓါ ဗုဒ္ဓေ၊ ဓမ္မေ စ သံဃရတနေ၊
တေ မံ အတိဝိရောစန္တိ၊ အာယုနာ ယသသာ သိရိယာ။

၇၀၃။ ဘန္တေ၊ အရှင်ဘုရား။ ယေသံ၊ အကြင်နတ်တို့အား။ ဗုဒ္ဓေ စ၊ ဘုရား ရှင်၌လည်းကောင်း။ ဓမ္မေ စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် ဆယ်ပါးသော တရားတော်မြတ်၌လည်းကောင်း။ သံဃရတနေ စ၊ သံဃာရတနာ၌လည်းကောင်း။ သဒ္ဓါ၊ ယုံကြည်မှု သဒ္ဓါတရားသည်။ အတ္ထိ၊ ရှိ၏။ တေ၊ ထိုရတနာသုံးပါး၌ ယုံကြည်ကြကုန်သော နတ်အပေါင်းတို့သည်။ မံ၊ တပည့်တော်ထက်။ အာယုနာ၊ အသက်အရွယ်အားဖြင့်လည်းကောင်း။ ယသသာ၊ အခြံအရံအားဖြင့်လည်းကောင်း။ သိရိယာ၊ အသရေအားဖြင့်လည်းကောင်း။ အတိဝိရောစန္တိ၊ လွန်စွာ တင့်တယ်ကြပါကုန်၏။

၇၀၄။ ပတာပေန ဝဏ္ဏေန ဥဇ္ဇာရိတရာ၊
အညေ မဟိဒ္ဓိကတရာ မယာ ဒေဝါ။

၇၀၄။ အညေ၊ အခြားကုန်သော။ ဒေဝါ၊ နတ်တို့သည်။ မယာ၊ တပည့်တော်ထက်။ ပတာပေန၊ အာနုဘော်အားဖြင့်လည်းကောင်း။ ဝဏ္ဏေန၊ အဆင်း

http://www.dhammadownload.com

အားဖြင့်လည်းကောင်း။ ဥတ္တရိတရာ၊ သာလွန်ကြပါကုန်၏။ မဟိဒ္ဓိကတရာ၊ တန်ခိုးတော ကြီးမားကြပါကုန်၏။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဖြေကြားလျှောက်ထားလေ၏။

ကျန်သောအဓိပ္ပာယ်များ အခြားဝတ္ထုများနှင့် တူကြသည်။

ပဘာသရဝိမာနဝတ္ထု ပြီး၏။

၃။ နာဂဝိမာနဝတ္ထု

ဘုရားရှင်အား သင်္ကန်းလျာအဝတ်စုံ လှူဒါန်းခဲ့ရသောကြောင့် ကောင်းကင်ဓရီး ဆင်ယာဉ်ပျံစီးကာ နတ်စည်းစိမ်ကို ခံစားရသော ယသုတ္တရာနတ်သမီး။

ဘုရားရှင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် ဗာရာဏသီပြည်သူ အမျိုးသမီးတစ်ယောက်သည် မြတ်စွာဘုရားအား ရည်မှန်းလျက် သင်္ကန်းလျာအဝတ်စုံကို ရက်စေသည်။ ထို့နောက် ကောင်းစွာဖွပ်လျှော်ချုပ်ဆိုးကာ မြတ်စွာဘုရားအထံသို့ သွားကာ ဤသို့ လျှောက်ကြားလေ၏။ "ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဤသင်္ကန်းလျာအဝတ်စုံကို တပည့်တော်အား သနားစောင့်ရှောက်ချီးမြှောက်သောအားဖြင့် အလှူခံတော်မူပါဘုရား" ဟု လျှောက်ကြားလေ၏။

သောတာပတ္တိဖိုလ်သို့ ရောက်ပြီ

မြတ်စွာဘုရားသည် ထိုသင်္ကန်းလျာအဝတ်စုံကို အလှူခံတော်မူပြီး ထိုဥပါသိကာ၏ ပါရမီ ဥပနိဿယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ သဘ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူလေ၏။ ထိုအမျိုးသမီးသည် တရားဒေသနာတော်၏ အဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အိမ်သို့ ပြန်သွားလေ၏။

http://www.dhammadownload.com

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးသည် မကြာမီ ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ မြတ်နိုးချစ်ခင် အကျွမ်းဝင်သူ ဖြစ်ရလေ၏။ အမည်အားဖြင့် "ယသုတ္တရာ" မည်၏။

ထိုယသုတ္တရာနတ်သမီး၏ ဘုန်းတန်ခိုးကြောင့် ရွှေကွန်ရက်တန်ဆာတို့ဖြင့် ဖုံးလွှမ်းဆင်မြန်းလျက် ကကြိုးတန်ဆာ အစုံပါသော ဆင်ပျံရထားနှာ ဖြစ်ပေါ်လာလေ၏။ ထိုဆင်ပျံရထားနှာ၏ ကျောက်ကုန်းထက်၌ ပတ္တမြားဖြင့်ပြီးသော မဏ္ဍပ်ရှိပြီး မဏ္ဍပ်၏အလယ်၌ ကောင်းစွာခင်းထားအပ်သော ရတနာပလ္လင်လည်း ရှိ၏။ ထိုဆင်ပျံရထားနှာ၏ အစွယ်နှစ်ချောင်းတို့၌ ကြာမျိုးငါးပါးနှင့် ပြည့်စုံ၍ မွေ့လျော်ဖွယ်ရှိသော လေးထောင့်ရေကန် နှစ်ခုရှိကာ ထိုရေကန်အတွင်း ပဒုမာကြာပွင့်တို့၏အပေါ်၌ နတ်သမီးတို့သည် တူရိယာငါးပါးတို့ကို တီးမှုတ်လျက် ကလည်း ကကြကုန်၏။ သီချင်းလည်း သီဆိုကြကုန်၏။

မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ သီတင်းသုံးနေတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။ သာဝတ္ထိပြည်သို့ ရောက်သော် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူလေ၏။

ထိုအခါ ယသုတ္တရာနတ်သမီးသည် မိမိစံစားနေသော စည်းစိမ်ချမ်းသာရခြင်း၏အကြောင်းကို ဆင်ခြင်သော် "မြတ်စွာဘုရားအား သင်္ကန်းလျာအဝတ်စုံကို လှူဒါန်းရသော ဒါနကုသိုလ်ကံ၏ အကြောင်းတည်း" ဟု သိလေ၏။ သို့အတွက် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မြတ်စွာဘုရား၌ ပိုမိုကြည်ညိုသောစိတ် များစွာဖြစ်ပြီးလျှင် ရှိခိုးလိုသည်ဖြစ်၍ ဆင်ပျံရထားနှာ ပလ္လင်ပေါ်၌ထိုင်လျက် ကောင်းကင်ခရီးဖြင့် လာပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်တည်၍နေလေ၏။

အရှင်ဝင်္ဂီသမထေရ်မြတ်က မေးမြန်းတော်မူခြင်း

နတ်သမီးကို အရှင်ဝင်္ဂီသမထေရ်သည် မြတ်စွာဘုရား ခွင့်ပြုတော်မူချက် အရ ဤသို့ မေးမြန်းတော်မူလေ၏။

၇၀၅။ အလင်္ကတာ မဏိကဉ္စနာစိတံ၊
သောဝဏ္ဏဓာလစိတံ မဟန္တံ။

http://www.dhammadownload.com

အဘိရုယှ ဂဇဝရံ သုကပ္ပိတံ၊
ဣစ္ဆကမာ ဧဟာယသံ အန္တလိက္ခေ။

၇၀၅။ ဒေဝတေ၊ နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ အလင်္ကတာ မဏိကဉ္စနာစိတံ၊ ပတ္တမြောင်းရတနာတို့ဖြင့် စီခြယ်အပ်သော ရွှေတန်ဆာလည်းရှိသော။ သောဝဏ္ဏဇာလစိတံ၊ ရွှေကွန်ရက်ဖြင့် ကောင်းစွာဖုံးလွှမ်းသော။ သုကပ္ပိတံ၊ ကကြီးတန်ဆာတို့ဖြင့် ကောင်းစွာဆင်မြန်းလျက်ရှိသော။ မဟန္တံ၊ ခမ်းနားဝင့်ထည်ကြီးကျယ်စွာသော။ ဂဇဝရံ၊ ဆင်ပျံတော်မြတ်ကို။ အဘိရုယှ၊ တက်စီး၍။ ဧဝဟာယသံ၊ ဧဟာယသ အမည်ရသော။ အန္တလိက္ခေ၊ မိုးကောင်းကင်ခရီးဖြင့်။ ဣစ္ဆ၊ ဧတေဝန်ကျောင်းတော်သို့။ အာဂမာ၊ ရောက်၍လာ၏။

၇၀၆။ နာဂဿ ဒန္တေသု ဒုဧသု နိမ္မိတာ၊
အစ္ဆောဒကာ ပဒုမိနိယော သုဖုလ္လာ။
ပဒုမေသု စ တူရိယဂဏာ ပဘိဇ္ဇရေ၊
ဣမာ စ နစ္စန္တိ မနောဟရာယော။

၇၀၆။ ဒုဧသု၊ နှစ်ချောင်းကုန်သော။ ဒန္တေသု၊ ဖြူဖွေးစင်ကြယ် ဆင်စွယ်တို့၌။ နိမ္မိတာ၊ ကောင်းစွာ ဖန်ဆင်းအပ်သော။ အစ္ဆောဒကာ၊ ရေကန်သာတို့လည်း ရှိကုန်၏။ ပဒုမိနိယော၊ ပဒုမာကြာပန်းတို့သည်လည်း။ သုဖုလ္လာ၊ ကားကားစွင့်စွင့် ကောင်းစွာ မွှင်ကြကုန်၏။ ပဒုမေသု စ၊ ပဒုမာကြာပန်းပေါ်တို့၌လည်း။ တူရိယဂဏာ၊ တူရိယာအပေါင်းတို့ကို။ ပဘိဇ္ဇရေ၊ တီးမှုတ်ကြကုန်၏။ ဣမာ စ၊ ဤနတ်သမီးတို့သည်လည်း။ နစ္စန္တိ၊ မြူးပျော်ရွှင်ပျ ကခုန်ကြကုန်၏။

၇၀၇။ ဒေဝိဒ္ဓိပတ္ထာသိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဧလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သမ္မဒိသာ ပဘာသတိ။

ဂါထာမြန်မာပြန် – အာနုဘော်ကြီးသော နတ်သမီး။ သင်သည် တန်ခိုးရှိန်စော် အာနုဘော်နှင့် ပြည့်စုံပါ၏။ လူဖြစ်စဉ်အခါက အဘယ်ကုသိုလ်ကံကို ပြုခဲ့ပါသနည်း။ အဘယ်ကုသိုလ်ကံကြောင့် ဤသို့ ထွန်းလင်းတောက်ပသော အာနု

http://www.dhammadownload.com

ဘော် ရှိပါသနည်း။ သင်နတ်သမီး၏ အဆင်းအရောင်သည်လည်း အလုံးစုံသော အရပ်မျက်နှာသို့ ထွန်းလင်းတောက်ပ၍ နေပါသနည်း။

ဤသို့ အရှင်ဝဂ်ီသမထေရ်မြတ်က မေးမြန်းတော်မူအပ်သည်ရှိသော် နတ်သမီးသည် ဤသို့ ဖြေဆိုလေ၏။

၇၀၈။ ဗာရာဏသိယံ ဥ၊သကံမိတ္တာ၊
ဗုဒ္ဓဿ'ဟံ ဝတ္ထုယုဂံ အဒါသိံ။
ပါဒါနိ ဝန္ဒိတ္တာ ဆမာ.နိသိဒိံ၊
ဝိတ္တာ စ'ဟံ အဋ္ဌလိကံ အကာသိံ။

၇၀၈။ ဘန္တေ။ အရှင်ဝဂ်ီသဘုရား။ အဟံ၊ တပည့်တော်သည်။ ဗာရာဏသိယံ၊ ဗာရာဏသီ ရွှေမြို့တော်၌။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ဥပသကံမိတ္တာ၊ ချဉ်းကပ်၍။ ဝတ္ထုယုဂံ၊ ခါးဝတ်ကိုယ်ရံ သင်္ကန်းအဝတ်စုံကို။ အဒါသိံ၊ ကပ်လှူခဲ့ပါသည်ဘုရား။ ပါဒါနိ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒိတ္တာ၊ ရိုသေမြတ်နိုးလက်စုံမိုးကာ ရှိခိုးပြီး၍။ ဆမာ၊ မြေအပေါ်၌။ နိသိဒိံ၊ ထိုင်နေပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ အဋ္ဌလိကံ၊ လက်အုပ်ချီခြင်းကိုလည်း။ ဝိတ္တာ၊ ကြည်လင်ထက်မြက် နှစ်သက်လှစွာ။ အကာသိံ၊ ပြုခဲ့ပါသည်ဘုရား။

၇၀၉။ ဗုဒ္ဓေါ စ ၊မေ ကဉ္စနသန္နိဘတ္တစော၊
အဒေသယိ သမုဒယဒုက္ခနိစ္ဆတံ။
အသခ်ံတံ ဒုက္ခနိရောဓသဿတံ၊
မဂ္ဂံ အဒေသယိ ယတော ဝိဇာနိသံ။

၇၀၉။ ဘန္တေ၊ အရှင်ဘုရား။ ကဉ္စနသန္နိဘတ္တစော၊ ရွှေအဆင်းတူသော အဆင်းရှိတော်မူပါသော။ ဗုဒ္ဓေါ စ၊ ဘုရားရှင်သည်လည်း။ မေ၊ တပည့်တော်အား။ သမုဒယဒုက္ခနိစ္ဆတံ၊ သမုဒယသစ္စာ, ဒုက္ခသစ္စာတို့၏ မမြဲသည်း၏ အဖြစ်ကိုလည်းကောင်း။ အသခ်ံတံ၊ ကဲ, စိတ်, ဥ, ဘာ ကြောင်းလေးဖြာတို့ ပေါင်းကာ အစဉ် မပြုပြင်အပ်သော။ ဒုက္ခနိရောဓသဿတံ၊ ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသစ္စာ၏ မြဲသည်း၏အဖြစ်ကိုလည်းကောင်း။ အဒေသယိ၊ မိန့်မြွက်ထုတ်ဖော်ဟောကြားတော်မူပါ၏ဘုရား။ မဂ္ဂံ စ၊ မဂ္ဂသစ္စာကိုလည်း။ အဒေသယိ၊ မိန့်မြွက်ထုတ်ဖော် ဟောကြားတော်မူပါ၏ဘုရား။ ယတော၊ ဤသို့ အကြင်တရားတော်ကို

http://www.dhammadownload.com

ဟောကြားတော်မူခြင်းကြောင့်။ အဟံ၊ တပည့်တော်သည်။ ဝိဇာနိသံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ရပါ၏ဘုရား။

၇၁၀။ အပ္ပါယုကီ ကာလကတာ တတော စုတာ၊
ဥပပန္နာ တိဒသဂဏံ ယသသိနီ။
သက္ကဿဟံ အညတရာ ပဇာပတိ၊
ယသုတ္တရာ နာမ ဒီဃာသု ဝိဿုတာ။

၇၁၀။ ဘန္တေ၊ အရှင်ဘုရား။ တတော၊ ထိုလူ့ဘဝမှ။ အပ္ပာယုကီ၊ အသက်ပိုင်းခြား နည်းပါးသော တပည့်တော်မသည်။ ကာလကတာ၊ ကွယ်လွန်ခြင်းကို ပြု၍။ စုတာ၊ စုတေသည်မှ နောက်ကာလ၌။ ယသိနီ၊ အခြွေအရံရှိသော။ တိဒသဂဏံ၊ တာဝတိံသာနတ်ပြည်၌။ ဟုတ္ဝာ၊ ဖြစ်၍။ အဟံ၊ တပည့်တော်သည်။ သက္ကဿ၊ သိကြားမင်း၏။ ဒီဃာသု၊ စတုမဟာ, တာဝတိံသာဟူသော နှစ်ထပ်နတ်ရွာ အရပ်မျက်နှာတို့၌။ ဝိဿုတာ၊ ထင်ရှားကျော်စောသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ယသုတ္တရာ နာမ၊ ယသုတ္တရာ အမည်ရှိသော။ အညတရာ၊ တစ်သောင်း, ခြောက်ထောင်တွင် အပါအဝင်ဖြစ်သော။ ပဇာပတိ၊ ကောင်းစွာမြှောက်စား မိဖုရားသည်။ ဥပပန္နာ၊ ဖြစ်ရပါ၏ဘုရား။

ကျန်သောအဓိပ္ပာယ်များ ရှေ့ပိုင်းဝတ္ထုကြောင်းတို့နှင့် တူသည်။

နာဂဝိမာနဝတ္ထု ပြီး၏။

၄။ အလောမဝိမာနဝတ္ထု

ဘုရားရှင်အား မုယောမုန့်ခြောက် လှူဒါန်းခဲ့သည့် ကုသိုလ်ကြောင့်
တာဝတိံသာနတ်ပြည်၌ အလောမဟူသော အမည်ဖြင့် စည်းစိမ်
ချမ်းသာ စံစားနေရသူ နတ်သမီး။

ဘုရားရှင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် ဗာရာဏသီပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူလေ၏။

http://www.dhammadownload.com

ပြုခဲ့သောကောင်းမှုနှင့် ကောင်းမှု၏အကျိုး

ဗာရာဏသီပြည်ဝယ် တစ်ဦးသော အလောမအမည်ရှိ သူဆင်းရဲမသည် ဘုရားရှင်ကို ဖူးမြင်ရလေလျှင် အခြားလှူဖွယ်ဝတ္ထုကို မမြင်၍ "ဤမုန့်ခြောက်ကို ဘုရားရှင်အား လှူဒါန်းရလျှင် ငါ့အားများစွာသော အကျိုးရှိသည်ဖြစ်လတ္တံ့" ဟု ကြံလျက် မုယောမုန့်ခြောက်ကို ကပ်လှူလေ၏။ ဘုရားရှင်သည် အလှူခံတော်မူလေ၏။ ထိုသူဆင်းရဲ အလောမသည် ထိုမုန့်ခြောက် လှူဒါန်းရသော ကောင်းမှုကို အာရုံပြုလျက် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လေ၏။ နောက်အခါ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူစဉ် ထိုအလောမနတ်သမီးကို တွေ့မြင်ရ၍ ဤသို့ မေးမြန်းတော်မူလေ၏။

နံပါတ် ၇၁၁-၇၁၂-၇၁၃-၇၁၄ ဂါထာများသည် ပိဋ္ဌဝဂ်၊ ဒီပဝိမာနဝတ္ထုလာ ၇၅-၇၆-၇၈-၇၉ ဂါထာများနှင့် အနက်တူသည်။

၇၁၅။ အဟဉ္စ ဗာရာဏသိယံ၊ ဗုဒ္ဓဿာဒိစ္စဗန္ဓုနော၊
အဒါသိံ သုက္ခကုမ္မာသံ၊ ပဿန္နာ သေဟိ ပါဏိဘိ။

၇၁၅။ ဘဲန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ အာဒိစ္စဗန္ဓုနော၊ ရှင်နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ပဿန္နာ၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သေဟိ ပါဏိဘိ၊ ကိုယ်တိုင်လက်တို့ဖြင့်။ သုက္ခကုမ္မာသံ၊ မုယောမုန့်ခြောက်ကို။ အဒါသိံ၊ ပေးလှူခဲ့ပါသည်ဘုရား။

၇၁၆။ သုက္ခာယ အလောဏိကာယ စ၊ ပဿ ဖလံ ကုမ္မာသပိဏ္ဍိယာ၊
အလောမံ သုခိတံ ဒိသွာ၊ ကော ပုညံ န ကရိဿတိ။

၇၁၆။ သုက္ခာယ၊ သွေ့ခြောက်၍နေပြီဖြစ်သော။ အလောဏိကာယ၊ စားချင်ဖွယ်ရာ ဆားမပါသော။ ကုမ္မာသပိဏ္ဍိယာ၊ မုယောမုန့်ချပ်အလှူ၏။ ဖလံ၊ အကျိုးထူးကို။ ပဿ၊ ကြည့်ရှုတော်မူပါဘုရား။ သုခိတံ၊ နတ်စည်းစိမ် ခံစားရသဖြင့် ချမ်းသာနေသော။ အလောမံ၊ အလောမမည်သော သူဆင်းရဲမကို။ ဒိသွာ၊ တွေ့မြင်

http://www.dhammadownload.com

ရသည်ရှိသော်။ ကောဂ၊ ဗြဟ္မာ နတ်လူ အဘယ်သူသည်။ ပုည၊ ကုသိုလ်အစု မြတ်ကောင်းမှုကို။ နံ ကရိဿတိ၊ မပြုလုပ်ဘဲ ရှိပါတော့အံ့နည်း။ ကရိဿတိ ဧဝ၊ ပြုလုပ်တော့မည်သာတည်း။

၇၁၇။ တေန မေ' တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

ဂါထာမြန်မာပြန် – ထိုမယောမုန့်ခြောက် လှူဒါန်းခဲ့ဖူးသည့် ကုသိုလ်ထူးကြောင့် တပည့်တော်အား ထိုသို့ရှုချင်ဖွယ်ရာ အရောင်အဆင်း ဖြစ်ပါ၏ဘုရား။ ပ။ ထိုပြုခဲ့ဖူးသော ကုသိုလ်ကြောင့် တပည့်တော်၏ အရောင်အဆင်းသည်လည်း အရပ်ဆယ်ဖြာတို့၌ ထွန်းလင်းတောက်ပ၍ နေပါသည်ဘုရား။

အကြွင်းအဓိပ္ပာယ်များသည် ရှေးနည်းကို မှီး၍သိပါ။

အလောမဝိမာနဝတ္ထု ပြီး၏။

၅။ ကဋ္ဌိကဒါယိကာဝိမာနဝတ္ထု

ဘုရားရှင်အား ပုန်းရည်လှူဒါန်းခဲ့ဖူးသည့် ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ ကြီးကျယ်သော နတ်စည်းစိမ်ချမ်းသာ စံစားရသော နတ်သမီး။

ဘုရားရှင်သည် အန္ဓကဝိန္ဒမြို့၌ သီတင်းသုံးတော်မူစဉ် လေနာရောဂါဖြစ်၍ အရှင်အာနန္ဒာကို ခေါ်တော်မူပြီးလျှင် "ချစ်သား အာနန္ဒာ၊ သင်သွားချေ၊ ဆွမ်းအလို့ငှာ လှည့်လည်၍ ငါ့အတွက် ဆေးအလို့ငှာ ပုန်းရည်ကို ဆောင်ယူခဲ့ပါ" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် စတုမဟာရာဇ် နတ်မင်းကြီးများ လှူဒါန်းထားသော ဘုရားရှင်၏ သပိတ်တော်ကို ယူဆောင်၍ မိမိ၏ ဆွမ်းခံအိမ်ဖြစ်သည့် ဆေးဆရာ၏ အိမ်တံခါးဝ၌ ရပ်တော်မူလေ၏။

အိမ်တံခါးဝ၌ ရပ်တော်မူသော အရှင်အာနန္ဒာကိုမြင်၍ ဆေးဆရာ၏ မယားသည် ရှိခိုးလျက် သပိတ်တော်ကို ယူပြီးလျှင် "အရှင်ဘုရား၊ အရှင်ဘုရား တို့ ဘာအလိုရှိပါသနည်း" ဟု အရှင်အာနန္ဒာမထေရ်ကို မေးလျှောက်လေ၏။

http://www.dhammadownload.com

ထိုဆေးဆရာကတော်သည် ပါးနပ်လိမ္မာ အသိပညာနှင့် ပြည့်စုံသူဖြစ်၍ "အရှင် မြတ်သည် ဆေးပစ္စည်း အလိုရှိသောအခါ၌သာ ဤအိမ်သို့ ကြွလာတတ်၏၊ ဆွမ်းအလို့ငှာ မလာ" ဟု ဤသို့လျှောက်ထားခြင်း ဖြစ်သည်။

အတိတ်က ပြုခဲ့သောကုသိုလ်

ထိုအခါ အရှင်အာနန္ဒာမထေရ်က "ငါတို့ ဆေးပစ္စည်း အလိုရှိ၏" ဟု မိန့်ဆိုလတ်သော် "ဤဆေးသည် ငါတို့၏အရှင် အရှင်အာနန္ဒာအတွက် မဟုတ်နိုင်၊ ဘုရားရှင်အတွက် ဖြစ်လတ္တံ့၊ အကြောင်းမှာ အရှင်သည် ဘုရားရှင်၏ သပိတ်တော်ကို ယူတော်မူလာသောကြောင့်တည်း၊ ယခုအခါ ငါသည် လူသုံးပါးတို့ ကကိုးကွယ်ရာ မြတ်စွာဘုရားအတွက် သင့်လျော်လျောက်ပတ်သော ပုန်းရည်ကို စီမံအံ့" ဟု ကြံစည်လျက် ဆီးသီးရည်ဖြင့် ကျိုချက်အပ်သော ပုန်းရည်ချဉ်ကို ဆီ,ထောပတ် စသည်တို့ဖြင့် ရောစပ်ပြုပြင်သည်။ ထို့နောက် သပိတ်ပြည့်လောင်းလှူပြီးလျှင် ထိုဆေး၏ အခြံအရံအဖြစ်ဖြင့် အခြားသော ခဲဖွယ်ဘောဇဉ်တို့ကိုလည်း စီရင်၍ လှူလိုက်လေ၏။

လေနာပျောက်ပြီ

ထိုဆေးပုန်းရည်ဖြင့် ကျိုချက်အပ်သော ယာဂုကို ဘုဉ်းပေးသုံးဆောင်တော်မူစဉ်ပင်လျှင် ဘုရားရှင်၏ လေနာရောဂါသည် ငြိမ်းပျောက်တော်မူလေ၏။

လက်ရှိဘဝ၌ ခံစားရသော ကောင်းမှု၏အကျိုး

ထိုဆေးဆရာကတော်သည် နောက်အခါ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ဖြစ်လျက် ကြီးမားများပြားစွာသော နတ်၏စည်းစိမ်ကို ခံစားရကာ ဝမ်းမြောက်စွာ နေရလေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် နတ်သမီးတစ်ထောင် အခြံအရံနှင့်အတူ သွားလာ၍နေသော ထိုနတ်သမီးကို မြင်တော်မူ၍ ထိုနတ်သမီး ပြုအပ်ခဲ့သော ကောင်းမှုကံကို မေးမြန်းတော်မူလေ၏။

http://www.dhammadownload.com

၇၁၉-၇၂၀-၇၂၁-၇၂၂ ဂါထာများသည် ပိဋ္ဌဝဂ် ဒီပဝိမာနဝတ္ထုလာ ၇၅-၇၆-၇၈-၇၉ ဂါထာများနှင့် တူသည်။

ထိုနတ်သမီးသည်လည်း အဟံ အန္နကဝိန္နမှိ စသော ဂါထာတို့ဖြင့် ဖြေကြား လျှောက်ထားလေ၏။

၇၂၃။ အဟံ အန္နကဝိန္နမှိ၊ ဗုဒ္ဓဿာဒိစ္စဗန္ဓုနော၊
အဒါသိံ ကောလသမ္မာကံ၊ ကဋ္ဌိကံ တေလဓူပိတံ။

၇၂၃။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ အန္နကဝိန္နမှိ၊ အန္နကဝိန္နမြို့၌။ အာဒိစ္စဗန္ဓုနော၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ကောလသမ္မာကံ၊ ဆီးသီးရည်ဖြင့် ကောင်းစွာ ကျိုချက်အပ်သော။ တေလဓူပိတံ၊ ဆီဖြင့်ထုံပတ် ဆီမွှေးသတ်ထားအပ်သော။ ကဋ္ဌိကံ၊ ပုန်းရည်ကို။ အဒါသိံ၊ ပေးလှူခဲ့ဖူးပါ၏ဘုရား။

၇၂၄။ ဝိပ္ပလျာ လသုဏေန စ၊ မိဿံ လာမဉ္စကေန စ၊
အဒါသိံ ဥစ္စဘူတသ္မိံ၊ ဝိပ္ပသန္နေန စေတသာ။

၇၂၄။ ဥစ္စဘူတသ္မိံ၊ ဖြောင့်မတ်ခြင်းသို့ ရောက်တော်မူသော ရှင်တော်မြတ် ဘုရား၌။ ဝိပ္ပသန္နေန၊ အထူးကြည်လင်သောစိတ်ဖြင့်။ ဝိပ္ပလျာ လသုဏေန စ၊ ပိတ်ချင်း, ကြက်သွန်ဖြူနှင့်လည်းကောင်း။ လာမဉ္စကေန စ၊ ပန်းရင်းနှင့်လည်း ကောင်း။ မိဿံ၊ ပေါင်းစပ် ရောနှောသော။ ကဋ္ဌိကံ၊ ပုန်းရည်ကို။ အဒါသိံ၊ ပေးလှူခဲ့ဖူးပါ၏ဘုရား။

နံပါတ် ၇၂၅-၇၂၆-၇၂၇-၇၂၈ ဂါထာတို့၏ အနက်တို့သည် စိတ္တလတာ ဝဂ် အာစာမဒါယိကာဝိမာနဝတ္ထုလာ ၁၉၁-၁၉၂-၁၉၃-၁၉၄ ဂါထာတို့၏အနက် တို့နှင့် တူသည်။ ပဌမပါဒ၌ပါသော "စကဿ ကဋ္ဌိကဒါနဿ" ဟူသော ပါဠိ၏ အနက်ကို "စကဿ၊ တစ်ခုသော။ ကဋ္ဌိက ဒါနဿ၊ ပုန်းရည်အလှူ၏" ဟူ၍ အနက်ပေးပါ။

၇၂၅။ ယာ မယောသိတ္ထံ ကာရေယျ၊ စက္ကဝတ္တိဿ ရာဇိနော၊
နာရီ သဗ္ဗင်္ဂကလျာဏီ၊ ဘတ္တုံ စာနောမဒဿိကာ၊
စကဿ ကဋ္ဌိကဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိံ၊

http://www.dhammadownload.com

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ် လှပတင့်တယ် ရှုချင်ဖွယ်သော လင်ယောကျ်ား၏ ရှုမငြီးသည့် ဇနီးသည်သည် စကြာမင်းကြီး၏ မိဖုရားအဖြစ်သည် ဤသူဆင်းရဲမ ပေးလှူခဲ့ရသော ပုန်းရည်အလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ် တစ်စိတ်လောက်မျှ တန်ဖိုးမရှိပါဘုရား။

၇၂၆။ သတံ နိက္ခာ သတံ အဿာ၊ သတံ အဿတရီရထာ၊
သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ၊
ဇကဿ ကဋ္ဌကဒါနဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။

ဂါထာမြန်မာပြန် – ရွှေစင်နိက္ခတစ်သိန်း, မြင်းတစ်သိန်း, အဿတိုရ်မြင်းကသော ရထားတစ်သိန်း ပတ္တမြားနားတောင်း ဝတ်ဆင်ကုန်သော သမီးကညာတစ်သိန်း ဟူကုန်သော ဤအလုံးစုံတို့သည်လည်း ဤသူဆင်းရဲမ ပေးလှူခဲ့ရသော ပုန်းရည်အလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ် တစ်စိတ်လောက်မျှ တန်ဖိုးမရှိကြပါကုန်ဘုရား။

၇၂၇။ သတံ ဟေမဝတာ နာဂါ၊ ဤသာဒန္တာ ဥရုဠှဝါ၊
သုဝဏ္ဏကစ္ဆာ မာတင်္ဂါ၊ ဟေမကပ္ပနဝါသသာ၊
ဇကဿ ကဋ္ဌကဒါနဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။

ဂါထာမြန်မာပြန် – ဟိမဝန္တာတောင်၌ ဖြစ်ကုန်သော၊ စဉ်းငယ်ညွတ်သော အစွယ်ရှိကုန်သော၊ ကြီးစွာသော စစ်ပွဲတို့၌ ဆင်နွှဲနိုင်ကြကုန်သော၊ ရွှေကကြိုးတင်အပ်ကုန်သော၊ ရွှေတန်ဆာဖွဲ့ဆင်အပ်သော ကိုယ်ရှိကြကုန်သော မာတင်္ဂမျိုးဖြစ်ကုန်သော ဆင်အကောင်တစ်ရာသည် ဤသူဆင်းရဲမ ပေးလှူခဲ့သော ပုန်းရည်အလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ် တစ်စိတ်လောက်မျှ တန်ဖိုးမရှိကြပါကုန်ဘုရား။

၇၂၈။ စတုန္နမပိ ဒီပါနံ၊ ဣဿရံ ယောဓ ကာရယေ၊
ဇကဿ ကဋ္ဌကဒါနဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

ဂါထာမြန်မာပြန် – ဤကမ္ဘာလောကကြီးအတွင်း၌ ကျွန်းကြီးလေးကျွန်းကို ပိုင်သသည့် စကြဝတေးမင်း စည်းစိမ်ချမ်းသာသည်လည်း ဤသူဆင်းရဲမ ပေး

http://www.dhammadownload.com

လှူရသော ပုန်းရည်အလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ် တစ်စိတ်မျှ တန်ဖိုးမဟာမရှိပါဘုရားဟု ဖြေကြားလျှောက်ထားလေ၏။

ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုများနှင့် တူသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ကဠိကဒါယိကာ နတ်သမီးက မိမိကောင်းစွာ အားထုတ်ပြုလုပ်ခဲ့သော ကောင်းမှုကံကို လျှောက်ထားသည်ရှိသော် အခြံအရံနှင့်တကွသော ထိုကဠိကဒါယိကာနတ်သမီးအား တရားဟောကြားသည်။ ထို့နောက် လူ့ပြည်သို့ ပြန်ကြွလာ၍ ဘုရားရှင်အား အကြောင်းစုံကို လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းကို ပရိသတ်လေးပါး တို့၏ အလယ်၌ ဟောကြားတော်မူလေ၏။ ထိုဟောကြားတော်မူအပ်သော တရားဒေသနာတော်သည် လူများအပေါင်းအား အကျိုးစီးပွား များပြားလေ၏။

ကဠိကဒါယိကာ ဝိမာနဝတ္ထု ပြီး၏။

၆။ ဝိဟာရဝိမာနဝတ္ထု

ကျောင်းအစိမ ဝိသာခါသည် ပုဗ္ဗာရုံကျောင်းတော်ကြီးကို လှူဒါန်း ပူဇော်သောပွဲ ကျင်းပရာတွင် ဝမ်းမြောက်စွာ သာခုအနုမောဒနာ ခေါ်ခဲ့သောကြောင့် နတ်၏စည်းစိမ်ကို စံစားရသော နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝိသာခါ ဥပါသိကာမကြီးသည် မိတ်ဆွေတို့၏ တိုက်တွန်းမှုကြောင့် မဟာလတာတန်ဆာကြီးကို ဆင်မြန်းဝတ်လျက် အဖော်မိန်းမတို့ ခြံရံကာ ဥယျာဉ်သို့ လာခဲ့သည်။ လမ်းခရီး၌ ဤသို့ အကြံဖြစ်၏။ "ငါသည် အသက်အရွယ် နုနယ်သူ သူငယ်မကလေးကဲ့သို့ အချည်းနှီးသော မြူးထူးပျော်ပါး ကစားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါသည် ဇေတဝန်ကျောင်းတော်သို့ သွား၍ ရှင်တော်မြတ်ဘုရားကိုလည်းကောင်း၊ ရဟန်းတော်အရှင်မြတ်တို့ကိုလည်းကောင်း ရှိခိုး၍ တရားတော်ကို နာကြားအံ့" ဟု အကြံဖြစ်၏။

သို့ဖြင့် ဇေတဝန်ကျောင်းတော်သို့ သွားသည်။ မဟာလတာတန်ဆာကြီးကို ကျွန်မတစ်ယောက်ထံ အပ်နှံထား၍ ဘုရားရှင်ကို ဦးချရှိခိုးလျက် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေလေ၏။

http://www.dhammadownload.com

ဘုရားရှင်သည် ဝိသာခါ ဥပါသိကာမကြီးအား တရားဟောကြားတော်မူလေ၏။ ဝိသာခါ မဟာဥပါသိကာမကြီးသည် တရားတော်ကို နာပြီးလျှင် မြတ်စွာဘုရားနှင့် ရဟန်းတော်တို့ကို ရှိခိုးပြီးသော် ကျောင်းတော်မှ ထွက်ပြီးလျှင် ကျွန်မကိုခေါ်ပြီး "ဟယ် ... ကျွန်မ၊ ယခုအခါ ငါသည် မဟာလတာ တန်ဆာကြီးကို ဝတ်ဆင်တော့အံ့" ဟု ပြောဆိုလေ၏။

ကျောင်းဆောက်လှူရန် လျှောက်ထား

ကျွန်မသည် မဟာလတာ တန်ဆာကြီးကို ကျောင်းတော်အတွင်း တစ်နေရာ၌ ထားခဲ့ပြီး ထိုထိုဤဤ လှည့်လည်သွားလာရာ မဟာလတာတန်ဆာကို မမြင်နေခဲ့သည်။ ထို့ကြောင့် "အရှင်၊ ကျွန်တော်မ မဟာလတာတန်ဆာကို မမြင်နေရစ်ခဲ့ပါသည်၊ ပြန်၍ယူပါအံ့" ဟု ဆိုကာ လှည့်ပြန်၍ ယူလေ၏။

ဝိသာခါသည် "ဟယ် ... ကျွန်မ၊ အကယ်၍ ကျောင်း၌ထားကာ မမြင်နေခဲ့သည် ဖြစ်အံ့၊ ထိုမဟာလတာတန်ဆာကြီးကို ကျောင်းအလို့ငှာ စွန့်လှူအံ့" ဟု ပြောဆို၍ ကျောင်းတော်သို့သွားသည်။ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ ကျောင်းဆောက်လှူလိုကြောင်းကို လျှောက်ထား၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့် လျှောက်ထားမှုကို လက်ခံတော်မူလေ၏။

ကိုးလကြာ ဆောက်လုပ်ခဲ့

ထိုဝိသာခါသည် အဖိုး ကိုးကုဋေတစ်သိန်း ထိုက်တန်သော ထိုတန်ဆာကြီးကို ထုခွဲရောင်းချ၍ ထိုငွေတို့ဖြင့် အရှင်မဟာမောဂ္ဂလာန်ကို ကြီးမှူးအုပ်ချုပ်စီမံပြုလုပ်စေကာ ဘက်စုံမှ ထူးခြားဆန်းကြယ်သော အောက်ထပ်၌ တိုက်ခန်း ငါးရာ၊ အထက်ထပ်၌ တိုက်ခန်းငါးရာတို့ဖြင့် တန်ဆာဆင်အပ်သော ပြာသာဒ်ကြီးကိုလည်းကောင်း၊ ထိုပြာသာဒ်ကြီး၏ အခြံအရံအဖြစ်ဖြင့် ကုဋေ 'ကျောင်းငယ်' မထွာပ် စကြံ့ ၈သည်တို့ကိုလည်းကောင်း ဆောက်လုပ်စေရာ ကိုးလကြာမြင့်မှ ကျောင်းပြီးဆုံးလေ၏။

ပူဇော်ပွဲကျင်းပကာ အမျှဝေခြင်း

ကျောင်းကြီး ဆောက်လုပ်ပြီးသော် ကိုးကုဋေသောငွေတို့ဖြင့် ကျောင်းတိုက်ပူဇော်ပွဲ ပြုလုပ်သည်။ ငါးရာသော မိတ်ဆွေအဖော်တို့နှင့်အတူ ကျောင်းပြာသာဒ်ထက်သို့တက်၍ ကြည့်သော် ခမ်းနားကြီးကျယ်၍ အဘက်ဘက်မှ ပြည့်စုံပုံကို

http://www.dhammadownload.com

တွေ့မြင်ရလေလျှင် ဝမ်းမြောက်သည်ဖြစ်၍ မိတ်ဆွေတို့အား "ဤမှု ကြီးကျယ်လှသော ပြာသာဒ်အလှူတော်ကြီးကို သင်တို့ ဝမ်းမြောက်နမော် သာဓုခေါ်ကြပါ၊ ငါသည် သင်တို့အား ကုသိုလ်၏အဖို့ကို အမျှဝေပါ၏" ဟု ပြောဆိုသည်။ မိတ်ဆွေအဖော် အားလုံးတို့သည်လည်း ကြည်လင်သော စိတ်ထားရှိကြကုန်လျက် နှစ်သက်စွာ ဝမ်းမြောက်နမော် သာဓုခေါ်ကြကုန်၏။

ကောင်းမှုနှင့် ကောင်းမှု၏အကျိုး

သာဓုခေါ်ကြကုန်သော မိတ်ဆွေတို့တွင် တစ်ယောက်သော ဥပါသိကာမသည် ကျောင်းအစ်မကြီး ပေးဝေသော ပတ္တိဒါနကုသိုလ်၏ အဖို့ကိုရကာ အထူးဝမ်းသာကြည်နူးသွားသည်။ ထိုဥပါသိကာမသည် မကြာမြင့်မီပင် ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

ထိုနတ်သမီး၏ ကုသိုလ်ကံအစွမ်းကြောင့် ဘုံဆောင်အထွတ် များစွာရှိသော ဥယျာဉ် ရေကန် အစရှိသည်တို့ဖြင့် ဝန်းရံလျက် ကောင်းကင်၌ ပျံသန်းနိုင်သည့် ဘုံဗိမာန်ကြီး ပေါ်ပေါက်၍လာလေ၏။ ထိုနတ်သမီးသည် သွားသောအခါ၌လည်း နတ်သမီးတစ်ထောင် ခြံရံလျက် ဘုံဗိမာန်နှင့် အတူတကွ သွားလေ၏။

သုနိမ္မိတ နတ်မင်းကြီး၏မိဖုရား

ဝိသာခါ ကျောင်းအမကြီးသည်ကား များစွာသော စွန့်ကြဲလှူဒါန်းမှုရှိခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကြောင့် နိမ္မာနရတီနတ်ပြည်၌ နတ်သမီးဖြစ်၍ သုနိမ္မိတ မည်သော နတ်မင်းကြီး၏ မြတ်သော မိဖုရားကြီးအဖြစ်သို့ ရောက်လေ၏။

အရှင်အနုရုဒ္ဓါမထေရ် မေးမြန်းတော်မူခြင်း

ထိုအခါ အရှင်အနုရုဒ္ဓါသည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် ဝိသာခါကျောင်းအစ်မကြီး၏ အဖော်ဖြစ်သည့် တာဝတိံသာနတ်ပြည်၌ ရောက်၍နေသော ထိုနတ်သမီးကို တွေ့မြင်ရ၍ ဤသို့ မေးမြန်းတော်မူလေ၏။

၇၂၉ ဂါထာ၏ အနက်အဓိပ္ပာယ်သည် ပီဌဝဂ်၊ တိလဒကွေ်ဏ ဝိမာနဝတ္ထုလာ ၈၅ နံပါတ် ဂါထာနှင့်တူသည်။ ၇၃၀ မှ ၇၃၅ အထိ ဂါထာတို့၏ အနက်အဓိပ္ပာယ်တို့သည်လည်း ပါရိစ္ဆတ္တက ဝိမာနဝတ္ထုလာ နံပါတ် ၆၈၁ မှ ၆၈၆ အထိ ဂါထာတို့နှင့် တူသည်။

http://www.dhammadownload.com

ထိုနတ်သမီးသည်လည်း အရှင်အနုရုဒ္ဓါမထေရ်မြတ်အား ဤသို့ ဖြေကြားလေ၏။

၇၃၆။ သာဝတ္ထိယံ မယံ သခီ ဘဒန္တေ၊
သံယသ္မ ကာရေသိ မဟာဝိဟာရံ။
တတ္ထူပသန္နာ အဟမာနုမောဒိံ၊
ဒိသွာ အဂါရဉ္စ ဝိယဉ္စ မေတံ။

၇၃၆။ ဘဒန္တေ၊ အနုရုဒ္ဓါ အရှင်မြတ်ဘုရား။ မယံ၊ တပည့်တော်၏။ သခီ၊ ဝိသာခါမည်သော အဆွေခင်ပွန်းသည်။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့တော်၌။ သံယသ္မ၊ သံဃာတော်၏ အကျိုးငှာ။ မဟာဝိဟာရံ၊ ခမ်းနားလှသည့် ပုဇွန်ကျောင်းတော်ကြီးကို။ ကာရေသိ၊ ဆောက်လုပ်စေ၏။ တတ္ထ၊ ထိုပုဇွန်ကျောင်းတော် ပူဇော်ပွဲကျင်းပသောအခါ၌။ အဟံ၊ တပည့်တော်သည်။ ပသန္နာ၊ ကြည်ညိုသောစိတ်ဖြင့်။ အဂါရဉ္စ၊ နှစ်သက်အပ်သော။ စတ္ထ၊ ဤပူဇော်ပွဲကြီးကိုလည်းကောင်း။ ဒိသွာ၊ မြင်ရ၍။ အနုမောဒိံ၊ ဝမ်းမြောက်လှစွာ သာဓုခေါ်ခဲ့ပါသည်ဘုရား။

၇၃၇။ တာယေဝ မေ သုဒ္ဓနုမောဒနာယ၊
လဒ္ဓံ ဝိမာန'ဗ္ဘုတဒဿနေယျံ။
သမန္တ တော သောဠသယောဇနာနိ၊
ဝေဟာယသံ ဂစ္ဆတိ ဣဒ္ဓိယာ မမ။

၇၃၇။ မေ၊ တပည့်တော်၏။ တာယေဝ သုဒ္ဓနုမောဒနာယ၊ သာဓုခေါ်ရုံသက်သက်သာဖြစ်သော ထိုကုသိုလ်ကြောင့်သာလျှင်။ အဗ္ဘုတဒဿနေယျံ၊ မဖြစ်စဖူး ထူးကဲစွာဖြစ်၍ ရှုချင်ဖွယ်ဖြစ်သော။ သမန္တ တော၊ ထက်ဝန်းကျင်အားဖြင့်။ သောဠသယောဇနာနိ၊ တစ်ဆယ့်ခြောက် ယူဇနာရှိသော။ ဝိမာနံ၊ ခမ်းနားကြီးကျယ်သော ဘုံဗိမာန်ကို။ လဒ္ဓံ၊ ရအပ်ပါ၏။ မမ၊ တပည့်တော်၏။ ဣဒ္ဓိယာ၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ ဝေဟာယသံ၊ မိုးကောင်းကင်၌။ ဂစ္ဆတိ၊ အလိုရှိရာသို့ သွားနိုင်ပါသည်ဘုရား။

၇၃၈။ ကူဋာဂါရာ နိဝေသာ မေ၊ ဝိဘတ္တာ ဘာဂသော မိတာ၊
ဒဒ္ဒလ္လမာနာ အာဘန္တိ၊ သမန္တာ သတယောဇနံ။

http://www.dhammadownload.com

၇၃၈။ မေ၊ တပည့်တော်၏။ ကူဋာဂါရာ နိဝေသာ၊ ပန်းနွယ်ပန်းရံတို့ဖြင့် ဆန်းကြယ်သော ဘုံနန်းပြာသာဒ်ဆောင်သည်။ ဝိဘတ္တာ၊ စိမံအပ်သော။ ဘာဂသော မိတာ၊ တိုက်ခန်းအများဖြင့် ကောင်းစွာဆင်လျက်။ ဒဒ္ဒလ္လမာနာ၊ အလွန်တောက်ပြောင်လှစွာ ရောင်ဝါရှိလျက်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သတယောဇနံ၊ ယူဇနာ တစ်ရာတိုင်အောင်။ အာဘန္တိ၊ ထွန်းလင်းပါကုန်၏ဘုရား။

၇၃၉။ ပေါက္ခရညော စ မေ ဇတ္တာ၊ ပုထုလောမနိသေဝိတာ၊
အစ္ဆောဒကာ ဝိပ္ပသန္နာ၊ သောဏ္ဍာဝါလုကသန္ထတာ။

၇၄၀။ နာနာပဒုမသဏ္ဍန္နာ၊ ပုဏ္ဍရီကသမောတတာ၊
သုရဘီ သမ္ပဝါယန္တိ၊ မနုညာ မာလုတေရိတာ။

၇၃၉-၇၄၀။ မေ၊ တပည့်တော်၏။ ဇတ္တာ၊ ဤဘုံဗိမာန်ကြီး၌။ ပုထုလောမနိသေဝိတာ၊ နတ်များအပေါင်း ပျော်အောင်းမှီခိုရာဖြစ်သော။ အစ္ဆောဒကာ၊ သန့်ရှင်းကြည်လင်သော ရေလည်းရှိထသော။ ဝိပ္ပသန္နာ၊ အလွန်ကြည်လင်သော။ သောဏ္ဍာဝါလုကသန္ထတာ၊ ရွှေအဆင်းရှိသော သဲတို့ဖြင့် ဖြန့်ခင်းအပ်သော။ နာနာပဒုမသဏ္ဍန္နာ၊ အထူးထူး အဖြာဖြာ ပဒုမာကြာနီတို့ဖြင့် ဖုံးလွှမ်းအပ်သော။ ပုဏ္ဍရီကသမောတတာ၊ ကြာပုဏ္ဍရိတ်တို့ဖြင့် ဖုံးပိတ်ကုန်သော။ ပေါက္ခရညော၊ လေးထောင့်ကန်တို့သည်။ မနုညာ၊ နှစ်သက်အပ်သည်။ မာလုတေရိတာ၊ လေ့ရှိုလေညှင်းတိုက်ခတ်၍ ကိုင်းချင်းနွဲ့လျက် လှုပ်လှက်အပ်ကုန်သည်ဖြစ်၍။ သုရဘီ၊ မွေးကြိုင်သင်းပျံ့ ကောင်းသောအနံ့တို့သည်။ သမ္ပဝါယန္တိ၊ ကြိုင်လှိုင်ဝေဝေ ကောင်းစွာလှိုင်လေကုန်၏။

၇၄၁။ ဇမ္ဗုယော ပနသာ တာလာ၊ နာဠိကေရဝနာနိ စ၊
အန္တောနိဝေသနေ ဇာတာ၊ နာနာရုက္ခာ အရောပိမာ။

၇၄၁။ အန္တောနိဝေသနေ၊ ဘုံဗိမာန်ကြီးအတွင်း၌။ ဇမ္ဗုယောစ၊ သပြေပင်တို့သည်လည်းကောင်း။ ပနသာစ၊ ပိန္နဲပင်တို့သည်လည်းကောင်း။ တာလာစ၊ နတ်ထန်းပင်တို့သည်လည်းကောင်း။ နာဠိကေရဝနာနိစ၊ နတ်အုန်းတောတို့သည်လည်းကောင်း။ နာနာရုက္ခာ၊ သစ်ပင်စုံတို့သည်လည်းကောင်း။ အရောပိမာ၊ စိုက်ပျိုးရခြင်း မရှိကုန်ဘဲ။ ဇာတာ၊ အလိုအလျောက် ပေါ်ပေါက်ဖြစ်လာပါကုန်၏။

http://www.dhammadownload.com

၇၄၂။ နာနာတူရိယသမုံဠ်ဒ်၊ အစ္ဆရာဂဏဃောသိတံ၊
ယောပိ မံ သုပိနေ ပဿေ၊ သောပိ ဝိတ္တော သိယာ နရော။

၇၄၂။ နာနာတူရိယသမုံဠ်ဒ်၊ အထူးထူးသော တူရိယာအသံတို့ဖြင့် တစ်ခြိမ့်ခြိမ့်ညံအောင် တီးမှုတ်လျက်။ အစ္ဆရာဂဏဃောသိတံ၊ ငြိမ့်ညောင်းသာယာ သီဆိုသော သီချင်းသံသာလည်းရှိသော။ မံ၊ တပည့်တော်ကို။ ယောပိ၊ အမှတ်မထင် အကြင်သူသည်လည်း။ သုပိနေ၊ အိပ်မက်တွင်း၌။ ပဿေ၊ မြင်ရဖြား၏။ သောပိ နရော၊ ထိုလူသားသည်လည်း။ ဝိတ္တော၊ နှစ်သက်ခြင်းသည်။ သိယာ၊ စင်စစ်မသွေ ဖြစ်ပေရာ၏။

၇၄၃။ ဧတာဒိသံ အစ္ဆရိယံ၊ ဝိမာနံ သဗ္ဗသော ပဘံ၊
မမ ကမ္မေ ဟိ နိဗ္ဗတ္တံ၊ အလံ ပုညာနိ ကာတဝေ။

၇၄၃။ ဧတာဒိသံ၊ ဤသို့ သဘောရှိသော။ အစ္ဆရိယံ၊ မဖြစ်ဖူးမြဲ ထူးကဲလှစွာဖြစ်၍ ရှုချင်ဖွယ်ရာဖြစ်သော။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပဘံ၊ ထွန်းလင်းတောက်ပနေသော။ ဝိမာနံ၊ ဘုံဗိမာန်ကြီးသည်။ မမ၊ တပည့်တော်မ၏။ ကမ္မေ၊ ကံကြောင့်။ (ဟိ–ကား နိပါတ်ပုဒ်)။ နိဗ္ဗတ္တံ၊ ဖြစ်လာရပါ၏။ တသ္မာ၊ ထို့ကြောင့်။ ပုညာနိ၊ ကုသိုလ်အဝဝတို့ကို။ ကာတဝေ၊ ပြုလုပ်ခြင်းငှာ။ အလံ၊ သင့်မြတ်လှပါပေ၏ဘုရား။

ဤသို့ နတ်သမီးက လျှောက်သည်ရှိသော် မထေရ်မြတ်သည် ဝိသာခါဒါယိကာမကြီး၏ ဖြစ်ရာဌာနကို ဤသို့ မေးမြန်းလေ၏။

၇၄၄။ တာယေဝ တော သုဒ္ဓနုမောဒနာယ၊
လဒ္ဓံ ဝိမာန'ဗ္ဘုတဒဿနေယျံ။
ယာ ဧဝံ သာ ဒါနမဒါသိ နာရီ၊
တဿာ ဂတိ ဗြူဟိ ကုဟိံ ဥပပန္နာ သာ။

ဂါထာမြန်မာပြန် – နတ်သမီး၊ သင့်အား သူတစ်ပါးလျှဒါန်းသော ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်သော ထိုကောင်းမှုကြောင့်ပင်လျှင် မဖြစ်ဖူးမြဲ ထူးကဲစွာ ဖြစ်၍ ကြီးကျယ်စွာသော ဗိမာန်ကို ရလေသေး၏။ ဝိသာခါ ဥပါသိကာမကြီး သည် ပုဗ္ဗာရုံကျောင်းအလှူကို ပေးလှူ၏။ ထိုကျောင်းအစ်မကြီး ဝိသာခါသည်

http://www.dhammadownload.com

အဘယ်ဘုံဌာနဌ် ဖြစ်လေသနည်း။ သင်၏ အဖော်ဖြစ်သော အလှူရှင် ဝိသာခါ၏ လားရာဂတိကို လျှောက်ကြားပါလော့။

ဤသို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က မေးလျှင် နတ်သမီးသည် ဤသို့ ဖြေဆိုလျှောက်ကြားလေ၏။

၇၄၅။ ယာ သာ အဟု မတ္တံ သဓိ ဘဒန္တေ၊
သံယသ္မ ကာရေသိ မဟာဝိဟာရံ။
ဝိညာတဓမ္မာ သာ အဒါသိ ဒါနံ၊
ဥပ္ပန္နာ နိမ္မာနရတီသု ဒေဝေသု။

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ ထိုဝိသာခါသည် တပည့်တော်၏ အဆွေခင်ပွန်း ဖြစ်ခဲ့ဖူးပါ၏။ သစ္စာလေးပါးတရားကို သိပြီးသော ထိုဝိသာခါသည် သံဃာတော်တို့ သီတင်းသုံးရန်အလို့ငှာ ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်စေ၏။ ဆွမ်း, သင်္ကန်း စသော ကြီးကျယ်မြင့်မြတ်သော အလှူကိုလည်း ပေးလှူ၏။ ထိုကျောင်းအစ်မကြီးသည် မိမိလိုရာ ဖန်ဆင်း၍ ပျော်မွေ့စွာ နေကြကုန်သော နိမ္မာနရတိနတ်ပြည်၌ ဖြစ်ပါသည်ဘုရား။

၇၄၆။ ပဇာပတီ တဿ သုနိမ္မိတဿ၊
အစိန္တိယာ ကမ္မဝိပါက တဿာ။
ယမေတံ ပုစ္ဆသိ 'ကုဟိ' ဥပ္ပန္နာ သာ' တိ၊
တံ တေ ဝိယာကာသိ' အနုညာ အဟံ။

ဂါထာမြန်မာပြန် – ထိုနိမ္မာနရတိနတ်ပြည်၌ သုနိမ္မိတနတ်မင်းကြီး၏ မိဖုရားကြီး ဖြစ်နေပါသည် အရှင်ဘုရား။ ဝိသာခါ၏ ကံအကျိုးကို မကြဲအပ် မကြဲစည်နိုင်ပါ။ "ဝိသာခါသည် ယခုအခါ အဘယ်ဘုံ၌ ဖြစ်လေသနည်း" ဟူသော အမေးတော်ကို အရှင်ဘုရား မေးတော်မူ၏။ ထိုအမေးတော်ကို အရှင်ဘုရား အား တပည့်တော်သည် အမှန်အားဖြင့် ဖြေကြားလျှောက်ထားပါ၏ဘုရား။

ဝိသာခါ၏ အဆွေခင်ပွန်း နတ်သမီးသည် အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို တစ်ပါးသောသူတို့အား တိုက်တွန်းခြင်းကို ပြုလုပ်စေလိုသဖြင့် ဤဂါထာတို့ဖြင့် လျှောက်ထားလေ၏။

http://www.dhammadownload.com

၇၄၇။ တေန' ဟညေပိ သမာဒပေထ၊
သံဃဿ ဒါနာနိ ဒဒါထ ဝိတ္တာ။
ဓမ္မဋ္ဌ သုဏာထ ပသန္နမာနသာ၊
သုဒုလ္လဘော လဒ္ဓါ မနုဿလာဘော။

၇၄၇။ တေန၊ ထိုကုသိုလ်ကံ၏ အကျိုးပေးထက်သန်သောကြောင့်။ (ဟိ–ကား နိပါတ်ပုဒ်)။ အညေပိ၊ အရှင်မှတစ်ပါးကုန်သော သူတို့ကိုလည်း။ သမာဒပေထ၊ ဟောကာပြည္ဆုန်း တိုက်တွန်းတော်မူပါဘုရား။ ဘော၊ အို ... လူများတို့။ သံဃဿ၊ သံဃာတော်အား။ ဒါနာနိ၊ အလှူဒါနတို့ကို။ ဝိတ္တာ၊ နှစ်သက်လှစွာ။ ဒဒါထ၊ ပေးလှူကြပါကုန်လော့။ ပသန္နမာနသာ၊ ကြည်ညိုသောစိတ် ရှိကြပါကုန်သည်ဖြစ်၍။ ဓမ္မဋ္ဌ၊ တရားတော်ကိုလည်း။ သုဏာထ၊ နာကြားကြကုန်လော့။ တုမှေ၊ သင်တို့သည်။ သုဒုလ္လဘော၊ လွန်စွာရခဲလှသော။ မနုဿလာဘော၊ လူ၏အဖြစ်ကို။ လဒ္ဓါ၊ ရသောအခါပေတည်း။ ဣတိ၊ ဤသို့ တရားပြည္ဆုန်း တိုက်တွန်းတော်မူပါဘုရား။

၇၄၈။ ယံ မဂ္ဂံ မဂ္ဂါဓိပတိ အဒေသယိ၊
ဗြဟ္မဿရော ကဉ္စနသန္နိဘတ္တစော။
သံဃဿ ဒါနာနိ ဒဒါထ ဝိတ္တာ၊
မဟပ္ဖလာ ယတ္ထ ဘဝန္တိ ဒက္ခိဏာ။

ဂါထာမြန်မာပြန် – ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်ရှိတော်မူသော၊ ဝါဝင်းဝေလွင် ရွှေစင်နှင့်တူသော အဆင်းရှိတော်မူသော၊ အရိယာမဂ်ဖြင့် နတ်နှင့်တကွ လောက၏ အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားသည် သုဂတိသို့ရောက်ကြောင်း ခရီးကောင်းကို ဟောတော်မူ၏။ သံဃာတော်အား တတ်စွမ်းသမျှ အလှူတို့ကို ပေးလှူကြကုန်လော့၊ ယင်းသံဃာတော်၌ ပေးလှူအပ်သော အလှူတို့သည် ကြီးကျယ်မြင့်မြတ်သော အကျိုးကိုပေးကုန်၏။

၇၄၉။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – အကြင်ပုဂ္ဂိုလ် ရှစ်ယောက်တို့ကို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ဖြစ်ကုန်သော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် လေးယောက်အစုံတို့ ဖြစ်ကုန်၏။ မြတ်စွာဘုရား၏ တပည့်သား ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သည် လှူဖွယ်ဝတ္ထုတို့ကို ခံယူခြင်းငှာ ထိုက်ကုန်၏။ ထိုပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူတို့သည် ကြီးကျယ်မြင့်မြတ်သော အကျိုးကို ပေးကုန်၏။

၇၅၀။ စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေ ဋ္ဌိတာ။
သေ သံဃော ဥဇုဘူတော၊ ပညာသီလသမာဟိတော။

၆၄၁ ဂါထာနှင့် ဤဂါထာ အနက်တူသည်။

၇၅၁။ ယဓိမာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရောတံ ဩပဓိကံ ပုညံ၊ သံဃေ ဒိန္နံ မဟပ္ဖလံ။

၆၄၂ ဂါထာနှင့် အနက်တူသည်။

၇၅၂။ သော ဟိ သံဃော ဝိပုလော မဟဂ္ဂတော၊
သေ'ပဓမေယျော ဥဒဓီဝ သာဂရော။
တေဟိ သေဋ္ဌာ နရဝီရသာဝကာ၊
ပဘင်္ကရာ ဓမ္မမုဒီရယန္တိ။

၆၄၃ ဂါထာနှင့် အနက်တူသည်။

၇၅၃။ တေသံ သုဒိန္နံ သုဟုတံ သုယိဋ္ဌံ၊
ယေ သံဃမုဒ္ဒိဿ ဒဒန္တိ ဒါနံ။
သာ ဒက္ခိဏာ သံဃဂတာ ပတိဋ္ဌိတာ၊
မဟပ္ဖလာ လောကဝိဒူန ဝဏ္ဏိတာ။

၆၄၄ ဂါထာနှင့် အနက်တူသည်။

၇၅၄။ တောဒိသံ ယညမနုဿရန္ဓာ၊
ယေ ဒေဓာတာ ဝိစရန္တိ လောကေ။

http://www.dhammadownload.com

ဝိနေယျ မစ္ဆေရမလံ သမူလံ၊
အနိန္ဒိတာ သဂ္ဂမုပေန္တိ ဌာနံ။

၆၄၅ ဂါထာနှင့် အနက်တူသည်။

ယခုအခါ၌ကား အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် မိမိသည်လည်းကောင်း၊ နတ်သမီးသည်လည်းကောင်း ပြောဆိုအပ်သော အနက်အဓိပ္ပာယ်ကို လူ့ပြည်သို့ ပြန်လာ၍ ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအနက်အဓိပ္ပာယ်ကို ရောက်လာသော ပရိသတ်အား တရားဟောတော်မူ၏။ ထိုတရားဒေသနာတော်သည် လူများအပေါင်းအား အကျိုးစီးပွား များပြားလေ၏။

ဝိဟာရဝိဓာနဝတ္ထု ပြီး၏။

၇။ စတုရိတ္ထိဝိဓာနဝတ္ထု

ဆွမ်းခံရဟန်းတော်အား ပန်းလျှဒါန်းခဲ့သောကြောင့် ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်၏စည်းစိမ် စံစားရသော နတ်သမီးလေးယောက်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန်သည် နတ်တို့ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်၌ အစဉ်အတိုင်း တည်ရှိကုန်သော ဗိမာန်ကြီး လေးခုတို့၌ နတ်သမီးလေးယောက်တို့သည် အသီးအသီး နတ်သမီးတစ်ထောင်စီ ခြံရံလျက် နတ်၏စည်းစိမ် ခံစားနေကြသည်တို့ကို တွေ့မြင်တော်မူ၍ ထိုနတ်သမီးတို့အား ရှေးကပြုခဲ့သော ကောင်းမှုကံကို ဤသို့ မေးမြန်းလေ၏။

၇၅၅။ အဘိက္ကန္တေန ဝဏ္ဏေန ။ပ။
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဗိဒ္ဓဝင်၊ ဒီပဝိဓာနဝတ္ထုလာ ဂါထာနံပါတ် ၇၅ မှ ၇၈ အထိ ဂါထာတို့နှင့် တူသည်။

http://www.dhammadownload.com

ထိုအခါ နတ်သမီးသည် မထေရ်မြတ်၏ အမေးကို အစဉ်အတိုင်း ဤသို့ ဖြေဆိုသည်။

၇၅၈။ သာ ဒေဝတာ အတ္တမနာ၊ မောဂ္ဂလနေန ပုစ္ဆိတာ၊
ပဉ္စံ ပုဗ္ဗာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ။

ဤဂါထာ၏အနက်ကို ရှေ့ပိုင်း၌ ပြဆိုခဲ့ပြီးပြီ။

အတိတ်က ပြုခဲ့သောကောင်းမှု

ကဿပဘုရားရှင်၏ လက်ထက်တော်အခါ ဧသိကတိုင်း ပဏ္ဏကတမြို့၌ အမျိုးကောင်းသမီး လေးယောက်တို့သည် အမျိုးအိမ်၌ဖြစ်၍ အရွယ်သို့ ရောက်ကြကုန်သည်ရှိသော် ထိုပဏ္ဏကတမြို့၌ပင်လျှင် လင်ယောကျ်ားအိမ်သို့ လိုက်၍ နေကြကုန်၏။ သူတို့လေးယောက်တို့တွင် တစ်ယောက်သည် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကိုမြင်၍ ကြည်ညိုသော စိတ်ဖြစ်ပေါ်လျက် ဣန္ဒြိယအမည်ရှိသော ဒုရွေပန်းတို့ကို ပန်းစည်းပြု၍ လှူဒါန်း၏။ အခြားတစ်ယောက်သည် ရဟန်းတစ်ပါးအား ကြာညိုပန်း တစ်လက်ဖက်ကို လှူဒါန်း၏။ တစ်ယောက်သည် ပဒုမကြာပန်း တစ်လက်ဖက်ကို လှူဒါန်း၏။ ကျန်တစ်ယောက်ကမူ မြတ်လေးပန်း အဖူးအငုံတို့ကို လှူဒါန်း၏။

လက်ရှိဘဝ၌ ခံစားကြရပုံ

ထိုမိန်းမလေးယောက်တို့ ကွယ်လွန်ကြသော် တာဝတိံသာနတ်ပြည်၌ နတ်သမီးများ ဖြစ်ကြကုန်၏။ ထိုနတ်သမီးလေးယောက်တို့အား နတ်သမီးတစ်ထောင်စီ အခြွေအရံရှိ၏။ တာဝတိံသာနတ်ပြည်၌ သက်တမ်းရှည်သမျှ နတ်စည်းစိမ်ကို စံစား၍ ထိုနတ်ပြည်မှ ကွယ်လွန်သော် ထိုပန်းလှူဒါန်းသော အပရာပရိယဓေတနာကံ၏ အစွမ်းဖြင့် ထိုတာဝတိံသာ နတ်ပြည်၌သာလျှင် ဆက်ကာဆက်ကာ နတ်သမီးဖြစ်ကြ၍ ကျင်လည်ကြရကုန်၏။ ငါတို့ မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌လည်း တာဝတိံသာနတ်ပြည်၌ ဖြစ်နေကြရာ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းအပ်သည်ရှိသော် ထိုနတ်သမီးလေးယောက်တို့တွင် တစ်ယောက်သော နတ်သမီးသည် မိမိပြုခဲ့သော ရှေးကောင်းမှုကံကို မထေရ်မြတ်အား ဤသို့ လျှောက်ကြားလေ၏။




ပန်းအလှူရှင်တို့ ပန်းများ လှူဒါန်းခဲ့ကြ၍ ...

ဝိမာန –

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

၇၅၉။ ဣန္ဒိဝရာနံ ဟတ္ထကံ အဟမဒါသိံ၊ ဘိက္ခုနော ဝိဿာယ စရန္တံ သဿ။
သေကာနံ ဥဿာတသ္မိံ၊ နဂရဝရေ ပဿာကတော ရမ္မေ။

၇၅၉။ ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗေ၊ ကဿပဘုရား လက်ထက်တော်အခါ၌။ သေကာနံ၊ သေကတိုင်းပြည်သူ တိုင်းပြည်သား တို့၏။ ရမ္မေ၊ နှလုံးမွေ့လျော် ဖျော်ဖြယ်ရာရှိသော။ ဥဿာတသ္မိံ၊ ကုန်းမြင့်ရာအရပ်၌ တည်နေသော။ ပဿာကတော၊ ပဿာကတ အမည်ရှိသော။ နဂရဝရေ၊ မြို့ တော်မြတ်၌။ ဝိဿာယ၊ ဆွမ်းအလို့ငှာ။ စရန္တံ သဿ၊ လှည့်လည်၍ ကြွလာသော။ ဘိက္ခုနော၊ ရဟန်းတော်အား။ ဣန္ဒိဝရာနံ၊ ငုရွေပန်း တို့၏။ ဟတ္ထကံ၊ တစ်လက်ဖက်ရှိပြီး ပန်းအစည်းကို။ ကတွာ၊ ပြုလုပ်၍။ အဒါသိံ၊ လှူဖူးခဲ့ပါသည်ဘုရား။

၇၆၀။ တေန မေ' တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ မေ သမ္မဒိသ္သာ ပဘာသတိ။

ဤဂါထာတို့၏ အနက်လည်း ရှေ့ပိုင်း၌ပါပြီး။
ထို့နောက် ဒုတိယနတ်သမီးက ဤသို့ လျှောက်ကြားပြန်လေ၏။

၇၆၆။ နီလုပ္ပလဟတ္ထကံ အဟမဒါသိံ၊
ဘိက္ခုနော ဝိဿာယ စရန္တံ သဿ။
သေကာနံ ဥဿာတသ္မိံ၊
နဂရဝရေ ပဿာကတော ရမ္မေ။

၇၆၆။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗေ၊ ကဿပဘုရား လက်ထက်တော်အခါ၌။ သေကာနံ၊ သေကတိုင်းပြည်သူ တိုင်းပြည်သား တို့၏။ ရမ္မေ၊ နှလုံးမွေ့လျော် ဖျော်ဖြယ်ရာ ရှိသော။ ဥဿာတသ္မိံ၊ ကုန်းမြင့်မြေ အရပ်၌ တည်နေသော။ ပဿာကတော၊ ပဿာကတ အမည်ရှိသော။ နဂရဝရေ၊ မြို့ တော်မြတ်၌။ ဝိဿာယ၊ ဆွမ်းအလို့ငှာ။ စရန္တံ သဿ၊ လှည့်လည်၍ ကြွလာသော။ ဘိက္ခုနော၊ ရဟန်းတော်အား။ နီလုပ္ပလဟတ္ထကံ၊ ရူချင်စဖွယ် တင့်တယ်ပွင့်လန်း ကြာညှိပန်းစည်းကို။ အဒါသိံ၊ လှူဒါန်းခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

၇၆၇။ တေန မေ' တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

ဂါထာနံပါတ် ၇၆၀ နှင့် တူသည်။
ထို့နောက် တတိယနတ်သမီးက ဤသို့ လျှောက်ကြားပြန်လေ၏။

၇၇၃။ ဩဒါတမူလက် ဟရိတပတ္တံ၊
ဥဒကသ္မိံ သရေ ဇာတံ အဟမဒါသိံ။
ဘိက္ခုနော ဝိဏ္ဏာယ စရန္တသ၊
သေကာနံ ဥဏ္ဏတသ္မိံ၊
နဂရဝရေ ပဏ္ဍကတေ ရမ္မေ။

၇၇၃။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗေ၊ ကဿပ ဘုရား လက်ထက်တော်အခါ၌။ သေကာနံ၊ သေက တိုင်းပြည်သူ တိုင်းပြည်သား တို့၏။ ရမ္မေ၊ နှလုံးမွေ့လျော် ဖျော်ဖြယ်ရာရှိသော။ ဥဏ္ဏတသ္မိံ၊ ကုန်းမြင့်မြေ အရပ်၌ တည်သော။ ပဏ္ဍကတေ၊ ပဏ္ဍကတ အမည်ရှိသော။ နဂရဝရေ၊ မြို့ တော်မြတ်၌။ ဝိဏ္ဏာယ၊ ဆွမ်းအလို့ငှာ။ စရန္တသ၊ လှည့်လည်၍ ကြွလာသော။ ဘိက္ခုနော၊ ရဟန်းတော်အား။ ဥဒကသ္မိံသရေ၊ ရေအိုင်သာ၌။ ဇာတံ၊ သဘာဝ အလျောက် ပေါက်ရောက်နေသော။ ဩဒါတမူလက်၊ ဖြူဖွေးစင်ကြယ် ကြာဖွယ် ကြာရင်း ကြာဥရှိသော။ ဟရိတပတ္တံ၊ စိမ်းစိုသောအရွက်ရှိ ပဒုမာကြာစည်းကို။ အဒါသိံ၊ လှူဖူးခဲ့ပါသည်ဘုရား။

၇၇၄။ တေန မေ' တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

ရှေ့ပိုင်း၌ ဤဂါထာ၏ အနက်ပါပြီး။
ထို့နောက် စတုတ္ထမြောက် နတ်သမီးက ဤသို့ လျှောက်ကြားပြန်လေ၏။

၇၈၀။ အဟံ သုမနာ သုမနဿ သုမနမကုဋ္ဌာနိ၊
ဒန္တဝဏ္ဏာနိ အဟမဒါသိံ။
ဘိက္ခုနော ဝိဏ္ဏာယ စရန္တသ၊
နဂရဝရေ ပဏ္ဍကတေ ရမ္မေ။

http://www.dhammadownload.com

၇၈၀။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗေ၊ ကဿပ ဘုရား လက်ထက်တော်အခါ၌။ သေကာနံ၊ သေက တိုင်းပြည်သူ တိုင်းပြည်သား တို့၏။ ရမ္မေ၊ နှလုံးမွေ့လျော် ဖျော်ဖြယ်ရာရှိသော။ ဥဇ္ဈာတသ္မိံ၊ ကုန်းမြင့်ရာ မြေ အရပ်၌ တည်နေသော။ ပဿကတေ၊ ပဿကတ အမည်ရှိသော။ နဂရဝရေ၊ မြို့ တော်မြတ်၌။ ပိဿာယ၊ ဆွမ်းအလို့ငှာ။ စရန္တ သ၊ လှည့်လည်၍ ကြွလာသော။ ဘိက္ခုနော၊ ရဟန်းတော်အား။ သုမနာ၊ စိတ်ကောင်းရှိသည်ဖြစ်၍။ သုမနသ၊ မြတ်လေးပန်းပင်၏။ ဒန္တ ဝဏ္ဏာနိ၊ ဆင်စွယ်အသွေး ရှိကုန်သော။ သုမနမကုဠာနိ၊ မြတ်လေးပန်းငုံတို့ကို။ အဒါသိ၊ ပေးလှူခဲ့ပါသည်ဘုရား။

၇၈၁။ တေန မေ' တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

ဤဂါထာ၏အနက် ရှေ့ပိုင်း၌ ပါပြီး။

ဤသို့ နတ်သမီးလေးယောက်တို့သည် မိမိတို့ပြုအပ်သော ကောင်းမှုကံ တို့ကို လျှောက်ကြားကုန်သည်ရှိသော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သမီးတို့အား တရားဟောကြားတော်မူကာ သစ္စာလေးပါးတို့ကို ပြတော် မူ၏။ သစ္စာလေးပါးတရားတို့ကို ပြတော်မူပြီးသည်၏ အဆုံး၌ ထိုနတ်သမီး လေးယောက်တို့သည် အခြွေအရံတစ်ထောင်စီနှင့် သောတာပန် ဖြစ်ကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုအကြောင်းကို လူ့ပြည်သို့ ပြန်ကြွ၍ မြတ်စွာဘုရားအား လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်း အတ္ထုပ္ပတ်ကို ရောက်လာသော ပရိသတ်တို့အား တရားဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ထိုတရားဒေသနာတော်သည် လူများအပေါင်းအား အကျိုး စီးပွား များပြားလေ၏။

စတုရိတ္ထိဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၈။ အမွှဝိမာနဝတ္ထု

သရက်ပင်တို့ ခြံရံနေသောကျောင်းကို သံဃာတော်တို့အား လှူဒါန်း ခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ရှိ သရက်ဥယျာဉ်ကြီးအတွင်း နတ်၏စည်းစိမ်ကို စံစားရသော နတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ အမျိုးသမီးတစ်ဦးသည် ကျောင်းအလှူ၏ အကျိုးအာနိသင်ကြီးမားကြောင်းကို တရားဟောပုဂ္ဂိုလ်ထံမှ ကြားနာရ၍ ကျောင်းဆောက်လှူလိုသောဆန္ဒ ဖြစ်ပေါ်လာကာ မြတ်စွာဘုရားကို ဤသို့ လျှောက်ကြားလေ၏။ "မြတ်စွာဘုရား၊ တပည့်တော်သည် ကျောင်းတစ်ဆောင်ကို ဆောက်လှူလိုပါသည် ဘုရား၊ နေရာကို ညွှန်ပြတော်မူပါဘုရား" ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို ဓမ္မဒိန်းတော်မူလေ၏။

ပြုခဲ့သော ရှေးကောင်းမှုကံ

ရဟန်းတော်တို့သည် ထိုအမျိုးသမီးအား ကျောင်းဆောက်ရန် နေရာကို ညွှန်ပြကြကုန်၏။ ထိုအမျိုးသမီးသည် ထိုထိုနေရာ၌ မွေ့လျော်ဖွယ်ကောင်းသော ကျောင်းကို ဆောက်လုပ်၍ ထိုကျောင်း၏ ဝန်းကျင်၌ သရက်ပင်တို့ကို စိုက်စေ၏။ ထိုကျောင်းသည် သရက်ပင်တို့ဖြင့် ဝိုင်းရံလျက် အရိပ် ရေနှင့်လည်း ပြည့်စုံ၏။ ပုလဲအဆင်းရှိကုန်သော သဲဖြူတို့ကိုလည်း ဖြန့်ခင်းထား၍ ဖြူဖွေးသန့်စင်သော မြေအပြင်လည်းရှိ၏။ ထိုအမျိုးသမီးသည် မိမိလှူသောကျောင်းကို အရောင်အဆင်းစုံသော အဝတ်တို့ဖြင့်လည်းကောင်း၊ ပန်းဆိုင်း နံ့သာဆိုင်း အစရှိသည်တို့ဖြင့်လည်းကောင်း၊ နတ်တို့ ဘုံနန်းဗိမာန်ကဲ့သို့ တန်ဆာဆင်၍ ဆီမီးကို ထွန်းညှိကာ သရက်ပင်အလုံးတို့ကိုလည်း မလျှော်ရသေးသော 'သစ်လွင်သော' အဝတ်တို့ဖြင့် ရစ်ပတ်ပြီး သံဃာတော်အား အပ်နှင်းလှူဒါန်းလေ၏။

ရှေးကောင်းမှုကံ၏အကျိုး

ထိုကျောင်းအစ်မ အမျိုးသမီးသည် နောင်အခါ၌ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။ ထိုနတ်သမီးအား ကြီးစွာသော ဘုံနန်းဗိမာန်သည် ဖြစ်ပေါ်လာ၏။ ဗိမာန်၏ ပတ်လည်၌ သရက်တော ခြံရံ၍နေ၏။

http://www.dhammadownload.com

ထိုနတ်သမီးသည် ဗိမာန်၌ အခြွေအရံ နတ်သမီးအပေါင်းတို့ဖြင့် ခြံရုံလျက် နတ်၏ စည်းစိမ်ကို စံစားလျက်နေလေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

ထိုနတ်သမီးကို အရှင်မဟာမောဂ္ဂလာန်သည် ဤသို့ မေးမြန်းတော်မူလေ၏။

၇၀၃။ ဒိဗ္ဗံ တေ အမ္ဗဝနံ ရမ္မံ၊ ပါသာဒေတ္ထ မဟလ္လကော။
နာနာတူရိယသမ္ပုဏ္ဏော၊ အစ္ဆရာဂဏယောသိတော။

၇၀၃။ ဒေဝတေ၊ အို ... နတ်သမီး။ တေ၊ သင်နတ်သမီး၏။ ဒိဗ္ဗံ၊ နတ်တို့ ပြည်၌ဖြစ်သော။ အမ္ဗဝနံ၊ သရက်တောသည်။ ရမ္မံ၊ နှလုံးမွေ့လျော် ဖျော်ဖြယ်ရာ ရှိ၏။ ဧတ္ထ၊ ဤသရက်ဥယျာဉ်၏ အလယ်၌။ မဟလ္လကော၊ ကြီးကျယ်စွာသော။ ပါသာဒေါ၊ ပြာသာဒ်ဆောင်သည်။ နာနာတူရိယသမ္ပုဏ္ဏော၊ အထူးထူးသော တူရိယာသံတို့ တီးမှုတ်လျက်။ အစ္ဆရာဂဏယောသိတော၊ နတ်သမီးကညာအပေါင်းတို့ ငြိမ့်ညောင်းသာယာ သိဆိုသော သီချင်းသံသာလည်းရှိ၏။

၇၀၄။ ပဒီပေါ စေတ္ထ ဇလတိ၊ နိစ္စံ သောဝဏ္ဏယော မဟာ။
ဒုဿဖလေဟိ ရုက္ခေဟိ၊ သမန္တာ ပရိဝါရိတော။

၇၀၄။ ဧတ္ထ၊ ဤရတနာဘုံနန်းဆောင်၌။ သောဝဏ္ဏယော၊ ရွှေဖြင့်ပြီးသော။ မဟာ၊ ကြီးကျယ်လှစွာသော။ ပဒီပေါ စ၊ ဆီမီးတန်ဆောင်သည်လည်း။ နိစ္စံ၊ အမြဲမပြတ်။ ဇလတိ၊ ထွန်းလင်းတောက်ပြောင်၏။ ဒုဿဖလေဟိ၊ နတ်ဝတ်ထဘီ အင်္ကျီပဝါ ခြုံစရာဖုံဖုံ အသီးစုံရှိကုန်သော။ ရုက္ခေဟိ၊ နတ်သစ်ပင်တို့ဖြင့်။ သမန္တာ၊ ဝန်းကျင်ဘယ်ညာ ပတ်ပတ်ချာမှ။ ပရိဝါရိတော၊ ဝန်းရံနေ၏။

၇၀၅။ ကေန တေ'တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ တေ သမ္ဗဒိသာ ပဘာသတိ။

ရှေ့ပိုင်းဂါထာများနှင့် အနက်တူပြီ။
ထိုအခါ နတ်သမီးသည် မထေရ်မြတ်၏ အမေးကို ဤသို့ ဖြေဆိုလေ၏။

၇၀၇။ သာ ဒေဝတာ အတ္တမနာ၊ မောဂ္ဂလနေန ပုစ္ဆိတာ။
ပဉ္ဍံ ပုဋ္ဌာ ဝိယာကာသိ၊ ယသ ကမ္မသိဒံ ဖလံ။

ဤဂါထာ၏အနက် ရှေ့ပိုင်း၌ ပါပြီး။

http://www.dhammadownload.com

၇၈၈။ အဟံ မနုဿေသု မနုဿဘူတာ၊
ပုရိမာယ ဇာတိယာ မနုဿလောကေ။
ဝိဟာရံ သံဃဿ ကာရေသိံ၊
အမ္မေဟိ ပရိဝါရိတံ။

၇၈၈။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ်စဉ်အခါက။ မနုဿလောကေ၊ သာဝတ္ထိမည် လူတို့ပြည်၌။ ပုရိမာယ ဇာတိယာ၊ ရှေးလူ့ဘဝဆီ၌။ သံဃဿ၊ သံဃာတော်၏ အကျိုးငှာ။ အမ္မေဟိ၊ သရက်ပင်တို့ဖြင့်။ ပရိဝါရိတံ၊ ဝန်းရံကာ၍နေသော။ ဝိဟာရံ၊ နေရာကျောင်းကို။ ကာရေသိံ၊ ဆောက်လုပ်စေခဲ့ဖူးပါသည်ဘုရား။

၇၈၉။ ပရိယောသိတော ဝိဟာရော၊ ကာရေန္တေ နိဋ္ဌိတေ မယာ၊
အမ္မေဟိ ဆာဒယိတ္ဝာန၊ ကတ္ဝာ ဒုဿမယေ ဖလေ။

၇၉၀။ ပဒီပံ တတ္ထ ဓာလေတ္ဝာ၊ ဘောဇယိတ္ဝာ ဂဏုတ္တမံ၊
နိယျာဒေသိံ တံ သံဃဿ၊ ပဿန္နော သေဟိ ပါဏိဘိ။

၇၈၉-၉၀။ ဝိဟာရော၊ နေရာကျောင်းကို။ ကာရေန္တေ၊ တည်ဆောက်စေ၍။ နိဋ္ဌိတေ ပရိယောသိတော၊ ပြီးဆုံးသည်ရှိသော်။ မယာ၊ ကျောင်းပူဇော်ပွဲကို။ ကာရိယ မာနာယ၊ ပြုလုပ်သည်ရှိသော်။ အမ္မေဟိ၊ သရက်ပင်တို့ဖြင့်။ ဆာဒယိတ္ဝာန၊ မိုးကာပြီး၍။ ဒုဿမယေ၊ အဝတ်တို့ဖြင့် ဖုံးလွှမ်းအပ်သော။ ဖလေ၊ သရက်သီးတို့ကို။ ကတ္ဝာ၊ စီစဉ်အုပ်ချုပ် ပြုလုပ်၍။ တတ္ထ၊ ထိုသရက်ပင်တို့၌။ ပဒီပံ၊ ဆီမီးတန်ဆောင်ကို။ ဓာလေတ္ဝာ၊ ထွန်းညှိ၍။ ဂဏုတ္တမံ၊ နတ်လူအပေါင်းတို့ထက် ဆတက်ကဲသာ မြတ်လှစွာသော သံဃာတော်ကို။ ဘောဇယိတ္ဝာ၊ ဆွမ်းကျွေးမွေး၍။ တံ၊ ထိုကျောင်းကို။ သံဃဿ၊ သံဃာတော်အား။ ပဿန္နော၊ ကြည်ညိုစိတ်ဖြင့်။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ နိယျာဒေသိံ၊ ရေစက်သွန်းကာ အပ်နှင်းလှူဒါန်းခဲ့ပါသည်ဘုရား။

၇၉၁။ တေန မေ အမ္မဝနံ ရမ္မံ၊ ပါသာဒေတ္ထ မဟလ္လကော၊
နာနာတူရိယသမ္ပဂ္ဂေါ၊ အစ္ဆရာဂဏာ--ဃောသိတော။

http://www.dhammadownload.com

၇၉၁။ တေန၊ ထိုသရက်ဥယျာဉ် ကျောင်းကို လှူဒါန်းခဲ့ဖူး ကုသိုလ်ထူး ကြောင့်။ မေ၊ တပည့်တော်အား။ အမွှဝန်၊ သရက်တောသည်။ ရမ္မံ၊ ပျော်ဖွယ်ရာ ရှိပါ၏။ ဇတ္ထ၊ ဤဥယျာဉ်၏ အလယ်၌။ မဟာလွကော၊ ကြီးကျယ်လှစွာသော။ ပါသာဒေါ၊ ရတနာပြာသာဒ်ဆောင်သည်။ နာနာတူရိယသမ္ပဝေါ၊ အထူးထူးသော တူရိယာအသံတို့ဖြင့် တီးမှုတ်လျက်။ အစ္ဆရာဂဏာယောသိတော၊ နတ်သမီးကညာ အပေါင်းတို့ သီဆိုသော သီချင်းသံသာ ရှိပါ၏ဘုရား။

၇၉၂။ ပဒီပေါ ဇေတ္ထ ဇလတိ၊ နိစ္စံ သောဝဏ္ဏယော မဟာ၊
ဒုဿဖလေဟိ ရုက္ခေဟိ၊ သမန္နာ ပရိဝါရိတော။

၇၉၂။ ဇတ္ထ၊ ဤရတနာ နန်းဘုံဆောင်၌။ သောဝဏ္ဏယော၊ ရွှေဖြင့်ပြီးသော။ မဟာ၊ ကြီးကျယ်လှစွာသော။ ပဒီပေါ စ၊ ဆီမီးတန်ဆောင်သည်လည်း။ နိစ္စံ၊ အမြဲ။ ဇလတိ၊ ထွန်းလင်းတောက်ပြောင်ပါ၏။ ဒုဿဖလေဟိ၊ နတ်ဝတ်ထုဘီ အင်္ကျီပဝါ ခြုံစရာအစုံ အသီးရှိကုန်သော။ ရုက္ခေဟိ၊ ပဒေသာနတ်သစ်ပင်တို့ဖြင့်။ သမန္နာ၊ ဝန်းကျင်မှ။ ပရိဝါရိတော၊ ဝန်းရံနေပါသည်ဘုရား။

၇၉၃။ တေန မေ'တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ မေ သမ္မဒိသာ ပဘာသတိ။

ဤဂါထာ၏ အနက်အဓိပ္ပာယ်နှင့်တကွ ကျန်သောအဓိပ္ပာယ်များ သိသာပြီ။

အမွှဝိမာနဝတ္ထု ပြီး၏။

၉။ ပီတဝိမာနဝတ္ထု

သပ္ပတ်ခါးနွယ်ပန်း လေးပွင့်တို့ကို လှူဒါန်းပူဇော်ရန်အသွား လမ်း ခရီး၌ သေဆုံးကာ ရွှေဝါရောင် အဝတ်တန်ဆာတို့ဖြင့် နတ်ပြည်၌ ရွှေဝါရောင်ပြာသာဒ်ကြီးတွင် စံစားရသော နတ်သမီး။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ရှစ်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ခွဲခြမ်းဝေဖန်၍ ယူကြသည်။ အဇာတသတ်မင်း

http://www.dhammadownload.com

သည် မိမိရသော သရီရဓာတ်တော်တို့ကို ဆောင်ယူ၍ စေတီတော်တည်ထားပြီး ပူဇော်ပွဲကို ပြုလုပ်သည်။

ရာဇဂြိုဟ်ပြည်သူတစ်ယောက်သည် နံနက်စောစောကပင် ကိုယ်လက်သုတ်သင်ခြင်းကို ပြုပြီးလျှင် "မြတ်စွာဘုရား၏ ဓာတ်တော်တည်ရာ စေတီတော်ကို ပူဇော်အံ့" ဟု ကြံ၍ လွယ်လွယ်ကူကူနှင့်ရသော သပွတ်ခါးပန်း လေးပွင့်တို့ကို ယူ၍ စေတီတော်သို့ ရှေးရှုမျက်နှာမူလျက် သွားလေ၏။ ထိုအခါ ထိုအမျိုးသမီးကို နို့စို့သားငယ်ရှိသော နွားမက ဦးချိုဖြင့် ဆွဲခတ်၍ ထိုအမျိုးသမီး ကွယ်လွန်ခဲ့သည်။

သပွတ်ခါးပန်းကုသိုလ်၏ အကျိုး

ထိုအမျိုးသမီးသည် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။ ထိုအခါ သိကြားမင်းသည် ဥယျာဉ်ကစားသွားစဉ် နတ်ကချေသည်တို့၏ အလယ်၌ ကိုယ်ရောင်ကိုယ်ဝါဖြင့် အခြားနတ်သမီးတို့ကို လွှမ်းမိုးနေသော ထိုနတ်သမီးကို မြင်လေ၏။ သိကြားမင်းသည် "ဤနတ်သမီးကား အဘယ်ကဲ့သို့ ကြီးကျယ်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့သောကြောင့် ဤကဲ့သို့ ကောင်းမြတ်သော နတ်တို့၏ တန်ခိုးဣဒ္ဓိပါဒ်ကို ရရှိလေသနည်း" ဟု ထိုနတ်သမီးကို မေးမြန်းလေ၏။

၇၉၅။ ပိတဝတ္ထေ ပိတဓေ၊ ပိတာလင်္ကာရဘူသိတေ၊
ပိတစန္ဒနလိတ္တင်္ဂေ၊ ပိတဥပ္ပလမာလိနီ။

၇၉၆။ ပိတပါသာဒသယနေ၊ ပိတာသနေ ပိတဘာဇနေ၊
ပိတဆတ္တေ ပိတရထေ၊ ပိတဿေ ပိတဗီဇနေ။

၇၉၇။ ကိံ ကမ္မမကရီ ဘဒ္ဒေ၊ ပုဗ္ဗေ မာနုသကေ ဘဝေ၊
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

၇၉၅-၆-၇။ ပိတဝတ္ထေ၊ ရွေဝါရောင်အဝတ်ကို ဝတ်ဆင်ထားသော။ ပိတဓေ၊ ရွှေဝါရောင် အောင်လံတံခွန်လည်း ဖိုက်ထူလျက်ရှိသော။ ပိတာလင်္ကာရဘူသိတေ၊ ခြေကျင်းလက်ကောက် စသည့် အမျိုးမျိုးသော တန်ဆာတို့ကိုလည်း ဆင်မြန်းထားသော။ ပိတစန္ဒနလိတ္တင်္ဂေ၊ ရွှေဝါရောင် စန္ဒကူးဖြင့် လိမ်းကျံအပ်သော ကိုယ်အင်္ဂါရှိသော။ ပိတဥပ္ပလမာလိနီ၊ ရွှေကြာပန်းကို ဆင်မြန်းပန်ဆင်လျက်ရှိသော။ ပိတပါသာဒသယနေ၊ ရွှေပြာသာဒ် ရွှေခုတင် ရွှေပလ္လင်တို့နှင့် စုံလင်ခြင်း

http://www.dhammadownload.com

ရှိသော။ ပိတာသနေ၊ ရွှေအိပ်ရာ ရွှေနေရာလည်းရှိသော။ ပိတဘာဇနေ၊ ရွှေအိုး ရွှေခွက် ပြည့်နှက်လျက်ရှိသော။ ပိတဆတ္တော၊ ရွှေထီးကို ဆောင်းမိုးလျက်ရှိသော။ ပိတရထေ၊ ရွှေဝါရောင်ရထား၌။ ပိတအဿေ၊ ရွှေမြင်းတို့ကို ကလျက်။ ပိတ ဗီဇနေ၊ ရွှေဝါရောင်ယပ် ခပ်လျက်ရှိသော။ ဘဒ္ဒေ၊ အို ... နတ်သမီး။ တွဲ၊ သင် နတ်သမီးသည်။ ပုဗ္ဗေ၊ ဤနတ်ဘဝမရသေးမီ ရှေးအခါဖြစ်သော။ မာနုသကေ ဘဝေ၊ လူ့ဘဝ၌။ ကိ ကမ္မံ၊ အဘယ်ကုသိုလ်ကံကို။ အကရီ၊ ပြုဖူးခဲ့ပါသနည်း။ ဒေဝတေ၊ နတ်သမီး။ ဣဒံ၊ ဤအကျိုးသည်။ ကိဿ ကမ္မဿ၊ အဘယ်ကုသိုလ်ထူး၏။ ဖလံ၊ အကျိုးထူးပေနည်း။ ပုစ္ဆိတာ၊ သိကြားမင်းငါ မေးမြန်းရာကို။ အာစိက္ခ၊ ဖြေကြားပါလော့။

ထိုနတ်သမီးသည် သိကြားမင်းအား ဤသို့ ဖြေကြားလေ၏။

၇၉၈။ ကောသာတကီ နာမ လတ'ဏ္ဍိ ဘန္တေ၊
တိတ္တိကာ အနဘိဇ္ဈိတာ။
တဿာ စတ္တာရီ ပုပ္ဖာနိ၊
ထူပံ အဘိဟရိ' အဟံ။

၇၉၉။ သတ္တု သရီရမုဒ္ဒိဿ၊ ဝိပ္ပသန္နေန စေတသာ။
နာဿ မဂ္ဂံ အဧက္ခိဿံ၊ နု တဂ္ဃနသာ သတိ။

၇၉၈–၉။ ဘန္တေ၊ အရှင်သိကြားမင်း။ တိတ္တိကာ၊ အရသာဖောက်ပြား ခါးသည်ဖြစ်၍။ အနဘိဇ္ဈိတာ၊ လူသူအများတို့ အလိုမရှိသော။ ကောသာတကီ နာမ၊ သပွတ်ခါးမည်သော။ လတာ၊ အပင်နွယ်သည်။ အတ္ထိ၊ ရှိပါ၏။ အဟံ၊ အကျွန်ုပ်သည်။ သတ္တု၊ စောသတ္တာ၏။ သရီရံ၊ သရီရဓာတ်တော်ကို။ ဥဒ္ဒိဿ၊ စိတ်ရည်မှန်း၍။ ဝိပ္ပသန္နေန၊ ကြည်လင်လှစွာသော။ စေတသာ၊ ဝမ်းမြောက်သောစိတ်ဖြင့်။ တဿာ၊ ထိုသပွတ်ခါးနွယ်၏။ စတ္တာရိ'ပုပ္ဖာနိ၊ ပန်းလေးပွင့်တို့ကို။ ထူပံ၊ ဗြဟ္မာနတ် လူတို့ ပူဇော်ဦးညွတ်ရာ စေတီတော်သာဆီသို့။ အဘိဟရိ'၊ ဆောင်ယူခဲ့ပါ၏။ အဟံ၊ အကျွန်ုပ်သည်။ အဿ၊ ထိုနွားအပေါင်း၏။ မဂ္ဂံ၊ သွားရာလမ်းကို။ နအဧက္ခိဿံ၊ သတိပြု၍ မကြည့်ရှုမိပါ။ တဂ္ဃနသာ၊ ထိုရန်သူနွားမ သွားလာနေကျကို။ သာဟံ၊ ထိုအကျွန်ုပ်သည်။ နု သတိ၊ အောက်မေ့မရှိ သတိမထားမိတော့ပါ။

http://www.dhammadownload.com

၈၀၀။ တတော မံ အဝဓီ ဂါဝီ၊ ထူပံ အပတ္ထမာနသံ၊
တဋ္ဌာဟံ အဘိသင်္ခေယျံ၊ ဘိယ္ယော နူန ဣတော သိယာ။

၈၀၀။ တတော၊ ထိုသို့ သတိမထားမိသောကြောင့်။ ထူပံ၊ စေတီမြတ်သို့။ အပတ္ထမာနသံ၊ မရောက်သေးမီ။ မံ၊ အကျွန်ုပ်ကို။ ဂါဝီ၊ နို့စို့အရွယ် သားငယ်ရှိပြီး နွားမကြီးသည်။ အဝဓီ၊ ဖိဝိန်ပြတ်အောင် ဝှေ့သတ်ခဲ့ပါ၏။ အဟံ၊ အကျွန်ုပ်သည်။ တဋ္ဌ၊ ထိုစေတီတော်သို့လည်း။ ပုပ္ဖေဟိ၊ လေးပွင့်သောပန်းတို့ဖြင့်။ အဘိသင်္ခေယျံ၊ ပူဇော်နိုင်ငြားအံ့။ ဣတော၊ ဤယခုရပြီး နတ်စည်းစိမ်ထက်။ ဘိယ္ယော၊ အတိုင်းထက်အလွန်။ သိယာ နူန၊ ရမည်ဟုပင် ထင်မြင်မိပါ၏။

၈၀၁။ တေန ကမ္မေန ဒေဝိန္ဒ၊ မဃဝါ ဒေဝကုဉ္ဇရ၊
ပဟာယ မာနုသံ ဒေဟံ၊ တဝ သဟဗျမာဂတာ။

၈၀၁။ ဒေဝကုဉ္ဇရ၊ နတ်မြတ်ဖြစ်သော။ မဃဝါ၊ မဃဟူသော အမည်ရှိသော။ ဒေဝိန္ဒ၊ အရှင်သိကြားမင်း။ အဟံ၊ အကျွန်ုပ်သည်။ တေန ကမ္မေန၊ စေတီမြတ်ကို ရည်မှန်း၍ သပွတ်ခါးပန်းတို့ဖြင့် ပူဇော်ရန် ယူဆောင်၍သွားခြင်းဟူသော ကောင်းမှုကြောင့်။ မာနုသံ ဒေဟံ၊ လူ့ကိုယ်ခန္ဓာကို။ ပဟာယ၊ ပယ်စွန့်ခဲ့၍။ တဝ၊ အရှင်သိကြားမင်း၏။ သဟဗျံ၊ အပေါင်းသဟာဖြစ်သည့် တာဝတိံသာနတ်ပြည်သို့။ အာဂတာ၊ ရောက်လာရပါ၏။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဖြေကြားလေ၏။

၈၀၂။ ဣဒံ သုတ္ဝာ တိဒသာဓိပတိ၊ မဃဝါ ဒေဝကုဉ္ဇရော၊
တာဝတိံသေ ပသာဒေန္တော၊ မာတလိ ဇောဒဗြဝိ။

၈၀၂။ ဒေဝကုဉ္ဇရော၊ တာဝတိံသာ နတ်တကာတို့ထက် နတ်မြတ်ဖြစ်သော။ မဃဝါ၊ မဃဟူသော အမည်ရှိသော။ တိဒသာဓိပတိ၊ တာဝတိံသာ နတ်များစွာတို့၏သခင် အရှင်သိကြားမင်းသည်။ ဣဒံ ဝစနံ၊ ဤနတ်သမီး ပြောကြားသောစကားကို။ သုတ္ဝာ၊ ကြားရသည်ရှိသော်။ တာဝတိံသေ၊ တာဝတိံသာနတ်တို့ကို။ ပသာဒေန္တော၊ ရုတနာသုံးပါးတို့၌ ကြည်ညိုစေလိုသောကြောင့်။ မာတလိ၊ မာတလိနတ်သားအား။ ဇောဒဗြဝိ၊ ဤဆိုလတ္တံ့သော စကားကို။ အဗြဝိ၊ မိန့်ဆိုပြောကြား တရားဟောလေ၏။

http://www.dhammadownload.com

ထို့နောက် သိကြားမင်းသည် မာတလိနတ်သား အမှူးရှိသော နတ်အပေါင်း အား ဤသို့ တရားဟောကြားလေ၏။

၈၀၃။ ပဿ မာတလိ အဇ္ဇေရံ၊ စိတ္တံ် ကမ္မဖလံ ဣဒံ၊
အပ္ပကမ္မိ ကတံ ဒေယျံ၊ ပုညံ် ဟောတိ မဟပ္ဖလံ။

၈၀၃။ မာတလိ၊ မာတလိနတ်သား။ အဇ္ဇေရံ၊ အလွန် အံ့ဩဖွယ်ကောင်း သော။ စိတ္တံ်၊ ဆန်းကြယ်လှစွာသော။ ဣဒံ ကမ္မဖလံ၊ ဤကုသိုလ်ကံ၏ အကျိုး ကို။ ပဿ၊ ကြည့်ရှုစမ်းပါလော့။ ဒေယျံ၊ လှူဒါန်းပူဇော်ခြင်းကို။ ကတံ၊ ပြုအပ် သော။ ပုညံ၊ မြတ်ကောင်းမှုသည်။ အပ္ပကမ္မိ၊ အနည်းငယ်မျှသာ ဖြစ်သော်လည်း။ မဟပ္ဖလံ၊ များမြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်ပါပေ၏။

၈၀၄။ နတ္ထိ စိတ္တေ ပဿန္နမ်ိ၊ အပ္ပကာ နာမ ဒက္ခိဏာ၊
တထာဂတေ ဝါ သမ္မုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။

၈၀၄။ သမ္မုဒ္ဓေ၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင် သိမြင်တော် မူပြီးသော။ တထာဂတေ ဝါ၊ ရှင်တော်မြတ်ဘုရား၌လည်းကောင်း။ အထ ဝါ၊ ထိုမှတစ်ပါး။ တဿ၊ ထိုရှင်တော်မြတ်ဘုရား၏။ သာဝကေ ဝါ၊ တပည့်သား ကျော် ရဟန်းသံဃာတော်တို့၌လည်းကောင်း။ စိတ္တေ၊ စိတ်အစဉ်သည်။ ပဿန္နမ်ိ၊ ကြည်ညိုသည်ရှိသော်။ ဒက္ခိဏာ၊ အနည်းငယ်မျှပင်ဖြစ်စေ လှူဒါန်းရသော အလှူဒါနသည်။ အပ္ပကာနာမ၊ အကျိုးတရား နည်းပါးသည်မည်သည်။ နတ္ထိ၊ မရှိနိုင်တော့သည်သာတည်း။

၈၀၅။ ဧဟိ ံ မာတလိ အမ့ေပိ၊ ဘိယျော ဘိယျော မဟောမသေ၊
တထာ ဂ တဿ ဓာတုယော၊ သုဓေါ ပုညာန မုစ္စယော။

၈၀၅။ မာတလိ၊ အချင်းရထားထိန်း။ ဧဟိ၊ လာပါလော့။ အမ့ေပိ၊ ငါတို့ သည်လည်း။ တထာဂတဿ၊ ရှင်တော်မြတ်ဘုရား၏။ ဓာတုယော၊ ဓာတ်တော် အဖြာဖြာတို့ကို။ ဘိယျော ဘိယျော၊ အတိုင်းထက်အလွန်။ မဟောမသေ၊ ဖူးမြော် ပူဇော်ကြပါကုန်စို့။ ပုညာန်၊ မြတ်ကောင်းမှုတို့ကို။ ဥစ္စယော၊ လွန်စွာအထူး ဆည်းပူးစုဆောင်းခြင်းသည်။ သုဓေါ၊ ချမ်းသာကြောင်း တရားပါပေတည်း။

http://www.dhammadownload.com

၈၀၆။ တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ'။

၈၀၆။ တိဋ္ဌန္တေ စာပိ၊ သက်တော်ထင်ရှား ရှိတော်မူသည့် မြတ်စွာဘုရား၌သော်လည်းကောင်း။ နိဗ္ဗုတေစာပိ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့် ဘုရားရှင်၏ ဓာတ်တော် မွေတော်၌သော်လည်းကောင်း။ စိတ္တေ၊ ကြည်ညိုသောစိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ သမံ၊ တူမျှသော။ ဖလံ၊ ကောင်းမြတ်သောအကျိုးကို။ ဒေတိ၊ ပေးစွမ်းနိုင်ပါ၏။ ဟိ၊ ထိုစကား မှန်လှပေ၏။ စေတောပဏိဓိဟေတု၊ မိ၏စိတ်ကို ကောင်းစွာထားခြင်းဟူသော အကြောင်းကြောင့်။ သတ္တာ၊ သတ္တဝါမှန် သမျှတို့သည်။ သုဂတိ'၊ သုဂတိဘဝသို့။ ဂစ္ဆန္တိ၊ လားရောက်ကြရကုန်၏။

၈၀၇။ ဗဟုနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ၊
ယတ္ထ ကာရံ ကရိတ္ဝာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

၈၀၇။ တထာဂတာ၊ ဘုရားရှင်တို့သည်။ ဗဟုနံ၊ လူနတ်ဗြဟ္မာ များစွာတို့၏။ အတ္ထာယ၊ အကျိုးစီးပွားအလို့ငှာ။ ဥပ္ပဇ္ဇန္တိ ဝတ၊ လောကအတွင်း၌ ပွင့်ထွန်းပေါ်ပေါက်တော်မူကြကုန်၏တကား။ ယတ္ထ၊ သတ္တဝါများအတွက် ပေါ်ထွက်ပွင့်ထွန်းတော်မူလာသော အကြင်ဘုရားရှင်၌။ ဒါယကာ၊ ပေးလှူတတ်စွာ ဒါယကာတို့သည်။ ကာရံ၊ ကြည်ညိုသဒ္ဓါ ပူဇော်သက္ကာကို။ ကရိတ္ဝာန၊ ကောင်းစွာပြုလုပ်သောကြောင့်။ သဂ္ဂံ၊ နတ်ပြည်သာသို့။ ဂစ္ဆန္တိ၊ ဧကန်ထုတ်ချောက် သွားရောက်ကြရကုန်၏။

ဤသို့လျှင် သိကြားမင်းသည် တရားဟောကြားပြီး၍ ဥယျာဉ်ကစားသွားမည့် အစီအစဉ် ဖျက်သိမ်းကာ ထိုတရားဟောကြားရာနေရာမှ ပြန်လည်၍ မိမိအမြဲမပြတ် ပူဇော်ဦးတိုက်ရာဖြစ်သော စူဠာမဏိစေတီတော်၌ ခုနစ်ရက်ပတ်လုံး ပူဇော်ခြင်းကို ပြုလေ၏။

ထို့နောက် အခါတစ်ပါး၌ အရှင်နာရဒမထေရ်သည် တာဝတိံသာနတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် သိကြားမင်းသည် ထိုအကြောင်းအရာအဖြာဖြာကို အရှင်နာရဒမထေရ်အား လျှောက်ကြားလေ၏။ အရှင်နာရဒမထေရ်သည် သင်္ဂါယနာတင် ထေရ်အရှင်မြတ်အား ဤအကြောင်းအရာများကို ထပ်ဆင့်လျှောက်ကြား၏။ ထိုသင်္ဂါယနာတင် ထေရ်အရှင်မြတ်တို့သည် ထိုအရှင်နာရဒ

http://www.dhammadownload.com

ထေရ် လျှောက်ထားသည့်အတိုင်း ဤဝတ္ထုကို ဝိမာနဝတ္ထုဟူသော အမည်ဖြင့် စုပေါင်းရွတ်ဆိုတော်မူကာ သင်္ဂါယနာ တင်ထားကြကုန်၏။

ပီတဝိမာနဝတ္ထု ပြီး၏။

၁၀။ ဥဿဝိမာနဝတ္ထု

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်အား ကြဲပိုင်းလှူဒါန်းခဲ့ဖူးသောကြောင့် တန်ခိုးကြီးသော နတ်သမီးဖြစ်ရသော ဥဿဒါယိကာ နတ်သမီး။

ဤဝတ္ထုသည် ပါရိဆ္ဆတ္တကဝဂ်ပါ ဥဿဒါယိကာဝိမာနဝတ္ထုနှင့် ပါဠိအားဖြင့် လည်းကောင်း၊ ဝတ္ထုကြောင်းအားဖြင့်လည်းကောင်း တူသည်။ ရှေးဥဿဒါယိကာဝိမာန ဝတ္ထုဌ် ယောက္ခမက ကြဲလှူသော ချွေးမကို စိတ်ဆိုး၍ ထိုင်ခုံဖြင့် ရိုက်သတ်သောကြောင့် သေလွန်ရ၏။ ဤဝတ္ထုဌ်ကား ခဲဖြင့်ထု၍ သတ်သောကြောင့် သေလွန်ရ၏။ ဤမျှသာထူး၏။ သို့သော်လည်း ဝတ္ထုအားဖြင့် မတူသောကြောင့် အသီးအခြား တစ်ခုစီထား၍ သင်္ဂါယနာ တင်ထားတော်မူကြသည်။

ဥဿဝိမာနဝတ္ထု ပြီး၏။

၁၁။ ဝန္ဒနဝိမာနဝတ္ထု

ရဟန်းတော်ကို ရှိခိုးဦးချခဲ့ဖူးသောကြောင့် အလွန်နှစ်သက်ဖွယ်ရာ အရောင်အဆင်းဖြင့် နတ်၏ချမ်းသာကို စံစားရသော ဝန္ဒနနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းများစွာတို့သည် ရွာငယ်တစ်ခုဌ် ဝါကပ်ဆိုကြသည်။ ဝါကျွတ်သော အခါ ပဝါရဏာပြုပြီးလျှင် ကျောင်းအိပ်ရာနေရာကို သိမှီးသိမ်းဆည်းကြ၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဘုရားရှင်ကို ဖူးမြင်ရန် ကြွလာကြသည်။

http://www.dhammadownload.com

လမ်းခရီးအကြားရှိ ရွာငယ်တစ်ခုကို ဖြတ်ကျော်ကြွလာတော်မူကြစဉ် ထို ရွာသူတစ်ယောက်သည် ရဟန်းတော်တို့ကို ဖူးမြင်ရလျှင် ကြည်ညိုလှသဖြင့် လေးစားမြတ်နိုးစွာ လက်အုပ်ချီလျက် ရှိခိုးဦးချသည်။

ကောင်းမှု၏အကျိုး ခံစားရပြီ

ထိုအမျိုးသမီးသည် နောင်အခါ ကွယ်လွန်သော တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ချမ်းသာ အဖြာဖြာကို ခံစားလျက် ရှိသော ထိုနတ်သမီးကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဤသို့ မေးမြန်း တော်မူလေ၏။

နံပါတ် ၈၁၉ မှ ၈၂၂ အထိ ဂါထာများသည် ရှေးဝိုင်းပါ နံပါတ် ၇၅ မှ ၇၉ အထိ ဂါထာများနှင့် တူသည်။

၈၂၃။ အဟံ မနုဿေသု မနုဿဘူတာ၊
ဒိသွာန သမဏော သီလဝန္တော။
ပါဒါနိ ဝန္ဒိတွာ မနံ ပသာဒယိံ၊
ဝိတ္တာ စဟံ အဇ္ဇလိကံ အကာသိံ။

၈၂၃။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူတို့ဘုံ၌။ မနုဿဘူတာ၊ လူဖြစ်ခဲ့စဉ်အခါက။ သီလဝန္တော၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံတော်မူကြကုန်သော။ သမဏော၊ ကိလေဋ်မ်းချမ်း ရဟန်းတော် အရှင်မြတ်တို့ကို။ ဒိသွာန၊ ရွာလယ် လမ်းမ၌ တွေ့မြင်ရစဉ်။ ပါဒါနိ၊ ခြေတော်အစုံတို့ကို။ ဝန္ဒိတွာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။ မနံ၊ မိမိစိတ်အစဉ်ကို။ ပသာဒယိံ၊ ဝမ်းမြောက်ရွှင်လန်းစွာ ကြည်ညို စေခဲ့ဖူးပါပြီ။ အဟံ၊ တပည့်တော်သည်။ ဝိတ္တာ၊ နှစ်သက်ရွှင်မြူး အထူးမြတ်နိုး စွာ။ အဇ္ဇလိကဉ္စ၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း။ အကာသိံ၊ ပြုဖူးပါပြီဘုရား။

ကျန်သော အချက်အလက်များ ရှေ့ဝိုင်းဝတ္ထုတို့နှင့် တူသည်။

ဝန္ဒနဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၂။ ရဇ္ဇုမာလာ ဝိမာနဝတ္ထု

အိမ်စေကို နှိပ်စက်ခဲ့ဖူး၍ ဝိပါက်လည်းကာ အနှိပ်စက်ခံရသဖြင့် အိမ်မှထွက်၍ ဆွဲကြိုးချသေရန် ကြံစည်စဉ် ဘုရားရှင်နှင့်တွေ့၍ သစ္စာလေးချက်ကို သိမြင်ပြီး တာဝတိံသာနတ်ပြည်တွင် ထင်ရှားစွာ ဖြစ်ရသော ရဇ္ဇုမာလာနတ်သမီး။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဂယာမည်သော ရွာယ်ငယ်နေ ပုဏ္ဏား၏ သမီးတစ်ဦးသည် အရွယ်ရောက်သောခါ ထိုဂယာရွာ၌ပင်လျှင် ပုဏ္ဏား၏သားနှင့် ထိမ်းမြားလက်ထပ်သည်။ ထို့နောက် လင်ယောကျ်ား၏အိမ်၌ စိမ်အုပ်ချုပ် အကြီးအမှူးပြုလုပ်လျက် နေထိုင်ရလေ၏။

အတိတ်ကရန်ငြိုး

ထိုချွေးမသည် ထိုအိမ်ရှိ ကျွန်မ၏သမီးကို မြင်ရသည့်အခါ သည်းညည်းမခံနိုင်ဘဲ မြင်ရသည့်နေ့မှစ၍ မျက်မုန်းကျိုးကာ ဆဲရေးကြိမ်းမောင်း၏။ ထို ကျွန်မ၏ သမီးကလေးအား အခြားစားသောက်ဖွယ်ကို မပေး၊ ရိက်နှက်နှိပ်စက်ခြင်းကိုသာ ပြုလေ၏။ ထိုသို့ ပြုလုပ်ခြင်းမှာ သူတို့နှစ်ဦးသည် ရှေးရှေးဘဝတို့က ရန်ငြိုးဖွဲ့ထားဖူးသောကြောင့်တည်း။

သူတို့၏ အတိတ်ဘဝ

ကျွန်မ၏သမီးသည် ကဿပဘုရားရှင် လက်ထက်တော်အခါက ထိုအိမ်ရှင်ချွေးမ၏ အိမ်ရှင်မ ဖြစ်ခဲ့ဖူး၏။ အိမ်ရှင်ချွေးမသည်ကား ထိုအခါက ကျွန်မ ဖြစ်ခဲ့ဖူး၏။ အိမ်ရှင်မသည် ကျွန်မကို ခဲ တုတ် လက်သီးဆုပ် စသည်တို့ဖြင့် အမြဲမပြတ် ညှဉ်းဆဲလေ၏။ ကျွန်မသည် ရိက်ပုတ်ညှဉ်းဆဲခံရသောကြောင့် ပဒေသာတစ်စွမ်းသမျှ ဒါနစသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးလျှင် "နောင်သောအခါ ငါသည် အိမ်ရှင်မဖြစ်၍ ငါ့အား ရိက်ပုတ်ညှဉ်းဆဲသော ဤအိမ်ရှင်မကို ပြန်၍ ညှဉ်းဆဲနှိပ်စက် နိုင်ရပါလိုစ၏" ဟု ဆုတောင်းလေ၏။

ထိုသို့ ဆုတောင်းမှုကို ပြုသောအခါ ကျွန်မသည် ကျွန်မဘဝမှ စုတေပြီး ဘဝအဆက်ဆက် သံသရာ၌ ကျင်လည်ရစဉ် ဂေါတမဘုရားရှင်၏ လက်ထက်

http://www.dhammadownload.com

တော်သို့ ရောက်သောအခါ ဂယာမည်သော ရွာငယ်ဝယ် ပုဏ္ဏားမျိုးဌ် ဖြစ်ရသည်။ လင့်အိမ်သို့လိုက်၍ လင်ယောကျ်ား၏အိမ်၌ စီမံအုပ်ချုပ် အကြီးအမှူးပြုလုပ်၍ နေထိုင်ရလေ၏။ အိမ်ရှင်မဖြစ်သူသည်ကား ရှေးဘဝက ကျွန်မဖြစ်ခဲ့ဖူးသော အိမ်ရှင်ချွေးမ၏ ကျွန်မဖြစ်လေ၏။

ဤသို့ ရှေးဘဝက ရန်ငြိုးကြောင့် အိမ်ရှင်ချွေးမသည် ရှေးဘဝက အိမ်ရှင်မဖြစ်ခဲ့သော ကျွန်မကို ညှဉ်းဆဲနှိပ်စက်လေ၏။

ရဇ္ဇုမာလာဟု အမည်ရပုံ

နှိပ်စက်ရာတွင် အကြောင်းမဲ့ ဆဲပင်တို့ကိုဆွဲ၍ မိမိရရ ရိုက်ပုတ်လေ၏။ ရေချိုးအိမ်သို့သွား၍ သင်ဓနုန်းဖြင့် ခေါင်းတုံးရိတ်သည်။ "ဟယ် ... ကျွန်ယုတ်မ" ဟု ကြိမ်းမောင်း၍ ဦးခေါင်းကို ကြိုးဖြင့်ချည်ကာ ဆွဲသည်။ ထိုအခါမှစ၍ ထို ကျွန်မ၏ နာမည်သည် "ရဇ္ဇုမာလာ" ဟု အမည်တွင်လေ၏။

တစ်နေ့သဒ္ဓါ ဘုရားရှင်သည် နံနက်မိုးသောက်အခါ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်တော်မူသည်ရှိသော် ရဇ္ဇုမာလာမည်သော ကျွန်မ သောတာပတ္တိဖိုလ်၌ တည်လတ္တံ့သော အကြောင်းကိုလည်းကောင်း၊ အိမ်ရှင်မ ချွေးမဖြစ်သူ ပုဏ္ဏားမ၏ သရဏဂုံသီလတို့၌ တည်အံ့သော အကြောင်းကိုလည်းကောင်း မြင်တော်မူ၍ တောသို့ကြွတော်မူပြီးလျှင် တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူလေ၏။

ရဇ္ဇုမာလာသည် နေ့စဉ် အိမ်ရှင်ချွေးမ နှိပ်စက်၍ ရေအိုးကို ဆွဲကိုင်၍ သူ့ကိုယ်သူ ဆွဲကြိုးချသေစေရန် ရေဆီပ်သို့ သွားဟန်ပြုကာ အိမ်မှထွက်ခဲ့သည်။ သစ်ပင်တစ်ပင်၏ သစ်ကိုင်း၌ ဆွဲကြိုးချရန် လှည့်လည်ကြည့်ရှုသည်။ သစ်ပင်ရင်း၌ ခြောက်ဖြာသော ရောင်ခြည်တော်တို့ကို လွတ်တော်မူလျက် ထိုင်နေတော်မူသော ဘုရားရှင်ကို ဖူးမြင်ရသည်။

ထိုအခါ "ဘုရားရှင်သည် ငါကဲ့သို့သော သူဆင်းရဲမကိုလည်း တရားဟော တော်မူလတ္တံ့လော၊ ငါသည် ဘုရားရှင် ဟောတော်မူအပ်သော တရားတော်ကို ကြားနာရသည်ရှိသော် ဤဆင်းရဲဒွာ အသက်မွေးမြူရခြင်းမှ ကင်းလွတ်လေရာ၏" ဟု အကြံဖြစ်လေ၏။

ထိုအခါ ဘုရားရှင်သည် ထိုရဇ္ဇုမာလာ၏ စိတ်အကြံကို သိတော်မူ၍ "ရဇ္ဇုမာလာ" ဟူ၍ ခေါ်တော်မူ၏။ ရဇ္ဇုမာလာသည် ဘုရားရှင် ခေါ်တော်မူသော

http://www.dhammadownload.com

အသံကို ကြားရလေလျှင် အမြဲကြိုက်ရောစင်ဖြင့် သွန်းလောင်းဘိသကဲ့သို့ ခံစားရကာ ဘုရားရှင်၏အနီးသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ နေလေ၏။

ရဇ္ဇုမာလာ သောတာပန်ဖြစ်ပြီ

ဘုရားရှင်သည် ရဇ္ဇုမာလာအား တရားစကားကို ဟောကြားတော်မူ၍ သစ္စာလေးပါးကို ပြသတော်မူလေ၏။ ထိုရဇ္ဇုမာလာသည်လည်း သောတာပန်ဖြစ်လေ၏။

ဘုရားရှင်သည် "ရဇ္ဇုမာလာအား ဤမျှလောက်သော ချီးမွှောက်ခြင်းသည် သင့်မြတ်၏၊ ယခုအခါ၌ ထိုရဇ္ဇုမာလာကို တစ်စုံတစ်ယောက်သောသူမျှ ညှဉ်းဆဲဩဇာနှင့် မဖြစ်နိုင်တော့" ဟု ကြံတော်မူ၍ တောမှ ထွက်ကြွတော်မူပြီးလျှင် ရွာ၏အနီး တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူလေ၏။

ရဇ္ဇုမာလာသည် "အိမ်ရှင်ပုဏ္ဏားမက ငါ့ကို သတ်မှုလည်း သတ်ပါစေ၊ ညှဉ်းဆဲမှုလည်း ညှဉ်းဆဲပါစေ၊ ဘယ်လိုပင် ပြုသည်ဖြစ်စေ၊ ငါသည် သည်းခံ၍ နေတော့အံ့" ဟု ကြံ၍ အိုးဖြင့် ရေကိုခပ်ယူကာ အိမ်သို့ ပြန်သွားလေ၏။

အိမ်တံခါး၌ ရပ်လျက်နေသော အိမ်ရှင်ပုဏ္ဏားကြီးသည် ထိုရဇ္ဇုမာလာကို မြင်၍ "သင် ယနေ့ ရေဆိပ်သို့သွားသည်မှာ ကြာမြင့်မှ ပြန်လာ၏၊ သင်၏ မျက်နှာအဆင်းသည်လည်း အလွန်ကြည်လင်နေ၏၊ သင်သည် အမူအရာပြောင်းနေ၏၊ ဤသို့ အမူအရာ တစ်မျိုးဖြစ်၍နေခြင်းကား အဘယ့်ကြောင့်ပါနည်း" ဟု မေးမြန်းလေ၏။

ရဇ္ဇုမာလာသည် ထိုပုဏ္ဏားကြီးအား ဘုရားရှင်ထံမှ တရားတော်ကို နာရ၍ သောတာပန်ဖြစ်ကြောင်းကို ပြောကြားလေ၏။

အိမ်ရှင်ပုဏ္ဏားကြီးသည် ထိုရဇ္ဇုမာလာ၏ စကားကို ကြားရလေလျှင် ရွှင်လန်း နှစ်သက်သည်ဖြစ်၍ အိမ်ထဲသို့ ဝင်ပြီးလျှင် "ရှင်မ၊ ရဇ္ဇုမာလာ၏အပေါ်၌ သင်သည် တစ်စုံတစ်ခုကိုမျှ မပြုလုပ်နှင့်" ဟု ချွေးပြစ်သူအား ပြောကြားသည်။ ထို့နောက် ဘုရားရှင်ထံသို့သွား၍ ဘုရားရှင်အား အိမ်သို့ ပင့်ဆောင်ပြီး ဆွမ်းဆက်ကပ်သည်။

အိမ်ရှင်ပုဏ္ဏားကြီး၏ ချွေးမသည်လည်း အနီးသို့လာ၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် သင့်တင့်သောနေရာ၌ ထိုင်နေလေ၏။ ဂယာရွာနေသူတို့သည်လည်း

http://www.dhammadownload.com

ကောင်း၊ ပုဏ္ဏား သူကြွယ်တို့သည်လည်းကောင်း ထိုအကြောင်းစုံကို ကြားသိရ၍ ဘုရားရှင်ထံသို့ ချဉ်းကပ်လာရောက်ကြသည်။

အတိတ်အကြောင်းကို ဟောပြခြင်း

ဘုရားရှင်သည် ရဇ္ဈမာလာနှင့် အိမ်ရှင် ချွေးမဖြစ်သူတို့ ရှေးရှေးသော ဘဝတို့က ပြုခဲ့ဖူးသောကံကို အကျယ်အားဖြင့် ဟောတော်မူ၍ ရောက်လာသော ပရိသတ်အား သင့်လျော်သော တရားစကားကို ဟောကြားတော်မူလေ၏။ ထို တရားစကားကို ကြားနာရ၍ အိမ်ရှင်ချွေးမ ပုဏ္ဏေးမသည်လည်းကောင်း၊ ထို အရပ်သို့ ရောက်လာကြသော လူများအပေါင်းသည်လည်းကောင်း သရဏဂုံသီလ တို့၌ တည်ကြကုန်၏။ ဘုရားရှင်သည် နေရာမှ ထတော်မူ၍ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်သို့သာလျှင် ကြွသွားတော်မူလေ၏။

ထိုအခါ အိမ်ရှင်ပုဏ္ဏားကြီးသည် ရဇ္ဈမာလာကို သမီးအရာ၌ ထားလေ၏။ အိမ်ရှင်ပုဏ္ဏားကြီး၏ ချွေးမသည်လည်း ရဇ္ဈမာလာကို ချစ်နှစ်သက်ဖွယ်သော မျက်စိတို့ဖြင့် ကြည့်ရှုလျက် အသက်ထက်ဆုံး နှစ်သက်မြတ်နိုးစွာ စောင့်ရှောက်လေ၏။

ပြုခဲ့သော ကောင်းမှု၏အကျိုး ခံစားရခြင်း

ရဇ္ဈမာလာသည် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ်လေ၏။ ထိုနတ်သမီးအား နတ်သမီးတစ်ထောင် အခြံအရံရှိ၏။ ထိုရဇ္ဈမာလာ နတ်သမီးသည် လှည်းအစီးခြောက်ဆယ်တိုက် ပမာဏရှိကုန်သော နတ်တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ခန္ဓာအတ္တဘောရှိလျက် နတ်သမီးတစ်ထောင် ခြံရံပြီးလျှင် နန္ဒဝန်ဥယျာဉ် စသည်တို့၌ ကြီးမြတ်သော နတ်၏စည်းစိမ်ချမ်းသာကို ခံစားကာ နှစ်သက်ဝမ်းမြောက်စွာ လှည့်လည်သွားလာ၍ နေလေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် ကြီးစွာသော နတ်၏တန်ခိုးရှိန်စော် အာနုဘော်ဖြင့် ထွန်းလင်းတောက်ပနေသော ရဇ္ဈမာလာနတ်သမီးကို မြင်တော်မူရ၍ ရဇ္ဈမာလာ ပြုအပ်သော ကောင်းမှုကံကို ဤသို့ မေးမြန်းတော်မူလေ၏။

http://www.dhammadownload.com

၈၂၆။ အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ၊
ဟတ္ထေ ပါဒေ စ ဝိဂ္ဂယှ၊ နစ္စသိ သုပ္ပဝါဒိတေ။

၈၂၆။ ဒေဝတေ၊ နတ်သမီး။ ယာ တွံ၊ အကြင် သင်နတ်သမီးသည်။ အဘိက္ကန္တေန၊ အလွန် နှစ်သက်ဖွယ်ရှိသော။ ဝဏ္ဏေန၊ အရောင်အဆင်းဖြင့်။ တိဋ္ဌသိ၊ ရပ်တည်လာဘိ၏။ သုပ္ပဝါဒိတေ၊ ကောင်းစွာ တီးမှုတ်အပ်သည်ရှိသော်။ ဟတ္ထေ ပါဒေ စ၊ လက်ခြေတို့ကိုလည်း။ ဝိဂ္ဂယှ၊ မြှောက်ကာ ကြွကာ လှုပ်ရှားကာဖြင့်။ နစ္စသိ၊ သူငါကြည့်က ဘဝင်ကြွအောင် ကခုန်မြူးထူးလျက်နေ၏။

နံပါတ် ၈၂၇ မှ ၈၃၂ ထိ ဂါထာများသည် ပါရိစ္ဆတ္တကဝိမာနဝတ္ထုလာ ၆၈၁ မှ ၆၈၆ ထိ ဂါထာများနှင့် တူသည်။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က မေးမြန်းတော်မူအပ်သည်ရှိသော် ရဇ္ဇုမာလာနတ်သမီးသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၈၃၃။ ဒါသိ အဟံ ပုရေ အာသိံ၊ ဂယာယံ ဗြာဟ္မဏသဟံ၊
အပ္ပပုညာ အလက္ခိကာ၊ ရဇ္ဇုမာလာတိ မံ ဝိဒုံ။

၈၃၃။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပုရေ၊ ရှေးဘဝတွင် လူဖြစ်ခဲ့စဉ်က။ ဂယာယံ၊ ဂယာမည်သောရွာ၌။ ဗြာဟ္မဏသဟံ၊ ပုဏ္ဏား၏။ ဒါသိ၊ အိမ်နေကျွန်မှ မွေးဖွားရသည့် ကျွန်သားပေါက်မကလေးသည်။ အာသိံ၊ ဖြစ်ခဲ့ရဖူးပါသည်ဘုရား။ မံ၊ တပည့်တော်ကို။ အပ္ပပုညာ၊ ဘုန်းစကံစ အလွန်မှ နည်းပါးလှသော။ အလက္ခိကာ၊ ကြက်သရေမဂ်လာ မဲ့လှစွာသော။ ရဇ္ဇုမာလာတိ၊ လည်တွင်ကြိုးကွင်း ချည်သွင်းထားကာ အမြဲနေရပါသောကြောင့် 'ရဇ္ဇုမာလာ' ဟူ၍။ ဝိဒုံ၊ သိမြင်ကြပါကုန်၏ဘုရား။

၈၃၄။ အက္ကောသာနံ ဝစနဋ္ဌာ၊ တဇ္ဇနာယ စ ဥဂ္ဂတာ၊
ကုဋ္ဌံ ဂယောတွာ နိက္ခမ္မ၊ အဂဋ္ဌိ ဥဒဟာရိယာ။

၈၃၄။ သာမိကာယ၊ အိမ်၏အရှင် ကျွန်ပ်သခင်မ၏။ အက္ကောသာနဋ္ဌာ၊ ကြမ်းကြမ်းတမ်းတမ်း ငေါက်ငမ်း ဆဲဆိုခြင်းကြောင့်လည်းကောင်း။ ဝစနဋ္ဌာ၊ တတောင် ဒူး တုတ်တို့ဖြင့် ရိုက်ပုတ်ညှဉ်းဆဲခြင်းကြောင့်လည်းကောင်း။ တဇ္ဇနာယစ၊ ကြောက်လန့်လောက်အောင် ခြိမ်းခြောက် မောင်းမဲခြင်းကြောင့်လည်းကောင်း။

http://www.dhammadownload.com

ဥဂ္ဂတာ၊ စိတ်မချမ်းမသာ ဖြစ်လှပါ၏။ ကုဋ္ဌံ၊ ရောဂပ်သည့်အိုးကို။ ဂဟေတွာ၊ ယူဆောင်ပါ၍။ နိက္ခမ္မ၊ မိမိနေရာ အိမ်ဂေဟာမှ လျင်စွာထွက်ခဲ့၍။ ဥဒကဟာရိကာ၊ ရောဂပ်ရန်ကဲ့သို့ပြုကာ။ အဂ္ဂိံ၊ သွားခဲ့ပါ၏ဘုရား။

၈၃၅။ ဝိပထေ ကုဋ္ဌံ နိက္ခိပိတွာ၊ ဝနသဏ္ဍံ ဥပါဂမိ၊
"ဣဓေဝါဟံ မရိဿာမိ၊ ကော အတ္ထော ဇီဝိတေန မေ"။

၈၃၅။ ဝိပထေ၊ ခရီးလမ်းနံဘေး၌။ ကုဋ္ဌံ၊ ရောဂိုးကို။ နိက္ခိပိတွာ၊ ချထားခဲ့၍။ "မေ၊ ငါ့အား။ ဇီဝိတေန၊ ဆင်းရဲလှစွာ အသက်ရှည်ကာ နေရခြင်းဖြင့်။ ကော အတ္ထော၊ အဘယ်အကျိုးရှိအံ့နည်း။ အဟံ၊ ငါ ရဇ္ဇုမာလာသည်။ ဣဓေဝ၊ ဤတောအုပ်အရပ်၌ပင်လျှင်။ မရိဿာမိ၊ သေလွန်ပေတော့အံ့"။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးပိုက်၍။ ဝနသဏ္ဍံ၊ တောအုပ်အတွင်းသို့။ ဥပါဂမိ၊ ချဉ်းကပ်ဝင်ရောက်ခဲ့ပါ၏ဘုရား။

၈၃၆။ ဒဠ္ဎံ ပါသံ ကရိတွာန၊ အာသုန္ဓိတွာန ပါဒပေ၊
တတော ဒိဿာ ဝိလောကေသိ၊ "ကော နုဓေါ ဝနမဿိတော"။

၈၃၆။ ပါသံ၊ ယူခဲ့သည့် ကြိုးကွင်းကို။ ဒဠ္ဎံ၊ မြဲမြံခိုင်ခံစွာ။ ကရိတွာန၊ ပြုလုပ်ချည်တုပ်၍။ ပါဒပေ၊ သစ်ပင်ပေါ်၌။ အာသုန္ဓိတွာန၊ မြှောက်ပစ်ဆွဲချည်၍။ တတော၊ ထိုသို့ ကြိုးကွင်းချည်ပြီးသည်မှ နောက်ကာလ၌။ ဝနံ၊ တောအတွင်းသို့။ အသိတော၊ ဝင်၍လာသော။ ကော၊ အဘယ်သူသည်။ အတ္ထိန္၊ ရှိလေသနည်း။ ဣဟိ၊ ဤသို့။ ဒိဿာ၊ အရပ်မျက်နှာတို့ကို။ ဝိလောကေသိ၊ ကြည့်ရှုပါသည်ဘုရား။

၈၃၇။ တတ္ထဒ္ဒသာသိ သမ္ဗုဒ္ဓံ၊ သဗ္ဗလောကဟိတံ မုနိ၊
နိသိန္နံ ရုက္ခမူလသ္မိံ၊ စာယန္တံ အကုတောဘယံ။

၈၃၇။ တတ္ထ၊ ထိုတောအုပ်တွင်။ ရုက္ခမူလသ္မိံ၊ သစ်ပင်၏အနီး၌။ နိသိန္နံ၊ ထိုင်နေတော်မူထသော။ သဗ္ဗလောကဟိတံ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏ အစီးအပွားကို ဆောင်တော်မူသော။ စာယန္တံ၊ စာန်ဝင်စားလျက် ရှိတော်မူထသော။ အကုတောဘယံ၊ ဘယ်အခါကာလ ဘယ်ဒေသ ဘေးရန်ရှိတော်မမူထသော။ မုနိ၊ ရှင်တော်ဘုရားကို။ အဒ္ဒသာသိ၊ မျက်ဝါးထင်ထင် ဖူးမြင်ရပါ၏ဘုရား။

http://www.dhammadownload.com

၈၃၈။ ဘဿာ မေ အဟု သံဝေဂေါ၊ အဗ္ဘုတော လောမဟံသနော၊
"ကော နု ဓေါ ဝနမဿိတော၊ မနုဿော ဥဒါဟု ဒေဝတာ"။

၈၃၈။ ဝနံ၊ တောမြိုင်ကြီးအတွင်းသို့။ အဿိတော၊ ဝင်နေသောသူသည်ကား။ ကော နု၊ အဘယ်သူပါနည်း။ မနုဿော၊ လူပင်ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့ လူသားမဟုတ်ခဲ့ပါက။ ဒေဝတာနု၊ နတ်သိကြားပင် ဖြစ်လေသလော။ ဣတိ၊ ဤသို့။ တဿာ မေ၊ ထိုတပည့်တော်အား။ သံဝေဂေါ၊ ရုက်ကြောက်ထိတ်လန့်ခြင်းနှင့် တကွသော အသိဉာဏ်သည်။ အဟု၊ ဝမ်းမြောက်ကြည်သာဖြစ်ပေါ်လာပါ၏။ အဗ္ဘုတော၊ မဉ်စ်ဖူးမြို ထူးကဲလှစွာ ဖြစ်ပေါ်၍လာသော။ လောမဟံသနော၊ ကြက်သီးမွေးညင်း တဖြန်းဖြန်း ထပါ၏ဘုရား။

၈၃၉။ ပါသာဒိကံ ပသာဒနီယံ၊ ဝနာ နိဗ္ဗာနမာဂတံ၊
ဒိသွာ မနော မေ ပသီဒိ၊ "နာယံ ယာဒိသကီဒိသော"။

၈၃၉။ ပါသာဒိကံ၊ လက္ခဏာတော်ကြီးငယ်တို့နှင့် ပြည့်ကြွယ်၍ ကြည်ညိုဖွယ်ကို ဆောင်တော်မူထသော။ ပသာဒနီယံ၊ မနှိုင်းယှဉ်ဖွယ် ကြီးကျယ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်းကြောင့် လူအပေါင်းတို့၏ အကြည်ညိုကို ခံတော်မူထိုက်ထသော။ ဝနာ၊ တဏှာတည်းဟူသော ကိလေသာတောရှုပ်ထဲမှ။ အပက္ကမိတွာ၊ ဖဲခွာတော်မူ၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်အငြိမ်းဓာတ်ကြီးသို့။ အာဂတံ၊ ရောက်တော်မူပြီးသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ ဒိသွာ၊ အဆင်သင့်ပင် ဖူးမြင်တွေ့ကြုံရခြင်းကြောင့်။ မေ၊ တပည့်တော်၏။ မနော၊ စိတ်ဆိုးစိတ်ယုတ်သည်။ ပသီဒိ၊ ကြည်လင်၍ လာပါ၏ဘုရား။ အယံ ပုဂ္ဂလော၊ မျက်မှောက်တွေ့မြင်ဤပုဂ္ဂိုလ်အရှင်မြတ်သည်ကား။ ယာဒိသကီဒိသော၊ ဟူးဟူးငြားငြား သာမန်လူစားမျိုးသည်။ နု၊ မဟုတ်နိုင်ချေတကား။

၈၄၀။ ဂုတ္တိန္ဒြိယော စျာနရတော၊ အဗဟိဂ္ဂတမာနသော၊
ဟိတော သတ္ထသ လောကဿ၊ ဗုဒ္ဓေါ အယံ ဘဝိဿတိ။

၈၄၀။ အယံ၊ ဤပုဂ္ဂိုလ်သည်ကား။ ဂုတ္တိန္ဒြိယော၊ စောင့်ရှောက်အပ်သောဣန္ဒြေရှိတော်မူထသော။ စျာနရတော၊ ရှုပွားတော်မူထာသော။ အဗဟိဂ္ဂတမာနသော၊ ပြင်ပအာရုံတို့သို့ မကျရောက်ဘဲ နိဗ္ဗာန်အာရုံသို့သာ ကျရောက်သောစိတ် ရှိတော်

http://www.dhammadownload.com

မူထသော။ သဗ္ဗသ လောကဿ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါအပေါင်း၏။ ဟိတော၊ အစီးအပွားကို လိုလားရွက်ဆောင်တော်မူတတ်သော။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ ဘဝိဿတိ၊ ဧကန်ဖြစ်မြဲလတ္တံ့။

၈၄၁။ ဘယဘေရဝေါ ဒုရာသဒေါ၊ သီဟာဝ ဂုဟမဿိတော၊
ဒုလ္လဘာ'ယံ ဒဿနာယ၊ ပုပ္ပံ သြဒုမ္ဗရံ ယထာ"။

၈၄၁။ ဂုဟံ၊ ဂူလိုဏ်တွင်းသို့။ အဿိတော၊ ဝင်၍နေသော။ သီဟောဝ၊ ကောသရာဇာ ခြင်္သေ့မင်းကဲ့သို့။ ဘယဘေရဝေါ၊ ကြောက်ရွံ့အပ်သည်သာဖြစ်၍။ ဒုရာသဒေါ၊ အနီးနားသို့ ချဉ်းကပ်ခြင်းငှာ ခဲယဉ်းစွာသော။ အယံ၊ ထိုရှင်တော်မြတ်ဘုရားကို။ သြဒုမ္ဗရံ ပုပ္ပံ၊ ရောသဖန်းပွင့်ကို။ ဒဿနာယ၊ ကြည့်ရှုခြင်းငှာ။ ဒုလ္လဘံယထာ၊ ရခဲသကဲ့သို့။ ဒဿနာယ၊ ရှိခိုးဦးတင် ဖူးမြင်ခြင်းငှာ။ ဒုလ္လဘော၊ ခဲယဉ်းလှပါ၏ဘုရား။

၈၄၂။ သော မံ မုဒုဟိ ဝါစာဟိ၊ အာလပိတွာ တထာဂတော၊
ရဇ္ဇုမာလေတိ မံဝေါစ၊ သရဏံ ဂစ္ဆ တထာဂတံ။

၈၄၂။ သော တထာဂတော၊ ထိုဘုရားရှင်သည်။ မုဒုဟိ၊ နူးညံ့လှစွာသော။ ဝါစာဟိ၊ စကားတော်တို့ဖြင့်။ မံ၊ တပည့်တော်ကို။ ရဇ္ဇုမာလေတိ၊ ချစ်သမီး ရဇ္ဇုမာလာဟူ၍။ အာလပိတွာ၊ ခေါ်ဝေါ်တော်မူ၍။ တထာဂတံ၊ မြတ်စွာဘုရားကို။ သရဏံ–သရဏဲကွတိ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆ၊ မှီဝဲဆည်းကပ်ပါလော့။ ကွတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ အဝေါစ၊ မိန့်တော်မူပါ၏ဘုရား။

၈၄၃။ တာဟံ ဂိရံ သုဏိတွာန၊ နေလံ အတ္ထဝတိံ သုစိံ၊
သဏှံ မုဒုဉ္စ ဝဂ္ဂုဉ္စ၊ သဗ္ဗသောကာပနူဒနံ။

၈၄၄။ ကလ္လစိတ္တာဉ္စ မံ ဥတွာ၊ ပသန္နံ သုဒ္ဓမာနသံ၊
ဟိတော သဗ္ဗသ လောကဿ၊ အနုသာသိ တထာဂတော။

၈၄၃–၄။ အဟံ၊ တပည့်တော်သည်။ နေလံ၊ အပြစ်အနာ ကင်းကွာသော။ အတ္ထဝတိံ၊ အကျိုးစီးပွားနှင့် ယှဉ်ထသော်။ သုစိံ၊ သန့်ရှင်းစင်ကြယ်လှစွာထသော။ သဏှံ၊ သိမ်မွေ့စွာထသော။ မုဒုံ၊ နူးညံ့လှစွာထသော။ ဝဂ္ဂုံ၊ ချိုအေးသာယာစွာ

http://www.dhammadownload.com

ထသော။ သဗ္ဗသောကာပနူဒနံ၊ အလုံးစုံသော ပူဆွေးခြင်းတို့ကို ပယ်ခွင့်ဖျောက်ဖျက်နိုင်ထသော။ တံ ဂိရံ၊ ထိုစကားတော်ကို။ သုဏိတ္ဝာန၊ ကြားနာလိုက်ရသော ကြောင့်။ ပသန္နံ၊ ကြည်လင်စွာသော။ သုဒ္ဓမာနသံ၊ စင်ကြယ်သော စိတ်ရှိသော။ ကလ္လစိတ္တာ၊ ဘာဝနာကံအားလျော်စွာသော စိတ်အစဉ်ရှိသည်ကိုလည်း။ ဥ တ္တာ၊ သိမြင်တော်မူ၍။ သဗ္ဗဿ လောကဿ၊ အလုံးစုံသော သတ္တဝါအပေါင်း၏။ ဟိတော၊ အစီးအပွားကို လိုလားတော်မူသော။ တထာဂတော၊ ဘုရားရှင်သည်။ မံ၊ တပည့်တော်ကို။ အနုသာသိ၊ သွန်သင်ဆုံးမတော်မူပါ၏ဘုရား။

၈၄၅။ "ဣဒံ ဒက္ခိ" န္တိ မံဝေါစ၊ အယံ၊ ဒုက္ခဿ သမ္ဘဝေါ၊
ဒုက္ခနိရောဓော မဂ္ဂေါ စ၊ အဠသော အမတောဂတော။

၈၄၅။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ဣဒံ၊ ဤတေဘူမက တရားစုသည်။ ဒုက္ခံ၊ ဆင်းရဲခြင်းမှန်စွာ ဒုက္ခသစ္စာတည်း။ အယံ၊ ဒုက္ခဖြစ်ကြောင်း ဤတဏှာ တရားအပေါင်းသည်။ ဒုက္ခဿသမ္ဘဝေါ၊ ဆင်းရဲဖြစ်ပေါ်ကြောင်း သမုဒယသစ္စာတည်း။ အယံ၊ ဤဒုက္ခချုပ်ကင်း အေးငြိမ်းခြင်း သဘောတရားသည်။ ဒုက္ခနိရောဓော၊ ဆင်းရဲချုပ်ရာ နိရောဓသစ္စာတည်း။ အဠသော၊ လမ်းကောင်းလမ်းမှန်ဧကန်ဖြစ်သော။ အမတောဂတော၊ မသေနိုင်သော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အယံ၊ မဂ္ဂင်ရှစ်ပါး ဤအကျင့်ကောင်းတရားသည်။ မဂ္ဂေါ၊ မဂ္ဂသစ္စာတည်း။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်မကို။ အဝေါစ၊ ဟောကြားပြသတော်မူပါ၏ဘုရား။

၈၄၆။ အနုကမ္ပကဿ ကုသလဿ၊ ဩဝါဒမှိ အဟံ ဋ္ဌိတာ။
အဿုဂါ၊ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္ဆုတံ။

၈၄၆။ အဟံ၊ တပည့်တော်သည်။ အနုကမ္ပကဿ၊ သနားခြင်းရှိတော်မူသော။ ကုသလဿ၊ လိမ္မာကျွမ်းကျင် ဘုရားရှင်၏။ ဩဝါဒေ၊ ဩဝါဒ၌။ ဋ္ဌိတာ၊ တည်လျက်။ အမတံ၊ သေရခြင်းသဘောမှကင်းသော။ သန္တိံ၊ အေးချမ်းငြိမ်သက်လှစွာသော။ ပဒံ၊ မင်္ဂဖိုလ်ဉာဏ်၏ ရဖို့အကြောင်း ဓာတ်တစ်မျိုးဖြစ်သော။ အစ္ဆုတံ၊ သေရခြင်းသဘောမရှိသော။ နိဗ္ဗာနံ၊ အမြဲကိန်းဝန်းကြီးကို။ အဿဂါ၊ မျက်မှောက်ပြုကာ ရရှိခဲ့ပါ၏။

http://www.dhammadownload.com

၈၄၇။ သာဟံ အဝဋ္ဌိတာပေမာ၊ ဒဿနေ အဝိကမ္မိနိ။
မူလဇာတာယ သဒ္ဓါယ၊ ဓိတာ ဗုဒ္ဓဿ သြရသာ။

၈၄၇။ သာဟံ–သာ အဟံ၊ ထိုတပည့်တော်သည်။ အဝဋ္ဌိတာ၊ ခိုင်မြဲစွာ ယုံကြည်လျက်။ ပေမာ၊ ချစ်ခင်မြတ်နိုးခြင်း ရှိပါ၏ဘုရား။ မူလဇာတာ၊ သစ္စာ လေးပါးကိုသိကြောင်း အကြောင်းမူလကြောင့်ဖြစ်သော။ သဒ္ဓါယ၊ ယုံကြည်ခြင်း သဒ္ဓါတရားဖြင့်။ ဒဿနေ၊ သိမြင်ခြင်း၌။ အဝိကမ္မိနိ၊ တုန်လှုပ်ခြင်း မရှိမူ၍။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ သြရသာ၊ ရင်၌ဖြစ်သော။ ဓိတာ၊ သမီးစစ် တစ်ယောက် ဖြစ်ခဲ့ပါပြီဘုရား။

ရဇ္ဇုမာလာနတ်သမီးသည် လူ့ပြည်ဝယ် ဖြစ်ခဲ့ပုံနှင့်တကွ ရတနာသုံးပါး၌ ယုံကြည်အားထားပုံ၊ ဘုရားရှင်၏ သမီးစစ်တစ်ယောက် ဖြစ်ပုံတို့ကို လျှောက်ထား ပြီးလျှင် တာဝတိံသာဝယ် ယခုအခါ ဘေးရန်ကင်းကွာ ပျော်ပါးစွာနှင့် ချမ်းချမ်း သာသာ နေထိုင်ရပုံတို့ကို ဆက်လက်၍ လျှောက်ထားပြန်လေ၏။

၈၄၈။ သာဟံ ရမာမိ ကီဠာမိ၊ မောဒါမိ အကုတောဘယာ၊
ဒိဗ္ဗမာလံ ဓာရယာမိ၊ ဝိဝါမိ မခုမဒ္ဒဝံ။

၈၄၈။ သာ အဟံ၊ ထိုတပည့်တော်သည်။ အကုတောဘယာ၊ တစ်စုံတစ်ရာ ဘေးဘယာမရှိဘဲ။ ရမာမိ၊ နှစ်သက်ရွှင်ပျော် မွေ့လျော်ရပါ၏ဘုရား။ ကီဠာမိ၊ မြူးထူးပျော်ပါး ကစားရပါ၏ဘုရား။ မောဒါမိ၊ ဝမ်းမြောက်ဝမ်းသာ ရပါ၏ဘုရား။ ဒိဗ္ဗမာလံ၊ နတ်ပန်းကုံးကို။ ဓာရယာမိ၊ ပန်ဆင်ရပါ၏ဘုရား။ မခုမဒ္ဒဝံ၊ နတ်တို့ နှစ်သက်အပ်သော အဖျော်ယမကာကို။ ဝိဝါမိ၊ သောက်သုံးရပါ၏ဘုရား။

၈၄၉။ သဋ္ဌိတူရိယသဟဿာနိ၊ ပဋိဗောဓံ ကရောန္တိ မေ၊
အာဠမ္ဗော ဂဠရော ဘီမော၊ သာဓုဝါဒီ စ သံသယော။

၈၅၀။ ပေါက္ခရော စ သုဖဿော စ၊ ဝိဇာမောက္ခာ စ နာရိယော
နန္ဒာ စေဝ သုနန္ဒာ စ၊ သောဇာဒိန္နာ သုစိမ္ဖိတာ။

၈၅၁။ အလမ္ဗုသာ မိဿကေသီ စ၊ ပုဏ္ဍရိကာ'တိဒါရဏီ၊
ဇဏိဖဿာ သုဖဿာ စ၊ သုဘဒ္ဒါ မုဒုဝါဒိနိ။

http://www.dhammadownload.com

၈၅၂။ ဧတာ စညာ စ သေယျာသေ၊ အစ္ဆရာနံ ပဗောဓိကာ၊
တာ မံ ကာလေနုပါဂန္ဆာ၊ အဘိဘာသန္တိ ဒေဝတာ။

၈၅၃။ ဟန္ဒ နစ္စာမ ဂါယာမ၊ ဟန္ဒ တံ ရမယာမသေ၊
နယိဒံ အကတပုညာနံ၊ ကတပုညာနမေဝိဒံ။

၈၅၄။ အသောကံ နန္ဒနံ ရမ္မံ၊ တိဒသာနံ မဟာဝနံ၊
သုဓံ အကတပုညာနံ၊ ဣဓ နတ္ထိ ပရတ္ထ စ။

၈၄၉-၅၄။ အာဠမ္ဗော၊ အာဠမ္ဗတူရိယာလည်းကောင်း။ ဂဂ္ဂရော၊ ဂဂ္ဂရတူရိယာလည်းကောင်း။ ဘီမော၊ ဘီမတူရိယာလည်းကောင်း။ သာဓုဝါဒီ၊ သာဓုဝါဒီတူရိယာလည်းကောင်း။ သဲသယော၊ သဲသယတူရိယာလည်းကောင်း။ ပေါက္ခရော၊ ပေါက္ခရတူရိယာလည်းကောင်း။ သုဖဿော၊ သုဖဿတူရိယာလည်းကောင်း။ ဣတိ၊ ဤသို့။ သဒ္ဒိတူရိယသဟဿာနိ၊ ခြောက်သောင်းကုန်သော တူရိယာတို့သည်။ မေ၊ တပည့်တော်မ၏။ ပဋိဗောဓံ၊ နိုးကြားမှုကို။ ကရောန္တိ၊ ပြုကြပါကုန်၏။ ဝိဇာမောက္ခာ၊ ဝိဇာမောက္ခ နတ်သမီးလည်းကောင်း။ နန္ဒာ စ၊ နန္ဒာနတ်သမီးလည်းကောင်း။ သုနန္ဒာ စ၊ သုနန္ဒာနတ်သမီးလည်းကောင်း။ သောဏဒိန္နာ စ၊ သောဏဒိန္နာနတ်သမီးလည်းကောင်း။ သုစိမိုတာ စ၊ သုစိမိုတာနတ်သမီးလည်းကောင်း။ အလမ္ဗုသာ စ၊ အလမ္ဗုသာ နတ်သမီးလည်းကောင်း။ မိဿကေသီ စ၊ မိဿကေသီနတ်သမီးလည်းကောင်း။ ပုဏ္ဏရိကာ စ၊ ပုဏ္ဏရိကာ နတ်သမီးလည်းကောင်း။ အတိဒါရုဏီ စ၊ အတိဒါရုဏီ နတ်သမီးလည်းကောင်း။ ဧဏီဖဿာ စ၊ ဧဏီဖဿာနတ်သမီးလည်းကောင်း။ သုဖဿာ စ၊ သုဖဿာ နတ်သမီးလည်းကောင်း။ သုဘဒ္ဒါ စ၊ သုဘဒ္ဒါနတ်သမီးလည်းကောင်း။ မုဒုဝါဒိနီ စ၊ မုဒုဝါဒိနီ နတ်သမီးလည်းကောင်း။ ဧတာ စ၊ ဤဆိုအပ်ပြီးသော နတ်သမီးတို့သည်လည်းကောင်း။ အစ္ဆရာနံ၊ နတ်သမီးအပေါင်းတို့တွင်။ သေယျာသေ၊ ချီးမွမ်းအပ်ကုန်သော။ အညာ စ၊ အခြားသော နတ်သမီးတို့သည်လည်းကောင်း။ မံ၊ တပည့်တော်ကို။ ပဗောဓိကာ၊ နိုးကြားစေကြပါကုန်၏။ တာ ဒေဝတာ၊ ထို နတ်သမီးတို့သည်။ ကာလေန၊ သင့်လျော်လျောက်ပတ်သောအခါ၌။ မံ၊ တပည့်တော်၏အထံသို့။ ဥပဂန္ဆာ၊ လာရောက် ချဉ်းကပ်ကြကုန်၍။ ဟန္ဒ၊ ယခုအခါ၌။ မယံ၊ အကျွန်ုပ်တို့သည်။ နစ္စာမ၊ ကခုန်ကြပါကုန်အံ့။ ဂါယာမ၊ သီချင်းသီဆိုကြ

http://www.dhammadownload.com

ပါကုန်အံ့။ ဟန္ဒ၊ ယခုအခါ၌။ တံ၊ သင်ရဇ္ဇုမာလာကို။ ရမယာမသေ၊ မွေ့လျော်စေပါကုန်အံ့။ ဣတိ၊ ဤသို့။ အဘိဘာသန္တိ၊ ပြောဆိုကြပါကုန်၏။ အသောက၊ စိုးရိမ်ကြောင့်ကြခြင်း မရှိသော။ နန္ဒန်၊ နန်သက်ရှင်ပြုံးခြင်းကို ဖြစ်စေတတ်သော။ ရမ္မ၊ နှလုံးမွေ့လျော် ဖျော်ဖြယ်ရာဖြစ်သော။ တီဒသာနံ၊ တာဝတိံသာနတ်တို့၏။ မဟာဝန်၊ နန္ဒဝန်ခေါ် ဥယျာဉ်တော်ကြီးဖြစ်သော။ ဣဒံ ဌာန်၊ ဤဒေသသည်။ အကတပုညာနံ၊ ကုသိုလ်ကောင်းမှု မပြုလုပ်ကြကုန်သော သူတို့၏အတွက်။ နဟောတိ၊ ဖြစ်၍လာသည်မဟုတ်။ ဣဒံ ဌာန်၊ ဤနေရာဌာနသည်။ ကတပုညာနမေဝ၊ ကောင်းမှုအသီးသီး ပြုလုပ်ပြီးသူတို့အတွက်သာလျှင်။ ဟောတိ၊ ဖြစ်၍လာပါ၏။ အကတပုညာနံ၊ ကုသိုလ်ကောင်းမှု မပြုလုပ်ကြသော သူတို့အား။ ဣဓ စ၊ ဤဘဝ၌လည်းကောင်း။ ပရတ္ထ စ၊ တမလွန်ကာလ နောက်ဘဝ၌လည်းကောင်း။ သုခံ၊ ကာယ, စိတ္တ နှစ်ဝသော ချမ်းသာခြင်းသည်။ နတ္ထိ၊ မရှိနိုင်သည်သာတည်း။

၈၅၅။ သုခဉ္စ ကတပုညာနံ၊ ဣဓ စေ ဝ ပရတ္ထ စ၊
တေသံ သဟဗျကာမာနံ၊ ကတ္ထမ္ဘံ ကုသလံ ဗဟုံ၊
ကတပုညာ ဟိ မောဒန္တိ၊ သဂ္ဂေ ဘောဂသမင်္ဂိနော။

၈၅၅။ ကတပုညာနမေဝ၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ်ကြကုန်သော သူတို့အားသာလျှင်။ ဣဓ စ၊ ဤဘဝ၌လည်းကောင်း။ ပရတ္ထ စ၊ နောက်ဘဝ၌လည်းကောင်း။ သုခံ၊ ကာယ, စိတ္တ နှစ်ဝသော ချမ်းသာသုခသည်။ အတ္ထိ၊ ရှိနိုင်ပါ၏။ သဟဗျကာမာနံ၊ တာဝတိံသာ နတ်အဝါတို့၏ အပေါင်းအသင်းအဖြစ်ကို အလိုရှိကုန်သော။ တေသံ၊ ထိုသူတို့သည်။ ကုသလံ၊ အပြစ်ကင်းကွာကောင်းမှုအဖြာဖြာကို။ ဗဟုံ၊ များစွာ။ ကတ္ထမ္ဘံ၊ လုံ့လကြိုးကုတ် ပြုလုပ်အပ်၏။ ဟိ သစ္စံ၊ ထိုစကားမှန်လှပေ၏။ ကတပုညာ၊ ကောင်းမှုအသီးသီးကို ပြုပြီးကုန်သောသူတို့သည်။ သဂ္ဂေ၊ နဝ် ပြည်သာ၌။ ဘောဂသမင်္ဂိနော၊ နတ်စည်းစိမ်နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ မောဒန္တိ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်ကြရကုန်၏။

၈၅၆။ ဗဟူနံ ဝတ အတ္ထာယ၊ ဥပဓုန္တိ တထာဂတာ၊
ဒက္ခိဏေယျာ မနုဿာနံ၊ ပုညက္ခေတ္တာန' မာကရာ၊
ယတ္ထ ကာရံ ကရိတ္ဝာန၊ သဂ္ဂေ မောဒန္တိ ဒါယကာ။

http://www.dhammadownload.com

၈၅၆။ တထာဂတာ၊ ရှင်တော်မြတ်ဘုရားတို့သည်။ ဗဟူနံ၊ သတ္တဝါအနန္တ တို့၏။ အတ္ထာယ၊ နှစ်ဖြာအကျိုး ပွားတိုးခြင်းအကျိုးငှာ။ ဥပဓိန္တိ ဝတ၊ ပွင့်ထွန်း ပေါ်ပေါက်တော်မူကြပါကုန်၏တကား။ တထာဂတာ၊ ဘုရားရှင်တို့သည်။ မနုဿာနံ၊ လူအများတို့၏။ ဒက္ခိဏေယျာ၊ အဝေးမှဆောင်ယူ မြတ်သောအလှူကို ခံခြင်းငှာ ထိုက်တော်မူကြပါကုန်၏။ ပုညက္ခေတ္တာနံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်တောမြေကောင်းပမာဖြစ်သည့် အရိယာသံဃာတော်တို့၏။ အာကရာ၊ ဖြစ်ရာဌာန ဧကန်ဖြစ်ကြပါပေကုန်၏။ ယတ္ထ၊ ကောင်းမှုတည်းဟူ သော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်တောမြေကောင်းပမာ အရိယာသံဃာတော်၌။ ကာရံ၊ လျော်ပတ်သင့်လျော် ပူဇော်သက္ကာကို။ ကရိတ္ဝာန၊ နှစ်သက်သမှု ပြု ကြကုန်သောကြောင့်။ ဒါယကာ၊ နှစ်သက်ကြည်ဖြူ ပေးလှူပူဇော်ကြကုန်သော သူတို့သည်။ သဂ္ဂေ၊ ထက်နတ်ရွာ၌။ မောဒန္တိ၊ မွေ့လျော်ကြရကုန်သတည်း။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် မိမိသည်လည်းကောင်း၊ နတ်သမီး သည်လည်းကောင်း ပြောဆိုအပ်ပြီးသောစကားကို လူ့ပြည်သို့ ပြန်လာပြီးလျှင် ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအရှင်မဟာမောဂ္ဂလာန် လျှောက်ကြားသော အကြောင်းကို ရောက်လာသော ပရိသတ်အား တရားဟော ကြားတော်မူလေ၏။ ထိုတရားဒေသနာတော်သည် လူအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ရဇ္ဇုမာလာ ဝိမာနဝတ္ထု ပြီး၏။

ဣတ္ထိဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

ပုရိသဝိမာန

ကောင်းမှုပြုခဲ့၍ ကောင်းကျိုးခံစားရသူ အမျိုးသားများအကြောင်း

၅။ မဟာရထဝဂ်

၁။ မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု

ဖားသူငယ်ဘဝဖြင့် ဘုရားရှင်၏ တရားတော်ကို နာယူခိုက် နွားကျောင်းသား၏ လက်ချက်ဖြင့် အသက်ဆုံးကာ တာဝတိံသာနတ်ပြည်သို့ ရောက်ရသော နတ်သား။

ဘုရားရှင်သည် စမ္ပာပြည်၌ ဂဂ္ဂရာမိဖုရား တူးဖော်သည့် ဂဂ္ဂရာမည်သော လေးထောင့်ကန်၏ ကမ်းနားဝယ် သီတင်းသုံးတော်မူစဉ် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သော သတ္တဝါအများကို ရှုစားဆင်ခြင်တော်မူသည်။

နတ်သားဖြစ်မည့် ဖားကလေး

ထိုအခါ ဖားကလေးတစ်ကောင်သည် ငါဘုရား၏ တရားတော်အသံ၌ အာရုံယူ၍ သူတစ်ပါး၏ ပယောဂဖြင့် စုတေသေလွန်လျက် အထက်နတ်ပြည်၌ နတ်သားဖြစ်မည်။ နတ်သမီး နတ်သား အခြံအရံနှင့်တကွ တရားနာ ပရိသတ်အပေါင်း မြင်စဉ်၌ပင်လျှင် ထိုနတ်သားသည် ငါဘုရားရှင်အထံသို့ လာရောက်လတ္တံ့။ ထိုအခါ များစွာသော တရားနာ ပရိသတ်အပေါင်းတို့၏ တရားတော်ကို ထိုးထွင်း၍ သိမြင်ရခြင်းသည် ဖြစ်လတ္တံ့" ဟု ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်၍ သိမြင်တော်မူလေသည်။ သို့ဖြင့် ဘုရားရှင်သည် ရဟန်းအပေါင်းနှင့်တကွ စမ္ပာမြို့အတွင်းသို့ ဆွမ်းခံဝင်တော်မူသည်။ ဆွမ်းစားပြီးသော် ဂန္ဓကုဋိတိုက်တော်သို့ ဝင်တော်မူလျက် ဖလသမာပတ် ချမ်းသာဖြင့် နေ့အဖို့ကို ကုန်လွန်စေတော်မူ၏။

ထိုနေ့ ညနေချမ်းအခါ ပရိသတ်တို့ ရောက်လာကြကုန်သော် ဂန္ဓကုဋိတိုက်တော် အတွင်းမှ ထွက်တော်မူ၍ လေးထောင့်ရေကန်၏ အနီး ကမ်းပါးအရပ်၌ တန်ခိုးပြာဋိဟာဖြင့် ဆောက်လုပ်အပ်သော မဏ္ဍပ်တော်အတွင်းသို့ ကြွတော်မူကာ တရားဒေသနာတော်ကို ဟောတော်မူခြင်းငှာ အားထုတ်တော်မူလေ၏။

http://www.dhammadownload.com

နွားကျောင်းသား၏ တုတ်ဖြင့် ထောက်မိပုံ

ထိုခဏ၌ပင်လျှင် ဖားငယ်တစ်ကောင်သည် လေးထောင့်ရေကန်အတွင်းမှ လာလတ်၍ "ဤအသံကား တရားတော်သံတည်း" ဟု တရားတော်ဟူသော အမှတ်သညာဖြင့် ဘုရားရှင်၏ အသံတော်၌ အာရုံကိုယူလျက် ပရိသတ်အစွန်း၌ ဝပ်လျက်နေလေ၏။

ထိုအခါ နွားကျောင်းသားတစ်ယောက်သည် တရားဟောရာအရပ်သို့ ရောက်လာ၍ တရားဟောတော်မူလျက်ရှိသော ဘုရားရှင်ကိုလည်းကောင်း၊ တရားတော်နာယူလျက်ရှိသော ပရိသတ်ကိုလည်းကောင်း တွေ့မြင်ရလေလျှင် တရားတော်၌ စိတ်ပါဝင်စားသောကြောင့် တုတ်ကိုထောက်၍ ရပ်နေလေ၏။ ဖားကို မမြင်မီဘဲ အမှတ်မဲ့ပင် ထိုဖား၏ ဦးခေါင်းပေါ်၌ သူ၏တုတ်နှင့် ထောက်မိပြီး ဖြစ်နေလေ၏။

ဖားကလေး နတ်သားဖြစ်၍ ဘုရားရှင်ထံလာပုံ

ထိုဖားသူငယ်သည် တရားတော်ဟူသော အမှတ်သညာဖြင့် ကြည်သာရွှင်လန်းသော စိတ်အစဉ်ဖြစ်လျက်နေစဉ် ခဏ၌ပင်လျှင် ကွယ်လွန်သောကြောင့် တာဝတိံသာနဇာပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်ရလေ၏။

ထိုအခြေအနေကို သူ သိမြင်ကာ "ငါသည် အဘယ်ကုသိုလ်ကောင်းမှုကို ပြုခဲ့မိလေသနည်း" ဟု စူးစမ်းဆင်ခြင်လတ်သော် ဘုရားရှင်၏ တရားတော်အသံ၌ အာရုံကိုယူစဉ် ကွယ်လွန်ရမှုကို သိမြင်လေ၏။ ထို့ကြောင့် အခြေအရံနှင့်တကွ ကြီးမားလှစွာသော နတ်၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့်လာကာ ဘုရားရှင်ကို ရှိခိုးရပ်တည်၍ နေလေ၏။

ထိုအခါ ဖားနတ်သားကို ဘုရားရှင်သည် သိတော်မူလျက်ပင်လျှင် လူများအပေါင်းအား ကံ၏အကျိုး အာနိသံသကိုလည်းကောင်း၊ ဘုရားရှင်၏ တန်ခိုးအာနုဘော် အစွမ်းတော်ကိုလည်းကောင်း မျက်မြင်ဒိဋ္ဌ ကိုယ်တိုင်သိမြင်ရစေခြင်းငှာ ဤသို့ မေးမြန်းတော်မူလေ၏။

၈၅၇။ ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

http://www.dhammadownload.com

၈၅၈။ ဣဿိယာ၊ နတ်တို့၏ တန်ခိုးအာနုဘော်အားဖြင့်လည်းကောင်း။ ယသသာ၊ အခြံအရံ အကျော်အစောအားဖြင့်လည်းကောင်း။ ဇလံ–ဇလန္တော၊ ထွန်းလင်းတောက်ပလျက်။ အဘိက္ကန္တေန၊ အလွန် နှစ်သက်ဖွယ်ရှိသော။ ဝဏ္ဏေန၊ အရောင်အဆင်းဖြင့်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့.ကို။ ဩဘာသယံ–ဩဘာသယန္တော၊ ထွန်းလင်းတောက်ပစေလျက်။ မေ၊ သုံးလောက ထွတ်ထား ငါဘုရား၏။ ပါဒါနိ၊ ခြေတော်အစုံ ကြာပဒုံတို့.ကို။ ဝန္ဒတိ၊ ရှိခိုးလာသောသူသည်ကား။ ကော၊ မည်သူပါနည်း။

ဤသို့ ဘုရားရှင် မေးမြန်းတော်မူသောအခါ ဖားနတ်သားသည် မိမိ၏ ရှေးဘဝခ်ဳဖြစ်ပုံ အလုံးစုံကို ဤသို့ ဖြေကြားလျှောက်ထားလေ၏။

ဖားနတ်သား၏အဖြေ

၈၅၈။ မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တသ၊ အဝဓိ ဝစ္ဆပါလကော။

၈၅၉။ မုဟုတ္တံ စိတ္တပသာဒဿ၊ ဣဿိ ယသ ယသဋ္ဌ မေ။
အာနုဘာဝဋ္ဌ မေ ပသ၊ ဝဏ္ဏံ ပသ စုတိဋ္ဌ မေ။

၈၆၀။ ယေ စ တေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသုံ ဂေါတမ။
ပတ္တာတေ အစလဋ္ဌာနံ၊ ယတ္ထ ဂန္တာ န သောစရေ။

၈၅၈။ ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ပုရေ၊ နတ်သားမဖြစ်မီ ရှေးဘဝဆီက။ ဥဒကေ၊ လေးထောင့်ကန် ရေအတွင်း၌။ ဝါရိဂေါစရော၊ ရေ၌ပေါက်ဖွား၍ ရေ၌ပင် ကျက်စားလေ့ရှိသော။ မဏ္ဍူကော၊ အုံးအင်မြည်အော်မိုးကိုခေါ်တတ်သည့် ဖားသတ္တဝါသည်။ အာသိံ၊ ဖြစ်ခဲ့ဖူးပါ၏ဘုရား။ တဝ၊ ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ တရားဒေသနတော်ကို။ သုဏန္တသ၊ အာရုံပြုကာကြားနာလျက်နေစဉ်။ ဝစ္ဆပါလကော၊ နွားကျောင်းသားသည်။ မံ၊ တပည့်တော်ကို။ အဝဓိ၊ တုတ်ဖြင့်ထောက်မိ၍ သတ်ကာ သေလွန်ခဲ့ရပါပြီဘုရား။

၈၅၉။ မုဟုတ္တံ၊ တအောင့် တခဏမျှ။ စိတ္တပသာဒဿ၊ တရားတော်သံကို စိတ်ဖြင့် ကြည်ညိုခြင်းကြောင့်ဖြစ်သော။ မေ၊ တပည့်တော်၏။ ဣဿိ စ၊ နတ်၏ စည်းစိမ်ဟူသမျှ ပြည့်ဝရခြင်းကိုလည်းကောင်း။ ယသဋ္ဌ၊ အခြံအရံများခြင်းကို

http://www.dhammadownload.com

လည်းကောင်း။ ပဿ၊ သတိပြုကာ ကြည့်ရှုတော်မူပါဘုရား။ မေ၊ တပည့်တော်၏။ အာနုဘာဝဋ္ဌ၊ အာနုဘော်ကိုလည်း။ ပဿ၊ ကြည့်ရှုတော်မူပါဘုရား။ မေ၊ တပည့်တော်၏။ ဝဏ္ဏဋ္ဌ၊ ကိုယ်ရေအဆင်းကိုလည်းကောင်း။ ဒုတိဋ္ဌ၊ ရောင်ဝါအထူးကိုလည်းကောင်း။ ပဿ၊ ဆင်ခြင်ရှုစားတော်မူပါဘုရား။

၈၆၀။ ဂေါတမ၊ ဂေါတမနှယ်ဖွား ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ တရားဒေသနာတော်ကို။ ယေ၊ ဗုဒ္ဓပ္ပါဒ ခဏကြုံကြား အကြင် သတ္တဝါ အများတို့သည်။ ဒီဃမဒ္ဓါနံ၊ ရှည်ကြာစွာသော ကာလပတ်လုံး။ အဿောသုံ၊ ကြားနာကြရကုန်၏။ တေစ၊ ထိုကြားနာရကုန်သော သူတို့သည်ကား။ ဃတ္ထ၊ အကြင် အမြိုက်နိဗ္ဗာန်သို့။ ဂဓာ၊ ရောက်ရကုန်သည်ဖြစ်၍။ နု သောစရေ၊ မစိုးရိမ် မပူဆွေးကြရကုန်။ အစလဋ္ဌာနံ၊ မတုန်လှုပ်ရာမှန် အမြိုက်နိဗ္ဗာန်အရပ်သို့။ ပတ္တာ၊ မချွတ်ဇကန် ရောက်ကြရကုန်သည်သာတည်း။

ထိုအခါ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် ထိုဖားနတ်သား၏ လည်းကောင်း၊ ရောက်လာသော တရားနာပရိသတ်၏လည်းကောင်း မဂ်ဖိုလ်ကို ရခြင်း၏ အားကြီးသောအကြောင်းနှင့် ပြည့်စုံသည်၏အဖြစ်ကို ကြည့်တော်မူ၍ တရားတော်ကို အကျယ်အားဖြင့် ဟောတော်မူလေ၏။ ဒေသနာတော်၏အဆုံး၌ ထိုဖားနတ်သားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ တရားနာ သတ္တဝါအပေါင်းတို့သည်လည်း သစ္စာလေးပါး တရားတော်ကို ထိုးထွင်း၍ သိခြင်းသို့ ရောက်ကြကုန်၏။ ဖားနတ်သားသည်လည်း ဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပြီး ရဟန်းသံဃာတော် အပေါင်းအား လည်း လက်အုပ်ချီလျက် နောက်ပါ အခွေအရံနှင့်တကွ နတ်ပြည်ဌာနသို့ ပြန်သွားလေ၏။

မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု ပြီး၏။

၂။ ရေဝတီဝိမာနဝတ္ထု

နမြောဝန်တိုခြင်းကင်းစွာ လှူဒါန်းခဲ့သောကြောင့် နတ်ပြည်၌ ဖြစ်ရသော လင်ဖြစ်သူ နန္ဒိယနှင့် ရဟန်းသံဃာတော်တို့အား ကျိန်ဆဲမိသဖြင့် ငရဲသို့ အချဉ်ရသော ဓနိုးရေဝတီ။

http://www.dhammadownload.com

မြတ်စွာဘုရားသည် ဗာရာဏသီပြည် ကုသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးစံနေတော်မူသောအခါ ဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့် ပြည့်စုံသော နန္ဒိယအမည်ရှိသော ဥပါသကာသည်ရှိ၏။ ထိုဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်စုံသူ အလှူရှင်ဖြစ်၏။ သံဃာတော်တို့ကိုလည်း လုပ်ကျွေးတတ်၏။ နန္ဒိယ၏ အမိအဖတို့သည် ဦးလေး၏သမီးဖြစ်သော ရေဝတီအမည်ရှိ သတို့သမီးကို ဆောင်ယူပေးစားလိုကြကုန်၏။ ထိုရေဝတီ သတို့သမီးကား သဒ္ဓါတရားမရှိ၊ လှူဒါန်းပေးကမ်းတတ်သော အလေ့မရှိ၊ ထို့ကြောင့် နန္ဒိယသည် ရေဝတီကို အလိုမရှိပေ။

နန္ဒိယ၏ မိခင်သည် ရေဝတီကို ဤသို့ဆို၏။ "ချစ်သမီး ရေဝတီ၊ သင်သည် ဤအိမ်သို့လာ၍ ရဟန်းသံဃာတော်၏ နေရာအရပ်ကိုခင်းလော့၊ သပိတ်ခြေတို့ကို ထားလော့၊ ရဟန်းသံဃာတော်တို့ ကြွလာသောအခါ၌ ရိုသေစွာရှိခိုးကာ သပိတ်ကိုလှမ်းယူ၍ ထိုင်နေစေပြီးလျှင် ရေစစ်ဖြင့် သောက်ရေကိုစစ်၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်တို့ကိုဆေးလော့၊ ဤသို့ပြုလုပ်သည်ရှိသော် သင့်အား ငါ့သား၏ နှစ်သက်ခြင်းသည် ဖြစ်လတ္တံ့" ဟု ဆိုလေ၏။

လက်ထပ်ပေးပြီ

ရေဝတီသည် ထိုသို့ မိခင်ကြီးဆိုတိုင်း ပြုလေ၏။ ထိုအခါ "ရေဝတီသည် ဆုံးမရလွယ်သော မိန်းမဖြစ်ပြီ" ဟု သားဖြစ်သူ နန္ဒိယအား ပြောကြားလေလျှင် နန္ဒိယက သဘောတူသဖြင့် အမိအဖတို့သည် နေ့ရက်ကို ရွေးချယ်၍ ထိမ်းမြားလက်ထပ်ပေးကြကုန်၏။

စိမ်ခန့်ခွဲသူဖြစ်လာ

နန္ဒိယသတို့သားသည် ရေဝတီကို "သင်သည် ရဟန်းသံဃာတော်ကိုလည်းကောင်း၊ ငါ၏ အမိအဖတို့ကိုလည်းကောင်း အကယ်၍ ပြုစုလုပ်ကျွေးနိုင်သည်ဖြစ်အံ့၊ ဤသို့ လုပ်ကျွေးနိုင်လျှင် ဤအိမ်၌ နေရမည်၊ သတိထားပါ" ဟု ဆိုလေ၏။ ရေဝတီသည်လည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ သဒ္ဓါကြည်ညိုသကဲ့သို့ဖြစ်ကာ လင်၏အလိုကိုလိုက်ပြီး ကျင့်သည်။ သူတို့တွင် နှစ်ယောက်သာ ရှိလေ၏။ နန္ဒိယ၏ အမိအဖတို့ ကွယ်လွန်ပြီးနောက်၌ကား ရေဝတီသည် အိမ်၌ စိမ်ခန့်ခွဲသူ ဖြစ်လေ၏။

http://www.dhammadownload.com

ဒါနက လက်ငင်းအကျိုးပေးခြင်း

နန္ဒိယ ဥပါသကာသည် ရဟန်းသံဃာတော်အား လှူဒါန်း၏။ အထီးကျန်သူ၊ ခရီးသွားသူ စသည်တို့အားလည်း အိမ်တံခါးဝ၌ ထမင်းဝတ်ကို အမြဲတည်ထားစေ၏။ မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ ဣသိပတန ကျောင်းတိုက်ကြီး အတွင်း၌လည်း လေးခုသော တိုက်ခန်းတို့ဖြင့် တန်ဆာဆင်အပ်သော ဧရပ်ကြီး လေးဆောင်ကို ဆောက်လုပ်စေ၍ ညောင်စောင်း အင်းပျဉ် စသည်တို့ကို ခင်းစေပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား ရေစက်သွန်းခ၍ လှူဒါန်း၏။ ရေစက်သွန်းချသည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်၌ အလျားအားဖြင့်လည်းကောင်း၊ အနံအားဖြင့်လည်းကောင်း ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာ ရိယာဖြစ်၍ အစောက်အမြင့်အားဖြင့် ယူဇနာတစ်ရာရှိသော ရတနာခုနစ်ပါးဖြင့်ပြီးသော တစ်ထောင်သော နတ်သမီးအပေါင်းတို့ဖြင့် မြူးထူးရွှင်ပျော်ကြွေးကြော်အပ်သော နတ်ဗိမာန်ပြာသာဒ်သည် ပေါ်ပေါက်လေ၏။

နန္ဒိယသူကြွယ်အတွက်

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီလှည့်လည်တော်မူသည်ရှိသော် ထိုကြီးကျယ်ခမ်းနားလှသော ပြာသာဒ်ကို မြင်တော်မူ၍ မိမိကို ရှိခိုးခြင်းငှာ လာကုန်သော နတ်သားတို့ကို "ဤပြာသာဒ်သည် အဘယ်သူ၏ ပြာသာဒ်နည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား၊ ဤပြာသာဒ်၏ အရှင်ကား လူတို့ဌာနီ ဗာရာဏသီပြည်နေ နန္ဒိယအမည်ရှိသော သူကြွယ်သည် ဣသိပတန ကျောင်းတိုက်ကြီးအတွင်း၌ သံဃာတော်အား ဧရပ်ကြီးလေးဆောင်ကို ဆောက်လုပ်လှူဒါန်းသောကြောင့် ထိုသူအဖို့ ဤပြာသာဒ်သည် ဖြစ်ပေါ်ပါ၏" ဟု နတ်သားတို့က လျှောက်ကြကုန်၏။

အလုပ်အကျွေးများ

ပြာသာဒ်၌ ဖြစ်ကြကုန်သော နတ်သမီးတို့သည်လည်း မေတ္တာရှိမြဲဘဝကို ရှိခိုးကြကုန်၍ "အရှင်ဘုရား၊ တပည့်တော်တို့သည် ဗာရာဏသီပြည်၌နေသော နန္ဒိယအမည်ရှိ ဥပါသကာ၏ အလုပ်အကျွေးတို့ဖြစ်ခြင်းငှာ ဤဘုံဗိမာန်ပြာသာဒ်၌ ဖြစ်လာရပါကုန်၏၊ ထိုနန္ဒိယသူကြွယ်အား သင်၏ အလုပ်အကျွေး ဖြစ်ခြင်းငှာ နတ်ဗိမာန်၌ ဖြစ်နေကြကုန်သော နတ်သမီးတို့သည် သင်မလာသေးမီ ငြိုးငွေ့နေ

http://www.dhammadownload.com

ကြကုန်၏၊ နတ်ပြည်၌ဖြစ်သော စည်းစိမ်မည်သည်ကား မြေခွက်ကိုခွဲ၍ ရွှေခွက်ကို ယူရခြင်းကဲ့သို့ အလွန် နှစ်သက်ဖွယ်ရှိ၏" ဟု မိန့်တော်မူပြီးလျှင် ထိုနန္ဒိယသူကြွယ်အား ဤနတ်ပြည်သို့ ကြွလာဖို့ရန် အရှင်မြတ်တို့သည် မိန့်တော်မူကြပါလော့" ဟု မှာကြားလျှောက်ထားကုန်၏။

မကွယ်လွန်မီက ဘုံဗိမာန်ဖြစ်နေသူ

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် "ကောင်းပြီ" ဟု ဝန်ခံတော်မူ၍ အဆောတလျင် နတ်ပြည်မှ လူ့ပြည်သို့ ပြန်ကြွလာခဲ့ကာ ပရိသတ်လေးပါးတို့၏ အလယ်၌ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မြတ်ဘုရား၊ ပြုအပ်ပြီးသော ကောင်းမှုရှိကုန်သောသူတို့အား လူ့ပြည်၌ အသက်ရှင်နေစဉ်မှာပင် နတ်စည်းစိမ်သည် နတ်ပြည်၌ ဖြစ်နိုင်ပါသလော" ဟု မေးလျှောက်လေ၏။ "ချစ်သားမောဂ္ဂလာန်၊ သင်သည် နန္ဒိယ၏ နတ်ပြည်၌ဖြစ်သော နတ်၏စည်းစိမ်ကို ကိုယ်တိုင်မြင်ခဲ့သည် မဟုတ်လော၊ အဘယ်ကြောင့် ဘုရားကို မေးလျှောက်၍ နေဘိသနည်း" ဟု မိန့်တော်မူလေလျှင် "ဘုန်းတော် ကြီးမြတ်တော်မူသော အရှင်ဘုရား၊ ရှင်တော်ဘုရား မိန့်ကြားတော်မူသည့်အတိုင်းပင် နန္ဒိယ၏ ဘုံဗိမာန်ကို မြင်ခဲ့သည် မှန်ပါ၏ဘုရား" ဟု ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလာန်အား "ကြာမြင့်စွာ ကွေကွင်းနေပြီး၍ ပြန်ရောက်လာသော ယောကျ်ားကို အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူ အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ လက်ခံသိမ်းပိုက် ကြိုဆိုကြကုန်သကဲ့သို့ ဤအတူ ဤဘဝမှသည် တမလွန်ဘဝသို့ ရောက်သော ပြုအပ်ပြီးသော ကောင်းမှုရှိသောပုဂ္ဂိုလ်ကို မိမိ၏ ကုသိုလ်ကောင်းမှုတို့သည် စည်းစိမ်ချမ်းသာတည်းဟူသော လက်တို့ဖြင့် ခံယူသိမ်းဆည်းလင့်ကုန်၏" ဟု ပြတော်မူလိုသည်ဖြစ်၍ ဤသို့ မိန့်ကြားတော်မူ၏။

၈၆၁။ စိရပ္ပဝါသိ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ၊
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။

၈၆၂။ တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ၊
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ဝိယ ဉာတီဝ အာဂတံ။

http://www.dhammadownload.com

๑๑๔ - ๑๑๕ พระเจ้าอโนรธามังช่อทรงทราบว่าพระเจ้าสีหลทรงส่งราชทูตนำพระบรมสารีริกธาตุมาถวาย ๑๒๗

http://www.dhammadownload.com

http://www.dhammadownload.com

၈၆၁-၂။ ဒူရတော၊ အဝေးသို့ရောက်နေရာမှ။ သောတ္ထိ၊ ချမ်းသာစွာ။ အာဂတံ၊ ပြန်ရောက်လာသော။ စိရပ္ပဝါသိ၊ ကြာမြင့်စွာ ကွဲကွာနေသော။ ပုရိသံ၊ ယောကျ်ားကို။ ဉာတိမိတ္တာ၊ ဆွေမျိုးမိတ်သင်္ဂဟတို့သည်လည်းကောင်း။ သုဟဒ္ဒာ စ၊ အကျွမ်းဝင်သူတို့သည်လည်းကောင်း။ အဘိနန္ဒန္တိ၊ အလွန်ရွှင်မြူး အားတက်ကြ လေကုန်၏။ တထေဝ၊ ထို့အတူသာလျှင်။ အသွာ လောကာ၊ ယခုပစ္စက္ခ ဤလောကမှ။ ပရံ ဂတံ၊ တမလွန်လောကသို့ ပြောင်း၍သွားသော။ ကတပုညမ္ပိ၊ ပြုခဲ့သော ကုသိုလ်ကောင်းမှုရှိသူကိုလည်း။ အာဂတံ၊ ကွေကွင်းရာမှ ဝမ်းမြောက် ဝမ်းသာ ရောက်ရှိ၍လာသော။ ပိယံ၊ ချစ်ခင်မြတ်နိုးအပ်သော။ ဉာတီဝ၊ ကိုယ့် ဆွေမျိုးကိုကဲ့သို့။ ပုညာနိ၊ ကုသိုလ်တရားတို့သည်။ ပဋိဂ္ဂဏှန္တိ၊ ဆီးကြို၍ ခံယူ ကြလေကုန်သတည်း။

ခရီးသွားဓါနီး မှာကြားခဲ့ပုံ

နန္ဒိယသည် ထိုတရားစကားကို ကြားနာရလေလျှင် အတိုင်းထက်အလွန် အလှူဒါနတို့ကို ပေးလှူ၍ ကောင်းမှုကုသိုလ်ကိုပြု၏။ နန္ဒိယသည် ကုန်သွယ်ရန် သွားသည်ရှိသော် ဓနီးဖြစ်သူ ရေဝတီကို ဤသို့မှာခဲ့၏။ "ရှင်မ ရေဝတီ၊ သံဃာ တော်အား ပေးအပ်သော အလှူကိုလည်းကောင်း၊ ကိုးကွယ်အားထားရာ မရှိကုန်သော သူတို့အား ပေးအပ်သော အမြဲထမင်းဝတ်ကိုလည်းကောင်း သင်သည် မမေ့မလျော့ ပြုလုပ်ရစ်ပါလော့" ဟု မှာကြားလေ၏။ ထိုရေဝတီသည် "ကောင်းပါပြီ" ဟု ဝန်ခံလိုက်၏။ ကုန်သွယ်သွားသော နန္ဒိယသည် ရောက်လေရာ အရပ်ဒေသ၌ ရဟန်းတို့အားလည်းကောင်း၊ ကိုးကွယ်အားထားရာ မရှိသူတို့အားလည်းကောင်း စည်းစိမ်အားလျော်စွာ အလှူဒါနကို ပေးလှူသည်။ ရဟန္တာအရှင်မြတ်တို့သည် ဝေးစွာသောအရပ်မှ ကြွလာတော်မူကုန်၍ နန္ဒိယထံမှ အလှူကို ခံယူတော်မူကြကုန်၏။

ဒါနတွေဖြတ်ပစ်ပြီ

ရေဝတီသည်ကား နန္ဒိယ အရပ်တစ်ပါးသို့ သွားလေသော် နှစ်ရက် သုံးရက်မျှသာလျှင် အလှူကိုပြုလုပ်၏။ ကိုးကွယ်အားထားရာ မရှိကုန်သော သူတို့အား ပေးအပ်သော ထမင်းဝတ်ကို ဖြတ်လိုက်၏။ ရဟန်းတို့အားလည်း ဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုသာ ပေးလှူလေ၏။ ရဟန်းတို့ ဆွမ်းဘုဉ်းပေးသော နေရာ၌

http://www.dhammadownload.com

မိမိ၏စားကြွင်း ထမင်းတို့ကိုလည်းကောင်း၊ ငါး အမဲတုံးတို့နှင့် ရောနှောသော စားဖတ်အရိုးတို့ကိုလည်းကောင်း ကြဲဖြန့်၍ "ရဟန်းတို့၏ ပြုလုပ်ပုံကို ကြည့်ရှုကြကုန်လော့၊ သဒ္ဓါ၍ လှူသောပစ္စည်းကို ဤကဲ့သို့ စွန့်ပစ်ကြကုန်၏" ဟု လူတို့အား ပြလေ၏။

နန္ဒိယသည် ကုန်သွယ်ခြင်းကိစ္စ ပြီးစီး၍ ပြန်လာသည်ရှိသော် ရေဝတီ၏ အကြောင်းစုံကို ကြားရ၍ ရေဝတီကို အိမ်မှနှင်ထုတ်ပြီးလျှင် မိမိအိမ်သို့ ဝင်လေ၏။ အိမ်ပြန်ရောက်ပြီး နောက်နေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား ကြီးစွာသောအလှူကို ပြုလုပ်သည်။ အမြဲလှူအပ်သော ထမင်းကိုလည်းကောင်း၊ ကိုးကွယ်အားထားရာ မရှိသူတို့အား ပေးအပ်သောထမင်းကိုလည်းကောင်း ဆက်လက် တည်ထားကာ လှူဒါန်း၏။ သူငယ်ချင်းတို့က သူ့ထံပြန်၍ ပို့ဆောင်လာသော ရေဝတီကိုကား စားလောက် ဝတ်လောက်ရုံမျှဖြင့် ထားလေ၏။ နောက်ကာလ နန္ဒိယ ကွယ်လွန်သည်ရှိသော် တာဝတိံသာနတ်ပြည်ရှိ သူ့အတွက် ဖြစ်ပေါ်နေသော ဗိမာန်၌သာ နတ်သားဖြစ်လေ၏။

ရေဝတ်သည်ကား အလှူဒါနကိုဖြတ်၍ "ဤရဟန်းတို့၏ အစွမ်းအားဖြင့် ငါ့အား လာဘ်ပူဇော်သက္ကာသည် ဆုတ်ယုတ်ခဲ့ရ၏" ဟု ရဟန်းသံဃာကို ဆဲဆို ရေရွတ်လျက် လှည့်လည်သွားလာနေ၏။ ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် နှစ်ယောက်သော ဘီလူးတို့ကိုခေါ်၍ "အချင်းတို့ သွားကြကုန်၊ ဗာရာဏသီပြည်၌ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့တွင် ရေဝတီကို အရှင်လတ်လတ် ငရဲသို့ ပစ်ချလတ္တံ့" ဟူ၍ ကြွေးကြော်ကြကုန်လော့" ဟု စေခိုင်းလေ၏။ ဘီလူးတို့၏ ကြွေးကြော်သောအသံကို ကြားကြသော လူအပေါင်းတို့သည် ထိတ်လန့်ခြင်းဖြစ်ကုန်လျက် ကြောက်လန့်တကြား ဖြစ်ကြလေကုန်၏။

ရေဝတီသည် ပြာသာဒ်သို့တက်၍ တံခါးကို ပိတ်လျက်နေလေ၏။ ခုနစ်ရက်မြောက်သောနေ့၌ ရေဝတီ၏ အကုသိုလ်ကံကြောင့် ဝေဿဝဏ်နတ်မင်းကြီး စေခိုင်းလိုက်သော တောက်ပြောင်၍ ကြောင်သောဆံပင် မုတ်ဆိတ်ရှိကုန်သော၊ ပြားချပ်သော နှာခေါင်းရှိကုန်သော၊ ကော့ညွတ်သော အစွယ်ရှိကုန်သော၊ နီသော မျက်စိရှိကုန်သော၊ မီးအလျှံကဲ့သို့ ပြောင်ပြောင်တောက်သော အသားအရေ အရောင်အဆင်းရှိကုန်သော၊ အလွန် ကြောက်မက်ဖွယ်ကောင်းသော ဘီလူးကြီးနှစ်ယောက်တို့သည် အနီးသို့ကပ်လာ၍ "ဟယ် ... ရေဝတီ၊ ထလော့" ဟု ဆိုကုန်လျက် လက်မောင်းမှကိုင်ကာ ဗာရာဏသီမြို့၌ လှည့်လည်ပြသည်။

http://www.dhammadownload.com

ထို့နောက် တာဝတိံသာနတ်ပြည်သို့ ဆောင်၍ နန္ဒိယနတ်သား၏ ဗိမာန်နှင့် စည်းစိမ်ချမ်းသာကို ရေဝတီအား ပြသည်။

ထိုရေဝတီ မိန်းမယုတ်ကို ယမမင်း၏ မင်းချင်းယောကျ်ားတို့သည် ဥဿဒ ငရဲ၌ ပစ်ချကုန်၏။

ထိုအကြောင်းကို သိစေရန် ဤသို့ ဟောတော်မူလေ၏။

၈၆၃။ ဥဇ္ဇေဟိ ရေဝတေ သုပါပဓမ္မေ၊
အပါရုတဒ္ဒါရေ အဒါနသီလေ။
နေသာမ တံ ယတ္ထ ထုနန္တိ ဒုဂ္ဂတာ၊
သမပ္ပိတာ နေရယိကာ ဒုဓေန။

၈၆၃။ သုပါပဓမ္မေ၊ မကောင်းသော အလုပ်အများဆုံးလုပ်သော။ ရေဝတေ၊ ဟဲ့ ရေဝတီ။ အပါရုတဒ္ဒါရေ၊ အပါယ်တံခါး ပွင့်လျက်နေသော။ အဒါနသီလေ၊ ပေးကမ်းလှူဒါန်းလေ့မရှိသော။ ရေဝတေ၊ အယုတ်မ ရေဝတီ။ ဥဇ္ဇေဟိ၊ ထပါလော့။ ဒုဂ္ဂတာ၊ မကောင်းသော အလားရှိကုန်သော။ နေရယိကာ၊ ငရဲသားတို့သည်။ ဒုဓေန၊ ဆင်းရဲခြင်းဖြင့်။ သမပ္ပိတာ၊ နှိပ်စက်ခြင်း ပြည့်စုံကြသည်ဖြစ်၍။ ယတ္ထ၊ အကြောင်ငရဲဘုံသို့။ ထုနန္တိ၊ ကယ်ပါယူပါ တစာစာနှင့် အော်ကာဟစ်ကာ ညည်းညူကြရှာကုန်၏။ တတ္ထ၊ ထိုငရဲဘုံသို့။ တံ၊ သင်အမိုက်မကို။ နေသာမ၊ ငါတို့ တစ်တွေ ဆောင်ပို့ကြပေတော့မယ်။

၈၆၄။ ဣစ္ဆေဝ ဝတ္တာန ယမဿဒူတာ၊
တေ ဒွေ ယက္ခာ လောဟိတက္ခာ ဗြဟန္တာ။
ပစ္ဆေကဗာဟာသု ဂဟေတွာ ရေဝတံ၊
ပက္ကာမယုံ ဒေဝဂဏဿ သန္တိကေ။

၈၆၄။ ဣစ္ဆေဝံ၊ ဤသို့။ ဝတ္တာန၊ ပြောဆိုကြကုန်၍။ ယမဿ ဒူတာ၊ ယမမင်းစေတမန်နှင့် တူကြကုန်သော။ လောဟိတက္ခာ၊ နီမြန်းသော မျက်စိရှိကုန်သော။ ဗြဟန္တာ၊ ကိုယ်အားဖြင့် ကြီးမားကုန်သော။ တေ ဒွေယက္ခာ၊ ထိုဘီလူးနှစ်ကောင်တို့သည်။ ရေဝတံ၊ ရေဝတီမိန်းမယုတ်ကို။ ပစ္ဆေကဗာဟာသု၊ တစ်ယောက် တစ်ဖက် ဘယ်ညာလက်မောင်းတို့၌။ ဂဟေတွာ၊ ဆွဲကာကိုင်ကြကုန်၍။ ဒေဝဂ

http://www.dhammadownload.com

ဏာသေ၊ တာဝတိံသာ နတ်အပေါင်းတို့၏။ သန္တီကေ၊ အထံသို့။ ပက္ကာမယုံ၊ ဆောင်ယူသွားကြလေကုန်၏။

ဤသို့လျှင် ထိုဘီလူးကြီး နှစ်ယောက်တို့သည် တာဝတိံသာနတ်ပြည်သို့ ဆောင်ယူ၍ နန္ဒိယနတ်သား၏ ဘုံဗိမာန်၏ မနီးမဝေးဌာန ရေဝတီကို ထားကြကုန်၏။ ရေဝတီသည် ရတနာခုနစ်ပါးဖြင့် ကြွားကြွားဖိတ်ဖိတ် တောက်ပသော နေဝန်းကဲ့သို့ အလွန်ထွန်းလင်း တောက်ပြောင်သော အရောင်လွှမ်းကာ ရွှေဇာပြောက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းလျက် လှပတင့်တယ်သော နတ်သမီးကညာအပေါင်းတို့ဖြင့် ဝန်းရံ၍နေသော နန္ဒိယနတ်သားနှင့် ဘုံဗိမာန်ကြီးကို မြင်ရသောကြောင့် ထိုဘီလူးကြီးကို ဤသို့ နှစ်ဂါထာတို့ဖြင့် မေးမြန်းလေ၏။

၈၆၅။ အာဒိစ္စဝဏ္ဏံ ရုစိရံ ပဘဿရံ၊
ဗျမ္ဟံ သုဘံ ကဉ္စနဇာလဆန္နံ။
ကဿေတ'မာကိဏ္ဏဇနံ ဝိမာနံ၊
သုရိယဿ ရံသီရိဝ ဇောတမာနံ။

၈၆၆။ နာရီဂဏာ စန္ဒနသာရလိတ္တာ၊
ဥဘတော ဝိမာနံ ဥပသောဘယန္တိ။
တံ ဒိဿတိ သုရိယဿမာနဝဏ္ဏံ၊
ကော မောဒတိ သဂ္ဂပတ္တော ဝိမာနေ။

၈၆၅။ ဘန္တေ၊ အို ... ဘီလူးတို့။ အာဒိစ္စဝဏ္ဏံ၊ နေမင်းပမာ အဆင်းရောင်ဝါလည်းရှိသော။ ရုစိရံ၊ နှစ်သက်ဖွယ်သော အရောင်လည်းရှိသော။ ပဘဿရံ၊ တောက်လည်း တောက်ပပေသော။ သုဘံ၊ ရှုချင်စဖွယ် တင့်တယ်ပေသော။ ကဉ္စနဇာလဆန္နံ၊ ရွှေကွန်ရက် ရွှေဇာပန်းဖြင့် ဖုံးလွှမ်းသော။ အာကိဏ္ဏဇနံ၊ နတ်သား နတ်သမီးအပေါင်းတို့ဖြင့် ရောပြွမ်းသော။ သုရိယဿ၊ နေမင်းဝါ၏။ ရံသီရိဝ၊ အရောင်ရှိန်ကဲ့သို့။ ဇောတမာနံ၊ ထွန်းလင်းတောက်ပပေသော။ ဇံ၊ ဝိမာနံ၊ ဤဗိမာန် နန်းသည်။ ကဿ၊ အဘယ်သူ၏။ ဗျမ္ဟံ၊ အလွန်ကျယ်ပြန့်သည့် ဗိမာန်ပါနည်း။

၈၆၆။ ဘန္တေ၊ အို ... ဘီလူးတို့။ စန္ဒနသာရလိတ္တာ၊ စန္ဒကူးဖြင့် လိမ်းကျံအပ်-ကုန်သော။ နာရီဂဏာ၊ နတ်သမီးအပေါင်းတို့သည်။ ဥဘတော၊ အတွင်းအပြင်

http://www.dhammadownload.com

နှစ်ဖက်တို့မှ။ ဝိမာနံ၊ ရွှေဗိမာန်ကို။ ဥပသောဘာယန္တိ၊ တင့်တယ်ပါကုန်၏။ သုရိယသမာနဝဏ္ဏံ၊ နေဗိမာန်အဆင်းကဲ့သို့ အဆင်းရောင်ဝါရှိသော။ တံ ဝိမာနံ၊ ထိုဗိမာန်ကို။ ဒိဿတိ၊ ထင်မြင်ပေ၏။ သဂ္ဂပတ္တော၊ နတ်ပြည်သို့ ရောက်သည်ဖြစ်၍။ ဝိမာနေ၊ ရွှေဗိမာန်၌။ မောဒတိ၊ ဝမ်းမြောက်စွာ နေရသောသူကား။ ကော၊ အဘယ်နတ်သားပါနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းလေ၏။

ထိုအခါ ဘီလူးနှစ်ယောက်တို့သည် ရေဝတီအား ဤသို့ ပြန်ကြားပြောဆိုကြကုန်၏။

၈၆၇။ ဗာရာဏသိယံ နန္ဒိယော နာမာသိ၊
ဥပါသကော အမစ္ဆရီ ဒါနပတိ ဝဒညူ။
တဿေတမာကိဏ္ဏဇနံ ဝိမာနံ၊
သုရိယဿ ရံသီရိဝ ဇောတမာနံ။

၈၆၈။ နာရီဂဏာ စန္ဒနသာရလိတ္တာ၊
ဥဘတော ဝိမာနံ ဥပသောဘာယန္တိ။
တံ ဒိဿတိ သုရိယသမာနဝဏ္ဏံ၊
သော မောဒတိ သဂ္ဂပတ္တော ဝိမာနေ။

၈၆၅။ ရေဝတေ၊ ဟဲ့ ... ရေဝတီ။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ နန္ဒိယော နာမ၊ နန္ဒိယ အမည်ရှိသော။ အမစ္ဆရီ၊ ဝန်မတိုသော။ ဒါနပတိ၊ အလှူရှင်ဖြစ်သော။ ဝဒညူ၊ သူတော်ကောင်းတို့၏ ကျေးဇူးကို သိတတ်သော။ ဥပါသကော၊ ရတနာသုံးတန် အမြတ်မှန်ကို ဧကန်ဆည်းကပ်တတ်သည့် ဥပါသကာမြတ်သည်။ အာသိ၊ စစ်စစ်မသွေ အမှန်ပင်ရှိသည် ဖြစ်လေ၏။ အာကိဏ္ဏဇနံ၊ နတ်သား နတ်သမီးအပေါင်းတို့နှင့် ရောပြွန်းစွာသော။ သုရိယဿ၊ နေမင်း၏။ ရံသီရိဝ၊ အရောင်ရိုန်ကဲ့သို့။ ဇောတမာနံ၊ တောက်ပပေသော။ ဧတံ ဝိမာနံ၊ ဤဗိမာန်နန်းသည်။ တဿ၊ ထိုနန္ဒိယဥပါသကာ၏။ ဝိမာနံ၊ ဗိမာန်ပေတည်း။

၈၆၈။ စန္ဒနသာရလိတ္တာ၊ စန္ဒကူးဖြင့် လိမ်းကျံအပ်ကုန်သော။ နာရီဂဏာ၊ နတ်သမီးအပေါင်းတို့သည်။ ဥဘတော၊ အတွင်းအပြင်နှစ်ဖက်မှ။ ဝိမာနံ၊ ရွှေဗိမာန်ကို။ ဥပသောဘာယန္တိ၊ တင့်တယ်စေကုန်၏။ သုရိယသမာနဝဏ္ဏံ၊ နေဗိမာန်အဆင်းကဲ့သို့သော အဆင်းရောင်ဝါရှိသော။ တံ ဝိမာနံ၊ ထိုဗိမာန်ကို။ ဒိဿတိ၊

http://www.dhammadownload.com

ထင်မြင်ရပေ၏။ သဂ္ဂပတ္တော၊ နတ်ပြည်သို့ ရောက်သည်ဖြစ်၍။ ဝိမာနေ၊ ရွှေဗိမာန်၌။ မောဒတိ၊ ဝမ်းမြောက်စွာ နေရသူကား။ သော၊ ထိုနန္ဒိယ ဥပါသကာပင်တည်း။

ထိုဘီလူးတို့ ပြောစကားကို ကြားရသောအခါ ရေဝတီသည် ဤသို့ ပြောဆိုလေ၏။

၈၆၉။ နန္ဒိယသာဟံ ဘရိယာ၊
အဂါရိနီ သဗ္ဗကုလဿ ဂ္ဂသရာ။
ဘတ္တာ ဝိမာနေ ရမိဿာမိ ဒါန'ဟံ၊
နာ ပတ္ထယေ နိရယံ ဒဿနာယ။

၈၆၉။ ဘန္တေ၊ အို ... ဘီလူးတို့။ အဟံ၊ ကျွန်တော်မသည်။ နန္ဒိယဿ၊ နန္ဒိယ၏။ အဂါရိနီ၊ အိမ်ရှင်မဖြစ်သော။ သဗ္ဗကုလဿ၊ အလုံးစုံသော ဥစ္စာကို။ ဂ္ဂသရာ၊ အစိုးရသော။ ဘရိယာ၊ ချစ်စွာသော မယားပါတည်း။ ဒါနိ–ဂ္ဂဲဒါနိ၊ ဤယခုအခါ၌။ ဘတ္တာ၊ ကျွန်မလင်၏။ ဝိမာနေ၊ ရွှေဗိမာန်၌။ အဟံ၊ အကျွန်ုပ်သည်။ ရမိဿာမိ၊ ပျော်မွေ့ပါတော့အံ့။ အဟံ၊ ရေဝတီခေါ် ကျွန်တော်မသည်။ နိရယံ၊ ဆင်းရဲမျိုးစုံ ငရဲဘုံကို။ ဒဿနာယ–ဒဿနာယပိ၊ ကြည့်ရှုရခြင်းငှာလည်း။ နာ ပတ္ထယေ၊ မတောင့်တခဲ့ပါ။

ဤသို့ ရေဝတီက ပြောဆိုနေစဉ်ပင်လျှင် ဘီလူးတို့သည် "ရေဝတီ၊ သင်တောင့်တသည်ဖြစ်စေ၊ မတောင့်တသည်ဖြစ်စေ" ပြောဆိုကာ ဥဿဒငရဲအနီးသို့ ဆောင်ယူ၍ ဤသို့ ပြောဆိုကြကုန်၏။

၈၇၀။ ဧသော တေ နိရယော သုပါပဓမ္မေ၊
ပုညံ တယာ အကတံ ဖီဝလောကေ။
နာ ဟိ မစ္ဆရီ ရောသကော ပါပဓမ္မော၊
သဂ္ဂူပဂါနံ လဘတိ သဟဗျတံ။

၈၇၀။ သုပါပဓမ္မေ၊ ယုတ်မာတရား အလွန်များသော။ ရေဝတေ၊ အယုတ်မ ရေဝတီ။ ဧသော၊ ဤငရဲသည်။ တေ၊ သင် ရေဝတီ၏။ နိရယော၊ ငရဲပေတည်း။ တယာ၊ သင်သည်။ ဖီဝလောကေ၊ အသက်ရှည်စဉ် လူ့ပြည်ခွင်၌။ ပုညံ၊ ကောင်းမှုကုသိုလ်ကို။ အကတံ၊ မပြုခဲ့ပေ။ မစ္ဆရီ၊ ဝန်တိုသည်။ ရောသကော၊ ချုပ်ချယ်

http://www.dhammadownload.com

တတ်သော။ ပါပဓမ္မော၊ ယုတ်မာသော သဘောရှိသောသူသည်။ ဟံတွာ၊ ဖြစ်၍။ သဂ္ဂူပဂါနံ၊ နတ်ရွာဘုံနန်း စံမြန်းကပ်ရာ နတ်ဒေဝါတို့၏။ သဟဗျတံ၊ ပေါင်းဖော်ရာ၏ အဖြစ်ကို။ နု လဘတိ၊ မရအပ်သည်သာတည်း။

ဤသို့ပြောဆို၍ ဘီလူးကြီးနှစ်ယောက်တို့သည် ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်သွားကြလေကုန်၏။ ဘီလူးတို့ ကွယ်ပျောက်သွားသောအခါ ထိုဘီလူးတို့ အလားတူသော ငရဲထိန်းနှစ်ယောက်တို့သည် သံသဝကအမည်ရှိသော မစင်ကျင်ကြီး ကျင်ငယ်ရေတို့ဖြင့် ပုပ်ပွယိုစီးနေသော ဂူထဝရဲ၌ ပစ်ချခြင်းငှာ ဆွဲငင်ကြသည်။ ရေဝတီသည် မစင်နံ့တို့ဖြင့် အလွန် နံစော်ပုပ်ဟောင်လှသော အနံ့ရှိသော ကျင်ကြီးကျင်ငယ် ရွံရှာဖွယ်တို့ကို မြင်ရ၍ ကြောက်လန့်အော်မြည်တမ်းကာ ဤသို့ မေးမြန်းလေ၏။

၈၇၁။ ကိ ဂူထဂူ မုတ္တဂူ၊ အသုစိ ပဋိဒိဿတိ၊
ဒုဂ္ဂန္ဓံ ကိမိဒံ မီဠှံ၊ ကိမေတံ ဥပဝါယတိ။

၈၇၁။ ဘန္တေ၊ အို ... ငရဲထိန်းကြီးတို့။ ဣဒံ နိရယံ၊ ဤငရဲသည်။ ကိံ နု၊ အမည်နာမ အဘယ်သို့ခေါ်ပါသနည်း။ ဂူထဂူ၊ ကျင်ကြီးကိုလည်းကောင်း။ မုတ္တဂူ၊ ကျင်ငယ်ကိုလည်းကောင်း။ ပဋိဒိဿတိ၊ တွေ့မြင်ရပေ၏။ အသုစိစ၊ စက်ဆုပ်ဖွယ်ကိုလည်း။ ပဋိဒိဿတိ၊ တွေ့မြင်ရပေ၏။ ဣဒံ မီဠှံ၊ ဤကျင်ကြီးသည်။ ကိံ ဒုဂ္ဂန္ဓံ၊ ဘယ်ကဲ့သို့သော အနံ့ဆိုးကြီးပါလိမ့်နည်း။ ဧတံ၊ ဤကျင်ကြီး ကျင်ငယ် စက်ဆုပ်ဖွယ်သည်။ ကိံ ဥပဝါယတိ၊ ဘယ်ကဲ့သို့ အနံ့ဆိုးလွှင့်သနည်း။

ထိုအခါ ငရဲထိန်းကြီးတို့သည် ဤသို့ ထိုငရဲ၏အကြောင်းကို ပြောဆိုကြကုန်၏။

၈၇၂။ သေ သံသဝကော နာမ၊ ဂမ္ဘီရော သတပေါရိသော၊
ယတ္ထ ဝဿသဟဿာနိ၊ တုဝံ ပစ္စသိ ရေဝတေ။

၈၇၂။ ရေဝတေ၊ အယုတ်မ ရေဝတီ။ သေ–ဧသော၊ သင်တွေ့မြင်ရဆဲ ဤငရဲသည်။ သံသဝကောနာမ၊ သံသဝကငရဲမည်၏။ သတပေါရိသော၊ အသူတစ်ရာတိုင်အောင်။ ဂမ္ဘီရော၊ အောက်သို့ထွင်းလျက် အစောက်နက်၏။ ယတ္ထ၊ အကြင်အသူတစ်ရာ တိုင်တာဖောက်ထွင်း မစင်ကျင်း၌။ ဝဿသဟဿာနိ၊ အနှစ်အထောင်မက ကာလပတ်လုံး။ တွံ၊ သင်အယုတ်မသည်။ ပစ္စသိ၊ ထက်အောက်လည်းကာ ကျက်ရပါလတ္တံ့။

http://www.dhammadownload.com

ထိုသို့ ပြောဆိုအပ်သည်ရှိသော် ရေဝတီသည် မိမိပြုခဲ့သော မကောင်းမှုကို မသိဟန်ဆောင်၍ ဤငရဲ၌ မိမိဖြစ်ရခြင်း၏ အကြောင်းကဲ့ကို မေးမြန်းလိုရကား ဤသို့ ပြောဆိုလေ၏။

၈၇၃။ ကိ သု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ၊
ကေန သံသဝကော လဒ္ဓေါ၊ ဂန္ဓော ရောစတိ ဝေါ ရိယော။

၈၇၃။ ဘဲ့ဆွေ၊ အို ... ငရဲထိန်းကြီးတို့။ မယာ၊ အကျွန်ုပ်သည်။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်အားဖြင့်လည်းကောင်း။ ကိ ဒုက္ကဋံ၊ ဘယ်ဒုစရိုက်ကို။ ကတံ၊ ပြုမိခဲ့ပါသနည်း။ ကေန၊ ဘယ်အမှုကြောင့်။ သတပေါ၊ ရိသော၊ အသူတစ်ရာရှိသော။ ဂန္ဓော၊ အောက်သို့ထွင်းလျက် အစောက်နက်သော။ သံသဝကော၊ ကျင်ကြီးကျင်ငယ် အသွယ်သွယ်တို့ ရွံဖွယ်ယိုစီးစေတတ်သော သံသဝကငရဲတွင်းကို။ လဒ္ဓေါ၊ ခံရ့ပါသနည်း။

ထိုအခါ မာယာများသော ရေဝတီမိန်းမယုတ်ကို ငရဲထိန်းတို့သည် ဤသို့ ပြောဆိုကြကုန်၏။

၈၇၄။ သမဏော ဗြာဟ္မဏော စာပိ၊ အညေ ဝါပိ ဝနိဗ္ဗကေ၊
မုသာဝါဒေန ဝဉ္စေသိ၊ တံ ပါပံ ပကတံ တယာ။

၈၇၅။ တေန သံသဝကော လဒ္ဓေါ၊ ဂန္ဓော ရောစတိ ရိယော၊
တတ္ထ ဝဿသဟဿာနိ၊ တုဝံ ပစ္စသိ ရေဝတေ။

၈၇၄-၅။ ရေဝတေ၊ အယုတ်မရေဝတီ။ တွံ၊ သင့် ရေဝတီသည်။ သမဏော၊ မြင့်မြတ်လွန်းကျော် ရဟန်းတော်တို့ကိုလည်းကောင်း။ ဗြာဟ္မဏော၊ ပုဏ္ဏားတို့ကိုလည်းကောင်း။ အညေဝါပိ၊ ရဟန်းပုဏ္ဏားမှ တစ်ပါးကုန်သော။ ဝနိဗ္ဗကေ၊ သူတောင်းစားတို့ကိုလည်းကောင်း။ မုသာဝါဒေန၊ မမှန်ကန်သော စကားဖြင့်။ ဝဉ္စေသိ၊ ဖြားယောင်းလိမ်လည်၏။ တံ ပါပံ၊ ချွတ်ယွင်းပြောဆို ထိုမကောင်းမှုကို။ တယာ၊ သင်သည်။ ပကတံ၊ ပြုလုပ်ခဲ့ပေ၏။ တေန၊ ထိုမကောင်းမှုကြောင့်။ သတပေါ ရိသော၊ အသူတစ်ရာတိုင်အောင်။ ဂန္ဓော၊ အောက်သို့ထွင်းလျက် အစောက်နက်သော။ သံသဝကော၊ မစင်ကျင်ကြီး ယိုစီးပုပ်ပွ သံသဝက

http://www.dhammadownload.com

ငရဲကို။ လဒ္ဓေါ၊ ယခုခံရပေ၏။ တတ္ထ၊ ထိုမစင်ကျင်ကြီးထဲ၌။ ဝဿသဟဿာနိ၊ အနှစ်အထောင်မက ကာလပတ်လုံး။ တုဝံ၊ သင်အယုတ်မသည်။ ပစ္စသိ၊ ထက်အောက်လည်ကာ ကျက်ရပါလတ္တံ့။

၈၇၆။ ဟတ္ထေပိ ဆိန္နန္တိ တထောပိ ပါဒေ၊
ကဏ္ဏေပိ ဆိန္နန္တိ အထောပိ နာသံ။
အထောပိ ကာကောဠဂဏာ သမေစ္စ၊
သင်္ကမ္မ ခါဒန္တိ ဝိဖန္ဒမာနံ။

၈၇၆။ အထောပိ၊ ထိုမှတစ်ပါးလည်း။ ဟတ္ထေပိ၊ သင်၏လက်တို့ကိုလည်း။ နိရယပါလာ၊ လက်နက်စွဲသည့် ငရဲထိန်းတို့သည်။ ဆိန္နန္တိ၊ ဖြတ်ကြလေကုန်လတ္တံ့။ ပါဒေပိ၊ ခြေနှစ်ဖက်တို့ကိုလည်း။ ဆိန္နန္တိ၊ ဖြစ်ကြပေကုန်လတ္တံ့။ ကဏ္ဏေပိ၊ နားနှစ်ဖက်တို့ကိုလည်း။ ဆိန္နန္တိ၊ ဖြတ်ကြလေကုန်လတ္တံ့။ နာသံပိ၊ နှာခေါင်းကိုလည်း။ ဆိန္နန္တိ၊ ဖြတ်ကြကုန်လတ္တံ့။ အထောပိ၊ ထိုမှတစ်ပါးလည်း။ ကာကောဠဂဏာ၊ ကျီးအပေါင်းတို့သည်။ သမေစ္စ၊ အုပ်ကြီးဖွဲ့ကာ ဆင်းသက်လာကြကုန်၍။ သင်္ကမ္မ၊ ပေါင်းဆုံပေကုန်၍။ ဝိဖန္ဒမာနံ၊ တုန့်လှုပ်နေရာ သင့်ခန္ဓာကို။ ခါဒန္တိ၊ ထိုးဆိတ်စားကြကုန်လတ္တံ့။

ငရဲထိန်းကြီးတို့က ဤသို့ပြောဆိုသောအခါ ရေဝတီသည် လူ့ပြည်သို့ ပြန်ပို့ရန် တောင်းပန်ကာ ဤသို့ ဝိုကြွေးမြည်တမ်းရှာလေ၏။

၈၇၇။ သာဓု ခေါ မံ ပဋိနေထ၊ ကာဟာမိ ကုသလံ ဗဟုံ၊
ဒါနေန သမစရိယာယ၊ သံယမေန ဒမေန စ၊
ယံ ကတ္တာ ယုဓိတာ ဟောန္တိ၊ နံ စ ပစ္ဆာနုတပ္ပရေ။

၈၇၇။ ဘန္တေ၊ အို ... ငရဲထိန်းကြီးတို့။ သာဓု၊ အသနားခံ တောင်းပန်ပါ၏။ ခေါ၊ စင်စစ်။ မံ၊ အကျွန်ုပ်ကို။ ပဋိနေထ၊ လူ့ပြည်ပြန်ရောက်အောင် ပို့ဆောင်ကြပါကုန်။ ယံ၊ အကြောင်းကုသိုလ်ကောင်းမှုကို။ ကတ္တာ၊ ကောင်းစွာပြု၍။ သုခိတာ၊ ချမ်းသာကြကုန်သည်။ ဟောန္တိ၊ ဧကန်မသွေ ဖြစ်ရပေကုန်၏။ နံ စ ပစ္ဆာနုတပ္ပရေ၊ နောင်တတစ်ဖန် မပူပန်ရကုန်။ တံ ကုသလံ၊ ထိုကုသိုလ်မျိုးကို။ ဗဟုံ၊ ကြိမ်ဖန်များစွာ။ ကာဟာမိ၊ ပြုလုပ်ပေတော့အံ့။ ဒါနေန စ၊ ပေးလှူသဖြင့်လည်းကောင်း။ သမစရိယာယ စ၊ ကောင်းစွာကျင့်သဖြင့်လည်းကောင်း။ သံယမေန စ၊

http://www.dhammadownload.com

သီလစောင့်ခြင်းဖြင့်လည်းကောင်း။ ဒမေနစ၊ ကိုယ်ကို ဆုံးမသဖြင့်လည်းကောင်း။ ကုသလ၊ ကောင်းမှုကုသိုလ်ကို။ ဗဟု၊ ကြိမ်ဖန်များစွာ။ ကာဟာမိ၊ မဖြစ်မနေ ပြုလုပ်ပေတော့အံ့။

ဤသို့ ငိုကြွေးမြည်တမ်း တောင်းပန်သောအခါ ငရဲထိန်းကြီးတို့က ရေဝတီကို ဤသို့ ပြောဆိုကြကုန်၏။

၈၇၈။ ပုရေ တုဝံ ပမဇ္ဇိတ္ထာ၊ ဣဒါနိ ပရိဒေဝသိ၊
သယံ ကတာနံ ကမ္မာနံ၊ ဝိပါကံ အနုဘောဿသိ။

၈၇၈။ ရေဝတေ၊ အပူသည်မ ရေဝတီ။ တုဝံ၊ သင်သည်။ ပုရေ၊ ရှေးအခါကာလ။ ပမဇ္ဇိတ္ထာ၊ မေ့လျော့နေ၍။ ဣဒါနိ၊ ဤယခုအခါ၌။ ပရိဒေဝသိ၊ ငိုကြွေးရှာ၏။ သယံကတာနံ၊ ကိုယ်တိုင်ပြုလုပ်အပ်ကုန်သော။ ကမ္မာနံ၊ မကောင်းမှုအကုသိုလ်ကံတို့၏။ ဝိပါကံ၊ ဝိပါက်အကျိုးကို။ အနုဘောဿသိ၊ သင်ပြုသမျှ သင်သည်ပင် ခံစားရပေလတ္တံ့။

ရေဝတီသည် အဖန်ဖန် အထပ်ထပ် တောင်းပန်အပ်သော်လည်း မရတော့သဖြင့် ဤသို့ ပြောဆိုမြည်တမ်း၍ ငိုကြွေးလေ၏။

၈၇၉။ ကော နေဝလောကတော မနုဿလောကံ၊
ဂန္ဆာန ပုဋ္ဌော မေ ဧဝံ ဝဒေယ္ယ။
နိက္ခိတ္တဒဏ္ဍောသု ဒဒါထ ဒါနံ၊
အစ္ဆာဒနံ သေယ္ယမထန္နပါနံ။
န ဟိ မစ္ဆရီ ရောသကော ပါပဓမ္မော၊
သဂ္ဂူပဂါနံ လဘတီ သဟတ္ထံ။

၈၇၉။ နေဝလောကတော၊ ထက်နတ်ပြည်မှ။ မနုဿလောကံ၊ လူ့ပြည်ရွာသို့။ ဂန္ဆာ၊ သွားရောက်၍။ မေ၊ ငါ့အား။ ပုဋ္ဌော၊ မေးမြန်းအပ်သည်ရှိသော်။ ဧဝံ၊ ဤသို့။ ကော၊ အဘယ်သူသည်။ ဝဒေယ္ယ၊ ပြောဆိုပါအံ့နည်း။ န ဝဒေယ္ယ၊ မပြောဆိုရာ။ "နိက္ခိတ္တဒဏ္ဍောသု၊ ချအပ်ပြီးသော တုတ်, လုံ့ ကန်ရှိကုန်သော ရဟန်းပုဏ္ဏားတို့အား။ ဒါနံ၊ အလှူဒါနကို။ ဒဒါထ၊ ပေးလှူကြပါကုန်လော့။ အစ္ဆာဒနံ၊ အပေါ်ရုံကိုလည်းကောင်း။ သေယ္ယံ၊ အိပ်ရာနေရာကိုလည်းကောင်း။ အထ၊ ထို့မှတစ်ပါး။ အန္နပါနံ၊ ဆွမ်းအဖျော်ကိုလည်းကောင်း။ ဒဒါထ၊ ပေးလှူ

http://www.dhammadownload.com

ကြပါကုန်လော့”။ ဣတိ၊ ဤသို့။ အနုဘာသကော၊ တစ်ဆင့်ပြောဆိုသူသည်။ နတ္ထိ၊ မရှိပါတကား။ တသ္မာ၊ ထိုသို့ တစ်ဆင့်စကား ပြောကြားမည့်သူ မရှိလေသောကြောင့်။ မစ္ဆရီ၊ ဝန်တိုမိသည်။ ရောသကော၊ ရဟန်းပုဏ္ဏား လူအများကို ပြစ်မှားပြုလျက် အမျက်ထွက်သည်။ ပါပဓမ္မော၊ ယုတ်မာသော သဘောရှိသည်။ ဟုတွာ၊ ဖြစ်၍။ သဂ္ဂူပဂါနံ၊ နတ်ရွာဘုံနန်း အထက်တန်းသို့ စံမြန်းကပ်ရာ နတ်ဒေဝါတို့၏။ သဟဗျတံ၊ အကြောင်းလျော်စွာ ပေါင်းဖော်ရာ၏အဖြစ်သို့။ နလဘကိ၊ မရအပ်ပါတကား။ ဣတိ၊ ဤသို့။ အာဟ၊ ဘိုးမြည်ယောင်ယမ်းကာ ပြောဆိုရှာလေ၏။

၈၈၀။ သာဟံ နူန ဣတော ဂန္ဓာ၊ ယောနိ လဒ္ဓါန မာနုသိံ၊
ဝဒညူ သီလသမ္ပန္နာ၊ ကာဟာမိ ကုသလံ ဗဟုံ၊
ဒါနေန သမစရိယာယ၊ သံယမေန ဒမေန စ။

၈၈၀။ သာဟံ၊ ထိုအကျွန်ုပ် ရေဝတီသည်။ ဣတော၊ ဤငရဲဘုံမှ။ ဂန္ဓာ၊ သွားရောက်ပါ၍။ မာနုသိံ ယောနိံ၊ လူ့ဘဝကို။ လဒ္ဓါန၊ ရ၍။ ဝဒညူ၊ သူတော်ကောင်းများ ဟောကြားမြွက်ဖော် တရားစကားတော်ကို သိသည်ဖြစ်၍။ ကုသလံ၊ ချမ်းသာရကြောင်း ကောင်းမှုကုသိုလ်ကို။ ဗဟုံ၊ ကြိမ်ဖန်များစွာ။ ကာဟာမိ နူန၊ ပြုလုပ်ပါတော့မည်။ သာဟံ၊ ထိုအကျွန်ုပ်သည်။ သီလသမ္ပန္နာ၊ အကျင့်သီလနှင့် ပြည့်ဝစုံလင်စွာ။ ကာဟာမိ၊ ပြုလုပ်ပါတော့အံ့။ ဒါနေနစ၊ ပေးလှူသဖြင့်လည်းကောင်း။ သမစရိယာယစ၊ ကောင်းစွာ ကျင့်သဖြင့်လည်းကောင်း။ သံယမေနစ၊ စောင့်စည်းခြင်းဖြင့်လည်းကောင်း။ ဒမေနစ၊ ဆုံးမသဖြင့်လည်းကောင်း။ ဗဟုံ၊ များစွာ။ ကုသလံ၊ ချမ်းသာရကြောင်း ကောင်းမှုကုသိုလ်ကို။ ကာဟာမိ၊ ပြုလုပ်ပါတော့အံ့။

၈၈၁။ အာရာမာနိစ ရောပိသံ၊ ဒုဂ္ဂေ သင်္ကမနာနိ စ။
ပပဉ္စ ဥဒပါနဉ္စ၊ ဝိပ္ပသန္နေန စေတသာ။

၈၈၁။ အဟံ၊ အကျွန်ုပ်သည်။ ဝိပ္ပသန္နေန၊ သန့်ရှင်းကြည်လင်သော။ စေတသာ၊ ကုသိုလ်စိတ်ဖြင့်။ အာရာမာနိစ၊ သရက်ဥယျာဉ် စသော သစ်သီးအရံပန်းအရံတို့ကိုလည်း။ ရောပိသံ၊ စိုက်ပျိုးပေတော့အံ့။ ဒုဂ္ဂေ၊ သွားလမ်းခက်လှရွံ့ဗွက်ထသော ခရီးလမ်းအရပ်၌။ သင်္ကမနာနိ စ၊ တံတားအဖြာဖြာတို့ကိုလည်း။

http://www.dhammadownload.com

ကာဟာမိ၊ ပြုလုပ်ပါတော့အုံ။ ပပဉ္စ၊ ရေအိုးစင်ကိုလည်းကောင်း။ ဥဒပါနဉ္စ၊ သူသူငါငါ ရေတွင်း, ရေကန်သာကိုလည်းကောင်း။ ကာဟာမိ၊ ပြုလုပ်ပါတော့အုံ။

၈၈၂။ စာတုဒ္ဒသိ ပဉ္စဒသိ၊ ယာ စ ပက္ခဿ အဋ္ဌမီ၊
ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဂတံ။

၈၈၃။ ဥပေါသထံ ဥပဝသိဿံ၊ သဒါ သီလေသု သံဝုတာ၊
နု စ ဒါနေ ပမဒ္ဒိဿံ၊ သာမံ ဒိဋ္ဌမိဒံ မယာ။

၈၈၂–၃။ အဟံ၊ အကျွန်ုပ်သည်။ ပက္ခဿ၊ လဆန်းပက္ခ လဆုတ်ပက္ခ၏။ စာတုဒ္ဒသိဉ္စ၊ တစ်ဆယ့်လေးရက်မြောက်သော ဥပုသ်နေ့ဥ္စလည်းကောင်း။ ပဉ္စဒသိဉ္စ၊ တစ်ဆယ့်ငါးရက်မြောက်သော ဥပုသ်နေ့ဥ္စလည်းကောင်း။ ယာ အဋ္ဌမီစ၊ အကြင် ရှစ်ရက်မြောက်သော ဥပုသ်နေ့ဥ္စလည်းကောင်း။ ပါဋိဟာရိယ ပက္ခဉ္စ၊ ဥပုသ်နေ့တို့၏ အကြိုဖြစ်သော အဖိတ်နေ့ အပိုဖြစ်သော အထွက်နေ့ဥ္စလည်းကောင်း။ အဋ္ဌင်္ဂသုသမာဂတံ၊ ရှစ်ပါးသောအင်္ဂါနှင့် ကောင်းစွာပြည့်စုံသော။ ဥပေါသထံ၊ ဥပုသ်သီလတော်မြတ်ကို။ ဥပဝသိဿံ၊ စောင့်ရှောက်ကျင့်သုံးပါတော့အုံ။ သဒါ၊ အခါခပ်သိမ်း။ သီလေသု၊ ငါးပါးအင်္ဂါ ပဉ္စသီတို့ဥ္စ။ သံဝုတာ၊ ကောင်းစွာစောင့်ရှောက်လျက်။ ဒါနေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဥ္စ။ နု စ ပမဒ္ဒိဿံ၊ မမေ့မလျော့ ဖြစ်ပါတော့အုံ။ မယာ၊ ငါသည်။ ဣဒံ၊ ဤငါရဲ့ကို။ သာမံ၊ ကိုယ်တိုင်။ ဒိဋ္ဌံ၊ မျက်မြင်ဒိဋ္ဌ တွေ့မြင်ရပါပြီ။

၈၈၄။ ဣဒ္ဓေဝံ ဝိပ္ပလပန္တိ၊ ဖန္ဒမာနံ တတော တတော၊
ခိပိ်သု နိရယေ ယောရေ၊ ဥဒ္ဒံပါဒံ အဝံသိရံ။

၈၈၄။ ဣဒ္ဓေဝံ ဤတိ ဧဝံ၊ ဤသို့လျှင်။ ဝိပ္ပလပန္တိ၊ ဝိကြွေးမြည်တမ်းပြောဆိုယောင်ယမ်းလျက်။ ဖန္ဒမာနံ၊ တုန်လှုပ်နေသော ရေဝတီကို။ နေရယိကာ၊ ငရဲထိန်းကြီးတို့သည်။ ဥဒ္ဓံပါဒံ၊ ခြေကားမိုးမျှော်။ အဝံသိရံ၊ ဦးခေါင်းစောက်ထိုး။ ယောရေ၊ ကြောက်မက်ဖွယ်ရှိသော။ နိရယေ၊ ပုပ်နံ့ပြင်းပြ ညစ်ညမ်းလှသည့် ဂူထငရဲတွင်းကြီးထဲ၌။ တတော တတော၊ ထိုထိုဤဤ အရပ်တို့မှ။ ခိပိ်သု၊ ပစ်ကာချလိုက်ကြကုန်၏။

တစ်ဖန် ရေဝတီသည် ငရဲသို့ ကျရောက်သောအခါ နောင်တကြီးစွာရပြီး ဤသို့ မြည်တမ်းငိုကြွေးလေ၏။

http://www.dhammadownload.com

၈၈၅။ အဟံ ပုရေ မဇ္ဈရိနိ အဟောသိ၊
ပရိဘာသိကာ သမဏဗြာဟ္မဏာနံ။
ဝိတထေန စ သာမိကံ ဝဉ္စယိတွာ၊
ပစ္စာမဟံ နိရယေ ယောရရူပေ။

၈၈၅။ အဟံ၊ ငါ ရေဝတီသည်။ ပုရေ၊ ရှေ့ဘဝက။ မဇ္ဈရိနီ၊ နှမြောစုံမက် မလှူရက်သည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။ သမဏဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏား တို့ကို။ ပရိဘာသိကာ၊ ရေရွတ်ကြိမ်းမောင်းတတ်သူသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။ သာမိကဉ္စ၊ သက်ထားလင်ကိုလည်း။ ဝိတထေန၊ မဟုတ်မမှန်သောစကား ဖြင့်။ ဝဉ္စယိတွာ၊ လိမ်လည်လှည့်စားခဲ့မိခြင်းကြောင့်။ ယောရရူပေ၊ ကြောက်မက် ဖွယ် သဘောရှိသော။ နိရယေ၊ ဂူထဝရဲ့ မစင်ထဲ၌။ ပစ္စာမ၊ မြုပ်ကာ ပေါ်ကာ ကျရောက်ပါ၏။

ရဟန်းတို့သည် ရေဝတီကို ဘီလူးတို့ ဖမ်းယူ၍ ဆောင်အပ်သည်၏အဖြစ် ကို ဘုရားရှင်အား လျှောက်ထားကြကုန်၏။ ဘုရားရှင်သည်လည်း ထိုစကားကို ကြားတော်မူ၍ ဤဝတ္ထုကို ဟောကြားတော်မူ၍ အထက်၌ အကျယ်အားဖြင့် တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။ ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော လူအပေါင်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက် ကြကုန်၏။

ပုရိသဝိမာနဋ္ဌ သွင်းရသည့်အကြောင်း

အမှန်စင်စစ် ရေဝတီသည် ဗိမာန်ရှင်နတ်သမီး မဟုတ်ပေ၊ နန္ဒိယသာ ဗိမာန်ရှင် ဖြစ်သည်။ သို့သော် ရေဝတီနှင့် ပတ်သတ်သောစကား များပြား၍ "ရေဝတီဝိမာနဝတ္ထု" ဟူ၍ ခေါ်ဆိုသည်။ ဗိမာန်စည်းစိမ်နှင့် ဆက်စပ်သူ ကား နန္ဒိယနတ်သား ဖြစ်သည်။ ထို့ကြောင့် သင်္ဂါယနာတင် ထေရ်အရှင်မြတ်တို့သည် ဤ ရေဝတီဝိမာနဝတ္ထုကို ပုရိသဝိမာနဝတ္ထု ပါဠိတော်တို့အတွင်း ထည့်သွင်းလျက် သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

ရေဝတီဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ ဆတ္တမာဏဝကဝိမာနဝတ္ထု

ရတနာသုံးပါးကို ဆည်းကပ်လျက် ကိုယ်ကျင့်တရားကောင်းသူ ခရီးသွားဆဲ နိုးသူတို့ လက်ချက်ကြောင့် အသက်သေဆုံးပြီး တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသော ဆတ္တမာဏဝက နတ်သား။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သေတဗျရွာ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏားတစ်ယောက်၏ တစ်ဦးသော သားသည် ဆတ္တအမည်ရှိ၏။ ထိုဆတ္တမည်သော လုလင်သည် အရွယ်သို့ ရောက်သည်ရှိသော် အဖပုဏ္ဏားက စေလွှတ်၍ ဥက္ကဋ္ဌမြို့သို့ သွားရောက်ပြီး ပေါက္ခရသာတိပုဏ္ဏားကြီး၏ အထံ၌ ဗေဒင်တို့ကိုလည်းကောင်း၊ အခြားအတတ်ပညာတို့ကိုလည်းကောင်း သင်ယူ၏။ ပညာဓောတ်ခံရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပျင်းရိခြင်းနည်းပါး လုံ့လဝီရိယ များပြားသည်၏ အဖြစ်ကြောင့်လည်းကောင်း မကြာမြင့်မီသာလျှင် ပုဏ္ဏားတို့တတ်အပ်သော အတတ်ပညာ၌ အပြီးအဆုံးတိုင် တတ်မြောက်ခြင်းသို့ ရောက်လေ၏။

ထိုဆတ္တလုလင်သည် ဆရာကို ရိုသေစွာရှိခိုး၍ "ကျွန်ုပ်သည် ဆရာတို့၏ထံ၌ အတတ်ပညာကို သင်ကြားတတ်မြောက်ပါပြီ၊ ဆရာတို့အတွက် ပေးသင့်ပေးထိုက်သော အဖိုးအခကို အဘယ်မျှပေးရပါမည်နည်း" ဟု မေးမြန်းလေ၏။ ထိုအခါ ဆရာသည် "ဆရာတို့အတွက် အဖိုးအခမည်သည်ကား တပည့်၏ ပစ္စည်းဥစ္စာ ချမ်းသာဆင်းရဲကို ကြည့်၍ယူရ၏။ ထို့ကြောင့် သင်သည် ဥစ္စာအင်အားရှိသူဖြစ်ရကား အသပြာတစ်ထောင် ယူခဲ့လော့" ဟု ပြောဆိုလေ၏။

မိဘထံ ငွေပြန်တောင်းခြင်း

ဆတ္တလုလင်သည် ဆရာကို ရိုသေစွာ ရှိခိုးပြီးလျှင် မိဘရပ်ထံ သေတဗျရွာသို့ ပြန်သွားသည်။ ရွာသို့ပြန်ရောက်သော် ဖခင်အား "ဆရာအတွက် ပေးသင့်ပေးထိုက်သော အသပြာတစ်ထောင်ကို ပေးပါကုန်၊ အသပြာရက ယနေ့ပင်လျှင် ဆရာ့ထံ ပြန်သွားပါအံ့" ဟု ပြောကြားလေ၏။ မိခင် ဖခင်တို့သည် ထိုသားဖြစ်သူကို "ချစ်သား၊ ယနေ့ အချိန်မရှိတော့ပြီ၊ နက်ဖြန်မှ သွားပါတော့" ဟု ဆိုပြီး အသပြာတို့ကို အထုပ်ပြုလုပ်ထားကြကုန်၏။

http://www.dhammadownload.com

ငွေလုလိုသူတို့အကြံ

ခိုးသူတို့သည် ထိုအကြောင်းကို ကြားသိကြ၍ "ဆတ္တလုလင်ကို သတ်ပြီး ပါလာသော အသပြာတို့ကို ယူကြကုန်အံ့" ဟု ကြံ၍ ဆတ္တလုလင် သွားမည့် လမ်းခရီးရှိ တောအုပ်တစ်ခုအတွင်း၌ ပုန်းအောင်း၍ နေကြကုန်၏။

ဘုရားရှင်၏ အကြံတော်

ထိုအခါ ဘုရားရှင်သည် နံနက်မိုးသောက် အချိန်အခါရောက်သော် မဟာ ကရုဏာသမာပတ်မှ ထတော်မူပြီး လောကကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ဆတ္တလုလင်အား သရဏဂုံတို့၌လည်းကောင်း၊ သီလတို့၌လည်းကြောင်း တည်ပြီးမှ ခိုးသူတို့သတ်၍ နတ်ပြည်၌ဖြစ်မည်။ ထိုအခါ နတ်ပြည်မှ ဗိမာန်နှင့်တကွ လာလျှင် စည်းဝေးရောက်လာသော ပရိသတ်ရော သူပါ တရားထူးကိုရလတ္တံ့ဟု မြင်တော်မူ၍ ဆတ္တလုလင်လာမည့် လမ်းခရီးရှိ တစ်ခုသော သစ်ပင်ရင်းဝယ် ထိုင်နေတော်မူလေ၏။

ဗုဒ္ဓအမေး လုလင်၏အဖြေ

ဆတ္တလုလင်သည် ဥစ္စာအသပြာကိုယူ၍ သေတဗျရွာမှ ဥက္ကဋ္ဌမြို့သို့ လာသည်ရှိသော် လမ်းခရီးအကြား တစ်ခုသော သစ်ပင်ရင်းဝယ် ထိုင်နေတော်မူသော ဘုရားရှင်ကို မြင်ရလေလျှင် အနီးသို့ ချဉ်းကပ်၍ ရပ်လေ၏။ "အဘယ်အရပ်သို့ သွားမည်နည်း" ဟု ဘုရားရှင်က မေးမြန်းတော်မူလေလျှင် "အရှင်ဂေါတမ၊ တပည့်တော်၏ ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားကြီးအား ပူဇော်ရန်အတွက် ဥက္ကဋ္ဌမြို့သို့ သွားပါမည်ဘုရား" ဟု လျှောက်ထားလေ၏။

တရားဟောတော်မူခြင်း

ထိုအခါ ဘုရားရှင်သည် "လုလင်၊ သင်သည် သရဏဂုံသုံးပါးတို့ကိုလည်းကောင်း၊ ငါးပါးကုန်သော သီလတို့ကိုလည်းကောင်း သိပါ၏လော" ဟု မေးတော်မူလျှင် "အရှင်ဘုရား၊ တပည့်တော် မသိပါ၊ ထိုသရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့ဟူသည် အဘယ်ဟုတို့ပါနည်းဘုရား" ဟု လျှောက်ထားလေ၏။ "လုလင်၊ သင်သည် ဤသို့သဘောရှိသော သရဏဂုံနှင့် ငါးပါးသီလတို့ကိုလည်းကောင်း၊ ထိုသရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့၏ အကျိုးထူးကိုလည်းကောင်း

http://www.dhammadownload.com

ခွဲခြားပြီး ရွေးဦးစွာ သရဏဂုံအစီအစဉ်ကို သိအောင်သင်ယူလော့" ဟု မိန့်တော်မူသည်။ "ကောင်းပါပြီ၊ သင်ယူပါအံ့၊ ဘုန်းတော်ကြီးများတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား ဟောကြားတော်မူပါ အရှင်ဘုရား" ဟု ထိုဆတ္တလုလင်က တောင်းပန်သည်။

ဘုရားရှင်သည် ထိုလုလင်၏ စရိုက်အားလျော်စွာ သရဏဂုံအစီအစဉ်ကို ပြတော်မူလိုရကား "ယော ဝဒတံ ပဝရော မနုဇေသု" အစရှိသော သုံးဂါထာတို့ကို ဟောတော်မူလေ၏။

ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပါ

၈၈၆။ ယော ဝဒတံ ပဝရော မနုဇေသု၊
သက္ကမုနီ ဘဂဝါ ကတကိစ္စော။
ပါရဂတော ဗလဝီရိယသမ်ဂီ၊
တံ သုဂတံ သရဏမ္ဂမုပေဟိ။

၈၈၆။ မနုဇေသု၊ ဗြဟ္မာ နတ် လူ သုံးတန်သောသူတို့တွင်။ ဝဒတံ၊ လောကဓမ္မ နှစ်ဝအရေး မြော်တွေးထင်ထင် ဟောကြားတတ်သောသူတို့ထက်။ ပဝရော၊ မနှိုင်းယှဉ်အပ် မြင့်မြတ်တော်မူသော။ သက္ကမုနီ၊ သာကီနွယ်ဇာတ် ရဟန်းမြတ်ဖြစ်တော်မူသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော။ ကတကိစ္စော၊ ကောင်းစွာ အဆုံးသတ် ပြုအပ်ပြီးသော မဂ်ကိစ္စရှိတော်မူသော။ ပါရဂတော၊ နိဗ္ဗာန်ကျွန်းထက် ကမ်းတစ်ဖက်သို့ ရောက်တော်မူသော။ ဗလဝီရိယသမ်ဂီ၊ ကိုယ်အား ဉာဏ်အား လေးပါးလုံ့လနှင့် ပြည့်ဝတော်မူသော။ ယော၊ လူသုံးဦးတို့ ထွတ်မှူးသခင် အကြင်ဘုရားရှင်သည်။ အတ္ထိ၊ ရှိပါချေ၏။ တံ သုဂတံ၊ ထိုဘုရားရှင်ကို။ တွံ၊ သင်လုလင်သည်။ သရဏဂ္ဆံ၊ နောင်သံသရာချမ်းသာဖြိုးကြွယ် မည်ဦးငယ်အောင် ကိုးကွယ်ရန်အလို့ငှာ။ ဥပေဟိ၊ ရှိသေလေးမြတ်စွာ ချဉ်းကပ်ပါလော့။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် ပရိယတ်ကို ကိုးကွယ်ပါ

၈၈၇။ ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသဓံတမပွဋိကူလံ၊
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟိ။

http://www.dhammadownload.com

၈၈၇။ ရာဂဝိရာဂံ၊ တပ်မက်ခြင်းတရား အလွန်များသော ရာဂမှကင်းသော အရိယာမဂ်တရားလည်းကောင်း။ အနေဇံ၊ တုန်လှုပ်တတ်ငြား တဏှာတရားမှ ကင်းသော။ အသောကံ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိသော အရိယာဖိုလ်တရား လည်းကောင်း။ အသန်ံတံ၊ ကံ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာတို့ မပြုပြင်အပ်သော။ အပ္ပဋိကူလံ၊ စက်ဆုပ်ဖွယ်ရာ တစ်စုံတစ်ရာမျှမရှိသော နိဗ္ဗာန်တရားကို လည်းကောင်း။ ဣမံ ဓမ္မဉ္စ၊ ဤမဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားကိုလည်းကောင်း။ မဓုရံ၊ သာလွန်ကောင်းမြတ် ချိုးမွမ်းအပ်သည်ဖြစ်၍။ ပဂုဏံ၊ ဒေသနာဉာဏ်တော်သည် လေ့လာထပ်ထပ် ဖြစ်စေအပ်သော။ သုဝိဘတ္တံ၊ ကောင်းစွာ ဝေဖန်အပ်သော။ ဣမံ ဓမ္မဉ္စ၊ ဤပရိယတ်တရားကိုလည်းကောင်း။ သရဏတ္တံ၊ နောင်သံသရာ ချမ်းသာဖြိုးကြွယ် မည်ဦးငယ်အောင် ကိုးကွယ်ရန်အလို့ငှာ။ ဥပေဟိ၊ ရှိသေလေးမြတ်စွာ ချဉ်းကပ်ပါလော့။

သံဃာတော်ကို ဆည်းကပ်ပါ

၈၈၈။ ယတ္ထ စ ဒိန္နမဟပ္ဖလမာဟု၊ စတူသု သုစီသု ပုရိသယုဂေသု၊
အဋ္ဌ စ ပုဂ္ဂလဓမ္မဒသာ တေ၊ သံဃမိမံ သရဏတ္တမုပေဟိ။

၈၈၈။ သုစီသု၊ လောဘ ဒေါသ မောဟစစ္စာ ကိလေသာတို့မှ စင်ကြယ်ကုန်သော။ စတူသု ပုရိသယုဂေသု၊ ယောကျ်ားမြတ်လေးစုံဟူသော။ ယတ္ထ၊ မြင့်မြတ်ကျော်မော် အကြင် အရိယာသံဃာတော်တို့၌။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလံ–မဟပ္ဖလံဣတိ၊ မနှိုင်းယှဉ်အပ် များမြတ်သော အကျိုးရှိ၏ဟူ၍။ အာဟု၊ ကောင်းစွာမြွက်ဟော်ဟောကြားတော်မူပြီ။ အဋ္ဌ၊ အစုံအားဖြင့် လေးစုံ, ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ကုန်သော။ တေ ပုဂ္ဂလာ၊ ထိုကိလေကင်းကွာ အရိယာပုဂ္ဂိုလ်တို့သည်။ ဓမ္မဒသာ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တတ်ကုန်၏။ ဣဒံ သံဃဉ္စ၊ မြင့်မြတ်လွန်းကျော် ဤသံဃာတော်ကိုလည်း။ သရဏတ္တံ၊ နောင်သံသရာ ချမ်းသာဖြိုးကြွယ် မည်ဦးငယ်အောင် ကိုးကွယ်ရန်အလို့ငှာ။ ဥပေဟိ၊ ရှိသေလေးမြတ်စွာ ချဉ်းကပ်ပါလော့။

http://www.dhammadownload.com

သီလနှင့် သီလ၏အကျိုး

ဤသို့ ဘုရားရှင်သည် သုံးဂါထာတို့ဖြင့် ရတနာသုံးပါးတို့၌ ဆည်းကပ်ခြင်း၏ အကျိုးအာနိသံသနှင့်တကွ သရဏဂုံဆောက်တည်ပုံ၊ ရတနာသုံးပါး၌ ဆည်းကပ်ပုံကို ဟောတော်မူသည်။

ထို့နောက် ဘုရားရှင်သည် ဆတ္တလုလင်အား ငါးပါးသီလကို သရုပ်နှင့်တကွ အကျိုးအာနိသံသပါ ဟောပြတော်မူလျက် ထိုငါးပါးသီလဆောက်တည်ပုံ အစီအရင်ကိုပါ ဟောကြားတော်မူလေ၏။

ဆတ္တလုလင်သည် ဘုရားရှင် ဟောကြားတော်မူအပ်သော သရဏဂုံတို့ကို ရွတ်ဆိုဆောက်တည်ပြီး ငါးပါးသီလကိုလည်း ဆင်ခြင်လျက် "ဘုန်းတော်ကြီး မြတ်သော မြတ်စွာဘုရား၊ တပည့်တော်အား သွားခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်ကြား၍ ရတနာသုံးပါး၏ ဂုဏ်တော်ကို အောက်မေ့ဆင်ခြင်လျက် ထိုခိုးသူတို့ ပုန်းအောင်းချောင်းမြောင်း၍နေရာ လမ်းခရီးသို့သွားလေ၏။

ဘုရားရှင်သည်လည်း ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

ခိုးသူတို့ နှိပ်စက်ပြီ

ဆတ္တလုလင်ကား "သရဏဂုံသုံးပါးကို မှီဝဲဆည်းကပ်ပါ၏" ဟု လည်းကောင်း၊ ငါးပါးသီလတို့ကို ဆောက်တည်ပါ၏ဟုလည်းကောင်း စိတ်၌မိခ်ာန်လျက် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို အစဉ်အောက်မေ့ကာ သွားစဉ်ပင် လမ်းခရီး၌ ခိုးသူတို့သည် ဝိုင်းဝန်း၍ နှိပ်စက်ကြကုန်၏။ ဆတ္တလုလင်သည် ခိုးသူတို့ကို ဂရုမစိုက်မူ၍ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်တို့ကို အစဉ်အောက်မေ့လျက်သာလျှင် သွားလေ၏။

လုလင့်ကို ခိုးသူတစ်ယောက်သည် ချုံကြား၌ ပုန်းကွယ်၍နေကာ အဆိပ်လူးမြားဖြင့် ပစ်ခတ်ရာ ထိုနေရာ၌ပင် လုလင်ကွယ်လွန်သော် လုလင်၏ ငွေထုပ်ကို ယူဆောင်၍ အပေါင်းအဖော်တို့နှင့်တကွ ထွက်သွားလေ၏။

ကောင်းမှုအကျိုး ဓံစားရသူ

ဆတ္တလုလင်သည် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်တွင် ယူဇနာသုံးဆယ်ရှိ ရွှေဗိမာန်၌ အိပ်သောယောကျ်ား နိုးသောလားသို့ နတ်သမီးတစ်ထောင် ခြံရံလျက် လှည်းအစီးခြောက်ဆယ်တိုက်မျှရှိသော အဆင်တန်ဆာစုံတို့ဖြင့် တန်ဆာ

http://www.dhammadownload.com

ဆင်အပ်သော ကိုယ်ရှိသော နတ်သားဖြစ်လေ၏။ ထိုဆတ္တမာဏဝကနတ်သား၏ ဗိမာန်ရောင်သည်ကား ယူဇနာနှစ်ဆယ်ကျော် ပျံ့နှံ့၍တည်လေ၏။

အလောင်းကို သင်္ဂြိုဟ်ရန်

ထိုအခါ ဆတ္တလုလင် ကွယ်လွန်သည်ကိုမြင်၍ သေတဗျရွာသား တို့သည် သေတဗျရွာသို့သွား၊ကာ ဆတ္တလုလင်၏ မိဘတို့အား ပြောကြား ကြကုန်၏။ ဥက္ကဋ္ဌမြို့သား လူအများတို့သည်လည်း ဥက္ကဋ္ဌမြို့သို့ သွား၍ ပေါက္ခရသာတိပုဏ္ဏားကြီးအား ပြောကြားကြကုန်၏။ ဆတ္တလုလင် ကွယ်လွန်ကြောင်းကို ကြားသိရသော ဆတ္တလုလင်၏ မိဘဆွေမျိုးတို့သည်လည်းကောင်း၊ ပေါက္ခရသာတိပုဏ္ဏားကြီးသည်လည်းကောင်း၊ နောက်ပါအခြံအရံတို့သည်လည်းကောင်း ငိုကြွေးကြကာ ဆတ္တလုလင်၏ အလောင်းရှိရာသို့ လာကြကုန်၏။ သေတဗျရွာသား၊ ဥက္ကဋ္ဌမြို့သားနှင့် ဣစ္ဆာနင်္ဂလရွာသားတို့သည် စည်းဝေးကြကုန်လျက် လုလင်၏ မိဘတို့နှင့်အတူ ဆတ္တကို သင်္ဂြိုဟ်ရန် ပြင်ဆင်ကြသည်။

သင်္ဂြိုဟ်ရာသို့ ဘုရားရှင်ကြွလာခြင်း

ထိုအခါ ဘုရားရှင်သည် "ငါ ကြွတောက်တော်မူသည်ရှိသော် ဆတ္တမာဏဝက နတ်သားသည် ငါ့ကို ရှိခိုးခြင်းငှာ လာလတ္တံ့၊ လာရောက်ခြင်းအကြောင်းကိုလည်းကောင်း၊ သူပြုခဲ့ဖူးသော ကောင်းမှုကံကိုလည်းကောင်း လျှောက်ထားသည်ရှိသော် ကံ၏အကျိုးကို မျက်မြင်ပြကာ တရားတော်ကို ဟောကြားအံ့၊ ဤသို့ ဟောကြားသည်ရှိသော် လူများအပေါင်း သစ္စာလေးပါးတရားကို သိမြင်ကြလတ္တံ့" ဟု အကြံဖြစ်တော်မူသဖြင့် ရဟန်းအပေါင်းတို့နှင့်အတူ ထိုဆတ္တလုလင် အလောင်း သင်္ဂြိုဟ်ရာသို့ ကြွတော်မူသည်။

ဆတ္တမာဏဝကနတ်သားသည်လည်း မိမိရရှိနေသော စည်းစိမ်ကို ဆင်ခြင်၍ ထိုနတ်၏ စည်းစိမ်ချမ်းသာ ရခြင်းအကြောင်းကို စဉ်းစားသော် သရဏဂုံသုံးပါး ဆောက်တည်ခဲ့ခြင်းကိုလည်းကောင်း၊ ငါးပါးသီလ ဆောက်တည်ခဲ့ခြင်းကိုလည်းကောင်း မြင်တွေ့သိရှိလေ၏။ "ငါသည် ယခုပင်လျှင်သွား၍ ဘုရားရှင်ကိုလည်းကောင်း၊ ဘုရားရှင်၏ တပည့်သား ရဟန်းအပေါင်းကိုလည်းကောင်း ရှိခိုးအံ့၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကိုလည်း လူအပေါင်း၏ မျက်မှောက်၌

http://www.dhammadownload.com

ပင်လျှင် ထင်ရှားပြပေအံ့" ဟု ကြံစည်လျက် နေထိုင်ရာ ဘုံဗိမာန်မှသက်ဆင်းကာ များစွာသော အခြံအရံနှင့်တကွ ဘုရားရှင်ထံ လာခဲ့လေ၏။

ထိုအခြင်းအရာကို မြင်၍ လူများသည် "ဤပုဂ္ဂိုလ်သည်ကား နတ်လေလော၊ ဗြဟ္မာလေလော အဘယ်သူဖြစ်လေသနည်း" ဟု သိလိုလျှင် ဘုရားရှင်ကို ဝိုင်းဝန်းခြံရံ၍ နေလေ၏။ ဘုရားရှင်သည် ထိုဆတ္တမာဇာဝကနတ်သား ပြုအပ်ခဲ့သော ကောင်းမှုကံကို ဤသို့ မေးမြန်းတော်မူလေ၏။

ဘုရားရှင်၏အမေး

၈၈၉။ နု တထာ တပတိ နတော သူရိယော၊
စန္ဒော စ နု ဘာသတိ နု ဖုဿော။
ယထာ အတုလမိဒံ မဟပ္ပဘာသံ၊
ကော နု တွံ တိဒိဝါ မဟိ ဥပါဂါ။

ဂါထာမြန်မာပြန် – နို့ဉ်းယှဉ်စရာ ဥပမာမရှိအောင် မြှားမြောင်လှစွာသော အရောင်အဆင်းရှိသည့် သင်၏ ဤဘုံဗိမာန်သည် ကောင်းကင်ပြင်၌ ထွန်းလင်းတောက်ပသည့်အတူ ဖုဿမည်သော ကြယ်တာရာသည်လည်း မထွန်းလင်းမတောက်ပနိုင်၊ လရောင် နေရောင်သည်လည်း မထွန်းပြောင်နိုင်၊ ရောင်ဝါတင့်လျှမ်း နတ်နန်းဆောင်ပျံ ဘုံဗိမာန်နှင့်တကွ အထက်နတ်ပြည်မှ လူတို့ပြည် ဤမြေပေါ်သို့ သက်ဆင်း၍လာသော သင်သည်ကား အဘယ်သူပါနည်း။

၈၉၀။ ဆိန္နတိ ရံသီ ပဘင်္ကရဿ၊
သာဓိကဝီသတိ ယောဇနာနိ အာဘာ။
ရတ္တိမပိ ယထာ ဒိဝံ ကရောတိ၊
ပရိသုဒ္ဓံ ဝိမလံ သုဘံ ဝိမာနံ။

ဂါထာမြန်မာပြန် – ထက်ဝန်းကျင်တွင် စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်း၍ တင့်တယ်ခြင်းရှိသော ဗိမာန်သည် နေ၏အရောင်တို့ကို ဖြတ်တောက်ပယ်ဖျောက်ဘိ၏။ ထိုဗိမာန်၏အရောင်သည် နှစ်ဆယ့်ငါးယူဇနာတိုင်တိုင် ပျံ့နှံ့၍တည်၏။ ညဉ့်ကိုပင်မော်လည်း နေ့ကဲ့သို့ ပြုနိုင်ဘိ၏။

http://www.dhammadownload.com

၈၉၁။ ဗဟုပဒုမဝိစိတြပုဏ္ဍရီကံ၊
ဝေါကိဏ္ဏံ ကုသုမေဟိ နေကစိတ္တံ။
အရဇဝိရဇဟေမဇာလဆန္နံ၊
အာကာသေ တပတိ ယထာပိ သူရိယော။

ဂါထာမြန်မာပြန် – များပြားလှစွာ ပဒုမကြာမျိုးနှင့် ဆန်းကြယ်သော ပုဏ္ဍရိက် ကြာဖြူမျိုးလည်းရှိသော ပန်းတိုင်းဖြင့်ပြန်းကာ များစွာသော အညစ်အကြေး ကင်းသည်ဖြစ်၍ အညစ်ကြေးကင်း၍ သန့်ရှင်းသည့် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော ဗိမာန်သည် ကောင်းကင်ပြင်၌ နေကဲ့သို့ ထွန်းလင်းတောက်ပ ဘိ၏။

၈၉၂။ ရတ္တမ္ဗရပိတဝါသသာဟိ၊
အဂရုပိယဂုံစန္ဒနသဒါဟိ။
ကဉ္စနတနုသန္နိဘတ္တစာဟိ၊
ပရိပူရံ ဂဂနံဝ တာရကာဟိ။

ဂါထာမြန်မာပြန် – ကောင်းကင်ပြင်သည် ကြယ်တာရာတို့ဖြင့် ပြည့်ဘိ သကဲ့သို့ နီသောအရုဏ် ရွှေသောအဝတ်ရှိကုန်သော အကျော်၊ ဥပသကာ၊ စန္ဒကူး နှံ့သာတို့ဖြင့် မွှမ်းထုံအပ်ကုန်သော ရွှေအဆင်းနှင့်တူသော သိမ်မွေ့နူးညံ့သော အရေအဆင်းရှိကုန်သော နတ်သမီးတို့ဖြင့်လည်း ပြည့်ဘိ၏။

၈၉၃။ နရနာရိယော ဗဟုကေတ္ထနေကဝဏ္ဏာ၊
ကုသုမဝိဘူသိတာဘရဏေတ္ထ သုမနာ။
အနိလပမုဠိတာ ပဝန္တိ သုရဘိ၊
တမနိယဝိတတာ သုဝဏ္ဏဆန္နာ။

ဂါထာမြန်မာပြန် – အမျိုးမျိုး အဖုံဖုံ ရှုချင်စဖွယ်သော အဆင်းရှိကုန်သော၊ နတ်ပန်းတိုင်းဖြင့် ဆင်ယင်အပ်သော တန်ဆာရှိကုန်သော၊ ဝမ်းမြောက်သော စိတ်ရှိကုန်သော ဆံထုံး စသည်တို့၌ ရွှေစည်းကြိုး အစရှိသည်တို့ဖြင့် ဖွဲ့.ယှက်အပ်ကုန်သော၊ ရွှေတန်ဆာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော နတ်သား နတ်သမီးတို့သည် သင်နေထိုင်ရာ ဤဗိမာန်၌ များပြားလှကုန်၏။ လေတိုက်ခတ်သဖြင့် ကြွေကျသော

http://www.dhammadownload.com

ပန်းတို့သည် သင်နေထိုင်ရာ ဤဗိမာန်ကြီးအတွင်း၌ မွေးကြိုင်သောရနံ့ကို ပျံ့လွှင်စေကုန်၏။

၈၉၄။ ကိသာ သံယမသာ အယံ ဝိပါကော၊
ကေနာသိ ကမ္မဖလေနိဓူပပန္နော။
ယထာ စ တော အဓိဂတမိဒံ ဝိမာနံ၊
တဒနုပဒံ အဝစာသိ ဣဿိ ပုဗ္ဗော။

ဂါထာမြန်မာပြန် – ဤသို့ ပွားတိုး ဤကဲ့သို့သော အကျိုးသည် အဘယ်သို့သဘောရှိသော စောင့်စည်းမှု၏ အကျိုးတရားပေနည်း။ အဘယ်ကုသိုလ်ကံ၏ အကျိုးကြောင့် သင်သည် ကြီးမားသာယာ ရောင်ဝါဝင်းလျှံ့ ဤဗိမာန်ကြီး၌ ဖြစ်လာရပါသနည်း။ ထိုဗိမာန်ကြီးကို ရခြင်း၏အကြောင်းကို ငါ့အားဖြေကြားရန် တိုက်တွန်းပါ၏။ အကြောင်းအားလျော်စွာ ဖြေကြားပါလော့ဟု ဘုရားရှင်သည် ထိုဆတ္တမာဏဝကနတ်သားကို မေးမြန်းတော်မူလေ၏။

ထိုသို့ ဘုရားရှင် မေးမြန်းတော်မူသောအခါ ဆတ္တမာဏဝကနတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

နတ်သား၏အဖြေ

၈၉၅။ သယမိဓ ပထေ သမေစ္စ မာဏဝေန၊
သတ္ထာ'နုသာသိ အနုကမ္မမာနော။
တဝ ရတနဝရဿ ဓမ္မံ သုတ္ဝာ၊
ကရိဿာမိတိ စ ဖြဝိတ္ထ ဆတ္တော။

ဂါထာမြန်မာပြန် – ဘုရားရှင်သည် ဤလမ်းခရီး၌ အခြားသော ကိစ္စအလျောက် ဆိုက်ရောက်လာသော ဆတ္တလုလင်နှင့် တွေ့ရသောကြောင့် သနားစောင့်ရှောက် ချီးမြှောက်တော်မူလိုသည်ဖြစ်၍ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလတို့ဖြင့် ဟောကြားဆုံးမတော်မူပါ၏။ ရတနာမြတ် ဖြစ်တော်မူသော အရှင်ဘုရား၏ တရားတော်ကို ကြားနာရ၍ ကျင့်ကြံလိုက်နာပါအုံဟုလည်း ဆတ္တလုလင်သည် လျှောက်ထားခဲ့ပါ၏ဘုရား။

http://www.dhammadownload.com

၈၉၆။ ဖီနဝရုပဝရံ ဥပေဟိ သရဇံ၊
မမ္ဗဘာဝိ တထေဝ ဘိက္ခုသံဃံ။
နောတိ ပဌမံ အဝေါစ'ဟံ ဘန္တေ၊
ပစ္ဆာ တေ ဝစနံ တထေဝကာသိ'။

ဂါထာမြန်မာပြန် – မြတ်သူတကာတို့ထက် ထူးမြတ်တော်မူသော ဘုရားရှင်ကို။ အားထားမှိတွယ် ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့။ တရားတော်ကိုလည်းကောင်း၊ ရဟန်းသံဃာတော်ကိုလည်းကောင်း ထိုနည်းအတူပင် အားထားမှိတွယ် ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့ဟု တပည့်တော်ကို ဘုရားရှင် ဆုံးမတော်မူခဲ့ပါ၏။ သရဇာဂုံသီလကို သိ၏လောဟု အရှင်ဘုရား မေးတော်မူသည်ရှိသော် တပည့်တော်သည် မသိပါဟူ၍ လျှောက်ထားခဲ့ပါ၏။ နောက်ကာလ၌လည်း အရှင်ဘုရား၏ စကားတော်ကို ထိုအရှင်ဘုရား ဟောကြားမိန့်မှာတော်မူသည့် အတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏ဘုရား။

၈၉၇။ မာ စ ပါဏဝဓံ ဝိဝိဓံ စရဿု အသုစိ်၊
န ဟိ ပါဏောသု အသညတော် အဝဏ္ဏယိ'သု သပ္ပညာ။
နောတိ ပဌမံ အဝေါစ'ဟံ ဘန္တေ၊
ပစ္ဆာ တေ ဝစနံ တထေဝကာသိ'။

ဂါထာမြန်မာပြန် – လုလင်၊ သင်သည် မစင်ကြယ် မသန့်ရှင်းသည့် သူ့အသက်သတ်ခြင်းကိုလည်း မပြုကျင့်လေလင့်။ သတ္တဝါတို့ကို သတ်ဖြတ်ခြင်းမှ မစောင့်စည်းခြင်းကို ပညာရှိသူတော်ကောင်းတို့သည် မချီးမွမ်းကြကုန်ဟု တပည့်တော်ကို ဆုံးမခဲ့ပါ၏။ အရှင်ဘုရား သူ့အသကသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကို သင်သိ၏လောဟု အရှင်ဘုရား မေးတော်မူသောအခါ တပည့်တော်သည် မသိပါဘုရားဟု လျှောက်ထားခဲ့ပါ၏။ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို အရှင်ဘုရား ဟောကြားမိန့်မှာတော်မူသည့်အတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏ဘုရား။

၈၉၈။ မာ စ ပရဇနဿ ရက္ခိတမ္ဖိ၊
အာဒါတမ္ဘ'မမညိတော အဒိန္နံ။
နောတိ ပဌမံ အဝေါစ'ဟံ ဘန္တေ၊
ပစ္ဆာ တေ ဝစနံ တထေဝကာသိ'။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – သူတစ်ပါး စောင့်ရှောက်အပ်သည်လည်းဖြစ်သော ကိုယ်နှုတ်ဖြင့် ဖွင့်ထုတ်မြွက်ဟ မပေးသော ဥစ္စာအဝဝကို ခိုးယူအပ်၏ဟူ၍လည်း မမှတ်လေလင့်ဟု တပည့်တော်ကို ဆုံးမတော်မူပါ၏။ မပေးသည်ကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်းကို သင်သိ၏လောဟု အရှင်ဘုရား မေးတော်မူသောအခါ တပည့်တော်သည် မသိပါဘုရားဟု လျှောက်ထားခဲ့ပါ၏။ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို အရှင်ဘုရား ဟောကြားမိန့်မှာတော်မူသည့်အတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏ဘုရား။

၈၉၉။ မာ စ ပရဓနဿ ရက္ခိတာယော၊
ပရဘာရိယာ အဂမာ အနရိယမေတံ။
နောတိ ပဋမံ အဝေါစ'ဟံ ဘန္တေ၊
ပစ္ဆာ တေ ဝစနံ တထေဝကာသိံ။

ဂါထာမြန်မာပြန် – သူတစ်ပါး စောင့်ရှောက်အပ်ကုန်သည့် သူတစ်ပါး၏ မယားတို့ကိုလည်း မသွားလာ မလွန်ကျူးလေလင့်။ ဤသွားလာလွန်ကျူးခြင်းသည် မမြတ်သော အကျင့်ပင်တည်းဟု တပည့်တော်ကို ဆုံးမတော်မူခဲ့ပါ၏။ မမြတ်သောအကျင့်မှ ကြဉ်ရှောင်ခြင်းကို သင်သိ၏လောဟု အရှင်ဘုရား မေးတော်မူသောအခါ တပည့်တော်သည် မသိပါဘုရားဟု လျှောက်ထားခဲ့ပါ၏။ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို အရှင်ဘုရား ဟောကြားမိန့်မှာတော်မူသည့်အတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏ဘုရား။

၉၀၀။ မာ စ ဝိတထံ အညထာ အဘာဏိ၊
န ဟိ မုသာဝါဒံ အဝဏ္ဏယိ'သု သပ္ပညာ။
နောတိ ပဋမံ အဝေါစ'ဟံ ဘန္တေ၊
ပစ္ဆာ တေ ဝစနံ တထေဝကာသိံ။

ဂါထာမြန်မာပြန် – မဟုတ်မမှန် လုပ်ကြံပြောကြားသော စကားများကိုလည်း တစ်ပါးသော အခြင်းအရာဖြင့် မပြောဆိုလင့်။ မဟုတ်မမှန် ပြောဆိုခြင်းကို ပညာရှိတို့သည် မချီးမွမ်းကုန်ဟု တပည့်တော်ကို ဆုံးမတော်မူခဲ့ပါ၏။ မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းကို သင်သိ၏လောဟု အရှင်ဘုရား မေးတော်မူသောအခါ တပည့်တော်သည် မသိပါဘုရားဟု လျှောက်ထားခဲ့ပါ၏။

http://www.dhammadownload.com

နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို အရှင်ဘုရား ဟောကြားမိန့်မှာ တော်မူသည့် အတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏ဘုရား။

၉၀၁။ ယေန စ ပုရိသဿ အပေတိ သညာ၊
တံ ဇဇ္ဈံ ပရိဝဇ္ဇယသု သဗ္ဗံ။
နောတိ ပဌမံ အဝေါစ'ဟံ ဘန္တေ၊
ပစ္ဆာ တေ ဝစနံ တထေဝကာသိံ။

ဂါထာမြန်မာပြန် – အကြင် သောက်အပ်သော အရက် စသော ယစ်မျိုးဖြင့် ပုဂ္ဂိုလ်၏ ဓမ္မသညာသည် ကင်း၏။ အလုံးစုံသော ထိုယစ်မျိုးကို သောက်ခြင်းမှ ကြဉ်ရှောင်လေလော့ဟု တပည့်တော်ကို ဆုံးမတော်မူခဲ့ပါ၏။ အရက် စသော ယစ်မျိုးကို သောက်စားခြင်းမှ ကြဉ်ရှောင်ခြင်းကို သိ၏လောဟု အရှင်ဘုရား မေးတော်မူသောအခါ တပည့်တော်သည် မသိပါဘုရားဟု လျှောက်ထားခဲ့ပါ၏။ နောက်ကာလ၌ အရှင်ဘုရား၏ စကားတော်ကို အရှင်ဘုရား ဟောကြားမိန့်မှာ တော်မူသည့် အတိုင်းသာလျှင် လိုက်နာပြုကျင့်ခဲ့ပါ၏ဘုရား။

၉၀၂။ သွာဟံ ဣဒ ပဿ သိက္ခာ ကရိတ္တာ၊
ပဋိမဇ္ဇိတ္တာ တထာဂတဿ ဓမ္မေ။
ဒွေပထ'မဂမာသိံ စောရမဇ္ဈေ၊
တေ မံ တတ္ထ ဝဓိံသု သောဂဟောတု။

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ ထိုတပည့်တော်သည် ဤလမ်းခရီးအရပ်၌ ငါးပါးသော သိက္ခာပုဒ်တော်တို့ကို ဆောက်တည်၍ မြတ်စွာဘုရား၏ တရားတော်တို့ကို ကျင့်ပြီးနောက် ခိုးသူတို့၏အလယ်၌ နယ်ခြားလမ်းခရီးသို့ ရောက်သွားပါ၏။ ထိုခိုးသူတို့သည် ပစ္စည်းဥစ္စာဟူသော အကြောင်းကြောင့် တပည့်တော်ကို ထိုလမ်းခရီး၌ပင် သတ်လိုက်ကြပါကုန်၏ဘုရား။

၉၀၃။ စတ္တာကမိဒံ အနုဿရာမိ ကုသလံ၊
တတော ပရံ နု မေ ဝိဇ္ဇတိ အည်ံ။
တေန သုစရိတေန ကမ္မုနာဟံ၊
ဥပ္ပန္နော တိဒိဝေသု ကာမကာမိ။

http://www.dhammadownload.com

၉၀၃။ ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ ဆတ္တမာဏဝကဟု အမည်ထင်ရှား တပည့်တော်နတ်သား၊သည်။ ဧတ္တကံ၊ ဤမျှလောက်သာ ပြုခဲ့ဖူးပါသော။ ကွဒ် ကုသလံ၊ ဤသရဏဂုံသုံးပါး၊နှင့် ငါး၊ပါး၊သီလကုသိုလ်ကို။ အနုဿရာမိ၊ အောက်မေ့ မိပါ၏။ မေ၊ တပည့်တော်အား။ တတော၊ ထိုသရဏဂုံသုံး၀ သီလငါး၊ပါး၊ ကုသိုလ် တရား၊မှ။ ပရံ၊ ပို၍ပို၍သော။ အညံ၊ အခြား၊တစ်ပါး၊ ကုသိုလ်တရား၊သည်။ နဝိဇ္ဇတိ၊ မရှိခဲ့ပါဘုရား။ အဟံ၊ တပည့်တော်သည်။ တေန သုစရိတေန ကမ္မုနာ၊ ထို သုစရိုက်မှန် ကောင်းမှုကံကြောင့်။ တိဒိဝေသု၊ တာ၀တိံသာ နတ်ပြည်တို့၌။ ကာမကာမီ၊ လိုရာအာရုံ ကာမဂုဏ်နှင့် ပြည့်စုံသူသည်။ ဥပပန္နော၊ ဖြစ်ရပါပေ၏ မြတ်စွာဘုရား။

၉၀၄။ ပဿ ဧဏမုဟုတ္တ သညမဿ၊
အနုဧမ္မပုဋိပတ္တိယာ ဝိပါကံ။
ဧလမိဝ ယသသာ သမေက္ခမာနာ
အဟုကာ မံ ဝိဟယန္တိ ဟီနကမ္မာ။

၉၀၄။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဏမုဟုတ္တသညမဿ၊ တစ်ဧဏမျှ စောင့် စည်းရသော သီလ၏လည်းကောင်း။ အနုဧမ္မပုဋိပတ္တိယာ၊ တရား၊တော်နှင့်လျော်စွာ ကျင့်ကြံရသော အကျင့်၏လည်းကောင်း။ ဝိပါကံ၊ အကျိုးထူးကို။ ပဿ၊ ရှုတော် မူပါဘုရား။ ဟီနကမ္မာ၊ တပည့်တော်အောက် အောက်တန်းကျသော။ ဗဟုကာ၊ နတ်အများတို့သည်။ ယသသာ၊ တန်ခိုးကြီးမား အခြံအရံအား၊ဖြင့်။ ဧလမိဝ၊ ထွန်းလင်းတောက်ပသကဲ့သို့သော။ မံ၊ တပည့်တော်ကို။ သမေက္ခမာနာ၊ ကောင်းစွာ ထင်ထင် တွေ့မြင်ကြရကုန်သည်ဖြစ်၍။ မယံပိ၊ ငါတို့သည်လည်း။ ဧဒိသာ၊ ဤ ဆတ္တမာဏဝက နတ်သား၊ကဲ့သို့။ ဘ၀ါမ၊ ဖြစ်ရပါလိုကုန်၏။ ကွတိ၊ ဤသို့။ ဝိဟယန္တိ ပတ္ထေန္တိ၊ တောင့်တ၊နေကြပါကုန်၏ဘုရား။

၉၀၅။ ပဿ ကတိပယာယ ဒေဿနာယ၊
သုဂတိဥ္ဆမှိ ဂတော သုစ္ဆ ပတ္တော။
ယော စ တေ သတတံ သုဏန္တိ ဓမ္မံ၊
မညေ တေ အမတံ ဖုသန္တိ ဧဝံ။

http://www.dhammadownload.com

၉၀၅။ ကတိပယာယ၊ အနည်းငယ်မျှသော။ ဒေသနာယ၊ တရားဒေသနာတော်၏။ အတ္ထံ၊ အကျိုးတရားကို။ ပဿ၊ ရှုတော်မူပါဘုရား။ သုဂတိဠ္ဟ၊ သုဂတိခန်း နတ်ဘုံနန်းသို့လည်း။ ဂတော၊ ရောက်ရသည်။ အမှိ၊ ဖြစ်ရပါ၏ဘုရား။ သုခဠ္ဟ၊ ပြည့်စုံချမ်းသာခြင်းသို့လည်း။ ပတ္တော၊ ရောက်ရသည်။ အမှိ၊ ဖြစ်ရပါ၏ဘုရား။ ယေစ၊ ရဟန်းရှင်လူ အကြင်သူတို့သည်ကား။ သတတံ၊ မပြတ်အမြဲ။ တေ၊ သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သုဏန္တိ၊ နာကြားရလေကုန်၏။ တေစ၊ ထိုရဟန်းရှင်လူ ခပ်သိမ်းသူတို့သည်ကား။ အမတံ၊ အသက်သေခြင်းမရှိသော။ ခေမံ၊ ဇာတိဇရာ မရဏဘေး ကင်းဝေးရာမှန် ပြည့်နိဗ္ဗာန်သို့။ ဖုသန္တိမညေ၊ ရောက်ရမည်မှာ ဧကန်မလွဲပါဟု ထင်မြင်မိပါ၏ မြတ်စွာဘုရား။

၉၀၆။ အပ္ပမ္ပိ ကတံ မဟာဝိပါကံ၊
ဝိပုလံ ဟောတိ တထာဂတဿ ဓမ္မေ။
ပဿ ကတပုညတာယ ဆတ္တော၊
သြဘာသေတိ ပထဝိံ ယထာပိ သူရိယော။

၉၀၆။ တထာဂတဿ၊ ဘုရားမြတ်စွာ၏။ ဓမ္မေ၊ တရားတော်၌။ အပ္ပမ္ပိ ကတံ၊ အနည်းငယ်မျှ ပြုလုပ်ရသော ကုသိုလ်သည်လည်း။ မဟာဝိပါကံ၊ ကြီးမားသော အကျိုးရှိပါ၏။ ဝိပုလံ၊ ပြန့်ပြောထည်ဝါ များမြတ်လှသည်။ ဟောတိ၊ ဖြစ်ပါ၏။ ပဿ၊ ရှုတော်မူပါ။ ဆတ္တော၊ ဆတ္တမာဏဝက နတ်သားသည်။ ကတပုညတာယ၊ ပြုလုပ်ခဲ့သည့် ကောင်းမှုရှိသောကြောင့်။ သူရိယော၊ ရှင်နေမင်းသည်။ ပထဝိံ၊ မြေပြင်ကို။ သြဘာသေတိယထာ၊ ထွန်းလင်းစေသကဲ့သို့။ သြဘာသတိ၊ ထွန်းလင်းစေနိုင်ပါ၏ဘုရား။

၉၀၇။ ကိမိဒံ ကုသလံ ကိမာစရေမ၊
ဉတ္ဝေကော ဟိ သမေစ္စ မဿယန္တိ။
တေ မယံ ပုနရေဝ လဒ္ဓမာနုသတ္တံ၊
ပဋိပန္နာ ဝိဟရေမု သီလဝန္တော။

၉၀၇။ ဘန္တေ၊ မြတ်စွာဘုရား။ ဧကေ၊ အချို့ လူသားတို့သည်။ ဉာဒံ ကုသလံ၊ ဤကုသိုလ်ဟူသည်။ ကိံ၊ အဘယ်သို့ပါနည်း။ ဉာဒံ ကုသလံ၊ ဤ

http://www.dhammadownload.com

ကုသိုလ်ကို။ ကိ၊ အဘယ်သို့လျှင်။ မယံ၊ ငါတို့သည်။ အာစရေမ၊ ကျင့်နိုင်ပါ ကုန်အံ့နည်း။ ဣတိ၊ ဤသို့။ မန္တ္ယန္တိ၊ တိုင်ပင်ပြောဆိုကြပါကုန်၏။ ဝါ၊ တစ်နည်း။ ပထဝိ၊ အစအဆုံး မြေပြင်အလုံးကို။ ပရိဝတ္တေန္တာ ဝိယ၊ ထက်အောက် ပြောင်းပြန် တွန်းကာလှန်ရသကဲ့သို့လည်းကောင်း။ သိနေရုံ၊ လေးကျွန်းဗဟို တောင်မြင်းမိုရ်ကြီးကို။ ဥက္ခိပန္တာဝိယစ၊ မဖြစ်မနေ မြှောက်ချီရလေသကဲ့သို့လည်း ကောင်း။ သုဒဿုံရုံ၊ လွယ်ကူမရှိ အလွန် ခဲယဉ်းဘိသည်ကို။ ကတွာ၊ ဆင်ခြေ ပေးမှု အရင်းပြု၍။ သမေစ္စ၊ ဝါဒအယူ တူသူကိုရွေး ပေါင်းစုဝေး၍။ မန္တ္ယန္တိ၊ တိုင်ပင်ကြပါကုန်၏။ တေ မယံ၊ ထိုတပည့်တော်တို့သည်။ ပုနရေဝ၊ တစ်ဖန် သာလျှင်။ မာနုသတ္တံ၊ လူ့ဘဝကို။ လဒ္ဓံ၊ ရကြပါသော်။ ပဋိပန္နာ၊ ဖြည့်ကျင့် ကုန်လျက်။ သီလဝန္တော၊ သီလနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ ဝိဟရေမု၊ ကောန် မသွေ နေကြပါကုန်အံ့။

၉၀၈။ ဗဟုကာရော အနုကမ္မကော စ သတ္ထာ၊
ဣတိ မေ သတိ အဂမာ ဒိဝါ ဒိဝဿ။
သွာဟံ ဥပဂတောမှိ သစ္ဆနာမံ၊
အနုကမ္မဿု ပုနပိ သုဏောမု ဓမ္မံ။

၉၀၈။ သတ္ထာ၊ ဘုရားရှင်သည်။ ဗဟုကာရော၊ များစွာသော ကျေးဇူးကို ပြုတော်မူပါပေ၏။ အနုကမ္မကော၊ သနားစောင့်ရှောက်တော်မူပါပေ၏။ ဣတိ၊ ဤသို့။ မေ၊ တပည့်တော်သည်။ သတိ၊ ခိုးသူမသတ်ခင် အသက်ရှင်စဉ်။ ဒိဝါ ဒိဝဿ၊ နေ့မွန်းတည့်သောအခါ၌။ အဂမာ၊ ကြွရောက်တော်မူလာပါပေ၏။ သော အဟံ၊ ထိုတပည့်တော်သည်။ သစ္ဆနာမံ၊ မှန်သောအမည်ရှိသော မြတ်စွာဘုရားကို။ ဥပဂတောမှိ၊ ဆည်းကပ်ခဲ့သူသည်။ အမှိ၊ ဖြစ်ပါ၏။ ပုနပိ၊ ယခုတစ်ဖန်လည်း။ အနုကမ္မဿု၊ သနားစောင့်ရှောက်တော်မူပါဦးဘုရား။ ဓမ္မံ၊ တရားတော်ကို။ သုဏောမု၊ နာကြားကြပါကုန်အံ့ဘုရား။

ဤသို့ ဆတ္တမာဏဝက နတ်သားသည် ဤသို့လျှင် ဘုရားရှင်အား ဆည်းကပ်ခစားရခြင်းတို့ကိုလည်းကောင်း၊ တရားတော်ကို နာကြားရခြင်းတို့ကိုလည်း ကောင်း ထင်စွာပြလျက်သာ လျှောက်ဆိုလေ၏။

http://www.dhammadownload.com

ဘုရားရှင်သည် ဆတ္တမာဏဝက နတ်သားအားလည်းကောင်း၊ ရောက်လာသော ပရိသတ်အားလည်းကောင်း အလိုအဖျာသယကို ကြည့်ရှုတော်မူ၍ အစဉ်အတိုင်း တရားကို ဟောကြားတော်မူလေ၏။

ဒေသနာတော်၏အဆုံး၌ ဆတ္တမာဏဝကနတ်သားသည်လည်းကောင်း၊ ဆတ္တမာဏဝကလုလင်၏ မိဘ တို့သည်လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။ များစွာသော လူအပေါင်းတို့အားလည်း သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်ကြသည် ဖြစ်လေ၏။

ထို့နောက် သောတာပန်ဖြစ်သည့် ဆတ္တမာဏဝကနတ်သားသည် အထက်မင်္ဂလာတို့၌ လေးစားသမှု ဂရုပြုသော စိတ်ရှိသည်ကိုလည်းကောင်း ထင်စွာပြလိုရကား ဤသို့ ဂါထာကို ဆိုလေ၏။

၉၀၉။ ယေ စိဓ ပဇာယန္တိ ကာမရာဂံ၊
ဘဝရာဂါနုသယဉ္စ ပဟာယ မောဟံ။
နာ စေ တေ ပုန မုပေန္တိ ဂဗ္ဘသေယျံ၊
ပဋိဓိမူလဂဂဏာ ဟိ သိတိဘူတာ။

http://www.dhammadownload.com

အထိပ်ကိုယူ၍ ဘုရားရှင်ကို ရှိခိုးသည်။ ရဟန်းသံဃာတော်အားလည်း ရှိသေလေးမြတ်သော အမူအရာကိုပြ၍ အမိအဖတို့ကို ပန်ကြားပြီးကာ နတ်ပြည်သို့ သာလျှင် ပြန်သွားလေ၏။

ဘုရားရှင်သည်လည်း ရဟန်းသံဃာနှင့်တကွ နေရာမှထကာ ကြွသွားတော်မူလေ၏။ လုလင်၏ အမိအဖတို့သည်လည်းကောင်း၊ ပေါက္ခရသာတိ ပုဏ္ဏားကြီးသည်လည်းကောင်း၊ အလုံးစုံသော လူအပေါင်းသည်လည်းကောင်း ဘုရားရှင်၏နောက်သို့ အစဉ်လိုက်ပို့၍ လှည့်လည်ကာ ပြန်လာကြကုန်၏။ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၍ စည်းဝေးရောက်လာသော ပရိသတ်အား ဤဆတ္တမာဏဝကဝိမာနဝတ္ထုကို အကျယ်အားဖြင့် ဟောကြားတော်မူလေ၏။ ထိုဒေသနာတော်မြတ်သည် များစွာသော လူအပေါင်းအား အကျိုးစီးပွားများပြားသည် ဖြစ်လေ၏။

ဆတ္တမာဏဝကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

ပုစွန်လုံးဟင်းလျာ လောင်းလှူ

ထိုအခါ ထိုရဟန်းသည် "အရှည်ကို သိမြင်တော်မူသော မြတ်စွာဘုရားသည် စင်စစ် တစ်စုံတစ်ခုသော အကြောင်းကို မြင်တော်မူ၍ ဤသို့ မိန့်တော်မူသည် ဖြစ်လတ္တံ့" ဟု ကြံ၍ "ကောင်းပါပြီ မြတ်စွာဘုရား" ဟု ဘုရားရှင်အား ဝန်ခံကာ သပိတ်သံကံန်းကိုယူ၍ မဂဓလယ်ပြင်သို့သွားသည်။ လယ်စောင့်ယောကျ်ား၏ လယ်တဲဆံခါးဝ၌ ဆွမ်းအလို့ငှာ ရပ်လေ၏။ လယ်စောင့်ယောကျ်ားသည် ပုစွန်လုံးဟင်းလျာနှင့် ထမင်းကိုချက်ပြီးကာ "အနည်းငယ် အပန်းဖြေပြီးလျှင်စား" ဟု ထိုင်နေသည်။ ဆွမ်းခံကြွရောက်လာသော မထေရ်ကိုမြင်၍ သပိတ်ကိုယူကာ လယ်တဲသို့ပင်ပြီး ပုစွန်လုံးဖြင့် စိမ်းသောဆွမ်းကို မထေရ်မြတ်၏ သပိတ်ထဲသို့ လောင်းလှူလိုက်လေ၏။

ပုစွန်လုံးဟင်းကြောင့် နားကိုက်ရောဂါပျောက်

မထေရ်မြတ်သည် ပုစွန်လုံးဟင်းဖြင့် စိမ်းသောဆွမ်းကို အနည်းငယ် ဘုဉ်းပေးလိုက်လျှင်ပင် ရေအိုးတစ်ရာဖြင့် သွန်းလောင်းလိုက်သကဲ့သို့ နားကိုက်ရောဂါ ဝေဒနာမှာ အေးငြိမ်းပျောက်ကင်းသွားလေ၏။

ရဟန္တာဖြစ်ခြင်း

မထေရ်မြတ်သည် သင့်မြတ်သောဘောဇဉ်၏ အစွမ်းဖြင့် စိတ်ချမ်းသာခြင်းကို ရသောကြောင့် ဆွမ်းဘုဉ်းပေးနေဆဲတွင် ဝိပဿနာ ဖြစ်ပျက်ကမ္မဋ္ဌာန်းကို ရှုဆင်ခြင်သည်။ မထေရ်သည် ဆွမ်းဘုဉ်းပေးမပြီးမီပင် အကြွင်းမဲ့ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ရောက်၍ လယ်စောင့်ယောကျ်ားအား ဤသို့ မိန့်ကြားတော်မူ၏။ "ဒါယကာ၊ သင်၏ ဆွမ်းဘောဇဉ်ဖြင့် ငါ၏ နားကိုက်ရောဂါ ပျောက်ကင်းငြိမ်းအေး၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြစ်၏၊ သင်သည်လည်း ဤပုစွန်လုံးဖြင့် စိမ်ချက်ပြုတ်လှူဒါန်းသော ကုသိုလ်၏အကျိုးကြောင့် ဆင်းရဲခြင်းလွတ်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြစ်လတ္တံ့" ဟု မိန့်တော်မူ၍ အနုဘောဝနာပြုပြီး ကြွသွားတော်မူလေ၏။

http://www.dhammadownload.com

ကောင်းမှုပြု၍ ကောင်းကျိုးခံစားရ

လယ်စောင့်ယောကျ်ားသည်လည်း သူလှူဒါန်းလိုက်သော ကုသိုလ်ကို အဖန်ဖန် အောက်မေ့ရာ နောက်အခါ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ သူ့ဗိမာန်သည် ပတ္တမြားခြယ်စီသော တိုင်တို့ဖြင့်တည်သော တစ်ဆယ့်နှစ်ယူဇနာရှိ ရွှေဗိမာန်ကြီးဖြစ်သည်။ အထွတ်ဘုံဆောင် ခုနစ်ရာတို့ဖြင့် တန်ဆာဆင်ထားသည်။

ထိုနတ်သား၏ ဗိမာန်တံခါးဝ၌ ပုလဲဆိုင်းဖြင့် ထည့်၍ဆွဲထားသော ရွှေပုစွန်လုံးရုပ်သည် ရှေးက ဆည်းပူးပြုစုခဲ့သော ကုသိုလ်ကောင်းမှုကို ထုတ်ဖော်ညွှန်ပြဘိသကဲ့သို့ တည်ရှိလေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသောအခါ ထိုနတ်သား၏ဗိမာန်ကို မြင်တော်မူ၍ နတ်သားအား ဤသို့ မေးမြန်းတော်မူလေ၏။

၉၁၀။ ဥစ္စမိဒံ မဏိထူဏံ ဝိမာနံ၊
သမန္တတော ဒွါဒသ ယောဇနာနိ။
ကူဋာဂါရာ သတ္တသတာ ဥဠာရာ၊
ဝေဠုရိယထမ္ဘာ ရုစကတ္ထတာ သုဘာ။

၉၁၀။ မဏိထူဏံ၊ ပတ္တမြားတိုင်ရှိသော။ ဣဒံ ဝိမာနံ၊ ဤဗိမာန်သည်။ ဥစ္စံ၊ အဆင့်ဆင့်ဖြင့် မြင့်ကာမြင့်ကာ တက်၍နေပါ၏။ သမန္တတော၊ ထက်ဝန်းကျင်အားဖြင့်။ ဒွါဒသ ယောဇနာနိ၊ တစ်ဆယ့်နှစ်ယူဇနာ ရှိပါ၏။ ဝေဠုရိယထမ္ဘာ၊ ကြောင်မျက်ရွဲတိုင် ရှိကုန်ထသော။ ဥဠာရာ၊ လွန်စွာပြန့်ကျယ်ထသော။ ကူဋာဂါရာ၊ စုလစ်မွန်းချွန် တပ်ထသော။ သတ္တသတာ၊ နန်းပြာသာဒ်ဆောင် ခုနစ်ရာတို့သည်။ ရုစကတ္ထတာ၊ ရွှေပျဉ်ချပ်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍။ သုဘာ၊ တင့်တယ်ပေကုန်၏။

၉၁၁။ တတ္ထဋ္ဌသိ ဝိဝသိ ခါဒသိ စ၊
ဒိဗ္ဗာ စ ဝိဏာ ပဝဒန္တိ ဝဂ္ဂုံ။

http://www.dhammadownload.com

ဒိဗ္ဗာ ရသာ ကာမဂုဏေတ္ထ ပဋ္ဌ၊
နာရိယော စ နစ္စန္တိ သုဝဏ္ဏဆန္နာ။

၉၁၁။ တွံ၊ သင်နတ်သားသည်။ တတ္ထ၊ ထိုဗိမာန်၌။ အစ္ဆသိ၊ စံစားနေထိုင်လျက်။ ပိဝသိ စ၊ နတ်၌ဖြစ်လာ အဖျော်ယမကာတို့ကို သောက်လည်း သောက်၏။ ခါဒသိ စ၊ နတ်သုန္ဒာအရသာ နတ်ဩဇာတို့ကို စားလည်း စား၏။ ဒိဗ္ဗာ ဝိဇာ စ၊ နတ်စောင်းတို့သည်လည်း။ ဝဂ္ဂု၊ သာယာလှစွာ။ ပဝဒန္တိ၊ မြည်ပါကုန်၏။ ဧတ္ထ၊ ဤဗိမာန်နန်း၌။ ဒိဗ္ဗာ ရသာ၊ နတ်၌ဖြစ်သော အရသာဖြစ်ကုန်သော။ ပဋ္ဌ၊ ငါးပါးကုန်သော။ ကာမဂုဏာ၊ ခံစားဖွယ်စုံ ကာမဂုဏ်တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိနေကုန်၏။ သုဝဏ္ဏဆန္နာ၊ ရွှေအဝတ်လွှာ ရွှေတန်ဆာစုံ ဝတ်ဆင်ကုန်သော။ နာရိယောစ၊ နတ်ကညာတို့သည်လည်း။ နစ္စန္တိ၊ ကခုန်မြူးလျက် ပျော်တော်ဆက်ကြကုန်၏။

၉၁၂–၃–၄ ဂါထာများသည် ဣတ္ထိဝိမာန၊ ပိဋ္ဌဝဂ်၊ ပဌမ ပီဋ္ဌဝိမာနဝတ္ထုလာ ၂–၃–၄ ဂါထာများနှင့် တူသည်။

ထို့နောက် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် "နတ်သား သင့်အား ဘယ်သို့ပြုဖူး အဘယ်ကုသိုလ်ထူးကြောင့် ဤသို့သော အရောင်အဆင်းရှိလျက် နှစ်သက်ဖွယ်ရာ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံသည့်အပြင် အလွန်နှစ်သက်ဖွယ်ရာ စည်းစိမ်ချမ်းသာအားလုံးတို့ ဖြစ်ပေါ်၍ လာကုန်သနည်း၊ နတ်သား သင့်ကို ငါမေးမြန်း၏၊ သင်သည် လူဖြစ်ခဲ့စဉ်အခါက အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဖူးပါသနည်း၊ အဘယ်ကုသိုလ်ထူးကို ပြုခဲ့ဖူးသောကြောင့် ဤသို့ ထွန်းလင်းတောက်ပသော တန်ခိုးအာနုဘော် ရှိပါသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် သင်၏ အဆင်းရောင်ဝါသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပဘိသနည်း" ဟု အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် မေးမြန်းတော်မူလေ၏။

နတ်သားက ဖြေကြား

ထိုနတ်သားသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤယခု ပစ္စက္ခမျက်မှောက်၌ ခံစားရသောအကျိုး၏ အကြောင်းကံပြဿနာကို မေးမြန်းတော်မူသည် အားလျော်စွာ ဤသို့ဖြေကြား လျှောက်ထားလေ၏။

http://www.dhammadownload.com

၉၁၅။ သတိသမုပ္ပါဒကရော၊ ဒွါရေ ကက္ကဋကော ဋ္ဌိတော။
နိဋ္ဌိတော ဇာတရူပဿ၊ သောဘတိ ဒသပါဒကော။

၉၁၅။ ယေန၊ အကြင် ပုစ္ဆန်ဟင်းဆွမ်း လှူဒါန်းသည့် မြတ်ကောင်းမှုကြောင့်။ အယံ ဒိဗ္ဗသမ္ပတ္တိ၊ ဤနတ်စည်းစိမ်ကို။ မယာ၊ တပည့်တော်သည်။ လဒ္ဓါ၊ ရခဲ့ပါ၏။ တတ္ထ၊ ထိုပုစ္ဆန်ဟင်းဆွမ်း လှူဒါန်းသည့် မြတ်ကောင်းမှု၌။ သတိသမုပ္ပါဒကရော၊ အမှတ်တရအနေ ဖြစ်စေခြင်းငှာ ကောင်းစွာပြုတတ်သော။ ဇာတရူပဿ၊ အရောင်ဝင်းဝါ ရွှေရတနာဖြင့်။ နိဋ္ဌိတော၊ ပြီးစီးသော။ ဒသပါဒကော၊ အခြေဆယ်ချောင်းရှိသော။ ကက္ကဋကော၊ ရွှေရောင်ဖုံးအုပ် ပုစ္ဆန်လုံးရုပ်သည်။ ဒွါရေ၊ နန်းဆောင်အစ တံခါးဝ၌။ ဋ္ဌိတော၊ တည်ရှိနေလျက်။ သောဘတိ၊ တင့်တယ်နေရပါသည့်ဘုရား။

၉၁၆-၇ ဂါထာများသည် ပီဋဝဂ်၊ ပဌမ ပီဋဝိမာနဝတ္ထုမှ အမှတ် ၆-၇ ဂါထာများနှင့် တူသည်။

ထိုပုစ္ဆန်လုံးဟင်းနှင့် ဆွမ်းကို လှူဒါန်းခဲ့ရသော ကုသိုလ်ကြောင့် တပည့်တော်အား အရောင်အဆင်းလှပခြင်း၊ ချမ်းသာကောင်းကျိုး ပွားတိုးပြည့်စုံခြင်းနှင့် နှစ်သက်ဖွယ်ရာ စည်းစိမ်ဥစ္စာအားလုံးတို့ ဖြစ်ပေါ်လာခြင်း တန်ခိုးအာနုဘော်ကြီးမားခြင်း၊ အလုံးစုံသော အရပ်မျက်နှာတို့၌ အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းတို့သည် ဖြစ်ပေါ်ရပါသည့်ဘုရားဟု လျှောက်ကြားလေ၏။

ကျန်သော အဓိပ္ပာယ်များ သိသာပြီ။

ကက္ကဋကရသဒါယကဝိမာနဝတ္ထု ပြီး၏။



၅။ ဒွါရပါလကဝိမာနဝတ္ထု

ရဟန်းတော်တို့အား ကိစ္စကြီးငယ်ကို ဆောင်ရွက်ပေးကာ ရဟန်းတော်တို့ထံ၌ တရားနာခဲ့သောကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရသော ဒွါရပါလကနတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ဥပါသကာတစ်ယောက်

http://www.dhammadownload.com

ရှိသည်။ သူသည် လေးမျိုးသောနိစ္စဘတ်ဆွမ်းကို သံဃာတော်အား လှူဒါန်းသည်။ ဥပါသကာ၏အိမ်သည် ရွာ၏အစွန်အဖျား စည်းရိုးနားဌ ရှိသည်ဖြစ်၍ ခိုးသူဘေးရန်ကြောင့် များသောအားဖြင့် အိမ်တံခါးကို ပိတ်၍ထားသည်။ ရဟန်းတော်တို့သည် ထိုအိမ်ရှေ့သို့ ရောက်သည်ရှိသော် တံခါးပိတ်ထားသောကြောင့် ဆွမ်းမရဘဲ ပြန်ကြခဲ့ရကုန်၏။

ဥပါသကာသည် မယားဖြစ်သူကိုခေါ်၍ "ရှင်မ၊ သင်သည် ရဟန်းတော်အရှင်မြတ်တို့အား ဆွမ်းကို လောင်းလှူပါ၏လော" ဟု မေးမြန်းသောအခါ မယားဖြစ်သူက "အချို့သောနေ့တို့၌ ရဟန်းတော်အရှင်မြတ်တို့သည် ကြွမလာကြပါ" ဟု ပြောဆိုလေလျှင် ဥပါသကာသည် "အဘယ်ကြောင့် ကြွမလာကြပါကုန်သနည်း" ဟု မေးပြန်ရာ "တံခါးပိတ်၍နေသောကြောင့် မကြွခဲ့နေကြသည်ထင်ပါ၏" ဟု ပြောဆိုလေ၏။

တံခါးစောင့်ထားခြင်း

ဥပါသကာသည် ယောကျ်ားတစ်ယောက်ကို တံခါးစောင့်ပြုလုပ်ထားကာ "သင်သည် ယနေ့မှစ၍ တံခါးကိုစောင့်ပါ၊ ရဟန်းတော်အရှင်မြတ်တို့ ကြွရောက်တော်မူလာကြလျှင် အိမ်တွင်းသို့ ပင့်ဆောင်၍ ရဟန်းတော်တို့၏ သုပိတ်ကို ယူဆောင်ခြင်း၊ နေရာခင်းခြင်း စသော ပြုသင့်ပြုထိုက်သော အလုပ်ကိစ္စဟူသမျှကို အလိုက်သိစွာ ပြုလုပ်ပါ" ဟု ခိုင်းစေ၍ ထားလေ၏။

တံခါးစောင့်ယောကျ်ားသည် ထိုဥပါသကာ ပြောဆိုသည့်အတိုင်းပင်လျှင် ရဟန်းတော်အရှင်မြတ်တို့၏ ကိစ္စကြီးငယ်တို့ကို ပြုလုပ်ဆောင်ရွက်လျက် ရဟန်းတော်တို့၏အထံမှ တရားတော်ကို နာကြားသည်။ တရားနာကြားရရာမှ ကံ-ကံ၏အကျိုးကို ယုံကြည်ကာ သရဏဂုံသုံးပါးနှင့်တကွ သီလတို့ကို ဆောက်တည်သည်။

ကောင်းကျိုးခံစားရ

နောက်အခါ နိစ္စဘတ်လေးခုကို အမြဲလှူဒါန်းသော ဥပါသကာသည် ကွယ်လွန်သော် ယာမာနတ်တို့ ပျော်စရာ ယာမာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

http://www.dhammadownload.com

တံခါးစောင့်လည်း နတ်ပြည်ရောက်

တံခါးစောင့်ယောက်ျားသည်ကား ရှိသေစွာ ရဟန်းတော်တို့ကို ချဉ်းကပ်လုပ်ကျွေး၍ သူတစ်ပါး ဖွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ကိစ္စကြီးငယ်ကို ရွက်ဆောင်ကူညီသော ကုသိုလ်ကြောင့်လည်းကောင်း၊ ဝမ်းမြောက်နမော် သာဓုခေါ်သော ကုသိုလ်ကြောင့်လည်းကောင်း တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။

ကျန်သောအဓိပ္ပာယ်များ ရှေးကကွဋ္ဌကရသဒါယကဝတ္ထုနှင့် တူသည်။

၉၁၈ မှ ၉၂၂ တိုင်အောင် ဂါထာများသည် ၉၁၀ မှ ၉၁၄ အထိ ဂါထာများနှင့် အစဉ်အတိုင်းတူသည်။

၉၂၃။ ဒီဗ္ဗံ မမံ ဝဿသဟဿမာယု၊
ဝါစာဘိဂီတံ မနသာ ပဝတ္တိတံ။
ဇောတေဝတာ ဌဿတိ ပုညကမ္မော၊
ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂီဘူတော။

၉၂၃။ ဘန္တေ၊ အရှင်ဘုရား။ မမံ၊ တပည့်တော်၏။ အာယု၊ အသက်သည်။ ဒိဗ္ဗံ၊ နတ်တို့၏ အရေအတွက်ဖြစ်သော။ ဝဿသဟဿံ၊ နှစ်ပေါင်းတစ်ထောင်သည်။ ဘဝတိ၊ နေရမည်ဖြစ်ပါသည်။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗေ၊ ရှေးလူ့ဘဝဆီက။ ဝါစာဘိဂီတံ၊ နှုတ်စကားဖြင့် လျှောက်ခဲ့ရုံမျှသော ကုသိုလ်ကို။ မနသာ၊ ကြည်ညိုသော စိတ်ထားဖြင့်။ ပသန္နံ၊ ကြည်ညိုခြင်းကို။ ပဝတ္တိတံ၊ ဖြစ်စေခဲ့ပါသည်ဘုရား။ ဇောတေဝတာ၊ စိတ်၌ ကြည်ညိုရုံမျှလောက်ဖြင့်။ ပုညကမ္မော၊ ပြုအပ်ပြီးသည့် ကောင်းမှုကံရှိသူသည်။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ ကာမေဟိ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့နှင့်။ သမင်္ဂီဘူတော၊ ပြည့်စုံသည်ဖြစ်၍။ မမံ၊ တပည့်တော်၏။ အာယု၊ အသက်သည်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ဝဿသဟဿံ၊ နှစ်ပေါင်း တစ်ထောင်ပတ်လုံး။ ဌဿိ၊ တည်နေရပါအံ့ဘုရား။

၉၂၄-၅ ဂါထာများသည် ကကွဋ္ဌကရသဒါယကဝတ္ထုလာ ၉၁၆-၇ ဂါထာများနှင့် အစဉ်အတိုင်းတူသည်။

ဒွါရပါလကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ ပဌမ ကရဏီယဝိမာနဝတ္ထု

ဒါနစသော ကုသိုလ်တရားစုကို ပြုခဲ့သောကြောင့် တစ်ဆယ့်နှစ်ယူဇနာရှိသည့် ကြောင်မျက်ရွဲတိုင်ရှိသော ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ ချမ်းမြေ့စွာ စံစားရသော ကရဏီယနတ်သား။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား ဥပါသကာ ယောကျ်ားတစ်ယောက်သည် ရေချိုးရန် အသုံးအဆောင်တို့ကိုယူ၍ အစိရဝတီ မြစ်ဆိပ်သို့သွားသည်။ ရေချိုးပြီး ပြန်လာသည်ရှိသော် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ရန်အလို့ငှာ ကြွတော်မူလာသော မြတ်စွာဘုရားကို ဖူးမြင်ရလေလျှင် အနီးသို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် "မြတ်စွာဘုရား အဘယ်သူက ပင့်ပါသနည်းဘုရား" ဟု လျှောက်ထားလေလျှင် ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူလေ၏။

ဥပါသကာသည် ဘုရားရှင် ဆိတ်ဆိတ်နေတော်မူသည်ကို ထောက်ဆ၍ တစ်စုံတစ်ယောက်သောသူမျှ မပင့်ဖိတ်သေးသည်ကို သိရလေလျှင် "မြတ်စွာဘုရား တပည့်တော်အား သနားသဖြင့် တပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါဘုရား" ဟု ပင့်လျှောက်ကာ မွန်မြတ်သော ဆွမ်းခဖွယ်ဘောဇဉ် အဖျော်ယမကာတို့ကို ဆက်ကပ်၏။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ထိုဥပါသကာအား အနုမောဒနာပြု၍ ပြန်ကြွတော်မူလေ၏။ ထိုဥပါသကာသည် ထိုဆွမ်း ကပ်လှူဒါန်းရသော ကုသိုလ်ကို အမြဲမပြတ် အောက်မေ့ကာနေလေ၏။ နောင်အခါ တစ်ခုသောရောဂါဖြင့် ကွယ်လွန်ပြီး တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်သည်။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သားအား ဤသို့ မေးတော်မူသည်။

၉၂၆ မှ ၉၃၀ အထိ ဂါထာများသည် ဒွါရပါလကဝိမာနဝတ္ထုလာ ၉၁၈ မှ ၉၂၂ အထိ ဂါထာများနှင့် တူသည်။

၉၃၁။ ကရဏီယာနိ ပုညာနိ၊ ပဏ္ဍိတေန ဝိဇာနတာ။
သမ္မဂ္ဂတေသု ဗုဒ္ဓေသု၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

၉၃၁။ ဝိဇာနတာ၊ မိမိ၏အကျိုးစီးပွား ရှိ မရှိကို သိတတ်သော။ ပဏ္ဍိတေန၊ ပညာရှိသည်။ သမ္မဂ္ဂတေသု၊ ကောင်းမြတ်သောအကျင့် ရှိကုန်သော။

http://www.dhammadownload.com

ဗုဒ္ဓေသု၊ ဘုရားရှင်တို့၌။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ ကရဏီယာနိ၊ ပြုထိုက်ကုန်သည်သာတည်း။ ယတ္ထ၊ အကြင်ဘုရားရှင်တို့၌။ ဒိန္နံ၊ လှူဒါန်းရသော အလှူသည်။ မဟပ္ဖလံ၊ နှိုင်းဖို့မလွယ် ကြီးကျယ်မြင့်မြတ်သော အကျိုးရှိပါ၏။

၉၃၂။ အတ္ထာယ ဝတ မေ ဗုဒ္ဓေါ၊ အရညာ ဂါမံမာဂတော။
တတ္ထ စိတ္တံ ပသာဒေတွာ၊ တာဝတိံ သူပဂေါအဟံ။

၉၃၂။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ မေ၊ တပည့်တော်၏။ အတ္ထာယ၊ စီးပွားချမ်းသာ အကျိုးငှာ။ အရညာ၊ တောရပ်သာမွန် ဇေတဝန်ခေါ် ကျောင်းတိုက်တော်မှ။ ဂါမံ၊ သာဝတ္ထိမည် မြို့ရွာဆီသို့။ အာဂတော ဝတ၊ ကြွလာတော်မူပါပေ၏တကား။ အဟံ၊ တပည့်တော်သည်။ တတ္ထ၊ ထိုကြွတော်မူလာ ဘုရားမြတ်စွာ၌။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ထက်သန်ပိုမို ကြည်ညိုစေသောကြောင့်။ တာဝတိံသံ၊ တာဝတိံသာနတ်ပြည်သို့။ ဥပဂေါ၊ ရောက်ရပါသည်ဘုရား။

၉၃၃-၄ ဂါထာများသည် နံပါတ် ၆-၇ ဂါထာများနှင့် တူသည်။

ထိုဘုရားရှင်အား ဆွမ်းကပ်လှူဒါန်းခဲ့ရသော ကုသိုလ်မြတ်ကြောင့် တပည့်တော်အား အရောင်အဆင်းလှပခြင်း ချမ်းသာကောင်းကျိုး ပွားတိုးပြည့်စုံခြင်း၊ နှစ်သက်ဖွယ်ရာ စည်းစိမ်ဥစ္စာတို့ ဖြစ်ပေါ်လာခြင်း၊ တန်ခိုးအာနုဘော် ကြီးမားခြင်း၊ အလုံးစုံသော အရပ်မျက်နှာတို့၌ အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းတို့ ဖြစ်ရပါသည်ဘုရားဟု လျှောက်ကြားလေ၏။

ပဌမ ကရဏီယဝိမာနဝတ္ထု ပြီး၏။

၇။ ဒုတိယ ကရဏီယဝိမာနဝတ္ထု

ရဟန်းတော်မြတ်တစ်ပါးအား ကြည်ညိုသောစိတ်ထားဖြင့် ဒါန စသော ကုသိုလ်တရားစုကို ပြုခဲ့သောကြောင့် တစ်ဆယ့်နှစ်ယူဇနာ ရှိသည့် ကြောင်မျက်ရွဲတိုင်ရှိသော ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ ချမ်းမြေ့စွာ စံစားရသော ဒုတိယကရဏီယနတ်သား။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား ဥပါသကာတစ်ယောက်သည် ရေချိုးရန် အသုံးအဆောင်

http://www.dhammadownload.com

တို့ကိုယူ၍ အစိရဝတီမြစ်ဆိပ်သို့ သွားသည်။ ရေချိုးပြီး ပြန်လာသော် သာဝတ္ထိပြည်သို့ ဆွမ်းခံကြွတော်မူလာသော ရဟန်းတစ်ပါးကို တွေ့မြင်ရလေလျှင် အနီးသို့ကပ်၍ ရှိခိုးပြီးလျှင် "အရှင်ဘုရား၊ အဘယ်သူက ပင့်ပါသနည်းဘုရား" ဟု လျှောက်ထားလေ၏။ ရဟန်းတော်သည် ဆိတ်ဆိတ်နေတော်မူလေ၏။

ထိုအခါ ဥပသကာသည် ရဟန်းတော်မြတ် ဆိတ်ဆိတ်နေတော်မူသည်ကို ထောက်ဆ၍ တစ်စုံတစ်ယောက်မျှ ပင့်ဖိတ်သူမရှိသည်၏အဖြစ်ကို သိလေလျှင် "အရှင်ဘုရား တပည့်တော်အား သနားချီးမြှောက်သောအားဖြင့် တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဘုရား" ဟု ပင့်လျှောက်သည်ကို ရဟန်းတော်အရှင်မြတ်သည် ဆိတ်ဆိတ်နေတော်မူသဖြင့် သည်းခံတော်မူ၏။ ရဟန်းတော်ကို သူ့အိမ်သို့ ပင့်ဆောင်ခဲ့သည်။ အိမ်သို့ရောက်သော် ရဟန်းတော်အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ် အဖျော်ယမကာတို့ဖြင့် ဆက်ကပ်လုပ်ကျွေးလေ၏။

ရဟန်းတော်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ထိုဥပါသကာအား အနုမောဒနာတရား ဟောကြားပြီး ပြန်ကြွတော်မူလေ၏။ ထိုဥပါသကာသည် ဆွမ်းကပ်လှူဒါန်းရသော ကုသိုလ်ကို အမြဲမပြတ် ပွားများနေရင်း နောင်အခါ တစ်ခုသောရောဂါဖြင့် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်၍ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်နှင့်တွေ့၍ မထေရ်က ဤသို့ မေးမြန်းတော်မူလေ၏။

၉၃၅ မှ ၉၃၉ အထိ ဂါထာများသည် ဒွါရပါလကဝတ္ထုလာ ၉၁၈ မှ ၉၂၂ အထိ ဂါထာများနှင့်တူသည်။

၉၄၀။ ကရဏီယာနိ ပုညာနိ၊ ပဏ္ဍိတေန ဝိဇာနတာ၊
သမ္မဂ္ဂတေသု ဘိက္ခူသု၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဤဂါထာ၏အနက်သည် ရှေ့ဝတ္ထုပါ နံပါတ် ၉၃၁ ဂါထာနှင့် ဒုတိယပုဒ်တွင် ဗုဒ္ဓေသုအစား ဘိက္ခူသုဟု ဖော်ပြ၍ ရဟန်းတို့၌ဟုပေးရန်သာ ခြားနားသည်။

၉၄၁။ အတ္ထာယ ဝတ မေ ဘိက္ခူ၊ အရညာ ဂါမမာဂတော၊
တတ္ထ စိတ္တံ ပသာဒေတွာ၊ တာဝတိံသူပဂေါ အဟံ။

ဤဂါထာ၏ အနက်ပေးမှာလည်း ဖထမပိုဒ်၌ ဘိက္ခူဟူသောပုဒ်ကို ရဟန်းတော်သည်ဟု ဖော်ပြရန်သာ ထူးခြားသည်။ ၉၃၂ ဂါထာနှင့် တူသည်။

http://www.dhammadownload.com

၉၄၂-၃ ဂါထာများသည် ၆-၇ ဂါထာများနှင့် တူသည်။

တပည့်တော်သည် ရဟန်းတော်တစ်ပါးအား ဆွမ်းကပ်လှူဒါန်းခဲ့ရသော ဒါနမြတ်ကြောင့် အရောင်အဆင်းလှပခြင်း၊ ချမ်းသာကောင်းကျိုး ပွားတိုးပြည့်စုံခြင်း၊ နှစ်သက်ဖွယ်ရာ စည်းစိမ်ဥစ္စာတို့ ဖြစ်ပေါ်လာခြင်း၊ တန်ခိုးအာနုဘော် ကြီးမားခြင်း၊ အလုံးစုံသော အရပ်မျက်နှာတို့၌ အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းတို့သည် ဖြစ်ရပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

ဒုတိယ ကရဏီယဝိမာနဝတ္ထု ပြီး၏။

၈။ ပထမ သူစိဝိမာနဝတ္ထု

အပ်လှူဒါန်းခဲ့မှုကြောင့် ပတ္တမြားတိုင်တို့ဖြင့် ပြီးသော ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ နတ်စည်းစိမ်ချမ်းသာကို ခံစားရသော သူစိနတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာမဏေရ်မြတ် သင်္ကန်းချုပ်ရန်အတွက် အပ်အလိုရှိသည်ဖြစ်၍ မဏေရ်မြတ်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွသည်။ ပန်းဘဲသူကြီး အိမ်တံခါးဝသို့ရောက်သော် ပန်းဘဲသူကြီးသည် အရှင်သာရိပုတ္တရာမဏေရ်မြတ်ကို မြင်လေလျှင် "အရှင်ဘုရား၊ ဘာကိုအလိုရှိပါသနည်းဘုရား" ဟု လျှောက်ထားသည်။ "သင်္ကန်းချုပ်ရန် အပ်အလိုရှိသည်" ဟု မိန့်တော်မူလျှင် ပန်းဘဲသူကြီးသည် ပြုလုပ်ထားပြီးသော အပ်နှစ်ချောင်းတို့ကို လှူဒါန်း၍ "အရှင်ဘုရား၊ နောက်ထပ် အပ်အလိုရှိခဲ့သော် တပည့်တော်အား မိန့်တော်မူပါဘုရား" ဟု လျှောက်ကြားသည်။ မဏေရ်မြတ်သည်လည်း ထိုပန်းဘဲသူကြီးအား အပ်လှူဒါန်းမှုနှင့်ဆိုင်သော အနုမောဒနာတရား ဟော်ကြားတော်မူကာ ပြန်ကြွတော်မူလေ၏။

အပ်လှူဒါန်းမှုအကျိုး ခံစားရ

ပန်းဘဲသူကြီးသည် ထိုအပ်လှူဒါန်းရသော ကုသိုလ်ကို အဖန်ဖန်ပွားကာ နေလေ၏။ နောင်အခါ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်မထေရ် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ထိုနတ်သားကိုတွေ့၍ ဤသို့ မေးမြန်းတော်မူလေ၏။

၉၄၄ မှ ၉၄၈ အထိ ဂါထာများသည် ဒွါရပါလကဝတ္ထုလာ ဂါထာများနှင့် တူသည်။

၉၄၉။ ယံ ဒဒါတိ နု တံ ဟောတိ၊
ယဉ္စေဝ ဒဇ္ဇာ တဉ္စေဝ သေယ္ယော။
သူစိ ဒိန္နာ သူစိမေဝ သေယ္ယော။

၉၄၉။ ဘန္တေ၊ အရှင်ဘုရား။ ယံ၊ အကြင်သို့သော သဘောရှိသော လှူဖွယ်ဝတ္ထုကို။ ဒဒါတိ၊ လှူဒါန်း၏။ တံ၊ ထိုလှူဖွယ်ဝတ္ထု၏ ထိုသို့သော သဘောရှိသော အကျိုးမျှသာ။ နု ဟောတိ၊ ဖြစ်လာရသည် မဟုတ်ပါ။ ဥဠာရမေဝဖလံ၊ လိုရာအကျိုး ပွားတိုးပြည့်စုံရသည်သာလျှင်။ ဟောတိ၊ ဖြစ်ရပေ၏။ တသ္မာ၊ ထို့ကြောင့်။ ယဉ္စေဝ၊ အကြင်သို့ သဘောရှိသော လှူဖွယ်ဝတ္ထုကိုသာလျှင်။ ဒဇ္ဇာ၊ ပေးလှူရာ၏။ တဉ္စေဝ၊ လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည်ပင်လျှင်။ သေယ္ယော၊ မြတ်လှပေ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ မယာ၊ တပည့်တော်သည်။ သူစိ၊ သင်္ကန်းတော်မြတ် ချုပ်ဖွယ်အပ်ကို။ ဒိန္နာ၊ ပေးလှူအပ်သည်ဖြစ်၍။ မယ့်၊ တပည့်တော်၏။ သူစိမေဝ၊ အပ်အလှူကလေးကပင်လျှင်။ သေယ္ယော၊ မြတ်သော ကြောင့်ပါဘုရား။

ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုများနှင့် တူသည်။

ပဌမ သူစိဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၉။ ဒုတိယ သူစီဝိမာနဝတ္ထု

ရဟန္တာအရှင်မြတ်အား အပ်လှူဒါန်းခဲ့သောကြောင့် ပတ္တမြားတိုင် ရှိသော ကြောင်မျက်ရွဲဗိမာန်၌ ချမ်းသာစွာ စံမြှန်းနေရသော ဒုတိယ သူစီနတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်သား အပ်ချုပ်သမားတစ်ယောက်သည် ဝေဠုဝန်ကျောင်းတော်သို့ ကျောင်းများကြည့်ရှုရန် သွားလေသည်။ ဝေဠုဝန်ကျောင်း၌ သင်္ကန်းချုပ်၍ နေသော ရဟန်းတော်တစ်ပါးကို မြင်၍ အပ်ဘူးနှင့်တကွ အပ်တို့ကို လှူဒါန်းလေ၏။ ထိုအပ်ချုပ်သမားသည် ထိုအပ်လှူဒါန်းရသော ကုသိုလ်ကြောင့် ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီကြွချီတော်မူသည်ရှိသော် ထိုနတ်သားကို တွေ့မြင်ရ၍ ဤသို့ မေးမြန်းတော်မူလေ၏။

၉၅၂ မှ ၉၅၆ အထိ ဂါထာများ ဒွါရပါလကဝတ္ထုလာ ဂါထာများနှင့် တူသည်။

၉၅၇။ အဟံ မနုဿေသု မနုဿဘူတော၊
ပုရိမဇာတိယာ မနုဿလောကေ။

၉၅၈။ အဒ္ဒသံ ဝိရဇံ ဘိက္ခုံ၊ ဝိပ္ပသန္နမနာဝိလံ၊
တဿ အဒါသဟံ သူစိံ၊ ပသန္နော သေဟိ ပါဏိဘိ။

၉၅၇-၈။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ စာပည်တော်သည်။ မနုဿေသု၊ လူတို့ဘုံ၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ မနုဿလောကေ၊ လူတို့ခေါ်ဆို မြို့ရာဇဂြိုဟ်၌။ ပုရိမဇာတိယာ၊ ရှေးလူ့ဘဝဆီ၌။ ဝိရဇံ၊ ကိလေသာမြူ ကင်းတော်မူသော။ ဝိပ္ပသန္နံ၊ စိတ်ကြည်လင်သော။ အနာဝိလံ၊ နောက်ကျခြင်း ရှိတော်မမူသော။ ဘိက္ခုံ၊ ရဟန်းတော်ကို။ အဒ္ဒသံ၊ ဖူးမြင်ရပါ၏။ တဿ၊ ထိုရဟန်းတော်အား။ အဟံ၊ တပည့်တော်သည်။ သူစိံ၊ သင်္ကန်းတော်မြတ် ချုပ်ဖွယ်အပ်ကို။

http://www.dhammadownload.com

ပသန္နော၊ ကြည်ညိုသောစိတ်ရှိလျက်။ သေဟိ ပါဏိဘိ၊ ကိုယ်တိုင်လက်တို့ဖြင့်။ အဒါသိ၊ လှူဖူးခဲ့ပါသည်ဘုရား။

ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုများနှင့် တူသည်။

ဒုတိယ သူဝိဝိမာနဝတ္ထုပြီး၏။

၁၀။ ပဌမ နာဂဝိမာနဝတ္ထု

စေတီတော်၌ ပန်းရုစ်ပွင့် လှူဒါန်းခဲ့သောကြောင့် လျင်မြန်သော စီးတော်ဆင်ကြီးကို စီးကာ ကြာပန်း ရေကန်တို့ဖြင့် တင့်တယ်စွာ စံစားရသော နတ်သား။

ရှေးလွန်လေပြီးသော အန္တရကပ် အနှစ်နှစ်သောင်း သက်တမ်းရှိသောအခါ၌ ကဿပဘုရားရှင် ပွင့်တော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူသောအခါ တစ်ယူဇနာရှိသော ရွှေစေတီကြီး တည်ထား၍ ကာသိတိုင်းရှင် ဗာရာဏသီပြည်ဘုရင် ကိကီမင်းကြီး သည်လည်းကောင်း၊ မြို့ရွာဇနပုဒ်သူ ဇနပုဒ်သားတို့သည်လည်းကောင်း နေ့စဉ် နေ့တိုင်း ပန်းတို့ဖြင့် ပူဇော်ကြကုန်၏။

ပန်းများရှားပါးကာ ဈေးကြီးကုန်

ထိုသို့ နေ့စဉ် ပန်းပူဇော်လှူဒါန်းခြင်းကြောင့် ပန်းတို့သည် ဈေးအဆမတန် တက်ကုန်ကြရာ ရဖို့ရာ အခက်အခဲ ဖြစ်နေကြ၏။ ဥပါသကာတစ်ယောက်သည် ပန်းသည်တို့နေသော လမ်းသို့သွား၍ တစ်ကျပ်တစ်ကျပ်သော ငွေဒင်္ဂါးဖြင့် တစ်ပွင့်တစ်ပွင့်သော ပန်းကိုဝယ်ယူသည်။ သို့သော် ဝယ်၍မရနိုင်ရကား ငွေဒင်္ဂါး ရှစ်ကျပ်တို့ကိုယူ၍ ပန်းစိုက်ပျိုးသော ပန်းခြံသို့သွားပြီး ပန်းသည်ကိုခေါ်၍ "ဤ ငွေဒင်္ဂါး ရှစ်ကျပ်တို့ဖြင့် ပန်းရှစ်ပွင့်တို့ကို ပေးပါလော့" ဟု ပြောဆိုလေရာ ထိုအခါ ပန်းသည်က "ပန်းများမရှိတော့ပါ၊ ပန်းခြံတစ်ခုလုံး ပန်းပွင့်တို့ကို ရွေးချယ် ရှာဖွေဆွတ်ခူး၍ ရောင်းချပေးအပ်လိုက်ပါပြီ" ဟု ပြောဆို၍ ဥပါသကာက "ကျွန်ုပ်ကိုယ်တိုင် ကြည့်ရှုရှာဖွေ၍ ယူပါအံ့" ဟု ဆိုလေလျှင် ပန်းသည်က "ဤသို့ဖြစ်လျှင် ပန်းခြံအတွင်းသို့ဝင်၍ ရှာပါလော့" ဟု ခွင့်ပြုလေ၏။

http://www.dhammadownload.com

စေတီတော်သို့ ပန်းများလှူဒါန်း

ဥပါသကာသည် ပန်းခြင်းအတွင်းသို့ဝင်၍ ရှာဖွေသည်ရှိသော် ပန်းပင်အောက်တို့၌ ကြွေကျနေသော ပန်းရွှစ်ပွင့်တို့ကိုရ၍ ပန်းသည်ကို ဤသို့ပြောပြလေ၏။ "အမောင်ပန်းသည်၊ သင် အသပြာငွေ ရွှစ်ကျပ်တို့ကို ယူပါလော့" ဟု ပြောဆိုလေလျှင် ပန်းသည်က "သင် ကုသိုလ်ကံကောင်းသောကြောင့် ရသောပန်းများဖြစ်ကုန်၏၊ သို့အတွက် ကျွန်ုပ် ပန်းဖိုးတို့ကို မယူတော့ပါ၊ ပန်းများ အလကား ယူသွားပါတော့" ဟု ဆိုလေ၏။ ဥပါသကာသည် "ပန်းတို့ကို အလကားမယူလိုပါ၊ ပန်းဖိုးကို ယူသာယူပါ၊ အကြောင်းမှာ ဘုရားရှင်အား လှူဒါန်းပူဇော်ရမည်ဖြစ်ပါသောကြောင့်" ဟု ပြောကာ ငွေရွှစ်ကျပ်ကို ပန်းသည်၏ ရှေ့၌ထားခဲ့၍ ပန်းတို့ကိုယူခဲ့ပြီး စေတီရင်ပြင်တော်သို့သွားကာ ကြည်ညိုသောစိတ်ဖြင့် ပန်းရွှစ်ပွင့်တို့ကို လှူဒါန်းလေ၏။

ကောင်းမှုပြု၍ ကောင်းကျိုးရ

ထိုဥပါသကာသည် နောင်အခါ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်၍ ထိုနတ်ပြည်၌ နတ်သက်တမ်း တစ်ထောင်ပတ်လုံး သက်တမ်းကုန်အောင် နေရသည်။ တစ်ဖန် စုတေလျှင် နတ်ပြည်၌ပင် ဖြစ်ပြန်၏။ ဤသို့ဆက်ကာဆက်ကာ နတ်ပြည်တို့၌သာလျှင် ကျင်လည်လျက် ထိုကုသိုလ်ကံ၏အကျိုးပေးစရာ ကြွင်းကျန်သေးသောကြောင့် ဤငါတို့ ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ၌လည်း တာဝတိံသာနတ်ပြည်၌သာလျှင် နတ်သားဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန်နှင့် တွေ့ခြင်း

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်၌ များစွာသော အခြံအရံနှင့်တကွ ကြီးမားသော တန်ခိုးအာနုဘော်ဖြင့် လ နေတို့ပမာ ထွန်းလင်းတောက်ပစွာ နတ်ဆင်ကြီးကိုစီးလျက် ကောင်းကင်ခရီးဖြင့် သွားလာနေသော နတ်သားတစ်ယောက်ကို တွေ့မြင်၍ ထိုနတ်သား၏အနီးသို့ ကြွတော်မူလေ၏။ ထိုအခါ နတ်သားသည် စီးတော်ဆင်ပေါ်မှ ဆင်း၍ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို ရှိသေစွာ ရှိခိုးပြီးလျှင် လက်အုပ်ချီကာ နေလေ၏။

http://www.dhammadownload.com

ထိုအခါ မထေရ်မြတ်သည် ထိုနတ်သား ပြုခဲ့သောကောင်းမှုကံကို ဤသို့ မေးမြန်းတော်မူလေ၏။

၉၆၁။ သုသုက္ကခန္ဓံ အဘိရုယှ နာဂံ၊
အကာစိနံ ဒန္တီ ဗလီ မဟာဇဝေ။
အဘိရုယှ ဂဇဝရံ သုကပ္ပိတံ၊
ကုဓာဂမာ ဝေဟာယသံ အန္တလိက္ခေ။

ဂါထာမြန်မာပြန် – လွန်စွာဖြူဖွေးသော ကိုယ်ရှိသော အပြစ်ကင်း၍ သန့်ရှင်းကြီးမားသည့် အစွယ်ရှိကာ ခွန်အားကြီးလှစွာ အလွန်လျင်မြန်သော အဟုန်ရှိသော ကောင်းစွာပြင်ဆင်ထားသော စီးတော်ဆင်ထက်သို့ တက်စီး၍ ကောင်းကင်ခရီးဖြင့် ဤအရပ်သို့ ကောင်းစွာမသွေ လာရောက်ပေ၏။

၉၆၂။ နာဂဿ ဒန္တေသု ဒုဝေသု နိမ္မိတာ၊
အစ္ဆောဒကာ ပဒုမိနိယော သုဖုလ္လာ။
ပဒုမေသု စ တူရိယဂဏာ ပဝဇ္ဇရေ၊
ကုမာ စ နစ္စန္တိ မနောဟရာယော။

ဂါထာမြန်မာပြန် – သင်နတ်သား စီးနင်းလိုက်ပါ၍လာသော စီးတော်ဆင်၏ အစွယ်နှစ်ချောင်းတို့၌ ကြည်လင်သော ရေရှိသော ကောင်းစွာပွင့်သည့် ပဒုမာကြာပန်းရှိသော ရေကန်တို့ကို ဖန်ဆင်းအပ်ပါကုန်၏။ ပဒုမာကြာတို့၌လည်း တူရိယာအပေါင်းတို့သည် အလိုလို မြည်ကုန်၏။ စိတ်နှလုံးကို ဆောင်တတ်ကုန်သော နတ်သမီးတို့သည် ကခုန်သီဆိုကြကုန်၏။

၉၆၃။ ဒေဝိဒ္ဓိပတ္တောသိ မဟာနုဘာဝေါ၊
မနုဿဘူတော ကိမကာသိ ပုညံ၊
ကောနာသိ ဧဝံ ဗလိတာနုဘာဝေါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာယတိ။

ဂါထာမြန်မာပြန် – သင်နတ်သားသည် ကြီးမားသော အာနုဘော်ရှိသည် ဖြစ်၍ နတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်နှင့် ပြည့်စုံခြင်းသို့ရောက်၏။ ရှေးလူ့ဘဝတွင် လူဖြစ်ခဲ့စဉ်က အဘယ်သို့သော ကုသိုလ်ထူးကို ပြုခဲ့ဖူးပါသနည်း။

http://www.dhammadownload.com

အဘယ်ကောင်းမှုထူးကို ပြုခဲ့ဖူးသောကြောင့် ဤသို့ အံ့ဩဖွယ်ရာ ထွန်းလင်းတောက်ပစွာသော တန်ခိုးအာနုဘော် ရှိပါသနည်း။ အဘယ်ကုသိုလ်ထူးကြောင့် သင်နတ်သား၏ အရောင်အဆင်းသည်လည်း အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပသနည်းဟု အရှင်မဟာမောဂ္ဂလာန်သည် မေးမြန်းတော်မူလေ၏။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူသော် နတ်သားသည် မိမိပြုလုပ်ခဲ့သော ကောင်းမှုကံကို ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၉၆၅။ အဋ္ဌေ မုတ္တပုပ္ဖါနိ၊ ကဿပဿ မဟေသိနော၊
ထူပသ္မိံ အဘိရောပေသိံ၊ ပသန္နော သေဟိ ပါဏိဘိ။

၉၆၅။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပသန္နော၊ ကြည်လင်သောစိတ် ရှိသည်ဖြစ်၍။ အဋ္ဌေ၀၊ ရှစ်ပွင့်သာလျှင် ဖြစ်ကုန်သော။ မုတ္တာပုပ္ဖာနိ၊ ကြွေကျသောပန်းတို့ကို။ ကဿပဿ မဟေသိနော၊ ကဿပဘုရားရှင်၏။ ထူပသ္မိံ၊ စေတီတော်၌။ သေဟိ ပါဏိဘိ၊ ကိုယ်တိုင်လက်တို့ဖြင့်။ အဘိရောပေသိံ၊ တင်လှူခဲ့ဖူးပါသည်ဘုရား။

၉၆၆-၇ ဂါထာများသည် ပီဌ၀ဂ်လာ ၆-၇ ဂါထာများနှင့် တူသည်။

ထိုအကြောင်းကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် လူ့ပြည်သို့ ပြန်ကြွတော်မူ၍ ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အား အကျယ်အားဖြင့် ဟောကြားတော်မူ၏။ ထိုဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ပဌမ နာဂဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

ဝိဿန္တရ – ၄၀၅

ဒါန်းခဲ့ပြီးသောအခါ ဘုရားသခင်ကြီးသည် ကြီးကျယ်သော ဆင်ဖြူတော်ကြီးပေါ်တွင် ကြွတော်မူလေ၏။

၁၀၄

http://www.dhammadownload.com

http://www.dhammadownload.com

၁၁။ ဒုတိယ နာဂဝိမာနဝတ္ထု

သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို စောင့်ထိန်းကာ ဆွမ်းအဖျော်စသည်တို့ လှူဒါန်းခဲ့သောကြောင့် ဆင်ဖြူတော်ကိုစီးကာ တာဝတိံသာဌ် နှစ်သက်ဖွယ်ရာ တုရိယာအဖြာဖြာတို့ဖြင့် အပူဇော်ခံကာ စံစား၍နေရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ တစ်ယောက်သော ဥပါသကာသည် သဒ္ဓါတရားရှိ၍။ ရတနာသုံးပါး၌ ကြည်ညိုး၏။ ငါးပါးသီလ ရှစ်ပါးသီလကို ဆောက်တည်သည်။ မိမိ ဥစ္စာအင်အားရှိသလောက် ရဟန်းတော်တို့ကို လှူဒါန်းသည်။ ညနေရောက်သောအခါ ရှစ်မျိုးသော အဖျော်တို့ကိုယူ၍ ကျောင်းတော်သို့သွားပြီးလျှင် ရဟန်းသံဃာတော်တို့အား ကပ်လှူသည်။ ဘုရားရှင်ထံမှ တရားတော်လည်း နာကြားလေ၏။

ကောင်းကျိုးခံစားရခြင်း

ဤသို့လျှင် ဒါန၊ သီလတို့နှင့် ပြည့်စုံကာ အကျင့်ကောင်းတို့ကို ကျင့်သုံးဆည်းပူးသောကြောင့် ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

ထိုနတ်သားအား ကုသိုလ်၏ အာနုဘော်ကြောင့် ကိုယ်လုံးဖြူသော နတ်ဆင်ကြီး ဖြစ်ပေါ်လာလေ၏။ ထိုဆင်ဖြူတော်ကြီးကို စီး၍ များစွာသော အခြံအရံနှင့်တကွ ကြီးစွာသော တန်၏တန်ခိုးအာနုဘော်ဖြင့် မပြတ်မလပ် ဥယျာဉ်ကစား သွားလေ၏။

တစ်နေ့သ၌ ကတညုတတရား တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍ ဘုရားရှင်၏ ကျေးဇူးတော်ကို အောက်မေ့တိုင်း ပေါ်လာရကား ညဉ့်သန်းခေါင်ယံအခါ၌ နတ်ဆင်ကိုတက်စီးလျက် များစွာသော အခြံအရံမနှင့်တကွ နတ်ပြည်မ ဆင်းသက်သည်။ ဝေဠုဝန်ကျောင်းတော်ကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေလျက် ဆင်ကျောက်ကုန်းထက်မှ ဆင်းသက်ကာ ဘုရားရှင်၏အနီးသို့ ချဉ်းကပ်၍နေလေ၏။ ဘုရားရှင်၏အနီး ရှိနေသော အရှင်ဝဠီသမထေရ်သည် ထိုနတ်သားကို ဘုရားရှင် ခွင့်ပြုတော်မူချက်အရ ဤသို့ မေးမြန်းတော်မူလေ၏။

http://www.dhammadownload.com

၉၆၈။ မဟန္တံ နာဂံ အဘိရုယှ၊ သမ္မသေတံ ဂဇုတ္တမံ၊
ဝနာ ဝနံ အနုပရိယာသိ၊ နာရီဂဏာပုရက္ခတော၊
သြဘာသေန္တော ဒိသာ သဗ္ဗာ၊ သြသဓီ ဝိယ တာရကာ။

၉၆၈။ သြသဓီတာရကာ၊ သောက်ရှူးကြယ်ကဲ့သို့။ သဗ္ဗာဒိသာ၊ ရပ်ဆယ်ဖြာသို့။ သြဘာသတိ ဝိယ၊ ထွန်းလင်းတောက်ပစေသကဲ့သို့။ တထာ၊ ထို့အတူ။ တံ၊ သင်သည်။ သမ္မသေတံ၊ တစ်ကိုယ်လုံးဖြူသော။ ဂဇုတ္တမံ၊ ဆင်တကာတို့ထက် မြတ်သော။ မဟန္တံ၊ ကြီးမားလှသော။ နာဂံ၊ နတ်ဆင်ယာဉ်ကို။ အဘိရုယှ၊ တက်စီး၍။ သဗ္ဗာဒိသာ၊ ရပ်ဆယ်ဖြာတို့ကို။ သြဘာသေန္တော၊ ထွန်းလင်းစေလျက်။ နာရီဂဏာပုရက္ခတော၊ နတ်သမီးအပေါင်း ဝန်းရံကာလျက်။ ဝနာဝနံ၊ ပန်းတော မြိုင်တစ်ခုမှ ပန်းတောမြိုင်တစ်ခုသို့။ အနုပရိယာသိ၊ သွားလာကျက်စား ပျော်ပါး၍နေ၏။ သြသဓီ ဝိယ တာရကာ၊ သောက်ရှူးကြယ်ကဲ့သို့။ သဗ္ဗာဒိသာ၊ လုံးစုံမျက်နှာ ရပ်ဆယ်ဖြာကို။ သြဘာသေန္တော၊ ထွန်းလင်းတောက်ပစေလျက်။ အနုပရိယာသိ၊ သွားလာကျက်စား ပျော်ပါး၍နေပေ၏။

၉၆၉-၇၀-၇၁ ဂါထာများသည် နံပါတ် ၂-၃-၄ ဂါထာများနှင့် တူသည်။

ထိုနတ်သားသည် အရှင်ဝဏ္ဏီသမထေရ် မေးမြန်းတော်မူသည်အား လျော်စွာ ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၉၇၂။ အဟံ မနုဿေသု မနုဿဘူတော၊
ဥပါသကော စက္ခုမတော အဟောသိံ။
ပါဏာတိပါတာ ဝိရတော အဟောသိံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယိဿံ။

၉၇၂။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူတို့ဘုံ၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ စက္ခုမတော၊ ဘုရားရှင်၏။ ဥပါသကော၊ ဥပါသကာသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါသည်ဘုရား။ ပါဏာတိပါတော၊ သူ့အသက်ကို ရိုက်ပုတ်သတ်ဖြတ်ခြင်းမှ။ ဝိရတော၊ ကြဉ်ရှောင်ခဲ့သည်။ အဟောသိံ၊ ဖြစ်ခဲ့ပါသည်ဘုရား။ လောကေ၊ လူ့လောက၌။ အဒိန္နံ၊ ပိုင်ရှင်မပေးသော ဥစ္စာဟူသမျှကို။ ပရိဝဇ္ဇယိဿံ၊ ခိုးဝှက်ယူငင် ထာဝစဉ်သာ ရှောင်ကြဉ်ခဲ့ပါသည် ဘုရား။

http://www.dhammadownload.com

၉၇၃။ အမဇ္ဈပေါ နော စ မုသာ အဘာဏိ၊
သကေန ဒါရေန စ တုဋ္ဌော အဟောသိ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိ။

၉၇၃။ အမဇ္ဈပေါစ၊ မူးယစ်ဆေးဝါးများကိုလည်း မသောက်စားခဲ့ပါဘုရား။ မုသာစ၊ မမှန်ကန်သော စကားကိုလည်း။ နော စ အဘာဏိ၊ ပြောလည်း မပြောခဲ့ပါဘုရား။ သကေန၊ ကိုယ်ပိုင်ဖြစ်သော။ ဒါရေန၊ ကြွင်ရာသက်ထား သားမယားဖြင့်။ တုဋ္ဌော စ၊ ရောင့်ရဲမပျက် တင်းတိမ်နှစ်သက်သည်လည်း။ အဟောသိ၊ ဖြစ်ခဲ့ပါသည်ဘုရား။ အန္နဉ္စ၊ ဆွမ်းဘောဇဉ်ကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာကိုလည်းကောင်း။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သက္ကစ္စဒါနံ၊ လေးမြတ်ရိုသေစွာ အလှူတော်ကို။ ဝိပုလံ၊ ကြီးမားထည်ဝါ ပြန့်ပြောစွာ။ အဒါသိ၊ ပေးလှူခဲ့ပါသည်ဘုရား။

ကျန်သော ဝတ္ထုအသွားအလာများ ရှေ့ဝတ္ထုများနှင့် တူသည်။

ဒုတိယ နာဂဝိမာနဝတ္ထု ပြီး၏။

၁၂။ တတိယ နာဂဝိမာနဝတ္ထု

ကြွရွက် သက်ငယ် အဝတ်တို့ဖြင့်မိုးသော ကျောင်းများကို တတ်စွမ်းသမျှ လှူဒါန်းခဲ့ရသောကြောင့် ဆင်ဖြူတော်ကြီးကို စီးကာ တာဝတိံသာနတ်ပြည်၌ တူရိယာအဖြာဖြာတို့ဖြင့် နတ်စည်းစိမ်ခံစားရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာပေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန္တာအရှင်မြတ် သုံးပါးတို့သည် ရွာငယ်တစ်ရွာ၌ ဝါဆို၍နေတော်မူကြကုန်၏။ ထိုရဟန်းတော်တို့သည် ဝါကျွတ်သောအခါ ပဝါရဏာပြုပြီး၍ "ဘုရားရှင်ကို ဖူးမြင်ရှိခိုးကြကုန်အံ့" ဟု ရာဇဂြိုဟ်ပြည်ကို ရည်မှန်းကာ ကြွလှမ်းတော်မူကြသည်။ ညနေချမ်းသို့ ရောက်သောအခါ တစ်ခုသောရွာငယ်၌ တစ်ယောက်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏား၏ ကြံခင်းအနီးသို့ ရောက်

http://www.dhammadownload.com

ကြသော် ကြံခင်းစောင့်ကို ဤသို့ မေးမြန်းတော်မူကြကုန်၏။ "ဒါယကာ၊ ယနေ့ ငါတို့ ရာဇဂြိုဟ်ပြည်သို့ ရောက်နိုင်ပါသေးသလော" ဟု မေးမြန်းတော်မူကြသော အခါ "အရှင်ဘုရားတို့၊ ယနေ့ မရောက်နိုင်တော့ပါ၊ ရာဇဂြိုဟ်ပြည်သည် ဤအရပ်မှ ယူဇနာခွဲမျှ ဝေးကွာပါသေးသည်၊ အရှင်ဘုရားတို့သည် ဤအရပ်၌ပင် လျှင် ယနေ့ည သီတင်းသုံးတော်မူကြကုန်၍ နက်ဖြန်မှ ကြွတော်မူကြပါကုန် ဘုရား" ဟု လျှောက်ကြားလေသည်။ ရဟန်းတော်တို့က "ဒါယကာ၊ ဤအရပ်၌ သီတင်းသုံးရန် တစ်စုံတစ်ခု သင့်လျော်သည့်နေရာ ရှိပါသလော" ဟု မေးပြန် သောအခါ "အရှင်ဘုရားတို့၊ သင့်လျော်သောနေရာ အခန့်သင့်မရှိပါ၊ သို့သော်လည်း တပည့်တော်တို့သည် အရှင်ဘုရားတို့ သီတင်းသုံးဖို့ရာ အဆင်သင့်ဖြစ်ရန် စီမံပါအံ့၊ ဖြစ်စေရပါအံ့" ဟု လျှောက်ကြားသဖြင့် မထေရ်မြတ်တို့သည် လက်ခံ သဘောတူတော်မူကြကုန်၏။

ယာယီကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း

ကြံခင်းစောင့် ယောကျ်ားသည် ရှိပြီးကြံပင်တို့၌ သစ်ခက်မဏ္ဍပ်အသွင် တုတ်ချောင်းတို့ကို ချည်၍ ကြံရွက်တို့ဖြင့် မိုးပြီးလျှင် အောက်မှ ကောက်ရိုးကို ဖြန့်ခင်း၍ မထေမြတ်တစ်ပါးအား လှူဒါန်း၏။ ဒုတိယမထေရ်မြတ်အား ကြံရိုး သုံးချောင်းတို့ဖြင့် တုတ်သုံးချောင်း ဝက်ခွထိုးသကဲ့သို့ အကျဉ်းစုချည်၍ မြက်ဖြင့် မိုးကာ အောက်မှ မြက်အခင်းကို ခင်းကျင်း၍ လှူဒါန်းလေ၏။ ကျန်မထေရ်မြတ် တစ်ပါးအား မိမိနေသောတဲကို တုတ်ချောင်းနှစ်ချောင်း သုံးချောင်းနှင့် သစ်ခက် တို့ကို စိုက်ထူ၍ သင်္ကန်းနှင့်မိုးကာ သင်္ကန်းကျောင်း ပြုလုပ်လှူဒါန်းလေ၏။

ထိုရဟန္တာအရှင်မြတ်တို့သည် ထိုကြံခင်းစောင့် လှူဒါန်းသောနေ့ရာတို့၌ တစ်ည ကျိန်းစက်နေတော်မူကြကုန်၏။ လင်းသော် ဆွမ်းချက်၍ ဒန်ပူ၊ မျက်နှာ သစ်ရေ၊ ကြံရည်နှင့် ဆွမ်းကို ကပ်လှူလေ၏။

ရဟန်းတော်အရှင်မြတ်တို့သည် ဘဉ်းပေးတော်မူကြကုန်ပြီးလျှင် အနုမော ဒနာကိုပြု၍ ဆက်လက် ကြွတော်မူကြကုန်သည်။ တစ်ပါး တစ်ပါးလျှင် ကြံတစ် ချောင်းစီ လှူဒါန်းလိုက်သည်။ "ကြံလှူဒါန်းရသော ကုသိုလ်သည် တပည့်တော် အဖို့ ဖြစ်ပါစေဘုရား" ဟု လျှောက်ထားကာ မထေရ်မြတ်တို့ကို လမ်းခရီးသို့ လိုက်ပို့သည်။

http://www.dhammadownload.com

ထို့နောက် မိမိကြွေခင်းသို့ ပြန်လာပြီးလျှင် ပြုလုပ်လှူဒါန်းရသော ကောင်းမှုများကို ပြန်လည်တွေးတောလျက် ကြည်နူးနေသည်

ဝိုင်ရှင်ရိုက်၍ ကြွေခင်းစောင့် သေဆုံးခြင်း

ကြွေခင်းဝိုင်ရှင် မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီးသည် ရဟန်းတော်တို့နှင့် တွေ့ဆုံ၍ ရဟန်းတော်တို့ကို "သင်တို့သည် အဘယ်မှကြွကို ရခဲ့ကြကုန်သနည်း" ဟု မေးလေ၏။ "ကြွေခင်းစောင့်က လှူဒါန်းလိုက်၍ ရခဲ့ကြသည်" ဟု ရဟန်းတော် အရှင်မြတ်တို့က မိန့်တော်မူကြသည်။ ထိုစကားကို ကြားရသောကြောင့် မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်သောကြောင့် ထိုကြွေခင်းစောင့် ယောကျ်ားကို တင်းပုတ်ဖြင့် ရိုက်ပုတ်ရာ တစ်ချက်တည်းဖြင့်ပင်လျှင် ကြွေခင်းစောင့် သေဆုံးရှာလေ၏။

ကောင်းမှုပြုခဲ့၍ ကောင်းကျိုးရ

ကြွေခင်းစောင့် ယောကျ်ားသည် မိမိပြုခဲ့သော ကုသိုလ်ကံကိုပင် အောက်မေ့ဆင်ခြင်လျက် ကွယ်လွန်သောကြောင့် တာဝတိံသာ သုဓမ္မာနတ်ပွဲသဘင်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သား၏ ဘုန်းကံအာနုဘော်ကြောင့် ကိုယ်လုံးဖြူသည့် ကြီးစွာသော နတ်ဆင်ယာဉ်ပျံ ဖြစ်ပေါ်လာလေ၏။

ကြွေခင်းစောင့်ယောကျ်ား သေဆုံးကြောင်း ကြားသိရ၍ ကြွေခင်းစောင့် ယောကျ်ား၏ အမိအဖတို့နှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ရွာသူရွာသားတို့သည် စုဝေးရောက်လာကြကာ ထိုအရပ်၌ သင်္ဂြိုဟ်ရန် ပြင်ဆင်ကြကုန်၏။

တာဝတိံသာမှ ဆင်းလာပြီ

ထိုခဏ၌ နတ်သားသည် နတ်ဆင်ပျံတော်ကိုစီး၍ မောင်းကြွေးနင်း စသော စည်းစောင်းတီးသူအပေါင်းတို့နှင့်အတူ နတ်၏တန်ခိုးဖြင့် နတ်ပြည်မှ သက်ဆင်းကာ စည်းဝေးရောက်လာသူ ပရိသတ်ကို မြင်စေလျက် ကောင်းကင်၌ ရပ်တည်လေ၏။ ပရိသတ်ထဲမှ ယောကျ်ားတစ်ယောက်သည် ထိုနတ်သားကိုမြင်၍ ထိုနတ်သား ပြုလုပ်ခဲ့သော ကောင်းမှုကံကို မေးမြန်းလေ၏။

၉၇၆။ ကော နု ဒိဗ္ဗေန ယာနေန၊ သဗ္ဗသောဝေန ဟတ္ထိနာ၊
တူရိယတာဠိတနိဂ္ဃောသော၊ အန္တလိက္ခေ မဟီယတိ။

http://www.dhammadownload.com

၉၇၆။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ သဗ္ဗသေတေန၊ တစ်ကိုယ်လုံးဖွေးသော။ ဟတ္ထိနာ ယာနေန၊ ရတနာဆင်ပျံရတနာ နတ်ယာဉ်သာဖြင့်။ အန္တလိက္ခေ၊ အထက်ဝေဟင် မိုးကောင်းကင်၌။ ဌတွာ၊ ကောင်းစွာမသွေ ရပ်တည်နေလျက်။ တူရိယတာဠိတနိဂ္ဃေါသော၊ တီးမှုတ်မှန်မှန် တူရိယာသံတို့ဖြင့် တခြိမ့်ခြိမ့်ညံသည်ဖြစ်၍။ မဟီယတိ၊ အခြွေအရံနှင့် အပူဇော်ခံနေသောသူကား။ ကော နု၊ အဘယ်သူပါနည်း။

၉၇၇။ ဒေဝတာ နုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ၊
အဇာနန္တာ တံ ပုစ္ဆာမ၊ ကထံ ဇာနေမု တံ မယံ။

၉၇၇။ တွံ၊ သင်သည်။ ဒေဝတာ၊ မထင်မရှား သာမညနတ်သားသည်။ အသိနု၊ ဖြစ်လေသလော။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်။ အသိနု၊ ဖြစ်လေသလော။ အဒု၊ မဟုတ်သေးပါက။ ပုရိန္ဒဒေါ၊ အလှူရှေးဦး ပေးလှူခဲ့ဖူးသော။ သက္ကော၊ သိကြားမင်းသည်။ အသိနု၊ ဖြစ်လေသလော။ အဇာနန္တာ၊ ဧကန်ပိုင်ပိုင် မသိနိုင်ကုန်သော ငါတို့သည်။ တံ၊ သင့်ကို။ ပုစ္ဆာမ၊ မေးမြန်းပါကုန်၏။ မယံ၊ သူငါတို့သည်။ တံ၊ သင့်ကို။ ကထံဇာနေမု၊ ဘယ်မျိုးဘယ်ဇာတ် ဘယ်ရပ်ကဟူ ဘယ်သူဘယ်ဝါဟု သိရပါကုန်အံ့နည်း။

ထိုအခါ နတ်သားသည်လည်း ထိုပညာရှိယောကျ်ားအား ဤသို့ပြောဆိုလေ၏။

၉၇၈။ နာမိ ဒေဝေါ နု ဂန္ဓဗ္ဗော၊ နာပိ သက္ကော ပုရိန္ဒဒေါ၊
သုဓမ္မာ နာမ ယေ ဒေဝါ၊ တေသံ အညတရော အဟံ။

၉၇၈။ အဟံ၊ ငါသည်။ ဒေဝေါ၊ မထင်မရှား သာမညနတ်သားသည်။ နအမိ၊ မဟုတ်ပါ။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်။ နအမိ၊ မဟုတ်ပါ ပုရိန္ဒဒေါ၊ အလှူရှေးဦး ပေးလှူခဲ့ဖူးသော။ သက္ကောပိ၊ သိကြားမင်းသည်လည်း။ နအမိ၊ မဟုတ်ပါ။ သုဓမ္မာနာမ၊ သုဓမ္မာ အမည်ရှိကုန်သော။ ယေ ဒေဝါ၊ အကြင်နတ်တို့သည်။ အတ္ထိ သန္တိ၊ ရှိကြပေကုန်၏။ တေသံ၊ ထိုသုဓမ္မာနတ်တို့ဘုံတွင်။ အဟံ၊ ငါသည်ကား။ အညတရော၊ နတ်သားတစ်ယောက်ပင် ဖြစ်ပေ၏။

ထိုနတ်သား၏စကားကို ကြားရလေလျှင် ပညာရှိယောကျ်ားသည် တစ်ဖန် ဤသို့မေးပြန်၏။

http://www.dhammadownload.com

၉၇၉။ ပုစ္ဆာမ ဒေဝ သုဓမ္မံ၊ ပုထုံ ကတ္တာန အဉ္ဇလိံ၊
ကိံ ,ကတ္တာ မာနုသေ ကမ္မံ၊ သုဓမ္မံ ဥပပဇ္ဇတိ။

၉၇၉။ ပုထုံ၊ များလှစွာသော။ အဉ္ဇလိံ၊ လက်အုပ်ခ်ီ အဉ္ဇလိကို။ ကတ္တာ၊ ရှိသေလေးစား အရေးထားကာပြု၍။ သုဓမ္မံ၊ သုဓမ္မာမည်သော။ ဒေဝ၊ အရှင်နတ်သားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ပုစ္ဆာမ၊ မေးမြန်းကြပါကုန်၏။ မာနုသေ၊ လူ့ဘဝဆီက။ ကိံ ကမ္မံ၊ ဘယ်ကုသိုလ်ကံကို။ ကတ္တာ၊ ပြုလုပ်ခဲ့၍။ သုဓမ္မံ၊ သုဓမ္မာနတ်မျိုးဌ်။ ဥပပဇ္ဇတိ၊ ဖြစ်ရပေသနည်း။

နတ်သားက တစ်ဖန် အောက်ပါဂါထာဖြင့် ဖြေလေ၏။

၉၈၀။ ဥစ္ဆာဂါရံ တိဏာဂါရံ၊ ဝတ္ထာဂါရဉ္စ ယော ဒဒေ၊
တိဏ္ဏံ အညတရံ ဒတ္တာ၊ သုဓမ္မံ ဥပပဇ္ဇတိ။

၉၈၀။ ယော၊ အကြင်လူသည်။ ဥစ္ဆာဂါရဉ္စ၊ ကြိုရွက်မိုးကာ ကျောင်းဝိဟာကိုလည်းကောင်း။ တိဏာဂါရဉ္စ၊ မြက်ရွက်မိုးကာ ကျောင်းဝိဟာကိုလည်းကောင်း။ ဝတ္ထာဂါရဉ္စ၊ အဝတ်မိုးကာ ကျောင်းဝိဟာကိုလည်းကောင်း။ ဒဒေ၊ ပေးလှူရာ၏။ သော၊ ထိုပေးလှူရသောသူသည်။ တိဏ္ဏံ၊ ကြိုရွက်မိုးကျောင်း မြက်မိုးကျောင်းနှင့် အဝတ်ဆောင်းကာ သုံးဖြာသော ကျောင်းဝိဟာတို့တွင်။ အညတရံ၊ တစ်ခုခုသော ကျောင်းကို။ ဒတ္တာ၊ ပေးလှူသောကြောင့်။ သုဓမ္မံ၊ သုဓမ္မာနတ်မျိုးဌ်။ ဥပပဇ္ဇတိ၊ ရောက်ကာမသွေ ဖြစ်နိုင်ပေ၏။

ထိုသို့ နတ်သားသည် ထိုပညာရှိသော်ယောက်ျား၏ မေးအပ်သော အနက်အဓိပ္ပာယ်ကို ဖြေကြား၍ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ထင်ရှားပြလျက် အမိအဖတို့နှင့်တကွ ဝမ်းမြောက်ခြင်းကိုပြု၍ နတ်ပြည်သို့သာလျှင် ပြန်သွားလေ၏။

စည်းဝေးရောက်လာ များစွာသော လူအပေါင်းတို့သည် နတ်သား၏စကားကို ကြားရ၍ ဘုရားရှင်၌လည်းကောင်း၊ ရဟန်းသံဃာတော်၌လည်းကောင်း အလွန်ကြည်ညိုခြင်းများစွာ ဖြစ်ကြကုန်၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို စီမံ၍ လှည်းများကို အပြည့်တင်ကာ ဝေဠုဝန်ကျောင်းတော်သို့ သွားပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေးလှူ၍ ဘုရားရှင်အား ထိုကြွေခင်းစောင့် နတ်သားအကြောင်းကို လျှောက်ထားကြကုန်၏။

ဘုရားရှင်သည် ထိုအမေးအဖြေပြုသော အကြောင်းများကို အခြေခံကာ တရားတော်ကို ဟောကြားတော်မူပြီးလျှင် ထိုလူအပေါင်းတို့ကို သရဏဂုံတို့၌

http://www.dhammadownload.com

လည်းကောင်း၊ သီလတို့၌လည်းကောင်း တည်စေတော်မူ၏။ ထိုလူအပေါင်းတို့သည်လည်း တည်မြဲတိုင်းသော သဒ္ဓါတရား ရှိကြကုန်သည်ဖြစ်၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် မိမိတို့ရွာသို့ ပြန်ကြ၍ ကြံခင်းစောင့်ယောက်ျား သေဆုံးသောအရပ်၌ ဘုရားရှင်နှင့် သံဃာတော်တို့အား ကျောင်းဆောက်လှူကာ ကိုးကွယ်ကြကုန်၏။

တတိယ နာဂဝိမာနဝတ္ထု ပြီး၏။

၁၃။ စူဠရထဝိမာနဝတ္ထု

သုဇာတမင်းသားဘဝ၌ တောကစားထွက်စဉ် အရှင်မဟာကစ္စည်း မထေရ်၏ တရားတော်ကိုနာယူ၍ သရဏဂုံ၌တည်လျက် သရီရဓာတ်တော်တို့ကို ပူဇော်ခဲ့သော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်တွင် လျင်မြန်လှသော အဿတိုရ်မြင်း ရွှေရထားကြီးတို့ဖြင့် နတ်စည်းစိမ် ခံစားရသောနတ်သား။

ဘုရားရှင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတော်၌ ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်ရှိသော် ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို ထိုထိုမြို့ရွာတို့၌ စေတီပုထိုး တည်ထားကိုးကွယ်ကြကုန်သည်။ အရှင်မဟာကဿပမထေရ် အမှူးရှိကုန်သော ရဟန္တာအရှင်မြတ်တို့သည် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်ကို သင်္ဂါယနာတင်ရန် ငါးရာသော ရဟန္တာတို့ကို စိစစ်ရွေးချယ်သည်။ ရဟန္တာမထေရ်ကြီးတို့သည် ဝါမဆိုမိ ဝေနေယျသတ္တဝါတို့ကို ဒေသနာအမြို့က်ဆေး တိုက်ကျွေးဆုံးမခြင်းငှာ မိမိ မိမိ၏ တပည့်ပရိသတ်နှင့်တကွ ထိုထိုမြို့ရွာတို့၌ ကြွရောက်၍ သီတင်းသုံးနေတော်မူကြရာ အရှင်မဟာကစ္စည်း မထေရ်မြတ်လည်း ပစ္စန္တဒေသ တစ်ခုသော တောအရပ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အဿကတိုင်း ပေါတလိမြို့၌ အဿကမင်းသည် မင်းပြု၍နေ၏။ ထိုမင်း၏ မိဖုရားခေါင်ကြီး၏သားသည် သုဇာတမည်၏။ မင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ရှိသော် အကြောင်းတစ်ခုကြောင့် ခမည်းတော်သည် သားကို တိုင်းပြည်မှ ထုတ်လိုက်သဖြင့် တောသို့ဝင်ပြီးလျှင် တောမုဆိုးတို့ကို အမှီပြု၍ တောင်္ခပင် နေလေ၏။

http://www.dhammadownload.com

ကောင်းမှုကြောင့် ကောင်းကျိုးရပုံ

သုဇာတမင်းသားသည် ကဿပဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုခဲ့ဖူးသည်။ ထိုကောင်းမှုကြောင့် ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ ထိုနောက် ဆက်ကာဆက်ကာ သုဂတိဘုံတို့၌သာလျှင် ကျင်လည်နေရသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူ၍ ဝါတော်သုံးဆယ် ရတော်မူသောအခါ အဿကတိုင်း အဿကမင်းကြီး၏ မိဖုရားခေါင်ကြီး၏ဝမ်း၌ ပဋိသန္ဓေယူ၍ ဖွားမြင်သောအခါ သုဇာတဟု အမည်မှည့်၏။ ထိုသုဇာတမင်းသားသည် များစွာသော အခြွေအရံရှိ၏။

ထိုသုဇာတမင်းသား၏ မယ်တော် နတ်ရွာလားသည်ရှိသော် ခမည်းတော် အဿကမင်းကြီးသည် တစ်ပါးသော မင်းသမီးကို မိဖုရားခေါင်အရာ၌ ထားလေ၏။

လိုချင်သောဆုယူပါ

ဒုတိယမြောက် မိဖုရားခေါင်သည်လည်း သားယောကျ်ား ဖွားမြင်လေ၏။ မင်းကြီးသည် ထိုမိဖုရားခေါင်၏ သားငယ်ကို မြင်ရလေလျှင် ဝမ်းသာသည်ဖြစ်၍ "မိဖုရားခေါင်ကြီး၊ သင့်အလိုရှိသောဆုကို ယူလော့" ဟု ပြောဆို၍ နှုတ်ဖြင့် ဆုကိုပေးလေ၏။

မိဖုရားသည် နှုတ်ဖြင့် ပေးသောဆုကို "အလိုရှိသောအခါ တောင်းပါမည်" ဟု လျှောက်တင်လျက် နှုတ်ဖြင့်ပင်လျှင် ဆုကိုယူထားသည်။ သုဇာတမင်းသားတစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ မိဖုရားသည် "အရှင်မင်းမြတ်၊ အရှင်မင်းမြတ်တို့သည် အကျွန်ုပ်၏သားကို ဖွားမြင်စက မြင်ရလေလျှင် ကြည်လင်နှစ်သက်သောကြောင့် နှုတ်ဖြင့် ဆုကိုပေးခဲ့ပါ၏၊ ထိုပေးခဲ့သောဆုကို ယခုအခါ ပေးတော်မူပါကုန်လော့" ဟု လျှောက်ထား သံတော်ဦးတင်လေ၏။

ထိုအခါ မင်းကြီးသည် "မိဖုရားခေါင်ကြီး ငါပေးအံ့၊ သင့်ရာကို တောင်းလော့" ဟု ဆိုလေ၏။ "အရှင်မင်းမြတ် အကျွန်ုပ်၏သားတော်အား တိုင်းပြည်ကို အပ်နှင်းပေးသနားပါကုန်လော့" ဟု မိဖုရားကြီးက သံတော်ဦးတင်လေ၏။ ထိုအခါ မင်းကြီးသည် "ဟဲ့ ... သူယုတ်မ၊ ငါ၏သားကြီးဖြစ်သော သုဇာတမင်းသားသည် ထင်ရှားစွာ ရှိနေပါလျက် အဘယ့်ကြောင့် ဤဆုကို သင်တောင်းဘိသနည်း" ဟု ပြောဆို၍ ပယ်ချလိုက်လေ၏။

http://www.dhammadownload.com

ဆုပေးစကားများ၍ မျက်ရည်ကျရပြီ

မိဖုရားသည်လည်း ထပ်ထပ်ကာကာ တောင်း၍နေရာ မရသည်ဖြစ်၍ တစ်နေ့သ၌ "အရှင်မင်းမြတ်၊ အကယ်၍ သစ္စာဥ်တည်ပါလျှင် ပေးမည်ဆိုသော သစ္စာစကားအတိုင်း ပေးတော်မူပါလော့" ဟု သံတော်ဦးတင်၍ တောင်းပြန်လေ၏။ ထိုအခါ အဿကမင်းကြီးသည် "ငါသည်ကား မစူးစမ်း မဆင်ခြင်မိဘဲ ဤမိဖုရားအား ဆုကိုပေးလိုက်မိ၏၊ ဤမိဖုရားသည်လည်း ဤသို့ပြောဆိုကာ တောင်းရမ်း၍နေ၏" ဟု စိတ်နှလုံး မသာမယာဖြစ်၍ သုဇာတမင်းသားကို ခေါ်တော်မူ၍ ထိုအကြောင်းကို ပြောကြား၍ မျက်ရည်ကျကာ နေရာလေ၏။

သားကောင်းတို့၏စိတ်ထား

သုဇာတမင်းသားသည် ခမည်းတော်မင်းကြီး မျက်ရည်ကျကာ ပူဆွေးသောက ရောက်၍နေရာသည်ကို မြင်၍ စိတ်နှလုံး မသာမယာဖြစ်လျက် မျက်ရည်လည်ပြီး လျှင် "ခမည်းတော်မင်းမြတ်၊ ခွင့်ပြုတော်မူပါ၊ အကျွန်ုပ်သည် အခြားတစ်ပါးသော အရပ်ဒေသသို့ သွားပါတော့အံ့" ဟု သံတော်ဦးတင်လေ၏။ ထိုသားတော် လျှောက်တင်သောစကားကို ကြားရလေလျှင် ခမည်းတော်မင်းကြီးသည် "ချစ်သား၊ သင့်အတွက် အခြားမြို့တစ်မြို့ တည်၍ပေးပါအံ့၊ ထိုမြို့သစ်၌ နေပါလော့" ဟု ဆိုရာ သားတော်သည် အလိုမရှိပေ။ "ချစ်သား၊ ငါ၏အဆွေဖြစ်ကုန်သော မင်းတို့၏ အထံသို့ ပို့၍ထားပါအံ့" ဟု ဆိုပြန်သော စကားကိုလည်း သားတော်က လက်မခံဘဲ "ခမည်းတော်မင်းကြီး၊ တောအရပ်သို့သာ အကျွန်ုပ် သွားပါတော့အံ့" ဟု ဆို၏။

ခမည်းတော်မင်းကြီးသည် သားတော်ကို ပွေ့ဖက်၍ ဦးထိပ်၍ နမ်းခြင်းကို ပြုပြီးလျှင် "ချစ်သား၊ ငါနတ်ရွာစံလျှင် ဤတိုင်းပြည်သို့ ပြန်လာ၍ မင်းပြုပါလော့" ဟု ဆို၍ လွှတ်လိုက်လေ၏။

မိတ်ဆွေကောင်းတို့မည်သည်

ထိုအခါ သုဇာတမင်းသားသည် တောတွင်းသို့ဝင်ကာ မုဆိုးတို့ကို အမှီပြု၍ နေသည်။ တစ်နေ့သ၌ သားကောင်တော်သို့ သွားလေ၏။ ထိုသုဇာတမင်းသား ရဟန်းပြုသောအခါ ရှေးက ချစ်မြတ်နိုးသော မိတ်ဆွေဖြစ်ခဲ့ဖူးသော နတ်သားတစ်ယောက်သည် ထိုသုဇာတမင်းသား၏ အကျိုးကို အလိုရှိသည်ဖြစ်သောကြောင့် သားကောင်အသွင်ဖြင့် ထိုမင်းသားကို ဖြားယောင်းလှည့်ပတ်၍ ပြေးကာ အရှင်

http://www.dhammadownload.com

မဟာကစ္စည်း မထေရ်မြတ်၏ သီတင်းသုံးတော်မူရာ ကျောင်းအနီးသို့ ရောက်သော အခါ ပျောက်ကွယ်၍ သွားလေ၏။ သုဇာတမင်းသားသည် "ဤသမင်ကို ယခု ပင် မိအောင်ဖမ်းယူအံ့" ဟု လိုက်သည်ရှိသော် အရှင်မဟာကစ္စည်းမထေရ်မြတ် သီတင်းသုံးတော်မူရာ ကျောင်းအနီးသို့ ရောက်လေလျှင် ထိုသမင်ကို မမြင်သည် ဖြစ်၍ လှည့်လည်ကြည့်ရှုသည်။ သစ်ရွက်မိုးကျောင်း၏ အပြင်ဘက်၌ ထိုင်နေ တော်မူသော အရှင်မဟာကစ္စည်းမထေရ်မြတ်ကို မြင်ရလျှင် မထေရ်မြတ်၏အနီး၌ လေးအဖျားကို မြေ၌ထောက်၍ နေလေ၏။

အရှင်မဟာကစ္စည်း မထေရ်မြတ်သည် ထိုမင်းသားကို ကြည့်ရှုတော်မူ၍ မင်းသား၏ အစအဆုံး ဖြစ်ခဲ့ရပုံ အကြောင်းစုံကို သိတော်မူပြီး ဖြစ်သော်လည်း ချီးမွှောက်တော်မူလိုသောကြောင့် မသိဟန်ဆောင်ကာ ဤသို့ မေးမြန်းတော်မူ လေ၏။

၉၈၁။ ဒဠ္ဍမ္ဘာ နိသာရဿ၊ ဓနံ သြလုဗ္ဘ တိဋ္ဌသိ၊
ခတ္တိယော နုသိ ရာဇညော၊ အဒု လုဒ္ဓါ ဝနေစရော။

၉၈၁။ ဒဠ္ဍမ္ဘာ၊ မြဲမြံခိုင်ခဲ့သော လေးရှိသော။ တွံ၊ သင်သည်။ နိသာရဿ၊ အနှစ်မာသော သစ်သားဖြင့်။ ကတံ၊ ပြုလုပ်အပ်သော။ ဓနံ၊ လေးလက်နက်ကို။ သြလုဗ္ဘ၊ အဖျားကအောက် မြေမှာထောက်၍။ တိဋ္ဌသိ၊ ရပ်နေဘိ၏။ တွံ၊ သင် ယောကျ်ားသည်။ ခတ္တိယော၊ ရေမြေ့သော်ငြားနှင်း၊ ပြည့်ရှင်မင်းသည်။ အသိန္နု၊ ဖြစ် သလော။ ရာဇညော၊ မင်းသားသည်။ အသိန္နု၊ ဖြစ်သလော။ အဒု၊ ထိုသို့ မဟုတ် သေးပါက။ ဝနေ၊ တောတောင်မြိုင်တန်း တောစခန်း၌။ စရော၊ လှည့်လှည်သွား လာ ကျက်စားပါသော။ လုဒ္ဓေါ၊ မုဆိုးသည်။ အသိန္နု၊ ဖြစ်သလော။

ဤသို့ အရှင်မဟာကစ္စည်းမထေရ်မြတ်က မေးမြန်းတော်မူအပ်သည်ရှိသော် သုဇာတမင်းသားသည် ဤသို့ လျှောက်ထားလေ၏။

၉၈၂။ အဿကာဓိပတိဿာဟံ၊ ဘန္တေ ပုတ္တော ဝနေ စရော၊
နာမံ မေ ဘိက္ခု တေ ဗြူမိ၊ သုဇာတော ဣတိ မံ ဝိဒူ။

၉၈၃။ မိဂေ ဂဝေသမာနောဟံ၊ သြဂါဟန္တော ဗြဟာဝနံ၊
မိဂံ တဉ္စေဝ နာဒ္ဒက္ခိံ၊ တဉ္စ ဒိသွာ ဋ္ဌိတော အဟံ။

၉၈၂။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ အဿကာ ဓိပတိဿ၊ အဿကတိုင်းကို အစိုးရသော အဿကမင်း၏။ ပုတ္တော၊ သားတော်

http://www.dhammadownload.com

ချစ်ပါဘုရား။ ဝနေ၊ လူသူဝေးကွာ တောမြိုင်သာ၌။ စရော၊ လှည့်လည်သွားကာ ကျက်စားပါ၏။ ဘိကွူ၊ အရှင်ရဟန်းတော်မြတ်ဘုရား။ မေ၊ တပည့်တော်၏။ နာမံ၊ အမည်မှန်ကို။ တေ၊ အရှင်ဘုရားအား။ ဗြူမိ၊ လျှောက်ကြားပါ၏။ မံ၊ တပည့်တော်ကို။ သုဇာတောက္ကတိ၊ သုဇာတမင်းသားဟူ၍။ ဝိဒူ၊ သိကြပါပေကုန်၏ ဘုရား။

၉၈၃။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ မိဂေ၊ သားသမင်တို့ကို။ ဂဝေသမာနော၊ မရှာမနေ ရှာဖွေလျက်။ ဗြဟာဝနံ၊ တောအုပ်ကြီးသို့။ သြဂါဟန္တော၊ ဝင်ရောက်ဆည်ရှိသော်။ တတ္ထေဝ မိဂံ၊ ထိုသမင်ကိုမူကား။ နာဒ္ဒကွိ၊ မျက်စပြတ်၍ ဤအကွေ့တွင် မတွေ့မြင်လိုက်ရပါဘုရား။ အဟံ၊ တောင်မြောက်ကြည့်မျှော် တပည့်တော်သည်။ တဋ္ဌ၊ အရှင်ဘုရားကိုသာလျှင်။ ဒိသွာ၊ တွေ့မြင်ရပါ၍။ ဠိတော၊ တည်နေပါ၏ဘုရား။

ထိုစကားကို ကြားရ၍ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ထိုမင်းသားနှင့် ဤသို့ ပဋိသန္ထာရစကား ပြောကြားလေ၏။

၉၈၄။ သွာဂတံ တေ မဟာပုည၊ အထော တေ အဒုရာဂတံ၊
ဇဇ္ဈော ဥဒကမာဒါယ၊ ပါဒေ ပက္ခာလယသ္သု တေ။

၉၈၅။ ဣဒမ္မိ· ပါနီယံ သီတံ၊ အာဘတံ ဂိရိဂဗ္ဘရာ၊
ရာဇပုတ္တ တတော ပိတွာ၊ သန္တ သမ္မိ· ဥပါဝိသ။

၉၈၄–၅။ မဟာပုည၊ ဘုန်းကံကြီးမားသောမင်းသား။ တေ၊ သင်၏။ အာဂတံ၊ ရောက်၍လာခြင်းသည်။ သွာဂတံ–သုအာဂတံ၊ ကောင်းသောလာခြင်းပေတည်း။ အထော၊ ထိုမှတစ်ပါး။ တေ၊ သင်အား။ အဒုရာဂတံ၊ မကောင်းသောလာခြင်း မဟုတ်ပါ။ ဇဇ္ဈော၊ ဤရေအိုးမှ။ ဥဒကံ၊ ရေကို။ အာဒါယ၊ လိုသလောက် ခပ်ကာယူ၍။ တေ၊ သင်၏။ ပါဒေ၊ ခြေနှစ်ဖက်တို့ကို။ ပက္ခာလယသ္သု၊ သန့်ရှင်းလေအောင် ဆေးကြောချေလော့။ ဣဒမ္မိပါနီယံ၊ သန့်ရှင်းကြည်လင်ဤသောက်ရေစင်သည်လည်း။ သီတံ၊ သောက်ချင်ဖွယ်ရာ အေးမြပါ၏။ ဂိရိဂဗ္ဘရာ၊ တောင်ချောက်ကြားမှ။ အာဘတံ၊ ခပ်ယူထား၏။ ရာဇပုတ္တ၊ မင်းသား။ တတော၊ ထိုသောက်ရေအိုးမှ။ ပိတွာ၊ အလိုရှိသလောက် ခပ်ကာသောက်၍။ သန္တ သွိ·၊ အခင်းပေါ်၌။ ဥပါဝိသ၊ တက်ရောက်ဝင်ကာ ထိုင်နေပါလော့။

http://www.dhammadownload.com

ဤသို့လျှင် အရှင်မဟာကစ္စည်းမထေရ်မြတ်က ပဋိသန္ဓာရစကား ပြောတော်မူသောအခါ မင်းသားသည် မထေရ်မြတ်၏ ပဋိသန္ဓာရစကားကို ဝန်ခံလိုသည်ဖြစ်၍ ဤသို့ လျှောက်ထားလေ၏။

၉၈၆။ ကလျာဏီ ဝတ တေ ဝါစာ၊ သဝနီယာ မဟာမုနိ၊
နေလာ အတ္ထဝတီ ဝဂ္ဂူ၊ မန္နာ အတ္ထဥ္စ ဘာသသိ။

ဂါထာမြန်မာပြန် – ရဟန်းတော်အရှင်မြတ်ဘုရား၊ အရှင်မြတ်ဘုရား၏ စကားတော်သည် ကောင်းမြတ်ပါပေစွ၊ နာပျော်ဖွယ်ရာ ရှိပါပေ၏၊ အပြစ်ကင်းစင်ပါပေ၏၊ အကျိုးစီးပွားနှင့် စပ်ပါပေ၏၊ သာယာပါပေ၏၊ အကျိုးစီးပွားကို သိ၍ ပြောဆိုတော်မူပါပေ၏ဘုရား။

၉၈၇။ ကာ တေ ရတိ ဝနေ ဝိဟရတော၊
ဣသိနိသဘ ဝဒေဟိ ပုစ္ဆော။
တံဝ ဝစနပထံ နိသာမယိတ္ဝာ၊
အတ္ထဓမ္မပဒံ သမာစရေမသေ။

ဂါထာမြန်မာပြန် – ရဟန်းတော်အရှင်မြတ်ဘုရား၊ ချုပေါင်းပိတ်လွှမ်းတောမြိုင်တန်း၌ နေတော်မူသော အရှင်ဘုရား၏ ကောင်းစွာနေပျော် မွေ့လျော်တော်မူခြင်းသည် အဘယ်ပါနည်း။ တပည့်တော်အား မိန့်ကြားတော်မူပါဘုရား။ အရှင်ဘုရား၏ စကားတော်ကို နာယူ၍ ပစ္ဆုပ္ပန်တမလွန် နှစ်တန်အကျိုးရှိသော တရားတော်အစုကို ကျင့်ကြံလိုပါ၏ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ထိုမင်းသားနှင့် သင့်လျော်သော အကျင့်မြတ်ကို ဤသို့ ဟောကြားတော်မူလေ၏။

၉၈၈။ အဟိံသာ သဗ္ဗပါဏီနံ၊ ကုမာရမှာက ရုစ္စတိ၊
ထေယျာ စ အတိစာရာ စ၊ မဇ္ဇပါနာ စ အာရတိ။

၉၈၉။ အာရတိ သမစရိယာ စ၊ ဗာဟုသစ္စံ ကတညုတာ၊
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ ဓမ္မာ ဧတေ ပသံသိယာ။

၉၈၈-၉။ ကုမာရ၊ သုဇာတမင်းသား။ သဗ္ဗပါဏီနံ၊ သမင်၊ ဒရယ်၊ ကျီငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်၊ ယုန် အလုံးစုံသော သတ္တဝါတို့ကို။ အဟိံသာ၊ ညှဉ်း

http://www.dhammadownload.com

ဆဲခြင်း မရှိသည်ကို။ အမှာက်၊ ငါတို့သည်။ ရုစ္စတိ၊ နှစ်သက်ပါ၏။ ထေယျာစ၊ သူ့ဥစ္စာကို နိုးယူခြင်းမှ။ အာရတိစ၊ ဝေးစွာ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း။ အတိစာရာ၊ သူ၏မယား ဖောက်ပြားထွေထူး လွန်ကျူးခြင်းမှ။ အာရတိစ၊ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း။ မဇ္ဇပါနာ၊ မူးဝေတတ်စွာ သုရာငါးဝ မေရယ ငါးပါး သောက်စားခြင်းမှ။ အာရတိစ၊ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း။ အာရတိ၊ ဆိုပြီးအစ မကောင်းမှုတို့ကို ရှောင်ကြဉ်လျက်။ သမစရိယာစ၊ ကိုယ်စိတ်နှလုံး ညီညွတ်စွာ ကျင့်သုံးခြင်းသည်လည်းကောင်း။ ဗာဟုသစ္စဉ္စ၊ ကျမ်းဂန်ပိဋကတ် ပရိယတ်တွင် အကြားအမြင် များခြင်းသည်လည်းကောင်း။ ကတညုတာ၊ သူပြုအပ်ဖူး သူ့ကျေးဇူးကို သိခြင်းသည်လည်းကောင်း။ ဓမ္မတေဓမ္မာ၊ ထိုထုတ်ဖော်ပြထား ဆိုအပ်ပြီးသော တရားတို့ကို။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက် ဘဝ၌ပင်လျှင်။ ပါသံသာ၊ ချီးမွမ်းထိုက်သော တရားတို့ပေတည်း။ ပသံသိယာ၊ ပညာရှင်တို့ အစဉ်မပြတ် ချီးမွမ်းအပ်၏။

ဤသို့ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ထိုမင်းသားအား သင့်တော်သော အကျင့်တရားကို ဟောကြားတော်မူ၏။ ထို့နောက် ထိုမင်းသား၏ အသက်အပိုင်းအခြားကို အနာဂတ်သဉ္ဇာဏ်တော်ဖြင့် ကြည့်ရှုသည်ရှိသော ငါးလမျှသာလျှင် အသက်ရှည်လတ္တံ့သော အကြောင်းကို မြင်တော်မူသည်။ ထို့ကြောင့် သုဇာတမင်းသားကို ထိတ်လန့်သံဝေဖြစ်စေပြီး ထိုအကျင့်တရား၌ မြဲမြံစွာ တည်စေခြင်းငှာ ဤသို့ ဟောတော်မူလေ၏။

၉၉၀။ သန္တီကေ မရဏံ တုယှံ၊ သြရံ မာသေဟိ ပဉ္စဟိ၊
ရာဇပုတ္တ ဝိဇာနာဟိ၊ အတ္တာနံ ပရိမောစယ။

၉၉၀။ သုဇာတ၊ အို...မင်းသား သုဇာတ၊ တယှံ၊ သင်မင်းသား၏။ မရဏံ၊ ရုပ်နာမ်နှစ်ရပ် ဇီဝိန်ပြတ်ကြွေ အသက်သေခြင်းသဘောသည်။ သန္တီကေ၊ နီးကပ်နေ၏။ ပဉ္စဟိ မာသေဟိ သြရံ၊ ငါးလအတွင်း သေဆုံးခြင်းဖြစ်လတ္တံ့။ ရာဇပုတ္တ၊ အိုမင်းသား။ ဝိဇာနာဟိ၊ သိရှိပါလော့။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိမောစယ၊ ငရဲ တိရိစ္ဆာန်၊ ပြိတ် အသုရာ, အပါယ်လေးဌာနမှ ကောင်းစွာမသွေ လွတ်မြောက်ပါစေလော့။

ထို့နောက် သုဇာတမင်းသားသည် သံဝေဂစိတ်ဖြစ်ကာ မိမိ၏ သေရမည့်

http://www.dhammadownload.com

ဘေးမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းကို မေးမြန်းလိုသဖြင့် ဤသို့ လျှောက်ထားလေ၏။

၉၉၁။ ကတမံ သွာဟံ ဇနပဒံ ဂန္ဓာ၊ ကိံ ကမ္မံ ကိဉ္စ ပေါရိသံ၊
ကာယ ဝါ ပန ဒိဋ္ဌာယ၊ ဘဝေယျံ အဇရာမရော။

၉၉၁။ ဘန္တေ၊ အရှင်မြတ်ဘုရား။ သော အဟံ၊ ထိုတပည့်တော်သည်။ ကတမံဇနပဒံ၊ ဘယ်ကျေးရွာသို့။ ဂန္ဓာ၊ သွားရောက်၍။ ကိံ ကမ္မံ၊ ဘယ်အကျင့်ကို လည်းကောင်း။ ကိံ ပေါရိသံစ၊ ဘယ်ယောကျ်ားများ ပြုထားသင့်လှ အမှုကိစ္စကို လည်းကောင်း။ ကတွာ၊ မတွန့်မဆုတ် ကြိုးစားလုပ်၍။ ကာယ ဝိဇ္ဇာယ၊ အဘယ် အတတ်ဖြင့်လည်း။ အဇရာမရော၊ မအိုမသေ အမြဲနေရသည်။ ဘဝေယျံ၊ ဖြစ်ရပါအံ့နည်းဘုရား။

ဤသို့ မေးလျှောက်သောအခါ မထေရ်မြတ်က သုဇာတမင်းသားအား ဤသို့ ဟောကြားတော်မူလေ၏။

၉၉၂။ နာ ဝိဇ္ဇတေ သော ပဒေသော၊ ကမ္မံ ဝိဇ္ဇာ စ ပေါရိသံ၊
ယတ္ထ ဂန္ဓာ ဘဝေ မစ္စော၊ ရာဇပုတ္တာ'ဇရာမရော။

၉၉၂။ ရာဇပုတ္တ၊ အို ... မင်းသား။ မစ္စော၊ ကဲ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာကြောင့် မှန်စွာဖြစ်လာ သတ္တဝါဟူသမျှသည်။ ယတ္ထ၊ အမှတ်မထင် အကြင် အရပ်ဒေသသို့။ ဂန္ဓာ၊ တိမ်းရှောင်ကွယ်ကာ သွားရောက်ပါသော်။ အဇရာမရော၊ မအို မသေ စိုစိုပြေပြေနေရသော။ သောပဒေသော၊ ထိုအရပ်ဒေသသည်။ နာ ဝိဇ္ဇတေ၊ မရှိနိုင်သည်သာတည်း။ ကမ္မံစ၊ မအိုမသေ အမြဲနေရန် ကြဲဖန်ကာပြု ကိစ္စမှုသည်လည်းကောင်း။ ဝိဇ္ဇာစ၊ လောကဓာတ်ပညာ အဖြာဖြာနှင့် ဂါထာမန္တရား ဆေးဝါးဗေဒင် အင်းအိုင်ဆင်၍ ပြုပြင်တတ်စွာ အကာဘ်ပညာသည်လည်းကောင်း။ ပေါရိသံစ၊ ယောကျ်ားများတို့ ပြုထားသင့်လှ ဘူကိစ္စသည်လည်းကောင်း။ နာ ဝိဇ္ဇတိ၊ မရှိနိုင်ချေသည်သာတည်း။

၉၉၃။ မဟာဒုနှာ မဟာဘောဂါ၊ ရဋ္ဌဝန္တော်ပိ ခတ္တိယာ၊
ပဟူတဓနဓညာသေ၊ တေပိ နော အဇရာမရာ။

http://www.dhammadownload.com

၉၉၃။ မဟာဒုနာ၊ များသော ဥစ္စာရှိကုန်သော။ မဟာဘောဂါ၊ များသော စည်းစိမ်ရှိကုန်သော။ ခတ္တိယာ၊ မင်းမျိုးဌ ဖြစ်ကုန်သော။ ပဟူတဓနဓညာသေ၊ ပေါများလှစွာ ဥစ္စာစပါးလည်း ရှိကုန်သော။ တေပိ ရဋ္ဌဝန္တော်ပါ၊ ထိုထိုတိုင်းပြည် အရှင် ဘုရင်မင်းမြတ်တို့သော်မှလည်း။ အဇရာမရာ၊ မအိုမသေ အမြဲနေရကုန်သည်။ နော၊ ဇကန်တိတိ ရှိနိုင်သည် မဟုတ်ကုန်။ ဇရာမရာ ဇဝ၊ ဓမ္မတာသဘာဝ အိုရ သေရကုန်သည်သာလျှင်တည်း။

၉၉၄။ ယဒိ တေ သုတာ အန္ဓကဝေဏ္ဍုပုတ္တာ၊
သူရာ ဝီရာ ဝိက္ကန္တ ပဟာရိနော။
တေပိ အာယုက္ခယံ ပတ္တာ၊ ဝိဒွသ္ဘော သဿတီသမာ။

၉၉၄။ အန္ဓကဝေဏ္ဍုပုတ္တာ၊ အန္ဓကဝေဏ္ဍု၏ သားတို့သည်။ သူရာ၊ ရဲရင့်သတ္တိ ရှိကြကုန်၏။ ဝီရာ၊ ဖျတ်လတ်တက်ကြွ အားလုံ့လလည်း ရှိကြကုန်၏။ ဝိက္ကန္တ ပဟာရိနော၊ ရန်သူအင်အားကို နှိမ်နင်းပုတ်ခတ် အောင်နိုင်တတ်သော အလေ့လည်း ရှိကြကုန်၏။ ဣတိ၊ ဤသို့။ တေ တယာ၊ သင်မင်းသားသည်။ သုတာ၊ ကြားဖူးသည် မဟုတ်ပါလော။ သဿတီသမာ၊ လနေတို့နှင့် တူကုန်သော။ တေပိ၊ ထိုသူတို့သော်မှလည်း။ အာယုက္ခယံ၊ ဇီဝိန်ပျက်ကြွေ အသက်သေရခြင်းသို့။ ပတ္တာ၊ ရောက်ရကုန်သည်ဖြစ်၍။ ဝိဒွသ္ဘော၊ ပျက်စီးရာကုန်သေးသည်သာတည်း။

၉၉၅။ ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊ သုဒ္ဒါ စဏ္ဍာလပုက္ကုသာ၊
ဧတေ စညေ စ ဇာတိယာ၊ တေပိ နော အဇရာမရာ။

၉၉၅။ ခတ္တိယာ၊ မင်းမျိုးတို့လည်းကောင်း။ ဗြာဟ္မဏာ၊ ပုဏ္ဏားမျိုးတို့လည်းကောင်း။ ဝေဿာ၊ ကုန်သည်မျိုးတို့လည်းကောင်း။ သုဒ္ဒါ၊ ဆင်းရဲသားမျိုးတို့လည်းကောင်း။ စဏ္ဍာလပုက္ကုသာ၊ ဒွန်းစဏ္ဍားမျိုး ပန်းမွှိုက်သွန် (ဘင်ကျုံး) မျိုးတို့သည်လည်းကောင်း။ ဇာတိယာ၊ အမျိုးဇာတ်အားဖြင့်။ ဧတေစ၊ ဤဆိုအပ်ပြီးသော သူတို့သည်လည်းကောင်း။ အညေစ၊ ထိုမှတစ်ပါး များပြားဖုံဖုံ အမျိုးဇာတ် ရှိကုန်သော။ တေပိ၊ ထိုသူတို့သည်လည်းကောင်း။ အဇရာမရာ၊ မအိုမသေ အမြဲနေရကုန်သည်။ နော၊ မဟုတ်ကုန်။ ဇရာမရာဇဝ၊ အိုရ သေရ ကုန်သည်သာလျှင်တည်း။

http://www.dhammadownload.com

၉၉၆။ ယေ မန္တံ ပရိဝတ္တေန္တိ၊ ဆဋ္ဌံ ဖြဟ္မစိန္တိတံ၊
ဧတေ စသေ စ ဝိဇ္ဇာယ၊ တေပိ နော အဇရာမရာ။

၉၉၆။ ဖြဟ္မစိန္တိတံ၊ အဋ္ဌကစသား ရသေ့ပုဏ္ဏားတို့ ကြံစည်ထားသော။ ဆဋ္ဌံ၊ အင်္ဂါခြောက်ပါးရှိသော။ မန္တံ၊ ရွတ်နောက်နှစ်တန် အမှန်သိစွမ်း ဗေဒင်ကျမ်းကို။ ပရိဝတ္တေန္တိ၊ ထက်အောက်ပြောင်းပြန် ရွတ်နောက်လှန်ကာ ပြန်ဆို သရဇ္ဈာယ်နိုင်ကုန်သော။ ဝိဇ္ဇာယ၊ အတတ်ပညာအား ဖြင့်။ ဧတေစ၊ ဤပြဆိုအပ် ဗေဒင်ပညာတတ်သော သူတို့သည်လည်းကောင်း။ အသေစ၊ များပြားဖုံဖုံ တင်ပါးကုန်သော။ တေပိ၊ ပညာအရပ်ရပ် တတ်ကုန်သော ထိုသူတို့သည်လည်းကောင်း။ အဇရာမရာ၊ မအိုမသေ အမြဲနေရကုန်သည်။ နော၊ မဟုတ်ကုန်။ ဇရာမရာဇဝ၊ အိုရ သေရကုန်သည် သာလျှင်တည်း။

၉၉၇။ ဣသယော စာပိ ယေ သန္တာ၊ သညတတ္တာ တပဿိနော၊
သရီရံ တေပိ ကာလေန၊ ဝိဇဟန္တိ တပဿိနော။

၉၉၇။ သန္တာ၊ ငြိမ်းချမ်းသော ကာယက် ဝစီက်ရှိကုန်သော။ သညတတ္တာ၊ စောင့်စည်းအပ်သော စိတ်ရှိကုန်သော။ တပဿိနော၊ ကိလေသာတို့ကို ပူပန်စေတတ်သော အကျင့်ရှိကုန်သော။ ဣသယော၊ အကြင် ရသေ့မြတ်တို့သည်လည်း။ သန္တိ၊ ထင်ရှားမသွေ ရှိကြလေကုန်၏။ တေပိ၊ ထိုရသေ့မြတ်တို့သည်လည်း။ ကာလေန၊ သေချိန်ကျရောက်သော အခါကာလ၌။ သရီရံ၊ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာကို။ ဝိဇဟန္တိ၊ စွန့်ပစ်ခဲ့ရလေကုန်သေး၏။

၉၉၈။ ဘာဝိတတ္တာပိ အရဟန္တော၊ ကတကိစ္စာ အနာသဝါ၊
နိက္ခိပန္တိ ဣမံ ဒေဟံ၊ ပုဉ္ဉပါပပရိက္ခယာ။

၉၉၈။ ဘာဝိတတ္တာ၊ ပွားများအပ်ပြီးသော စိတ်ရှိကုန်သော။ ကတကိစ္စာ၊ ပြုအပ်ပြီးသော မဂ်ကိစ္စရှိကုန်သော။ အနာသဝါ၊ အာသဝေါတရားတို့မှ ရှင်းရှင်းကျွတ်ကျွတ် ကင်းလွတ်ကုန်ပြီးသော။ အရဟန္တာပိ၊ မြင့်မြတ်ဖြူစင် ရဟန္တာအရှင်မြတ်တို့သော်မှလည်း။ ပုဉ္ဉပါပပရိက္ခယာ၊ ကုသိုလ်ကံ အကုသိုလ်ကံ ကုန်ခန်းခြင်းကြောင့်။ ဣမံ ဒေဟံ၊ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာကို။ နိက္ခိပန္တိ၊ စွန့်ပစ်ခဲ့ရကုန်သေး၏။

http://www.dhammadownload.com

ဤသို့ အရှင်မဟာကစ္စည်းမထေရ်မြတ် မိန့်တော်မူသောအခါ သုဇာတ မင်းသားသည် မိမိ ပြုသင့်ပြုထိုက်သည်ကို ဤသို့ လျှောက်ထားလေ၏။

၉၉၉။ သုဘာသိတာ အတ္ထဝတီ၊ ဂါထာယော တေ မဟာမုနိ၊
နိဗ္ဗတ္တေန္တိ သုဘဉ္ဉေန၊ တွဉ္စ မေ သရဏံ ဘဝ။

၉၉၉။ မဟာမုနိ၊ ရဟန်းမြတ်ဘုရား။ တွံ၊ အရှင်မြတ်ဘုရားသည်။ အတ္ထဝတီ၊ အကျိုးစီးပွားရှိသော။ ဂါထာယော၊ ဂါထာတော်တို့ကို။ သုဘာသိတာ၊ သဘောကျအောင် ကောင်းစွာ ဟောပြတော်မူအပ်ပါပြီ။ သုဘဉ္ဉေန၊ ကောင်းစွာ ဟောပြောခြင်းဖြင့်။ နိဗ္ဗတ္တေန္တိ၊ တရားအမှတ်ဖြင့် ရှုစေအပ်သည်။ အမှိ၊ ဖြစ်ပါ၏။ တွဉ္စ၊ အရှင်ဘုရားသည်သာလျှင်။ မေ၊ တပည့်တော်၏။ သရဏံ၊ တစ်ဆင့် တစ်ဆင့် မြင့်ထက်မြင့်၍ မလင့်မှန်စွာ ကိုးကွယ်ရာသည်။ ဘဝ၊ တပည့်ကောင်း ကျိုး ရည်မျှော်ကိုးကာ ဖြစ်တော်မူပါဘုရား။

ထို့နောက် အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ထိုမင်းသားကို တရားပြ၍ ဆုံးမတော်မူလိုသည်ဖြစ်၍ ဤသို့ မိန့်တော်မူလေ၏။

၁၀၀၀။ မာ မံ တွံ သရဏံ ဂစ္ဆ၊ တမေဝ သရဏံ ဝဇ၊
သကျပုတ္တံ မဟာဝီရံ၊ ယမဟံ သရဏံ ဂတော။

ဂါထာမြန်မာပြန် – သင်သည် ငါ့ကို ကိုးကွယ်ရာဟူ၍ မဆည်းကပ်လင့်။ ငါသည် ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်၏။ သာကီဝင်မင်းသား ဖြစ်တော်မူသော ကြီးမားသော လုံ့လရှိတော်မူသော ထိုဘုရားရှင်ကိုသာလျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့။

ထို့နောက် သုဇာတမင်းသားသည် ဤသို့ လျှောက်ထားလေ၏။

၁၀၀၁။ ကတရသ္မိံ သော ဇနပဒေ၊ သတ္ထာ တုမှာက မာရိသ၊
အဟမ္မိ ဒဠှံ ဂစ္ဆိဿံ၊ ဇိနံ အပ္ပဋိပုဂ္ဂလံ။

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ အရှင်ဘုရားတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော ထိုဘုရားရှင်သည် အဘယ်မြို့ရွာဇနပုဒ်၌ ရှိပါသနည်း။ တပည့်တော်သည်လည်း အတုမရှိပုဂ္ဂိုလ် ဖြစ်တော်မူသော ဘုရားရှင်ကို ကြည်ညိုဖူးမြင်ခြင်းငှာ သွားပါအံ့ဘုရား။

တစ်ဖန် မထေရ်မြတ်သည် ဤသို့ မိန့်တော်မူပြန်၏။

http://www.dhammadownload.com

၁၀၀၂။ ပုရတ္ထိမသ္မိ ဧနပဒေ၊ သြက္ကာကကုလသမ္ဘဝေါ၊
တတ္ထာသိ ပုရိသာဧညော၊ သော စ ဓေါ ပရိနိဗ္ဗုတော။

ဂါထာမြန်မာပြန် – သြက္ကာကမင်းမျိုးမှ ဆင်းသက်၍ ယောက်ျားမြတ် ဖြစ်တော်မူသော ဘုရားရှင်သည် ထိုအရှေ့ဧနပုဒ်၌ ဖြစ်တော်မူ၏။ ထိုဘုရားရှင်သည်ကား ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

ဤသို့ မိန့်တော်မူလျှင် ထိုသုဇာတမင်းသားသည် အရှင်မဟာကစ္စည်းမထေရ်မြတ်၏ တရားတော်ကို ကြားနာရ၍ ကြည်ညိုသောစိတ်ဖြစ်ကာ သရဏဂုံတို့၌လည်းကောင်း၊ သီလတို့၌လည်းကောင်း တည်လေ၏။ ထိုသို့တည်ကြောင်းကို ဤသို့ ဝန်ခံစကား လျှောက်ထားလေ၏။

၁၀၀၃။ သစေ ဟိ ဗုဒ္ဓေါ တိဋ္ဌေယျ၊ သတ္ထာ တုမှာက မာရိသ၊
ယောဧနာနိ သဟဿာနိ၊ ဂစ္ဆေယျ ပယိရုပါသိတုံ။

ဂါထာမြန်မာပြန် – အရှင်မြတ်ဘုရား၊ အရှင်မြတ်ဘုရားတို့၏ ဆရာဖြစ်တော်မူသော ဘုရားရှင်သည် အကယ်၍ တည်ရှိတော်မူသေးသည်ရှိသော် တပည့်တော်သည် ယူဇနာတစ်ထောင်တိုင်တိုင်ပင် ဝေးသော်လည်း ကိုးကွယ်ဆည်းကပ်ခြင်းငှာ သွားပါအံ့ဘုရား။

၁၀၀၄။ ယတော စ ဓေါ ပရိနိဗ္ဗုတော၊ သတ္ထာ တုမှာက မာရိသ၊
နိဗ္ဗုတမ္ပိ မဟာဝီရံ၊ ဂစ္ဆာမိ သရဏံ အဟံ။

ဂါထာမြန်မာပြန် – အရှင်မြတ်ဘုရား၊ အရှင်မြတ်ဘုရားတို့၏ ဆရာဖြစ်တော်မူသော ဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မူခြင်းကြောင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ကြီးစွာသော လုံ့လရှိတော်မူသော ဘုရားရှင်ကို တပည့်တော်သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ဘုရား။

၁၀၀၅။ ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဉ္စာပိ အနုတ္တရံ၊
သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အဟံ။

၁၀၀၅။ ဘန္ဒေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဗုဒ္ဓံ၊ ဘုရားမြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ယုံကြည်လေးမြတ်စွာ ဆည်းကပ်ပါ၏ ဘုရား။ အနုတ္တရံ၊ တုဖက်မပေါ် မြင့်မြတ်တော်မူသော။ ဓမ္မဉ္စ၊ မဂ်ဖိုလ်ရှစ်

http://www.dhammadownload.com

တန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ သရဏဲ၊ ကိုးကွယ်ရာဟူ၍။ ဥဖေမိ၊ ယုံကြည်လေးမြတ်စွာ ဆည်းကပ်ပါ၏ဘုရား။ နရဒေဝဿ၊ လူသုံးပါးနှတ် ဘုရားမြတ်၏။ သံဃဉ္စ၊ သုပွဋိပန္နံ အစရှိသား ဂုဏ်ကိုးပါးနှင့် ထင်ရှားပေလတ် တပည့်သား သံဃာတော်မြတ်ကိုလည်း။ သရဏဲ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်လေးမြတ်စွာ ဆည်းကပ်ပါ၏ဘုရား။

၁၀၀၆။ ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နော စ မုသာ ဘဏာမ္ဟိ၊
သကေန ဒါရေန စ ဟောမိ တုဋ္ဌော။

၁၀၀၆။ အဟံ၊ တပည့်တော်သည်။ ခိပ္ပံ၊ လျင်မြန်စွာ။ ပါဏာတိပါတာ၊ သူတစ်ပါးအသက် ရက်စက်မည်သာ စေတနာဖြင့် သတ်ဖြတ်ခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။ လောကေ၊ လူ့လောကဌ်။ အဒိန္နံ၊ ဥစ္စာရှင်တို့ ခွင့်မပေးရာ သူ့ဥစ္စာကို။ ပရိဝဇ္ဇယာမိ၊ ရှောင်ကြဉ်ပါ၏။ အမဇ္ဇပေါ၊ မူးဝေတတ်စွာ ငါးဖြာသူရ မေရယငါးပါး မသောက်စားတော့ပါဘုရား။ မုသာ စ၊ မဟုတ်မမှန်ငြား ဆိုစကားကိုလည်း။ နော စ ဘဏာမိ၊ မပြောတော့ပါဘုရား။ သကေန၊ ကိုယ်ပိုင်ဖြစ်သော။ ဒါရေနစ၊ ကြင်ရာသက်ထား အိမ်သူမယားဖြင့်လည်း။ တုဋ္ဌော၊ ရောင့်ရဲမပျက် တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောမိ၊ အမြဲလိုက်နာ ဖြစ်ပါတော့အံ့ဘုရား။

ဓာတ်တော်ပေးကာ ပြန်စေပြီ

ဤသို့လျှင် သရဏဂုံတို့ဥဒ္ဒါလည်းကောင်း၊ သီလတော်မြတ်တို့ဥဒ္ဒါလည်းကောင်း တည်ပြီးသော သုဇာတမင်းသားကို အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ဤသို့မိန့်တော်မူ၏။ "သုဇာတမင်းသား၊ သင်သည် ဤတောတွင်း၌နေသဖြင့် အကျိုးမရှိ၊ သင်မင်းသား၏ အသက်သည် ငါးလအတွင်း၌ပင်လျှင် သေလွန်ရတော့အံ့၊ ထို့ကြောင့် သင်၏ ခမည်းတော်ထံသို့သာလျှင် ပြန်သွား၍ ဒါန အစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ သူမြတ်များတို့ ပျော်ပါးစံရာ နတ်ပြည်သာသို့ ရောက်စေရာ၏" ဟု မိန့်တော်မူ၍ မိမိ၏အထံ၌ရှိသော ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို ကိုးကွယ်ရန် ပေး၍လွှတ်လိုက်လေ၏။

http://www.dhammadownload.com

ဆရာတော်ကိုဖိတ်ကြား

ထိုသုဇာတမင်းသား သွားသည်ရှိသော် "အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားတို့၏ မိန့်ကြားအပ်သောစကားဖြင့် ဤနေရာအရပ်မှ ပြန်သွားပါတော့အံ့၊ အရှင်ဘုရားတို့သည်လည်း တပည့်တော်အား အစဉ်သနား ချီးမြှောက်သောအားဖြင့် တပည့်တော်နေထိုင်ရာ အဿကပြည်သို့ ကြွရောက်တော်မူစေချင်ပါသည်ဘုရား" ဟု ဖိတ်မံလျှောက်ကြားသည်။

အရှင်မဟာကစ္စည်းမထေရ်မြတ် လက်ခံတော်မူသည်၏ အဖြစ်ကိုသိရ၍ ရှိခိုးပြီးလျှင် ခမည်းတော်စံမြန်းရာ အဿကတိုင်းပြည်သို့ ပြန်သွားပြီး ဥယျာဉ်တော်သို့ ဝင်ရောက်ကာ မိမိရောက်လာသော အကြောင်းကို ခမည်းတော်မင်းကြီးအား သံတော်ဦးတင်စေ၏။

မင်းအဖြစ်ထက် ကုသိုလ်သာပြုလို

ခမည်းတော် အဿကမင်းကြီးသည် သားတော်ရောက်လာကြောင်း ကြားသိလေလျှင် ဥယျာဉ်တော်သို့ ထွက်တော်မူကာ သုဇာတမင်းသားကို မင်းမြှောက်လိုကြောင်း ပြောကြားသည်။ သုဇာတမင်းသားသည် "ခမည်းတော်မင်းမြတ်၊ အကျွန်ုပ်၏ အသက်အပိုင်းအခြားသည် အနည်းငယ်မျှသာ ရှိပါတော့၏၊ ဤနေ့မှ နောက်လေးလကြာလျှင် သားတော် ကွယ်လွန်ရပါတော့အံ့၊ အကျွန်ုပ်အား မင်းအဖြစ်ထက် ခမည်းတော်မင်းမြတ်တို့ကို အမှီပြု၍ ကောင်းမှုကုသိုလ် ဆည်းပူးပြုလုပ် အားထုတ်ရန်သာ လိုပါအံ့" ဟု ဆို၍ အရှင်မဟာကစ္စည်းမထေရ်မြတ်၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ ရတနာသုံးပါး၏ အာနုဘော်ကိုလည်းကောင်း သံတော်ဦးတင်လေ၏။

ခမည်းတော်မင်းကြီးသည် ထိုသားတော် လျှောက်တင်သောစကားကို ကြားသိရ၍ တုန်လှုပ်ထိတ်လန့်ပြီး ရတနာသုံးပါး၌လည်းကောင်း၊ အရှင်မဟာကစ္စည်းမထေရ်မြတ်၌လည်းကောင်း ကြည်ညိုသောကြောင့် ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးလျှင် အရှင်မဟာကစ္စည်းမထေရ်မြတ်၏ အထံတော်သို့ တမန်တော်လွှတ်ကာ ပင့်လျှောက်စေ၏။

အရှင်မဟာကစ္စည်းမထေရ်သည်လည်း အဿကမင်းကြီးကိုလည်းကောင်း၊ တိုင်းသူပြည်သား အပေါင်းကိုလည်းကောင်း ချီးမြှောက်တော်မူလိုသည်ဖြစ်၍

http://www.dhammadownload.com

ကြွရောက်တော်မူလာ၏။ မင်းကြီးသည်လည်း အခွေအရံနှင့်တကွ ခရီးဦးကြိုပြုကာ မထေရ်မြတ်ကို ကျောင်းတော်သို့ ပင့်ဆောင်လျက် ပစ္စည်းလေးပါးတို့ဖြင့် ရိုသေစွာ ပြုစုလုပ်ကျွေး ထောက်ပံ့လျက် သရဏဂုံတို့၌လည်းကောင်း၊ သီလတို့၌လည်းကောင်း တည်လေ၏။

နတ်သားဖြစ်ခြင်း

သုဇာတမင်းသားသည်လည်း သီလတို့ကို ဆောက်တည်၍ မထေရ်မြတ်ကိုလည်းကောင်း၊ ရဟန်းတော်အရှင်မြတ်တို့ကိုလည်းကောင်း ရိုသေလေးစားစွာ လုပ်ကျွေးပြုစုလျက် ဓလေးလပတ်လုံး လှူဒါန်းပေးကမ်းခြင်းတို့ကို ပြုလုပ်၍ တရားတော်တို့ကို နာကြားကာနေလေ၏။ လေးလလွန်မြောက်သောအခါ ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သား၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့် ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ခုနစ်ယူဇနာ ပမာဏရှိသည့် နတ်ရထားကြီးသည် ဖြစ်ပေါ်၍လာလေ၏။ ထိုနတ်သားအား အထောင်မက များပြားလှစွာသော နတ်သမီးတို့သည်လည်း ခြံရံလျက် ရှိကြကုန်၏။

အဿကမင်းကြီးသည် သားတော်၏အလောင်းကို သင်္ဂြိုဟ်သည်။ ရဟန်းအပေါင်းအားလည်း အလှူဒါနပြုကာ စေတီတော်အား ပူဇော်လေ၏။ ထိုပူဇော်ပွဲသို့ လူအများ လာရောက်ကြလေ၏။ အရှင်မဟာကစ္စည်းမထေရ်သည်လည်း အခြံအရံနှင့်တကွ ထိုအရပ်သို့ ကြွရောက်တော်မူလာလေ၏။

သုဇာတနတ်သားသည် မိမိပြုခဲ့ဖူးသော ကောင်းမှုကံကို ဆင်ခြင်ကြည်ရွှင်သည်ရှိသော် အရှင်မဟာကစ္စည်းမထေရ်မြတ်၏ ပြုခဲ့ဖူးသော ကျေးဇူးကို အောက်မေ့၍ "ငါသည် မထေရ်မြတ်ကိုလည်း သွား၍ရှိခိုးအံ့၊ သာသနာတော်၏ ဂုဏ်ကျေးဇူးကိုလည်း ထင်ရှားအောင် ပြုလုပ်အံ့" ဟု ကြံ၍ နတ်ရထားကိုစီးကာ များစွာသော နတ်သမီးအခြံအရံဖြင့် လူအများမြင်နိုင်ရန် ထင်ရှားသောကိုယ်ဖြင့် လာလေ၏။

ထို့နောက် ရထားမှဆင်းပြီးလျှင် အရှင်မဟာကစ္စည်းမထေရ်မြတ်၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုးသည်။ ခမည်းတော်ကြီးနှင့်လည်း စကားပြောကြားသည်။ ထိုအခါ အရှင်မဟာကစ္စည်း မထေရ်မြတ်သည် ထိုနတ်သားကို ဤသို့ မေးမြန်းတော်မူလေ၏။

http://www.dhammadownload.com

၁၀၀၇။ သဟဿရံသီဝ ယထာ မဟပ္ပဘော၊
ဒိသံ ယထာ ဘာတိ နဘော အနုက္ကမံ။
တထာပကာရော တဝါယံ မဟာရထော၊
သမန္တတော ယောဇနသတ္တမာယတော။

ဂါထာမြန်မာပြန် – ကြီးမြတ်သော အရောင်အဝါရှိ၍ အထောင်မှကသော ရောင်ခြည်ကိုဆောင်သော ဘာနုရာဇာ နေဗိမာန်သည် မိုးကောင်းကင်၌ မရပ်မတည် လှည့် လည်သွားလာလျက် အရပ်မျက်နှာတို့၌ ထွန်းလင်းတောက်ပသကဲ့သို့ ထို့အတူ ထက်ဝန်းကျင် အချင်းအားဖြင့် ခုနစ်ယူဇနာရှိသော သင်နတ်သား၏ ဤရထားကြီးသည် ထိုနေဗိမာန်နှင့် တူပေ၏။

၁၀၀၈။ သုဝဏ္ဏပဋ္ဋေဟိ သမန္တ မောတ္ထဋော၊
ဥရ'ဿ မုတ္တာဟိ မဏီဟိ စိတ္တိတော။
လေခါ သုဝဏ္ဏဿ စ ရူပိယဿ စ၊
သောဘေန္တိ ဝေဠုရိယမယာ သုနိမ္မိတာ။

ဂါထာမြန်မာပြန် – သင်နတ်သား၏ ရထားကို ရွှေပြားတို့ဖြင့် ထက်ဝန်းကျင် မှ ပြင်ဆင်ဖုံးလွှမ်းအပ်၏။ လှည်းသန်ရင်းကို ပုလဲတို့ဖြင့်လည်းကောင်း၊ ပတ္တမြား တို့ဖြင့်လည်းကောင်း အဆန်းတကြယ် ပြုလုပ်အပ်၏။ ကောင်းစွာပြုပြင် ဖန်ဆင်း ကုန်သော ကြောင်မျက်ရွဲဖြင့်ပြီးကုန်သော ရွှေအရေး ငွေအရေးတို့သည် ရထားကို ရှုချင်စဖွယ် တင့်တယ်စေကုန်၏။

၁၀၀၉။ သီသဋ္ဌိဒံ ဝေဠုရိယဿ နိမ္မိတံ၊
ယိဂဋ္ဌိဒံ လောဟိတကာယ စိတ္တိတံ။
ယုတ္တာ သုဝဏ္ဏဿ စ ရူပိယဿ စ၊
သောဘန္တိ အဿာ စ ဣမေ မနောဇဝါ။

ဂါထာမြန်မာပြန် – ရထား၏ ဝက်စွယ်ရင်းကိုလည်း ကြောင်မျက်ရွဲတို့ဖြင့် ပြုပြင်ဖန်ဆင်းအပ်၏။ ထမ်းပိုးကိုလည်း ပတ္တမြားနီဖြင့် အဆန်းတကြယ် ပြုလုပ် အပ်၏။ ရွှေထန်ဆာဖြင့်လည်းကောင်း၊ ငွေတန်ဆာဖြင့်လည်းကောင်း ဆင်ယင် အပ်ကုန်သော စိတ်ကဲ့သို့ လျင်မြန်ခြင်းရှိကုန်သော ရထား၌ ကအပ်ကုန်သော် ဤအသတို့ရိမြင်းတို့သည် ရှုချင်စဖွယ် တင့်တယ်လှပါပေကုန်၏။

http://www.dhammadownload.com

၁၀၁၀။ သော တိဋ္ဌသိ ဟေမရထေ အဓိဋ္ဌိတော၊
ဒေဝါနမိန္ဒောဝ သဟဿဝါဟနော။
ပုစ္ဆာမိ တာဟံ ယသဝန္တ ကောဝိဒံ၊
ကထံ တယာ လဒ္ဓါ အယံ ဥဠာရော။

ဂါထာမြန်မာပြန် – အခြံအရံ ကြီးမားလှသောနတ်သား၊ အာဇာနည်မြင်းတစ်ထောင်ကသော ယာဉ်ရှိသော နတ်တို့၏ အရှင်သိကြားမင်းသည် တည်နေသကဲ့သို့၊ ထို့အတူ မိမိတန်ခိုးဖြင့် အလုံးစုံသော ဤအရပ်ကို လွှမ်းမိုး၍တည်သော သင်သည် ရွှေရထား၌ တည်နေဘိ၏။ ပညာရှိသော သင့်ကို မေးပါ၏။ အဘယ်သို့သော အကြောင်းဖြင့် ဤသို့ များမြတ်သော အခြံအရံကို သင်ရလေသနည်း။

ဤသို့ မထေရ်မြတ် မေးတော်မူအပ်သည်ရှိသော် သုဇာတနတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၀၁၁။ သုဇာတော နာမဟံ ဘန္တေ၊ ရာဇပုတ္တော ပုရေ အဟုံ။
တွဉ္စ မံ အနုကမ္မာယ၊ သညမသ္မိံ နိဝေသယိ။

၁၀၁၁။ ဘန္တေ၊ မထေရ်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပုရေ၊ နတ်သားဘဝ မရသေးမီ ရှေးလူ့ဘဝဆီက။ သုဇာတောနာမ၊ သုဇာတဟု အမည်ခေါ်သော။ ရာဇပုတ္တော၊ မင်းသားသည်။ အဟုံ၊ ဖြစ်ခဲ့ပါ၏ဘုရား။ တွဉ္စ၊ သာသနာတွင် ပေါ်လွင်ထင်ရှား အရှင်ဘုရားသည်လည်း။ မံ၊ တပည့်တော်ကို။ အနုကမ္မာယ၊ သနားစောင့်ရှောက် ချီးမြှောက်တော်မူခြင်းငှာ။ သညမသ္မိံ၊ ကိုယ်နှုတ်နှလုံး စောင့်သုံးအပ်စွာ ကျင့်သီလ၌။ နိဝေသယိ၊ ဆောက်တည်စေကြား ဟောညွှန်ကြားဖူးပါသည်ဘုရား။

၁၀၁၂။ ခီဏာယုကဉ္စ မံ ဥ တွာ၊ သရီရံ ပါဒါသိ သတ္ထုနော။
ဣမံ သုဇာတ ပူဇေဟိ၊ တံ တေ အတ္ထာယ ဟေဟိတိ။

၁၀၁၂။ တွံ၊ အရှင်မြတ်သည်။ မံ၊ တပည့်တော် သုဇာတမင်းသား၏။ ခီဏာယုကဉ္စ၊ အသက်ကုန်ခါနီး နေသည်ကိုလည်း။ ဥ တွာ၊ အနာဂတ်သ ဉာဏ်ဖြင့် ကြို့တင်သိတော်မူ၍။ သုဇာတ၊ အမောင်မင်းသား။ ဣမံ၊ ဤဓာတ်တော်ကို။ ပူဇေဟိ၊ ပူဇော်လေလော့။ တံ၊ ထိုမြတ်နိုးကော်ရော် ပူဇော်ခြင်းသည်။ တေ၊ သင်မင်းသား၏။ အတ္ထာယ၊ လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ အကျိုးငှာ။ ဟေဟိတိ၊

http://www.dhammadownload.com

ဖြစ်ပေလတ္တံ့။ ဣတိ၊ ဤသို့မိန့်တော်မူ၍။ သတ္ထုနော၊ ဘုရားမြတ်စွာ၏။ သရိရံ၊ သရီရဓာတ်တော်ကို။ ပါဒါသိ၊ အပ်နှင်းပေးသနားတော် မူခဲ့ဖူးပါသည်ဘုရား။

၁၀၁၃။ တာဟံ ဂန္ဓေဟိ မာလေဟိ၊ ပူဇယိတ္ဝာ သမုယျုတော၊
ပဟာယ မာနုသံ ဒေဟံ၊ ဥပပန္နောမှိ နန္ဒနံ။

၁၀၁၃။ အဟံ၊ တပည့်တော်သည်။ သမုယျုတော၊ လုံ့လကြိုးကုတ် စွမ်းအားထုတ်လျက်။ တံ၊ ထိုသရီရဓာတ်တော်ကို။ ဂန္ဓေဟိ၊ နံ့သာတို့ဖြင့်လည်းကောင်း။ မာလေဟိ၊ ပန်းပွင့် ပန်းညွှန့်တို့ဖြင့်လည်းကောင်း။ ပူဇယိတ္ဝာ၊ ပူဇော်ရပါ၍။ မာနုသံ၊ လူ့ပြည်၌ဖြစ်သော။ ဒေဟံ၊ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာကို။ ပဟာယ၊ စွန့်ပစ်ပယ်၍။ နန္ဒနံ၊ နန္ဒဝန်ဥယျာဉ်တော်၌။ ဥပပန္နော၊ နတ်သားအဖြစ်သို့ ရောက်ရသည်။ အမှိ၊ စစ်စစ်မှန်စွာ ဖြစ်ပါ၏ဘုရား။

၁၀၁၄။ နန္ဒနေ စ ဝနေ ရမ္မေ၊ နာနာဒိဇဂဏာယုတေ။
ရမာမိ နိစ္စဂီတေဟိ၊ အစ္ဆရာဟိ ပုရက္ခတော။

၁၀၁၄။ အဟံ၊ တပည့်တော်သည်။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော။ နာနာဒိဇဂဏာယုတေ၊ ငှက်မျိုးစုံတို့နှင့် ပြည့်စုံသော။ နန္ဒနေ ဝနေ၊ နန္ဒဝန် ဥယျာဉ်တော်၌။ နိစ္စဂီတေဟိ၊ ကခုန်သီဆိုနေကြကုန်သော။ အစ္ဆရာဟိ၊ နတ်သမီးတို့ဖြင့်။ ပုရက္ခတော၊ ဝန်းရံအပ်ကုန်သည်ဖြစ်၍။ ရမာမိ၊ မွေ့လျော်စံစား ပျော်ပါးနေရပါသည်ဘုရား။

ဤသို့လျှင် သုဇာတနတ်သားသည် အရှင်မဟာကစ္စည်းမထေရ်မြတ် မေးတော်မူအပ်သော အကြောင်းကို ဖြေကြားလျှောက်ထား၍ မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးပြီးလျှင် ခမည်းတော်မင်းကြီးကို ပန်ကြားပြီး နတ်ရထားစီးကာ နတ်သမီးအခြွေအရံနှင့်တကွ နတ်ပြည်သို့သာလျှင် ပြန်သွားလေ၏။

အရှင်မဟာကစ္စည်းမထေရ်မြတ်သည်လည်း ထိုသုဇာတနတ်သား လျှောက်ထားသော အကြောင်းစုံကို ရောက်လာသော ပရိသတ်အား အကျယ်အားဖြင့် တရားစကား ဟောကြားတော်မူလေ၏။ ထိုဟောကြားတော်မူသော တရားစကားတော်သည် လူအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ထိုအခါ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် မိမိသည်လည်းကောင်း၊ သုဇာတနတ်သားသည်လည်း လျှောက်ထားအပ်သော အကြောင်းစုံကို ဓမ္မသင်္ဂါ

http://www.dhammadownload.com

ယနာ တင်တော်မူကြကုန်သော မထေရ်မြတ်တို့အား လျှောက်ထားလေ၏။ ထို သုဇာတနတ်သား၏ ဝတ္ထုကိုလည်း သင်္ဂါယနာတင် အရှင်မြတ်တို့သည် စုပေါင်းကာ သင်္ဂါယနာ တင်တော်မူကြကုန်၏။

စူဠဋ္ဌရထဝိမနာဝတ္ထု ပြီး၏။

၁၄။ မဟာရထဝိမာနဝတ္ထု

အရသာရှိသော ဆွမ်းအဖျော်နှင့် သင်္ကန်းတို့ကို သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သည့်အပြင် သုံးပါးသော အသဒိသအလှူကြီးကို ပေးလှူခဲ့သောကြောင့် သိကြားမင်းကဲ့သို့သော ကြီးကျယ်ခမ်းနားသော စည်းစိမ်ချမ်းသာကို ခံစားရသော နတ်သားအကြောင်း။

ဤဘဒ္ဒကမ္ပာမှ ပြန်၍ရေတွက်သော် ကိုးဆယ့်တစ်ကမ္ပာထက်၌ ဝိပဿီဘုရားရှင် ပွင့်တော်မူ၏။ ထိုအခါ အမျိုးကောင်းသမီး တစ်ယောက်သည် ဝိပဿီဘုရားရှင်အား ရွှေပန်းခိုင်ဖြင့် ပူဇော်၍ "ငါ့အား ဤကုသိုလ်၏ အစွမ်းကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ ရွှေဖြင့်ပြီးသော ရင်လွှမ်းတန်ဆာ ဖြစ်ပေါ် (ဝတ်ဆင်) ရပါစေသား" ဟု ဆုတောင်းမှုပြုခဲ့သည်။

ထိုအမျိုးသမီးသည် များစွာသော ကမ္ဘာတို့ပတ်လုံး သုဂတိဘုံတို့၌သာလျှင် ကျင်လည်၍ ကဿပဘုရားရှင် လက်ထက်တော်အခါ ကာသိတိုင်း ဗာရာဏသီပြည် ကိကီမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားဝမ်း၌ ပဋိသန္ဓေတည်နေ၏။ ဖွားမြင်သောအခါ ဆုတောင်းအားလျော်စွာ ရွှေရင်လွှမ်း တန်ဆာပန်းကိုရသောကြောင့် "ဥရစ္ဆဒမာလာ" ဟူ၍ အမည်ရကာ နတ်ကညာနှင့်တူ၏။ ထိုဥရစ္ဆဒမာလာမင်းသမီး၏ဆရာကား ဂေါပါလမည်သော ပုဏ္ဏားဖြစ်၏။

နတ်သားဖြစ်ရပြီ

ထိုဂေါပါလပုဏ္ဏားသည် တပည့်သဲဘာတော်နှင့်တကွ ကဿပဘုရားရှင်အား အတူမရှိသော အလှူတော်ကြီးတို့ကို ဘုရားရှင်သည် မိမိကိုလည်းကောင်း ဥရစ္ဆဒမာလာ မင်းသမီးကိုလည်းကောင်း ရည်ရွယ်၍ ဟောကြားတော်မူသော

http://www.dhammadownload.com

တရားတော်မြတ်ကို နာကြားရသော်လည်း ကုန်ဆွေများ မရင့်ကျက်သေးသည်၏ အဖြစ်ကြောင့် မဂ်ဖိုလ်တရားထူးကို ရနိုင်လောက်အောင် မစွမ်းနိုင်၍ ပုထုဇဉ် အဖြစ်ဖြင့် စုတေကွယ်လွန်သည်။ ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှု၏အစွမ်းကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာတစ်ရာကျယ်သော ရွှေဗိမာန်၌ အကုဋေမက များပြားလှစွာသော နတ်သမီးကညာတို့ဖြင့် ခြံရံလျက် ကျော်စောထင်ရှားသော နတ်သားဖြစ်လေ၏။

ထိုဂေါပါလနတ်သားသည် ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော နတ်မြေင်းတစ်ထောင်ကသော ကောင်းစွာစီမံသည့် အကာအရံတို့ဖြင့် ဆန်းကြယ်သော နူးညံ့လှစွာ ချိုသာသော အသံရှိသည်။ မိမိ၏ (ယာဉ်ရထား)မှ ထွက်ပေါ်လာသော ရတနာရောင်သည် တက်သစ်သော နေအဝန်းကို ပြက်ရယ်ပြုသည့်အလား အာဇာနည်မြင်းကသော နတ်ရထားသည် ဖြစ်ပေါ်လာလေ၏။

ထိုဂေါပါလနတ်သားသည် တာဝတိံသာနတ်ပြည်၌ အကြိမ်ကြိမ် အဖန်ဖန် ကျင်လည်လျက် ဤဘဝတို့ ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ၌ ထိုကုသိုလ်က အကျိုးပေးကြောင့်ပင် တာဝတိံသာနတ်ပြည်၌ နတ်ရထားဘုံဗိမာန် အဆွေအရံ စည်းစိမ်အတန်တန်တို့ကို ခံစားရသော ဂေါပါလနတ်သားသည်သာလျှင် ဖြစ်ပြန်လေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ် မေးမြန်းတော်မူခြင်း

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီလှည့်လည်တော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဂေါပါလမည်သော နတ်သားသည် မိမိ၏ ဗိမာန်မှထွက်၍ နတ်မြင်းတစ်ထောင်ကသော နတ်ရထားကြီးကို စီးကာ များစွာသော နတ်သမီးအဆွေရံဖြင့် ဥယျာဉ်ကစားရန် ထွက်လာသည်။ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို မြင်၍ ဂေါပါလနတ်သားသည် နတ်ရထားပေါ်မှ ဆင်း၍ တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် ဦးခေါင်း၌ လက်အုပ်ချီကာ ရပ်တည်နေလေ၏။

ဤသို့ လက်အုပ်ချီကာ ချဉ်းကပ်၍နေသော ထိုဂေါပါလနတ်သားကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဤသို့ မေးမြန်းတော်မူလေ၏။

၁၀၁၅။ သဟာဿယုတ္တော် ဟယဝါဟနော် သုဘော်၊
အာရုယှိမံ သန္ဒနံ နေကစိတ္တံ။

http://www.dhammadownload.com

ဥယျာနဘူမိ အဘိတော အနုဏ္ဏမံ၊
ပုရိန္ဒဒေါ ဘူတပတိဝ ဝါသဝေါ။

ဂါထာမြန်မာပြန် – ဂေါပါလနတ်သား၊ သင်သည် နတ်မြင်းတစ်ထောင်ကသော နတ်ရထားယာဉ်ရှိသော တင့်တင့်တယ်တယ် အမျိုးမျိုးဆန်းကြယ်သည့် ဤရထားသို့ တက်စီး၍ ဥယျာဉ်တော်အနီးသို့ သွား၏။ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းကဲ့သို့ ရှုချင်စဖွယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်လှပေ၏။

၁၀၁၆။ သောဝဏ္ဏမယာ တေ ရထကုဗ္ဗရာ ဥဘော၊
ဖလေဟိ အံသေဟိ အတီဝ သင်္ဂတာ။
သုဇာတဂုမ္ဗာ နရဝီရနိဋ္ဌိတာ၊
ဝိရောစတိ ပန္နရသေဝ စန္ဒော။

ဂါထာမြန်မာပြန် – ရွှေဖြင့်ပြုအပ်ကုန်သော သင်၏ ရထားလက်တင်ပွတ်တိုင်နှစ်ဖက်တို့သည် အကာပျဉ်ချပ်တို့ဖြင့်လည်းကောင်း၊ အမြှောင့်တို့ဖြင့်လည်းကောင်း အလွန်ပင် စေ့စပ်လျောက်ပတ်ကုန်၏။ ကောင်းစွာတည်ကုန်သော ပွတ်တိုင်၏ ပေါင်းစုရာဖြစ်ကုန်သော လက်တင်တို့သည် ကျမ်းကျင်လိမ္မာသော လက်သမားဆရာကြီးတို့၏ လက်ရာမွန်များ ဖြစ်ကုန်၏။ သင်နတ်သား၏ ဤရထားသည် လဆန်းတစ်ဆယ့်ငါးရက်နေ့၌ ပေါ်ထွက်တက်ထွန်းသော လပြည့်ဝန်းကြီးကဲ့သို့ တင့်တယ်လှပေ၏။

၁၀၁၇။ သုဝဏ္ဏဇာလာဝတတော ရထော အယံ၊
ဗဟူဟိ နာနာရတနေဟိ စိတ္တိတော။
သုနန္ဒိဃောသော စ သုဘဿရော စ၊
ဝိရောစတိ စာမရဟတ္ထဗာဟုဘိ။

ဂါထာမြန်မာပြန် – သင်၏ရထားသည် ရွှေဖလားပြောက် ရွှေကွန်ရက်ငယ်တို့ဖြင့် အသွယ်သွယ် ဆင်မြန်းဖုံးလွှမ်းအပ်သော အထူးအပြားပြား များစွာသော ရတနာတို့ဖြင့် ဆန်းကြယ်၍ အလွန်နှစ်သက်ဖွယ်ရာ သာယာသော သီချင်းသံ၊ တူရိယာသံတို့ဖြင့် ခြိမ့်ခြိမ့်ညံအောင် သီဆိုတီးမှုတ် ကကြကုန်သည့် အသံလည်း ရှိသော အလွန်ထွန်းပခြင်း သဘောလည်းရှိသော ဤရထားသည် စာမရီသားမြီး

http://www.dhammadownload.com

ယပ်တို့ကို ကိုင်စွဲ၍ တန့်နွဲ့ခပ်ကုန်သည့် များစွာသော နတ်သမီးကညာတို့ဖြင့် တင့်တယ်လှပေ၏။

၁၀၁၈။ ဣမာ စ နာဘျော မနသာဘိနိမ္မိတာ၊
ရထဿ ပါဒန္တ ရမဏ္ဍဘူသိတာ၊
ဣမာ စ နာဘျော သတရာဇိစိတ္တိတာ၊
သတောရတာ ဝိဇ္ဇုရိဝပ္ပဘာသရေ။

ဂါထာမြန်မာပြန် – သင်နတ်သား၏ ရထား၌ပါသော ရထားလှည်းဘီးတို့၏ အဆုံးဖြစ်သော အကွပ်တံကူနှင့် အကန့် (ဒေါက်) ဘီးတို့၏ အလယ်၌ တန်ဆာဆင်ထားအပ်သော ဤပုံတောင်းတို့သည်လည်း အလိုရှိတိုင်း စိတ်ဖြင့် ဖန်ဆင်းအပ်သည်နှင့် တူကုန်၏။ အရာမကသော အကြောင်းအရေး အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်ကုန်သော ဤပုံတောင်းတို့သည်လည်း အထက်ကောင်းကင် အစဉ်ပတ်ပြေး သက်တင်ရေး လျှပ်စစ်နွယ်ကဲ့သို့ ပြိုးပြိုးပြက် ထွန်းပကုန်၏။

၁၀၁၉။ အနေကစိတ္တာဝ တတော ရထော အဟံ၊
ပူထူ စ နေမိ စ သဟဿရံသိကော။
တေသံ သရော သုယျတိ ဝဂ္ဂုရူပေါ၊
ပဋိကံ တူရိယမိဝပ္ပဝါဒိတံ။

ဂါထာမြန်မာပြန် – ဂေါပါလနတ်သား၊ သင်၏ ဤရထားသည် များစွာသော ခြူးပန်းခြူးနွယ် စသော ဆန်းကြယ်ခြင်းတို့ဖြင့် အံ့ဖွယ်မခန်း ရောပြွန်း၍နေ၏။ ကြီးမားသောအကွပ် တံကူသည်လည်း အထောင်မကသော အရောင်အဝါရှိ၏။ တွဲရရဲ့ဆွဲအပ်သော ရွှေခြူးကွန်ရက်ရှိကုန်သော ထိုအကွပ် တံကူတို့၏ သာယာသော သဘောရှိသောအသံကို ညီညီညာညာ ကောင်းစွာ တီးမှုတ်အပ်သော အင်္ဂါငါးပါးရှိသော တူရိယာသံကဲ့သို့ နားဝင်ချိုမြအောင် ကြားရပေ၏။

၁၀၂၀။ သိရသ္မိ စိတ္တံ မဏိစန္ဒနကပ္ပိတံ၊
သဒါ ဝိသုဒ္ဓံ ရုစိရံ ပဘာသရံ။
သုဝဏ္ဏရာဇိဟိ အတိဝ သင်္ဂတံ၊
ဝေဠုရိယရာဇိဝ အတိဝ သောဘတိ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – ထိုရထား၌ ဦးပိုင်းသည် လပြည့်ဝန်းနှင့်တူသော ပတ္တမြားဖြင့် တပ်ဆင်စီခြယ်ထားသည်ဖြစ်၍ အံ့ဖွယ်ခမန်း ထူးဆန်းလှပေ၏။ အခါခပ်သိမ်း အထူးသဖြင့် စင်ကြယ်၍ နှစ်သက်ဖွယ်ရာလည်း ရှိ၏။ ပြိုးပြိုးပြက်ပြက် ထွက်သော အရောင်လည်းရှိ၏။ အကြားအကြား၌ လုံးသောသဏ္ဌာန်ရှိသော ရွှေအရေးတို့ဖြင့် အလွန်သေချာ ကောင်းစွာမပြတ် စပ်ယှဉ်အပ်သည်ဖြစ်၍ ကြောင်မျက်ရွဲအရေးကဲ့သို့ အလွန်တင့်တယ်လှပေ၏။

၁၀၂၁။ ဣမေ စ ဝါဠီ မဏိစန္ဒကပ္ပိတာ၊
အာရောဟကမ္မံ သုဇဝါ ဇြဟူပမာ၊
ဇြဟာ မဟန္တာ ဗလိနော မဟာဇဝါ၊
မနော တဝညာယ တထေဝ သိ'သရေ။

ဂါထာမြန်မာပြန် – နတ်သား၊ မြီးဆံတွဲရတွဲကျရာ အရပ်တို့၌ လဝန်းနှင့်တူသော ပတ္တမြားဖြင့် တပ်ဆင်စီခြယ်ထားအပ်သည့် မြီးဆိုင်းကြိုး ရှိကုန်သော အလုံးအရပ် ပြည့်စုံ၍ လျောက်ပတ်တင့်တယ်စွာ သွားခြင်းရှိကုန်၍ မိမိပမာဏထက် ကြီးသကဲ့သို့ မှတ်ထင်ရကုန်လျက် တန်ခိုးကြီးမား ကိုယ်အား၊ လုံ့လအားတို့ဖြင့် လျင်မြန်သော အဟုန်ရှိကုန်သော ဤမြင်းတို့သည်လည်း သင်၏ စိတ်အလိုကို သိကုန်၍ သင့်စိတ်အလိုအား လျော်စွာသာလျှင် ကောင်းစွာဖြစ်ရကုန်၏။

၁၀၂၂။ ဣမေ စ သမ္မေ သဟိတာ စတုက္ကမာ၊
မနော တဝညာယ တထေဝ သိ'သရေ။
သမံ ဝဟန္တီ မုခုကာ အနုဒ္ဓတာ၊
အာမောဒမာနာ တုရဂါန မုတ္တမာ။

ဂါထာမြန်မာပြန် – အခြေလေးချောင်းတို့ဖြင့် ညီညီညာညာ သွားကုန်သော ဤနတ်မြင်း အားလုံးတို့သည်လည်း သင်နတ်သား၏ စိတ်ကိုသိကုန်၍ သင်၏ စိတ်အလို အားလျော်စွာသာလျှင် ကောင်းစွာဖြစ်ကြကုန်၏။ နူးညံ့ကုန်သော တုန်လှုပ်ခြင်းမှ ကင်းကုန်သော မြင်းတကာတို့ထက် မြတ်ကုန်သော ဤနတ်မြင်းတို့သည်လည်း ဝမ်းမြောက်ကုန်လျက် ညီညီညာညာ ရှန်းဆောင်သွားကြကုန်၏။

၁၀၂၃။ စုန္ဒီ ဝဂ္ဂီ ပတန္တီ စမ္မရေ၊
အဗ္ဘဒ္ဒုနန္တာ သုကတေ ဝိဇန္ဓနေ။

http://www.dhammadownload.com

တေသံ သရော သုယျတိ ဝဂ္ဂုရူပေါ၊
ပဋိဂ်ိုက် တူရိယမိဝပွဝါဒိတံ။

ဂါထာမြန်မာပြန် – ထိုမြင်းတို့သည် ကောင်းစွာ ဖန်ဆင်းအပ်သည့် ရွှေခြုံး ရွှေဆည်းလည်း ရွှေခေါင်းပေါင်း စသော မြင်း၏တန်ဆာ အဖြာဖြာတို့ကို လွန်စွာ ခါကုန်လျက် ကောင်းကင်၌ ဦးစွန်း လည်ဆံမြီးတို့ကို ခါလည်း ခါကုန်၏။ ခုန်လည်း ခုန်လွှားကုန်၏။ ထိုရွှေခြုံ ရွှေဆည်းလည်း ရွှေခေါင်းလောင်း စသော မြင်း၏တန်ဆာ အဖြာဖြာတို့၏ သာယာသော အသံကိုလည်း ဥ့ဿဒေ ညာညာ ကောင်းစွာ တီးမှုတ်အပ်သော အင်္ဂါပါးပါးရှိသော တူရိယာအသံမျိုးကဲ့သို့ နားဝင်ချိုမြှအောင် ကြားရပေ၏။

၁၀၂၄။ ရထသဒ္ဒေသော အဝိဒူနှနာန စ၊
ခုရဿ နာဒေါ အဘိဟိ်သနာယ စ။
ဃောသော သုဝဂ္ဂု သမိတဿ သုယျတိ၊
ဂန္ဓဗ္ဗတူရိယာနိ ဝိစိတြသံဝနေ။

ဂါထာမြန်မာပြန် – သင်နတ်သား၏ နတ်ရထားသံကိုလည်းကောင်း၊ လုံးစုံများစွာ အဖြာဖြာသော အဆင်တန်ဆာတို့၏ အသံကိုလည်းကောင်း၊ နတ်မြင်းတစ်ထောင်တို့၏ ညီညီညာညာ နင်းသွားသော မြင်းခွာသံကိုလည်းကောင်း၊ သာယာပြည့်လျှံ မြင်းဟီသံကိုလည်းကောင်း၊ နတ်အပေါင်း၏ ချိုသာစွာ တီးမှုတ်သီဆိုသော အသံကိုလည်းကောင်း၊ ပန်းခိုင်ဆင့်ဆင့် ပန်းပွင့်ပန်းနွယ် ဆန်းကြယ်ဝေဆာ ပြည့်စုံစွာသော စိတ္တလတာဥယျာဉ်သာ၌ ဂန္ဓဗ္ဗသဘင်သည် နတ်သားတို့၏ ညီညာစွာ တီးမှုတ်သော ဟူရိယာသံမျိုးတို့ကဲ့သို့ ကြားရပေ၏။

၁၀၂၅။ ရထေ ဌိတာ တာ မိဂမန္ဒလောစနာ၊
အာဠာရပမှာ ဟသိတာ ဝိယံဝဒါ၊
ဝေဠုရိယစာလာဝတတာ တနုစ္ဆဝိ၊
သဒေ်ဝ ဂန္ဓဗ္ဗသုရဂ္ဂဟူဓိတာ။

ဂါထာမြန်မာပြန် – သမင်မငယ်တို့၏ မျက်စိကဲ့သို့ ရှုချင်စဖွယ် တင့်တယ်နူးညံ့ပြေပြစ်သော မျက်စိရှိကုန်သော၊ နွားမျက်တောင်ကဲ့သို့ ကော့ညွတ်သော

http://www.dhammadownload.com

မျက်တောင်လည်း ရှိကုန်သော၊ ပြုံးရွှင်ခြင်းလည်းရှိကုန်သော၊ ချစ်ချင်ဖွယ်ရာ ချိုသာသော စကားကိုလည်း ပြောဆိုတတ်ကြကုန်သော ကြောင်မျက်ရွဲကွန်ရက်ဖြင့် ဖုံးလွှမ်းခြယ်လှယ်၍ ဆန်းကြယ်လှစွာ ဇာပြောက်ပုဝါ ဇာအင်္ကျီတို့ကို ဝတ်ဆင်ထားသော ကိုယ်ရှိကုန်သော နူးညံ့သိမ်မွေ့သော ကိုယ်ရေအဆင်းလည်း ရှိကုန်သော၊ အခါခပ်သိမ်း အမြဲမပြတ် ဂန္ဓဗ္ဗနတ်နှင့် အခြားနတ်မြတ်တို့၏ ပူဇော်ချီးမြှောက်အပ်ကုန်သော ထိုနတ်သမီးတို့သည် သင်နတ်သား၏ ရထားဌ် တည်နေကြကုန်၏။

၁၀၂၆။ တာ ရတ္တရတ္တမ္ဗရပိတဝါသသာ၊
ဝိသာလနေတ္တာ အဘိရတ္တလောစနာ။
ကုလေ သုဇာတာ သုတနူ သုစိမ္ဟိတာ၊
ရထေ ဋ္ဌိတာ ပဗ္ဗလိကာ ဥပဋ္ဌိတာ။

ဂါထာမြန်မာပြန် – မြင်သူတကာ တပ်မက်ဖွယ်ရာ အဆင်းရှိ၍ စကားရောင် အဝတ်ကို ဝတ်ဆင်ကြကုန်သော လှပတင့်တယ် ပြန့်ကျယ်သော မျက်စိလည်း ရှိကုန်သော အလွန်နီသော အရေတို့ဖြင့် တင့်တယ်သော မျက်စိရှိကုန်သော ထူးမြတ်သော နတ်မျိုးတို့ဌ်လည်း ဖြစ်ကုန်သော ကြော့ရှင်းသော ကိုယ်ဟန်ရှိကုန်သော ကြည်လင်စင်ကြယ် ပြုံးရယ်ကုန်သော ထိုနတ်သမီးတို့သည် သင်နတ်သား၏ ရထားဌ် တည်နေကုန်လျက် လက်အုပ်ကိုယ်စီချီကာ သင်နတ်သား၏ အနီးဌ် တည်နေကြကုန်၏။

၁၀၂၇။ တာ ကမ္မုကေယူရဓရာ သုဝါသသာ၊
သုမဇ္ဈိမာ ဥရုထနူပပန္နာ။
ဝဋ္ဋင်္ဂုလိယော သုမုခါ သုဒဿနာ၊
ရထေ ဋ္ဌိတာ ပဗ္ဗလိကာ ဥပဋ္ဌိတာ။

ဂါထာမြန်မာပြန် – ရွှေလက်ကြပ် ရွှေလက်ကောက်တို့ကို ဝတ်ဆင်ကုန်သော၊ ကောင်းစွာ ဝတ်ရုံခြင်းရှိကုန်သော် လှပတင့်တယ် သေးသွယ်သော ခါးရှိကုန်သော၊ ပြည့်ဖြိုးသောပေါင်တံ၊ တက်ကြွမို့မောက်သော သားမြတ်ရှိကုန်သော၊ သေးသွယ်ချောညက် လုံးသော လက်ချောင်းရှိကုန်သော၊ လှပသော မျက်နှာရှိကုန်သော၊ ရှုချင်စဖွယ်ရှိကုန်သော ထိုနတ်သမီးတို့သည် သင်နတ်သား၏ ရထားဌ်

http://www.dhammadownload.com

တည်နေကုန်လျက် လက်အုပ်ကိုယ်စီချီကာ သင်နတ်သား၏အနီး၌ တည်နေကြကုန်၏။

၁၀၂၈။ အညာ သုဓေဏိ သုသု မိဿကေသိယော၊
သမံ ဝိဘတ္တာဟိ ပဘဿရာဟိ စ။
အနုဗ္ဗတာ တာ တဝ မာနသေ့ ရတာ၊
ရထေ ဌိတာ ပဋ္ဌလိကာ ဥပဋ္ဌိတာ။

ဂါထာမြန်မာပြန် – ရှုချင်စဖွယ် တင့်တယ်လှပသော ဆံထုံးရှိကုန်သော၊ နုနယ်ပျိုငယ်ကုန်သော ညီညွတ်စွာ ပြုပြင်စီမံခြင်းတို့ဖြင့်လည်းကောင်း၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ကုန်သော ဆံထုံးတို့ဖြင့်လည်းကောင်း၊ အရောင်အသွေးနီထွေးသောပန်းတို့ဖြင့် ခံရောပြွန်းသော ဆံပင်ရှိကုန်သော၊ တင့်တယ်လှစွာ မှိန်းမှိန်းသာကြည့်၍ လျော်သော အမူအရာရှိကုန်သော၊ သင်နတ်သား၏ စိတ်အလိုကို မွေ့လျော်စေတတ်ကုန်သော အချို့သော နတ်သမီးကညာတို့သည် သင်နတ်သား၏ ရထား၌ တည်နေကုန်လျက် လက်အုပ်ကိုယ်စီချီကာ သင်၏အနီး၌ တည်နေကြကုန်၏။

၁၀၂၉။ အာဓေဋ္ဌိနိယော ပဒုမုပ္ပလစ္ဆဒါ၊
အလင်္ကတာ စန္ဒနသာရဝါသိတာ။
အနုဗ္ဗတာ တာ တဝ မာနသေ ရတာ၊
ရထေ ဌိတာ ပဋ္ဌလိကာ ဥပဋ္ဌိတာ။

ဂါထာမြန်မာပြန် – နားဆွဲတန်ဆာကို ပန်ဆင်ကုန်သော်၊ ပဒုမာကြာပန်းဖြင့် ဖုံးလွှမ်းပန်ဆင်အပ်သော ကိုယ်ရှိကုန်သော၊ အဝတ်တန်ဆာ ဝတ်ဆင်ကြကုန်သော၊ စန္ဒကူးနှဲ့သာနှစ်ဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိကုန်သော၊ တင့်တယ်လှစွာ မှိန်းမှိန်းသာသာကြည့်၍ လျော်သော အမူအရာရှိကုန်သော၊ သင်နတ်သား၏ စိတ်အလိုကို မွေ့လျော်စေတတ်ကုန်သော ထိုနတ်သမီးတို့သည် သင်နတ်သား၏ ရထား၌ တည်နေကုန်လျက် လက်အုပ်ချီကာ သင်၏အနီး၌ တည်နေကြကုန်၏။

၁၀၃၀။ တာ မာလိနိယော ပဒုမုပ္ပလစ္ဆဒါ၊
အလင်္ကတာ စန္ဒနသာရဝါသိတာ။

http://www.dhammadownload.com

အနုဗ္ဗတာ တာ တဝ မာနသေ ရတာ၊
ရထေ ဋ္ဌိတာ ပဥ္စလိကာ ဥပဋ္ဌိတာ။

ဂါထာမြန်မာပြန် – ပန်းမျိုးစုံကို ပန်ဆင်ကြကုန်သော၊ ပဒုမာကြာပန်းတို့ဖြင့် ဖုံးလွှမ်းအပ်သော ကိုယ်ရှိကုန်သော၊ အဝတ်တန်ဆာ ဝတ်ဆင်ကြကုန်သော စန္ဒကူးနံ့သာနှစ်ဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိကုန်သော၊ တင့်တယ်လှစွာ မှိန်းမှိန်းသာသာကြည့်၍ လျော်သော အမူအရာရှိကုန်သော၊ သင်နတ်သား၏ စိတ်အလိုကို မွေ့လျော်စေတတ်ကုန်သော ထိုနတ်သမီးတို့သည် သင်နတ်သား၏ ရထား၌ တည်နေကုန်လျက် လက်အုပ်ကိုယ်စီချီကာ သင်၏အနီး၌ တည်နေကြကုန်၏။

၁၀၃၁။ ကဏ္ဏေသု တေ ယာနိ ပိဠန္ဓနာနိ၊
ဟတ္ထေသု ပါဒေသု တထေဝ သီသေ။
ဩဘာသယန္တီ ဒသ သဗ္ဗသော ဒိသာ၊
အဗ္ဘုဒ္ဓယံ သာရဒိကောဝ ဘာဏုမာ။

ဂါထာမြန်မာပြန် – လည်ပင်း လက်ခြေတို့၌လည်းကောင်း၊ ဦးခေါင်း၌လည်းကောင်း ဆင်မြန်းထားသည့် အဆင်တန်ဆာ အဖြာဖြာတို့သည် တန်ဆောင်မုန်းလ အခါ တက်သစ်သော နေလုလင်ကဲ့သို့ အလုံးစုံသော အရပ်မျက်နှာတို့ကို ထွန်းလင်း တောက်ပစေကုန်၏။

၁၀၃၂။ ဝါတသ ဧဇေန စ သမ္ဘကမ္ပိတာ၊
ဘုဇေသု မာလာ အပိဠန္ဓနာနိ စ။
မုဉ္ဇန္တိ ဃောသံ ရုစိရံ သုစိ သုဘံ၊
သဗ္ဗေဟိ ဝိညူဟိ သုတမ္ဘရုပံ။

ဂါထာမြန်မာပြန် – တိုက်ခတ်သော လေပြေလေညင်း၏ အဟုန်ကြောင့် လည်းကောင်း၊ ရထားမြင်းတို့၏ ရုန်းဆောင်သွားကြသော အဟုန်ကြောင့်လည်းကောင်း၊ ထက်ဝန်းကျင်မှ တုန်လှုပ်ကုန်သော လက်ရုံးနှစ်ဖက်ရှိ ပန်းကုံးပန်းခိုင်ပန်းပွင့်တို့သည်လည်းကောင်း၊ အဆင်တန်ဆာတို့သည်လည်းကောင်း နှစ်သက်ဖွယ်ရှိ၍ သန့်ရှင်းစင်ကြယ် ကောင်းမြတ်သော တီးမှုတ်မှုအတတ်မျိုး၌ ကျွမ်းကျင်လိမ္မာသူ အားလုံးတို့ နားထောင်နိုင်လောက်အောင် သာယာသောအသံကို လွှတ်ကြကုန်၏။

http://www.dhammadownload.com

၁၀၃၃။ ဥယျာနဘူမျာ စ ဒုဝဒ္ဓတော ဋ္ဌိတာ၊
ရထာ စ နာဂါ တူရိယာနိ စ သရော။
တမေဝ ဒေဝိန္ဒ ပမောဒယန္တိ၊
ဝိဇာ ယထာ ပေါက္ခရပတ္တဓာဟုဘိ။

ဂါထာမြန်မာပြန် – နတ်သား၊ စောင်းသည် စောင်းခွက် စောင်းလက်တံတို့ဖြင့် များစွာသော လူအပေါင်းကို ဝမ်းမြောက်စေဘိသကဲ့သို့ ဥယျာဉ်မြေသို့ သွား ရာလမ်းတစ်လျှောက်ဝယ် လက်ဝဲလက်ယာ နှစ်ဖက်တို့၌ တည်ရှိကုန်သော ရထား ဆင်တို့၏ အသံသည်လည်းကောင်း၊ တီးမှုတ်ကြကုန်သော တူရိယာမျိုးတို့၏ အသံသည်လည်းကောင်း သင်နတ်သားကိုပင်လျှင် ဝမ်းမြောက်စေကုန်၏။

၁၀၃၄။ ဣမာသု ဝိဇာသု ဗဟူသု ဝဂ္ဂူသု၊
မနုညရူပါသု ဟဒယေရိတံ ဝိတိ။
ပဝဒ္ဓမာနာသု အတိဝ အစ္ဆရာ၊
ဘမန္တိ ကညာ ပဒုမေသု သိက္ခိတာ။

ဂါထာမြန်မာပြန် – သာယာချိုလွင်ကုန်သော ပျော်ရွှင်စဖွယ် နှစ်သက်ဖွယ် သဘောရှိကုန်သော များစွာသော ဤစောင်းတို့သည် စိတ်နှလုံးကို ယူကျုံးမပြေ နှစ်သိမ့်စေခြင်း၏ အကြောင်းဖြစ်သော အသံကို မြည်ကုန်သည်ရှိသော် အကအနှာ လိမ္မာကျွမ်းကျင်စွာ သင်အပ်ပြီးသော အတတ်ရှိကုန်သော နတ်သမီးကညာတို့သည် ပဒုမကြာပွင့်ပေါ်တို့၌ အလွန်ပင် ကကြိုးစုံလင်စွာ လှည့်လည်ကပြကြကုန်၏။

၁၀၃၅။ ယဒါ စ ဂီတာနိ ဝ ဝါဒိတာနိ စ၊
နစ္စာနိ စိမာနိ သမေန္တိ စကတော။
အထေတ္ထ နစ္စန္တိ အထေတ္ထ အစ္ဆရာ၊
သြဘာသယန္တိ ဥဘတော ဝရိတ္ထိယော။

ဂါထာမြန်မာပြန် – ထိုနတ်သမီးကညာတို့ သီဆိုကခုန် တီးမှုတ်ခြင်းတို့သည် စီးချက်ဝါးချက် တစ်ပြိုင်နက် ကိုက်ညီကြကုန်၏။ အချို့သော နတ်သမီး ကညာတို့သည် သင်၏ရထားပေါ်၌ ကခုန်ကြကုန်၏။ အချို့သော နတ်သမီး ကညာတို့သည် ဘေးတစ်ဖက်တစ်ချက်တို့၌ အရပ်မျက်နှာတို့ကို ထွန်းလင်း တောက်ပစေကုန်၏။

http://www.dhammadownload.com

၁၀၃၆။ သော မောဒသိ တူရိယဂဏပူဇောဓနော၊
မဟိယမာနော ဝဓိရာဝုဓောရိဝ။
ဣမာသု ဝီဏာသု ဗဟူသု ဝဂ္ဂူသု၊
မနုညရူပါသု ဟဒယေရိတံ ဝိတိ်။

ဂါထာမြန်မာပြန် – သာယာချိုလွင်ကုန်သော ပျော်ရွှင်စဖွယ် နှစ်သက်ဖွယ် သဘောရှိကုန်သော များစွာသော ဤစောင်းတို့သည် စိတ်နှလုံးကို ရွှင်ပြုံးမပြေ နှစ်သိမ့်စေခြင်း၏ အကြောင်းဖြစ်သော အသံကို မြည်ကုန်သည်ရှိသော် သင်သည် တူရိယာအပေါင်းအသံဖြင့် နိုးကြားစေလျက် အပူဇော်ခံရသည်ဖြစ်၍ နတ်တို့ သေဋ္ဌနင်း သိကြားမင်းကဲ့သို့ မွေ့လျော်ရပေ၏။

၁၀၃၇။ ကိ် တွံ ပုရေ ကမ္မမကာသိ အတ္တနာ၊
မနုဿဘူတော ပုရိမာယ ဇာတိယာ။
ဥပေါသထံ ကံ ဝါ တုဝံ ဥပါဝသိ၊
ကံ ဓမ္မစရိယံ ဝတမာဘိရောစယိ။

ဂါထာမြန်မာပြန် – သင်နတ်သားသည် ရှေးလူ့ဘဝက အဘယ်သို့သော ကုသိုလ်ကံကို ကိုယ်တိုင်ပြုလုပ်ခဲ့ပါသနည်း။ ရှေးဘဝ လူဖြစ်ခဲ့စဉ်က သင်နတ်သားသည် အဘယ်ဥပုသ်ကို ကျင့်သုံးဆောက်တည်ခဲ့ဖူးသနည်း။ အလှူပေးခြင်း အစရှိသော အဘယ်ကုသိုလ် ကောင်းမှုအကျင့်ကိုလည်းကောင်း၊ ဆောက်တည်၍ ကျင့်သော အကျင့်ကိုလည်းကောင်း နှစ်သက်စွာ ကျင့်ခဲ့ဖူးပါသနည်း။

၁၀၃၈။ နယိဒ'မပ္ပဿ ကတဿ ကမ္မုနော၊
ပုဗ္ဗေ သုစိဏ္ဏဿ ဥပေါသထဿ ဝါ။
ဣဒ္ဓါနုဘာဝေါ ဝိပုလော အယံ တဝ၊
ယံ ဒေဝသံဃံ အဘိရောစသေ ဘုသံ။

၁၀၃၉။ ဒါနဿ တေ ဣဒံ ဖလံ၊ အထော သီလဿ ဝါ ပန၊
အထော အဋ္ဌင်္ဂိကမ္မဿ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဂါထာမြန်မာပြန် – သင်နတ်သား၏ တန်ခိုးအာနုဘော်သည် ပြန့်ပြောကြီးမား၏။ အလုံးစုံသော နတ်သမီးကညာအပေါင်းကို လွှမ်းမိုး၍ ထွန်းလင်း

http://www.dhammadownload.com

တောက်ပ၏။ ဤအကျိုးသည် သင်နတ်သား၏ အနည်းငယ်မျှ ပြုလုပ်ဆည်းပူးခဲ့ရသော ကံ၏အကျိုး မဟုတ်တန်ရာ။ ရှေးလူ့ဘဝ၌ ကောင်းစွာဆောက်တည်လေ့ကျက်အပ်သော ဥပသံကံ၏အကျိုးလေလော၊ ဤအကျိုးသည် သင်နတ်သား၏ ပေးကမ်းလှူဒါန်းသော အကျိုးလေလော၊ သို့မဟုတ် သီလကုသိုလ်၏ အကျိုးလေလော၊ သို့မဟုတ် လက်အုပ်တင်ချီ အဋ္ဌလီမှု၏ အကျိုးလေလော၊ သင်နတ်သားကို ငါမထေရ် မေးမြန်း၏။ ထိုအကြောင်းကို ငါ့အား ဖြေကြားပါလော့။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူအပ်သည်ရှိသော် နတ်သားသည် ထိုမိမိပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အကြောင်းစုကို ဤသို့ လျှောက်ထားလေ၏။

၁၀၄၀။ သော ဒေဝပုတ္တော အတ္တမနော၊ မောဂ္ဂလ္လာနေန ပုစ္ဆိတော။
ပဉ္စံ ပုဗ္ဗေ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ။

ဂါထာမြန်မာပြန် – ထိုနတ်သားသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤမျှမက်မှောက်ဖြစ်သော အကျိုး၏ အကြောင်းကံပြဿနာကို မေးမြန်းတော်မူသည် အားလျော်စွာ ဖြေကြားလျှောက်ထားလေ၏။

၁၀၄၁။ ဇိတိန္ဒြိယံ ဗုဒ္ဓမနောမနိက္ကမံ၊
နရုတ္တမံ ကဿပမဂ္ဂပုဂ္ဂလံ။
အဝါပုရန္တိ အမတဿ ဒွါရံ၊
ဒေဝါတိဒေဝံ သတပုညလက္ခဏံ။

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ တပည့်တော်သည် လူဖြစ်စဉ်အခါက အောင်အပ်ပြီးသော ဣန္ဒြေရှိတော်မူသော၊ ပြည့်စုံသော လုံ့လလည်း ရှိတော်မူသော၊ သတ္တဝါအပေါင်းတို့ထက် မြတ်တော်မူသော၊ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူသော၊ နိဗ္ဗာန်တံခါးကို ဖွင့်တော်မူသော၊ နတ်ထက်နတ် ဖြစ်တော်မူသော၊ ရာပေါင်းများစွာသော ဘုန်းကံကြောင့် ဖြစ်တော်မူသော ယောက်ျားမြတ်လက္ခဏာ ရှိတော်မူသော ကဿပဘုရားရှင်ကို ဖူးမြင်ခဲ့ရဖူးပါ၏ ဘုရား။

၁၀၄၂။ တမဒ္ဒသံ ကုဋ္ဌရမောဃတိဏ္ဍော၊
သုဝဏ္ဏသိ'ဂီနဒီမ္ဗသာဒိသံ။

http://www.dhammadownload.com

ဒီသွာန တံ ဓိပွမဟုံ သုစီမနော၊
တမေဝ ဒီသွာန သုဘာသိတဒ္ဓဇံ။

ဂါထာမြန်မာပြန် – ကိလေသာရန်သူကို နလန်မထူအောင် နှိမ်နင်းတော်မူသဖြင့် ဆင်ပြောင်ကြီးနှင့် တူတော်မူသော၊ သြဃလေးပါးတို့ကို လွန်မြောက်တော်မူပြီးသော၊ သီဂီရွှေစင် ဇမ္မူရာဇ်ရွှေစင်နှင့်တူသော အဆင်းရှိတော်မူသော ထိုကဿပဘုရားရှင်ကို ဖူးမြင်ရသောကြောင့် တပည့်တော်အား တစ်မုဟုတ်ချင်း လျင်စွာ စင်ကြယ်သောစိတ်ရှိသူ ဖြစ်ခဲ့ပါ၏။ (ထိုသို့ ဖြစ်ခြင်းသည်လည်း) တရားတည်းဟူသော အောင်လံတံခွန် ရှိတော်မူသော ထိုဘုရားရှင်ကို ဖူးမြင်ရသောကြောင့်သာ လျှင် ဖြစ်ရပါ၏၊ ဘုရား။

၁၀၄၃။ တ'မနုပါနံ အထဝါဝိ စိဝရံ၊
သုစီ ပဏီတံ ရသသာ ဥပေတံ။
ပုပ္ဖာဘိကိဏ္ဏာမှိ သကေ နိဝေသနေ၊
ပတိဋ္ဌပေသိ သ အသင်္ကမာနသော။

၁၀၄၃။ အသင်္ကမာနသော၊ မကပ်ငြိသောစိတ်ရှိသော။ သသော အဟံ၊ ထို တပည့်တော်သည်။ ပုပ္ဖာဘိကိဏ္ဏာမှိ၊ ပန်းကုံး ပန်းခိုင် ပန်းစိုင် ပန်းတွဲ ချိတ်ဆွဲခင်းကျင်းခြင်း၏ အစွမ်းဖြင့် ပြီးပွမ်းသော။ သကေနိဝေသနေ၊ မိမိအိမ်၌။ တံ၊ ထိုကဿပဘုရားရှင်ကို။ သုစိ၊ သန့်ရှင်းစင်ကြယ်သော။ ပဏီတံ၊ မွန်မြတ်စွာသော။ ရသသာ၊ ကောင်းမြတ်လှစွာ အရသာနှင့်။ ဥပေတံ၊ ပြည့်စုံလှစွာသော။ အနုပါနံ၊ ဟင်းအဖုံဖုံ အစုံစုံနှင့် အကုန်ပြည့်ကျော် ဆွမ်းအဖျော်ကိုလည်းကောင်း။ အထဝါဝိ၊ ထိုမှတစ်ပါးလည်း။ စိဝရံ၊ သင်းပိုင်, ဇကသီ နှစ်ထပ်ထည်ဟု စသည်တင့်လွှမ်းအဝတ်သင်္ကန်းကိုလည်းကောင်း။ ပတိဋ္ဌပေသိ၊ တည်ထားလှူဒါန်းခဲ့ဖူးပါသည် ဘုရား။

၁၀၄၄။ တ'မနုပါနေန စ စိဝရေန စ၊
ခဇ္ဇေန ဘောဇ္ဇေန စ သာယနေန စ။
သန္တပ္ပယိတ္ထာ ဒ္ဝိပဒါနမုတ္တမံ၊
သော သဂ္ဂသော အဝပုရေ ရမ္မာမဟံ။

http://www.dhammadownload.com

၁၀၄၄။ ဘန္တေ၊ အရှင်ဘုရား။ သောအဟံ၊ ထိုတပည့်တော်သည်။ ဒွိပဒါန မုတ္တမံ၊ အခြေနှစ်ချောင်းရှိရာ သတ္တဝါတို့ထက် မြတ်တော်မူသော။ တံ၊ ထိုကဿပ ဘုရားရှင်ကို။ အန္ဓပါနေနစ၊ ဆွမ်းအဖျော်ယမကာဖြင့်လည်းကောင်း။ စိဝရေန စ၊ သင်းပိုင်, စကသီ နှစ်ထပ်ထည်ဟု စသည်ရောပြွန်း ဝတ်ရုံစရာ သင်္ကန်းဖြင့် လည်းကောင်း။ ခဒ္ဒေန စ၊ ချိုချဉ်စပ်ငန် ပြည့်လျှံသွယ်သွယ် အမယ်မယ်သော ခဲဖွယ်ဖြင့်လည်းကောင်း။ သာယနေနစ၊ လျက်ဖွယ်အဝဝဖြင့်လည်းကောင်း။ သန္တ ပွယိတွာ၊ ကောင်းစွာ ရောင့်ရဲစေခဲ့ပါသောကြောင့်။ သဂ္ဂတော၊ နတ်ပြည် တိုင်း နတ်ပြည်တိုင်းဝယ်။ ဒေဝပုရေ၊ နတ်မြို့တော်၌။ ရမာမိ၊ ပျော်ကာမသွေ မွေ့လျော်ရပေ၏ဘုရား။

၁၀၄၅။ ဇတေနုပါယေန ဣမံ နိရဂ္ဃဠံ၊
ယညံ ယဇိတွာ တိဝိဓံ ဝိသုဒ္ဓံ။
ပဟာယဟံ မာနုသကံ သမုဿယံ၊
ဣန္ဒူပမော ဒေဝပုရေ ရမာမဟံ။

၁၀၄၅။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဇတေနုပါယေန၊ ဤသို့ သောက်ဖွယ်နှင့် ဆွမ်းဝတ်သင်္ကန်းတို့ကို လှူဒါန်းခဲ့သော အကြောင်းကြောင့်။ နိရဂ္ဃဠံ၊ ကျွတ်ကျွတ်လွတ်လွတ် စွန့်လွတ်ခြင်းရှိသော။ တိဝိဓံ၊ ကာလသုံးပါးတို့၌ သုံးဖြာသော ဒါရတို့ဖြင့် ကိုယ်တိုင်ပြုခြင်း။ သူတစ်ပါးကို ပြုစုခြင်း အောက်မေ့ခြင်းတို့နှင့် ပြည့်စုံပေငြား သုံးပါးအပြားရှိသော။ ဝိသုဒ္ဓံ၊ စင်ကြယ်ပေသော။ ယညံ၊ အသဒိသဒါန အလှူထူးကို။ ယဇိတွာ၊ လှူဒါန်းခဲ့ဖူးပါသောကြောင့်။ မာနုသကံ၊ လူ့ဘဝ၌ဖြစ်သော။ သမုဿယံ၊ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာကို။ ပဟာယ၊ စွန့်ပစ်ပယ်၍။ ဣန္ဒူပမော၊ သိကြားမင်းနှင့်တူစွာ။ ဒေဝပုရေ၊ နတ်မြို့တော်၌။ ရမာမိ၊ မွေ့လျော်ရပါ၏ဘုရား။

၁၀၄၆။ အာယုဠ္ဆ ဝဏ္ဏဠ္ဆ သုခံ ဗလဠ္ဆ၊
ပဏီတရူပံ အဘိကံတာ မုနိ။
အန္နဠ္ဆ ပါနဠ္ဆ ဗဟုံ သုသံဃံတံ၊
ပတိဋ္ဌပေတဗ္ဗမသင်္ခမာနသေ။

http://www.dhammadownload.com

၁၀၄၆။ မုနိ၊ ရဟန်းတော် အရှင်မြတ်ဘုရား။ ပဏီတရူပ်၊ တင့်တယ်ကောင်းမြတ် တောင့်တအပ်သော သဘောရှိသော။ အာယုဋ္ဌ၊ အသက်ရှည်ခြင်းကိုလည်းကောင်း။ ဝဏ္ဏဋ္ဌ၊ အဆင်းလှခြင်းကိုလည်းကောင်း။ သုခဋ္ဌ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းကိုလည်းကောင်း။ ဗလဋ္ဌ၊ အားအင်တောင့်တင်း ပြည့်စုံခြင်းကိုလည်းကောင်း။ အဘိကခံတာ၊ အလိုရှိသောသူသည်။ အသင်္ကမာနသော၊ ငြိကပ်တွယ်တာကင်းလွတ်သွားသောစိတ် ရှိသည်ဖြစ်၍။ ဗဟုံ၊ များပြားလှစွာသော။ သုသခ်ီတံ၊ အထူးပြုပြင် စီရင်အပ်သော။ အန္နဋ္ဌ၊ ဆွမ်းဘောဇဉ်ကိုလည်းကောင်း။ ပါနဋ္ဌ၊ အဖျော်ယမကာကိုလည်းကောင်း။ ပတိဋ္ဌပေတဗ္ဗံ၊ လှူဒါန်းဆည်းကပ် တည်ထားစေအပ်ပါ၏ဘုရား။

၁၀၄၇။ နယိမသ္မိ လောကေ ပရသ္မိ ဝါ ပန၊
ဗုဒ္ဓေန သေဋ္ဌော ဝ သမော ဝ ဝိဇ္ဇတိ။
အာဟုနေယျာနံ ပရမာဟုတိ ဂတော၊
ပုညတ္ထိကာနံ ဝိပုလပ္ဖလေသိနံ။

၁၀၄၇။ ဘန္တေ၊ အရှင်ဘုရားမောဂ္ဂလာန်။ ဣမသိ လောကေဝါ၊ ဤမျက်မှောက်ဘဝ၌လည်းကောင်း။ ပရသ္မိ လောကေဝါ၊ ဘဝတစ်ပါး၌လည်းကောင်း။ ဗုဒ္ဓေန၊ ဘုရားမြတ်ထက်။ သေဋ္ဌောဝါ၊ မြင့်မြတ်သော ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိဇ္ဇ တိ၊ မရှိနိုင်ပါပေ။ သမောဝါ၊ ဂုဏ်ရည်ဝဝ တူညီမျှသော ပုဂ္ဂိုလ်သည်လည်းကောင်း။ နဝိဇ္ဇတိ၊ မရှိနိုင်ပါပေ။ သော ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ ပုညတ္ထိကာနံ၊ ကုသိုလ်ကောင်းမှုကို အလိုရှိကုန်သော။ ဝိပုလပ္ဖလေသိနံ၊ ပြန့်ပြောများပြားကြီးမားသော အကျိုးကို ရှာမှီးသောသူတို့၏။ အာဟုနေယျာနံ၊ အဝေးမှ ဆောင်ယူလာသော အလှူကို ခံယူထိုက်ကုန်သော ပုဂ္ဂိုလ်တို့ထက်။ ပရမံ၊ မြင့်မြတ်ပေသော။ အာဟုတိ၊ အလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်အဖြစ်သို့။ ဂတော၊ ရောက်တော်မူပါပေ၏ ဘုရား။

ဤသို့ လျှောက်ကြားနေစဉ်ပင်လျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဂေါပါလနတ်သား၏ နီဝရဏ ကင်းပျောက်၍ ကြည်လင်သောစိတ် ဖြစ်နေသည်ကို သိတော်မူ၍ သစ္စာလေးပါး တရားတော်တို့ကို ဟောကြားပြသတော်မူလေ၏။ ထိုဂေါပါလနတ်သားသည် သစ္စာကို ပြတော်မူသည်၏အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။

http://www.dhammadownload.com

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် လူ့ပြည်သို့ ပြန်ကြွတော်မူလာ၍ မိမိသည်လည်းကောင်း၊ ဂေါပါလနတ်သားသည်လည်းကောင်း၊ အပြန်အလှန် ပြောဆိုဖြေကြားသော ထိုအကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အား တရားဟောကြားတော်မူလေ၏။ ထိုတရားဒေသနာသည် လူအပေါင်းအား အကျိုးစီးပွားများပြားသည် ဖြစ်လေ၏။

မဟာရထ ဝိမာနဝတ္ထု ပြီး၏။

၆။ ပါယာသိဝင်္

၁။ ပဌမ အဂါရိယဝိမာနဝတ္ထု

ရဟန်းတော်တို့အား ဆွမ်း၊ အဖျော်နှင့် သင်္ကန်းတို့ကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ဝယ် ဆန်းကြယ်စွာသော ဗိမာန်၌ နတ်စည်းစိမ်စံစားရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်ဝယ် တစ်ခုသောအိမ်၌ ဇနီးမောင်နှံ နှစ်ယောက်တို့သည် အကျင့်သီလ အာစာရနှင့် ပြည့်စုံ၏။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့၏ ရေတွင်းသဖွယ်ဖြစ်၍ မိန်းမ၊ ယောကျ်ား နှစ်ယောက်စလုံး ရတနာသုံးပါးကို ရည်မှန်း၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြသည်။ ထိုလူ့ဘဝမှ စုတေကြကုန်သည်ရှိသော် တာဝတိံသာနတ်ပြည်၌ နတ်သား၊ နတ်သမီးများ ဖြစ်ကြလေကုန်၏။

ထိုနတ်သား နတ်သမီးတို့အား တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်သည် ဖြစ်ပေါ်လာလေ၏။ ထိုနတ်သား နတ်သမီးတို့သည် တာဝတိံသာနတ်ပြည်၌ အတူတကွ နတ်စည်းစိမ်ကို ခံစား၍ နေကြရလေကုန်၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူလျှင်

http://www.dhammadownload.com

ဝိမာန်တစ်ခုဝယ် အတူပျော်ပါးစွာ နတ်စည်းစိမ်ကို ခံစား စံစားနေကြသော ထို နတ်သား နတ်သမီးတို့ကို မြင်တော်မူ၍ နတ်သားကို ဤသို့ မေးမြန်းတော်မူလေ၏။

၁၀၄၈။ ယထာ ဝနံ စိတ္တလတံ ပဘာသတိ၊
ဥယျာနသေဋ္ဌံ တိဒသာနမုတ္တမံ။
တထူပမံ တုယှမိဒံ ဝိမာနံ၊
သြဘာသယံ တိဋ္ဌတိ အင်္ဂလိက္ကေ။

၁၀၄၈။ တိဒသာနံ၊ တာဝတိံသာ နတ်များစွာတို့၏။ ဥယျာနသေဋ္ဌံ၊ ဥယျာဉ်မြတ်ဖြစ်သော။ ဝနံ၊ ပန်းမြိုင်တောဖြစ်သော။ စိတ္တလတံ၊ စိတ္တလတာ ဥယျာဉ်သည်။ ဥတ္တမံ၊ မြင့်မြတ်သည်ဖြစ်၍။ သြဘာသတိ ယထာ၊ တောက်ပနေသကဲ့သို့။ တထူပမံ၊ ထိုနည်းအတူသာလျှင်။ တယှံ၊ သင်နတ်သား၏။ ဣဒံ ဝိမာနံ၊ ဤဗိမာန်သည်။ အင်္ဂလိက္ကေ၊ မိုးကောင်းကင်၌။ သြဘာသယံ၊ တောက်ပလျက်။ ဘိဋ္ဌတိ၊ တည်နေပါပေ၏။

၁၀၄၉။ ဒေဝိဒ္ဓိပတ္တောသိ မဟာနုဘာဝေါ၊
မနုဿဘူတော ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဓလိတာနုဘာဝေါ၊
ဝဏ္ဏော စ တေ သမ္မဒိသာ ပဘာသတိ။

၁၀၄၉။ မဟာနုဘာဝေါ၊ အာနုဘော်ကြီးသော။ ဒေဝိဒ္ဓိပတ္တောသိ၊ နတ်တန်ခိုးနှင့် ပြည့်စုံသော။ တွံ၊ သင်နတ်သားသည်။ မနုဿဘူတော၊ လူဖြစ်ခဲ့စဉ်က။ ကိံ ပုညံ၊ ဘယ်ကောင်းမှုကုသိုလ်ကံကို။ အကာသိ၊ ပြုခဲ့ပေသနည်း။ ကေန၊ ဘယ်ကုသိုလ်ထူးကြောင့်။ တွံ၊ သင်နတ်သားသည်။ ဧဝံဓလိတာနုဘာဝေါ၊ ဤသို့အရောင်ဝါဝင်း ထွန်းလင်းတောက်ပ အာနုဘာဝ ရှိပါသနည်း။ ကေန၊ ဘယ်ကုသိုလ်ထူးကြောင့်။ တေ၊ သင်နတ်သား၏။ ဝဏ္ဏော စ၊ အရောင်အဆင်းသည်လည်း။ သမ္မဒိသာ၊ လုံးစုံမျက်နှာ ရပ်ဆယ်ဖြာတို့၌။ ပဘာသတိ၊ တောက်ပပါသနည်း။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးတော်မူအပ်သည်ရှိသော် နတ်သားသည် "သော ဒေဝပုတ္တော အတ္တမနော ။ပ။ ဖလံ" ဟူသော နံပါတ် ၁၀၅၀ ဂါထာဖြင့် လျှောက်ထားလေ၏။

http://www.dhammadownload.com

ဌင်းဂါထာ၏ အနက်သည် ၉၁၄ ဂါထာ၏အနက်နှင့် တူသည်။

၁၀၅၁။ အဟဉ္စ ဘရိယာ စ မနုဿလောကေ၊
ဩပါနဘူတာ ဃရမာဝသိမှ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တာ၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒမှ။

၁၀၅၁။ ဘန္တေ၊ အရှင်ဘုရား။ မနုဿလောကေ၊ လူ့ဘုံလောက လူ့ဘဝ၌။ အဟဉ္စ၊ တပည့်တော်သည်လည်း။ ဘရိယာ စ၊ တပည့်တော်၏ မယားသည်လည်းကောင်း။ ဩပါနဘူတာ၊ ရဟန်းယောဂျီများ ရဟန်းမိန်းမတို့၏ သောက်သုံးတော်မူရာ ရေတွင်းသဖွယ် ဖြစ်ပါကုန်၍။ ဃရံ၊ အိမ်ဧကာဘာဝ၌။ အဝသိမှ၊ နေခဲ့ကြပါကုန်၏။ ပသန္နစိတ္တာ၊ ကြည်ညိုသော စိတ်ရှိကုန်သည်ဖြစ်၍။ အန္နဉ္စ၊ စားဦးထမင်းကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာကိုလည်းကောင်း။ ဝိပုလံ၊ ကြီးကျယ်ပြန့်ပြော များစွာသော။ ဒါနံ၊ တတ်စွမ်းသမျှ အဝတ်သင်္ကန်း စသော အလှူဒါနကိုလည်းကောင်း။ သက္ကစ္စံ၊ ရိုသေလှစွာ။ အဒမှ၊ လှူဒါန်းခဲ့ကြပါကုန်သည် ဘုရား။

၁၀၅၂-၃။ တေန မေ'တာဒိသော ဝဏ္ဏော ။ပ။
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

ဤဂါထာ၏အနက် ရှေ့ပိုင်းတွင် ပါခဲ့ပြီးပြီ။
ကျန်သောအဓိပ္ပာယ်များ သိသာပြီ။

ပဌမ အဂါရိယဝိမာနဝတ္ထု ပြီး၏။

၂။ ဒုတိယ အဂါရိယဝိမာနဝတ္ထု

ဤဝတ္ထုလည်း ပဌမ အဂါရိယဝတ္ထုနှင့် တူသည်။

http://www.dhammadownload.com

၃။ ဖလဒါယကဝိမာနဝတ္ထု

အရှင်မဟာမောဂ္ဂလာန်အား သရက်သီးလေးလုံး လှူဒါန်းခဲ့သော ကြောင့် ပတ္တမြားရတနာတို့ဖြင့် စီခြယ်ထားသော ဗိမာန်ကြီး၌ နတ်စည်းစိမ် စံစားနေရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝေဠုဝန်ကျောင်း ဒါယကာဖြစ်သော ဗိမ္မိသာရမင်းကြီးအား ရနိုင်သော အချိန်အခါမဟုတ်သည်၌ သရက်သီးတို့ကို စားလိုသောဆန္ဒသည် ဖြစ်လေ၏။ ဗိမ္မိသာရမင်းကြီးသည် ဥယျာဉ်တော်စောင့်ကို ခေါ်၍ ဤသို့မိန့်တော်မူ၏။ "အချင်း ဥယျာဉ်စောင့်၊ ငါသည် သရက်သီး အလိုရှိ၏၊ ထို့ကြောင့် ငါ့အား သရက်သီးတို့ကို ဆောင်ယူ၍ ဆက်သလော့" ဟု မိန့်တော်မူ၏။ ထိုအခါ ဥယျာဉ်တော်စောင့်သည် "အရှင်မင်းမြတ်၊ ယခုအချိန်အခါ၌ သရက်ပင်တိုင်း သရက်သီးမရှိပါ၊ သို့သော်လည်း ဘုရား ကျွန်တော်မျိုးသည် အလိုတော်အတိုင်း ရအောင်ရှာကြံ၍ ဆက်သပါအံ့၊ အရှင်မင်းမြတ်သည် အချိန်အနည်းငယ်မျှ ဆိုင်းငံ့တော်မူပါ၊ သရက်ပင်တို့သည် မကြာမြင့်မီပင်လျှင် အသီးသီးကြပေကုန်အံ့" ဟု လျှောက်တင်သော အခါ "အချင်း၊ ကောင်းပြီ လျင်မြန်စွာ ရှာကြံဆောင်ယူ၍ ဆက်သမူပြုလော့" ဟု မိန့်တော်မူလေ၏။

ပြုပြင်ပေးလျှင် သက်မဲ့ပင် ပြောင်းလဲ

ဥယျာဉ်တော်စောင့်သည် ဥယျာဉ်တော်သို့သွား၍ သရက်ပင်ရင်းတို့၌ မကောင်းသောမြေကို တူးဆွဖယ်ရှား၍ ကောင်းသောမြေကို လောင်းထည့်သည်။ ကောင်းသောရေကိုလည်း သွန်းလောင်း၏။ ထိုကဲ့သို့ မြေကောင်း ရေကောင်းတို့ဖြင့် ပြုပြင်လိုက်သောအခါ မကြာမြင့်မီပင်လျှင် သရက်ပင်တို့သည် ရွက်ဟောင်းတို့ ကြွေကျကုန်၏။ ထိုအခါ ပထမတည်သော မြေစာဟောင်းတို့ကို ဖယ်ရှားပြီးကာ ဖက်သက်သီး စုတ်ဖတ်တို့နှင့် ရောနှောသော ပကတိ မြေမှုန့်ကို လောင်းထည့်ပြီးလျှင် ကောင်းသောရေကို သွန်းလောင်းပြန်လေ၏။ ထိုသို့ မြေသစ်ထည့်၍ ရေကောင်းတို့ကို သွန်းလောင်းလိုက်ပြန်သောအခါ သရက်ပင်တို့သည် ပွင့်

http://www.dhammadownload.com

ကြလေကုန်၏။ ထို့နောက် အသီးကင်းတို့ သီးကုန်၏။ ထိုအခါ တစ်ခုသော သရက်ပင်၌ ဆေးဒန်းမြင်းသီလာ ရွှေဝါအဆင်းကဲ့သို့ ဝင်းဝါကုန်သော အနုံ့အရသာနှင့် ပြည့်စုံသော လေးလုံးကုန်သော အသီးတို့သည် မှည့်ကုန်၏။

မင်းကြီးအတွက် သရက်သီး အရှင်မဟာမောဂ္ဂလာန်ကိုလှူ

ဥယျာဉ်တော်စောင့်သည် သရက်သီးမှည့်တို့ကို ဆွတ်ယူ၍ "ဗိမ္မိသာရမင်းကြီးအား ဆက်သအံ့" ဟု သွားသည်ရှိသော် ခရီးအကြား၌ ဆွမ်းခံလှည့်လည်တော်မူလာသော အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို မြင်ရလျှင် ဤသို့ အကြံဖြစ်ပေါ်လာလေ၏။ "ဤသရက်သီးတို့သည် မွန်မြတ်သော သရက်သီးတို့ ဖြစ်ကုန်၏၊ ဤမွန်မြတ်သော သရက်သီးတို့ကို ဤအရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လှူဒါန်းအံ့၊ ငါ့ကို ဗိမ္မိသာရမင်းကြီးသည် သတ်လိုလျှင် သတ်ပေစေတော့၊ တိုင်းပြည်မှ နှင်ထုတ်လိုလျှင်လည်း နှင်ထုတ်ပေစေတော့၊ မင်းကြီးအား ဆက်သသည်ရှိသော် ဤမျက်မှောက်ဘဝ အကျိုးအဖြစ် အနည်းငယ်မျှသော ဆုတော်ကို ပေးသနားလိမ့်မည်၊ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လှူဒါန်းလိုက်သည်ရှိသော် ဤမျက်မှောက်ဘဝ၌လည်းကောင်း၊ နောက်ဘဝ၌လည်းကောင်း အတိုင်းအရှည် ပမာဏမရှိသော အကျိုးကိုပေးသည် ဖြစ်လတ္တံ့" ဟု ကြံ၍ သရက်သီးလေးလုံးတို့ကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လှူဒါန်းလိုက်သည်။ မင်းကြီးရှေ့သို့ ရောက်သောအခါ ဥယျာဉ်တော်စောင့်သည် မင်းကြီးအား ထိုအကြောင်းစုံကို သံတော်ဦးတင်လေ၏။

လှူ မလှူ စုံစမ်းစေ

ထိုဥယျာဉ်တော်စောင့် လျှောက်တင်သောစကားကို ကြားရ၍ ဗိမ္မိသာရမင်းကြီးသည် မင်းချင်းယောကျ်ားတို့ကို ခေါ်စေတော်မူ၏။ "အချင်းတို့၊ ဤဥယျာဉ်တော်စောင့်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား သရက်သီးတို့ကို လှူဒါန်းလိုက်သည်" ဟု ဆို၏။ ထိုသူပြောဆိုသောစကား ဟုတ် မဟုတ် စုံစမ်းကြကုန်လော့" ဟု မိန့်တော်မူလေ၏။

http://www.dhammadownload.com

အဆင့်ဆင့် လှူဒါန်းကြပုံ

အရှင်မဟာမောဂ္ဂလာန်မထေရ်သည်ကား သရက်သီးမှည့်တို့ကို ဘုရားရှင်အား လှူလေ၏။ ဘုရားရှင်သည် သရက်သီး လေးလုံးတို့တွင် တစ်လုံးကို အရှင်သာရိပုတ္တရာမထေရ်မြတ်အား ပေးတော်မူ၏။ တစ်လုံးကို အရှင်မဟာမောဂ္ဂလာန်မထေရ်အား ပေးတော်မူ၏။ တစ်လုံးကို အရှင်မဟာကဿပမထေရ်အား ပေးတော်မူ၏။ ကျန်တစ်လုံးသော သရက်သီးကိုမူ ဘုရားရှင်ကိုယ်တော်တိုင် ဘုဉ်းပေးတော်မူ၏။ စုံစမ်းကြကုန်သော မင်းချင်းယောကျ်ားတို့သည် ထိုအကြောင်းကို ဗိမ္မိသာရမင်းကြီးအား လျှောက်တင်ကြကုန်၏။

သူ့ကို အမျှဝေရန် မင်းကြီးမိန့်ကြား

ဗိမ္မိသာရမင်းကြီးသည် မင်းချင်းယောကျ်ားတို့ လျှောက်တင်သော စကားကို ကြားရလျှင် "ဤယောကျ်ားသည် ရဲရင့်ပေစွ၊ မိမိအသက်ကိုပင် စွန့်လွှတ်၍ ကုသိုလ်ကောင်းမှုကို ပြုစုပေ၏၊ မိမိ၏ ပင်ပန်းခြင်းသို့ ရောက်အောင်လည်း ပြု၏" ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ မင်းကြီးသည် ထိုဥယျာဉ်စောင့်အား တစ်ခုသော ရွာဆုလာဘ်ကိုလည်းကောင်း၊ ပုဆိုးအင်္ကျီ စသော အဝတ်တန်ဆာစသည်တို့ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူပြီးလျှင် "အချင်း ဥယျာဉ်စောင့်၊ သင်သည် သရက်သီးလှူသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို ငါ့အား အမျှပေးဝေပါလော့" ဟု မိန့်တော်မူလေ၏။ ထိုအခါ ဥယျာဉ်တော်စောင့်သည် "အရှင်မင်းကြီး အမျှပေးဝေပါအံ့၊ အလိုရှိတိုင်း ကောင်းမှု၏ အဖို့ဘာဂကို အမျှယူတော်မူပါလော့" ဟု သံတော်ဦးတင်လေ၏။

ကောင်းမှုပြု၍ ကောင်းကျိုးခံစားရ

ဥယျာဉ်တော်စောင့်သည် နောင်အခါ စုတေသော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သားသည် သရက်သီးလှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် "ဖလဒါယကာနတ်သား" ဟု ခေါ်တွင်လေ၏။ ထိုနတ်သားအား တစ်ဆယ့်ခြောက်ယူဇနာရှိသော ရွှေဗိမာန်သည် ဖြစ်ပေါ်လာလေ၏။ ဘုံဆောင်အထွတ်ပေါင်း ခုနစ်ရာတို့ဖြင့် တန်ဆာဆင်အပ်၏။ ထိုနတ်သားကိုမြင်၍ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဤသို့ မေးမြန်းတော်မူလေ၏။

http://www.dhammadownload.com

၁၀၆၀။ ဥစ္စမိဒံ မဏိထူဏံ ဝိမာနံ၊
သမန္ဘတော သောဠသ ယောဇနာနိ။
ကူဠာဂါရာ သတ္တသတာ ဥဠာရာ။
ဝေဠုရိယထမ္ဘာ ရုစကတ္ထတာ သုဘာ။

ဤဂါထာ၏အနက်သည် ကက္ကဋကရသဒါယက ဝိမာနဝတ္ထုလာ နံပါတ် ၉၁၀ ဂါထာနှင့်တူသည်။

၁၀၆၁။ တတ္ထစ္ဆသိ ဝိဝသိ ခါဒသိ စ၊
ဒိဗ္ဗာ စ ဝိဏာ ပဝဒန္တိ ဝဂ္ဂုံ။
အဒ္ဒဋ္ဌကာ သိက္ခိတာ သာဓုရူပါ၊
ဒိဗ္ဗာ စ ကညာ တိဒသစရာ ဥဠာရာ။
နစ္စန္တိ ဂါယန္တိ ပမောဒယန္တိ။

၁၀၆၁။ တွံ၊ သင်နတ်သားသည်။ တတ္ထ၊ ထိုရတနာနန်းဗိမာန်၌။ အစ္ဆသိ၊ စည်းစိမ်ထွေထွေ စံစားလျက်နေ၏။ ပိဝသိစ၊ နတ်အဖျော်ကို သောက်လည်းသောက်၏။ ခါဒသိစ၊ နတ်၌ဖြစ်လာ နတ်ဩဇာကို စားလည်းစား၏။ ဒိဗ္ဗာစ ဝိဏာ၊ နတ်စောင်းတို့သည်လည်း။ ဝဂ္ဂုံ၊ ညင်းညင်းသာသာ ချိုလွင်လှစွာ။ ပဝဒန္တိ၊ မြည်တမ်းပါကုန်၏။ အဒ္ဒဋ္ဌကာ၊ ခုနစ်ရာရှိသော ဘုံဆောင်တစ်ခုတစ်ခု၌ ခြောက်ကျိပ်လေးယောက်ကုန်သော။ သိက္ခိတာ၊ ကောင်းသော အတတ်ရှိကုန်သော။ သာဓုရူပါ၊ ကောင်းသော သဘောရှိကုန်သော။ ဥဠာရာ၊ များမြတ်သော စည်းစိမ်ရှိကုန်သော။ တိဒသစရာ၊ တာဝတိံသာနတ်ချမ်းသာဖြင့် ကောင်းစွာ စံစားနေကြကုန်သော။ ဒိဗ္ဗာစ ကညာ၊ နတ်သမီးကညာတို့သည်။ နစ္စန္တိ၊ ကလည်း ကခုန်ကြကုန်၏။ ဂါယန္တိ၊ သီလည်း သီဆိုကြကုန်၏။ ပမောဒယန္တိ၊ ရွှင်လန်းမွေ့လျော်ဝမ်းမြောက်ရွှင်ပျော်လည်း ရွှင်ပျော်စေကြကုန်၏။

၁၀၆၂ ဂါထာသည် ပဌမ နာဂဝိမာနဝတ္ထုလာ ၉၆၃ ဂါထာနှင့်လည်းကောင်း၊ ၁၀၆၃ ဂါထာသည် ကက္ကဋကရသဒါယက ဝိမာနဝတ္ထုလာ ၁၉၄ ဂါထာနှင့်လည်းကောင်း အနက်အဓိပ္ပာယ်တူသည်။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးတော်မူအပ်သည်ရှိသော် နတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

http://www.dhammadownload.com

၁၀၆၄။ ဖလဒါယီ ဖလံ ဝိပုလံ လဘတိ၊
ဒဒ'မုဒုဂတေသု ပသန္နမာနသော။
သော ဟိ ပမောဒတိ သဂ္ဂဂတော တိဒိဓေ၊
အနုဘောတိ စ ပုညဖလံ ဝိပုလံ။

၁၀၆၄။ ဘန္တေ၊ အရှင်ဘုရား။ ဖလဒါယီ၊ သစ်သီး ပေးကမ်းလှူဒါန်းသော သူသည်။ ဥဒုဂတေသု၊ မြတ်ရဟန်းတို့၌။ ပသန္နမာနသော၊ ကြည်လင်သော စိတ် ထားရှိသည်ဖြစ်၍။ ဒဒံ ဒဒန္တော၊ ပေးလှူခြင်းကြောင့်။ ဝိပုလံ၊ ပြန့်ပြောကြီးမား စွာသော။ ဖလံ၊ ကုသိုလ်အကျိုးကို။ လဘတိ၊ ရရှိပါပေ၏ဘုရား။ ဟိ၊ ယခု စကား စစ်စစ်မှန်ပါ၏။ သော၊ ထိုသစ်သီး ပေးကမ်းလှူဒါန်းသောသူသည်။ သဂ္ဂဂတော၊ တာဝတိံသာနတ်ပြည်သို့ ရောက်သည်ဖြစ်၍။ တိဒိဓေ၊ တာဝတိံသာ၌။ ပမောဒတိ၊ ရွှင်လန်းပျော်ပျော် မွေ့လျော်စွာနေရပါ၏။ ဝိပုလံ၊ ပြန့်ပြောဖြာဖြာ ကြီးမားစွာသော။ ပုညဖလံ စ၊ ကောင်းမှု၏ အကျိုးကိုလည်း။ အနုဘောတိ၊ စံစားရပါပေ၏ဘုရား။

၁၀၆၅။ တဝေဝါဟံ မဟာမုနိ၊ အဒါသိံ စတုရော ဖလေ။

၁၀၆၅။ မဟာမုနိ၊ ရဟန်းမြတ် အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တဝေဝ၊ အရှင်ဘုရားကိုပင်လျှင်။ စတုရော ဖလေ၊ ဘုရင့်အတွက် ရည်မှန်းထား သော လေးလုံးသော သရက်သီးတို့ကို။ အဒါသိံ၊ မကြောက်မတွန့် ပေးလှူခဲ့ဖူး ပါသည်ဘုရား။

၁၀၆၆။ တသ္မာ ဟိ ဖလံ အလမေဝ ဒါတုံ၊
နိစ္စံ မနုဿေန သုခတ္ထိကေန။
ဒိဗ္ဗာနိ ဝါ ပတ္ထယတာ သုခါနိ၊
မနုဿသောဘဂ္ဂတမိစ္ဆတာ ဝါ။

၁၀၆၆။ တသ္မာ ဟိ တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ မနုဿေန၊ လူ၌ ဖြစ်သော။ သုခတ္ထိကေန၊ ကောင်းကျိုးချမ်းသာ အဖြာဖြာကို အလိုရှိသောသူသည် လည်းကောင်း။ ဒိဗ္ဗာနိ၊ ထက်နတ်ပြည်၌ ဖြစ်ကုန်သော။ သုခါနိ၊ ကောင်းကျိုး ချမ်းသာ အဖြာဖြာတို့ကို။ ပတ္ထယတာဝါ၊ တောင့်တသော သူတို့သည်လည်းကောင်း။

http://www.dhammadownload.com

မနုဿသောဘဂ္ဂတံ၊ လူအပေါင်းတွင် အယဉ်အလှ ယှဉ်မရအောင် လှပတင့်တယ်သည်၏ အဖြစ်ကို။ ဣဿိတာ ဝါ၊ အလိုရှိကြကုန်သော သူတို့သည်လည်းကောင်း။ နိစ္စံ၊ အမြဲမပြတ်။ ဖလံ၊ သစ်သီးကို။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ ဒါတုံ၊ လှူဒါန်းလိုက်ကြခြင်းငှာ။ အလမေဝ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်လှသည်သာတည်း။

ကျန်သောအဓိပ္ပာယ်များ သိသာပြီ။

ဖလဒါယကဝိဓာနဝတ္ထု ပြီး၏။

၄။ ပဌမ ဥပဿယဒါယကဝိဓာနဝတ္ထု

ရဟန်းတော်တစ်ပါးအား တည်းခိုရန် ကျောင်း၊ ဆွမ်း၊ အဖျော်နှင့် သင်္ကန်းတို့ကို လှူဒါန်းခဲ့ခြင်းကြောင့် လမင်းအသွင် တောက်လွင်သော ဗိမာန်ဝယ် တင့်တယ်သော အရောင်အဆင်းနှင့် နတ်စည်းစိမ်ခံစားရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတစ်ပါးသည် တစ်ခုသော ရွာငယ်ကျောင်း၌ ဝါဆို၍ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင် ဘုရားရှင်ကို ဖူးမြော်ကန်တော့ရန် ရာဇဂြိုဟ်ပြည်သို့ ကြွသွားသည်။ လမ်းခရီး၌ နေဝင်ပြီဖြစ်၍ ရွာတစ်ရွာသို့ဝင်ကာ ညတည်းခိုရန် နေရာကို ရှာဖွေသည်။ ရွာထဲ၌ ဥပါသကာတစ်ယောက်ကို မြင်၍ "ဒါယကာ၊ ဤရွာတွင်း၌ ရဟန်းတော်တို့အား သင့်လျော်လျောက်ပတ်သော နေရာတစ်ခုလောက် ရရှိနိုင်ပါမည်လော" ဟု မေးလေ၏။

ဥပါသကာသည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အိမ်သို့ပြန်သွားကာ မယားနှင့် တိုင်ပင်သည်။ မထေရ်မြတ်၏ တည်းခိုသီတင်းသုံးရန် နေရာအတွက် မိမိအိမ်ကို တစ်ပိုင်း ပိုင်းခြားကန့်သတ်သည်။ ထိုပိုင်းခြားကန့်သတ်ရာ နေရာကို သုတ်သင်ရှင်းလင်းကာ ဆီမီးညှိထွန်းကာ ခုတင်အိပ်ရာတို့ကို ခင်း၍ပေးလှူလေ၏။ နံနက်မိုးသောက် အလင်းရောက်သောအခါ မထေရ်မြတ်အား ဆွမ်းဆက်ကပ်လုပ်ကျွေးပြီးကာ ဖျော်ရည်အလို့ငှာ ထန်းလျက်ခဲကိုလည်း လှူဒါန်းသည်။ မထေရ်မြတ် ကြွသွားသောအခါ လိုက်ပို့သည်။

http://www.dhammadownload.com

ကောင်းကျိုးစံရပြီ

ထိုဥပါသကာ ဧနီးမောင်နှံသည် အသက်တမ်းကုန်ဆုံး၍ သေလွန်ကြသော် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သား နတ်သမီး ဖြစ်ကြကုန်၏။ ထိုအခါ ထိုနတ်သားကို အရှင်မဟာမောဂ္ဂလာန်မထေရ် မြတ်သည် ဤသို့ မေးမြန်းတော်မူ၏။

၁၀၆၉။ စန္ဒော ယထာ ဝိဂတဝလာဟကေ နဘေ၊
သြဘာသယံ ဂစ္ဆတိ အန္တလိက္ခေ။
တထူပမံ တုယှမိဒံ ဝိမာနံ၊
သြဘာသယံ တိဋ္ဌတိ အန္တလိက္ခေ။

၁၀၆၉။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ စန္ဒော၊ လဗိမာန်သည်။ ဝိဂတဝလာဟကေ၊ မိုးတိမ်ကင်းစင်သော။ နဘေ၊ ထက်ကောင်းကင်၌။ သြဘာသယံ၊ အရောင်အဝါတို့ဖြင့် ထွန်းတောက်လင်းလျက်။ ဂစ္ဆတိ ယထာ၊ လှည့်လည်သွား သကဲ့သို့။ တထူပမံ၊ ထိုနည်းမခြား အလားတူသာလျှင်။ တုယှံ၊ သင်နတ်သား၏။ ဣဒံ ဝိမာနံ၊ ရွှေငွေမြသား ပတ္တမြားနှင့် ဆန်းပြားစုံလင် ဟန်ဆာဆင်၍ ရှုချင်စဖွယ် တင့်တယ်ပြည့်လျှံ ဤဗိမာန်သည်။ အန္တလိက္ခေ၊ မိုးကောင်းကင်၌။ သြဘာသယံ၊ ရတနာရောင် ဝင်းဝင်းပြောင်ရွှန်း တောက်ထွန်းတင့်တယ်လျက်။ တိဋ္ဌတိ၊ ကောင်းစွာမသွေ တည်နေဘိ၏။

၁၀၇၀။ ဂါထာ၏ ပါဠိအနက်သည် ပထမ နာဂဝိမာနဝတ္ထုလာ ၉၆၃ ဂါထာ၏ ပါဠိအနက်နှင့်တူပြီး ၁၀၇၁-ဂါထာ၏အနက်မှာ ရှေ့ပိုင်းတွင် အထပ်ထပ် ပါခဲ့ပြီ။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က မေးမြန်းတော်မူလေလျှင် ထိုနတ်သားသည် ဝမ်းမြောက်စွာ ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၀၇၂။ အဟဉ္စ ဘရိယာ စ မနုဿလောကေ၊
ဥပဿယံ အရဟတော အဒမှ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တာ၊
သင်္ဃဿ ဒါနံ ဝိပုလံ အဒမှ။

http://www.dhammadownload.com

၁၀၇၂။ ဘန္တေ၊ အရှင်ဘုရား။ အဟဉ္စ၊ တပည့်တော်သည်လည်းကောင်း။ ဘရိယာစ၊ တပည့်တော်၏ မယားသည်လည်းကောင်း။ မနုဿလောကေ၊ လူ့ဘဝ၌။ အရဟတော၊ အပူဇော်ခံအပ် ထေရ်အရှင်မြတ်တစ်ပါးအား။ ဥပဿယံ၊ ယာယီတည်းခိုရာအဖြစ် အိမ်တစ်ဝိုင်းကို။ အဒမှ၊ လှူဒါန်းခဲ့ဖူးကြပါကုန်သည်။ ပသန္နစိတ္တာ၊ ကြည်လင်သောစိတ် ရှိကြကုန်သည်ဖြစ်၍။ အန္နဉ္စ၊ ဘောဇဉ်ဆွမ်းကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာ သောက်ဖွယ်အဖြာဖြာကိုလည်းကောင်း။ ဝိပုလံ၊ ကြီးကျယ်ပြန့်ပြော များလှစွာသော။ ဒါနံ၊ သင်္ကန်းစသာ လှူဖွယ်ရာကို လည်းကောင်း။ သက္ကစ္စ၊ ရိသေစွာ။ အဒမှ၊ လှူဒါန်းခဲ့ကြပါသည်ဘုရား။

ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုများနှင့် တူပြီ။

ပဌမ ဥပဿယဒါယကဝိမာနဝတ္ထု ပြီး၏။

၅။ ဒုတိယ ဥပဿယဒါယကဝိမာနဝတ္ထု

ရဟန်းတော်အရှင်မြတ်များအား တည်းခိုရန် ကျောင်းနှင့် ဆွမ်း၊ သင်္ကန်းတို့ကို လှူဒါန်းခြင်းကြောင့် နတ်စည်းစိမ် ခံစားရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် များစွာကုန်သော ရဟန်းတော်တို့သည် တစ်ခုသော ရွာငယ်ကျောင်း၌ ဝါဆိုကြကုန်သည်။ ဝါကျွတ်သောအခါ ပဝါရဏာ ပြုကြကုန်ပြီးလျှင် ဘုရားရှင်ကို ဖူးမြော်ကန်တော့ရန် ရာဇဂြိုဟ်ပြည်ကို ရည်မှန်းကာ ကြွလှမ်းကြကုန်သည် ရှိသော် လမ်းခရီးအကြား၌ နေဝင်ပြီဖြစ်၍ တစ်ခုသောရွာသို့ ဝင်ရောက်ကြလေကုန်၏။

ကျန်သောစကားရပ်များ ပဌမ ဥပဿယဒါယကာ ဝိမာနဝတ္ထုနှင့် တူသည်။

၁၀၇၅။ သူရိယော ယထာ ဝိဂတဝလာဟကေ နဘေ၊
သြဘာသယံ ဂစ္ဆတိ အန္တလိက္ခေ။

http://www.dhammadownload.com

တထူပမံ တုယှမိဒံ ဝိမာနံ၊
သြဘာသယံ တိဋ္ဌတိ အန္တလိက္ခေ။

၁၀၇၅။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ သူရိယော၊ နေဗိမာန်သည်။ ဝိဂတဝလာဟကော၊ မိုးတိမ်ကင်းစင်သော။ နဘော၊ ထက်ကောင်းကင်၌။ သြဘာသယံ၊ အရောင်အဝါ ထွန်းတောက်လင်းလျက်။ ဂစ္ဆတိ ယထာ၊ လှည့်လည်သွားသကဲ့သို့။ တထူပမံ–တထာ ဥပမံ၊ ထိုတမူ အလားတူသာလျှင်။ တုယှံ၊ သင်နတ်သား၏။ ဣဒံ ဝိမာနံ၊ ဤဗိမာန်သည်။ အန္တလိက္ခေ၊ မိုးကောင်းကင်၌။ သြဘာသယံ၊ ရတနာရောင် ဝင်းဝင်းပြောင်ရွှန်း တောက်ထွန်း တင့်တယ်လျက်။ တိဋ္ဌတိ၊ အလို ရှိရာ လှည့်လည်ကာဖြင့် ကောင်းစွာမသွေ တည်နေလေ၏။

ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုနှင့်တူပြီ။

ဒုတိယ ဥပဿယဒါယကဝိမာနဝတ္ထု ပြီး၏။

၆။ ဘိက္ခာဒါယကဝိမာနဝတ္ထု

ခရိုးပန်းလာသော ရဟန်းတော်တစ်ပါးအား တစ်ထပ်စာဆွမ်း ကပ်ခဲ့သောကြောင့် ပတ္တမြားတိုင် ဗိမာန်ပြာသာဒ်တို့၌ စံစားရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတော်တစ်ပါးသည် ခရိုးရှည်သွားရသည်ဖြစ်၍ မောပန်းစွာနှင့်ပင် ရွာတစ်ရွာတွင်းသို့ ဆွမ်းခံဝင်သည်။ ယောကျ်ားတစ်ယောက်သည် ခြေလက်ဆေးပြီး "ထမင်းစားအံ့" ဟု ထမင်းခူးယူပြီး ထမင်းခွက်ထဲထည့်နေစဉ် ဆွမ်းရပ်တော်မူလာသော ရဟန်းတော်ကို မြင်ရ၍ ထမင်းခွက်၌ထည့်ပြီးသောထမင်းကို ရဟန်းတော်၏သပိတ်၌ လောင်းသည်။ ရဟန်းတော်မြတ်က "ဒါယကာ၊ အချို့တဝက်လောက်ကိုသာလျှင် လောင်းလှူလော့" ဟု ဆိုသော်လည်း အံကုန်လုံး လောင်းလှူလိုက်လေ၏။ ရဟန်းတော်သည် အနုမောဒနာပြုပြီး ကြွသွားတော်မူလေ၏။

ထိုယောကျ်ားသည် "ခရိုးပန်းသဖြင့် ဆွမ်းဆာတော်မူသော ရဟန်းတော်

http://www.dhammadownload.com

အား ငါမစားဘဲ ထမင်းကို အကုန်လောင်းလှူလိုက်ရပေပြီ” ဟု အဖန်ဖန် အောက်မေ့လျက် ရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်နေ၏။

ကောင်းမှုအကျိုး ခံစားရ

ထိုယောကျ်ားသည် တစ်နေ့၌ စုတေ၌ တာဝတိံသာနတ်ပြည်တွင် တစ်ဆယ့်နှစ် ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သားသည် လူ့ဘဝက ဆွမ်းလောင်းလှူခဲ့ဖူးသောကြောင့် နတ်သားဖြစ်ရကား “ဘိက္ခာဒါယကနတ်သား” ဟု အမည်တွင်လေသည်။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ကြီးမြတ်သော တန်ခိုးနှင့် တယ့်တယ်လှစွာသော ထိုနတ်သားကို မြင်တော်မူ၍ ဤသို့ မေးမြန်းတော်မူလေ၏။

၁၀၈၁–၂–၃ ဂါထာတို့၏ ပါဠိအနက်သည် ၉–၁၀–၉၆၃–၉၁၄ ဂါထာတို့၏ ပါဠိအနက်နှင့် အစဉ်အတိုင်းတူသည်။

ထိုအခါ နတ်သားသည် မထေရ်မြတ်အား ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၀၈၄။ အဟံ မနုဿေသု မနုဿဘူတော၊
ဒီသွာန ဘိက္ခုံ တသိတံ ကိလန္တံ။
ဧကာဟံ ဘိက္ခံ ပဋိပါဒယိဿံ၊
သမၸိ ဘတ္တေန တဒါ အကာသိ”။

၁၀၈၄။ ဘန္တေ။ အရှင်ဘုရား။ အဟံ၊ တပည့်တော်နတ်သားသည်။ မနုဿေသု၊ လူ့ဘုံလောကတို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ တသိတံ၊ ခရီးဝေးမှ ကြွလာရကာ ဆွမ်းဆာတော်မူ၍။ ကိလန္တေ၊ ပင်ပန်းနွမ်းနယ်တော်မူသော။ ဘိက္ခုံ၊ ရဟန်းတော်ကို။ ဒီသွာန၊ တွေ့မြင်ရပေသောကြောင့်။ အဟံ၊ တပည့်တော်သည်။ ဧကံ ဘိက္ခံ၊ မိမိစားရန် တစ်ထပ်စာမျှသောဆွမ်းကို။ ပဋိပါဒယိဿံ၊ ကိုယ်တိုင်လာရောက် အကုန်မှောက်ကာ လောင်းလှူခဲ့ဖူးပါသည်ဘုရား။ တဒါ၊ လူ့ဘဝ လူဖြစ်စဉ် ထိုအခါက။ ဘတ္တေန၊ မိမိစားရန် ရည်မှန်းထားသည့် ဘော

http://www.dhammadownload.com

ဇဉ်ဆွမ်းဖြင့်။ သမ်ဂီ၊ ပြည့်စုံလောက်အောင်ကို။ အကာသိ၊ ပြုစုလှူဒါန်းခဲ့ဖူးပါသည် ဘုရား။

၁၀၈၅-၆ ဂါထာတို့၏ ပါဠိအနက်သည် ပီဋကဝယ် ပဌမ ပီဋကဝိမာနဝတ္ထုလာ ၆-၇ ဂါထာတို့၏ ပါဠိအနက်နှင့် တူသည်။ "မေ တပည့်တော်၏" ဟု အနက်ပေးရံသာ ထူးတော့၏။

ဤသို့လျှင် နတ်သားသည် သူ ကောင်းစွာကျင့်အပ်သော ကံတို့ကို ထင်ရှားပြသည်ရှိသော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သားအား လည်းကောင်း၊ ထိုနတ်သား၏ ပရိသတ်အားလည်းကောင်း တရားတော်ကို ဟောကြားတော်မူသည်။ ထို့နောက် လူ့ပြည်သို့ကြွလာကာ ထိုအကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော လူအပေါင်းအား တရားဟောကြားတော်မူလေ၏။ ထိုဒေသနာတော်သည် လူများအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ဘိက္ခာဒါယကဝိမာနဝတ္ထု ပြီး၏။

၇။ ယဝပါလကဝိမာနဝတ္ထု

မုယောခင်းစောင့်ဖြစ်စဉ်က ရဟန်းတော်အား မုယောမုန့် လှူဒါန်းခဲ့ခြင်းကြောင့် ပတ္တမြားတိုင်ဗိမာန်၌ နတ်စည်းစိမ် စံစားရသော နတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်နေ ဆင်းရဲသော သူငယ်ကလေးတစ်ယောက်သည် မုယောလယ်ခင်း စောင့်ရှောက်ခြင်းဖြင့် အသက်မွေးကာ နေရရှာ၏။ ထိုသူငယ်ကလေးသည် တစ်နေ့သ၌ နံနက်စာအလို့ငှာ မုယောမုန့်ကိုရ၍ "ငါသည် ဤမုန့်ကို မုယောလယ်ခင်းရောက်မှ စားအံ့" ဟု ကြံပြီးလျှင် မုယောမုန့်ကိုယူကာ မုယောလယ်ခင်းသို့ ရောက်သောအခါ တစ်ခုသောသစ်ပင်ရင်း၌ ထိုင်နေလေ၏။

http://www.dhammadownload.com

ကောင်းမှုပျိုးပြီ

ထိုခဏ၌ ရဟန္တာမထေရ်တစ်ပါးသည် ခရီးသွားတော်မူရာ နေမွန်းတည့်ခါနီး မုယောခင်းသို့ ရောက်တော်မူ၍ မုယောခင်း စောင့်သောသူငယ် နေထိုင်ရာသာ သစ်ပင်ရင်းသို့ ကြွတော်မူလာ၏။ ထိုအခါ ဆင်းရဲရှာသော မုယောခင်းစောင့်သူငယ်လေးသည် အချိန်ကိုကြည့်၍ "အရှင်ဘုရား၊ နေမွန်းတည့်လုပါပြီ၊ ဆွမ်းအာဟာရ ရပါပြီလားဘုရား" ဟု လျှောက်ထားလေ၏။

ရဟန္တာမထေရ်မြတ်သည် စကားတုံ့မပြန်ဘဲ ဆိတ်ဆိတ်သာ နေတော်မူ၏။ ဆင်းရဲရှာသော လယ်ခင်းစောင့်သူငယ်လေးသည် မထေရ်မြတ် ဆွမ်းအာဟာရ မရသေးသည်၏အဖြစ်ကို သိရလေလျှင် "အရှင်ဘုရား၊ နေမွန်းတည့်ခါ နီးနေပါပြီ၊ ဆွမ်းခံလှည့်လည်၍ ဘုဉ်းပေးဖို့ရန် အချိန်မရှိတော့ပါ၊ တပည့်တော်အား ချီးမြှောက်တော်မူသောအားဖြင့် ဤမုယောမုန့်ကို ဘုဉ်းပေးတော်မူပါဘုရား" ဟု လျှောက်ထားလျက် မထေရ်မြတ်အား မိမိစားရန် ယူလာခဲ့သော မုယောမုန့်ကို ကပ်လှူလေ၏။ ရဟန္တာမထေရ်မြတ်သည် ဆင်းရဲရှာသော လယ်ခင်းစောင့်သူငယ်လေးအား ချီးမြှောက်တော်မူသောအားဖြင့် သူငယ်လေးက ကြည်ညိုကြည်ရွှင်နေစဉ်ပင်လျှင် ထိုမုယောမုန့်ကို ဘုဉ်းပေးတော်မူကာ အနုမောဒနာပြု၍ ကြွသွားတော်မူလေ၏။

ကောင်းမှုကြောင့် ကောင်းကျိုးရ

မုယောခင်းစောင့် သူငယ်သည်လည်း "ဤကဲ့သို့သော ရဟန္တာအရှင်မြတ်အား ငါသည် နေမွန်းတည့်ခါနီး ဆွမ်းအခက်တွေ့နေစဉ် မုယောမုန့်ကို ပေးလှူရပေစွတကား" ဟု အောက်မေ့၍ စိတ်ဖြင့်ကြည်ညိုနေကာ နောက်တစ်ခါ တစ်စုံတစ်ခုသော ရောဂါဖြင့် စုတေသေလွန်သော် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ် ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သားသည် မုယောလယ်ခင်းစောင့်ရင်း ရသောကုသိုလ်ကြောင့် "ယဝပါလကနတ်သား" ဟု အမည်တွင်လေသည်။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်၌ စည်းစိမ်ကြီးမားစွာ စံစားနေသော ထိုနတ်သားကို မြင်လေလျှင် ဤသို့ မေးမြန်းတော်မူလေ၏။

၁၀၈၇-၈-၉ ဂါထာတို့၏ ပါဠိအနက် အဓိပ္ပာယ်များကို ကက္ကဋကရဿ ဒါယကဝိမာနဝတ္ထုနှင့် တူသည်။

ထိုအခါ ယဝပါလကနတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၀၉၀။ အဟံ မနုဿေသု မနုဿဘူတော၊
အဟောသိံ ယဝပါလကော။
အဒ္ဒသံ ဝိရဇံ ဘိက္ခုံ၊ ဝိပ္ပသန္နမနာဝိလံ။

၁၀၉၁။ တဿ အဒါသဟံ ဘာဂံ၊ ပသန္နော သေဟိ ပါဏိဘိ။
ကုမ္မာသပိဏ္ဍံ ဒတ္တွာန၊ မောဒါမိ နန္ဒနေ ဝနေ။

၁၀၉၀-၁။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် နတ်သားသည်။ မနုဿေသု၊ လူ့ဘဝတို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ ယဝပါလကော၊ မုယောခင်းလယ်စောင့်သည်။ အဟောသိံ၊ ဖြစ်ဖူးခဲ့ပါသည်ဘုရား။ တဒါ၊ လယ်စောင့်ဘဝ ဆင်းရဲလှစွာ ထိုအခါက။ အဟံ၊ တပည့်တော်သည်။ ဝိရဇံ၊ ကိလေသာမြူ ကင်းတော်မူသော။ ဝိပ္ပသန္နံ၊ စိတ်ထားသန့်စင် အထူးသဖြင့် ကြည်လင်တော်မူသော။ အနာဝိလံ၊ နောက်ကျသော စိတ်ရှိတော်မမူသော။ ဘိက္ခုံ၊ ရဟန်းတော်ကို။ အဒ္ဒသံ၊ ဖူးမြင်ရပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပသန္နော၊ ကြည်ညိုသည်ဖြစ်၍။ တဿ၊ မွန်းတည့်ခါနီး ကြွပြီးရောက်လာ ထိုရဟန္တာမထေရ်အား။ ဘာဂံ၊ မိမိစားဖို့ရာ အဖို့ဖြစ်သော။ ကုမ္မာသပိဏ္ဍံ၊ မုယောမုန့်ကို။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ အဒါသိံ၊ လှူဖူးပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ ကုမ္မာသပိဏ္ဍံ၊ မုန့်မုယောကို။ ဒတ္တွာန၊ ပေးလှူခဲ့သောကြောင့်။ နန္ဒနေ ဝနေ၊ နန္ဒဝန်ဥယျာဉ်သာ၌။ မောဒါမိ၊ နတ်သမီးကညာ ဝန်းရံကာဖြင့် ချမ်းသာစံပျော် မွေ့လျော်ရပါသည်ဘုရား။

ကျန်သောအဓိပ္ပာယ်များ ရှေးနည်းများနှင့်တူပြီ။

ယဝပါလကဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၈။ ပဌမ ကုဏ္ဍလိဝိမာနဝတ္ထု

အဂ္ဂသာဝကကြီးနှစ်ပါးနှင့် ရဟန်းတော်တို့အား ဆွမ်းစသည် လှူဒါန်းခဲ့သောကြောင့် လဝန်းပမာ တင့်တယ်စွာသော ဗိမာန်၌ နတ်စည်းစိမ် ခံစားရသော နတ်သား။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက ရဟန္တာနှစ်ပါးတို့သည် တပည့်ပရိသတ် ရဟန်းသံဃာ အခြေအရံတို့နှင့်တကွ ကာသိတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူကြကုန်သည်ရှိသော် နေဝင်ချိန်အခါ တစ်ခုသော ကျောင်းတိုက်သို့ ရောက်တော်မူကြကုန်၏။

ထိုအကြောင်းကို ကြား၍၌ ဥပါသကာတစ်ယောက်သည် ကျောင်းတိုက်သို့လာပြီး မထေရ်မြတ်တို့ကို လှူဖွယ်များ လှူဒါန်းသည်။ နောက်ရက်အတွက်လည်း ဆွမ်းဖြင့်ပင့်ဖိတ်၍ အလှူကြီး ပေးလှူလေ၏။ အဂ္ဂသာဝက ရဟန္တာ မထေရ်မြတ်တို့သည် ထိုဥပါသကာအား အနုမောဒနာပြုပြီးလျှင် ပြန်ကြွသွားတော်မူကြကုန်၏။

ကောင်းမှုပြုခဲ့၍ ကောင်းကျိုးရ

ထိုဥပါသကာသည် နောက်အခါ တစ်စုံတစ်ခုသော ရောဂါဖြင့် စုတေလေလျှင် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သားကို ပတ္တမြားနားတောင်း ထူးထူးကဲကဲ ဝတ်ဆင်ထားသောကြောင့် "ကုဏ္ဍလိနတ်သား" ဟု ခေါ်ကြသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ် မေးမြန်းတော်မူခြင်း

ထိုကုဏ္ဍလိနတ်သားကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူသောအခါ ဤသို့ မေးမြန်းတော်မူလေ၏။

၁၀၉၄။ အလင်္ကတော မလျဓရော သုဝတ္ထော၊
သုကုဏ္ဍလီ ကဗ္ဘိတကောသမဿု။

http://www.dhammadownload.com

အာမုတ္တဟတ္ထာဘရဏော ယသဿီ၊
ဒိဗ္ဗေ ဝိမာနမ္ဟိ ယထာပိ စန္ဒိမာ။

၁၀၉၄။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ တွံ၊ သင်နတ်သားသည်။ အလင်္ကတော၊ ဘယက်စသော တန်ဆာတို့ကို ဝတ်ဆင်လျက်။ မလျဓရော၊ ပန်းမာလာတို့ကို ပန်ဆင်ထားသော။ သုဝတ္ထော၊ နတ်၌ဖြစ်သော အဝတ်လွှာတို့ကို ကောင်းစွာဝတ်ဆင်ထားသော။ သုကုဏ္ဍလီ၊ ကောင်းမြတ်သော ပတ္တမြားနားတောင်းကို ပန်ဆင်လျက်ရှိသော။ ကပ္ပိတကေသမဿု၊ ကောင်းစွာပြုပြင် ဆံပင်မုတ်ဆိတ်ရှိလျက်။ အာမုတ္တဟတ္ထာဘရဏော၊ လက်ဝတ်တန်ဆာ အဖြာဖြာတို့ကို ဝတ်ဆင်လျက်။ ယသဿီ၊ အခြွေအရံရှိလျက်။ ဒိဗ္ဗေ ဝိမာနမ္ဟိ၊ နတ်၌ဖြစ်လာ ဗိမာန်သာ၌။ စန္ဒိမာယထာ၊ ငွေလမင်းကဲ့သို့။ သောဘတိ၊ တင့်တယ်ပါပေ၏။

၁၀၉၅-၆-၇ ဂါထာတို့၏ ပါဠိအနက် ဖလဒါယကဝိမာနဝတ္ထုလာ ၁၀၆၁-၂-၃ ဂါထာတို့၏ ပါဠိအနက်နှင့် အစဉ်အတိုင်းတူသည်။

ထိုသို့ မေးမြန်းတော်မူသောအခါ နတ်သားသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၀၉၈။ အဟံ မနုဿေသု မနုဿဘူတော၊
ဒီဃာနု သမဏော သီလဝန္တေ။
သမ္မန္နဝိဇ္ဇာစရဏော ယသဿီ၊
ဗဟုဿုတော တဏှက္ခယူပပန္နေ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိံ။

၁၀၉၈။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူ့ဘုံလောကဌ်။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ သီလဝန္တေ၊ သီလရှိတော်မူကြကုန်သော။ သမ္မန္နဝိဇ္ဇာစရဏော၊ စရဏနှင့် ပြည့်ဝတော်မူကြကုန်သော။ ယသဿီ၊ အခြွေအရံများခြင်း ရှိတော်မူကြကုန်သော။ ဗဟုဿုတော၊ အကြားအမြင် ရှိတော်မူကြကုန်သော။ တဏှက္ခယူပပန္နေ၊ တဏှာကုန်ပြတ် အရဟတ္တဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်သို့ ရောက်တော်မူကြကုန်သော။ သမဏော၊ အဂ္ဂသာဝက ရဟန်းတော်တို့ကို။ ဒီဃာန၊ ဖူးမြင်ရပါသောကြောင့်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ထား

http://www.dhammadownload.com

ရှိသည်ဖြစ်၍။ အန္နဒူ၊ ဘောဇဉ်ဆွမ်းကိုလည်းကောင်း။ ပါနဒူ၊ အဖျော်ယမကာကိုလည်းကောင်း။ သက္ကစ္စ၊ ရှိသေစွာ။ အဒါသိ၊ လှူဒါန်းခဲ့ပါသည်ဘုရား။

ဤဝတ္ထုပါ ကျန်သောအဓိပ္ပာယ်များ ရှေ့ပိုင်းနှင့်တူပြီ။

ပဌမ ကုဏ္ဍလိဝိမာနဝတ္ထု ပြီး၏။

၉။ ဒုတိယ ကုဏ္ဍလိဝိမာနဝတ္ထု

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက ရဟန္တာနှစ်ပါးတို့သည် ကာသိတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူကြကုန်သည်ရှိသော် နေဝင်ချိန်အခါ တစ်ခုသော ကျောင်းတိုက်သို့ ရောက်တော်မူကြကုန်၏။

ကျန်သောအဓိပ္ပာယ်များ ပဌမ ကုဏ္ဍလိဝိမာနဝတ္ထုနှင့် တူသည်။

ဒုတိယ ကုဏ္ဍလိဝိမာနဝတ္ထု ပြီး၏။

၁၀။ ဥတ္တရပါယာသိဝိမာနဝတ္ထု

ရဟန်းတော်တို့ကို ကြည်ညိုမြတ်နိုးသောစိတ်ဖြင့် ဆွမ်း၊ အဖျော်နှင့် သင်္ကန်း စသည်တို့ကို လှူဒါန်းခဲ့ခြင်းကြောင့် သုဓမ္မာ နတ်သဘင်နှင့် တူသောဗိမာန်၌ နတ်စည်းစိမ် ခံစားရသော နတ်သား။

သုံးလောကထွတ်တင် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်ရှိသော် ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို ခွဲဝေကြကာ ထိုထိုမြို့ရွာ ဇနပုဒ်တို့၌ စေတီပုထိုး တည်ထားကိုးကွယ်ကြကုန်သည်။ အရှင်မဟာကဿပမထေရ် အမှူးရှိကုန်သော မထေရ်မြတ်ကြီးတို့သည် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်ကို သင်္ဂါယနာတင်ရန် စီစဉ်တော်မူကြသည်။ အခြားသော မထေရ်မြတ်တို့သည်လည်း ဝါမဆိုမိ မိမိ မိမိ၏ တပည့်ပရိသတ်နှင့်တကွ ထိုထိုမြို့ရွာတို့သို့ ကြွရောက်သီတင်းသုံးနေထိုင်ကြကုန်သည်။ အရှင်ကုမာရကဿပမထေရ်သည် ငါးရာသော

http://www.dhammadownload.com

ရဟန်းတို့နှင့်တကွ သေတဗျမြို့သို့ ကြွရောက်တော်မူ၍ ရင်းတိုက်တော၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ပါယာသိရာဇည်မည်သော မင်းသည် အရှင်ကုမာရကဿပမထေရ်မြတ် ရင်းတိုက်တော၌ သီတင်းသုံးနေသောအဖြစ်ကို ကြားသိရ၍ များစွာသော လူအပေါင်း ခြံရံလျက် မထေရ်မြတ်၏အထံသို့ လာရောက်၍ သူ၏ ပရလောကမရှိ စသော အယူဝါဒကို လျှောက်ကြားလေ၏။

ပါယာသိမြို့စား သမ္မာဒိဋ္ဌိဖြစ်

ထိုအခါ ပါယာသိရာဇည်မင်း အား မထေရ်မြတ်သည် လနေတို့ကို ဥပမာထား၍ ရှင်းလင်းဟောပြသည်။ တမလွန်လောက ရှိသည်၏အဖြစ်ကို များပြားလှစွာသော ဥပမာတို့ဖြင့် တန်ဆာဆင်ကာ ဟောထားသည့် ပါယာသိသုတ္တန်ကို ဟောတော်မူသည်။ ထိုအခါ ပါယာသိမင်းသည် မိစ္ဆာဉာဏ်ပယ်ခွင်းကာ ဝိပဿနာဉာဏ်အမြင်နှင့် ပြည့်စုံပြီး သမ္မာဒိဋ္ဌိအယူဝါဒ၌ တည်လေ၏။

[ဆန်းကြယ်လှစွာသော ဥပမာစကားတို့ဖြင့် ဟောကြားအပ်သော ထိုပါယာသိရာဇည သုတ္တန်ကို ကြည့်ရှုလိုပါမူ သုတ်မဟာဝါပါဠိတော်၌ ကြည့်ရှုတော်မူကြပါကုန်။]

စေတနာမကောင်း၍ အကျိုးပေးမလှ

ထိုပါယာသိရာဇည်သည် စင်ကြယ်သောအယူဝါဒ ရှိသည်ဖြစ်၍ ရဟန်း၊ ပုဏ္ဏား၊ အထီးကျန်သူ၊ ခရီးသွားသူ စသည်တို့အား လှူဒါန်းပေးကမ်းခြင်းကို ပြုလုပ်လျက်နေသော်လည်း စိတ်နေစိတ်ထား ပြိန်ဖျင်းသေးနုပ်ရကား စားနိုင်ဝတ်နိုင်ရုံမျှဖြစ်သော ညံ့ဖျင်းကြမ်းတမ်းသော ပအုံးရည်ဟင်း၊ ဆန်ကွဲထမင်းနှင့် တကွ ပိုက်ဆံလျှော်ဖြင့်ပြီးသော အဝတ်တို့ကိုသာလျှင် လှူဒါန်းပေးကမ်းလေ၏။ ဤသို့လျှင် ကောင်းမွန်ခြင်းမရှိ အလွန်ပင် ညံ့ဖျင်းလှစွာသော အစာအာဟာရ အဝတ်အရုံတို့ကို ညံ့ဖျင်းသော စိတ်နေစိတ်ထား ရှိသမှုနည်းပါးစွာ လှူဒါန်းပေးကမ်းခဲ့ခြင်းကြောင့် ခန္ဓာပျက်ကြွေ စုတေသေလွန်သောအခါ၌ ယုတ်ညံ့သော ကိုယ်ခန္ဓာရှိကာ စတုမဟာရာဇ်နတ်ပြည်၌ နတ်သားဖြစ်လေ၏။

http://www.dhammadownload.com

စိတ်ထားကောင်း၍ အကျိုးပေးလှ

ထိုပါယာသိရာဇညမင်း၏ အမှုကြီးငယ်တို့ကို ပြုလုပ်သော ဥတ္တရလုလင်သည်ကား စွန့်ကြဲပေးကမ်း လှူဒါန်းရာ၌ ကြီးကြပ်ရသူဖြစ်၏။ ထိုဥတ္တရလုလင်သည် စိတ်ထားမြင့်မြတ် လေးစားစွာ လှူဒါန်းပေးကမ်းခဲ့သောကြောင့် တာဝတိံသာ နတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗိမာန်၌ နတ်သားဖြစ်လေ၏။

ထိုဥတ္တရနတ်သားသည် သူ့ကျေးဇူးသိတတ်သည်ကို ထင်ရှားပြလိုသည်ဖြစ်၍ မိမိနေထိုင်ရာ ဗိမာန်နှင့်တကွ အရှင်ကုမာရကဿပမထေရ်မြတ်၏ အထံသို့ ချဉ်းကပ်လာရောက်၍ ဗိမာန်မှသက်ဆင်းကာ ငါးဖြာသောတည်ခြင်းဖြင့် ရှိသေစွာ ရှိခိုးလျက် လက်အုပ်ချီပြီးလျှင် ရပ်တည်၍နေလေ၏။ ထိုဥတ္တရနတ်သားကို အရှင်ကုမာရကဿပမထေရ်မြတ်သည် ဤသို့ မေးမြန်းတော်မူလေ၏။

၁၁၀၈။ ယာ ဒေဝရာဇဿ သဘာ သုဓမ္မာ၊
ယတ္ထစ္ဆတိ ဒေဝသံဃော သမဂ္ဂေါ။
တထူပမံ တုယှမိဒံ ဝိမာနံ၊
ဩဘာသယံ တိဋ္ဌတိ အန္တလိက္ခေ။

၁၁၀၈။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ ဒေဝရာဇဿ၊ သိကြားမင်း၏။ ယာ သဘာ၊ အကြင် ခန်းမဆောင်ဇရပ်ကြီးကို။ သုဓမ္မာ၊ သုဓမ္မာဇရပ်ကြီးဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါ၏။ ယတ္ထ၊ ယင်းစည်းဝေးတိုင်ပင် နတ်သဘင်ပြုရာ သုဓမ္မာဇရပ်၌။ ဒေဝသံဃော၊ နတ်အပေါင်းသည်။ သမဂ္ဂေါ၊ ညီညွတ်စွာ။ အစ္ဆတိ၊ နေထိုင်ပါ၏။ တထူပမံ၊ ထိုသုဓမ္မာဇရပ်ကြီး အတူသာလျှင်။ တုယှံ၊ တန်ခိုးကြီးမား သင်နတ်သား၏။ ဣဒံ ဝိမာနံ၊ ဤဗိမာန်သည်။ အန္တလိက္ခေ၊ မိုးကောင်းကင်၌။ ဩဘာသယံ၊ တောက်ပထွန်းလျက်။ တိဋ္ဌတိ၊ တည်ရှိ၍ နေပါပေ၏။

၁၁၀၉–၁၁၁၀ ဂါထာတို့၏ အနက်သည် အစဉ်အတိုင်း ၁၀၄၉–၉၆၃ ဂါထာတို့၏ ပါဠိအနက်တို့နှင့် တူသည်။

ဤသို့ အရှင်ကုမာရကဿပမထေရ်မြတ် မေးတော်မူအပ်သည်ရှိသော် ဥတ္တရနတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

http://www.dhammadownload.com

၁၁၁၁။ အဟံ မနုဿေသု မနုဿဘူတော၊
ရညော ပါယာသိဿ အဟောသိံ မာဏဝေါ။
လဒ္ဓါ ဓနံ သံဝိဘာဂံ အကာသိံ၊
ဝိယာ စ မေ သီလဝန္တော အဟောသုံ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိံ။

၁၁၁၁။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူ့ဘဝတို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ ရညော ပါယာသိဿ၊ မိစ္ဆာအယူစင်ဖြူပြီးစ ဒါနပြုလျှင်း ပါယာသီရာဇညမင်း၏။ မာဏဝေါ၊ ဝေယျာဝစ္စ ပြုလုပ်ရသည့် ဥတ္တရလုလင်သည်။ အဟောသိံ၊ ဖြစ်ခဲ့ပါ၏ဘုရား။ အဟံ၊ တပည့်တော်သည်။ လဒ္ဓါ၊ မိမိတွက်တာ ရအပ်ပါသော။ ဓနံ၊ ဥစ္စာအဝဝကို။ သံဝိဘာဂံ၊ မသုံးဆောင်ဘဲ ဒါနထဲသို့ အမြဲမသွေ ခွဲဝေပေးကမ်း လှူဒါန်းခြင်းကို။ အကာသိံ၊ ပြုလုပ်ခဲ့ပါသည်ဘုရား။ မေ၊ တပည့်တော်သည်။ သီလဝန္တော၊ သီလရှိကုန်သော သူတော်ကောင်းတို့ကိုလည်း။ ဝိယာ၊ ချစ်မြတ်နိုးခဲ့ကုန်သည်။ အဟောသုံ၊ ဖြစ်ပါကုန်၏ဘုရား။ ပသန္နစိတ္တော၊ ကြည်လင်သောစိတ် ရှိသည်ဖြစ်၍။ အန္နဉ္စ၊ ဆွမ်းဘောဇဉ်ကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာကိုလည်းကောင်း။ ဝိပုလံ၊ ကြီးကျယ်ပြန့်ပြော များလှစွာသော။ ဒါနံ၊ သင်္ကန်းစသော လှူဖွယ်ရာ ဒါနကိုလည်းကောင်း။ °သက္ကစ္စ၊ ရိုသေစွာ။ အဒါသိံ၊ လှူဒါန်းခဲ့ပါသည်ဘုရား။

၁၁၁၂-၃-ဂါထာတို့၏အနက် ၉၆၆-ဂ ဂါထာတို့၏ ပါဠိအနက်နှင့် တူသည်။ ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုများနှင့် တူသည်။

ဥတ္တရ ပါယာသိ ဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ သုနိက္ခိတ္တဝဂ်

၁။ စိဂ္ဂလတာဝိမာနဝတ္ထု

မိခင် ဖခင်အိုတို့ကို လုပ်ကျွေးခဲ့ခြင်း၊ သီလရှိသူတို့ကို မြတ်နိုးခြင်း၊ ဆွမ်း၊ သင်္ကန်း စသည်တို့ကို လှူဒါန်းခဲ့ခြင်းကြောင့် တာဝတိံသာဌ်နတ်စည်းစိမ် ခံစားနေရသော နတ်သား။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ ဆင်းရဲလှစွာသော ဥပါသကာတစ်ယောက်သည် သူတစ်ပါးတို့၏ အလုပ်ကို အခစားလုပ်၍ အသက်မွေးရ၏။ ထိုဥပါသကာသည် ခဆင်းရဲသော်လည်း သဒ္ဓါတရားရှိ၏။ ကြည်ညိုု၏။ အသက်အရွယ်ကြီး၍ အိုမင်းကုန်သော အမိအဖတို့ကို ပြုစုလုပ်ကျွေး၍ "မိန်းမတို့မည်သည် မိမိလင်ယောကျ်ားအိမ်၌ လိုက်ပါနေထိုင်ကြကုန်လျက် အစိုးတရ ပြုလုပ်တတ်ကြကုန်၏။ ယောကျ်ားမယောကျ်ားသူ၊ ယောကျ်ားမ မိန်းမသူတို့၏ နှစ်လိုဖွယ်ရာ ပြုလုပ်နေထိုင်သော မိန်းမတို့ကို အလွန်တရာ ရခဲကုန်၏" ဟု ဆင်ခြင်စဉ်းစားလျက် အိမ်ရာမတည်ထောင်ဘဲ အမိအဖတို့ကို မိမိကိုယ်တိုင်ပင်လျှင် လုပ်ကျွေးပြုစု၍ နေလေ၏။ ငါးပါးသော ကိုယ်ကျင့်သီလတို့ကို ဆောက်တည်၏။ ဥပုသ်သီတင်း စောင့်သုံးခြင်းကိုလည်း ပြု၏၊ တတ်စွမ်းသမျှ အလှူဒါနကိုလည်း ပေးလှူ၏။

ထိုအလုပ်သမားသည် နောင်အခါ စုတေသော် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာ ကျယ်ပြန့်သောဗိမာန်၌ နတ်သားဖြစ်လေ၏။ စိတ္တလတာဥယျာဉ်သာကဲ့သို့ တင့်တယ်တောက်ပသော ဘုံဗိမာန်ရှိသောကြောင့် ထိုနတ်သားကို 'စိတ္တလတာနတ်သား' ဟူ၍ ခေါ်ဝေါ်၏။

ထိုစိတ္တလတာနတ်သားကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူရာတွင် တွေ့မြင်၍ ပြုလုပ်ခဲ့သော ကောင်းမှုကံကို ဤသို့ မေးမြန်းတော်မူလေ၏။

၁၁၁၄-၅-၆ ဂါထာတို့သည် ၁၁၄၈-၁၀၄၉-၁၀၅၀ ဂါထာတို့၏ အနက်နှင့်တူသည်။

http://www.dhammadownload.com

၁၁၁၇။ **အဟံ မနုဿေသု မနုဿဘူတော၊**
ဒလိဒ္ဓေါ အတာဏော ကပဏော ကမ္မကရော အဟောသိံ။
ဇိဏ္ဏော စ မာတာပိတရော အဘာရိံ၊
ပိယာ စ မေ သီလဝန္တော အဟေသုံ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိံ။

၁၁၁၇။ ဘန္တေ၊ အရှင်မောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော် နတ်သားသည်။ မနုဿေသု၊ လူ့ဘဝတို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ ဒလိဒ္ဓေါ၊ ဥစ္စာနည်းပါး ဆင်းရဲသားဖြစ်၍။ အတာဏော၊ မှီခိုအားထား ကိုးစားရာမရှိသော။ ကပဏော၊ အထီးကျန်သော။ ကမ္မကရော၊ သူတစ်ပါးအလုပ် အခစားလုပ်ကာ အသက်မွေးရသူသည်။ အဟောသိံ၊ အစစ်မှန်စွာ ဖြစ်ခဲ့ပါသည်ဘုရား။ ဇိဏ္ဏော၊ အသက်ကြီးမား အင်အားယိုယွင်း အိုမင်းကုန်သော။ မာတာပိတရော စ၊ ကျေးဇူးအရှင် မွေးမိခင် မွေးဖခင်တို့ကိုလည်း။ အဘာရိံ၊ လုပ်ကျွေးမွေးမြူခဲ့ပါသည်ဘုရား။ မေ၊ တပည့်တော်သည်။ သီလဝန္တော စ၊ သီလရှိကုန်သော သူတော်ကောင်းတို့ကိုလည်း။ ပိယာ၊ ချစ်မြတ်နိုးကုန်သည်။ အဟေသုံ၊ ဖြစ်ခဲ့ပါကုန်၏ဘုရား။ ပသန္နစိတ္တော၊ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍။ အန္နဉ္စ၊ ဆွမ်းဘောဇဉ်ကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာကိုလည်းကောင်း။ ဝိပုလံ၊ များလှစွာသော။ ဒါနံ၊ သင်္ကန်းစွာ လှူဖွယ်ရာ ဒါနကိုလည်းကောင်း။ သက္ကစ္စ၊ ရိုသေစွာ။ အဒါသိံ၊ လှူဒါန်းခဲ့ပါသည်ဘုရား။

ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုများနှင့် တူသည်။

စိတ္တလတာဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၂။ နန္ဒနဝိမာနဝတ္ထု

မိခင် ဖခင်အိုတို့ကို လုပ်ကျွေးခြင်း စသည်တို့ကြောင့် နန္ဒဝန် ဥယျာဉ်ပမာ ပတ္တမြားတိုင် ဗိမာန်ပြာသာဒ်ဆောင် ခုနစ်ရာတို့၌ ချမ်းသာစွာ စံစားရသောနတ်သား။

ဤနန္ဒနဝိမာနဝတ္ထုသည် စိတ္တလတာဝိမာနဝတ္ထုနှင့် တူညီကြသည်။ ထူး သည်မှာ အရွယ်ရောက်သောအခါ သားမယား သိမ်းပိုက်ကာ အိမ်ထောင်ပြု၍ အမိအဖတို့ကို လုပ်ကျွေးခြင်းသာ ထူး၏။

နန္ဒနဝိမာနဝတ္ထု ပြီး၏။

၃။ မဏိထူဏဝိမာနဝတ္ထု

တောလမ်းခရီး၌ တံတားဆောက်ခြင်း၊ အရံသစ်ပင် စိုက်ပျိုးခြင်း၊ ပေးကမ်းလှူဒါန်းခြင်း စသည်ကြောင့် ပြာသာဒ်ဆောင် ခုနစ်ရာ တို့၌ စံစားရသော နတ်သား။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော် မူစဉ် ရဟန်းတော်များစွာတို့သည် တောရကျောင်း၌ သီတင်းသုံးနေတော်မူကြ ကုန်၏။ ထိုရဟန်းတော်တို့၏ ဆွမ်းခံရွာသို့ သွားသောလမ်း၌ ဥပါသကာတစ် ယောက်သည် မည်မည္ဓတ်သောနေရာကို ညီညွတ်အောင် ပြုလုပ်၏။ လမ်းပေါ်၌ ရှိသော ဆူးငြောင့်တို့ကို ရှင်းလင်းပစ်၏။ မြက်နွယ် ချုံငယ် ချုံဖုတ်တို့ကို သုတ် သင်ဖယ်ရှား၏။ မိုးလအခါ၌ မိုးရေစီးဆင်းရာ မြောင်းငယ်တို့၌ တံတားခင်း၍ ထား၏။ အရိပ်မရှိ ဟင်းလင်းဟာလာ ဖြစ်သောအရပ်တို့၌ အရိပ်ဖြစ်သော သစ်ပင်တို့ကို စိုက်၏။ ရေတွင်းရေကန်တို့၌ ရေကောင်းရေသန့် လိုသလောက် ရနိုင်ရန် ရှဉ့်ညွန်မြေကြီးတို့ကို ထုတ်ဆယ်၍ ပြန့်ကျယ်နက်ရှိုင်းစေအောင် ပြုလုပ် ၏။ ရေဆိပ်တို့ကိုလည်း ကောင်းစွာ ပြုပြင်ထား၏။ တတ်အားသမျှ အလှူဒါန ကိုလည်း ပေးလှူ၏။ သီလကိုလည်း စောင့်ထိန်း၏။

ထိုဥပါသကာသည် နောင်အခါ စုတေသော် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။ မြင့်သော ပတ္တမြား

http://www.dhammadownload.com

တိုင်ရှိ၍ တင့်တယ်လှစွာ ရောင်ဝါဖိတ်လျှံ နန်းဗိမာန်ရှိသောကြောင့် ထိုနတ်သား ကို မဏိထူဏာနတ်သားဟူ၍ ခေါ်ဝေါ်၏။ ထိုမဏိထူဏာနတ်သားကို အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်သည် အနီးသို့ကြွ၍ ဤသို့ မေးမြန်းတော်မူ၏။

၁၁၂၆ မှ ၁၁၃၀ အထိ ဂါထာအနက်သည် ၉၁၀ မှ ၉၁၄ အထိ ဂါထာ တို့၏အနက်နှင့် အစဉ်အတိုင်းတူသည်။

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးမြန်းတော်မူသောအခါ ထို နတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၁၃၁။ အဟံ မနုဿေသု မနုဿဘူတော၊
ဝိဝနေ ပထေ သင်္ကမနံ အကာသိံ။
အာရာမရုက္ခာနိ စ ရောပယိဿံ၊
ပိယာ စ မေ သီလဝန္တော အဟေသုံ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိံ။

၁၁၃၁။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် မဏိထူဏ နတ်သား သည်။ မနုဿေသု၊ လူ့ပြည်ရွာတို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ ဝိဝနေ ပထေ၊ တောတောင်စခန်း တောခရီးလမ်း၌။ သင်္ကမနံ၊ တံတားခင်းခြင်းကို။ အကာသိံ၊ ကိုယ်တိုင်အားထုတ် ပြုလုပ်ခဲ့ပါသည်ဘုရား။ အာရာမရုက္ခာနိစ၊ ကျောင်းအာရာမ်တွင်း၌ သစ်ပင်အမျိုးမျိုးတို့ကိုလည်း။ ရောပယိဿံ၊ စိုက်ပျိုးခဲ့ ဖူးပါသည်ဘုရား။ မေ၊ တပည့်တော်သည်။ သီလဝန္တော စ၊ သီလရှိကုန်သော သူတော်ကောင်းတို့ကိုလည်း။ ပိယာ၊ ချစ်မြတ်နိုးခဲ့ပါကုန်သည်။ အဟေသုံ၊ ဖြစ် ခဲ့ပါကုန်၏ဘုရား။ ပသန္နစိတ္တော၊ ကြည်လင်သောစိတ် ရှိသည်ဖြစ်၍။ အန္နဉ္စ၊ ဆွမ်းဘောဇဉ်ကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာကိုလည်းကောင်း။ ဝိပုလံ၊ ကြီးကျယ်ပြန့်ပြော များလှစွာသော။ ဒါနံ၊ သင်္ကန်းစသာ လှူဖွယ်ရာ ဒါနကိုလည်း ကောင်း။ သက္ကစ္စ၊ ရိုသေစွာ။ အဒါသိံ၊ လှူဒါန်းခဲ့ပါသည်ဘုရား။

ကျန်သောဝတ္ထုကြောင်းများ ရှေ့ဝတ္ထုများနှင့် တူသည်။

မဏိထူဏဝိမာနဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ သုဝဏ္ဏဝိမာနဝတ္ထု

ဘုရားရှင်အား ကိုယ်တိုင်ကျောင်းဆောက် လှူဒါန်းခဲ့ခြင်းကြောင့် တာဝတိံသာနတ်ပြည်၌ ဆန်းကြယ်သော ဗိမာန်တွင် နေလုလင်ပမာ တင့်တယ်စွာ စံစားရသောနတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ သုံးဂါဝုတ်မျှဝေးသော အန္ဓကဝိန္ဒမြို့၌ သီတင်းသုံးတော်မူစဉ် ရတနာသုံးပါး၌ ယုံကြည်ကြည်ညိုခြင်းရှိ၍ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော ဥပါသကာတစ်ယောက်သည် အန္ဓကဝိန္ဒမြို့၏အနီး တစ်ခုသော မုဏ္ဍကတောင်၌ ဘုရားရှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋီတိုက်တော်ကို ဆောက်လုပ်သည်။ ထိုဂန္ဓကုဋီတိုက်တော် အတွင်း၌ ဘုရားရှင်ကို ပင့်ကာ သီတင်းသုံးစေတော်မူကာ ရှိသေစွာ ဆည်းကပ်ပြုစု၍နေ၏။ မိမိကိုယ်တိုင်လည်း ငါးပါးသီလတော်မြတ်၌ တည်လျက် အလွန်စင်ကြယ်သော သီလသိက္ခာကို စောင့်စည်း၍ နေစဉ် စုတေသော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

နတ်သားအတွက်ဗိမာန်

ထိုနတ်သား ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကံ၏ အာနုဘော်ကြောင့် အထူးထူးသော ရတနာရောင် ရတနာကွန်ရက်တို့ဖြင့် ထွန်းလင်းတောက်ပလျက် ရှုကြည့်ချင်ဖွယ် တင့်တယ်သော အာရာမ်ရှိသော ဗိမာန်သည် ရွှေတောင်ထိပ်၌ ဖြစ်ပေါ်လေ၏။

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီကြွချီတော်မူလတ်သော် ထိုနတ်သားကို တွေ့မြင်တော်မူ၍ ဤသို့ မေးမြန်းတော်မူလေ၏။

၁၁၃၄။ သောဝဏ္ဏမယေ ပဗ္ဗတသ္မိံ၊ ဝိမာနံ သဗ္ဗတောပဘံ။
ဟေမဇာလပဋိစ္ဆန္နံ၊ ကိင်္ကိဏိဇာလကပ္ပိတံ။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – မောင်နတ်သား၊ အသရေလျှံဖိတ် ရွှေတောင်ထိပ်၌ သင်နတ်သား၏ စံစားပျော်စံ နန်းဗိမာန်သည် ထက်ဝန်းကျင်မှ တောက်ပသော အရောင်ရှိ၏။ ရွှေဇောပြောက် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းထား၏။ ရွှေခြူကွန်ရက်ဖြင့် တပ်ဆင်ပြုပြင်ထား၏။

၁၁၃၅။ အဠ်သာ သုကတာ ထမ္ဘာ၊ သဗ္ဗေ ဝေဠုရိယာမယာ။
ဧကမေကာယ အံသိယာ၊ ရတနာ သတ္တ နိမ္မိတာ။

ဂါထာမြန်မာပြန် – ထိုနန်းဗိမာန်၌ ကောင်းစွာပြုလုပ်အပ်ကုန်သော ရှစ်မြောင့်ရှိကုန်သော တိုင်အားလုံးတို့သည် ကြောင်မျက်ရွဲဖြင့် စီခြယ်ထားကုန်၏။ ထိုတိုင်ရှစ်မြောင့်တို့တွင် တစ်မြောင့်တစ်မြောင့်၌ ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်ထားကုန်၏။

၁၁၃၆။ ဝေဠုရိယသုဝဏ္ဏဿ၊ ဖလိကာ ရူပိယဿ စ။
မဿာရဂလ္လမုတ္တာဟိ၊ လောဟိတင်္ကမဏီဟိ စ။

ဂါထာမြန်မာပြန် – ကြောင်မျက်ရွဲ၊ ရွှေစင်၊ ဖလံ၊ ငွေစင်၊ ပတ္တမြားပြောက်၊ ပုလဲ၊ ပတ္တမြားနီတို့ဖြင့် ခမ်းနားတင့်တယ်စွာ မွမ်းမံခြယ်လှယ်ထားကုန်၏။

၁၁၃၇။ စိတြာ မနောရမာဘူမိ၊ နု တတ္ထဇ္ဈံ သတိ ရဟော။
ဂေါပါနသီဂဏာ ဝိတာ၊ ကူဋံဓောရောဟိ နိမ္မိတာ။

ဂါထာမြန်မာပြန် – မြေကြီးသည် ဆန်းကြယ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိ၏။ ထိုဗိမာန်၌ ပတ္တမြားမြေဖြစ်၍ မြူမှုန်မတက်၊ ကုသိုလ်ကံ ဖန်ဆင်းသည့် ရွှေသောအဆင်းရှိကုန်သော အခြင် ရနယ် အပေါင်းတို့သည် ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ပန်းတွန့်၊ ပန်းရွက်၊ ပန်းတက်၊ ပန်းနွယ်အစုံ ခြူးပန်းအုံ အထွတ်မွန် အချန်အတက်ကို ဆောင်ကုန်၏။

၁၁၃၈။ သောပါနာနိ စ စတ္တာရိ၊ နိမ္မိတာ စတုရော ဒိသာ။
နာနာရတနကဉ္စေဟိ၊ အာဒိစ္စောဝ ဝိရောစတိ။

ဂါထာမြန်မာပြန် – ထိုဗိမာန်၏ အရပ်လေးမျက်နှာတို့၌ စောင်းတန်းလှေကား လေးသွယ်တို့ကိုလည်း ဖန်ဆင်းအပ်ကုန်၏။ ထိုဗိမာန်သည် အထူးထူးသော ရတနာတို့ဖြင့် ပြီးသော စိုက်ခန်းတို့ဖြင့် နေလုလင်ကဲ့သို့ တင့်တယ်၏။

http://www.dhammadownload.com

၁၁၃၉။ ဝေဒိယာ စတသော တတ္ထ၊ ဝိဘတ္တာ ဘာဂသော မိတာ။
ဒဒ္ဒလ္လမာနာ အာဘန္တိ၊ သမန္တာ စတုရော ဒိသာ။

ဂါထာမြန်မာပြန် – ပုံစံတူ အတိုင်းအရှည် တူကုန်သော ပွတ်လုံးတိုင်စိုက် လက်ရန်းလေးဖက်တို့သည် ထက်ဝန်းကျင်မှ အရပ်လေးမျက်နှာတို့ကို အလွန် တောက်ပစေကုန်လျက် ထွန်းလင်းကုန်၏။

၁၁၄၀။ တသ္မိ ဝိမာနေ ပဓရေ၊ ဒေဝပုတ္တော မဟပ္ပဘော။
အတိရောစသိ ဝဏ္ဏေန၊ ဥဒယန္တော၀ ဘာဏုမာ။

ဂါထာမြန်မာပြန် – အမောင်နတ်သား၊ ထိုဗိမာန်မြတ်၌ များမြတ်သော အရောင်ရှိသော သင်နတ်သားသည် တက်သစ်စ နေလုလင်ကဲ့သို့ အရောင်အဆင်း အားဖြင့် အလွန်အမင်း တင့်တယ်ပါပေ၏။

၁၁၄၁။ ဒါနသ၊ တေ ဣဒံ ဖလံ၊ အထော သီလသ၊ ဝါ ပန။
အထော ပဠလိကမ္မသ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဂါထာမြန်မာပြန် – ဤအကျိုးသည် သင်နတ်သား၏ ဒါနကုသိုလ် အကျိုး လော၊ သို့တည်းမဟုတ် လက်အုပ်ချီခြင်း ကုသိုလ်၏အကျိုးလော၊ သင့်ကို ငါ မေးပါ၏။ ထိုအကြောင်းကို ဖြေကြားပါလော့ဟု အရှင်မဟာမောဂ္ဂလာန်မထေရ် မြတ်က မေးမြန်းတော်မူလေ၏။

ထိုသို့ မေးမြန်းတော်မူသောအခါ နတ်သားသည် မထေရ်မြတ်အား ဤ အောက်ပါဂါထာတို့ဖြင့် ဖြေကြားလျှောက်ထားလေ၏။

နတ်သား၏အဖြေ

၁၁၄၂။ သော ဒေဝပုတ္တော အတ္တမနော ။ပ။ ယသ၊ ကမ္မသိဒံ ဖလံ။

ဂါထာမြန်မာပြန် – ထိုနတ်သားသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးအပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဤမျက်မှောက်၌ဖြစ်သော အကျိုး၏ အကြောင်းကံပြဿနာကို မေးမြန်းသည်အားလျော်စွာ ဖြေကြားလေ၏။

၁၁၄၃။ အဟံ အန္ဓကဝိန္ဒသ္မိံ၊ ဗုဒ္ဓသာဒိစ္စဗန္ဓုနော။
ဝိဟာရံ သတ္ထု ကာရေသိံ၊ ပသန္နော သေဟိ ဝါဏိဘိ။

http://www.dhammadownload.com

၁၁၄၃။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် နတ်သားသည်။ အန္တ ကဝိန္ဒသို့၊ အန္တကဝိန္ဒ မြို့တော်မြတ်၌။ မနုဿဘူတော၊ လူဖြစ်စဉ်အခါက။ ပသန္နော၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ အာဒိစ္စဗန္ဓုနော၊ နေမင်း၏အဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓဿ၊ ခုပ်သိမ်းဥဿုံ တရားအစုံကို အကုန်အစင် သိမြင်တော်မူသော။ သတ္ထု၊ ဘုရားမြတ်စွာ၏။ အတ္ထာယ၊ သီတင်းသုံးတော်မူရန်အကျိုးငှာ။ ဝိဟာရံ၊ ဂန္ဓကုဋိ ကျောင်းတော်ကို။ သေဟိ ပါဏိဘိ၊ မိမိလက်တို့ဖြင့်။ ကာရေသိ၊ ဆောက်လုပ်ပြီးကာ လှူဒါန်းခဲ့ပါသည်ဘုရား။

၁၁၄၄။ တတ္ထ ဂန္ဓဋ္ဌ မာလဋ္ဌ၊ ပစ္ဆယဋ္ဌ ဝိလေပနံ။
ဝိဟာရံ သတ္ထု အဒါသိ၊ ဝိပ္ပသန္နေန စေတသာ။
တေန မယှံ ဣဒံ လဒ္ဓံ၊ ဝသံ ဝတ္ထေမိ နန္ဒနေ။

၁၁၄၄။ တတ္ထ၊ ထိုအန္တကဝိန္ဒ မြို့တော်မြတ်၌။ အဟံ၊ တပည့်တော်သည်။ ဝိပ္ပသန္နေန၊ အထူးကြည်လင်သော။ စေတသာ၊ စိတ်အမြတ်ဖြင့်။ ဂန္ဓဋ္ဌ၊ မွေးနံ့သာကိုလည်းကောင်း။ မာလဋ္ဌ၊ ပွင့်သောပန်းကိုလည်းကောင်း။ ပစ္ဆယဋ္ဌ၊ ကျောင်းသုံးဖွယ်ရာ အဖြာဖြာသော ပစ္စည်းကိုလည်းကောင်း။ ဝိလေပနဋ္ဌ၊ လိမ်းကျံဖွယ်ကောင်း နံ့သာပျော်ကိုလည်းကောင်း။ သတ္ထု၊ ဘုရားမြတ်စွာအား။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။ ဘန္တေ၊ အရှင်ဘုရားမောဂ္ဂလာန်။ တေန၊ ထိုကုသိုလ်ကံကြောင့်။ မယှံ၊ တပည့်တော်သည်။ ဣဒံ၊ ဤအကျိုးကို။ လဒ္ဓံ၊ ရအပ်ပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ နန္ဒနေ၊ တာဝတိံသာနတ်ပြည်၌။ ဝသံ၊ မိမိအလိုသို့။ ဝတ္ထေမိ၊ အခန့်သင့်စွာ လိုက်စေနိုင်ပါသည်ဘုရား။

၁၁၄၅။ နန္ဒနေ စ ဝနေ ရမ္မေ၊ နာနာဒိဇဂဏာယုတေ။
ရမာမိ နစ္စဂီတေဟိ၊ အစ္ဆရာဟိ ပုရက္ခတော။

၁၁၄၅။ အဟံ၊ တပည့်တော်သည်။ နာနာဒိဇဂဏာယုတေ၊ ဆန်းပြားစုံလင်အထူးထူးသော ငှက်အပေါင်းတို့နှင့်ယှဉ်သော။ ရမ္မေ၊ စိတ်နှလုံး ရွှင်ပြုံးမွေ့လျော်ဖွယ်ရာဖြစ်သော။ နန္ဒနေ ဝနေ စ၊ နန္ဒဝန်ဟု သာလွန်တင့်ဆိုင် ပန်းတောမြိုင်၌လည်း။ နစ္စဂီတေဟိ၊ ကခုန်သီဆို တီးမှုတ်ကြကုန်သော။ အစ္ဆရာဟိ၊ လှပတင့်တယ် ရှုဖွယ်မငြီး နတ်သမီးကညာ ပေါင်းများစွာတို့နှင့်။ ပုရက္ခတော၊ ရှေ့နောက်ဝိုင်းခြံရံကာလျက်။ ရမာမိ၊ နေ့စဉ်ပျော်ပျော် မွေ့လျော်ရပါသည်ဘုရား။

http://www.dhammadownload.com

ဤသို့လျှင် နတ်သားသည် မိမိ၏ ကောင်းမှုကံတို့ကို ပြသည်ရှိသော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် အခွေအရံနှင့်တကွ ထိုသုဝဏ္ဏနတ်သားအား တရားဟောကြားပြီးလျှင် ဘုရားရှင်အား ထိုအကြောင်းစုံကို လျှောက်ထားလေ၏။

ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော ပရိသတ်အား ဟောကြားတော်မူ၏။ ထိုတရားဒေသနာတော်သည် လူအပေါင်းအား အကျိုးစီးပွားများပြားသည် ဖြစ်လေ၏။

သုဝဏ္ဏဝိမာနဝတ္ထု ပြီး၏။

၅။ အမွဝိမာနဝတ္ထု

ချွေးဖြိုင်ဖြိုင် စိုရွှဲစွာဖြင့် ကြွလာတော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်အား ချီးရေ၊ သောက်ရေ လှူဒါန်းခဲ့ခြင်းကြောင့် ပတ္တမြားတိုင်ဗိမာန် ပြာသာဒ်တို့၌ စံစားရသောနတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ ဆင်းရဲသော ယောကျ်ားတစ်ယောက်သည် သူတစ်ပါးတို့၏ သရက်ဥယျာဉ်ကို ထမင်းစားရေသောက်မျှ အခစား စောင့်ရှောက်ကာ နေရ၏။ တစ်နေ့သ၌ သူသည် နွေအခါ ထိုသရက်ဥယျာဉ်၏အနီးမှ ချွေးဖြိုင်ဖြိုင် စိုရွှဲလျက် ကြွသွားတော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကို တွေ့မြင်၍ မထေရ်မြတ်၏အနီးသို့ ချဉ်းကပ်ကာ "အရှင်ဘုရား၊ ပူပြင်းသော နွေဥတု၏ဒဏ်ကို ခံရခြင်းသည် အလွန်လျှင် ဆင်းရဲပင်ပန်းလှပါ၏၊ အရှင်ဘုရားသည် ထိုနွေဥတု၏ဒဏ်ကို ခံလာရ၍ အလွန် ဆင်းရဲပင်ပန်းခြင်း သဘောရှိသည်ဟု ထင်မိပါ၏၊ သို့အတွက် တပည့်တော်ကို သနားချီးမြှောက်သောအားဖြင့် ဤသရက်ဥယျာဉ်သို့ ဝင်ရောက်ပြီးလျှင် ခေတ္တခဏမျှ အပန်းဖြေတော်မူပါ။ ခရီးပန်းမှုကို ဖြေဖျောက်ကာ အမောအပန်း ပြေသောအခါမှ လိုရာသို့ ကြွတော်မူပါကုန်ဘုရား" ဟု တောင်းပန်လျှောက်ထား၏။

http://www.dhammadownload.com

မထေရ်မြတ်သည် အထူးသဖြင့် ထိုသရက်ဥယျာဉ်စောင့် ယောက်ျား၏ သဒ္ဓါတရား တိုးပွားစေလိုရကား ထိုသရက်ဥယျာဉ် ခြံဝင်းအတွင်းသို့ ကြွရောက်ကာ တစ်ခုသော သရက်ပင်ရင်း၌ ထိုင်နေတော်မူလေ၏။

ချီးရေနှင့် သောက်ရေ လှူဒါန်း

သရက်ဥယျာဉ်စောင့် ယောက်ျားသည် "အရှင်ဘုရား၊ အကယ်၍ ရေချိုးခြင်းငှာ အလိုရှိပါက တပည့်တော်သည် ဤရေတွင်းမှရေကို ခပ်၍လှူပါအံ့၊ သောက်ရေကိုလည်း လှူဒါန်းပါအံ့ဘုရား" ဟု လျှောက်ထားရာ မထေရ်မြတ်သည် လက်ခံတော်မူလေ၏။ ထိုအခါ သရက်ဥယျာဉ်စောင့်ယောက်ျားသည် ရေတွင်းမှ ရေကို ခပ်ငင်ယူ၍ စစ်ပြီးလျှင် မထေရ်မြတ်ကို ရေချိုးတော်မူစေ၏။ ရေချိုးပြီး သောအခါ လက်ခြေတို့ကို ဆေးကြောပြီးလျှင် ထိုင်နေတော်မူသော အရှင်မြတ်အား သောက်တော်ရေ ကပ်လေ၏။ မထေရ်မြတ်သည် သောက်ရေကို သောက်တော်မူ၍ အမောပြေလာပြီဖြစ်သဖြင့် သရက်ဥယျာဉ်စောင့် ယောက်ျားအား ရေလှူခြင်း၏အကျိုး၊ ရေချိုးတော်မူစေခြင်း၏အကျိုးကို ဟောကြားပြီးလျှင် ကြွသွားတော်မူလေ၏။

ရေလှူရ၍ ဝမ်းမြောက်

ထိုအခါ ထိုသရက်ဥယျာဉ်စောင့် ယောက်ျားသည် "အလွန်ပူပြင်းသော အခါကြီးဝယ် နေပူ သဲပူတို့ဖြင့် ပူလောင်စွာ ကြွရောက်တော်မူလာသော မထေရ်မြတ်၏ ပူလောင်ပင်ပန်းခြင်းကို ချိုးရေ၊ သောက်ရေတို့ဖြင့် ငြိမ်းအေးစေရပြီတကား၊ ငါသည် ကြီးမားများပြားသော ကုသိုလ်ကောင်းမှုကို ဆည်းပူးပြုလုပ်ရပေပြီတကား" ဟု အောက်မေ့ကာ များစွာနှစ်သက် ဝမ်းမြောက်မှုကို ခံစားရလေ၏။

ကောင်းမှုပြု၍ ကောင်းကျိုးရ

ထိုသရက်ဥယျာဉ်စောင့် ယောက်ျားသည် နောက်အခါ စုတေကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူခြင်း

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူသောအခါ ထိုနတ်သားကို တွေ့မြင်၍ ထိုနတ်သား၏အနီးသို့ ချဉ်းကပ်ပြီးလျှင် ထိုနတ်သား ပြုအပ်ခဲ့သော ကောင်းမှုကံကို ဤသို့ မေးမြန်းတော်မူလေ၏။

၁၁၄၆ မှ ၁၁၅၀ ထိ ဂါထာများသည် ၉၁၀ မှ ၉၁၄ ထိ ဂါထာများနှင့် တူသည်။

၁၁၅၁။ ဂိမှာနံ ပစ္ဆိမေ မာသေ၊ ပတပန္တေ ဒိဝင်္ဂရေ။
ပရေသံ ဘတကော ပေါသော၊ အမ္ဘာရာမ' မသိဋ္ဌတိ။

၁၁၅၁။ ဘန္တေ၊ အရှင်ဘုရား။ ဂိမှာနံ၊ နွေလတို့၏။ ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော။ မာသေ၊ လမြတ်ဝါဆို ခေါ်ဆိုသမယ ချိန်ကာလ၌။ ဒိဝင်္ဂရေ၊ ရှင်နေမင်းယံ။ ပတပန္တေ၊ လွန်စွာ ပူလွန်းသည်ရှိသော်။ ပရေသံ၊ သူတစ်ပါး၏။ ဘတကော၊ အခစားဖြစ်သော။ ပေါသော၊ ဆင်းရဲသားယောကျ်ားသည်။ အမ္ဘာရာမံ၊ သရက်ဥယျာဉ်ကို။ အသိဋ္ဌတိ၊ ရေလောင်း၍ နေရပါ၏ဘုရား။

၁၁၅၂။ အထတေနာ'ဂမာ ဘိက္ခု၊ သာရိပုတ္တောတိ ဝိဿုတော။
ကိလန္တ ရူပေါ ကာယေန၊ အကိလန္တောဝ စေတသာ။

၁၁၅၂။ အထ၊ ထိုသို့ စည်ပင်စေကြောင်း ရေသွန်းလောင်းနေသောအခါ၌။ သာရိပုတ္တောတိ ဝိဿုတော၊ အရှင်သာရိပုတ္တရာဟု ကျော်စောတော်မူသော။ ဘိက္ခု၊ လက်ျာရံ ရဟန်းတော်အရှင်မြတ်သည်။ စေတသာ၊ စိတ်ဖြင့်။ အကိလန္တောဝ၊ ရွှင်ရွှင်လန်းလန်း မပင်ပန်းသော်လည်း။ ကာယေန၊ ကိုယ်ကာယဖြင့်။ ကိလန္တ ရူပေါ၊ ပင်ပန်းတော်မူသော သဘောရှိသည်ဖြစ်၍။ တေန မဂ္ဂေန၊ ထိုသရက်ဥယျာဉ်အနီးလမ်းခရီးဖြင့်။ အဂမာ၊ ကြွတော်မူလာပါ၏ဘုရား။

၁၁၅၃။ တဋ္ဌ ဒိသွာန အာယန္တံ၊ အဝေါစံ အမ္ဘသိဋ္ဌကော။
သာဓု တံ ဘန္တေ နာပေယျုံ၊ ယံ မမဿ သုခါဝဟံ။

၁၁၅၃။ အမ္ဘသိဋ္ဌကော၊ သရက်ဥယျာဉ်၌ ရေသွန်းလောင်းနေသော တပည့်တော်သည်။ အာယန္တံ၊ ခရီးကြွလာတော်မူသော။ တံ၊ ထိုအရှင်သာရိပုတ္တရာထေရ်မဟာကို။ ဒိသွာန၊ တွေ့မြင်ရပေ၍။ ဘန္တေ၊ အရှင်မြတ်ဘုရား။ သာဓု၊

http://www.dhammadownload.com

ရှိသေစွာ ခွင့်ခံ၍ တောင်းပန်ပါ၏။ အဟံ၊ တပည့်တော်သည်။ တံ၊ အရှင်ဘုရားကို။ နာဗေယျံ၊ ချီးရေလှူဒါန်းလိုပါ၏ဘုရား။ ယံ၊ အကြင် ချီးရေလှူဒါန်းရခြင်းသည်။ မမ၊ ပစ္စည်းနွမ်းပါး ဆင်းရဲသားဖြစ်သော တပည့်တော်၏။ သုခါဝဟံ၊ လူနတ် နိဗ္ဗာန် သုံးတန်ချမ်းသာ ဆောင်နိုင်ရာသည်။ အသ၊ ဖြစ်နိုင်ရာပါ၏။ ဣတိ၊ ဤသို့။ အဝေါစ်၊ လျှောက်ထားခဲ့ပါ၏ဘုရား။

၁၁၅၄။ တဿ မေ အနုကမ္မာယ၊ နိက္ခိပိ ပတ္တစီဝရံ။
နိသီဒိ ရုက္ခမူလသ္မိံ၊ ဆာယာယ ဇကစီဝရော။

၁၁၅၄။ တဿ၊ ထိုမထေရ်မြတ်သည်။ မေ၊ တပည့်တော်အား။ အနုကမ္မာယ၊ အစဉ်သနား စောင့်ရှောက် ချီးမြှောက်တော်မူခြင်းငှာ။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ နိက္ခိပိ၊ ဖြန့်ကာတင်လွှား ချထားတော်မူလေ၏။ ဇကစီဝရော၊ တစ်ထည်တည်းသော ခါးဝတ်သင်္ကန်း ဆင်မြန်းတော်မူလျက်သာလျှင်။ ရုက္ခမူလသ္မိံ၊ သရက်ပင်ရင်းဖြစ်သော။ ဆာယာယ၊ အရိပ်ထဲ၌။ နိသီဒိ၊ အဖန်းဖြေကာ ထိုင်နေတော်မူပါပေသည်ဘုရား။

၁၁၅၅။ တဿ အဿေန ဝါရိနော၊ ပသန္နမာနသော နရော။
နာဗယီ ရုက္ခမူလသ္မိံ၊ ဆာယာယ ဇကစီဝရံ။

၁၁၅၅။ ပသန္နမာနသော၊ ကြည်ညိုသောစိတ်ရှိသော။ နရော၊ ဥယျာဉ်စောင့်ယောကျ်ားသည်။ ရုက္ခမူလသ္မိံ၊ သစ်ပင်ရင်းဖြစ်သော။ ဆာယာယ၊ အရိပ်ထဲ၌။ ဇကစီဝရံ၊ တစ်ထည်တည်းသော ခါးဝတ်သင်္ကန်းဖြစ်သည့် ရေသနုပ်တော်ကို ဆင်မြန်းတော်မူလျက်ရှိသော။ တဿ၊ ထိုရဟန်းတော်မြတ်ကိုလည်း။ အဿေန၊ ကြည်လင်စွာသော။ ဝါရိနော၊ ရေဖြင့်။ နာဗယီ၊ ရေသပွာယ်စေပါပြီဘုရား။

၁၁၅၆။ အမ္မော စ သိတ္ထော သမဏော စ နာဝိတော၊
မဟာ စ ပုညံ ပသုတံ အနပ္ပကံ။
ဣတိ သော ပီတိယာ ကာယံ၊
သဗ္ဗံ ဖရတိ အတ္တနော။

၁၁၅၆။ သော၊ ထိုသရက်ဥယျာဉ်စောင့် ယောကျ်ားသည်။ အမ္မောစ၊ သရက်ပင်ကိုလည်း။ သိတ္ထော၊ ရေသွန်းလောင်းရပေပြီ။ သမဏောစ၊ အရှင်သာရိပုတ္တရာ

http://www.dhammadownload.com

ရဟန်းတော်မြတ်ကိုလည်း။ နာဝိတော၊ ရေသပွာယ်စေရပေါ့။ မယာစ၊ ဥစ္စာနွမ်းပါး ဆင်းရဲသားဖြစ်သော ငါသည်လည်း။ အနပွက်၊ များလှစွာသော။ ပုညံ၊ ချမ်းသာရကြောင်း ကုသိုလ်ကောင်းမှု အကြောင်းစုကို။ မသုတံ၊ ဆင်းရဲသည့်အတွက် စွမ်းရာဘက်မှ ဆည်းပူးရပေါ့။ ဣတိ၊ ဤသို့ နှလုံးပြု၍။ အတ္တနော၊ မိမိ၏။ သဗ္ဗံ ကာယံ၊ တစ်ကိုယ်လုံးကို။ ပီတိယာ၊ နှစ်သက်ခြင်းရှိ စိတ်ပီတိဖြင့်။ ဖရတိ၊ ပျံ့နှံ့စေခဲ့ပါသည်ဘုရား။

၁၁၅၇။ အဟံ၊ တပည့်တော်သည်။ တာယ ဇာတိယာ၊ ရေလောင်းပြုပြင်ဥယျာဉ်စောင့်ရ ထိုဘဝ၌။ ဇေဋ္ဌက၊ ဤမျှ အတိုင်းအရှည်ရှိသော။ တဒေဝကမ္မံ၊ ထိုကုသိုလ်ကံကိုသာလျှင်။ အကာသိ၊ ပြုခဲ့ပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ တေန ကမ္မေန၊ ထိုကုသိုလ်ကံကြောင့်။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာကို။ ပဟာယ၊ စွန့်ပစ်ပယ်ရသည်ရှိသော်။ နန္ဒနံ၊ နှစ်သက်ဖွယ်ရာ တာဝတိံသာနတ်ပြည်သို့။ ဥပပန္နော၊ ကုသိုလ်အလျောက် ကပ်ရောက်ရသည်။ အမှိ၊ ဖြစ်ရပါသည်ဘုရား။

၁၁၅၈ ဂါထာသည် ၁၁၄၅ ဂါထာနှင့် အနက်တူသည်။

အမွဝိမာနဝတ္ထု ပြီး၏။

၆။ ဂေါပါလဝိမာနဝတ္ထု

နွားကျောင်းသားဘဝတွင် အရှင်မဟာမောဂ္ဂလာန်အား မုယောမုန့် လှူဒါန်းပြီးလျှင် နွားကျောင်းစဉ် မြွေကိုက်ခံရ၍ စုတေကာ တာဝတိံသာ နတ်ပြည်၌ နတ်စည်းစိမ် ခံစားရသောနတ်သား။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်သား အမျိုးအမည်အားဖြင့် မထင်ရှားသော နွားကျောင်းသားတစ်ယောက်သည် နံနက်စာအတွက် ပုဆိုးပိုင်းဖြင့် မုယောမုန့်ကိုထုပ်၍ ယူလာပြီး မြို့တွင်းမှထွက်ခဲ့ရာ နွားစားကျက်တို့ ကောင်းစွာရောက်လေ၏။

ထိုနွားကျောင်းသားကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် "ဤနွားကျောင်းသားသည် ယခုပင်လျှင် သေရတော့အံ့၊ ငါ့အား မုယောမုန့်ကို လှူဒါန်းလျှင် တာဝတိံသာနတ်ပြည်၌ ဖြစ်ရလတ္တံ့" ဟု သိမြင်တော်မူ၍ ထိုနွားကျောင်းသား

http://www.dhammadownload.com

၏ အနီးသို့ ကြွသွားတော်မူလေ၏။ နွားကျောင်းသားသည် အချိန်ကိုကြည့်ရှု၍ မထေရ်မြတ်အား မုယောမုန့် လှူဒါန်းလိုသောစိတ် ဖြစ်ပေါ်လာလေ၏။ ထိုအချိန်၌ပင်လျှင် နွားတို့သည်လည်း ပဲခင်းကိုဝင်၍ စားကုန်၏။ ထိုအခါ နွားကျောင်းသားသည် ဤသို့အကြံဖြစ်၏။ "ငါသည် မထေရ်မြတ်အား မုယောမုန့်ကို လှူရအံ့လော၊ သို့မဟုတ် နွားတို့ကိုပင် ပဲခင်းမှ မောင်းနှင်ရအံ့လော" ဟု အကြံဖြစ်၏။

မုန့်လှူပြီ

ထိုသို့ အကြံဖြစ်ပြီးသောအခါ တစ်ဖန် ဤသို့ အကြံဖြစ်ပြန်လေ၏။ "ပဲခင်းရှင်တို့သည် ငါ့ကို အလိုရှိရာ ပြုကြပေစေတော့၊ မထေရ်မြတ် ကြွသွားတော်မူပါက ငါသည် မုန့်မလှူလိုက်ရဘဲ ဖြစ်နေမည်၊ သို့အတွက် ယခုပင်လျှင် ငါသည် မထေရ်မြတ်အား မုယောမုန့်ကို ကပ်လှူအံ့" ဟု ကြံကာ ပါလာသော မုယောမုန့်ကို မထေရ်မြတ်အား ဆက်ကပ်လှူဒါန်းလေ၏။ မထေရ်မြတ်သည် သနားစောင့်ရှောက် ချီးမြှောက်တော်မူသောအားဖြင့် အလှူခံတော်မူလေ၏။

နတ်သားဖြစ်ရပြီ

ထိုသို့ လှူဒါန်းပြီးသောအခါ နွားတို့ကို ပဲခင်းမှ မောင်းနှင်အံ့သောငှာ ဘေးအန္တရာယ် ရှိ မရှိကို မကြည့်ရှုဘဲ လျင်မြန်စွာ ပြေးသွားသော် ထိုနွားကျောင်းသားကို မြွေဟောက်သည် ကိုက်လိုက်လေ၏။ မထေရ်မြတ်သည်လည်း ထိုနွားကျောင်းသားကို အစဉ်သနား ချီးမြှောက်တော်မူလိုသဖြင့် ထိုမုယောမုန့်ကို ဘုဉ်းပေးသုံးဆောင်အံ့သောငှာ ပြင်ဆင်လေ၏။ နွားကျောင်းသားသည်လည်း ပဲခင်းမှ နွားတို့ကို မောင်းနှင်၍ ပြန်လာစဉ် မုယောမုန့်ကို ဘုဉ်းပေးလျက်ရှိသော မထေရ်မြတ်ကို ဖူးမြင်ရလေလျှင် ကြည်လင်နှစ်သက်သော စိတ်အစဉ်ရှိသည်ဖြစ်၍ ပီတိသောမနဿကို ရရှိခံစားကာ ထိုင်နေလေ၏။ ထိုထိုင်နေသော ခဏ၌ပင်လျှင် ထိုနွားကျောင်းသား၏ တစ်ကိုယ်လုံးသို့ အဆိပ်ပျံ့နှံ့၍ တက်လေ၏။ တစ်ခဏချင်းပင်လျှင် အဆိပ်သည် ဦးခေါင်းသို့ရောက်ကာ နွားကျောင်းသားသည် စုတေလေ၏။ သေဆုံးပြီးသည့်နောက် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် ထိုဂေါပါလနတ်သားကို တွေ့မြင်လတ်၍ ဤသို့ မေးမြန်းတော်မူ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်၏ အမေး

၁၁၅၉။ ဒိသွာန ဒေဝံ ပဎိပုစ္ဆိ ဘိက္ခု၊
ဥစ္စေ ဝိမာနမ္ဟိ စိရဋ္ဌိတိကေ။
အာမုတ္တဟတ္ထာဘရဏံ ယသဿိံ၊
ဒိဗ္ဗေ ဝိမာနမ္ဟိ ယထာပိ စန္ဒိမာ။

ဂါထာမြန်မာပြန် – လက်ကောက် လက်ကျပ် စသော လက်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ များစွာသော အခြံအရံရှိလျက် ကြာမြင့်စွာတည်သော မြင့်သောဗိမာန်၌ လမင်းပမာ တင့်တယ်စွာ ထိုင်နေသော ဂေါပါလနတ်သားကို ရဟန်းတော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် မြင်တော်မူ၍ မေးမြန်းတော်မူလေ၏။

၁၁၆၀–၁–၂–၃ ဂါထာများသည် ၁၀၉၄–၅–၉၆၃–၉၁၄ ဂါထာတို့နှင့် အနက်တူသည်။

နတ်သား၏အဖြေ

ထိုနတ်သားသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၁၆၄။ အဟံ မနုဿေသု မနုဿဘူတော၊
သင်္ကိဿ ရက္ခိဿံ ပရေသံ ဓနုယော။
တတော စ အာဂါ သမဏော မမန္တိကေ၊
ဂါထေါ စ မာသေ အဂမံသု ခါဒိတုံ။

၁၁၆၄။ ဘန္တေ၊ လက်ဝဲတော်ရံ အရှင်ဘုရားမောဂ္ဂလာန်။ အဟံ၊ တပည့်တော်သည်။ မနုဿေသု၊ လူ့ဘဝတို့၌။ မနုဿဘူတော၊ လူဖြစ်စဉ်က။ ပရေသံ၊ သူတစ်ပါးတို့၏။ ဓနုယော၊ နွားမတို့ကို။ သင်္ကိဿ၊ ကြီးငယ်သောင်းပြောင်း ရုံးစုပေါင်း၍။ ရက္ခိဿံ၊ ထိန်းကျောင်းစောင့်ရှောက်ခဲ့ရပါ၏။ တတော၊ ထိုအခါ၌။ သမဏော၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်မထေရ်သည်။ မမန္တိကေ၊ တပည့်နွားကျောင်းသား အနီးအပါးသို့။ အာဂါ၊ ချီးမြှောက်ဖို့ရန် အကြံပေါက်ကာ ကြွရောက်တော်မူလာပါသည်ဘုရား။ ဂါထေါစ၊ နွားအပေါင်းတို့သည်လည်း။

http://www.dhammadownload.com

မာသေ၊ သူတစ်ပါးတို့ စိုက်ထားပြုပြင် မတ်ပဲပင်တို့ကို။ ခါဒိတုံ၊ ဝင်ရောက် မွေနှင်း ခဲစားခြင်းငှာ။ အဂမံသု၊ သွားကြပါကုန်၏ဘုရား။

၁၁၆၅။ ဒွယ်'ဒွကီစ္စံ ဥဘယဿ္မ ကာရိယံ၊
ဣဿ္မွဓေဝဟံ ဘန္တေ တဒါ ဝိစိန္တယိံ။
တတော စ သညံ ပဋိလဒ္ဓ ယောနိသော၊
'ဒဒါမိ ဘန္တေ' တိ ဓိပိံ အနန္တကံ။

၁၁၆၅။ ဘန္တေ၊ အရှင်ဘုရား။ တဒါ၊ ထိုအခါ၌။ မေ၊ တပည့်တော်အား။ အဒ္ဓ၊ နွားကျောင်းသွားရာ ယခုလိုအခါ၌။ ဒွယံ ကိစ္စံ၊ အဲရှင်မဟာမောဂ္ဂလာန် မုန့်ကပ်ရန်နှင့် သူ့ခြံသူ့ခင်း ဝင်နင်းမွေစား နွားမများကို မြစ်တားဖို့ရန် နှစ်တန် ကိစ္စဟူသော။ ဥဘယဿ္မ၊ မုန့်လှူနွားနှင့် နှစ်မျိုးလုံးပင်လျှင်။ ကာရိယံ၊ မလစ်မလပ် ပြုလုပ်အပ်၏။ ဣဿ္မွဓေဝံ၊ ဤသို့။ ဝိစိန္တေသိံ၊ ကြံစည်မိပါသည်ဘုရား။ တတော၊ ထိုနောင်မှ။ ယောနိသော၊ သင့်လျော်သောအားဖြင့်ဖြစ်သော။ သညံ၊ အမှတ်သညာကို။ ပဋိလဒ္ဓ၊ ကောင်းမွန်လှစွာ ရအပ်ပါသောကြောင့်။ 'ဒဒါမိ ဘန္တေ' တိ၊ အရှင်ဘုရား လှူဒါန်းပါ၏ဟု ဆိုလျက်။ အနန္တကံ၊ မုန့်အထုပ်ကို။ ဓိပိံ၊ အရေးကြီးပြန် နွားနှင့်ရန်ဖို့ မြန်မြန်သွက်သွက် အရှင့်လက်သို့ ပစ်လျက်ချကာ လှူဒါန်းခဲ့ရပါသည် ဘုရား။

၁၁၆၆။ သော မာသခေတ္တံ တုရိတော အဝါသရိံ၊
ပုရာ အယံ ဘဒ္ဒတိ ယာသိဒံ ဓနံ။
တတော စ ကတ္တာ ဥရဂါ မဟာဝိသော၊
အဠံသိ ပါဒေ တုရိတဿ မေ သတော။

၁၁၆၆။ ဘန္တေ၊ အရှင်ဘုရား။ ယဿ၊ အကြင်ပဲခင်းရှင်၏။ ဣဒံ ဓနံ၊ ဤပဲပင်စစွာ သူ့ဥစ္စာကို။ အယံ၊ ဤနွားအပေါင်းသည်။ ပုရာ ဘဒ္ဒတိ၊ မွေနောက် နှင်းပြီး မဖျက်ဆီးသေးမီ။ သော အဟံ၊ နွားကျောင်းသားဖြစ်သော ထိုတပည့်တော်သည်။ မာသခေတ္တံ၊ ပဲခင်းဆီသို့။ တုရိတော၊ မြန်မြန်ထက်ထက် ခပ်သွက်သွက်။ အဝါသရိံ၊ ပြေးသွားရပါသည်ဘုရား။ တတော စ၊ ထိုအရပ်မှလည်း။ အဟံ၊ တပည့်တော်သည်။ တုရိတဿ သတော၊ အဆောတလျင် ပြေးသွားနေစဉ်။ မေ၊ တပည့်တော်၏။ ပါဒေ၊ ခြေတို့ကို။ မဟာဝိသော၊ အဆိပ်ထန်သော။ ကဏှော၊

http://www.dhammadownload.com

အသွေးရောင်ဝါ မည်းနက်စွာသော။ ဥရဂေါ၊ ထိုမြွေဟောက်သည်။ အဲ့သိ၊ ကိုက်ခဲပါသည်ဘုရား။

၁၁၆၇။ သွာဟံ အဇ္ဇောမှိ ဒုက္ခေန ပီဠိတော၊
ဘိက္ခု စ တံ သာမံ မုဠ္ဍိတွာနန္တကံ။
အဟာသိ ကုမ္မာသံ မမာနုကမ္ပယာ၊
တတော စုတော ကာလကတောမှိ ဒေဝတာ။

၁၁၆၇။ ဘန္တေ၊ အရှင်ဘုရား။ သွာဟံ သော အဟံ၊ ထိုတပည့်တော်သည်။ တသ္မိံကာလေ၊ ထိုအခါ၌။ အဇ္ဇော၊ နာကျင်ဆင်းရဲလှသည်။ အမှိ၊ ဖြစ်ခဲ့ပါ၏။ ဒုက္ခေန၊ ဆင်းရဲသည်။ ပီဠိတော၊ နာကျင်တိုးလျက် နှိပ်စက်အပ်ပါ၏။ ဘိက္ခု စ၊ လုက်ဝဲတော်ရဲ့ မောဂ္ဂလာန် ရဟန်းတော်မြတ်သည်လည်း။ မမ၊ တပည့်တော်ကို။ အနုကမ္ပာယ၊ အစဉ်သနားစောင့်ရှောက် ချီးမြှောက်တော်မူခြင်းငှာ။ တံ အနန္တကံ၊ ထိုမုန့်ထုပ်ကို။ သာမံ၊ ကိုယ်တော်တိုင်။ မုဠ္ဍိတွာ၊ အဝတ်မှ ဖြေတော်မူ၍။ ကုမ္မာသံ၊ မုယောမုန့်ကို။ အဟာသိ၊ မြိန်ယှက်စွာ ဘုဉ်းပေးတော်မူပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ တတော စုတော၊ ထိုလူတို့ပြည်မှ စုတိကျ၍။ ကာလကတော၊ ဘဝပြောင်းကြွေ သေလွန်လေသည်ရှိသော်။ ဒေဝတာ၊ နတ်ဒေဝါသည်။ အမှိ၊ ဖြစ်ရပေပြီဘုရား။

၁၁၆၈။ တဒေဝ ကမ္မံ ကုသလံ ကတံ မယာ၊
သုခဠ္ဍ ကမ္မံ အနုဘောမိ အတ္တနာ။
တယာ ဟိ ဘန္တေ အနုကမ္ပိတော ဘုသံ၊
ကတညုတာယ အဘိဝါဒယာမိ တံ။

၁၁၆၈။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ တပည့်တော်နတ်သားသည်။ တဒေဝ ကမ္မံ ကုသလံ၊ ထိုမုယောမုန့်ဆွမ်း လျှဒါန်းသည့် ကုသိုလ်ကံကိုသာလျှင်။ ကတံ၊ ပြုခဲ့ရပါ၏။ အတ္တနာ၊ မိမိသည်။ ကမ္မံ၊ ကုသိုလ်ကံ၏အကျိုးကို။ သုခဠ္ဍ၊ ချမ်းသာစွာသာလျှင်။ အနုဘောမိ၊ ခံစားရပါသည်ဘုရား။ ဘန္တေ၊ အရှင်ဘုရား။ တယာဟိ တယာ ဧဝ၊ အရှင်ဘုရားသည်သာလျှင်။ အဟံ၊ တပည့်တော်ကို။ ဘုသံ၊ လွန်စွာ။ အနုကမ္ပိစ္စော၊ အစဉ်သနားစောင့်ရှောက် ချီးမြှောက်တော်မူအပ်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ကတညုတာယ၊ ပြုအပ်

http://www.dhammadownload.com

ခဲ့ဖူးသည့် ကျေးဇူးတော်ကို သိခြင်းကြောင့်။ တံ၊ အရှင်ဘုရားကို။ အဘိဝါဒယာမိ၊ ရှိသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

၁၁၆၉။ သုဒေဝကော လောကော သမာရကော စ၊
အညော မုနီ နတ္ထိ တယာနုကမ္မကော။
တယာ ဟိ ဘန္တေ အနုကမ္ပိတော ဘုသံ၊
ကတညုတာယ အဘိဝါဒယာမိ တံ။

၁၁၆၉။ ဘန္တေ၊ အရှင်မြတ်ဘုရား။ သဒေဝကော၊ နတ်နှင့်တကွသော။ လောကော စ၊ လောကဌ္ဌလည်းကောင်း။ သမာရကော၊ မာရ်ပရိသတ်နှင့်တကွသော။ လောကော စ၊ လောကဌ္ဌလည်းကောင်း။ တယာ၊ အရှင်ဘုရားထက်။ အနုကမ္မကော၊ တပည့်တော်အား သနားစောင့်ရှောက် ချီးမြှောက်တတ်သော။ အညော၊ အရှင်ဘုရားမှ တစ်ပါးသော။ မုနီ၊ ရဟန်းတော်သည်။ နတ္ထိ၊ မတွေ့မရှိပါဘုရား။ တယာဟိ တယာ ဧဝ၊ အရှင်ဘုရားသည်သာလျှင်။ ဘုသံ၊ သူတစ်ပါးတို့ထက် ပိုလွန်စွာ။ အနုကမ္ပိတော၊ သနားစောင့်ရှောက် ချီးမြှောက်တော်မူအပ်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ကတညုတာယ၊ ပြုအပ်ခဲ့ဖူးသည့် ကျေးဇူးတော်ကို သိခြင်းကြောင့်။ တံ၊ အရှင် ဘုရားကို။ အဘိဝါဒယာမိ၊ ရှိခိုးပါ၏ဘုရား။

၁၁၇၀။ ဘန္တေ၊ အရှင်ဘုရားမောဂ္ဂလာန်။ ဣမသ္မိံ လောကေ ဝါ၊ ယခုပစ္စက္ခ ဤလောကဌ္ဌလည်းကောင်း။ ပရသ္မိံ ဝါ၊ တမလွန်ခေါ်ငြား လောကတစ်ပါးဌ္ဌလည်းကောင်း။ ကျန်သောဂါထာ၏ အနက်သည် ၁၁၆၉ ဂါထာနှင့် တူသည်။

ကျန်သောအဓိပ္ပာယ်များ ရှေ့ဝတ္ထုများနှင့် တူသည်။

ဂေါပါလဝိမာနဝတ္ထု ပြီး၏။

၇။ ကဏ္ဍကဝိမာနဝတ္ထု

ဖွားဖက်တော် ကဏ္ဍကမြင်း ဖြစ်ခဲ့စဉ်က သီဒ္ဓတ္ထမင်းသားကို အနော်မာသောင်ကမ်းအရောက် ပို့ဆောင်လျက် အတိုင်းမသိ ဝမ်းမြောက်ပြီးလျှင် ဘုရားလောင်းနှင့် ခွဲခွာရ၍ ဝမ်းနည်းပင်ပန်း သောကလွန်းကာ ရင်ကွဲနာကျသောကြောင့် စုတေပြီး တာဝတိံသာ နတ်ပြည်ဝယ် နတ်စည်းစိမ် ခံစားရသော ကဏ္ဍကနတ်သား။

http://www.dhammadownload.com

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူလေ၏။

ထိုခဏ၌ ကဏ္ဍကနတ်သားသည် မိမိ၏ ဘုံနန်းဗိမာန်အတွင်းမှ ထွက်၍ နတ်ရထားယာဉ်ကိုစီးလျက် များစွာသော နတ်သမီးအခြံအရံ ကြီးမားစွာ နတ်တန်ခိုးဖြင့် ဥယျာဉ်ကစား ထွက်လာသည်။ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို မြင်၍ များစွာသော ရိုသေလေးစားခြင်း ရှိသည်ဖြစ်၍ လျင်မြန်စွာ နတ်ရထားယာဉ်ပေါ်မှ ဆင်းသက်ကာ မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးလျက် ရပ်၍နေလေ၏။

ထိုအခါ ကဏ္ဍကနတ်သားကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ဤသို့ မေးမြန်းတော်မူလေ၏။

၁၁၇၁။ ပုဏ္ဏမာသေ ယထာ စန္ဒော၊ နက္ခတ္တပရိဝါရိတော။
သမန္တာ အနုပရိယာတိ၊ တာရကာဓိပတိ သသီ။

၁၁၇၂။ တထူပမံ ဣဒံ ဗျမ္မံ၊ ဒိဗ္ဗံ ဒေဝပုရမှိ စ။
အတိရောစတိ ဝဏ္ဏေန၊ ဥဒယန္တော၀ ရံသိမာ။

ဂါထာမြန်မာပြန် – ကဏ္ဍကအမည်ရှိ အမောင်နတ်သား၊ အသင်္ချေအနန္တ ရှိသော ကြယ်တာရာအပေါင်းတို့၏ အရှင် ယုန်တံဆိပ် အရေးအမှတ်ရှိသည့် လဓိမာန်သည် လပြည့်နေ့၌ အစဉ်လှည့်လည် သွားလာသကဲ့သို့ သင်နတ်သား၏ အရောင်ပြည့်လျှမ်း ဤဘုံနန်းဗိမာန်ကြီးသည် တက်သစ်သော နေလုလင်ကဲ့သို့ အရောင်အဆင်းအားဖြင့် လွန်မင်းစွာ တင့်တယ်လှဘိ၏။

၁၁၇၃။ ဝေဠုရိယသုဝဏ္ဏသ၊ ဖလိကာ ရူပိယသ စ။
မသာရဂလ္လမုတ္တာဟိ၊ လောဟိတင်္ကမဏီဟိ စ။

ဂါထာမြန်မာပြန် – သင်နတ်သား၏ အရောင်အဆင်းလျှံ ဘုံနန်းဗိမာန်ကြီးသည် ကြောင်မျက်ရွဲ၊ ရွှေစင်၊ ဖန်၊ ငွေ၊ ပတ္တမြားပြောက်၊ ပုလဲ၊ ပတ္တမြားနီတို့ဖြင့် မွမ်းမံစီခြယ်ထားကုန်၏။

၁၁၇၄။ စိတြာ မနောရမာ ဘူမိ၊ ဝေဠုရိယသ သန္ထတာ။
ကူဋာဂါရာ သုဘာ ရမ္မာ၊ ပါသာဒေါ တေ သုမာပိတော။

http://www.dhammadownload.com

ဂါထာမြန်မာပြန် – မြေကြီးသည် ဆန်းကြယ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရာ ရှိ၏။ ကြောင်မျက်ရွဲဖြင့် ခင်းထား၏။ စုလစ်မွန်းချွန် အထွတ်မွန် ပန်းဆွဲ ပန်းတက်တို့သည်လည်း လှပတင်တယ်ကုန်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် ရှိကုန်၏။ သင်နတ်သားသည် အလွန်ထူးဆန်းသည့် ဘုံနန်းပြာသာဒ်ကို ပတ္တမြား၊ ဖန်၊ ရွှေ၊ ပုလဲ၊ ငွေသား၊ ကြောင်မျက်ရွဲများဖြင့် ခမ်းနားပဝင်း ဖန်ဆင်းထား အပ်ပေ၏။

၁၁၇၅။ ရမ္မာ စ တေ ပေါက္ခရဏီ၊ ပုထုလောမာနိ သေဝိတာ။
အဏ္ဍောဒကာ ဝိပ္ပသန္နာ၊ သောဏ္ဍာဝါလုကသန္ထတာ။

ဂါထာမြန်မာပြန် – သင်နတ်သား၏ သောက်သုံးဖို့ရန် အသင့်ဖန်သော ရေကန်တို့သည်လည်း နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိကုန်၏။ ရေမှာကျက်စား ငါးနတ်သားအပေါင်းတို့ မှီခိုအပ်ကုန်၏။ ကြည်လင်သော ရေရှိကုန်၏။ နောက်ကျူကင်းစင် အထူးသဖြင့် ကြည်လင်ကုန်၏။ ရွှေအတိပြီးသော သဲတို့ဖြင့် ခင်းထား အပ်ကုန်၏။

၁၁၇၆။ နာနာပဒုမသဏ္ဍာ၊ ပုဏ္ဍရီကသမောတတာ။
သုရဘိ သမ္ပဝါယန္တိ၊ မနုညာ မာလုတေရိတာ။

ဂါထာမြန်မာပြန် – အထူးထူးသော ကြာပဒုမာမျိုးတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏။ ကြာပုဏ္ဍရိက်မျိုးတို့ဖြင့်လည်း ဖုံးလွှမ်းအပ်ကုန်၏။ လေပြည်လေညင်း တိုက်ခတ်သည်ရှိသော် လှုပ်လှုပ်လှက်လှက် နှစ်သက်စဖွယ် မွှေးကြိုင်သင်းပျံ့ကောင်းသောရနံ့တို့သည် လှိုင်ကုန်၏။

၁၁၇၇။ တသာ တေ ဥဘတော ပဿေ၊ ဝနဂုမ္ဗာ သုမာပိတာ။
ဥပေတာ ပုပ္ဖရက္ခေဟိ၊ ဖလရက္ခေဟိ စူဘယံ။

ဂါထာမြန်မာပြန် – သင်နတ်သားသည် တင့်တယ်လှစွာ ရေကန်သာ၏ ဘေးနှစ်ဖက်၌ ပန်းနွယ်ပန်းရုံ ပန်းပင်ချုံတို့ကို အစုံဝေဆာ ရှုခင်းသာအောင် ကောင်းစွာ ဖန်ဆင်းအပ်ကုန်၏။ ထိုရေကန်တို့သည် သီးနှံသီးကင်း ရွှမ်းပြင်းအမှည့် အသီးမျိုးစုံရှိသော သစ်ပင်တို့နှင့်လည်းကောင်း၊ အဆင့်အဆင့် ပင်လုံးပွင့်ကုန်သော ပန်းသစ်ပင်တို့နှင့်လည်းကောင်း၊ အသီးအပွင့် နှစ်မျိုးလုံး သီးပွင့်ကြကုန်သော သစ်ပင်တို့နှင့်လည်းကောင်း ပြည့်စုံကုန်၏။

http://www.dhammadownload.com

၁၁၇၈။ သောဝဏ္ဏပါဒေ ပလ္လင်္ကေ၊ မုဒုကေ ဂေါနကတ္ထတေ။
နိသိန်္နံ ဒေဝရာဇံဝ၊ ဥပတိဋ္ဌန္တိ အစ္ဆရာ။

ဂါထာမြန်မာပြန် – နူးညံ့သော သားမွေးကော်ဇောဖြင့် ခင်းအပ်သော ရွှေသားဖြင့်ပြုသည့် အခြေရှိသော ပန်းရေပန်းနွယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်လှစွာ ရတနာအစုံ အကုန်ဆင်ယင်ထားသည့် ရွှေပလ္လင်၌ နတ်တို့သေဋ္ဌနင်းသိကြားမင်းကဲ့သို့ တင့်တယ်စွာ ထိုင်နေသော သင်နတ်သားကို နတ်သမီးကညာတို့သည် ပျော်ပါးရွှင်ပျ ခစားနေကြကုန်၏။

၁၁၇၉။ သမ္မာဘရဏသဉ္ဆန္နာ၊ နာနာမာလာဝိဘူသိတာ။
ရမေန္တိ တံ မဟိဒ္ဓိကံ၊ ဝသဝတ္တိံ မောဒသိ။

ဂါထာမြန်မာပြန် – အလုံးစုံသော နတ်ဝတ်တန်ဆာ အဖြာဖြာတို့ဖြင့် ဖုံးလွှမ်းဝတ်ဆင်ကြကုန်သော အထူးထူးသော ပန်းကုံးပန်းပွင့်တို့ကို အဆင့်ဆင့် ထပ်ထပ် ပန်ဆင်အုပ်ကုန်သော နတ်သမီးကညာတို့သည် တန်ခိုးကြီးမားသည့် သင်နတ်သားကို အပျော်ဆက်၍ နှစ်သက်စေကုန်၏။ သင်နတ်သားသည် ဝသဝတ္တီ နတ်မင်းကြီးကဲ့သို့ မွေ့လျော်ပျော်ပါး စည်းစိမ်ခံစား၍နေရ၏။

၁၁၈၀။ ဘေရိသဒ်ဒမုဒိင်္ဂါဟိ၊ ဝိဇာဟိ ပဇာပတေဟိ စ။
ရမသိ ရတိသမ္မန္နော၊ နစ္စဂီတေ သုဝါဒိတေ။

ဂါထာမြန်မာပြန် – စည်ကြီး၊ ခရသင်း၊ နဲ့၊ ဗြော၊ ပလွေ၊ ဗုံတို့၊ ဗုံရှည်၊ မုရိုးစည်၊ နတ်စောင်း၊ နတ်စည်၊ နတ်တူရိယာ အမျိုးမျိုးတို့ဖြင့် ကခြင်း သီဆိုခြင်းတို့ကို ညီညီညာညာ ကောင်းစွာတီးမှုတ် ကခုန်ကြခြင်းကြောင့် နှစ်သက်မွေ့လျော်ခြင်းနှင့် ပြည့်စုံသော သင်သည် ရွှင်စွာ မွေ့လျော်ရပါ၏။

၁၁၈၁။ ဒိဗ္ဗာ တေ ဝိဝိဓာ ရူပါ၊ ဒိဗ္ဗာ သဒ္ဒါ အထော ရသာ။
ဂန္ဓာ စ တေ အဓိပ္ပေတာ၊ ဖောဋ္ဌဗ္ဗာ စ မနောရမာ။

ဂါထာမြန်မာပြန် – သင်နတ်သားအား အထူးထူး အပြားပြား များကုန်သော နတ်၌ဖြစ်သော ရူပဝတ္ထုအောင် တင့်တယ်လှပသော အဆင်းတို့သည်လည်းကောင်း၊ နာပျော်ဖွယ်ရာ သာယာသော အသံတို့သည်လည်းကောင်း၊ ထိုမှတစ်ဖြာ ကံကြောင့် အလိုလို ဖြစ်ပေါ်လာသော အစားအစာ နတ်ဩဇာအရသာတို့သည်လည်းကောင်း၊

http://www.dhammadownload.com

သင်နတ်သား အလိုရှိတိုင်း ဖြစ်ပေါ်လာသော စန္ဒကူးနိုဖြူ မွေးကြူသင်းပျံ့ အနံ့တို့သည်လည်းကောင်း၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိကုန်သော အခင်းအရံ အခြံစသည် အလိမ်လိသော အတွေ့တို့သည်လည်းကောင်း ရှိကုန်၏။

၁၁၈၂။ တသ္မိ ဝိမာနေ ပဝရေ၊ ဒေဝပုတ္တ မဟပ္ပဘော။
အတိရောစသိ ဝဏ္ဏေန၊ ဥဒယန္တော၀ ဘာဏုမာ။

ဂါထာမြန်မာပြန် – နတ်သား၊ ထိုမြင့်မြတ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အာရုံ အလုံးစုံနှင့် ပြည့်စုံလှသော ဗိမာန်ကြီး၌ ကြီးမြတ်သော အရောင်အဝါရှိသော သင်နတ်သားသည် တက်သစ်သော နေလုလင်ကဲ့သို့ အရောင်အဆင်းဖြင့် လွန်မင်းစွာ တင့်တယ်ပါပေ၏။

၁၁၈၃။ ဒါနသ္သ တော ဣဒံ ဖလံ၊ အထော သီလဿ ဝါ ပန။
အထော အဇ္ဇုလိကမ္မဿ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဂါထာမြန်မာပြန် – နတ်သား၊ ရတနာရောင် ဝင်းပြောင်ထိန်ညီး ဗိမာန်ကြီးဝယ် နတ်သမီးခြံရံ စည်းစိမ်ခံလျက် ဘုန်းကံပွားတိုး ဤအကျိုးသည် သင်နတ်သား၏ ဒါနကုသိုလ် အကျိုးလေလော၊ သို့မဟုတ် စောင့်ထိန်းညီမျှ ကျင့်သီလ၏ ကုသိုလ်အကျိုးလေလော၊ သို့မဟုတ် စောင့်ထိန်းညီမျှ ကျင့်သီလ၏ ကုသိုလ်အကျိုးလေလော၊ သို့မဟုတ် ရတနာသုံးပါး စိတ်ထားရှင်ကြည် လက်အုပ်ချီသော အဇ္ဇုလိကမ္မ ကုသလ၏ အကျိုးလေလော၊ သင့်ကို ငါမေး၏၊ ထိုအကြောင်းကို ဖြေကြားပါလော့။

နတ်သား၏အဖြေ

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က မေးမြန်းတော်မူအပ်သည် ရှိသော် နတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၁၈၄ နံပါတ်ဂါထာသည် ၉၁၄ နံပါတ်ဂါထာနှင့် တူသည်။

၁၁၈၅။ အဟံ ကပိလဝတ္ထုသ္မိံ၊ သာကိယာနံ ပုရုတ္တမေ။
သုဒ္ဓေါဒနဿ ပုတ္တဿ၊ ကဏ္ဍကော သဟဓော အဟံ။

၁၁၈၅။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ကဏ္ဍကဟု နာမထင်ရှား တပည့်တော်နတ်သားသည်။ သာကိယာနံ၊ သာကီဝင်တို့၏။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်

http://www.dhammadownload.com

အမည်ရှိသော။ ပုရတ္ထာမေ၊ ပြည်တော်မြတ်၌။ သုဒ္ဓါဒနသ၊ သုဒ္ဓါဒန၊ မင်း တရား၏။ ပုတ္တသ၊ ဘုရားလောင်းဖြစ် သားတော်ချစ်၏။ သဟဇော၊ ဖွားဖက် ဖြစ်သော။ ကဏ္ဍကော၊ ကဏ္ဍကခါ စီးတော်မြင်းသည်။ အဟု၊ ဖြစ်ဖူးခဲ့ပါသည် ဘုရား။

၁၁၈၆။ ယဒါ သော အမုရတ္ထာယံ၊ ဇောဓယ မဘိနိက္ခမိ။
သော မံ မုဒူဟိ ပါဏီဟိ၊ ဓာလိတမ္ဗနဓေဟိ စ။

၁၁၈၇။ သတ္ထိ အာကောဋယိတွာန၊ 'ဝဟ သမ္မာ' တိ စဗြဝိ။
'အဟံ လောကံ တာရယိဿံ၊ ပတ္တော သမ္မောဓိမုတ္တမံ'။

၁၁၈၆–၇။ ဘန္တေ၊ အရှင်ဘုရား။ သော၊ ထိုအလောင်းတော်မြတ် သိဒ္ဓတ္ထသည်။ ယဒါ အမုရတ္ထာယံ၊ အကြောင် သန်းခေါင်ယံအခါ၌။ ဇောဓယ၊ သစ္စာ လေးပါး ပိုင်းခြားသိရန် အကျိုးငှာ။ အဘိနိက္ခမိ၊ တောတွက်တော်မူပါ၏ဘုရား။ တဒါ၊ ထိုတောထွက်တော်မူသောအခါ၌။ သော၊ ထိုအလောင်းတော်မြတ် မင်း သိဒ္ဓတ်သည်။ မံ၊ တပည့်တော် စီးတော်မြင်းကို။ မုဒူဟိ၊ နူးညံ့ကုန်သော။ ပါဏီဟိ စ၊ လက်တော်တို့ဖြင့်လည်းကောင်း။ ဓာလိတမ္ဗနဓေဟိ စ၊ ရွှေကွန်ရက်ပမာ အလွန်နီမြန်းသော လက်သည်းတို့ဖြင့်လည်းကောင်း။ သတ္ထိ၊ ပေါင်ကို။ အကော ဋ္ဌယိတွာန၊ ဖြည်းညင်းလှစွာ အသာအယာ ပွတ်သပ်တော်မူ၍။ သမ္မ၊ အဆွေ ကဏ္ဍက။ မံ၊ ဘုရားလောင်းမြတ် ငါသိဒ္ဓတ်ကို။ အဇ္ဇေကရတ္တိ၊ ယနေ့ တစ်ညဉ့် တာမျှလောက်ကို။ ဝဟ၊ ရွက်ဆောင်သယ်ပို့ပေလော့။ အဟံ၊ ဘုရားလောင်းမြတ် ငါသိဒ္ဓတ်သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္မောဓိ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗ ညုတဉာဏ်တော်သို့။ ပတ္တော၊ မိမိကိုယ်တိုင် ရသည်ရှိသော်။ လောကံ၊ လူနတ် ဗြဟ္မာ သတ္တဝါကို။ တာရယိဿံ၊ ကယ်တင်ရပေတော့အံ့။ ဣတိစ၊ ဤသို့လျှင်။ အဗြဝိ၊ တပည့်တော်အား မိန့်ကြားတော်မူပါ၏ဘုရား။

၁၁၈၈။ တံ မေ ဂိရံ သုဏန္တဿ၊ ဟာသော မေ ဝိပုလော အဟု။
ဥဒဂ္ဂစိတ္တော သုမနော၊ အဘိသိသိ' တဒါ အဟံ။

၁၁၈၈။ ဘန္တေ၊ အရှင်ဘုရား။ တံ ဂိရံ၊ ထိုအလောင်းတော်မြတ် စကား သံကို။ သုဏန္တဿ၊ နားမှာကောင်းစွာ ကြားရပါသော။ မေ၊ တပည့်တော်အား။ ဝိပုလော၊ ကြီးမားပြန့်ပြောလှစွာသော။ ဟာသော၊ လန်းရွှင်သော စိတ်ရှိသည်။

http://www.dhammadownload.com

အဟု၊ ဖြစ်ပါသည်ဘုရား။ တဒါ၊ ထိုအခါ၌။ အဟံ၊ တပည့်တော်သည်။ ဥဒဂ္ဂ စိတ္တော၊ အားတက်သော စိတ်ရှိသည်။ သုမနော၊ ဝမ်းသာသော စိတ်ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အဘိသီသိံ၊ ဝန်ခံခဲ့ပါ၏ဘုရား။

၁၁၈၉။ အဘိရူဠ္ဍဿ မံ ဥ တ္ဝာ၊ သက္ကပုတ္တဿ မဟာယသံ။
ဥဒဂ္ဂစိတ္တော မုဒိတော၊ ဝဟီသံ ပုရိသုတ္တမံ။

၁၁၈၉။ မဟာယသံ၊ များစွာသော အကျော်အစောရှိသော။ သက္ကပုတ္တဿ၊ သာကီဝင်မင်းသားကို။ မံ၊ တပည့်တော်သို့။ အဘိရူဠ္ဍဿ၊ တက်စီးနေသည်ကို။ ဥ တ္ဝာ၊ သိရသောကြောင့်။ ဥဒဂ္ဂစိတ္တော၊ အားတက်သော စိတ်ရှိသည်။ မုဒိတော၊ ဝမ်းသာသော စိတ်ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဝဟီသံ၊ အနော်မာသောင်ရောက် ညွှန်ကြားပေါက်အောင် ဆောင်ခဲ့ပါသည်ဘုရား။

၁၁၉၀။ ပရေသံ ဝိဓိတံ ဂန္တာ၊ ဥဂ္ဂတသ္မိ ဒိဝါကရေ။
မမံ ဆန္နဿ ဩဟာယ၊ အနပေက္ခော သော အပက္ကမိ။

၁၁၉၀။ ဘန္တေ၊ အရှင်ဘုရား။ သော၊ ထိုအလောင်းသိဒ္ဓတ် ယောကျ်ားမြတ်သည်။ ပရေသံ၊ တစ်ပါးသောမင်းတို့၏။ ဝိဓိတံ၊ ပိုင်ဆိုင်ရာမှန် တိုင်းနိုင်ငံသို့။ ဂန္တာ၊ ရောက်၍။ ဒိဝါကရေ၊ ရှင်နေမင်းသည်။ ဥဂ္ဂတသ္မိ၊ အနော်မာသောင်သို့ တက်၍ နေထွက်လတ်သော်။ မမဉ္စ၊ ကဏ္ဍကခေါ် တပည့်တော်မြင်းကိုလည်း ကောင်း။ ဆန္နဉ္စ၊ ဖွားဖက်ဖြစ်စွ မောင်ဆန္နကိုလည်းကောင်း။ အနပေက္ခော၊ ငဲ့ကွက်တွယ်တာ မရှိပါဘဲ။ အပက္ကမိ၊ စွန့်ပစ်ခဲ့ကာ ဖဲသွားပါ၏ဘုရား။

၁၁၉၁။ တဿ တမ္မနဓေ ပါဒေ၊ ဇိဂှါယ ပရိလေဟိသံ။
ဂဏ္ဌန္တွ မဟာဝီရံ၊ ရဒမာနော ဥဒိက္ခိသံ။

၁၁၉၁။ အဟံ၊ တပည့်တော်သည်။ တဿ၊ ထိုအလောင်းတော် သိဒ္ဓတ် ယောကျ်ားမြတ်၏။ တမ္မနဓေ၊ နှိမ့်နှိမ်းနေသည့် ခြေသည်းရှိသော။ ပါဒေ၊ ခြေနှစ်ဖက်တို့ကို။ ဇိဂှါယ၊ လျှာဖြင့်။ ပရိလေဟိသံ၊ ဆက်ကာဆက်ကာ လျက်ခဲ့ပါသည်ဘုရား။ ဂဏ္ဌန္တံ၊ စွန့်ပစ်ဖဲကာ ကြွသွားပါသော။ မဟာဝီရံ၊ လုံ့လကြီးမားယောကျ်ားမြတ်ကိုလည်း။ ရဒမာနော၊ ငိုမြည်ကြွေးလျက်။ ဥဒိက္ခိသံ၊ လှမ်းမျှော်ကြည့်ခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

၁၁၉၂။ အဒဿနေနဟံ တဿ၊ သက္ယပုတ္တဿ သိရိမတော။
အလတ္ထံ ဂရုကာဗာဓံ၊ ဓိပ္ပံ မေ မရဏံ အဟု။

၁၁၉၂။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သက္ယပုတ္တဿ၊ သာကီဝင် မင်းသားဖြစ်တော်မူသော။ သိရိမဟာ၊ ဘုန်းကျက်သရေ ရှိတော်မူသော။ တဿ၊ ထိုလောင်းတော်သိဒ္ဓတ် ယောကျ်ားမြတ်ကို။ အဒဿနေန၊ ခွဲခွာခဲ့ရ၍ မတွေ့မမြင်ရတော့သောကြောင့်။ ဂရုကာဗာဓံ၊ ပြင်းထန်လှသည့် ရင်ကွဲနာကို။ အလတ္ထံ၊ ခွဲဝင်ကပ်တည် ရခဲ့ပါသည်ဘုရား။ တေန၊ ထိုသို့ ရင်ကွဲနာရခဲ့လေသောကြောင့်။ မေ၊ တပည့်တော်၏။ ဓိပ္ပံ၊ လျင်မြန်စွာ။ မရဏံ၊ အသက်သေရခြင်းသည်။ အဟု၊ ဖြစ်ခဲ့ရပါပြီဘုရား။

၁၁၉၃။ တဿေဝ အာနုဘာဝေန၊ ဝိမာနံ အာဝသာမိဒံ။
သဗ္ဗကာမဂုဏောပေတံ၊ ဒိဗ္ဗံ ဒေဝပုရမ္ဟိ စ။

၁၁၉၃။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ တဿေဝ၊ ထိုကောင်းမှု၏သာလျှင်။ အာနုဘာဝေန၊ ကုသိလ်၏ အစွမ်းအာနုဘော်ကြောင့်။ ဒေဝပုရမ္ဟိစ၊ နတ်တို့ပြည်၌လည်းကောင်း။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ သဗ္ဗကာမဂုဏောပေတံ၊ အလုံးစုံသော ကာမဂုဏ်နှင့် ပြည့်စုံသော။ ဣဒံ ဝိမာနံ စ၊ ဤဗိမာန်၌လည်းကောင်း။ အာဝသာမိ၊ ချမ်းသာစွာ နေရပါသည်ဘုရား။

၁၁၉၄။ ယဿ မေ အဟု ဝါ ဟာသော၊ သဒ္ဒံ သုတ္တာန မောဓိယာ။
တေနဝ ကုသလမူလေန၊ ဖုသိဿံ အာသဝက္ခယံ။

၁၁၉၄။ ဘန္တေ၊ အရှင်ဘုရား မောဂ္ဂလာန်။ မောဓိယာ၊ အလွန်မြင့်မြတ်သည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရပြီဟူသော။ ယဿ သဒ္ဒံ၊ အကြင် စကားသံကို။ သုတ္တာန၊ အိဉ်းအစ ကြားနာရခြင်းကြောင့်။ မေ၊ တပည့်တော်အား။ ဟာသော၊ ရွှင်လန်းနှစ်သက်သည်။ အဟုဝါ၊ ဖြစ်သည်သာလျှင်တည်း။ တေနေဝ ကုသလမူလေန၊ ထိုကုသိလ်ကံ အရင်းခံကြောင့်သာလျှင်။ အာသဝက္ခယံ၊ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့။ ဖုသိဿံ၊ မဖောက်မှန်စွာ ရောက်ရပါလတ္တံ့ဘုရား။

http://www.dhammadownload.com

၁၁၉၅။ သစေ ဟိ ဘန္တေ ဂဏ္ဌေယျာသိ၊ သတ္ထု ဗုဒ္ဓဿ သန္တိကေ။
မမာပိ နံ ဝစနေန၊ သိရသာ ဝန္ဒာသိ ဝန္ဒနံ။

၁၁၉၅။ ဘန္တေ၊ အရှင်ဘုရား မောဂ္ဂလာန်။ သတ္ထု၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော။ ဗုဒ္ဓဿ၊ ဘုရားမြတ်၏။ သန္တိကေ၊ ထံတော်ပါးသို့။ သစေ ဂဏ္ဌေယျာသိ၊ အကယ်၍မျှား သွားရောက်နှင့်ပါဦးအံ့။ မမ၊ တပည့်တော်၏။ ဝစနေနပိ၊ လျှောက်စကားဖြင့်လည်း။ နံ ဘဂဝန္တံ၊ ဘုန်းတော်သခင် ထိုဘုရားရှင်ကို။ ကဏ္ဍကော၊ ကဏ္ဍကနတ်သားသည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒနံ၊ လက်စုံမိုး၍ ရှိခိုးလိုက်ကြောင်းကို။ ဝန္ဒာသိ၊ မပျက်မကွက် ဆက်ဆက်မသွေ လျှောက်ကြားပါလေဘုရား။

၁၁၉၆။ အဟမ္ပိ ဒဠ္ဠံ ဂစ္ဆိဿံ၊ စိနံ အပ္ပဋိပုဂ္ဂလံ။
ဒုလ္လဘံ ဒဿနံ ဟောတိ၊ လောကနာထာန တာဒိနံ။

၁၁၉၆။ ဘန္တေ၊ အရှင်ဘုရား။ အဟမ္ပိ၊ တပည့်တော်သည်လည်း။ အပ္ပဋိပုဂ္ဂလံ၊ တုဖက်မပေါ် တစ်ဆူတည်းသော ပုဂ္ဂိုလ်ဖြစ်တော်မူသော။ စိနံ၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကို။ ဒဠ္ဠံ၊ ရှိခိုးဦးတင် ဖူးမြင်ခြင်းငှာ။ ဂစ္ဆိဿံ၊ ကိုယ်တိုင် စင်းကာ သွားရောက်ပါအံ့ဘုရား။ တာဒိနံ၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ လောကနာထာနံ၊ လောကသားတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ဘုရားရှင်တို့ကို။ ဒဿနံ၊ ဖူးမြင်ရခြင်းသည်။ ဒုလ္လဘံ၊ ခဲယဉ်းလှသည်။ ဟောတိ၊ ဖြစ်ပါချေ၏ဘုရား။

၁၁၉၇။ သော ကတညူ ကတဝေဒီ၊ သတ္ထာရံ ဥပသင်္ကမိ။
သုတ္ဝာ ဂိရံ စက္ခုမတော၊ ဓမ္မစက္ခုံ ဝိသောဓယိ။

၁၁၉၇။ ကတညူ၊ ပြုအပ်ခဲ့ဖူး သူ့ကျေးဇူးကို သိတတ်သော။ ကတဝေဒီ၊ ပြုအပ်ခဲ့ဖူး သူ့ကျေးဇူးကို ထင်စွာပြုတတ်သော။ သော၊ ထိုကဏ္ဍကနတ်သားသည်။ သတ္ထာရံ၊ ဘုရားမြတ်စွာသို့၊ ဥပသင်္ကမိ၊ ရှိသေလေးမြတ် ချဉ်းကပ်လေ၏။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ စက္ခုမတော၊ စက္ခုငါးဖုံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဂိရံ၊ တရားစကားတော်ကို။ သုတ္ဝာ၊ ကြားနာရ၍။ ဓမ္မစက္ခုံ၊ သောတာပတ္တိ ဉာဏ်မျက်စိကို။ ဝိသောဓယိ၊ ကိုယ်တိုင်မိမိ ရရှိလေ၏။

http://www.dhammadownload.com

၁၁၉၈။ ဝိသောဓေတ္တာ ဒိဋ္ဌဂတံ၊ ဝိစိကိစ္ဆံ ဝတာနိ စ။
ဝန္ဒိတ္တာ သတ္ထုနော ပါဒေ၊ တတ္ထေဝန္တ ရဓာယထ။

၁၁၉၈။ ဒိဋ္ဌဂတံ စ၊ အယူမှားသည့် မိစ္ဆာဒိဋ္ဌကိုလည်းကောင်း။ ဝိစိကိစ္ဆံ စ၊ မဝေခွဲနိုင်သော ဝိစိကိစ္ဆာကိုလည်းကောင်း။ ဝတာနိစ၊ အကျင့်တို့ကိုလည်းကောင်း။ ဝိသောဓေတ္တာ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် သုတ်သင်ပြီး၍။ သတ္ထုနော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်ငြား မြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒိတ္တာ၊ ရှိခိုးပြီးလျှင်။ တတ္ထေဝ၊ ဘုရားရှင်၏ ရှေ့တော်၌ပင်လျှင်။ အန္တ ရဓာယတိ၊ ကွယ်ပျောက်လေ၏။

ကျန်သောဝတ္ထုကြောင်းများ ရှေ့ဝတ္ထုများနှင့် တူသည်။

ကဏ္ဏကဝိဓာနဝတ္ထု ပြီး၏။

၈။ အနေကဝဏ္ဏဝိဓာနဝတ္ထု

ခုနစ်နှစ်ပတ်လုံး ရဟန်းပြုခဲ့ပြီးလျှင် ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသောအခါ မိမိလည်း စေတီတော်ကို ရှိခိုးပူဇော်ကာ သူတစ်ပါးတို့ကိုလည်း ကုသိုလ်ကောင်းမှုပြုရန် တိုက်တွန်းခြင်းကြောင့် ဆန်းကြယ်သော ဗိမာန်ကြီး၌ သုနိမ္မိတ နတ်မင်းကြီးပမာ မွေ့လျော်စွာ စံစားရသော နတ်သား။

ဤဘဒ္ဒကမ္ပာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ပာသုံးသောင်းထက်၌ သုမေဓာ မည်တော်မူသော ဘုရားရှင်သည် လောကဋ္ဌ ပွင့်တော်မူ၍ နတ်နှင့်တကွသော လူအပေါင်းကို တစ်ခုတည်းသော တရားတော်အရောင်ကို ပြုခြင်းဟူသော ပြုအပ်သော ဘုရားရှင်၏ကိစ္စကို ပြုတော်မူ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။ လူတို့သည် ဘုရားရှင်၏ဓာတ်တော်ကို ယူဆောင်၍ ရတနာစေတီကို တည်ထားပူဇော်ကြသည်။

http://www.dhammadownload.com

ပြုခဲ့သောကောင်းမှု

အမျိုးကောင်းသား ယောကျ်ားတစ်ယောက်သည် ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြု၍ ခုနစ်နှစ်ပတ်လုံး ရဟန်းအကျင့်တရားကို ကျင့်ကြံသော်လည်း ကုက္ကုစ္စ ရှိသည်ဖြစ်၍ မတည်တံ့သောစိတ် ဖြစ်ပေါ်သောကြောင့် လူထွက်လေ၏။ လူထွက်ပြီးလျှင် ထိတ်လန့်ခြင်းများသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကုသိုလ်တရား ဟုတ်မှန်သောအားဖြင့် အလိုရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ဘုရားရှင်၏ ဓာတ်တော် ဌာပနာရာဖြစ်သော စေတီတော်ရင်ပြင်၌ တံမြက်လှည်းခြင်း၊ အခြံအရံ အပြေအပြစ်ပြုခြင်း အစရှိကုန်သော စေတီသင်္ဃာဝတ်တို့ကို ပြုလျက် ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို စောင့်ထိန်းကာ တရားတော်ကို နာကြား၍ တစ်ပါးသောသူတို့ကိုလည်း ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ရာ တိုက်တွန်းနှိုးဆော်လျက် လှည့်လည်လေ၏။

ကောင်းမှု၏ အကျိုးခံစားရပြီ

ထိုရဟန်းလူထွက် ဥပါသကာသည် အသက်တမ်းကုန်ဆုံး၍ သေလွန်သည်ရှိသော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သားသည် ကုသိုလ်ကံမြင့်မြတ်သည်၏အဖြစ်ကြောင့် ဘုန်းတန်ခိုး အာနုဘော်ကြီးသည်။ သိကြားမင်အစရှိကုန်သော နတ်အပေါင်းတို့၏ လေးမြတ်ပူဇော်ရာဖြစ်လျက် တာဝတိံသာနတ်ပြည်၌ နတ်အသက်တမ်းအတိုင်း တည်၍ ထိုနတ်ပြည်မှ စုတေသည်ရှိသော် နတ်ပြည် လူ့ပြည်တို့၌ အကြိမ်ကြိမ် အဖန်ဖန် ကျင်လည်ရလေ၏။

ငါတို့ ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ၌ ထိုကံ၏ အကျိုးပေးအစွမ်းဖြင့်ပင်လျှင် တာဝတိံသာနတ်ပြည်၌ နတ်သားပင် ဖြစ်နေလေ၏။ ထိုနတ်သားကို "အနေကဝဏ္ဏနတ်သား" ဟု အများသိကြကုန်၏။

ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီလှည့်လည်တော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူလေ၏။

ထိုအခါ အနေကဝဏ္ဏနတ်သားသည် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို မြင်လေလျှင် ချဉ်းကပ်ကာ လက်အုပ်မြှောက်ချီပြီးလျှင် ရပ်တည်နေလေ၏။ ထိုခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုအနေကဝဏ္ဏနတ်သား၏ ချမ်းသာစွာ စံစားနေရခြင်းအကြောင်းကို ဤသို့ မေးမြန်းတော်မူလေ၏။

http://www.dhammadownload.com

အရှင်မဟာမောဂ္ဂလာန်၏ အမေး

၁၁၉၉။ အနေကဝဏ္ဏော ဒရသောကနာသနံ၊
ဝိဓာနမာရုယှ အနေကစိတ္တံ။
ပရိဝါရိတော အစ္ဆရာသင်္ဃေန၊
သုနိမ္မိတော ဘူတပတိဝ မောဒသိ။

• **ဂါထာမြန်မာပြန်** – နတ်သား၊ သင်သည် အညီအရွေ ထူးထွေဆန်းကြယ် အမျိုးမျိုးသော အဆင်းရှိ၍ ပူပြင်းစိုးရိမ် ညှိုးမှိန်ကင်းပ စိတ်အေးမြလျက် သောက အပူဆိုင် ပယ်ဖျောက်နိုင်ရ၍ တင့်လှိုင်ဝေဆာ အမျိုးမျိုး ဆန်းကြယ်စွာသော ဗိမာန်ထက်သို့ တက်၍ နတ်သမီးအပေါင်း ခြံရံလျက် နိမ္မာနရတီနတ်တို့၏ အရှင်ဖြစ်သော သုနိမ္မိတနတ်မင်းကြီးကဲ့သို့ ပျော်ပါးရွှင်မြူး အထူးမွေ့လျော်ရ၏။

၁၂၀၀။ သမဿသမော နတ္ထိ ကုတော ပနုတ္တရော၊
ယသေန ပုညေန စ ဣဒ္ဓိယာ စ။
သမ္မေ စ ဒေဝါ တိဒသဂဏာ သမေစ္စ၊
တံ တံ နမဿန္တိ သသိံဝ ဒေဝါ။
ဣမာ စ တေ အစ္ဆရာယော သမန္တတော၊
နစ္စန္တိ ဂါယန္တိ ပမောဒယန္တိ။

ဂါထာမြန်မာပြန် – နတ်သား၊ အခြံအရံများခြင်းဖြင့်လည်းကောင်း၊ ဘုန်းကံ ကြီးခြင်းဖြင့်လည်းကောင်း၊ တန်ခိုးအာနုဘော် ကြီးခြင်းဖြင့်လည်းကောင်း သင်နှင့်တူမျှသော နတ်သားသည်မရှိ၊ သင့်ထက်လွန်မြတ်သော နတ်သားသည် ကား အဘယ်မှာ ရှိနိုင်တော့အံ့နည်း။ နတ်သား၊ နတ်တို့သည် လဆန်းရက်တွင် လပြည့်ဝန်းကို နှစ်သက်မြတ်နိုး ရှိခိုးကုန်သကဲ့သို့ ထိုနည်းမခြား အလားတူစွာ တာဝတိံဘုံနန်း စံမြန်းနေသော နတ်အပေါင်းတို့သည် သောင်းသောင်းဖြဖြ ပေါင်းစုဝိုင်းဖွဲ့ကြ၍ သင်နတ်သားကို ရိုသေမြတ်နိုး ရှိခိုးကြကုန်၏။ သင်နတ်သား၏ ဤနတ်သမီးကညာတို့သည် ရှေ့နောက်ဝဲယာ ခြံရံကြကုန်လျက် ကလည်းကကြကုန်၏၊ သီဆိုလည်း သီဆိုကြကုန်၏။ သင့်ကိုလည်း ဝမ်းမြောက်စေကြကုန်၏။

http://www.dhammadownload.com

၁၂၀၁။ ဒေဝိဒ္ဓိပတ္ထောသိ မဟာနုဘာဝေါ၊
မနုဿဘူတော ကိမကာသိပုညံ။
ကေနာသိ ဧဝံ ဧလိတာနုဘာဝေါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဂါထာမြန်မာပြန် – အာနုဘော်ကြီး၍ နတ်တန်ခိုးကြွွေးနှင့် ပြည့်စုံခြင်းသို့ ရောက်သော သင်နတ်သားသည် လူဖြစ်စဉ်အခါက အဘယ်ကုသိုလ်ထူးကို ပြုဖူးခဲ့သနည်း။ အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် ဤသို့ တောက်ပရှိန်စော်အာနုဘော်ရှိသနည်း၊ အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် သင်၏ အရောင်အဆင်းသည် ရပ်ဆယ်ဖြာတို့၌ ထွန်းလင်းရောင်ဝါ တောက်ပပါသနည်း။

နတ်သားဖြေကြား

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် မေးတော်မူအပ်သည်ရှိသော် အနေကဝဏ္ဏနတ်သားသည် ဤသို့ ဖြေကြားလျှောက်ထားလေ၏။

၁၂၀၂ ဂါထာ၏ အနက်အဓိပ္ပာယ်ကို ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးပြီ။

၁၂၀၃။ အဟံ ဘဒန္တေ အဟုဝါသိ ပုဗ္ဗေ၊
သုမေဓနာမဿ ဇိနဿ သာဝကော။
ပုထုဇ္ဇနော အနနုဗောဓဟမသ္မိ၊
သော သတ္တ ဝိဿာနိ ပရိဗ္ဗဇိဿဟံ။

၁၂၀၃။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အနေကဝဏ္ဏခေါ် တပည့်တော်သည်။ ပုဗ္ဗေ၊ ဤကမ္ဘာမှ စ၍ရေသော် ကပွသုံးသောင်း ကြာညောင်းရှည်စွာ ရှေးအခါက။ သုမေဓနာမဿ၊ သုမေဓာ အမည်တော်ရှိသော။ ဇိနဿ၊ မာရ်ငါးပါးကို ဟန့်တားအောင်မြင် ဘုရားရှင်၏။ သာဝကော၊ ရဟန်းတော်သည်။ အဟုဝါသိ၊ ဖြစ်ဖူးခဲ့ပါသည်ဘုရား။ အဟံ၊ တပည့်တော်သည်။ အနနုဗောဓော၊ ပါရမီမရှိ၍ သစ္စာလေးပါးတို့ကို မသိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ အသ္မိ၊ ဖြစ်ခဲ့ပါသည်ဘုရား။ သော အဟံ၊ ထိုတပည့်တော်သည်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ ပရိဗ္ဗဇိဿံ၊ သာသနာ့ဝန်ထမ်း ရဟန်းပြုခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

၁၂၀၄။ သောဟံ သုမေဓော ဇိနော သတ္ထုနော၊
ပရိနိဗ္ဗုတသော' ယတိဏ္ဍော တာဒိနော။
ရတနုစ္စယံ ဟေမဇာလေန ဆန္နံ၊
ဝန္ဒိတွာ ထူပသ္မိံ မနံ ပသာဒယိံ။

၁၂၀၄။ ဘန္တေ၊ အရှင်ဘုရား။ သောအဟံ၊ ထိုတပည့်တော်သည်။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ သြဃတိဏ္ဍော၊ သံသရာ ရေပြင်သြဃကို ကူးမြောက်တော်မူပြီးသော။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော။ ဇိနော၊ မာရ်ငါးပါးကို အောင်မြင်တော်မူသော။ သတ္ထုနော၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော။ သုမေဓော၊ သုမေဓာဘုရားရှင်၏။ ရတနုစ္စယံ၊ ရတနာတို့ဖြင့် အဆင့်ဆင့် စီခြယ်အပ်ထသော။ ဟေမဇာလေန၊ ရွှေကွန်ရက်ဖြင့်။ ဆန္နံ၊ ဖုံးလွှမ်းအပ်သော စေတီတော်ကို။ ဝန္ဒိတွာ၊ ရှိသေမြတ်နိုးလက်စုံမိုးကာ ရှိခိုးပြီး၍။ ထူပသ္မိံ၊ သရီရဓာတ် ကိန်းဝပ်စံပျော် စေတီတော်၌။ မနံ၊ ကောင်းရာရည်မှတ် စိတ်အမြတ်ကို။ ပသာဒယိံ၊ ကြည်ညိုစေခဲ့ဖူးပါသည် ဘုရား။

၁၂၀၅။ နာ မာ'သိ ဒါနံ နာ စ မ'တ္ထိ ဒါတုံ၊
ပရေ စ ဓော် တတ္ထ သမာဒပေသိံ။
ပူဇေထ နံ ပူဇနီယဿ ဓာတုံ၊
ဧဝံ ကိရ သဂ္ဂမိတော ဂမိဿထ။

၁၂၀၅။ ဘန္တေ၊ အရှင်ဘုရား။ တဒါ၊ သရီရဓာတ် ကိန်းဝပ်စံပျော် စေတီတော်ကို ကော်ရော်မြတ်နိုး ရှိခိုးခဲ့ရာ ထိုအခါ၌။ မေ မယာ၊ တပည့်တော်သည်။ ဒါနံ၊ ပစ္စည်းဝတ္ထု တစ်ခုခုကို ပေးလှူခဲ့ခြင်းသည်။ နာ မာသိ–နာ အာသိ၊ မဖြစ်ခဲ့ရပါ။ ဒါတုံစ၊ ပေးလှူခြင်းငှာလည်း။ နာ အတ္ထိ၊ လှူဖွယ်ဝတ္ထု ဘာတစ်ခုမျှ မရှိပါ။ စ၊ ထိုသို့ ကိုယ်တိုင် မလှူနိုင်ပါသော်လည်း။ ပူဇနီယဿ၊ ပူဇော်ခြင်းငှာ ထိုက်တော်မူသော။ ဗုဒ္ဓဿ၊ သုမေဓာဘုရားရှင်၏။ နံ ဓာတုံ၊ ထိုသရီရဓာတ်တော်ကို။ ပူဇေထ၊ ပူဇော်ကြကုန်လော့။ ဧဝံ၊ ဤသို့ ပူဇော်သည်ရှိသော်။ ကိရ တော၊ ငါတို့နေရာ ဤလူ့ရွာမှ။ သဂ္ဂံ၊ ထက်နတ်ပြည်သို့။ ဂမိဿထ၊ သွားရကုန်လိမ့်မည်။

http://www.dhammadownload.com

ကုတိ၊ ဤသို့။ ပရေ ခေါ၊ သူတစ်ပါးတို့ကိုကား။ တတ္ထ၊ ထိုမြတ်နိုးကောင်ရော်ပူဇော်ခြင်း၌။ သမာဒပေသိ၊ တိုက်တွန်းခဲ့ဖူးပါသည်ဘုရား။

၁၂၀၆။ တဒေဝ ကမ္မံ ကုသလံ ကတံ မယာ၊
သုခဥ္စ ဒိဗ္ဗံ အနုဘောမိ အတ္တနာ။
မောဒါမဟံ တိဒသဂဏာသေ မဇ္ဈေ၊
နာ တသ္သ ပုညဿ ဧယမ္ဖိ အဇ္ဈဂံ။

၁၂၀၆။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ တပည့်တော်နတ်သားသည်။ ကုသလံ၊ အပြစ်မရှိသော။ တဒေဝ ကမ္မံ၊ ပူဇော်ဖို့ရာ နှိုးဆော်တိုက်တွန်းသော ထိုကုသိုလ်ကံကိုသာလျှင်။ ကတံ၊ ပြုလုပ်ခဲ့ပါသည်ဘုရား။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ သုခဥ္စ၊ ချမ်းသာကိုလည်း။ အတ္တနာ၊ မိမိကိုယ်တိုင်။ အနုဘောမိ၊ ခံစားရပါ၏။ အဟံ၊ တပည့်တော်သည်။ တိဒသဂဏာသေ၊ တာဝတိံသာ နတ်အပေါင်း၏။ မဇ္ဈေ၊ အားလုံးတို့အလယ်၌။ မောဒါမိ၊ မွေ့လျော်လှစွာ နေရပါ၏။ တဿ ပုညဿ၊ ထိုကုသိုလ်ထူး၏။ ပါကံ၊ အကျိုးဆက်သည်။ ဧယမ္ဖိ၊ ကုန်ခန်းခြင်းသို့လည်း။ နာ အဇ္ဈဂံ၊ ယခုထက်တိုင် မရောက်နိုင်ပါဘုရား။

ကျန်သော ဝတ္ထုကြောင်းများ ရှေ့ဝတ္ထုများနှင့် တူပြီ။

အနေကဝဏ္ဏဝိမာနဝတ္ထု ပြီး၏။

၉။ မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု

စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသော်လည်း ကံ-ကံ၏အကျိုးကို မယုံကြည်သဖြင့် လှူဒါန်းပေးကမ်းခြင်းမရှိသူ ပုဏ္ဏားဖြစ်သော်လည်း ရတနာသုံးပါးကို ယုံကြည်၍ ဘုရားရှင်ကို ကိုးကွယ်လျက် နတ်စည်းစိမ်ကို ခံစားရသူ မဋ္ဌကုဏ္ဍလီနတ်သား။

ပစ္စည်းကြွယ်သော်လည်း ကုသိုလ်ရေး၌ ဆင်းရဲသူ အဒိန္နပုဗ္ဗက

တစ်နေ့သ၌ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်၌နေသော တစ်ယောက်သော ပုဏ္ဏားသည်

http://www.dhammadownload.com

များစွာကြွေယ်ဝ၏။ စည်းစိမ်ဥစ္စာ များစွာရှိ၏။ သဒ္ဓါတရားမရှိ။ ရတနာသုံးပါး တို့၌ မကြည်ညိုး၊ ကံ–ကံ၏အကျိုးကိုလည်း ယုံကြည်ခြင်းမရှိ။ မိစ္ဆာအယူရှိ၏။ တစ်စုံတစ်ယောက်သောသူအား၊ တစ်စုံတစ်ခုကိုမျှ မပေးကမ်းဖူးပေ။ ထိုသို့ မပေးကမ်းဖူးသောကြောင့်ပင်လျှင် သူသည် "အဒိန္နပုဗ္ဗသူဋ္ဌေး" ဟူ၍ နာမည်ကျော်ကြား ထင်ရှားလေ၏။

သားကို ဆုံးမပုံ

ထိုအဒိန္နပုဗ္ဗကသည် မိစ္ဆာအယူရှိပြီး ဥစ္စာကို နှစ်သက်သည်၏အဖြစ်ကြောင့် မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သားကိုလည်းကောင်း ဖူးမြော်ခြင်းငှာလည်း အလိုမရှိ။ "မဋ္ဌကုဏ္ဍလီ" အမည်ရှိသော မိမိ၏သားကိုလည်း "ချစ်သား၊ သင်သည် ရဟန်းဂေါတမကိုလည်းကောင်း၊ ဂေါတမ၏ တပည့်သားကိုလည်းကောင်း မဆည်းကပ်လေနှင့်" ဟု သွန်သင်လေ၏။ သားဖြစ်သော မဋ္ဌကုဏ္ဍလီသည်လည်း ဖခင်ပြောဆို သွန်သင်သည့်အတိုင်းပင် လိုက်နာပြုကျင့်လေ၏။

သား၌ ရောဂါစွဲကပ်သော်လည်း ဆေးကုမပေး

တစ်နေ့သ၌ ထိုအဒိန္နပုဗ္ဗကသူဋ္ဌေး၏ သားသည် အနာရောဂါ စွဲကပ်ကာ မကျန်းမမာ ဖြစ်လေ၏။ သူဋ္ဌေးပုဏ္ဏားကြီးသည် ဥစ္စာကုန်ခန်းမည်ကို စိုးသဖြင့် နှမြောလွန်းလှ၍ ဆေးကုမပေးဘဲ ထားလေ၏။

ဆေးဆရာတို့ လက်လျှော့ကြပြီ

သား၏ရောဂါသည် တစ်နေ့တခြား တိုးပွားလာသည်ရှိသော် ဆေးဆရာတို့ကို ခေါ်၍ပြလေ၏။ ဆေးဆရာတို့သည် ထိုလူနာ၏ကိုယ်ကို ကြည့်ရှုစမ်းသပ်ကြပြီးလျှင် ဆေးကု၍မရတော့ဘဲ "ရောဂါကျွမ်းနေပြီ" ဟု သိ၍ လက်လျှော့သွားကြလေကုန်၏။ ပုဏ္ဏားကြီးသည် "ငါ၏သား မိမိတွင်း၌ သေသည်ရှိသော် အပြင်ထုတ်ဆောင်ရန် ခဲယဉ်းလိမ့်မည်" ဟု ကြံ၍ ရောဂါကြီးမားစွာ ခံစားနေရရှာသော မိမိသားကို တံခါးဝပြင်ဘက်၌ အိပ်စေ၏။

http://www.dhammadownload.com

ဘုရားရှင် မြင်တော်မူပုံ

ဘုရားရှင်သည် ညဉ့်၏မိုးသောက်အခါ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ကုန်ပြီးသော အသက်အပိုင်းအခြားရှိသည်ဖြစ်၍ ထိုနေ့၌ပင်လျှင် စုတေခြင်းသဘောရှိကာ ငရဲခံရမည့် မဋ္ဌကုဏ္ဍလီလုလင်ကို မြင်တော်မူ၏။ "အကယ်၍ ငါဘုရားသည် ထိုအရပ်သို့ ကြွသွားအံ့၊ ထိုမဋ္ဌကုဏ္ဍလီသည် ငါဘုရား၌ ကြည်ညိုစိတ်ကိုဖြစ်စေ၍ နတ်ပြည်၌ဖြစ်မည်လတ္တံ့၊ သုသာန်သို့သွား၍ သချိုင်း၌ ဝိုကြွေး၍နေသည့် ဖခင်ကို ကပ်ရောက်ကာ ထိတ်လန့်သံဝေဂ ဖြစ်စေလတ္တံ့၊ ဤသို့ ထိတ်လန့်စေခဲ့သည်ရှိသော် ထိုမဋ္ဌကုဏ္ဍလီသည်လည်းကောင်း၊ ထိုမဋ္ဌကုဏ္ဍလီ၏ဖခင် ပုဏ္ဏားကြီးသည်လည်းကောင်း ငါဘုရား၏အထံသို့ လာရောက်ကြကုန်လတ္တံ့၊ ထိုအခါ များစွာသော လူအပေါင်းသည် အစည်းအဝေး ဖြစ်လာလတ္တံ့၊ ထိုအစည်းအဝေး၌ ငါဘုရား တရားဟောကြားသည်ရှိသော် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိကြရသည်ဖြစ်လတ္တံ့"။ ဤသို့ ဘုရားရှင် မြင်တော်မူ၏။

ရောင်ခြည်တော်များ

ထို့ကြောင့် ဘုရားရှင်သည် နံနက်အခါ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍ သပိတ်၊ သင်္ကန်းကို ယူတော်မူပြီးကာ များစွာသော ရဟန်းသံဃာနှင့်တကွ သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာကြွတော်မူသည်ရှိသော် မဋ္ဌကုဏ္ဍလီလုလင်၏ ဖခင်အိမ်အနီး၌ ရပ်တော်မူ၍ ခြောက်ဖြာသော အဆင်းရှိသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။

အန္ဓိုင်းမဲ့ ဘုရားရှင်

ထိုအခါ ဘုရားရှင်၏ ခြောက်ဖြာသော ရောင်ခြည်တော်တို့ကို ဖူးမြင်ရ၍ မဋ္ဌကုဏ္ဍလီလုလင်သည် "ဤရှုမငြီးဖွယ် အသွယ်သွယ်သော အရောင်အဆင်းတို့ကား အဘယ်အရာတို့ပါနည်း" ဟု ထိုမှ ဤမှ ကြည့်ရှုလေသော် ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသည်ဖြစ်၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့်လည်းကောင်း၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်းကောင်း၊ တစ်လဲ့မျှလောက်သော ကိုယ်တော်ရောင်ဟု ဆိုအပ်သော လျှပ်ပန်းလျှပ်နွယ် အသွယ်သွယ်တို့ဖြင့်လည်းကောင်း၊ ထွန်းလင်းတောက်ပတော်

http://www.dhammadownload.com

မူသော နှိုင်းစရာ ယှဉ်စရာ ဥပမာမရှိသော မြတ်စွာဘုရားတို့၏ ကျက်သရေဖြင့် လည်းကောင်း၊ မကြွေအပ် မစည်နိုင်သော ဘုရားတို့၏ အာနုဘော်ဖြင့်လည်း ကောင်း ကောင်းမြတ်တင့်တယ် သပ္ပာယ်တော်မူသော ဘုရားရှင်ကို ဖူးမြင်ရလေ၏။

စိတ်ဖြင့် ကြည်ညိုပုံ

ထိုသို့ ဖူးမြင်ရသောအခါ မဋ္ဌကုဏ္ဍလီလုလင်အား ဤသို့သော စိတ်အကြံ အစည် ဖြစ်လေ၏။ "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား သည် ဤအရပ်သို့ ကြွရောက်တော်မူလာ၏၊ ရှုစမ်းပါလော့၊ ဤကား ထိုမြတ်စွာ ဘုရား၏ ရူပကာယတော်၏ ပြည့်စုံခြင်းပေတည်း၊ မိမိ၏ တန်ခိုးတော်ဖြင့် နေ မင်းကိုသော်လည်း လွှမ်းမိုးနိုင်၏၊ လမင်းကိုသော်လည်း လွှမ်းမိုးနိုင်၏၊ ကိုယ် တော်၏ ငြိမ်သက်ခြင်းဖြင့် အလုံးစုံသော ရဟန်းပုဏ္ဏားတို့ကို ငြိမ်သက်စေနိုင် သည် မည်၏ဟူသည် ဤပုဂ္ဂိုလ်သည်ပင်လျှင် ဖြစ်ရာ၏၊ ဤလောကအလုံးတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဟူသည်ကား ဤပုဂ္ဂိုလ်ပင်လျှင်တည်း။ ငါ့အား အစဉ်သနား စောင့်ရှောက် ချီးမြှောက်အံ့သောငှာ ဤအရပ်သို့ ကြွရောက်လာပေသည်တကား" ဟု မြတ်စွာဘုရားကို အာရုံထားကာ နှစ်သက်ခြင်းဖြင့် အဆက်မပြတ် ထိတွေ့ အပ်သော ကိုယ်ရှိသည်ဖြစ်၍ အတိုင်းမသိ ဝမ်းမြောက်ခြင်းချမ်းသာကို ခံစားလျက် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် ပက်လက်လဲလျောင်းကာ နေလေ၏။

ကြည်ညိုပုံသို့ ဗုဒ္ဓ ပြုန်ကြွတော်မူခြင်း

မဋ္ဌကုဏ္ဍလီ လက်အုပ်ချီကာနေသော အခြင်းအရာကို မြင်တော်မူ၍ ဘုရား ရှင်သည် ဤမျှလောက် ကြည်ညိုဝပ်တွား ဆည်းကပ်ခံစားလိုက်ရခြင်းတည်းဟူ သော ကုသိုလ်စေတနာဖြင့် ဤမဋ္ဌကုဏ္ဍလီသည် နတ်ပြည်၌ဖြစ်ခြင်းငှာ သင့်လျော် ပြီဟု နှလုံးထားကာ ကြွသွားတော်မူလေ၏။

ထိုမဋ္ဌကုဏ္ဍလီသည်လည်း ထိုဝမ်းမြောက်ခြင်းချမ်းသာကို မစွန့်ဘဲလျက် သာလျှင် ကွယ်လွန်သော် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗိမာန်၌ နတ်သားဖြစ်ရလေ၏။

http://www.dhammadownload.com

ဖခင်ပုဏ္ဏားကြီး၏ ဖြစ်အင်

ထိုမဌကုဏ္ဍလီ၏ ဖခင်သည်ကား သား၏အလောင်းကို ကောင်းစွာသင်္ကြံပြုခြင်းကို ပြုပြီးကာ နှစ်ရက်မြောက်သောနေ့ မိုးသောက်ထအခါတွင် သချိုင်းသို့သွား၍ "ချစ်သား မဌကုဏ္ဍလီ၊ ချစ်သား မဌကုဏ္ဍလီ" ဟု တဟီးဟီး ငိုကြွေးမြည်တမ်းလျက် သချိုင်းကို အစဉ်လှည့်လည်၍ နေလေ၏။

ပုဏ္ဏားကြီးနှင့် သား နတ်သားတို့ တွေ့ဆုံကြခြင်း

ထိုအခါ သားဖြစ်ခဲ့သော နတ်သားသည် မိမိ၏ စည်းစိမ်ပြည့်စုံခြင်းကို ကြည့်၍ "ငါသည် အဘယ်အရပ်မှ အဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုကိုပြု၍ ဤနတ်ပြည်သို့ ရောက်ခဲ့ရသနည်း" ဟု စူးစမ်းဆင်ခြင်သော် မိမိ၏ ရှေးဘဝ အတ္တဘောကိုလည်းကောင်း၊ ထိုရှေးဘဝက သေခါနီးအခါဝယ် မြတ်စွာဘုရား၌ ဖြစ်သော စိတ်၏ကြည်ညိုခြင်း ရှိသည်ဖြစ်၍ လက်အုပ်ချီခြင်းမျှကိုသာ ပြုခဲ့ရသည်ကိုလည်းကောင်း မြင်၍ "'ဘုန်းတော်ကြီးမားတော်မူသော ဘုရားရှင်တို့ မည်သည် သော် ... အံ့သြဖွယ်ရာရှိကုန်စွ၊ ကြီးမားသော အာနုဘော်ရှိကုန်စွ" ဟု လွန်လွန်ကဲကဲ မြတ်စွာဘုရား၌ဖြစ်သော ကြည်ညိုခြင်းလွန်ကဲသော မြတ်နိုးခြင်းကို အကြိမ်ကြိမ် ဖြစ်စေပြီးလျှင် "အဒိန္နပုဗ္ဗက ပုဏ္ဏားသည် ဘာကိုပြုပုံနေသနည်း" ဟု စူးစမ်းဆင်ခြင်ပြန်သည်ရှိသော် သချိုင်း၌ ငိုကြွေးနေသည်ကို မြင်၍ "ဤ ပုဏ္ဏားကြီးသည် ရှေးလူ့ဘဝတုန်းက ငါ့အား ဆေးဝါးမျှကိုလည်း မကုသမူ၍ ယခုအခါ၌ကား အကျိုးမရှိ သုသာန်၌ ငိုကြွေးကာနေဘိ၏၊ ယခုအခါ ထိုပုဏ္ဏားကြီးကို ထိတ်လန့်စေ၍ ကုသိုလ်တရား၌ တည်စေဦးအံ့" ဟု ကြံစည်ကာ နတ်ပြည်မှ သက်ဆင်းလာ၍ မဌကုဏ္ဍလီအသွင်ဖြင့် "ဟယ် ... လမင်း၊ ဟယ် ... နေမင်း" ဟု တသကာ လက်မောင်းကို မြှောက်ရှိပြီး ငိုကြွေးလျက် အဖ၏အနီး၌ ရပ်တည်၏။ ထိုအခါ ပုဏ္ဏားကြီးသည် "ငါ့သား မဌကုဏ္ဍလီသည် လာချေပြီ" ဟု ကြံစည်အောက်မေ့လျက် အောက်ပါဂါထာဖြင့် ပြောဆိုလေ၏။

၁၂၀၇။ အလက််တော မဌကုဏ္ဍလီ၊ မာလဓာရီ ဟရိစန္ဒနသဿဒေါ၊
ဗာဟာ ပဂ္ဂယှ ကန္ဒသိ၊ ဝနမဇ္ဈေ ကိ ဒုက္ခိတော တုဝံ။

၁၂၀၇။ မာဏဝ၊ ငါ၏သားနှင့် မခြားတူဆင် အမောင်လုလင်။ တွဲ၊ ဇီဝိန် ပျောက်ပျက် သေပြီးလျက်နှင့် အသက်တစ်ဖန် ရှင်လာပြန်သယောင် သင်အမောင်

http://www.dhammadownload.com

သည်။ အလင်္ကာတော၊ ရွှမင်္ဂြိုးဖွယ် လွန်တင့်တယ်လျက် သွယ်သွယ်ဖြာဖြာ တန်ဆာဆင်အပ်သည်ဖြစ်၍။ မဋ္ဌကုဏ္ဍလီ၊ နူးညံ့ပျော့ပျောင်း တင့်တယ်သော နားတောင်းရှိသည်။ မာလဓာရီ၊ ဆန်းကြယ်တင့်တင် ဆင့်ဆင့်ပွင့်လန်း လှပစွာ ပန်ဆင်အပ်သော ပန်းရှိသည်။ ဟရိစန္ဒနသဒေါ၊ ကြိုင်သင်းရနံ့ တပျံ့ပျံ့နှင့် မဆုံလှိုင်ကြူး လိမ်းကျံအပ်သော စန္ဒကူးနီရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဗာဟာ၊ ဘယ်ညာပေါင်းယှက် လက်မောင်းနှစ်ဖက်တို့ကို။ ပဂ္ဂယှ၊ ဆန့်တန်းညီညီ မြှောက်ကာချီ၍။ ကန္ဒသိ၊ တဟည်းဟည်းနှင့် ရှိုက်ကြီးတငင် တကယ်ပင် ငိုကြွေးနေရှာ၏။ တုဝံ၊ မဋ္ဌကုဏ္ဍလီ တူညီမခြား သင်သတို့သား သည်။ ဝနမဏ္ဍေ၊ လူသူကင်းပြတ် လေတိုက်ခတ်လျက် ကြောက်မက်စဖွယ် သချိုင်းသုသာန်ခေါ်သော တောအလယ်၌။ ကိံ၊ အဘယ်သို့။ ဒုက္ခိတော၊ ဒုက္ခချောက်တွင်း အရောက်ဆင်းကာ ဆင်းရဲ၍ နေရရှာလေသနည်း။

ထိုအခါ ထိုပုဏ္ဏားကြီးအား နတ်သားသည် အောက်ပါဂါထာဖြင့် ပြောပြလေ၏။

၁၂၀၈။ သောဝဏ္ဏမယော ပဘာသရော၊ ဥပ္ပန္နော ရထပဉ္ဇရော မမ။
တဿ စက္ကယုဂံ နာ ဝိန္ဒာမိ၊ တေန ဒုက္ခေန ဓဟာမိ ဇီဝိတံ။

၁၂၀၈။ ဗြာဟ္မဏ၊ အို ပုဏ္ဏား။ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော။ ပဘာသရော၊ ပြိုးပြိုးပြက်ပြက် တလက်လက်ပြောင် ထွက်သောအရောင်ရှိသော။ ရထပဉ္ဇရော၊ တင့်တယ်လှသီး ရထားအိမ်ကြီးသည်။ မမ၊ ရှိုက်ကြီးစွာပင် အော်ငင်ငိုငြား အကျွန်ုပ်၏။ စက္ခုပထေ၊ မျက်စိအာရုံ တွေ့ကြုံရာမှန်း ခရီးလမ်း၌။ ဥပ္ပန္နော၊ စစ်စစ်မှန်စွာ ဖြစ်ပေါ်၍လာလေ၏။ အဟံ၊ အကျွန်ုပ်သည်။ တဿ ရထ ပဉ္ဇရဿ၊ တင့်တယ်လှသီး ထိုရထားအိမ်ကြီး၏။ စက္ကယုဂံ၊ ခြေထောက်ပမာ မပါမပြီး စက်ဘီးအစုံကို။ နာ ဝိန္ဒာမိ၊ ယခုထက်ထိ အလိုပြည့်အောင် မရရှိသေးပါ။ တေန ဒုက္ခေန၊ စက်ဘီးအတွက် ရတက်မအေး ပူဆွေးနွမ်းလျ ထိုဒုက္ခကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတံ၊ ရုပ်နာမ်ခေါ်လျက် ဇီဝန်သက်ကို။ ဇဟာမိ၊ မမှားအစစ် စွန့်ပစ်ရပါတော့အံ့။

ထိုအခါ ထိုနတ်သားကို ပုဏ္ဏားကြီးသည် အောက်ပါဂါထာဖြင့် ပြောဆိုပြန်လေ၏။

http://www.dhammadownload.com

၁၂၀၉။ သောဝဏ္ဏမယံ မဏိမယံ၊ လောဟိတကမယံ အထ ရူပိယမယံ။
အာစိက္ခ မေ ဘဒ္ဒ မာဏဝ၊ စက္ကယုဂံ ပဋိပါဒယာမိ တေ။

၁၂၀၉။ ဘဒ္ဒ မာဏဝ၊ ငါ၏သားနှင့် မခြားဒေသွင် ကောင်းစွာဆင်ပါသော အမောင်လုလင်။ မေ၊ နေ့စဉ်ပူဆွေး ငိုကြွေးနေရ ငါအဖအား။ အာစိက္ခ၊ သင် လိုချင်ရာ ပြောစမ်းပါလော့။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ သောဝဏ္ဏမယံ၊ အရောင်ဝါဖြိုး ရွှေဖြင့်ပြီးသည်လည်းဖြစ်သော။ မဏိမယံ၊ တန်ဖိုးကြီးမား ပတ္တမြား ဖြင့် ပြီးသည်လည်းဖြစ်သော။ လောဟိတကမယံ၊ ခိုင်ခံ့သမှု သံဖြင့် ပြုအပ်ပြီး သည်လည်းဖြစ်သော။ အထ၊ ထိုမှတစ်ပါး။ ရူပိယမယံ၊ ငွေဖြင့် ပြီးသည်လည်း ဖြစ်သော။ စက္ကယုဂံ၊ ဘယ်ညာနှစ်ဖုံ စက်ဘီးအစုံကို။ ပဋိပါဒယာမိ၊ မရမနေ အရမ္မေကာ ရှာဖွေသီးသီး ပြီးစီးစေပါအံ့။

ထိုပုဏ္ဏားကြီး ပြောဆိုသောစကားကို ကြားရ၍ နတ်သားလုလင်သည် "ဤပုဏ္ဏားကြီးသည် သားဖြစ်သူအား ဆေးဝါးမကုသမိသောကြောင့် သားဖြစ်သူ နှင့်တူသော ငါ့ကိုမြင်ရ၍ ငိုကြွေးလျက် 'ရွှေ စသည်တို့ဖြင့်ပြီးသော ရထား စက်ဘီးကို ပြုလုပ်၍ပေးမည်" ဟု ဆို၏။ ထိုပုဏ္ဏားကြီးကို စကားဖြင့် နှိမ်လိုက် ဦးအံ့ဟု ကြံစည်၍ အဘယ်မျှလောက် ကြီးမားသော စက်ဘီးအစုံကို ပြုလုပ်၍ ပေးပါအံ့နည်းဟု မေးသည်ရှိသော် သင်အလိုရှိသလောက် ကြီးကြီးမားမား ပြုလုပ် ပေးပါမည်ဟု ဖြေလေ၏။ လနေတို့လောက် ကြီးမားစွာ အကျွန်ုပ် အလိုရှိပါ၏၊ ထိုလနှင့် နေတို့ကို စက်ဘီးပြုလုပ်ရန် ကျွန်ုပ်အား ပေးပါလော့ဟု တောင်းလို သည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၁၂၁၀။ သော မာဏဝေါ တဿ ပါဝဒိ၊
စန္ဒသူရိယာ ဥဘယေတ္ထ ဒိဿရေ။
သောဝဏ္ဏမယော ရထော မမ၊
တေန စက္ကယုနေန သောဘတိ။

၁၂၁၀။ သော မာဏဝေါ၊ ထိုနတ်သားလုလင်သည်။ တဿ၊ ဘဝဟောင်းက အဖတော်ငြား ထိုပုဏ္ဏားကြီး့အား။ ပါဝဒိ၊ ဤသို့ ပြန်ဖြေပြောဆိုလေ၏။ ကိံ ပါဝဒိ၊ ဘယ်လိုဖြေကာ ပြောဆိုပါသနည်းဟူမူကား။ ဗြာဟ္မဏ၊ အိုပုဏ္ဏားကြီး။ ဧတ္ထ၊ ယခုရောက်လာ ဤနေရာအရပ်၌။ ဥဘယော၊ နှစ်ခုကုန်သော။ စန္ဒသူရိ

http://www.dhammadownload.com

ယာ၊ ဝေဟင်မှာနေ လနှင့် နေတို့သည်။ ဒိဿရေ၊ စင်စစ်မှန်စွာ ထင်မြင်ပါကုန်၏။ မမ၊ စက်ဘီးအတွက် အခက်ပွေရှုပ် အကျွန်ုပ်၏။ ရထော၊ တလက်လက် ပြောင် အရောင်ဝင့်ထည် တင့်တယ်ခဲ့ညား ထိုရထားသည်။ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီး၏။ တေန စက္ကယုဂေန၊ ထိုလနေတည်းဟူသော စက်ဘီးအစုံဖြင့်။ သောဘတိ၊ တပ်ဆင်ခြင်းငှာ လွန်စွာလျောက်ပတ် ကောင်းမြတ်လှပေ၏။ ဣတိ၊ ဤသို့။ ပါဝဒိ၊ မဆိုင်းမသွေ ပြောပြလေ၏။

ထိုအခါ ပုဏ္ဏားကြီးသည် အောက်ပါအတိုင်း ပြောကြားလေ၏။

၁၂၁၁။ ဗာလော ဧဓါ တွံ အသိ မာဏဝ၊
ယော တွံ ပတ္ထယသေ အပတ္တိယံ။
မညာမိ တုဝံ မရိဿသိ၊
န ဟိ တွံ လစ္ဆသိ စန္ဒသူရိယေ။

၁၂၁၁။ မာဏဝ၊ အမောင်လှလင်။ ယော တွံ၊ သားနှင့်တူဆင် အကြင်သင်သည်။ အပတ္တိယံ၊ ကြောင့်ကြောင့်ကြကြ မတောင့်တအပ်သည်ကို။ ပတ္ထယသေ၊ တောင့်တပါပေ၏။ သော တွံ၊ မဖြစ်နိုင်ရာ တောင့်တပါသော ထိုသင်သည်။ ဧဓါ၊ စင်စစ်ဧကန်။ ဗာလော၊ မိုက်မဲလှသည်။ အသိ၊ ဖြစ်ဘိ၏။ တုဝံ၊ သင်သည်။ မရိဿသိ၊ ဇီဝိန်ပျက်ကြွေ အသက်သေလတ္တံ့” ဣတ္ထိ၊ ဤသို့။ အဟ၊ ငါသည်။ ပညာမိ၊ အကဲခတ်ကာ မှတ်ထင်မိပါ၏။ တွံ၊ သင်သည်။ စန္ဒသူရိယေ၊ ဝေဟင်မှာနေ လနှင့် နေတို့ကို။ န လစ္ဆသိ၊ ဘယ်လိုပင် ဝိုကြွေးသော်လည်း သေဘေးနှင့်သာ ရင်ဆိုင်ရ၍ ဧကန်မုချ မရနိုင်သည်သာတည်း။

ထိုအခါ ပုဏ္ဏားကြီးကို လှလင်သည် “အို ... ပုဏ္ဏားကြီး အသို့နည်း၊ မျက်မှောက်ထင်ထင် တွေ့မြင်ရသော အရာဝတ္ထုအတွက် ဝိုကြွေးသောသူသည် မိုက်မဲလေသလော၊ ထိုသို့မဟုတ် မမြင်နိုင်သော အရာဝတ္ထုအတွက် ဝိုကြွေးသောသူသည်ပင် မိုက်မဲလေသလော” ဟု မေးမြန်းလို၍ အောက်ပါဂါထာကို မြွက်ဆိုလေ၏။

၁၂၁၂။ ဂမနာဂမနမ္ပိ ဒိဿတိ၊
ဝဏ္ဏဓာတု ဥဘယတ္ထ ဝိထိယာ။
ယတော ကာလကတော န ဒိဿတိ၊
ကောနိဓ ကန္ဒတံ ဗာလျတရော။

http://www.dhammadownload.com

၁၂၁၂။ ဗြာဟ္မဏ၊ အို ... ပုဏ္ဏား။ ဧတ္တ ဥဘယေ၊ လ,နေ ပေါင်းဆုံ ဤနှစ်ပါးစုံ၌။ ဝိထိယာ၊ အထက်ဝေဟင် ကောင်းကင်စခန်း ခရီးလမ်း၌။ ဂမနာဂမနမ္ဟိ၊ ထွက်ကာဝင်ကာ သွားလာခြင်းကိုလည်း။ ဒိဿတိ၊ ထင်မြင်နိုင်ပါသေး၏။ ဝဏ္ဏဓာတုပိ၊ ရွှေငွေရောင်ချင်း ပြောင်ပြောင်လင်းလျက် ပဝင်းလျှပ်လျှပ် အဆင်းဓာတ်သည်လည်း။ ဒိဿတိ၊ ရိုပ်ရိုပ်ရေးရေး ထင်မြင်နိုင်ပါသေး၏။ ပေတော၊ အသက်ဝိညာဉ် ကင်းစင်သည်ဖြစ်၍။ ကာလကတော၊ သေမင်းနိုင်ငံ ဝင်စံသွားရှာလေသော သတ္တဝါသည်။ ကုဓ၊ ဤသရဏ်ဂုံငါး၌။ ကန္ဒတံ ကန္ဒန္တာနံ၊ မရှိတော့သည်ကို တ၍ငိုသူ၊ ငိုသော်လည်း မရနိုင်သည်ကို တ၍ငိုသူ ထိုနှစ်မျိုးနှစ်စားတို့တွင်။ ကော၊ အဘယ်သူသည်။ ဗာလျတရောနု၊ အတိုင်းထက်အလွန် ထူးချွန်ကဲသာ မိုက်တွင်းပိုနက်လှပါသနည်း။

ထိုလုလင်၏ စကားကိုကြား၍ ပုဏ္ဏားကြီးသည် "ငါသည် မရနိုင်သော အရာကို တောင့်တကာ သောကမီး ဖိစီးတောက်လောင်၏၊ အကျိုးမရှိသော ငိုနေခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း" ဟု ဆင်ခြင်စဉ်းစားမိလေ၏။ ထိုအခါ နတ်သားသည် မဋ္ဌကုဏ္ဍလီအသွင်ကို ဖျောက်ဖျက်၍ မိမိ၏ နတ်သားအသွင်ဖြင့် တည်နေလေ၏။ ပုဏ္ဏားကြီးသည် ထိုနတ်သားကို မကြည့်မိဘဲ လုလင်ဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုလျက် "ဟုတ်ပါပေစွ၊ ဤလုလင်သည် သင့်တင့်လျောက်ပတ်သော စကားကို ပြောဆိုပေသည်" ဟု မှတ်ယူကာ အောက်ပါဂါထာဖြင့် ဝန်ခံစကား ပြောကြားလေ၏။

၁၂၁၃။ သစ္စံ ခေါ် ဝဒေသိ မာဏဝ၊ အဟမေဝ ကန္ဒတံ ဗာလျတရော၊
စန္ဒံ ဝိယ ဒါရကော ရုဒံ၊ ယော တံ ကာလကတာဘိပတ္ထယိ"။

၁၂၁၃။ မာဏဝ၊ ငါ၏သားနှင့် မခြားတူဆင် မောင်လုလင်။ တွံ၊ သင်သည်။ ခေါ၊ စင်စစ်။ သစ္စံ၊ မဖောက်မပြန် ဟုတ်မှန်သောစကားကို။ ဝဒေသိ၊ ပြောဆိုပါ၏။ ကန္ဒတံ–ကန္ဒန္တာနံ၊ ငိုသူမျိုးစား ထိုနှစ်ပါးတို့တွင်။ အဟမေဝ၊ မရှိရာရှာ အလွမ်းဖြာ၍ ရမ်းကာငိုငြား ငါပုဏ္ဏားသည်သာလျှင်။ ဗာလျတရော၊ အတိုင်းထက် အလွန် ထူးချွန်ကဲသာ မိုက်တွင်းနက်လှပါတကား။ ဒါရကော၊ လေးဖက်ပြေးရွယ် ကလေးသူငယ်သည်။ စန္ဒံ၊ ငွေရောင်ဝင်းပ လင်းရွှေလကို။ ရုဒံ–ရုဒန္တော ဝိယ၊ ယူကာပေးပါ တစာစာနှင့် ခါခါရှိက်ဖို မြည်တမ်းငိုသကဲ့။ တထာ၊ ပမာဆိုမူ ထို့အတူ။ အဟံ၊ ငါသည်။ ပေတံ၊ အသက်ဝိညာဉ် ကင်းစင်၍သွားသော။ ကာလ

http://www.dhammadownload.com

ကတံ၊ ဘဝခြားနား သေရွာသို့သွားသူကို။ အဘိပတ္ထယိ၊ တကြောင့်ကြကြနှင့် တောင့်တငိုကြွေးခဲ့လေပြီ။

ထို့နောက် လုလင်အား ချီးမွမ်းစကားကို မြွက်ကြားပြောဆိုလိုသည်ဖြစ်၍ ဤသို့ ပြောကြားလေ၏။

၁၂၁၄။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါပကံ၊
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၂၁၄။ ဝတ၊ စုင်စစ်ဧကန် အမှန်အားဖြင့်။ အာဒိတ္တံ၊ သောကမီးဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်၍နေသော။ မံ၊ ငါ့ကို။ သန္တံ၊ အပူကင်းကွာငြိမ်းချမ်းသာအောင်။ ဃတသိတ္တံ၊ ထောပတ်ဖြင့် သွန်းလောင်းထားအပ်ပါသော။ ပါဝကံ၊ မီးကို။ ဝါရိနာ၊ ရေဖြင့်။ ဩသိဉ္စံ၊ ဩဝိ၊ သွန်းလောင်းသကဲ့သို့။ တထာ၊ ပမာမှီးယူ ထို့အတူသာလျှင်။ တံ၊ သင်သည်။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဒရံ၊ သောကထန်ပြင်း ပူလောင်ခြင်းကို။ နိဗ္ဗာပယေ နိဗ္ဗာပယိ၊ အပူလုံးကြွယူကျုံးမရမဖြစ်အောင် အေးငြိမ်းစေပြီတကား။

၁၂၁၅။ အဗ္ဘဟိ ဝတ မေ သလ္လံ၊ သောကံ ဟဒယနိဿိတံ၊
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။

၁၂၁၅။ ယော တံ၊ ငါ့ဘုံပြုပြင် အကြင်သင်သည်။ သောကပရေတဿ၊ သောကလွှမ်းပတ် နှိပ်စက်အပ်သော။ မေ၊ ငါ၏။ ပုတ္တသောကံ၊ သားကြောင့် ဖြစ်ရ စိုးရိမ်ခြင်းသောကကို။ အပါနုဒိ၊ အစွန်းအစ မကျန်ရအောင် ခဏချက်ချင်း ပယ်ဖျောက်ခွင်းပေတော့၏။ တေ တယာ၊ သင်သည်။ မေ၊ ငါ၏။ ဟဒယနိဿိတံ၊ စိတ်နှလုံးခွံတည် အမြဲမှီ၍ဖြစ်သော။ သောကံ၊ စိုးရိမ်ပါလှ သောကဟုဆို အပ်သော။ သလ္လံ၊ အပူထန်ပြင်း ငြောင့်သံတင်းကို။ အဗ္ဘဟိ ဝတ၊ စူးဝင်သမျှ မကျန်ရအောင် အမြစ်ကဖြုတ် နုတ်အပ်ပေစွတကား။

၁၂၁၆။ သွာဟံ အဗ္ဘုဉ္ဇသလ္လောသ္မိ၊ သိတိဘူတောသ္မိ နိဗ္ဗုတော။
နာ သောစာမိ နာ ရောဒါမိ၊ တဝ သုတ္တာန မာဏဝ။

၁၂၁၆။ မာဏဝ၊ ငါ့သားအသွင် အမောင်လုလင်။ သွာဟံ၊ ထိုငါသည်။ အဗ္ဘုဉ္ဇသလ္လော၊ အမြစ်ကဖြုတ် အပြီးနုတ်အပ်သော ငြောင့်ရှိသည်။ အသ္မိ၊ ဖြစ်၏။

F 56A

http://www.dhammadownload.com

သီတိဘူတော၊ ချမ်းအေးသော ဖြစ်ခြင်းရှိသည်။ အသို့၊ ဖြစ်၏။ နိဗ္ဗုတော၊ သောကမသန်း ငြိမ်းချမ်းသည်။ အသို့၊ ဖြစ်၏။ တဝ၊ ငါ့သားအသွင် အမောင်လုလင်၏ အစဉ်ပြောကြား သင့်စကားကို။ သုတွာန၊ ကောင်းစွာဖြောင့်ဖြောင့်ကြားနာရပါသောကြောင့်။ အဟံ၊ ငါသည်။ နံ သောစာမိ၊ လွမ်းဆွေးညှိုးမှိန်မစိုးရိမ်တော့ပါ။ နံ ရောဒါမိ၊ ပူတလှိုက်လှိုက် ရှိုက်တဖိုဖို မျက်ရည်ယိုစီး မငိုညည်းတော့ပါ။

ထိုအခါ ပုဏ္ဏားကြီးသည် စိုးရိမ်သောကကို ပယ်ဖျောက်၍ မိမိအား နည်းကောင်း ဥပဒေသကို ပေးတတ်သည့် နတ်အသွင်ဖြင့်တည်သော လုလင်ကိုမြင်၍ သင်သည် ဘယ်အမည်ရှိသနည်းဟု မေးမြန်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

၁၂၁၇။ ဒေဝတာနုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ၊
ကော ဝါ တွံ ကဿ ဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ။

၁၂၁၇။ မာဇာဝ၊ ငါ့သားအသွင် မောင်လုလင်။ တွံ၊ သင်သည်။ ဂန္ဓဗ္ဗော၊ တန်ခိုးကြွင်္ဘီ ရှိဘီစွမ်းထ ဂန္ဓဗ္ဗမျိုးဖြစ်သော။ ဒေဝတာ၊ နတ်ဒေဝါသည်။ အသိန၊ အမှန်စင်စစ် ဇာနံဖြစ်လေသလော။ အဒု၊ ယခုပြောရာ မဟုတ်သေးပါက။ ပုရိန္ဒဒေါ၊ ရှေးဦးအစ စွန့်ချပေးကမ်း လှူဒါန်းခဲ့ဖူးပါသော။ သက္ကော၊ နတ်တို့သေ့ဋ္ဌနင်း အရှင်သိကြားမင်းသည်။ အသိန၊ အမှန်စင်စစ် ဇာနံဖြစ်လေသလော။ တွံ၊ သင်သည်။ ကော ဝါ၊ ယခုပြောဆို ဘယ်ပုဂ္ဂိုလ်ပါနည်း။ ကဿ၊ ဘယ်မျိုးဘယ်နွယ် ဘယ်နယ်နေငြား ဘယ်ပုဂ္ဂိုလ်စား၏။ ပုတ္တော၊ မမှားအစစ် သားဖြစ်လေသနည်း။ ကထံ၊ ဇာနံမချို့ အဘယ်သို့လျှင်။ မယံ၊ ငါတို့သည်။ တံ၊ သင့်ကို။ ဇာနေမု၊ အတိအကျ သိရပါကုန်အံ့နည်း။

ထိုအခါ နတ်သားသည် ဖခင်ပုဏ္ဏားအား ရှေးဘဝက သားရင်းဖြစ်ခဲ့ကြောင်းကို ပြန်ပြောင်း ပြောကြားလိုသည်ဖြစ်၍ အောက်ပါဂါထာဖြင့် မိမိဖြစ်ပုံ အကြောင်းစုံကို ပြောကြားလေ၏။

၁၂၁၈။ ယဋ္ဌ ကန္ဒသိ ယဋ္ဌ ရောဒသိ၊
ပုတ္တံ အာဠာဟနေ သယံ ဒဟိတ္ထာ။
သွာဟံ ကုသလံ ကရိတ္ထာ ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂတောဒ်။

http://www.dhammadownload.com

၁၂၁၈။ ဗြာဟ္မဏ၊ အို ... ပုဏ္ဏားကြီး။ ယံ ပုတ္တံ၊ ကြင် သားရတနာကို။ အာဠာဟနေ၊ သူသေမြုပ်နှံ မြေသုသာန်၌။ သယံ၊ ကျနပိုင်ပိုင် မိမိကိုယ်တိုင်။ ဒဟိတွာ၊ အပြီးဆိုက်ဖို့ မီးတိုက်ရှို့ပြီး၍။ ယံ ပုတ္တံ၊ အကြင်သားကို။ ဥဒ္ဒိဿ၊ ရည်ညွှန်းမှန်းဆ၍။ တံ၊ သင်သည်။ ကန္နသိ၊ အတွေးနယ်မှာ အဆွေးကြွယ်ကာ မြည်တမ်းငိုကြွေးခဲ့ပေ၏။ ယဿ ပုတ္တံ၊ သင် အလွမ်းဖြာ အကြင် သားရတနာကို လည်း။ ဥဒ္ဒိဿ၊ ရည်ညွှန်းမှန်းဆ၍။ ရောဒသိ၊ သက်ပြန်လှိုက်ဖို ရှိုက်ကာငိုခဲ့ရပါ၏။ သော၊ ထို သင်ပုဏ္ဏားကြီး ရင်ကိုတီးကာ ငိုကြွေးရှာဖွေ၍နေသော သားဖြစ်သူသည်ကား။ အဟံ၊ အခြားတစ်ပါး သူများမဟုတ် အကျွန်ုပ် နတ်သားပင်တည်း။ သောအဟံ၊ ဟိုတစ်ချိန်က မဋ္ဌကုဏ္ဍလီ နာမည်တွင်ခြား အကျွန်ုပ် ထိုနတ်သားသည်။ ကုသလံကမ္မံ၊ ရှင်ဘုရားအား ဝပ်တွားကြည်ညို မြတ်ကုသိုလ်ကို။ ကတွာ၊ ပြုလုပ်ခဲ့၍။ တီဒသာနံ၊ တာဝတိံသာ နတ်ဒေဝါတို့၏။ သဟဗျတံ၊ တကွဖြစ်ရာ အပေါင်းသဟာ၏ အဖြစ်သို့။ ဂတော၊ မုချမသွေ လားရောက်ရပေ၏။

ထိုအခါ နတ်သားကို ပုဏ္ဏားကြီးသည် ဤသို့မေးလေ၏။

၁၂၁၉။ အပ္ပံ ဝါ ဗဟုံ ဝါ နာဒ္ဒသာမ၊
ဒါနံ ဒဒန္တဿ သကေ အဂါရေ။
ဥပေါသထကမ္မံ ဝါ တာဒိသံ၊
ကေန ကမ္မေန ဂတောသိ ဒေဝလောကံ။

၁၂၁၉။ မာဏဝ၊ နတ်တို့နေရာ တာဝတိံသာတွင် ပြုံးကာပျော်ရွှင် သားလုလင်။ တွံ၊ သင်သည်။ သကေ အဂါရေ၊ မိမိနေရာ အိမ်ဂေဟာ၌။ အပ္ပံ ဝါ၊ မကြီးမကျယ် အနည်းငယ်လည်းဖြစ်သော။ ဗဟုံဝါ၊ ကြီးကျယ်ခမ်းနား များပြား လှသည်လည်းဖြစ်သော။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို။ ဒဒန္တဿ၊ ပေးလှူသည်ကို။ မယံ၊ ငါတို့သည်။ နာဒ္ဒသာမ၊ ဘယ်အခါမှ မမြင်ကြရ ကုန်။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ဥပေါသထကမ္မံဝါ၊ ဥပုသ်သီတင်း စောင့်သုံးခြင်း အမှုကိုလည်း။ နာ အဒ္ဒသာမ၊ ဘယ်အခါမှ မမြင်ကြရဖူးကုန်။ တွံ၊ သင်သည်။ ကေန ကမ္မေန၊ အဘယ်သို့ပြု ဘယ်ကောင်းမှုကြောင့်။ ဒေဝလောကံ၊ ချမ်းသာစည်းစိမ် ရိပ်ငြိမ်ပွားစည် နတ်တို့ပြည်သို့။ ဂတောသိ၊ မလွဲမဖောက် သွားရောက်ရသည်။ အသိ၊ ဖြစ်ပါသုနည်း။

ထိုအခါ လုလင်နတ်သားသည် ဤသို့ ပြန်လည်ဖြေကြားလေ၏။

http://www.dhammadownload.com

၁၂၂၀။ အာဗာဓိကောဟံ ဒုက္ခိတော ဂိလာနော၊
အာတုရရူပေါမှိ သကေ နိဝေသနေ။
ဗုဒ္ဓံ ဝိဂတရဇံ ဝိတိဏ္ဏကံခံ၊
အဒ္ဒက္ခိံ သုဂတံ အနောမပညံ။

၁၂၂၀။ ဗြာဟ္မဏ၊ ဟိဘဝက အဖတော်ငြား အို ... ပုဏ္ဏား။ အဟံ၊ ငါသည်။ သကေ နိဝေသနေ၊ မိမိနေရာ အိမ်ဂေဟာ၌။ အာဗာဓိကော၊ ကိုယ်မှာစွဲငြိ ရောဂါရှိသည်။ ဒုက္ခိတော၊ နေထိုင်ခဲခက် မသက်မသာ ကျင်နာဆင်းရဲခြင်းသို့ ရောက်သည်။ ဂိလာနော၊ ပြင်းထန်လှစွာ အဖျားရောဂါရှိသည်။ အမှိ၊ ဖြစ်ပြီ။ တဒါ၊ ဒုက္ခထပ်ထပ် စွဲကပ်၍လာ ထိုအခါ၌။ ဝိဂတရဇံ၊ ရာဂနှင့်တူ မြူမျှမရှိထသော။ ဝိတိဏ္ဏကံခံ၊ လွန်မြောက်ပြီးစွာ ဝိစိကိစ္ဆာ ရှိတော်မူသော။ သုဂတံ၊ ရွေးဘုရားတို့ အတူ ကောင်းသောလာခြင်း ရှိတော်မူသော။ အနောမပညံ၊ ယုတ်လျော့မရှိ ကောင်းစွာပြည့်သော ပညာရှိတော်မူသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ကို။ အဒ္ဒက္ခိံ၊ ဝမ်းမြောက်ကြည်လင် ဖူးမြင်လိုက်ရပါပြီ။

၁၂၂၁။ သွာဟံ မုဒိတမနော ပသန္နစိတ္တော၊
အဠလိံ အကရိံ တထာဂတဿ။
တာဟံ ကုသလံ ကရိတ္ဝာန ကမ္ပံ၊
တိဒသာနံ သဟဗျတံ ဂတောဟံ။

၁၂၂၁။ သွာဟံ=သော အဟံ၊ ထိုငါသည်။ မုဒိတမနော၊ ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍။ ပသန္နစိတ္တော၊ ညစ်ကြေးကင်းစင် ကြည်လင်သောစိတ်ရှိသည်ဖြစ်၍။ တထာဂတဿ၊ တစ်လောကလုံး ညွတ်ရုံးဦးတင် ဘုရားရှင်အား။ အဠလိံ၊ ကောင်းစွာတည်ကြည် လက်အုပ်ချီခြင်းကို။ အကရိံ၊ ပြုခဲ့ပြီ။ အဟံ၊ ငါသည်။ တံ ကုသလံ ကမ္ပံ၊ ထိုသို့ပြုလုပ် ကောင်းသောအလုပ်ကို။ ကရိတ္ဝာန၊ ပြုခဲ့သောကြောင့်။ တိဒသာနံ၊ တာဝတိံသာ နတ်များစွာတို့၏။ သဟဗျတံ၊ အတူတကွ ပေါင်းဖော်ရသည်၏ အဖြစ်သို့။ ဂတောဟံ၊ စင်စစ်မုချ ရောက်ရပေတော့၏။

ဤသို့ လုလင်နတ်သား ပြောကြားလိုက်သောအခါ ပုဏ္ဏားကြီး၏ ခန္ဓာကိုယ်အလုံးသည် နှစ်သက်မှုပီတိဖြင့် လွှမ်းဖုံးသွားလေ၏။ ထိုအကြောင်းကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

http://www.dhammadownload.com

၁၂၂၂။ အစ္ဆရိယံ ဝတ အစ္ဆုတံ ဝတ၊
အဋ္ဌလိကမ္မဿ အယမိဒိသော ဝိပါကော။
အဟမ္ပိ ပမုဒိတမနော ပဿန္နစိတ္တော၊
အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာမိ။

၁၂၂၂။ ဘော၊ အို အချင်းတို့။ အစ္ဆရိယံ ဝတ၊ အံ့ချီးဖွယ်ရာ ကောင်းပါပေစွတကား။ အစ္ဆုတံ ဝတ၊ မဖြစ်စဖူး အဖြစ်ထူးပေစွတကား။ ယသ္မာ၊ အကြောင်ကြောင့်။ အဋ္ဌလိကမ္မဿ၊ ဝမ်းမြောက်ရွှင်ကြည် လက်အုပ်ချီသောအမှု၏။ ဤဒိသီ၊ ဤသို့ သဘောရှိသော။ အယံ ဝိပါကော၊ တာဝတိံသာနတ်တို့ရွာ၌ စည်းစိမ်ဖွံ့ဖြိုး အစဉ်ခံစားရခြင်းဟူသော အကျိုးသည်။ ဟောတိ၊ ဖြစ်ရလေတော့၏။ တသ္မာ၊ ထို့ကြောင့်။ အဟမ္ပိ၊ အမှားကိုလိုက် စရိုက်လွဲမှား ငါပုဏ္ဏားသည်လည်း။ မုဒိတမနော၊ အစဉ်လျှမ်းတောက် ဝမ်းမြောက်သောစိတ် ရှိသည်။ ပသန္နစိတ္တော၊ ညစ်ကြေးကင်းစင် ကြည်လင်သော စိတ်ရှိသည်။ ဟုတ္တွာ၊ ဖြစ်၍။ အဇ္ဇေဝ၊ ရက်လမရွေ့ ဤယနေ့ပင်လျှင်။ ဗုဒ္ဓံ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ကို။ သရဏံ၊ ဆည်းကပ်ကြည်ညို မှီခိုအားထားရာဟူ၍။ ဝဇာမိ၊ မဖင့်မထောင့် သွားရောက် ဆည်းကပ်ပါတော့အံ့။

ထိုအခါ ပုဏ္ဏားအား နတ်သားသည် တိုက်တွန်းလိုသည်ဖြစ်၍ အောက်ပါနှစ်ဂါထာကို ဆိုလေ၏။

၁၂၂၃။ အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဝဇာဟိ၊
ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။
တထေဝ သိက္ခာယ ပဒါနိ ပဉ္စ၊
အခဏ္ဍဖုလ္လာနိ သမာဒိယသ္သု။

၁၂၂၃။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တွံ၊ သင်သည်။ အဇ္ဇေဝ၊ ရက်လမရွေ့ ခုယနေ့ပင်။ ပသ စိတ္တော၊ အမှားကင်းစင် ကြည်လင်သော စိတ်ရှိသည်ဖြစ်၍။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ ကိလေသာဓာတ် ညှဉ်းသတ်ပယ်ခွာ ရှစ်ပါးသော အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဝဇာဟိ၊

http://www.dhammadownload.com

ယုံကြည်လေးမြတ် ဆည်းကပ်ပါလေလော့။ တထေဝ၊ ထိုနည်းမခြား အလားတူသာလျှင်။ သိက္ခာယ၊ အဓိစိတ္တ၊ အဓိပညာ နှစ်ဖြာသောသိက္ခာ၏။ ပဒါနိ၊ အမှန်စင်စစ် အခြေခံအကြောင်းရင်း ဖြစ်ကြကုန်သော။ ပဋ္ဌ၊ ငါးပါးကုန်သော။ သီလာနိ၊ သီလတော်မြတ်တို့ကို။ ကတွာ၊ အလားအမြတ်ပြု၍။ သမာဒိယဿု၊ အကုသိုလ်ပယ်ရှား ကုသိုလ်ပွားအောင် စိတ်တားခိုင်ကျည် ဆောက်တည်ပါလေလော့။

၁၂၂၄။ ပါဏာတိပါတာ ဝိရမဿု ဓိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယဿု။
အမဇ္ဇပေါ မာ စ မုသာ ဘဏာဟိ၊
သကေန ဒါရေန စ ဟောဟိ တုဋ္ဌော။

၁၂၂၄။ ပါဏာတိပါတာစ၊ သူ၏အသက်ကို သတ်ခြင်းမှလည်း။ ဓိပ္ပံ၊ မကြန့်မကြာ လျင်မြန်စွာ။ ဝိရမဿု၊ လုံးဝကင်းအောင် သတိဆောင်၍ ကြဉ်ရှောင်ပါလေလော့။ လောကေ၊ ဝေနေအပေါင်း နိုအောင်းနေကြ လောကကြီးထဲ၌။ အဒိန္နံ၊ ပိုင်ရှင်ကိုယ်နုတ် ဖွင့်ထုတ်မြွက်ဟ မပေးသမျှသော ဥစ္စာအဝဝကို။ ပရိဝဇ္ဇယဿု၊ နိုးဝှက်ယူငင် ထာဝစဉ်သာ ရှောင်ကြဉ်ပါလေလော့။ အမဇ္ဇပေါစ၊ မူးလျှင်သော့သွမ်း ထင်ရာရမ်းလျက် ဘဝပျက်မည် သေအရည်ကို မသောက်သည်လည်း။ ဟောတိ၊ အမြင်မမှား အစဉ်အားဖြင့် ထင်ရှားမသွေ ဖြစ်ပါလေလော့။ မုသာ၊ မမှန်ကန်သော စကားကို။ မာ စ ဘဏာဟိ၊ ဘယ်တော့ခါမျှ မပြောမဆို ပါလေလင့်။ သကေန၊ အမှန်စင်စစ် မိမိကိုယ်ပိုင်ဖြစ်သော။ ဒါရေန စ၊ ကြင်ရာသက်ထား မယားဖြင့်သာလျှင်။ တုဋ္ဌော၊ ရောင့်ရဲမပျက် တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောဟိ၊ စင်စစ်မသွေ ဖြစ်ပါလေလော့။

ဤသို့ နတ်သား တိုက်တွန်းသည်ကို ပုဏ္ဏားကြီးက ဝန်ခံလိုသည်ဖြစ်၍ အောက်ပါဂါထာတို့ကို ဆိုလေ၏။

၁၂၂၅။ အတ္ထကာမောသိ မေ ယက္ခ၊ ဟိတကာမောသိ ဒေဝတေ၊
ကရောမိ တုယ္ဟံ ဝစနံ၊ တံသီ အာစရိယော မမ

၁၂၂၅။ ယက္ခ၊ ငါ့အကျိုးလိုလို၍ ငါ့ကို တိုက်တွန်းငြား အို ... နတ်သား။ တံ၊ သင်သည်။ မေ၊ အကျွန်ုပ်၏။ အတ္ထကာမော၊ အကျိုးသက်သက် လိုလားနှစ်သက်သည်။ အသိ၊ မလွဲအစစ်အမှန် ဖြစ်၏။ ဒေဝတေ၊ အို ... အမောင်နတ်သား။ တံ၊

http://www.dhammadownload.com

တန်ခိုးလက်ထိန် နတ်စည်းစိမ်ကို မြိန်ယှက်ခံစား သင်နတ်သားသည်။ မော၊ ငါ၏။ ဟိတကာမော၊ အစီးအပွား လိုလားနှစ်သက်သူသည်။ အသိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ တုယ္ဟံ၊ သင်၏။ ဝစနံ၊ ကောင်းရာညွှန်ကြား တိုက်တွန်းစကား ကို။ ကရောမိ၊ လိုက်နာပြုကျင့်ပါတော့အံ့။ တွံ၊ သင်သည်။ မမ၊ ငါ၏။ အာ စရိယော၊ ကျနသွန်သင် ပဲ့ပြင်ပေတတ် ကျေးဇူးရှင် ဆရာမြတ်သည်။ အသိ၊ အမှန်အစစ် ဧကန်ဖြစ်ပေ၏။

၁၂၂၆။ ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဉ္စာပိ အနုတ္တရံ၊
သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အဟံ။

၁၂၂၆။ ယက္ခ၊ အကျိုးလိုငြား အို ... နတ်သား။ အဟံ၊ သင့်တိုက်တွန်းမှု အကြောင်းပြု၍ အမှန်သို့ ရောက်ရသောငါသည်။ အနုတ္တရံ၊ မြတ်ထက်မြတ်တော် မူသော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဉ္စာပိ၊ မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း ကောင်း။ သရဏံ သရဏံဂ္ဂတိ၊ အားထားမှီတွယ် ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ အမြဲမပြတ် ဆည်းကပ်ပါ၏။ နရဒေဝဿ၊ လူတို့၏နတ် ဘုရားရှင်ကိုယ်တော်မြတ် ၏။ သံဃဉ္စ၊ ချစ်သားကျောက်မော် ရှစ်ပါးသော အရိယာ သံဃာတော်ကိုလည်း။ သရဏံ၊ ဆင်းရဲပယ်ခွင်း ချမ်းသာခြင်းကို ပေးတတ်၏ဟူ၍။ ဂစ္ဆာမိ၊ ယုံကြည် လေးမြတ်စွာ ဆည်းကပ်ပါ၏။

၁၂၂၇။ ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နော စ မုသာ ဘဏာမိ၊
သကေန ဒါရေန စ ဟောမိ တုဋ္ဌော။

၁၂၂၇။ ယက္ခ၊ အကျိုးလိုငြား အို အမောင်နတ်သား။ အဟံ၊ ငါသည်။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှလည်း။ ခိပ္ပံ၊ မကြန့်မကြာ လျင် မြန်စွာ။ ဝိရမာမိ၊ လုံးဝကင်းအောင် သတိဆောင်၍ ကြဉ်ရှောင်ပါ၏။ လောကေ၊ ဝေနေအပေါင်း ခိုအောင်းနေကြ လောကကြီးထဲ၌။ အဒိန္နံ၊ ပိုင်ရှင်ကိုယ်နှုတ် ဖွင့် ထုတ်မြွက်၍ မပေးသမျှသော ဥစ္စာအဝဝကို။ ပရိဝဇ္ဇယာမိ၊ ခိုးဝှက်ယူငင် ထာဝစဉ် သာ ရှောင်ကြဉ်ပါ၏။ အမဇ္ဇပေါ စ၊ မူးလျှင်သော့သွမ်း ထင်ရာရမ်းလျက် ဘဝ

http://www.dhammadownload.com

ပျက်မည် သေအရည်ကို မသောက်သည်လည်း။ ဟောမိ၊ အမြင်မမှား အစဉ်အား ဖြင့် ထင်ရှားဖြစ်ပါ၏။ မုသာ၊ မမှန်ကန်သောစကားကို။ နော စ ဘဏာမိ၊ ဘယ်တော့အခါမှ မပြောမဆိုတော့ပါ။ သကေန၊ အမှန်စစ်စစ် မိမိကိုယ်ပိုင်ဖြစ် သော။ ဒါရေန စ၊ ကြင်လျာသက်ထား ချစ်မယားဖြင့်သာလျှင်။ တုဋ္ဌော၊ ရောင့်ရဲ မပျက် ်တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောမိ၊ စင်စစ်မှန်စွာ ဖြစ်ကာနေထိုင်ပါ တော့အံ့။

ပုဏ္ဏားကြီး ဗုဒ္ဓထံသို့သွား

ထို့နောက် နတ်သားသည် "ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်သွားလေ၏။ ပုဏ္ဏားကြီးသည်လည်း မြတ်စွာဘုရား၌ ကောင်းစွာဖြစ်သော မြတ်နိုးခြင်းရှိသည် လည်း တစ်ကြောင်း၊ နတ်သားသည် တိုက်တွန်းအပ်သည်လည်း တစ်ကြောင်း တို့ကြောင့် "ရဟန်းဂေါတမကို ဆည်းကပ်ရတော့အံ့" ဟု ကြံစည်၍ ကျောင်းတော် သို့ ရှေးရှုသွားလေ၏။

ပုဏ္ဏားကြီးနောက် လူတို့လိုက်ကြပုံ

ထိုကျောင်းသို့သွားသော ပုဏ္ဏားကြီးကိုမြင်၍ လူအပေါင်းသည် "ဤပုဏ္ဏား ကြီးသည် ဤမျှလောက်သော ကာလပတ်လုံး မြတ်စွာဘုရားကို မဆည်းကပ်မူ၍ ယခုမှသာ သားတည်းဟူသော စိုးရိမ်သောကကြောင့် ဆည်းကပ်ရာလေ၏၊ အဘယ်သို့ သဘောရှိသော ဓမ္မဒေသနာသည် ဖြစ်လတ္တံ့နည်း" ဟု ကြံစည်ကြ ပြီးကာ ထိုပုဏ္ဏားကြီး၏နောက်သို့ အစဉ်တစိုက် လိုက်ကြလေ၏။

ပုဏ္ဏားလျှောက်ထား ဗုဒ္ဓဖြေကြားခြင်း

ပုဏ္ဏားကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ဆက်စပ်စကား လျှောက် ထားပြီးလျှင် ဤသို့ မေးမြန်းလေ၏။ "အရှင်ဂေါတမ၊ အသို့ပါနည်း၊ တစ်စုံတစ်ခု သော အလှူဝတ္ထုကို မပေးလှူဘဲ သီလကိုလည်း မဆောက်တည်ဘဲ သက်သက် အရှင်ဘုရားတို့၌ ကြည်ညိုကာမျှဖြင့် နတ်ပြည်၌ဖြစ်ခြင်းငှာ စွမ်းနိုင်ပါသလော ဘုရား"။ ထိုအခါ မြတ်စွာဘုရားသည် "ပုဏ္ဏားကြီး၊ ယနေ့ မိုးသောက်ကာလက မဋ္ဌကုဏ္ဍလီမည်သော နတ်သားသည် သူ၏နတ်ပြည်၌ ဖြစ်ရခြင်းအကြောင်းကို သင့်အား ပြောဆိုသည် မဟုတ်ပါလော" ဟု မိန့်ကြားတော်မူ၏။

http://www.dhammadownload.com

နတ်သား သက်သေပြ

ထိုခဏ၌ မဋ္ဌကုဏ္ဍလီနတ်သားသည် ဗိမာန်နှင့်တကွလာ၍ ကိုယ်ကို ထင်ရှားပြလျက် ဗိမာန်မှ သက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် လက်အုပ်ချီ၍ သင့်တင့်လျောက်ပတ်သောအရပ်၌ ရပ်တည်နေလာလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုပရိသတ်၌ နတ်သားပြုအပ်ခဲ့သော သုစရိုက်ကို ပြောပြစေ၍ ပရိသတ်စိတ် တည်တံ့ခဲ့ထည်သည်၏ အဖြစ်ကိုသိ၍ တရားတော်မြတ်ကို ဟောတော်မူလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ နတ်သားသည်လည်းကောင်း၊ ပုဏ္ဏားကြီးသည်လည်းကောင်း၊ စည်းဝေးရောက်လာသော ပရိသတ်သည်လည်းကောင်း ဤသို့အားဖြင့် ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် ထိုးထွင်း၍ သိမြင်ကြသည် ဖြစ်လေကုန်၏။

မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု ပြီး၏။

၁၀။ သေရီသကဝိမာနဝတ္ထု

အရှင်ကုမာရကဿပ ဟောကြားပြသ ဆုံးမ၍ နောင်ဘဝရှိ၏ ဟူသော အယူမှန်ဖြင့် တရားမှန်ကိုသိကာ ဥပါသကာ ဒါယကာ အဖြစ် ငါးဖြာသောသီလတို့ကို စောင့်ထိန်းခဲ့သော်လည်း ကုသိုလ်ပြုရာတွင် ရိုသေမှုမရှိသောကြောင့် အဖော်မဲ့ ဗိမာန်တွင် ပျင်းရိစွာ ဝင်စံ၍နေရသော ပါယာသိရာဇညနတ်သား။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်ရှိသော် အရှင်ကုမာရကဿပ မထေရ်သည် ငါးရာသော ရဟန်းတို့နှင့်တကွ သေတဗျမြို့သို့ ရောက်တော်မူလေ၏။ ထိုသေတဗျမြို့၌ မိမိထံ ရောက်လာသော ပါယာသိရာဇညမင်းအား ဖောက်ပြန်မှားယွင်းသော အယူကို ပယ်စွန့်စေ၍ မဖောက်မပြန် မှန်ကန်ကောင်းမြတ်သော အမြင်၌ တည်စေ၏။ ပါယာသိရာဇညမင်းသည် ထိုနေ့မှစ၍ ကောင်းမှု

http://www.dhammadownload.com

ကုသိုလ်ကို ဆည်းပူး၍ အလှူကို ပေးလှူသော်လည်း မိစ္ဆာအယူ လေ့ကျက်ခဲ့ဖူးသော ဝါသနာကြောင့် မရိုမသေ အလှူပေး၍ နောက်အခါ သေသည်ရှိသော် စတုမဟာရာဇဓံနတ်ပြည်၌ နတ်သမီး၊ နတ်သားတို့မှ ဆိတ်သုဉ်းသော ငြီးငွေ့ဖွယ်ရာ တစ်ယောက်တည်းသာ နေရရှာသည့် သေရီသကဒီမာန်၌ ဖြစ်ရရှာလေ၏။

ပြုခဲ့သောကောင်းမှုနှင့် ကောင်းမှု၏အကျိုး

လွန်လေပြီးသောအခါ ကဿပဘုရားရှင်၏ လက်ထက်တော်၌ ရဟန္တာ မထေရ်မြတ်တစ်ပါးသည် တစ်ခုသောရွာ၌ ဆွမ်းခံလှည့်ပြီးသော် ရွာ၏ပြင်ဘက် ဟစ်ခုသောအရပ်၌ နေ့စဉ်နေ့တိုင် ဆွမ်းဘုဉ်းပေးတော်မူ၏။ ထိုသို့ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြုတော်မူနေသည်ကို တစ်ယောက်သော နွားကျောင်းသားသည် မြင်၍ "အရှင်မြတ်သည် နေပူထဲမှ ကြွလာတော်မူရသောကြောင့် နွမ်းနယ်ပင်ပန်း၍ နေပေ၏" ဟု ကြည်ညိုသော စိတ်ရှိလည်ဖြစ်၍ လေးခုသော ကုက္ကိုတိုင်တို့ဖြင့် သစ်ခက်မဏ္ဍပ်ကို ဆောက်လုပ်ပူဇော်နိုင်းလေ၏။ ထိုနွားကျောင်းသားသည် စုတေသေလွန်သည်ရှိသော် ထိုပြုစုစိုက်ပျိုးခဲ့သော ကုသိုလ်ကောင်းမှုကြောင့်ပင် လျှင် စတုမဟာရာဇဓံနတ်ပြည်၌ နတ်သားဖြစ်ရလေ၏။

ထိုနတ်သား၏ ရှေးကောင်းမှုကို ထင်စွာပြသောအားဖြင့် ထိုနတ်သား စံပျော်ရာ ဗိမာန်တံခါး၀၌ ကုက္ကိုတောသည် ဖြစ်ပေါ်လေ၏။ ထိုကုက္ကိုတောသည် အဆင်းရုပ်၊ သင်းပျံ့လှိုင်ထုံ မွှေးကြိုင်ကုန်သော ပန်းတို့ဖြင့် အခါခပ်သိမ်း တင့်တယ်ကုန်၏။ ထို့ကြောင့် ထိုဗိမာန်သည် "သေရီသကဒီမာန်" ဟူ၍ ထင်ရှားလေ၏။

ထိုနတ်သားသည် နှစ်ဆူသော ဘုရားရှင်တို့၏ တစ်ခုသောအကြား ကာလပတ်လုံး နတ်ပြည်တို့၌လည်းကောင်း၊ လူ့ပြည်တို့၌လည်းကောင်း ကျင်လည်လျက် ငါတို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ယဿမထေရ်၏ အဆွေခင်ပွန်း ဖြစ်ကုန်သော ဝိမလအစရှိသော လေးယောက်သော သူဌေးသားတို့တွင် ဂဝံပတိ အမည်ရှိသည်ဖြစ်၍ ဘုရားရှင်၏ တရားတော်ကို ကြားနာရပြီး တရားဒေသနာတော်၏အဆုံး၌ ရဟန္တာဖြစ်လေ၏။ ရှေး၌ လေ့ကျက်ခဲ့ဖူးသော ဝါသနာ၏ အစွမ်းဖြင့် ထိုနတ်သမီး နတ်သားတို့မှ ဆိတ်သုဉ်းသော သေရီသကဒီမာန်ကို မြင်၍ နေ့သန့်စင်ခြင်းကို ပြုတော်မူခြင်းငှာ မပြတ်ကြွတော်မူ၏။

F-57B

http://www.dhammadownload.com

ဂဝံပတိမထေရ်နှင့် နတ်သားတို့ တွေ့ဆုံခြင်း

ထိုဂဝံပတိမထေရ်မြတ်သည် အခါတစ်ပါး ထိုသေရီသကဝိမာန်နှင့် ပါယာသိနတ်သားကို မြင်တော်မူ၍ "ငါ့ရှင်၊ သင်ကား အဘယ်သူနည်း" ဟု မေးတော်မူသည်။ ထိုနတ်သားသည်လည်း "အရှင်ဘုရား၊ တပည့်တော်သည် ပါယာသိရာဇာ မင်းပါဘုရား၊ ဤစတုမဟာရာဇ်နတ်ပြည်၌ ရောက်၍နေပါ၏" ဟု လျှောက်ထားလေ၏။ ဤသို့ လျှောက်သည်ရှိသော် ပါယာသိရာဇာ၊ သင်သည် 'ကုသိုလ် အကုသိုလ်တို့၏ အကျိုးအပြစ်သည် မရှိ' ဟူသော မိစ္ဆာအယူ ရှိ၍ လျက် အဘယ့်ကြောင့် ဤနတ်ပြည်၌ ဖြစ်ရပါသနည်း" ဟု မေးမြန်းတော်မူ၏။ ထိုအခါ ပါယာသိနတ်သားသည် "အရှင်ဘုရား၊ တပည့်တော်အား အရှင်ကုမာရကဿပမထေရ်မြတ်သည် တမလွန်ဘဝမရှိ စသော မှားသောအမြင်မှ စွန့်စေအပ်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပါကုန်သော်လည်း ရှိသေစွာ မပြုလုပ်မိသောကြောင့် နတ်သမီး နတ်သားတို့မှ ဆိတ်သုဉ်းသော ဗိမာန်၌ ဖြစ်ရပါသည် ဘုရား" ဟု လျှောက်ထားလေ၏။

ကောင်းမှုပြုနည်း ညွှန်ကြား

"အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါ၏၊ လူ့ပြည်သို့ ရောက်သော အခါ၌ တပည့်တော်၏ အခြံအရံဖြစ်သော လူအပေါင်းအား ဤသို့ မိန့်ကြားတော်မူပါကုန်ဘုရား၊ 'ပါယာသိရာဇာမင်းသည် မရှိမသေ အလှူပေးသောကြောင့် နတ်သမီး နတ်သားတို့မှ ဆိတ်သုဉ်းသော သေရီသကဝိမာန်သို့ ရောက်၍နေရ၏၊ သင်တို့သည်ကား ရှိသေစွာ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန်၍ ထိုဗိမာန်၌ ဖြစ်ခြင်းငှာ စိတ်ကို တောင့်တကြကုန်လော့' ဤသို့ မိန့်ကြားတော်မူပါဘုရား" ဟု လျှောက်ထားလေ၏။ အရှင်ဂဝံပတိမထေရ်သည်လည်း ထိုနတ်သားအား သနားတော်မူသဖြင့် ထိုမှာလိုက်သည့်အတိုင်း မိန့်ကြားတော်မူ၏။ ထိုလူအပေါင်းတို့သည်လည်း မထေရ်မြတ်၏ စကားတော်ကို ကြား၍ ထိုသို့သော အခြင်းအရာဖြင့် စိတ်ကိုတောင့်တ၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကုန်သည်ရှိသော် သေရီသကဝိမာန်၌ ဖြစ်ကြကုန်၏။

http://www.dhammadownload.com

ခရီးစောင့်ရာထူး

သေရီသကနတ်သားကိုကား ဝေဿဝဏ်နတ်မင်းကြီးသည် အရိပ်ရေမှကင်းသော သဲကန္တာရဖြစ်သော ခရီးခဲ၌ ခရီးသွားဖြစ်သူ လူအပေါင်းတို့အား ဘီလူးတို့၏ ဘေးရန်မှ လွတ်မြောက်စေခြင်းအကျိုးငှာ ခရီးစောင့်ရာထူးကို ပေးလေ၏။

အခါတစ်ပါး၀ယ် အင်္ဂတိုင်း မဂဓတိုင်းသား ကုန်သည်တို့သည် လှည်းတစ်ထောင်တို့ဖြင့် သိန္ဓုတိုင်း သောဝီရတိုင်းတို့ကို သွားကြသည်။ သဲကန္တာရ၌ နေ့အခါ နေပူမည့်ဘေးကို ကြောက်သဖြင့် ခရီးမသွားဘဲ ည၌အခါ၌ နက္ခတ်ကို မှတ်သား၍ ခရီးသွားကြကုန်၏။ ထိုကုန်သည်တို့သည် ခရီးလမ်းမှားကာ တစ်ပါးသောအရပ်သို့ ရောက်ကြလေကုန်၏။ ထိုကုန်သည်တို့အတွင်း၌ သီလနှင့် ပြည့်စုံသော ဥပါသကာတစ်ယောက် ပါဝင်၏။ ထိုဥပါသကာသည် အရဟာတ္တဖိုလ်သို့ ရောက်ခြင်း၏အကြောင်း ဥပနိဿယနှင့်လည်း ပြည့်စုံ၏။ အမိအဖတို့ကို လုပ်ကျွေးအံ့သောငှာ ကုန်သွယ်သွားလာ၏။ ထိုဥပါသကာကို ချီးမြှောက်လိုသည်ဖြစ်၍ သေရီသကနတ်သားသည် ကုန်သည်တို့အား ဗိမာန်နှင့်တကွ မိမိကိုယ်ကို ပြလေ၏။ "သင်တို့သည် အရိပ်, ရေမှကင်းသော ဤသဲကန္တာရခရီးခဲသို့ အဘယ့်ကြောင့် သွားကြကုန်သနည်း" ဟု မေးလေ၏။ ထိုကုန်သည်တို့သည်လည်း မိမိတို့ ထိုအရပ်သို့ လာခဲ့ရခြင်းအကြောင်းကို နတ်သားအား ပြောပြကြကုန်၏။

နတ်သားနှင့် ကုန်သည်တို့ အပြန်အလှန် ပြောကြပုံ

၁၂၂၈။ သုဏောထ ယက္ခသ စ ဝါဏိဇာန စ၊
သမာဂမော ယတ္ထ တဒါ အဟောသိ။
ယထာ ကထံ ဣတရီတရေန စာပိ၊
သုဘာသိတံ တဋ္ဋ သုဏာထ သဗ္ဗေ။

၁၂၂၉။ ယော သော အဟု ရာဇာ ပါယာသီ နာမ၊
ဘုမ္မာနံ သဟဗျဂတော ယသဿီ။
သော မောဒမာနောဝ သကေ ဝိမာနေ၊
အမာနုသော မာနုသေ အဗ္ဘဘာသိ။

၁၂၂၈။ ဘောန္တော၊ အို ... သူတော်စင်တို့။ ယက္ခသစ၊ ပါယာသီ ရဂ္ဂစိုးနတ်သား၏လည်းကောင်း။ ဝါဏိဇာန စ–ဝါဏိဇာနံ စ၊ အင်္ဂ, မဂဓတိုင်းသား

http://www.dhammadownload.com

ဘုရားရှင်သည် ဆင်ဖြူလားမင်းကို ဆုံးမတော်မူပုံ။

http://www.dhammadownload.com

http://www.dhammadownload.com

ကုန်သည်တို့၏ လည်းကောင်း။ ယတ္ထ၊ အကြင် သဲကန္တာရအရပ်တွင်။ တဒါ၊ ထို ခရီးမှာ၍ သွားသောအခါ၌။ သမာဂမော၊ ပေါင်းဖော်ဆုံမိကြသည်။ အဟောသိ၊ ဖြစ်၏။ တံ၊ ထိုအကြောင်းကို။ သုဏာထ၊ နားထောင်ကြကုန်လော့။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဣတရိတရေနစာပိ၊ နတ်သားနှင့်လူ အပြန်အလှန် မေးဖြေသောအားဖြင့်။ သုဘာသိတံ၊ ကောင်းစွာ ပြောဆိုအပ်သော။ ကထံ စ၊ စကားသည်လည်း။ အဟောသိ၊ ဖြစ်၏။ တဋ္ဌ၊ တစ်ယောက်တစ်လှည့် မေးဖြေခဲ့ငြား ထိုစကားကိုလည်း။ သဗ္ဗေ၊ အလုံးစုံသောသူတို့သည်။ သုဏာထ၊ နားထောင်ကြပါကုန်လော့။

၁၂၂၉။ ယသဿီ၊ များပြားလှသော အခြံအရံရှိသော။ ပါယာသိနာမ၊ ပါယာသိ အမည်ရှိသော။ ယော ရာဇာ၊ အကြင် ဘုရင်မြတ်သည်။ အတ္ထိ၊ ရှိပေ၏။ သော၊ ထိုမင်းမြတ်သည်။ ဘုမ္မာနံ၊ ဘုမ္မစိုးနတ်တို့၏။ သဟဗျဂတော၊ ပေါင်းဖော်ဖက်အဖြစ်သို့ ရောက်သည်။ အဟု၊ ဖြစ်ပြီ။ သော အမာနုသော၊ ထိုဘုမ္မစိုးနတ်သည်။ သကေ ဝိမာနေ၊ မိမိစိုးစံ နန်းဗိမာန်၌။ မောဒမာနောဝ၊ ဝမ်းမြောက်ရွှင်လန်းစွာသာလျှင်။ မာနုသေ၊ လူတို့ကို။ အဖျဘာသိ၊ ဤသို့ ပြော ဆိုလေ၏။

ရုက္ခစိုးနတ်သား၏ အမေး

၁၂၃၀။ ဝကော် အရညေ အမနုဿဘူမနေ၊
ကန္တာရေ အမ္ဘေါဒကေ အပွဘက္ခေ။
သုဒုဂ္ဂမေ ဝဏ္ဏုပထဿ မဗ္ဘေ၊
ဝင်္ကဘယာ နဒ္ဓမနာ မနုဿာ။

၁၂၃၁။ နယိဓ ဖလာ မူလမယာ စ သန္တိ၊
ဥပါဒါနံ နတ္ထိ ကုတော'ဓ ဘက္ခော။
အညတြ ပံသုဟိ စ ဝါလုကာဟိ စ၊
တတာဟိ ဥဏ္ဏာဟိ စ ဒါရုဏာဟိ စ။

၁၂၃၀–၁။ ဘောန္တော ဝါဏိဇာ၊ အို ... ကုန်သည်တို့။ ယတ္ထ၊ အကြင်အရပ်၌။ ပဝိဋ္ဌာနံ၊ ဝင်ရောက်ကြကုန်သော။ တုမှေ၊ သင်ကုန်သည်တို့သည်။ အတ္ထာနံ၊ မိမိတို့၏။ ဝကော်၊ အသက်သေရမည် မသေရမည်ဟု မသိအပ်ထသော့။ အရညေ၊

http://www.dhammadownload.com

အရိပ်နှင့်ရေ နှစ်ထွေကင်းသော တောလည်းဖြစ်သော။ အမနုဿဘူမိနေ၊ ဘီလူးတို့၏ နေရာလည်းဖြစ်သော။ အပွေါဒကေ၊ ရေလည်းမရှိသော။ အပွဘက္ခေ၊ စားသောက်ဖွယ်လည်း မရှိထသော။ သုဒုဂ္ဂမေ၊ အလွန်ပင် ခက်ခဲစွာသော။ ဝဏ္ဏုပထဿ၊ သဲကန္တာရခရီး၏။ မဇ္ဈေ၊ ဗဟိုအလယ်၌ဖြစ်သော့။ ကန္တာရေ၊ သဲကန္တာရ၌။ ဝက်ဘယာ၊ ရှေ့ဖြစ်မည့်ဘေးတွေး၍ ကြောက်လန့်ဖွယ်ရာ ဘေးဘယာ ရှိသောကြောင့်။ နဋ္ဌမနာ၊ ပျက်ပြားသောစိတ် ရှိကုန်သော။ မနုဿာ၊ အို ... အပေါင်းလူတို့။ ဣဓ၊ ဤသဲကန္တာရခရီး၌။ ဖလာ၊ သစ်သီးတို့သည်လည်းကောင်း။ မူလမယာ စ၊ သစ်ရွက် သစ်ဥ အမြစ်ဖုတို့သည်လည်းကောင်း။ န သန္တိ၊ အစာမရှိကြကုန်။ ဣဓ၊ ဤအရပ်၌။ ဥပါဒါနံ၊ မီးလောင်စာမျှသည်လည်း။ နတ္ထိ၊ ဒိဋ္ဌမျက်မြင် မရှိသည်သာလျှင်တည်း။ တတာဟိ၊ ရဲရဲပြောင်ပြောင် တောက်လောင်ကုန်သော။ ဥဏှာဟိ စ၊ ပူလည်း ပူလောင်လှကုန်သော။ ဒါရုဏာဟိ စ၊ ကြမ်းလည်း ကြမ်းကြုတ်ကုန်သော။ ဝါလုကာဟိ၊ သဲတို့ကိုလည်းကောင်း။ ပံသူဟိ၊ မြေမှုန့်တို့ကိုလည်းကောင်း။ အညတြ၊ ကြဉ်ထား၍။ အညော၊ အခြားသော။ ဘက္ခော၊ စားစရာသည်။ ဣဓ၊ ဤသဲကန္တာရအရပ်၌။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါမည်နည်း။

၁၂၃၂။ ဥဒ္ဓင်္ကံလံ တတ္တမိဝံ ကပါလံ၊
အနာယသံ ပရလောကေန တုလ္ယံ။
လုဒ္ဓါနုမာဝါသမိဒံ ပုရာဏံ၊
ဘူမိပ္ပဒေသော အဘိသတ္တရူပေါ။

၁၂၃၃။ အထ တုမေ ကေန ဝဏ္ဏေန၊
ကိမာသမာနာ ဣမံ ပဒေသံ ဟိ။
အနုပဝိဋ္ဌာ သဟသာ သမေစ္စ၊
လောဘာ ဘယာ အထ ဝါ သမ္ဘမ္ဘာ။

၁၂၃၂။ ဥဒ္ဓင်္ကံလံ၊ အလွန်ခြောက်သွေ့သော။ တတ္တံ၊ အဇ္ဈေ့အပူ တလူလူထသော။ ကပါလံ ဣဝ၊ ဒယ်အိုးကင်းကဲ့သို့။ အနာယသံ၊ ချမ်းသာလည်း မရှိကုန်သော။ ပရလောကေန၊ ငရဲအိုးနှင့်။ တုလ္ယံ၊ အလားတူသော။ လုဒ္ဓါနံ၊ ကြမ်းကြုတ်ကုန်သော။ ပုရာဏံ၊ နေရာဟောင်းဖြစ်သော။ ဝိသာစာဒီနံ၊ မြေဖုတ်ဘီလူး

http://www.dhammadownload.com

စသည်တို့၏။ အာဝါသံ အာဝါသဘူတံ၊ ကျင်လည်ကျက်စား သွားလာရာ နေရာ ဖြစ်သော။ ဣဒံ ဌာနံ၊ ဤအရပ်သည်။ ဟောတိ၊ အမှန်ဖြစ်ပေ၏။ ဧသော ဘူမိပ္ပဒေသော၊ ဤမြေအရပ်သည်။ အဘိသတ္တရူပေါ၊ အလွန် ကြောက်မက်ဖွယ်သော သဘောရှိ၏။

၁၂၃၃။ အထ၊ ထိုသို့ ကြောက်မက်ဖွယ် ရှိပါလျက်။ တုမှေ၊ သင်လူတို့သည်။ ကေန ဝဏ္ဏေန၊ ဘယ်အကြောင်းကြောင့်။ ကိံ၊ အဘယ်ကို။ အာသမာနာ၊ တောင့်တကုန်သည်ဖြစ်၍။ ဣမံ ပဒေသံ၊ ဤအရပ်သို့။ အနုပဝိဋ္ဌာ၊ ဝင်ရောက်လာကုန်သနည်း။ သဟသာ၊ ဆောလျင်စွာ။ သမေစ္စ၊ မဆင်ခြင်မိသည်ဖြစ်၍။ လောဘာ၊ လောဘနိုင်ငံသို့ လိုက်သည်ဖြစ်၍။ အနုပဝိဋ္ဌာ၊ ဝင်ရောက်လာကုန်သလော။ ဘယာ၊ ဘေးရှိသည်ဖြစ်၍။ အနုပဝိဋ္ဌာ၊ ဝင်ရောက်လာကုန်သလော။ အထ ဝါ၊ ထိုသို့မဟုတ်မူကား။ သမ္မမူဠှာ၊ လမ်းမှားသည်ဖြစ်၍။ အနုပဝိဋ္ဌာ၊ ဝင်ရောက်လာကြကုန်သလော။ ဣတိ၊ ဤသို့။ ယက္ခော၊ နတ်သားသည်။ ပုစ္ဆိ၊ မေးလေ၏။

ကုန်သည်တို့အဖြေ

ယခုအခါ၌ ကုန်သည်တို့သည် နတ်သားအား ဤသို့ ပြောဆိုကြကုန်၏။

၁၂၃၄။ မာဂဓေသု အဂၢံသု စ သတ္ထဝါဟာ၊
အာရောပယိတ္ထာ ပဏိယံ ပုထုတ္တံ။
တေ ယာမသေ သိန္ဓုသောဝီရဘူမိံ၊
ဓနတ္ထိကာ ဥဒ္ဒယံ ပတ္ထယာနာ။

၁၂၃၄။ ယက္ခ၊ အရှင်နတ်သား။ မဂဓေသု စ၊ မဂဓတိုင်းတို့၌လည်းကောင်း။ အဂ်ေသု စ၊ အင်္ဂတိုင်းတို့၌လည်းကောင်း။ သတ္ထဝါဟာ၊ ကုန်သည်ဖြစ်ကုန်သော။ တေ မယံ၊ ထိုငါတို့သည်။ ဓနတ္ထိကာ၊ ဥစ္စာဓန အလိုရှိကြကုန်သည်ဖြစ်၍။ ဥဒ္ဒယံ၊ ပွားများသောဥစ္စာကို။ ပတ္ထိယာနာ၊ တောင့်တကြကုန်သည်ဖြစ်၍။ ပုထုတ္တံ၊ များစွာသော။ ပဏိယံ၊ ရောင်းချဖွယ်ရာ ဥစ္စာဘဏ္ဍာကို။ အာရောပယိတ္ထာ၊ လှည်းနှင့်အပြည့် တင်ကြကုန်၍။ သိန္ဓုသောဝီရဘူမိံ၊ သိန္ဓုတိုင်း, သောဝီရတိုင်းသို့လည်း။ ယာမသေ၊ သွားကြရပါကုန်၏။

http://www.dhammadownload.com

၁၂၃၅။ ဒိဝါ ဝိပါသံ'နဓိဝါသယန္တာ၊
ယောဂ္ဂါနုကမ္မဋ္ဌ သမေက္ခမာနာ။
ဇတေန ဝေဂေန အာယာမ သဗ္ဗေ၊
ရတ္တိ မဂ္ဂံ ပဋိပန္နာ ဝိကာလေ။

၁၂၃၅။ ဒိဝါ၊ နေ့လယ်ခင်း၌။ ဝိပါသံ၊ ရေတံခြောင်းကို။ အနဓိဝါသယန္တာ၊ သည်းခံခြောင်းငှာ မစွမ်းနိုင်ကုန်သည် ဖြစ်ပါ၍။ ယောဂ္ဂါနုကမ္မဋ္ဌ၊ နွားသတ္တဝါကို သနားညှာတာသည်ဖြစ်၍။ သမေက္ခမာနာ၊ ဖြည်းဖြည်းသာသာ ဆင်ခြင်ကာ။ ဝိကာလေ၊ အချိန်ခါမဲ့ဖြစ်သော။ ရတ္တိ၊ နေရှိန်ကင်းကွာ ညဉ့်ချိန်ခါ၌။ မဂ္ဂံ၊ လမ်းခရီးသို့။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ တေ မယံ၊ ကုန်သည်ဖြစ်သော ထိုငါတို့သည်။ အာယာမ၊ ထွက်ခွာသွားကြပါကုန်၏။ ဇတေန ဝေဂေန၊ မောင်းနှင်ပြီးတုံ ဤအဟုန်ဖြင့်။ ပဋိပန္နာ၊ ပေါင်းဆုံပြီးကာ သွားကြပါကုန်၏။

၁၂၃၆။ တေ ဒုပ္ပယာတာ အပရဒ္ဓမဂ္ဂါ၊
အန္ဓာကုလာ ဝိပ္ပနဋ္ဌာ အရညေ။
သုဒုဂ္ဂမေ ဝဏ္ဏုပထဿ မဇ္ဈေ၊
ဒိသံ နာ ဇာနာမ ပမူဠှစိတ္တာ။

၁၂၃၇။ ကုဒဋ္ဌ ဒိသွာန အဒိဋ္ဌပုဗ္ဗံ၊
ဝိမာနသေဋ္ဌဉ္စ တဝဉ္စ ယက္ခ။
တတုတ္တရိံ ဇိဝိတမာသမာနာ၊
ဒိသွာ ပတီတာ သုမနာ ဥဒဂ္ဂါ။

၁၂၃၆။ တေ မယံ၊ ကုန်သည်ဖြစ်သော ထိုငါတို့သည်။ ဒုပ္ပယာတာ၊ ပင်ပန်းခက်ခဲစွာ သွားကြရကုန်သည်။ အပရဒ္ဓမဂ္ဂါ၊ ယွင်းမှားသော ခရီးရှိကုန်သည်။ အန္ဓာကုလာ၊ လူကန်းကဲ့သို့ နှောင့်ယှက်ကုန်သည်။ ဝိပ္ပနဋ္ဌာ၊ မှောက်မှားသော ခရီးရှိကုန်သည်။ ဟုတ္တာ၊ ဖြစ်၍။ အရညေ၊ လူသူမနီးသည့် တောလည်းဖြစ်သော။ သုဒုဂ္ဂမေ၊ အလွန်ပင် ခက်ခဲစွာသွားအပ်သော။ ဝဏ္ဏုပထဿ၊ ဘေးရန်ထန်သီးသဲခရီး၏။ မဇ္ဈေ၊ ဗဟိုအလယ်၌။ ပမူဠှစိတ္တာ၊ တွေဝေသောစိတ် ရှိကြကုန်သည် ဖြစ်၍။ ဒိသံ၊ အရှေ့အနောက် တောင်မြောက်စွာ အရပ်မျက်နှာကို။ နာဇာနာမ၊ မသိရှိကြပါကုန်။

http://www.dhammadownload.com

၁၂၃၇။ ယက္ခ၊ အို ... နတ်သား။ အဒိဋ္ဌပုဗ္ဗံ၊ ရှေးဦး မမြင်ဖူးသော။ ဣဒဉ္စ ဝိမာနသေဋ္ဌဉ္စ၊ ဤဗိမာန်မြတ်ကိုလည်းကောင်း။ ဘဝဉ္စ၊ သင်နတ်သားကိုလည်းကောင်း။ ဒိသွာန၊ တွေ့မြင်ကြရပေသောကြောင့်။ တတုတ္တရိံ၊ ထို့ထက်အလွန်။ ဇိဝိတံ၊ အသက်ရှင်ခြင်းကို။ အာသမာနာ၊ တောင့်တကုန်သော ငါတို့သည်။ တွံ၊ သင့်ကို။ ဒိသွာ၊ သိမြင်ရသောကြောင့်။ ပတိတာ၊ လန်းရွှင်ကြကုန်သည်။ သုမနာ၊ ဝမ်းမြောက်ခြင်းသို့ ရောက်ကုန်သည်။ ဥဒဂ္ဂါ၊ ပီတိဧေဖြင့် တက်ကြွလန်းရွှင်ကြကုန်သည်။ ဧတာ၊ ဖြစ်ကြပါကုန်၏။ ဣတိ၊ ဤသို့။ ဝါဏီဧာ၊ ကုန်သည်တို့သည်။ ဝဒန္တိ၊ ပြောပြကြကုန်၏။

ဤသို့ ကုန်သည်တို့က မိမိတို့၏ ဖြစ်ရပုံကို ထင်ရှားပြသည်ရှိသော် နတ်သားသည် ဤသို့ မေးမြန်းလေ၏။

၁၂၃၈။ ပါရံ သမုဒ္ဒဿ ဣမဿ ဝဏ္ဏံ၊
ဧတ္တာဘရံ သကုံပထဿ မဂ္ဂံ။
နဒီယော ပန ပဗ္ဗတာနဉ္စ ဒုဂ္ဂါ၊
ပုထုဒ္ဒိသာ ဂစ္ဆထ ဘောဂဟေတု။

၁၂၃၉။ ပက္ခန္ဒိယာန ဝိဇိတံ ပရေသံ၊
ဧရဇ္ဇကော မာနသေ ပေက္ခမာနာ။
ယံ ဧဝါ သုတံ ဝါ အထ ဝါပိ ဒိဋ္ဌံ၊
အဏ္ဍေရကံ ဟံ ဧဝါ သုဏောမ တာတာ။

၁၂၃၈။ ဘောန္တော ဝါဏိဧော၊ အို ... ကုန်သည်တို့။ သမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏။ ပါရဉ္စ၊ ကမ်းတစ်ဖက်သို့လည်းကောင်း။ ဣမဿ ဤဒီသံ၊ ဤသို့ ယခုတွေ့မြင်သည့်အတိုင်း။ ဝဏ္ဏံ စ၊ သဲဖုတ်ခရီးသို့လည်းကောင်း။ ဧတ္တာဘရံ၊ ကြိမ်နွယ်ကိုဆွဲ၍ တက်ရသော။ မဂ္ဂံ စ၊ လမ်းခရီးသို့လည်းကောင်း။ သကုံပထံ၊ သစ်ငုတ်တို့ကိုစိုက်၍ သွားအပ်သော။ မဂ္ဂံ စ၊ လမ်း ခရီးသို့လည်းကောင်း။ နဒီယော စ၊ မြစ်တို့ကိုလည်းကောင်း။ ပဗ္ဗတာနဉ္စ၊ ကျောက်တောင် သဲတောင်တို့၏လည်း။ ဒုဂ္ဂါ၊ မပြေမချောသော အရပ်သို့လည်းကောင်း။ ပုထုဒိသာ၊ များသော အရပ်မျက်နှာတို့သို့လည်းကောင်း။ ဘောဂဟေတု၊ စည်းစိမ်ဟူသော အကြောင်းအရာကြောင့်။ ဂစ္ဆထ၊ သွားကြပေကုန်၏။

http://www.dhammadownload.com

၁၂၃၉။ ဘောန္တော ဝါဏိဇာ၊ အို ... ကုန်သည်တို့။ ပရေသံ၊ တစ်ပါးသော မင်းတို့၏။ ဝိဇိတံ၊ တိုင်းနိုင်ငံအရသို့။ ပက္ခန္ဒိယာန၊ သက်ဝင်မိကုန်၍။ ဝေရဇ္ဇကေ၊ နိုင်ငံခြားဌ နေကုန်သော။ မာနုသေ၊ ကုန်သည်ဖြစ်သူ သင်လူတို့ကို။ ပေက္ခမာနာ၊ မျှော်လင့်ကြပါကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ဂစ္ဆထ၊ သွားကြရပါကုန်သလော။ ယံ ဝစနံ၊ အကြင်စကားကို။ ဝေါ၊ ကုန်သည်ဖြစ်သူ သင်လူတို့သည်။ သုတံဝါ၊ ကြားမူလည်း ကြားအပ်ပါ၏လော။ အထ ဝါပိ၊ ထိုမှတစ်ပါးလည်း။ ဒိဋ္ဌံ ဝါ၊ တွေ့မြင်မူလည်း တွေ့မြင်အပ်ပါ၏လော။ အစ္ဆေရကံ၊ အံ့ဩဖွယ်ရှိသော။ တံဝစနံ၊ ထိုစကားကို။ တာတာ၊ အို ... ကုန်သည်များတို့။ ဝေါ၊ သင်တို့၏။ သန္တိကေ၊ အထံ၌။ သုဏောမ၊ သိလိုလှပါကုန်၏။ ဣတိ၊ ဤသို့။ ယက္ခော၊ ရက္ခစိုး နတ်သည်။ အတ္တနော၊ မိမိ၏။ ဝိမာနဿ၊ ဗိမာန်၏။ အစ္ဆရိယဘာဝံ၊ အံ့ချီးဖွယ်ရှိသည်၏ အဖြစ်ကို။ တေသံ၊ ထိုကုန်သည်တို့နှင့်။ ကထာပေတုကာမော၊ စကားပြောဆို လိုသည်ဖြစ်၍။ ပုစ္ဆတိ၊ မေးလေ၏။

ဤသို့ နတ်သားက မေးအပ်သည်ရှိသော် ကုန်သည်တို့သည် ဤသို့ ပြောဆိုကြကုန်၏။

၁၂၄၀။ ဣတောပိ အစ္ဆေရတရံ ကုမာရ၊
နနုနော သုတံ ဝါ အထ ဝါပိ ဒိဋ္ဌံ။
အတီတမာနုဿကမေဝ သဗ္ဗံ၊
ဒိဿာ နု တပ္ပါမ အနောမဝဏ္ဏံ။

၁၂၄၀။ ကုမာရ၊ အို ... သတို့သား။ ကန္တံ၊ နစ်သက်ဖွယ်ရှိသော။ ဣတောပိ၊ ဤဗိမာန်ထက်လည်း။ အစ္ဆေရတရံ၊ ပိုမို၍ အံ့ဩဖွယ်ရှိသော ဗိမာန်ကို။ နနု၊ အကျွန်ုပ်တို့သည်။ နု သုတံ ဝါ၊ ကြားလည်း မကြားဖူးသေးပါ။ အထ ဝါ၊ ထိုမှတစ်ပါးလည်း။ နု ဒိဋ္ဌံ ဝါ၊ မြင်လည်း မမြင်ဖူးသေးပါ။ အတီတမာနုဿကမေဝ၊ ရှေးရှေးအခါ ဤလူ့ရွာ၌သာလျှင်ဖြစ်သော။ အနောမဝဏ္ဏံ၊ မြတ်သော အရောင်အဆင်းလည်းရှိသော။ သဗ္ဗံ၊ အဆင်တန်ဆာ အစုံစုံတို့ဖြင့် တင့်တယ်နေသော သင်နတ်သားကို။ ဒိဿာ၊ တွေ့မြင်ပေသောကြောင့်။ နု တပ္ပါမ၊ ရွှတိုင်းမစဲ မရောင့်ရဲနိုင်ကြပါကုန်။

၁၂၄၁။ ဧဟာယသံ ပေါက္ခရညော သဝန္တိ၊
ပတူဘမလျာ ဗဟုပုဏ္ဏရိကာ။

http://www.dhammadownload.com

ဒုမာ စိမေ နိစ္စဖလူပပန္နာ၊
အတီဝ ဂန္ဓာ သုရဘိ ပဝါယန္တိ။

၁၂၄၁။ ဘော၊ အို ... အမောင်။ တေ၊ သင်၏။ ဝေဟာယသံ၊ မိုးကောင်းကင်၌။ ပေါက္ခရညော၊ နတ်ရေကန်တို့သည်။ သဝန္တိ၊ ကျစီးဆင်းကုန်၏။ ပဟူတမလျာ၊ ဆန်းကြယ်ဝေဆာ များစွာသော ပန်းလည်းရှိကုန်၏။ ဗဟုပုဏ္ဍရီကာ၊ များစွာသော ပုဏ္ဍရိက်ကြာပန်းလည်း ရှိကုန်၏။ ဣမေ ဒုမာစ၊ ဤသစ်ပင်တို့သည်လည်း။ နိစ္စဖလူပပန္နာ၊ အသီးနှင့် ပြည့်စုံကုန်၏။ အတီဝ၊ အလွန်သာလျှင်။ သုရဘိ၊ ရနံ့ကောင်းသော။ ဂန္ဓာ၊ ပန်းရနံ့တို့သည်။ ပဝါယန္တိ၊ သင်းပျံ့ကြိုင်ထုံလှိုင်ကုန်၏။

၁၂၄၂။ ဝေဠုရိယထမ္ဘာ သတမုဿိတာသေ၊
သိလာပဝါဠသ စ အာယတံသာ။
မသာရဂလ္လာ သဟလောဟိတင်္ကာ၊
ထမ္ဘာ ဣမေ ဇောတိရသာမယာသေ။

၁၂၄၂။ ဝေဠုရိယထမ္ဘာ၊ ကြောင်မျက်ရွဲဖြင့်ပြီးသော တိုင်တို့သည်။ သတမုဿိတာသေ၊ အစောက်အားဖြင့် အတောင်တစ်ရာ ရှိကုန်၏။ သိလာပဝါဠသ စ၊ ကျောက်သန္ဓာ အဆင်အသွေးအားဖြင့် တောက်ပကုန်၏။ အာယတံသာ၊ ရှုစ်သွယ်သော အမြှောင့်ရှိကုန်၏။ မသာရဂလ္လာ၊ ပတ္တမြားပြောက်ကျောက်ဖြင့် ပြီးကုန်၏။ သဟလောဟိတင်္ကာ၊ ပတ္တမြားနီဖြင့် ပြီးကုန်၏။ ဣမေထမ္ဘာ၊ ဤတိုင်တို့သည်။ ဇောတိရသာမယာသေ၊ ဇောတိရသကျောက်တို့ဖြင့် စီခြယ်ထားကုန်၏။

၁၂၄၃။ သဟဿထမ္ဘံ အတုလာနုဘာဝံ၊
တေသူ'ပရိ သာဓုမိဒံ ဝိမာနံ။
ရတနန္တရံ ကဉ္စနဝေဒိမိဿံ၊
တပနီယပဋ္ဌေဟိ စ သာဓုဆန္နံ။

၁၂၄၃။ အတုလာနုဘာဝံ၊ တူသူမရှိသော တန်ခိုးအာနုဘော်ရှိသော။ သဟဿထမ္ဘံ၊ တစ်ထောင်သော တိုင်လည်းရှိသော။ တေသံ၊ ထိုတိုင်တို့၏။ ဥပရိ၊

http://www.dhammadownload.com

အထက်၌။ ရတနန္တရံ၊ အထူးထူး အပြားပြား အခြားကုန်သော ရတနာမျိုးတို့နှင့် ယှဉ်သော။ ကဉ္စနဝေဒိမိသော်၊ ရွှေပွတ်လုံး အသွယ်သွယ်တို့ဖြင့် ကာရံအပ်သော။ တပနီယပဋိဟာ၊ ရွှေပြား ငွေပြားတို့ဖြင့်။ သာဓုဆန္နံ၊ ကောင်းစွာမိုးအပ်သော။ တဝ၊ သင်နတ်သား၏။ ဣဒံ၊ ဝိမာနံ၊ ဤဗိမာန်သည်။ သာဓု၊ ကောင်းမွန်လှပါပေ၏။

၁၂၄၄။ ဇမ္မောနဒုတ္တတ္တမ္မိဒံ သုမဇ္ဇော၊
ပါသာဒသောပါနဖလူပပန္နော။
ဒဇ္ဇော စ ဝဂ္ဂူ စ သုသင်္ဂတော စ၊
အတီဝ နိဇ္ဈာနဒမော မနုညော။

၁၂၄၄။ ကုမာရ၊ အို ... သတို့သားလေး။ တေ၊ သင်၏။ ဣဒံ ဝိမာနံ၊ ဤဗိမာန်သည်။ ဥတ္တတ္တံ၊ လှော်ပြီးသော။ ဇမ္မောနဒံ၊ ဇမ္ဗူရာဇ်ရွှေရောင်ကဲ့သို့ တပြောင်ပြောင် တောက်ပ၏။ သုမဇ္ဇော၊ ကောင်းစွာပြေပြစ်၏။ ပါသာဒ သောပါန ဖလူပပန္နော၊ ပြာသာဒ်ဆောင်၊ လှေကားစောင်းတန်း၊ ပျဉ်ချပ်နှင့်လည်း ပြည့်စုံ၏။ ဒဇ္ဇော စ၊ လှုပ်ရှားမနိုင် ခိုင်လည်း ခိုင်ခံ့၏။ ဝဂ္ဂူစ၊ အလွန်လှပ ကောင်းမွန်စွာ တွက်လည်း တက်ကြွ၏။ သုသင်္ဂတောစ၊ အလွန် စေ့စပ်ဆက်သွယ်ခြင်းလည်း ရှိ၏။ အတီဝ၊ အလွန်သာလျှင်။ နိဇ္ဈာနဒမော၊ ကြည့်ရှုခြင်းငှာလည်း ခံ့၏။ မနုညော၊ မြင်သူအားလုံး ရွှင်ပြုံးနှစ်လိုဖွယ်လည်း ရှိ၏။

၁၂၄၅။ ရတနန္တရသ္မိံ ဗဟုအန္နပါနံ၊
ပရိဝါရိတော အစ္ဆရာသင်္ဃောန။
မုရဇအာလမ္ဗရတူရိယဃုဇ္ဇော၊
အဘိဝန္ဒိတောသိ ထုတိဝန္ဒနာယ။

၁၂၄၅။ ရတနန္တရသ္မိံ၊ ရတနာမျိုးဖြင့်ပြီးသော ဗိမာန်တွင်း၌။ ဗဟုအန္နပါနံ၊ များစွာသော နတ်ထမင်း နတ်အဖျော်လည်း ရှိ၏။ အစ္ဆရာသင်္ဃောန၊ နတ်သမီးအပေါင်းနှင့်။ ပရိဝါရိတော၊ ခြံရံအပ်၏။ မုရဇအာလမ္ဗရတူရိယဃုဇ္ဇော၊ ဗုံတို ဗုံရှည် မုရိုးစည် ပလွေ မောင်း စည် စောင်းစတွာ နတ်တူရိယာအသံတို့ဖြင့် တခြိမ့်ခြိမ့်ညံအောင် ကျူးရင့်၍နေ၏။ ထုတိဝန္ဒနာယ၊ ချီးမွမ်းရိုသေခြင်းဖြင့်။ အဘိဝန္ဒိတော၊ ချီးမွမ်းရိုသေထိုက်သည်။ အသိ၊ ဖြစ်ပါပေ၏။

http://www.dhammadownload.com

၁၂၄၆။ သော မောဒသိ နာရီဂဏပပွဇောဓနော၊
ဝိမာနပါသာဒဝရေ မနောရမေ။
အစိန္တိယော သဗ္ဗဂုဏူပပန္နော၊
ရာဇာ ယထာ ဝေဿဝဏော နဠိနျာ။

၁၂၄၆။ သော၊ ထို သင်နတ်သားသည်။ နာရီဂဏပပွဇောဓနော၊ နတ်သမီး အပေါင်းတို့ဖြင့် နှိုးကြားစေလျက်။ မနောရမေ၊ နှလုံးမွေ့လျော် ဖျော်ဖွယ်ရာရှိသော။ ဝိမာနပါသာဒဝရေ၊ ဗိမာန်နန်းတော် မြတ်သော ပြာသာဒ်ပေါ်၌။ အစိန္တိယော၊ မကြံစည်အပ်သော အာနုဘော်ရှိသော။ သဗ္ဗဂုဏူပပန္နော၊ အလုံးစုံသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော။ နဠိနျာ၊ နဠိနီမည်သော ကစားရာအရပ်၌။ ဝေဿဝဏော၊ ဝေဿဝဏ် အမည်ရှိသော။ ရာဇာယထာ၊ နတ်မင်းကြီးကဲ့သို့။ မောဒသိ၊ ကြည်ပြိုးရွှင်ပျော် မွေ့လျော်ရပါပေ၏။

၁၂၄၇။ ဒေဝေါ နု အာသိ ဥဒဝါသိ ယက္ခော၊
ဥဒါဟု ဒေဝိန္ဒော မနုဿဘူတော။
ပုစ္ဆာမိ တံ ဝါဏိဇ သတ္ထဝါဟာ၊
အာစိက္ခ ကော နာမ တုဝံသိ ယက္ခော။

၁၂၄၇။ ကုမာရ၊ အို ... သတို့သားလေး။ တံ၊ သင်သည်။ ဒေဝေါ၊ အရှင်နည်းသားသည်။ အာသိနု၊ ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်သေးပါက။ ယက္ခော၊ အသားစားကြူး မြေဖုတ်ဘီလူးသည်။ အာသိနု၊ ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်သေးပါက။ ဒေဝိန္ဒော၊ နတ်များသေခြင်နင်း သိကြားမင်းသည်။ အာသိနု၊ ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်သေးပါက။ မနုဿဘူတော၊ လူသားစင်စစ်သည်။ အာသိနု၊ ဖြစ်လေသလော။ တံ၊ သင်သတို့သားကို။ ဝါဏိဇ သတ္ထဝါဟာ၊ ရောင်းဝယ်လှည့်လည် လှည်းကုန်သည်တို့သည်။ နု ဇာနန္တာ၊ နတ်သိကြား ဘီလူးလားဟု ခွဲခြားပိုင်ပိုင် မသိနိုင်ကြကုန်သည်ဖြစ်၍။ ပုစ္ဆာမိ၊ မေးမြန်းကြပါကုန်၏။ တုဝံ၊ သင်သည်။ ကောနာမ ယက္ခော၊ အဘယ်မည်သော နတ်မျိုးသည်။ အသိ၊ ဖြစ်ပါသနည်း။ အမှေ၊ ကုန်သည်ငါတို့ကို။ အာစိက္ခ၊ ပြောကြားပါလော့။

ယခုအခါ၌ ထိုနတ်သားသည် မိမိကိုယ်ကို သိစေလိုသည်ဖြစ်၍ ဤသို့ ပြောဆိုလေ၏။

http://www.dhammadownload.com

၁၂၄၈။ သေရီသကော နာမ အဟမ္မိ ယက္ခော၊
ကန္တာရိယော ဝဏ္ဏုပထမ္ဒိ ဂုတ္တော။
ကွမ် ပဒေသံ အဘိပါလယာမိ၊
ဝစနကရော ဝေဿဝဏသ္သ ရညော။

၁၂၄၈။ ဘောန္တော ဝါဏိဇာ၊ အို ... ကုန်သည်တို့။ အဟံ၊ ငါသည်။ သေရီသကောနာမ၊ ကုက္ကို့တောဗိမာန် စိုးစံနေရသောကြောင့် သေရီသက အမည်ရှိသော။ ယက္ခော၊ နတ်သားသည်။ အမ္ဒိ၊ ဖြစ်ပါ၏။ ကန္တာရိယော၊ ခရီးခဲ၌ ကြပ်မတ်စောင့်ရှောက်နေရသော။ ဝဏ္ဏုပထမ္ဒိ၊ သဲခရီး၌။ ဂုတ္တော၊ လုံခြုံစေတတ်သော။ ယက္ခော၊ နတ်ကောင်းနတ်မြတ် လမ်းစောင့်နတ်သည်။ အမ္ဒိ၊ ဖြစ်ပါ၏။ ဝေဿဝဏသ္သ ရညော၊ ဝေဿဝဏ်နတ်မင်းကြီး၏။ ဝစနကရော၊ အမိန့်ကို နာခံရသူဖြစ်ပါ၍။ ကွမ် ပဒေသံ၊ ဤသဲကန္တာရ အရပ်ကို။ အဘိပါလယာမိ၊ စောင့်ရှောက်ရပေ၏။ ကွတိ၊ ဤသို့။ ဒေဝပုတ္တော၊ နတ်သားသည်။ ဝါဏိဇေ၊ ကုန်သည်တို့ကို။ ဇာနာပေသိ၊ သိစေ၏။

ကုန်သည်တို့သည် ထိုနတ်သား၏အလုပ် စသည်တို့ကို မေးလိုကြကုန်သည်ဖြစ်၍ ဤသို့ ပြောဆိုကြကုန်၏။

၁၂၄၉။ အဓိစ္စလဒ္ဓံ ပရိဏာမဓံ တော၊
သယံကတံ ဥဒါဟု ဒေဝေဟိ ဒိန္နံ။
ပုစ္ဆာမိ တံ ဝါဏိဇာ သတ္ထဝါဟာ၊
ကထံ တယာ လဒ္ဓမိဒံ မနုညံ။

၁၂၄၉။ ဘော ဒေဝပုတ္တ၊ အို ... နတ်သား။ တေ၊ သင်နတ်သားအား။ ကွဒံ ဝိမာနံ၊ ဤဗိမာန်နန်းကို။ အဓိစ္စလဒ္ဓံ၊ အလိုလို ရအပ်ဘိသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ပရိဏာမဓံ၊ ရှေးကံပေါင်းဆုံခြင်းကြောင့် ရအပ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ သဟ်ကတံ၊ သင်နတ်သားကိုယ်တိုင် လုပ်ကိုင်အပ်ပါသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဒေဝေဟိ၊ အရှင်နတ်မင်းကြီးသည်။ ဒိန္နံ၊ ဖန်ဆင်းပေးအပ်ပါသလော။ တံ၊ သင်နတ်သားကို။ ဝါဏိဇာ သတ္ထဝါဟာ၊ ကုန်သည်အပေါင်းတို့သည်။ ပုစ္ဆာမိ၊ မေးမြန်းကြပါကုန်၏။ ကထံ၊ အဘယ်သို့လျှင်။ တယာ၊ သင်နတ်သားသည်။ မနုညံ၊ နှစ်သက်မွေ့လျော်ဖွယ်ရှိသော။ ကွဒံ၊ ဤဗိမာန်နန်းကို။ လဒ္ဓံ၊ ရအပ်ပါသနည်း။

http://www.dhammadownload.com

ယခုအခါ နတ်သားသည် အခြားအကြောင်းတို့ကိုပယ်၍ ကောင်းမှုကိုသာ လျှင် ရည်ညွှန်းလိုသဖြင့် ဤသို့ ပြောဆိုလေ၏။

၁၂၅၀။ နာဓိစ္စလဒ္ဓံ နု ပရိဏာမဇံ မေ၊
နု သယံကတံ နု ဟိ ဒေဝေဟိ ဒိန္နံ။
သကေဟိ ကမ္မေဟိ အပါပကေဟိ၊
ပုညေဟိ မေ လဒ္ဓမိဒံ မနုညံ။

၁၂၅၀။ ဘောန္တော ဝါဏိဇာ၊ အို ... ကုန်သည်များတို့။ မေ၊ ငါသည်။ အဓိစ္စလဒ္ဓံ၊ အလိုလို ရအပ်သည်။ နု၊ မဟုတ်ပါ။ ပရိဏာမဇံ၊ ရှေးကံပေါင်းဆုံခြင်းကြောင့် ရအပ်သည်။ နု၊ မဟုတ်ပါ။ သယံ၊ မိမိကိုယ်တိုင်။ ဣဒ္ဓိယာ၊ နတ်တန်ခိုးဖြင့်။ နု ကတံ၊ ဧကန်ဆတ်ဆတ် မပြုအပ်ပါ။ ဒေဝေဟိ၊ အရှင်နတ်မင်းကြီးတို့သည်လည်း။ နု ဒိန္နံ၊ ပေးအပ်သည် မဟုတ်ပါ။ သကေဟိ ကမ္မေဟိ၊ မိမိပြုလုပ်အပ်ကုန်သော။ အပါပကေဟိ၊ ညစ်ကြေးမတင် ဖြူစင်ကောင်းမြတ်ကုန်သော။ ပုညေဟိ၊ ကုသိုလ်မြတ်ကောင်းမှုတို့ကြောင့်။ မေ၊ ငါသည်။ မနုညံ၊ မွေ့လျော်ဖွယ်ရှိသော။ ဣဒံ၊ ဤဗိမာန်နန်းကို။ လဒ္ဓံ၊ ကောင်းစွာမသွေ ရအပ်ပေ၏။

ထိုစကားကိုကြား၍ ကုန်သည်တို့သည် အခြားအကြောင်းများကိုလည်း ဤသို့ မေးမြန်းကြကုန်၏။

၁၂၅၁။ ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။
ပုစ္ဆာမ ဘံ ဝါဏိဇာ သတ္ထဝါဟာ၊
ကထံ တယာ လဒ္ဓမိဒံ ဝိမာနံ။

၁၂၅၁။ ဘောဒေဝပုတ္တ၊ အို ... နတ်သား။ တေ၊ သင်၏။ ဝတံ၊ ဆောက်တည်အပ်သော အကျင့်သည်။ ကိံ၊ အဘယ်ပါနည်း။ ဗြဟ္မစရိယံ၊ အကျင့်မြတ်သည်။ ကိံ ပန၊ အဘယ်ပါနည်း။ အယံ ဝိပါကော၊ ဤအကျိုးသည်။ ကိဿ သုစိဏ္ဏဿ၊ အဘယ်ကောင်းသော အလေ့အကျက်၏။ ဝိပါကော၊ အကျိုးပါနည်း။ ဝါဏိဇာ သတ္ထဝါဟာ၊ ကုန်သည်တို့သည်။ တံ၊ သင်နတ်သားကို။ ပုစ္ဆာမ၊ မေးမြန်းကြပါကုန်၏။ ကထံ၊ အဘယ်သို့လျှင်။ တယာ၊ သင်နတ်သားသည်။ ဣဒံ ဝိမာနံ၊ ဤဗိမာန်နန်းကို။ လဒ္ဓံ၊ ရအပ်ပါသနည်း။

http://www.dhammadownload.com

တစ်ဖန်နတ်သားသည် မိမိကိုယ်ကိုလည်းကောင်း အကြင်အကြင် ဆည်းပူးအပ်သော ကုသိုလ်ကိုလည်းကောင်း ပြလိုသည်ဖြစ်၍ အောက်ပါဂါထာတို့ကို ဆိုလေ၏။

၁၂၅၂။ မမံ ပါယာသီတိ အဟု သမညာ၊
ရဒ္ဓံ ယဒါ ကာရယိ ကောသလာနံ။
နတ္ထိကဒိဋ္ဌိ ကဒရိယော ပါပဓမ္မော၊
ဥစ္ဆေဒဝါဒီ စ တဒါ အဟောသိ။

၁၂၅၂။ ဘောန္တော ဝါဏိဇာ၊ အို ... ကုန်သည်တို့။ မမံ၊ ငါ၏။ ပါယာသီတိ သမညာ၊ ပါယာသိဟူသော အမည်ရှိသည်။ အဟု၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ ကောသလာနံ၊ ကောသလတိုင်းတို့၏။ ရဒ္ဓံ၊ မင်းအဖြစ်ကို။ ကာရယိ၊ ပြုခဲ့ပြီ။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ နတ္ထိကဒိဋ္ဌိ၊ ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုးဆိုးကျိုးမရှိဟူသော နတ္ထိကအယူရှိသည်။ ကဒရိယော၊ နှမြောစေးနဲ့စဉ်းလဲသည်။ ပါပဓမ္မော၊ မကောင်းယုတ်မာသော တရားရှိသည်။ ဥစ္ဆေဒဝါဒီ၊ သတ္တဝါများ စုတေသွားလျှင် သစ်ပင်ပမာ ပြတ်ကာတောက်လျှောက် နောက်နောက်ဘဝ ဖြစ်ပြန်ရခြင်း မရှိဟူသော နတ္ထိကအယူရှိခဲ့သည်လည်း။ အဟောသိ၊ ဖြစ်ပြီ။

၁၂၅၃။ သမဏော စ ခေါ အာသိ ကုမာရကဿပေါ၊
ဗဟုဿုတော စိတ္တကထီ ဥဠာရော။
သော မေ တဒါ ဓမ္မကထံ အဘာသိ၊
ဒိဋ္ဌိဝိသူကာနိ ဝိနောဒယီ မေ။

၁၂၅၃။ ယဒါ၊ အကြင်အခါ၌။ ဗဟုဿုတော၊ များသော အကြားအမြင် ရှိသော။ စိတ္တကထီ၊ ဆန်းကြယ်သော စကားကိုဆိုတတ်သော။ ဥဠာရော၊ မြင့်မြတ်လှသော။ ကုမာရကဿပေါ၊ ကုမာရကဿပဟု ဘွဲ့အမည်ရှိတော်မူသော။ သမဏော စ၊ ကိလေဒြိမ်းပြတ် ရဟန်းတော်မြတ်သည်လည်း။ ခေါ၊ စင်စစ်။ အာသိ၊ သာသနာတွင် ပေါ်လွင်မသွေ ရှိသည်ဖြစ်လေ၏။ တဒါ၊ ထိုအခါ၌။ သော၊ ကုမာရကဿပခေါ် ထိုရဟန်းတော်သည်။ မေ၊ အယူမှောက်မှားသော ငါ့အား။ ဓမ္မကထံ၊ တရားစကားကို။ အဘာသိ၊ ဆန်းကြယ်လှစွာ ဥပမာနှင့်

http://www.dhammadownload.com

ကောင်းစွာမသွေ ဟောကြားတော်မူပေ၏။ မေ၊ ငါ၏။ ဒိဋ္ဌဝိသူကာနိ၊ မှားသော အယူဟူသော ငြောင့်ဟူသမျှတို့ကို။ ဝိနောဒယိ၊ အစွန်းအစ မကျန်ရအောင် ပယ်ချ နုတ်ပစ်တော်မူခဲ့၏။

အခါတစ်ပါး၌ အရှင်ကုမာရကဿပ မထေရ်မြတ်သည် ငါးရာသော ရဟန်းတို့နှင့်တကွ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူရာ သေတဗျမြို့သို့ ရောက်တော်မူလေ၏။ ထိုမြို့ကို အုပ်စိုးသူကား "ပါယာသိ" မည်၏။ ဦးထိပ်၌ အဘိသိက်မသွန်းသောကြောင့် "ရာဇာ" မမည်၊ "ရာဇည" ဟူသော အမည်သာရ၏။

ပြဿနာမေးပြီ

အရှင်ကုမာရကဿပသည် ဆန်းပြားစွာသော တရားစကား ဟောကြားတော်မူတတ်ကြောင်း သတင်းစကားကို ထိုပါယာသိရာဇညသည် ကြားရ၍ ပုဏ္ဏား သူကြွယ်တို့နှင့် အတူသွားကာ ရှိခိုးပြီးလျှင် ပြဿနာအဖြာဖြာတို့ကို မေးလျှောက်လေ၏။

ပါယာသိရာဇညအား အရှင်ကုမာရကဿပသည် မှားယွင်းသောအယူ မိစ္ဆာဒိဋ္ဌိဘဝမှ မှန်ကန်သောအယူ သမ္မာဒိဋ္ဌိဘဝရောက်အောင် ဟောဖော်ညွှန်ပြ ချေဖျက်တော်မူခဲ့သည်။

၁။ လ,နေ။ ၂။ ငရဲ။ ၃။ နတ်။ ၄။ တာဝတိံသာ။ ၅။ မျက်မမြင်။ ၆။ ပုဏ္ဏေးမ။ ၇။ အိပ်မက်။ ၈။ သံတွေခဲ။ ၉။ ခရုသင်း။ ၁၀။ မီးပွတ်ခုံ။ ၁၁။ လှည်းကုန်သည်။ ၁၂။ ဝက်မွေးသူ။ ၁၃။ ကြွေအန်မျိုသူ။ ၁၄။ လျှော်ထမ်းသူ။ ၁၅။ လယ်သမားဥပမာတို့ ဖြစ်ကြသည်။

ပါယာသိ၏အမေးကို ၁။ လ, နေ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ တပည့်တော်သည် ဤဘဝမှ အခြားသော တမလွန်ဘဝ မရှိဟူ၍လည်းကောင်း၊ ကောင်းကင်ကျ 'ဩပပါတိက' သတ္တဝါမရှိဟူ၍လည်း ကောင်း၊ ကောင်းမှုက် မကောင်းမှုက်တို့၏ အကျိုးအပြစ်မရှိဟူ၍ယည်းကောင်း အယူရှိပါ၏ဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်ကုမာရကဿပမထေရ်မြတ်က "ဒါယကာ ပါယာသိရာဇည၊ ငါသည် ဤသို့ဆိုသူ အယူရှိသူကို မမြင်စဖူး မကြားဖူးပေ၊ သင့်ကို ငါပြန်၍

http://www.dhammadownload.com

မေးဦးအံ့၊ ဤမျက်မြင်ဖြစ်သည့် လ,နေတို့သည် ဤလောကဌ်လော၊ တမလွန်လောကဌ်လော၊ နတ်လော၊ လူလော" ဟု မေးမြန်းတော်မူလေ၏။

ထိုအခါ ပါယာသိရာဇညသည် "ဤရဟန်းသည် ရှေးဦးကပင်လျှင် လ, နေတို့ကို ဥပမာထုတ်ဆောင်ပေး၏၊ ထို့ကြောင့် ပညာအားဖြင့် ထွန်းလင်းတောက်ပသော လ,နေကဲ့သို့ သူတစ်ပါးတို့ မလွမ်းနိုင်သူ ဖြစ်လတ္တံ့၊ ငါသည် လိမ်လည်၍ ဖြေကြားခြင်းငှာမသင့်၊ အမှန်ကိုသာ ဖြေကြားတော့အံ့" ဟု ကြံစည်ကာ "အရှင်ဘုရား၊ ဤလ,နေတို့သည် တမလွန်လောကဌ်တည်း၊ ဤလောကဌ် မဟုတ်ပါ၊ နတ်တို့တည်း၊ လူတို့မဟုတ်ပါ" ဟု ဖြေဆိုလေ၏။

"ဒါယကာ ပါယာသိရာဇည၊ သို့ဖြစ်လျှင် ဤသို့သော အဖြေဖြင့်ပင် 'တမလွန်လောကရှိ၏၊ သေပြီးလျှင် ပြန်၍ဖြစ်သူရှိ၏၊ ကောင်းမှုကံ, မကောင်းမှုကံတို့၏ ကောင်းကျိုးဆိုးကျိုးသည် ရှိ၏' ဟု မှတ်ယူပါလော့" ဟု မိန့်တော်မူလေ၏။

ဤသို့ လ,နေကို ဥပမာထား၍ ဟောကြားပြသသည်ကို သဘောကျသွားသော်လည်း အရှင်ကုမာရကဿပ၏ ဆန်းကြယ်လှစွာသော အခြား ဥပမာစကားတို့ကို ကြားနာလိုရကား မိစ္ဆာအယူ မပျောက်ကင်းသေးသကဲ့သို့ ဆက်လက်၍ ဤသို့ လျှောက်ထားပြန်သည်။

၂။ ငရဲဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ အရှင်မြတ် မိန့်အပ်ပါသော်လည်း 'တမလွန်လောကစသည်မရှိ' ဟူ၍သာ ယူဆချင်ပါ၏။ အကြောင်းသော်ကား အကျွန်ုပ်၏ မိတ်ဆွေထဲမှ ပါဏာတိပါတ စသော ဒုစရိုက် ၁၀-ပါးကို လွန်ကျူးသူတို့ထံ သေချိန်နီးသောအခါ သွား၍ 'မိတ်ဆွေ၊ ဒုစရိုက်လွန်ကျူးသူ သေလျှင် ငရဲကျသည်ဟု ပြောကြပါ၏၊ ထိုစကားမှန်လျှင် ဒုစရိုက်ကို လွန်ကျူးခဲ့သည့် သင်သည် သေလျှင် ငရဲကျလတ္တံ့၊ သင်ငရဲကျလျှင် တမလွန်လောကရှိကြောင်း ကိုယ်တွေ့ကို ငါ့အား လာ၍ ပြောကြားပါလော့' ဟု မှာကြားလိုက်ပါ၏၊ 'ကောင်းပါပြီ' ဟု ဝန်ခံသော်လည်း လာ၍ ပြောသူမရှိပါ။ ထို့ကြောင့် 'တမလွန်လောက စသည်မရှိ' ဟူ၍သာ ယူဆချင်ပါ၏" ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဇည၊ သင် အဘယ်သို့ မှတ်ထင်သနည်း၊ "ခိုးသူကို မိသောအခါ ချည်နှောင်ကာ ရိုက်နှက်၍ တောင်တံခါးမှထုတ်လျက် သုသာန်၌

http://www.dhammadownload.com

ဦးခေါင်းကို ဖြတ်လေလော့' ဟု အမိန့်ပေးအပ်သည်ရှိသော် သုသာန်သို့ရောက် သောအခါ ခိုးသူက 'ခေတ္တခဏမျှ ဆိုင်းငံ့ပါဦး၊ ဤမည်သောရွာ၌ ငါ၏ဆွေမျိုးများထံ မိမိကိုယ်ကိုလည်းကောင်း၊ သိမ်းဆည်းထားခဲ့သော ဘဏ္ဍာကိုလည်းကောင်း ပြသအပ်နှံကာ ပြန်လာခဲ့ပါအံ့" ဟု ဆိုခြင်းအံ့၊ လက်ခံကြပါသလော" ဟု မေးမြန်းတော်မူရာ "အရှင်မြတ်ဘုရား၊ လက်မခံကြပါ၊ ပြောဆိုစဉ်ပင် ဦးခေါင်းကို ဖြတ်ကြပါတော့၏ဘုရား" ဟု လျှောက်ထားလေ၏။

"ဒါယကာ ပါရာသိရာဇာ၊ လူလူချင်းဖြစ်ပါလျက် လက်မခံကြပါလျှင် 'ပါယာသိရာဇာထံ ပြန်၍ပြောရန် ဆိုင်းငံ့ကြပါဦး' ဟု ပြောဆိုသော ငရဲသားကို ငရဲထိန်းကို့သည် အဘယ်မှာ လက်ခံကြပါကုန်အံ့နည်း၊ ထို့ကြောင့် 'တမလွန်လောက ဏသည်ရှိ၏' ဟု မှတ်ယူပါလော့" ဟူ၍ မိန့်တော်မူလေ၏။

၃။ နတ် ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ အကြောင်းသော်ကား အကျွန်ုပ်၏ မိတ်ဆွေထဲမှ ပါဏာတိပါတ စသော ဒုစရိုက် ၁၀-ပါးမှ ရှောင်ကြဉ်သူထံ သေလွန်ခါနီးတွင် ချဉ်းကပ်၍ 'မိတ်ဆွေ၊ ဒုစရိုက်မှ ရှောင်ကြဉ်သူ သေလွန်လျှင် နတ်ပြည်ရောက်သည်ဟု ဆိုကြ၏၊ ထိုစကားမှန်လျှင် ဒုစရိုက်မှ ရှောင်ကြဉ်ခဲ့သည့် သင်သည် သေလွန်က နတ်ပြည်ရောက်အံ့၊ သင် နတ်ပြည်ရောက်လျှင် တမလွန်လောကရှိကြောင်း ကိုယ်တွေ့ကို ငါ့အား ပြန်၍ ပြောကြားပါလော့' ဟု မှာကြားလိုက်ပါ၏၊ 'ကောင်းပါပြီ' ဟု ဝန်ခံသော်လည်း ပြန်၍ပြောသူ မရှိပါ၊ တမန်ကိုလည်း မစေပါ၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ" ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဇာ၊ သင် အဘယ်သို့ မှတ်ထင်သနည်း၊ မစင်တွင်း၌ ကျဆင်းနစ်မြုပ်နေသူကို မစင်တွင်းမှ ထုတ်စေ၍ ရေချိုးစေကာ နံ့သာလိမ်းကျံစေပြီးလျှင် အဝတ်ကောင်း ဝတ်စေလျက် ပြာသာဒ်ထက်သို့ တက်ပြီး ကာမဂုဏ်ငါးပါးဖြင့် ကျွန်စွာ လုပ်ကျွေးစေအံ့၊ ထိုသူသည် တစ်ဖန် မစင်တွင်းသို့ ပြန်၍ ဆင်းချင်ပါဦးမည်လော" ဟု မေးမြန်းလေ၏။

http://www.dhammadownload.com

"အရှင်ဘုရား၊ ဆင်းချင်မည် မဟုတ်ပါ၊ စင်စစ်သော်ကား မစင်တွင်းဆိုသည်မှာ ရွံဖွယ်ရာ အနံ့ဆိုးရှိပါ၏ဘုရား" ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဧည့၊ ဤအတူ လူတို့၏ ကိုယ်အနံ့သည် နတ်တို့အနေဖြင့် ရွံရှာဖွယ်ဖြစ်ပေ၏၊ ယူဇနာတစ်ရာ အဝေးကပင် လူ့အနံ့ကို စက်ဆုပ်ကြ၏၊ ဒုစရိုက် ရောင်ရှားခဲ့သည့် ထိုနတ်သားသည် အဘယ်မှာ သင့်ထံလာ၍ ပြောကြားနိုင်အံ့နည်း၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မှတ်ယူလေလော့" ဟူ၍ မိန့်တော်မူလေ၏။

၄။ တာဝတိံသာ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် ဖြေကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ အကြောင်းသော်ကား အကျွန်ုပ်၏ မိတ်ဆွေထဲမှ ငါးပါးသီလ အမြဲထိန်းသူတို့ထဲသွားကာ သေခါနီးတွင် ချဉ်းကပ်၍ 'မိတ်ဆွေ ငါးပါးသီလမြဲသူ သေလွန်က တာဝတိံသာနတ်ပြည်၌ ဖြစ်ရသည်ဟု ပြောဆိုကြပါ၏၊ ထိုစကားမှန်လျှင် ငါးပါးသီလမြဲသည့် သင် သေလွန်ပါက တာဝတိံသာနတ်ပြည်၌ ဖြစ်ရလတ္တံ့၊ သင် တာဝတိံသာနတ်ပြည်၌ဖြစ်လျှင် တမလွန်လောက ရှိကြောင်း ကိုယ်တွေ့ကို ငါ့အား လာ၍ပြောကြားပါလော့' ဟု မှာကြားလိုက်ပါ၏၊ 'ကောင်းပါပြီ' ဟု ဝန်ခံသော်လည်း ပြန်လာ၍ ပြောသူမရှိပါ၊ တမန်ကိုလည်း မစေပါ၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ" ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဧည့၊ သင် အဘယ်သို့ မှတ်ထင်ပါသနည်း၊ လူတို့၏ အနှစ်တစ်ရာသည် တာဝတိံသာ၌ တစ်နေ့နှင့် တစ်ည၌ဖြစ်၏၊ ထိုနေ့ည၌ သုံးဆယ်သည် တစ်လ၊ ထိုတစ်ဆယ့်နှစ်လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် တာဝတိံသာနတ်သက်သည် တစ်ထောင်ဖြစ်၏၊ ထိုငါးပါးသီလမြဲကာ တာဝတိံသာမှာ နတ်ဖြတ်ရသော သူတို့သည် နှစ်ရက် သုံးရက်မျှ နတ်စည်းစိမ်ကို ခံစားပြီးမှ 'ပါယာသိရာဧည့အား သွား၍ ပြောကြားအံ့' ဟု ကြံစည်စဉ်ပင်လျှင် အနှစ် နှစ်ရာသုံးရာ လွန်ပြီဖြစ်၍ လာပြောရန် ဖြစ်နိုင်ပါဦးမည်လော" ဟု မေးမြန်းတော်မူလေ၏။

"အရှင်ဘုရား၊ သူ လာပြောပါကလည်း အကျွန်ုပ်တို့ မရှိတော့ပါ၊ အရိုးပင် ဆွေးမြည့်နေပါပြီ" ဟူ၍ လျှောက်ထားလေ၏။

http://www.dhammadownload.com

၅။ မျက်မမြင် ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ တာဝတိံသာနတ်ရှိသည်၊ ဤမျှ အသက်ရှည်သည်ဟု အရှင်ဘုရားအား အဘယ်သူပြော၍ သိရပါသနည်း၊ ထိုစကားကို မယုံကြည်နိုင်ပါ" ဟူ၍ လျှောက်ထားပြန်လေ၏။

"ဒါယကာ ပါယာသိရာဇည ဥပမာအားဖြင့် ဝမ်းတွင်းကန်း မျက်မမြင်သည် အဖြူအမည်း စသည်ကိုလည်း မမြင်၊ ညီညွတ်သည့်နေရာ မညီမညွတ်ဖြစ်သည့် နေရာကိုလည်း မမြင်၊ တာရာနက္ခတ် လ နေတို့ကိုလည်း မမြင်၊ ထိုသူက 'အမောင်တို့ လောကၠ အဖြူအမည်း စသည်မရှိ၊ ညီညွတ်သည့်နေရာ မညီမညွတ်ဖြစ်နေသည့် အရပ်မရှိ၊ တာရာ နက္ခတ် လနေမရှိ၊ ယင်းတို့ကို မြင်ဖူးသူဟူ၍ပင် မရှိ၊ ငါလည်း မသိမမြင်၊ ထို့ကြောင့် ၎င်းတို့အားလုံးပင် မရှိ' ဟု ဆိုခြားအံ့၊ ထိုစကားသည် သင့်လျော်ပါအံ့လော" ဟု မေးမြန်း၏။

ထိုအခါ "မသင့်လျော်ပါဘုရား" ဟု လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဇည၊ ဤအတူ တာဝတိံသာကိုလည်းကောင်း၊ ဤမျှ အသက်ရှည်သည်ကိုလည်းကောင်း မယုံကြည်ဟုဆိုခြင်းသည် ဝမ်းတွင်းကန်း မျက်မမြင်၏ ပြောဆိုခြင်းမျိုးဖြစ်၏၊ တမလွန်လောကဟူသည်ကို ဤပကတိ မျက်စိဖြင့် သင်ထင်သလို မမြင်ရ၊ ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ဒိဗ္ဗစက္ခု အဘိညာဉ် ရသူတို့သာ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း၊ သေပြီး၍ ပြန်ဖြစ်သူကိုလည်းကောင်း သိမြင်ကြရပေပြီ၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မှတ်ယူလေလော့" ဟူ၍ မိန့်တော်မူလေ၏။

၆။ ပုဏ္ဏားမ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ အကြောင်းသော်ကား သီလ သမာဓိရှိသော သမဏဗြာဟ္မဏတို့သည် အသက်ရှည်ခြင်း၊ မသေခြင်း၊ ချမ်းသာကြီးခြင်းကို အလိုရှိကြပါ၏၊ ဆင်းရဲမှုကို စက်ဆုပ်ကြပါကုန်၏၊ သေပြီးနောက် တမလွန်ဘဝ နတ်စည်းစိမ်အဝဝသည် ယခုဘဝထက် မြတ်သည်ဟု အယူရှိခဲ့ခြားအံ့၊ အဆိပ်စား၍လည်းကောင်း၊ ကြိုးဆွဲချ၍လည်းကောင်း သေကုန်ရာ၏၊ ထိုသို့ မသေကြလေသောကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ" ဟု လျှောက်ထားလေ၏။

http://www.dhammadownload.com

"ဒါယကာ ပါယာသိရာဇည၊ ဥပမာ–ရွှေအခါက ပုဏ္ဏားတစ်ဦးအား မယားနှစ်ယောက် ရှိသည်ဟုဆိုပါစို့၊ မယားတစ်ယောက်မှာ ဆယ်နှစ်အရွယ် သားငယ်တစ်ယောက်ရှိ၏၊ ကျန်တစ်ယောက်မှာ မွေးဖွားလုနီး ကိုယ်ဝန်ကြီးနှင့် ဖြစ်၏၊ ထိုအခါ ပုဏ္ဏားကြီး သေလွန်သဖြင့် ဆယ်နှစ်သားသူငယ်က မိထွေး၏ အထံ၌ မိဘအမွေဥစ္စာကို တောင်းရမ်းလေ၏၊ ထိုအခါ မိထွေးက 'ချစ်သား၊ ငါ မွေးဖွားသည်တိုင်အောင် ဆိုင်းငံ့ပါဦး၊ သတို့သားဖွားလျှင် ထက်ဝက်ပေးပါအံ့၊ သတို့သမီးဖွားလျှင် သင်၏ အလုပ်အကျွေး ဖြစ်လတ္တံ့' ဟု ဆိုလေ၏။ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် မဆိုင်းဘဲ တောင်းရမ်းလွန်းသဖြင့် ပုဏ္ဏားမသည် အခန်းတွင်းသို့ ဝင်၍ 'သတို့သား ဖွားမည်လော၊ သတို့သမီး ဖွားမည်လော' ဟု သိလို ဇောနှင့် ဝမ်းဗိုက်ကို ဖောက်ခွဲကြည့်လေတော့၏၊ ထိုပုဏ္ဏားမသည် မသင့်သော နည်းဖြင့် အမွေဥစ္စာ ရှာခြင်းကြောင့် မိမိ၏ ကိုယ်ကိုလည်းကောင်း၊ အသက်ကို လည်းကောင်း၊ ဥစ္စာနှစ်ကိုလည်းကောင်း ပျက်စီးစေ၏။ သင်သည်လည်း ဤနည်း အတူပင် တမလွန်လောကကို မသင့်သောနည်းဖြင့် ရှာမှီးခြင်းကြောင့် ပျက်စီးခြင်း သို့ ရောက်လတ္တံ့၊ ဒါယကာ ပါယာသိရာဇည၊ သီလ သမာဓိရှိသော သမဏ ဗြာဟ္မဏတို့သည် မသေသေးသော အသက်ကို မဖျက်ဆီးကြကုန်၊ အသက်သေ ခြင်းကို ဆိုင်းငံ့ကြကုန်၏၊ သမဏ ဗြာဟ္မဏတို့၏ အသက်ရှည်ခြင်းသည် ပညာ ရှိသူတို့ကို ကုသိုလ်တရား တိုးပွားစေကြကုန်၏၊ များစွာသော သူတို့၏ ကောင်း ကျိုးကို ပွားတိုးစေခြင်းငှာ ဖြစ်ကြကုန်၏၊ ထို့ကြောင့် 'တမလွန်လောက စသည် ရှိ၏' ဟု မှတ်ယူလေလော့" ဟူ၍ မိန့်တော်မူလေ၏။

၇။ အိပ်မက် ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည် ရှိ၏' ဟု မယူနိုင်ပါ၊ အကြောင်းသော်ကား မင်းချင်းတို့သည် ခိုးသူတို့ကို ဖမ်းဆီးလာပြီးလျှင် အရှင်လတ်လတ် အိုးကြီး၌ ထည့်စေ၍ လုံခြုံစွာ ပိတ်စေလျက် သားရေစိုပတ်ခြင်း ရွံ့နွံလိမ်းကျံခြင်းကို ပြုစေ၍ မီးတိုက်စေပါ၏၊ သေလောက် သောအခါ အိုးကြီးကို ဖြည်းဖြည်းဖွင့်စေ၍ အသက်ထွက်သည်ကို မြင်ရအောင် ကည့်ရှုကြပါ၏၊ ထိုသူ၏အသက် ထွက်သွားသည်ကို ဘယ်သူမျှ မမြင်ကြရပါ၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ" ဟု လျှောက်ထားလေ၏။

http://www.dhammadownload.com

"ဒါယကာ ပါယာသိရာဇည၊ သင်သည် နေ့အခါ အိပ်ပျော်စဉ် အိပ်မက်၌ အရံ၊ ဥယျာဉ် စသည်တို့သို့ ရောက်သွားသည်ကို မက်ဖူးပါသလော"

"မြင်မက်ဖူးပါ၏ဘုရား"

"ထိုအခါ သင့်ကို အလုပ်အကျွေး မောင်းမတို့သည် စောင့်ရှောက်လျက် ရှိကုန်သလော"

"ရှိကြပါကုန်၏ဘုရား"

"ထိုမောင်းမတို့သည် သင်၏အသက်ကို အိပ်မက်မက်စဉ် ထွက်သွားသည် ကိုလည်းကောင်း၊ ပြန်၍ ဝင်လာသည်ကိုလည်းကောင်း မြင်ကြပါကုန်၏လော"

"မမြင်ကြပါကုန်ဘုရား"

"ထိုမောင်းမတို့သည် အသက်ရှိသူတို့ဖြစ်လျက် အသက်ရှိသော သင်၏ အသက်ထွက်ရာ ဝင်ရာသည်ကို မမြင်ကြရပါလျှင် သေသူ၏ အသက်ထွက်ရာ ဝင်ရာသည်ကို အဘယ်မှာ မြင်နိုင်ပါအံ့နည်း၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မှတ်ယူလေလော့" ဟူ၍ မိန့်တော်မူလေ၏။

၈။ သံတွေခဲ့ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်သေးပါ၊ အကြောင်းသော်ကား ခိုးသူတစ်ယောက်ကို အသက်ရှိစဉ် ချိန်ခွင်ဖြင့် ချိန်ပြီးလျှင် လေးညှို့ဖြင့် အသက်မရှူနိုင်အောင် လည်ပင်းကို ရစ်ပတ်ကာ သတ်ဖြတ်၍ ပြန်၍ချိန်သောအခါ အသက်ရှိ၍ ခန္ဓာငါးပါး ရှိစဉ်က အချိန်သည် ပေါ့ပါ၏၊ အသက်မရှိ၍ ရူပက္ခန္ဓာတစ်ပါးတည်း ရှိသော အခါ အချိန်သာ၍ လေးလံပါတော့၏၊ ထို့ကြောင့် 'တမလွန်လောက စသည် ရှိ၏' ဟု မယူနိုင်ပါ" ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဇည၊ ဥပမာ–တစ်နေ့လုံး မီးဖုတ်၍ထားသော သံတွေခဲရဲရဲ ပူလောင်ဆဲကိုလည်းကောင်း၊ အေးသော သံတုံးမည်းမည်း ငြိမ်းချမ်း ဆဲကိုလည်းကောင်း အဘယ်အရာသည် ပေါ့၍ အဘယ်အရာသည် လေးလံပါ သနည်း"

"အရှင်ဘုရား၊ ပူလောင်ဆဲ ရဲရဲသည် တစေ့, ဝါယောတို့နှင့်တကွဖြစ်၍ ပေါ့ပါးပါ၏၊ ငြိမ်းချမ်းဆဲ မည်းမည်းသည် တစေ့, ဝါယောတို့မရှိ၍ လေးလံ ပါ၏" ဟူ၍ လျှောက်ထားလေ၏။

http://www.dhammadownload.com

"ဒါယကာ ပါယာသိရာဇည၊ ဤနည်းအတူ အသက်, ကမ္မဇတေဇော, ဝိညာဉ် ဤသုံးအင်္ဂါ၌ ခန္ဓာကိုယ်သည် ပေါ့ပါး၏၊ ဤသုံးပါးမရှိလျှင် လေးလံ၏၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မှတ်ယူလေလော့" ဟူ၍ မိန့်တော်မူလေ၏။

၉။ ခရသင်း ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ အကြောင်းသော်ကား ခိုးသူတစ်ယောက်ကို အသက်ထွက်သည်ကို မြင်လို၍ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတို့ကို မပျက်စီးအောင် သတ်ဖြတ်ကြ' ဟု စေခိုင်းပြီးလျှင် သေခါနီးအချိန်တွင် ပက်လက်ထား၍ အသက်ထွက်သည်ကို ကြည့်ရှုကြပါ၏၊ မမြင်ကြရ။ ထို့နောက် မှောက်ခုံထား၍ ကြည့်ကြပါ၏၊ မမြင်ကြ၊ ဟိုဘက် ဒီဘက် စောင်း၍ ကြည့်ကြပါ၏၊ မမြင်ကြ။ မြှောက်ထားပြီး ဦးစောက်ထား၍ လက် စသည်ဖြင့် ထိုးခေါက်၍ အတွင်းအပြင် လှန်၍ ကြည့်ရှုကြပါကုန်၏၊ မမြင်ကြ၊ ထိုမျက်စိနှင့် ထိုအဆင်းရှိ၏၊ အာရုံကိုမခံစား၊ ထိုနှာနှင့် ထိုအသံ၊ ထိုနှာခေါင်းနှင့်အနံ့၊ ထိုလျှာနှင့် ထိုအရသာ၊ ထိုကိုယ်နှင့် ထိုအတွေ့များ ရှိကြပါ၏၊ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ ထိခြင်း၊ သိခြင်းဖြင့် အာရုံကို မခံစားတော့ပေ။ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မယူဆနိုင်ပါ" ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဇည၊ ဥပမာ–ရွှေးအခါက ခရသင်းမှုတ်သမားတစ်ယောက်သည် ဇနပုဒ်ရွာငယ်သို့ သွားရောက်၍ ရွာလယ်၌ ရပ်ပြီးလျှင် ခရသင်းကို သုံးကြိမ်မှုတ်ပြီး မြေ၌ချထား၏၊ ဇနပုဒ်သားတို့သည် လာ၍ 'အဘယ်သို့သော အသံနည်း' ဟု မေးမြန်းကြသတဲ့၊ 'ဤခရသင်း၏ အသံပင်တည်း' ဟု ဆိုလတ်သော် ထိုဇနပုဒ်သားတို့သည် ခရသင်းကို ပက်လက်ထား၍ 'အို ... ခရသင်း၊ အသံမြည်စမ်းပါလော့၊ မြည်စမ်းပါလော့' ဟု ဝိုင်း၍ဆိုကြ၏၊ မမြည်လတ်သော် မှောက်၍ ဟိုဘက် သည်ဘက်စောင်း၍ မြှောက်ထား၍ ဦးစောက်ထား၍ လက် စသည်ဖြင့် ထိုးခေါက်၍ အတွင်းအပြင် လှန်၍ 'အသံမြည်စမ်းပါလော့' ဟု ဆိုကြလေ၏၊ မမြည်ပေ၊ ထိုအခါ ခရသင်းမှုတ်သမားသည် 'ဤဇနပုဒ်သားတို့ကား မှားသောနည်းဖြင့် ခရသင်းအသံကို ကြံကြ၏၊ အသိအလိမ္မာ

http://www.dhammadownload.com

နည်းလေစွတကား' ဟု ပြောဆိုကာ ထိုသူတို့ရှေ့၌ မှုတ်ပြပြီးလျှင် ဖဲသွားသတဲ့။ ထိုအခါ ဇနပုဒ်သားတို့က 'အချင်းတို့၊ ဤခရုသင်းသည်ယောက်ျား၊ ယောက်ျား၏လုံလ၊ လေဟူသော ဤသုံးထွေနှင့်တကွဖြစ်လျှင် အသံမြည်၏၊ ဤသုံးထွေကင်းလျှင် အသံမမြည်တော့ပေ' ဟု သိရှိကြသတဲ့။ ဒါယကာ ပါယာသိရာဇည၊ သင်သည်လည်း ခရုသင်းသံ အရှာမှားသော ဇနပုဒ်သားတို့နှင့် တူလှချေ၏၊ ဤကိုယ်သည် အသက် ကမ္မဇ၊ တေဇော၊ ဝိညာဉ်ဟူသော ဤသုံးရပ်နှင့်တကွ ဖြစ်သောအခါ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းတို့ ဖြစ်ပေ၏။ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ ထိခြင်း၊ သိခြင်းတို့ ဖြစ်ပေ၏။ ဤသုံးပါးကင်းလျှင် ရှေ့သို့တက်ခြင်း စသည် မဖြစ်တော့ပေ။ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မှတ်ယူလေလော့" ဟူ၍ မိန့်တော်မူလေ၏။

၁၀။ မီးပွတ်ခုံ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ အကြောင်းသော်ကား ခိုးသူတစ်ဦးကို အသက်ထွက်သည်ကို မြင်လို၍ အရေပါးကို အဖြတ်ခိုင်း၏၊ မမြင်ရပါ၊ အရေထူကို အဖြတ်ခိုင်း၏၊ မမြင်ရပါ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီကို အဖြတ်ခိုင်း၏၊ မမြင်ရပါ၊ ထို့ကြောင့် 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ" ဟူ၍ လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဇည၊ ဥပမာ–ရှေးအခါက မီးကိုလုပ်ကျွေးသည့် ရသေ့တစ်ပါးသည် တောင်္ခ လူတို့စွန့်ပစ်ထားသော သူငယ်တစ်ဦးကို ကောက်ယူမွေးစားထားသတဲ့၊ ဆယ်နှစ်သားအရွယ်ရှိသောအခါ ထိုသူငယ်ကိုခေါ်၍ 'ချစ်သား၊ ငါ ခရီးသွားဦးမည်၊ ဤမီးကို မငြိမ်းစေလင့်၊ ကောင်းစွာ လုပ်ကျွေးရစ်လော့၊ အကယ်၍ မီးငြိမ်းခဲ့လျှင် ဤပဲခွပ်၊ ထင်း၊ ပွတ်ခုံ ပွတ်ကျည်တို့ဖြင့် မီးကိုဖြစ်စေ၍ လုပ်ကျွေးရစ်လော့' ဟု မှာကြား၍ သွားသတဲ့။ ထိုသူငယ်ကား ကစားနေခြင်းကြောင့် မီးငြိမ်း၍ သွားလေ၏၊ ထိုအခါ 'မီးကိုဖြစ်စေမည်' ဟု ကြံကာ ပွတ်ခုံပွတ်ကျည်ကို ပဲခွပ်ဖြင့် ခုတ်ရွေ၏၊ မီးမရ၊ နှစ်စိတ် သုံးစိတ် လေးငါးခြောက်စိတ် ခွဲ၏၊ မီးကားမရ၊ အစိတ်စိတ်ပြု၍ ဆုံငယ်၌ ထောင်းထု၏၊ မီးကားမရ။ ထောင်း၍ လေ၌လွှင့်၏၊ မီးကားမရ၊ ရသေ့ကြီး ပြန်၍ ရောက်လာသောအခါ ထိုအကြောင်း

http://www.dhammadownload.com

ကိုသိ၍ ထိုသူငယ်၏ ရှေ့၌ မီးဖြစ်အောင်ပြုလုပ်၍ ပြသပြီးလျှင် 'သင်သည် မှားသောနည်းဖြင့် မီးကိုရှာ၏၊ ညဲ့ဖျင်းလေစွတကား' ဟု ဆိုသတဲ့။ ဒါယကာ ပါယာသိရာဧည၊ သင်သည်လည်း မှားသောနည်းဖြင့် တမလွန်လောကကို ရှာဘီ၏၊ ညဲ့ဖျင်းလေစွ၊ သင်၏ မိစ္ဆာအယူကို စွန့်ပစ်ပါလော့၊ ကြာမြင့်စွာ သင့်အား အကျိုးမဲ့ ဒုက္ခမဖြစ်ပါစေလင့်" ဟူ၍ မိန့်တော်မူလေ၏။

၁၁။ လှည်းကုန်သည် ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောကစသည်ရှိ၏' ဟု မယူနိုင်ပါ၊ အကြောင်းသော်ကား ပသေနဒီကောသလမင်းသည်လည်းကောင်း၊ တိုင်းတစ်ပါးမင်းတို့သည်လည်းကောင်း အကျွန်ုပ် ဤအယူ ယူသည်ကို သိကြပါကုန်၏၊ အကယ်၍ ဤအယူကို စွန့်ငြားအံ့ 'ပါယာသိရာဧည သည် ညဲ့ဖျင်းလေစွ' ဟု ကဲ့ရဲ့ကြပါလတ္တံ့၊ ထိုကဲ့ရဲ့သူတို့၌ အမျက်ထွက်ခြင်းဖြင့်လည်းကောင်း၊ အရှင်မြတ်ဟောကြားသော သင့်သောအကြောင်းကို ချေဖျက်ခြင်းဖြင့်လည်းကောင်း၊ အရှင်မြတ်နှင့် အနံတုဖက်ပြိုင်ခြင်းဖြင့်လည်းကောင်း ထိုအယူကို ယူရပါအံ့" ဟု လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဧည၊ ဥပမာ–ရှေးအခါက လှည်းကုန်သည်တစ်ဦးသည် လှည်းငါးရာဖြင့် ကုန်ကူးသန်းရန် အရှေ့အရပ်မှ အနောက်အရပ်သို့ သွား၏၊ မြက်၊ ထင်း၊ ရေ၊ ရိက္ခာ လုံလောက်စွာ ယူ၍သွားရာ နှစ်ရက်ခန့် သွားမိသောအခါ အသားမည်းမည်း မျက်စိနီရဲရဲဖြင့် စိုရွဲသောအဝတ်ကို ဝတ်ဆင်လျက် ကြာပန်းပန်ပြီး ရွှံညွန်ပွက် လိမ်းကျံသော လှည်းဘီးတို့ဖြင့် ရထား (လှည်း) ကောင်းကို မောင်း၍ လူယောင်ဆောင်လာသော ဘီလူးကို ရင်ဆိုင်တွေ့မြင်ရလေသတဲ့၊ ထိုလူယောင်ဆောင်လာသော ဘီလူးက 'မိတ်ဆွေ၊ လမ်းတစ်လျှောက်လုံး မိုးရွာပါ၏။ မြက်၊ ထင်း၊ ရေ၊ ရိက္ခာ ပေါများလှပါ၏။ လှည်းအလေးခံ၍ ဤရိက္ခာတွေကို တင်၍မသွားပါနှင့်' ဟု ဆိုသတဲ့။ လှည်းကုန်သည်ကြီးသည် ထိုဘီလူး၏ ပြောစကားကို ယုံကြည်သဖြင့် မြက်၊ ထင်း၊ ရေ ရိက္ခာတို့ကို စွန့်ပစ်စေ၍ သွားလတ်သော် ခုနစ်ရက်ခရီးတိုင်အောင် မြက်၊ ထင်း၊ ရေ မရသဖြင့် ပျက်စီးခြင်းသို့ ရောက်၍ ဘီလူးအစာ ဖြစ်ကြရရှာသတဲ့။ ဒုတိယ ကုန်သည်တစ်ဦးသည်ကား ရှေးအတူ လှည်းငါးရာဖြင့် သွားသောအခါ ရှေးအတူပင် လူ့အသွင်ဖြင့် 'လှည်းအလေးမခံပါနှင့်' ဟု ပြောလာလတ်သော် 'အမောင်တို့၊ ဤသူသည် ငါတို့၏

http://www.dhammadownload.com

အသိ ဆွေမျိုးသားချင်း မဟုတ်၊ မယုံကြည်အပ်၊ မြက်၊ ထင်း၊ ရေ ရိက္ခာတို့ကို မစွန့်ပစ်ကြလင့်' ဟု သတိပေးကာ သွားကြသတဲ့၊ ခုနစ်ရက်ခရီးသို့ ရောက်သော အခါ ယခင် လှည်းသမားတို့၏ အရိုးစုမျှ ကြွင်းကျန်သည်ကို မြင်ရ၍ အဖိုးတန် ပစ္စည်းများကို ယူစေကာ ခရီးခဲကို လွန်မြောက်စေသတဲ့၊ ဒါယကာ ပါယာသိရာဇာ၊ သင်သည် မှားသောနည်းဖြင့် တမလွန်လောကကို ရှာနေ၏၊ ဘီလူးစကားကို ယုံကြည်မှားသော ကုန်သည်များနှင့် တူချေပြီ၊ ညံ့ဖျင်းလေစွ၊ သင်၏ မိစ္ဆာအယူကို စွန့်လွှတ်ပါလော့၊ ကြာမြင့်စွာ သင့်အား အကျိုးမဲ့ ဒုက္ခမဖြစ်စေလင့်" ဟု မိန့်ကြားတော်မူလေ၏။

၁၂။ ဝက်မွေးသူ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ ပသေနဒီကောသလမင်း စသူတို့သည် ကျွန်ုပ် အကြောင်း သိကြပါ၏၊ ဤအယူကို စွန့်လျှင် ကဲ့ရဲ့ကြပါလတ္တံ့" ဟု လျှောက်ထားလေ၏။

"ဒါယကာ ပါယာသိရာဇာ၊ ဥပမာ–ရွေးအခါက ဝက်မွေးသူတစ်ဦးသည် ရွာတစ်ရွာ၌ စွန့်ထားသော မစင်ခြောက်များစွာတို့ကို မြင်၍ 'ဤမစင်ခြောက်တို့ကား ငါ့ဝက်တို့၏ အစားအစာ အဖိုးတန်ပေတည်း' ဟု အဝတ်ဖြင့်ထုပ်ကာ ဦးခေါင်းထက်၌ ရွက်၍ ယူဆောင်လာသတဲ့၊ ခရီးအကြား၌ အခါမဲ့မိုး ရွာသွန်းသဖြင့် တစ်ကိုယ်လုံး မစင်လိမ်းကျံလျက် ရွက်လာသည်ကို မြင်သူတို့က 'အချင်း၊ သင်သည် တစ်ကိုယ်လုံး မစင်လိမ်းကျံ၍နေ၏၊ ရူးသွပ်သလော' ဟု ပြောဆိုကြ၏၊ ထိုအခါ မစင်ထုပ်ကို ရွက်လာသူက 'အချင်းတို့၊ ငါကားမရူး၊ သင်တို့သာ ရူးကြ၏၊ ဤအရာကား ငါ့ဝက်တို့၏ အဖိုးတန် အစားအစာတည်း' ဟု ပြန်၍ ပြောဆိုသတဲ့၊ ဒါယကာ ပါရာသိရာဇာ၊ သင်လည်း မစင်ထုပ်ရွက်သော ဝက်မွေးသူနှင့် တူချေပြီ၊ သင်၏ မိစ္ဆာအယူကို စွန့်ပါလော့၊ ကြာမြင့်စွာ သင့်အား အကျိုးမဲ့ ဒုက္ခမဖြစ်စေလင့်" ဟု မိန့်ကြားတော်မူလေ၏။

၁၃။ ကြွေအန်မျိုသူ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ ပသေနဒီကောသလမင်း စသူတို့ သိကြပါ၏၊ အယူကိုစွန့်က ကဲ့ရဲ့ကြပါလိမ့်မည်" ဟု လျှောက်ထားလေ၏။

http://www.dhammadownload.com

"ဒါယကာ ပါယာသိရာဇည၊ ဥပမာ-ရွေးအခါက ကစားသမားနှစ်ဦး ကြွေအန်ကစားကြရာ ကောက်ကျစ်စဉ်းလဲသူသည် ရှုံးအံ့သော ကြွေအံကို မျိုချ အနိုင်ယူလေ့ရှိသတဲ့၊ ထိုအကြောင်းကို ကျန်တစ်ယောက်က သိလတ်သော် နောက်တစ်နေ့၌ ကြွေအန်တို့ကို အဆိပ်လူးသုတ်ပြီး လာ၍ကစားပြန်ရာ ထိုအခါ၌လည်း ရှုံးအံ့သောကြွေအံကို မျိုပြန်လေ၏၊ ထိုအခါ တစ်ယောက်က 'သင်သည် အဆိပ်လူးထားသည့် ကြွေအံကို မသိ၍မျိုဘိ၏၊ ဒုက္ခတွေ့တော့အံ့' ဟု ပြောပြသတဲ့၊ ဒါယကာ ပါယာသိရာဇည၊ သင်သည်လည်း ကြွေအံကို မျိုသူနှင့် တူချေပြီ၊ မိစ္ဆာအယူကို စွန့်လွှတ်လော့၊ ကြာမြင့်စွာ သင့်အား အကျိုးမဲ့ ဒုက္ခမဖြစ်စေလင့်" ဟု မိန့်တော်မူလေ၏။

၁၄။ လျှော်ထမ်းသူ ဥပမာဖြင့် ဖြေကြားခြင်း

"အရှင်ဘုရား၊ ဤသို့ပင် မိန့်ကြားအပ်ပါသော်လည်း 'တမလွန်လောက စသည်ရှိ၏' ဟု မယူနိုင်ပါ၊ ပသေနဒီကောသလမင်း စသည်တို့ သိကြပါ၏၊ အယူကိုစွန့်က ကဲ့ရဲ့ကြပါလိမ့်မည်" ဟု လျှောက်ထားပြန်လေ၏။

"ဒါယကာ ပါယာသိရာဇည၊ ဥပမာ-ရွေးအခါက အဖော်မိတ်ဆွေနှစ်ဦး အတူသွားကြစဉ် ရွာပျက်တစ်ခုတွင် စွန့်ပစ်ထားသော ပိုက်ဆံလျှော်တို့ကို တွေ့မြင်ကြ၍ တစ်ယောက်တစ်ထမ်းစီ ယူဆောင်လာကြ၏၊ နောက်တစ်ဖန် တွေ့ပြန်သော ရွာပျက်၌ ပိုက်ဆံချည်တို့ကို မြင်၍ လျှော်ညှပ်ကိုစွန့်၍ 'ချည်သက်သက်ကို ယူကုန်အံ့' ဟု တစ်ယောက်က ချည်ကိုယူခဲ့၏၊ တစ်ယောက်ကား 'ရပ်ဝေးမှ ထမ်းပိုးလာရသော လျှော်တို့ကို မစွန့်နိုင်' ဟု ဆိုကာ လျှော်ကိုသာ ဆက်၍ ထမ်းလာလေ၏၊ နောက်တစ်ရွာ၌ စွန့်ကာ အဝတ်ကို ယူ၍လာ၏၊ တစ်ယောက်အား 'ရပ်ဝေးမှ ထမ်းလာရသော လျှော်တို့ကို မစွန့်နိုင်' ဟု ဆိုကာ ဆက်လက်၍ ထမ်းလာ၏၊ နောက်နောက် ရွာတို့သို့ ရောက်ပြန်သောအခါ ခေါမလျှော်၊ ခေါမချည်၊ ခေါမအဝတ်၊ ဝါပွမ်း၊ ဝါချည်၊ ဝါချည်အဝတ်တို့ကိုလည်းကောင်း၊ သံ၊ ကြေး၊ သလွဲမဲ၊ သလွဲဖြူ၊ ငွေ၊ ရွှေတို့ကိုကိုလည်းကောင်း အစဉ်အတိုင်းမြင်၍ အစဉ်အတိုင်း စွန့်ပစ်ကာ နောက်ဆုံး ရွှေကိုသာ တစ်ယောက်က ထမ်းလာလေ၏၊ တစ်ယောက်ကား 'ရပ်ဝေးမှ ထမ်းလာရသော လျှော်တို့ကို မစွန့်နိုင်' ဟု ဆို၏၊ မိမိရွာသို့ ရောက်လတ်သော် ရွှေကိုထမ်းလာသူမှာ ဆွေမျိုးသားချင်း အားလုံးနှင့်တကွ ချမ်းသာစွာနေကြရ၏၊ လျှော်ထမ်းလာသူကား မျက်နှာမလှ ချမ်းသာ

http://www.dhammadownload.com

သုခ မရတော့ပေ။ ဒါယကာ ပါယာသိရာဇည၊ သင်လည်း လျှော်ထမ်းလာသူ နှင့် တူချေပြီ၊ မိစ္ဆာအယူကို စွန့်လွှတ်ပါလော့၊ ကြာမြင့်စွာ သင့်အား အကျိုးမများ ဒုက္ခပွားသည် မဖြစ်စေလင့်" ဟု မိန့်တော်မူလေ၏။

မိစ္ဆာဒိဋ္ဌိ အယူစွန့်ကာ ဥပါသကာအဖြစ်ခံယူ

ထိုအခါ ပါယာသိရာဇသည် "အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်မြတ်၏ ရှေးဦးမဆွ လ,နေဥပမာ တစ်ခုတည်းဖြင့်ပင် ကျေနပ်သဘောကျလှပါပြီ၊ တမလွန်လောကရှိကြောင်း၊ သေ၍ ပြန်ဖြစ်သူရှိကြောင်း၊ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးအပြစ်ရှိကြောင်းကို သိပါပြီ၊ နှစ်သက်ပါပြီ။ သို့ရာတွင် အရှင်မြတ်၏ ဆန်းကြယ်လှစွာသော တရားစကားတို့ကို နာကြားလိုရ၍ အရှင်ဘုရားကို ဆန့်ကျင်ဘက်ပြုကာ ဆိုမိပါသည်ဘုရား၊ အရှင်မြတ်သည် မှောက်ထားသည်ကို လှန်ပြသကဲ့သို့လည်းကောင်း၊ ဖုံးထားသည်ကို ဖွင့်ပြသကဲ့သို့လည်းကောင်း၊ ခရီးမှား သူအား လမ်းမှန်ညွှန်ပြ ပြသသကဲ့သို့လည်းကောင်း၊ အမိုက်မှောင်၌ ဆီမီးထွန်းပြသကဲ့သို့လည်းကောင်း၊ မျက်စိရှိသူ မြင်နိုင်အောင် ဟောကြားပြသတော်မူပါပေ၏။ အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏၊ ယနေ့မှ အစပြု၍ ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ၊ ထို့ပြင်လည်း အလှူတော်ကို အကျွန်ုပ်သည် မပြတ်လှူဒါန်းလိုပါ၏၊ အာနိသင်ဖွဲ့ဖြိုး အကျိုးများအောင် ဆုံးမညွှန်ကြားတော်မူပါဘုရား" ဟု လျှောက်ထားလေ၏။

၁၅။ လယ်သမား ဥပမာဖြင့် ဖြေကြားခြင်း

"ဒါယကာ ပါယာသိရာဇည၊ အလှူ လှူသူတို့သည် နွား၊ ဆိတ်၊ ကြက်၊ ဝက် စသည်တို့ကို သတ်ဖြတ်၍ လှူကုန်အံ့၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ စသည်တို့ဖြင့် (ဉာဏ်ပျက်၊ အကြံပျက်၊ အဆိုပျက်၊ အလုပ်ပျက်၊ အသက်မွေးပျက်၊ လုံ့လပျက်၊ သတိပျက်၊ သမာဓိပျက်) မဂ္ဂင်ရှစ်ပါးပျက်သူတို့ဖြစ်ကုန်အံ့၊ ဤသို့သောအလှူသည် အာနိသင်မဖွဲ့ဖြိုး၊ အကျိုးမများ။ ဥပမာကား လယ်သမားသည် ကောင်းစွာမထွန်ယက်ဘဲ သစ်ငုတ်ထူသော မြေကြမ်း၌ မျိုးညှံ့စပါး စိုက်ကြဲအံ့၊ မိုးသည်လည်း အချိန်မှန် မရွာသွန်းအံ့၊ ထိုကောက်ပင်တို့သည် ကြီးပွားနိုင်ကုန်အံ့လော၊ မကြီးပွားနိုင်ကုန်၊ စပါးများစွာ ရနိုင်အံ့လော၊ မရနိုင်၊

http://www.dhammadownload.com

ဒါယကာ ပါယာသိရာဇည၊ ဤအတူ လှူသူကလည်း သီလမစင်ကြယ် အလှူခံကလည်း သီလမစင်ကြယ်လျှင် အာနိသင်မဖွဲ့ဖြိုး၊ အကျိုးမများနိုင်။

အလှူ လှူသူတို့သည် ပါဏာတိပါတ်ကင်း သတ်ဖြတ်ခြင်းမပြုမူ၍ လှူကုန်အံ့၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသည်တို့ဖြင့် (ဉာဏ်ကောင်း၊ အကြံကောင်း၊ အဆိုကောင်း၊ အလုပ်ကောင်း၊ အသက်မွေးကောင်း၊ လုံ့လကောင်း၊ သတိကောင်း၊ သမာဓိကောင်း) မဂ္ဂင်ရှစ်ပါး ပြည့်သူတို့ ဖြစ်ကြကုန်အံ့၊ ဤသို့သော အလှူသည် အာနိသင်ဖွဲ့ဖြိုး အကျိုးများကုန်၏၊ ဥပမာကား လယ်သမားသည် ကောင်းမွန်ထွန်ယက်၍ သစ်ငုတ်ကင်းသော မြေကောင်း၌ မျိုးကောင်းစပါး စိုက်ကြဲအံ့၊ မိုးသည်လည်း အချိန်မှန် ကောင်းစွာရွာသွန်းအံ့၊ ထိုကောက်ပင်တို့သည် ကြီးပွားနိုင်ကုန်၏၊ စပါးများစွာ ရစေနိုင်ကုန်၏။ ဒါယကာ ပါယာသိရာဇည၊ ဤအတူ လှူသူကလည်း သီလစင်ကြယ် အလှူခံကလည်း သီလစင်ကြယ်လျှင် အာနိသင်ဖွဲ့ဖြိုး အကျိုးများကုန်၏" ဟု မိန့်တော်မူလေ၏။

နတ်သားက ကုန်သည်တို့ကိုပြောပြ

၁၂၅၄။ တာဟံ တဿ ဓမ္မကထံ သုဏိတ္ဝာ၊
ဥပါသကတ္တံ ပဋိဝေဒယိဿံ။
ပါဏာတိပါတာ ဝိရတော အဟောသိ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယိဿံ။
အမဇ္ဇပေါ နော စ မုသာ အဘာဏိ၊
သကေန ဒါရေန စ အဟောသိ တုဋ္ဌော။

၁၂၅၄။ တာတာ၊ အမောင် ကုန်သည်တို့။ အဟံ၊ ငါသည်။ တဿ၊ ထို အရှင်ကုမာရကဿပ၏။ တံ ဓမ္မကထံ၊ ထိုတရားစကားတော်ကို။ သုဏိတ္ဝာန၊ ကောင်းစွာ နာကြားရပေသောကြောင့်။ ဥပါသကတ္တံ၊ ရတနာသုံးရပ် ဆည်းကပ်တတ်သူ၏အဖြစ်ကို။ ပဋိဝေဒယိဿံ၊ လျှောက်ကြားခဲ့ဖူးပါ၏။ လောကေ၊ ဤလူ့ပြည်လောကဌ်။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝိရတော၊ ကြဉ်ရှောင်သည်။ အဟောသိ၊ ဖြစ်ခဲ့ပေပြီ။ အဒိန္နံ၊ ပိုင်ရှင်မပေးသော ဥစ္စာဟူသမျှကို။ ပရိဝဇ္ဇယိဿံ၊ ခိုးဝှက်ယူငင်ခြင်းကို ရှောင်ကြဉ်ခဲ့ပါပြီ။ အမဇ္ဇပေါစ၊ သေအရက်ကို မသောက်သည်လည်း။ အဟောသိ၊ ဖြစ်ခဲ့ပေပြီ။ မုသာ၊ လွဲမှားဖောက်ပြန်မှန်ကန်သောစကားကို။ နောစ အဘာဏိ၊ လုံးဝပြောလည်း မပြော

http://www.dhammadownload.com

ဆိုခဲ့ပါ။ သကေန၊ မိမိပိုင်သော။ ဒါရေနှစ၊ ကြင်ယာသက်ထား မယားဖြင့်လည်း။ တုဋ္ဌော၊ တင်းတိမ်နှစ်သက်သည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီ၊

၁၂၅၅။ တံ မေ ဝတံ တံ ပန ဇြဟ္မစရိယံ၊
တ သုစိဏ္ဏသ အယံ ဝိပါကော။
တဟေဝ ကမ္မေဟိ အပါပကေဟိ၊
ပုညေဟိ မေ လဒ္ဓမိဒံ ဝိမာနံ။

၁၂၅၅။ တာတာ၊ အို ... ကုန်သည်တို့။ တံ၊ ထိုငါးပါးသီလ အကျင့်သည်။ မေ၊ ငါ၏။ ဝတံ၊ ဆောက်တည်အပ်ခဲ့သော အကျင့်ပေတည်း။ တံ ပန၊ ထို အကျင့်သည်ကား။ ဇြဟ္မစရိယံ၊ မြင့်မြတ်သော အကျင့်ပေတည်း။ အယံ ဝိပါကော၊ ဤအကျိုးသည်။ တသ သုစိဏ္ဏသ၊ ထိုကောင်းသော အလေ့အကျက်၏။ ဝိပါကော၊ အကျိုးပေတည်း။ အပါပကေဟိ၊ မယုတ်မာကုန်သော။ ပုညေဟိ၊ ကောင်းမှုတို့ကြောင့်လည်းကောင်း။ တဟေဝ ကမ္မေဟိ၊ ထိုငါးပါးသီလ စောင့်ရှောက်သော ကုသိုလ်ကံတို့ကြောင့်လည်းကောင်း။ မေ မယာ၊ ငါသည်။ ဣဒံ ဝိမာနံ၊ ဤဗိမာန်နန်းကို။ လဒ္ဓံ၊ ရအပ်ပေ၏။

ဤသို့ နတ်သားက ဖြေကြားသည်ရှိသော် လှည်းကုန်သည် အပေါင်းတို့သည် နတ်သားကိုလည်းကောင်း၊ ဗိမာန်ကြီးကိုလည်းကော်င်း မျက်မှောက်ထင်ထင် မြင်ရကုန်သည်ဖြစ်၍ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးအပြစ်ကို ယုံကြည်သွားကြသည်။ ငါးပါးသီလ၌ တည်ကြကုန်သော သူတော်ကောင်းတို့၏ဂုဏ်၊ ပညာရှိသူတော်ကောင်းတို့ ပြောကြားအပ်သောစကား၊ ယုတ်မာသောသူတို့၏ အပြစ်ကိုပြ၍ ကုသိုလ်ကံရှိမှု ချမ်းသာရကြောင်းကို ချီးမွမ်းသောစကားဖြင့် မိမိတို့ ယုံကြည်သည်၏အဖြစ်ကို ပြောပြလိုသဖြင့် ဤသို့ ပြောဆိုကြကုန်၏။

၁၂၅၆။ သစ္စံ ကိရာဟံသု နရာ သပညာ၊
အနုညထာ ဝစနံ ပဏ္ဍိတာနံ။
ယဟိ ယဟိ ဂစ္ဆတိ ပုညကမ္မော၊
တဟိ တဟိ မောဒတိ ကာမကာမီ။

၁၂၅၆။ သပညာ၊ ပညာဉာဏ်ရှိကုန်သော။ နရာ၊ လူအပေါင်းတို့သည်။ သစ္စံ၊ မဖောက်မပြန် စကားမှန်ကို။ အာဟံသု ကိရ၊ ပြောဆိုကြကုန်သတတ်။

http://www.dhammadownload.com

ပဏ္ဍိတာနံ၊ ပညာရှိတို့၏။ ဝစနံ၊ ပြောစကားသည်။ အနုညထာ၊ ချွတ်လွဲခြင်း မရှိကုန်။ ပုညကမ္မော၊ ကောင်းမှုရှိသောသူသည်။ ဟတိ ယဟိ၊ လူ့ဘုံနတ်ခွင် အကြင် အကြင်အရပ်သို့။ ဂစ္ဆတိ၊ မိမိပြုစု ကောင်းမှုအလျောက် သွားရောက်ရလေ၏။ တဟိ တဟိ၊ ထိုထိုသွားလေရာ အရပ်၌။ ကာမကာမီ၊ လိုရာဖုံဖုံ ပြည့်စုံရသည်ဖြစ်၍။ မောဒတိ၊ ပြုံးရွှင်လန်းပျော်ရပေ၏။

၁၂၅၇။ ယဟိ ယဟိ သောကပရိဒ္ဒဝေါ စ၊
ဝဓော စ ဗန္ဓော စ ပရိက္ကိလေသော။
တဟိ တဟိ ဂစ္ဆတိ ပါပကမ္မော၊
နံ မုစ္စတိ ဒုဂ္ဂတိယာ ကဒါစိ။

၁၂၅၇။ ပါပကမ္မော၊ ယုတ်မာသော အမှုရှိသူသည်။ ယဟိ ယဟိ၊ အကြင် အကြင် အရပ်၌။ သောကပရိဒ္ဒဝေါစ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်လည်း ကောင်း။ ဝဓောစ၊ ရက်စက်ထိုးခုတ် သတ်ပုတ်ခြင်းသည်လည်းကောင်း။ ဗန္ဓောစ၊ ပိတ်လှောင်ချုပ်သွင်း နှောင်ဖွဲ့ခြင်းသည်လည်းကောင်း။ ပရိက္ကိလေသောစ၊ ထပ်တလဲလဲ ညှဉ်းဆဲနှိပ်စက် နှောင့်ယှက်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ အမှန်ပင် ရှိပေ၏။ တဟိ တဟိ၊ ထိုထိုအရပ်သို့။ ဂစ္ဆတိ၊ မိမိပြုသော အကုသိုလ် အလျောက် သွားရောက်ရလေ၏။ ကဒါစိ၊ တစ်ရံတစ်ခါ။ ဒုဂ္ဂတိယာ၊ မကောင်းသော အပါယ်ဂတိမှ။ နံ မုစ္စတိ၊ မလွတ်မြောက်နိုင်သည်သာတည်း။

ဤသို့ ကုန်သည်အပေါင်းတို့သည် နတ်သားနှင့် အချင်းချင်း စကားပြောကာနေစဉ် ဗိမာန်ကြီး၏ တံခါးပေါက်ဝ၌ တည်ရှိသော ကုက္ကိုပင်မှ မှည့်သော အသီးသည် ကြွေကျလေ၏။ ထိုကုက္ကိုသီး ကြွေကျသည်ကို မြင်ရသောကြောင့် နတ်သားနှင့်တကွ နတ်သား၏ အခြွေအရံတို့သည် စိတ်နလုံးမသာမယာ ဖြစ်ကြရှာကုန်၏။ ထိုသို့ နတ်တို့ မျက်နှာညှိုးနွမ်းသည်ကို ကုန်သည်တို့ မြင်ကြ၍ ဤသို့ မေးမြန်းကြကုန်၏။

၁၂၅၈။ သမ္မုဇ္ဇလ္လပေါ ဇနော အဟောသိ၊
အသ္မိံ မုဟုတ္တေ ကလလီကဘော၀။
ဇနသိမသာ တုယ္ဟဉ္စ ကုမာရ၊
အပ္ပစ္ဆယော ကေန နု ဇော အဟောသိ။

http://www.dhammadownload.com

ကုန်သည်တို့၏အမေး

၁၂၅၈။ ကုမာရ၊ အမောင်နတ်သား။ အသို့ မုဟုတ္တေ၊ ဤခဏ၌။ တုယှဉ္စ၊ သင်နတ်သား၏လည်းကောင်း။ ဣမဿ ဧနဿစ၊ သင့်အခြွေအရံ နတ်သမီးအပေါင်း၏လည်းကောင်း။ ကေန၊ ဘယ်အတွက်ကြောင့်။ အပ္ပစ္ဆယော၊ နှလုံးမသာယာခြင်းသည်။ အဟောသိ နု ခေါ၊ ဖြစ်ရပါသနည်း။ ကလလီကတော၀၊ ကြည်လင်သန့်ရှင်း ရေအတွင်း၌ ရွှံ့ရည်သွင်းစွက်၍ နောက်နက်သော ရေကဲ့သို့။ ဧနော၊ သင်နှင့်တကွသော နတ်အပေါင်းသည်။ သမ္မုဇ္ဇရူပေါ၀၊ တွေဝေသောသဘော ရှိသကဲ့သို့။ အဟောသိ၊ ဖြစ်လေသနည်း။

ထိုကုန်သည်တို့၏ ပြောဆိုမေးမြန်းသောစကားကို ကြား၍ နတ်သားက ဤသို့ ပြောဆိုလေ၏။

၁၂၅၉။ ဣမေ စ သိရီသ၀နာ တာတာ၊
ဒိဗ္ဗာ ဂန္ဓာ သုရဘီ သမ္မ၀ယန္တိ။
တေ သမ္မ၀ါယန္တိ ဣမံ ဝိမာနံ၊
ဒိ၀ါ စ ရတ္တော စ တမံ နိဟန္တွာ။

နတ်သား၏အဖြေ

၁၂၅၉။ တာတာ၊ အို ... ကုန်သည်တို့။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော။ သုရဘီ၊ မွေးကြိုင်ကုန်သော။ ဣမေစ ဂန္ဓာ၊ ဤရနံ့တို့သည်လည်း။ သိရီသ ဝနာ၊ ကုက္ကိုတောမှ။ သမ္မ၀န္တိ၊ မွေးကြိုင်သင်းထုံ ပျံ့လှိုင်ကုန်၏။ တေ၊ ထိုပန်းရနံ့တို့သည်။ ဣမံ ဝိမာနံ၊ ဤဗိမာန်နန်းကို။ ဒိ၀ါစ၊ နေ့လယ်ခင်း၌လည်းကောင်း။ ရတ္တောစ၊ ညဉ့်ချိန်တွင်း၌လည်းကောင်း။ တမံ၊ မှောင်အမိုက်ကို။ နိဟန္တွာ၊ ပယ်ဖျောက်၍။ သမ္မ၀ါယန္တိ၊ မွေးကြိုင်သင်းထုံ ရနံ့လှိုင်စေကုန်၏။

၁၂၆၀။ ဣမေသဉ္စ ခေါ ဝဿသတစ္ဆယေန၊
သိပါဋိကာ ဖလတီ ဧကမေကာ။
မာနုဿကံ ဝဿသတံ အတီတံ၊
ယဒဂ္ဂေ ကာယမ္မိ ဣဒ္ဓူပပန္နော။

၁၂၆၀။ တာတာ၊ အို ... ကုန်သည်တို့။ ခေါ၊ စင်စစ်သော်ကား။ ဣမေသဉ္စ၊

http://www.dhammadownload.com

ဤကုက္ကိုပင်တို့၏လည်း။ ဝဿသ တစ္ဆယေန၊ အနှစ်တစ်ရာ လွန်မြောက်ပါမှ။ ဧကမေကာ၊ တစ်လုံးစီ တစ်လုံးစီသော။ သိပါဋိကာ၊ အသီးအိမ်သည်။ ဖလတိ၊ မှည့်ကျက်ပြီးကာ အရိုးညှာမှ ပြုတ်ကြွေကျ၏။ ယဒဂ္ဂေ၊ ကြွေကျခဲ့ရာ အကြင် အခါမှစ၍။ ဣဓ ကာယမှိ၊ ဤနတ်ပြည်၌။ ဥပပန္နော၊ နတ်သားဖြစ်သည်ကား။ မာနုဿကံ၊ လူတို့၏ အရေအတွက်ဖြစ်သော။ ဝဿသတံ၊ အနှစ်တစ်ရာသည်။ အတီတံ၊ လွန်ခဲ့ပေပြီ။

၁၂၆၁။ ဒိသွာနဟံ ဝဿသတာနိ ပဥ္စ၊
အသ္မိံ ဝိမာနေ ဌတွာန တာတာ။
အာယုက္ခယာ ပုညက္ခယာ စဝိဿံ၊
ဧတနေဝ သောကေန ပမုဋ္ဌတောသ္မိ။

၁၂၆၁။ တာတာ၊ အို ... ကုန်သည်တို့။ အဟံ၊ ရာဇညခေါ် ငါနတ်သားသည်။ အသ္မိံ ဝိမာနေ၊ ဤဗိမာန်နန်း၌။ ဌတွာန၊ တည်စံနေ၍။ ပဥ္စ ဝဿသတာနိ၊ အနှစ်ငါးရာတို့ကို။ ဒိသွာန၊ အောက်မေ့ဆင်ခြင် လှမ်းကာမြင်၍။ အာယုက္ခယာ၊ နတ်၏သက်တမ်း ကုန်ခန်းခြင်းကြောင့်လည်းကောင်း။ ပုညက္ခယာ၊ ရှေးကပြုစု ကောင်းမှုကံစွမ်း ကုန်ခန်းခြင်းကြောင့်လည်းကောင်း။ စဝိဿံ၊ အသက်သေရတော့လတ္တံ့။ တေနေဝ သောကေန၊ ထိုစိုးရိမ်ခြင်းဖြင့်သာလျှင်။ ပမုဋ္ဌတောသ္မိ၊ မျက်နှာညှိုးနွမ်း စိတ်ပင်ပန်းကာ မှိုင်တွေခြင်းသည်။ အသ္မိ၊ ဖြစ်ရပေ၏။

ထိုအခါ ကုန်သည်တို့သည် နတ်သားကို သက်သာရာ ရစေလိုသဖြင့် ဤသို့ပြောဆိုကြလေကုန်၏။

၁၂၆၂။ ကထံ နု သောစေယျ တထာဝိဓော သော၊
လဒ္ဓါ ဝိမာနံ အတုလံ စိရာယ။
ယေ စာပိ ဓေါ ဣဓ ဣတ္တရမုပပန္နာ၊
တေ နူန သောစေယျုံ ပရိတ္တပုညာ။

၁၂၆၂။ ကုမာရ၊ အမောင်နတ်သားလေး။ သောတွံ၊ ထိုသင်သည်။ အတုလံ၊ ပြိုင်ဖက်ကင်းဘိ အတူမရှိသော။ ဝိမာနံ၊ ဗိမာန်နန်းကို။ စိရာယ၊ လူ့အသက်နှင့် ရေတွက်ဆမှန်း နှစ်ကိုးသန်းမျှ ရှည်ကြာလှသော ကာလပတ်လုံး။ လဒ္ဓါ၊ ခံစားပြီးကာ ချမ်းသာထွေထွေ ရအပ်ပေပြီ။ တထာဝိဓော၊ ထိုသို့သော အပြားရှိ

http://www.dhammadownload.com

သော။ သော၊ ထိုနတ်သားသည်။ ကထံ နု သောစေယျ၊ အဘံယဉ်ကြောင့် စိုးရိမ်ရပါသနည်း။ ယေ စာပိ ဓေါ၊ လူ့ပြည်နေငြား အကြင်လူအများတို့သည်။ ဣတ္တာရံ၊ နှစ်တစ်ရာမျှ တစ်ခဏဖြင့်။ ဥပပန္နာ၊ လူ့ပြည်ရောက်ကာ ဖြစ်ကြရကုန်၏။ ပရိတ္တပုညာ၊ ဘုန်းကံနည်းပါးလှကုန်၏။ တေ၊ ထိုလူအများတို့သည်သာလျှင်။ သောစေယျုံနူန၊ စိုးရိမ်စရာ မဟုတ်ပါကုန်လော။

ထိုနတ်သားသည် ထိုမျှလောက်ဖြင့်သာလျှင် သက်သာရာရစေ၍ ထိုကုန်သည်တို့၏ စကားကို ဝန်ခံလျက် ကုန်သည်တို့အား နည်းလမ်းဥပဒေကို ဤသို့ပေးလေ၏။

၁၂၆၃။ အနုစ္ဆဝိ ဩဝဒီယဿု မေ တံ၊
ယံ မံ တုမှေ ပေယျဝါစံ ဝဒေထ။
တုမှေ စ ဓေါတာတာ မယာနုဝတ္တာ၊
ယေနိစ္ဆကံ တေန ပလေထ သောတ္ထိံ။

၁၂၆၃။ တာတာ၊ အို ... ကုန်သည်များတို့။ မံ၊ ငါ့ကို။ တုမှေ၊ သင်တို့သည်။ ယံ ပေယျဝါစံ၊ အကြင် ချစ်ဖွယ်သောစကားကို။ ဝဒေထ၊ ပြောဆိုကြပေကုန်၏။ တံ ပေယျဝါစံ၊ ထိုချစ်ဖွယ်သော စကားသည်။ မေ၊ ငါ့အား။ အနုစ္ဆဝိ–အနုစ္ဆဝိကံ၊ အလွန်သင့်မြတ် လျောက်ပတ်ပေ၏။ ဩဝဒီယဿု၊ အဆုံးအမကိုလည်း ဖြစ်၏။ မယာ၊ ငါသည်။ တုမှေစ၊ သင်ကုန်သည်တို့ကိုလည်း။ အနုဝတ္တာ၊ စောင့်ရှောက်အပ်ခဲ့ပြီ။ ယေန၊ အကြင် သိန္နုတိုင်း၊ သောဝိရတိုင်းသို့။ ဣစ္ဆကံ၊ ရောက်ရန်တမ်းတ အလိုရှိကြ၏။ တေန၊ ထိုသိန္နုတိုင်း၊ သောဝိရတိုင်းသို့။ သောတ္ထိံ၊ ဘေးရန်ကင်းကွာ ချမ်းသာစွာ။ ပလေထ၊ မဆိုင်းမြန်စွာ သွားကြပါကုန်လော့။

ထိုအခါ ကုန်သည်တို့သည် သူပြုအပ်သော ကျေးဇူးရှိသည်၏အဖြစ်ကို ထင်ရှားပြလိုရကား ဤသို့ ဆိုကြကုန်၏။

၁၂၆၄။ ဂန္ဓာ မယံ သိန္ဓုသောဝီရဘူမိံ၊
ဧနတ္ထိကာ ဥဒ္ဒယံ ပတ္ထယာနာ။
ယထာပယောဂါ ပရိပုဏ္ဏစာဂါ၊
ကာဟာမ သေရီသမဟံ ဥဠာရံ။

http://www.dhammadownload.com

၁၂၆၄။ ဘော ဒေဝပုတ္တ၊ အို ... နတ်သား။ မယ်၊ အကျွန်ုပ်တို့သည်။ ဓန တို့ကာ၊ ဥစ္စာဓန အလိုရှိကြကုန်သည်ဖြစ်၍။ ဥဒ္ဒယဲ၊ အတိုးအပွားကို။ ပတ္ထယာနာ၊ တောင့်တကုန်လျက်။ သိန္နုသောဝိရဘူမိ၊ သိန္နုတိုင်း၊ သောဝိရတိုင်းသို့။ ဂန္ဓာ၊ သွားရောက်ကြကုန်၍။ ယထာ၊ ပြုအပ်သော ဝန်ခံသည်အား လျော်စွာ။ ပယောဂါ၊ ကြိုးစားအားထုတ် ပြုလုပ်ကြကုန်လျက်။ ပရိပုဏ္ဏစာဂါ၊ ပြည့်ပြည့်စုံစုံ စွန့်ကြဲခြင်း ရှိကုန်သည်ဖြစ်၍။ ဥဠာရံ၊ မွန်မြတ်လှသော။ သေရီသမဟံ၊ ကုက္ကိုဠဝံနန်းရှင် အရှင်နတ်အား ဆက်ကပ်ပူဇော်ခြင်းကို။ ကာဟာမ၊ ပြုလုပ်ပါကုန်အံ့။

တစ်ဖန် နတ်သားသည် ပူဇော်ခြင်း၏ အကြောင်းကို ပယ်လျက် ပြုအပ်သော ကောင်းမှုတို့၌လည်း ထိုကုန်သည်တို့ကို တိုက်တွန်းလိုရကား ဤသို့ ပြောဆိုလေ၏။

၁၂၆၅။ မာ စေဝ သေရီသမဟံ အကတ္ထ၊
သဗ္ဗဉ္စ ဓေါ ဘဝိဿတိ ယံ ဝဒေထ။
ပါပါနိ ကမ္မာနိ ဝိဝဇ္ဇယာထ၊
ဓမ္မာနုယောဂဉ္စ အဓိဋ္ဌဟာထ။

၁၂၆၅။ တာတာ၊ အို ... ကုန်သည်တို့။ သေရီသမဟံ၊ ကုက္ကိုဠဝံနန်းရှင် အရှင်နတ်အား ဆက်ကပ်ပူဇော်ခြင်းကို။ မာ စေဝ အကတ္ထ၊ မပြုလုပ်ကြပါကုန်လင့်။ ဓေါ၊ သင်ကုန်သည်တို့သည်။ ယံ၊ အကြင်စကားကို။ ဝဒေထ၊ ပြောဆိုကြကုန်၏။ သဗ္ဗဉ္စ၊ စကားအားလုံးတို့သည်လည်း။ ဘဝိဿတိ၊ ပြီးစီးရသည် ဖြစ်လတ္တံ့။ ပါပကမ္မာနိ၊ မကောင်းမှုကံတို့ကို။ ဝိဝဇ္ဇယာထ၊ ကြဉ်ရှောင်ကြကုန်လော့။ ဓမ္မာနုယောဂဉ္စ၊ ကုသိလ်မှုဌ အားထုတ်ခြင်းကိုလည်း။ အဓိဋ္ဌဟာထ၊ ကျင့်ကြံကြိုးကုတ် ပြုလုပ်ဆောက်တည်ကြကုန်လော့။

ဥပါသကာကို ချီးမြှောက်လိုသည်ဖြစ်၍ ထိုကုန်သည်တို့အား ညွှန်ပြလိုသဖြင့် ဤသို့ဆိုလေ၏။

၁၂၆၆။ ဥပါသကော အတ္ထိ ဣမမိ သံဃေ၊
ဗဟုသုတော သီလဝတူပပန္နော။
သဒ္ဓေါ စ စာဂီ စ သုပေသလော စ၊
ဝိစက္ခဏော သန္တုသိတော မုတီမာ။

http://www.dhammadownload.com

၁၂၆၇။ သဒ္ဓာနမာနော န မုသာ ဘဏေယျ၊
ပရူပဃာတာယ နာ စေတယေယျ။
ဝေဘူတိကံ ပေသုဏံ နော ကရေယျ၊
သဏှဿု ဝါစံ သခိလံ ဘဏေယျ။

၁၂၆၈။ သဂါရဝေါ သပ္ပတိဿော ဝိနီတော၊
အပါပကော အခိသိလေ ဝိသဒ္ဒေါ။
သော မာတရံ ပိတရဉ္စာပိ ဗန္ဓု၊
ဓမ္မေန ပေါသေတိ အရိယဝုတ္တိ။

၁၂၆၉။ မညေ သော မာတာပိတူနံ ကာရဏာ၊
ဘောဂါနိ ပရိယေသတိ နာ အတ္တဟေတု။
မာတာပိတူနဉ္စ ယော အစ္စယေန၊
နေက္ခမ္မပေါဏာ စရိဿတိ ဗြဟ္မစရိယံ။

၁၂၆၆။ တာတာ၊ ကုန်သည်တို့။ ဣမမိ သံယေ၊ ဤကုန်သည် လူအပေါင်း၌။ ဥပါသကော၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်တတ်စွာ ဥပါသကာသည်။ အတ္ထိ၊ အမှန်ပင်ရှိပေ၏။ သော၊ ထိုဥပါသကာသည်။ ဗဟုသုတော၊ ဗဟုသုတရှိ၏။ သီလဝတူပပန္နော၊ အကျင့်သီလနှင့် ပြည့်စုံ၏။ သဒ္ဓေါ စ၊ ကံ–ကံ၏အကျိုး ယုံကြည်သည့် သဒ္ဓါတရားနှင့်လည်း ပြည့်စုံ၏။ စာဂီ စ၊ စွန့်ကြဲခြင်းလည်း ရှိ၏။ သုပေသလော စ၊ သီလသိက္ခာကို ကောင်းစွာလည်း ချစ်တတ်၏။ ဝိစက္ခဏော၊ သင့်နှင့် မသင့်ကို မြော်မြင်တတ်စွာ၏။ သန္တုသိတော၊ ရောင့်ရဲလွယ်၏။ မုတိမာ၊ ဤဘဝ နောင်ဘဝ နှစ်ဝအကျိုးတို့ကို သိတတ်သော ပညာမျိုးနှင့် ပြည့်စုံ၏။

၁၂၆၇။ တာတာ၊ ကုန်သည်တို့။ သော၊ ထိုဥပါသကာမြတ်သည်။ သဏှာနမာနော၊ မှားသည်ကိုသိလျက်။ မုသာ၊ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သောစကားကို။ န ဘဏေယျ၊ ထုတ်ဖော်မြွက်ဟ မပြောပြပေ။ ပရူပဃာတာယ၊ သူတစ်ပါးတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းငှာ။ န စေတယေယျ၊ စေ့ဆော်အားထုတ် မပြုလုပ်ပေ။ ဝေဘူတိကံ၊ သူနှစ်ဦးတို့ ကွဲပြားကြောင်းဖြစ်သော။ ပေသုဏံ၊ ချောပစ်ကုန်းတိုက် စကားကို။ နော ကရေယျ၊ ဖွင့်ထုတ်မြွက်ဟ မပြောပြပေ။ သဏှဿု၊ နူးညံ့သော။ သခိလံ၊ ပြေပြစ်လှသော။ ဝါစံ၊ စကားကို။ ဘဏေယျ၊ ပြောဆို၏။

http://www.dhammadownload.com

၁၂၆၈။ တာတာ၊ ကုန်သည်တို့။ သော ဇန္တု၊ ထိုဥပါသကာမြတ်သည်။ သဂါရဝေါ၊ ရှိသေခြင်းရှိ၏။ သပ္ပတိဿော၊ တုပ်ဝပ်ကျိုးနွံစွာ နာခံလေ့ရှိ၏။ ဝိနီတော၊ နူးညံ့လှသည့် ကိုယ်နှုတ်စိတ်လည်း ရှိ၏။ အပါပကော၊ ယုတ်မာသော သဘောမရှိ။ အဓိသီလေ၊ အဓိသီလသိက္ခာ၌။ ဝိသုဒ္ဓေါ၊ စင်ကြယ်ပါ၏။ အရိယဝုတ္တိ၊ စင်ကြယ်သန့်ရှင်း မြတ်သော အသက်မွေးခြင်း ရှိသည်ဖြစ်၍။ မာတရံစ၊ ကျေးဇူးအရှင် မွေးမိခင်ကိုလည်းကောင်း။ ပိတရံစ၊ ကျေးဇူးအရှင် မွေးဖခင်ကိုလည်းကောင်း။ ဓမ္မေန၊ တရားသဖြင့် ရရှိလာသော ဥစ္စာဖြင့်။ ပေါသေတိ၊ လုပ်ကျွေးမွေးမြူ၏။

၁၂၆၉။ တာတာ၊ ကုန်သည်တို့။ သော၊ ထိုဥပါသကာသည်။ မာတာပိတူနံ၊ အမိအဖတို့၏။ ကာရဏာ၊ အကြောင်းကြောင့်။ ဘောဂါနိ၊ စည်းစိမ်ဥစ္စာအဖြာဖြာတို့ကို။ ပရိယေသတိ၊ ရှာဖွေပေ၏။ အတ္တဟေတု၊ မိမိဟူသော အကြောင်းကြောင့်။ ပရိယေသတိ၊ မနားမနေ ရှာဖွေသည်ကား။ နံ၊ မဟုတ်။ သော၊ ထိုဥပါသကာသည်။ မာတာပိတူနဉ္စ၊ အမိအဖတို့၏လည်း။ အစ္ဆယေန၊ သေလွန်သည်ရှိသော်။ နေက္ခမ္မပေါဏော၊ နိဗ္ဗာန်သို့ စိတ်ညွတ်သည်ဖြစ်၍။ ဗြဟ္မစရိယံ၊ ရဟန်းအကျင့်ကို။ စရိဿတိ မည်၊ ကျင့်ကြံလိမ့်ယောင်တကား။

၁၂၇၀။ ဥဇူ အဝကော်ာ အသဋ္ဌော အမာယော၊
နံ လေသကပ္ပေန စ ဓေါဟရေယျ၊
သော တာဒိသော သုကတကမ္မကာရီ၊
ဓမ္မေ ဋ္ဌိတော ကိန္တီ လဘေထ ဒုက္ခံ။

၁၂၇၀။ တာတာ၊ ကုန်သည်တို့။ သော၊ ထိုဥပါသကာသည်။ ဥဇူ၊ ကိုယ်နှုတ်စိတ်ဓာတ် ဖြောင့်တည့်မတ်၏။ အဝကော်၊ ကောက်ကျစ်စဉ်းလဲခြင်းမရှိ။ အသဋ္ဌော၊ မဖြောင့်မမှန်ဖြင့် ဟိတ်ဟန်ကို အသုံးမပြု။ အမာယော၊ လှည့်ပတ်လိမ်ညာ မာယာမရှိ။ လေသကပ္ပေန စ၊ ပြုသင့်သဖွယ် ပရိယာယ်ဆင်၍လည်း။ နံ ဝေါဟရေယျ၊ မိန့်ဆိုမြွက်ဟ မပြောပြပေ။ သုကတကမ္မကာရီ၊ ကောင်းသော အမှုကို လုပ်လေ့ရှိ၏။ ဓမ္မေ၊ တရားမြတ်၌။ ဋ္ဌိတော၊ တည်ပေသော။ တာဒိသော၊ ထိုသို့ သဘောရှိသော။ သော၊ ထိုဥပါသကာသည်။ ဒုက္ခံ၊ အပါယ်ဆင်းရဲသို့။ ကိန္တီ၊ အဘယ်သို့လျှင်။ လဘေထ၊ ရပါတော့အံ့နည်း။

http://www.dhammadownload.com

၁၂၇၁။ တံ ကာရဏာ ပါတုကတောမိ အတ္တနာ၊
တသ္မာ ဓမ္မံ ပဿထ ဝါဏိဓာသေ။
အညတြ တေနိဟ ဘဿိ ဘဝေထ၊
အန္ဓာကုလာ ဝိပ္ပနဋ္ဌာ အရဉ္ဉေ။
တံ ဓိပ္ပမာနေန လဟုံ ပရေန၊
သုခေါ ဟဝေ သပ္ပုရိသေန သင်္ဂမော။

၁၂၇၁။ ဝါဏိဓာ၊ အို ... ကုန်သည်အပေါင်းတို့။ တံကာရဏာ၊ ထိုသူတော်ကောင်းကို အကြောင်းပြု၍။ အတ္တနာ၊ ငါနတ်သားသည်။ **တစ်နည်း** – အတ္တာနံ၊ ငါနတ်သား၏ကိုယ်ကို။ တုမှာကံ၊ အားလုံးစုံညီ သင်ကုန်သည်တို့အား။ ပါတုကတော၊ ကောင်းစွာကျန ထင်မြင်ရအောင် ပြသသည်။ အမှိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်ကုန်သည်တို့သည်။ ဓမ္မံ၊ တရားကို။ ပဿထ၊ ရှုကြပါကုန်လော့။ ဣဟ၊ ဤသဲကန္တာရခရီးလမ်း၌။ တုမှေ၊ သင်ကုန်သည်တို့သည်။ တေန၊ ထိုဥပါသကာကို။ အညတြ၊ ကြဉ်ထား၍။ စေ အာဂတာ၊ အကယ်၍ လာကြပါကုန်အံ့။ အရဉ္ဉေ၊ လူသူမနီး သဲတောကြီး၌။ အန္ဓာကုလာ၊ သူမျက်ကန်းသို့ ယောင်ရမ်း နှောင့်ယှက်ကုန်သည်ဖြစ်၍။ ဝိပ္ပနဋ္ဌာ၊ ပျက်ပြားသော စိတ်နလုံးရှိကုန်သည်ဖြစ်၍။ တုမှေ၊ သင်တို့သည်။ ဘဿိ ဘဝေထ၊ ပြာဖြစ်ကုန်ရာ၏။ တံ၊ ထိုဥပါသကာကို။ ပရေန၊ အမှတ်မထား သူတစ်ပါးသည်။ ဓိပ္ပမာနေန ပိဋ္ဌန္တေန၊ ကဲ့ရဲ့ရှုတ်ချ နှုတ်ကကြမ်းတမ်း ညှဉ်းပန်းနှိပ်စက်သဖြင့်။ လဟုံ၊ လွယ်ကူစွာ။ နကုပ္ပတိ၊ အမျက်မထွက်။ တသ္မာ၊ ထို့ကြောင့်။ သပ္ပုရိသေန၊ သူတော်စင်နှင့်။ သင်္ဂမော၊ ပေါင်းဖော်ရခြင်းသည်။ ဟဝေ၊ စင်စစ်။ သုခေါ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာလှပေ၏။

ဤသို့ သာမညအားဖြင့် ပြောကြားအပ်သည်ကို သရုပ်အားဖြင့် သိလိုကုန်၍ ကုန်သည်တို့သည် ဤသို့ ဆိုကြကုန်၏။

၁၂၇၂။ ကိံ နာမ သော ကိဉ္စ ကရောတိ ကမ္မံ၊
ကိံ နာမဓေယ္ယံ ကိံ ပန တဿ ဓေါတ္တံ။
မယမ္ပိ နံ ဒဋ္ဌုကာမမ္ဟ ယက္ခံ၊
ယဿာနုကမ္ပာယ ဣဓာဂတောသိ။
လာဘာ ဟိ တဿ ယဿ တုဝံ ပိဟေသိ။

http://www.dhammadownload.com

၁၂၇၂။ ယက္ခ၊ အို ... နတ်သား။ သော၊ ထိုသူတော်ကောင်းသည်။ ကိ နာမ၊ အဘယ်အမည် ရှိပါသနည်း။ ကိဋ္ဌ ကမ္ဘ၊ လယ်လုပ်ရောင်းဝယ် အသွယ်သွယ်တွင် အဘယ်မည်သော အလုပ်ကို။ ကရောတိ၊ ယခုအခါ ပြုလုပ်ပါသနည်း။ ကိ နာမဓေယ္ယ၊ သူ့မိဘများ ဘယ်လိုနာမည် မှည့်ခေါ်ထားပါသနည်း။ တဿ၊ ထိုသူတော်ကောင်း၏။ ဂေါတ္တံ၊ အမျိုးအနွယ်သည်။ ကိ ပန၊ အဘယ်ပါနည်း။ ယဿ၊ အကြင် သူတော်ကောင်းအား။ အနုကမ္မာယ၊ အစဉ်သနားသောအားဖြင့်။ ဣဓ၊ ဤခရီးခဲအရပ်သို့။ တွံ၊ သင်နတ်သားသည်။ အာဂတော၊ လာရောက်ရသည်။ အသိ၊ ဖြစ်၏။ နံ၊ ထိုသူတော်ကောင်းကို။ မယမ္ပိ၊ အကျွန်ုပ်တို့သည်လည်း။ ဒဋ္ဌုကာမမှ၊ တွေ့မြင်လိုကြပါကုန်၏။ ယဿ ယံ၊ အကြင် သူတော်ကောင်းကို။ တုဝံ၊ သင်နတ်သားသည်။ ပီဟေသိ၊ ချစ်မြတ်နိုးပေ၏။ တဿ တံ၊ ထိုသို့ ချစ်မြတ်နိုးခြင်းသည်။ လာဘာ ဟိ–လာဘာဧဝ၊ အရတော်သည်သာလျှင်တည်း။

ယခုအခါ၌ နတ်သားသည် ကုန်သည်ကို အမည်အနွယ် စသည်တို့၏ အစွမ်းဖြင့် ပြလိုသည်ဖြစ်၍ ဤသို့ ပြောဆိုလေ၏။

၁၂၇၃။ ယော ကပ္ပကော သမ္ဗဝနာမဓေယ္ယော၊
ဥပါသကော ကောစ္ဆဖလူပဓီဝီ။
ဇာနာထ နံ တုမှာကံ ပေသိယော သော၊
မာ ဓေါ နံ ဟီဠိတ္ထ သုပေသလော သော။

၁၂၇၃။ ယော၊ အကြင် သူတော်ကောင်းသည်။ ကပ္ပကော နာပိတော၊ အမျိုးအနွယ် ဆတ္တာသည်ဖြစ်၏။ သမ္ဗဝနာမဓေယ္ယော၊ အမည်အားဖြင့် သမ္ဗဝဟု မှည့်ခေါ်ထား၏။ ကောစ္ဆဖလူပဓီဝီ၊ ခေါင်းဖြီးသောဘီး ထိုင်ခုံပျဉ်ချပ် စသည်အလီလီကိုမှီ၍ အသက်မွေး၏။ တုမှာကံ၊ သင်ကုန်သည်တို့၏။ ပေသိယော နံ၊ အစေခံမည် ထိုဆတ္တာသည်ကို။ ဇာနာထ၊ သိကြလေကုန်လော။ သော၊ ထိုအစေခံမည် ဆတ္တာသည်သည်။ ဥပါသကော၊ ရတနာသုံးရပ် မပြတ်ဆည်းကပ်တတ်၏။ နံ၊ ထိုဥပါသကာကို။ မာ ဟီဠိတ္ထ၊ မရှိမသေ မပြုလုပ်ကြကုန်လင့်။ သော၊ ထို ဥပါသကာ ဆတ္တာသည်သည်။ ဓေါ၊ အမှန်စင်စစ်။ သုပေသလော၊ သီလကို ချစ်မြတ်နိုးသူပေတည်း။

ယခုအခါ၌ ကုန်သည်တို့သည် ထိုဥပါသကာကို ကောင်းစွာသိကြကုန်၍ နတ်သားအား ဤသို့ ပြောကြကုန်၏။

http://www.dhammadownload.com

၁၂၇၄။ ဇာနာမသေ ယံ တွံ ပဝဒေသိ ယက္ခ၊
နု ခေါ နံ ဇာနာမ သ ဒဒိသောတိ။
မယမ္ပိ နံ ပူဇယိဿာမ ယက္ခ၊
သုတ္တာန တုယှံ ဝစနံ ဥဠာရံ။

၁၂၇၄။ ယက္ခ၊ အို ... နတ်မင်း။ ယံ၊ အကြောင်းအစေခံ ဥပါသကာကို။ တွံ၊ သင်နတ်မင်းသည်။ ပဝဒေသိ၊ ကျအောင် ပြောပြပေ၏။ တံ၊ ထိုအစေခံ ဥပါသကာကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဇာနာမသေ၊ သိရှိကြရပါကုန်၏။ ခေါ၊ ယင်းသို့ သိရှိကြပေသော်လည်း။ နံ၊ ထိုအစေခံကို။ ဒဒိသောတိ၊ ဤသို့ သူတော်မြတ်ဟူ၍။ နု ဇာနာမ၊ လုံးဝပိုင်ပိုင် မသိနိုင်ကြပါကုန်။ ယက္ခ၊ အရှင်နတ်။ မယမ္ပိ၊ အကျွန်ုပ်တို့သည်လည်း။ တုယှံ၊ သင်နတ်သမီး၏။ ဝစနံ၊ ပြောစကားကို။ သုတ္တာန၊ ကောင်းစွာမသွေ ကြားရပေ၍။ ဥဠာရံ၊ မွန်မြတ်လှစွာ။ နံ၊ သူတော်ကောင်းမှန် အစေခံ ထိုဆတ္တာသည်ကို။ ပူဇယိဿာမ၊ ပူဇော်ကြပါကုန်အံ့။

ယခုအခါ၌ နတ်သားသည် ကုန်သည်တို့ကို မိမိ၏ ဗိမာန်သို့တင်၍ ဆုံးမခြင်းငှာ ဤသို့ ပြောဆိုလေ၏။

၁၂၇၅။ ယေ ကေစိ ဣမသ္မိံ သတ္ထေ မနုဿာ၊
ဒဟရာ မဟန္တာ အထ ဝါပိ မဇ္ဈိမာ။
သဗ္ဗေ တေ အာလမ္ဗန္တု ဝိမာနံ၊
ပဿန္တု ပုညာနံ ဖလံ ကဒရိယာ။

၁၂၇၅။ ဣမသ္မိံ သတ္ထေ၊ ဤလှည်းကုန်သည် အပေါင်း၌။ ဒဟရာ၊ နုနုနယ်နယ် ငယ်ရွယ်သည်လည်း ဖြစ်ကုန်သော။ မဟန္တာဝါ၊ ကြီးမားသည်လည်း ဖြစ်ကုန်သော။ အထ ဝါ၊ တစ်နည်းသော်ကား။ မဇ္ဈိမာ၊ အလတ်ရွယ်လည်း ဖြစ်ကုန်သော။ ယေကေစိ မနုဿာ၊ လုံးစုံသောင်းပြောင်း လှည်းကုန်သည်အပေါင်းတို့သည်။ သန္တိ၊ ရှိကြပေကုန်၏။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ထိုကုန်သည်များတို့သည်။ ဝိမာနံ၊ ငါ၏ ဗိမာန်သို့။ အာလမ္ဗန္တု၊ တက်ရောက်ခြင်းငှာ ရကြပါစေကုန်သတည်း။ ကဒရိယာ၊ မလျှုရက်သူတို့သည်။ ပုညာနံ၊ မြတ်ကောင်းမှုတို့၏။ ဖလံ၊ အကျိုးကို။ ပဿန္တု၊ သတိပြု၍ ကြည့်ရှုကြကုန်လော့။

http://www.dhammadownload.com

ယခုအခါ ခြောက်ဂါထာတို့ကို သင်္ဂါယနာတင် ဆရာတို့သည် ဤသို့ ဆိုထားကြကုန်၏။

၁၂၇၆။ တေ တတ္ထ သဗ္ဗေဝ အဟံ ပုရေတိ၊
တံ ကပ္ပကံ တတ္ထ ပုရက္ခတွာ။
သဗ္ဗေဝ တေ အာလမ္ဗိံသု ဝိမာနံ၊
မသက္ကသာရံ ဝိယ ဝါသဝဿ။

၁၂၇၆။ တတ္ထ၊ ထိုအရပ်၌။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ထိုလှည်းကုန်သည် အပေါင်းတို့သည်။ အဟံ၊ ငါသည်။ ဝိမာနံ၊ ဗိမာန်သို့။ ပုရေတိ၊ ရှေးဦးစွာတက်မည် ရှေးဦးစွာတက်မည်ဟူ၍။ ဝတွာ၊ ဆိုကုန်လျက်။ တံကပ္ပကံ၊ ထိုဥပါသကာကို။ ပုရက္ခတွာ၊ အလေးဂရုနှင့် ရှေးရှုပြု၍။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ထိုကုန်သည် အပေါင်းတို့သည်။ ဝါသဝဿ၊ နတ်များသေဋ္ဌနှင်း သိကြားမင်း၏။ မသက္ကသာရံ ဝိယ၊ မြို့တော်နန်းနှင့် တူသော။ ဝိမာနံ၊ နန်းဗိမာန်သို့။ အာလမ္ဗိံသု၊ ကောင်းစွာမသွေ တက်ကြလေကုန်၏။

၁၂၇၇။ တေ တတ္ထ သဗ္ဗေဝ အဟံ ပုရေတိ၊
ဥပါသကတ္တံ ပဋိဝေဒယိံသု။
ပါဏာတိပါတာ ဝိရတာ အဟေသုံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယိံ သု။
အမဇ္ဇပါ နော စ မုသာ ဘဏိံသု၊
သကေန ဒါရေန စ အဟေသုံ တုဋ္ဌာ။

၁၂၇၇။ တတ္ထ၊ ထိုဗိမာန်ထက်၌။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ထိုကုန်သည်တို့သည်။ အဟံ၊ ငါသည်။ ပုရေတိ၊ သူ့ထက်ငါ။ ဥပါသကတ္တံ၊ ရတနာသုံးရပ် ဆည်းကပ်တတ်သူ၏ အဖြစ်ကို။ ပဋိဝေဒယိံသု၊ ပြောပြ လျှောက်ကြားကြကုန်၏။ လောကေ၊ ဤလောကဌ်။ ပါဏာတိပါတာ၊ သူ၏ အသက်ကို သတ်ပုတ်ခြင်းမှ။ ဝိရတာ၊ ကြဉ်ရှောင်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ အဒိန္နံ၊ ပိုင်ရှင်ကိုယ်နှုတ်ဖြင့် မပေးသော ဥစ္စာဟူသမျှကို။ ပရိဝဇ္ဇယိံသု၊ ခိုးဝှက်ယူငင်ခြင်းမှ ရှောင်ကြဉ်ပါကုန်ပြီ။ အမဇ္ဇပါ၊ သေအရက်ကို မသောက်ကုန်

http://www.dhammadownload.com

သည်လည်း။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ မုသာ၊ လွဲမှားဖောက်ပြန် မမှန်ကန်သော စကားကို။ 'နော စ ဘဏိ' သု၊ လုံး၀ပြောလည်း မပြောဆိုတော့ပါကုန်။ သကေန၊ ကိုယ်သာပိုင်သော။ ဒါရေနစ၊ မယားဖြင့်လည်း။ တုဋ္ဌာ၊ ရောင့်ရဲမပျက် တင်းတိမ်နှစ်သက်ခြင်း ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

၁၂၇၈။ တေ တတ္ထ သဗ္ဗေ၀ အဟံ ပုရေတိ၊
ဥပါသကတ္တံ ပဋိဝေဒယိတ္တာ။
ပက္ကာမိ သတ္ထော အနုမောဒမာနော၊
ယက္ခိဒ္ဓိယာ အနုမတော ပုနပ္ပုနံ။

၁၂၇၈။ တတ္ထ၊ ထိုဗိမာန်ထက်၌။ သဗ္ဗေ၀၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ထိုကုန်သည်တို့သည်။ အဟံ၊ ငါသည်။ ပုရေတိ၊ သူ့ထက်ငါ။ ဥပါသကတ္တံ၊ ရတနာသုံးတန် ဆည်းကပ်တတ်သူ၏ အဖြစ်ကို။ ပဋိဝေဒယိတ္တာ၊ လျှောက်တင်ကြကုန်၍။ သတ္ထော၊ လှည်းကုန်သည်အပေါင်းသည်။ ယက္ခေန၊ သေရီသကနတ်သားသည်။ အနုမတော၊ ခွင့်ပြုအပ်သည်ဖြစ်၍။ ယက္ခိဒ္ဓိယာ၊ အစဉ်တောက်ကြွားနတ်သား၏ တန်ခိုးအာနုဘော်ကို။ ပုနပ္ပုနံ၊ အထပ်ထပ်။ အနုမောဒမာနော၊ ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍။ ပက္ကာမိ၊ ဖဲသွားလေ၏။

၁၂၇၉။ ဂန္ဓာန နေ သိန္ဓုသောဝီရဘူမိ၊
နေတ္ထိကာ ဥဒ္ဒယံ ပတ္ထယာနာ။
ယထာပယောဂါ ပရိပုဏ္ဏလာဘာ၊
သစ္စာဂမုံ ပါဋလိပုတ္တမက္ခာတံ။

၁၂၇၉။ ဓနတ္ထိကာ၊ ဥစ္စာဓန အလိုရှိကြကုန်သော။ ဥဒ္ဒယံ၊ အတိုးအပွားကို။ ပတ္ထယာနာ၊ မျှော်လင့်တောင့်တကြကုန်သော။ တေ ဝါဏိဇာ၊ ထိုကုန်သည်အပေါင်းတို့သည်။ သိန္ဓုသောဝီရဘူမိ၊ သိန္ဓု၊ သောဝီရမည်သော အရပ်ဆီသို့။ ဂန္ဓာန၊ သွားရောက်ပြီး၍။ ယထာပယောဂ... လုံ့လနှင့်လျော်စွာ။ ပရိပုဏ္ဏလာဘာ၊ ပြည့်စုံသော လာဘ်ရှိကုန်သည်ဖြစ်၍။ အက္ခာတံ၊ ဟောရန်ကင်းသော။ ပါဋလိပုတ္တံ၊ ပါဋလိပုတ်ပြည်သို့။ ပစ္စာဂမုံ၊ ပြန်သွားကြကုန်။

၁၂၈၀။ ဂန္ဓာန တေ သံဃရံ သောတ္ထိဝန္တော၊
ပုတ္တေဟိ ဒါရေဟိ သမင်္ဂီဘူတာ။

http://www.dhammadownload.com

အာနန္ဒီ ဝိတ္တာ သုမနာ ပတီတာ၊
အက်သု သေရီသမဟံ ဥဇ္ဇာရံ၊
သေရီသက် တေ ပရိဝေဏံ မာပယိ်သု။

၁၂၈၀။ တေ၊ ထိုကုန်သည်တို့သည်။ သောတ္ထိဝန္တော၊ ချမ်းသာကုန်သည် ဖြစ်၍။ သံဃရံ၊ မိမိ အိမ်ဂေဟာသို့။ ဂန္ဒာန၊ ရောက်ကြကုန်၍။ ပုတ္တေဟိ၊ သား တို့နှင့်လည်းကောင်း။ ဒါရေဟိ၊ မယားတို့နှင့်လည်းကောင်း။ သမင်္ဂီဘူတာ၊ ပြည့်စုံကြကုန်သည်ဖြစ်၍။ အာနန္ဒီ၊ နှစ်သက်ကုန်သည်။ ဝိတ္တာ၊ ကြည်လင်ကုန် သည်။ သုမနာ၊ ဝမ်းမြောက်ကုန်သည်။ ပတီတာ၊ လန်းရွှင်ကြကုန်သည်။ ဟုတွာ၊ ဖြစ်ကြကုန်၍။ ဥဇ္ဇာရံ၊ မွန်မြတ်လှသော။ သေရီသမဟံ၊ ကုက္ကိုဘုံနန်းရှင်နတ်အား ဆက်ကပ်ပူဇော်ခြင်းကို။ အက်သု၊ ပြုလုပ်ကြကုန်၏။ ။ တေ၊ ထိုကုန်သည်တို့သည်။ သေရီသက်၊ သေရီသက အမည်ရှိသော။ ပရိဝေဏံ၊ နတ်ကွန်းကို။ မာပယိ်သု၊ ဆောက်လုပ်ကြကုန်၏။

၁၂၈၁။ ဧတာဒိသာ သပ္ပုရိသာန သေဝနာ၊
မဟတ္ထိကာ ဓမ္မဂုဏာန သေဝနာ။
ဧကဿ အတ္ထာယ ဥပါသကဿ၊
သဗ္ဗေ သတ္တာ သုခိတာ အဟေသုံ။

၁၂၈၁။ သပ္ပုရိသာနသေဝနာ၊ သူတော်ကောင်းကို မှီဝဲခြင်းသည်။ ဧတာ ဒိသာ၊ ဤသို့ အကျိုးရှိသည်ကို ဖြစ်စေတတ်သော သဘောရှိ၏။ ။ ဓမ္မဂုဏာန သေဝနာ၊ မဖောက်မပြန် မှန်ကန်သော ကျေးဇူးရှိသော တရားမြတ်ကို မှီဝဲခြင်း သည်။ မဟတ္ထိကာ၊ မြတ်သော အကျိုးကျေးဇူးရှိ၏။ ။ ဧကဿ၊ တစ်ယောက်တည်း သော။ ဥပါသကဿ၊ ဥပါသကာမြတ်၏။ ။ အတ္ထာယ၊ စီးပွားအလို့ငှာ။ သင်္ဃာန၊ ရှိုးမြောက်သဖြင့်။ သဗ္ဗေ၊ အလုံးစုံလာလျှင် ဖြစ်ကုန်သော။ သတ္တာ၊ များစွာသော ကုန်သည်တို့သည်။ သုခိတာ၊ ဘေးရန်ကင်းပျောက် ချမ်းသာခြင်းသို့ ရောက်ကုန် သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

http://www.dhammadownload.com

ဒေသနာတော်၏ အကျိုး

သမ္ဘဝမည်သော ဒါယကာသည် ပါယာသိနတ်သား၏ လည်းကောင်း၊ ထို ကုန်သည်တို့၏ လည်းကောင်း အပြန်အလှန် ပြောကြားသည်၏ အစွမ်းဖြင့်ဖြစ်သော ဂါထာအဖွဲ့အနွဲ့ကို ကြားအပ်သော အမှတ်ဖြင့်သာလျှင် သင်ယူပြီးကာ မထေရ် မြတ်တို့အား လျှောက်ထားလေ၏။ "ပါယာသိနတ်သားသည် အရှင်သမ္ဘဝမထေရ်၏ အား လျှောက်ကြား၏" ဟု တစ်ပါးသော ဆရာတို့သည် ဆိုကြကုန်သေး၏။ ထိုဝတ္ထုကို အရှင်ယသမထေရ် အမှူးရှိကုန်သော မထေရ်ကြီးတို့သည် ဒုတိယ သင်္ဂါယနာသို့ ပေါင်းစုပြီးကာ တင်ထားကြလေကုန်၏။ သမ္ဘဝမည်သော ဥပါ သကာသည်လည်း အမိအဖတို့ ကွယ်လွန်ကြသဖြင့် ရဟန်းပြုကာ အရဟတ္တဖိုလ်၌ တည်လေ၏။

သေရီသကဝိမာနဝတ္ထု ပြီး၏။

၁၁။ သုနိက္ခိတ္တဝိမာနဝတ္ထု

ကဿပဘုရားရှင်၏ ပုထိုးစေတီတော်၌ လူအပေါင်းတို့ တင်လှူထားသော ပန်းများကို ကြည်ညိုဖွယ်ဖြစ်အောင် ကောင်းစွာပြုပြင်၍ စနစ်တကျ တင်လှူခဲ့ခြင်းကြောင့် တန်ခိုးကြီးမားစွာ ပတ္တမြားတိုင် ဘုံဗိမာန်နှင့် ကြောင်မျက်ရွဲတိုင် ပြာသာဒ်ဆောင်တို့၌ စံစားနေရသော နတ်သားအကြောင်း။

ငါတို့ဘုရားရှင် ပွင့်တော်မမူမီ ရှေးအခါ အနှစ်ရကပ်အတွင်း အသက်တမ်း နှစ်သောင်းရှိစဉ်ကာလ၌ ကဿပဘုရားရှင် ပွင့်တော်မူ၏။ ကဿပဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်ရှိသော် ထိုဘုရားရှင်၏ သရီရဓာတ်တော်တို့ကို ဌာပနာ၍ ကိုးကွယ်ကြရန် တစ်ယူဇနာရှိသော ရွှေစေတီတော်ကို တည်ပြီးလျှင် ပရိသတ်လေးပါးတို့သည် အခါခပ်သိမ်း ချဉ်းကပ်၍ နံ့သာပန်း အခိုးအထုံ အစ ရှိသည်တို့ဖြင့် စေတီတော်ကို ပူဇော်ကြကုန်၏။

http://www.dhammadownload.com

ထိုစေတီတော်၌ ဥပါသကာတစ်ယောက်သည် အခြားကုန်သော လူအပေါင်းတို့ ပန်းပူဇော်၍ ပြန်သွားကြကုန်သည်ရှိသော် ထိုသူတို့ ပန်းပူဇော်ထားသောနေရာ၌ ဖရိုဖရဲ ထားအပ်ကုန်သော ပန်းတို့ကိုမြင်၍ ထိုနေရာ၌ပင်လျှင် ပန်းတို့ကို စနစ်တကျ ကောင်းမွန်စွာထားကာ ထူးခြားစွာ စီမံလျက် ပန်းပူဇော်ခြင်းအမှုကို ပြု၏။ ထိုသို့ပြုပြီးလျှင် ပန်းလှူမှုကို အာရုံပြုလျက် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို အဖန်ဖန်အောက်မေ့ကာ ကြည်ညိုနေ၏။

ကောင်းကျိုးခံစားရ

ထိုဥပါသကာသည် နောက်အခါ၌ ကွယ်လွန်သည်ရှိသော် ထိုပန်းလှူခြင်းစသော ကောင်းမှု၏ အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လေ၏။ ထိုနတ်သားအား ကြီးသော အာနုဘော် များစွာသော နတ်သမီးကညာ အခြွေအရံတို့နှင့် ခုနှစ်၏စည်းစိမ်ချမ်းသာကို စံစား၍နေရလေ၏။

ငါတို့ ဂေါတမဘုရားရှင် ပွင့်တော်မူသော် ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံပျော် သီတင်းသုံးနေတော်မူစဉ် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူသည်။ ဘာဝတိံသာနတ်ပြည်သို့ရောက်သော် နတ်သားတစ်ယောက်သည် မိမိ၏ ဗိမာန်တံခါးဝ၌ ရပ်တည်လျက် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို မြင်၍ ချဉ်းကပ်ကာ ရှိခိုးပြီးလျှင် လက်အုပ်ချီလျက် ရပ်တည်ကာနေလေ၏။

ထိုနတ်သားသည် လူ့ဘဝက စေတီတော်ရင်ပြင်ဝယ် သူတစ်ပါးတို့ ဖရိုဖရဲ တင်လှူထားသော ပန်းတို့ကို ကြည်ညိုစဖွယ်ဖြစ်အောင် ကောင်းမွန်စွာ စီစီညီညီထား၍ လှူဒါန်းခဲ့သော ကောင်းမှုကြောင့် နတ်သားဖြစ်ရကား "သုနိက္ခိတ္တနတ်သား" ဟု ခေါ်ဝေါ်ကြကုန်၏။

ထိုသုနိက္ခိတ္တနတ်သားအား အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် အားထုတ်ခဲ့ပြီးသော ကောင်းမှုကံကို ဤသို့ မေးမြန်းတော်မူလေ၏။

၁၅၂ မှ ၁၅၆ ထိ ဂါထာများသည် ၉၁၀ မှ ၉၁၄ ထိ ဂါထာများနှင့် အားလုံးတူသည်။

http://www.dhammadownload.com

၁၂၈၇။ ဒုန္နိက္ခိတ္တံ မာလံ သုနိက္ခိပိတ္တာ၊
ပတိဋ္ဌပေတ္တာ သုဂတဿ ထူပေ။
မဟိဒ္ဓိကော စမှိ မဟာနုဘာဝေါ၊
ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂီဘူတော။

၁၂၈၇။ ဘန္တေ၊ အရှင်ဘုရား။ ပုဗ္ဗေ၊ ရှေးအခါက။ သုဂတဿ၊ ကဿပ ဘုရားမြတ်၏။ ထူပေ၊ သရီရဓာတ် ကိန်းဝပ်စံပျော် ပုထိုးစေတီတော်၌။ ဒုန္နိက္ခိတ္တံ၊ လူသူတကာတို့ ဖရိုဖရဲ တင်လျှူထားသော။ မာလံ၊ ပန်းမျိုးစုံကို။ သုနိက္ခိပိတ္တာ၊ ကြည်ညိုဖွယ် ဖြစ်ပေါ်လာအောင် ကောင်းစွာပြုပြင်ထား၍။ ပတိဋ္ဌပေတ္တာ၊ စီကာစီကာ တင်ထားလိုက်ခြင်းကြောင့်။ မဟိဒ္ဓိကော စ၊ ကြီးမြတ်သော တန်ခိုးရှိသည်လည်း။ အမှိ၊ ဖြစ်ပါ၏။ မဟာနုဘာဝေါ စ၊ မြတ်သော အာနုဘော်ရှိသည်လည်း။ အမှိ၊ ဖြစ်ပါ၏။ ဒိဗ္ဗေဟိ၊ နတ်ပြည်၌ ဖြစ်ကုန်သော။ ကာမေဟိ၊ ကာမဂုဏ်တို့နှင့်လည်း။ သမင်္ဂီဘူတော၊ ပြည့်စုံစွာ ဖြစ်ရခြင်းသည်။ အမှိ၊ ဖြစ်ပါ၏ဘုရား။

၁၂၈၈။ တေန မေ'တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓ မိဇ္ဈတိ။
ဥပပတ္တိဿိ မေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ ထိုကုသိုလ်ထူးကြောင့် တပည့်တော်အား ထိုသို့ တောက်ပပြောင်လင်း အရောင်အဆင်းရှိပါ၏။ ထိုကုသိုလ်ထူးကြောင့် တပည့်တော်အား ဤသိကြားစံရာ တာဝတိံသာနတ်ပြည်၌ ဖြစ်ရကာ ကောင်းကျိုး ချမ်းသာ ပြည့်စုံရပါ၏။ ထိုကုသိုလ်ထူးကြောင့် တပည့်တော်အား စိတ်နှစ်သက် ဖွယ်ရာ ဖြစ်ကုန်သော စည်းစိမ်ဥစ္စာတို့သည်လည်း ဖြစ်ပေါ်ပါကုန်၏ဘုရား။

၁၂၈၉။ အက္ခာမိ တေ ဘိက္ခု မဟာနုဘာဝ၊
မနုဿဘူတော ယမဟံ အကာသိံ။
တေနမှိ ဧဝံ ဧလိတာနုဘာဝေါ၊
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။

ဂါထာမြန်မာပြန် – အရှင်ဘုရား၊ အရှင်ဘုရားအား ဖြေကြားပါအံ့၊ တပည့်တော်သည် လူဖြစ်ခဲ့စဉ်အခါက ကဿပဘုရားရှင်၏ ပုထိုးစေတီတော်၌ လူအပေါင်း

http://www.dhammadownload.com

တို့ ဖရိုဖရဲ တင်လျှုထားသော ပန်းမျိုးစုံကို ကောင်းစွာပြင်ဆင် တင်လျှုခဲ့သော ကုသိုလ်ကံကို ပြုခဲ့ဖူးပါ၏။ ထိုကုသိုလ်ကံကြောင့် ဤသို့ ထွန်းလင်းတောက်ပ အာနုဘာဝရှိပါ၏။ အရောင်အဆင်းသည်လည်း အလုံးစုံသော အရပ်မျက်နှာတို့၌ ထွန်းလင်းတောက်ပပါ၏ဘုရား။

ဤသို့လျှင် သုနိက္ခိတ္တနတ်သားသည် မိမိ ပြုခဲ့သော ကောင်းမှုကံတို့ကို လျှောက်ထားသည်ရှိသော် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုသုနိက္ခိတ္တ နတ်သားအား တရားဟော၍ လူ့ပြည်သို့ ပြန်ကြွလာသောအခါ ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရောက်လာသော လူအပေါင်းအား ဟောကြားတော်မူလေ၏။ တရားဒေသနာတော်သည် လူများအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

သုနိက္ခိတ္တဝိမာနဝတ္ထု ပြီး၏။

ပုရိသဝိမာနဝတ္ထု ပြီး၏။

ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး ပြီးပြီ။

http://www.dhammadownload.com

နိဂုံး

မဟာမိတ္တကလေ ဇာတော၊ သိန်းဖွန်းတိ ဒန္ဆစာရိကော။
မနောရမံ ဝိမာနဝတ္ထု၊ ဌကထံ ပါဠိဘာသိတံ။
မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ ကုမာရကဿပါယတိ၊
ပုညထာဝရလာဘာယ၊ မဋ္ဌ ဗုဒ္ဓယုသိယတိ။

မဟာမိတ္တကုလေ၊ သာသနာကပ်ည်ောင်း သူတော်မြတ်အပေါင်းတို့၏ လမ်းကြောင်းသဘာဝ ကလျာဏမိတ်စစ် ဂုဏ်သနစ်ဖြင့် ထွန်းသစ်ကျော်ဟည်း ကောင်းမြတ်သော မျိုးရိုးကြီး၌။ ဇာတော၊ ပါရမီညွှန့်ဖူး ကောင်းမှုထူးတို့ ပြည့်ဖူး သည့်အလျောက် ထွန်းပေါက်သန့်စင် ကောင်းစွာ ဖွားမြင်သော။ ဒန္ဆစာရိကော၊ ကိုယ်နှုတ်နှလုံး ယဉ်ယဉ်သိုးလျက် ဆုံးမ ချက်ပိုက် ကိုယ်၌ စာနာ ဝါသနာဖြင့် ညီညာတင့်အောင် ပြုကျင့်လေ့ရှိသော။ သိန်းဖွန်းတိ၊ ပရိယတ်သာသနာ ဝိဋ္ဌကတ်အဖြာဖြာကို လျင်စွာပြန့်ရေး အဘက်ဘက်မှအားပေးခဲ့သည့် ဦးသိန်းဖွန်း အမည်သာ ဥပါသကာသည်။ မနောရမံ၊ သူမြတ်တို့နှုန်း အမြိုက်ထုံးဟု နှလုံး ထွတ်မြတ် မွေ့လျော်အပ်သော။ ပါဠိဘာသိတံ၊ ဘာသာတက်ဖျား ပါဠိအားဖြင့် ထင်ရှားရှိသော။ ဝိမာနဝတ္ထုဌကထံ၊ ထူးဆန်းထွေလာ ဗိမာန်အဖြာဖြာတို့၌ ကောင်းမှုအလျောက် စံစားရောက်ရှိနေကြသူတို့အကြောင်း ဖော်ပြသည့် ဝိမာန ဝတ္ထု အဋ္ဌကထာ ကျမ်းမဟာကို။ မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ သာသနာမြတ်နိုး မြန်မာမျိုးတို့၏ အကျိုးများစွာ ဖြစ်စိမ့်ငှာဟု မြန်မာသနစ် ဝတ္ထုသွား စကားပြေ ဖြစ်စေသော အဖြစ်ဖြင့်။ ပုညထာဝရ လာဘာယ၊ ငါးထောင်နှစ်စွဲ တည်မလွဲဟု အမြဲထာဝရ မြတ်ပုညကို လက်ရသိမ်းချုပ် ထိန်းအုပ်နိုင်ပါစေခြင်း အကျိုးငှာ။ ကုမာရကဿပါယတိ၊ သီဟိဠ်ဘာသာ ဝိမာနဝတ္ထုမှ မဂဓဘာသာ ဝိမာနဝတ္ထု ဖြစ်အောင် ပြန်ဆိုရေးသားစိမ့်သောငှာ အရှင်ဗုဒ္ဓယောသကို တောင်းပန်သော အရှင်ကုမာရကဿပကဲ့သို့ မိမိကိုယ်ကို အတူပြုကျင့်ပေ၏။ မဋ္ဌ၊ များစွာရာ

http://www.dhammadownload.com

နိဒါန်း

ကျော် သံယာတော်၏ နှစ်ဖော်ဓရ ဖြည့်ကြ သိဝ်သည်း ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၌ ကထိကဖြစ်ခိုက် ကြိုးကြိုက်အခြေ ငါမထေရ် ကိုလည်း။ ပုဒ္ဓဃုသီယတိ၊ မာဂဓဘာသာ ဝိမာနဝတ္ထုမှ မြန်မာဘာသာပြန် ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး ဖြစ်ပေါ်လာစိမ့်သောငှာ အရှင်ပုဒ္ဓယောသ မဟုတ် ဘဲ အရှင်ပုဒ္ဓယောဒ မထေရ်ကဲ့သို့ အတူပြုကျင့်ပေ၏။

ဣတိ ဓမ္မသာမီဘိဝံသသောတိ နာမဓေယ္ယေန ထေရေန ဝိရစိတေ မြန်မာ့ဘာသာ ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး ပကရဏေ ပဌာ သိတိဝတ္ထုဟိ ပဋိမဏ္ဍိတော ဂန္ထော သိဝံ ဂတော။

ဣတိ၊ ဤဆိုအပ်ပြီးသော အစီအစဉ်အားဖြင့်။ ဓမ္မသာမီ ဘိဝံသ သောတိ နာမဓေယ္ယေန၊ ဆရာသခင် ကျေးဇူးရှင်တို့က ဓမ္မသာမီဘိဝံသဟု မှည့်ခေါ်အပ်သော ဘွဲ့တော်ရှိသော။ ထေရေန၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်လေ့ရှိသော မထေရ် သည်။ ဝိရစိတေ အထူးသဖြင့် စီရင်ရေးသားအပ်သော။ မြန်မာဘာသာ ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး ပကရဏေ၊ မြန်မာဘာသာ ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး စကားပြေကျမ်း၌။ ပဌာ သိတိဝတ္ထုဟိ၊ ခုနစ်ခုသော ဝတ်တို့၌ အကျုံးဝင်သော ရှစ်ဆယ့်ငါးခုသော ဝတ္ထုကြီးတို့ဖြင့်။ ပဋိမဏ္ဍိတော၊ တန်ဆာဆင်အပ်သော။ ဂန္ထော၊ ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီးသည်။ သိဝံ၊ ဘေးကင်းငြိမ်းချမ်းပြီးဆုံးခန်းသို့။ ဂတော၊ ရောက်ချေပြီ။

ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး
ဤတွင် ပြီး၏။

http://www.dhammadownload.com

နိဂုံးချုပ် ဧကပိဒ်

စိတ်ထားကြည်လင်၊ သူတော်စင်တို့၊ ကြည်လင်ရွှင်ပျ၊ ကြည့်နိုင်ကြဖို့၊ စိတ်က မျှော်တွေး၊ မေတ္တာအေးဖြင့်၊ အလေးထားကာ၊ ရေးသားတာကြောင့်၊ ကျမ်းစာကိုရှု၊ လူဗိုလ်ထုတို့၊ ကျမ်းပြုပုဂ္ဂိုလ်၊ သိဖို့လိုလိမ့်၊ တိုတိုချုံးကာ၊ ရေးပြပါအံ့။

မုံရွာခရိုင်၊ အရာတော်ပိုင်ဟု၊ ပြန့်လှိုင်တင့်လှ၊ ဝါးတောမဋ္ဌ၊ နေကြပျော်ရွှင်၊ ဦးပေါတင်နှင့်၊ ထိုပြင် တစ်ဆင့်၊ ဒေါ်စောသင့်မှ၊ ဖြစ်ခွင့်ကြုံလာ၊ ကျမ်းဆရာသည်၊ ဂေါ်–ဒါ–နော–ဆာ (၁၂၉၆–ခု) နှစ်ကောဇာဌ၊ သာယာလှဆုံး၊ တန်ဆောင်မုန်း၀ယ်၊ ပျက်ပြုန်းလဆန်း၊ လဆုတ်ခန်းဌ၊ ရက်မှန်းဆယ်ပြည့်၊ စနေနေ့တွင်၊ ပျော်မွေ့လှူဘုံ၊ ရောက်ခဲ့တုံ့ဏ်။ ပြည့်စုံကုသလ၊ ပြုခဲ့ရ၍၊ ဒုလ္လဘအစစ်၊ လူအဖြစ်ကို၊ စနစ်ကျစွာ၊ ရခဲ့ပါပြီ၊ လူ့ရွာလူ့ရွာ၊ ရခဲတာမို့၊ ဘ၀ါဘ၀၊ နောင်ကာလ၌၊ သုခချမ်းသာ၊ ဆင့်ဆင့်သာ၍၊ မှန်စွာတိုးတက်၊ နိဗ္ဗာန်ဆက်ဖို့၊ မပျက်ကြိုးကုတ်၊ စွမ်းကုန်ထုတ်လျက်၊ အပုပ်ခန္ဓာ၊ မထောက်ညှာဘဲ၊ ကုသလာတိုးမှု၊ နေ့စဉ်ပြု၏၊ ယခုအခါ သင့်တ်င့်ရာက၊ ဘာသာအကျိုး၊ တိုးထက် တိုးဖို့၊ ၀ိမာနမည်သာ၊ ဤကျမ်းစာကို၊ ရေးကာပြုစု၊ ကောင်းမှုပြုသည်၊ ပမာ လဆန်း၊ အံ့ဘနန်းမျှ၊ ဤကျမ်းရွေစာ၊ အကျိုးဖြာစေသော်။

❖ ❖ ❖

http://www.dhammadownload.com


http://www.dhammadownload.com

သီ, ကြား, လိမ္မာစေဖို့ စာပတ်စို့




ပုံတော်စုံ ဇိနတ္ထပကာသနီကျမ်းတွင်. . .

ဘုရားအလောင်းတော် သေတကေတုနတ်သားဘဝမှ သိဒ္ဓတ္ထမင်းသားဘဝ၊ ထို့နောက် ဘုရားဖြစ်ကာ ပရိနိဗ္ဗာန်ပြုတော်မူပုံ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဒေသနာတော်များအား သင်္ဂါယနာသုံးတန် တင်ကြုပုံ၊ ဗုဒ္ဓသာဝက ရဟန္တာအရှင်မြတ်ကြီးများ၊ ထေရီမများ၊ အနာထပိဏ်၊ ဝိသာခါ၊ အောင်ခြင်းရှစ်ပါးနှင့် ဒေဝဒတ်၊ အဇာတသတ်တို့၏ အကြောင်းစုံတို့အပြင် ကျမ်းပြုဆရာတော်ကြီး၏ မဟာနမက္ကာရဘုရားရှိခိုးနှင့် သာသနာပြုခရီးစဉ် အကျယ်တို့ ပါဝင်ပါသည်။



ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်. . .


ဘုရားအလောင်းတော်တို့ဘဝများစွာ ပါရမီဖြည့်ရပုံ၊ ဒီပင်္ကရာဒသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များ၊ ဗုဒ္ဓဂေါတမ အလောင်းတော် သုမေဓာဘဝမှအစ ဘုရားဖြစ်တော်မူကာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဒေါဏပုဏ္ဏာကြီးတို့ ဓာတ်တော်များ ခွဲဝေပုံအထိ ဖြစ်တော်စဉ်များ၊ အထူးသဖြင့် ဗုဒ္ဓပွင့်တော်မူခဲ့ရာ ဒေသရှိ ဗုဒ္ဓ၊ ဗုဒ္ဓသာဝကတို့၏ ဖြစ်တော်စဉ် အထိမ်းအမှတ်ပြ နေရာများကို ရှားရှားပါးပါး ပုံတော်များဖြင့် ခမ်းခမ်းနားနား ရှာဖွေထည့်သွင်းဖော်ပြထားသည်။



ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး ပထမတွဲတွင်. . .

ဒေဝဒတ်အလောင်း သေရိဝရွှေကုန်သည်က ဘုရားအလောင်းရွှေကုန်သည်အား ရန်ပြိုးဖွဲ့ခဲ့ပုံ၊ ယခုဘုရားလက်ထက် ဘုရားရှင်အားလုပ်ကြံခဲ့ပုံအမျိုမျိုး၊ မာဂဏ္ဍိပုဏ္ဏာကြီးတို့၏ အကြောင်းစုံ၊ ဥတေနမင်းကြီး၏ မိဖုရားပြိုင်သုံးယောက်တို့ နန်းတွင်းအရှုပ်တော်ပုံစသည့် ဖတ်ဖွယ်မှတ်ဖွယ်အစုံစုံမှအစ ရွှေလက်ထက်တော်က ဝတ္ထု ၁၀၆ပုဒ်တို့ဖြင့် သားသားနားနား သပ်သပ်ရပ်ရပ် ကာလာစုံ ပုံတော်များဖြင့် ခြယ်မှုန်းဖော်ပြထားသည်။

http://www.dhammadownload.com



အရှင်ဓမ္မသာမိဘိဝံသ စီစဉ်ရေးသားသော

ပါဠိ-မြန်မာအဘိဓာန်

အဘိဓာန်ဝင်ပုဒ်ပေါင်း(၃၈၀၀၀)ကျော်ပါဝင်ပါသည်

စာမျက်နှာ (၁၀၀၀)ခန့်၊ သီချုပ်၊ ကဒ်ထူဖုံး၊ ခန့်ချုပ်၊ ဂူဖရိုးစက္ကူချော၊ ခေတ်မီအဆင့်မြင့်ထုပ်ပိုးစနစ်တို့ဖြင့် ဖြန့်ချိထားပါသည်။

စာပေဗိမာန်ပြုစုသူအဖွဲ့တော် (၃၂၁၁၃၅၅၀၃)

ဖြန့်ချိရှင်အဖွဲ့တော် (၃၂၀၂၃၂၂၀၈၈)



စေတီယပကာသနီကျမ်းတွင်. . .

မြတ်စွာဘုရားအလောင်းတော် သနွေတည်သည်မှ ပရိနိဗ္ဗာန်စံတော်မူပြီး ဓာတ်တော်များ မြုပ်နှံထားသည်အထိ ဗုဒ္ဓဝင်အကျဉ်းချုပ်။ စေတီ၊ ရုပ်ပွား၊ ဆင်းတုတော်များ ထုလုပ်တည်ထားကိုးကွယ်ရာ၌ သိသင့်သိအပ်သော အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်များ။ ရွှေဥမင်ဆရာတော်၏ ပုဂံခေတ်စေတီ တည်ထားပုံနှင့် ရုပ်ပွားဆင်းတုတော် ကိုးကွယ်နည်းများ။ တောင်ဖီလာ ဆရာတော်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသတို့၏ ဌာပနာသွင်းပုံနည်းစနစ်အမျိုးမျိုး။ စေတီ၊ ရုပ်ပွားနှင့် သက်ဆိုင်သော အခမ်းအနားများ၌ ရွေးခေတ်၊ အလယ်ခေတ်နှင့် ယခုခေတ်သုံး နည်းအဖုံဖုံတို့ကို စုစည်းဖော်ပြထားသည်။



ဒီပနီပေါင်းချုပ်တွင်. . .


ကျီးသဲညွှန်နိုင်၏ – စာပေကပေးသော ဘဝတိုးတက်ရေး။

ဆရာစောဦး၏ – သူတို့စာရေးကြပုံ။

ဦးမြဝင်း(စဿန)ပါဓောက္ခ၊ မြည်တက္ကသိုလ် – ဆရာ့ကျေးဇူး မထိမ်မြူးခဲ့၊ ရခဲလှတဲ့ပုဂ္ဂိုလ်နှင့်ဒိုး။

ဓမ္မာစရိယဦးဇွေးလှိုင် – ဆရာ့တော်ဦးတိလောက၏ ဘဝတစ်လျှောက်နှင့်စပ်လျဉ်းသော အမြင်များ၊ အန္တရာယ်ကင်း မဟာပရိတ်တော်ကြီး ဘုရားရှိခိုး၊ နေကမ္ဘဝိဓာနဒီပနီကျမ်း၊ လက္ခဏဒီပနီကျမ်း၊ အရိယာမဂ္ဂဒီပနီကျမ်း၊ ပဓာနသုတ်ပါဠိနိဿယ၊ ဓမ္မရာသီကျမ်း၊ တိုင်းကြီးသောဥသ ကမ္ဘာမြေပုံကျမ်းနှင့် မှတ်တမ်းတင် ဓာတ်ပုံများ ပါဝင်ပါသည်။

http://www.dhammadownload.com




ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲတွင်...

ကုသိုလ်အထူးပြုဖူးပါလျက် တစ်ခါမျှပျက်မိကာ လိမ်ညာမုသား ပြောမိမှား၍ အဝီစိငရဲ၌ကျခံရသော ပဿေနဒီ ကောသလမင်းကြီး၏ မိဖုရားခေါင်ကြီး မလ္လိကာဒေဝီ၊ အလှဘုရင်မ နဂရသော ဘိဏ္ဍိခေါ် သီရိမာ၊ အိမ်နောက်ဖေး ခြံဝင်းကြီးထဲမှ ရွှေဆိပ်ရုပ်ကြီးများ၏ ပါးစပ်ထဲမှ လိုရာရနေသော သူဌေးကြီးစသည့် ရွှေလက်ထက်တော်က ဖြစ်ရပ်ပေါင်း ၁၉၈ ခုတို့ကို ကာလာစုံ သရုပ်ဖော်ပုံတို့ဖြင့် ဝေဝေဆာဆာ ဖြန့်ချိလိုက်ပါပြီ။



ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု ပထမတွဲတွင်...


ရွှေမန်းတင်မောင်၏ နာမည်ကြီးရွှဲကုန်သည်ဇာတ်အပြင် ကောသလအိပ်မက်ဆယ့်ခြောက်ချက်၊ အစေးကပ်သောဘီလူးကိုယ်မှာ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းပါကပ်နေသော်လည်း အသက်မသေဘဲ အောင်ပွဲခံသူ၊ ဘုရားလောင်း မိဏ္ဍာဒီဋ္ဌလုပ်ခဲ့ဖူးပုံ၊ ယုတ်မြတ်မရွေး အနာထပိဏ်သဌေး မိတ်ဆွေဖွဲ့ပုံ၊ ကျားသေကို အသက်သွင်းသူ စသည်စသည်ဖြင့် ဇာတ်ပေါင်း ၁၅၀ တို့ပါဝင်ပြီး ငယ်-လတ်-ကြီး ပြဋ္ဌာန်းချက်ပါ ဇာတ်တော်များအတွက် ဘာသာပြန်ကျမ်းကြီးအဖြစ် အားထားနိုင်ပါသည်။



ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု ဒုတိယတွဲတွင်...

ဥဒေါင်းမင်း ညွှတ်ကွင်းမိပုံ၊ ချစ်လိုက်သည်မှာ မိဖုရားသေလို့တောင် မစွန့်ပစ်နိုင်ပုံ၊ သံကိုကြွက်စား ဘားကိုစွန့် ဒို့၊ ဆရာကို အန်တုရဲသော တပည့်စောင်းသမား၊ အတောင်းအရမ်းထူတော့ ကြည်ဖြူမူသဒ္ဓါပျက်၊ သူရဲကောင်းဆိုတာ အသက်ကိုစွန့် သေဝံ့မှ၊ နည်းဗျူဟာကောင်း၍ စစ်နိုင်ပုံ၊ အဆွေခင်ပွန်းသည် အမြတ်ဆုံးစသည်ဖြင့် ဇာတ်ပေါင်း ၂၀၀။

http://www.dhammadownload.com




ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု တတိယတွဲတွင်. . .

လူတိုင်းကို သိလပေး ဆုံးမ၍မရ၊ နှံပြည်စုပ်ဌက်ကလေးက ဆင်ကြီးကိုပင်သတ်ပုံ၊ လူအဖြစ်နဲ့ ငရဲရောက်သူ၊ ကြာပွင့်သန္ဓေသူကို မိဖုရားပြုလို၍ သုံးနှစ်စောင့်ရတဲ့မင်း၊ သွေးသွန်ရောဂါကို ဆေးမပါဘဲကုပုံ၊ ဂဠုန်ကိုမကြောက်ပေမယ့် ဌက်ငယ်ကိုတော့ကြောက်ရတဲ့ ရုက္ခစိုး၊ ဘုရားရှင် ပါလိလေယျကတောသို့ ဘာဖြစ်လို့ကြွရ။ ရွှေမန်းတင်မောင်၏ "ဝိသဘာဂကြောင့် စျာန်လျှောကျ" တယ်ဆိုတာ စသည့် ၁၁၄ ဇာတ်။



ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု စတုတ္ထတွဲတွင်. . .

စိဉ္စမာဏမြေမျိုခံရပုံ၊ မိတ်ဆွေလက္ခဏာ-ရန်သူလက္ခဏာ ခွဲသိရန်၊ ရွှေသမင်ဘယ်ကထွက် မင်းကြီးဘာကထွက်ပုံ၊ တစ်ညဝေးတာနှင့် နှစ်ပေါင်း ခုနှစ်ရာဆွေးကြတဲ့ ကိန္နရာမောင်နှံ၊ နေ့ခံ၍ ညဉ့်စံရသော ပြိတ္တာ၊ အသက်ကယ်တင်ရှင်ကို ပြစ်မှားမိသူ စသည်ဖြင့် ၅၇ ဇာတ်။




ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု ပဉ္စမတွဲတွင်. . .

ဆံပင်တစ်ပင်ဖြူသည်ကို ဆေးမဆိုးဘဲ တောထွက်၍ ရဟန်းပြုသောမင်း၊ ဣသိသိဂ်ရသေ့ကို မင်းသမီးဖျက်ပုံ၊ ဥမ္မာဒန္တီ အလှမယ်နှင့် သိဝိဘုရင်၊ လူမိန်းမအဖြစ်နှင့် နတ်ပြည်သို့ရောက်ပြီး ခုနှစ်ရက်နေခဲ့ရသူ၊ လူသားစားတဲ့ ပေါရိသာဒအကြောင်း စသည်ဖြင့် ၁၇ ဇာတ်။


http://www.dhammadownload.com

မိလိန္ဒပဉ္ဟာဝတ္ထုတွင်...



ရတနာသုံးပါးအကြောင်း နှီးက်နှိုက်ချွတ်ချွတ် မေးသူက မေးပြီး ရှင်းရှင်းလင်းလင်း ဥပမာ-ဥပမေယျတို့ဖြင့် ပြောသူက ဖြေဆိုထားသည်။ ဤကျမ်းစာကိုဖတ်ခြင်းဖြင့် စာဖတ်သူတွင် ရှိနေသော ဓမ္မ၊ သဘာဝ စသည်တို့နှင့် ပတ်သက်သော သံသယများ ရှင်းလင်းသွားမည်။ ဆွေးနွေးဖော် ဆွေးနွေးဖက်တို့နှင့် ပတ်သက်၍ အခြေအတင် ဆွေးနွေးလိုလျှင် ဘယ်နည်းဖြင့်ဆွေးနွေးမလဲ၊ တန်းတူထား၍ ဆွေးနွေးသင့်သူ မသင့်သူ စသည်ကို ရှင်းလင်းစွာ မေးဖြေထားသည်။

ပဏ္ဏိတဝေဒနိယဒီပနီကျမ်းတွင်...




ပဏ္ဏိတ - ပညာရှိတို့။ ဝေဒနိယ - သိသင့်သိထိုက်သည်များကို။ ဒီပနီ - စုံစုံလင်လင် ရှာဖွေစုဆောင်းတင်ပြထားသော ကျမ်းစာ--- ဖြစ်၍ အရွယ်မရွေး လေ့လာဖတ်ရှုသင့်သည်။ ဖတ်ရှုသူတိုင်း ထူးထူးခြားခြား အကျိုးများစေနိုင်သည်။ ပညာရှိဖြစ်လိုသူတိုင်း၊ ပညာစုံ ရှာဖွေသိရှိလိုသူတိုင်း လက်ကိုင်ထားရမည့် ကျမ်းကြီးတစ်စောင်ဖြစ်သည်။ ဆရာတော် ဦးတိလောက၏ ထေရုပ္ပတ္တိ အပြည့်အစုံဆုံး ဖော်ပြထားပါသည်။

ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ ပထမတွဲတွင်...




ဘုရားအလောင်းတော် တေမိမင်းသား၊ ဇနကမင်းသား၊ သုဝဏ္ဏသာမ၊ နေမိမင်းကြီး၊ မဟောသဓပညာရှိသုခမိန်တို့၏ ဘဝအဖုံဖုံကို လောကီ-လောကုတ်သိမှတ်ဖွယ်၊ အတုယူဖွယ်တို့ဖြင့် ပြေပြေပြစ်ပြစ် ဖတ်ချင့်စဖွယ် ရေးသားပြန်ဆို ဖော်ပြထားသည်။ လောကီ-လောကုတ္တရာ-လူမှုရေးနယ်ပယ်စုံတို့အတွက် အသုံးဝင်သိရှိမှတ်သားဖွယ် အစုံအလင်တို့ပါဝင်သည်။

http://www.dhammadownload.com




ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ ဒုတိယတွဲတွင်...

မဟောသဓသုခမိန်၏ဘဝဒုတိယပိုင်းမှစကာ အလောင်းတော်မင်းသား၏ ဘုရိဒတ်နဂါးမင်း၊ စန္ဒကုမာရ မင်းသားဖြစ်စဉ်၊ နာရဒဇာတ်တော်၊ ဝိဓူရပဉ္ဇာရှိ၏ ပညာပြဒန်းများ၊ ဝေဿန္တရာမင်းကြီးဘဝ အဖြစ်တော်စုံများ စုံစုံလင်လင် ပါရှိသည်။ ဘုရားဖြစ်ခါနီး အရင့်အမာဘဝ ကျင့်စဉ်များဖြစ်၍ ရဟန်းရှင်လူရော ဘာသာရေးလေ့လာသူတို့အတွက် လေ့လာမှတ်သားသင့်သည့် ကျမ်းစာဖြစ်သည်။



စွယ်စုံကျော်ထင်ကျမ်းတွင်...

၁၂၂၇-ခုနှစ်တွင် ရေးသားပြုစုပြီးခဲ့သော စွယ်စုံကျော်ထင် အဖြေကျမ်းသည် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ မသိတာမရှိအောင် ကြီးမားများပြားလှသည့် မ, တစ်လုံးကျေ ပညာပါရမီကြီးရင့်မှုကို ပြသနေပေသည်။ ဤသို့ နက်နဲခက်ခဲလှသည့် လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရှိမည့် နည်းယူမှတ်သားစရာ ပညာရပ်ဗဟုသုတအထွေထွေကို ကျမ်းအစောင်စောင်မှ ထုတ်နှုတ်လက်စွမ်းပြ အဖြေတစ်ထောင်ကျော် ဖြေဆိုထားတော်မူသောကြောင့် လူကြိုက်များလှသော စာအုပ်တစ်အုပ် ဖြစ်နေပါသည်။




အရှင်ဓမ္မသာမိဘိဝံသ စီရင်ရေးသားသော ပုံတော်စုံ ပေတဝတ္ထုတော်ကြီးတွင်...

ပေတဝတ္ထု၏အဓိပ္ပာယ်မှာ ချမ်းသာသုခမရှိသူတို့၏ တနည်းအားဖြင့် ဆင်းရဲဒုက္ခအဖုံဖုံ ခံစားနေရသူ ပြိတ္တာအမျိုးမျိုးတို့၏ အကြောင်းချင်းရာကို ဖော်ပြထားသော ကျမ်းစာဟု ဆိုနိုင်ပေသည်။ သို့သော် ပေတဝတ္ထု၌ပါရှိသည်မှာ ပြိတ္တာတို့၏ အကြောင်းချည်းသာမဟုတ်ပေ။ ငရဲဘုံရောက်သူ၊ လူဘုံရောက်သူ၊ နတ်ဘုံ၊ ဗြဟ္မာဘုံရောက်သူတို့၏ အကြောင်းချင်းရာများနှင့်တကွ ပုံတော်ထည့်သွင်း၍ ပါဠိဝါကျများ ဆိုလိုရင်းကို သဒ္ဒါ၏အနက်အဓိပ္ပာယ် မပျက်စေဘဲ မြန်မာစကားပြေဖြင့် ပြန်ဆိုထားခြင်းသာ ဖြစ်ပါသည်။


ခင်ချိုထွန်းစာပေ
အမှတ် (၈၆)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၄၂၀၅၆

http://www.dhammadownload.com




ပုံတော်စုံ ဒေတ်မီ ငါးရာငါးဆယ်နိပါတ်တော်စကားပြေ


ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ တွဲများထွက်ပြီ



- ဒေတ်မီ ငါးရာငါးဆယ် နိပါတ်တော်စကားပြေ ဟူသော ကျမ်းအမည်ဖြင့် စာအုပ်ပါအကြောင်းအရာများကို မေးစရာ မလိုတော့ပါ။
- ဇာတ်တော် ငါးရာငါးဆယ်ကို အတိုဆုံး၊ အရှင်းဆုံး ရေးသားနည်းဖြင့်. ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားထား သည်။



- တိုတိုရှင်းရှင်း ရေးသားထားသော်လည်း ဇာတ်လမ်း အရသာလုံးဝမပျက်စေဘဲ ရောင်စုံပုံတော်များပါ ထည့်သွင်း ဖော်ပြထားပါသည်။
- ခက်ခဲသော၊ ငြိုးငွေ့ဖွယ်သော၊ ရှည်လျားသော စာကြောင်း စာပိုဒ်များ မပါပါ။



- မြန်မာစာဖတ်တတ်ရုံမျှ ကျွမ်းကျင်လျှင်ပင် ငါးရာငါးဆယ် ဇာတ်လမ်းအစုံသိရှိနိုင်ပါသည်။
- ကျမ်းကြီးကျမ်းရိုင်းနှင့် စာကြိုးပေကြိုးဖြစ်သော်လည်း စကားပြေဖြင့်ရေးသားထား၍ ဖတ်မှတ်ရာ၌ လွယ်ကူသည်။
- အတွဲငါးတွဲခွဲ၍ ရေးသားထားသော်လည်း တစ်တွဲနှင့်တစ်တွဲ ဇာတ်လမ်းဇာတ်ကွက် ကူးစက်မှုမရှိပါ။



- ထက်၊ လယ်၊ မူ မှသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ၊ ရဟန်းရှင်လူများ အားလုံး ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖြန့်ချိ ထားသည်။

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com